1540

# မြန်မာ့ဓလေ့ကျင်းပွဲများ

-၁၅၄၀-

၁၉၈၅

ခေါ်ဂ

# မြန်မာ့
# စွယ်စုံကျမ်း
# နှစ်ချုပ်

၁၉၈၅

ပထမအကြိမ်ပုံနှိပ်ခြင်း၊ ၁၉၈၅ ခုနှစ် ၇၀၀၀၊

အမှတ် ၅၂၉၊ ၅၃၁ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန်အဖွဲ့၊ တွဲဖက်ညွှန်ကြားရေးမှူး
ဦးမျိုးသန့်က (ယာယီမှတ်ပုံတင်အမှတ် ၁၁၁) ဖြင့် စာပေဗိမာန်ပုံနှိပ်တိုက်တွင်
ရိုက်နှိပ်၍ (မှတ်ပုံတင်အမှတ် ၀၃၀၂၅) ဖြင့် ထုတ်ဝေသည်။

# ကျမ်းဦးစကား

မြန်မာ့စွယ်စုံကျမ်းကြီးကို စာပေပညာရှင်တို့၏ အကူအညီဖြင့် စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေခဲ့ရာ ၁၉၇၆ ခုနှစ်တွင် ၁၅ တွဲပြည့်သည်အထိ အောင်မြင်စွာ ပုံနှိပ်ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ အတွဲပြည့်ထုတ်ဝေပြီးသော်လည်း စာပေဗိမာန်သည် စာပေတာဝန်ကျေပွန်ပြီဟု မယူဆခဲ့ပါ။

စွယ်စုံကျမ်း ပုံနှိပ်ထုတ်ဝေသူတို့သည် စွယ်စုံကျမ်းနောက်ဆုံးအတွဲကို ပုံနှိပ်ထုတ်ဝေပြီးတိုင်း မိမိတို့ထုတ်ဝေခဲ့သော စွယ်စုံကျမ်းကို အစဉ်အမြဲခေတ်မီနေစေရန် နှစ်စဉ်လိုပင် နှစ်ချုပ်ကျမ်းများကို အပြည့်ကျမ်းများအဖြစ် ဆက်လက်၍ ပုံနှိပ်ထုတ်ဝေခဲ့ကြသည်သာ ဖြစ်ပါသည်။

ဤလူဘောင်သမိုင်းစဉ်သည် တပြည်းပြည်းတဖွေးဖွေးအားဖြင့် အဆင့်ဆင့်ပြောင်းလဲ၍ နေလေသည်။ ခေတ်ဟောင်း၊ စနစ်ဟောင်းတို့သည်လည်း တပြည်းပြည်းချုပ်ငြိမ်းခဲ့ပြီ ဖြစ်သည်။ ၁၉၇၄ ခုနှစ်အတွင်း ဖြစ်ပျက်ခဲ့သော ဤလူဘောင် သမိုင်းစဉ်သည် ၁၉၇၅ ခုနှစ်နှင့် မတူနိုင်တော့ချေ။ နိုင်ငံတနိုင်ငံ၏ သမိုင်းစဉ်ကို ကြည့်ပါ။ ၁၉၇၄ ခုနှစ်တွင် အုပ်ချုပ်ခံနယ်မြေတခုသည် ၁၉၇၅ ခုနှစ်တွင် လွတ်လပ်ရေးရသော သမ္မတနိုင်ငံဖြစ်လာသည်လည်းရှိသည်။ နယ်မြေအမည်ပါ ပျောက်၍ အခြားနယ်မြေများနှင့် ပူးပေါင်းသွားသည်လည်း ရှိသည်။ အမည်သစ်ပြောင်း၍ သွားသည်လည်း ရှိသည်။ စွယ်စုံကျမ်းပါ ပုဂ္ဂိုလ်တို့အနက် အချို့ ရာထူးအရိန်အဟုန် အတက်အကျ ရှိသည်။ ကွယ်လွန်သွားကြသည်လည်း ရှိသည်။ သိပ္ပံစက်မှုသမိုင်းစဉ်သည် အစဉ် ပြောင်းလဲတိုးတက်လျက် ရှိသည်။ ယင်းသို့သော နေ့စဉ်ပြောင်းလဲဖြစ်ပေါ်နေသည့် သမိုင်းစဉ်များကို စွယ်စုံကျမ်း ပြုစုပုံနှိပ်ထုတ်ဝေသူတို့သည် မျက်ခြည်ပြတ်မခံပဲ လေ့လာဆည်းပူး၍ နေရမည်သာဖြစ်သည်။

စွယ်စုံကျမ်းဖတ်ပရိသတ်များအား ကမ္ဘာ့သမိုင်းပြစ်စဉ်များကို နောက်ဆုံးအခြေအနေအထိ သုတသနပြု၍ တင်ပြရမည်မှာ စွယ်စုံကျမ်းထုတ်ဝေသူတို့၏ တာဝန်တရပ်ဟု ယူဆသည့်အတိုင်း ဤတိန်းက စွယ်စုံကျမ်းထုတ်ဝေရေးတိုက်သည် ဤတိန်းကစွယ်စုံကျမ်း နှစ်ချုပ်ကိုလည်းကောင်း၊ ကမ္ဘာ့စွယ်စုံကျမ်း ထုတ်ဝေရေးတိုက်သည် ကမ္ဘာ့စွယ်စုံကျမ်းနှစ်ချုပ်ကိုလည်းကောင်း၊ ထိုမှတပါး အခြားအခြားသော စွယ်စုံကျမ်းပုံနှိပ်ထုတ်ဝေသော စာပေတိုက်ကြီးများသည် စွယ်စုံကျမ်းနှစ်ချုပ် အသီးသီးကိုလည်းကောင်း ပြုစုပုံနှိပ်ထုတ်ဝေလေ့ရှိပါသည်။

ထို့အတူပင် မြန်မာ့စွယ်စုံကျမ်းကို ပုံနှိပ်ထုတ်ဝေသော စာပေဗိမာန်သည် မြန်မာ့စွယ်စုံကျမ်းနောက်ဆုံးအတွဲကို ထုတ်ဝေပြီးသည်နှင့် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကို ၁၉၇၈ ခုနှစ်မှစ၍ နှစ်စဉ် ပုံနှိပ် ထုတ်ဝေခဲ့ပါသည်။ ယခု မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၇၅ ကို စာပေပညာရှင်များ၏ အကူအညီဖြင့် ပြုစုပုံနှိပ် ထုတ်ဝေနိုင်ခဲ့သဖြင့် စာပေဗိမာန်က များစွာဝမ်းမြောက်ရပါသည်။ ယင်းသို့ ပြုစုပုံနှိပ်ထုတ်ဝေထုဉ်ကူညီခဲ့ကြသူ စာပေပညာရှင်များအားလည်း အထူးကျေးဇူးတင်ရှိပါသည်။

စာပေဗိမာန်

# ဤကျမ်းကို မရွှစားမီ

ဖော်ပြပါလမ်းညွှန်ကို လေ့လာထားပါက ဤစွယ်စုံကျမ်းနှစ်ချုပ်စီစဉ်ပုံကို သဘောပေါက်၍ ရည်ညွှန်းကျမ်း တဆူအဖြစ် လွယ်ကူစွာ အသုံးပြုနိုင်ပါမည်။

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များသည် ထုတ်ဝေပြီး မြန်မာ့စွယ်စုံကျမ်း အတွဲ ၁၅ တွဲ၏ အဖြည့်ကျမ်းများ ဖြစ်ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၀၅ ကို ယခင် ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၀၄ ပါ အကြောင်းရပ်များနှင့် ဆက်စပ်၍ ဖတ်ရှုနိုင်ရန်လည်း စီစဉ်ပြုစုထားပါသည်။ မြန်မာ့စွယ်စုံကျမ်းတွင် မပါဝင်သေးသော အကြောင်းရပ်သစ်များလည်း အများအပြား ပါဝင်ပါသည်။

ဤကျမ်းသည် ၁၉၀၄ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော အကြောင်းအရာများကို ၁၉၀၅ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခြင်း ဖြစ်ပါသည်။ ၁၉၀၅ ခုနှစ်အတွင်း အဖြစ်အပျက်များကိုမူ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၀၆ ပုံနှိပ်ထုတ်ဝေသော အခါ ဆက်လက်ဖော်ပြမည် ဖြစ်ပါသည်။

ဤကျမ်းတွင် စာရှုသူများ လွယ်ကူစွာ ဖတ်ရှုလေ့လာနိုင်ရန် အပိုင်းကြီးလေးပိုင်းခွဲခြား၍ တင်ပြထားပါသည်။ ပထမပိုင်းတွင် ၁၉၀၄ ခုနှစ်အတွင်း ထင်ရှားသော ဖြစ်ရပ်များကို နေ့စဉ်မှတ်တမ်းအဖြစ် ဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် နှစ်ချုပ်အထူး ဆောင်းပါးလေးပုဒ် ပါဝင်ပါသည်။ တတိယပိုင်းတွင် စက်မှု၊ သိပ္ပံနှင့် အခြား သုတဆောင်းပါးငါးပုဒ်ကို တင်ပြထားပါသည်။ ဒုတိယပိုင်းနှင့် တတိယပိုင်းဝင်တွင် ဖော်ပြထားသော ဆောင်းပါးများကို ပညာရပ်အလိုက် ကျမ်းကျင်ရာ ပညာရှင်များက လေ့လာသုတေသနပြု၍ရေးသားထားခြင်း ဖြစ်ပါသည်။ စတုတ္ထပိုင်းဌ ဖော်ပြထားသော အကြောင်းရပ်များသည် ၁၉၀၄ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာအကြောင်းများဖြစ်ပါသည်။ အကြောင်းရပ်များကို မြန်မာစာလုံးပေါင်း သတ်ပုံကျမ်းပါ အက္ခရာစဉ် စနစ်အတိုင်း ဖော်ပြထားပါသည်။ နှစ်ချုပ်ပါ အကြောင်းရပ်များကို အလွယ်တကူ ရှာဖွေဖတ်ရှုနိုင်ရန် အက္ခရာစဉ်အညွှန်းကိုလည်း ထည့်သွင်း ဖော်ပြထားပါသည်။

အတ္ထုပ္ပတ္တိများကို ဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ၁၉၂၀ ပြည့်နှစ်မှ ၁၉၂၂ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သည့် ထင်ရှားသော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၂၀ ခုနှစ်တွင် ထည့်သွင်း ဖော်ပြခဲ့ပါသည်။ နှစ်စဉ် ဆက်လက် ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များတွင် သက်ဆိုင်ရာတနှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့် ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို လည်းကောင်း၊ နိုင်ငံတကာရေးရာများတွင် ထင်ရှားလာသော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း ထည့်သွင်းဖော်ပြလေ့ရှိပါသည်။ ယခုထုတ်ဝေသော နှစ်ချုပ်ကျမ်းတွင်လည်း ၁၉၀၄ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့် ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို လည်းကောင်း၊ ၁၉၀၄ ခုနှစ်အတွင်း အာရုံပြုလာရသော နိုင်ငံတကာမှ ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို လည်းကောင်း ထည့်သွင်း ဖော်ပြထားပါသည်။

အကြောင်းရပ်များတွင် အညွှန်းများကို ပြဆိုရာ၌ ယခင်ထုတ်ဝေပြီးသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကို ညွှန်းလျှင် စာအုပ်အမည်(ဥပမာ၊ စွယ်စုံနှစ်ချုပ် ၁၉၀၄) နှင့် စာမျက်နှာအမှတ်ကို ဖော်ပြ၍ ညွှန်းပါသည်။ ယခုထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၀၅ ပါ အကြောင်းရပ်များ၊ ဆောင်းပါးများကို ညွှန်းလျှင် အကြောင်းရပ်၊ ဆောင်းပါးအမည်ကို ဖော်ပြ၍ ညွှန်းထားပါသည်။

စာပေဗိမာန်

# မာတိကာ


ကျမ်းဦးစကား

ဤကျမ်းကို မရှုစားမီ

အပိုင်း တစ်

ခရုဂဂ ခုနှစ် ဖြစ်ရပ်များ .... .... .... .... .... .... .... ၁

အပိုင်း နှစ်

နှစ်ချုပ်အထူးဆောင်းပါးများ

— ရင်သွေးကျန်းမာ အနာဂတ်ချမ်းသာ .... .... .... .... .... ၂၆

— ကြယ်တံခွန်များ၊ ဥက္ကာများ .... .... .... .... .... .... ၃၄

— ပြောင်းလဲနေသော ကမ္ဘာ့စီးပွားရေးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ .... ၄၂

— ကမ္ဘာ့အိုလင်းပစ် အားကစားပွဲတော် .... .... .... .... .... ၅၀

အပိုင်း သုံး

စက်မှု၊ သိပ္ပံနှင့် အခြားသုတဆောင်းပါးများ

— စိုက်ပျိုးရေးကို အခြေခံသော မြန်မာ့စားသောက်ကုန်စက်မှုလုပ်ငန်း ၆၆

— အာကာသသိပ္ပံတိုးတက်မှု .... .... .... .... .... .... ၇၇

— ဇီဝနည်းပညာတိုးတက်မှု .... .... ... .... .... .... ၈၉

— ကွန်ပျူတာတိုးတက်မှု .... .... .... .... .... .... .... ၉၆

— ရောဂါပြီးဗေဒ .... .... .... .... .... .... .... .... ၁၀၇

အပိုင်း လေး

ခရုဂဂ ခုနှစ် အကြောင်းရပ်များ .... .... .... .... .... .... ၁၁၃

အကွဲရာစဉ်အညွှန်း .... .... .... .... ... .... .... .... ၃၀၇



မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းနှင့် အဖွဲ့ မေမြို့စစ်တက္ကသိုလ်စာကြည့်တိုက်ခန်းမဆောင်၌
ဘာသာရပ်ဆိုင်ရာများကို ကြည့်ရှုစစ်ဆေးစဉ်

# ဗုဒ္ဓဘာသာ ဘာကြောင့် ကိုးကွယ်ရသလဲ


အဝိုင်း တစ်

၁၉၈၄ ခုနှစ် ဖြစ်ရပ်မျှား


၁၉၈၄ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံ
တကာဖြစ်ရပ်မျှားကို နှစ်စဉ် သတင်းမှတ်တမ်းမျှားအဖြစ်
ရေးသားပြုစု ဖော်ပြထားပါသည်။

# မြန်မာ့ စွယ်စုံကျမ်း နှစ်ချုပ် (၁၉၇၅)


## မြန်မာနှင့် နိုင်ငံတကာ ဖြစ်ရပ်များ



၂၀



၉၆



၂၂




၂၆

ပုံအမှတ်များသည် အကြောင်းရပ်ပါ စာမျက်နှာကို ညွှန်းပါသည်။



၂၀၀

# ၁၉၀၄ ခုနှစ် ဖြစ်ရပ်များ



**နိုင်ငံတော် သမ္မတကြီး ဦးစန်းယု နမ္မတူဘော်တွင်း သတ္တုလုပ်ငန်းများကို ကြည့်ရှု စစ်ဆေးနေစဉ်**

## ဇန္နဝါရီလ

၁ ဖြိုတိသျှလက်အောက်တွင် ၉၆ နှစ်ကြာ ကျရောက်ခဲ့သော ဘရူနိုင်းစော်ဘွားနိုင်ငံသည် လွတ်လပ်ရေးရသည်။

၃ ၂၂၂၃ ခုနှစ်ကရင်နှစ်သစ်ကူးပွဲတော် အခမ်းအနားကို ကျင်းပသည်။

နိုင်ဂျီးရီးယား နိုင်ငံတွင် ဗိုလ်ချုပ်ကြီး မိုဟာမက် ဘူဟာရီဦးဆောင်သော အဖွဲ့ဝင် ၁၉ ဦး ပါဝင်သော ထိပ်တန်း စစ်ကောင်စီသည် ကျမ်းသစ္စာ ကျိန်ဆိုသည်။

၄ ၃၆ နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် အခြေခံဥပဒေနေ့ အထိမ်းအမှတ် အခမ်းအနားကို ကျင်းပသည်။

နိုင်ငံတော်ကောင်စီသည် အဘိဓမ္မာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်နှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ဆရာတော်ကြီးများ၏ ဘွဲ့အမည်များကို လည်းကောင်း၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့၊ ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များ အပ် နှင်းခြင်း ခံရသူများ၏ အမည် စာရင်းများကို ကိုလည်းကောင်း ထုတ်ပြန် ကြေငြာသည်။

ဝန်ကြီး အဖွဲ့က လည်း လွတ်လပ်ရေး အတွက် ကိုယ်ကျိုးစွန့် အနစ်နာခံသူ ပုဂ္ဂိုလ် ၁၂ ဦးအား ဆုငွေကျပ် ၁၀,၀၀၀ နှင့် လစဉ် ချီးမြှင့်ငွေ ကျပ် ၂၀၀ ခံစားခွင့်ပြုကြောင်း ထုတ်ပြန်ကြေငြာသည်။

၅–၁၀ ဒီမို ကရက် တစ် ဆို ရှယ် လစ် သီရိ လင်္ကာ သမ္မတနိုင်ငံ ဘဏ္ဍာရေးနှင့် စီမံကိန်းဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ရွန်နီဒီမဲ နှင့် ဇနီးနှင့်အဖွဲ့ ရန်ကုန်မြို့သို့ လာရောက်သည်။

၆–၇ နိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌကြီး ဦးစန်းယုသည် အဖွဲဝင်များ လိုက်ပါလျက် ရှမ်းပြည်မြောက်ပိုင်း လားရှိုးနှင့် နမ္မတူမြို့များသို့ သွားရောက်၍ နမ္မတူဘော်တွင်း သတ္တုလုပ်ငန်း များကို ကြည့်ရှု စစ် ဆေးသည်။ ရှမ်းပြည်မြောက်ပိုင်း ၂၂ မြို့နယ်ရှိ ပါတီ၊ ကောင်စီ၊ လူထုလူတန်းစား အဖွဲ့အစည်းများမှပုဂ္ဂိုလ်များနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများကို ဆွေးနွေး၍ လမ်းညွှန်ခဲ့သည်။

၈ ဆိုဗီယက်ပြည်ထောင်စုသည် ကော့စမော့ ၁၅၂၂ မှ ကော့စမော့ ၁၅၂၉ အထိ အမှတ်စဉ်ရှိသော သုတေသနဂြိုဟ်တု ရှစ်လုံးကို ဒုံးပျံ တစင်း တည်းဖြင့် တပြိုင် တည်းလွှတ်တင်သည်။

ဩစတြေးလျနိုင်ငံ မဲလ ဘုန်း မြို့ တွင် ဩစတြေးလျအမျိုးသမီးတဦးသည် ဖန်ပြုန်သန္ဓေသားကို ကိုယ်ဝန်ဆောင်ခဲ့ပြီး လေးမြောပူး မွေးဖွားသည်။

၂–၁၀ မောရစ်ရှနိုင်ငံ ကုန် သွယ် ရေး နှင့် သဘော် လုပ်ငန်း ဆိုင်ရာ ဝန် ကြီး ဌာန ဝန်ကြီး မစ္စတာ ကဒါဗားယတ်

ဦးဆောင်သော ကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ လာရောက်သည်။

၂–၁၆ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ကျောက်ကျိယန်သည် အမေရိကန်ပြည်ထောင်စုနှင့်ကနေဒါနိုင်ငံသို့ တရားစင် အလည်အပတ် သွားရောက်သည်။

၉–၁၇ လောနိုင်ငံဝန်ကြီးချုပ်အဖြစ် ၁၉၅၆ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ ဆောင်ရွက်ခဲ့သော သုဝဏ္ဏဖူမာ (အသက် ဂ၂ နှစ်) သည် ဗီယင်ကျန်းမြို့တွင် ကွယ်လွန်သည်။

၉–၁၈ ၁၉၆၄ ခုနှစ် နိုဝင်ဘာလက ဖျက်သိမ်းခဲ့သော ဂျော်ဒန် အမျိုးသား လွှတ်တော်ကို ဘုရင် ဟူစိန်က ပြန်လည် ခေါ်ယူ၍ အရေးပေါ် အစည်းအဝေး ကျင်းပခဲ့ပြီး အစွဲရေး အသိမ်းပိုက်ခံ အနောက်ဘက်ကမ်းဒေသအတွက် ကိုယ်စားလှယ် ခုနစ်ဦးကို ရွေးချယ်တင်မြှောက်ခဲ့သည့်အပြင် အာမက် အိုဘေဒက် ဦးဆောင်သော အစိုးရအဖွဲ့သစ်က ကျမ်းသစ္စာကျိန်ဆိုသည်။

သွေးတိုးရောဂါရှိသူကို သွေးတိုးနှုန်းကျဆေးပလာစတာကပ်၍ ကုသသော ကုထုံးနည်းသစ် တရပ်ကို အမေရိကန် ဆရာဝန်လေးဦးက တီထွင်သည်။

၁၀ ဒိန်းမတ်နိုင်ငံ အထွေထွေ ရွေးကောက်ပွဲကျင်းပရာ မစ္စတာ ပေါ်ရွလွတ်တာ ဦးဆောင်သော လက်ရှိအာဏာရ ညွှန့်ပေါင်းအဖွဲ့က လွှတ်တော်တွင် တနေရာ အသာမျှဖြင့် အနိုင်ရရှိသည်။

အမေရိကန် ပြည်ထောင်စုသည် ဗာတီကန်နိုင်ငံနှင့် သံအမတ်ကြီးအဆင့်ဖြင့် ၁၀၇ နိုင်ငံမြောက် ဆက်သွယ်သော နိုင်ငံဖြစ်လာသည်။ ၁၈၆၇ ခုနှစ်ကမူ ဗာတီကန်ဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့အား ငွေကြေးထောက်ပံ့ရေးကိုပင် ကွန်ဂရက်က တားမြစ်ပိတ်ပင်ခဲ့ဖူးသည်။

၁၁–၁၃ ပြန်ကြားရေး ဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ် ထုတ်ဝေရေး ကော်ပို ရေးရှင်း စာပေဗိမာန်အဖွဲ့သည် မြန်မာရည်ညွှန်းစာအုပ် စာတမ်း ဖတ်ပွဲကို စာပေဗိမာန် ပြည်သူစာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

၂၂–၂၇ အမေရိကန် ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး ပြဿနာများ တာဝန်ခံ လက်ထောက် နိုင်ငံခြားရေး ဝန်ကြီး မစ္စတာ ဒိုမီးနစ် အယ်ဒီ ကာလိုနှင့် ဒုတိယ လက်ထောက် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ကလိုက် တေလာ တို့သည် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

**တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဝန်ကြီးချုပ် ကျောက်ကျိယန်ကို အမေရိကန်သမ္မတ ရေဂင်က လက်ခံ တွေ့ဆုံစဉ်**



၂၃– အယ်ဂျီးရီးယား သမ္မတ ဘင်ကျိဒစ်ချက်ဒလိသည် ဒုတိယငါးနှစ်သက်တမ်း ၂၃ အတွက် ပြန်လည်ရွေးချယ်တင်မြှောက်ခံရ၍ အင်္ဂဒယ်ဟာမစ် ဘရာဟီမီကို ဝန်ကြီးချုပ်အဖြစ် ခန့်အပ် တာဝန်ပေးအပ်သည်။

၁၆– အာရှဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ မစ္စတာ မဆာအို ဟူကျီယိုတာနှင့် အဖွဲ့သည် ၂၁ ရန်ကုန်မြို့သို့ရောက်ရှိသည်။

၁၆– အစ္စလာမ်မစ် ညီလာခံအဖွဲ့ (အိုင်စီအို) စတုတ္ထအကြိမ်မြောက် ထိပ်သီး ၁၉ အစည်းအဝေးကို မိုရော့ကိုနိုင်ငံ ကက်ဆာဘလန်ကာမြို့တွင် ကျင်းပရာ ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ အပါအဝင် အဖွဲ့ဝင် ၄၃ နိုင်ငံအနက် နိုင်ငံ ၄၀ တက်ရောက်သည်။ အိုင်စီအိုသို့ ပြန်လည်ဝင်ရန် အီဂျစ် နိုင်ငံအား ယင်းညီလာခံက ဖိတ်ခေါ်လိုက်သည်။

၂၇ ကမ္ဘဏ်း သမ္မတ ပေါ ဘီယာကို နောက်ထပ် ငါးနှစ် သက်တမ်း အတွက် ပြန်လည် ရွေးချယ်တင်မြှောက်ပြီး နောက် အမျိုးသားလွှတ်တော်က ဝန်ကြီးချုပ်ရာထူးကို ဖျက်သိမ်းလိုက်သည်။

ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်အဖြစ် ၁၉၅၀ ပြည့်နှစ်မှ ၁၉၅၂ ခုနှစ်အထိ ဆောင်ရွက်ဖူးသောထရန်ဗန်ဟူး (အသက် ဂ၇ နှစ်) သည် ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ကွယ်လွန်သည်။

၂၉ ဗိုလ်စိမ်းယားနိုင်ငံတွင် ၁၉၆၃ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့က နုတ်ထွက်ခဲ့သော အစိုးရအဖွဲ့ဝင် ၁၈ ဦးအနက် ၁၃ ဦးကို သမ္မတ ဟာနန် စီလက် ဇွာဇိုက ပြန်လည် ခန့်အပ် တာဝန်ပေးလိုက်သည်။

၂၁ လန်ဒန်မြို့ ပို့လင်းဆေးရုံတွင် လန်ဒန်မြို့သူတဦးသည် ဖန်ပြွန်သန္ဓေသားကို ကိုယ်ဝန်ဆောင်ခဲ့ပြီး သုံးမြွာပူးမွေးဖွားသည်။

၂၂ စနေဂြိုဟ်ခါးပတ်ကွင်းများသည် မြေပြင် အခြေစိုက် လေ့လာရေးစခန်းများမှ ခန့်မှန်းချက်အရ သုညဒသမ ခြောက်မိုင်ခန့် ထူမည်ဟု ထင်ရသော်လည်း အမှန်မှာ ၁၀ ကိုက်မှ ကိုက် ၂၀ ကြားမျှသာ ထူသည်ဟု အမေရိကန်ပြည်ထောင်စု စတန်းဖို့ဒ်တက္ကသိုလ်က ကြေငြာသည်။ ၁၉၆၀ ပြည့်နှစ် နိုဝင်ဘာလက စနေဂြိုဟ် ခါးပတ်ကွင်း



၃၇ နှစ်မြောက် ပြည်ထောင်စုနေ့ ညစာစားပွဲသို့ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်း တက်ရောက်လာစဉ်

များကိုကျော်ဖြတ်ပျံသန်းခဲ့သောဗိုင်ယေဂျာ အာကာသယာဉ်မှ ပေးပို့သည့် အချက်အလက်များကို လေ့လာ ကိုးကား ကြေငြာခြင်း ဖြစ်သည်။

၂၄– ၂၆ အနောက်ဂျာမနီ ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုးလ်သည် အစ္စရေးနိုင်ငံသို့ လာရောက် လည်ပတ်သည်။

၂၆– ၂၇ နိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌကြီး ဦးစန်းယုသည် အဖွဲဝင်များ လိုက်ပါလျက် ကချင်ပြည်နယ် မြစ်ကြီးနားနှင့် ပူတာအိုမြို့များသို့ သွားရောက်ပြီး ကချင်ပြည်နယ် မြို့နယ် ၁၈ မြို့နယ်ရှိ ပါတီ၊ ကောင်စီ၊ လူထုလူတန်းစား အဖွဲအစည်းများမှ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေး၍ လမ်းညွှန်သည်။

၂၈ ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဘောလုံးပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲတွင် မန္တလေးတိုင်းက မကွေးတိုင်းကို အနိုင်ရရှိကာ ဒိုင်းဆုဆွတ်ခူးသည်။

၂၉ အက် ကွာ ဒေါ် နိုင်ငံ သမ္မတ ရွှေးကောက်ပွဲတွင် သမ္မတလောင်းကိုဦးဝင်းရောက် ယှဉ်ပြိုင်ရာ ထောက်ခံမဲ ငါးဆယ် ရာခိုင်နှုန်း ပြည့်မီသူ မရှိသဖြင့် မေလ ၆ ရက်နေ့တွင် ဒုတိယအကြိမ် ရွေးကောက်ပွဲ ထပ်မံကျင်းပရန် သတ်မှတ်လိုက်ရသည်။

လွန်ခဲ့သော နှစ်ပေါင်း ၁၂၀၀ က တရုတ်ပြည်ကြီး ထွန်းကားခဲ့သော တန်ခေတ် အလယ်ပိုင်း (ခရစ် ၆၁၈ မှ ၉၀၇) က သခ်ျိုင်းဂူ ၃၀ နှင့် ယင်းဂူများအတွင်း ယင်ပူဇော်ခံရသူ ၄၅ ဦး၏ ရုပ်ကြွင်းများကို ရှာနှစ်ပြည်နယ်အလယ်ပိုင်း ဖန်စီအန်ခရိုင်တွင် တူးဖော်တွေ့ရှိသည်။ ယင်းဒေသတွင် ဂူ ၉၀ ကို တူးဖော်ပြီးဖြစ်ရာ လူအရွယ်အစားရှိ၍ ချွန်စေးဖြင့် ပြုလုပ်ထားသည့် သုံးရောင်ခြယ် စစ်သည်ရုပ်တုများ အပါအဝင် ပစ္စည်းအမျိုးအမည် ၃၀၀ ခန့်ကိုလည်း ရရှိထားသည်။

၃၀– ၃၂ နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော်သယ်ယူရေး အစီအစဉ်

၃၁ အရ ခရီးစဉ်စတင်ရာ ပြည်ထောင်စု အလံတော်သည် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် မကွေးတိုင်း မကွေးမြို့သို့ လည်းကောင်း၊ ၃၁ ရက်နေ့တွင် ရခိုင်ပြည်နယ် သံတွဲမြို့သို့ လည်းကောင်း ရောက်ရှိသည်။

## ဖေဖော်ဝါရီလ

၁– ၂ ပြည်ထောင်စု အလံတော်သည် ရောဝတီတိုင်း ပုသိမ်မြို့၊ တနင်္သာရီတိုင်း မြိတ်မြို့၊ မွန်ပြည်နယ် မော်လမြိုင်မြို့၊ ကရင်ပြည်နယ် ဘားအံမြို့၊ ကယားပြည်နယ် လွိုင်ကော်မြို့၊ ရှမ်းပြည်နယ် လားရှိုးမြို့၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊ ချင်းပြည်နယ် ထန်တလန်မြို့၊ စစ်ကိုင်းတိုင်း ရွှေဘိုမြို့၊ မန္တလေးတိုင်း မန္တလေးမြို့၊ ပဲခူးတိုင်း ပြည်မြို့တို့တွင် အစဉ်အတိုင်း တညစီ ရပ်နားခဲ့ပြီး နောက် လူထုအစည်းအဝေးကြီး ကျင်းပရာ ကျိုက္ကဆံကွင်းစင်မြင့်ပေါ်သို့ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ရောက်ရှိသည်။

ဗင် နီ ဇွဲလား နိုင်ငံတွင် ဒေါက် တာ ၂ ယိမ်း လူဆင်ချီသည် သမ္မတ အဖြစ် ကျမ်းသစ္စာကျိန်ဆိုသည်။

၃– ၁၁ အမေရိကန် အာကာသလွှန်းပျံယာဉ် ချယ်လင်ဂျာသည် ကမ္ဘာပတ် လမ်း ကြောင်းအတွင်းသို့ ရောက်ရှိပြီး ၇ ရက်နေ့တွင် အာကာသယာဉ်မှူး ဘရစ်မက် ကင်ဒလက်သည် အာကာသထဲသို့ အနှောင် အဖွဲ့မရှိပဲ တဦးတည်းထွက်၍ ပျံသန်းသည်။

၅ ၅ လက်ဗန္ဓနိုင်ငံသမ္မတ အာမင် ဂျမား ယယ်သည် ပြိုင်ဘက် အုပ်စုများပါဝင် သော အစိုးရသစ် ဖွဲ့စည်းနိုင်ရေး အတွက် ဝန်ကြီးချုပ် ရှဖစ်အယ် ဝက်ဇန်၏ ဝန်ကြီးအဖွဲ့ နုတ်ထွက်ခြင်းကို လက်ခံလိုက်သည်။

၈ ၈ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဥက္ကဋ္ဌ ကြီး ဦးနေဝင်းနှင့် နိုင်ငံတော်သမ္မတ ကြီးဦးစန်းယုတို့သည် အင်းလျားကန်ဟိုတယ် သို့ သွားရောက်၍ ၂၁ ကြိမ်မြောက် မြန်မာ့ ကျောက်မျက်ရတနာ ပြပွဲ၏ ပဏာမ ခင်း ကျင်း ပြသမှုကို ကြည့်ရှု စစ်ဆေးကြသည်။

၈– ၁၀ ဆိုဗီယက် အာကာသယာဉ် ဆိုယုတ် ၁၀ ကို အာကာသတွင်းသို့ ဖစ်လွှတ် ၉ ရာ ၉ ရက်နေ့တွင် ကမ္ဘာပတ်ဘူတာ ယာဉ် ဆားလျု.၇ နှင့် ချိတ်ဆက်သည်။

၉ ဆိုဗီယက် ကွန်မြူနစ်ပါတီ ဗဟိုကော် မတီ အထွေထွေ အတွင်းရေးမှူးနှင့် ဆိုဗီယက် ဦးစီးလွှတ်တော်ချုပ် သဘာပတိ အဖွဲ့ ဥက္ကဋ္ဌ ယူရီဗလာဒီမီရိုဗစ်ချ အင်ဒရိုပေါ့ ကွယ်လွန်သည်။

၁၁ မြန် မာ့ ဆို ရှယ် လစ် လမ်း စဉ် ပါ တီ ဥက္ကဋ္ဌကြီး ဦးနေဝင်းနှင့် ဇနီးသည် နိုင်ငံတော်သမ္မတကြီးဦးစန်းယုနှင့် ဇနီးတို့က တည်ခင်းကျွေးခဲ့သော ၃၇ နှစ်မြောက် ပြည် ထောင်စုနေ့ကျော်ခဲ့ပွဲနှင့် ညစာစားပွဲသို့ တက် ရောက်သည်။

၁၂ ၃၇ နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို နိုင်ငံတဝန်းလုံးတွင် ကျင်းပသည်။

၁၃ ပနားမားနိုင်ငံ သမ္မတ ရီကာဒို ဒယ် လာ အက်စပရီယဲလာ သည် သမ္မတ ရာထူးမှ နုတ်ထွက်သွားသောကြောင့် ဒုတိယ သမ္မတ ဒေါက်တာ ယော်ဂေးအီလွေးကားက သမ္မတအဖြစ် ဆက်ခံသည်။

ဆိုဗီယက် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အစည်းအဝေး ကျင်းပပြီး ကွန်စတန်တင်း ချယ်ရနီယင်းကိုး အား အထွေထွေ အတွင်း ရေးမှူးအဖြစ် ရွေးချယ် တင်မြှောက်သည်။

၁၄ အမေရိကန်သမ္မတရေဂင်၊ ဂျော်ဒန် ဘုရင် ဟူစိန်နှင့် အီဂျစ်သမ္မတ မူဘာ ရက်တို့သည် အရွှေအလယ်ပိုင်း ပြဿနာ များနှင့် စပ်လျဉ်း၍ ဝါရှင်တန်မြို့ သမ္မတ အိမ်ဖြူတော်တွင် တွေ့ဆုံ ဆွေးနွေးကြသည်။

၂၂ နိုင်ငံတော် ဝန်ကြီး ချုပ် ဦးမောင် မောင်ခနှင့် အဖွဲ့သည် ဆင်မလိုက် သဘော်ဂျင်းကော်ပိုရေးရှင်း လုပ်ငန်းများ ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

၂၃– ၂၄ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးချစ်လွင်၏ ဖိတ်ကြားချက် အရ တရုတ်ပြည်သူသမ္မတနိုင်ငံ နိုင်ငံတော် ကောင်စီဝင်နှင့် နိုင်ငံခြားရေး ဝန်ကြီးမစ္စတာ ဝူရွှေကျင့်နှင့်အဖွဲ့ ရန်ကုန်မြို့သို့ ချစ်ကြည် ရေးခရီး ရောက်ရှိသည်။

၂၇– ၂၇ ချက်ကိုစလိုဗက် ဆိုရှယ်လစ် သမ္မတ နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လူဘိုမီ ယာ စထရောဂါးနှင့် အဖွဲ့သည် ဧည့်

ဆိုဗီယက်နိုင်ငံ အကြီးအကဲ ယူရီ အင်ဒရိုပေါ့၏ ဈာပနကို ပြည်တွင်း ပြည်ပ ခေါင်းဆောင်များက လိုက်ပါ ပို့ဆောင်စဉ်





မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီးဦးနေဝင်းနှင့် နိုင်ငံတော် သမ္မတကြီး ဦးစန်းယုတို့
၃၉ နှစ်မြောက် တပ်မတော်နေ့ပြပွဲကို ကြည့်ရှုလေ့လာကြစဉ်

သည်တော်အဖြစ် ရန်ကုန်မြို့သို့ လာရောက်သည်။

၂၄- မြန် မာ့ ဆို ရှယ် လစ် လမ်း စဉ် ပါတီ
ဥက္ကဋ္ဌကြီးဦနေဝင်းသည် အဖွဲဝင်များ
၂၇ လိုက် ပါ လျက် အလယ်ပိုင်းတိုင်း
စစ်ဌာနချုပ် နယ် မြေ သို့ လှည့် လည် သွား
ရောက်သည်။

၂၉ ကနေဒါ ဝန်ကြီးချုပ် ထရူးဒိုးက ရာ
ထူး မှ အ နား ယူ တော့ မည် ဖြစ်
ကြောင်း ကြေငြာသည်။

## မတ်လ

၂ တောင်သူ လယ်သမားနေ့ အခမ်း
အ နား ကို နိုင်ငံ တ ဝန်း လုံး တွင်
ကျင်းပသည်။

၂-၇ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်
ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး သူရ
ဦးထွန်းတင်၏ ဖိတ် ကြား ချက် အ ရ ပြည်
ထောင်စုသမ္မတ ဂျာမနီနိုင်ငံ စီးပွားရေး
ပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးဌာန ဝန်ကြီး
ဒေါက်တာယူဂင်ဗန်ကာ ခေါင်းဆောင်သော
ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်သို့ရောက်ရှိသည်။
၎င်းဝန်ကြီးအား နိုင် ငံ တော် သ မ္မ တ ကြီး
ဦးစန်းယုက လက်ခံတွေ့ဆုံခဲ့ပြီး ၎င်းဝန်ကြီး
နှင့် အဖွဲသည် နိုင် ငံ တော် ဝန် ကြီး ချုပ်
ဦးမောင်မောင်ခအား တွေ့ ဆုံ နွေး ထွေး ခဲ့
သည်။

၇ တရုတ်ပြည်သူ သမ္မတ နိုင် ငံ သည်
ရှေးသုံး အချိန်အတွင်း တိုင်းတာ
ရေးစနစ်ကို စွန့်လွှတ်ပြီး ၁၉၉၀ ပြည့်နှစ်
ကုန် မက်ထရစ်စနစ်သို့ ပြောင်းလဲ သုံးစွဲမည်
ဖြစ်ကြောင်း ကြေငြာသည်။

၁၂ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ် ပါတီ
ဥက္ကဋ္ဌကြီး ဦးနေဝင်းနှင့် နိုင်ငံတော်
သမ္မတကြီး ဦးစန်းယုတို့သည် မြန်မာ့ဆိုရှယ်
လစ် လမ်းစဉ်ပါတီ အထွေထွေအတွင်းရေးမှူး
ဦးအေးကိုက ပြည်လမ်း ကုန်းမြင့်သာယာ၌
တည်ခင်းလျှံခဲသော ညစာစားပွဲသို့ တက်
ရောက်လာကြသည့် ပြည်ထောင်စု တိုင်းရင်း
သား ဖွံ့ဖြိုးရေး သိပ္ပံသင်တန်း အမှတ်စဉ်
(၁၅)မှ နောက်ဆုံးနှစ် သင်တန်းသားများ
အား တွေ့ဆုံသည်။

ဥရောပ အာကာသ အေဂျင်စီ (အီး
အက်စ်အေ) သည် တယ် လီ ဖုန်း လိုင်း
၁၂,၀၀၀ နှင့်ရုပ်မြင်သံကြားထုတ်လုပ်မှုလမ်း
ကြောင်း နှစ်ခု ပါဝင်သော ဆက်သွယ်ရေး
ဂြိုဟ်တုကို အရီယန် ဒုံးပျံဖြင့် အာကာသ
အတွင်းသို့ ပစ်လွှတ်သည်။

၉ ၁၉၇၀ ပြည့်လွန်နှစ်များ၏ နောက်
ပိုင်းကာလတွင် အိန္ဒိယနိုင်ငံကို သုံး
နှစ်နီးပါး အုပ် ချုပ် ခဲ့ သည့် အတိုက် အခံ
ဂျာနာတာပါတီသည် ချန်ဒရာ ရှန်ကာအား
ပါတီဥက္ကဋ္ဌအဖြစ် ပြန်လည် ရွေးချယ်လိုက်
သည်။

၁၀-၉ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ် ပါတီ
ဗဟိုကော်မတီ (၁၁) ကြိမ်မြောက်
အစည်းအဝေးကို အလုံလမ်း သမ္မတ အိမ်
တော် ဝင်း အ တွင်း ရှိ ဗဟို အစည်းအဝေး
ခန်းမ၌ ကျင်းပသည်။

# ၁၉၇၄ ခုနှစ် ဖြစ်ရပ်များ

၈ ၄၂ လကြာဖြစ်ပွားနေသည့် အီရန်–အီရတ် စစ်ပွဲတွင် အီရတ်က အဆိပ်ဓာတ်ငွေ့များ သုံးစွဲသည်ဟူသော စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးရန် ပါရဂူအဖွဲ့တဖွဲ့ အီရန့် နိုင်ငံသို့ စေလွှတ်မည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ပဲရက်ဒဲကွေးလျားက ကြေငြာသည်။

၁၀ အခြိန်စောကျင်းပသော အန်ဂိုလာ အထွေထွေရွေးကောက်ပွဲတွင်လက်ရှိ ဝန်ကြီးချုပ် ရိုနယ်ဝက်စတား ဦးဆောင်သော အန်ဂိုလာ ပြည်သူ့ပါတီသည် နေရာ ၏၅၀ တွင် ၁၄၈ နေရာသာ ရရှိပြီး မစွတာ အီမိုင်ဂန်း ဦးဆောင်သော အန်ဂိုလာ အမျိုးသားညွှန့်ပေါင်း ပါတီသည် နေရာ လေးနေရာ အနိုင် ရရှိသည်။

ဂင်းနီဘစ်ဆောနိုင်ငံ သမ္မတ ယောင်အို ဘာနာဒို ဗီအီရာက ဝန်ကြီးချုပ် မစွတာ ဗစ်တာ ဆော်ဒီ မာရီယာကို တော်လှန်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် ဝန်ကြီးချုပ်ရာထူးမှ ထုတ်ပယ်လိုက်သည်။

၁၂– ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ
၁၆ မြန်မာ နိုင်ငံတော် တတိယ အကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမ အစည်းအဝေးကို ရန်ကုန်မြို့ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

၁၃ ဆွစ်ဇာလန်နိုင်ငံ လောဆိန်းမြို့တွင် ကျင်းပသည့် အမျိုးသား ပြန်လည် သင့်မြတ်ရေး ညီလာခံတွင် လက်ဗန္ဓနသမ္မတ အာမင်ဂျမာရယ်နှင့် မူဆလင်နှင့် ခရစ်ယာန် ပြည်သူစစ် အဖွဲ့မှ ခေါင်းဆောင် များ သည် လက်ဗန္ဓန်နိုင်ငံတွင် ပစ်ခတ် တိုက်ခိုက်မှုများ ရပ်စဲရန် သဘောတူညီမှု ရရှိကြသည်။

၁၄ လက်ဗန္ဓန်နိုင်ငံတွင်း စစ်မက်ဖက်ပြိုင် နေသော အုပ်စုများမှ ခေါင်းဆောင် များ၏ အပစ်အခတ် ရပ်စဲရေး သဘောတူ ညီ ချက် ကို မလိုက်နာပဲ လက်ဗန္ဓန် နိုင်ငံ ဘေရွတ်မြို့ကို ပိုင်းခြားထားသည့် မျဉ်းစိမ်း ခေါ် နယ်ခြား မျဉ်းတွင် တိုက်ပွဲ ဖြစ်ပွား သည်။

ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့သည် ၎င်း၏ မူ လ ဦး တည် ချက် များ မှ သွေ ဖည် လာ ကြောင်း တောင်ကိုးရီးယား သမ္မတ ချန်ဒူးဝှမ်က ပြောကြားသည်။

တရုတ်ပြည်သူ့ သမ္မတ နိုင်ငံတွင် ဆေးလိပ်သောက်ခြင်းကြောင့် တိုက်ရိုက် ဖြစ်ပွားသော ကင်ဆာရောဂါဖြင့် တနှစ်လျှင် လူ ၁,၄၀,၀၀၀ သေဆုံးနေကြောင်း တရုတ်ပြည်သစ် သတင်းဌာနက ကြေငြာသည်။

၁၆ ဥရောပ အလယ်ပိုင်းရှိ စစ်အင်အား အပြန်အလှန် လျှော့ချရေး ဆိုင်ရာ ဝါဆောအုပ်စုဝင် နိုင်ငံများနှင့် နေတိုးအုပ်စုဝင်နိုင်ငံများအကြား ဆွေးနွေးပွဲကို ဗီယင်နာမြို့တွင် ကျင်းပသည်။

၂၂– ဂျပန် ဝန်ကြီးချုပ် နာကာဆိုနေ
၂၅ သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ လာရောက်လည်ပတ်သည်။ တရုတ်နိုင်ငံသို့ ပထမဆုံး လာရောက်သော ဂျပန် ဝန်ကြီးချုပ်ဖြစ် သည့် နာကာဆိုနေသည် ၁၉၆၆ ခုနှစ်နောက်ပိုင်းတွင်ပထမဆုံးအကြိမ် အဖြစ် အမြောက် ၁၉ ချက် ပစ်ဖောက် ကြိုဆိုခံရသော အစိုးရ ည့်သည်တော် ဖြစ် သည်။

မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ် ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းနှင့် နိုင်ငံတော် သမ္မတကြီး ဦးစန်းယု တို့သည် ဦးဝိစာရ လမ်း တပ်မတော် ခန်းမရှိ ၃၉ နှစ်မြောက် တပ်မတော်နေ့ ပြပွဲကို ကြည့်ရှု လေ့လာကြ သည်။

၂၅ အယ် ဆာ ဗေဒို နိုင်ငံ သမ္မတ ရွေး ကောက်ပွဲတွင် ခရစ်ယာန် ဒီမိုကရက် တစ် ပါ တီ မှ ဟိုစေး နာ ပို လီ ယွန် ဒဂါ တေ သည် မဲ ၄၉ ဒသမ ၃ ရာခိုင်နှုန်းရရှိ၍ အရီ နာပါတီမှ ဗိုလ်မှူး ရိုဘာတို ဒီအောဘာစ်ဆန် သည် မဲ ၂၉ ဒသမ ဂ ရာခိုင်နှုန်း ရရှိသည်။

၂၇ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ် ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းနှင့် ဇနီးသည် နိုင်ငံတော်သမ္မတကြီး ဦးစန်းယုနှင့် ဇနီးတို့က အလုံလမ်း သမ္မတအိမ်တော်၌ တည်ခင်း ည့်ခံသော ၃၉ နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ညစာစားပွဲသို့ တက်ရောက် သည်။

၃၉ နှစ်မြောက် တပ်မတော်နေ့ စစ်ရေး ပြအခမ်းအနားကို ဦးဝိစာရလမ်းရှိ တော် လှန်ရေးပန်းခြံ၌ ကျင်းပသည်။

၂၉ ၁၉၇၅ ခုနှစ် မတ်လတွင်ကျင်းပမည့် အခြေခံပညာ အထက်တန်း စာမေးပွဲမှစ၍ အောင်စာရင်းများကို "က" စာရင်းနှင့် "ခ" စာရင်း ခွဲခြားပြီး ထုတ်ပြန်မည် ဖြစ်ကြောင်း ပညာရေး ဝန်ကြီးဌာနက ကြေငြာသည်။

၃၀ ဘင်္ဂလားဒေ့ရှ သမ္မတ အာရှတ်က မစွတာ ရာမန်ခန်အား ဝန်ကြီးချုပ် အဖြစ် ခန့်အပ်လိုက်သည်။

## ဇူလိုင်

၁– နိုင်ငံတော် ဝန်ကြီးချုပ် ဦးမောင်
၁၈ မောင်ခန့်နှင့် အဖွဲ့သည် ဩစတြေးလျ နိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့သို့ ချစ်ကြည်ရေး ခရီး သွားရောက်သည်။

၂ မာလာဝီသမ္မတ ကာမူဇူ ဘန်ဒါသည် အဖွဲ့ဝင် ၁၂ ဦးပါဝင်သော ဝန်ကြီး အဖွဲ့ကို ဖျက်သိမ်း လိုက်ပြီး ဝန်ကြီးဌာန အားလုံးကို ကိုယ်တိုင် တာဝန်ယူလိုက်သည်။

၃– ဂင်းနီနိုင်ငံတွင် သွေးထွက် သံယို မှု
၅ မရှိပဲ တပ်မတော်က အာဏာသိမ်း လိုက်ပြီး ဗိုလ်မှူးကြီး လန်ဆာနာ ကွန်တီကို သမ္မတအဖြစ် တင်မြှောက်သည်။

အိန္ဒိယ လေတပ် ဗိုလ်မှူး ရာကက်ရှားမားသည် ဆိုဗီယက် အာကာသ ယာဉ်မှူး နှစ်ဦးနှင့်အတူ ဆိုယု တီ – ၁၁ တွင် လိုက်ပါသွားခဲ့ရာ အိန္ဒိယနိုင်ငံ၏ ပထမဆုံးအာကာသသူရဲကောင်း ဖြစ်သွားသည်။

၅– ဒုတိယအကြိမ် စာပေလုပ်သား ညီ
၅ လာခံကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်း ဆရာစံခန်းမ၌ ကျင်းပသည်။

၆– အမေရိကန် အာကာသ လွှန်းပျံ
၁၃ ယာဉ် ချယ်လင်ဂျာမှ အာကာသ ယာဉ်မှူးများသည် နေစွမ်းအင်သုံး ဂြိုဟ်တုပျက် ဆိုလာမက်ကို ယန္တရား လုပ်သား စက်မောင်း လက်တံဖြင့် ဖမ်းယူ ရရှိသဖြင့် ယာဉ်အတွင်းရှိ အလုပ်ရုံခန်း၌ ချထားကာ ပြုပြင် တပ်ဆင် အစားထိုးခြင်းများပြုလုပ်ပြီးနောက် ယင်းဂြိုဟ်တုကို ကမ္ဘာပတ်လမ်းကြောင်းသို့ ပြန်ချလိုက်သည်။



မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်း တက္ကသိုလ်များ ကွန်ပျူတာဌာနတွင် ကြည့်ရှု စစ်ဆေး လမ်းညွှန်နေစဉ်

၇ ဂုဏ်ထူးဆောင် ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို အလုံလမ်း သမ္မတအိမ်တော်ဝင်း အတွင်းရှိ ဗဟိုအစည်းအဝေးခန်းမ၌ ကျင်းပရာ စွမ်းရည်သတ္တိ ဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များကို နိုင်ငံတော်သမ္မတကြီး ဦးစန်းယုက ကိုယ်တိုင် ချီးမြှင့်အပ်နှင်းပြီး စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင် တံဆိပ်များကို ကိုယ်စားအပ်နှင်းနိုင်ရန် ပြည်နယ်နှင့် တိုင်းပြည်သူကောင်စဥက္ကဋ္ဌ ခြောက် ဦးတို့အား တာဝန်ပေးအပ်သည်။

ကမ္ဘာ့ရှုခင်း နိုင်ငံတွင် အာဏာ သိမ်းရန် ကြိုးပမ်းမှု တရပ် ဖြစ်ပွားခဲ့ရာ သမ္မတ ပေါ်ဘီယာအပေါ် သစ္စာခံသော တပ်များက သူပုန်များကို နှိမ်နင်းလိုက်သည်။

၈ လိုက်ဗေးရီးယား နိုင်ငံခေါင်းဆောင် ဆင်မြူယယ် ဒိုးသည် ၎င်းအား ဖြုတ်ချရန် ကြံစည်မှုဖြင့် သေဒဏ်အမိန့် ချမှတ်ခံရသူ ၁၃ ဦးအနက် ၁၀ ဦးကို အပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုသည်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းနှင့် နိုင်ငံတော်သမ္မတကြီး ဦးစန်းယုတို့သည် ရန်ကုန် တက္ကသိုလ် (လှိုင်နယ်မြေ)ရှိ တက္ကသိုလ်များ ကွန်ပျူတာဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ကလလ ရေကြည်အခဲမှ သန္ဓေသားကို လွန်ခဲ့သော နှစ်ပတ်ကပင် ကမ္ဘာပေါ်တွင် ပထမဆုံး မွေးဖွားပေးလိုက်နိုင်သည်ဟု သြစတြေးလျှနိုင်ငံ မဲလဘုန်းမြို့ မိုနက်ရှတက္ကသိုလ် အက်ပေါ်ချဆေးရုံ ဖန်ပြန်သန္ဓေသားဖွားအဖွဲ့က တရားဝင် သတင်းထုတ်ပြန်သည်။ ထိုကလေးသည် မိန်းကလေး ဖြစ်၍ ဇီးဟုကင်ပွန်းတပ်သည်။ ထိုအဖွဲ့သည် ပေးမျိုးဥမ္မသန္ဓေသား ယောကျ်ားလေးကို ၁၉၇၃ ခုနှစ် နိုဝင်ဘာလက လည်းကောင်း၊ ဖန်ပြန်သန္ဓေသား ယောကျ်ားလေး လေးမြောပူးကို ၁၉၇၄ ခုနှစ် ဇန္နဝါရီလက လည်းကောင်း ကမ္ဘာပေါ်တွင် ပထမဦးဆုံး မွေးဖွားပေးခဲ့သည်။

အာဏာရ လစ်ဗရယ် ဒီမိုကရက်တစ်ပါတီ (အယ်ဒီပီ) ဥက္ကဋ္ဌ ဂျပန်ဝန်ကြီးချုပ် နာကာဆိုနေသည် ဝန်ကြီးချုပ်ဟောင်း တာနာကာ၏ ညာလက်ရုံးဖြစ်သူ ဆူဆူမူ နိုကိုင်ဒိုအား ပါတီ ဒုတိယဥက္ကဋ္ဌအဖြစ် ခန့်အပ်သည်။

ဆိုဗီယက် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး ကွန်စတန် တင်းချယ်ရနီယင်းကိုးအား ဆိုဗီယက်ပြည်ထောင်စု ဦးစီးလွှတ်တော်ချုပ် သဘာပတိအဖွဲ့ ဥက္ကဋ္ဌ (သမ္မတ) အဖြစ် ဆိုဗီယက်ပါလီမန် အစည်းအဝေးက ရွေးချယ်တင်မြှောက်ခဲ့သည်။

ငွေဖောင်းပွမှု ၁၂၅ ရာခိုင်နှုန်း ပြည်ပကြွေးမြီ ဒေါ်လာသန်း ၁၃,၀၀၀ ရှိနေသော ပီရူးနိုင်ငံ စီးပွားရေးအခြေအနေကို မဖြေရှင်းနိုင်သဖြင့် ဝန်ကြီးချုပ် ဖာနန်ဒို ရှဝက် လိုပက် အဲဒနာ နုတ်ထွက်သွားရာ ၁၉၆၃ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ ဘဏ္ဍာရေးဝန်ကြီး ဖြစ်ခဲ့ဖူးသူ ဆန်ဒရို မာရီယက်တီဂိုကို သမ္မတ ဖာနန်ဒို ဘီလောင်းဒီ တဲရိုက အစားထိုး ခန့်အပ်လိုက်သည်။

၁၅- မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ
၂၀ ဥက္ကဋ္ဌကြီး ဦးနေဝင်းသည် အဖွဲ့ဝင်များ လိုက်ပါလျက် မန္တလေးတိုင်း အတွင်းရှိ မေမြို့ စစ်တက္ကသိုလ်၊ အမှတ် ၁ သံနှင့် သံမဏိစက်ရုံ၊ ပုသိမ်ကြီးမြို့နယ်၊ ဖယောင်းတောင်ဒေသ အထူးသတ္တု ၂ လေ့လာရှာဖွေရေးစခန်း၊ မြစ်သားမြို့နယ် ကင်းတား ရေလှောင်တမံ ဘက်စုံစိမ်းကိန်း၊ စဉ့်ကိုင်မြို့နယ် ပလိပ်ချည်မျှင်နှင့် အထည်အခေါ

ကိုင်စက်ရုံများသို့ သွားရောက် စစ်ဆေးကြည့်ရှုပြီး လိုအပ်သည်များကို လမ်းညွှန်သည်။

၁၇ အင် တီ ဂွာ နှင့် ဗာ ဗူ ဒါ နိုင် ငံ တို့တွင် အထွေထွေရွေးကောက်ပွဲ ကျင်းပရာ ဝန်ကြီးချုပ် ဗရီကွန်းဝေါဘတ်စီနီယာ ခေါင်းဆောင်သော အာဏာရ လေဘာပါတီက အနိုင်ရသည်။

၁၇- ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ လစ်ဗျသံရုံးတည်ရာ စိန့် ဂျိမ်း ရင် ပြင် ၌ သံ ရုံး ၂၂ ပြတင်းပေါက်မှ စက်သေနတ်ဖြင့် ပစ်ခတ်သဖြင့် ဗြိတိသျှအမျိုးသမီး ရဲအရာရှိတဦး သေဆုံးခဲ့ပြီးနောက် ဗြိတိန်နိုင်ငံသည် လစ်ဗျနိုင်ငံနှင့် သံအဆက်အသွယ် ဖြတ်တောက်လိုက်သည်။

၁၈ ဩစတြေးလျနိုင်ငံသို့လည်းကောင်း၊ နယူးဇီလန်နိုင်ငံသို့ လည်း ကောင်း ချစ်ကြည်ရေးမရီး လှည့်လည်ခဲ့သော နိုင်ငံတော်ဝန်ကြီးချုပ် ဦး မောင် မောင် ခ သည် အဖွဲဝင်များနှင့်အတူ ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိသည်။

၁၉ ဆိုဗီယက်ပြည်ထောင်စု တရုတ်ရေးရာ ကျွမ်းကျင်သူများအဖွဲက အနှစ် ၄၀ ကြာ ပြုစုခဲ့သော တရုတ်–ရုရှအဘိဓာန် ပထမတွဲကို ပုံနှိပ်ပြီးကြောင်း ဆိုဗီယက် ဂျာနယ်စာစောင်တွင် ဖော်ပြသည်။

၂၀ လူသားမျိုးရိုး ဇီဝပစ္စည်းဖြစ်သော ဒီအောက်ဆီရိုင်ဗိုနယူကလိအစ်အက်ဆစ်ကို စုဆောင်းသိမ်းဆည်းထားမည့် ကမ္ဘာ့ပထမဦးဆုံး ဒီအင်အေဘဏ်ကို အမေရိကန် ပြည်ထောင်စု အင်ဒီယာနာ ဆေးတက္ကသိုလ်၌ တည်ထောင်လိုက်သည်။ မျိုးရိုးအလိုက် ရောဂါ ခံစားနေရသော မိသားတစုအတွက် ဇီဝကုထုံး ရှာဖွေပေးနိုင်ရန် ခွဲခြမ်းစိတ်ဖြာစူးစမ်းရာတွင် ထိုဘဏ်က ကူညီပေးနိုင်မည် ဖြစ်သည်။

တန်ဇားနီးယားနိုင်ငံတွင် ပြည်မ တန်ဂန်ယီကာနှင့် ဇန်ဇီဗာကျွန်းတို့ အနှစ် ၂၀ ကြာ ပေါင်းစည်းထားခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားကာ ဇန်ဇီဗာသမ္မတ အဘောက် ဂျမ်ဘီသည် ဇန္နဝါရီလက နုတ် ထွက် သွား ခဲ့ ရာ အလီဟက်ဆန်မှီညီကို အစားထိုး ရွေးချယ် တင်မြှောက်လိုက်သည်။

၂၂ ရောဂါပိုးကို ခုခံ ကာ ကွယ် နိုင် စွမ်း ကျ ဆင်း စေ သည့် အော့ဒ်စ်ရောဂါ ဖြစ်ပွားစေသော ဗိုင်းရတ်ပိုးကို ပြင်သစ် နိုင်ငံ ပါရီမြို့ ပါစချာဗီမာန် သုတေ သ နပညာရှင်တစုက တွေ့ရှိရာ အမေရိကန် ဆေးပညာနယ်ပယ်တွင် အ မြင့် ဆုံး ဆု ဖြစ် သည့် အဲလဗတ် လက်စကာဆုကို ၁၉၇၂ ခုနှစ်တွင် ဆွတ်ခူးထားသူ ဒေါက်တာ ရောဗတ် ဂေါလို လွန်ခဲ့သော လေးနှစ်က တွေ့ရှိထားခဲ့သော ကင် ဆာ ရော ဂါ ဗိုင်းရတ်ပိုးနှင့် ဆင်တူနေကြောင်း အတည်ပြုကြေငြာသည်။ အော့ဒ်စ် ရောဂါသည် လွန်ခဲ့သော သုံးနှစ်က အမေရိကန် ပြည် ထောင် စု တွင် ပထမဆုံးပေါ်ပေါက်ရာ လူ ၄,၀၇၂ ဦးတွင် စွဲကပ်ခဲ့သည့် အနက် ၁,၇၇၅ ဦးကို သေဆုံးစေခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ရာဇဝတ်မှုများ လျော့ ပါး စေ ရေး အ တွက် ခိုးမှုနှင့် အဓမ္မကျင့်မှုများကို သေဒဏ်အထိ စီရင်ချက်ချနိုင်ရန် တရုတ်အာဏာပိုင်များက အမိန့် ထုတ်သည်။ ဧပြီလ ၇ ရက်နေ့မှ ၂၅ ရက်နေ့ အတွင်း ၂၉ ဦးကို သေဒဏ် ချမှတ်သည်။

၂၃ ယေဂီ ကျင့်စဉ်များသည် အာကာသတွင်း တွေ့ကြုံခံစားရသော ဝေဒနာများကို တိုက်ဖျက်ရာတွင် အထောက်အကူ ပြုနိုင်သည်ဟု အိန္ဒိယနိုင်ငံ၏ ပထမဆုံး အာကာသယာဉ်မှူး ရာကက် ရှားမားက ပြောသည်။

မြန် မာ့ ဆို ရှယ် လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းသည် အဖွဲဝင်များလိုက်ပါလျက် သံလျင်မြို့ရှိ ခဲမဖြူသတ္တုစင်စက်ရုံကို ကြည့်ရှု စစ်ဆေးသည်။

ယာဉ် တိုက် မှု ကြောင့် ကွယ် လွန် သွား သော တန်ဇားနီးယားနိုင်ငံ ဝန် ကြီး ချုပ် အက်ဒွပ် ဆိုကိုင်နီ၏ နေရာတွင်နိုင်ငံခြားရေးဝန်ကြီး ဆလင် အာမက် ဆလင်အား ခန့် အပ်လိုက်ကြောင်း သမ္မတ ဂျူလီယက် ညီ ရေးရေးက ကြေငြာသည်။

ဒီ ဇင် ဘာ မျာ း တွင် ရေနံအစား အသုံးပြုနိုင်သည့် ဓာတ်ငွေကို စပါးခုံမှ ထုတ်လုပ်ပေးသော ကိရိယာကို မဲခေါင်မြစ်ဝှမ်း ဒေသ မင်းလောပြည်နယ်မှ အင်ဂျင်နီယာများက တီထွင်လိုက်သည်။

၂၆ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ပြည်သူ့လွှတ် တော် ကိုယ် စား လှယ် နိုင် ငံ တော်သမ္မတကြီး ဦးစန်းယု၏ တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမအထူး၊ ပဉ္စမနှင့် ဆဋ္ဌမအစည်းအဝေး အတွေ့အကြုံရှင်းလင်းပွဲကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ဆရာစံခန်းမ၌ ကျင်းပသည်။

မလေးရှားနိုင်ငံ၏အဋ္ဌမမြောက်စည်းမျဉ်းခံ ဘုရင်အဖြစ် ဂျာဟိုးပြည်နယ် စူလတန် မာမွတ် အစွကန်ဒါကျမ်းသစ္စာကျိန်ဆိုသည်။

**ဗြိတိန်နိုင်ငံ လစ်ဗျသံရုံးရှေ့တွင် သေနတ်ပစ်မှု ဖြစ်ပွားပြီးစ မြင်ကွင်း**





ဆီးရီးယားအစိုးရ၏ ထောက်ခံမှုရရှိထား သူ ရာရှစ် ကရာမီကို လက်ဗန္ဓန် အမျိုးသား သွေးစည်းညီညွတ်ရေး အစိုးရ၏ ဝန်ကြီးချုပ် အဖြစ် သမ္မတအာမင် ဂျမားယယ်က ခန့်အပ် သည်။ ကရာမီသည် ၁၉၅၅ ခုနှစ်မှစ၍ ဝန် ကြီးချုပ်အဖြစ် ကိုးကြိမ် ထမ်းဆောင်ဖူးသူ ဖြစ်သည်။

၂၆- အမရိကန် သမ္မတ ရော်နယ် ရေဂင် သည် တရုတ်ခေါင်းဆောင်များနှင့် ၃၀ တွေ့ ဆုံ ဆွေး နွေး ရန် ပီ ကင်း မြို့ သို့ သွားရောက်သည်။ ၁၉၇၉ ခုနှစ်က နှစ်နိုင်ငံ တရားဝင် သံအဆက်အသွယ် ပြု လုပ် ခဲ့ ပြီး နောက်ပိုင်းတွင် ပထမဆုံး သွားရောက်သော အမေရိကန် သမ္မတ ဖြစ်သည်။

၂၉ နိုင် ငံ တော် သ မ္မ တ ကြီး ဦးစန်းယု သည် ကျန်းမာရေး စစ် ဆေး ခံ ရန် အတွက် ဇနီးဒေါ်သန်းရှိန်နှင့်အတူ ဗြိတိန် နိုင်ငံသို့ ထွက်ခွာသည်။

## ၆ မေလ

၁ ၁၉၇၄ ခုနှစ် အလုပ်သမားနေ့ လှူထု အစည်းအဝေးပွဲများကို ပြည်နယ်နှင့် တိုင်းအလိုက် ကျင်းပသည်။

၂ မြန် မာ့ ဆို ရှယ် လစ် လမ်း စဉ် ပါတီ တံဖွက် အထွေထွေ အ တွင်း ရေး မှူး ဦးစိန်လွင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးမောင် မောင်ခတို့သည်ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးကျော်ငြိမ်းက ကျိုက္ကဆံကွင်းပြည်ထောင်စု ခန်း မ ၌ လူရည်ချွန်များအားဂုဏ် ပြု သော ဆွေ့ခံပွဲနှင့် ညစာစားပွဲသို့ တက် ရောက် ကြသည်။

၂- နိုင် ငံ ခြား ရေး ဝန်ကြီးဌာန ဝန်ကြီး ၁၂ ဦးချစ်လှိုင်နှင့် အဖွဲ့သည် နီပေါ၊ အိန္ဒိ ယနှင့် ဘင်္ဂလားဒေ့ရှ နိုင်ငံများသို့ ချစ်ကြည်ရေးခရီး သွားရောက်သည်။

၂- သမ္မတ ဂဖား နီမေရီက ဝန်ကြီးခုနစ် ဦးကို ရာထူးမှ ဖယ်ရှား လိုက်ပြီး ၂၃ ဝန်ကြီးအဖွဲ့ကိုဖျက်သိမ်း၍ သမ္မတက ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်သော သမ္မတအကြံ ပေး ကောင်စီကို ဖွဲ့စည်းလိုက်သည်။

၃- ၃၇ ကြိမ်မြောက်ကမ္ဘာ့ကျန်းမာရေး အ ဖွဲ့ညီ လာ ခံ သို့ တက်ရောက်ရန် ၂၃ ကျန်း မာ ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးထွန်းဝေ ခေါင်း ဆောင် သော မြန်မာ ကိုယ်စားလှယ် အ ဖွဲ့ သည် ဆွစ်ဇာလန် နိုင်ငံ ဂျီနီဗာမြို့သို့ထွက်ခွာသွားပြီး မေလ ၂၇ ရက် နေ့တွင် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိသည်။

၅ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီး ဌာန သာ သ နာ ရေး ဦး စီး ဌာန ၏ ၃၄ ကြိမ်မြောက် တိပိဋကဓရ ချီးကျူး ပူဇော်ပွဲနှင့် ဘွဲ့လက်မှတ် ဆက်ကပ်ပွဲ အခမ်း အနားကို ကမ္ဘာအေးကုန်းမြေရှိ မဟာပါ သာဏ လိုဏ်ဂူတော်၌ ကျင်းပသည်။

၆ အက် ကွာ ဒေါ် နိုင် ငံ တွင် သမ္မတ ရွေး ကောက် ပွဲ ကို ဒုတိယအကြိမ် ပြန်လည်ကျင်းပရာ ဆို ရှယ်ခရစ်ယာန် ပါတီမှ လီယွန် ဖီဗာ ကော်ဒီရိုသည် ထောက်ခံမဲ ၅၂ ဒသမ ၂ ရာခိုင်နှုန်းဖြင့် အနိုင်ရသည်။

အယ်ဆာဗေဒို သမ္မတ ရွေးကောက်ပွဲတွင် ခရစ်ယာန် ဒီမိုကရက်တစ်ပါတီမှ ဟိုစေး နပို လီယွန် ဒုဘေသည် ထောက်ခံမဲ ၅၃ ဒသမ ၆ ရာခိုင်နှုန်းဖြင့် အနိုင်ရသည်။

ပနားမားနိုင်ငံ သမ္မတရွေးကောက်ပွဲတွင် တော်လှန်ရေးဒီမိုကရက်တစ်ပါတီမှ နီကိုလတ် အာဒစ်တို ဘာလက်တာက အနိုင်ရသည်။

၈ ဇူလိုင်လအတွင်းလေ့စ်အိန်းဂျလီးမြို့ တွင် ကျင်းပမည့် ကမ္ဘာ့အိုလင်းပစ် အားကစားပွဲ၌ ပါဝင်ယှဉ်ပြိုင်မည် မဟုတ် ကြောင်းဆိုဗီယက်ပြည်ထောင်စုက ကြေငြာ

မြန်မာ့ ဆို ရှယ်လစ် လမ်းစဉ်ပါတီ တံဖွက် အထွေထွေ အတွင်းရေးမှူး ဦးစိန်လွင်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ဦးမောင်မောင်ခ တို့ လူရည်ချွန်များအား ဂုဏ်ပြုသော ဆွေ့ခံပွဲသို့ တက်ရောက်စဉ်

ရာ ဗူလဂေးရီယား၊ အရှေ့ဂျာမနီ၊ မွန်ဂိုးလီး ယား၊ လော၊ ဗီယက်နမ်၊ အာဖဂန်စတန်၊ ချက်ကိုစလိုဗက်ကီးယား၊ ဟန်ဂေရီ၊ ပိုလန်၊ ကျူးဗား၊ တောင်ယေမင်၊ အီသီအိုးပီးယား နှင့် မြောက်ကိုးရီးယားတို့ကလည်း ပါဝင် ယှဉ်ပြိုင်မည် မဟုတ် ကြောင်း အ သီး သီး ဆက်လက်ကြေငြာသည်။

လစ်ဗျနိုင်ငံ အကြီးအကဲ မိုအမ္မာအယ် ကဒတ်ဖီ၏ခံတပ်နေအိမ်ကိုလစ်ဗျအမျိုးသား ကယ်တင်ရေး တပ်ဦး ကွန်မန်ဒို ၃၀ ခန့်က ဝင်ရောက် တိုက်ခိုက်ရာ လစ်ဗျတပ်ဖွဲ့များက ကွန်မန်ဒိုအားလုံးကို ချေမှုန်းလိုက်သည်။

၁၁- မြန်မာ့ဆို ရှယ်လစ် လမ်း စဉ် ပါ တီ ၁၃ ဥက္ကဋ္ဌကြီး ဦးနေဝင်းသည် အဖွဲဝင် များလိုက်ပါလျက် မန္တလေးမြို့ တမ္ပ ဝတီရပ်ကြေးသွန်းလုပ်ငန်းနှင့် စစ်ကိုင်းတိုင်း ဆားလင်းကြီး မြို့နယ် အမှတ် (၁) ကြေးနီ စိမ်ကိန်းများသို့ သွားရောက်ကြည့်ရှု စစ်ဆေး သည်။

၁၄ ဂင်းနီဗစ်ဆော နိုင်ငံတွင် ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ပြန်လည်ပြင်ဆင် ရေးဆွဲလိုက်ပြီး ဗိုလ်ချုပ်ကြီး ယောင်အို

ဗာနာဒို ဗီအီယာအား နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌအဖြစ် တည်တည်ငြိမ်တိတ်စွာ ရွေးချယ် တင်မြှောက်သည်။

၁၅ အတွဲ ၁၆ တွဲ၊ စာမျက်နှာ ၂၁,၀၀၀ ရှိသော အောက်စဖို့ အင်္ဂလိပ် အဘိဓာန်ကို ကွန်ပျူတာဖြင့် အသုံးပြုနိုင်ရန် ဆောင်ရွက်မည် ဖြစ်ကြောင်း အောက်စဖို့ တက္ကသိုလ် ပုံနှိပ်တိုက်မှ ထုတ်ဝေသူများက ကြေငြာသည်။

၁၈ ဂျပန်ဘာသာမှ အင်္ဂလိပ်ဘာသာသို့ တနာရီလျှင် စာလုံးရေ ၃၀၀၀ နှုန်း ဘာသာပြန်ပေး နိုင်မည့် ဒေါ်လာ ဂဉ,၀၀၀ တန် ကွန်ပျူတာစက်တလုံးကို ဂျပန်နိုင်ငံရှိ ဘရာဇိုက်စ် အင်တာနေရှင်နယ် ကုမ္ပဏီက တီထွင်လိုက်သည်။ ယင်းစက်ဖြင့် ဘာသာ ပြန်ဆိုထားသော စာမူကို လူသား အယ်ဒီတာက တည်းဖြတ် မွမ်းမံပေးရန်မူ လိုသေးသည်ဟု ကုမ္ပဏီဥက္ကဋ္ဌက ပြောကြားသည်။

မြန်မာ၊ အိန္ဒိယ၊ တောင်ကိုးရီးယား၊ ပါကစ္စတန်၊ စင်ကာပူ၊ သီရိလင်္ကာနှင့် ထိုင်း နိုင်ငံတို့သည် ကမ္ဘာ့စီးပွားရေးကျဆင်းမှုဒဏ်ကို အခြားသော ဖွံ့ဖြိုးဆဲနိုင်ငံများထက် ခံနိုင်ရည် ရှိခဲ့ကြောင်း၊ အဆိုပါ နိုင်ငံများ၏ ပြည်တွင်းထုတ်လုပ်မှု တဦးချင်း တိုးတက် ဖွံ့ဖြိုးမှုနှုန်းသည် ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၃ ခုနှစ်ထိ ကာလအတွင်း နှစ်စဉ် ၂ ဒသမ ၅ ရာခိုင်နှုန်းကျော် ရှိခဲ့၍ စီးပွားရေးဖွံ့ဖြိုးမှုနှုန်း ခိုင်မာကြောင်းဖြင့် ကုလသမဂ္ဂ စီးပွားရေး ပညာရှင်များက ဖွံ့ဖြိုးရေးစီမံကိန်းကော်မတီ သို့ တင်သွင်းသည့် အစီရင်ခံစာ၌ ဖော်ပြ ထားသည်။

၁၉ ကာကွယ်ရေးဝန်ကြီးဌာန အမှတ် ၁ စစ်ဆင်ရေး အထူးအဖွဲ့နှင့် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်က ဦးစီးကွပ်ကဲ၍ ရှမ်းပြည်နယ် မိုင်းပန်နှင့် မိုင်းတုံမြို့နယ်များ အတွင်းရှိ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံနယ်စပ် ဆန်ကလန်ဒေသတွင် ပြုလုပ်သည့် မိုးဟိန်း အဆင့် ဂ စစ်ဆင်ရေး လုပ်ငန်းများ နှင့် စပ်လျဉ်း၍ တောင်ကြီးမြို့ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တွင် ပြဿနာင်းလင်းပွဲ ပြုလုပ်သည်။

၂၃ မိသားစု စီမံကိန်း များကြောင့် လွန်ခဲ့သည့် သုံးနှစ်အတွင်း နိုင်ငံများစွာတွင် မွေးဖွားမှုနှုန်းကို နှစ်ရာခိုင်နှုန်းမှ ၁ ဒသမ ၇ ရာခိုင်နှုန်းအထိ လျော့ကျစေခဲ့သော်လည်း ကမ္ဘာ့လူဦးရေသည် တနှစ်လျှင် သန်း ၈၀ အထိ တိုးနေဆဲ ဖြစ်ကြောင်း၊ လက်ရှိ ကမ္ဘာ့လူဦးရေမှာ သန်း ၄,၆၀၀ ခန့် ရှိ၍ ခရစ် ၂၀၀၀ ပြည့်နှစ်တွင် သန်း ၆၀၀၀ အထိ တိုးလာဖွယ်ရှိကြောင်း၊ တတိယကမ္ဘာ တခုလုံး၏ ပျမ်းမျှမွေးဖွားနှုန်း ၂ ဒသမ ၁ ရာခိုင်နှုန်း ရှိသော်လည်း အာဖရိကတိုက်၏ နှစ်စဉ်မွေးဖွားနှုန်းမှာ ၂ ဒသမ ၉ ရာခိုင်နှုန်း ရှိနေကြောင်း၊ ကင်ညာနိုင်ငံ၏ နှစ်စဉ် မွေးဖွားနှုန်းသည် ၄ ရာခိုင်နှုန်းရှိနေ၍ ကမ္ဘာပေါ်တွင် အမြင့်ဆုံးဖြစ်ကြောင်းဖြင့် ကုလသမဂ္ဂလူဦးရေ လုပ်ငန်းများဆိုင်ရာ ရန်ပုံငွေ (ယူအင်အက်ဖ်ပီအေ) အဖွဲ့ အမှုဆောင် ညွှန်ကြားရေးမှူးက ပြောကြားသည်။

၂၉ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်း ခေါင်းဆောင်သော ပါတီဗဟိုအလုပ်အမှုဆောင် ကော်မတီ ဝင်များနှင့် ဗဟိုအာဏာပိုင် အဖွဲ့အစည်း အသီးသီးမှ ပုဂ္ဂိုလ်များက ဗြိတိန်နိုင်ငံတွင် ကျန်းမာရေး ဆေးစစ်ခံပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်သမ္မတကြီး ဦးစန်းယုကို ရန် ကုန် လေ ဆိပ် မှ ကြိုဆိုနှုတ်ဆက်သည်။

အီဂျစ်နိုင်ငံ အထွေထွေ ရွေးကောက်ပွဲတွင် ပြည် သူ လွှတ် တော် ကိုယ် စား လှယ် စုစုပေါင်း ၄၄၈ နေရာအနက် အာဏာရ အမျိုးသား ဒီမိုကရက်တစ်ပါတီ (အင်ဒီပီ) က ၃၉၁ နေရာ အနိုင်ရရှိသည်။

၃၀ ဆိုဗီယက် သိပ္ပံ ပညာရှင်များသည် ရေနှင့်ကုန်း နှစ်နေရာစလုံးတွင် နေထိုင်နိုင်သည့် ကြက်ပေါက်စများကို မွေးမြူထားကြောင်း၊ ယင်းကြက်ပေါက်စများသည် ရေကန်များထဲသို့ မကြောက်မ၍ ဆင်းသက်ကာ ရေအောက်၌ နာရီပေါင်းများစွာ အစာစားနေနိုင်ကြောင်း တာ့စ် သတင်း ဌာနက ကြေငြာသည်။

**အယ်ဆာဗေဒို သမ္မတဟောင်း နပိုလီယွန် ဒုတေ အာဏာ ပြန်လည်ရရှိသည့် ရွေးကောက်ပွဲ မြင်ကွင်း**





နိုင်ငံတော် သမ္မတကြီး ဦးစန်းယု ရန်ကုန်တိုင်းအတွင်းရှိ ပါတီ၊ ကောင်စီ၊ လူထုလူတန်းစား အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံ ဆွေးနွေး လမ်းညွှန်စဉ်

## ဗဒန်လ

၂ ရဟန်း မင်းကြီး ဒုတိယ မြောက် ပုပ်ဂျန်ပေါသည် အီတလီ နိုင်ငံသို့ ပထမဆုံး တရားဝင်အလည်အပတ်ခရီး သွားရောက်သည်။

၄-၆ ဘင်္ဂလားဒေ့ရှ ပြည်သူ သမ္မတနိုင်ငံ စားနပ်ရိက္ခာဝန်ကြီး မစ္စတာ အေ၊ ဂျီ၊ မာမွတ် ခေါင်းဆောင်သော အဖွဲ့ဝင်လေးဦးပါဝင်သည့် ဆန်ဝယ်ရေး ကိုယ်စား လှယ်အဖွဲ့သည်ရန်ကုန်မြို့သို့လာရောက်သည်။

၅ အီဂျစ် ဝန်ကြီးချုပ် ဖုအတ် မိုဟီဒင် သည် နှလုံးရောဂါကြောင့် ၎င်း၏ ရုံးခန်းတွင် ကွယ်လွန်သွားသည်။

၆ ဒုတိယ ကမ္ဘာစစ်အတွင်းက အမေရိကန်၊ ဗြိတိန်၊ ကနေဒါနှင့် ပြင်သစ် မဟာမိတ်တပ်ဖွဲ့များ ဥရောပတိုက်ကို နာဇီ လွှမ်းမိုးမှုမှ ပြန်လည် သိမ်းပိုက်ရန် ထိုးစစ်စတင်ခဲ့သောနေ့၊ ဥရောပကမ်းခြေသို့ မဟာမိတ်တပ်ဖွဲ့များ စတင်တက်ရောက် ခြေကုပ်ယူနိုင်သည့်နေ့ အနှစ် ၄၀ မြောက် အထိမ်းအမှတ်ပွဲများကို ပြင်သစ်နိုင်ငံ နော်မန်ဒီတွင် ကျင်းပသည်။

၇- စက်မှုနိုင်ငံကြီးများဖြစ်သော အမေရိ
၉ ကန်ပြည်ထောင်စု၊ ဂျပန်၊ အနော်
ဂျာမနီ၊ ပြင်သစ်၊ ဗြိတိန်၊ အီတလီ နှင့် ကနေဒါနိုင်ငံမှ ခေါင်းဆောင် များသည် ၁၀ ကြိမ်မြောက် ထိပ်သီး အစည်းအဝေးကို ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပသည်။

၈ နိုင်ငံတော် ဝန်ကြီးချုပ် ဦးမောင် မောင်ခသည် အဖွဲ့ဝင်များ လိုက်ပါလျက် အောင်လံမြို့နယ် ကျော်စွာ ဓာတ်မြေဩဇာစက်ရုံအမှတ် (၃) နှင့် ပြည်မြို့တဘက်ကမ်းရှိ အကြီးစား စက်မှုလုပ်ငန်း ကော်ပို ရေးရှင်း အမှတ် (၃) စက်ရုံနှင့် ဆင်တဲစက်မှုသင်တန်း ကျောင်းများသို့ သွားရောက် ကြည့်ရှု စစ်ဆေးသည်။


၁၀ ချူးကလီးယားမဲ့ ထိပ်ဖူးကျည် ပုံတူ တပ်ဆင်ထားသည့် မိုင်ညှာမင်း – ၁ တိုက်ချင်းပစ် ဒုံးပျံကြီးကို မိနစ် ၂၀ စောချပစ် လွှတ် ထား ပြီး နောက် ယင်း ဒုံး ပျံ ကြီး အနောက်ဘက်သို့ ရွေ့လျား ပျံသန်းလာစဉ် ပြင်ပအာကာသထဲမှာပင် ဒုံးခွင်းဒုံးဖြင့် ဟန့်တားခြေမှုန်းသည့် စမ်းသပ်မှုကို အမေရိကန် ပြည်ထောင်စုက စမ်းသပ် အောင်မြင်သည်။ ကွန်ပျူတာနှင့် အနီအောက် ရောင်ခြည် အာရုံသိ လမ်းညွှန် ကိရိယာပါရှိသည့် ယင်း ဒုံးခွင်းဒုံးကို စမ်းသပ်နိုင်ခြင်းသည် အာကာသကာကွယ်ရေး လက်နက်များနှင့် စပ်လျဉ်း၍ ပထမဆုံး အောင်မြင်မှုဖြစ်သည်ဟု အမေရိကန်စစ်ဌာနချုပ်က ကြေငြာသည်။

၁၂ နိုင်ငံတော် ဝန်ကြီးချုပ် ဦးမောင် မောင်ခနှင့် ဝန်ကြီးအဖွဲဝင် ဝန်ကြီး များသည် ဗိုလ်ချုပ် အောင်ဆန်း လမ်း နှင့် ပြည်လမ်းထောင့်ရှိ အထွေထွေ ရောဂါကု ဆေးရုံသစ်ကြီးကို ကြည့်ရှု စစ်ဆေးသည်။

၁၃- စီးပွားရေး အပြန်အလှန် ပူးပေါင်း
၁၄ ဆောင်ရွက်ရေး ကောင်စီ (စီးမီးယား) (ကိုမီကွန်) အစည်းအဝေးကို မော်စကိုမြို့တွင် ကျင်းပရာ ဆိုဗီယက်ပြည်ထောင်စု၊ ဗူလဂေးရီးယား၊ ဟန်ဂေရီ၊ ဗီယက်နမ်၊ အရှေ့ဂျာမနီ၊ ကျူးဗား၊ မွန်ဂိုးလီးယား၊ ပိုလန်၊ ရိုမေးနီးယားနှင့် ချက်ကိုစလိုဗက် ကီးယား ခေါင်းဆောင် များ တက် ရောက်သည်။

၁၅ နိုင်ငံတော်ကောင်စီက ၁၉၇၄ ခုနှစ်တွင် ဆက်ကပ် လှူ ဒါန်း ခဲ့သော အဘိဓမ္မာဂရုဏ်နှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်းပူဇော်ပွဲကို ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်၌ ကျင်းပသည်။

# ၁၉၇၄ ခုနှစ် ဖြစ်ရပ်များ



နော်မန်ဗီထိုးစစ် အနှစ် ၄၀ မြောက် အခမ်းအနားသို့ တက်ရောက်လာကြသော ကနေဒါဝန်ကြီးချုပ်၊ နယ်သာလန် ဘုရင်မကြီး၊ နော်ဝေးဘုရင်၊ ဗဲလ်ဂျီယမ်ဘုရင်၊ ပြင်သစ်သမ္မတ၊ ဗြိတိန်ဘုရင်မ၊ လူဇင်းဗတ်ဘုရင် နှင့် အမေရိကန် သမ္မတ

ကမ္ဘာ့အနက်ရှိုင်းဆုံးသော ပင်လယ်ကြမ်း ပြင်သည် ပစိဖိတ်သမုဒ္ဒရာ အတွင်းရှိ ဂူအမ်ကျွန်း အနီး၌ တည်ရှိရာ ပေ ၃၅,၈၃၀ (၁၀,၉၃၄ မီတာ) အနက်ရှိသည်ဟု တိုက္ကျိုရေကြောင်းလုံခြုံရေးအဖွဲ့က ကြေငြာသည်။

၁၄ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ် ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းနှင့် ဇနီးသည် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး သူရ ကျော်ထင်အမှူးပြုသော တပ်မတော်အရာရှိကြီးများ၊ အမှတ် ၂ စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ချို၊ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ အဖွဲ့ဝင် ဦးလေးမောင်တို့ လိုက်ပါလျက် ပြည်ပသို့ ခရီးထွက်ခွာသွားသည်။

၁၆– ၂၀ နိုင်ငံတော် ဒုတိယ ဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး သူရ ဦးထွန်းတင်နှင့် အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်သည်။

၁၇ ဆေးရုံနိုင်ငံတွင် ၁၉၇၇ ခုနှစ်က အာဏာသိမ်းခဲ့ပြီးနောက် ၁၉၇၉ ခုနှစ် ရွေးကောက်ပွဲ၌ ရွေးချယ် တင်မြှောက်ခံခဲ့ရသောသမ္မတအယ်လဗတ်ရီနီသည် နောက်ထပ် ငါးနှစ် သမ္မတ သက်တမ်းအတွက် ပြန်လည် ရွေးချယ်တင်မြှောက်ခံရသည်။

၂၀ နိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံတော် ကောင်စီ ဥက္ကဋ္ဌကြီး ဦးစန်းယုသည် ရန်ကုန်တိုင်းအတွင်းရှိ ပါတီ၊ ကောင်စီ၊ လူထု လူတန်းစား အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် ကျိုက္ကဆံကွင်း ဆရာစံခန်းမတွင် တွေ့ဆုံဆွေးနွေးသည်။

ဆိုဗီယက် ဦးစီးလှုပ်တော်ချုပ် သဘာပတိအဖွဲ့၏ ဖိတ်ကြားချက် အရ ပြင်သစ်သမ္မတ မီးထရောင်းသည် အစိုးရ ဧည့်သည်တော်အဖြစ် နေထိုင်ရန် မော်စကိုမြို့သို့ သွားရောက်သည်။

၂၁ လက်တင်အမေရိကနိုင်ငံ ၁၁ နိုင်ငံမှ ဝန်ကြီးများသည် ပြည်ပ ကြေးမြီတိုးပွားနေမှု ပြဿနာများကို ကိုလုံးဗီးယားနိုင်ငံ ကာတက်ဂျီနာမြို့တွင် ဆွေးနွေးကြသည်။ ယင်းနိုင်ငံများအပေါ် တင်ရှိသော ကြွေးပမာဏ စုစုပေါင်း ဒေါ်လာသန်း ၃,၅၀,၀၀၀ ကျော်ရှိသည်။

၂၂ ဗြိတိသျှတို့၏ လက်ချက်ဖြင့် ၁၇၉၀ ခုနှစ်က အိဂျစ်ကမ်းလွန် ပင်လယ်တွင် နစ်မြုပ်သွားခဲ့သော ပြင်သစ်ဘုရင်နပိုလီယန် ဗိုနာပတ်၏ လာ အိုရီယင့် သင်္ဘောမှ ရွှေဒင်္ဂါးနှင့် ရှေးခေတ်သုံး သေနတ်များကို ရေငုပ်သမားများက ပြန်လည်တွေ့ရှိကြောင်း ဖြင့် သင်္ဘောပျက်ကို ရှာဖွေနေသော ပြင်သစ်နှင့် အီဂျစ်အဖွဲ့က ကြေငြာသည်။

ဘင်္ဂလာဒေ့ရှ သမ္မတ မိုဟမ္မက်အာရှက်သည် နိုင်ငံခြားရေးဌာနကို ကိုယ်တိုင် တာဝန်ယူလိုက်သည်။

၂၈ အစ္စရေး တပ်မတော်ကို စတင်တည်ထောင်သူ ဖြစ်ပြီး ၁၉၇၇ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ ဗယ်ဂင်အစိုးရ အဖွဲ့တွင် ဒုတိယဝန်ကြီးချုပ်တာဝန် ထမ်းဆောင်ခဲ့သူ ယီဂယ်ယာဒင် ကွယ်လွန်သည်။ မစ္စတာ ယာဒင်သည် နာမည်ကျော် မာဆာဒါ ရှေးဟောင်းခံတပ် တူးဖော်ရာတွင် ဦးဆောင်ခဲ့၍ ခရစ် ၇၃ ခုနှစ်က ယင်းခံတပ်တွင် အစ္စရေးစစ်သည် ရဲမက် ၁၀၀၀ ခန့်သည် ရောမတို့ထံ

ဥရောပကမ်းခြေရှိ နာဇီခံတပ်ဟောင်းတခုကို အမေရိကန် သမ္မတ ရေဂင်နှင့် ဇနီးတို့ သွားရောက် ကြည့်ရှုစဉ်



ဒုံးမထောက်ပဲ အသက်စွန့်ခဲ့သည့် ဖြစ်ရပ်ကို အထောက်အထား ပြခဲ့သူ ဖြစ်သည်။

၂၀ ဗိုလ်စိမ်းယား နိုင်ငံတွင် လက်ယာဂိုဏ်း ကိုကင်းရောင်းဝယ်သူများက ခေါင်းဆောင်၍ အာဏာသိမ်းရန် ကြိုးပမ်းရာ သမ္မတ ဟာနန် စီလက် ဇာဇိုသည် ၁၀ နာရီကြာမျှ ဖမ်းဆီး ပြန်ပေးဆွဲ ခံရသည်။ ၎င်းအား ထိန်းသိမ်းထားသော စခန်းကို တပ်မတော်က စီးနင်းတိုက်ခိုက်မှ လွတ်မြောက်လာသည်။

ကနေဒါနိုင်ငံတွင် ၁၉၆၅ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ ဝန်ကြီးတာဝန် ထမ်းဆောင်ဖူးသော ဂျွန် တန်းနားသည် ရာထူးမှ အနားယူသွားသူ ဝန်ကြီးချုပ် ထရူးဒိုး၏ အရိုက်အရာကို ဆက်ခံရန်ကျမ်းသစ္စာကျိန်ဆိုသည်။

ဖိလစ်ပိုင်သမ္မတ မားကို့သည် နိုင်ငံခြားရေးဝန်ကြီး ကားလို့ ရိုမူလို၏ နေရာတွင် မစ္စတာ အာတူရို တိုလင်တီနိုအား ခန့်အပ်၍ အဖွဲ့ဝင် ၂၁ ဦးပါဝင်သော ၎င်း၏အစိုးရကို ပြန်လည်ဖွဲ့စည်းသည်။

## ဇူလိုင်လ

၁-၁၁ နိုင်ငံတော် သမ္မတကြီးနှင့် နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌကြီး ဦးစန်းယုနှင့် ဇနီးသည် အဖွဲဝင်များ လိုက်ပါလျက် ဂျပန်နိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံသို့ ညှဉ်သည်တော်အဖြစ် အလည်အပတ် သွားရောက်သည်။ ဂျပန်နိုင်ငံတွင် ဘုရင်ဟီရိုဟီတိုနှင့် လည်းကောင်း၊ ဝန်ကြီးချုပ် နာကာဆိုနေနှင့် လည်းကောင်း တွေ့ဆုံ ဆွေးနွေးပြီး ၁၁ ရက်နေ့တွင် ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိသည်။

၂ ဘီစီ တစ်ရာစု သို့မဟုတ် နှစ်ရာစုက အသုံးပြုခဲ့သည်ဟု ယူဆရသော ရွှေဟောင်း စစ်မြင်းရထားနှစ်စင်းကို အင်္ဂလန်နိုင်ငံမြောက်ပိုင်း ကျောက်စရစ် ကျောက်ကျင်းတခုတွင် တူးဖော်တွေ့ရှိသည်။

၉-၂၆ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ တွဲဖက် အထွေထွေ အတွင်းရေးမှူး ဦးစိန်လွင်သည် အဖွဲဝင်များ လိုက်ပါလျက် ၉ရက်နေ့တွင် ရန်ကုန်တိုင်းစမ်းချောင်းမြို့နယ် ပါတီယူနစ်နှင့် ကျောက်တံတားမြို့နယ် ပါတီယူနစ်တို့တွင် လည်းကောင်း၊ ၁၄ ရက်နေ့တွင် မုန်ပြည်နယ် ကျိုက်ထိုမြို့နယ် ပါတီယူနစ်နှင့် ပဲခူးတိုင်း ပဲခူးမြို့နယ် ပါတီယူနစ်တို့တွင် လည်းကောင်း၊ ၁၅ ရက်နေ့တွင် ရောဝတီတိုင်း မအူပင်မြို့နယ် ပါတီယူနစ်တွင် လည်းကောင်း၊ ၂၀ ရက်နေ့တွင် တနင်္သာရီတိုင်း ထားဝယ်မြို့နယ် ပါတီယူနစ်တွင် လည်းကောင်း၊ ၂၂ ရက်နေ့တွင် ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ပါတီယူနစ်တွင် လည်းကောင်း၊ ၂၇ ရက်နေ့တွင် မကွေးတိုင်း မကွေးမြို့နယ် ပါတီယူနစ်တွင် လည်းကောင်း၊ ၂၉ ရက်နေ့တွင် ကယားပြည်နယ် လွိုင်ကော် မြို့နယ် ပါတီယူနစ်တွင် လည်းကောင်း၊ ဩဂုတ်လ ၂ ရက်နေ့တွင် ပဲခူးတိုင်း ပဲခူးမြို့နယ် ပါတီယူနစ်တွင် လည်းကောင်း ဦးစီးဆောင်ရွက်ခဲ့သည်။ ဗဟိုအဆင့် ပါတီဥက္ကဋ္ဌ ဦးနေဝင်း၏ ခရီးစဉ်ကို ပြည်သူ့ပါတီ ဥက္ကဋ္ဌ ဦးစိန်လွင်က ဆက်လက်ဆောင်ရွက်ခြင်းဖြစ်သည်။ ဦးစိန်လွင်သည် ပါတီယူနစ်များမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ပါတီဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေး ညှိနှိုင်းသည်။

၉ ကက်ဖင်းပါသည့် အစား အသောက်များကို ရှောင်၍ အိပ်ရာ အချိန်မှန်ဝင်၊ အချိန်မှန်ထခြင်းသည် အိပ်မပျော်သူများအား အိပ်ပျော်စေသည့် လွယ်ကူသောနည်းလမ်းဖြစ်ကြောင်း အမေရိကန်နိုင်ငံ ဂရစ်ဖင်ဆေးရုံ စိတ်ပညာဌာန အကြီးအကဲ ရောဗတ် ကေ ဝပ်ဆင်က ပြောသည်။



မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ တွဲဖက် အထွေထွေ အတွင်းရေးမှူး ဦးစိန်လွင် မအူပင်မြို့နယ် ပါတီယူနစ်တွင် မြို့နယ်ပါတီယူနစ် ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တွေ့ဆုံ ဆွေးနွေး လမ်းညွှန်စဉ်

၆ လမစေ့မီ မွေးဖွားသော ကလေးများ၏ အဆုတ်ကြီးထွားရန် အသုံးပြုသည့် အောက်စီဂျင်ဓာတ်ကြောင့် ကလေးငယ်တို့ မျက်မမြင်ဖြစ်ရခြင်းကို တိုက်ဖျက်ကုသရာတွင် ဗီတာမင်အီးသည် အကျိုးအာနိသင် ထိရောက်ကြောင်း အမေရိကန် ဆေးသုတေသီများက ပြောကြားသည်။

ဆိုဗီယက်ပြည်ထောင်စုသည် အီဂျစ်နိုင်ငံနှင့် သံအမတ်ကြီးအဆင့် သံတမန် ပြန်လည် ဆက်သွယ်ရန် သဘောတူလိုက်သည်။

၁၂ အမေရိကန် သမ္မတ လောင်း အဖြစ် ဒီမိုကရက်တစ်ပါတီမှ ယှဉ်ပြိုင်မည့် ဝေါလ်တာ မွန်ဒေးသည် အမျိုးသမီးအမတ် ဂျယ်ရယ်ဒင်း ဖာရာရိုးကို ဒုတိယ သမ္မတ လောင်းအဖြစ် ရွေးချယ်သည်။

၁၄-၂၆ နယူးဇီလန်နိုင်ငံတွင် လွန်ခဲ့သော အနှစ် ၄၀ အတွင်း ၂၀ နှစ်တာမျှ အာဏာရရှိခဲ့သည့် အမျိုးသားပါတီသည် အထွေထွေ ရွေးကောက်ပွဲတွင် ရှုံးနိမ့်



အမေရိကန် ပြည်ထောင်စု ဒီမိုကရက်တစ်ပါတီ သမ္မတလောင်း ဝေါလတာ မွန်ဒေးနှင့် ဒုတိယသမ္မတလောင်း ဂျယ်ရယ်ဒင်း ဖာရာရိုး

သွား၍ ပါတီ ခေါင်းဆောင် ဝန်ကြီး ချုပ် ဆာရော့ဗတ် မူဒွန်းသည် ရာထူးမှ နုတ်ထွက် သွားရသည်။ အနိုင်ရရှိသော လေဘာပါတီ ခေါင်းဆောင် ဒေးဗစ် လန်ဂီ၏ အစိုးရအဖွဲ့ သည် နယူးဇီလန်နိုင်ငံ၏ စတုတ္ထ မြောက် လေဘာအစိုးရအဖြစ် ၂၆ ရက်နေ့တွင် ကျမ်း သစ္စာ ကျိန်ဆိုသည်။

၁၇ အန်ဂိုလာနိုင်ငံ၏ ကျန်းမာရေးလုပ် ငန်း များ တွင် အိပ် ငိုက် ရော ဂါ ပပျောက်ရေး လုပ်ငန်းသည် ဦးစားပေးလုပ် ငန်း တ ရပ် ဖြစ် ကြောင်း အန် ဂို လာ နိုင် ငံ လေဘာပါတီအစိုးရက ကြေငြာသည်။

ပဲျ မိရှိုင်း၏ ပြင်သစ်အစိုးရအဖွဲ့ ရုတ် တရက် နုတ်ထွက်သွားသဖြင့် လောရင့် ဖဲ ဘရွမ်ကို ဝန်ကြီးချုပ်အဖြစ် ခန့်အပ်လိုက် သည်။

၁၉ ၃၇ နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို နိုင်ငံတဝန်းလုံးတွင် ကျင်းပသည်။

၂၄ ကမ္ဘာပေါ်တွင် အမြင့် ဆုံး တောင် ထိပ်ဖြစ်သည့် ဧဝရက်တောင်ပေါ် သို့ တက် ရောက် ခ နွန်းထားမှုကို ဒေါ်လာ ၉၀၀ မှ ဒေါ်လာ ၃၀၀၀ အထိ တိုးမြှင့် လိုက်ကြောင်း နီပေါနိုင်ငံက ကြေငြာသည်။

၂၅ ဒီမိုကရေစီ အုပ်ချုပ်ရေး ပြန်လည် ရှင်သန်ရေးကို ကြီးကြပ်ရန် အသစ် ဖွဲ့စည်းသည့် အမျိုးသားလွှတ်တော်၏ ဥက္ကဋ္ဌ အဖြစ် လိုက်ဗီးရီးယားနိုင်ငံ စစ်ခေါင်းဆောင် ဆင်မွူရယ် ဒိုးသည် ကျမ်းသစ္စာ ကျိန် ဆို သည်။

၂၆–၂၈ နိုင်ငံတော် ဝန် ကြီး ချုပ် ဦးမောင် မောင်ခနှင့် အဖွဲ့သည် ပန်းတောင်း မြို့နယ် ထုံးဝိုရှိ အကြီးစား စက်မှု လုပ်ငန်း ကော်ပိုရေးရှင်း အမှတ် ၄ စက်ရုံသို့ လည်းကောင်း၊ ၂၈ ရက်နေ့တွင် ညောင်ခြေ ထောက် အမှတ် ၅ စက်ရုံသို့ လည်းကောင်း သွားရောက် ကြည့်ရှု စစ်ဆေးသည်။

၂၁ ဆီဇာ ဗီရာတာသည် ဖီလစ်ပိုင်နိုင်ငံ ဝန်ကြီးချုပ် အဖြစ် ပြန် လည် ရွေး ချယ်ခံရသည်။

## သြဂုတ်လ

၂ နိုင်ငံတော်ဝန် ကြီး ချုပ် ဦး မောင် မောင်ခသည် ဝန်ကြီးအဖွဲ့ဝင်ဝန်ကြီး များနှင့်အတူ မြန်မာ့အသံနှင့် မြန်မာ့ရုပ်မြင် သံကြား ထုတ်လွှင့်မှုလုပ်ငန်းများကို သွား ရောက် ကြည့်ရှုစစ်ဆေးသည်။

၃ ပြင်သစ်လက်အောက်မှ ၁၉၆၀ ပြည့် နှစ် သြဂုတ်လ ၅ ရက်နေ့တွင် လွတ် လပ်ရေး ရရှိခဲ့သော အတက်ဗော်လတာနိုင် ငံ၏ အမည်ကို တိုင်းရင်းဘာသာဖြင့် ရိုးသား ဖြောင့်မတ်သူတို့ နေထိုင်ရာမြေဟု အဓိပ္ပာယ် ရသည့် ဘော်ကီနာဖတ်ဆို ဟု ပြောင်းလဲ လိုက်သည်။

၄– မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ တွဲ ဖက် အထွေထွေအတွင်းရေးမှူး ဦး ၅ စိန်လွင်သည် အဖွဲ့ဝင်များ လိုက် ပါ လျက် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ကချင် ပြည်နယ်နှင့် မန္တလေးတိုင်း ဒေသပါတီကော် မတီ နယ်မြေများအတွင်းရှိ တာဝန်ရှိ ပုဂ္ဂိုလ် များနှင့် ပါတီကိစ္စရပ်များကို ဆွေးနွေးပြီး လမ်းညွှန်သည်။

၅ ဇိုင်ယာနိုင်ငံသမ္မတအဖြစ် ၁၉၆၅ ခု နှစ်တွင် အာဏာသိမ်းယူရရှိ ခဲ့ပြီး ၁၉၇၀ ပြည့်နှစ်နှင့် ၁၉၇၂ ခုနှစ် သမ္မတရွေး ကောက်ပွဲများ၌ ရွေးချယ်တင်မြှောက် ခံခဲ့ရ သော မိုဗူးတူး စီစီ စီကိုးသည် ထောက်ခံမဲ ၉၉ ဒသမ ၁၆ ရာခိုင်နှုန်းဖြင့် ထပ်မံရွေးချယ် တင်မြှောက်ခံရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင်ရှေဆောင် သူကလေးများ အမည်ရှိ လစဉ်ထုတ် ကလေး သတင်းစာတစောင်ကို ရှန်ဟဲမြို့၌ အခြေစိုက် ၍ ထုတ်ဝေလျက်ရှိကြောင်း ဆင်ဟွာသတင်း ဌာနက ထုတ်ပြန်သည်။ စောင်ရေ ၂,၀၀,၀၀၀ ရှိ ယင်းသတင်းစာ၏ အယ်ဒီတာချုပ်သည် ရှန်မင်း (အသက် ၁၂ နှစ်) ဖြစ်သည်။

၆– ကမ္ဘာ့လူဦးရေညီလာခံကို မက္ကဆီကို ၁၇ နိုင်ငံ မက္ကဆီကိုမြို့တွင် ကျင်းပရာ ၁၄၀ နိုင်ငံမှ ကိုယ်စားလှယ် ၃၀၀၀ ကျော် တက်ရောက်သည်။

၈ နိုင်ငံတော်ဝန် ကြီး ချုပ် ဦး မောင် မောင်ခသည် အဖွဲ့ဝင်များနှင့် အ တူ လှည်းကူးမြို့နယ်အတွင်း ရှိ လယ် ယာ ကိုင်း

ကျွန်းနှင့် ဥယျာဉ်ခြံမြေထွက် ကုန်ပစ္စည်း ကုန်သွယ်ရေးကော်ပိုရေးရှင်း လှည်းကူး တန် ၁၀၀ ကျ ဆန်စက်လုပ်ငန်းစီမံကိန်းနှင့် လယ်ယာ စိုက်ပျိုးရေးကော်ပိုရေးရှင်း ဗဟိုစိုက်ပျိုးရေး ဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးဌာနတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

၉ မြန်မာ့ဆို ရှယ် လစ် လမ်း စဉ် ပါ တီ ဥက္ကဋ္ဌကြီး ဦးနေဝင်းနှင့် ဇနီးနှင့်အဖွဲ့သည် ပြည်ပခရီးမှ ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိသည်။

၁၀ ဇင်ဗာဗွေနိုင်ငံတွင် လုတ် လပ် ရေး ရရှိခဲ့သည့် ၁၉၆၀ ပြည့် နှစ် မှ စ၍ အာဏာရလာသော ဇင်ဗာဗွေ အာဖရိကန် နေရှင်နယ်ယူနီယံ (ဇာနူး) ပါတီသည် နိုင် ငံတော်ဖွဲ့စည်းပုံ အ ခြေ ခံ ဥ ပ ဒေ သစ် ကို အတည်ပြုလိုက်သည်။ တပါတီစနစ် ဆိုရှယ် လစ်အစိုးရ ထူထောင်သွားရေးကို ဦးဘည် သော အခြေခံဥပဒေ ဖြစ်သည်။

၁၂ ဂူယာနာနိုင်ငံ ဝန်ကြီးချုပ် တော် လမီ ရိုက်သည် ကျန်းမာ ရေးမ ကောင်း၍ အနားယူသွားသဖြင့် ဒက်စမွန် ဟွိုက်ကို အစားထိုးခန့်အပ်သည်ဟု သမ္မတ လင်ဒင် ဖေါ့ ဆင်မဆန် ဘန်းဟမ်းကကြေငြာ သည်။ ဟွိုက်သည် ဒုတိယသမ္မတ ငါး ဦး အနက် တဦးဖြစ်သည်။

၁၄ အသက် ၅၅ နှစ်အရွယ်ရှိ ကမ္ဘာ့ စစ်တုရင် ချန်ပီယံဟောင်း ဆိုဗီယက် ပြည်ထောင်စုသား တိုင်ဂရန်း ပီထရိုရှန်း သည် မော်စကိုမြို့၌ ကွယ်လွန်သည်။ ယင်း သည် ၁၉၅၂ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ဂရင်းမာစတာအဆင့်သို့ ရောက်ခဲ့ပြီး ၁၉၆၃ ခုနှစ်မှ ၁၉၆၉ ခုနှစ်အထိ ကမ္ဘာ့စစ်တုရင် ချန်ပီယံ ဖြစ်ခဲ့သည်။

၁၅ စူးအက် ပင်လယ်ကွေနှင့် ပင်လယ်နီ ဒေသတွင် ဇူလိုင်လ ၉ ရက်နေ့မှစ၍ သဘော်ဝများမိုင်းထိပျက်စီးနေသဖြင့် မိုင်းရှင်း ရန် နိုင်ငံစုံတပ်ဖွဲ့များ ကြိုတင် ဖြန့်ချထားစဉ် စိုက်ဟရပ်မှ ကုန်တင် သဘော်ဝ တစင်းသည် ၁၉ စင်းမြောက်မိုင်းထိပျက်စီး ပြန်သည်။

၁၆ ကွယ်လွန်သူ ရှာဘုရင်ပိုင်ဆိုင်သော နှစ်ပေါင်း ၁၀၀၀ သက်တမ်းရှိ စိန် များ စီခြယ်ထားသည့်ရွှေထည်ပစ္စည်းများနှင့် တံဆိပ်တုံးများကို ပါကစ္စတန်နိုင်ငံတွင် အီရန် လူမျိုး နှစ်ဦးထံမှ ဖမ်းဆီးရမိသည်။

ကလလ ရေကြည်အခဲမှ ထုတ်လုပ်သော ကမ္ဘာ့ဒုတိယမြောက် စမ်းသပ် ဖန်ပြုန်သန္ဓေ သားကို သြစတြေးလျနိုင်ငံတွင် အမျိုးသမီး တဦးက မွေးဖွားပေးလိုက်သည်။

၁၇ နှလုံး အစားထိုး ကုသခံရသော အ သက်အငယ်ဆုံးလူနာ ဟိုလီရော့ဖေး သည် ကုသမှုခံယူပြီး ၁၈ ရက်အကြာတွင် အမ်ပီအာပီ ဗဟိုကော်မတီ အစည်းအဝေးက ကြေငြာသည်။

၁၆ နန်းသက် ၅၇ နှစ်ရှိ ဂျပန်ဘုရင် ဟီရိဟီတိုပြီးလျှင်နန်းသက်အရှည်ဆုံး ဘုရင်ဖြစ်သော လီချိတင်းစတိုင်းနိုင်ငံ ဘုရင် ဒုတိယမြောက် ဖရန့်ကျိုးဇက်သည် နန်းသက် ၄၆ နှစ်အကြာတွင် အကြီးဆုံးသားဖြစ်သော အိမ်ရှေမင်းသား ဟန့်စ်အာဒမ်အား ထီးနန်း လွှဲအပ်သည်။



**လီချိတင်းစတိုင်းနိုင်ငံ အိမ်ရှေ မင်းသား ဟန့်စ် အာဒမ်ကို ခမည်းတော် ဘုရင်ကြီးနှင့် သားတော်တို့နှင့်အတူ တွေ့မြင်ရပုံ**

၁၈ အခြေခံပညာရေးကဏ္ဍ၌ ၁၉၇၅–၇၆ ပညာသင်နှစ်မှစ၍ နဝမတန်းတွင် လည်းကောင်း၊ ၁၉၇၆–၇၇ ပညာသင်နှစ်မှ စ၍ ဒသမတန်းတွင်လည်း ကောင်း ဝိဇ္ဇာ လမ်းသွယ်နှင့် သိပ္ပံလမ်းသွယ်ခွဲခြား၍ သင် ကြားမည်ဖြစ်ကြောင်း ပညာ ရေး ဝန် ကြီး ဌာနက ကြေငြာချက် ထုတ်ပြန်လိုက်သည်။

အီဂျစ်နိုင်ငံတွင် ဖာရိုဘုရင်ကို ဖြုတ်ချ သော ၁၉၅၂ ခုနှစ် တော်လှန် ရေး အ ပြီး ပထမဆုံး သမ္မတဖြစ်ခဲ့သူ မိုဟာမက် နာဂစ် သည် အသက် ၇၂ နှစ်တွင် ကွယ်လွန်သည်။ နာဂစ်သည် ၁၉၅၆ ခုနှစ် ဒေးဗစ်စခန်းငြိမ်း ချမ်းရေး စာ ချုပ် ချုပ် ဆို မှု အ ပါ အ ဝင် ဆဒတ်၏မူဝါဒများကိုထောက်ခံသူဖြစ်သည်။

၁၉ အာဖရိကန်နယ်နိမိတ်ဒေသ ဘောလုံး အသင်းချုပ်သည် ဇူလိုင်လ ၂၀ ရက်နေ့က နှလုံးဝဲဘက်ခြမ်းမပါပဲ မွေး ဖွားလာသဖြင့် ၃၀ ရက်နေ့တွင် သုံးရက်သား ဒတ်ချ်ကလေးငယ်တဦး၏ နှလုံးဖြင့် အစား ထိုး ကုသခြင်းဖြစ်သည်။ ၁၉၆၇ ခုနှစ်က နှလုံးအစားထိုးကုသမှုခံယူပြီး နေ့ချင်းကွယ် လွန်သွားသော ကလေးငယ်သည် အသက် နှစ်ပတ်ခွဲအရွယ်ရှိသည်။

၂၃ မွန်ဂိုလီးယား ပြည်သူတော်လှန်ရေး ပါတီ (အမ်ပီအာပီ) ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး အသစ်အဖြစ် ဂျမ်ဘင်ဘတ် မွန်း အား ခန့် အပ် ကြောင်း



ဂျပန်နိုင်ငံ တိုကျိုနန်းတော်တွင် တောင်ကိုရီးယားသမ္မတ ချန်ဒူးဝှမ်ကို ဂျပန်ဘုရင် ဟီရိုဟီတိုက လက်ခံ တွေ့ဆုံစဉ်

## စက်တင်ဘာလ

၁ စင်ကာပူဝန်ကြီးချုပ် လီ ကွမ်း ယူ၏ သားအကြီးဆုံး အသက် ၃၂ နှစ်ရှိ ဗိုလ်မှူးချုပ် လီ ရှင် လွန်း သည် နိုင်ငံရေး လောကသို့ဝင်ရန် တပ်မတော်မှ နုတ်ထွက်သည်။

၂ မြန်မာ့ ဆိုရှယ်လစ် လမ်း စဉ် ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းနှင့် နိုင်ငံတော် သမ္မတကြီး ဦးစန်းယုတို့သည် မြန်မာနိုင်ငံသို့ အလည်အပတ်လာရောက်သော ဗြိတိန်နိုင်ငံ ဝန်ကြီး ချုပ် ဟောင်း မ စ္စ တာ · အက် ဒွပ် ဟီ (သ်) အား လက်ခံ တွေ့ဆုံသည်။

၃ နိုင်ငံတော် ဝန်ကြီးချုပ် ဦးမောင် မောင်ခနှင့် အဖွဲ့သည် တံ့ တေး မြို့ နယ်ရှိ ပြည်သူ့ပုလဲနှင့် ရေလုပ်ငန်းကော်ပို ရေးရှင်း ရေချို ငါးမွေးမြူထုတ်လုပ်ရေးဌာနခွဲ တံ့တေး ငါး မွေးမြူရေး စခန်းကို သွားရောက် ကြည့်ရှု စစ်ဆေးသည်။

တောင်အာဖရိကနိုင်ငံ ဝန်ကြီးချုပ် ပီ ဒဗလျူ ဘိုသာသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေ သစ်အရ သမ္မတအဖြစ် ရွေးချယ်ခံရသည်။

၄ တောင်ကိုရီးယား သမ္မတ ချန်ဒူးဝှမ် သည် ဂျပန်နိုင်ငံသို့ အစိုးရ ညှိ့ သည်တော်အဖြစ် အလည်အပတ် သွားရောက် သည်။

၅ အိန္ဒိယဝန်ကြီးချုပ် မစ္စက် အင်ဒီရာ ဂန္ဒီသည် ဝန်ကြီးသစ်တဦး ခန့်အပ်၍ ယင်းဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်သည် တရား မဝင်ကြောင်း ကုလသမဂ္ဂက ဆုံး ဖြတ် ၍ ရွတ်ချထားသည်။

၆ အီန္ဒိယဝန်ကြီးချုပ် မစ္စက် အင်ဒီရာ ဂန္ဒီသည် ဝန်ကြီးသစ်တဦး ခန့်အပ်၍ အစိုးရအဖွဲ့ကို နှစ်လအတွင်း တတိယအကြိမ် အပြောင်းအလဲ ပြုလုပ်သည်။

၁၀ အီသီအိုးပီးယား နိုင်ငံတွင် နိုင်ငံ သမိုင်း၌ ပထမဆုံးတရားဝင်နိုင်ငံရေး ပါတီအဖြစ် မတ်–လီနင်ဝါဒီ အလုပ်သမား ပါတီ (ဒဗလျူ ပီ အီး) ကို ထူထောင်လိုက် သည်။

၁၄ အစ္စရေး နိုင်ငံတွင် ရှီမွန် ပဲရက်၏ ဆိုရှယ်လစ် လေဘာပါတီနှင့် ယစ်ဇက် ရှမီးယား၏ လက်ယာ လိက္ခတ်ပါတီတို့ ပါဝင်သည့် အမျိုးသား ညီညွတ်ရေးအစိုးရ ဖွဲ့စည်းရေးကို ပါလီမန်က အတည်ပြုလိုက်ရာ ရှီမွန် ပဲရက်သည် ပထမ ၂၅ လ သက်တမ်း တွင် ဝန်ကြီးချုပ်အဖြစ် တာဝန်ယူပြီးနောက် ဒုတိယ ၂၅ လ သက်တမ်းတွင် ယစ်ဇက် ရှမီးယားအား တာဝန်လွှဲပြောင်းကာ နိုင်ငံ ခြားရေးဝန်ကြီးအဖြစ် တလှည့် ထမ်းဆောင် မည် ဖြစ်သည်။

၁၇ ကနေဒါနိုင်ငံ၏ ၁၈ ဦးမြောက် ဝန် ကြီးချုပ် အဖြစ် ဘ ရိုင် ယန် မာ ရွန်နီသည် ကျမ်းသစ္စာ ကျိန်ဆိုသည်။

၁၉ အမေရိကန်နိုင်ငံ နယူး ယောက် မြို့ တွင် ကျင်းပသည့် ၃၉ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေ ညီလာခံသို့ တက်

**အစ္စရေးဝန်ကြီးချုပ် ရာထူးကို ၂၅ လစီ ထမ်းဆောင်ရန် သဘောတူခဲ့ကြသော ယစ်ဇက် ရှမီးယား(ဝဲ) နှင့် ရှီမွန် ပဲရက် (ယာ)**



ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးချစ်လှိုင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ထွက်ခွာသည်။


၂၀ လက်ဗန္ဓနန်နိုင်ငံ ဘေရွတ်မြို့ အရှေ့ပိုင်းရှိ အမေရိကန်သံရုံးကို အသေခံမုံးခွဲတိုက်ခိုက်သဖြင့် လူရှစ်ဦး သေဆုံးသည်။ ၁၉၈၃ ခုနှစ် ဧပြီလ ဂ ရက်နေ့က ဘေရွတ်မြို့ အနောက်ပိုင်းရှိ အမေရိကန် သံရုံးကို လည်းကောင်း၊ ထိုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့က အမေရိကန် မရင်းတပ်စခန်းကို လည်းကောင်း ထိုနည်းဖြင့် ဗုံးခွဲတိုက်ခိုက်ခဲ့သော အစွလာမ်မစ် ဂျီဟတ် (သာသနာ့စစ်)အဖွဲ့က မိမိတို့ တိုက်ခိုက်သည်ဟု ကြေငြာသည်။

၂၁ အရှေ့တောင်အာရှ နိုင်ငံများအဖွဲ့၏ ဆဋ္ဌမမြောက် အဖွဲ့ဝင်၊ ဓနသဟာယအဖွဲ့၏ ၄၉ နိုင်ငံမြောက် အဖွဲ့ဝင်နှင့် အစွလာမ်မစ် ညီလာခံအဖွဲ့၏ ၄၃ နိုင်ငံမြောက် အဖွဲ့ဝင် ဖြစ်သော ဘရူနိုင်းနိုင်ငံသည် ကုလသမဂ္ဂ အဖွဲ့ချုပ်၏ ၁၅၉ နိုင်ငံမြောက် အဖွဲ့ဝင် ဖြစ်လာသည်။

အမေရိကန် ပြည်ထောင်စု ဖလော်ရီဒါပြည်နယ် အော်လန်ဒိုမြို့မှ အသက် ၅၆ နှစ် အရွယ်ရှိ ဂျိုး ကစ်တင်ဂါးဆိုသူသည် မိန်းပြည်နယ် ကရီဘောင်းမြို့မှ အီတလီ နိုင်ငံ ဆင်နာမြို့နားအထိ ၃,၅၅၀ မိုင်ခရီးကို ဟီလီယမ်ဓာတ်ငွေ့မီးပုံပျံပူဖောင်းဖြင့် ၈၄ နာရီကြာ ပျံသန်းခဲ့ရာ မီးပုံပျံပူဖောင်းဖြင့် အတ္တလန္တိတ် သမုဒ္ဒရာကို ပထမဆုံး တကိုယ်တော် ဖြတ်ကျော်သူ ဖြစ်လာသည်။

၂၄ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ် ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းနှင့် နိုင်ငံတော် သမ္မတကြီး ဦးစန်းယုတို့သည် ရန်ကုန်မြို့ ဗိုလ်ချုပ် အောင်ဆန်း လမ်းနှင့် ပြည်လမ်းထောင့်ရှိ အထွေထွေရောဂါကု ဆေးရုံသစ်ကြီးသို့ သွားရောက် ကြည့်ရှု စစ်ဆေးသည်။

၂၅ ကျော်ဒန်နိုင်ငံသည် အီဂျစ်နိုင်ငံနှင့် နိုင်ငံရေးနှင့် သံတမန်ရေး အဆက်အသွယ်များ ပြန်လည် ပြုလုပ်သည်။ ၁၉၆၉ ခုနှစ်က ဒေးဗစ်စခန်း ငြိမ်းချမ်းရေး စာချုပ် ချုပ်ဆိုမှုကြောင့် အီဂျစ်နှင့် သံတမန်အဆက်အသွယ်ဖြတ်ခဲ့သော အာရပ်နိုင်ငံများအနက် ကျော်ဒန်နိုင်ငံသည် သံအဆက်အသွယ် ပထမဆုံး ပြန်လည် ပြုလုပ်သော နိုင်ငံဖြစ်သည်။



ဂျိုးကစ်တင်းဂါး (အတွင်းပုံ) အတ္တလန္တိတ် သမုဒ္ဒရာကို တကိုယ်တော် ဖြတ်ကျော်ရာတွင် စီးနင်းခဲ့သည့် မိုးပျံပူဖောင်း

လစ်ဗျ ထောက်ခံသော သူပုန်များကို သမ္မတဟာစ်ဆန် ဟာဗရီက ဟန့်တား ကာကွယ်ရာတွင် ကူညီရန်အတွက် ချဒ်နိုင်ငံသို့ ၁၉၈၃ ခုနှစ်က ပို့ထားသည့် တပ်သား ၃,၂၀၀ ခန့်ကို ပြင်သစ်နိုင်ငံက စတင်၍ ပြန်လည် ရုပ်သိမ်းသည်။

၂၆ ဗြိတိန်နိုင်ငံသည် ဟောင်ကောင်ကို ၁၉၉၇ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အထိ ဆက်လက် အုပ်ချုပ်သွားပြီး ၁၉၉၇ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် တရုတ်ပြည်သူ သမ္မတနိုင်ငံအား လွှဲအပ် ပေးရန် နှစ်နိုင်ငံ ပဏာမသဘောတူညီချက်ကို ပီကင်းမြို့တော် ပြည်သူခန်းမ၌ လက်မှတ်ရေးထိုးလိုက်သည်။

၂၇ ကမ္ဘာ့ ပင်လယ်ရေကြောင်းနေ့ ဖြစ်သည်။

အမေရိကန်သမ္မတ ရော်နယ် ရေဂင်သည် ဆိုဗီယက် နိုင်ငံခြားရေးဝန်ကြီး ဂရိုမီကို ကိုလက်ခံ တွေ့ဆုံ ဆွေးနွေးသည်။ မစ္စတာ ရေဂင်သည် ၁၉၈၁ ခုနှစ်တွင် သမ္မတတာဝန် စတင်ထမ်းဆောင်ခဲ့ပြီး နောက်ပိုင်း၌ ဆိုဗီယက် အဆင့်မြင့် တာဝန်ရှိ ပုဂ္ဂိုလ်တဦးနှင့် ပထမဆုံးအကြိမ် တွေ့ဆုံခြင်း ဖြစ်သည်။

၂၉ အိန္ဒိယနိုင်ငံ ပန်ဂျပ်ပြည်နယ် အင်မရစ်ဆာမြို့ရှိ ဆစ်ခ် ရှေကျောင်းကို ဘာသာရေးတယူသန်တို့၏ လက်ဝယ်မှ အစိုးရတပ်ဖွဲ့များက ၁၁၅ ရက်ကြာ ထိန်းသိမ်းထားပြီးနောက် ဆစ်ခ် ဘုန်းတော်ကြီးများ၏ လက်သို့ ပြန်လည် လွှဲပြောင်းပေးလိုက်သည်။

## အောက်တိုဘာလ

၁ တရုတ်ပြည်သူသမ္မတနိုင်ငံ၏ ၃၅ နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ရေး တပ်မတော်သည် တင့်ကားများ၊ ဒုံးကျည်များ၊ ဥဒုမီတာရှည်သော တိုက်ချင်းပစ် ဒုံးပျံ များ ခင်းကျင်း ပြသ၍ ကောင်းကင်၌ ဂျက်လေယာဉ် များ ပျံသန်း လျက် ၂၅ နှစ်အတွင်း ပထမဦးဆုံးအကြိမ် စစ်ရေးပြခြင်တက်ပွဲကို ကျင်းပသည်။

အီဂျစ် သမ္မတ မူဘာရက် သည် စားသောက်ကုန်ဈေးနှုန်းများကို လျှော့ချရန်နှင့်



ပြင်သို့ ပြန်လည် ဆင်းသက်သည်။ ကမ္ဘာ့ပတ် လမ်းကြောင်း၌ ၂၃၇ ရက်ကြာ နေခဲ့ခြင်းဖြင့် ၁၉၇၂ ခုနှစ် ဒီဇင်ဘာလက ဆိုဗီယက် တို့ပင် တင်ထား ခဲ့သော စံချိန် ၂၁၁ ရက် ကို ချိုးလိုက်သည်။

**နိုင်ငံခြားရေးဝန်ကြီး ဦးချစ်လှိုင် ၃၉ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေ ညီလာခံ၌ မိန့်ခွန်း ပြောကြားစဉ်**

အီသီအိုးပီးယားနိုင်ငံ ပြန်ကြားရေး ၂-၇ နှင့် အမျိုးသား လမ်းညွှန်မှု ဝန်ကြီး ဌာန ဝန်ကြီးဒေါက်တာ ဖဲလက် ကေ ဂဒဲလေ ဂီဩဂစ်နှင့် အဖွဲ့ ရန်ကုန်မြို့သို့ လာရောက် လည်ပတ်သည်။


ဆွစ်ဇာလန်နိုင်ငံတွင် ရယ်ဒီကယ် ပါတီမှ အယ်လစ်ဇဗက် ကော့ သည် ဝန် ကြီး များ ကောင်စီဝင် ဝန်ကြီးအဖြစ် နိုင်ငံသမိုင်းတွင် အမျိုးသမီးများ ထဲမှ ပထမဆုံး ရွေးချယ်ခံ ရသည်။

၃ အမေရိကန် ပြည် ထောင် စု နယူး ယောက်မြို့၌ ကျင်းပသော ၃၉ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေ ညီလာခံတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံ ခြားရေးဝန်ကြီး ဦးချစ်လှိုင် ၃၉ ကြိမ် မြောက် ကုလသမဂ္ဂ အထွေထွေ ညီလာခံ၌ မိန့်ခွန်း ပြောကြားစဉ်

ဆင်းရဲသားများနေထိုင်သော ဒေသများတွင် စျေးနှုန်း ချိသာသော ပေါင်မုန့် များကို ပိုမို ထုတ်လုပ် ရောင်းချရန် အမိန့်ထုတ်ပြန်သည်။

၂ ဆားလျှော် ၇ အာကာသ စခန်း နှင့် ဆိုယုတီ ၁၁ အာကာသ ယာဉ်တို့ ပေါ်တွင် သိပ္ပံ စက်မှုနည်းပညာနှင့် ဇီဝ ဆေး ပညာ သုတေသန စမ်းသပ်ချက်များကို ပြု လုပ်ခဲ့သော ဆိုဗီယက် အာကာသယာဉ်မှူး လီယိုနစ် ကီဇင်၊ ဗလာဒီမာ ဆိုလော့ယော့ဗ် နှင့် အိုလက် အက်ကော့ဗ်သည် ကမ္ဘာ မြေ

**တရုတ်ပြည်သူ သမ္မတနိုင်ငံ ၃၅ နှစ်မြောက် အမျိုးသားနေ့တွင် စစ်ရေးပြ ချီတက်ပွဲ ကျင်းပစဉ်**



ပိလစ်ပိုင်နိုင်ငံ အတိုက်အခံ ခေါင်းဆောင် အကိုနိုကို သတ်ပြက်ခဲ့မှုနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေး ငါးဦးကော်မရှင် ဥက္ကဋ္ဌ မစွက် ကော်ရာဇွန် အာရာဗာက စုံစမ်းတွေ့ရှိချက် အစီရင်ခံစာ တစောင်ကို လည်းကောင်း၊ ကျန်လေးဦးက သီးခြား တစောင်ကိုလည်းကောင်း သမ္မတ မားကိုထံ တင်သွင်းသည်။

၂၆ အမေရိကန် ပြည်ထောင်စု ကယ်လီဖိုးနီးယား ပြည်နယ် လိုဘလင်ဒါ တက္ကသိုလ်ဆေးရုံမှ ခွဲစိတ်ကုဆရာဝန်များက အသက် ရက်သတ္တပတ် နှစ်ပတ်သာ ရှိသေးသော 'ဘေဘီပေး' ဟုခေါ်တွင်သည့် ကလေးမလေးကို မျောက်လွှဲကျော်၏ နှလုံးပြင့် အောင်မြင်စွာ အစားထိုး ကုသပေးလိုက်သည်။ ထိုနေ့က ၃၂ ရက်ကြာ အသက်ရှင်ခဲ့ပြီး နိုဝင်ဘာလ ၁၅ ရက်နေ့တွင် သေဆုံးသွားသည်။

၂၇ တရုတ်ပြည်သူ သမ္မတနိုင်ငံ သမ္မတကြီး လီရှန်နှင့်၏ ဖိတ်ကြားချက်အရ နိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌကြီး ဦးစန်းယုသည် ဇွန် ၁၁ ရက် သန်းပိန်နှင့်အတူ အမဲ့ဝင်ပျားလိုက်ပါလျက် တရုတ်ပြည်သူ သမ္မတနိုင်ငံသို့ ချစ်ကြည်ရေး ခရီးသွားထောက်သည်။

ဂျပန်နိုင်ငံ အာကာဇ လစ်ဗရယ် ဒီမိုကရက်ထစ်ပါတီ ဥက္ကဋ္ဌ ဝေးချယ်ပဲတွင် ပြုုင်ဘက်များနှတ်ထွက်သွားသောကြောင့် လက်ရှိ ဥက္ကဋ္ဌ ဝန်ကြီးချုပ် နာကာဆုံနေကို ပါတီ ဥက္ကဋ္ဌ အဖြစ် ဆက်လက်ရွေးချယ်သည်။

၃၁ နိုင်ငံတော် ဝန်ကြီးချုပ် ဦးမောင်မောင်ခသည် ချက်ကိုစလိုဗက် ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စဘာလုဘိုမီယာ စထဆောဂါးလ်၏ ဖိတ်ကြားချက်အရ ချက်ကိုစလိုဗက် ဆိုရှယ်လစ် သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားထောက်သည်။

အိန္ဒိယဝန်ကြီးချုပ် မစ္စက် အင်ဒီရာဂန္ဓီ သည် ၎င်း၏ ကိုယ်ရံတော်တပ်မှ ဆင်ခံလူမှု တပ်မဲ့ဝင် နှစ်ဦးက ဒေးနက်ဖြင့် ပစ်ခတ်လုပ်ကြံသဖြင့် ကွယ်လွန်သည်။

အိန္ဒိယဝန်ကြီးချုပ် မစ္စက် အင်ဒီရာ ဂန္ဓီ လုပ်ကြံသတ်ဖြတ် ခံရပြီးနောက် ကြီးနင်းအကြောတွင် ၎င်း၏သား ထွန်း ဂန္ဓီသည် အိန္ဒိယဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာ ကျိန်ဆိုသည်။



**အိန္ဒိယဝန်ကြီးချုပ်သစ် ရာဂျစ် ဂန္ဓီကို မိခင် အင်ဒီရာ ဂန္ဓီ၏ စျာပန အခမ်းအနားတွင် တွေ့မြင်ရပုံ**

## နိဝင်ဘာလ

၂ နိုင်ငံတော် ခေတ္တ ဝန်ကြီးချုပ်နှင့် ကာကွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ကြီး သူရ ကျော်ထင်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး၏ နေအိမ်သို့ သွားရောက်၍ ကွယ်လွန်သူ အိန္ဒိယဝန်ကြီးချုပ် မစွက် အင်ဒီရာ ဂန္ဓီအတွက် ဝမ်းနည်းကြောင်းအထိမ်းအမှတ် စာအုပ်တွင် လက်မှတ်ရေးထိုးသည်။

အိန္ဒိယဝန်ကြီးချုပ် ရာဂျစ်ဂန္ဓီသည် ကွယ်လွန်သူ မိခင် မစွက်အင်ဒီရာ ဂန္ဓီ၏ ကွန်ဂရက် (အိုင်) ပါတီဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။

၂-၇ မြန်မာ့ ဆိုရှယ်လစ် လမ်း စဉ် ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းသည် အဖွဲဝင်များ လိုက်ပါလျက် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေသို့ သွားရောက်၍ သံတွဲမြို့နယ် အပေါ်ရေကျန်း ပုလဲမွေးမြူရေးလုပ်ငန်းကို ကြည့်ရှု စစ်ဆေးပြီး ဂျိတ်တောကျေးရွာမှ ပါတီဝင်များ၊ ပြည်သူကောင်စီဝင်များ၊ ရေလုပ်သားကြီးများနှင့် တွေ့ဆုံဆွေးနွေး လမ်းညွှန်သည်။

အီသီအိုးပီးယားနိုင်ငံ ဘ တီ ဒေ သ တွင် အစာရေစာပြတ်၍ နေ့စဉ် လူ ၂၀ ခန့် သေဆုံးလျက်ရှိရာ စားနပ်ရိက္ခာအကူအညီ ချက်ချင်းမရလျှင် လူ ၉,၀၀,၀၀၀ အထိ အသက်ဆုံးရှုံးနိုင်သည်ဟု ကုလသမဂ္ဂ စားနပ်ရိက္ခာအစီအစဉ်အဖွဲက ကြေငြာသည်။

၆ အမေရိကန် သမ္မတရွေးပွဲတွင် လက်ရှိသမ္မတ မစွတာရေဂင်သည် ပြည်နယ် ၅၀ အနက် ၄၉ ပြည်နယ်တွင် ဒီမိုကရက်တစ် သမ္မတလောင်း ဝေါလတာ မွန် ဒေး အား မဲအပြတ်အသတ်ဖြင့် အနိုင်ရ၍ သမ္မတအဖြစ် ထပ်မံ အရွေးခံရသည်။

၇ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်း သည် တရုတ်ပြည်သူ သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးမှ ပြန်လည် ရောက်ရှိလာသော နိုင်ငံတော် သမ္မတကြီးနှင့် နိုင်ငံတော် ကောင်စီ ဥက္ကဋ္ဌကြီး ဦးစန်းယုနှင့် ဇနီးအား ရန်ကုန် လေဆိပ်တွင် ကြိုဆို နှုတ်ဆက်သည်။

ဖိလစ်ပိုင် အာ တိုက် အာ ခံ ခေါင်း ဆောင် အက်ဒီနိုကို လုပ်ကြံ သတ်ဖြတ်ရာတွင် ပါဝင် ပတ်သက်နေသည်ဟု တရားဝင် အစီရင်ခံစာ၌ ဖော်ပြထားသော ဗိုလ်ချုပ်ကြီး ဖာဗီယန် ဗားနှင့် အခြားပုဂ္ဂိုလ် ၂၅ ဦးအား စစ်ဆေးမည့် အထူး တရားရုံး ဖွဲ့စည်းပေးရန် အဆိုကို အတိုက်အခံ ပါလီမန် အမတ်များက တင်ပြခဲ့ရာ သမ္မတဖာဒီနန် မားကို့က ပယ်ချသည်။

၉ နိုင်ငံတကာ လက်ဝှေ့ အဖွဲချုပ်၏ ဟဲဗီးဝိတ်လက်ဝှေ့ တံခွန်စိုက်ပြိုင်ပွဲတွင် လာရီဟုန်းနှင့် ဂျိမ်းစမစ်တို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ လာရီဟုန်းက ၁၂ ချီတွင် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိပြီး ၎င်း၏ ကမ္ဘာ့ ဟဲဗီးဝိတ် ချန်ပီယံဘွဲ့ကို ဆက်လက် ထိန်းသိမ်းလိုက်သည်။

**အီသီအိုးပီးယား နိုင်ငံတွင် အစာရေစာ တော်ပြတ်နေကြသော ကလေးသူငယ်များကို တွေ့မြင်ရပုံ**





**ဖီလစ်ပိုင်တွင် ဓာကိုနို လုပ်ကြံသတ်ဖြတ်မှုနှင့် ပတ်သက်သည်ဟု စွပ်စွဲခံရသော ဗိုလ်ချုပ်ကြီး ဖာဗီယန်ဗား (ယာစွန်)ကို သမ္မတ မားကို့ (ဝဲစွန်)နှင့်အတူ တွေ့ရစုံ**

၁၂ အမေရိကန် အာကာသ လွှန်းပျံယာဉ် ဒစ္စကာဗရီပေါ်မှ အာကာသယာဉ်မှူး ဂျိုးအယ်လင်နှင့် ဒေးဂါနာတို့သည် အာကာသလမ်းကြောင်းတွင် လမ်းလွဲလည်ပတ်နေသည့် ၁,၅၃၀ ပေါင် အလေးချိန်ရှိသော ပါလာပါ ဆက်သွယ်ရေးဂြိုဟ်တုကို အာကာသယာဉ်တွင် ပါရှိသော ယန္တရားလုပ်သား၏ လက်တံဖြင့် ကိုင်မထိန်းချုပ်ထားလိုက်သည်။

ဗြိတိန်နိုင်ငံသည် လွှန်ခဲ့သော အနှစ် ၇၀ က စတင် သုံးစွဲခဲ့သော တပေါင်တန် ငွေစက္ကူကို ဖျက်သိမ်းပြီး တပေါင်တန်ဒင်္ဂါးကို အစားထိုးသည်။ လွှန်ခဲ့သော ၇၀၄ နှစ်က စတင် သုံးစွဲခဲ့သော ပဲနိဝက် ဒင်္ဂါးကိုလည်း ဖျက်သိမ်းသည်။

၁၃ ဩစတြေးလျအနောက်ပိုင်း မူးယစ်ဆေးဝါး မှောင်ခို ရောင်းဝယ် ရေးကိုဏ်းတကိုဏ်းကို ကြိုးကိုင်ခန့်ခွဲခဲ့သော ဘိန်းဖြူဘုရင်မအဖြစ် ကျော်ကြားနေသူ အသက် ၂၉ နှစ်အရွယ်ရှိ ဂျူဒီ သို့မဟုတ် အာအင်းဟု အမည်တွင်သည့် စင်ကာပူနိုင်ငံသား တရုတ်အမျိုးသမီးတဦးကို စင်ကာပူနိုင်ငံတွင် ဖမ်းဆီးမိသည်။

၁၄ အနောက်နိုင်ငံတွင် ၁၇ နှစ်ကြာမျှ သွားရောက် နေထိုင်ခဲ့ပြီး နောက် မော်စကိုမြို့သို့ ပြန်ရောက်လာသည့် ဆိုဗီယက် ခေါင်းဆောင် ဂျိုးဇက်စတာလင်၏ သမီး စဗက်လာနာ အလီလူယီဗာအား ဆိုဗီယက် နိုင်ငံသားအဖြစ် ပြန်လည် အသိအမှတ် ပြုလိုက်ကြောင်း ဆိုဗီယက်အစိုးရက ကြေငြာသည်။

ကမ္ဘာ့ ပထမဆုံး ဟိုက်ဒရိုဂျင်ဗုံး စမ်းသပ် ဖောက်ခဲ့ခဲ့ပြီး နျူးကလီးယားစမ်းသပ်မှုများ နှစ်ပေါင်းအတန်ကြာ ပြုလုပ်ခဲ့သည့် ဘိကီနီသန္တာကျန်းကို အမေရိကန်ဒေါ်လာ သန်း ၄၀ ခန့် ကုန်ကျသည့် သန့်ရှင်းရေး လုပ်ငန်းများ ပြုလုပ်ပြီး နောက် လူများ ပြန်လည် နေထိုင်နိုင်မည်ဖြစ်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များ အဖွဲ့တဖွဲ့က ကြေငြာသည်။

ဆော်လမွန်ကျန်းစု ပါလီမန် သည် ၁၉၇၈ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ ဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ခဲ့သူ ညီညွတ်ရေး ပါတီခေါင်းဆောင် ဆာ ပီတာ ကီလို ရီယားအား ဆော်လမွန်ကျန်းစု၏ ဝန်ကြီးချုပ်သစ်အဖြစ် ရွေးချယ် တင်မြှောက်သည်။

ပိုလန် အလုပ်သမား သမဂ္ဂ လှုပ်ရှားမှုများကို အစိုးရက လွတ်လပ်မှုမပေးကြောင်း ကုလသမဂ္ဂ၏ စွပ်စွဲချက်များကြောင့် ပိုလန်နိုင်ငံသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမား ရေးရာအဖွဲ့မှ နုတ်ထွက်ကြောင်း ပိုလန် အစိုးရက ကြေငြာသည်။

**လမ်းလွဲနေသော ဂြိုဟ်တုကို အမေရိကန် အာကာသလွှန်းပျံ ယာဉ်မှူးများက စက်လက်တံဖြင့် ထိန်းချုပ်နိုင်ရန် ကြိုးပမ်းနေစဉ်**



၂၀-၂၁ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းသည် အဖွဲ့ဝင်များလိုက်ပါလျက် အိန္ဒိယ သမ္မတနိုင်ငံသို့ ခရီးထွက်ခဲ့သည်။ ပါတီဥက္ကဋ္ဌကြီးနှင့် အဖွဲ့သည် နိုဝင်ဘာလ ၂၁ ရက်နေ့တွင် အိန္ဒိယနိုင်ငံမှ ပြန်လည် ရောက်ရှိသည်။

၂၂-၂၅ ၂၄ ကြိမ်မြောက် ပူထရာဖလားဂေါက် သီးရိုက် ပြိုင်ပွဲကို ရန်ကုန် ဂေါက်ကွင်းတွင် ကျင်းပသည်။

၂၂ ဗြိတိန်နိုင်ငံသည် ကုလသမဂ္ဂ ပညာရေးသိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(ယူနက်စကို)မှ ၁၉၇၅ ခုနှစ်တွင် နုတ်ထွက်မည် ဖြစ်ကြောင်း ကြေငြာသည်။

၂၃ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး ကော်ပို ရေးရှင်း စာပေဗိမာန်အဖွဲ့၏ ၁၉၇၃ ခုနှစ် အတွက် အမျိုးသားစာပေ ဆုနှင်းပွဲကို ရန်ကုန်မြို့ ယဉ်ကျေးမှု လဟာပြင် ဇာတ်ရုံ၌ ကျင်းပသည်။

မြန်မာနိုင်ငံ စာပေလုပ်သားအဖွဲ့က ကြီးမှူးလျှ် ပဉ္စမအကြိမ် ရန်ကုန်တိုင်း စာဆိုတော်နေ့ အခမ်းအနားနှင့် သက်ကြီးစာပေ ပညာရှင်များအား ပူဇော်ကန်တော့ပွဲကို ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပသည်။

ဂျော်ဒန်နိုင်ငံတွင် ကျင်းပသော ပါလက်စတိုင်း အဝေးရောက် ပါလီမန်ဖြစ်သည့် ပါလက်စတိုင်း အမျိုးသားကောင်စီ အစည်းအဝေး (ပီအင်စီ) က လက်ရှိ ပါလီမန် ဥက္ကဋ္ဌ ခါလက်ဖာဟွမ်ကို ထုတ်ပယ်ပြီး ဂျော်ဒန်ဝန်ကြီးဟောင်း ရှိတ် အယ် ဆာယေကို ဥက္ကဋ္ဌသစ်အဖြစ် မဲပေးတင်မြှောက်သည်။

၂၆ ဘင်္ဂလားဒေ့ရှ သမ္မတ ဟိုစိန် မိုဟမ္မက် အာရှတ်အား ကြည်းတပ်စစ်ဦးစီးချုပ်အဖြစ် တနှစ်သက်တမ်း တိုးလိုက်ကြောင်း အစိုးရက ကြေငြာသည်။

အမေရိကန် ပြည်ထောင်စုနှင့် အီရတ် နိုင်ငံတို့သည် ၁၇ နှစ်ကြာ ဖြတ်တောက်ခဲ့သော သံတမန် အဆက်အသွယ်ကို ပြန်လည် ပြုလုပ်သည်။

ဥရုဂွေးနိုင်ငံတွင် ၁၁ နှစ်ကြာ စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်ခဲ့ပြီးနောက် ပထမဆုံး ကျင်းပသော ရွေးကောက်ပွဲများတွင် ယူလီယို မာရီယာ ဆန်ဂိုနက်တီ၏ လက်ယာဝါဒီ ကိုလိုရာဒိုပါတီက အနိုင်ရသည်။

၂၇-၂၈ ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ (ပီအယ်အို) ဥက္ကဋ္ဌ ယာဆာ အာရဖတ်သည် ပါလက်စတိုင်း အမျိုးသားကောင်စီ အစည်းအဝေးတွင် ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်စာတင်ခဲ့သော်လည်း နောက်တနေ့တွင် ယင်းနုတ်ထွက်စာကို ရုပ်သိမ်းသည်။

၂၉-၃၀ တောင်သူလယ်သမား အစည်းအရုံးဗဟိုဦးစီးအဖွဲ့ စတုတ္ထအကြိမ်အစည်းအဝေးကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ဆရာစံခန်းမ၌ ကျင်းပသည်။

၂၉ တရုတ်ပြည်သူ့သမ္မတနိုင်ငံ မီးရထားဌာန ဝန်ကြီး မစ္စတာချင်ပုရှန့်အဖွဲ့သည် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

မော်ရော့ကိုနိုင်ငံက ယူဂိုဆလားဗီးယားနိုင်ငံနှင့် သံအဆက်အသွယ် ဖြတ်တောက်လိုက်သည်။

၃၀ တောင်ကိုးရီးယားနိုင်ငံ သမ္မတ ချန်ဒူးဝှမ်သည် နိုင်ငံရေးသမား ဂဠဦးတို့အား နိုင်ငံရေးလှုပ်ရှားမှုများ ပြုလုပ်ခြင်းကို ပိတ်ပင်ထားရာမှ ပြန်လည်ခွင့်ပြုလိုက်သည်။ အတိုက်အခံခေါင်းဆောင် ကင်ဒေးယုံ အပါအဝင် အစိုးရဆန့်ကျင်သော နိုင်ငံရေးသမား ၁၄ ဦးကိုမူ ဆက်လက် ပိတ်ပင်ထားသည်။

## အိန္ဒိယနိုင်ငံ ဘိုပါးမြို့တွင် ပိုးသတ်ဆေးစက်ရုံမှ ယိုစိမ့်သော အဆိပ်ခတ်ဒွေသင့်၍ သေကြေ အနာတရ ရကြသူများ



## ဒီဇင်ဘာလ

၁ ဩစတြေးလျနိုင်ငံ အထေ့ထေ့ ရွေးကောက်ပွဲတွင် လက်ရှိဝန်ကြီးချုပ် ဘော့ဟော့၏လေဘာအစိုးရအနိုင်ရရှိသည်။

၃-၇ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ် ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းသည် အဖွဲ့ဝင်များ လိုက်ပါလျက် အလယ်ပိုင်းတိုင်းနှင့် အနောက်မြောက်တိုင်း စစ်ဌာနချုပ် နယ်မြေများအတွင်းရှိ စက်ရုံ အလုပ်ရုံများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

၃ အီရန် နိုင်ငံ တွင် မူးယစ် ဆေး ဝါး မှောင်ခို ထောင်းဝယ်သူများနှင့် ဖြန့် ဝေသူ ၂၅ ဦးကို ကြိုးပေး ကွပ်မျက်သည်။

အိန္ဒိယ နိုင်ငံ အလယ်ပိုင်း မဒရာပရာ ဒေ့ရှ်ပြည်နယ် ဘိုပါးမြို့တွင် ပိုးသတ်ဆေး ထုတ်လုပ်သော စက်ရုံတရုံ၏ မြေအောက် သိုလှောင်ခန်းမှ အဆိပ်ဓာတ်ငွေ့များ ယိုစိမ့် ထွက်ရာ လူပေါင်း ၂,၅၀၀ ကျော် သေဆုံး သည်။

၄ ဂရီနေဒါနိုင်ငံ ပါလီမန် ရွေးကောက် ပွဲတွင် အမျိုးသားသစ်ပါတီ ခေါင်း ဆောင် ဟားဗတ် ဘလိုက် အနိုင်ရရှိ၍ ဝန် ကြီးချုပ်အဖြစ် ကျမ်းသစ္စာ ကျိန်ဆိုသည်။

၅ မြန်မာ နိုင်ငံသို့ အာလည် အာပတ် ရောက် ရှိ ခဲ့ သော တရုတ် ပြည် သူ သမ္မတနိုင်ငံ မီးရထားဌာနဝန်ကြီး မစွတာ ချင်ပုရှန့် အဖွဲ့အား နိုင်ငံတော် သမ္မတကြီး ဦးစန်းယုက လက်ခံ တွေ့ဆုံသည်။

၅-၁၀ တရုတ်ပြည်သူသမ္မတနိုင်ငံ ပြည်လုံး ဆိုင်ရာ ပြည်သူ ကုန် ဂ ရက် အိမ်မြဲ တမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစွတာယဲ့ဗေ ခေါင်းဆောင်သော ကိုယ်စားလှယ် အဖွဲ့ ရန်ကုန်မြို့သို့ ရောက်သည်။ တရုတ် ကိုယ်စား လှယ် အဖွဲ့အား နိုင်ငံတော် သမ္မတကြီး ဦးစန်းယုက လက်ခံတွေ့ဆုံသည်။

၅ ဇိုင်ယာ သမ္မတ မိုဗူတူးစီစီ စီကိုး သည် သမ္မတ အဖြစ် တတိယ အကြိမ်မြောက် သက်တမ်းကို တာဝန်ထမ်း ဆောင်ရန် ကျမ်းသစ္စာ ကျိန်ဆိုသည်။

လက်ဝှေ့ထိုးခြင်းသည် ဦးနှောက်ကို ထိ ခိုက်စေသဖြင့် ယင်းအားကစားကို လုံးဝ ပိတ်ပင်ရန် အဆိုပြုချက်ကို အမေရိကန် ဆရာဝန်များအသင်း မူဝါဒချမှတ်ရေးအဖွဲ့က အတည်ပြုလိုက်သည်။

၆-၇ ဒုတိယ အကြိမ် အလုပ်သမား အစည်းအရုံး ညီလာခံ ဗဟို ဦးစီး အဖွဲ့ စတုတ္ထအစည်းအဝေးကို ကျိုက္ကဆံကွင်း ရှိ ဆရာစံခန်းမ၌ ကျင်းပသည်။

၇ အမေရိကန် သမ္မတ ရေဂင် သည် ငြိမ်းချမ်းရေး နိုဗယ်ဆုရှင် ဘုန်း တော်ကြီး ဒက်စမွန်တူတူနှင့် ဝါရှင်တန်မြို့၌ တွေ့ဆုံသည်။



ဆိုဗီယက် နိုင်ငံခြားရေးဌာန ကော်မရှင် ဥက္ကဋ္ဌ ဂိုဘာချော့ကို ဗြိတိန် ဝန်ကြီးချုပ် မာဂရက် သက်ချာက ကြိုဆို နှုတ်ဆက်စဉ်

၈-၁၀ အိတလီနိုင်ငံ ပြည်သူ့လုပ်ငန်း ဝန်ကြီး ဌာန ဒုတိယဝန်ကြီး မစွတာ မာရီယိုတာဆိုနေ ခေါင်းဆောင်သော ပါလီမန် ကိုယ်စားလှယ် အဖွဲ့သည် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

၈ ဆိုဗီယက် ပြည် ထောင် စု ၏ လေ ကြောင်းနှင့် ဒုံးပျံဆိုင်ရာ ထိပ်တန်း ပါရဂူကြီးတဦးဖြစ်သူ ဗလာဒီမာ ချယ်လိုမီ (၇၀ နှစ်) သည် မော်စကိုမြို့တွင် ကွယ်လွန် သည်။

၁၂ နိုင်ငံတော် ဝန်ကြီးချုပ် ဦးမောင် မောင်ခသည် ချက် ကိုစလို ဗက် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစွတာ လူဘိုမီယာ စထရောဂါးလ်၏ ဖိတ်ကြားချက် အရ ချက်ကိုစလိုဗက် ဆိုရှယ်လစ် သမ္မတ နိုင်ငံတွင် ချစ်ကြည်ရေးခရီး လည်ပတ်ခဲ့ ရာမှ ပြန်လည်ရောက်ရှိသည်။

မော်ရီတေးနီးယား နိုင်ငံတွင် လက်နက် ကိုင်တပ်ဖွဲ့များ ဦးစီးချုပ် ဒုတိယဗိုလ်မှူးကြီး မိုဟာမက် မာအောယာအူး ဆီအာမက်အူး တာယာက အာဏာသိမ်းလိုက်သည်။

၁၉၇၇ ခုနှစ် စာပေနိုဗယ်ဆုရ ကဗျာ ဆရာ ကြီး ဗစ်ဆင် အလက်ဇန္ဒား (၇၆) နှစ်သည် စပိန်နိုင်ငံ မဒရစ်မြို့တွင် ကွယ်လွန်သည်။

၁၅-၂၁ ဆိုဗီယက်ကွန်မြူနစ်ပါတီ ဗဟို ကော်မတီ အတွင်းရေးမှူး ဆိုဗီယက် နိုင်ငံ ခြားရေးရာ ကော်မရှင်ဥက္ကဋ္ဌ ဂိုဘာ ချော့ ဦးဆောင်သော ဆိုဗီယက်ကိုယ်စား လှယ်အဖွဲ့သည် ဗြိတိန်နိုင်ငံသို့ လာရောက် သည်။ ဂိုဘာချော့သည် အသက်အငယ်ဆုံး နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်ဖြစ်သည်။

၁၅ ဗလိုင်နိုင်ငံတွင် ၁၉၁၁ ခုနှစ် က လွတ်လပ်ရေးရခဲ့ပြီးနောက် ပထမ ဆုံး ကျင်းပသော ရွေးကောက်ပွဲတွင် ဝန် ကြီးချုပ် ဂျော့ ပရိုက်ကို အတိုက်အခံ ခေါင်း ဆောင် မင်နျူယဲ အက်စကွီဗယ်က အပြတ်

အသတ်အနိုင်ရရှိသည်။ အနှစ် ၃၀ ကျော် အာဏာရခဲ့ပြီးမှ ကျော့ ပရိုက်သည် ရှုံးနိမ့်ခြင်း ဖြစ်သည်။

၁၆–၁၈ ဆိုနီဂေါနိုင်ငံ ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အဗ္ဗဒူရာမိန်း တိုးရီ ခေါင်း ဆောင်သော ကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲသည် မြန်မာနိုင်ငံမှ ဆန်များဝယ်ယူရန် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

၁၆ သက်ရှိ လုပ်သားများကိုစက်ယန္တရား လုပ်သားများက အန္တရာယ် ပြုနိုင်သဖြင့် စက်ယန္တရားများ ထိခိုက်မှု အန္တရာယ်မှ ကာကွယ်ပေးနိုင်မည့် ခေတ်မီ နည်းစနစ်များ တီထွင်ရန်လိုအပ်ကြောင်း ဆို၁၄ သိပ္ပံပညာရှင်နှစ်ဦးက အကြံပြုသည်။

မီးမဖွားမီ ဆရာဝန်နှင့် တွေ့ဆုံ စစ်ဆေးခြင်းမပြုသဖြင့် အိန္ဒိယနိုင်ငံတွင် အမျိုးသမီး ၈၀,၀၀၀ ခန့်သည် မီးဖွားယင်း နှစ်စဉ် သေဆုံးကြောင်း အိန္ဒိယ သတင်းဌာနက ကြေငြာသည်။

၁၈ ကြက်သွန်ဖြူသည် အနံ့ ဆိုး သော်လည်း နှလုံးအတွက် ကောင်း မွန်ကြောင်း နယူးယောက်တက္ကသိုလ် ဓာတုဗေဒ ပါမောက္ခ အဲရစ်ဘလော့ခ်က ပြောကြားသည်။

၁၉ ပင်လယ် ရေပြင် အထက် မီတာ ၃,၅၀၀ (ပေ ၁၁,၅၀၀) ခန့်အမြင့်တွင် သွားလာနိုင်မည့် ကမ္ဘာ့အမြင့်ဆုံး မြေအောက် ရထားလမ်းကို ဆွစ်ဇာလန်နိုင်ငံ အယ်လ်ပိုင်းအပန်းဖြေစခန်း၌ ဖွင့်လှစ်သည်။

ကမ္ဘာပေါ်တွင် တတိယအကြီးဆုံး ငွေကြေးဈေးကွက်ဖြစ်၍ အရင်းရှင်စနစ် ကျင့်သုံးသော ဟောင်ကောင်ကို တရုတ်ပြည်သူ သမ္မတနိုင်ငံ လက်အောက်သို့ ၁၉၉၇ ခုနှစ်တွင် လွှဲပေးမည့် သမိုင်းဝင်စာချုပ်ကို ဗြိတိန် ဝန်ကြီးချုပ် မာဂရက်သက်ချာနှင့် တရုတ် ဝန်ကြီးချုပ် ကျောက်ကျိယန်တို့ လက်မှတ် ရေးထိုးသည်။

၂၂ ၂၂၄၄ ခုနှစ် ကရင် နှစ်သစ်ကူး ပွဲတော် အခမ်း အနား ကို ကျင်းပသည်။

ဆိုဗီယက်ပြည်ထောင်စု၌ မာရှယ်ဆာဂျီဆိုကိုလော့ဗ် (၇၃) နှစ်အား ကွယ် လွန် သူ ကာကွယ်ရေးဝန်ကြီး ဥစတီနော့ဗ်၏နေရာတွင် ကာကွယ်ရေးဝန်ကြီးအဖြစ် ခန့်အပ်သည်။

မော်လတာ ဝန်ကြီးချုပ်အဖြစ် ၁၃ နှစ်မျှ တာဝန်ထမ်းဆောင်ခဲ့သည့် ဒုန်မင်းတော့သည် ရာထူးမှ နုတ်ထွက်သွား၍ ပညာရေး ဝန်ကြီး မစ်ဆွတ် ဘွန်နီဆီက ဝန်ကြီးချုပ် အဖြစ် ကျမ်းသစ္စာကျိန်ဆိုသည်။

စင်ကာပူနိုင်ငံ အမျိုးသား ရွေးကောက်ပွဲတွင် ၁၉၆၅ ခုနှစ် စင်ကာပူနိုင်ငံ လွတ်လပ်ရေး ရသည့်အချိန်မှ စပြီး ဆက်တိုက် အာဏာရရှိလာခဲ့သော ဝန်ကြီးချုပ် လီကွမ်းယူ၏ ပြည်သူလွှတ်ရှာမှုပါတီ (ပီအေပီ) အနိုင်ရရှိသည်။


၂၀ မြန်မာ့ ဆိုရှယ်လစ် လမ်း စဉ် ပါတီတွဲဖက် အထွေထွေအတွင်းရေးမှူးနှင့် နိုင်ငံတော်ကောင်စီဝင် ဦးစိန်လွင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးမောင်မောင်ခတို့သည် စံပြလုပ်သားစီမံကိန်း ဗဟိုကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း ဝန်ကြီးဌာနနှင့် အလုပ်သမား ဝန်ကြီးဌာန ဝန်ကြီး ဦးအုံးကျော်က ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမ၌ စံပြလုပ်သားများအား တည်ခင်းသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။

၁၉၇၃ ခုနှစ်အတွက် အကောင်းဆုံး မြန်မာ့ရုပ်ရှင် ထူးချွန်ဆုများ ချီးမြှင့်သည့် အခမ်းအနားကို ဂေါ်ဒဝင်လမ်းရှိ ယဉ်ကျေးမှုလဟာပြင် ဇာတ်ရုံ၌ ကျင်းပသည်။

၂၆ အိန္ဒိယနိုင်ငံ အထွေထွေရွေးကောက်ပွဲတွင် အိန္ဒိယဝန်ကြီးချုပ် ရာဂျစ်ဂန္ဒီ၏ ကွန်ဂရက် (အိုင်) ပါတီသည် အနိုင်ရရှိသည်။



မြိတိန်ဝန်ကြီးချုပ် မာဂရက်သက်ချာနှင့် တရုတ်ဝန်ကြီးချုပ် ကျောက်ကျိယန်တို့ သမိုင်းဝင် ဟောင်ကောင်စာချုပ် ချုပ်ဆိုအပြီး နှုတ်ဆက်နေကြစဉ်



အဝိုင်း နှစ်


နှစ်ချုပ် အထူးဆောင်းပါးများ


ရင်သွေးကျန်းမာ အနာဂတ်ချမ်းသာ — ဒေါက်တာတင်ဦး (ကလေးဆေးရုံကြီး) ၂၆

ကြယ်တံခွန်များ ဥက္ကာများ — ဦးသုတ .... ၃၄

ပြောင်းလဲနေသော ကမ္ဘာ့စီးပွားရေးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ — ဒွေသန်းနိုင် ၆၂

ကမ္ဘာ့အိုလင်းပစ် အားကစားပွဲတော် — စစ်ကိုင်း ကြည်ညွှန့် ၅၀



# ရင်သွေးကျန်းမာ အနာဂတ် ချမ်းသာ

ဧပြီလ ၇ ရက်နေ့သည် ကမ္ဘာ့ ကျန်းမာရေးနေ့ ဖြစ်သည်။ ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ကြီး၏ ဖွဲ့စည်းပုံဥပဒေကို ၁၉၄၈ ခုနှစ် ဧပြီလ ၇ ရက်နေ့က အတည်ပြုခဲ့ရာမှ ယင်းနေ့ကို ကမ္ဘာ့ ကျန်းမာရေးနေ့အဖြစ် အသိအမှတ်ပြုခဲ့ကြခြင်း ဖြစ်သည်။ ကမ္ဘာ့ ကျန်းမာရေးနေ့သို့ ရောက်တိုင်း

**အာဖရိကတိုက် ဆာဟဲသဲကန္တာရမှကလေးများကဲ့သို့ ဗိုက်ပူနံကပ်ဖြစ်နေခြင်းမျိုးလျော့နည်းပပျောက်ရေးသည် ကမ္ဘာ့ကျန်းမာရေးတာဝန်တရပ်ဖြစ်သည်။**



အဖွဲ့ဝင်နိုင်ငံများက ကမ္ဘာ့ပြည်သူတို့ ကြုံတွေ့နေရသော ရောဂါများ သို့မဟုတ် ကျန်းမာရေး ပြဿနာများထဲမှ အဓိကကျသော ရောဂါတခုခု သို့မဟုတ် ပြဿနာတရပ်ရပ်ကို ဖော်ထုတ်ကာ ဝိုင်းဝန်း အဖြေရှာကြသည်။ ယင်း ရောဂါ သို့မဟုတ် ပြဿနာအပေါ် ဖြေရှင်းရမည့် နည်းလမ်းကို ကမ္ဘာ့ ကျန်းမာရေးအဖွဲ့က ယင်းနေ့တွင် ပင် လွှဲဆောင်တင်ပြသည်။ ထိုသို့ လွှဲဆောင် တိုက်တွန်းရာတွင် ဆီလျော်သော ဆောင်ပုဒ်တခုခုကိုလည်း ရွေးချယ်ကာ ကြွေးကြော်လေ့ရှိလေသည်။ ၁၉၇၄ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ ဆောင်ပုဒ်မှာ **Children's Health: Tomorrow's Wealth** ဟူ၍ ဖြစ်သည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်သည် ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ကြီး၏ အဖွဲ့ဝင်နိုင်ငံ တနိုင်ငံ ဖြစ်လေရာ ကမ္ဘာ့ ကျန်းမာရေးနေ့သို့ ရောက်ရှိတိုင်း အဖွဲ့ကြီး၏ ကြွေးကြော်ချက်နှင့် အညီ ကျန်းမာရေးဆိုင်ရာ လှုပ်ရှားမှုများကို စဉ်ဆက် မပြတ် ဆောင်ရွက်ခဲ့သည်။ ၁၉၇၄ ခုနှစ်ကလည်း ထိုနှစ်က ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ကြီး၏ ဆောင်ပုဒ်အတိုင်း မြန်မာဘာသာဖြင့် **ရင်သွေး ကျန်းမာ၊ အနာဂတ်ချမ်းသာ** ဟူ၍ ကြွေးကြော်ကာ ကျန်းမာရေး လှုပ်ရှားမှုများကို အင် တိုက် အား တိုက် ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ၁၉၇၄ ခုနှစ် ကမ္ဘာ့ ကျန်းမာရေးနေ့၌ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဦးထွန်းဝေက လုပ်သားပြည်သူများထံ သဝဏ်လွှာတရပ် ပေးပို့ ထုတ်ပြန်ရာတွင်–

> "ရင်သွေးတို့သည် တိုင်းပြည်၏ အရည် မသွေး ရသေးသော ကျောက်မျက် ရတနာကလေးများ ဖြစ်ကြပါသည်။ ထိုရတနာကလေးများကို အရည်အသွေး တောက်ပြောင်စေရန် စနစ်တကျ ပြုစု ပျိုးထောင်ပေးလိုက်မည်ဆိုပါက နိုင်ငံတော်အတွက် အဖိုးအနှဲ့ ထိုက်တန်သော ရတနာကလေးများ ဖြစ် လာ ကြပါမည်။ ထို့ကြောင့် အနာဂတ် မြန်မာနိုင်ငံတော်အတွက် အဖိုးတန် ရတနာကလေးများ ဖြစ်ကြသော ရင်သွေးကလေး



သန္ဓေသားအဆင့်မှာပင် ရင်သွေးငယ်၏ကျန်းမာရေးကို စတင်စစ်ဆေးစောင့်ရှောက်ရသည်။

များကို အလေးအနက်ထားပြီး ပြုစု စောင့်ရှောက်ရမည်မှာ ကျွန်တော်တို့၏ တာဝန်တရပ် ဖြစ်ပါသည်" ဟု နှိုးဆော်ခဲ့သည်။ ထို့ပြင်–

"ယခုအခါ နိုင်ငံတော်တွင် ၁၄ နှစ်အောက် အသက် အရွယ်ရှိသော ကလေးသူငယ် ၁၄ သန်းကျော် ရှိပါသည်။ အသက် ၁၄ နှစ်အောက်ရှိ ကလေးများသည် မိခင်၏အုပ်ထိန်းမှုအောက်တွင်သာ ရှိနေရကား လူငယ်များ၏ ကြွံခိုင် ကျန်းမာရေးလုပ်ငန်းကို လုပ်ဆောင်ရာတွင် မိခင်ကလေး ကျန်းမာရေးလုပ်ငန်း၊ ကလေးသူငယ် ကျန်းမာရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးလုပ်ငန်း အဆင့်ဆင့်ကို တဆက်တည်း အကောင်အထည်ဖော်ကြဖို့ လိုပါသည်။ အကျိုးရှိစွာ အကောင်အထည်ဖော်သည်နှင့် အမျှ တိုင်းပြည် နောင်ရေး အတွက်လည်း အကျိုးကျေးဇူး ကြီးမားမည် ဖြစ်ပါသည်"ဟူ၍ ပါရှိခဲ့သည်။

ကမ္ဘာ့ ကျန်းမာရေးအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ ဒေါက်တာ အိပ်ချ် မာလာက သဝဏ်လွှာတရပ် ပေးပို့ရာတွင်လည်း–

"ကလေးများ၏ ကျန်းမာရေးနှင့် ကိုယ်စိတ် ရှင်လန်းရေးကို ဖြစ်စေသော မည်သည့် လုပ်ငန်းပင် ဖြစ်စေ လူကြီးဘဝအတွက်. ကျန်းမာရေး၏ အခြေခံများကို ချမှတ်ပေးရာ ရောက်ပေမည်။ ယင်းတို့မှတဆင့် ပေါက်ဖွားလာမည့် စဉ်ဆက် သားမြေးတို့အတွက်လည်း ကျန်းမာရေးကို ဖန်တီးပေးရာ ရောက်ပါလိမ့်မည်"ဟူ၍ ပါရှိသည်။

မြန်မာနိုင်ငံတွင် ပြည်သူတို့၏ ကျန်းမာရေးအတွက် ပြည်သူကျန်းမာရေး စီမံချက်ရေးဆွဲ၍ အကောင်အထည် ဖော်လျက်ရှိရာ ၁၉၇၄ ခုနှစ်သည် ဒုတိယ ပြည်သူ ကျန်းမာရေး စီမံချက်ကာလ၏ တတိယနှစ် ဖြစ်သည်။ ယင်း စီမံချက် ကာလအတွင်း အဓိက ဦးတည် သတ်မှတ် ထားသော ရောဂါနှင့် ပြဿနာ ၁၀ ချက်တွင် မြေကိုက်ခြင်း ပြဿနာမှအပ ကျန်ရောဂါ ပြဿနာ များ ဖြစ်ကြသော ဝမ်းလျှော ဝမ်းပျက်ရောဂါ၊ မွေးစကလေးသေပျောက်နှုန်း ကြီးမားခြင်း၊ မိခင်သေပျောက်နှုန်းကြီးမားခြင်း၊ ပရိုတိန်း အာဟာရချို့တဲ့မှုရောဂါ၊ အာဟာရချို့တဲ့မှုနှင့် ဒဏ်တွဲသော သွေးအားနည်းရောဂါ၊ လည်ပင်းကြီး ရောဂါ၊ အဆုတ် အအေးမိခြင်းရောဂါအပါအဝင် အသက်ရှူလမ်းကြောင်း အထက်ပိုင်းတွင် စွဲကပ်သောရောဂါများ၊ ထိခိုက်ဒဏ်ရာ ရခြင်းနှင့် ငါးနှစ်အောက်ကလေးများ အသေအပျောက် များစေသည့် အခြားရောဂါများသည် လူငယ် ရင်သွေးတို့နှင့် တိုက်ရိုက် ဆက်သွယ်နေသော ပြဿနာများ ဖြစ်နေသည်ကို တွေ့ရသည်။



ကိုယ်ဝန်ကို စနစ်တကျ စောင့်ရှောက်ခြင်းဖြင့် အလေးချိန် ပြည့်မီသောရင်သွေးငယ်များမွေးဖွားလာနိုင်စေသည်။



မွေးကင်းစ ရင်သွေးငယ်ကျန်းမာရေးအတွက် နို့တိုက်မီခင်နှင့် နို့စို့ကလေးတို့၏ အာဟာရဖွံ့ဖြိုးရေးသည် ပဓာနကျသည်။

ထို့ကြောင့်လည်း ၁၉၇၄ ခုနှစ် ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီး၏ ဆောင်ပုဒ်သည် မြန်မာနိုင်ငံ၌ ပြည်သူ ကျန်းမာရေး စီမံချက်ဘောင်အတွင်းက စနစ်တကျ အကောင် အထည်ဖော် ဆောင်ရွက်နေသောကိစ္စများကိုပင် ရည်ညွှန်း နေကြောင်း တွေ့ရှိရသည်။

၁၉၇၄ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ကို မြန်မာနိုင်ငံ၌ ကျင်းပရာတွင် မြို့နယ်အသီးသီးတွင် ဟောပြောပွဲများ ကျင်းပ၍ လည်းကောင်း၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း များတွင် ဝတ္ထု ဆောင်းပါး ကဗျာများ ရေးသား၍ လည်း ကောင်း၊ နံရံကပ် စာစောင်များ၊ လက်ကမ်း စာစောင် များ၊ နံရံကပ် ပိုစတာများကို ရေးဆွဲ၍ လည်းကောင်း၊ ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်တို့မှ ပြသ၍ လည်း ကောင်း အဘက်ဘက်မှ ပညာပေး စည်းရုံး လှုံဆော်ခဲ့ သည်။ ထို့အပြင် ကျန်းမာရေး ဦးစီးဌာန၊ ကျန်းမာရေး ပညာဌာနကလည်း **ရင်သွေးကျန်းမာ အနာဂတ်ချမ်းသာ** ဟူသော စာအုပ်တအုပ်ကို ဖြန့်ချီ ထုတ်ဝေခဲ့သည်။

### လူထုကျန်းမာရေး စောင့်ရှောက်မှု

လူထုကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းကို အတိုကောက်အားဖြင့် လကစ လုပ်ငန်း စီမံချက် ဟူ၍လည်း ခေါ်သည်။ လကစ လုပ်ငန်းတွင် ပြည်သူလူထု အများစု နေထိုင်ရာ ကျေးလက်ဒေသများတွင် မိခင်နှင့် ကလေး သူငယ်များကို ဦးစားပေး၍ တိုးမြှင့် စောင့်ရှောက် ရန် အတွက်လည်း ရည်မှန်းထားရှိသည်။ ပြည်သူတို့ကိုယ်တိုင် မိမိတို့၏ ကျန်းမာရေး တိုးတက်စေရန်အတွက် မိမိတို့၏ ပြဿနာများကို မိမိတို့ဘာသာ ဖော်ထုတ် အဖြေရှာနိုင်ရန် အခြေခံ ကျန်းမာရေး ဝန်ထမ်းများ၏ ဆောင်ရွက်မှု စွမ်း အားကို အပြည့်အဝ အသုံးချ၍ လုပ်ငန်း တိုးတက်မှုနှင့် အညီ ကျန်းမာရေးဆိုင်ရာ လုပ်သားများကိုတိုးချဲ့၍ ပစ္စည်း ကိရိယာနှင့် ဌာနများကို တိုးချဲ့ မွမ်းမံ ပြင်ဆင်ရန်ဟူသော ရည်ရွယ်ချက်များ ထားရှိသည်။

ထိုသို့ လူထုကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်း များကို တိုးချဲ့ရာတွင် ဒုတိယပြည်သူ့စီမံချက် ကာလ အတွင်း မြို့နယ် ၁၆၇ မြို့နယ်တွင် တိုးချဲ့ လုပ်ဆောင် ခြင်းဖြင့် ၁၉၈၆ ခုနှစ်တွင် မြို့နယ် ၃၁၄ မြို့နယ်အထိ တိုးချဲ့ လှမ်းခြုံသွားမည် ဖြစ်၏။

တနိုင်ငံလုံး၏ ကျေးရွာ ၂၁ ထုခိုင်နှုန်းတွင် လူထု ကျန်းမာရေး လုပ်သားများ ရှိနေထုမှ ၄၆ ထုခိုင်နှုန်း အထိ တိုးချဲ့လှမ်းခြုံသွားနိုင်မည်ဖြစ်၏။ ထို့အပြင် တနိုင်ငံ လုံးမှ ကျေးရွာများကို ပဏာမ ကျန်းမာရေး စောင့်ရှောက် မှုသည် ၃၁ ထုခိုင်နှုန်း ရှိနေထုမှ ၅၀ ထုခိုင်နှုန်းသို့ တိုးချဲ့ သွားနိုင်မည် ဖြစ်သည်။



မိခင်မျာ်းအာဟာရပြည့်ဝစွာစား‌သုံးကျွေးမွေးတတ်စေရန်
ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပညာပေးဆောင်ရွက်လျက်ရှိသည်။

မိခင်နှင့် ကလေး စောင့်ရှောက်မှု လုပ်ငန်းများကို လည်း ၁၉၇၆ ခုနှစ်အကုန်တွင် ကျေးရွာ အုပ်စု များ၌ ရာနှုန်းပြည့် ဆောင်ရွက်ပေးနိုင်ရန် ရည်မှန်းထား‌သည်။

ထို့ပြင် အခြေခံကျန်းမာရေးဌာနများတိုး‌ချဲ့ရန်၊ ဒုတိယ ပြည်သူ့ကျန်းမာရေး စီမံချက်ကာလ (၁၉၇၂–၇၆) အတွင်း စေတနာ့ဝန်ထမ်းကျန်းမာရေးလုပ်သား ၃,၄၀၀ ကို မွေးထုတ်ရန်၊ ပြည်နယ်နှင့်တိုင်းများရှိ မြို့ကြီး ၉၅ မြို့တွင် လည်ပင်းကြီးရောဂါ ကာကွယ်ရေးကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ရန် စသော‌ကျန်းမာရေးလုပ်ငန်းများကို ပိုမို တိုး‌ချဲ့ဆောင်ရွက်လာမည် ဖြစ်၏။

ထို့ကဲ့သို့ လူထုကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်း စီမံချက်ကို ပြည်သူ့ကျန်းမာရေး စီမံကိန်းနှင့်အညီ တိုး‌ချဲ့ လုပ်ဆောင်လာသည်နှင့်အမျှ အောက်ပါ အကျိုးကျေးဇူး များ ရရှိလာမည် ဖြစ်သည်။

- လူထု ကျန်းမာရေး မြင့်မားလာပြီး ပြည်သူတို့၏ ကုန်ထုတ်စွမ်းအား မြင့်တက်လာမည်။
- ကျေးလက်နှင့် မြို့ ကျန်းမာရေး ကွာဟချက်များ ကျဉ်းမြောင်းလာစေမည်။
- မိခင်နှင့် ကလေးများ ပိုမိုကျန်းမာလာပြီး နောင် တခေတ်တွင် ပြည်သူ သားကောင်း ရတနာများ၏ ကျန်းမာ ကြံ့ခိုင်ရေးသည် ပို၍ လမ်းပွင့်လာမည်။
- လုပ်သားပြည်သူတို့အတွက် မရှိမဖြစ် လိုအပ်သော ပဏာမ ကျန်းမာရေး စောင့်ရှောက်မှုကို လူဦးရေ ၁၅ သန်းကျော်အတွင်း လက်လှမ်းမီမီ ပေးစွမ်း လာနိုင်မည်။
- ကျန်းမာရေး လုပ်ငန်းများနှင့် ဆက်သွယ်လျက်ရှိ သော ဌာနများ၊ လူမှုဝန်ထမ်းအဖွဲ့များနှင့် ပိုမိုနီး ကပ်စွာ လက်တွဲဆောင်ရွက်လာခြင်းဖြင့် ပိုမိုပီပြင် သော အကျိုးထိရောက်မှုများ ရရှိလာမည်။

**ဝမ်းပျက် ဝမ်းလျော**

ထို‌ကဲ့သို့ ၁၉၇၄ ခုနှစ် ကမ္ဘာ့ကျန်းမာရေး ဆောင်ပုဒ် ကို အကောင်အထည် ဖော်ရာတွင် ရှေ့တန်းမှ ထား‌ရှိ ပညာပေး လုပ်ဆောင်ခဲ့သော လုပ်ငန်းတရပ်မှာ ဝမ်းပျက် ဝမ်းလျောရောဂါအတွက် ပညာပေးခြင်းနှင့် ကုသခြင်းလုပ် ငန်း ဖြစ်သည်။

ဝမ်းပျက် ဝမ်းလျောရောဂါသည် ကလေးသူငယ်များ အတွင်း အဖြစ်များသော ရောဂါတရပ် ဖြစ်၏။ ထို‌ရောဂါ သည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတွင်ပါ အဖြစ်များ သော ရောဂါတရပ် ဖြစ်သည်။ သို့သော် ဝမ်းပျက် ဝမ်း လျောရောဂါအတွက် ကုထုံးမှာ လွယ်ကူ၍ လူတိုင်း လုပ် ဆောင်နိုင်သော နည်းလည်း ဖြစ်လေသည်။ ကလေး များ ဝမ်းပျက် ဝမ်းလျော ဖြစ်ပါက ကျန်းမာရေးဌာနမှ

ဖြန့်ဝေလျက်ရှိသော တန်ဖိုးအားဖြင့်လည်း ပြား ၆၀ မျှ လောက်သာရှိသော ဒွေးရောင်ခတ်ဆားထုပ်ကို ရေကျက်အေး တလီတာနှင့် ဖျော်၍ တိုက်ရန် ဖြစ်သည်။ မိခင်က ခတ်ဆားရည်ကို မည်သည့်အချိန်တွင် မည်ကဲ့သို့ တိုက်ရမည်ကို နားလည်နေလျှင် ကမ္ဘာပေါ်တွင် တနှစ်အတွင်း ကလေးငါးသန်းခန့် ခတ်ဆားရည်ချိုတဲ့မှု (Dehydration) ကြောင့် သေဆုံးနေရခြင်းကို တားဆီးနိုင်မည်ဖြစ်သည်။

ခတ်ဆားထုပ်များကို မြို့များတွင်သာမက ကျေးလက်ဆေးပေးခန်းများရှိသော ကျေးရွာများအထိ ဖောဖော သီသီ ပေးပို့ဖြန့်ဖြူးကာ ဝမ်းပျက်ဝမ်းလျှောရောဂါကို ကုသ ကာကွယ်မှု ပေးခဲ့သည်။ အကယ်၍ ခတ်ဆားထုပ် လွယ်လင့်တကူ ဝယ်ယူ၍ မရရှိပါကလည်း အိမ်သုံး ဆားနှင့် သကြားကို သတ်မှတ်ထားသည့် အချိုး အစား အတိုင်း ဖျော်တိုက်ရန် ပညာပေးခဲ့သည်။ အိမ်သာများ မသန့်ရှင်းခြင်း၊ ပတ်ဝန်းကျင် မသန့်ရှင်းခြင်း၊ တကိုယ်ရေသန့်ရှင်းမှုမရှိခြင်း၊ ရေလုံလောက်စွာ မရခြင်း၊ မိခင်နို့ မစို့ရပဲ နို့ဗူးသောက်စို့ရခြင်းတို့ကြောင့် ဝမ်းလျှော၊ ဝမ်းပျက်ခြင်း ဖြစ်ရသည်။ ထို့ကြောင့် ယင်း အခြေအနေများကို ဖယ်ရှားစေရန် အတွက်လည်း ပညာပေးမှုများကို ပြုလုပ်ခဲ့သည်။

### ကိုယ်ဝန်စောင့်ရှောက်ရေး

မွေးကင်းစကလေး အသေအပျောက်နှုန်း ကြီးမားခြင်းနှင့် မိခင် အသေအပျောက် ကြီးမားခြင်းတို့ကို လျှော့ချရေး အတွက်လည်း ကိုယ်ဝန်ဆောင် စောင့်ရှောက်ရေး လုပ်ငန်းများကို ကျယ်ပြန့်စွာ လုပ်ဆောင်ခဲ့သည်။

မြန်မာနိုင်ငံ၌ အသက် ၁၅ နှစ်မှ ၄၅ နှစ် အတွင်း ရှိသော အမျိုးသမီးငါးယောက်တွင် တယောက်သည် နှစ်စဉ် ကိုယ်ဝန်ဆောင်လျက်ရှိရာ သားပျက် သားလျှောနှုန်းသည် ကိုယ်ဝန်ဆောင်နိုင်သည့်အရွယ် အမျိုးသမီး ၁၀၀၀ တွင် ၄၀ သားပျက်လျက် ရှိသည်။ သားပျက်သားလျှောခြင်း၏ အကြောင်းရင်းမှာ ကလေးနီးခြင်း၊ အာဟာရချို့တဲ့ခြင်း၊ သံဓာတ်နည်း၍ သွေးအားနည်းခြင်း စသည်တို့ကြောင့် ဖြစ်သည်။ ထို့အပြင် တနှစ်အောက် ကလေး အသေအပျောက်နှုန်းသည် အရွှင်မွေးကလေး ၁၀၀၀ တွင် သေဆုံးမှုနှုန်းသည် ၈၀ မျှရှိသည်။ ဝမ်းပျက်၊ ဝမ်းလျှောခြင်း၊ အဆုတ်နှင့်ပတ်သက်သော ရောဂါများရှိခြင်း၊ ပေါင်ချိန်မပြည့်ခြင်း၊ မေးခိုင်ရောဂါ ရရှိခြင်းတို့ကြောင့် ထိုသို့ သေဆုံးရခြင်း ဖြစ်သည်။

ထိုကဲ့သို့ မိခင်နှင့်ကလေး သေဆုံးမှုနှုန်း မြင့်မားခြင်း

**ကာကွယ်ဆေးထိုးပေးခြင်းသည် ရင်သွေးငယ်၏ ကျန်းမာရေးအတွက် အလိုအပ်ဆုံးပင်ဖြစ်သည်။**





ရင်သွေးငယ်များတွင် ကူးစက်တတ်သောရောဂါရှိမရှိကို မျက်ခြည်မပြတ်စစ်ဆေးပေးရသည်။

ကို ကျဆင်းစေရန် ကိုယ်ဝန်စတင်ဆောင်စဉ်မှစ၍ ကိုယ်ဝန်ကို စနစ်တကျ စောင့်ရှောက်စေရန် ပညာပေးမှု လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ မိခင်နှင့် ကလေး သေပျောက်နှုန်း ကြီးမားခြင်းကို ကျဆင်းစေရန် မိခင်နှင့် ကလေး ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ၊ ကျောင်းကျန်းမာရေး လုပ်ငန်းများ၊ တိုးခဲ့ကာကွယ်ဆေး လုပ်ငန်းများကို ဆောင်ရွက်လျက် သား ဖွား ဆရာမနှင့် ကျန်းမာရေး ဆရာမများ၊ အရန် သားဖွား ဆရာမများ၊ သင်တန်းဆင်း အရပ်လက်သည်များကို တိုးခဲ့မွေးထုတ်၍ လုပ်ငန်းအရပ်ရပ်ကို ဆောင်ရွက်သွားရန် ဖြစ်သည်။


### အာဟာရဖွံ့ဖြိုးမှု လုပ်ငန်း

လူတဦး၏ ကျန်းမာရေး ဖွံ့ဖြိုးမှုသည် မိခင်ဝမ်းတွင်း သန္ဓေသားအရွယ်မှ စ၍ အခြေခံပေရာ ကိုယ်ဝန်ဆောင် ကာလမှစ၍ အာဟာရ ပြည့်ဝစွာ စားသောက်တတ်ရေး အတွက် ပညာပေး ဆောင်ရွက်လျက် ရှိသည်။ ထို့အပြင် နို့တိုက်မိခင်၊ နို့စို့ကလေးနှင့် သုံးနှစ်အောက် ရင်သွေးငယ်တို့၏ အာဟာရဖွံ့ဖြိုးရေးကိုလည်း ဦးတည်ဆောင်ရွက်ပေးလျက်ရှိသည်။

အာဟာရ ချို့တဲ့သည့် ကလေး အများဆုံး ရှိသည့် မြို့ဆင်ခြေဖုံး ကဲ့သို့သော နေရာများတွင် လူထု အာဟာရ ဖြည့်တင်းရေးဌာနများကို မြို့နယ် ကျန်းမာရေးအဖွဲ့များက ဖွင့်လှစ်ထားရှိခဲ့သည်။ မြန်မာနိုင်ငံ တဝန်းလုံးတွင် ၁၉၈၂ ခုနှစ်မှ ၁၉၈၆ ခုနှစ်အတွင်း အာဟာရဖြည့်တင်းရေးဌာန ပေါင်း ၉၀ ခန့်ကို ဖွင့်လှစ်ရန် စီစဉ်ထားသည်။ ထို့အပြင် ဆေးရုံ အာဟာရ ဖြည့်တင်းရေး ဌာနများကိုလည်း ပြည်နယ် တိုင်းရှိ ကုတင် ၁၀၀ အထက် ဆေးရုံကြီးများတွင် ကလေးအထူးကု သမားတော်များကိုထားရှိကာ ဖော်ပြပါ လေးနှစ်ကာလအတွင်း ၃၂ ဌာန ဖွင့်လှစ်ရန် ဆောင်ရွက် လျက် ရှိသည်။

အာဟာရဖြည့်တင်းရေးလုပ်ငန်းကို ဆောင်ရွက်ရာတွင် မိမိတို့ ဒေသတွင်ရှိသော အစားအစာများနှင့် အာဟာရ ပြည့်ဝအောင် စားအပ်ကြောင်း၊ အာဟာရချို့တဲ့စေသည့် အယူသည်းသော အတွေးအခေါ်များကို ဖျောက်သင့် ကြောင်း၊ ငွေကုန် ကြေးကျလည်း သက်သာ အာဟာရ

**ငါးနှစ်အောက်ရင်သွေးငယ်၏ ကျန်းမာဖွံ့ဖြိုးရေးအတွက် အဖြေရှာကုသပေးရသည်လည်းရှိသည်။**





ရင်သွေးငယ်များ၏မိုဖ်.ပြိုးမှုအတွက် ပြည့်ဆည်းပေးနိုင်ရန် အလေးချိန်နှင့်အရပ်ကို မှတ်တမ်းတင်ကြည့်ရသည်။

လည်းမျှတစွာ သုံးဆောင် သင့်ကြောင်းတို့ကို ပညာပေး ဆောင်ရွက်သည့်ပြင် လက်တွေ့လည်း အာဟာရကျွေးမွေး ပြသလျက်ရှိသည်။

ငါးနှစ်အောက် ရင်သွေးငယ်တို့အတွက် အာဟာရချို့ တဲ့မှုကို စောင့်ရှောက်ရာတွင် ကိုယ်အလေးချိန် တိုင်းတာ ခြင်း လုပ်ငန်းကိုပါ ဆောင်ရွက်သည်။ ထိုသို့ဆောင်ရွက် ရာတွင် မွေးစမှစ၍ ကလေး၏အလေးချိန်ကို သတ်မှတ် ထားသော အလေးချိန်ဇယားတွင် အလေးချိန် ထည့်သွင်း ထားပြီး ကလေးသည် အသက်ပိုင်းအလိုက် ရှိသင့်သည့် အလေးချိန်ကို မပြည့်မီလျှင်သော်လည်းကောင်း၊ အလေး ချိန် တန့်နေလျှင်သော်လည်းကောင်း အဖြေရှာ ကုသခြင်း ဖြင့် ကလေး၏ အာဟာရဖွံ့ဖြိုးမှုကို စောင့်ရှောက်သည်။

### ကာကွယ်ဆေးထိုး လုပ်ငန်း

ကလေးများတွင် ဖြစ်ပွား တတ်သော ဝက်သက်၊ ဆုံဆို့နာ၊ ကြက်ညှာချောင်းဆိုး၊ မေးခိုင်ရောဂါ၊ တီဘီ ရောဂါနှင့် သူငယ်နာ အကြောသေ ရောဂါများကို ကြို တင်ကာကွယ်၍ ရသည်။ ကလေးအားလုံး ကာကွယ်ဆေး ထိုးနိုင်ရေး ကို စနစ်တကျ ဆောင်ရွက် လျက် ရှိသည်။ ထို့အပြင် ကိုယ်ဝန်ဆောင် မိခင်များနှင့် တောင်သူလယ် သမားကြီးများအားလည်း မေးခိုင်ရောဂါ ကာကွယ်ဆေးကို စိမ်ချက်ချ၍ ထိုးနှံပေးသည်။

### ခြင်မှတဆင့် ကူးစက်သော ရောဂါများ

ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ဂျပန် ဦး နှောက်ရောင်ရောဂါ၊ဆင်ခြေထောက်ရောဂါ စသည်တို့သည် ခြင်မှတဆင့် ကူးစက်သောရောဂါများ ဖြစ်လေရာ ယင်းရော ဂါများ မဖြစ်ပွားရေးအတွက်လည်း ခြင်နှိမ်နင်းရေးလုပ်ငန်း များနှင့် ရောဂါကာကွယ်ရေး လုပ်ငန်းများကို ဆောင် ရွက်လျက်ရှိသည်။

### ပတ်ဝန်းကျင် သန့်ရှင်းရေး

ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ကာလဝမ်းရောဂါ၊ တိုက် ဖိုက်ရောဂါ၊ အသည်းရောင် အသားဝါရောဂါ၊ အရေပြား ရောဂါ၊ မျက်ခမ်းစပ်ရောဂါ၊ သန်ကောင်ရောဂါ၊ ဝမ်းကိုက် ရောဂါတို့သည် မသန့်ရှင်းသော ပတ်ဝန်းကျင် အခြေအနေ ကြောင့် စွဲကပ်တတ်သည်။

ရင်သွေး လူငယ်တို့၏ ကျန်းမာရေးအတွက်သာမက ပြည်သူ တရပ်လုံး၏ ကျန်းမာရေးကို ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင် သန့်ရှင်းရေးသည် အလွန်အရေးကြီးသည်။ ပတ်ဝန်းကျင် သန့်ရှင်းရေးကို ဆောင်ရွက်ရာတွင်–

–လုံလောက်သော ရေကောင်းရေသန့် ရရှိရေး၊

–လူမစင် အညစ်အကြေးများ သန့်ရှင်းစွာ စွန့်ပစ်ရေး၊

–အစားအစာ များ သန့်ရှင်း ကောင်းမွန် စေရေး တို့ သည် လိုအပ်ချက်များဖြစ်၍ ယင်းအချက်များ ပြည့်စုံ လာရေး အတွက်လည်း စိမ်ချက်ချ ဆောင်ရွက်သည်။


### ပြည်သူလူထု ပါဝင်ကူညီခြင်း

"ရင်သွေး ကျန်းမာ အနာဂတ် ချမ်း သာ" ဟူသော ဆောင်ပုဒ်နှင့်အညီ ၁၉၇၄ ခုနှစ်အတွင်း နိုင်ငံတော်သည် ကလေးသူငယ်တို့နှင့် တိုက်ရိုက်သက်ဆိုင်သော ကျန်းမာ ရေးလုပ်ငန်းများသာမက သွယ်ဝိုက်၍ ပတ်သက်နေသော ကျန်းမာရေး လုပ်ငန်းများကိုပါ ပြည်သူ့ကျန်းမာရေး စိမ် ချက်နှင့်အညီ ဆောင်ရွက်သည်။ ပြည်သူတို့ကလည်း မိမိ တို့၏ကျန်းမာရေး၊ ရင်သွေးငယ်များ၏ ကျန်းမာရေး ကို မျက်ခြည်မပြတ် ကြည့်ရှုစောင့်ကြပ်၍ အာဟာရပြည့်ဝစွာ ကျွေးမွေး ပြုစုခြင်း၊ ကာကွယ်ဆေးများ ထိုးပေးခြင်း၊ ကျောင်းကျန်းမာရေး လုပ်ငန်းအရပ်ရပ်တွင် ပါဝင်ခြင်း စသော ကျန်းမာရေး စိမ်ချက်ပါ ကလေးလူငယ် စောင့် ရှောက်ရေး လုပ်ငန်းများတွင် ပြည်သူတို့က အားတက် သရော ကူညီဆောင်ရွက်လျက်ရှိနေလေရာ ၁၉၇၄ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့၏ ဦးတည်ချက်များသည် မြန်မာ နိုင်ငံတွင် ရည်မှန်းချက်များအတိုင်း အောင်မြင်ထွန်း ပေါက်ခဲ့လေသည်။ ။

**ဒေါက်တာ တင်ဦး(ကလေးဆေးရုံကြီး)**



ဟယ်လီ ကြယ်တံခွန်၏အမြီး(၁၉၁၀) ခုနှစ်



ဟယ်လီ ကြယ်တံခွန်



အက်ဒမန်တန်ဥက္ကာခဲ



ဖင်းစလား ကြယ်တံခွန်




ဂရန်စ်ဥက္ကာခဲ



တီးဂျစ်ဥက္ကာခဲ



ကန်နင်ဂမ် ကြယ်တံခွန်




မိုးဟောက်စ် ကြယ်တံခွန်

# ကြယ်တံခွန်များ၊ ဥက္ကာများ

ကြယ်တံခွန်များကို လွန်ခဲ့သည့် ခေတ်အဆက်ဆက် နှစ်ပေါင်း နှစ်ထောင်ကျော်ကပင် တွေ့ရှိ မှတ်တမ်း တင်ခဲ့ကြသည်။ သို့သော် နှစ်ပေါင်းနှစ်ထောင်ခန့်အထိ ကြယ်တံခွန်များသည် သိပ္ပံပညာရှင်များအား အမျိုးမျိုး လှည့်စား၍ စိန်ခေါ်ခဲ့ကြသည်။ ပေါ်ချင်သည့် အခါတွင် ကောင်းကင်ယံ၌ ဘွားကနဲပေါ်လာပြီး ရက်အနည်းငယ် အတွင်း ကွယ်ပျောက်သွားလေ့ရှိသည်။ အချို့ကြယ်တံခွန်များသည် အချိန်တန်က တဖန်ပြန်ပေါ်လာတတ်ပြီး အချို့သည် လုံးဝ ပြန်ပေါ်မလာတော့ချေ။ အချို့ကြယ်တံခွန်များသည် ပြန်ပေါ်လာသည် ဆိုသော်လည်း ယခင် ပုံသဏ္ဌာန်နှင့် လုံးဝမတူသည်လည်းရှိသည်။ နက္ခတ်ပညာရှင်များသည် ဂြိုဟ်၊ နက္ခတ်တာရာ များအတွက် လက်ခံနိုင်လောက်သည့် သီအိုရီနှင့် အဖြေရှာနိုင်ခဲ့ကြသော်လည်း ကြယ်တံခွန်နှင့် ပတ်သက်၍မူ မည်သူမျှ တိကျသည့် အဖြေကို ဖော်ထုတ်နိုင်စွမ်း မရှိကြချေ။

သို့သော် လူသားများကမူ ကြယ်တံခွန်များ၊ ဥက္ကာများ ပေါ်လာသည်ဆိုသည်နှင့် မကောင်းသော နိမိတ်၊ မကောင်းသော အတိတ်လက္ခဏာဟု ယူဆကြသည်။ စစ်မက်ဘေး၊ အစာငတ်မွတ်ခေါင်းပါးသည့်ဘေး၊ ရောဂါဘေး၊ ရေဘေး၊ လေဘေး၊ မြေငလျင် ဘေးသာမကမင်းပြောင်းမင်းလဲ ဖြစ်တော့မည်ဟုပင် ယူဆခဲ့ကြသည်။




ကြယ်တံခွန်၏အစိတ်အပိုင်းများ

## အတိတ်က ကြယ်တံခွန်များ

ကမ္ဘာ့သမိုင်းတွင် ထူးထူးခြားခြား မြင်တွေ့ခဲ့ရသည့် ကြယ်တံခွန်ကြီးများကို ရှေးက မှတ် တမ်းတင် ထား ခဲ့ကြသည်။

- ခရစ်တော်မပေါ်မီ ဘီစီ ၃၄၄ ခုနှစ်တွင် ကြယ်တံခွန်ကြီးတခုကို မီးတုတ်ကြီးသဖွယ် ထူးဆန်းအံ့သြဖွယ်ရာ တွေ့ရှိခဲ့ကြသည်။ ဘီစီ ၁၄၆ ခုနှစ်တွင် ကြယ်တံခွန်ကြီး၏ မိုးကုပ်စက်ဝိုင်းမှ ဦးခေါင်းထိပ် (မွန်းတည့်)အထိ အမြီးတန်းသည်ကို တွေ့ရသည်။
- ဘီစီ ၄၄ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် ရောမဘုရင် ဂျူးလီးယက်ဆီဇာ လုပ်ကြံသတ်ဖြတ် ခံခဲ့ရသည်။ လုပ်ကြံခံရပြီး နောက်နေ့စမှ၍ နေ့ဝင်ပြီးချိန်နှင့် နေမထွက်မီအချိန်များတွင် ရောမသားတို့သည် ကြယ်တံခွန်ကြီးတခုကို ခုနစ်ရက်တိုင်တိုင် ထင်ထင်ရှားရှား မြင်ကြရသည်။ ရောမသားတို့က ဂျူးလီးယက်ဆီဇာသည် ကြီးကျယ်မြင့်မြတ်သော ဘုရင်ဖြစ်၍ ကောင်းကင်ဘုံ၌ နတ် သား အဖြစ် ကောင်းရာမွန်ရာ ရောက်ရှိသွားခြင်းကြောင့် တန်ခိုးပြသည်ဟု ယူဆခဲ့ကြသည်။
- ဘီစီ ၃ ခုနှစ်တွင် ခရစ်တော် မဖွားမီအချိန်၌ ကြယ်တံခွန်ကြီးတခုကို ဂျူဒီယာမြို့မှ မြင်ရသည်။


- ခရစ် ၄၅၁ ခုနှစ်တွင် အီတလီပြည်သို့ အက်တီလာ သဟန်းဘုရင် ဝင်ရောက်တိုက်ခိုက်ချိန်တွင် ကြယ်တံခွန်ကြီးတခု မြင်ရသည်။
- ခရစ် ၁၀၆၆ ခုနှစ်တွင် အင်္ဂလန်ပြည်၌ နော်မန်ဒီမြို့စား ဝီလျံသည် နော်မန်များနှင့် ဟေစတင်စစ်ပွဲဆင်နွှဲရာ ထိုနေ့ညနေပိုင်းတွင် ကြယ်တံခွန်ကြီးတခု ပေါ်လာသည်။ ယင်းမြင်ကွင်းကို ပြင်သစ်နိုင်ငံ အာယုမြို့မှ ပိတ်ကားတွင် ပန်းချီရေးဆွဲ မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။
- ခရစ် ၁၄၅၆ ခုနှစ်တွင် တူရကီ စစ်သား များကွန်စတင်တီနိုပိုမြို့ကို သိမ်းယူတိုက်ခိုက်ချိန်တွင် ကြယ်တံခွန်ကြီးတခု တွေ့ရသည်။ တရုတ်ပြည်ရှိ သမိုင်းပညာရှင်များ၏မှတ်တမ်းတွင် ဤကြယ်တံခွန်ကြီး၏ ဦးခေါင်းပိုင်းသည် ဝင်းလက်နေ၍ ကျဲရိုင်း တကောင်၏ မျက်လုံးကြီးနှင့်တူပြီး အမြီးပိုင်းမှာ ဥဒေါင်းမြီးကဲ့သို့ လှပသည်။ ၆၀ ဒီဂရီအထိ အမြီးတန်းကြီး ဖြာထွက်လျက်ရှိသည်ဟု ဖော်ပြထားသည်။
- ခရစ် ၁၅၇၇ ခုနှစ်၊ ၁၆၈၂ ခုနှစ်၊ ၁၇၅၈ ခုနှစ်၊ ၁၈၃၅ ခုနှစ်နှင့် ၁၉၁၀ ပြည့်နှစ်များတွင် ကြယ်တံခွန်ကြီးများ ပေါ်သည်ကို တကမ္ဘာလုံး မှပင်ထင်ရှားစွာ တွေ့မြင်ကြရသည်။ ဥရောပ ပညာရှင်များ၏ မှတ်တမ်းများတွင်သာမက တရုတ်၊ ဂျပန် ပညာရှင်များ၏ မှတ်တမ်းများတွင်လည်း တွေ့ရှိမှတ်သားထားကြသည်။
- မြန်မာ့သမိုင်းတွင်လည်း ပုဂံပြည် စတင်ထူထောင်သည့် သမုဒ္ဒရာဇ်မင်းလက်ထက် အေဒီ ၁၅၂ ခုနှစ်၊ စုဏ္ဏတေးမင်းလက်ထက် အေဒီ ၁၀၁၇ ခုနှစ်၊ အင်းဝဘုရင်မင်းခေါင်လက်ထက် အေဒီ ၁၅၀၂ ခုနှစ်၊ အနောက်ဘက်လွန်မင်းတရားကြီးလက်ထက် အေဒီ ၁၆၀၉ ခုနှစ်၊ သာလွန်မင်းတရားကြီး လက်ထက် အေဒီ ၁၆၃၀ ပြည့်နှစ်၊ မင်းရဲနန္ဒမိတ်လက်ထက် အေဒီ ၁၆၆၀ ပြည့်နှစ်၊ ရွှေဘိုမင်းလက်ထက် ၁၈၄၆ ခုနှစ်၊မင်းတုန်းမင်းလက်ထက် အေဒီ ၁၈၆၇ ခုနှစ်နှင့် ၁၈၇၈ နှစ်များတွင် ကြယ်တံခွန် သို့မဟုတ် ဥက္ကာပျံများ တွေ့ရှိခဲ့ကြကြောင်း နန်းသုံးပုရပိုက်များတွင် မှတ်တမ်းတင်ခဲ့ကြသည်။


## ကြယ်တံခွန်ဆိုသည်မှာ

ကြယ်တံခွန်ဆိုသည်မှာ အာကာသအတွင်း၌ တည်ရှိ၍ တိကျသည့် ပုံသဏ္ဌာန်ရှိသော ရုပ်ဝတ္ထုများဖြစ်သည်။ ကြယ်တံခွန်ကို အင်္ဂလိပ်ဘာသာဖြင့် ကောမက်ဟု ခေါ်သည်။ ကောမက်သည် ဂရိဘာသာမှ ဆင်းသက်လာသော စကားဖြစ်၍ ဆံရှည်ကြယ်ဟု အဓိပ္ပာယ်ရသည်။ အခါအားလျော်စွာ ထူးထူးခြားခြား တွေ့မြင်ရသည့် ကြယ်တံခွန်များတွင် တောက်ပသည့် ကိုမာခေါ် ဦးခေါင်းပိုင်း၊ နယူကလီယခေါ် အတွင်းပိုင်းနှင့် အမြီးပိုင်းဟူ၍ သုံးပိုင်းရှိသည်။

**ဦးခေါင်းပိုင်း** – ဦးခေါင်းပိုင်းသည် စက်ဝန်းသဏ္ဌာန် ခပ်ဝိုင်းဝိုင်းရှိ၍ အချင်းသည် မိုင်ပေါင်း တသောင်းမှ တသန်းအထိ ရှိသည်။ ကြယ်တံခွန် ဦးခေါင်းသည် နေနှင့်

ချက်လူမျိုး နက္ခတ္တဗေဒပညာရှင်
လူးဘော့ရှ် ကိုဟူးတက်





မောင့်ပလိုးမားနက္ခတ်ဗျော်စင်မှ အချင်းလက်မ ၂၀၀ ရှိမှန်ပြောင်း

အနိုးဆုံး အချိန်တွင် အကြီးဆုံး မြင်တွေ့ရပြီး နေနှင့်ဝေးလေလေ အချင်းငယ်သွားလေလေ ဖြစ်သည်။ ဦးခေါင်းပိုင်းသည် အလွန်တောက်ပသည့် အပိုင်း ဖြစ်သည်။ တခါတရံ ဦးခေါင်းပိုင်းအပြင်ဘက်၌ ထီးဆောင်းနေဟန် အလင်းဝိုင်းကို တွေ့ရသည်။ ထိုအလင်းဝိုင်းသည် ဟိုက်ဒရိုဂျင် ဓာတ်ငွေ့များကြောင့် ဖြစ်သည်။

**နယူကလီယခေါ် အတွင်းပိုင်း** – ဦးခေါင်းပိုင်း အလယ်တည့်တည့်တွင် အလွန်လင်းရှ် တောက်ပနေသည့် ကြယ်ကလေးသဏ္ဌာန်ကိုတွေ့ရသည်။ ဤအတွင်းပိုင်းကို နယူကလီယ အပိုင်းဟု ခေါ်ကြသည်။ အခြို ကြယ်တံခွန်များတွင် နယူကလီယ အပိုင်းကို မတွေ့မြင်ကြရချေ။ နယူကလီယ၏ အချင်းသည် မိုင် ၁၀၀ ပင် မရှိတတ်ချေ။ ဒိုနားတီးကြယ်တံခွန် (၁၈၇၈) တွင် နယူကလီယသည် အချင်း ၇၅ မိုင် ရှိရှ ကိုဟူးတက်ကြယ်တံခွန် (၁၉၇၃)၏ အချင်းသည် ၂၅ မိုင်သာ ရှိသည်။ ကြယ်တံခွန် အတော်များများတွင် နယူကလီယကို တွေ့ကြရသည်။

**အမြီးပိုင်း** – အမြီးပိုင်းသည် ကြည့်ရှုရ မငြီးအောင် အလွန်လှပသည့် အပိုင်းဖြစ်သည်။ တခါတရံ စက်ရုံ မီးခိုးခေါင်းတိုင်မှ မီးခိုးတန်းကြီးသဖွယ် ရှည်လျားစွာ တွေ့ရသည်။ အမြီးတန်းသည် နေမှဝေးရာဘက်သို့လှည့်၍ အမြဲသွယ်တန်းနေသည်ကို တွေ့ကြရသည်။ ကြယ်တံခွန်သည် နေနှင့် အနီးဆုံးနေရာသို့ ရောက်ရှိချိန်တွင် အမြီးပိုင်းကို အရှည်လျားဆုံး တွေ့ရသည်။ ဤကဲ့သို့ အမြီးပိုင်းသည် အမြဲတမ်း နေကို ဆန့်ကျင်လျက်ရှိကြောင်းကို သိပ္ပံပညာရှင် ပီတာ အေပီယင် ဆိုသူက ၁၅၃၁ ခုနှစ်တွင် မှန်ကန်ကြောင်း သခ်ၤာနည်းဖြင့် တွက်ချက်ပြသခဲ့သည်။

### ရွှေလျားပုံများ

နေစကြဝဠာအတွင်း လည်ပတ်နေကြသော ကြယ်တံခွန်များသည် အီလစ်ခေါ် ဘဲဥပုံသဏ္ဌာန် သို့မဟုတ် ပရာဗလာ သို့မဟုတ် ဟိုက်ပါဗလာပုံသဏ္ဌာန် လည်ပတ်ကြသည်။ အီလစ်ပုံသဏ္ဌာန် လည်ပတ်ကြသော ကြယ်တံခွန်များသည် လည်ပတ်ချိန်တို့၌ ပရာဗလာ သို့မဟုတ် ဟိုက်ပါဗလာ လမ်းကြောင်းသွား ကြယ် တံခွန် များ၏ လည်ပတ်ချိန်မှာအလွန်ကြာသည်။ အချိန် အတိုဆုံး ကြယ်တံခွန်သည် အင်ကေးကြယ်တံခွန်ဖြစ်၍ နေကို တပတ်ပတ်မိရန် သုံးနှစ်ကြာသည်။ အခြို ကြယ်တံခွန်များသည် တပတ်ပတ်မိရန် နှစ်ပေါင်းထောင်ချီ၍ ကြာမြင့်သည်။

အခြို့ကြယ်တံခွန်များသည် နေစကြဝဠာရှိ ဂြိုဟ်ကြီးများ တဝိုက်နှင့် နေကို လှည့်ပတ်နေကြသည်။ ထင်ရှားစွာ မြင်ရသော ကြယ်ဘံခွန်ကြီးမှာ စုစုပေါင်း ၅၀ ခန့်သာရှိသည်။ အခြို့ကြယ်တံခွန်များသည် နေကို တပတ်ပတ်ရန် နှစ်ပေါင်း တရာကျော်ကြာသည်။ ထို့ကြောင့် ကြယ်တံခွန်

ကြီး တခုကို မြင်ရန် အခွင့်အရေးသည် တသက်တခါ ကြုံရသည့် အခွင့်အရေးပင် ဖြစ်သည်။

## ကြယ်တံခွန်အမျိုးမျိုး


ကြယ်တံခွန်များကို လေ့လာမှတ်သားကြရာတွင် အမြီးနှစ်ခု ကြယ်တံခွန်၊ ယပ်တောင် ပုံသဏ္ဌာန် ကြယ်တံခွန်၊ ဒေါင်းမြီးပုံသဏ္ဌာန် ကြယ်တံခွန်၊ မီးရှူးတိုင်ကဲ့သို့သော ကြယ်တံခွန်၊ အထုံး ရှစ်ထုံးပါသော ကြယ်တံခွန်၊ အမြီးမပါသော ကြယ်တံခွန်၊ နေ့အခါပင် မြင်ရသော ကြယ်တံခွန် စသည်ဖြင့် ပုံသဏ္ဌာန်အမျိုးမျိုးနှင့် တွေ့ကြရသည်။ အချို့ ကြယ်တံခွန်များသည် တချိန်နှင့်တချိန် မတူပဲ ပုံသဏ္ဌာန် အမျိုးမျိုးပြောင်းလဲကြသည်။ အချို့မှာ တကြိမ်နှင့်တကြိမ် ပို၍သာ မှေးမှိန်လာပြီး နောက်ဆုံး ကွယ်ပျောက်သွားကြသည်လည်း ရှိသည်။ အချို့ကြယ်တံခွန်များ၏ အမြီးပိုင်းသည် ထူးထူးခြားခြားရှည်လျားရုံ အချို့ကို ကိုးလတိုင်တိုင် အချိန်ကြာမြင့်စွာ တွေ့မြင်ကြရသည်။ အချို့နှစ်များတွင် ထူးထူးခြားခြား တနှစ်အတွင်း ကြယ်တံခွန်ပေါင်း တဒါဇင် ခန့် တွေ့ကြရသည်။ သေးငယ်သည့် ကြယ်တံခွန်များကိုမူ နက္ခတ်တာရာကြည့် မှန်ပြောင်းဖြင့် ကြည့်မှသာ မြင်တွေ့ရသည်။

## ဟယ်လီကြယ်တံခွန်

ဆန်းသစ်လာသော ခေတ်ဦးပိုင်းတွင် ပီတာ အေပီယင် ဆိုသူ သိပ္ပံပညာရှင်က ကြယ်တံခွန်တို့၏ အမြီးများသည် နေ၏ ဓဝဲရာဘက်သို့ သွယ်တန်း နေကြောင်း ၁၅၁၁ ခုနှစ်တွင် သခ်ၤာနည်းဖြင့်တွက်ချက်ပြသခဲ့ပြီးနောက် ၁၅၃၇ ခုနှစ်တွင် ဒိန်းမတ် သိပ္ပံပညာရှင် တိုင်ကိုဗရာဟေ (၁၅၄၆–၁၆၀၁) ဆိုသူက ကြယ်တံခွန်များသည် နေစကြဝဠာတွင် ပါဝင်၍ ဂြိုဟ် ကြီးများကို လှည့်ပတ်နေကြောင်း ပြသခဲ့သည်။ ၁၆၈၀ ပြည့်နှစ်တွင် ဆာ အိုက်ဆက် နယူတန် (၁၆၅၆–၁၇၂၇) က ဆွဲအား နိယာမဖြင့် တွက်ချက်၍ ကြယ်တံခွန်များသည် ပရာဗလာ လမ်းကြောင်းအတိုင်း လည်ပတ်နေကြောင်း ရှင်းလင်းပြသည်။ ၁၆၈၂ ခုနှစ်တွင် ထူးခြားသည့် ကြယ်တံခွန်ကြီး တခုကို မြင်တွေ့ကြရသည်။

ထိုအချိန်တွင် ဆာ အိုက်ဆက် နယူတန်နှင့် ခင်မင်ရင်းနှီးသူ အင်္ဂလိပ်လူမျိုး သိပ္ပံပညာရှင် အက်ဒမန် ဟယ်လီ (၁၆၅၆–၁၇၄၂) ဆိုသူက ယခင်က သိပ္ပံပညာရှင် ပီတာ အေပီယင် တွက်ချက်ပြသသွားသော ၁၅၃၁ ခုနှစ် ကြယ်တံခွန်ကြီးနှင့် ဂျာမန် နက္ခတ်ပညာရှင် ဂျိုးနက်စ် ကက်ပလာ (၁၅၇၁–၁၆၃၀) နှင့် လွန်ဂိုမွန်တေးနပ်စ် ဆိုသူတို့ တွက်ချက် ပြသခဲ့သော ၁၆၀၇ ခုနှစ် ကြယ်တံခွန်ကြီးများကို နယူတန်၏ ဆွဲအားနိယာမဖြင့် ပြန်လည် တွက်ချက်ကြည့်သည်။ နေပတ်လမ်းကြောင်းတွင် လည်ပတ် ချိန်


၁၉၁၀ ပြည့်နှစ်မေလ ၄ ရက်နေ့တွင် တွေ့မြင်ခဲ့ရသော ဟယ်လီကြယ်တံခွန်



များကို တွက်ချက်ကြည့်ရာ ၁၅၁၁ ခုနှစ် ကြယ်တံခွန်၊ ၁၆၀၇ ခုနှစ် ကြယ်တံခွန်နှင့် ၁၆၈၂ ခုနှစ် ကြယ်တံခွန်တို့၏ လည်ပတ်ချိန်နှင့် လမ်းကြောင်းသည် တူညီနေသဖြင့် ၁၇၅၈ ခုနှစ်တွင် တပတ်ပြန်လည်လာမည်ဖြစ်၍ တကမ္ဘာလုံးမှမြင် တွေ့ရမည်ဟု ၁၇၀၅ ခုနှစ်တွင် ၅၃ နှစ် ကြိုတင်၍ ဟောကိန်း ထုတ်ခဲ့သည်။ သို့သော် ဟယ်လီသည် ၁၉၄၂ ခုနှစ်တွင် ၁၆ နှစ်စောရ၍ အသက် ၈၅ နှစ်အရွယ်၌ ကွယ်လွန်ခဲ့သဖြင့် မိမိဟောကိန်း မှန်ကန်ကြောင်းကို သူကိုယ်တိုင်မတွေ့လိုက်ရချေ။ ဟယ်လီကွယ်လွန်ပြီး သိပ္ပံလောကတွင် ပြဿနာတခု အကြီးအကျယ် ပေါ်ပေါက်လာသည်။ အခြို့ ထင်ရှားသည့် သိပ္ပံပညာရှင် အကျော်အမော်များက ၁၇၅၈ အစား ၁၇၅၉ ခုနှစ်မှ တွေ့ရမည်ဟု တွက်ချက်ရရှိ၍ အငြင်းပွားကြသည်။ သို့သော် ၁၇၅၈ ခုနှစ် ခရစ်စမတ်နေ့မှာပင် ကြယ်တံခွန်ကြီးကို တကမ္ဘာလုံးမှ ထင်ထင်ရှားရှား မြင်တွေ့ကြရ၍ ဟယ်လီကြယ်တံခွန်ဟု အက်ဒမန် ဟယ်လီအား ဂုဏ်ပြုခေါ် ဆိုကြသည်။ ဟယ်လီကြယ်တံခွန်သည် ၇၅ နှစ် သို့မဟုတ် ၇၆ နှစ်တွင် တပတ်နေပတ်လမ်းကြောင်းကို ပုံမှန် ပတ်ရန် အချိန်ယူသောကြောင့် ၁၈၅၅ ခုနှစ်တွင် တကြိမ်၊ ၁၉၁၀ ပြည့်နှစ် မေလတွင်တကြိမ် ထပ်မံတွေ့ရှိကြရသည်။ ၁၉၁၀ ပြည့်နှစ် ဟယ်လီကြယ်တံခွန်ကို အာဖရိကတိုက်မှ နေ့အခါ၌ပင် မြင်ကြရသည်။ ဟယ်လီ ကြယ်တံခွန်ကို တရုတ်မှတ်တမ်းများ၊ ဂျပန်မှတ်တမ်းများနှင့် ဥရောပ မှတ်တမ်းများတွင် နောက်ကြောင်းပြန်၍ ရှာဖွေဆန်းစစ်ကြည့်ရာ ဘီစီ ၂၄၀ အထိ မှတ်တမ်းများ တွေ့ကြရသည်။ မှတ်တမ်း မတွေ့ရသည့်နှစ်မှာ ဘီစီ ၁၆၃ တွင် ဖြစ်သည်။ ယခုလာမည့် ၁၉၈၆ ခုနှစ်သည် ဟယ်လီကြယ်တံခွန်ကြီး တပတ်ပြန်လည်လာမည့်နှစ်ဖြစ်၍ တကမ္ဘာလုံးမှ ထင်ရှားစွာ မြင်တွေ့ကြရပေဦးမည်။

ကမ္ဘာပေါ်တွင် ဟယ်လီကြယ်တံခွန်ကို နှစ်ကြိမ် မြင်တွေ့ရသူများမှာ အလွန်ပင် ထူးခြားသောသူ၊ ကုသိုလ်ကံထူးသောသူများဟုပင် ခေါ်ဆိုထိုက်ပေသည်။ နာမည်ကျော် အမေရိကန် စာရေးဆရာကြီး အယ် ကလီးမင်းသည် ၁၈၃၅ ခုနှစ် ဟယ်လီကြယ်တံခွန်ပေါ်သည့်နှစ်တွင် မွေးဖွားခဲ့သူဖြစ်၍ ၁၉၁၀ ပြည့်နှစ်တွင် ပြန်ပေါ်လာမည့် ဟယ်လီကြယ်တံခွန်ကို မိမိကိုယ်တိုင် ကြည့်ရှုရပြီးမှသာ သေလိုသည်ဟု ဆန္ဒပြုခဲ့သည်။ ထိုနှစ်တွင် ဟယ်လီကြယ်တံခွန်သည် မေလအတွင်း နေနှင့်အနီးဆုံးနေရာသို့ ရောက်ရှိပြီး ကွယ်ပျောက်ပြီးချိန်တွင် ကလီးမင်းလည်း ကွယ်လွန်သွားခဲ့သဖြင့် သူ၏ဆန္ဒ ပြည့်ဝသွားခဲ့သည်။

၁၀၆၆ ခုနှစ် ဟေစတင်တိုက်ပွဲမစမီက မြင်တွေ့ရသော ကြယ်တံခွန်ကြီးသည်လည်း ဟယ်လီကြယ်တံခွန်ကြီးပင်ဖြစ်ကြောင်း တွေ့ရှိရသည်။



၁၉၇၀ ပြည့်နှစ် မတ်လ ၆ ရက်နေ့တွင် တွေ့မြင်ခဲ့ရသော ဘဲနက်ကြယ်တံခွန်

သိပ္ပံပညာရှင်များ တွက် ချက် ကြည့် ရာ တွင် ဟယ်လီကြယ်တံခွန်သည် နေစကြဝဠာအတွင်း နေနှင့် နက်ပက်လန်းဂြိုဟ်အနီးတဝိုက်တွင် ဘဲဥပုံသဏ္ဌာန် လည် ပတ် နေ သော ကြယ်တံခွန်တခုဖြစ်ကြောင်း တွေ့ရသည်။

ဟယ်လီကြယ်တံခွန်ကို စာရေးဆရာကြီး ဝီလျံ ရှိတ်စပီးယားကလည်း ၁၆၀၇ ခုနှစ်တွင် မြင် တွေ့ ခဲ့ ရ ကြောင်း ကို သူ၏ စာပေများဖြစ်သည့် စတုတ္ထမြောက်ဟင်နရီဘုရင်နှင့် ဆဋ္ဌမမြောက် ဟင်နရီဘုရင်ပြဇာတ်များတွင် ရေးသားဖော်ပြထားသည်။

ဟယ်လီကြယ်တံခွန်ကို ၁၉၁၀ ပြည့်နှစ်တွင် တကမ္ဘာလုံးမှပင် နက္ခတ်တာရာကြည့် မှန်ပြောင်းများဖြင့်ကြည့်ရှု၍ ဓာတ်ပုံများရိုက်ယူကာ အသေးစိတ် လေ့လာခဲ့ကြသည်။ ယင်းမှတ်တမ်းများအရ ၁၉၁၀ ပြည့်တွင် ဟယ်လီ ကြယ်တံခွန်ကို လိုဝဲလ်မျော်စင်မှ ကြည့်ရှုရာတွင် ကြယ်တံခွန်၏ အလင်းတန်းသည် မိုင်သန်းပေါင်း လေးဆယ် ရှည်လျားသည်ကို တွေ့ရသည်။ ယခုလာမည့် ၁၉၈၆ ခုနှစ်တွင် ဟယ်လီကြယ်တံခွန်ကို အောက်ပါ ခေတ်မီသိပ္ပံနည်းများဖြင့် လေ့လာစူးစမ်းကြမည် ဖြစ်သည်။

ကမ္ဘာပေါ်ရှိ နက္ခတ်မျော်စင်များအားလုံးမှ နက္ခတ်ကြည့် မှန်ပြောင်းများဖြင့်ချိန်၍ ဓာတ်ပုံများရိုက်ယူ လေ့လာကြမည်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ် မောင့် ပလိုးမားမျော်စင်မှ အချင်းလက်မ ၂၀၀ ရှိ မှန်ပြောင်း၊ မောင့် ဝီ လ ဆင် မှ အချင်းလက်မ ၁၀၀ ရှိ မှန်ပြောင်း၊ ချီကာကိုတက္ကသိုလ် ယာ့စ် နက္ခတ်မျော်စင်မှ အချင်းလက်မ ၄၀ ရှိ မှန်ပြောင်း၊ လစ်မျော်စင်မှ အချင်း ၃၆ လက်မရှိ မှန်ပြောင်း၊ ဟမ်းဘတ်တက္ကသိုလ်မှ

အချင်း ၃၂ လက်မရှိ မှန်ပြောင်း၊ ဂရင်းဝစ် နက္ခတ် မျော်စင်၊ ဆစ်ဒနီမျော်စင်နှင့် ကမ္ဘာအရပ်ရပ်ရှိ နက္ခတ်မျော်စင်များမှ မှန်ပြောင်းဖြင့် လေ့လာကြမည် ဖြစ်သည်။

အခြားနည်းလမ်းများမှာ ရေဒီယို တယ်လီစကုပ်ခေါ် ရေဒီယိုလှိုင်းဖြင့် အသံများကိုလေ့လာခြင်းနှင့် စပက်ထရို စကုပ်ခေါ် ကိရိယာဖြင့် ကြယ်တံခွန်မှ ရောင်စဉ်များကို ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း ဖြစ်သည်။

ယခု အာကာသ သိပ္ပံခေတ်တွင် အထူးကင်မရာများ တပ်ဆင်ထားသော ကမ္ဘာပတ် ဂြိုဟ်တုများ၊ ဆက်သွယ်ရေး ဂြိုဟ်တုများနှင့် အာကာသယာဉ်များပစ်လွှတ်၍လည်း ကောင်း၊ လက်ရှိလည်ပတ်နေသော အာကာသယာဉ်များကို မြေပြင်မှ ထိန်းချုပ်အမိန့်ပေး၍လည်းကောင်း လေ့လာနိုင်မည်ဖြစ်ရကား ၁၉၇၆ ခုနှစ်တွင် တပတ်ပြန်လာမည့် ဟယ်လီကြယ်တံခွန်ကြီး၏ လျှို့ဝှက်ချက်များကို ပိုမိုဖော်ထုတ်နိုင်တော့မည် ဖြစ်လေသည်။

## ဥက္ကာများ


ညသန်းခေါင်ယံအချိန်တွင် ကောင်းကင်ကို ကြည့်လျှင် တခါတရံ အလင်းဟန်းများ ဖြတ်သန်းသွားသည်ကို လည်းကောင်း၊ မြေပြင်ပေါ်သို့ လျှင်မြန်စွာ ကျလာသည်ကို လည်းကောင်း တွေ့ရတတ်သည်။ ယင်းကို ကြယ်ကြွေသည်ဟု ဆိုကြသည်။ အမှန်အားဖြင့် စကြဝဠာအတွင်းရှိ ကြယ်များ ကြွေကျခြင်း မဟုတ်ချေ။ ပညာရှင်အများ ယူဆထားကြသည်မှာ ကြယ် တံခွန် များသည် နေ စကြဝဠာ အတွင်း၌ နေကို လှည့်ပတ်နေရာမှ နေနှင့် အနီးဆုံး ရောက်သောအခါတွင် အစိတ်စိတ်အမြှာမြှာ ကွဲထွက်ကြသည်။ ထိုသို့ကွဲထွက်ရာမှ အစအနအချို့သည် ကမ္ဘာလေထုအတွင်း ဝင်ရောက်ကာ အလင်းတန်းများ ထွက်ပေါ်ပြီး ကမ္ဘာမြေပြင်အထက်တွင် ပျောက်ကွယ် သွားလေ့ရှိသည်။ ညအခါ၌ မြင်ရသော အလင်းတန်းများသည် ကမ္ဘာ့လေထုနှင့် ပွတ်တိုက်၍ မီးလောင်ကျွမ်းပြီး ကျဆင်းလာသော ဥက္ကာများပင် ဖြစ်သည်။ ကမ္ဘာ့လေထုထဲသို့ ဝင်ရောက်လာသော ဥက္ကာအရေအတွက်မှာ တနေ့လျှင် ဆယ်သန်းခန့်ပင် ရှိမည်ဟု နက္ခတ်ပညာရှင်များက ခန့်မှန်းကြသည်။

ဥက္ကာအများစုသည် ကမ္ဘာမြေသို့ မရောက်မီပင် မီးလောင်ကျွမ်းသွားကြသော်လည်း အချို့ ကြီးမား သော ဥက္ကာတို့သည် အားလုံးမလောင်ကျွမ်းမီ မြေပြင်ပေါ် သို့ အစိုင်အခဲ အလိုက် ကျရောက်တတ်သည်။ ကျိုသို့သော အစိုင်အခဲများကို ဥက္ကာခဲဟု ခေါ်သည်။ ယင်းတို့သည် မြေပြင်နှင့် ပြင်းထန်စွာ တိုက်မိသောအခါ ချိုင့်ဝှမ်းများ ဖြစ်ပေါ် စေသည်။

တန်ချိန်ပေါင်း များစွာ လေးသော ဥက္ကာခဲများကို အချို့တိုင်းပြည်များရှိ ပြတိုက်များတွင် ပြသထားသည်။ အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ ဟေဒင် နက္ခတ်

**အမေရိကန်နိုင်ငံ အရိုင်းနားပြည်နယ်ရှိ ဥက္ကာချိုင့်ဝှမ်းကြီး**





နယူးယောက်မြို့ ဟေဒင်နက္ခတ္တပြတိုက်ရှိ ၃၆ တန်လေးသော ကမ္ဘာ့ဒုတိယအကြီးဆုံးသံဥက္ကာတုံးကြီး

တာရာပြတိုက်တွင် ပြသထားသော ၃၆ တန် လေးသည့် ဥက္ကာခဲကြီးသည် ဂရင်းလန်ကျွန်းမှ ယူဆောင်လာသည့် ဥက္ကာခဲကြီးဖြစ်သည်။ အလားတူ တန်ချိန် ၅၀ လေးသည့် ဥက္ကာခဲကြီးတခုကိုလည်း အာဖရိကတိုက်တွင် တွေ့ရှိရသည်။ အမေရိကန် ပြည်ထောင်စု အယ်ရီဇိုးနားပြည်နယ် မြောက်ပိုင်းတွင် ဥက္ကာခဲကြီးတခုကျခဲ့သဖြင့် အချင်း ခြောက်ဖာလုံခန့်ရှိပြီး အနက် ပေ ၆၀၀ ခန့်ရှိသည့် တွင်းကြီးတခု ဖြစ်ပေါ်နေသည်ကို တွေ့ရသည်။ ၁၉၀၈ ခုနှစ်တွင် ဆိုဗီယက် နိုင်ငံ ဆိုက်ဗီးရီးယားဒေသ၌ အလွန်ကြီးမားသည့်ဥက္ကာခဲကြီးတခု ကျရောက်ခဲ့ပြီး အစိတ်စိတ်အမြှာမြှာ ကွဲထွက်သွားခဲ့သည်။

ဥက္ကာခဲများကို လေ့လာရာတွင် သုံးမျိုးသုံးစား တွေ့ရသည်။

**သံဥက္ကာခဲများ** – ဤအမျိုးအစားတွင် သံနှင့် နီကယ် ၁၅ ရာခိုင်နှုန်းအထိ ပါဝင်၍ ကိုဘော့နှင့် အခြား သတ္တုများလည်း ပါဝင်ကြသည်။


**ကျောက်ဥက္ကာခဲများ** – ဤ အမျိုး အစားတွင် ဆီလီကွန်ခေါ် သဲခဲတ် ၃၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိ ပါဝင်၍ အိုလီဗင်း၊ မဂ္ဂနီဆီယမ်၊ သံနှင့် သံစီလီကိတ်များလည်း ပါဝင်သည်။ ဤကမ္ဘာတွင် မရှိသော သတ္တုရှစ်မျိုးလည်း ပါဝင်သည်ကို တွေ့ရသည်။

**သံနှင့်ကျောက် ရောစပ်နေသော ဥက္ကာခဲများ** – ဤအမျိုး အစားတွင် သံနှင့် နီကယ်များအပြင် အခြားဒြပ်စင်ပေါင်းများစွာ ပါဝင်သည်ကို တွေ့ရသည်။

ညတည်တွင် ကြယ်များစွာ ကြွေကျသည်ကို ဥက္ကာမိုးရွာချသည်ဟု ခေါ်ဆိုကြသည်။ ၁၈၃၃ ခုနှစ် နိုဝင်ဘာလ၏ ညတည်တွင် သန်းခေါင်ယံမှ နံနက်အထိ ကျခဲ့သော ဥက္ကာများအနက် ရေတွက်၍ရသည့် အလုံးပေါင်းမှာ နှစ်သန်းခွဲခန့် ရှိသည်။ သီပေါမင်းပါတော်မူသော ၁၈၅၅ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့ ည ၃ နာရီမှ နံနက်မိုးလင်းသည်အထိ ကောင်းကင်ပြည့်မျှ ကြယ်များ ကြွေကျသည်ဟု မှတ်တမ်းများတွင် တွေ့ရှိရသည်။

လာမည့် ၁၉၈၆ ခုနှစ်တွင် ဟယ်လီကြယ်တံခွန်သည် ကမ္ဘာသို့ တပတ် ပြန်လည် လာမည်ဖြစ်၍ ထိုနှစ်တွင် ဥက္ကာပံ့များ သို့မဟုတ် ကြယ်ကြွေခြင်းများ မည်မျှများပြားလာမည်ကို တကမ္ဘာလုံးက အထူးဂရုပြု၍ လေ့လာကြမည် ဖြစ်လေသည်။

ဦးသုတ




# ပြောင်း လဲ လာသော ကမ္ဘာ့စီးပွားရေးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ

ကမ္ဘာ့ စီးပွားရေး အခြေအနေ တိုး တက် ကောင်း မွန် ရေးအတွက် ညီလာခံများ၊ ထိပ်သီး အစည်းအဝေးများ ကျင်းပ၍ မဟာဗျူဟာများ ချမှတ်လုပ်ဆောင်လာသည် မှာ နှစ်ပေါင်း ၃၀ ကျော်လာလေပြီ။ သို့ရာတွင် ကမ္ဘာ့ လူများစုကြီး အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ ခံစား ရသောအကျိုးရလဒ်မှာမူ နည်းနေဆဲပင်ဖြစ်သည်။ ၁၉၇၀ ပြည့်နှစ် ဝင်လာကတည်းက ကမ္ဘာ့စီးပွားရေး အခြေအနေ သည် အကျပ်အတည်း တခုပြီးတခု ရင်ဆိုင်ခဲ့ရသည်။ လွန် ခဲ့သော ဆယ်စုနှစ်အတွင်း စီးပွားရေးကျဆင်းမှု နှစ်ကြိမ် မျှ တွေ့ခဲ့ရပြီးနောက် ၁၉၈၄ ခုနှစ်တွင် ကမ္ဘာ့ စီးပွားရေး သည် ဒဟတန်အသင့် ပြန်လည် ကောင်းမွန် လာသည်ဟု ယူဆလာကြောင်း တွေ့ရှိရသည်။ ယင်းယူဆချက်သည် ဖွံ့ဖြိုးဆဲ နိုင်ငံများအတွက် မည်မျှ မှန်ကန်သည်ကို နှိုင်းချိန် လေ့လာသင့်ပေသည်။

## စက်မှု ဖွံ့ဖြိုးပြီး နိုင်ငံများ

ကမ္ဘာ့ စီးပွားရေး အခြေအနေ အတက်အကျသည် စက်မှု ဖွံ့ဖြိုးပြီး နိုင်ငံများ၏ စီးပွားရေး အားကောင်းနေမှု အပေါ် များစွာ မူတည်လျက်ရှိသည်။ ၁၉၇၃ ခုနှစ်အတွင်း စီးပွားရေး ၂ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့သော စက်မှု နိုင်ငံကြီးများသည် ၁၉၇၄ ခုနှစ် တွင် လည်း တိုးတက်မှု အလားအလာ ကောင်းလျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေ အဖွဲ့ (အိုင်အမ်အက်ဖ်) အစီရင်ခံစာအရ ၁၉၇၄ ခုနှစ်တွင် အမေရိကန်သည် ၂ ဒသမ ၂ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံသည် ၅ ရာခိုင်နှုန်း၊ ကနေဒါနိုင်ငံသည် ၃ ရာခိုင် နှုန်း၊ အနောက်ဂျာမန်နှင့် ဗြိတိန်နိုင်ငံတို့သည် ၂ ဒသမ ၅ ရာခိုင်နှုန်း၊ ပြင်သစ်သည် ၁ ဒသမ ၂၅ ရာခိုင်နှုန်း အသီး သီး တိုးတက်သည်ဟု ဆိုသည်။ စီးပွားရေး နာလန်ထူလာ

**ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သော ဗဟုဇီးနိုင်ငံ၌ သက္ကရာဇ် ၂၀၀၀ တွင် လည်ပတ်ရန် တည်ဆောက်နေသော အင်ဂရာ အဏုမြူ ဓာတ်ပေါင်းဖို စီမံကိန်းသည် ရပ်ဆိုင်းရတော့မည့် ကိန်းဆိုက်နေသည်။**



# ပြောင်းလဲနေသော ကမ္ဘာ့စီးပွားရေးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ




**အမေရိကန်ပြည်ထောင်စုတွင် ဘဏ်လုပ်ငန်းအခွင့် ယိုယွင်းနေပုံကို သရော်ထားသည့် ကာတွန်းရုပ်ပြောင်ပုံတပုံ**

ကြသော်လည်း အလုပ်လက်မဲ့ ဦးရေကိုမူ အမေရိကန် နိုင်ငံမှလွဲ၍ ကျန်စက်မှုနိုင်ငံများတွင် လျော့ချနိုင်ခြင်းမရှိသေးချေ။ စျေးကွက် ယန္တရားအသုံးပြု စက်မှုနိုင်ငံများ တရပ်လုံးတွင် အတွေ့ထွေ့လူသုံးကုန်ပစ္စည်းများ စျေးနှုန်း ကျဆင်းလာခြင်းကြောင့် ၁၉၀၄ ခုနှစ် ဇူလိုင်လမှစ၍ ဥရောပမှ အနိမ့်ဆုံးအဆင့်သို့ ကျဆင်းလာခဲ့သည်ဟု စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့ (အိုအီးစီဒီ) က ထုတ်ပြန်ကြေငြာသည်။ ဂျပန်နိုင်ငံတွင် ဥရောပ ဘုံစျေးအဖွဲ့(အီးအီးစီ) အဖွဲဝင်နိုင်ငံ ၁၀ နိုင်ငံ၏ ဥရောပ ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့ (အိုအီးစီဒီ) က ထုတ်ပြန်ကြေငြာသည်။ ဂျပန်နိုင်ငံတွင် ဥရောပသမဂ္ဂ ၁၅ ရာခိုင်နှုန်းသာရှိ၍ ကမ္ဘာပေါ်တွင် အနိမ့်ဆုံးဖြစ်သည်ဟု အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲချုပ် (အိုင်အယ်အို) က သုံးသပ်ထားသည်။ ဥရောပ ဘုံစျေးအဖွဲ့(အီးအီးစီ) အဖွဲဝင်နိုင်ငံ ၁၀ နိုင်ငံ၏ ဥရောပပူးပေါင်းဆောင်ရွက်မှုနှုန်းမှာ ၁၉၀၄ ခုနှစ် မတ်လကုန်တွင် ၇ ဒသမ ၉ ရာခိုင်နှုန်း ရှိ၍ တဖြည်းဖြည်း ကျဆင်းလာခဲ့သည်။ ၁၉၇၀ ခုနှစ် ဒီဇင်ဘာလ နောက်ပိုင်းတွင် ဥရောပပူးပေါင်းဆောင်ရွက်မှုနှုန်းရှစ်ရာခိုင်နှုန်း အောက်သို့ ပထမဆုံး အကြိမ် ရောက်ရှိလာခြင်းဖြစ်သည်ဟု အီးအီးစီစာရင်းရုံးက ထုတ်ပြန်ကြေငြာသည်။

စက်မှုနိုင်ငံကြီးများသည် စီးပွားရေး ဥရောပ ကြေးရေး ပြဿနာကို ဥရောပကြေး နည်းလမ်းဖြင့် ကုစားခဲ့ရာမှ ဘဏ်များမှတဆင့်စီးပွားရေးယန္တရားကို ကိုင်တွယ်လာကြသည်။ သို့ရာတွင် ပြဿနာ၏ အရင်းအမြစ်ကို မဖြေရှင်း နိုင်သေးသည့်အတွက် ဘဏ်များ၏ အခန်း ကဏ္ဍမှာ ပြောင်းလဲလာရပြန်ပါသည်။ဥပမာအားဖြင့် အမေရိကန်နိုင်ငံ တနိုင်ငံတည်းမှာပင် ဖျက်သိမ်းခဲ့ရသော ဘဏ်ဦးရေ များသည် ထက် များလာသည်။ ဘဏ်ကြီးများ အပါအဝင် ၁၉၈၁ ခုနှစ်၌ ၁၀ ဘဏ်၊ ၁၉၈၃ ခုနှစ်၌ ၄၈ ဘဏ်နှင့် ၁၉၈၄ ခုနှစ်၌ ၇၁ ဘဏ် အသီးသီး ဖျက်သိမ်းခဲ့ရသည်။

တဖန် စက်မှုလက်မှုနိုင်ငံများတွင် စီးပွားရေးနာလန်ထူစဉ် ရင်းနှီးမြှုပ်နှံမှု တိုးခဲ့ရန် လိုအပ်နေလေရာ ဥရောပကြေး နည်းလမ်းအရ အတိုးနှုန်း မြင့်မားနေမှုက အရင်းအနှီး တိုးခဲ့မှုကို အဟန့်အတားပြုနေသည်ဟု အိုင်အမ်အက်ဖ်က သုံးသပ်ထားသည်။


## အရှေ့ဥရောပ နိုင်ငံများ

အရှေ့ဥရောပနိုင်ငံများသည် ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း စီးပွားရေးအခက်အခဲများ ကြုံတွေ့ခဲ့ရသော်လည်း စီးပွားရေး တိုးတက်မှုနှုန်းသည် ၁၉၆၀ ပြည့်လွန်နှစ်များကထက် ပိုမိုကောင်းမွန်ကြောင်း တွေ့ရှိရသည်။ ၁၉၈၀ ပြည့်နှစ် ကမ္ဘာ့အမျိုးသားဝင်ငွေတွင် စက်မှုဖွံ့ဖြိုးပြီး နိုင်ငံများက ၆၅ ရာခိုင်နှုန်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများက ၁၈

ရာခိုင်နှုန်း၊ အရှေ့ဥရောပနိုင်ငံများက ၁၇ ရာခိုင်နှုန်း အသီးသီး ပါဝင်သည်ဟု ကမ္ဘာ့ဘဏ်က တင်ပြသည်။ ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှု ညီလာခံ (အန်တက်) ၏ စတုတ္ထ မြောက် အစီရင်ခံစာအရ အရှေ့ဥရောပနိုင်ငံများ၏ တမျိုးသားလုံး အသားတင်ထုတ်လုပ်မှုတန်ဖိုး (အင်အမ်ပီ)သည် တနှစ်လျှင် ၂ ဒသမ ၃ ရာခိုင်နှုန်းဖြင့် လေးနှစ်တိုင်တိုင် တိုးတက် လာခဲ့ပြီးနောက် ၁၉၈၃ ခုနှစ်တွင် ၃ ဒသမ ၈ ရာခိုင်နှုန်း အထိ တိုးတက်လာသည်။ ၁၉၈၄ ခုနှစ်တွင်လည်း အလားတူ တိုးတက်လာနိုင်သည်ဟု အန်တက်အဖွဲက ခန့်မှန်းသည်။

## ဖွံ့ဖြိုးဆဲ နိုင်ငံများ

ဖွံ့ဖြိုးဆဲ နိုင်ငံများသည် ၁၉၇၉–၈၀ ရေနံအကျပ်အတည်း နောက်ပိုင်းတွင် စက်မှုနိုင်ငံများ၌ ဘဏ်တိုးနှုန်းများ မြင့်တက်မှု၊ ငွေကြေးဈေးကွက်မှ ငွေကြေးရရန် ခက်ခဲမှု၊ ကုန်သွယ်ရေးအဟန့်အတားများ ပေါ်ပေါက်မှု၊ ပို့ကုန်ကျဆင်း၍ ကြွေးမြီဝန်တာ တဖြည်းဖြည်း မြင့်တက်လာမှု တို့ကြောင့် စီးပွားရေးဒဏ် ခံနေရဆဲ ဖြစ်သည်။ ဖွံ့ဖြိုးဆဲ နိုင်ငံများအတွင်း ရေနံ ထုတ်လုပ်တင်ပို့ ရောင်းချသော နိုင်ငံများ အုပ်စု (အိုပက်) နှင့် စက်မှုဖွံ့ဖြိုးစ နိုင်ငံများ (အင်အိုင်စီ) တို့မှာ သက်သာသော အခြေအနေတွင် ရှိသည်။ ရေနံတင်သွင်းရသည့် ဖွံ့ဖြိုးဆဲနိုင်ငံများ အုပ်



ဖွံ့ဖြိုးဆဲနိုင်ငံအချို့သည် အဓိကပို့ကုန်ဖြစ်သော ခဲမဖြူစေးနှုန်းကျဆင်းနေမှုကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းနေရသည်။



ငွေကြေးဖောင်းပွမှု မြင့်မားနေသော ဖွံ့ဖြိုးဆဲနိုင်ငံတနိုင်ငံတွင် ပြည်သူတို့ ငွေကြေးကျပ်တည်းမှုကို အိမ်သုံးပစ္စည်း ပေါင်နှံခြင်းဖြင့် ဖြေရှင်းနေပုံ

# ပြောင်းလဲနေသော ကမ္ဘာ့စီးပွားရေးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ



ဖွံ့ဖြိုးပြီး နိုင်ငံများမှ စက်မှုနည်းပညာကို ရယူ၍ ကုန်ထုတ် စွမ်းအား တိုးတက်စေရန် ကြိုးပမ်းသော ဖွံ့ဖြိုးဆဲနိုင်ငံ တနိုင်ငံတွင် ယန္တရား လုပ်သား နည်းပညာလေ့လာနေပုံ

စုနှင့် ဖွံ့ဖြိုးမှု အနိမ့်ဆုံး နိုင်ငံများအုပ်စု (အယ်ဒီစီ) တို့မှာ အနစ်နာဆုံးပင် ဖြစ်သည်။ ၁၉၇၄ ခုနှစ်တွင် စက်မှုနိုင်ငံများ စီးပွားရေးနာလန်ထူလာမှုက အိုပက်အဖွဲဝင်ဖွံ့ဖြိုးဆဲ နိုင်ငံများနှင့် အင်အိုင်စီ နိုင်ငံများအတွက် ပို့ကုန်နှင့် ကုန်သွယ်မှုအချိုးအစား တိုးတက်စေပြီး နိုင်ငံခြားသုံးငွေ ပြဿနာ အဆင်ပြေလာသည်။ ထို့ပြင် ရေနံမထွက်သော ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးသည်ပင်လျှင် ၁၉၇၃ ခုနှစ်က ၁ ဒသမ ၅ ရာခိုင်နှုန်းသာ တိုးတက်ရာမှ ၁၉၇၄ ခုနှစ်တွင် ၃ ဒသမ ၅ ရာခိုင်နှုန်းအထိ ရှိစေနိုင်သည်ဟု အိုင်အမ်အက်ဖ်၏ ၁၉၇၄ ခုနှစ် ကမ္ဘာ့စီးပွားရေး သုံးသပ်ချက်တွင် ဖော်ပြထားသည်။

တဖန် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပြည်ပပို့ကုန် တင်ပို့နိုင်မှုတိုးတက်မှု အခြေအနေကို လေ့လာလျှင် ၁၉၆၅–၇၃ ခုနှစ်တွင် ၆ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ရာမှ ၁၉၇၃–၈၀ ပြည့်နှစ် အတွင်း ၃ ဒသမ ၈ ရာခိုင်နှုန်း၊ ၁၉၈၀ ပြည့်နှစ်တွင် (–)၄ ဒသမ ၇ ရာခိုင်နှုန်း၊ ၁၉၈၁ ခုနှစ်တွင် ၀ ဒသမ ၄ ရာခိုင်နှုန်း၊ ၁၉၈၂ ခုနှစ်တွင် ၁ ဒသမ ၂ ရာခိုင်နှုန်း၊ ၁၉၈၃ ခုနှစ်တွင် ၄ ဒသမ ၁ ရာခိုင်နှုန်း သို့အသီးသီး ပြောင်းလဲကြောင်း တွေ့ရှိရသည်။ ဖွံ့ဖြိုးဆဲနိုင်ငံချင်း ကုန်သွယ်ရေးကို မြင့်တင်စပြုလာသည့် ၁၉၇၄ ခုနှစ်တွင် ထို့ထက် တိုးတက်ဖွယ်ရှိသည်။

ကမ္ဘာ့ကုန်သွယ်ရေး ပုံစံသည် ဝယ်သူစျေးကွက် ဖြစ်လာခြင်း၊ အခြေခံ ကုန်စည်များမှအစ အရည်အသွေးက အဆုံးအဖြတ် ပေးနိုင်လာခြင်း၊ ဖွံ့ဖြိုးဆဲ နိုင်ငံများနှင့် စက်မှုဖွံ့ဖြိုးပြီး နိုင်ငံများ ကုန်သွယ်မှုထက် ဖွံ့ဖြိုးဆဲနိုင်ငံအချင်းချင်း ကုန်သွယ်မှုက ပို၍ အရေးပါလာခြင်း ဟူသော ပြောင်းလဲမှု သုံးရပ်ဖြင့် ယနေ့ ပြောင်းလဲလာပြီ ဖြစ်သည်။

အာဖရိက ၁၄ နိုင်ငံပါဝင်သော အထူးဦးစားပေး ကုန်သွယ်ရေးနယ်မြေ (ပီတီအေ) ဟု ခေါ်တွင်သော အရှေ့နှင့် တောင်အာဖရိက နိုင်ငံများ ဘုံစျေးအဖွဲ့ကို ၁၉၈၄ ခုနှစ် ဇူလိုင်လက ဇင်ဗာဗွေနိုင်ငံ ဟာရာရေးမြို့၌ တရားဝင် ထူထောင်ခဲ့ခြင်းသည် ဖွံ့ဖြိုးဆဲနိုင်ငံချင်း ကုန်သွယ်ရေးပုံစံ၏ သာဓကတရပ်ပင် ဖြစ်သည်။ သို့ရာတွင် ကမ္ဘာ့ကုန်သွယ်ရေးကို ပိုမိုလွတ်လပ်ခွင့်ပေးရန် လိုအပ်ကြောင်း အကောက်ခွန်နှင့် မဆိုင်သော ကုန်သွယ်မှု အဟန့်အတားများ ချမှတ်ကျင့်သုံးနေမှုကို ရပ်တန့်ပစ်ရေးသည် ကမ္ဘာ့စီးပွားရေး တိုးတက်စေရန် အလေးပေး ဆောင်ရွက်ရမည့် တာဝန် ဖြစ်ကြောင်း ကမ္ဘာ့ဘဏ် ဥက္ကဋ္ဌက ၁၉၈၄ ခုနှစ် မတ်လတွင် သဘောထား တင်ပြခဲ့သည်။

ဖွံ့ဖြိုးဆဲ နိုင်ငံများသည် ပြည်ပ သွင်းကုန်ထိန်းသိမ်းရေးကို ကြိုးပမ်းဆောင်ရွက် နေသော်လည်း ပြည်ပ ကြွေးမြီအတိုးနှုန်း မြင့်မားမှုကို ခံစားနေကြရဆဲ ဖြစ်သည်။ ရေနံတင်သွင်း နေရသော ဖွံ့ဖြိုးဆဲ နိုင်ငံ များ သည် လည်း ပြည်ပပို့ကုန် သွင်းကုန် စျေးဆန္ဒနုန်း (Terms of Trade) အချိုး ကျဆင်းမှု၊ တနည်းအားဖြင့် ပြည်ပပို့ကုန်စျေးနှုန်း နစ်နာမှုနှင့် ကြုံတွေ့ရသည်။ ယင်းနိုင်ငံများ၏ သာမန် စာရင်းလိုငွေမှာ ၁၉၈၁ ခုနှစ်က ဒေါ်လာသန်းပေါင်း ၁,၀၉,၀၀၀ ရှိခဲ့ပြီး နောက်ပိုင်း၌ သွင်းကုန်ထိန်းချုပ်မှုကြောင့် ၁၉၈၂ ခုနှစ်တွင် လိုငွေ ဒေါ်လာသန်းပေါင်း ၈၂,၀၀၀၊ ၁၉၈၃ ခုနှစ်တွင် ဒေါ်လာသန်းပေါင်း ၅၅,၀၀၀ သို့ လျော့ကျကာ ၁၉၈၄ ခုနှစ်တွင်လည်း ဆက်လက် လျော့ကျသည်။ ထိုသို့ လျော့ကျသည့်တိုင် လိုငွေ ဒေါ်လာ သန်းပေါင်း ၅၀,၀၀၀ ဝန်းကျင်တွင် ရှိနေဦးမည် ဖြစ်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများအဖို့ ကြွေးမြီပြဿနာနှင့် ကုန်သွယ်ရေးပြဿနာများသည် ဆင့်ပွား ခံစားလာရသော ပြဿနာဖြစ်သည်။ ဖွံ့ဖြိုးဆဲ နိုင်ငံများ၏ ပြည်ပပို့ကုန် ကျဆင်းလာမှုကြောင့် နိုင်ငံခြားသုံးငွေ ရှားပါးလာရာမှ စီးပွားရေး ကျဆင်းမှုကို ရင်ဆိုင်ကြုံတွေ့ ခဲ့ရလေသည်။ ယင်း၏ အကျိုးဆက်ကြောင့် နှစ်ရှည်၊ နှစ်လတ် ချေးငွေများ ထပ်မံချေးငှားရပြီး ပြည်ပချေးငွေဝန်ထုပ်ဝန်ပိုး ပိလာကာ စီးပွားရေး သံသရာ လည်ရသည့် အခြေအနေသို့ ဆိုက်ရောက်လာရသည်။


ပြည်ပချေးငွေကြွေးမြီ ပြန်ဆပ်ရေး အတွက် ပြည်ပချေးငွေအသစ်များ ထပ်မံချေးငှားခဲ့ရာမှ ကြွေးမြီဝန်ထုပ်ဝန်ပိုး ပိလျက်ရှိသည်။ ပြည်ပကြွေးမြီ ပြန်လည်ပေးဆပ်နှုန်းသည် ၁၉၈၁–၈၃ ခုနှစ်အတွင်း ၁၅ ဒသမ ၆ ရာခိုင်နှုန်းမှ ၂၀ ဒသမ ၅ ရာခိုင်နှုန်းသို့ မြင့်မားလာခဲ့ရသည်။

ဖွံ့ဖြိုးဆဲနိုင်ငံ အများစုသည် မိမိတို့ပြည်တွင်း စီးပွားရေး ပြုပြင်ပြောင်းလဲရေးနှင့် စီးပွားရေးတိုးတက်ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ပြည်ပချေးငွေများ ရယူဆောင်ရွက်ခဲ့ရာတွင် ၁၉၇၀ ပြည့်လွန်နှစ်များတွင် ကြွေးမြီပမာဏ နှစ်စဉ် ၂၀ ရာခိုင်နှုန်းခန့် တိုးတက်လျက်ရှိနေခဲ့သည်။ ဖွံ့ဖြိုးဆဲနိုင်ငံအားလုံးတွင် အစိုးရနှင့် ပုဂ္ဂလိကကြွေးမြီ တင်ရှိမှုမှာ ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း အမေရိကန်ဒေါ်လာသန်း ပေါင်း ၆၇,၀၀၀ ကျော်ရာမှ ၁၉၈၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာသန်းပေါင်း ၄,၃၈,၀၀၀ ကျော်အထိ မြင့်တက်လာသည်။ ၁၉၈၄ ခုနှစ်တွင် ဒေါ်လာသန်းပေါင်း ၇,၀၀,၀၀၀ ခန့် ရှိလာပြီး အတိုးငွေဒေါ်လာသန်း ၇၀,၀၀၀ ရှိသည်။ ဖွံ့ဖြိုးဆဲ နိုင်ငံများက ပေးရန်ရှိသော ပြည်ပကြွေးမြီတွင် လက်တင်အမေရိကဒေသ တခုတည်းက ထက်ဝက်ကျော် ပါဝင်သည်။

ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် နိုင်ငံခြား ကြွေးမြီများ အဆမတန် ကြီးထွားနေသဖြင့် ကြွေးဆပ်ရေး ရွှေဆိုင်းရန် အပြည်ပြည် ဆိုင်ရာ ငွေကြေး ရန်ပုံငွေ အဖွဲ့နှင့် လည်းကောင်း၊ နိုင်ငံတကာ ဘဏ်ကြီးများနှင့် လည်းကောင်း ဆွေးနွေးနေကြရသည်။ ယင်းကဲ့သို့ ဆွေးနွေးကြရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ ဖြစ်ကြသော မက္ကဆီကိုနိုင်ငံ၊ ဗရာဇီးနိုင်ငံ၊ အာဂျင်တီးနားနိုင်ငံ၊ ပိုလန်နိုင်ငံ၊ ရှိမေးနီးယားနိုင်ငံစသည့် နိုင်ငံများသည် ထိပ်ဆုံးမှ ပါဝင်သည်။

အဖွဲ့ဝင် ၅၄ နိုင်ငံပါဝင်သော ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီ (အီကိုဆော့) သည် ဂျီနီဗာမြို့၌ ၁၉၈၄ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့မှစ၍ သုံးပတ်ကြာ အစည်းအဝေး ကျင်းပရာတွင် ကြွေးထူနိုင်ငံများ သက်

**စီးပွားရေးတိုးတက်ရန် အဆင့်မြင့် အီလက်ထရွန်နစ်ပစ္စည်းဈေးကွက်သို့ ဝင်ရောက်လာသည့် ဖွံ့ဖြိုးဆဲ နိုင်ငံတနိုင်ငံတွင် ရုပ်မြင်သံကြားစက် ထုတ်လုပ်မှုသည် တွင်ကျယ်လျက်ရှိသည်။**






ပြည်ပကြွေးမြီဝန်ပိနေသော အာဂျင်တီးနားနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ကို ဆန့်ကျင်ဆန္ဒပြနေသူများ

သာခွင့်ရရှိအောင် ဆောင်ရွက်ရေး ကိစ္စကိုလည်း ဆွေးနွေးခဲ့သည်။ ကြွေးမြီများကို ရှေ့ဆိုင်းပေးမှုကြောင့် ရေနံမထွက်သော ဖွံ့ဖြိုးဆဲ နိုင်ငံများ၏ ကြွေးမြီ ဝန်တာကို ၁၉၇၂ ခုနှစ်တွင် အမေရိကန် ဒေါ်လာသန်းပေါင်း ဂဝဝဝ၊ ၁၉၇၃ ခုနှစ်တွင် ဒေါ်လာ သန်းပေါင်း ၁၉,ဝဝဝ၊ ၁၉၇၄ ခုနှစ်တွင် ဒေါ်လာသန်းပေါင်း ၂၀,ဝဝဝ အထိ သက်သာခွင့် ရစေရန် ဆောင်ရွက် နိုင်ခဲ့သည်ဟု အိုင်အမ်အက်ဖ် အစီရင်ခံစာတွင် ဖော်ပြထားသည်။ ဖွံ့ဖြိုးဆဲ နိုင်ငံများသည် ဝယ်လိုအားနှင့် စားသုံးမှုကို ထိရောက်စွာ ထိန်းချုပ်ဆောင်ရွက်မှ ပြည်ပကြွေးမြီအချို့ ကျဆင်းမည်ဖြစ်ကြောင်း အိုင်အမ်အက်ဖ် အဖွဲ့က ထောက်ပြ ခဲ့သည်။ မည်သို့ပင်ဖြစ်စေ စက်မှုနိုင်ငံ ကြီး များတွင် ငွေကြေး ဖောင်းပွမှုနှုန်းကို တိုက်ဖျက်ရန် အတိုးနှုန်းများကို ၁၉၇၁ ခုနှစ်က ၂၀ ဒသမ ၅ ရာခိုင်နှုန်းအထိ မြှင့်တင်ခဲ့ပြီးနောက် နှစ်စဉ် ဆက်လက် မြှင့်တင်လာခြင်းကြောင့်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပြည်ပကြွေးမြီပိုမိုဝန်ပိလာခြင်း ဖြစ်သည်။ ထို့ကြောင့် ယင်းအတိုးနှုန်းများ လျော့ချရေးသည်လည်း ကြွေးမြီပြဿနာ ဖြေရှင်းရေးအတွက် လိုအပ်နေပေသည်။

ကြွေးမြီတင်ရှိနေသော ဖွံ့ဖြိုးဆဲနိုင်ငံများအား ကူညီရေးအတွက် အထူးရန်ပုံငွေ အမေရိကန်ဒေါ်လာ သန်းပေါင်း ၆,၆၀၀ ဖွင့်လှစ်ရေးကို အိုင်အမ်အက်ဖ် အမှုဆောင်အဖွဲ့က ၁၉၇၄ ခုနှစ်တွင် တရားဝင် အတည်ပြုပေးလိုက်သည်။ ယင်းအထူးရန်ပုံငွေကို စက်မှု ၁၉ နိုင်ငံနှင့် ဆအူးဒီအာရေဗျနိုင်ငံတို့က ထည့်ဝင်ကြမည် ဖြစ်သည်။

ကမ္ဘာ့ဘဏ်ကလည်း ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေး အခြေအနေ ပိုမိုကောင်းမွန်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်လျက် ရှိနေရာ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ လုပ်ငန်းစီမံကိန်းများအတွက် ၁၉၇၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၂,၁၄၄ ကိုလည်းကောင်း၊ ၁၉၇၄ ခုနှစ်တွင် ဒေါ်လာသန်းပေါင်း ၂၁, ၇၄၀ ကို လည်းကောင်း ငွေရေးကြေးရေးပိုင်းမှ ကူညီ ဖြေရှင်းပေးလျက် ရှိသည်။


သို့ရာတွင် အကြွေးများ အရစ်ကျပြန်ဆပ်သောစနစ်ကို ပြုပြင်ရာတွင်မူ အကြွေးပေါ်တွင် အကြွေးများ ထပ်ဆောင်းလာရန်သာ ဖန်တီးသကဲ့သို့ ဖြစ်နေလေသည်။ နိုင်ငံအချင်းချင်း ငွေချေးသည့် စနစ်သည် စီးပွားရေး ဖွံ့ဖြိုးမှုအတွက် အဓိကကျသည့် နည်းစနစ်အဖြစ် အတိတ်က ယူဆခဲ့သော်လည်း ယခုအခါမူ အရင်းအနှီးကို ဖွံ့ဖြိုးဆဲနိုင်ငံမှ ဖွံ့ဖြိုးပြီးနိုင်ငံများသို့ ပြောင်းပြန် ပြန်ပို့သကဲ့သို့ ဖြစ်နေသည်ကို လေ့လာတွေ့ရှိရသည်။

ယင်းသို့ ပြည်ပကြွေးမြီ ဝန်ပိနေခြင်း၊ ကုန်သွယ်မှု ရှင်းတမ်းတွင် အရှုံးပြခြင်း၊ ကုန်ထုတ်နှုန်းကျဆင်းခြင်း၊ အလုပ်အကိုင် ရှာဖွေရေးနှင့် ရင်းနှီးမြှုပ်နှံရေးတို့အတွက် အခက်အခဲများ ကြုံတွေ့ခြင်းစသည့် ပြဿနာများနှင့်အတူ ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် ငွေကြေးဖောင်းပွမှုကိုလည်း ရင်ဆိုင်နေ

ရပေသည်။ ငွေကြေးဖောင်းပွမှုနှုန်း အများဆုံးနိုင်ငံမှာ အာဂျင်တီးနားနိုင်ငံဖြစ်၍ ၁၉၈၃ ခုနှစ်တွင် ၄၃၃ ဒသမ ၇ ရာခိုင်နှုန်း၊ ၁၉၈၄ ခုနှစ်တွင် ၄၆၆ ဒသမ ၆ ရာခိုင်နှုန်း ရှိသည်။ ၄၂၀ ဒသမ ၅ ရာခိုင်နှုန်းရှိသော ဗိုလစ်ဗီးယားနိုင်ငံ၊ ၂၂၅ ဒသမ ၁ ရာခိုင်နှုန်းရှိသော အစ္စရေးနိုင်ငံ၊ ၁၈၇ ဒသမ ၆ ရာခိုင်နှုန်းရှိသော ဗရာဇီးနိုင်ငံ၊ ၁၄၃ ရာခိုင်နှုန်းရှိသော ဂါနာနိုင်ငံ၊ ၁၂၂ ရာခိုင်နှုန်းရှိသော ပီရူးနိုင်ငံ တို့သည်လည်း အကျပ်အတည်းနှင့် ရင်ဆိုင်လျက် ရှိသည်။ အာရှတိုက်တွင် သီရိလင်္ကာနိုင်ငံသည် ၁၉၈၂ ခုနှစ်တွင် ၅ ဒသမ ၄ ရာခိုင်နှုန်း ရှိရာမှ ၂၁ ဒသမ ၄ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ နိုင်ငံသည် ၄ ဒသမ ၉ ရာခိုင်နှုန်းရှိရာမှ ၁၀ ဒသမ ၆ ရာခိုင်နှုန်းသို့လည်းကောင်း တဟုန်တိုး မြင့်တက်လျက် ရှိသည်။

ကမ္ဘာ့ ရေနံစျေးနှုန်းများ မတည်ငြိမ်မှုကြောင့် ငွေကြေး ဖောင်းပွမှု ဖြစ်ပေါ်ရခြင်း ဖြစ်သည်ဟု အခြို့ ပညာရှင်များက ယူဆကြသည်။ အမေရိကန်ပြည်ထောင်စု အပါအဝင် စက်မှုနိုင်ငံကြီးများ၌ အရ–အသုံး စာရင်းလိုငွေကြေမြင့်စွာ ဖြစ်ပေါ်နေခြင်း၊ စားသုံးမှုအခြို့ မြင့်မားလာခြင်း၊ စုဆောင်းမှုအခြို့အစား ကျဆင်းလာခြင်းနှင့် အတိုးနှုန်းများ အဆမတန် မြင့်တက် လာခြင်းတို့ကြောင့် ငွေကြေး ဖောင်းပွမှု အခြေအနေ ပိုမို ဆိုးရွားရသည်ဟု ယူဆသော ပညာရှင်များလည်း ရှိသည်။ လုပ်ခစရိတ်နှင့် ကုန်စျေးနှုန်းများ မြင့်မားမှုတို့ကြောင့် ငွေကြေး ဖောင်းပွမှု ပြဿနာများ ဖြစ်ပေါ်ရသည်ဟု သုံးသပ်ကြသည်ကိုလည်း တွေ့ရသည်။

**စက်မှုဖွံ့ဖြိုးစနိုင်ငံဖြစ်သော တောင်ကိုရီးယားက အိုပက်ထိပ်သီးနိုင်ငံဖြစ်သော ဆအူးဒီအာရေဗျတွင် တည်ဆောက်ပေးနေသော စက်ရုံတရုံ**




## ခံနိုင်ရည်ရှိသော နိုင်ငံများ

ကုလသမဂ္ဂဖွံ့ဖြိုးရေးစီမံကိန်းကော်မတီ၏ ငါးရက်ကြာ အစည်းအဝေးကို ကုလသမဂ္ဂဌာနချုပ်၌ ၁၉၈၄ ခုနှစ် မေလတွင် ကျင်းပခဲ့ရာ ယင်းအစည်းအဝေးသို့ ကုလသမဂ္ဂ စီးပွားရေး ပညာရှင်များက အစီရင်ခံစာတစောင် တင်သွင်းခဲ့သည်။ ထိုအစီရင်ခံစာ၌ အာရှခုနစ်နိုင်ငံဖြစ်သော မြန်မာ၊ အိန္ဒိယ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ပါကစ္စတန်၊ စင်ကာပူ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့သည် ကမ္ဘာ့ စီးပွားရေး ဒဏ်ကို အခြားသော ဖွံ့ဖြိုးဆဲ နိုင်ငံများထက် ပိုမိုခံနိုင်ရည်ရှိခဲ့ကြောင်း၊ ထိုသို့ ခံနိုင်ရည်ရှိခြင်းမှာ ၁၉၈၀ ပြည့်နှစ်မှစ၍ စီးပွားရေးမူဝါဒကို ကိုက်ညီ ပြင်ဆင်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း၊ အဆိုပါနိုင်ငံများ၏ တဦးချင်း ပြည်တွင်းထုတ်လုပ်မှု တိုးတက်မှုနှုန်းသည် ၁၉၈၀ ပြည့်နှစ်မှစ၍ ၁၉၈၃ ခုနှစ်အထိ ကာလပိုင်းအတွင်း နှစ်စဉ် ၂ ဒသမ ၅ ရာခိုင်နှုန်းကျော် ရှိခဲ့ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးမှုနှုန်း အတော်အတန် ခိုင်မာကြောင်း၊ အဆိုပါနိုင်ငံများ၏ ပြည်ပ ငွေပေးငွေယူ ရှင်းတမ်းသည် အခြားသောနိုင်ငံများထက် အခြေအနေ ပိုမိုကောင်းမွန်ကြောင်း၊ ထိုသို့ဖြစ်ရခြင်းမှာ အဓိက အားဖြင့် ထိုနိုင်ငံတို့၏ ထူးခြားသော ပြည်ပ ဆက်သွယ်ရေး အနေအထားများကြောင့် လည်းကောင်း၊ ပြည်တွင်းထုတ်လုပ်မှုပုံသဏ္ဌာန် အပြောင်းအလဲ ပြုလုပ် ခဲ့ခြင်းကြောင့် လည်းကောင်း ဖြစ်သည်ဟု အစီရင်ခံစာ၌ ဖော်ပြထားသည်။

## ခြုံငုံသုံးသပ်ချက်

လွန်ခဲ့သောနှစ်များအတွင်း ကမ္ဘာ့နိုင်ငံ အသီးသီး ရင်ဆိုင်ခဲ့ရသော စီးပွားရေး အတက်အကျ လှုပ်ရှားမှုများကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအားလုံးသည် တနိုင်ငံနှင့် တနိုင်ငံ အပြန်အလှန် အမှီသဟဲပြုနေကြသည်ဆိုသော အချက်ကို ပို၍နားလည် လာကြပြီ ဖြစ်သည်။ ထို့ကြောင့် ဖွံ့ဖြိုးပြီး နိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများသည်လည်းကောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံအချင်းချင်းသည်လည်းကောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများ အချင်းချင်းသည်လည်းကောင်း စုပေါင်းညှိနှိုင်း အဖြေရှာ၍ မျှတစွာ ပူးပေါင်း ဆောင်ရွက်ကြမှ သာလျှင် ကမ္ဘာ့ စီးပွားရေး အခြေအနေ ကောင်းကို ပြန်လည် ရရှိမည် ဖြစ်လေသည်။


**ငွေသန်းနိုင်**







316




USA
915
LA
093
2




HE
OL IPIAN
GAMES of the
1984 OLYMPIC TORCH RELAY

# ကမ္ဘာ့အိုလင်းပစ် အားကစားပွဲတော်

ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၁၀၀၀ ခန့်က ဂရိနိုင်ငံတွင် အိုလင်းပစ်ပွဲတော်ကို စတင် ကျင်းပခဲ့သည်။ ခရစ် ၃၉၃ ခုနှစ်တွင် ရောမဘုရင် သီအိုဒိုးစီးယပ်စ် လက်ထက်၌ အိုလင်းပစ်ပွဲတော်များ ပိတ်ပင်ခဲ့သည်။ ၁၈၉၂ ခုနှစ်တွင် ပြင်သစ်နိုင်ငံမှ ကူဘဲတန်မြို့စားကြီး ဘာရွန်ဒီ ကူဘဲတန်က ကမ္ဘာ့အိုလင်းပစ်ကော်မတီကို ဦးဆောင်ဖွဲ့စည်းခဲ့ပြီး ရှေးဂရိခေတ်ပုံစံအတိုင်း အိုလင်းပစ်ပွဲတော်ကို ပြန်လည် ကျင်းပရန် ကြိုးစားခဲ့သည်။ ၁၈၉၆ ခုနှစ်တွင် ဂရိနိုင်ငံ အေသင်မြို့တွင် ခေတ်သစ်အိုလင်းပစ်ပွဲတော်ကို စတင်ကျင်းပခဲ့သည်။ ၁၉၃၂ ခုနှစ်တွင် ကိုးကြိမ်မြောက် အိုလင်းပစ်ပွဲတော်ကို လော့စ်အိန်းဂျလိစ်မြို့တွင် ကျင်းပခဲ့သည်။ ယခု တဖန် ၅၂ နှစ်အကြာ ၁၉၈၄ ခုနှစ်တွင် လော့စ်အိန်းဂျလိစ်မြို့မှာပင် ၂၃ ကြိမ်မြောက် အိုလင်းပစ်ပွဲတော်ကို ဒုတိယအကြိမ် ကျင်းပခွင့် ရခဲ့သည်။ ကမ္ဘာ့ အိုလင်းပစ်သမိုင်းတွင် လန်ဒန်နှင့် ပဲရစ်မြို့များ၌သာ အိုလင်းပစ်ပြိုင်ပွဲ နှစ်ကြိမ်စီ ကျင်းပခဲ့ဖူးပြီး လော့စ်အိန်းဂျလိစ်မြို့သည် အိုလင်းပစ်ပြိုင်ပွဲ နှစ်ကြိမ် ကျင်းပခဲ့သည့် တတိယမြောက်မြို့ ဖြစ်သည်။

## ၁၉၈၄ ခုနှစ် နွေရာသီ အိုလင်းပစ် အားကစားပွဲတော်


၂၃ ကြိမ်မြောက် နွေရာသီ အိုလင်းပစ် အားကစားပွဲတော်ကို အမေရိကန်နိုင်ငံ လော့စ်အိန်းဂျလိစ်မြို့ ကာလီဖိုးနီးယားပြည်နယ် တက္ကသိုလ် ပရဝုဏ် အတွင်းရှိ အားကစားကွင်းကြီးတွင် ၁၉၈၄ ခုနှစ် ဇူလိုင်လ ၂၈ ရက်နေ့မှ စ၍ ၁၆ ရက်ကြာ ကျင်းပခဲ့သည်။

လော့စ်အိန်းဂျလိစ်အိုလင်းပစ်ပွဲတော် ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ပီတာ ယူဘားရော့နှင့် ကမ္ဘာ့အိုလင်းပစ် ကော်မတီဥက္ကဋ္ဌ ယွန် အန်တိုနီယို ဆမာရန်တို့က ၂၃ ကြိမ်မြောက် အိုလင်းပစ် အားကစားပွဲတော် ဖွင့်ပွဲတွင် အဖွင့်အမှာစကားများ ပြောကြားခဲ့သည်။ ထို့နောက် ယွန် အန်တိုနီယို ဆမာရန်၏ ပန်ကြားချက်အရ အမေရိကန် သမ္မတ ရော်နယ်ရေဂင်က ထုံးတမ်းစဉ်လာနှင့်အညီ ၂၃ ကြိမ်မြောက် အိုလင်းပစ် ပွဲတော်ကို ဖွင့်လှစ်ပေးလိုက်ကြောင်း ကြေငြာခဲ့သည်။

ဖွင့်ပွဲအခမ်းအနားသို့ ပရိသတ် ၉၂,၅၀၀ ကျော် တက်ရောက်ကြည့်ရှုခဲ့သည်။ လက်မှတ်တစောင်လျှင်ဒေါ်လာငွေ ၆၅၀ ပေး၍ ဝယ်ယူကြည့်ရှုခဲ့ရသည်။ ဖွင့်ပွဲ အခမ်းအနားကို ရုပ်မြင်သံကြားမှ တဆင့် ကမ္ဘာ့နိုင်ငံ အသီးသီးသို့ ထုတ်လွှင့်ပေးခဲ့ရာ ကမ္ဘာ့လူဦးရေ၏ ထက်ဝက်မျှဖြစ်သော သန်းပေါင်း ၂,၅၀၀ တို့က ကြည့်ရှုခဲ့သည်ဟု ဆိုသည်။ မိုးပျံဘော်လုံး ၁၀၀၀ ကို ကောင်းကင်သို့ လွှတ်တင်ခဲ့သည်။ ဒုံးပျံစီးထားသော လူတယောက်က အားကစားကွင်းကြီးကိုဖြတ်၍ စီးသွားရာ မီးခိုးတန်းများက ကြိုဆိုပါသည် ဟူသော စာတန်းပုံသဏ္ဌာန် ကျန်ရစ်ခဲ့သည်ကို ပရိသတ်များ အံ့အားသင့်စွာ မြင်တွေ့ကြရသည်။

၁၉၆၀ ပြည့်နှစ် ရောမအိုလင်းပစ်တွင် အားကစား ၁၀ မျိုးစုံပြိုင်ပွဲ၌ ရွှေတံဆိပ် ဆွတ်ခူးခဲ့သူ အမေရိကန်နိုင်ငံမှ

**အမျိုးသား မီတာ ၂၀၀ ပြေးပွဲ၌ ၁၉ ဒသမ ဂ၀ စက္ကန့်ဖြင့် အိုလင်းပစ် စံချိန်သစ်တင်ခဲ့သူ ကား လူဝစ်**



ရေဖာ ဂျွန်ဆင်က ၂၃ ကြိမ်မြောက် အိုလင်းပစ်ပွဲတော်၏ အထိမ်းအမှတ် အိုလင်းပစ် မီးတိုင်ကြီးကို ထွန်းညှိပေးခဲ့သည်။ ရောမအိုလင်းပစ်တွင် အမေရိကန်အသင်း၏ ခေါင်းဆောင်အဖြစ် ဆောင်ရွက်ခဲ့သူ ရေဖာ ဂျွန်ဆင်သည် ယခု အသက် ၄၉ နှစ် ရှိပေပြီ။ အိုလင်းပစ်ပွဲတော် စတင်ကျင်းပရာ ဂရိနိုင်ငံ အိုလင်းပီယာတောင်ကုန်းတွင် စတင်ထွန်းညှိပြီး၊ အဆင့်ဆင့် လက်ကမ်းရ၍ သယ်ဆောင်လာသော အိုလင်းပစ်မီးတိုင်ကို ရေဖာ ဂျွန်ဆင်က လော့စ် အိန်းဂျလီး အားကစားကွင်းကြီး အတွင်းမှ စောင့်ကြိုခဲ့သည်။ ရေဖာ ဂျွန်ဆင်သို့ နောက်ဆုံးအဆင့် လက်ဆင့်ကမ်းသူမှာ ၁၉၃၆ ခုနှစ် ဘာလင် အိုလင်းပစ်တွင် ရွှေတံဆိပ် လေးခု ဆွတ်ခူးခဲ့သူ အမေရိကန်နိုင်ငံမှ ဂျက်စီ အိုးဝင်း၏ မြေးမကလေး ဂျီနာ ဟင်ဟီးလ် ဖြစ်သည်။

ဆိုဗီယက် ပြည် ထောင် စု၊ ဗူလဂေးရီးယား၊ အရှေ့ဂျာမနီ၊ မွန်ဂိုးလီးယား၊ လော၊ ဗီယက်နမ်၊ အာဖဂန် စတန်၊ ချက်ကို စလို ဗက်ကီးယား၊ ဟန်ဂေရီ၊ ပိုလန်၊ ကျူးဗား၊ တောင်ယေမင်၊ အီသီအိုးပီးယားနှင့် မြောက်ကိုးရီးယားနိုင်ငံတို့က လော့စ်အိန်းဂျလီးအိုလင်းပစ်ပွဲတော်ကို လုံခြုံရေး အာမခံချက်မရှိ ဟူသော အကြောင်းပြချက်ဖြင့် သပိတ်မှောက်ခဲ့ကြသည်။ ( ဆိုဗီယက်ပြည်ထောင်စု — ရှု။) သို့သော်လည်း နိုင်ငံပေါင်း ၁၄၀ မှ အမျိုးသား အမျိုးသမီးအားကစားသမား စုစုပေါင်း ၇,၀၀၀ ပါဝင် ယှဉ်ပြိုင်ခဲ့သဖြင့် ကမ္ဘာ့အိုလင်းပစ်သမိုင်းတွင် နိုင်ငံအများဆုံး ပါဝင်သော အိုလင်းပစ် ပွဲတော်အဖြစ် မှတ်တိုင်သစ် စိုက်ထူခဲ့သည်။

၁၉၅၂ ခုနှစ် နောက်ပိုင်း နွေရာသီ အိုလင်းပစ်ပွဲတော်တွင် ပထမဦးဆုံးအကြိမ် အဖြစ် ပါဝင်ခဲ့သော တရုတ်ပြည်သူ သမ္မတနိုင်ငံက အားကစား ၁၆ မျိုးတွင် ပါဝင် ယှဉ်ပြိုင်ရန်အတွက် အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၂၂၅ ဦးကို စေလွှတ်ခဲ့သည်။ နိုင်ငံအသီးသီးမှ အားကစားအဖွဲ့များသည် အစဉ်အလာ အတိုင်း ဖွင့်ပွဲအခမ်းအနားတွင် မိမိတို့နိုင်ငံ၏ အလံများကို ကိုင်ဆောင်ပြီး ပါဝင်ချီတက်ခဲ့ကြသည်။ နယူးဇီလန်နိုင်ငံမှ အသက် ၃၉ နှစ်ရှိ ကိုယ်ခန္ဓာ အောက်ပိုင်း သေနေသော အမျိုးသမီး မြားပစ်ချန်ပီယံ နီရိလီ ဖဲယားဟောလ်က တွန်းလှည်းပေါ်တွင် ထိုင်လျက် ချီတက်ခဲ့ရာ ပရိသတ်များက လှိုက်လှဲစွာ အားပေးခဲ့သည်။ ဖဲယားဟောလ်သည် ဓနသဟာယနိုင်ငံများ ပြေးခုန်ပစ်ပြိုင်ပွဲတွင် မြားပစ် ပြိုင်ပွဲ၌ ရွှေတံဆိပ် ဆွတ်ခူးထားသူ ဖြစ်သည်။ ၁၉၆၀ ပြည့်နှစ် မော်စကို အိုလင်းပစ်တွင် ပါဝင်ယှဉ်ပြိုင်ရန် ရွေးချယ်ခြင်းခံခဲ့ရသော်လည်း နယူးဇီလန်နိုင်ငံက သပိတ်မှောက်ခဲ့၍ မပါဝင်ခဲ့ရချေ။



အမျိုးသမီး မာရသွန်ပြေးပွဲ၌ ဂျုံး ဘီနွိုက် ...နှန်းဝင်လာစဉ်



အမျိုးသမီး မီတာ ၄၀၀ တန်းကျော်ပြေးပွဲတွင် ၅၄ ဒသမ ၆၁ စက္ကန့်ဖြင့် အိုလင်းပစ် စံချိန်သစ် တင်ခဲ့သူ မော်ရော့ကိုနိုင်ငံမှ မိုတာဝါကယ်

၂၃ ကြိမ်မြောက် အိုလင်းပစ်ပွဲတော်ကို အရှေ့ဥရောပ နိုင်ငံများ အားလုံးလိုလိုက သပိတ်မှောက်ခဲ့ကြရာ တခုတည်းသော နိုင်ငံအဖြစ် ပါဝင်ခဲ့သည့် ရိုမေးနီးယား အသင်းကိုလည်း ပရိသတ်များက အားပေးခဲ့ကြသည်။

မျှားသောအားဖြင့် မိမိတို့နိုင်ငံမှ အမျိုးသား ဝတ်စုံမျှားကို ဝတ်ဆင်ကြသည်။ အိုလင်းပစ်ပွဲတော် တူပစ်ပြိုင်ပွဲတွင် သုံးကြိမ်တိတိ ရွှေတံဆိပ် ဆုတ်ခူးခဲ့သူ အက်ဒမွန် ဘတ်က အမေရိကန်အလံကို ကိုင်ဆောင်ချီတက်ခဲ့သည်။ အမျိုးသားမီတာ ၄၀၀ တန်းကျော်ပြေးပွဲတွင် ကမ္ဘာ့ချန်ပီယံဖြစ်သူ အမေရိကန်မှ အက်ဒွင် မိုးဇက်က အားကစားအဓိဋ္ဌာန်ကို တိုင်ပေးခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် အမေရိကန် တနိုင်ငံလုံးမှ ရွေးချယ်ထားသော တီးမှုတ်သီဆိုကပြသူပေါင်း ၁၂,၀၀၀ တို့က အမေရိကန် ရှေးခေတ်သီချင်းကြီးမှ ခေတ်သစ်သီချင်းမျှားအထိ စုံလင်စွာ တီးမှုတ်သီဆို ကပြကြယင်း အမေရိကန်နိုင်ငံ၏ သမိုင်းကို ဖော်ထုတ်ခဲ့သည်။

ကိုကာကိုလာ အချိုရည်ထုတ်လုပ်သော ကုမ္ပဏီမှအစ အသားညှပ်ပေါင်မုန့် ထုတ်လုပ်သော ကုမ္ပဏီအဆုံး စီးပွားရေး ကုမ္ပဏီမျှား၏ ထောက်ပံ့ငွေမျှားဖြင့်သာ ကျင်းပခဲ့သော လော့စ်အိန်းဂျလီး အိုလင်းပစ် ပွဲတော်တွင် ဖွင့်ပွဲအခမ်းအနားတခုတည်းမှာပင် ဒေါ်လာခုနစ်သန်း ကုန်ကျခဲ့သည်။ အစိုးရ၏ ထောက်ပံ့ကြေးမပါပဲ စီးပွားရေးသမားမျှား၏ ထောက်ပံ့ငွေ သက်သက်ဖြင့် ကျင်းပခဲ့သော ပထမဦးဆုံး အိုလင်းပစ်ပွဲတော် ဖြစ်သည်။

၁၆ ရက် ကျင်းပခဲ့သည့် လော့စ်အိန်းဂျလီး အိုလင်းပစ်ပွဲတော်တွင် အားကစား ၂၄ မျိုး၊ ပြိုင်ပွဲပေါင်း ၂၂၁ ပွဲ ပါဝင်ခဲ့သည်။ ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်ပေါင်း ၆၆၀ ချီးမြှင့်ခဲ့သည်။ အမျိုးသမီးပြိုင်ပွဲများတွင် မာရသွန်ပြေးပွဲ၊ မီတာ ၃၀၀၀ ပြေးပွဲ၊ စက်ဘီးပြိုင်ပွဲ၊ သေနတ်ပစ်ပြိုင်ပွဲ၊ ပဿာဒရေကူးပြိုင်ပွဲ စသည်တို့ကို အသစ်ထည့်သွင်းထားသည်။ ဘော်ဘောနှင့် တင်းနစ်ပြိုင်ပွဲများကို စမ်းသပ်ပြိုင်ပွဲများအဖြစ် ထည့်သွင်းခဲ့သည်။





**အမျိုးသား ၁၀ မျိုးပြိုင်ပွဲတွင် ဂ,၇၉၇ မှတ်ဖြင့် အိုလင်းပစ်စံချိန်သစ်တင်ခဲ့သော ဖြိုတိန်နိုင်ငံမှ ဒေလီ သွမ်မဆင်**

## ဂျူဒိုပြိုင်ပွဲ

အတန်းမရှိပြိုင်ပွဲတွင် ကမ္ဘာ့ဂျူဒိုလောကတွင် အကောင်းဆုံး ဂျူဒိုသမားဖြစ်သည့် ဂျပန်မှ ယာဆူဟီရိ ယာမာရှီတာက အီဂျစ်မှ မိဟာမက် ရာရှဝမ်ကို နှိုင်းပြိုးရွှေတံဆိပ် ဆုတ်ခူးခဲ့သည်။ အသက် ၂၇ နှစ်ရှိ ယာမာရှီတာသည် ကမ္ဘာ့ချန်ပီယံဘွဲ့ကို သုံးကြိမ် ဆုတ်ခူးခဲ့ဖူးသော်လည်း အိုလင်းပစ် ရွှေတံဆိပ်ကို မရရှိခဲ့ဖူးသေးချေ။ ၁၉၇၆ ခုနှစ် မွန်ထရီရယ် အိုလင်းပစ်ပွဲတော်အချိန်က ယာမာရှီတာသည် အသက်ငယ်လွန်းနေသေးသည်။ ၁၉၀၀ ပြည့်နှစ် မော်စကို အိုလင်းပစ်တွင်လည်း ဂျပန်နိုင်ငံက သပိတ်မှောက်ခဲ့၍ ပါဝင်ခွင့်မရခဲ့ချေ။ ၁၉၀၄ ခုနှစ် လော့စ်အိန်းဂျလီး အိုလင်းပစ်တွင် ဒုတိယပတ်ပွဲအဖြစ် အနောက်ဂျာမနီမှ အာသာရှနာဘယ်လ်နှင့် ယှဉ်ပြိုင်စဉ်က ခြေထောက် နာသွား၍ မိဟာမက် ရာရှဝမ်နှင့် ယှဉ်ပြိုင်ရာတွင် စိုးရိမ်မိခဲ့သည်။ အနိုင်ရရှိသောအခါ ဝမ်းသာလွန်း၍ ငိုကြွေးခဲ့သည်။ ငွေတံဆိပ်ရသွားသော အီဂျစ်မှ စီးပွားရေး လုပ်ငန်းရှင်တဦးဖြစ်သူ မိဟာမက်ရာရှဝမ်သည် ကြီးမားသော ကိုယ်ခန္ဓာဖြင့် ကြောက်စရာကောင်းသူတဦး ဖြစ်သည်။

## ကျမ်းဘားပြိုင်ပွဲများ

**အမျိုးသားအသင်းလိုက်ပြိုင်ပွဲ**–မစ်ချီဂေးလော့ဒ်ဘတ်ကော်နာ နှင့် တင် ဒက်ဂတ်တို့ ပါဝင်သော အမေရိကန်အသင်းက စုစုပေါင်း ၅၉၁ ဒသမ ၄၀ မှတ် ဖြင့် ရွှေတံဆိပ် ဆုတ်ခူးခဲ့သည်။ နှစ်ပေါင်း ၈၀ အတွင်း ပထမဦးဆုံး ကျမ်းဘားအသင်းလိုက် ရွှေတံဆိပ်ကို ဆုတ်ခူးခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့ချန်ပီယံတရုတ်အသင်းက ၅၉၀ ဒသမ ၈၀ မှတ်ဖြင့် ငွေတံဆိပ်သာ ဆုတ်ခူးနိုင်ခဲ့သည်။ ဂျပန်အသင်း



**လိုက်ဟဲမီးဝိတ်တန်း ပြိုင်ပွဲတွင် ဒိုနီစီ(ရိုမေနီးယား)နှင့်ယိုဆီပိုးဗစ်(ယူဂိုစလားဗီးယား)တို့ ယှဉ်ပြိုင်ထိုးသတ်နေပုံ**

က ၅၀၆ ဒသမ ၇၀ မှတ်ဖြင့် ကြေးတံဆိပ် ဆွတ်ခူးခဲ့သည်။ မစ်ချ်ဂေးလော့ဒ်၊ ဘတ်ကော်နာနှင့် တင်ဒက်ဂတ်တို့သည် သံကွင်းတပ်ဘား၊ နှစ်တန်းဘားနှင့် အမြင့်ဘားတို့တွင် ၁၀ မှတ်စီ အပြည့်ရခဲ့သည်။

**အမျိုးသမီး အသင်းလိုက် ပြိုင်ပွဲ** – ရိုမေးနီးယားအသင်းက ၃၉၂ ဒသမ ၂၀ မှတ်ဖြင့် ရွှေတံဆိပ်၊ အမေရိကန် အသင်းက ၃၉၁ ဒသမ ၂၀ မှတ်ဖြင့် ငွေတံဆိပ်၊ တရုတ်အသင်းက ၃၈၈ ဒသမ ၆၀ မှတ်ဖြင့် ကြေးတံဆိပ်များ ရခဲ့သည်။

**အမျိုးသား တဦးချင်း ဘက်စုံပြိုင်ပွဲ** – ဂျပန်မှ အသက် ၂၇ နှစ်ရှိ ကိုဂျီ ဂူရှိဂင်က စုစုပေါင်း ပေးမှတ် ၁၂၀ အနက် ၁၁၈ ဒသမ ၇ မှတ်ရပြီး ရွှေတံဆိပ် ဆွတ်ခူးခဲ့သည်။

**အမျိုးသမီးတဦးချင်း ဘက်စုံပြိုင်ပွဲ** – အမေရိကန်မှ အသက် ၁၆ နှစ်ရှိ ကျောင်းသူကလေး မေရီ လို ရက်တန်က စုစုပေါင်း ၇၉ ဒသမ ၁၇၅ မှတ် ဖြင့် ရွှေတံဆိပ်ဆွတ်ခူးခဲ့သည်။ ရိုမေးနီးယားမှ အသက် ၁၇ ရှိ ကမ္ဘာ့ချန်ပီယံ အီကာတီရီနာ ဇာဘိုက ၇၉ ဒသမ ၁၂၅ မှတ်ဖြင့် ငွေတံဆိပ်သာရခဲ့သည်။ ရိုမေးနီးယားမှပင် ဖြစ်သူ ဆီမိုနာပေါ်ကာက ၇၀ ဒသမ ၆၇၅ မှတ်ဖြင့် ကြေးတံဆိပ်ရခဲ့သည်။

## ဘောလုံးပွဲ

နောက်ဆုံးဗိုလ်လုပွဲတွင် ပြင်သစ်က ဗရာဇီးကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် နိုင်ပြီး ရွှေတံဆိပ်ဆွတ်ခူးသွားသည်။ ပြင်သစ် နိုင်ငံအတွက် ပထမဦးဆုံး ရွှေတံဆိပ်ပင်ဖြစ်သည်။ ပွဲကြည့် ပရိတ်သတ် ၁,၀၁,၇၉၉ ရှိခဲ့သည်။ ပြင်သစ်သည် ၁၉၀၄ ခုနှစ် ဇွန်လအတွင်းက ကျင်းပခဲ့သော ဥရောပ ဘောလုံးပြိုင်ပွဲတွင် ချန်ပီယံဘွဲ့ကို ဆွတ်ခူးထားသည်။ ပြင်သစ်ဘောလုံးအသင်းမှ အပျော်ထမ်း ဘောလုံးသမား လူငယ်ကလေးများသည် ကြေးစားဘောလုံးသမားအဖြစ် ကူးပြောင်းပြီး ၁၉၀၆ ခုနှစ်တွင် မက္ကဆီကို နိုင်ငံ၌ ကျင်းပမည့် ကမ္ဘာ့ဘောလုံးပြိုင်ပွဲတွင် ပြင်သစ် လက် ရွေး စင်အသင်းမှ ပါဝင်ကစားကြရန်ရှိသည်။


တတိယနေရာလုပွဲတွင် ယူဂိုစလားဗီးယားက အီတလီကို နှစ်ဂိုး၊ တဂိုးဖြင့် အနိုင်ရရှိသွားသည်။

## အမျိုးသား ဘော်လီဘောပြိုင်ပွဲ

နောက်ဆုံးဗိုလ်လုပွဲတွင် အမေရိကန်အသင်းက ဗရာဇီးအသင်းကို ၁၅–၆၊ ၁၅–၆၊ ၁၅–၇ သုံးပွဲအပြတ်ဖြင့် နိုင်ပြီး ရွှေတံဆိပ် ဆွတ်ခူးခဲ့သည်။ ဗရာဇီးအသင်းက ငွေတံဆိပ်၊ အီတလီက ကြေးတံဆိပ် ရခဲ့သည်။ အီတလီအသင်းက ကနေဒါ အသင်းကို ၁၅–၁၁၊ ၁၅–၁၂၊ ၁၅–၈ ဖြင့် သုံးပွဲအပြတ်နိုင်ခဲ့သည်။

## အမျိုးသမီး ဘော်လီဘော ပြိုင်ပွဲ

နောက်ဆုံးဗိုလ်လုပွဲတွင် တရုတ်အသင်းက အမေရိကန်အသင်းကို ၁၆–၁၄၊ ၁၅–၃၊ ၁၅–၉ ဖြင့် သုံးပွဲအပြတ်



**အမျိုးသား အသင်းလိုက် ကျမ်းဘားပြိုင်ပွဲတွင် ရွှေတံဆိပ် ဆွတ်ခူးခဲ့သော အမေရိကန်အသင်းမှ ဘတ် ကော်နာ၏ နှစ်တန်းဘား ကစားဟန်**

နိုင်ပြီး ရွှေတံဆိပ် ဆွတ်ခူးခဲ့သည်။ အမေရိကန်အသင်းက ငွေတံဆိပ်သာရခဲ့သည်။ ဂျပန်အသင်းက ပီရူးအသင်းကို နိုင်ပြီး ကြေးတံဆိပ် ဆွတ်ခူးခဲ့သည်။

## အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲ

နောက်ဆုံးဗိုလ်လုပွဲတွင် အမေရိကန်အသင်းက စပိန်အသင်းကို ၉၆ – ၆၅ မှတ်ဖြင့်နိုင်ပြီး ရွှေတံဆိပ် ဆွတ်ခူးခဲ့သည်။ အိုလင်းပစ် ပြိုင်ပွဲများတွင် ဘတ်စကက်ဘော ပြိုင်ပွဲများ၌ အမေရိကန်အသင်း ၁၀ ကြိမ် ပါဝင်ခဲ့ရာ ယခု ကိုးကြိမ်မြောက် ရွှေတံဆိပ်ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။ ဘတ်စကက်ဘောပွဲပေါင်း ဂ၁ ပွဲ ကစားခဲ့ရာ ၁၉၇၂ ခုနှစ် မြူးနစ် အိုလင်းပစ်တွင် နောက်ဆုံးဗိုလ်လုပွဲ၌ ဆိုဗီယက်ပြည်ထောင်စုကို ရှုံးခဲ့သောပွဲမှာ တခုတည်းသော ရှုံးပွဲဖြစ်သည်။ စပိန်အသင်းအတွက် ငွေတံဆိပ်သည် အိုလင်းပစ်ပွဲတော်များတွင်

# ကမ္ဘာ့အိုလင်းပစ် ရွှေတံဆိပ်ဆုရှင်များ (၁၉၀၄)

### ပြေးခုန်ပစ် အမျိုးသား

| ပြိုင်ပွဲ | ရွှေတံဆိပ်ဆုရှင် | စံချိန် | နိုင်ငံ |
|---|---|---|---|
| အပြေး | | | |
| မီတာ ၁၀၀ | ကား လူးဝစ် | ၉.၉၃ စက္ကန့် | အမေရိကန် |
| မီတာ ၂၀၀ | ကား လူးဝစ် | ၁၉.၀၀ စက္ကန့် * | အမေရိကန် |
| မီတာ ၄၀၀ | အလ်ဒန်ဆို ဘာဘာဝ် | ၄၄.၂၇ စက္ကန့် | အမေရိကန် |
| မီတာ ၈၀၀ | ဟွာကင် ခရုင် | ၁ မိနစ် ၄၃.၀၀ စက္ကန့် * | ဘရာဇီး |
| မီတာ ၁၅၀၀ | ဆီဗက်ချင်း ကိုး | ၃ မိနစ် ၃၂.၅၃ စက္ကန့် * | ပြိတိန် |
| မီတာ ၅၀၀၀ | ဆေဒ် အေဗာ်းတား | ၁၃ မိနစ် ၅ ဒသမ ၅၉ စက္ကန့်* | မော်ရိုကို |
| မီတာ ၁၀၀၀၀ | အယ်လ်ဘာတို ကိုဗာ | ၂၇ မိနစ် ၄၇.၅၄ စက္ကန့် | အီတလီ |
| မီတာ ၁၁၀ တန်းကျော် | ရောဂျာ ကင်းဒမ်း | ၁၃.၂၀ စက္ကန့် * | အမေရိကန် |
| မီတာ ၄၀၀ တန်းကျော် | ဒက်ဒဝင် မောဆက် | ၄၇.၂၅ စက္ကန့် | အမေရိကန် |
| မီတာ ၁၀၀×၄ | ဂရက်ဒီ၊ ဘရောင်း၊ စမစ်၊ | ၃၇.၈၃ စက္ကန့် ** | အမေရိကန် |
| လက်ဆင့်ကမ်း | လူးဝစ် | | |
| မီတာ ၄၀၀×၄ | နစ်၊ အမ်းစတက်၊ ဘာဘာဝ် | ၂ မိနစ် ၅၇.၉၁ စက္ကန့် | အမေရိကန် |
| လက်ဆင့်ကမ်း | မက်ကေး | | |
| မာရသွန် | ကားလို့စ် လိုပက် | ၂ နာရီ ၉ မိနစ် ၂၁ စက္ကန့် | ပေါ်တူဂယ် |
| အခုန် | | | |
| အမြင့်ခုန် | ဒေမာ မိုဂင်ဗို | ၂.၃၅ မီတာ | အနောက်ဂျာမနီ |
| တုတ်ထောက်ခုန် | ပဲ့ကို့ဒန် | ၅.၂၅ မီတာ | ပြင်သစ် |
| အလျားခုန် | ကား လူးဝစ် | ၈.၅၄ မီတာ | အမေရိကန် |
| သုံးဆင့်ခုန် | အယ်လ် ဂျိုင်နာ | ၁၇.၂၆ မီတာ | အမေရိကန် |
| အပစ် | | | |
| သံလုံးပစ် | အလက်ဆန်ဒရို အင်ဒရီ | ၂၁.၂၆ မီတာ | အီတလီ |
| သံပြားဝိုင်းပစ် | ရော့ဖ် ဒင်နီဘတ် | ၆၆.၆၀ မီတာ | အနောက်ဂျာမနီ |
| လှံတံပစ် | အာတို အာကီနင် | ၈၆.၇၆ မီတာ | ဖင်းလန် |
| တူပစ် | ယူဟာ တိယိုင်နင် | ၇၈.၀၈ မီတာ | ဖင်းလန် |

ခရေပွင့် တပွင့်သည် အိုလင်းပစ် စံချိန်သစ်ဖြစ်၍ ** ခရေပွင့်နှစ်ပွင့်သည် အိုလင်းပစ်နှင့် ကမ္ဘာ့စံချိန်သစ် ဖြစ်သည်။

## ပြေးခုန်ပစ် အမျိုးသမီး

| အပြေး | | | |
|---|---|---|---|
| မီတာ ၁၀၀ | အက်ဗီလင် အက်ရှ်ဖို့ဒ် | ၁၀.၉၃ စက္ကန့် * | အမေရိကန် |
| မီတာ ၂၀၀ | ဗယ်လာရီ ဘရစ်စကိုဟွတ် | ၂၁.၈၁ စက္ကန့် * | အမေရိကန် |
| မီတာ ၄၀၀ | ဗယ်လာရီ ဘရစ်စကိုဟွတ် | ၄၈.၈၃ စက္ကန့် * | အမေရိကန် |
| မီတာ ၈၀၀ | ဒေါ်ရီနာ မယ်လင်တီ | ၁ မိနစ် ၅၃ စက္ကန့် | ရိုမေးနီးယား |
| မီတာ ၁၅၀၀ | ဂါဘရီယယ်လာ ဒေါ်ရီယို | ၄ မိနစ် ၃.၂၅ စက္ကန့် | အီတလီ |
| မီတာ ၃၀၀၀ | မာရိုဆီကာပူ အီကာ | ၈ မိနစ် ၃၅.၄၆ စက္ကန့် | ရိုမေးနီးယား |
| မီတာ ၁၀၀ တန်းကျော် | ဖစ်ဂျာရယ် ဘရောင်း | ၁၂.၈၄ စက္ကန့် | အမေရိကန် |
| မီတာ ၄၀၀ တန်းကျော် | မိုတာဝကယ် | ၅၄.၆၁ စက္ကန့် * | မော်ရော့ကို |
| မာရသွန် | ဂျုံး ဘီဒွိုက် | ၂ နာရီ ၂၄ မိနစ် ၅၂ စက္ကန့် | အမေရိကန် |
| **အခုန်** | | | |
| အမြင့်ခုန် | အူးလ်ရစ် မေဖဗ့်သ် | ၂.၀၂ မီတာ * | အနောက်ဂျာမနီ |
| အလျားခုန် | ကွူစမာ စတန်စီယူ | ၆.၉၆ မီတာ | ရိုမေးနီးယား |
| **အပစ်** | | | |
| သံလုံးပစ် | ကလောဒီယာ လော့ဇ် | ၂၀.၄၀ မီတာ | အနောက်ဂျာမနီ |
| သံပြားဝိုင်းပစ် | ရီယာ စတေးလ်မန်း | ၆၅.၃၆ မီတာ | ဟော်လန် |
| လှံတံပစ် | တက်ဆာ ဆန်ဒါဆင် | ၆၉.၅၆ မီတာ | ဖြူတိန် |

* ခရေပွင့် တပွင့်သည် အိုလင်းပစ် စံချိန်သစ်ဖြစ်၍ ** ခရေပွင့်နှစ်ပွင့်သည် အိုလင်းပစ်နှင့် ကမ္ဘာ့စံချိန်သစ် ဖြစ်သည်။

ရရှိခဲ့သည့် အမြင့်ဆုံး ဘတ်စကက်ဘော ဆုတံဆိပ်ပင် ဖြစ်သည်။ ၁၉၈၀ ပြည့်နှစ် မော်စကို အိုလင်းပစ်တွင် နံ ပါတ် လေးနေရာမှာသာ ချိတ်နိုင်ခဲ့သည်။

### အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ

နောက်ဆုံးဗိုလ်လုပွဲတွင် အမေရိကန်အသင်းက တောင် ကိုရီးယားအသင်းကို ၈၅ – ၅၁ မှတ်ဖြင့် အပြတ်အသတ် နိုင်ပြီး ရွှေတံဆိပ် ဆွတ်ခူးခဲ့သည်။ တရုတ်အသင်းက ကနေဒါအသင်းကို ၆၃ – ၅၇ မှတ်ဖြင့်နိုင်ပြီး ကြေးတံဆိပ် ရခဲ့သည်။

### ဟော်ကီပြိုင်ပွဲ

လက်ရှိ မော်စကို အိုလင်းပစ် ချန်ပီယံ အိန္ဒိယအသင်း သည် အုပ်စုအဆင့်မှာပင် ပြုတ်သွားသည်။ အိန္ဒိယသည် ၁၉၂၈ ခုနှစ် အမ်စတာဒမ် အိုလင်းပစ်ပွဲတော်မှစ၍ ယှဉ်ပြိုင်ခဲ့ရာ ၁၉၅၆ ခုနှစ် မဲလ်ဘုန်း အိုလင်းပစ်ပွဲတော်အထိ ဟော်ကီ ရွှေတံဆိပ် ခြောက်ကြိမ်တိတိ ဆွတ်ခူးခဲ့သည်။ ၁၉၆၄ ခုနှစ် တိုကျိုအိုလင်းပစ်နှင့် ၁၉၈၀ ပြည့်နှစ်မော်စကိုအိုလင်း ပစ်ပွဲတော်များတွင်လည်း ရွှေတံဆိပ်များ ဆွတ်ခူးခဲ့သည်။ ပါကစ္စတန်သည် ၁၉၆၄ ခုနှစ် တိုကျိုအိုလင်းပစ်နှင့် ၁၉၆၈ ခုနှစ် မက္ကဆီကို အိုလင်းပစ်ပွဲတော်များတွင် ဟော်ကီ ရွှေတံဆိပ်များ ဆွတ်ခူးခဲ့သည်။ အကြိုဗိုလ်လုပွဲများတွင် ပါကစ္စတန်အသင်းက ရေပန်းစားနေသော ဩစတြေးလျအသင်းကို တဂိုး၊ ဂိုးမရှိဖြင့်နိုင်သည်။ အနောက်ဂျာမနီအသင်းက ဗြိတိန်အသင်းကို တဂိုး၊ ဂိုးမရှိဖြင့်နိုင်သည်။ နောက်ဆုံးဗိုလ်လုပွဲတွင် ပါကစ္စတန်အသင်းက အနောက်ဂျာမနီအသင်းကို အချိန်ပိုတွင် နှစ်ဂိုး၊ တဂိုးဖြင့်နိုင်ပြီး ရွှေတံဆိပ် ဆွတ်ခူးသည်။အနောက်ဂျာမနီအသင်းသည် ၁၉၇၂ ခုနှစ် မြူးနစ် အိုလင်းပစ်ပွဲတွင် နောက်ဆုံးဗိုလ်လုပွဲ၌ ပါကစ္စတန် အသင်းကိုနိုင်ပြီး ရွှေတံဆိပ် ဆွတ်ခူးခဲ့ဖူးသည်။

## လက်ဝှေ့

| အတန်း | ဆုရရှိသူများ | နိုင်ငံ |
|---|---|---|
| လိုက်ဖလိုင်းဝိတ် (၄၈ ကီလို) | ပေါလ် ဂွန်ဇာလေ့ (ပထမ) | အမေရိကန် |
| | ဆာလ်ဗာတို တိုဒစ်စကို (ဒုတိယ) | အီတလီ |
| ဖလိုင်းဝိတ် (၅၁ ကီလို) | စတီဗင် မက်ခရိုရီ (ပထမ) | အမေရိကန် |
| | ရက်ဇီပေါ့ဗ်စကီ (ဒုတိယ) | ယူဂိုစလားဗီးယား |
| ဘင်တန်ဝိတ် (၅၄ ကီလို) | မော်ရိဇီယို စတက်ကာ (ပထမ) | အီတလီ |
| | ဟက်တာ လိုပက် (ဒုတိယ) | မက္ကဆီကို |
| ဖယ်သာဝိတ် (၅၇ ကီလို) | မဲလ်ဒရစ် တေလာ (ပထမ) | အမေရိကန် |
| | ပီတာ ကွန်းယက်ဝါချီ (ဒုတိယ) | နိုင်ဂျီးရီးယား |
| လိုက်ဝိတ် (၆၀ ကီလို) | ပါးနဲလ် ဝှစ်တိတ်ကာ (ပထမ) | အမေရိကန် |
| | လူဝီ အက်ဖ် အော်တစ် (ဒုတိယ) | ပွာတိုရီကို |
| လိုက်ဝယ်လ်တာဝိတ် (၆၃.၅ ကီလို) | ဂျယ်ရီ ပေ့ (ပထမ) | အမေရိကန် |
| | ဒါဝီ အမ်ပုံမဟာ (ဒုတိယ) | ထိုင်း |
| ဝယ်လ်တာဝိတ် (၆၇ ကီလို) | မာ့ခ် ဘရီလန် (ပထမ) | အမေရိကန် |
| | အန်ယန်းဆု (ဒုတိယ) | တောင်ကိုရီးယား |
| လိုက်မစ်ဒယ်ဝိတ် (၇၁ ကီလို) | ဖရန့် တိတ် (ပထမ) | အမေရိကန် |
| | ရှောင် အိုဆူလီဗန် (ဒုတိယ) | ကနေဒါ |
| မစ်ဒယ်ဝိတ် (၇၅ ကီလို) | ယွန်ဆပ် ရှင် (ပထမ) | တောင်ကိုရီးယား |
| | ဗာဂျီး ဟီးလ် (ဒုတိယ) | အမေရိကန် |
| လိုက်ဟဲဗီးဝိတ် (၈၁ ကီလို) | အန်တွန် ယိုဆီပိုးဗစ် (ပထမ) | ယူဂိုစလားဗီးယား |
| | ကီဗင် ဘာရီ (ဒုတိယ) | နယူးဇီလန် |
| ဟဲဗီးဝိတ် (၉၁ ကီလို) | ဟင်နရီ တီးလ်မင်း (ပထမ) | အမေရိကန် |
| | ဝိလီ ဒီဝစ် (ဒုတိယ) | ကနေဒါ |
| ဆူပါဟဲဗီးဝိတ် (၉၁ ကီလိုအထက်) | တီရယ် ဘစ် (ပထမ) | အမေရိကန် |
| | ဖရန်ဆက်စကို ဒါမီယာနီ (ဒုတိယ) | အီတလီ |

## အလေးမ

| အလေးချိန်တန်း | ရွေတံဆိပ်ဆုရှင် | အမြန်မစံချိန် | အနှေးမစံချိန် | နိုင်ငံ |
|---|---|---|---|---|
| ၅၂ ကီလို | ဇင်ဂူကျင်း | ၁၀၅ ကီလို | ၁၃၀ ကီလို | တရုတ် |
| ၅၆ ကီလို | ဝူရှုဒေး | ၁၂၀ ကီလို | ၁၄၇.၅ ကီလို | တရုတ် |
| ၆၀ ကီလို | ချင်ဝေကျင်း | ၁၂၅ ကီလို | ၁၅၇.၅ ကီလို | တရုတ် |
| ၆၇.၅ ကီလို | ယောင်ဂျင်ယွန်း | ၁၄၂.၅ ကီလို | ၁၇၇.၅ ကီလို | တရုတ် |
| ၇၅ ကီလို | ရာရှင်စကီ | ၁၅၀ ကီလို | ၁၉၀ ကီလို | အာနောက်ဂျာမနီ |
| ၈၂.၅ ကီလို | ဘီချရူ | ၁၅၅ ကီလို | ၂၀၀ ကီလို | ရိုမေးနီးယား |
| ၉၀ ကီလို | နီကူ ဗငေတ် | ၁၆၂.၅ ကီလို | ၂၂၀ ကီလို | ရိုမေးနီးယား |
| ၁၀၀ ကီလို | ရော့ဖ် မီလ်ဆာ | ၁၆၇.၅ ကီလို | ၂၁၇.၅ ကီလို | အာနောက်ဂျာမနီ |
| ၁၁၀ ကီလို | အိုဘာဘာဂျာ | ၁၇၅ ကီလို | ၂၁၅ ကီလို | အီတလီ |

* ခရေပွင့် တပွင့်သည် အိုလင်းပစ် စံချိန်သစ်ဖြစ်၍ ** ခရေပွင့်နှစ်ပွင့်သည် အိုလင်းပစ်နှင့် ကမ္ဘာ့စံချိန်သစ် ဖြစ်သည်။

## ရေကူး (အမျိုးသား)

| | | | |
|---|---|---|---|
| မီတာ ၁၀၀ အလွတ်ကူး | အမ်းဘရို့စ် ဂိန်းစ် | ၄၉.၀၀ စက္ကန့်* | အမေရိကန် |
| မီတာ ၂၀၀ အလွတ်ကူး | မိုက်ကယ် ဂရော့စ် | ၁ မိနစ် ၄၇.၄၄ စက္ကန့်** | အနောက်ဂျာမနီ |
| မီတာ ၄၀၀ အလွတ်ကူး | ကျော့ ဒီကာလို | ၃ မိနစ် ၅၁.၂၃ စက္ကန့်* | အမေရိကန် |
| မီတာ ၁၅၀ အလွတ်ကူး | မိုက်ကယ်အိုဘရိုင်ယန် | ၁၅ မိနစ် ၅.၂၀ စက္ကန့် | အမေရိကန် |
| မီတာ ၁၀၀ ရင်ဘောင်တန်းကူး | စတီဗ် လွန်းကွစ် | ၁ မိနစ် ၁.၆၅ စက္ကန့်** | အမေရိကန် |
| မီတာ ၂၀၀ ရင်ဘောင်တန်းကူး | ဗစ်တာ ဒေးဗစ် | ၂ မိနစ် ၁၃.၃၄ စက္ကန့်** | ကနေဒါ |
| မီတာ ၁၁၀ လိပ်ပြာကူး | မိုက်ကယ် ဂရော့စ် | ၅၃.၀၈ စက္ကန့်** | အနောက်ဂျာမနီ |
| မီတာ ၂၀၀ လိပ်ပြာကူး | ဂျွန် ဆီဘင် | ၁ မိနစ် ၅၇.၀၄ စက္ကန့်** | ဩစတြေးလျ |
| မီတာ ၂၀၀ လေးမျိုးကူး | အလက် ဘောမင်း | ၂ မိနစ် ၁.၄၂ စက္ကန့်** | ကနေဒါ |
| မီတာ ၄၀၀ လေးမျိုးကူး | အလက် ဘောမင်း | ၄ မိနစ် ၁၇.၄၁ စက္ကန့်** | ကနေဒါ |

## ရေကူး (အမျိုးသမီး)

| | | | |
|---|---|---|---|
| မီတာ ၁၀၀ အလွတ်ကူး | စတိန်းဆေဖာ | ၅၅.၉၂ စက္ကန့် | အမေရိကန် |
| မီတာ ၂၀၀ အလွတ်ကူး | မေရီဝိတ် | ၁ မိနစ် ၅၉.၂၃ စက္ကန့် | အမေရိကန် |
| မီတာ ၄၀၀ အလွတ်ကူး | တစ်ဖနီ ကိုဟန် | ၄ မိနစ် ၇.၁၀ စက္ကန့်* | အမေရိကန် |
| မီတာ ၈၀၀ အလွတ်ကူး | တစ်ဖနီ ကိုဟန် | ၈ မိနစ် ၂၄.၉၅ စက္ကန့်* | အမေရိကန် |
| မီတာ ၁၀၀ ရင်ဘောင်တန်းကူး | စတေဗာရန် | ၁ မိနစ် ၉.၈၈ စက္ကန့်* | နယ်သာလန် |
| မီတာ ၂၀၀ လိပ်ပြာကူး | မေရီ တီ မီဂါ | ၂ မိနစ် ၆.၉၀ စက္ကန့်* | အမေရိကန် |
| မီတာ ၂၀၀ လေးမျိုးကူး | ထရေစီ ကော်လ်ကင် | ၂ မိနစ် ၁၂.၆၄ စက္ကန့်* | အမေရိကန် |

* ခရေပွင့် တပွင့်သည် အိုလင်းပစ် စံချိန်သစ်ဖြစ်၍ ** ခရေပွင့်နှစ်ပွင့်သည် အိုလင်းပစ်နှင့် ကမ္ဘာ့စံချိန်သစ် ဖြစ်သည်။

ဗြိတိန်အသင်းက ဩစတြေးလျ အသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် နိုင်ပြီး ကြေးတံဆိပ်ဆွတ်ခူးခဲ့သည်။ ၁၉၅၂ ခုနှစ် ဟယ်လ်ဆင်ကီ အိုလင်းပစ် တွင်လည်း ဗြိတိန်အသင်းသည် ကြေးတံဆိပ် ရခဲ့ဖူးသည်။

## သေနတ်ပစ်

လေသေနတ်ပစ်ပြိုင်ပွဲတွင် ပြင်သစ်မှ အသက် ၂၁ နှစ် ရှိ မီးသတ်တပ်သားဖီးလစ် ဟီဘာလီက ၅၉၀ မှတ်ဖြင့် ရွှေတံဆိပ်ဆွတ်ခူးခဲ့သည်။ ဟီဘာလီသည် လေသေနတ် ပစ်တွင် လက်ရှိဥရောပချန်ပီယံနှင့် ကမ္ဘာ့ချန်ပီယံလည်း ဖြစ်သည်။ ထို့ကြောင့် ချန်ပီယံသုံးထပ်ကွမ်းအဖြစ် မှတ် တိုင်သစ် စိုက်ထူသွားသည်။ ဟီဘာလီက အိုလင်းပစ် ရွှေ တံဆိပ် ဆွတ်ခူးနိုင်ရန်အတွက် မျှားစွာအပင်ပန်းခံပြီး ပြင်း ပြင်းထန်ထန် လေ့ကျင့်ခဲ့ရကြောင်း ပြောကြားခဲ့သည်။


## ထူးချွန်မှုများ

ပြေးခုန်ပစ်ပြိုင်ပွဲများတွင် ထူးချွန်စွာ အစွမ်းပြသွား သူမှာ အမေရိကန်မှ ကား လူးဝစ်ဖြစ်သည်။ ယင်းသည်




**အမျိုးသမီးတဦးချင်း ဘက်စုံကျမ်းဘားပြိုင်ပွဲတွင် ရွှေတံဆိပ် ရရှိခဲ့သော မေရီ လို ရက်တန်**

အမျိုးသား မီတာ ၁၀၀ ပြေးပွဲတွင် ၉ ဒသမ ၉၉ စက္ကန့် ဖြင့် လည်းကောင်း၊ အမျိုးသား မီတာ ၂၀၀ ပြေးပွဲတွင် ၁၉ ဒသမ ဂဝ စက္ကန့်ဖြင့် လည်းကောင်း၊ အလျားခုန်တွင် ဂ ဒသမ ၅၄ မီတာဖြင့် လည်းကောင်း၊ အမျိုးသား ၄ × ၁၀၀ မီတာ လက်ဆင့်ကမ်းပြေးပွဲတွင် ဆမ် ဂရက်ဒီ၊



ကီလို ၉၀ အလေးမပြိုင်ပွဲတွင် စုစုပေါင်း ၃၉၂ ဒသမ ၅ ကီလို မပြီး ရွှေတံဆိပ်ဆွတ်ခူးခဲ့သော ရိုမေနီးယားနိုင်ငံမှ နီကူ ဗလတ်

ရမ် ဘရောင်း၊ ကယ်လ်ဗင် စမစ်နှင့် ကား လူးဝစ်တို့ ပါဝင်သော အမေရိကန်အသင်းက အိုလင်းပစ် စံချိန်သစ် ၃၇ ဒသမ ၈၃ စက္ကန့်ဖြင့် လည်းကောင်း ရွှေတံဆိပ်များ ဆွတ်ခူးခဲ့ရာ ကားလူးဝစ်သည် ရွှေတံဆိပ် လေးဆုရှင်ဖြစ်သွားသည်။ ၁၉၃၆ ခုနှစ် ဘာလင်အိုလင်းပစ်တွင် အမေရိကန်မှ ဂျက်စီအိုဝင်က ရွှေတံဆိပ်လေးခုဆွတ်ခူးပြီး မှတ်တိုင်သစ် စိုက်ထူခဲ့ရာ ကားလူးဝစ်သည် ဂျက်စီအိုဝင်ကို အမှီလိုက်နိုင်သူ ဖြစ်သွားသည်။

ကားလူးဝစ်၏ မီတာ ၂၀၀ ပြေးပွဲစံချိန် ၁၉ ဒသမ ၀၀ စက္ကန့်သည် အိုလင်းပစ်စံချိန်သစ်ဖြစ်သည်။ ၁၉၆၀ ခုနှစ် မက္ကဆီကိုအိုလင်းပစ်တွင် အမေရိကန်မှ တော်မီစမစ် တင်ထားသောစံချိန်ကို ဝ ဒသမ ဝ၃ စက္ကန့်အသာဖြင့် ချိုးနိုင်ခဲ့သည်။ ၁၉ ဒသမ ၂၂ စက္ကန့်ဖြင့် ကမ္ဘာ့စံချိန်တင်ထားသူ အီတလီနိုင်ငံမှ အသက် ၃၂ နှစ်ရှိ ပီထရိုမင်နီယာသည် ၂၀ ဒသမ ၅၅ စက္ကန့်ဖြင့်သာ ပြေးနိုင်ခဲ့၍ နံပါတ်ခုနစ် ဖြစ်သွားသည်။

အမျိုးသား အားကစား ၁၀ မျိုးစုံ ပြိုင်ပွဲတွင် ဗြိတိန်နိုင်ငံမှ အရပ်ခြောက်ပေ ကိုယ်အလေးချိန် ၁၀၉ ပေါင်ရှိ ဒေလီသမ်မဆင်က ဂ,၇၉၇ မှတ်ဖြင့် အိုလင်းပစ်စံချိန်တင်ပြီး ရွှေတံဆိပ်ဆွတ်ခူးခဲ့သည်။ ၁၉၇၄ ခုနှစ် ဇွန်လအတွင်းက အနောက်ဂျာမနီမှ ဂျော်ဂန် ဟင်ဆန် တင်ထားသော ကမ္ဘာ့စံချိန်ကိုမီရန် တမှတ်သာလိုတော့သည်။ ဂျော်ဂန် ဟင်ဆန်သည် ဂ,၆၇၃ မှတ်ဖြင့် ဒွေတံဆိပ်သာ ရခဲ့သည်။ အနောက်ဂျာမနီမှပင် ဖြစ်သူ စီဂီဝင့်က ဂ,၄၁၂ မှတ်ဖြင့် ကြေးတံဆိပ် ရခဲ့သည်။

အမျိုးသမီး မီတာ ၄၀၀ ပြေးပွဲတွင် အမေရိကန်နိုင်ငံမှ အသက် ၂၄ နှစ်ရှိ ဗယ်လာရီ ဘရစ်စကို ဟွတ်က အိုလင်းပစ် စံချိန်သစ် ၄၈ ဒသမ ၈၃ စက္ကန့်ဖြင့် ရွှေတံဆိပ်ဆွတ်ခူးသွားသည်။ စံချိန်ဟောင်း ၄၈ ဒသမ ၈၈ စက္ကန့်မှာ ၁၉၈၀

## ကမ္ဘာ့အိုလင်းပစ် အားကစားပွဲတော်

ပြည့်နှစ် မော်စကိုအိုလင်းပစ်တွင် အရှေ့ဂျာမနီနိုင်ငံမှ မာရီတာကိုချိုက တင်ထားခဲ့ခြင်းဖြစ်သည်။ ဘရစ်စကို ဟွတ်သည် အမျိုးသမီး မီတာ ၂၀၀ ပြေးပွဲတွင်လည်း ၂၁ ဒသမ ၈၁ စက္ကန့်ဖြင့် ရွှေတံဆိပ် ဆွတ်ခူးထားသူဖြစ်၍ ကမ္ဘာ့အိုလင်းပစ်သမိုင်းတွင် အမျိုးသမီး မီတာ ၂၀၀ ပြေးပွဲနှင့် မီတာ ၄၀၀ ပြေးပွဲ ရွှေတံဆိပ်နှစ်ခုကို တချိန်တည်းတွင် ဆွတ်ခူးနိုင်စွမ်းရှိသည့် ပထမဦးဆုံး အမျိုးသမီးအဖြစ် မှတ်တိုင်သစ် စိုက်ထူနိုင်ခဲ့သည်။ အမျိုးသမီး ၄ × ၄၀၀ မီတာ လက်ဆင့်ကမ်း ပြေးပွဲတွင်လည်း ဘရစ်ကိုဟွတ် ပါဝင်သော အမေရိကန် အမျိုးသမီးအသင်းက အိုလင်းပစ် စံချိန်သစ် ၃ မိနစ် ၁၈ ဒသမ ၂၉ စက္ကန့်ဖြင့် ရွှေတံဆိပ် ဆွတ်ခူးလိုက်သောအခါ ဗယ်လာရီ ဘရစ်စကိုဟွတ်သည် ရွှေတံဆိပ်သုံးခုရှင် ဖြစ်သွားသည်။

ပရိသတ်များ စိတ်အဝင်စားဆုံးဖြစ်သည့် အမျိုးသမီး မီတာ ၁၀၀၀ ပြေးပွဲတွင် အမေရိကန်မှ အသက် ၂၇ နှစ်ရှိ နှစ်ထပ်ကွမ်း ကမ္ဘာ့ချန်ပီယံ မေရီဒက်ကာနှင့် အသက် ၁၈ နှစ်ရှိ ဗြိတိန်မှ ဇိုလာဘတ်တို့နှစ်ဦးစလုံး ရှုံးနိမ့်သွားသည်။ သူတို့နှစ်ဦး မီတာ ၁၅၀၀ ခန့် အရောက်တွင် တိုက်မိပြီး မေရီဒက်ကာ လဲကျသွားရာ ဒဏ်ရာရရှိသွား၍ ဆက်မပြေးနိုင်ပဲ ပြိုင်ပွဲမှထွက်လိုက်ရသည်။ ဖိနပ်မပါပဲ ပြေးသော ဇိုလာဘတ်သည် မီတာ ဂ၀၀ အလိုအထိ ရှေ့ဆုံးမှ ဦးဆောင်၍ ပြေးနိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် ခြေကျသွား၍ နံပါတ်ခုနစ်နေရာမှသာ ပန်းဝင်နိုင်ခဲ့သည်။

## နောက်ဆုံးပြိုင်ပွဲ

၁၉၇၄ ခုနှစ် လော့စ်အိန်းဂျလိစ် အိုလင်းပစ်ပွဲတော်ကို အမျိုးသား မာရသွန်ပြေးပွဲဖြင့် ပိတ်ခဲ့သည်။ အိုလင်းပစ်ပွဲတော်၏ နောက်ဆုံး ၂၂၁ ပွဲမြောက် ပြိုင်ပွဲဖြစ်သည်။ အိုလင်းပစ် ပွဲတော်ကို ပြေးပွဲဖြင့် ပိတ်ခြင်းမှာ ယခု

**အတန်းမရှိ ဂျူဒိုပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင် ဂျပန်မှ ယာမာရှိတာ (အလယ်လူ)**



ပထမဆုံးအကြိမ် ဖြစ်သည်။ မာရသွန်ပြေးပွဲ၌ ပါဝင်ယှဉ်ပြိုင်သူများအနက် အသက်အကြီးဆုံးဖြစ်သည့် ပေါ်တူဂယ်နိုင်ငံမှ အသက် ၃၇ နှစ်ရှိ ကားလိုစ် လိုပက်က အိုလင်းပစ်စံချိန်သစ် ၂ နာရီ ၉ မိနစ် ၂၁ စက္ကန့်ဖြင့် ရွှေတံဆိပ်ဆွတ်ခူးခဲ့သည်။ အိုင်ယာလန်နိုင်ငံမှ ဂျွန်ထရေစီက ဒွေတံဆိပ်၊ ဖြိုတိန်နိုင်ငံမှ ချားလ်စ် စပက်ဒင်းက ကြေးတံဆိပ် ရခဲ့သည်။ အိုလင်းပစ် စံချိန်ဟောင်းမှာ ၂ နာရီ ၉ မိနစ် ၅၅ စက္ကန့်ဖြစ်ပြီး ၁၉၇၆ ခုနှစ် မွန်ထရီရယ်အိုလင်းပစ်တွင် အရွှေဂျာမနီမှ ဝေါလ်ဒီမာစီ အာပင်စကီက တင်ထားခဲ့ခြင်းဖြစ်သည်။

ကားလိုစ် လိုပက်သည် ၁၉၇၆ ခုနှစ် မွန်ထရီရယ် အိုလင်းပစ်တွင် မီတာ ၁၀,၀၀၀ ပြေးပွဲ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ဒွေတံဆိပ် ရခဲ့သည်။ တောလမ်းများပေါ်တွင် ပြေးရသည့် တာဝေးပြေးပွဲတွင် ကားလိုစ်လိုပက်သည် လက်ရှိ ကမ္ဘာ့ချန်ပီယံဖြစ်သည်။

## ပိတ်ပွဲအခမ်းအနား

၁၉၀၄ ခုနှစ် လော့စ် အိန်းဂျလီး အိုးလင်းပစ်ပွဲတော်ပိတ်ပွဲကို ဩဂုတ်လ ၁၂ ရက်နေ့ ညပိုင်းတွင် ကြီးကျယ်ခမ်းနားစွာ ကျင်းပခဲ့သည်။ အခြား ကမ္ဘာမှ ဧည့်သည်တော်တဦးက အလင်းရောင်များ ဖြာထွက် နေသော အာကာသယာဉ်ကို စီးလာပြီး ၁၉၀၄ ခုနှစ် လော့စ်အိန်းဂျလီး အိုလင်းပစ်ပွဲတော်ကြီး၏ အောင်မြင်မှုကို ချီးကျူးကုဏ်ပြုရန်အတွက် အလွန်ဝေးလံသော ခရီးကို လာရောက်ခဲ့ရကြောင်း ပြောကြားပုံကိုသရုပ်ပါပါ လုပ်ဆောင်ပြသသွားရာ ပွဲကြည့်ပရိသတ် ၉၃,၀၀၀ နှင့်တကွ အားကစားမောင်မယ်များအားလုံး အံ့မခန်း ဖြစ်ခဲ့ကြရသည်။ ပိတ်ပွဲအခမ်းအနားသည် ရှေးဂရိခေတ် အိုလင်းပစ်ပွဲတော်ပုံစံနှင့် လော့စ် အိန်းဂျလီးမြို့အနီးရှိ ခေတ်သစ် ဟောလီးဝုဒ်ရုပ်ရှင်မြို့တော်၏ ပုံစံနှစ်ခုကို ရောပြွမ်း၍ ထားသည်။ အားကစားမောင်မယ်များသည် ဝမ်းသာရွှင်မြူးစွာဖြင့် သီဆိုကခုန်ကြသည်။

၁၉၀၄ ခုနှစ် လော့စ် အိန်းဂျလီး အိုလင်းပစ်ပွဲတော် နိုင်ငံအလိုက် ဆုတံဆိပ်များ ရရှိမှုအခြေအနေ

| နိုင်ငံ | ရွှေ | ငွေ | ကြေး |
|---|---|---|---|
| အမေရိကန် | ၈၃ | ၆၁ | ၃၀ |
| ရှိမေးနီးယား | ၂၀ | ၁၆ | ၁၇ |
| အနောက်ဂျာမနီ | ၁၇ | ၁၉ | ၂၃ |
| တရုတ် | ၁၅ | ၈ | ၉ |
| အီတလီ | ၁၄ | ၆ | ၁၂ |
| အီဂျစ် | – | ၁ | – |
| အိုင်ယာလန် | – | ၁ | – |
| အိုင်ဗရီကိုစ် | – | ၁ | – |
| ပီရူး | – | ၁ | – |
| ဆီးရီးယား | – | ၁ | – |
| ထိုင်း | – | ၁ | – |
| တူရကီ | – | – | ၃ |
| ဗင်နီဇွဲလား | – | – | ၃ |
| အယ်ဂျီးရီးယား | – | – | ၂ |
| ကမ္ဘရွန်း | – | – | ၁ |
| ဒိုမီနီကန် | – | – | ၁ |
| အိုက်စလန် | – | – | ၁ |
| တိုင်ဝမ် | – | – | ၁ |
| ဇမ်ဘီးယား | – | – | ၁ |
| ကနေဒါ | ၁၀ | ၁၈ | ၁၆ |
| ဂျပန် | ၁၀ | ၈ | ၁၄ |
| နယူးဇီလန် | ၈ | ၁ | ၂ |
| ယူဂိုစလားဗီးယား | ၇ | ၄ | ၇ |
| ဒေတာင်ကိုရီးယား | ၆ | ၆ | ၇ |
| ဖြိုတိန် | ၅ | ၁၀ | ၂၂ |
| ပြင်သစ် | ၅ | ၇ | ၁၅ |
| နယ်သာလန် | ၅ | ၂ | ၆ |
| ဩစတြေးလျ | ၄ | ၈ | ၁၂ |
| ဖင်းလန် | ၄ | ၃ | ၆ |
| ဆွီဒင် | ၂ | ၁၁ | ၆ |
| မက္ကဆီကို | ၂ | ၃ | ၁ |
| မိုရောကို | ၂ | – | – |
| ဗဟာဇီး | ၁ | ၅ | ၂ |
| စပိန် | ၁ | ၂ | ၂ |
| ဗဲလ်ဂျီယမ် | ၁ | ၁ | ၂ |
| ဩစတြီးယား | ၁ | ၁ | ၁ |
| ပေါ်တူဂယ် | ၁ | – | ၂ |
| ကင်ညာ | ၁ | – | ၁ |
| ပါကစ္စတန် | ၁ | – | – |
| ဆွစ်ဇာလန် | – | ၄ | ၄ |
| ဒိန်းမတ် | – | ၃ | ၃ |
| ဂျမေးကား | – | ၁ | ၂ |
| နော်ဝေး | – | ၁ | ၂ |
| ဂရိ | – | ၁ | ၁ |
| နိုင်ဂျီးရီးယား | – | ၁ | ၁ |
| ပွာတိုရီကို | – | ၁ | ၁ |
| ကိုလုံးဗီးယား | – | ၁ | – |

# ကမ္ဘာ့အိုလင်းပစ် အားကစားပွဲတော်



ရေခဲပြင်အကပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိခဲ့သော ဗြိတိန်နိုင်ငံမှ ဂျိန်း တော်ဗီးလ်နှင့် ခရစ်စတိုဖာ ဒင်း


## ၁၉၇၄ ခုနှစ် ဆောင်းရာသီ အိုလင်းပစ် ပွဲတော်

။ ။၁၉၇၈ ခုနှစ် မေလ ၁၈ ရက်နေ့တွင် ဂရိနိုင်ငံ အေသင်မြို့တော်၌ ကမ္ဘာ့အိုလင်းပစ် ကော်မတီ အစည်းအဝေးတရပ် ကျင်းပခဲ့သည်။ ထို အစည်းအဝေးတွင် ၁၄ ကြိမ်မြောက် ဆောင်းရာသီ အိုလင်းပစ် အားကစားပွဲတော်ကို ယူဂိုစလားဗီးယားနိုင်ငံ ဆာရာဂျီဗိုမြို့တွင် ကျင်းပရန် ဆုံးဖြတ်ခဲ့သည့်အတိုင်း ၁၄ ကြိမ်မြောက် ဆောင်းရာသီ အိုလင်းပစ် ပွဲတော်ကို ဆာရာဂျီဗိုမြို့ရှိ ခမ်းနားကြီးကျယ်လှသော ကိုဆီဗို ဆောင်းရာသီ အားကစားရုံကြီး အတွင်း၌ ၁၉၇၄ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့မှ ၁၈ ရက်နေ့ အထိ ကျင်းပခဲ့သည်။ ဖွင့်ပွဲနေ့တွင် ပရိတ်သတ် ငါးသောင်းကျော် ကြည့်ရှုအားပေးခဲ့သည်။ ဆုတ်ဆုတ်ဖြူသော နှင်းများတဖွဲဖွဲ ကျဆင်းနေသည့် ရေခဲပြင်ပေါ်တွင် ကျင်းပခဲ့သည့် အိုလင်းပစ်ပွဲတော်ဖြစ်သောကြောင့် အဖွဲ့ရောင် အိုလင်းပစ်ပွဲတော်ဟု တင်စား ခေါ်ဝေါ်ခဲ့ကြသည်။

### ဆောင်းရာသီ အိုလင်းပစ်၏ အတိတ်သမိုင်း

ဆောင်းရာသီ အားကစားပြိုင်ပွဲများကို ခရစ်တော်မပေါ်မီနှစ်ပေါင်း ၃၀၀၀ ကျော်ကတည်းက စတင်ခဲ့ကြောင်း စကင်ဒီနေဗီးယား နိုင်ငံများတွင် တူးဖော် တွေ့ရှိရသောရေခဲပြင် လျှောစီးကိရိယာများက သက်သေပြလျက်ရှိသည်။

အနောက်နိုင်ငံများတွင် ဆောင်းရာသီ အားကစားပွဲတော်ခေတ်စားလာခဲ့သည်မှာ နှစ်ပေါင်း ၆၀ မျှ ရှိခဲ့ပြီဖြစ်သည်။ အချို့နိုင်ငံများ၌ နွေရာသီ အားကစား ပွဲတော်များထက် ဆောင်းရာသီပွဲတော်ကို ပို၍ လူကြိုက်များကြသည်။



**မိတာ ၉၀ အခုန်ပြိုင်ပွဲ၌ ၁၁၆ မိတာဖြင့် စံချိန်သစ်တင်၍ ရွှေတံဆိပ်ဆွတ်ခူးခဲ့သော ဖင်းလန်နိုင်ငံမှ မက်တီ နိုင်ကေနင်**

ဆောင်းရာသီ အိုလင်းပစ်ပဲတော်များသည် အာရှနိုင်ငံများနှင့် စိမ်းနေသည်။ သို့ရာတွင် ၁၉၇၂ ခုနှစ်တွင် ၁၁ ကြိမ်မြောက် ဆောင်းရာသီ အိုလင်းပစ် ပဲတော်ကို ဂျပန်နိုင်ငံ မြောက်ပိုင်း ဟော်ကိုင်းဒိုးကျန်းပေါ်မှ ဆပ်ပိုရိုမြို့ကလေးတွင် ကျင်းပခဲ့သည်။ အမျိုးသမီး မိတာ ၇၀ ရေခဲပြင် လျှောစီးအခုန်ပြိုင်ပွဲတွင် ဂျပန်နိုင်ငံမှ ယူကီ အိုကာစာယာက ရွှေတံဆိပ် ဆွတ်ခူးခဲ့သည်။ ဆောင်းရာသီ အိုလင်းပစ်တွင် ဂျပန်နိုင်ငံက ပထမဦးဆုံး ရွှေတံဆိပ် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

### ဖွင့်ပွဲအခမ်းအနား

ကိုဆီပို အားကစားရုံကြီးအတွင်း ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့ရာ တိုက်ကြီး ငါးတိုက်ရှိ ၎ နိုင်ငံတို့မှ အမျိုးသား အိုလင်းပစ်ကော်မတီများ၏ ကိုယ်စားလှယ် ၎ ဦး တက်ရောက်ခဲ့သည်။ ကမ္ဘာ့ အိုလင်းပစ် ကော်မတီဥက္ကဋ္ဌ

### ကမ္ဘာ့အိုလင်းပစ် အားကစားပွဲတော်

မစွတာ အန်တိုနီ ယိုဆမာရန့်၏ ပန်ကြားချက်အရ ယူဂို စလားဗီးယား ဆို့ချယ်လစ် သမ္မတနိုင်ငံ သမ္မတ မစွတာ မိလ်ကာစပိလ်ဂျက်က ၁၄ ကြိမ်မြောက် ဆောင်းရာသီ အိုလင်းပစ်ပွဲတော်ကို ဖွင့်လှစ်ကြောင်း ကြေငြာခဲ့သည်။

အားကစားသမား အမျိုးသား အမျိုးသမီး စုစုပေါင်း ၁,၄၉၀ တို့ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ၁၉၀၀ ပြည့်နှစ် အမေရိကန်နိုင်ငံ လိတ်ပလာဆစ် ဆောင်းရာသီအိုလင်းပစ်ပွဲတော်ထက် ယှဉ်ပြိုင်သူ အားကစားသမား အမျိုးသား၊ အမျိုးသမီး ၄၀၀ ခန့် ပိုမိုများပြားခဲ့သည်။

ယူဂိုစလားဗီးယားနိုင်ငံတွင် ကမ္ဘာ့ အိုလင်းပစ်ပွဲတော် ကျင်းပဖူးခြင်း မရှိသေးချေ။ ၁၉၇၄ ခုနှစ် ဆောင်းရာသီ အိုလင်းပစ်အားကစားပွဲတော်သည် ယူဂိုစလားဗီးယားနိုင်ငံ ကလက်ခံကျင်းပခဲ့သော နိုင်ငံတကာ အားကစားပွဲတော် တရာကျော် အနက် အကြီးကျယ်ဆုံးဖြစ်သည်။

နွေရာသီ အိုလင်းပစ် အားကစားပွဲတော်များတွင် ယူဂိုစလားဗီးယားနိုင်ငံသည် ရွှေတံဆိပ် ၁၆ ခု၊ ငွေတံဆိပ် ၂၁ ခုနှင့် ကြေးတံဆိပ် ၁၆ ခု စုစုပေါင်း ဆုတံဆိပ် ၅၃ခု ရထားသည်။ သို့သော် ဆောင်းရာသီ အားကစားပွဲတော်များ၌ ဆုတံဆိပ် မရဖူးသေးချေ။ ယူဂိုစလားဗီးယားနိုင်ငံသည် ၁၉၂၄ ခုနှစ်၌ ကျင်းပသောပထမဆုံး ဆောင်းရာသီ အိုလင်းပစ် အားကစားပွဲတော်တွင် စတင် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

### ခမ်းနားသော ပြင်ဆင်မှုများ

ကမ္ဘာ့ ဆောင်းရာသီ အားကစားမြို့တော် အဖြစ် ထင်ပေါ်ကျော်ကြားခဲ့သော ဆာရာဂျီဗိုမြို့၏ ထူးခြားချက်မှာ ကမ္ဘာ့နိုင်ငံ များစွာမှ ဆောင်းရာသီ အားကစား ပွဲတော်ကျင်းပရာ ဒေသများသည် မြို့နှင့် ဝေးကွာသည်ချည်း ဖြစ်ခဲ့သော်လည်း ဆာရာဂျီဗိုကား ကမ္ဘာလှည့် ခရီးသည်များ တည်းခိုနေထိုင်ရာ မြို့နှင့် ၁၄ မိုင်သာ ကွာဝေးခြင်းပင်ဖြစ်သည်။

ဆာရာဂျီဗို ဆောင်းရာသီ အိုလင်းပစ် အားကစား ပွဲတော်တွင် သတင်းယူရန် နိုင်ငံတကာမှ အားကစား သတင်းထောက် ၅,၅၀၀ လာရောက်ခဲ့သည်။ ပါဝင်ယှဉ်ပြိုင်သွားသော ၄၉ နိုင်ငံမှ အားကစားသမား၊ အုပ်ချုပ်သူနှင့် နည်းပြဆရာ စုစုပေါင်း ၃,၅၀၀ ခန့်ရှိသဖြင့် သတင်းယူမည့်သူက ပိုများခဲ့သည်။

ယူဂိုစလားဗီးယား အစိုးရသည် ဆာရာဂျီဗို ဆောင်းရာသီ အိုလင်းပစ်အားကစားပွဲတော်အတွက် လိုလေသေး မရှိစေရန် အကုန်အကျခံခဲ့သည်။ သတင်းကြေငြာရန်နှင့် ရုပ်မြင်သံကြား တိုက်ရိုက် ထုတ်လွှင့်ရန် ခေတ်မီ ရေဒီယို ရုပ်မြင်သံကြား အဆောက်အအုံတခုကို သီးခြား ဆောက်

လုပ်ပေးခဲ့သည်။ တယ်လီဖုန်းအလုံး ၂၅၀၊ မိတ္တူကူးစက် ၅၀၊ တယ်လီဖိုတိုစက် ၁၀ လုံး၊ စားပွဲ ၇၆၀ နှင့် လက်နှိပ်စက်များ အသင့်ပြင်ဆင်ပေးထားသည်။

ပြိုင်ပွဲကျင်းပနေစဉ်အတွင်း အင်္ဂလိပ်၊ ပြင်သစ်ဘာသာများဖြင့် နေ့စဉ်သတင်း ထုတ်ပြန်ပေးသည်။ ယူဂို စလပ် ရေဒီယိုနှင့် ရုပ်မြင်သံကြားဌာနက မော်တော်ယာဉ် အစီး ၂၀ နှင့် ရုပ်မြင်သံကြားကင်မရာ အလုံး ၉၀ သုံး၍ ဆေးရောင်စုံ ရုပ်မြင်သံကြား ရိုက်ကူး ထုတ်လွှင့်ပေးခဲ့သည်။ စက်မှုပညာရှင် ၈၀၀ ကျော်က ၂၄ နာရီ အချိန်ပြည့် အလှည့်ကျတာဝန်ယူသွားသည်။

အမျိုးသမီးပြိုင်ပွဲများကို ဂျဟိုရီနာ ဒေသတွင် လည်းကောင်း၊ အမျိုးသားပြိုင်ပွဲများကို ဂျီလတ်နီကာ ဒေသတွင်လည်းကောင်း ခဲ့ခြားကျင်းပသွားသည်။ ဆာရာဂျီဗို မြို့မှ ပြိုင်ပွဲကျင်းပရာ ဒေသများသို့ မိနစ် ၄၀ အတွင်း အရောက် သွားနိုင်သည်။ စိမ်းလန်းသော သစ်ပင်ကြီးများအလယ်တွင်ရှိသည့် ပြိုင်ပွဲကျင်းပရာ ဒေသများသည် ပင်လယ်ရေမျက်နှာပြင် အထက် ပေ ၅,၆၀၀ ခန့် မြင့်မားသည်။

## ပါဝင်သောပြိုင်ပွဲများ

ဆောင်းရာသီ အိုလင်းပစ်တွင် အဓိကအားဖြင့် အားကစား ပြိုင်ပွဲ ၎င်းမျိုး ပါဝင်သည်။ ယင်းတို့မှာ ရေခဲပြင်လျှောစီးပြိုင်ပွဲ၊ ရေခဲပြင် စကိတ်စီးပြိုင်ပွဲ၊ တိုဘော်ဂင် ခေါ် တောင်ဆင်းယာဉ်ပေါ်တွင် လူက ပက်လက် အနေအထားဖြင့် ကိုင်ပြီး စီးရသည့် တောင်ဆင်းပြိုင်ပွဲ၊ ဘော့ဆလေး ခေါ် သံမဏိနှင့် ဒန်သတ္တုတို့ဖြင့် ပြုလုပ်ထားသော တောင်ဆင်းယာဉ်ဖြင့် နှစ်ယောက် သို့မဟုတ် လေးယောက်စီး

**မီတာ၅၀၀၀အမြန်စကိတ်စီးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးသွားသော ဆို့ဒင်မှ ဂုစတပ်ဆန်**



တောင်ဆင်းပြိုင်ပွဲ၊ ရေခဲပြင် ဟော်ကီပြိုင်ပွဲတို့ ဖြစ်ကြသည်။ ထိုအဓိကပြိုင်ပွဲ ၎င်းမျိုးအောက်တွင် ပြိုင်ပွဲ အမျိုးအစားပေါင်း ၃၉ မျိုးရှိသည်။ ယင်းတို့တွင် အမျိုးသမီးပြိုင်ပွဲ ၁၃ မျိုး ပါဝင်သည်။

အမေရိကန်ပြည်ထောင်စုမှ ဒတ်ဘီ အမ်းစထရောင်းသည် အမျိုးသမီးဂျိုင်းယင့်ဆလာလွှန်မ် (Giant Slalom) တောင်ဆင်းပြိုင်ပွဲတွင် လည်းကောင်း၊ ဘီလ် ဂျန်ဆန်သည် အယ်လ်ပိုင်း (Alpine) ရေခဲပြင်လျှောစီး အမျိုးသားတောင်ဆင်းပြိုင်ပွဲတွင် လည်းကောင်း၊ စကော့ ဟင်မီလန်တန်သည် အမျိုးသား ဖစ်ဂါစကိတ် စီးပြိုင်ပွဲ (Figure Skating) တွင်လည်းကောင်း ရွှေတံဆိပ်များ ဆွတ်ခူးခဲ့ကြသည်။ ဖင်းလန်နိုင်ငံမှ မာဂျာလီစာဟာမာလိုင်နင်သည် အမျိုးသမီးပြိုင်ပွဲလေးမျိုး၌ ရွှေတံဆိပ် သုံးခုနှင့် ကြေးတံဆိပ်တခု ဆွတ်ခူးခဲ့သည်။ အနောက်ဂျာမနီမှ ကာရင်အင်ကိက စကိတ်စီးပြိုင်ပွဲများတွင်လည်းကောင်း၊ ဆို့ဒင်မှ ဂွန်ဒီဆွမ်းက တောတောင်များကိုဖြတ်၍ အမြန်စီးရသော ပြိုင်ပွဲများတွင်လည်းကောင်း ရွှေ၊ ငွေနှင့် ကြေးတံဆိပ်ဆုများ သိမ်းကျုံးယူသွားသည်။

လျှု (Luge) ပြိုင်ပွဲ တယောက်ချင်း ပြိုင်ပွဲတွင် အီတလီနိုင်ငံမှ ရဲအမှုထမ်းတဦးဖြစ်သူ ဟီလ်ဂါတနာက ထူးချွန်စွာယှဉ်ပြိုင်သွားပြီး ရွှေတံဆိပ် ဆွတ်ခူးခဲ့သည်။ ဟီလ်ဂါတနာသည် လျှုပြိုင်ပွဲအတွက် သူ့ဘဝကို အချိန်ပြည့် မြှုပ်နှံထားသူဖြစ်သည်။ ပြိုင်ပွဲယာဉ်ကို သူကိုယ်တိုင် တီထွင်ပြုလုပ်ခဲ့သည်။ ၁၉၇၂ ခုနှစ်က ဂျပန်နိုင်ငံ ဟော်ကိုင်းဒိုးကျန်း ဆပ်ပိုရိုမြို့တွင် ကျင်းပသော ၁၁ ကြိမ်မြောက်ဆောင်းရာသီအိုလင်းပစ်တွင်လည်း လျှုနှစ်ယောက်စီးပြိုင်ပွဲ၌ ရွှေတံဆိပ်ရခဲ့ဖူးသည်။

ရေခဲပြင်လျှောစီး ပြိုင်ပွဲများတွင် ဆို့ဒင်နိုင်ငံမှ အသက် ၂၂ နှစ်ရှိ ဂွန်ဒီဆွမ်းသည် ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်တခု၊ ကြေးတံဆိပ်တခုရရှိပြီး ဆောင်းရာသီအိုလင်းပစ်သမိုင်းတွင် ထူးချွန်သောအားကစားသမားတဦးအဖြစ် မှတ်တိုင်သစ် စိုက်ထူခဲ့သည်။ ဆို့ဒင်နိုင်ငံ ဇောင်ပိုင်းဒါလာယာနာမြို့ကလေးတွင် မွေးဖွားခဲ့သူ ဂွန်ဒီဆွမ်းသည် သုံးနှစ်သားအရွယ်မှစ၍ ရေခဲပြင်လျှောစီး ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သူ ဖြစ်သည်။

စကိတ်စီးပြိုင်ပွဲ၊ ရေခဲပြင်အကတွင် ဗြိတိန်နိုင်ငံမှ ဘသက် ၂၆ နှစ်ရှိ ဂျိန်း တော်ဗီးလ်နှင့် အသက် ၂၅ နှစ်ရှိ ခရစ်စတိုဖာဒင်းတို့က ရွှေတံဆိပ်ဆွတ်ခူးခဲ့သည်။ ၁၉၇၀ ပြည့်နှစ် ဆောင်းရာသီအိုလင်းပစ်တွင် သူတို့အတွဲသည် နံပါတ်ငါးနေရာ၌သာ ချိတ်နိုင်ခဲ့သည်။

ရေခဲပြင်လျှောစီးတွင် တောင်ဆင်းပြိုင်ပွဲများ၌ အမျိုးသားတောင်ဆင်းပြိုင်ပွဲ၊ (Men's Downhill) အမျိုးသား

ဂျိုင်းယင့် ဆလာလွန်မ် (Men's Giant Slalom) ပြိုင်ပွဲ၊ အမျိုးသား ဆလာလွန်မ် (Meu's Slalom) ပြိုင်ပွဲများ ဖြစ်သည်။ ဆလာလွန်မ်ပြိုင်ပွဲသည် အကွေ့အကောက်များဖြင့် စိုက်ထားသောအလံတိုင်များအကြား သတ်မှတ်ထားသောအချိန်နှင့်ကိုက်ညီအောင်စီးရသော ပြိုင်ပွဲဖြစ်သည်။

ရေခဲပြင် ဟော်ကီပြိုင်ပွဲသည် ဆောင်းရာသီအိုလင်းပစ် ပြိုင်ပွဲတွင် ပရိသတ် စိတ်အဝင်စားဆုံး ပြိုင်ပွဲဖြစ်သည်။ ကမ္ဘာ့အိုလင်းပစ် ကော်မတီနှင့် ကမ္ဘာ့ရေခဲပြင် ဟော်ကီအဖွဲ့ချုပ်တို့ ညှိနှိုင်းဆွေးနွေးပြီး ချမှတ်ထားသော စည်းကမ်းများကလည်း အလွန် တင်း ကျပ် သည်။ လေးနှစ်တကြိမ် ကျင်းပသော ဆောင်းရာသီ အိုလင်းပစ်ပွဲတော်မှ ရေခဲပြင်ဟော်ကီပြိုင်ပွဲကို အလေးထားစေလိုသောဆန္ဒဖြင့် တနှစ်တည်းမှာပင် ကျင်းပလေ့ရှိသော ကမ္ဘာ့ရေခဲပြင် ဟော်ကီဗိုလ်လုပွဲကို အချိန်ပြောင်းကျင်းပခဲ့သည်။

ဆာရာဂျီဗိုဆောင်းရာသီအိုလင်းပစ် ရေခဲပြင်ဟော်ကီ ပြိုင်ပွဲတွင် ဆိုဗီယက်ပြည်ထောင်စုက ရွှေတံဆိပ်ဆုတ်ခွဲးခဲ့သည်။ နောက်ဆုံးဗိုလ်လုပွဲတွင် ဆိုဗီယက်ပြည်ထောင်စုနှင့် ချက်ကိုစလိုဗက်ကီးယားနိုင်ငံတို့ တွေ့ကြရာ ဆိုဗီယက်ပြည်ဆောင်စုက နှစ်ဂိုး၊ ဂိုးရှိဖြင့်နိုင်ခဲ့သည်။ ထိုပြိုင်ပွဲသည် ဆောင်းရာသီ အိုလင်းပစ် နောက်ဆုံးပိတ်ပွဲနှင့် နောက်ဆုံးပြိုင်ပွဲလည်း ဖြစ်သည်။ အဆင့်အတန်းအလွန်မြင့်သောပွဲဖြစ်၍ ပရိသတ်များ အလွန်သဘောကျခဲ့သည်။ နည်းဗျူဟာပိုင်း၊ နည်းစနစ်ပိုင်းနှင့် ကြိုးစားမှုအပိုင်း အလွန်မြင့်မားခဲ့သည်။

ဆိုဗီယက်ပြည်ထောင်စု ရခဲပြင် ဟော်ကီအသင်းသည် ဆာရာဂျီဗို ဆောင်းရာသီ အိုလင်းပစ် တွင် သာအကောင်းဆုံးမဟုတ်၊ ဆောင်းရာသီ အိုလင်းပစ်သမိုင်း တလျှောက်တွင်လည်းအကောင်းဆုံးအသင်းဖြစ်ကြောင်း ပြသခဲ့သည်။ ပတ်လည်ပြိုင်ပွဲ ခုနစ်ပွဲကစားခဲ့ရာ ၄၈ ဂိုး သွင်းယူနိုင်ခဲ့ပြီး ငါးဂိုးသာ အသွင်းခံခဲ့ရသည်။

## ၁၄ ကြိမ်မြောက် ဆောင်းရာသီ အိုလင်းပစ်ပွဲတော်တွင် ဆုတံဆိပ်များရရှိခဲ့သည့် အခြေအနေ

| နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|
| သြစတြီးယား | ၀ | ၀ | ၁ | ၁ |
| ကနေဒါ | ၂ | ၁ | ၁ | ၄ |
| ချက်ကိုစလိုဗက်ကီးယား | ၀ | ၂ | ၄ | ၆ |
| ဖင်းလန် | ၄ | ၃ | ၆ | ၁၃ |
| ပြင်သစ် | ၀ | ၁ | ၂ | ၃ |
| အရှေ့ဂျာမနီ | ၉ | ၉ | ၆ | ၂၄ |
| အနောက်ဂျာမနီ | ၂ | ၁ | ၁ | ၄ |
| ဂြိတိန် | ၁ | ၀ | ၀ | ၁ |
| အီတလီ | ၂ | ၀ | ၀ | ၂ |
| ဂျပန် | ၀ | ၁ | ၀ | ၁ |
| လိခ်တင်စတိန်း | ၀ | ၀ | ၂ | ၂ |
| နော်ဝေ | ၃ | ၂ | ၄ | ၉ |
| ဆွီဒင် | ၄ | ၂ | ၂ | ၈ |
| ဆစ်ဇာလန် | ၂ | ၂ | ၁ | ၅ |
| ဆိုဗီယက်ပြည်ထောင်စု | ၆ | ၁၀ | ၉ | ၂၅ |
| အမေရိကန်ပြည်ထောင်စု | ၄ | ၄ | ၀ | ၈ |
| ယူဂိုစလားဗီးယား | ၀ | ၁ | ၀ | ၁ |


## ဆောင်းရာသီအိုလင်းပစ်ချန်ပီယံများ (၁၉၂၄ မှ ၁၉၈၀)

| ခုနှစ် | ချန်ပီယံ | အိမ်ရှင် |
|---|---|---|
| ၁၉၂၄ | နော်ဝေ | ပြင်သစ် |
| ၁၉၂၈ | နော်ဝေ | ဆွစ်ဇာလန် |
| ၁၉၃၂ | အမေရိကန် | အမေရိကန် |
| ၁၉၃၆ | နော်ဝေ | ဂျာမနီ |
| ၁၉၄၈ | ဆွီဒင် | ဆွစ်ဇာလန် |
| ၁၉၅၂ | နော်ဝေ | နော်ဝေ |
| ၁၉၅၆ | ဆိုဗီယက် | အီတလီ |
| ၁၉၆၀ | ဆိုဗီယက် | အမေရိကန် |
| ၁၉၆၄ | ဆိုဗီယက် | သြစတြီးယား |
| ၁၉၆၈ | နော်ဝေ | ပြင်သစ် |
| ၁၉၇၂ | ဆိုဗီယက် | ဂျပန် |
| ၁၉၇၆ | ဆိုဗီယက် | သြစတြီးယား |
| ၁၉၈၀ | အရှေ့ဂျာမနီ | အမေရိကန် |
| ၁၉၈၄ | အရှေ့ဂျာမနီ | ယူဂိုစလားဗီးယား |

## ကုန်ကျစရိတ်နှင့်အမြတ်ငွေ

ဆာရာဂျီဗို ဆောင်းရာသီ အိုလင်းပစ်ပွဲတော် ကျင်းပရေးကော်မတီသည်ပြိုင်ပွဲကိုသုံးသပ်သောအနေဖြင့် ၁၉၈၄ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင် ဆာရာဂျီဗိုမြို့၌ အစည်းအဝေးတရပ်ကျင်းပခဲ့သည်။ ပြိုင်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဘရန်ကို မီကူလစ်က ဆာရာဂျီဗို အိုလင်းပစ် ပွဲတော်တခုလုံးအတွက် ကုန်ကျစရိတ်မှာ ဒေါ်လာ ၁၂၄ ဒသမ ၆ သန်းရှိခဲ့ကြောင်း၊ မူလခန့်မှန်းချက်ထက် ဒေါ်လာ ၃၇ ဒသမ ၄ သန်း လျော့နည်းကုန်ကျခဲ့ကြောင်း အသားတင်အမြတ်ငွေ ဒေါ်လာ ၁၀ သန်းကျော်ရှိခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

စစ်ကိုင်း ကြည်ညွန့်




အဝိုင်း သုံး

# စက်မှု၊ သိပ္ပံနှင့် အခြားသုတ ဆောင်းပါးများ


စိုက်ပျိုးရေးကိုအခြေခံသော
မြန်မာ့စားသောက်ကုန်စက်မှုလုပ်ငန်း
အာကာသသိပ္ပံတိုးတက်မှု
ဇီဝနည်းပညာ တိုးတက်မှု
ကွန်ပျူတာ တိုးတက်မှု
ရောဂါပြီး ဗေဒ

ဒေါက်တာ မျိုးသန့်တင် ... ၆၆
မောင်လှိုင်ဝင်း ... ၇၇
ဒေါက်တာ မျိုးမင်းအောင် ၈၉
ဦးကိုကိုလေး ... ၉၆
ဒေါက်တာ သန်းနုရွှေ ... ၁၀၇



## စိုက်ပျိုးရေးအခြေခံ

# မြန်မာ့စားသောက်ကုန်စက်မှုလုပ်ငန်း

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသောနိုင်ငံဖြစ်သည်။ စိုက်ပျိုးရေးသည် မြန်မာ့စီးပွားရေး၏ အဓိကသွေးကြောဟုဆိုနိုင်သည်။ မြန်မာနိုင်ငံ၏ စက်မှုလုပ်ငန်းများကိုလည်း စိုက်ပျိုးရေးအခြေခံသည့် စက်မှုလုပ်ငန်းများ ဖြစ်လာစေရန် စီမံကိန်းများ ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေသည်။ ထို့ကြောင့်ပင် စတုတ္ထလေးနှစ်စီမံကိန်း၏ လယ်ယာကဏ္ဍဆိုင်ရာ ရည်မှန်းချက်များတွင် ပြည်တွင်း စက်မှုလုပ်ငန်းများ အတွက် လိုအပ်သော စက်မှုကုန်ကြမ်းသီးနှံများ အလုံအလောက် ထုတ်လုပ်ဖြည့်တင်းပေးရန်ဟူသည့် အချက်ကို အလေးထား၍ အထင်အရှား ဖော်ညွှန်းထားခြင်းဖြစ်ပေသည်။

စိုက်ပျိုးရေး အခြေခံစက်ရုံများကို ဆန်၊ ဆီ၊ သကြား၊ အရက်၊ ဘီယာ၊ ဂျုံမှုန့်၊ ကော်မှုန့်၊ အချိုမှုန့်၊ စသည့် စားသောက်ကုန် ပစ္စည်း ထုတ်လုပ်သည့် စက်ရုံအုပ်စုနှင့် အဝတ်အထည်၊ ဂုန်လျှော်၊ စက္ကူ၊ ထုဘာစသည့် လူသုံးကုန် ပစ္စည်း ထုတ်လုပ်သည့် စက်ရုံအုပ်စုဟူ၍ နှစ်မျိုးနှစ်စား ခွဲခြားနိုင်သည်။

### ဆန်စက်များ

မြန်မာနိုင်ငံကို ကမ္ဘာ့ထမင်းအိုးကြီးဟု ရှေးအခါကပင် ဝိုသေသပြု တင်စားခဲ့ကြသည်။ ဆန်စပါးသည် မြန်မာတို့ အားထားရသော နိုင်ငံခြားပို့ကုန်များအနက်မှ တခုဖြစ်သည်သာမက မြန်မာတို့ နေ့စဉ်စားသုံးနေသော အဓိက အစာလည်းဖြစ်သည်။

ထို့ကြောင့် စပါးကြိတ်ခဲ့သောဆန်စက်များသည် မြန်မာနိုင်ငံ၏ ကနဦးစက်မှုလုပ်ငန်းတွင် အရေးပါသော အခန်း

ကလွှမ္မ နေထုယူခဲ့သည်။ ဆန်စက်များကို ပုသိမ်၊ ရန်ကုန်၊ စစ်တွေ စသော ဆိပ်ကမ်းမြို့များတွင် ဦးစွာတည်ဆောက်ခဲ့ကြ၏။ ၁၈၅၉ ခုနှစ်တွင် ပုသိမ် မြို့ဦးလည်းကောင်း၊ ၁၈၆၁ ခုနှစ်တွင် ရန်ကုန်မြို့ဦး လည်းကောင်း ဆန်စက်များကို စတင်တည်ဆောက်ခဲ့ကြသည်။ ပထမတွင် လုံးတီးဆန်များကိုသာ ကြိတ်ဝါးထုတ်လုပ်နိုင်ခဲ့ကြပြီး ၁၈၈၈ ခုနှစ်လောက်မှစ၍ ဆန်ဖြူများကို ထုတ်လုပ်နိုင်ခဲ့ကြသည်။

နောက်ပိုင်းတွင် ဆန်စက်များကို ဆိပ်ကမ်းမြို့များဌာသာမက မြစ်ကြောင်း၊ ကုန်းလမ်း၊ မီးရထားလမ်းစသည့် သယ်ယူပို့ဆောင်ရေး အဆင်ပြေသည့် နေရာဒေသ အနီးတဝိုက်တွင်ပါ တိုင်းပြည်နှင့်အဝန်း တစတစ တိုးခဲ့ တည်ဆောက်ခဲ့ကြရာ ၁၈၉၄ ခုနှစ်တွင် ဆန်စက်ပေါင်း ၅၀ ကျော်သာ ရှိခဲ့ရာမှ ၁၉၄၁ ခုနှစ်တွင် ဆန်စက်ပေါင်း ၇၀၀ ကျော်အထိ ရှိလာခဲ့သည်။ အဆိုပါဆန်စက်တို့၏ အများစုမှာ တနေ့ ဆန် ၁၀ တန်မှ တန် ၁၀၀ အထိ ထုတ်လုပ်နိုင်သော စက်များဖြစ်ကြပြီး တနေ့ ဆန် တန် ၄၀၀ ထုတ်လုပ်နိုင်သော စက်အနည်းငယ်သာရှိသည်။ သို့သော် ထိုစဉ်က ကမ္ဘာပေါ်၌ အကြီးဆုံးဆန်စက်ဖြစ်သော တနေ့ ဆန်တန် ၁၀၀၀ ကျ ဆန်စက်တလုံး ရန်ကုန်မြို့တွင် ၁၈၄၁ ခုနှစ်က ရှိခဲ့ဖူးသည်။


ယခုအခါ အငယ်စား ဆန်စက် သုံးထောင်ခန့်နှင့် အကြီးစားဆန်စက် ကိုးရာခန့်ရှိနေပြီဖြစ်သည်။ ဤဆန်စက်အများစုမှာ ခေတ်မမီတော့သော ရှေးဟောင်းဆန်စက်များ ဖြစ်ကြသဖြင့် ခေတ်မီဆန်စက်များကို စိမံချက်ချ၍ တိုးခဲ့တည် ဆောက်လျက်ရှိသည်။ ၎င်းတို့တွင် ၁၉၇၈–၇၉ ခုနှစ်တွင် ပုဇွန်တောင်၌တည်ဆောက်ခဲ့သော တန် ၁၀၀ ကျ ခေတ်မီဆန်စက်တလုံး၊ ၁၉၈၀–၈၁ ခုနှစ်တွင် တန် ၁၀၀ ကျ ဆန်စက် ခြောက်လုံးနှင့် တန် ၁၅၀ ကျ ဆန်စက်နှစ်လုံး၊ ၁၉၈၁ – ၈၂ ခုနှစ်တွင် တန် ၁၀၀ ကျ ဆန်စက် ၁၂ လုံး စသည်တို့ ပါဝင်သည်။


### ဆီစက်များ

ဆီသည် ကျန်းမာရေးအတွက် မရှိမဖြစ်သော စားကုန်တမျိုးဖြစ်သည်။ လူတဦးသည် အာဟာရဓာတ်ပြည့်မီရန် အတွက် တရက်လျှင် အနည်းဆုံး ဆီ လေးကျပ်သားခန့် စားသုံးသင့်သည်ဟု ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေး အဖွဲ့က အဆိုပြုထားသည်။ ဆီတယူနစ်မှ အာဟာရအတွက် ကာဗိုဟိုက်ဒရိတ် ၂ ဒသမ ၅ ယူနစ်နှင့် ပရိုတင်း ၁ ဒသမ ၆ ယူနစ် ရရှိနိုင်သည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်သည့် ဆီထွက်သီးနှံများအနက် မြေပဲ၊ နှမ်း၊ နေကြာနှင့် ဝါစေ့တို့မှ စားသုံးဆီများ ထုတ်လုပ်လျက်ရှိသည်။ ဆန်စက်များ၏ ဘေးထွက်ပစ္စည်းဖြစ်သော ဖဲနုမှ စားသုံးဆီ ထုတ်လုပ်မှုမှာလည်း တွင်ကျယ်စပြုလာပြီဖြစ်သည်။ မြန်မာနိုင်ငံ၌ စားသုံးဆီထုတ်လုပ်ရာတွင် ကုန်ကြမ်းအမျိုးအစားအပေါ်လိုက်၍ နည်းအမျိုးမျိုးဖြင့် ထုတ်လုပ်ကြသည်။

မြေပဲ၊ နှမ်းနှင့် နေကြာစေ့များကို မိရိုးဖလာသုံး

ပုဇွန်တောင် တန် ၁၀၀ ဆန်စက်






ဖွဲနုဆီစက်မှ ဓာတ်ပျံဆီအအေးခံစက်များ

ဆီဆုံများဖြင့်လည်းကောင်း၊ ခရုပတ်ညှစ်စက်အရွယ်အစား အမျိုးမျိုးဖြင့် လည်းကောင်း စားသုံးဆီကို ထုတ်လုပ်ကြသည်။ ဆီဆုံများကို ကျေးလက် တောရွာများတွင် အများဆုံးအသုံးပြုသည်။ နွားကိုသုံး၍ ကြိတ်ဝါးသောသမားရိုးကျဆီဆုံများအပြင် မော်တာစက်များ တပ်ဆင်တီထွင်အသုံးပြုသော ဆီဆုံများလည်း ရှိကြသည်။ ဆီဆုံများသည် မြန်မာနိုင်ငံအနှံ့ တည်ရှိနေကြပြီး အရေအတွက်ကို ခန့်မှန်းရန် ခဲယဉ်းသည်။ ခရုပတ်ညှစ်စက်သုံးဆီစက်များမှာ စက်ကြီးခြောက်လုံးနှင့် စက်ငယ်ပေါင်း ခုနစ်ရာနီးပါးရှိသည်။ အကြီးဆုံးစက်သည် တနေ့ ဆီတန် ၄၀ ခန့် ထုတ်လုပ်နိုင်ပြီး အငယ်ဆုံးစက်မှာ တနေ့ ဆီ ၁၀ တန်ခန့် ထုတ်လုပ်နိုင်သည်။ စက်ကြီးအများစုကို ကုန်ထုတ် သမဝါယမ အဖွဲ့အစည်းများက ပိုင်ဆိုင်ကြပြီး စက်ငယ်များကိုမူ ပုဂ္ဂလိက လုပ်ငန်းရှင်များက ပိုင်ဆိုင်ကြသည်။ အချို့စက်ကြီးများတွင် ညှစ်စက်အပြင် ဖိစက်များကိုပါ တွဲဖက်အသုံးပြုကြသည်။ မြေပဲ၊ နှမ်း၊ နေကြာမှ ဆီထုတ်သည့် စက်ရုံကြီးများတွင် ဓာတ်ပုံဆီသုံး၍ ထုတ်လုပ်သောနည်းစနစ်ကို အသုံးမပြုကြသေးကြောင်း တွေ့ရသည်။

ဖွဲနုများမှ စားသုံးဆီ ထုတ်လုပ်ရာတွင်မူ ဓာတ်ပုံဆီဖြင့် ထုတ်လုပ်သော နည်းစနစ်ကို အသုံးပြု၏။ မြန်မာနိုင်ငံတွင် ဖွဲနုဆီစက်ပေါင်း အလုံး ၂၀ ကျော်ခန့်ရှိပြီး အများစုမှာ ပြည်တွင်းဌိပင် ပုံစံထုတ်၍ တည်ဆောက်



ဖွဲနုဆီစက်မှ ဖွဲနုပေါင်းအိုးများ



ပျဉ်းမနားသကြားစက်သစ်ဖွင့်ပွဲတွင် ကရိန်းများဖြင့်ကြံချနေပုံ

ထားသော စက်များဖြစ်ကြ၏။ အားလုံးသည် နိုင်ငံပိုင် စက်ရုံများ ဖြစ်ကြသည်။ စက်စိမ်းအားများမှာ တနေ့လျှင် ဖဲနုဆီတန် ၃၀ မှ ၇၀ အထိ အသီးသီးရှိကြသည်။ ကနဦးတွင် ဖဲနု၏ အချဉ်ဓာတ်ကို ထိန်းချုပ်ထားနိုင်စွမ်းမရှိသေးသဖြင့် စားသုံးဆီ ထုတ်လုပ်ရာတွင် အခက်အခဲတွေ့ကြရသည်။ စပါးကို ကြိတ်ခွဲလိုက်၍ ဖဲနုဖြစ်လာသည်နှင့်ဖဲနုတွင် ပါလာသော လိုက်ပေ့အင်ဇိုင်းတမျိုး၏ပယောဂကြောင့် ဖဲနုတွင် အချဉ်ဓာတ် (အက်ဆစ်ဓာတ်) တဖြည်းဖြည်း ပိုကဲတိုးမြင့်လာလေ့ရှိသည်။ ၂၄ နာရီကျော်သွားပါက ထိုဖဲနု၏ ဆီသည် စားသုံးရန်အဆင့် မမီတော့ပဲ ဆပ်ပြာချက်သည့် ဆီအဆင့်သို့ ရောက်ရှိသွားလေသည်။ ထို့ကြောင့် စပါးကြိတ်ပြီးပြီးချင်း ကျလာသော ဖဲနုများကို ၂၄ နာရီအတွင်း ဖဲနုဆီစက်များ၌ရာသို့ အရောက်ပို့၍ အချိန်မီ ဆီထုတ်နိုင်ရန် မဖြစ်မနေကြံဆောင် ကြရတော့သည်။ ဤကိစ္စကား လွယ်ကူသော အလုပ်မဟုတ်၊ နေရာအနှံ့ ပြန့်ကျဲ တည်ရှိနေသည့် ဆန်စက်များမှ ဖဲနုကို ၂၄ နာရီအတွင်း ဖဲနုဆီစက်ရှိရာသို့ ရောက်အောင်သယ်ယူကြိတ်ခွဲ၍ ဆီထုတ်ရသည်မှာ လွန်စွာ လက်ဝင်လှသည်။ ထို့ကြောင့် ဖဲနုဆီအများစုသည် စားသုံးဆီဖြစ်မလာပဲ ဆပ်ပြာချက်လိုက်ရသည်က များသည်။ ယခုအခါ ဖဲနုအချဉ်ဓာတ်ထိန်းသည့် စက်များနှင့် ဖဲနုဆီအချဉ်ဓာတ်လျော့ပေးသော စက်များတိုထွင် အသုံးပြုလာနိုင်သဖြင့် ဤပြဿနာကို အထိုက်အလျောက် ဖြေရှင်းနိုင်ကာ စားသုံးဖဲနုဆီ ထုတ်လုပ်ရာတွင် အဆင်ပြေလာခဲ့သည်။

ပြည်ပနိုင်ငံတွင် ချည်မျှင်နှင့် အဝတ်အထည်များလုပ်လုပ်ရန် ဝါများကို တန့်လျှင် ဇကာတသိန်းခန့် စိုက်ပျိုးလျက်ရှိနေရာ ထိုဝါများမှ ဝါစေ့များ ရရှိလာသည်။ ဝါစေ့မှ စားသုံးဆီကို ရန်ကုန်မြို့ သမိုင်းရှိ နိုင်ငံပိုင် ဆီခဲဆီသန့်စက်ရုံမှ ၁၉၆၈ ခုနှစ်မှစ၍ ဆီခဲဆီသန့်များအဖြစ် စတင်ထုတ်လုပ်ခဲ့သည်။ ဝါစေ့ဆီသန့်နှင့် ဆီခဲများကို တိုက်ရိုက်စားသုံးသည်ထက် ဘီစကွတ်မုန့်များ၊ မာဂျရင်းဆီခဲများ ပြုလုပ်သည့် စက်မှုလုပ်ငန်းတွင် အများဆုံးအသုံးပြုသည်။ ယခုအခါ အသင့်သုံး ခေါက်ဆွဲများ ထုတ်လုပ်ရာ၌ စမ်းသပ်အသုံးပြုလျက်ရှိသည်။

## သကြားစက်များ

မြန်မာနိုင်ငံတွင် ကြံစိုက်ပျိုးခြင်းကို ပုဂံခေတ်ကတည်းကပင် စတင်ခဲ့ကြောင်း မှတ်တမ်းများရှိသည်။ ကြံမှ သကြားထုတ်လုပ်သည့် စက်မှုလုပ်ငန်းကိုမူ ၁၈၄၀ ပြည့်နှစ်၌ ကျိုက္ခမီတွင် စတင်ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားတွေ့ရသည်။ ထို့နောက် ၁၈၆၉ ခုနှစ်ခန့်တွင် မုတ္တမမြို့၌လည်းကောင်း၊ ၁၈၇၂ ခုနှစ်ခန့်တွင် မြန်မာမင်းနေပြည်တော် မန္တလေး၌ လည်းကောင်း၊ ၁၉၁၉ ခုနှစ်ခန့်တွင် တောင်ငူခရိုင် ကညွတ်ကွင်း၌လည်းကောင်း၊ ၁၉၂၂ ခုနှစ်တွင် အမရပူရနှင့် လမိုင်းရွာတို့၌ လည်းကောင်း၊ သကြားစက်များ တည်ဆောက်လည်ပတ်ရန် အားထုတ်ခဲ့ကြသည်။ အဆိုပါ စက်များအားလုံးမှာ ကြံရရှိမှုအခက်အခဲ၊ စက်ပစ္စည်းအခက်အခဲ စသည်များကြောင့် သက်ဆိုး

# စိုက်ပျိုးရေးအခြေခံ မြန်မာ့စားသောက်ကုန် စက်မှုလုပ်ငန်း



ပျဉ်းမနားသကြားစက်သစ်အတွင်းတနေရာ

မရှည်ခဲ့ကြပဲ နှစ်အနည်းငယ်ခန့် အကြာတွင် ရပ်ဆိုင်းလိုက်ကြရသည်။

၁၉၂၆ ခုနှစ်ခန့်တွင် မြစ်ကြီးနားခရိုင် ဆားမော်ဒေသတွင် တနေ့လျှင် ကြံတန် ၁၀၀၀ ခန့် ကြိတ်ဝါးနိုင်သော စက်မှုတရုံကို ထပ်မံ တည်ဆောက် ခဲ့ပြန်သည်။ တည်ဆောက် လည်ပတ်ပြီး များမကြာမီ စစ်ဒဏ်သင့်၍ ပျက်စီးခဲ့ရ၏။ ၁၉၅၄ ခုနှစ်တွင် တကြိမ်၊ ၁၉၆၂ ခုနှစ်တွင် တကြိမ် စက်ကို ပြန်၍ လည်ပတ်နိုင်ရန် အားထုတ်ခဲ့ကြရာ ၁၉၆၂ ခုနှစ်တွင် ပြန်လည်စမ်းသပ် ကြိတ်ဝါးနိုင်သော်လည်း ကုန်ထုတ်လုပ်မှုမှာ တနေ့လျှင် ကြံတန် ၅၀၀ မှ ၇၀၀ ခန့်သာ စွမ်းဆောင်နိုင်တော့သည်။ ၁၉၇၃ ခုနှစ်အထိ သကြား ထုတ်လုပ်နိုင်ခဲ့ပြီး နောင်တွင် ကြံရရှိမှုအခက်အခဲကြောင့် စက်ရပ်ထားခဲ့ရသည်။ ၁၉၃၄ ခုနှစ်တွင် သထုံခရိုင် ဘီးလင်းမြို့ နှင်းပုလဲတွင် သကြားစက်တလုံး တည်ဆောက်ခဲ့သော်လည်း မကြာမီ ရပ်ဆိုင်းခဲ့ရပြန်သည်။

၁၉၃၄ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၃၅ ခုနှစ်မှ ယနေ့တိုင် ဆက်တိုက်လည်ပတ်နိုင်သော သကြားစက်မှာ ဇေယျဝတီသကြားစက် ဖြစ်သည်။ ထို့ကြောင့်ပင် ဇေယျဝတီ သကြားစက်အား မြန်မာ့ သကြားစက် သမိုင်းတွင် သကြားကို စီးပွားဖြစ် အောင်အောင်မြင်မြင် စတင် ထုတ်လုပ်နိုင်သည့် စက်အဖြစ် သတ်မှတ်နိုင်သည်။ ပထမတွင် တနေ့လျှင် ကြံတန် ၁၀၀၀ ကြိတ်ဝါးလာခဲ့ရာမှ ၁၉၄၈ ခုနှစ်တွင် စက်များ တိုးခဲ့တပ်ဆင်ခဲ့သဖြင့် တနေ့လျှင် ကြံတန် ၂,၅၀၀ အထိ ကြိတ်ဝါးနိုင်ခဲ့သည်။ ယခုအခါတွင်မူ စက်မှာ အိုမင်းလာပြီဖြစ်၍ တနေ့လျှင် ကြံတန် ၁,၈၀၀ ခန့်သာ ကြိတ်ဝါးနိုင်တော့သည်။ ထို့ကြောင့် မူလစက်၏ အနီးတွင် တနေ့ကြံတန် ၁,၅၀၀ ကြိတ်ဝါးနိုင်မည့် စက်သစ်တလုံးကို ၁၉၈၄ ခုနှစ်မှစ၍ တည်ဆောက်လျက်ရှိသည်။

ဤသို့ ဇေယျဝတီသကြားစက်က မြန်မာ့သကြား ထုတ်လုပ်ရေးကဏ္ဍကို ပီပီပြင်ပြင် ဖွင့်လှစ်လိုက်ပြီးသည့်နောက် ပိုင်း ၁၉၅၄ ခုနှစ်တွင် တနေ့ကြံတန် ၁၀၀၀ ကြိတ်ဝါးနိုင်သည့် နမ္မတီးသကြားစက်၊ ၁၉၅၅ ခုနှစ်တွင် တနေ့ ကြံတန် ၁,၅၀၀ ကြိတ်ဝါးနိုင်သည့် ပျဉ်းမနား သကြားစက်၊ ၁၉၆၅ ခုနှစ်တွင် တနေ့ကြံတန် ၁၀၀၀ ကြိတ်ဝါးနိုင်သည့်ဘီးလင်း သကြားစက်၊ ထိုနှစ်တွင်ပင် တနေ့ကြံတန် ၅၀ မှ ၁၀၀ ခန့် ကြိတ်ဝါးနိုင်သည့် မြန်မာပြည်လုပ် စမ်းသပ်အဆင့် အင်းလေး သကြားစက် စသည်တို့ကို အသီးသီး တည်ဆောက် အကောင်အထည် ဖော်ခဲ့ကြသည်။ ထိုစက်များအနက် ပျဉ်းမနားသကြားစက်မှလွဲ၍ ကျန်စက်အားလုံးမှာ ကန့်ခိုးနှစ်ဆင့်ရိုက်သည့် သကြားချက်သော နည်းစနစ်သုံး စက်ရုံများဖြစ်ကြသည်။ ပျဉ်းမနားသကြားစက်တရုံသာလျှင် ထုံးခိုးရိုက်သည့်နည်းကို အသုံးပြု၍ သကြား ထုတ်လုပ်သည်။

စိုက်ပျိုးသီးနှံ အခြေခံသည့် စက်မှုလုပ်ငန်းများ တိုးချဲ့ရန် လျာထားချက်နှင့်အညီ မကြာသေးသော နှစ်များက စတင်၍သကြားစက်သစ်များကို စီမံကိန်းချ၍တည်ဆောက် အကောင်အထည်ဖော်ခဲ့သည်။ ၎င်းတို့အနက် ပျဉ်းမနားတွင် လက်ရှိသကြားစက်နှင့်ယှဉ်၍ တနေ့ကြံတန် ၁,၅၀၀

ကြိတ်ဝါးနိုင်သည့် သကြားစက်သစ်တလုံးကို ၁၉၇၃ ခုနှစ်တွင် တည်ဆောက်ပြီးစီးရာ စတင် လည်ပတ်နိုင်ခဲ့သည်။ ဤစက်၏ ထူးခြားချက်မှာ အခြားစက်များကဲ့သို့ သကြားဖြူသာမက သန့်စင်သကြားကိုပါ ထုတ်လုပ်နိုင်စွမ်းရှိသည်။ ပျဉ်းမနားစက်ဟောင်းကဲ့သို့ ထုံးခိုးရိုက်စနစ်မသုံးပဲ ကန့်ခိုးနှစ်ဆင့်ရိုက် စနစ်သုံးသည်။ ထို့ပြင် သကြားဖြူမှ သန့်စင်သကြားရရှိနိုင်ရန် ဓာတ်ကြွကာဗွန်သုံး၍ ဆောင်ရွက်သော စက်များလည်း ပါရှိသည်။

အခြို့ပြည်နယ်များတွင် ကြံရရှိမှု အခက်အခဲကြောင့် တန် ၁၀၀၀ ကျ သကြားစက်ကြီးများကို လောလောဆယ် မတည်ဆောက်နိုင်ပဲ တနေ့ ကြံတန် ၃၀၀ ကြိတ်ဝါးနိုင်မည့် စက်ငယ်ကလေးများ တည်ဆောက်ပေး၍ စမ်းသပ် လည်ပတ်ရန် စီစဉ်ခဲ့သည်။ ရခိုင်ပြည်နယ် ကျောက်တော်မြို့ရှိ ကျောက်တော်သကြားစက်နှင့် ရှမ်းပြည်နယ် ရွှေညောင်မြို့ရှိ ရွှေညောင် သကြားစက်တို့သည် ကြံတန် ၃၀၀ ကျ စက်ကလေးများ ဖြစ်ကြသည်။ ယင်းစက်များကို ၁၉၈၄ ခုနှစ်တွင် တည်ဆောက်ပြီးစီး၍ စတင် စမ်းသပ်လည်ပတ်လျက် ရှိလေသည်။

ထို့ပြင် တိုးခဲ့၍ အကောင်အထည်ဖော်လျက် ရှိသော သကြားစက်လုပ်ငန်းများမှာ ကြံတန် ၁၀၀၀ မှ ကြံတန် ၁,၅၀၀ အထိ တိုးတက်ကြိတ်ဝါးနိုင်ရန် စက်သစ်များတိုးခဲ့၍ တပ်ဆင်လျက်ရှိသည့် ဘီးလင်း သကြားစက်လုပ်ငန်း၊ ကြံတန် ၁,၅၀၀ ကြိတ်ဝါးနိုင်သည့် ဇေယျဝတီသကြားစက်သစ်နှင့် ရေတာရှည်သကြားစက်သစ် စိမ်ကိန်းတို့ဖြစ်ကြသည်။

## အရက်စက်များ

သကြားစက်များ၏ ဘေးထွက်ပစ္စည်းဖြစ်သော တင်လဲရည်သည် အရက်ချက်ရန် အကောင်းဆုံးကုန်ကြမ်းဖြစ်သောကြောင့် မြန်မာ့အရက်စက်ရုံအများစုသည် တင်လဲရည်ကို ကုန်ကြမ်းအဖြစ် အသုံးပြုသော စက်များ ဖြစ်ကြသည်။ ယခု လက်ရှိ လည်ပတ်နေသော အရက်စက်ရုံ လေးရုံအနက် ကြွိကုန်း အရက်စက်ရုံတရုံသာ ဆန်ကဲ့ကို ကုန်ကြမ်းအဖြစ် သုံးသည်။ ကျန်သုံးရုံသည် တင်လဲရည်ကို ကုန်ကြမ်းအဖြစ် အဓိကထားသုံးပြီး ရံဖန်ရံခါ တင်လဲရည် မလောက်သည့် အခါများတွင် ထန်းလျက်၊ ကြံသကာများကို ပံ့ပိုးအသုံးပြုသည်။

ကြွိကုန်းအရက်စက်ရုံကို မြန်မာ့ ဆေးဝါးထုတ်လုပ်ရေးစက်ရုံ(ဘီပီအိုင်)နှင့်တပါတည်းတည်ဆောက်ခဲ့ပြီး ဆေးဝါးသုံး အရက်ပြင်းများ ထုတ်လုပ်ပေးရန် ရည်ရွယ်ခဲ့သည်။ တနေ့လျှင် အရက်ပြင်းဂါလံ ဂဝဝ မှ ၁၀၀၀ အထိ ထုတ်လုပ်နိုင်သည်။ ဆန်ကဲ့များကို အက်ဆစ်ဖြင့် ရေသွင်းဓာတ်ဖြိုသည့်နည်းကို သုံး၍ အချို့ရည်အဖြစ် ရယူပြီး ၎င်းအချို့ရည်ကို အရက်ဖောက်ကာ ပေါင်းခံ ထုတ်လုပ်သောနည်းကို အသုံးပြုသည်။

တင်လဲရည်သုံး ကျန်အရက်စက်ရုံသုံးရုံအနက် မော်လမြိုင် အရက်စက်ရုံသည် ရှေးအကျဆုံးဖြစ်ပြီး ၁၈၇၄ ခုနှစ်ကတည်းက တည်ဆောက်လည်ပတ်ခဲ့သည်။ စက်အများစုမှာ ပြည်တွင်းဖြစ်စက်များသာ ဖြစ်ကြသည်။ စက်များအိုမင်းနေပြီ ဖြစ်၍ တနေ့လျှင် အရက်ပြင်းဂါလံ ၅၀၀ ခန့်သာ ထွက်ရှိခဲ့ရာမှ ပြည်တွင်းဖြစ် သစ်သားပေါင်းအိုးများဖြင့် တိုထွင်ထုတ်လုပ်ခဲ့ရာ ယခုအခါ တနေ့လျှင် အရက်ပြင်း ဂါလံ ၁၀၀၀ ခန့် အထိ ထုတ်လုပ်လာနိုင်ခဲ့သည်။ မန္တလေးဘီယာစက်နှင့်တွဲလျက်ရှိသော မန္တလေး အရက်စက်ရုံသည် ဒုတိယ ရှေးအကျဆုံးဖြစ်သည်။ ၁၈၈၆ ခုနှစ်ကတည်းက ဘီယာစက်နှင့်တွဲ၍ တည်ဆောက် လည်ပတ်ခဲ့ပြီး တနေ့လျှင် အရက်ပြင်းဂါလံ ဂဝဝ မှ ၁၀၀၀ ခန့်အထိ ထုတ်လုပ်နိုင်သည်။ ကျန်စက်ရုံသည် ဇေယျဝတီ သကြားစက်နှင့် ကပ်လျက်ရှိနေသော ဇေယျဝတီ အရက်စက်ရုံဖြစ်သည်။ ၁၉၆၉ ခုနှစ်တွင် စတင် တည်ဆောက်ပြီး ၁၉၇၂ ခုနှစ်တွင် လည်ပတ်ခဲ့သည်။ မူလ စက်စွမ်းအားအရ တနေ့လျှင် အရက်ပြင်းဂါလံ ၄၀၀၀ ထုတ်လုပ်လာခဲ့ရာမှ စက်ရုံရှိ ပညာရှင်များ၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ယခုအခါ တနေ့လျှင် အရက်ပြင်းဂါလံ ၅,၅၀၀ အထိ ထုတ်လုပ်နိုင်သည်။

## ဘီယာစက်ရုံ

မြန်မာနိုင်ငံတွင် ဘီယာကို ရှေးကပင်အခြားအရက်များထက် ပို၍ သောက်သုံးခဲ့ကြသည်။ ၁၈၅၅–၅၆ ခုနှစ် အတွင်း မြန်မာနိုင်ငံတွင် သောက်သုံးခဲ့သော အရက်ယမကာ အမျိုးမျိုးအနက် ဘီယာသောက်သုံးမှုသည် အရက် အားလုံး၏ ၆၁ ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရသည်။ ကုန်းဘောင်ခေတ် သိပ္ပံပညာရှင်တဦးဖြစ်သော ယောအတွင်းဝန် ဦးဘိုးလှိုင်သည် ဘီယာကို အလွန် ကြိုက်သည်။ ဘီယာသောက်ခြင်းသည် ဆေးဖက်ဝင်သည်ဟု ပြောမိ၍ ရာထူးမှရုပ်သိမ်းကာ ထောင်သွင်း အကျဉ်းချခံခဲ့ရဖူးသည်။

မြန်မာနိုင်ငံတွင် ဘီယာကို ၁၈၇၀ ပြည့်နှစ် မတိုင်မီ အထိ နိုင်ငံခြားမှသာ မှာယူ သောက်သုံးခဲ့ကြသည်။ အင်္ဂလန်မှ အများဆုံး တင်သွင်းပြီး ဂျာမနီ နိုင်ငံမှလည်း အနည်းအကျဉ်း တင်သွင်းသည်။ ၁၈၇၀ ပြည့်နှစ်တွင်မူ ဘီယာကို ရန်ကုန်မြို့၌ စတင် ထုတ်လုပ်သည်ဟု အဆိုရှိသည်။ ထို့နောက် အထက်မြန်မာနိုင်ငံကို သိမ်းယူပြီးသည့် ၁၈၈၆ ခုနှစ်မှစ၍ မန္တလေးမြို့အမရစံခေါင်အရပ်ရှိ ရတနာပုံအမြောက်စက်ရုံကို ဘီယာစက်ရုံအဖြစ် ပြုပြင်၍ အင်္ဂလိပ်စစ်တပ်များ သောက်သုံးရန် စတင် ထုတ်လုပ်ခဲ့သည်။

၁၉၅၄ ခုနှစ် အောက်တိုဘာလတွင် ၎င်းမန္တလေး ဘီယာစက်ရုံကို နိုင်ငံပိုင်စက်ရုံအဖြစ် သိမ်းယူပြီးလျှင် ဆက်လက်ထုတ်လုပ်လာခဲ့ရာ ယခုတိုင်ဖြစ်သည်။ ဘီယာစက်၏ မူလစွမ်းအားသည် တနေ့လျှင် ၂၄ အောင်စဝင်ပုလင်း ၁,၃၅၀ ဒါဇင်ခန့် ဖြစ်သည်။ ၁၉၈၄ ခုနှစ်တွင်မူ စက်သစ်များ ပံ့ပိုးတပ်ဆင်၍ လည်ပတ်နိုင်ခဲ့သဖြင့် စက်စွမ်းအား ၂,၈၀၀ ဒါဇင် အထိ တိုးတက်လာသည်။ ယခုအခါ မန္တလေးဘီယာစက်ရုံသည် မြန်မာနိုင်ငံ၏ တခုတည်းသော ဘီယာစက်ရုံအဖြစ် ထုတ်လုပ်လည်ပတ်လျက် ရှိပေသည်။

## ဂျုံနှင့်ဂျုံထွက်ပစ္စည်းစက်ရုံများ

မြန်မာနိုင်ငံတွင် ဂျုံကို ဆန်ကဲ့သို့ စားသုံးမှု မများလှစေကာမူ စိုက်ပျိုးထွက်ရှိမှုသည် တနှစ်ထက် တနှစ် တိုးတက်လာခဲ့သည်။ ၁၉၈၂–၈၃ ခုနှစ်တွင် တန်ချိန်ပေါင်း နှစ်သိန်းနီးပါး တိုးတက် ထွက်ရှိခဲ့ကြောင်း တွေ့ရသည်။ ထိုသို့ တိုးတက်ထွက်ရှိလာသဖြင့် ဂျုံအခြေခံ စက်မှုလုပ်ငန်းများကိုလည်း စိမံချက်ချ၍ တိုးခဲ့ အကောင်အထည်ဖော်လျက်ရှိသည်။

မြန်မာနိုင်ငံ၌ ဂျုံအမှုန့်ကြိတ် စက်ရုံကြီးငါးရုံနှင့် စက်ရုံငယ်ပေါင်း လေးဆယ်ခန့် ရှိသည်။ အငယ်ဆုံးစက်ရုံသည် တနေ့ဂျုံမှုန့် ၂၅ တန်ခန့် ထုတ်လုပ်နိုင်ပြီး အကြီးဆုံးစက်ရုံသည် တနေ့ဂျုံမှုန့် တန် ၁၀၀ ခန့် ထုတ်လုပ်နိုင်သည်။ ယခုအခါ တနေ့လျှင် ဂျုံမှုန့် တန် ၁၀၀ ထုတ်လုပ်နိုင်မည့် ခေတ်မီ ဂျုံအမှုန့်ကြိတ် စက်သစ်ကြီးတလုံးကို စစ်ကိုင်းတွင် တည်ဆောက်ရန် ၁၉၈၄ ခုနှစ်မှစ၍ အကောင်အထည်ဖော်လျက် ရှိသည်။

ခေါက်ဆွဲနှင့် ဘီစကွတ်မုန့်တို့သည် ဂျုံမှုန့်ကို ကုန်ကြမ်းအဖြစ်သုံး၍ စက်ရုံအဆင့် ထုတ်လုပ်သော အဓိကစားကုန်များ ဖြစ်ကြသည်။ အခြားသော ပေါင်မုန့်၊ ကိတ်မုန့်၊ နံပြား၊ ပေါက်စီ စသည်တို့မှာ အများအားဖြင့် တနိုင်လုပ်ငန်းငယ်ကလေးများသာ ဖြစ်ကြသည်။

ခေါက်ဆွဲစက်ရုံအနေဖြင့် စက်ရုံကြီးနှစ်ရုံနှင့် စက်ရုံငယ်ပေါင်း သုံးဆယ်ကျော်ရှိရာမှ ၁၉၈၄ ခုနှစ်တွင် ခေတ်မီခေါက်ဆွဲစက်ရုံသစ်တရုံကို မော်ဘီမြို့အနီး၌ အကောင်အထည်ဖော် တည်ဆောက်၍ ထိုနှစ်မှာပင် စတင်ထုတ်လုပ်နိုင်ခဲ့သည်။ ယင်းမော်ဘီခေါက်ဆွဲ စက်ရုံသစ်၏ ထူးခြားချက်သည် သမားရိုးကျ ထုတ်လုပ်သော ခေါက်ဆွဲခြောက်ရိုးရိုးသာမက ယခုခေတ် ရေပန်းစားလျက်ရှိသော အသင့်သုံး ခေါက်ဆွဲများကိုပါ ထုတ်လုပ်ပေးခြင်း ဖြစ်သည်။ အသင့်သုံး ခေါက်ဆွဲများကို ရေနွေးပူပူတွင် သုံးမိနစ်ခန့် ဖျော်လိုက်ပါက စားသုံးရန် အသင့်ဖြစ်သွားသည်။ ငရုတ်၊ ကြက်သွန်နှံတသင်းသင်း ဆီကလေး တဝင်းဝင်းဖြစ်နေသော ခေါက်ဆွဲပြုတ်ကို စားလိုပါက အသင့်ပါလာသည့် အသားမှုန့်ထုပ်နှင့် ဆီထုပ်ကလေးများကို ဖောက်၍ ရေနွေးဖျော်ထားသော ခေါက်ဆွဲပူပူထဲသို့ ထည့်လိုက်ရုံဖြင့် ကိစ္စပြီးသည်။ အကယ်၍ ရေနွေးဖျော်ရန်ပင် အချိန်မရပါက သည်အတိုင်း ဝါးစားကာ ရေဖြင့်မျောချ၍ရသော ခေါက်ဆွဲမျိုးလည်း ဖြစ်သည်။ ဤမျှအဆင်ပြေ၍ အချိန်ကုန် သက်သာလှသော ခေါက်ဆွဲမျိုးသည် အချိန်ကိုလုံ၍ ကုန်ထုတ်နေကြသော လုပ်သားကြီးများနှင့် အသက်ကို ပေး၍ တိုက်ပွဲဝင်နေကြသော တပ်မတော်သားများအတွက် လွန်စွာပင် လိုက်ဖက်လှလေသည်။

**မော်ဘီခေါက်ဆွဲစက်တွင် စက်များတပ်ဆင်နေပုံ**





မှော်ဘီခေါက်ဆွဲစက်ရုံတွင် ခေါက်ဆွဲထုတ်လုပ်နေပုံ

ဤအသင့်သုံး ခေါက်ဆွဲသည် ၁၉၇၄ ခုနှစ်တွင်မှ မြန်မာနိုင်ငံ၌ ပထမဆုံး စတင်ထုတ်လုပ်သော ခေါက်ဆွဲအသစ်အဆန်းတမျိုး ဖြစ်သကဲ့သို့ ကမ္ဘာတွင်လည်း ပေါ်ပေါက်ခဲ့သည်မှာ မကြာသေးချေ။ အသင့်သုံးခေါက်ဆွဲ၏ ဇာစ်မြစ်သည် ဂျပန်နိုင်ငံမှ စခဲ့ကြောင်း တွေ့ရသည်။ လွန်ခဲ့သော ၁၅ နှစ်ခန့်ကမှ အသင့်သုံးခေါက်ဆွဲကို ဂျပန်နိုင်ငံရှိ အိုတာကေ ခေါက်ဆွဲကုမ္ပဏီက တီထွင် ထုတ်လုပ်ခဲ့သည်။ ကနဦးတွင် ဂျပန်နိုင်ငံအတွင်း၌သာ စားသုံးခဲ့ကြရာမှ တစထက် တစ အခြားတိုင်းပြည်များတွင်ပါ ထုတ်လုပ်စားသုံးလာကြရာ ယခုအခါ တကမ္ဘာလုံး အနှံ့အပြား စားသုံးနေကြပေပြီ။ အသင့်သုံး ခေါက်ဆွဲထုတ်လုပ်မှု လုပ်ငန်းသည်လည်း စက်မှုလုပ်ငန်းကြီးတရပ်အသွင် ပီပီပြင်ပြင် ရပ်တည်လျက် ရှိနေပြီ ဖြစ်သည်။

အရည်အသွေးကောင်း ဂျုံမှုန့်သည် အသင့်သုံးခေါက်ဆွဲ ထုတ်လုပ်ရာတွင် အဓိကကုန်ကြမ်း ဖြစ်သည်။ ဂျုံမှုန့် အရည်အသွေး ကောင်းမကောင်းကို ၎င်း၏ ရေစုပ်ယူနိုင်မှု ဂုဏ်သတ္တိက အဓိက အဆုံးအဖြတ်ပေးသည်။ ယင်းအချက်သည် ဂျုံမှုန့်နှံ့ရာ၌ အထူးအရေးပါပြီး ကုန်ချော အရည်အသွေးအပေါ် တိုက်ရိုက် အကျိုးသက်ရောက်နိုင်သည်။ ရေငွေ့၊ ပရိုတင်း၊ ပြာနှင့် သတ္တုအမျိုးမျိုးတို့ ပါဝင်မှုနှုန်းထားများသည် အခြားအကဲဖြတ်သည့် အချက်များဖြစ်ကြသည်။ ဂျုံပြီးလျှင် ဒုတိယအရေးကြီးသည့် ကုန်ကြမ်းမှာ ခေါက်ဆွဲကြော်ရမည့် ဆီဖြစ်သည်။ ပဲဆီ၊ နှမ်းဆီ၊ စားအုန်းဆီ၊ ဝါဖေ့ဆီ၊ နေကြာဆီ၊ ဝက်ဆီတို့ကို တမျိုးတည်း သော်လည်းကောင်း၊ သင့်တော်သလို ရောစပ်၍သော်လည်းကောင်း အသုံးပြုနိုင်သည်။ မြန်မာနိုင်ငံတွင် ရန်ကုန်မြို့၊ သမိုင်းရှိ စားသုံးဆီခဲဆီသန့်စက်ရုံမှ အထူးထုတ်လုပ်ပေးသည့် ဝါစေ့ဆီသန့်ကို အသုံးပြုသည်။ ကြော်ဆီ၏ အဓိက အရည်အသွေးအတွက် အဓိက ထိန်းကွပ်ရသည့် ဂုဏ်သတ္တိမှာ အက် ဆစ် ကိန်းနှင့် ခဲပျော် မှတ် တို့ဖြစ်ကြသည်။

ဂျုံတွင်ပါသော ဂလူတင်ကို ပျော့ပျောင်းစေရန်နှင့် အရသာရှိစေရန်အတွက် အိမ်သုံးဆား၊ သွားဖြင့်ဝါးရာတွင် ခံစားမှု ကောင်းစေရန်နှင့် စေးပိုင်၍ မနေစေရန်အတွက် ပို တက်စီယမ်ဗိုင်ကာဗွန်နိတ်သို့မဟုတ်ဆိုဒီယမ်ဗိုင်ကာဗွန်နိတ် တမျိုးမျိုးပါသောအရည်၊ အရသာအတွက် အချို့မှုန့်များ၊ ခေါက်ဆွဲမျှင် ပျော့ပျောင်းရန်နှင့် ဆီစုပ်သက်သာစေရန် အတွက် ဂွမ်းပင်မှသစ်စေး သို့မဟုတ် စီအမ်စီ၊ ဂျုံနှံ့စည် အရောင်မည်စေရန်နှင့် မို့မတက်စေရန်အတွက် ဖော့စဖိတ် ဓာတ်ဆား၊ ဆီထဲသို့ အောက်ဆီဂျင်ဓာတ် မဝင်စေရန် အတွက် အောက်ဆီဂျင်တား ဓာတ်ပစ္စည်းများ ဖြစ်ကြသော ဘီအိပ်ချ်အေနှင့် ဘီအိပ်ချ်တီ၊ စားချင့်စဖွယ်ဖြစ်ရန် ဆေးရောင် စသည့်တို့သည် အခြားသွယ်ဝိုက်ကုန်ကြမ်းများ ဖြစ်ကြသည်။

ဦးစွာ ဂျုံနှံ့သည့်စက်တွင် ဂျုံမှုန့်နှင့်အိမ်သုံးဆား၊ ဗိုင်ကာဗွန်နိတ်အရည်၊ သစ်စေး၊ ဖော့စဖိတ်ဓာတ်ဆား၊ ဆေးရောင်စသည်တို့ကို အချိုးကျရောထည့်၍ ၁၅ မိနစ်မှ မိနစ် ၂၀ အထိ နာနာနှံ့ပေးသည်။ ဂျုံနှံ့စဉ် ဖြစ်ပေါ်လာသည့် အပူချိန်သည် ခေါက်ဆွဲ၏ အရည်အသွေးအပေါ် အကျိုးသက်ရောက်နိုင်၍ အပူချိန်ကို ၂၅ ဒီဂရီမှ ၃၅ ဒီဂရီ စင်တီဂရိတ်တွင်သာ ရှိနေစေသည်။ ဂျုံကို နှံ့ပေးခြင်းဖြင့် ပရိတင်းနှင့်ဂလူတင်တို့သည် စတာ့ချ်ကော်များဖြင့် ကွန်ယက်များဖွဲ့စေကာ ဂျုံတုံးကို ပျော့ပျောင်းသွက်လက်စေသည်။ ဆားရေနှင့် ဗိုင်ကာဗွန်နိတ်အရည်တို့ကလည်း ဂျုံနှံ့စဉ် ဓာတ်ပြောင်းလဲမှု၊ ရုပ်ပြောင်းလဲမှုများကို အကောင်းဆုံး အခြေအနေဖြစ်စေရန် အကူအညီပေးသည်။ နှံ့သားကျနေသော ဂျုံတုံးများကို အပြားခတ်သည့် တလိမ့်တုံးရိုလာစက်နှစ်စုံဖြင့် ဦးစွာအပြားနှစ်ပြားခတ်ပြီး တလိမ့်တုံးတစုံတွင်ထည့်ကာ တပြားတည်းပြု၍ နောက်ထပ် တလိမ့်တုံးလေးစုံဖြင့် တဆင့်ပြီးတဆင့် အပြားခတ်ရာ ဂျုံပြား၏အထူသည် သုညဒသမရှစ်မှ တစ်ဒသမနှစ် မီလီမီတာအထိ ရှိလာသည်။ ဤအဆင့်၌ ဂျုံပြား၏ အထူအပါးညီရန်လိုသည်။

တဖန် ဂျုံပြားကို တစ်ဒသမ လေးမီလီမီတာအကျယ်ရှိ အမျှင်များရအောင် အမျှင်စိတ်စက်ဖြင့် စိတ်မြှောပြီး လှိုင်းတွန့်စက်ဖြင့် အတွန့်အခေါက် ပြုလုပ်သည်။ ထို့နောက် ရေနွေးငွေ့ဖြင့် အပူချိန် ၁၀၀ ဒီဂရီ စင်တီဂရိတ်တွင် နှစ်မိနစ်ခန့် ပေါင်းသည်။ ဤသို့ ပေါင်းခြင်းဖြင့် စတာ့ချ်ကော်များကို စေးပျစ်၍ ခဲစေခြင်း၊ ခေါက်ဆွဲတွန့်ခေါက်

သည့်ပုံသဏ္ဌာန် ခိုင်ခံ့စေခြင်း၊ ကုန်ချောခေါက်ဆွဲဖြစ်လာသည့်အခါ ရေဖြင့် အပြုတ်ရသက်သာခြင်းတို့ကို ဖြစ်စေသည်။ ပြုတ်ပြီးခေါက်ဆွဲများကို ၇၅ ဂရမ်အလေးချိန်စီးသော ခေါက်ဆွဲတထုပ်စာ ပမာဏအရ ဖြတ်တောက်စက်က ဖြတ်တောက်ပေးပြီး လူအားဖြင့် ခေါက်သည်။ ထို့နောက် ကြက်စွပ်ပြုတ်ရည်ဖျန်းပေးကာ ပိုလှဲနေသော ရေကို လေပူဖြင့်မှုတ်၍ ခေါက်ဆွဲများကို ခြောက်စေပြီး သတ္တုပုံစံခွက်ကလေးများတွင် အလိုက်သင့်ထည့်ကာ ၁၄၀ ဒီဂရီ စင်တီဂရိတ်ရှိ ဆီပူဖြင့် တစ်မိနစ်မှနှစ်မိနစ်ခန့်ကြော်သည်။ ဤနေရာသည် ထုတ်လုပ်မှု ဖြစ်စဉ်တလျှောက် အဓိကအကျဆုံးအပိုင်းဖြစ်၍ အထူးဂရုစိုက်ရသည်။ ဆီနှင့်ကြော်ခြင်းဖြင့် ခေါက်ဆွဲအတွင်းမှရေကို လျင်မြန်စွာထုတ်ယူဖယ်ရှားနိုင်၍ ခေါက်ဆွဲ၏အနှံ့အရသာ ပုံပန်းသဏ္ဌာန် ပိုမိုကောင်းမွန်ကာ ကြာရှည်အထားခံစေသည်။ ကြော်ပြီး ခေါက်ဆွဲတွင် ရေ ၁၄ ရာခိုင်နှုန်း၊ ဆီလက်ကျန် ၁၆ မှ ၂၀ ရာခိုင်နှုန်း၊ ဆီ၏အက်ဆစ်ကိန်း တစ်ဒသမနှစ်တို့ထက် မပိုစေရပါ။ ကြော်ပြီးခေါက်ဆွဲများကို ငါးမိနစ်ခန့် လေဖြင့်မှုတ်၍ အအေးခံပြီး အသားမှုန့်ထုပ်၊ ငရုတ်သီးမှုန့်ထုပ်၊ ဆီထုပ်ကလေးများနှင့်အတူ ထုပ်ပိုးစက်ဖြင့် ထုပ်ပိုးသည်။

ထုပ်ပိုးရာတွင် အပူပေးပိတ်၍ ရနိုင်သည့် ပေါ်လီအီသလင်း ပလတ်စတစ်၊ ရေငွေ့နှင့်အောက်ဆီဂျင်မဝင်နိုင်အောင် ဟန့်တားပေးသည့် ပေါ်လီပရိုပလင်း သို့မဟုတ် ဆယ်လိုဖိန်းပလတ်စတစ်တို့ လွှာချင်းထပ်ထားသော ပလတ်စတစ်အိတ်ဖြင့် ထုပ်ပိုးသည်။ ဤသို့ စနစ်တကျထုပ်ပိုးမှသာ ကြာရှည်အထားခံသည့် အရည်အသွေးမီ ခေါက်ဆွဲများ ရရှိလာမည်ဖြစ်သည်။

အသင့်သုံးခေါက်ဆွဲထုပ်တွင် ပါဝင်သည့် အသားမှုန့်ထုပ်၊ ငရုတ်သီးမှုန့်ထုပ်နှင့် ဆီထုပ်ကလေးများကို သီးခြားလုပ်ယူရသည်။ အသားမှုန့်ကို ကြက်သားမှ ထုတ်လုပ်သည်။ ဦးစွာ ကြက်ကို အသားတခြား အရိုးတခြား ခွဲသည်။ ကြက်သားကို ကြိတ်၍ လေဟာပြူထားသည့် ပေါင်းအိုးတွင် ၁၅ မိနစ်ခန့် နူးနပ်နေအောင်ပေါင်းပြီး အရည်ကိုဖယ်ထုတ်သည်။ ကျန်အသားဖတ်များကို စက်မျှားဖြင့် အခြောက်ခံအမှုန့်ကြိတ်ခြင်းဖြင့် အသားမှုန့်ရလာသည်။ ကြက်ရိုးကို အလားတူပေါင်း၍ ရလာသောအရည်နှင့် ကြက်သားပေါင်း၍ ရယူထားသော အရည်နှစ်ခုရောပြီး ခေါက်ဆွဲအပေါ်တွင် ပက်ဖျန်းသည့် ကြက်စွပ်ပြုတ်ရည်အဖြစ်လည်း ပြန်လည်အသုံးပြုသည်။

ယခုတည်ဆောက်ပြီးစီး၍ ထုတ်လုပ်မှုများကို စတင်ဆောင်ရွက်နေသည့် မော်ဘီ အသင့်သုံးခေါက်ဆွဲစက်ရုံ၏ စက်များသည် ဂျပန်နိုင်ငံ အိုတာကေကုမ္ပဏီမှ ခေတ်မီစက်များဖြစ်ကြသည်။ စက်ရုံ၏ ကုန်ထုတ်စွမ်းအားမှာ အလေးချိန် ၇၅ ဂရမ်ရှိ ခေါက်ဆွဲထုပ်ပေါင်း ငါးဆောင်းကို ရှစ်နာရီအတွင်း ထုတ်လုပ်နိုင်သည်။

ဂျုံမှုန့်ကိုအခြေခံသည့် အခြားစက်မှုလုပ်ငန်းမှာ ဘီစကွတ် မုန့်လုပ်စက်များဖြစ်သည်။ မြန်မာနိုင်ငံတွင် ဘီစကွတ်မုန့်စက်ကြီး ခြောက်ရုံနှင့် စက်ရုံငယ်ပေါင်း နှစ်ဆယ်ကျော်ခန့်ရှိသည်။ စက်ရုံကြီးအားလုံးသည် နိုင်ငံပိုင်စက်များဖြစ်ကြသည်။ ကုန်ထုတ်စွမ်းအားများမှာ အငယ်ဆုံးစက်ရုံအနေဖြင့် တနေ့လျှင် ဘီစကွတ်မုန့် သုည၀သမ ရှစ်တန်ခန့်နှင့် အကြီးဆုံးစက်ရုံအနေဖြင့် သုံးတန်အထိ ထုတ်လုပ်နိုင်သည်။ ယခုအခါ တနေ့ရှစ်နာရီလျှင် ဘီစကွတ်မုန့်လေးတန်အထိ ထုတ်လုပ်နိုင်သော ခေတ်မီစက်ရုံအသစ်တလုံးကို အကောင်တထည်ဖော် တည်ဆောက်ရန် စီစဉ်လျက်ရှိသည်။

## ပီလောပီနံ ကော်မှုန့်စက်

ပီလောပီနံ့ဥသည် ယခုအခါ စက်မှုကုန်ကြမ်း သီးနှံတခုအဖြစ် အရေးပါသောနေရာတွင် ရောက်ရှိနေပြီဟု ဆိုနိုင်သည်။ ပိုင်းဖြတ်ထားသော ပီလောပီနံ့ဥခြောက်များသည် တိရစ္ဆာန်အစာအတွက် အသုံးများလာသကဲ့သို့ ပီလောပီနံ ကော်မှုန့်ကိုလည်း စက်မှသုံး ကုန်ကြမ်းအဖြစ် မြန်မာနိုင်ငံတွင် ပို၍ပို၍ အသုံးများလာပြီ ဖြစ်သည်။

ယခင် ၁၉၃၉ ခုနှစ်က မြန်မာနိုင်ငံတွင် ပီလောပီနံ့၊ ပြောင်းဖူးစေ့တို့မှ ကော်မှုန့်ထုတ်လုပ်နိုင်သော နယူးဘားမားအမည်ရှိ ကော်စက်ရုံကြီးတရုံ ရှိခဲ့ဖူးသော်လည်း ၁၉၅၈ ခုနှစ်တွင် ထုတ်လုပ်မှုရပ်ဆိုင်းခဲ့သည်။ နောက်ပိုင်းတွင် သမားရိုးကျ မိရိုးဖလာနည်းဖြင့် မိသားစု တနိုင်ထုပ်လုပ်သော ကော်မှုန့်လုပ်ငန်းငယ်လေးများသာ ရောတီတိုင်း၊ တနင်္သာရီတိုင်းတို့တွင် ထုတ်လုပ်မှုကို ဆောင်ရွက်လျက်ရှိနေကြသည်။ ၎င်းလုပ်ငန်းငယ်ကလေးများမှ ထုတ်လုပ်သော ကော်မှုန့်ပမာဏသည် စက်မှုလုပ်ငန်းများ၏ လိုအပ်ချက်ကို မမီတော့သဖြင့် ပီလောပီနံ့ဥမှ ကော်မှုန့်ကို စီးပွားဖြစ် စက်ရုံများ တည်ဆောက်ထုတ်လုပ်ရန် စီမံချက်များ ချမှတ်အကောင်အထည် ဖော်ခဲ့သည်။

တနေ့လျှင် ပီလောပီနံ့ဥတန် ၂၀ မှ တန် ၃၀ အထိ ကြိတ်ဝါးနိုင်သည့် မြိတ်ပီလောပီနံ့ကော်မှုန့်စက်သည် ပထမဆုံးတည်ဆောက်သော စက်ရုံဖြစ်သည်။ ဤစက်ကို ပြည်တွင်း၌ပင် ပုံစံထုတ်၍ ပြည်တွင်းဖြစ် စက်ပစ္စည်းအများဆုံး အသုံးပြုတည်ဆောက်ခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် တည်ဆောက်ပြီးစီး၍စမ်းသပ်လည်ပတ်နိုင်ခဲ့ပြီး ၁၉၇၄ ခုနှစ်မှစ၍ စီးပွားဖြစ် ပုံမှန်ထုတ်လုပ်လျက်ရှိသည်။

၁၉၇၄ ခုနှစ်တွင် တည်ဆောက် လည်ပတ်နိုင်သော အခြားပီလောပီနံ့ ကော်မှုန့်စက်ရုံသည် တနေ့ ဥတန် ၁၀၀

ကြိတ်ဝါးနိုင်သောဒိုက်ဦးပိလောပိန်းကော်မှန့်စက်ဖြစ်သည်။ ထိုစက်သည် ဂျပန်နိုင်ငံလုပ် ခေတ်မီစက်များဖြင့် တပ်ဆင်တည်ဆောက်ခဲ့သော စက်ဖြစ်သည်။

## အချိုမှုန့်စက်

အချိုမှုန့်သည် မြန်မာနိုင်ငံတွင် အလွန်လူကြိုက်များလျက်ရှိနေသော မီးပိုချောင်သုံး ပစ္စည်းတမျိုးဖြစ်သည်။ ဟင်းများကို ပို၍အရသာထူးစေသော ဓာတ်ဆားတမျိုးဖြစ်၍ မြန်မာအိမ်ရှင်မများ လက်မလွှတ်နိုင်ပဲ ချက်သမျှဟင်းအမယ်တိုင်းတွင် ထည့်သွင်းအသုံးပြုကြသည်။ ဤသို့အသုံးများလာသဖြင့် လိုအပ်ချက်ကို ဖြည့်ဆည်းရန် အချိုမှုန့် စက်ရုံတရုံကို ဒိုက်ဦးမြို့အနီး ကျိုက်စကော ကျေးရွာတွင် ပိလောပိန် ကော်မှုန့်စက်နှင့် ကပ်လျက်တပြိုင်နက်တည်ဆောက်ခဲ့ရာ ၁၉၇၄ ခုနှစ်တွင် ပြီးစီးသဖြင့် အချိုမှုန့်များကို ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည်။ ဤအချိုမှုန့်စက်ရုံသည် လည်း မြန်မာနိုင်ငံ၏ အဦးဆုံး အချိုမှုန့်စက်ရုံဖြစ်သည်။

အချိုမှုန့်၏ ဓာတုဗေဒအမည်မှာ အယ်–မိုနိုဆိုဒီယမ် ဂလူတာမိတ်(အမ်အက်စ်ဂျီ)ဖြစ်၏။ ဂလူတာမစ်အက်ဆစ်၏ ဓာတ်ဆားတမျိုးဖြစ်သည်။ ဂလူတာမစ်အက်ဆစ်သည် သီးနှံနှင့် သားငါးများတွင် သဘာဝအလျောက် ပါဝင်လေ့ရှိသော အာဟာရ ဖြစ်စေသည့် အေမီနိုအက်ဆစ်တမျိုးလည်း ဖြစ်သည်။ ဂလူတာမစ်အက်ဆစ်ကို ၁၈၆၆ ခုနှစ် ကတည်းက ရစ်သူဆမ်ဆိုသူက တွေ့ရှိခဲ့ပြီး ၁၈၉၀ ပြည့်နှစ်တွင် ဝုပ်ဗီ၊ ဘီကေနှင့် စတင်းဘက်တို့ အဖွဲ့က ဓာတ်ခဲ့ခန်းတွင် စမ်းသပ်ထုတ်လုပ်နိုင်ခဲ့ကြသည်။ သို့သော် ဂလူတာမစ်အက်ဆစ်၏ ဓာတ်ဆားတမျိုးဖြစ်သည့် အမ်အက်စ်ဂျီ၏ အရသာ ပေးနိုင်စွမ်းရှိသော ဂုဏ်သတ္တိကိုမူ သတိ မထားမိကြသေးချေ။ ၁၉၀၈ ခုနှစ်တွင် ဂျပန်နိုင်ငံ တိုကျိုတက္ကသိုလ်မှ ပါမောက္ခဒေါက်တာကီကူနေအီကေဒါ ဆိုသူက အမ်အက်စ်ဂျီ၏ အရသာထူးကဲအောင်စွမ်းဆောင်နိုင်သော ဂုဏ်သတ္တိကို တွေ့ရှိခဲ့သည်။ ဒေါက်တာအီကေဒါကိုယ်တိုင် ကမကထပြုကာ စဘူရိုနုကို ဆူဇူကို ဆိုသူနှင့် ပူးပေါင်း၍ အာဂျီနိုမိုတို အမည်ပြင့် ကုမ္ပဏီတခု တည်ထောင်ကာ အမ်အက်စ်ဂျီ စီးပွားဖြစ်ထုတ်လုပ်သောစက်ရုံတရုံကို ဂျပန်နိုင်ငံ၌ ၁၉၀၉ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး အချိုမှုန့်များ စတင်ထုတ်လုပ် ရောင်းချခဲ့သည်။ ၎င်းတို့ စက်ရုံမှ ထုတ်လုပ်ရောင်းချသော အချိုမှုန့်ကိုလည်း "အာဂျီနိုမိုတို" ဟု အမည်ပေးခဲ့သည်။ ထို့ကြောင့် အချိုမှုန့်အစ အာဂျီနိုမိုတိုက ဟုပင် ဆိုစမှတ်ပြုကြသည်။ အခုအခါ၌ အာဂျီနိုမိုတို အမည် ကြားလိုက်ရုံဖြင့် အချိုမှုန့်ကို ဆိုလိုကြောင်း အများ သိပြီး ဖြစ်ရလောက်အောင် ကျော်ကြားကာ လူကြိုက်များခဲ့သည်။

ဒေါက်တာအီကေဒါတို့သည် အချိုမှုန့်ထုတ်လုပ်ရာတွင် ဂျုံမှရရှိသော ဂလူတင်ကို အက်ဆစ်ဖြင့် ဓာတ်ပြုထုတ်လုပ်သော နည်းကို ဦးစွာအသုံးပြုခဲ့ကြသည်။ ၁၉၅၆ ခုနှစ်တွင်မူ ဒေါက်တာ ရှူကူရိကင်နိုရှိတာနှင့်အဖွဲက ပက်တီးရိုးယား အသုံးပြုသည့် ဖာမင်တေးရှင်းနည်းဖြင့် အမ်အက်စ်ဂျီပေါက်သောစနစ်ကို တွေ့ရှိလာရာမှ အချိုမှုန့်၏ထုတ်လုပ်မှုကုန်ကျစရိတ်သည် လေးချိုးတချိုးခန့် လျော့နည်းလာခဲ့သည်။ နောက်ပိုင်းတွင် အချိုမှုန့်ထုတ်လုပ်ရာ၌ အဆိုပါ ဖာမင်တေးရှင်းနည်းကိုသာ လက်ခံအသုံးပြုခဲ့ကြလေသည်။

ဖာမင်တေးရှင်း နည်းဖြင့် အချိုမှုန့် ထုတ်လုပ်ရာ၌ စတာ့ချ်ကော်မှုန့် သို့မဟုတ် တင်လဲရည်တည်းဟူသော ကုန်ကြမ်း တမျိုးမျိုးမှ ထုတ်ယူနိုင်သည်။ ကော်မှုန့်ကို သုံးပါက ကော်မှုန့်ကို တင်လဲရည်ကဲ့သို့ အချိုရည် ဖြစ်လာအောင် ပြုပြင်ရသည့်အဆင့်တဆင့် ပိုလာသည်။ ယခုအခါ မြန်မာနိုင်ငံ၌ ပိလောပိန် ကော်မှုန့်များ တွင်ကျယ်စွာထွက်ရှိနေပြီ ဖြစ်သည့်အလျောက် လက်ရှိ တည်ဆောက်ပြီးစီးခဲ့သော ဒိုက်ဦး အချိုမှုန့် စက်ရုံတွင် ပိလောပိန် ကော်မှုန့်ကို အဓိက ကုန်ကြမ်းအဖြစ် အသုံးပြု ထုတ်လုပ်လျက်ရှိသည်။

ကော်မှုန့်ကို အချိုရည် ပြုလုပ်ရာ၌လည်း အက်ဆစ်နည်း၊ အင်ဇိုင်းနည်းဟူ၍နှစ်မျိုးရှိရာ လောလောဆယ်တွင်

### မြန်မာနိုင်ငံတွင် ပထမဆုံးထုတ်လုပ်လိုက်သောအချိုမှုန့်



ဒိုက်ဦး အချို့မှန်စက်ရုံ၌ အက်ဆစ်နည်းကိုသာ အသုံးပြုလျက် ရှိသည်။

ကော်မှန်များကို ရေနှင့် ဟိုက်ဒရိကလိုရစ်အက်ဆစ်တို့ဖြင့် ဦးစွာရောရှေ့မှေပေး၏။ ထို့နောက် အလုံပိတ်ပေါင်းအိုးအတွင်းသို့ ကော်ရည်များကိုထည့်၍ အပူချိန် ၁၄၀ ဒီဂရီ စင်တီဂရိတ်တွင် ရေနွေးငွေ့ဖြင့် ရှစ်မိနစ်မှ ၁၀ မိနစ်အထိ အပူပေးကာ ရေသွင်းဓာတ်ဖြိုပြီး ကော်ဓာတ်ကို သကြားဓာတ်သို့ ပြောင်းလဲသွားအောင် ပြုလုပ်သည်။ ထို့နောက် အအေးခံကာ အက်ဆစ်များကို ကော့စတစ် ဆိုဒါဖြင့် ဓာတ်ပြယ်စေသည်။ ထို့နောက် ဓာတ်ကြွ ကာဗွန်ဖြင့် အရောင်ချွတ်ပြီး အရည်စစ်စက်ဖြင့် စစ်ထုတ်ပေးခြင်းဖြင့် ကြည်လင်သော အချိုရည်များကို ရလာသည်။

ထိုအချိုရည်များကို အမ်အက်စ်ကျ ထုတ်လုပ်ပေးနိုင်သော ဗက်တီးရီးယားတို့ဖြင့် ဖောက်ကာ ဖာမင်တေးရှင်းပြုလုပ်သည်။ ဖာမင်တေးရှင်းပြုလုပ်စဉ် အသုံးပြုသော ဗက်တီးရီးယားအပေါ် လိုက်၍ အပူချိန်ကို ၂၇ ဒီဂရီမှ ၃၀ ဒီဂရီ စင်တီဂရိတ်တွင် ထားသည်။ လေလိုသော ဖောက်နည်းဖြစ်၍ လေကောင်းလေသန့်ကို မှန်မှန်မှုတ်သွင်းပေးရသည်။ ဗက်တီးရီးယားတို့အတွက် အာဟာရဖြစ်စေသည့် ဓာတ်ဆားများကိုလည်း ထည့်ပေးရသည်။ ဤသို့ ဖာမင်တေးရှင်း ပြုလုပ်စဉ် အချိုရည်အတွင်းရှိ သကြားများကို ဂလူတာမစ် အက်ဆစ် အဖြစ်သို့ ရောက်ရှိသွားအောင် ဗက်တီးရီးယားတို့က ဆောင်ရွက်ပေးကြသည်။ နာရီ ၃၀ မှ ၃၅ နာရီခန့် ကြာသောအခါ ဖာမင်တေးရှင်းလုပ်ငန်းပြီးဆုံး၍ ဂလူတာမစ်အက်ဆစ်များပါရှိသည့် စိမ်ရည်ကို ရရှိသည်။


စိမ်ရည် အတွင်း မှ ဂလူတာမစ် အက်ဆစ်များကို အိုင်ယွန်ဖလှယ်သည့် ရေစင်၏ မျက်နှာပြင်တွင် စုပ်၍ ဖယ်ယူသည်။ ထို့နောက် ရေစင်မျက်နှာပြင်တွင် ဖမ်းမိနေသော ဂလူတာမစ်အက်ဆစ်များကို အယ်ကာလီအရည်နှင့် ပြန်၍ ဆေးထုတ်ခြင်းဖြင့် ဂလူတာမစ်အက်ဆစ်အရည်သန့်သန့်ကို ရသည်။ ထို့နောက် ဓာတ်ကြွကာဗွန်ဖြင့် အရောင်ထပ်၍ချွတ်သည်။ ရလာသော အရည်အတွင်းတွင် ပျော်ဝင်နေသည့် ဂလူတာမစ်အက်ဆစ်များကို အခဲအဖြစ် ကျလာစေမည့် အနေအထားဖြစ်သော အိုင်ဆိုအီလက် ထရစ်အမှတ် ပီအိုင်ခ် သုံး ဒသမ နှစ် သို့ ရောက်အောင် ပြုလုပ်၍ ဂလူတာမစ်အက်ဆစ် အခဲများကို ချယူသည်။ ဤ နည်း ကို သုံးကြိမ်ခန့်ပြု၍ ဂလူတာမစ် အက်ဆစ်ကို သန့်စင်စေသည်။ ထို့နောက် ရေနွေးဖြင့် ၎င်းဂလူတာမစ် အက်ဆစ်အခဲများကို ပြန်ဖျော်၍ အမ်အက်စ်ကျိဓာတ်ဆား ဖြစ်လာစေရန် ဆိုဒီယမ်ကာဗွန်နိတ်ဖြင့် ဓာတ်ပြုပေးသည်။ အမ်အက်စ်ကျိ ဓာတ်ဆားများ ပျော်ဝင်နေသောအရည်ကို နှစ်ဆင့်ပေါင်းတင်သည့်စနစ်ဖြင့် အရည်များပျစ်လာအောင် ဆောင်ရွက်သည်။ ထို့နောက် ပြင်ပမှ အမ်အက်စ်ကျိ ဓာတ်ဆားမှုန့် များကို မျိုးအဖြစ် ထည့်ပေးလိုက်သော အခါ အရည်အတွင်းပျော်ဝင်နေသော အမ်အက်စ်ကျိများသည် ၎င်း မျိုးဓာတ်ဆားမှုန့်လေးများအပေါ် လာကပ်၍ ဓာတ်ဆားပွင့်ကြီးများ ဖြစ်ပေါ်လာသည်။ လိုအပ်သော အရွယ်ပမာဏသို့ ရောက်ရှိလာသောအခါ ပေါင်းအိုးကို ဖွင့်၍ ဓာတ်ဆားမှုန့်များကို ထုတ်ယူပြီး ညီညာသော အပွင့်များ ရရှိလာစေရန် ပုံဆောင်ခဲ အပွင့်ဖော်စက်ဖြင့် ပုံဆောင်ခဲများဖော်သည်။ ထို့နောက် ဗဟိုခွာစက်များအသုံးပြု၍ အရည်နှင့် ပုံဆောင်ခဲအပွင့်တို့ကို ခွဲယူသည်။ ရလာသော အမ်အက်စ်ကျိခေါ် အချိုမှုန့် အပွင့်ခဲများကို အခြောက်ခံပြီးနောက် အိတ်သွင်းထုပ်ပိုးခြင်းဖြင့် ကုန်ချော အဆင့်သို့ ရောက်သည်။ ဤ ဒိုက်ဦး အချိုမှုန့်စက်ရုံ၏ ကုန်ထုတ်စွမ်းအားသည် တနှစ်လျှင် အချိုမှုန့်တန် ၆၀၀ ဖြစ်သည်။

## အခြားစားကုန်လုပ်ငန်းများ

အထက်တွင် ဖော်ပြထားသော စားကုန်လုပ်ငန်းအပြင် စိုက်ပျိုးရေးကို အခြေခံသည့် အခြားစားကုန်လုပ်ငန်းများလည်း ရှိသေးသည်။ စည်သွတ်လုပ်ငန်း၊ ကော်ဖီလုပ်ငန်းနှင့် လက်ဖက်ခြောက်လုပ်ငန်းတို့ ဖြစ်ကြသည်။ မန္တလေးမြို့တွင် စည်သွတ်လုပ်ငန်းစက်ရုံတရုံရှိခဲ့ဖူးမှ ယခုအခါ သာစည်မြို့ လှိုင်းတက်ကျေးရွာအနီးတွင် သစ်သီးစည်သွတ်စက်ရုံသစ်တရုံကို ၁၉၇၃ ခုနှစ်က စတင် တည်ဆောက်ခဲ့ပြီး ၁၉၇၄ ခုနှစ်တွင် လည်ပတ်၍ ကုန်ထုတ်လုပ်မှုကို ဆောင်ရွက်လျက်ရှိသည်။ မေမြို့တွင် ကော်ဖီစက်ရုံတရုံ၊ ရန်ကုန်တွင်တရုံ စုစုပေါင်း နှစ်ရုံရှိသည်။ လက်ဖက်ခြောက်စက်ရုံလည်း တရုံရှိလေသည်။

ဤသည်တို့ကား မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးအခြေခံလက်ရှိ မြန်မာ့စားသောက်ကုန် စက်မှုလုပ်ငန်းများ ဖြစ်ကြသည်။ ယခုအခါ စက်မှုသီးနှံ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက် ရှိနေပြီး တနှစ်ထက်တနှစ် စက်မှုသီးနှံထွက်နှုန်းများနှင့် ထုတ်လုပ်မှုများ တိုးတက်လာလျက်ရှိပေရာ ထိုသို့လယ်ယာကဏ္ဍမှ စက်မှု သီးနှံများ တိုး တက် ထုတ်လုပ်လာသည်နှင့်အမျှ လိုက်လျောညီထွေသည့် စက်မှုသီးနှံ အခြေခံစားသောက်ကုန် စက်ရုံအလုပ်ရုံများကို တစတစ တိုးတက်တည်ဆောက်အကောင်အထည်ဖော်သွားရမည်သာ ဖြစ်လေသည်။

**ဒေါက်တာ မျိုးသန့်တင်**




# အာကာသသိပ္ပံ တိုးတက်မှု

## အာကာသ

ဆိုဗီယက်ပြည်ထောင်စုက ၁၉၅၇ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့တွင် စပွတ်နစ် ၁ ဂြိုဟ်တုကို လွှတ်တင်နိုင်ခဲ့ခြင်းနှင့် အမေရိကန်ပြည်ထောင်စုက ၁၉၅၈ ခုနှစ် ဇန္နဝါရီလ ၃၁ နေ့ရက်နေ့တွင် အိပ်စပလိုရာဂြိုဟ်တုကို လွှတ်တင်နိုင်ခဲ့ခြင်း ဖြစ်ရပ်များ၏ နောက်ပိုင်းတွင် အာကာသ စူးစမ်းမှုများကို အဆက်မပြတ်ပြုလုပ်ခဲ့ရာ ၁၉၇၃ ခုနှစ် နိုဝင်ဘာလမှ ၁၉၇၄ ခုနှစ် ဒီဇင်ဘာလအထိ ကာလအတွင်းတွင်လည်း ထူးခြားသော အာကာသ ခရီးစဉ်များကို တိုးချဲ့ပျံသန်းခဲ့သည်။

### အမေရိကန် အာကာသ လွှန်းပျံယာဉ်များ

အမေရိကန်ပြည်ထောင်စုသည် ၁၉၇၁ ခုနှစ် ဧပြီလ ၁၂ ရက်နေ့မှ ၁၄ ရက်နေ့ထိ ကိုလံဗီယာ အာကာသ လွှန်းပျံယာဉ်ကို ပထမဆုံး အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ပြီးနောက် လွှန်းပျံယာဉ်များ အကြိမ်ကြိမ်လွှတ်တင်ခဲ့ရာ နဝမမြောက် အာကာသ လွှန်းပျံယာဉ်ခရီးအဖြစ် ကိုလံဗီယာ ယာဉ်ကို ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် လွှတ်တင်ခဲ့သည်။ ဂျွန် ဒဗလျူ ယန်းက ဦးစီး၍ လူခြောက်ဦး စီးနင်းလိုက်ပါသည့်အနက် ရူပဗေဒပညာရှင် ဒေါက်တာ ဥမားဘို့သည် အာကာသထဲသို့ ပထမဆုံးရောက်ခဲ့ကြုံသော အနောက်ဂျာမန်နိုင်ငံသား ဖြစ်သည်။ ယင်းခရီးစဉ်တွင် အလျား ၁၈ ပေ၊ အနံ ၁၂ ပေခန့်ကျယ်သော ဓာတ်ခွဲစမ်းသပ်ခန်းထဲ၌ စမ်းသပ် လေ့လာမှုပေါင်း ၇၀ ကို ပြုလုပ်ခဲ့သည်။ ယင်းလေ့လာမှုများမှရရှိသော သုတေသန သတင်း အချက်အလက်များသည် ၁၉၇၃ ခုနှစ်က စကိုင်းလက် အာကာသ ခရီးစဉ်များမှ ရရှိသည်ထက် အဆ ၅၀ မျှ ပိုများသည်ဟု ဆိုသည်။ အမေရိကန်၊ ကနေဒါ၊ ဂျပန်နှင့် ဥရောပ




တယောက်စီးယာဉ်ပျံ (အမ်အမ်ယူ) မြှင့် အာကာသတွင်းပျံသန်းပုံ

အာကာသ အေဂျင်စီ (အီးအက်စ်အေ) အဖွဲ့ဝင်နိုင်ငံ အသီးသီးက စီစဉ်ပေးလိုက်သော ယင်းစမ်းသပ်လေ့လာမှုများအနက် အထူးခြားဆုံးလေးခု ပါရှိသည်။ ယင်းတို့မှာ (၁) ကမ္ဘာ့လေထုအတွင်း ဓာတ်ငွေ့များ ရွှေ့လျားမှုနှင့် ရောနှောမှုတို့ကို ပဏာမစမ်းသပ်ရာတွင် ခြေရာခံပစ္စည်းအဖြစ် သုံးနိုင်မည်ဟု သိပ္ပံပညာရှင်တို့ မျှော်လင့်ထားသော ဒယူတီရီယမ်ဒြပ်စင်ကို အထက်ပိုင်း လေထုထဲတွင် တွေ့ရှိခြင်း၊ (၂) အလေးချိန်မဲ့သောအခြေအနေတွင် ခဲနှင့် သွပ်သတ္တုနှော အမျိုးအစား သစ် တခုကို ဖန်တီးခြင်း၊ (၃) ၁၉၁၄ ခုနှစ် နိုဗင်ဆုရှင် ဟန်ဂေရီအမျိုးသား ရောဗတ် ဗရန်နီ တွေ့ရှိထားသော နားအတွင်းပိုင်းဆိုင်ရာ သိအိုရီနှင့် တိုက်ရိုက်ဆန့်ကျင်သော အချက်အလက်သစ်များ စူးစမ်းသိရှိခြင်း၊ (၄) ဩဘာသရောင်ခြည်တုများ ဖန်တီးခြင်း တို့ဖြစ်သည်။

ဒသမမြောက် အာကာသလွှန်းပျံယာဉ် ခရီးအဖြစ် ချယ်လင်ဂျာယာဉ်ကို ၁၉၈၄ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်နေ့မှ ၁၁ ရက်နေ့အထိ လွှတ်တင်သည်။ စီးပွားရေးလုပ်ငန်းဆိုင်ရာ ပထမဆုံး လွှန်းပျံယာဉ်ခရီးကို ကွပ်ကဲခဲ့သူ ကွန်မင်ဒါ ဗန်စ် ဘရန်းက ဦးစီး၍ ရေတပ်ဗိုလ်မှူး ရောဗတ် ဂစ်ဆင်၊ ကျွမ်းကျင်သူများဖြစ်ကြသော ဗိုလ်ကြီး ဘရုစ် မက်ကင်ဒလက်၊ ဒုတိယဗိုလ်မှူးကြီး ရောဗတ် စတီးဝပ်နှင့် ဒေါက်တာ ရော်နယ် မက်ကနဲတို့လည်း ပါဝင်သည်။ကနေဒီစခန်းမှတက်၍ ကနေဒီစခန်းမှာပင် ဆင်းသက်သည်။ဖေဖော်ဝါရီလ ၇ ရက်နေ့က မက်ကင်ဒလက်နှင့် စတီးဝပ်တို့သည် ချယ်လင်ဂျာမှ ဟင်းလင်းပြင်ထဲသို့ မိတာ ၉၀ အကွာအထိ စုစုပေါင်း ငါးနာရီကြာ ထွက်လျှောက်သည်။ လွှန်းပျံယာဉ်နှင့် ဆက်ထားသော အထိန်းကြိုးမပါပဲ အာကာသထဲသို့ ပထမဆုံး ထွက်လျှောက်ခြင်းဖြစ်သည်။ ၁၃၆ ကီလိုဂရမ်လေးသော တယောက်စီးယာဉ်ပျံ (အမ်အမ်ယူ) ကိုသုံး၍ ပျံသန်းခြင်း ဖြစ်သည်။ ထိုယာဉ်သည် လက်တန်းပါသော ကုလားထိုင် ပုံသဏ္ဌာန်ရှိ၍ လက်တန်းနှစ်ဘက်ပေါ်တွင် ပဲ့ထိန်း တပ်ဆင်ထားသည်။ ခြောက်သွေ့သော နိုက်ထရိုဂျင်ဓာတ်ငွေ့ကိုသုံးစွဲသော တွန်းအားပေးကိရိယာ ၂၄ လုံး ပါရှိ၍ တစက္ကန့်လျှင် ၁၈ မိတာနှုန်း သွားနိုင်သည်။

ချယ်လင်ဂျာယာဉ်သည် အမေရိကန်အတွက် ဝက်စတား ၆ နှင့် အင်ဒိုနီးရှား နိုင်ငံအတွက် ပါလာပါဘီ ၂ ဆက်သွယ်ရေးဂြိုလ်တုနှစ်လုံးကို အောင်မြင်စွာ လွှတ်တင်သည်။ သို့သော် ရည်မှန်းသော ဂြိုဟ်ပတ်လမ်း အထိ

မထောက်သဖြင့် ယင်းကြိုဟ်တုနှစ်လုံးသည် လမ်းခုလတ်တွင် လွင့်မျောနေသည်။


ချယ်လင်ဂျာ အာကာသလွန်းပျံယာဉ်သည် ၁၁ ကြိမ်မြောက် လွန်းပျံခရီးကို ဧပြီလ ၆ ရက်နေ့တွင် စတင်ပြန်သည်။

ဆောဗတ် ကရစ်ပင်က ဦးဆောင်၍ ဒစ္စကို ဘီး၊ တယ်ရီဟတ်၊ ဂျော့ နယ်လဆင်နှင့် ဂျိမ်းဗန် ဟောဗ့ကင်းတို့လိုက်ပါကြသည်။ နေကိုလေ့လာရန် ၁၉၇၀ ပြည့်နှစ် ဖေဖော်ဝါရီလက လွှတ်တင်ခဲ့ပြီး ၁၀ လအကြာတွင် အီလက်ထရွန်းနစ်စက်နှစ်လုံး ချွတ်ယွင်း၍ မြေပြင်နှင့် အဆက်အသွယ် ပြတ်နေခဲ့သော ဆိုလာမက်ဂြိုဟ်တုကို ပြန်လည် ပြင်ဆင်နိုင်ခဲ့သည်။ နယ်လဆင်နှင့် ဟတ်တို့သည် ဟင်းလင်းပြင်သို့ အမ်အမ်ယူ တယောက်စီးယာဉ်ပျံဖြင့် ထွက်၍ ဆိုလာမက်ကို ခက်ခက်ခဲခဲပြင်ဆင်ခဲ့ခြင်း ဖြစ်သည်။ ဟင်းလင်းပြင်ထဲတွင် ၇ နာရီ ၇ မိနစ်ကြာ လှုပ်ရှားနေနိုင်ခဲ့သဖြင့် ၁၉၇၃ ခုနှစ်က စကိုင်းလက် ၃ ပျံသန်းစဉ်က တင်ထားသောစံချိန် ၇ နာရီ ၁ မိနစ်ကို ချိုးနိုင်ခဲ့သည်။ ၁၁ ကြိမ်မြောက် လွန်းပျံခရီး ယာဉ်မှူးတို့သည် ၁၁ တန်လေးသော ဓာတ်ခဲစမ်းသပ်ခန်းသေတ္တာကို ဧပြီလ ၇ ရက်နေ့တွင် ဟင်းလင်းပြင်ထဲ၌ ချထားလိုက်သည်။ နိုင်ငံကိုးနိုင်ငံမှ သိပ္ပံပညာရှင် ၂၀၀ ခန့်၏ သုတေသန စမ်းသပ်ချက်များ၊ ပျားများ၊ ပုစွန်ဥ၊ ခရမ်းချဉ်စေ့နှင့် ပလတ်စတစ်ပစ္စည်းများထည့်ထားသော ယင်းသေတ္တာကို ၁၉၇၅ ခုနှစ် ဧပြီလတွင် ပြန်လည် ဆယ်ယူလေ့လာမည်ဖြစ်သည်။

ဒစ္စကာဗရီအာကာသ လွန်းပျံယာဉ်ဖြင့် ၂၂ ကြိမ်မြောက် လွန်းပျံခရီးစဉ်ကို ၁၉၈၄ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့မှ စက်တင်ဘာလ ၅ ရက်နေ့အထိ ပျံသန်းခဲ့သည်။ တတိယမြောက် လွန်းပျံယာဉ်ဖြစ်သည့် ဒစ္စကာဗရီ၏ ပဲ့ဦးထွက်ပျံသန်းမှု ဖြစ်သည်။ ဟင်နရီ ဟတ်ဖီး၊ ဂျူးဒစ် ရက်စနစ်၊ စတီဖင် မော်လေ၊ ရစ်ချတ် မူလိန်း၊ ချားဝါလကား၊ မိုက်ကယ်ကိုတို့ လိုက်ပါကြလျက် ဟင်နရီ ဟတ်ဖီးက ဦးဆောင်သည်။ ဂျူးဒစ် ရက်စနစ်သည် ဒုတိယမြောက် အမေရိကန် အမျိုးသမီး အာကာသယာဉ်မှူး ဖြစ်သည်။ ဒစ္စကာဗရီပေါ်မှ ဂြိုဟ်တုသုံးလုံး လွှတ်တင်ခဲ့သည်။ နေရောင်ခြည်စွမ်းအင်ထုတ်ယူရေးကိရိယာဖြစ်သော အမြင့် ၁၀၂ ပေ၊ အနံ ၁၃ ပေခွဲရှိ သတ္တုပြားရွက်လွှာကို ဂျူးဒစ် ရက်စနစ်က ဖြန့်လွှင့်စမ်းသပ်ကြည့်ရှုသည်။ ထို့ပြင် လျှို့ဝှက်အာကာသ ဟိုမုန်းတမျိုး ထုတ်လုပ်မှုကို စမ်းသပ်ခဲ့သည်။

နေရောင်ခြည်စွမ်းအင်ထုတ်ယူရေးကိရိယာ သတ္တုပြားရွက်လွှာနှင့် အမေရိကန် အမျိုးသမီး အာကာသယာဉ်မှူး ဂျူးဒစ် ရက်စနစ်





အာကာသစက်ရုံ ရွှေပြေး ပုံစံသစ်ကို စမ်းသပ် နေသော ချား ဝါလကား

အာကာသစက်ရုံ ရွှေပြေးပုံစံသစ်ကိုလည်း သယ်ဆောင် စမ်းသပ်ခဲ့သည်။ ရေသွန်ပြန်တခု၏အပြင်ဘက်တွင် ရေခဲများပိတ်ဆို့ခြင်း၊ ယာဉ်ကိုယ်ထည်၌ နှင်းပွင့် နှင်းခဲများ တွယ်ကပ်ခြင်းစသည့် အန္တရာယ်များနှင့် ရင်ဆိုင်ရသဖြင့် စက်တင်ဘာလ ၄ ရက်နေ့တွင် ယန္တရားလုပ်သား စက်လက်တံဖြင့် ခွာချဖယ်ရှားပစ်ရသည်။

ရောဗတ် ကရစ်ပင် ဦးဆောင်သော ယာဉ်မှူးခုနစ်ဦးပါဝင်သည့် ချယ်လင်ဂျာ လွန်းပျံယာဉ်သည် ၁၉၇၄ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့တွင် ကမ္ဘာပတ်လမ်းကြောင်းသို့ ချောမောစွာ ရောက်ရှိသည်။ ထိုယာဉ်အဖွဲဝင်များတွင် အမျိုးသမီးနှစ်ဦးပါဝင်ရာ ဘူမိဗေဒပါမောက္ခ ကက်သရင်း ဆူလီဗန်နှင့် ဆယ်လီရိုက်တို့ ဖြစ်သည်။ ခေါင်းဆောင် ရောဗတ် ကရစ်ပင်အပြင် အခြားအမျိုးသား အာကာသယာဉ်မှူးများဖြစ်သော မက်ဘရိုက်၊ ဒေးဗစ် လီစမာ၊ စကာလီပါဝါနှင့် မာ့ခ် ဂါန္နးတို့လည်း လိုက်ပါသည်။ဂါန္နးသည် ပထမဆုံး ကနေဒါလူမျိုး အာကာသယာဉ်မှူးဖြစ်သည်။ ယင်း ၁၃ ကြိမ်မြောက် လွန်းပျံခရီးစဉ်တွင် ကက်သရင်း ဆူလီဗန်နှင့် လီစမာတို့သည် ဟင်းလင်းပြင်ထွက်၍ လမ်းလျှောက်ကြသည်။ ထိန်းကြိုးမပါပဲ အလွတ်လမ်းလျှောက်ခြင်း ဖြစ်သည်။ ကက်သရင်းသည် အာကာသထဲတွင် လမ်းလျှောက်သော ပထမဆုံး အမေရိကန် အမျိုးသမီး ဖြစ်သည်။ အဓိကအားဖြင့် ကမ္ဘာ့မြေပြင်၏ အပေါ်မှက်နှာပြင်သို့ ရောက်ရှိသော နေစွမ်းအင်ပမာဏကို ကိရိယာမျိုးစုံ၊ နည်းမျိုးစုံဖြင့် တိုင်းတာ မှတ်သားခဲ့သည်။ ရေဒါစက်ဖြင့် အသံဖမ်းခြင်း၊ တဆင့် လွှင့်ကြားဆက်သွယ်ခြင်း၊ ကင်မရာကြီးများဖြင့် ရိုက်ကူးခြင်း စသည်တို့အပြင် လွန်းပျံယာဉ် လောင်စာဆီဖြည့်တင်းရေး ကိရိယာ စမ်းသပ်ခြင်းကိုလည်း ပြုလုပ်ကြသည်။ ထို့နောက် အောက်တိုဘာလ ၁၃ ရက်နေ့တွင် ချယ်လင်ဂျာလွန်းပျံယာဉ်သည် ကိပ် ကနာဗာရယ်စခန်းသို့ ပြန်လည် သက်ဆင်းသည်။


ထို့နောက် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကနေဒီစခန်းမှ ကမ္ဘာပတ်လမ်းကြောင်းသို့ပစ်လွှတ်လိုက်သော ဒစ္စကာဗရီ လွန်းပျံယာဉ်တွင် ဦးစီးမှူး ရစ်ဟော့ခ်၊ ဂျိုးဇက် အယ်လင်၊ ဒေးလ် ဂါဒနာ၊ ဒေးဗစ် ဝါ့လကားနှင့် အမျိုးသမီး အင်နာ ဖစ်ရှားတို့ လိုက်ပါသွားသည်။

ထိုခရီးစဉ်၏ အဓိကတာဝန်မှာ စက်ချွတ်ယွင်းနေသော ပါလပါဂြိုဟ်တုနှင့် ဝက်စတားဂြိုဟ်တုများကို ပြင်ဆင်ရန် ဖြစ်သည်။အယ်လင်နှင့် ဂါဒနာတို့သည် အမ်အမ်ယူယာဉ်ပျံကို ဟင်းလင်းပြင်၌ ထိန်းကြိုးမဲ့မောင်းနှင်ကာ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ဂြိုဟ်တုဖမ်းယူရေးအတွက် အသုံးပြုသော စက်လက်တံကို အင်နာ ဖစ်ရှားက ကိုင်တွယ်သည်။ ထိုဂြိုဟ်တုပျက်များကို ပြင်ဆင်ယူဆောင်ခြင်းမပြုမီ မိမိတို့တွင် ပါသွားသော ကနေဒါဆက်သွယ်ရေးဂြိုဟ်တု အနစ်ဒီ ၂ ကို ပစ်လွှတ်သည်။ အာကာသထဲမှ ဂြိုဟ်တုပျက်နှစ်လုံးကို ဖမ်းယူပြင်ဆင်နိုင်ခြင်းသည် အာကာသ စူးစမ်းမှု သမိုင်းတွင် ပထမဆုံးအကြိမ် အောင်မြင်မှုဖြစ်သည်။

### ဆိုဗီယက် အာကာသယာဉ်များ

ဆိုဗီယက်လွန်းပျံယာဉ်များသည် ကမ္ဘာပတ် ပင်မဘူတာယာဉ်များနှင့်အတူ အရှိန်မပျက် လှုပ်ရှားနေကြသည်။ ဆားလျု. ၇ သည် ယခုတိုင် ပံ့သန်း လှုပ်ရှား နေသော ကမ္ဘာပတ် ဘူတာယာဉ်ဖြစ်သည်။ ဆားလျု. ၇ ၏ ဦးပိုင်း၌ သြဂုတ်လ ၁၇ ရက်နေ့တွင် ချိတ်ဆက်လာသော ဆိုယုတ် ၉ ၏ ယာဉ်မှူး ကာနယ် လီယာကော့နှင့် အလက်ဇန်းဒရော တို့သည် ၁၉၇၃ ခု နိုဝင်ဘာလ ၂၃ ရက်နေ့တွင် မြေပြင်သို့ ဆင်းသက်သည်။ ကာနယ်လီယာကော့တို့သည် အာကာသ၌ ၁၄၉ ရက်ကြာ နေထိုင်ခဲ့သည်။

မကြာမီ ဗိုလ်မှူးကြီး လီယိုနစ် ကစ်ဇင် အပါအဝင် ယာဉ်မှူး သုံးဦးတို့သည် ဆိုယုတ် ၁၀ ကုတ္တိယာဉ်ဖြင့် ဘိုင်ကိုနယ်စခန်းမှ ၁၉၇၄ ခု ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် တက်




ကက်သရင်း ဆူလီဗန်က လွန်းပျံ
ယာဉ် လောင်စာဆီ ဖြည့်တင်းရေး
ကိရိယာကို စမ်းသပ်နေစဉ်

လာ၍ နောက်တနေ့တွင် ဆားလျှော့ဘူတာယာဉ်နှင့် ချိတ်ဆက်သည်။


ထိုယာဉ်မှူး သုံးဦးတို့၏ တာဝန်မှာ မြေမျက်နှာပြင်ကို ဂမ္ဘာရောင်ခြည်သုံး မှန်ပြောင်းကင်မရာနှင့် ရိုက်ကူးကာ မြေပြင်ရှိ သယံဇာတပစ္စည်းများကို ရှာဖွေလေ့လာရေး ဖြစ်သည်။ လီယိုနစ်ကစ်ဇင်သည် ဆားလျှော့ ဘူတာယာဉ်သို့ ပြောင်းရွှေ့နေထိုင်နေစဉ် လူမပါသော ပရိုဂရက် ကုန်တင်ယာဉ် ၁၉ သည် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ဘူတာယာဉ်သို့ လာရောက် ချိတ်ဆက်သည်။ ဧပြီလ ၃ ရက်နေ့တွင် ဆိုယုတီ ၁၁ သည် ယာဉ် ဦးစီးမှူး ယူရီမာလိုင်းရှက်၊ အိန္ဒိယ အမျိုးသား ရဂက် ရှားမားနှင့်အတူ ဘူတာယာဉ်သို့ လာရောက်ချိတ်ဆက်ပြန်သည်။

ဆိုယုတီ ၁၁ ယာဉ်မှူးတို့သည် အိန္ဒိယ နိုင်ငံ၏ စီးပွားရေး အလားအလာများကို လေ့လာရန် အိန္ဒိယ ပိုင်နက် မြေ ၄၀ ရာခိုင်နှုန်းကို ဓာတ်ပုံရိုက်ယူကြသည်။ ထို့အပြင် ယာဉ်တောက်သည့် ဝေဒနာကို ယောဂနည်းဖြင့် ကုစားရမရ လေ့လာကြသည်။

မာလိုင်းရှက်နှင့် ရှားမား တို့သည် ဆိုယု တီ ၁၁ ကုတို့ယာဉ်ဖြင့် ဧပြီလ ၁၁ ရက်နေ့တွင် ဘိုင်ကိုနှူး စခန်း အနီးသို့ ပြန်လည် ဆင်းသက်သည်။ ဘူတာယာဉ်တွင်



ဂြိုဟ်တုပျက်ကို
ဖမ်းယူရန် ကြိုးပမ်းနေ
သော ဒေးလ် ဂါဒနာ



ဂြိုဟ်တုပျက် ဝက်စတားကို ဂါဒနာနှင့်အယ်လင်တို့ဖမ်းယူ၍ လွန်းပျံယာဉ်ပေါ်သို့တင်ပြီးနောက် တွေ့ရပုံ၊ ယာဘက်ရှိ ယန္တရားလုပ်သား စက်လက်တံ၏ထိပ်ဖျားပေါ်တွင် ရပ်နေသူသည် အယ်လင်ဖြစ်သည်။

လီယိုနစ် ကစ်ဇင်၊ ဆိုလိုယော့နှင့် ဒေါက်တာ အိုလက်အတ် ကော့တို့ ကျန်ရစ်သည်။

ဧပြီလ ၁၅ ရက်နေ့တွင် ပရိဂရက် ၂၀ ကုန်တင်ယာဉ်သည် ဘူတာယာဉ်နှင့် ချိတ်ဆက်သည်။ ယာဉ်မှူး ကစ်ဇင်နှင့် ဆိုလိုယော့သည် ဟင်းလင်းပြင်၌ ငါးကြိမ်တိုင် လမ်းလျှောက်ကြသည်။ ထို့နောက် ဇူလိုင်လတွင် ဆိုယုတီ ၁၂ ကုတို့ယာဉ်သည် ဘူတာယာဉ်သို့ လာ၍ ချိတ်ဆက်ပြန်သည်။ ထိုယာဉ်တွင် အမျိုးသမီး ဆာဗက်လာနာ ဆဗစ်ဆကာယာ၊ ဗလာဒီမာ ဇာနီဘီကော့ နှင့် အီ ဂေါ် ဗော့ တို့ လိုက်ပါလာသည်။ ဆာဗစ်စကာယာသည် ဒုတိယ အကြိမ် မြောက် အာကာသယာဉ်တွင် လိုက်ပါလာခဲ့သည်။ ယခု အကြိမ်တွင်မူ ဟင်းလင်းပြင်ထွက်၍ စက်မှုလုပ်ငန်းများကို လက်တွေ့ လုပ်ကိုင်သူ ဖြစ်သဖြင့် ဟင်းလင်းပြင်သို့ ထွက် လျှောက်သော ပထမဦးဆုံး အမျိုးသမီး ဖြစ်သည်။ ဆဗစ်စကာယာသည် အီလက်ထရွန် ဆောင်ခြည်သေနတ် ကိရိယာဖြင့် သတ္တုကိုဖြတ်သည်။ သတ္တုပြား နှစ်ပြားကို ဂဟေဆော်သည်။ ထို့အပြင် သတ္တုပြင်ပေါ်၌ ဆေးရည်မှုတ် ဖြန်းသည်။ ဆဗစ်စကာယာလှုပ်ရှားနေပုံနှင့် အာကာသ ယာဉ်ပေါ်ရှိ ယာဉ်မှူးတို့ အလုပ်လုပ်နေပုံကို ယာဉ်မှူး ဇာနီဘီကော့က ရုပ်ရှင်ရိုက်ကူးပြီး မြေပြင်သို့ ပို့ပေးရာ



ဒစ္စကာဗရီလွန်းပျံယာဉ်ပေါ်တွင်စမ်းသပ်မှုပြုလုပ်မည့်ဓာတုဓာတ်ပေါင်းဖိုခြောက်လုံးကို ကွန်တိန်နာသေတ္တာ ငယ်အတွင်းသို့ သိပ္ပံပညာရှင် များက ထည့်သွင်းနေစဉ်

မော်စကိုမြို့ ရုပ်ရှင်ရုံပိတ်ကားများပေါ် ၌ ဇူလိုင်လ ၂၅ ရက် နေ့တွင် အများပြည်သူတို့ မိနစ် ၃၀ ကြာ ကြည့်ရှုကြရသည်။

အီလက်ထရွန်ရောင်ခြည် သေနတ်ကိရိယာကို ဆိုဗီယက် သိပ္ပံအကယ်ဒမီမှ ဘောရစ်ပေတန်က တီထွင်သည်။ ဤခရီးစဉ်တွင် ဆိုဗီယက် သိပ္ပံပညာရှင်တို့ တီထွင်သော စီတော့စ် ၃ ခေါ် ဇီဝဗေဒ စမ်းသပ်ကိရိယာလည်း ပါရှိသည်။ ထိုကိရိယာကို အသုံးပြု၍လည်းကောင်း၊ အခြားသော နည်းပညာများကို အသုံးချ၍လည်းကောင်း ပင်မ ဘူတာယာဉ်မှူးတို့သည် အလေးချိန်မဲ့ဒေသ၌ လူသားတို့၏ ကျန်းမာရေးအခြေအနေကို မလွဲလာ မှတ်သားကြသည်။ ထိုအချိန်တွင် ကမ္ဘာပတ်လမ်းကြောင်း၌ ဆားလျှ. ၇၊ ဆိုယုတ် ၁၁၊ ဆိုယုတ် ၁၂ ယာဉ်တွဲသည် လှုပ်ရှားပျံသန်းနေကြသည်။ ဇူလိုင်လ ၂၉ ရက်နေ့တွင် ဆိုယုတ် ၁၁ သည် သတ်မှတ်ထားသော ဇာကတ်ဇဂန်မြို့ အနီး၌ မြေပြင်သို့ ချောမောစွာ သက်ဆင်းသည်။


ဇာနီဘီကော့တို့ မြေပြင်သို့ ပြန်ဆင်းလာသောအခါ ဘူတာယာဉ်တွင် ကစ်ဇင်တို့ သုံးဦး ကျန်နေရစ်သည်။ ထိုသုံးဦးသည် အောက်တိုဘာလ ၂ ရက်နေ့ တွင် ဘိုင်ကို ၍ အာကာသစခန်း အနီး၌ သက်ဆင်းကြရာ အာကာသ၌ ၂၃၇ ရက်ကြာ နေထိုင်ခဲ့ကြသဖြင့် ယခင် ၂၁၁ ရက် စံချိန်ကို ချိုးလိုက်သည်။

၁၉၇၃ ခု စက်တင်ဘာလလယ်မှ ၁၉၇၄ ခု ပြီလလယ် အထိ ကော့စမော့ ဂြိုဟ်တု အမှတ် ၁၄၉၈ မှ ၁၅၄၉ အထိ ပစ်လွှတ်ခဲ့သောကြောင့် ရက်သတ္တတပတ်လျှင် ပျမ်းမျှ ၁၁သမ ၆ ခုနှုန်း ရှိသည်။ ၁၉၇၃ ခု ဒီဇင်ဘာလတွင် ပစ်လွှတ်သော ကော့စမော့အမှတ် ၁၅၁၇ မှ ၁၉၇၅ ခု ဇွန် ဝါရီလ ၁၅ ရက်တွင် ပစ်လွှတ်သော ကော့စမော့ အမှတ် ၁၆၂၂ အထိ ၁၀၆ ခုရှိရာ ရက်သတ္တတပတ်လျှင် ဂြိုဟ်တု နှစ်ခုနှုန်းထက် ပိုသွားသည်။ စက်တင်ဘာလတွင် ပစ်လွှတ်သော ကော့စမော့ ၁၆၀၃ သည် ထောက်လှမ်းရေး ဂြိုဟ်တု ဖြစ်သည်ဟုဆိုသည်။ အောက်တိုဘာလ ၄ ရက်နေ့က ပစ်လွှတ်သော ကော့စမော့ ၁၆၀၄ သည် ဂြိုဟ်တု အသီးသီး၏ အခြေအနေကို အတိအကျ တွက်ချက်ဖော်ပြသည့် ရေဒီယိုစနစ်ပါရှိသည်။ တွေ့ရှိရသမျှကို မြေပြင်သို့ ပြန်ပို့သော ကိရိယာကိုလည်း ထည့်သွင်းထားသည်။ ပစ်လွှတ်လိုက်သမျှသော ကော့စမော့ဂြိုဟ်တု အသီးသီးသည် ထောက်လှမ်းရေး၊ လေ့လာရေး၊ စမ်းသပ်ရေးတို့ ပြုလုပ်သည်။

၁၉၇၄ ခု ဒီဇင်ဘာလ ၂၁ ရက်နေ့ကလည်း လူမပါသော ယာဉ်တခုကို ပစ်လွှတ်ခဲ့သည်။ ထို ကော့စမော့ ယာဉ်တွင် ပြန်လည်အသုံးချနိုင်သော တောင်ပံ ပါရှိပြီး ယာဉ်အငယ်စား ဖြစ်သည်။ ဘိုင်ကိုနှုံးမှ ပစ်လွှတ်သည့် နေ့မှာပင် ပင်လယ်နက်တွင်းသို့ ချောမောစွာ သက်ဆင်း

သည်။ လွန်းပုံယာဉ် ခရီးစဉ် တိတ်ဝှင်ရန် အစပျိုးလိုက်ခြင်းဖြစ်သည်။ ထိုမှတပါး ဆိုဗီယက် သိပ္ပံပညာရှင်တို့သည် ဘက်စုံလေ့လာမည့် စကြဝဠာ ယာဉ် နှစ်ခုကို ၁၉၇၄ ခု ဒီဇင်ဘာလ ၁၅ ရက်နှင့် ၂၁ ရက်နေ့က အသီးသီး ပစ်လွှတ်ခဲ့သည်။ ဗီဂါ ၁ နှင့် ဗီဂါ ၂ ယာဉ်တို့သည် သောကြာဂြိုဟ်ပေါ် သို့ ဂြိုဟ်ဆင်းယာဉ်များ ချထားပေးပြီးနောက် ဟယ်လီကြယ်တံခွန်ကို ဆီးကြိုလေ့လာမည် ဖြစ်သည်။ ထို့နောက် နေ စကြဝဠာဘက်သို့ ချီတက်သွားမည်ဟု ဆိုသည်။


အမေရိကန် လွန်းပုံယာဉ်ကို ဆိုဗီယက်တို့ စိတ်ဝင်စားသကဲ့သို့ ဆိုဗီယက် ပြည် ထောင် စု ၏ ဆားလျှု့ ဘူတာယာဉ်နှင့် ဆိုယုတီ ကုတ္တိယာဉ် ပူးတွဲပုံသန်းသည့် အစီအစဉ်ကို အမေရိကန်ပြည်ထောင်စုက စိတ်ဝင်စားသည်။ ထို့ကြောင့် အမေရိကန်သည် အမြဲတန်း အာကာသ ဘူတာယာဉ် လွှတ်တင်နိုင်ရန် ပြင်ဆင်လျက် ရှိသည်။



အိန္ဒိယနိုင်ငံ၏ ပထမဦးဆုံး အာကာသယာဉ်မှူး ရကက် ရှားမား

### စစ်ရေးအတွက်အာကာသသုတေသန

အမေရိကန်ပြည်ထောင်စုက အက်ဖ် ၁၅ ဂျက် တိုက်လေယာဉ်မှတဆင့် ရန်သူဂြိုဟ်တုများကို ဒုံးကျည်ဖြင့် ပစ်



ဆိုဗီယက်အမျိုးသမီး အာကာသယာဉ်မှူး ဆဗက်လာနာဆဗစ်ဆကာယာ (ဝဲစွန်) က ဆိုယုတီ ၁၂ ကုတ္တိယာဉ်ခရီးစဉ်တွင် စမ်းသပ်မည့် အီလက်ထရွန်နစ် ရောင်ခြည်သေနတ်ကို အခြားအာကာသယာဉ်မှူးနှစ်ဦးနှင့်အတူ လေ့လာနေစဉ်


ခွင်းဖျက်ဆီးရန် ကြံစည်သည်။ ၁၉၇၄ ခု ဇန္နဝါရီလ ၂၁ ရက်နေ့တွင် ဗန်ဒင်းဘတ် အခြေစိုက်စခန်း၌ စမ်းသပ်ခဲ့သည့် ဒုံးခွင်း ဒုံးကျည်သည် နှစ်ဆင့်ကဲ့ ဒုံးကျည်ဖြစ်သည်။ ဂြိုဟ်တုဖျက်လက်နက် စမ်းသပ်မှုတွင် ဆိုဗီယက်ပြည်ထောင်စုက ၁၉၆၈ ခုနှစ်ကပင် စခဲ့၍ ပိုစောသည်ဟု ခန့်မှန်းကြသည်။ (စွယ်စုံနှစ်ချုပ် ၁၉၇၄ – စာ၊ ၃၀၂ — ဏ္ဍ)

ဆိုဗီယက်ဒုံးခွင်းဒုံး လက်နက်သည် မြေပြင်အထက် မိုင် ၁,၅၀၀ အကွာအထိသာ ထိရောက်သည်။ အမေရိကန် အစီအစဉ်ကမူ နှစ်ဆင့်ကဲ့ ဒုံးကျည်ဖြင့် ပစ်လျှင် မိုင် ၁၀,၀၀၀ အထိ ရောက်မည်ဖြစ်သည်။ သုံးဆင့်ကဲ့ ဒုံးကျည်ဖြစ်မူ မိုင် ၂၀,၀၀၀ အထိ ထိမှန်နိုင်မည် ဖြစ်သည်။ မြေပြင်မှနေ၍ လေဆာရောင်ခြည် လက်နက်ဖြင့် ဖျက်နိုင်သည်အထိ အမေရိကန် သိပ္ပံပညာရှင်တို့က ကြိုးပမ်းလျက်ရှိသည်။ ကောင်းကင်မှလာသော ရန်သူဂြိုဟ်တုများ၊ ဒုံးကျည်များကို ဖြိုခွင်းရေးစီမံကိန်းကို စတားဝါး (ကြယ်တာရာစစ်ပွဲ) ဟု တင်စားခေါ်ဝေါ်ကြရာ ယင်းပြဿနာသည် ဆိုဗီယက် – အမေရိကန် နှစ်နိုင်ငံ အဓိကထား၍ ဆွေးနွေးနေကြသော ပြဿနာ ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက်ပြည်ထောင်စုတို့ကဲ့သို့ အနောက်ဥရောပ နိုင်ငံများနှင့် ကနေဒါ၊ ဂျပန်၊ တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှားနိုင်ငံတို့သည် အာကာသသိပ္ပံပညာ ဖွံ့ဖြိုးရေး၌ အားသွန်နေကြသည်။

ပြင်သစ်၊ ဗြိတိန်၊ အနောက်ဂျာမန် ဦးဆောင်သော အနောက်ဥရောပ ၁၁ နိုင်ငံပါဝင်သည့် ဥရောပ အာကာသ အေဂျင်စီ (အီးအက်စ်အေ) သည် အယ်ရီယံ ဒုံးပျံကို အသုံးပြု၍ ကမ္ဘာပတ် ဆက်သွယ်ရေး ဂြိုဟ်တုများ၊ ထောက်လှမ်းရေးနှင့် သုတေသနဂြိုဟ်တုများကို ပစ်လွှတ်ခဲ့ရာ ၁၉၇၄ ခု မတ်လ၊ မေလ၊ ဩဂုတ်လ၊ အောက်တိုဘာလနှင့် နိုဝင်ဘာလတွင် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ တောင်အမေရိကတိုက်ရှိ ကိုရိုးကျန်း အခြေစိုက် စခန်းမှ ပစ်လွှတ်ခဲ့ခြင်း ဖြစ်သည်။

မေလတွင် ပစ်လွှတ်သော ဒုံးပျံ အစီအစဉ်မှစ၍ စီးပွားရေးလုပ်ငန်းများကို လက်ခံခဲ့သည်။ အီးအက်စ်အေသည် အမေရိကန်အမျိုးသား လေကြောင်း ကြီးကြပ်မှုအဖွဲ့ (နာဆာ) နှင့်အပြိုင် ဖြစ်လာသည်။ အီးအက်စ်အေသည် ဂြိုဟ်တု ၃၀ လွှတ်ရေးအတွက် ဒေါ်လာသန်း ၇၅၀





ဥရောပအာကာသ အေဂျင်စီ (အီးအက်စ်အေ) က ၁၉၇၄ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့တွင် အယ်ရီယဲဒုံးပျံ ပစ်လွှတ်လိုက်စဉ်



အာကာသအတွင်း အကြာဆုံးနေနိုင်သည့် စံချိန်သစ်တင်ထားသူ ဆိုဗီယက် အာကာသယာဉ်မှူးများ ဖြစ်ကြသော ဒေါက်တာ အိုလက် အက်ကော့ဗ်၊ လီယိုနစ် ကစ်ဇင်နှင့် ဗလာဒီမာ ဆိုလော့ဗ်ယော့ဖ်

တန် ကန်ထရိုက် စာချုပ်ရရှိ၍ နာဆာကမူ ရွှေလေးနှစ်အတွင်း ဒေါ်လာသန်း ၁,၉၀၀ တန် လုပ်ငန်းရပ် ၇၆ ခု အတွက် ကန်ထရိုက် ရရှိသည်။

အီးအက်စ်အေ နိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့သည် တခါတရံ ပူးပေါင်းလုပ်ဆောင်ကြသည်။ ဥပမာ – ၁၉၇၄ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်၊ ခရစ္စမတ်နေ့ အထိမ်းအမှတ်အနေဖြင့် လူဖန်တီးသော ကြယ်တံခွန်လွှတ်ရန် အမေရိကန်၊ ဗြိတိန်နှင့် အနောက်ဂျာမနီတို့ ကြိုးပမ်းကြသည်။ ရာသီဥတု အခြေအနေကြောင့် ထိုနေ့တွင် မလွှတ်ဖြစ်ပဲ ၂၇ ရက်နေ့မှ အောင်မြင်စွာ ပစ်လွှတ်နိုင်သည်။ ထို လူဖန်တီးသည့် ကြယ်တံခွန်ကို ကမ္ဘာ့ အနောက်ခြမ်း နိုင်ငံများက မြင်တွေ့ကြသည်။ ထိုကြယ်တံခွန်တု၏ အမြီးသည် မိုင် ၇,၅၀၀ ကျော် ရှည်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ၁၉၇၄ ခု အောက်တိုဘာလအထိ ကမ္ဘာပတ်ဂြိုဟ်တု ၁၆ ခုကို ပစ်လွှတ်ခဲ့သည်။ ဂျီအိုဆင်ခရိုနပ်စ် ဆက်သွယ်ရေး ဂြိုဟ်တုကိုမူ ၁၉၇၄ ခု ဧပြီလ ဂ ရက်နေ့တွင် ပစ်လွှတ်နိုင်သည်။

ဂျပန်နိုင်ငံသည် ၁၉၇၃ ခုနှစ်တွင် ဂြိုဟ်တု စတင် ပစ်လွှတ်ခဲ့ရာ ၁၉၇၄ ခု နှစ်လယ်အထိ ဂြိုဟ်တုပေါင်း ၃၀ ကို ပစ်လွှတ် နိုင်ခဲ့သည်။ ဂျပန်၏ ပထမဆုံး ဆက်သွယ်ရေး ဂြိုဟ်တုကို ၁၉၇၃ ခု ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ဂျပန် အမျိုးသား အာကာသဖွံ့ဖြိုးရေး အေဂျင်စီက ပစ်လွှတ်ခဲ့သည်။ ၁၉၇၄ ခု ဖေဖော်ဝါရီလတွင် အိပ်ဇော ၃ ဂြိုဟ်တုကို ပစ်လွှတ်သည်။ ၁၉၇၅ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ဆာကီဂါကေး အာကာသယာဉ်ကို ဂျပန်အနောက်တောင်ပိုင်း ယူချိုရိုထုစခန်းမှ ဂျပန်အာကာသနှင့် နက္ခတ်တာဏဌာနက ပစ်လွှတ်ရန် စီစဉ်ထားသည်။ ဆာကီဂါကေးသည် ကမ္ဘာ့ဆွဲငင်အားရပ်ဝန်းကို လွန်ပြီး စကြဝဠာအပြင် ဘက် သို့ လွှင့်ပို့သွားမည် ဖြစ်ရာ ဟယ်လီကြယ်တံခွန်ကို လေ့လာနိုင်မည် ဖြစ်သည်။ ဂျပန်နိုင်ငံသည် အာကာသ စူးစမ်းမှု စရိတ်အတွက် ၁၉၇၄ ခုနှစ်တွင် ဒေါ်လာသန်း ၅၀၀၀ သုံးရန် သတ်မှတ်ထားသည်။

## ခြုံငုံသုံးသပ်ချက်

အာကာသသိပ္ပံ သုတေသန နည်းပညာသည် တစ တစ တိုး တက် လျက် ရှိ ရာ ၁၉၈၀ ပြည့်လွန်နှစ်များတွင် အာကာသ စခန်းများ၊ အာကာသ လွှန်းပျံ ယာဉ်များ၊ အာကာသ ဓာတ်ခဲ့ခန်းများနှင့် အာကာသစက်ရုံ၊ အလုပ်ရုံများခေတ်သို့ ခြေချမိနေလေပြီ။ လေ့လာ တွေ့ ရှိ သ မျှ အာကာသသိပ္ပံ တွေ့ရှိချက်များကို လူသားကောင်းကျိုး အတွက် အသုံးချနိုင်ရေးအတွက် ရည်မှန်း အားထုတ်သွားရန် လိုအပ်လှပေသည်။

**မောင်လှိုင်ဝင်း**

## လူထိုက်ပါသည့် အရေးပါဆုံးသော အာကာသ ခရီးစဉ်များ

**၁၉၆၀ ဒုနှစ် (စက်တင်ဘာ ၁၂) ပထမဆုံး လူပါသော ကမ္ဘာပတ်ခရီး** – ဆိုဗီယက်ပြည်ထောင်စုက မော့စကိုဒေသ ၁ ဖြင့် ယူရီ အေ ဂဂါရင်ကို ကမ္ဘာတပတ်ခရီးအတွက် ၁ နာရီ ၄၀ မိနစ် ကြာ လွှတ်တင်ခဲ့သည်။

**၁၉၆၁ ဒုနှစ် (မေ ၅) ပထမဆုံး အမေရိကန် အာကာသ ယာဉ်မှူး** – အလန် ဘီ ရှက်ပတ် ဂျူနီယာသည် ဟင်းဒမ်း ၂ ဖြင့် ၁၅ မိနစ် ၂၂ စက္ကန့်ကြာ ပျံသန်းခဲ့သည်။

**၁၉၆၁ ဒုနှစ် (ဇူလိုင် ၂၁) ဒုတိယမြောက် အမေရိကန် အာကာသ ယာဉ်မှူး** – ဗာဂျီးကရစ်ဆမ်သည် ၁၁၈ မိုင်အမြင့်တွင် ၃၀၃ မိုင် ခရီးကို လစ်ဗာတီ ဘဲ ၂ ဖြင့် ၁၅ မိနစ် ၃၂ စက္ကန့်ကြာ ပျံသန်းခဲ့သည်။

**၁၉၆၁ ဒုနှစ် (သြဂုတ် ၆–၇) ပထမဆုံး နေ့ကူးပျံသန်းမှု** – ' ဆိုဗီယက် ပြည်ထောင်စုက ဗော့စတော့ ၂ ဖြင့် ဂါဗရန်း အက်စ် တီးတော့ကို ၁၇ ဒသမ ၅ ပတ်အတွက် ၂၅ နာရီ ၁၈ မိနစ်ကြာ လွှတ်တင်ခဲ့သည်။

**၁၉၆၂ ဒုနှစ် (ဖေဖော်ဝါရီ ၂၀) ပထမဆုံး ကမ္ဘာပတ် အမေရိကန် အာကာသ ယာဉ်မှူး** – ဂျွန် အိပ်ချ် ဂလင်း ဂျူနီယာသည် မိုင်ပေါင်း ၁၁,၀၀၀ ခရီးကို ဖရင်းရွှစ် ၃ ဖြင့် ပျံသန်းခဲ့ရာ ကမ္ဘာကို သုံးကြိမ် ပတ်၍ ၄ နာရီ ၅၅ မိနစ် ၂၃ စက္ကန့် ကြာသည်။

**၁၉၆၂ ဒုနှစ် (မေ ၂၄) ဒုတိယမြောက် ကမ္ဘာပတ် အမေရိကန် အာကာသ ယာဉ်မှူး** – အပ် စကော့ ကာပင်တာသည် အော်ရိုရာ ၇ ကို မောင်းနှင်၍ ကမ္ဘာကို သုံးကြိမ်ပတ်ခဲ့ရာ ၄ နာရီ ၅၆ မိနစ် ၀၅ စက္ကန့် ကြာသည်။

**၁၉၆၂ ဒုနှစ် (သြဂုတ် ၁၁) ပထမဆုံး အုပ်စု ဖွဲ့ ပျံသန်းသောခရီး** – ဆိုဗီယက် အာကာသ ယာဉ်မှူး အန်ဒြီယန် ဂျီ နီကိုလေယက်ကို တင်ဆောင်လာသော ဗော့စတော့ ၃ သည် ကမ္ဘာကို ၆၄ ပတ်ပတ်၍ ၉၅ နာရီ ၂၂ မိနစ် ကြာသည်။ ၁၂ ရက်နေ့တွင် ပါဗဲ အာ ပိုပို စစ်ချီကို တင်ဆောင်လာသော ဗော့စတော့ ၄ သည် ဗော့စတော့ ၃ နှင့် သုံးမိုင်ကွာ ဝေတွင်း လိုက်လံပျံသန်းရာ ကမ္ဘာကို ၄၈ ပတ်ပတ်၍ ၇၈ နာရီ ၅၅ မိနစ် ကြာသည်။

**၁၉၆၂ ဒုနှစ် (အောက်တိုဘာ ၃) တတိယ မြောက် ကမ္ဘာပတ် အမေရိကန် အာကာသ ယာဉ်မှူး** – ဝေါလတာအမ်ရှီးထား ဂျူနီယာသည်ဆစ်ကမာ ၇ ဖြင့် မိုင်ပေါင်း ၁၆၀,၀၀၀ ကို ပျံသန်းခဲ့ရာ ကမ္ဘာ ခြောက်ပတ်နီးပါး ပတ်၍ ၉ နာရီ ၁၃ မိနစ် ၁၁ စက္ကန့် ကြာသည်။

**၁၉၆၃ ဒုနှစ် ( မေ ၁၅ – ၁၆ ) အာကာသထဲ တွင် တနေ့တာအတွင်း လူတယောက်၏ အခြေအနေကို အမေရိကန်တို့ ပထမဆုံး စူးစမ်းခြင်း**–ဂေါ်ဒွန် ကူးပါးသည် ဖိတ် ၇ ဖြင့် ကမ္ဘာကို ၂၂ ကြိမ်ပတ်၍ ၃၄ နာရီ ၁၉ မိနစ် ၄၉ စက္ကန့် ကြာသည်။

**၁၉၆၃ ဒုနှစ် (ဇွန် ၁၄) ဒုတိယမြောက် အုပ်စုပဲ့ ပျံသန်းသော ခရီး** – ဆိုဗီယက် အာကာသယာဉ်မှူး ဗာလရီ အက်ဖ် ဘိုင် ကော့စကီးကို တင်ဆောင်လာသော ဗော့စတော့ ၅ သည် ကမ္ဘာကို ၈၁ ပတ်ပတ်၍ ၁၁၉ နာရီ ၀၆ စက္ကန့် ကြာသည်။ ဗော့စတော့ ၆ နှင့် အုပ်စုဖွဲ့ ပျံသန်းသည်။

**၁၉၆၃ ဒုနှစ် ( ဇွန် ၁၆ ) ပထမဆုံး အမျိုး သမီး အာကာသယာဉ်မှူး** – ဗလင်တီနာ ဗီ ထရက်ရှကိုးဗားသည် ဗော့စတော့ ၆ ကို မောင်းနှင်၍ ၇၀ နာရီ ၅၀ မိနစ်အတွင်း ကမ္ဘာကို ၄၈ ပတ် ပတ်ခဲ့သည်။

**၁၉၆၄ ဒုနှစ် (အောက်တိုဘာ ၁၂) ပထမ ဆုံး လူသား သုံးယောက်တွဲ တင်ဆောင် ပျံသန်းခြင်း၊ အာကာသ ဝတ်စုံ မဝတ်ပဲ ပထမဆုံး စီးနင်း လိုက်ပါခြင်း** – ဆိုဗီယက် ယာဉ်မှူး ဗလာဒီမာ ကိုမာရော့၊ ကွန်စတန် တင်ပီ ဖိယော့တစ်တော့နှင့် ဘောရစ် ယေ ဂိုရော့တို့သည်ဗောရှခေါ် ၁ ဖြင့်ကမ္ဘာကို ၁၆ ပတ်ပတ်ရာ ၂၄ နာရီ ၁၇ မိနစ် ကြာသည်။

**၁၉၆၅ ဒုနှစ် (မတ် ၁၈) အာကာသထဲတွင် ပထမဆုံး လမ်းထွက် လျှောက်ခြင်း** – ဆိုဗီ ယက်ယာဉ်မှူး အလက်စီ လီယိုနော့သည် ဗော့ရှခေါ် ၂ မှ ၁၀ မိနစ်ကြာ ထွက် လျှောက်ခဲ့၍ ပါဗဲ ဘဲယာယက်လည်း ယာဉ် ပေါ်တွင် စီးနင်း လိုက်ပါလာခဲ့ရာ ယာဉ် သည် ကမ္ဘာကို ၂၆ နာရီ ၀၂ မိနစ်အတွင်း ၁၇ ပတ် ပတ်ခဲ့သည်။

**၁၉၆၅ ဒုနှစ် (မတ် ၂၃) ဂျီမိုဟ်ပတ်လမ်းကို လိုသလို ပြောင်း၍ လူသားစီးနင်း လိုက်ပါ ပျံသန်းနိုင်သော ပထမဆုံး ခရီး** – အမေရိ ကန် အာကာသယာဉ်မှူး ဗာဂျီး ဂရစ်ဆမ် နှင့် ဂျွန် ဒဗလျူ ယန်းတို့က ဂျီမိနီ ၃ ဖြင့် ၄ နာရီ ၅၃ မိနစ်အတွင်း ကမ္ဘာကို သုံး ပတ်ပတ်သည်။

**၁၉၆၅ ဒုနှစ် (ဒီဇင်ဘာ ၁၅ – ၁၆) အာကာသ ယာဉ်ချင်း ပထမဆုံး ချိတ်တွဲကြည့်ခြင်း** – အမေရိကန် အာကာသယာဉ်မှူး နီး အေ အမ်စထရောင်းနှင့် ဒေးဗစ် အာ စကော့တို့ က ဂျီမိနီ ၆ တွင် လိုက်ပါလာခဲ့ပြီး လူမပါ သော အခြား ဂျီမိနိတစင်းနှင့် ချိတ်တွဲ စမ်း သပ်ကြည့်သည်။ ကမ္ဘာကို ၆ ဒသမ ၅ ပတ် ပတ်၍ ၁၀ နာရီ ၄၁ မိနစ် ၂၆ စက္ကန့် ကြာ သည်။

**၁၉၆၆ ဒုနှစ် ( ဇွန် ၃ – ၆ ) အာကာသ အတွင်း နှစ်နာရီကျော်ကြာ လမ်းလျှောက် ခြင်း** – အမေရိကန် အာကာသ ယာဉ်မှူး သောမတ် ပီ စတက်ဖို နှင့် ယူဂျင်း အော ဆာနန်တို့သည် ဂျီမိနီ ၉ ဖြင့် သုံးရက်ကြာ ပျံသန်းစဉ် ဆာနန်က ယာဉ်ပြင်ပသို့ ထွက် လျှောက်သည်။

**၁၉၆၆ ဒုနှစ် ( ဒီဇင်ဘာ ၂၁ – ၂၇ ) လကို ပတ်၍ ပထမဆုံးပျံသန်းသော ခရီး** – အမေ ရိကန် အာကာသယာဉ်မှူး ဖရန့် ဘောမန်း၊ ဂျိမ်း အေ လပ်ဗဲနှင့် ဝီလျံ အေ အန်းဒါးတို့ သည် အပိုလို ၈ ဖြင့် လကို ၁၀ ကြိမ် ပတ် နေစဉ် လမျက်နှာပြင်ကို ရုပ်မြင်သံကြား ရိုက်၍ ကမ္ဘာသို့ လွှင့်ပို့သည်။ ၂၄၇ နာရီ ၄၂ စက္ကန့်ကြာ ပျံသန်းခဲ့သည်။

**၁၉၆၆ ဒုနှစ် ( နိုဝင်ဘာ ၁၄ ) ဆိုဗီယက် အာကာသ ယာဉ်ချင်း ချိတ် တွဲ နိုင် ခြင်း** – ဗလာဒီမာ အေ ရှားတလော့ မောင်းနှင် လာသော ဆိုယု ၄ သည် ၇၁ နာရီ ၁၄ မိနစ် အတွင်း ကမ္ဘာကို ၄၅ ပတ်ပတ်နေစဉ် ဘော ရစ် ဗီ ဗော်လယာနော့၊ အလက်စီ ယေလီ စယက်နှင့် ယက်ဂနီ ဗီ ခရူးနော့တို့ စီးနင်း လိုက်ပါလာသော ဆိုယု ၅ နှင့် ချိတ်တွဲထွ

ယေလီစယက်နှင့် ယက်ဂနီတို့က ဆိုယူ ၄ သို့ ကူးပြောင်းသည်။

**၁၉၆၉ ခုနှစ် (မတ် ၃–၁၃) လသွားယာဉ်ယေဘုယ်တွင် လူစီးနင်းရှိ ပထမဆုံး ပျံသန်းခြင်း** – အမေရိကန် အာကာသ ယာဉ်မှူး ဂျိမ်း အေ မက်ဒီဗစ်၊ ဒေးဗစ် အာ စကော့ နှင့် ရပ်ဆဲ ရွတိုက်ကတ် တို့သည် အပိုလို ၉ ဖြင့် ၂၄၁ နာရီ ၅၄ စက္ကန့်အတွင်း ကမ္ဘာကို ၁၅၁ ပတ်ပတ်နေစဉ် လသွားယာဉ်ကို စမ်းသပ်စီးနင်း ပျံသန်းသည်။

**၁၉၆၉ ခုနှစ် (မေ ၁၈–၂၆) လသွားယာဉ်ယေဘုယ်တွင် လူစီးနင်းရှိ လကို ပထမဆုံး ပတ်ခြင်း** – အမေရိကန် အာကာသ ယာဉ်မှူး သောမတ် ပီ စတက်ဖို့၊ ယူဂျင်း အေဆာနှန်နှင့် ဂျွန် ဒဗလျူ ယန်းတို့သည် အပိုလို ၁၀ ဖြင့် လကို ၃၁ ပတ်ပတ်ရာ လသွားယာဉ် ငယ် သည် လမျက်နှာပြင် နှင့် ပေ ၄၇,၀၀၀ အကွာအထိ ချဉ်းကပ် ပျံသန်းသည်။ အာကာသမှ ကမ္ဘာသို့ ထောင်စုံမျှပ် မြင်သံကြား ပထမဆုံး ထုတ်လွှင့်ခဲ့သည်။

**၁၉၆၉ ခုနှစ် (ဇူလိုင် ၁၀) လပေါ်သို့ ပထမဆုံးလူသား ဆင်းသက်ခြင်း** – အမေရိကန် အာကာသယာဉ်မှူး နီး အေ အမ်းစထရောင်း၊ အက်ဒွင် အီး အော်ဒရင်နှင့် မိုက်ကယ် ကောလင်းတို့ ဇူလိုင် ၁၆ ရက်နေ့တွင် အပိုလို ၁၀ ဖြင့် စတင် ပျံသန်းခဲ့ပြီး အမ်းစထရောင်းနှင့် အော်ဒရင်တို့က လပေါ်သို့ ဆင်းသက်ကာ မြေသားနှင့် ကျောက်နမူနာ ၄၈ ဒသမ ၅ ပေါင် ယူလာသည်။ ၁၉၅ နာရီ ၁၈ မိနစ် ၃၅ စက္ကန့် အတွင်း လကို အပတ် ၃၀ ပတ်နေစဉ် လပေါ်တွင် လူသားများ ၂၁ နာရီ ၃၆ မိနစ် ၂၁ စက္ကန့် ကြာ နေထိုင်ခဲ့သည်။

**၁၉၆၉ ခုနှစ် (အောက်တိုဘာ ၁၁–၁၇) ဆိုဗီယက် အာကာသယာဉ်သုံးစင်း တရက်ခြား လွှတ်တင်ခြင်း** – ဆိုယူ ၆၊ ဆိုယူ ၇၊ ဆိုယူ ၈ ယာဉ်သုံးစင်းနှင့် ယာဉ်မှူး ခုနစ်ဦးတို့ ပထမဆုံး တပြိုင်တည်း ကမ္ဘာ ပတ်ခဲ့သည်။ ပျံသန်း ချိန် ၁၁၈ နာရီကျော်ကြာ၍ ကမ္ဘာကို ၆၉ ပတ် ပတ်နေစဉ် အာကာသ ထဲတွင် ပထမဆုံး ဂဟေဆော်ခြင်းကို ပြုလုပ်သည်။

**၁၉၆၉ ခုနှစ် (နိုဝင်ဘာ ၁၄–၂၄) လပေါ်သို့ ဒုတိယအကြိမ် လူသားဆင်းသက်ခြင်း** – အမေရိကန်ယာဉ်မှူး ချား ကွန်းရက်၊ ရစ် ချတ် အီး ဂေါ်ဒွန် ဂျူနီယာနှင့် အလန် အယ် ဘင်းတို့သည် အပိုလို ၁၂ ဖြင့် ပျံသန်းခဲ့ရာ ကွန်းရက်နှင့် ဘင်းတို့က လပေါ်သို့ ဆင်းသက်ကာ မြေနမူနာ ၇၄ ဒသမ ၅ ပေါင် ယူလာသည်။ ပျံသန်းချိန် ၂၄၆ နာရီ ၃၁ မိနစ် ၂၅ စက္ကန့်အတွင်း လကို ၃၁ ပတ်ပတ်နေစဉ် လပေါ်တွင် လူသားတို့ ၂၁ နာရီ ၃၁ မိနစ်ကြာ နေထိုင်ခဲ့သည်။

**၁၉၇၀ ခုနှစ် (ဧပြီ ၁၁– ဖေဖော်ဝါရီ ၉) လပေါ်သို့ တတိယ အကြိမ် လူသားဆင်းသက်ခြင်း** – အမေရိကန် အာကာသယာဉ်မှူး အလန် ဘီ ရှက်ပတ်၊ စတောက် အေ ရူးဆာနှင့် အဂ်ါ မစ်ချယ် တို့သည် အပိုလို ၁၄ ဖြင့် ပျံသန်းခဲ့ရာ ရှက်ပတ်နှင့် မစ်ရွယ်တို့က လပေါ်သို့ ဆင်း သက် ကာ မြေနမူနာ ၉၆ ပေါင် သယ်ယူလာသည်။ ပျံသန်းချိန် ၂၁၆ နာရီ ၀၁ မိနစ် ၅၇ စက္ကန့်အတွင်း လကို ၃၄ ပတ်ပတ်နေစဉ် လပေါ်တွင် လူသားတို့ ၃၃ နာရီ ၃၁ မိနစ်ကြာ နေထိုင်ခဲ့သည်။

**၁၉၇၁ ခုနှစ် (ဖေဖော်ဝါရီ ၅– ဖေဖော်ဝါရီ ၉) လပေါ်သို့ တတိယ အကြိမ် လူသားဆင်းသက်ခြင်း** – အမေရိကန် အာကာသယာဉ်မှူး အလန် ရှက်ပတ်၊ စတောက် အေ ရူးဆာနှင့် အဂ်ါ မစ်ချယ် တို့သည် အပိုလို ၁၄ ဖြင့် ပျံသန်းခဲ့ရာ ရှက်ပတ်နှင့် မစ်ရွယ်တို့က လပေါ်သို့ ဆင်း သက် ကာ မြေနမူနာ ၉၆ ပေါင် သယ်ယူလာသည်။ ပျံသန်းချိန် ၂၁၆ နာရီ ၀၁ မိနစ် ၅၇ စက္ကန့်အတွင်း လကို ၃၄ ပတ်ပတ်နေစဉ် လပေါ်တွင် လူသားတို့ ၃၃ နာရီ ၃၁ မိနစ်ကြာ နေထိုင်ခဲ့သည်။

**၁၉၇၁ ခုနှစ် (ဇူလိုင် ၂၆–ဩဂုတ် ၇) လပေါ်သို့ စတုတ္ထအကြိမ် လူသား ဆင်းသက်ခြင်း** – အမေရိကန် အာကာသယာဉ်မှူး ဒေးဗစ် အာ စကော့၊ ဂျိမ်း ဘီ အာဝင်းနှင့် အဲလဖရက် အမ် ဝေါဒင် တို့သည် အပိုလို ၁၅ ဖြင့် ပျံသန်းခဲ့ရာ စကော့နှင့် အာဝင်းတို့က လ ပေါ်သို့ ဆင်းသက်ကာ လ မျက်နှာပြင်ပေါ် သွားသော ရိုဗာယာဉ် ဖြင့် ၁၇ မိုင်ကျော် ခရီးနှင်ခဲ့သည်။ အပိုလို က ၂၉၅ နာရီ ၁၁ မိနစ် ၅၃ စက္ကန့်အတွင်း လကို ၇၄ ပတ်ပတ်နေစဉ် လူသားတို့သည် လပေါ်တွင် ၆၆ နာရီ ၅၅ မိနစ်ကြာ နေထိုင်ခဲ့ပြီး မြေနမူနာ ပေါင် ၁၇၀ ယူလာသည်။

**၁၉၇၂ ခုနှစ် (ဧပြီ ၁၆–၂၇) လပေါ်သို့ ပဉ္စမအကြိမ် လူသား ဆင်းသက်ခြင်း** – အမေရိကန် အာကာသ ယာဉ်မှူး ဂျွန် ဒဗလျူ ယန်း၊ ချား အမ် ဂျူနှင့် သောမတ် ကေ မက်တင်းလီတို့သည် အပိုလို ၁၆ ဖြင့် ပျံသန်းခဲ့ရာ ယန်းနှင့် ဂျူတို့သည် လပေါ်သို့ ဆင်းသက်ကာ မြေနမူနာ ၂၁၃ ပေါင်ယူလာသည်။ ပျံသန်းချိန် ၂၆၅ နာရီ ၅၁ မိနစ် ၀၅ စက္ကန့်အတွင်း လကို ၆၄ ပတ်ပတ်နေစဉ် လပေါ်တွင် လူသားတို့ ၇၁ နာရီ ၁၄ မိနစ်ကြာ နေခဲ့သည်။


**၁၉၇၂ ခုနှစ် (ဒီဇင်ဘာ ၇–၁၉) လပေါ်သို့ ဆဋ္ဌမအကြိမ် လူသား ဆင်းသက်ခြင်း** – အမေရိကန် အာကာသ ယာဉ်မှူး ယူဂျင်း အော ဆာနန်၊ ရော်နယ် အီဗင်နှင့် ဟယ်ရစ် ဆင် ရွှမစ်တို့သည် အပိုလို ၁၇ ဖြင့် ပျံသန်းခဲ့ရာ ဆာနန်နှင့် ရွှမစ်တို့သည် လပေါ်သို့ ဆင်းသက်ကာ မြေနမူနာ ၂၄၁ ပေါင် ယူလာသည်။ ၃၀၁ နာရီ ၅၁ မိနစ် ၅၉ စက္ကန့်အတွင်းလကို ၇၅ ပတ် ပတ်နေစဉ်လပေါ်တွင် လူသားတို့ ၇၅ နာရီကြာ နေထိုင်ခဲ့သည်။

**၁၉၇၃ ခုနှစ် (မေ ၂၅–ဇွန် ၂၂) ပထမဆုံး လူပါသော အမေရိကန် အာကာသစခန်း** – ချား ကွန်းရက်၊ ဂျိုးဆက် ကာဝင်း၊ ပေါ ဝိုက်ဇ်တို့သည် အာကာသစခန်း စကိုင်းလက် ၂ ဖြင့် ၆၁၂ နာရီ ၅၀ မိနစ်ကြာ ပျံသန်းနေစဉ် လမ်းတွင် ဆုံတွေ့သော စကိုင်းလက် ၁ ကို ပြုပြင်၍ စမ်းသပ်မှုများ ပြုလုပ်သည်။

**၁၉၇၃ ခုနှစ် (ဇူလိုင် ၁၇) အမေရိကန်နှင့် ဆိုဗီယက်တို့ ပထမဆုံး ပူးတွဲပျံသန်းခြင်း** – ဗန့် ဘရန်း၊ သောမတ် ပီ စတက်ဖို့နှင့် ဒေါ်နယ် စလေတန်တို့ လိုက်ပါ၍ ၂၁၇ နာရီ ၃၀ မိနစ်အတွင်း ကမ္ဘာကို ၁၃၆ ပတ် ပတ်သော အပိုလို ၁၈ သည် အလက်စီ လီယိုနော့ဗ်နှင့် ဗလရီ ကူဘာဆော့တို့ လိုက်ပါ၍ ၁၄၃ နာရီ ၃၁ မိနစ်အကွင်း ကမ္ဘာကို ၅၉ ပတ်ပတ်သော ဆိုယူ ၁၉ နှင့် ချိတ်တွဲ ပျံသန်းသည်။ အာကာသ ယာဉ်မှူးများ ယာဉ်တခုမှ တခုသို့ ကူး၍ သွားထောက် လည်ပတ်ပြီး သတင်းစာ ရှင်းလင်းပွဲ ပူးတွဲ ကျင်းပသည်။

**၁၉၇၃ ခုနှစ် (မေ ၁၃) အာကာသအတွင်း အကြာဆုံး ဓနနိုင်သည့် စံချိန်** – ဆိုဗီယက် အာကာသယာဉ်မှူး အနာတိုလီ ဘိရီဇိုဗ်ကိုင်းနှင့် ဗလင်တင်း လီဘီဒက်တို့သည် ဆိုယုတိ ၅ ဖြင့် ၂၁၁ ရက်ကြာ ပျံသန်း၍ စံချိန် တင်ခဲ့သည်။

**၁၉၇၄ ခုနှစ် (ဖေဖော်ဝါရီ ၈ – အောက်တိုဘာ ၂) အာကာသအတွင်း အကြာဆုံးဓနနိုင်သည့် စံချိန်သစ်ထပ်တင်ခြင်း**– ဆိုဗီယက် အာကာသ ယာဉ်မှူး လစ်ယိုနစ် ကစ်ဇင် အပါအဝင် ယာဉ်မှူးသုံးဦးသည် ဆားလျု. ၇ အာကာသဘူတာယာဉ်၌ ၂၃၇ ရက်ကြာ နေထိုင်ပျံသန်းခဲ့၍စံချိန်သစ် ထပ်တင်သည်။



# ဇီဝနည်းပညာတိုးတက်မှုများ


## နည်းပညာ

ဇီဝနည်းပညာဆိုသည်မှာ သက်ရှိပိုးမွှားများနှင့် ဆဲလ်များကို လေ့လာပြီး လူသားတို့အတွက် အသုံးဝင်သော ရောဂါစမ်းသပ်ရှာဖွေမှု၊ ရောဂါကုသမှု၊ အစားအစာ ထုတ်လုပ်မှု စသည်တို့တွင် တီထွင်ကြံဆ အသုံးချသည့် နည်းပညာပင် ဖြစ်သည်။


### အစားအစာနှင့် စိုက်ပျိုးရေးဆိုင်ရာ ဇီဝနည်းပညာတိုးတက်မှု

ရှေးပဝေသဏီကပင် လူတို့သည် အစာအာဟာရကို ဇီဝနည်းဖြင့် ထုတ်လုပ်ခဲ့ကြသည်။ ဥပမာအားဖြင့် ဒိန်ခဲ၊ ဒိန်ချဉ်၊ အရက်၊ ပဲပုပ်ပြား စသည်တို့ဖြစ်သည်။ ယနေ့ခေတ်တွင် ကဆဲလ် ပရိုတင်းကို ထုတ်လုပ်နေကြသည်။ တဆေးဟုခေါ်သော မို့တမျိုးဖြင့် ရိုင်းစပါး၊ မုယောစပါးကို အချဉ်ဖောက်လျှင် ဘီယာသို့မဟုတ် ဝိုင်အရက်ရရှိကြောင်းကို လွန်ခဲ့သည့်နှစ်ပေါင်း ၆၀၀၀ ခန့်ကပင် လူတို့သိရှိအသုံးပြုခဲ့ကြသည်။

လူ၏ ကိုယ်ခန္ဓာတွင် အလွန်လိုအပ်သော အာဟာရဓာတ်တမျိုးမှာ လိုင်ဆင်းခေါ် အေမီနိုအက်ဆစ် ဖြစ်သည်။ ယင်းကို သက်ရှိသတ္တဝါများ၏ အသားမှ အများဆုံး ရရှိနိုင်ပြီး အချို့အပင်နှင့် အသီးအနှံများမှလည်း ရရှိနိုင်သေးသည်။ (ဥပမာအားဖြင့် ဆန်မှရရှိသော ပရိုတင်း) ဤသို့လိုအပ်ရသည်မှာလည်း လူအပါအဝင် သက်ရှိသတ္တဝါများ၏ ကိုယ်ခန္ဓာအတွင်း၌ ယင်းအေမီနို အက်ဆစ်ဓာတ်များကို မတည်ဆောက်နိုင်ကြ၍ ဖြစ်သည်။ ယင်းဓာတ်ကို များများစားစား ထုတ်လုပ်နိုင်ရန် ဘရက်ဗီ ဗက်တီးရီးယမ်း ဖလေးဗမ်းနှင့် ကော်ရိနီ ဗက်တီးရီးယမ်း ဂလူတမ်မိကမ်း ပိုးမွှားများကိုသုံးပြီး သကြားရည်များမှ လိုင်ဆင်းများကို တလီတာလျှင် ၇၅ဂ ဂရမ် ထုတ်လုပ်နိုင်ကြောင်း တွေ့ရှိရသည်။ သာမန်အားဖြင့် ယင်းလိုင်ဆင်း အေမီနိုအက်ဆစ်များပြားလာလျှင် ထပ်မံထုတ်လုပ်၍ မရအောင် ဒြပ်ပေါင်းများ ထွက်လာတတ်သည်။ ယင်းပိုးမွှားများ၏ မျိုးဗီဇကို ပြုပြင်၍ အသုံးပြုလျှင်မူ လိုင်ဆင်းကို များပြားစွာ ထုတ်လုပ်နိုင်သည်။



(ပုံ-က)




(ပုံ-ခ)

**သာမန်လိုဘလိုလီထင်းရှူးပင်အမြစ်များ (ပုံ-က)ကို မိုက်ကိုရိုက်ဇာမျိုးနွယ်ဝင်မှိုများ ထိုးသွင်းပြီးနောက် အားပြည့်ကြီးထွားလာသော အမြစ်များ (ပုံ-ခ)**

ယခုအခါ ကင်ဒီဒါ လိုင်ပိုလစ်တစ်ကာ မှိုပင်ကို ဓာတ်ဆီမှ အယ်လကိန်းဓာတ်များပေါ် မွေးမြူပျိုးထောင်၍ ပရိတင်းကို ထုတ်လုပ်နေပြီ ဖြစ်သည်။ ဗြိတိသျှ ကုမ္ပဏီတခုက ထုတ်လုပ်သော ပရိတင်း အစားအစာတမျိုးမှာ တော့ပရင်းနား ဖြစ်သည်။ မီသိုင်းလိုဖိုင်းလတ် မီသိုင်းလိုထရိုဖတ် အမည်ရှိသောပိုးမွှားကို မီသိန်းဓာတ်ငွေ့ထဲတွင် ပျိုးထောင်၍ ပရိတင်း အမြောက်အမြား ထုတ်လုပ်ခြင်း ဖြစ်သည်။

သီးနှံအထွက် တိုးရေး၊ မျိုးကောင်းမျိုးသန့် ရရှိရေးစသော စိုက်ပျိုးရေးပညာဘက်တွင်လည်း ဇီဝနည်းပညာသည် အစဉ်တိုးတက်လျက် ရှိသည်။ ဇီဝနည်းပညာဖြင့် စိုက်ပျိုးရေးလုပ်ငန်း တိုးတက်အောင်မြင်အောင် ရှေးရောမခေတ်ကပင် ဆောင်ရွက်ခဲ့ကြသည်။ ထိုခေတ်ကပင် ပဲစိုက်ခဲ့ဖူးသောမြေမှ မြေဆီများကိုယူ၍ အခြားသီးနှံစိုက် မြေပေါ်တွင် ပက်ဖျန်းပေးခြင်းဖြင့် သီးနှံအထွက် တိုးစေခဲ့သည်။ မြေကွက်တခုတွင် သီးထပ်စိုက်မည့်အစား ပဲအပါအဝင် သီးနှံတမျိုးစီ၊ တလှည့်စီစိုက်ပျိုးပါက အထွက်နှုန်းများကြောင်းလည်း တွေ့ရှိခဲ့ကြသည်။ အကြောင်းရင်းကား ပဲပင်အမြစ်အဖုများတွင် ကပ်နေသော ရိုင်ဇိုဘီယမ် ဗက်တီးရီးယားတို့ကြောင့် ဖြစ်သည်။ လေထဲမှ နိုက်ထရိုဂျင်ကို ယင်းဗက်တီးရီးယားတို့က အပင်အသုံးပြုနိုင်အောင် အမိုးနီးယားအဖြစ် ပြောင်းလဲပေးနိုင်သည်။ ထို့ကြောင့် အကူအမိုးနီးယား ဓာတ်မြေဩဇာမလိုပဲ သီးနှံဖွံ့ဖြိုးနိုင်ခြင်းဖြစ်သည်။

**ဗက်တီးရီးယားတခု၏ ဒီအင်အေ ကွင်းပွင့်သို့ အခြား ဆဲလ်မှ ဒီအင်အေ အပိုင်းငယ်ကို ထည့်ပြီးနောက် ပြန်လည်ပေါင်းစပ် ဒီအင်အေကွင်းပိတ်ပြန်ဖြစ်သွားကာ ဒီအင်အေပုံတူအသီးသီး ပါသော ဗက်တီးရီးယားများထပ်ဆင့်ပွားပုံ**





**လူနာ၏ ဒီအင်အေကို လေ့လာခြင်းဖြင့် မျိုးဗီဇ ချွတ်ယွင်းမှုကို ဖော်ထုတ်နေပုံ**

သိပ္ပံပညာ တိုးတက်လာသဖြင့် သီးနှံအထွက်တိုးရုံမျှ သာမက မျိုးကောင်းမျိုးသန့် ဖြစ်ရန်လည်း ကြံဆခဲ့ကြသည်။ အဓိကအားဖြင့် နည်းပညာပိုင်းတွင် သုံးမျိုးရှိသည်။


- အပင်အတွက် အကျိုးရှိမည့် အဏုဇီဝ ပိုးမွှားများကို သီးသန့်မွေးမြူ၍ စိုက်ပျိုးမြေတွင် ပက်ဖျန်းပေးခြင်း၊
- အပင်တစ်ရှူးမှ ကလာပ်စည်းတခုကို သီးသန့်ခွဲထုတ်လျက် အာဟာရရည်တွင် မွေးမြူပြီး ထိုကလာပ်စည်းရှိ မျိုးရိုးဗီဇများကို ပြုပြင်ပြောင်းလဲ၍ ရောဂါပြီးမည့် အထွက်တိုး မျိုးသစ်များ ထုတ်လုပ်ခြင်း၊
- မျိုးရိုးဗီဇ အင်ဂျင်နီယာဗေဒကို အသုံးပြု၍ အပင်ကလာပ်စည်းထဲသို့ ပြင်ပမှ မျိုးရိုးဗီဇ အသစ်တခု ထည့်ပေးခြင်း သို့မဟုတ် အပြန်အလှန် အားဖြင့် အပင်၏ မျိုးရိုးဗီဇကို ဗက်တီးရီးယားထဲသို့ ထည့်ပေးခြင်းဖြင့် အပင်ပရိုတင်းများကို ဗက်တီးရီးယားမှတဆင့် ထုတ်လုပ်ခြင်းတို့ ဖြစ်သည်။


အထက်ပါသုံးမျိုးအနက် ပထမနှင့် တတိယနည်းမှာ ဇီဝနည်းပညာကို အသုံးပြုထားခြင်း ဖြစ်သည်။ ပထမနည်းမှာ ရိုင်ဇိုဘီယမ် ပိုးများ၏ အမိုးနိုးယား ထုတ်လုပ်မှုစွမ်းအား မြှင့်တင်ရေး ဖြစ်သည်။ ဟိုက်ဒြိုကျင်နွေစ်အင်ဇိုင်းပါဝင် ဖြစ်ပေါ်လာသော အမိုးနိုးယားများသည် နိုက်ထရိုကျင်အဖြစ် လေထဲတွင် ပြောင်းလဲ ပျောက်ကွယ်နိုင်တော့မည်မဟုတ်ချေ။ ထိုအင်ဇိုင်းပါသော ဗက်တီးရီးယားများကို မျိုးရိုးဗီဇ အင်ဂျင်နီယာဗေဒဖြင့် ထုတ်လုပ်ရန် ဖြစ်သည်။ အမိုးနိုးယား ထုတ်ပေးသောပိုးသည် ရိုင်ဇိုဘီယမ် တခုတည်းမဟုတ်၊ ဖရင့်ကီယာ အယ်လနီသည်လည်း အယ်ဒါထင်းရှူးပင်မျိုးအတွက် အမိုးနိုးယားထုတ်ပေးနိုင်သည်။ သို့ရာတွင် စိုက်ပျိုးသီးနှံပင်များတွင် ထိုဗက်တီးရီးယားပိုးများ အမှီသဟဲပြု စွဲကပ်စေပြီး အကျိုးဖြစ်ထွန်းစေနိုင်ရန် ကြိုးပမ်းလေ့လာစမ်းသပ်နေဆဲ ဖြစ်သည်။

ဆူဒိုမိုနပ်ပူတီဒါ ဗက်တီးရီးယားများသည် အာလူးပင်များ အထွက်နှုန်းကောင်းစေသည်။ ယင်းတို့သည် မြေဆီလွှာရှိ သံဓာတ်ကို ထုတ်ယူသုံးစွဲပြီး အပင်အတွက်သာလျှင် ရစေသည်။ ထို့ကြောင့် အခြား ပိုးမွှားများသည် သံဓာတ်မရတော့သဖြင့် အသက်မရှင်နိုင်တော့ချေ။

မိုက်ကိုရိုက်ဇာမိုများသည် အပင်များ၏အမြစ်များကို ပိုမိုဖြာထွက်အောင် ရှည်အောင် ပြုလုပ်ပေးသည်။ မိုက်ကို

**လူ၏စံမီသော သွေးနီဆဲလ်(အပေါ်ပုံ)နှင့် တွန့်လိမ် ချွတ်ယွင်းနေသော သွေးတံစဉ်ဆဲလ်**







ဇီဝနည်းပညာ တီထွင်မှုများကို မူပိုင်ခွင့်မှတ်ပုံတင်နိုင်ရန် ၁၉၇၄ ခုနှစ် ဇူလိုင်လမှစ၍ မြိတ်နိုင်ငံခြွင်
ဖွင့်လှစ်ထားသော တိရစ္ဆာန်ဆဲလ်မျိုးပွားဘက်



သာမန်ကြွက်ငယ်ကို ဇီဝနည်းပညာဖြင့် တဆခဲကြီးထွားအောင်
ဖန်တီးထားသော ကြွက်ကြီး(ဝဲ)ကို တွေ့ရပုံ

ရိုက်ဇာကြောင့် အမြစ်များ ထူထဲပွားများလာသည်။
မျက်နှာပြင်ဧရိယာကျယ်လာသည်နှင့်အမျှ ရေနှင့် အစာ
အစာများကို ပိုမိုစုပ်ယူနိုင်သည်။ ဤအပင်မျိုးသည်
ကြီးထွားမှုမြန်ပြီး သက်တမ်းပိုရှည်သည်။ အမြစ်များမထွင်း
ဖောက်နိုင်သည့် မြေဆီလှာ အစိတ်အပိုင်းများသို့လည်း
မိုက်ကိုရိုက်ဇာ အစုအဝေးသည် ပျံ့နှံ့တိုးဝင်နိုင်သည်။
ထို့ကြောင့် အမြစ်များ အစာရေစာ ရနိုင်သည့် မြေဆီ
စားကျက် ပိုမိုကျယ်ပြန့်လာသည်။ ဤနည်းဖြင့် အပင်
အတွက်လိုအပ်သော ဖော့စဖိတ်ကို အမြစ်များသာမန်အား
ဖြင့် မရောက်နိုင်သောနေရာမှ စုပ်ယူသုံးစွဲနိုင်သည်။

တတိယနည်းမှာ အေဂရိုဗက်တီရီယမ် ကျူးမီဖေဆင်
ပိုးမွှားမှ ပလတ်စမစ်ရှိ မျိုးရိုးဗီဇကို ဖြတ်ထုတ်ပြီး
အပင်၏ ကလာပ်စည်းထဲ ထည့်သွင်းပေးခြင်း ဖြစ်သည်။
ပဲအမျိုးမျိုးနှင့် ခရမ်းချဉ်ပင်များတွင် ဤနည်းကို သုံးနိုင်
သည်။ ဤနည်းဖြင့် အပင်ပျိုများ ပျိုးထောင်ရာတွင်
ကြီးထွားဟိမုန်းဓာတ် ထည့်ပေးရန် မလိုတော့ချေ။ တဖန်
ထိုပိုးမှတဆင့် အိုပိုင်းဆင်သက်တော့စ်ခေါ် အင်ဇိုင်းတမျိုး
ထုတ်လုပ်ပေးခြင်းကြောင့် အပင်များတွင် လိုအပ်သော
နိုက်ထရိုဂျင်များစွာပါသည့် အိုပိုင်းကို ထပ်မံထုတ်လုပ်ပေး
နိုင်သည်။ ယင်းနည်းကို ဆေးရွက်ကြီးပင်များတွင်လည်း
စမ်းသပ်ခဲ့ရာ အောင်မြင်မှုရခဲ့သည်။

ကလက်ဆီယယ်လာ နယူမိုနီးရေးရှိ အမိုးနီးယားထုတ်
လုပ်နိုင်သော နစ်ဖ်မျိုးရိုးဗီဇပါသော ပလတ်စမစ်ကို တဆေး

ပင်များထဲသို့ ထည့်သွင်းပေးနိုင်ခဲ့သည်။ သို့ရာတွင် တဆေးပင်တွင်မူ အမိုးနီးယား မထုတ်လုပ်နိုင်ချေ။ အကြောင်းမူကား အမိုးနီးယားထုတ်လုပ်ရေးအတွက် ဓာတ်ပြောင်းလဲခြင်းအဆင့်ဆင့်တွင် လိုအပ်သော သံဓာတ်ကို အပင်က ဖြည့်ဆည်းမပေးနိုင်၍ ဤသို့ဖြစ်ရသည်ဟု ယူဆကြသည်။

နောက်တနည်းမှာ အပင်အလိုက် အေမီနိုအက်ဆစ် တွဲစပ်မှုပေါ်မူတည်၍ ဖြစ်ပေါ်လာသော ပရိုတင်းများကို ဗက်တီးရီးယားပိုးမွှားများမှတဆင့် ထုတ်လုပ်ရန်ဖြစ်သည်။ အပင်၏မျိုးရိုးဗီဇကို ဗက်တီးရီးယားထဲသို့ ထည့်ပေးခြင်းဖြင့် ထိုပိုးက အပင်အစား အပင်ပရိုတင်းကိုထုတ်ပေးရန် ရည်ရွယ်သည်။ သို့ရာတွင် ထိုသို့အပင်ပရိုတင်း ထုတ်လုပ်ရန်မှာ ရှုပ်ထွေးပြီး မျိုးရိုးဗီဇတခုတည်းကသာ ထိန်းချုပ်ထားခြင်း မဟုတ်သဖြင့် အောင်မြင်ရန် အခြိန်ကြာမြင့်ဦးမည် ဖြစ်သည်။

## ဆေးပညာဆိုင်ရာ ဇီဝနည်းပညာတိုးတက်မှု


ဆေးပညာဘက်တွင်လည်း ဇီဝနည်းပညာသည် အစဉ်တိုးတက်လျက်ရှိသည်။ အထူးသဖြင့် ရောဂါတိုက်ဖျက်ရေးဆေးဝါးသစ်များတီထွင်ထုတ်လုပ်ရာ၌ ဇီဝနည်းပညာသည် ရွေတန်းမှပါဝင်ခဲ့သည်။ အဏုဇီဝနည်းဖြင့်ထုတ်လုပ်ခဲ့သော ပဋိဇီဝဆေးများတွင် ပင်နီဆီလင်သည် ပထမဆုံး ဆေးဖြစ်သည်။ ယင်းကို ဒေါက်တာအလက်ဇန္ဒား ဖလင်းမင်းက ၁၉၂၈ ခုနှစ်တွင် စမ်းသပ်တွေ့ရှိခဲ့သည်။ ဒုတိယကမ္ဘာစစ်နောက်ပိုင်းနှင့် စစ်ပြီးခေတ်တွင် ပင်နီဆီလင်ကို ဓာတုဗေဒနည်းအရ သန့်စင်၍ လူနာများကို ထိရောက်ကျယ်ပြန့်စွာကုသနိုင်သောအဆင့်သို့ ရောက်လာသည်။

ပင်နီဆီလင်ကိုပင်လျှင် ဇီဝနည်းပညာဖြင့် ထပ်ဆင့်တိုးတက်အောင် ပြုလုပ်၍ ပိုမိုထိရောက်သော ပဋိဇီဝဆေးများ ရရှိခဲ့ကြသည်။ ဥပမာအားဖြင့် ပင်နီဆီလင် ဂျီ ကို ၆–အေမီနို ပင်နီဆီလာနစ်အက်ဆစ်အဖြစ်သို့ ပြောင်းလဲထုတ်ယူနိုင်ပြီး ဘေးဆက်တန်းများ တပ်ဆင်ခြင်းအားဖြင့် ပင်နီဆီလင်ကို ပိုမိုထက်မြက်သော ဆေးစွမ်းကောင်းများအဖြစ်သို့ တီထွင်ပြောင်းလဲနိုင်လေသည်။

ခေတ်ပေါ် ဇီဝနည်းပညာနယ်ပယ်တွင် ဗီဇကိုပြုပြင်ပြောင်းလဲခြင်းအားဖြင့် သန့်စင်သော ဆေးစွမ်းကောင်းများကို ထုတ်လုပ်နိုင်ကြသည်။ ဥပမာအားဖြင့် ဆီးချို ရောဂါအတွက်သုံးသော အင်ဆူလင်၊ ကင်ဆာရောဂါအတွက်သုံးသော အင်တာဖာရွန်နှင့် မိုနိုကလုံးနဲ့ ပဋိပစ္စည်းများ ဖြစ်ကြသည်။

ဆီးချို ရောဂါကုသရေးအတွက်သုံးသောအင်ဆူလင်သည် သာမန်အားဖြင့် နွားဂ၏အစာအိမ်နှင့် ဒူအိုဒီနမ်အကြားရှိ ပန်ကရိယဂလင်းမှ ထုတ်ယူရသောကြောင့် စျေးကြီးပြီး မလုံလောက်ချေ။ ယခုအခါ ဇီဝနည်းပညာဖြင့် အင်ဆူလင် ပေါများစွာထုတ်ပေးနိုင်သော ဗက်တီးရီးယား အုပ်စုသစ်တမျိုးကို ရှာဖွေတွေ့ရှိထားသည်။ ဤနည်းဖြင့်ထုတ်သော အင်ဆူလင်သည် နွားဂ၏ပန်ကရိယမှရရှိသော အင်ဆူလင်ထက် ပို၍သန့်စင်သည့်အပြင် ကုန်ကျစရိတ်လည်း သက်သာသည်။

မြင်းမကြီးမှ မြင်ကျားလေးမွေးဖွားစေရန် ဖန်တီးနိုင်ပြီဖြစ်သည်။



ဗိုင်းရပ်ပိုးများသည် လူခန္ဓာကိုယ်တွင်းရှိ ဆဲလ်များတွင်းသို့ ဝင်ရောက်ပြီး ဆဲလ်များ၏ ထုတ်လုပ်မှုအစိတ်အပိုင်းဖြစ်သော နယူကလိယကို ဝင်ရောက်စီးနင်းသည်။ ယင်းနှင့် ထပ်တူထပ်မျှသော ဗိုင်းရပ်ပိုးများကို ဆဲလ်များ၏ နယူကလိယထဲမှ ထုတ်လုပ်စေပြီး အခြား ကျန်းမာသောဆဲလ်များကို ဝင်ရောက်စီးနင်းသည်။ အကယ်၍ ဆဲလ်များ၏ နယူကလိယများမှ အင်တာဖာရွန်မောတ် ထွက်လာလျှင် အခြားဆဲလ်များ၏ ထုတ်လုပ်မှုနယူကလိယများသို့ အချက်ပြစေလွှတ်စေလျက် ဗိုင်းရပ်ပိုးကို တွန်းလှန်စေသော ပရိုတင်းမောတ်များကို ထုတ်လုပ်ခြင်းဖြင့် ဗိုင်းရပ်ပိုးကို ကာကွယ်စေနိုင်သည်။ အထူးသဖြင့် ဗိုင်းရပ်ပိုးတက်ခြင်းကို အကြောင်းရင်းခံသော ကင်ဆာရောဂါ (ဥပမာ – လည်ဇလုတ် အသားပိုရောဂါမှဖြစ်သော ကင်ဆာ)၊ ပြန်ရည်သွေးဆဲလ်ဖြူကင်ဆာတို့တွင် အသုံးကျပေသည်။

အင်တာဖာရွန်ကို သွေးဆဲလ်ဖြူများမှ လည်းကောင်း၊ မွေးကင်းစကလေးငယ်တို့၏ လိင်တန်ဆာထိပ်ရှိ အရေပြားမှ လည်းကောင်း၊ သွေးရည်ကြည်ဆဲလ်တမျိုးဖြစ်သော တီ–ပြန်ရည်ဆဲလ်များမှ လည်းကောင်း ထုတ်လုပ်နိုင်သည်။ ယခုအခါ လူ၏ အူမကြီးတွင် ရှိနေတတ်သော အယ်ရာရစ်ဆိုးယားကိုလိုင် (အီးကိုလိုင်) ဗက်တီးရီးယား ပိုးမွှားထဲမှ



ဆိတ်နှင့်သိုးကို မျိုးစပ်၍ရသော ဂျို

ဇီဝနည်းပညာဖြင့် အင်တာဖာရွန် ထုတ်လုပ် နေ သည့် ဂျပန် နိုင်ငံ ဟာယာရှီဘာရာ ဇီဝဓာတု ဓာတ်ခွဲခန်း-



# ဇီဝနည်းပညာ တိုးတက်မှုများ



ခေတ်ခွဲခန်းအဆင့်မှ တရှိန်တိုး တိုးတက်လာသည့် ဇီဝနည်းပညာကိုအသုံးချလျက် တိရစ္ဆာန်အစားအစာ ပရုတင်း ထုတ်လုပ်နေသောစက်ရုံတရုံကို မြတိန်နိုင်ငံ၌ တွေ့မြင်ရပုံ

အင်တာဖာရွန်ကို အများအပြားထုတ်လုပ်ရန် ကြိုးစားနေကြသည်။

ပိုးမွှားများအတွင်း၌ ဗီဇအဖြစ်ရှိနေသော ဒီအောက်ဆီရိုင်ပို နယူကလီအစ်အက်ဆစ် (ဒီ အင် အေ) များကို ဖြတ်တောက်ထုတ်ပြီး အခြားဆဲလ်မှ ဒီ အင် အေကို သွတ်သွင်းကာ ပေါင်းစပ်ပေးနိုင်သည်။ လိုအပ်သလိုဖြတ်တောက်ရန်အတွက် ကန့်သတ်အင်ဇိုင်းခေါ် ဒြပ်ပေါင်းတမျိုးကို လိုအပ်သည်။ ပြန်လည် ပေါင်းစပ်ရန်အတွက် လိုင်ဂေ့ခေါ် ပေါင်းစပ်မှု ဒြပ်ပေါင်းကို တွေ့ရှိကြသဖြင့် သိပ္ပံပညာရှင်များအတွက် ဒီ အင် အေကို လိုသလို ဖြတ်တောက်ခြင်း၊ အစများ ပြန်လည်ပေါင်းစပ်ခြင်းတို့ကို ပြုလုပ်နိုင်လေပြီ။

## မျိုးဗီဇပေါင်းစပ် အောင်မြင်မှုများ

အမေရိကန် သိပ္ပံပညာရှင်နှစ်ဦးသည် ပဲပင်၏မျိုးဗီဇနှင့် နေကြာမျိုးဗီဇကို ၁၉၇၃ ခုနှစ် ဧပြီလ အတွင်းက ပေါင်းစပ်အောင်မြင်ခဲ့သည်။ ၁၉၇၃ ခုနှစ် အောက်တိုဘာလတွင် ဗဲလဂျီယမ်နိုင်ငံမှ သိပ္ပံပညာရှင်တဦးသည် ဆေးရွက်ကြီးပင်အတွင်းသို့ လူလုပ် မျိုးဗီဇတမျိုးကို သွတ်သွင်းပေးနိုင်ခဲ့သည်။

အင်္ဂလန်နိုင်ငံ ကိန်းဘရစ်တက္ကသိုလ် တိရစ္ဆာန်ဇီဝကမ္မဗေဒဌာနမှ သိပ္ပံပညာရှင်များကလည်း ဆိတ်နှင့်သိုးတို့၏ ဗီဇနှစ်မျိုးစုံပါရှိသော သတ္တဝါဆန်းတမျိုးကို အောင်မြင်စွာ သားစပ်နိုင်ခဲ့သည်။ သိုးနှင့်ဆိတ်တို့မှ တမျိုးလျှင် ဆဲလ်လေးခုမှ ရှစ်ခုထိပါသော သန္ဓေသားလောင်းများကိုယူ၍ ပေါင်းစပ်ပြီး ဆိတ်မသို့မဟုတ် သိုးမ၏သားအိမ်တွင် ကြိုးပြင်းစေခဲ့ခြင်း ဖြစ်သည်။ မျိုးမတူသော ဆိတ်နှင့်သိုးကို စပ်ထားသောကြောင့် ဆိတ်နှင့်သိုးတို့၏ စာလုံးပေါင်းကို ယူကာ ယင်းသတ္တဝါကို ဂျီ (Geep) ဟု အမည်ပေးထားသည်။ ဆိတ်နှင့်သိုးနှစ်မျိုးစလုံးမှ မျိုးအောင်ပြီး သန္ဓေလောင်းတခုစီကို ပေါင်းစပ်ထားခြင်းဖြစ်သောကြောင့် ဂျီတွင် မိဘလေးဦးရှိသည်ဟု ဆိုနိုင်သည်။

## အနာဂတ် အလားအလာ


ဆေးသိပ္ပံလောကတွင် မျိုးဗီဇပေါင်းစပ် အင်ဂျင်နီယာနည်းဖြင့် အံ့ဖွယ်ရာဆေးများကို ထုတ်လုပ် နိုင်သော်လည်း စိုက်ပျိုးသိပ္ပံလောက၌မူ နှေးကွေးနေခဲ့သည်။ ယင်းသို့ဖြစ်ရသည့် အကြောင်းရင်းမှာ အသီးပင်၏ ဒီ အင် အေ လှေ့ခါးထစ်များ တည်ဆောက်မှုနှင့် သတ္တဝါတို့၏ ဒီ အင် အေ လှေ့ခါးထစ်တည်ဆောက်မှု သဘာဝခြင်း များစွာကွာခြားမှုကြောင့် ဖြစ်သည်။

သို့ရာတွင် တိုးတက်မှု တွဲနွှေးခဲ့သော စိုက်ပျိုးရေးသိပ္ပံ၏ မျိုးဗီဇ အင်ဂျင်နီယာနည်းဖြင့် ပေါင်းစပ်မှု ပညာရပ်များ အထိုက်အလျောက် တိုးတက်မှု ရရှိနေပြီဖြစ်သဖြင့် တနေ့သောအခါ၌ လူအကျိုးပြု မဟာအသီးပင်များ ပေါ်ထွက်လာရန် အလားအလာရှိနေဆဲပင် ဖြစ်လေသည်။

**ဒေါက်တာ မျိုးမင်းအောင်**

# ကွန်ပျူတာတိုးတက်မှု


## စက်မှု



ယခုအခါ၌ လူသားတို့သည် သိပ္ပံပညာ တိုးတက်မှု၏ အကျိုးကျေးဇူးမြောက်မြားစွာကို နေ့ရာအနှံ၌ တွေ့ရှိခံစားနိုင်ကြပြီဖြစ်သည်။ သိပ္ပံနှင့် နည်းပညာဆိုင်ရာ တိုးတက်မှုနှုန်းသည်လည်း တနှစ်ထက်တနှစ် ပိုမို လျင်မြန်လာလျက်ရှိသည်။ ယင်းတို့အနက် အဲ့သြဖွယ်ရာနှုန်းဖြင့် တိုးတက်နေသည်မှာ ကွန်ပျူတာ သိပ္ပံပညာပင်ဖြစ်သည်။ ကွန်ပျူတာ သိပ္ပံပညာဆိုသည်မှာ ကွန်ပျူတာစက်နှင့် စပ်လျဉ်းသော လေ့လာစူးစမ်းမှုနှင့် အတတ်ပညာ အသိပညာ အစုအပေါင်းကို ဆိုလိုသည်။

ကွန်ပျူတာ တည်ဆောက်မှု နည်းပညာ အသစ်မျှားတခုပြီးတခု တိုးတက် မြင့်မားလာခဲ့ရာတွင် နောက်ထပ် ဆောက်လုပ်သည့်စက်များသည် ယခင်ယခင်က စက်များထက် ပို၍ သေးငယ်လာပြီး ပို၍ စွမ်းအား များပြားလာသည်။ ပို၍လည်း ခိုင်ခံ့လာသည်။ ထို့ပြင်စျေးနှုန်းလည်း ပို၍ ချိသာလာသည်။ အချက်အလက်ပေါင်း တသန်း သိုလှောင်ထားနိုင်သော ကွန်ပျူတာတခု၏ အရွယ်ပမာဏသည် ၁၉၅၃ ခုနှစ် တွင် ကုဗပေ ၄၀၀ ရှိခဲ့ရာမှ ၁၉၅၉ ခုနှစ်တွင် ကုဗပေ ၁၀၀ အထိ သေးငယ်သွားသည်။ ၁၉၇၁ ခုနှစ်တွင် ရှစ်ကုဗပေအထိ သေးငယ်သွားပြီး ၁၉၈၁ ခုနှစ်တွင် ၅သမ ၀၃ ကုဗပေမျှသာ ရှိတော့သည်။ ၁၉၈၃ ခုနှစ်ဆန်းတွင် ပေါ်ပေါက်ခဲ့သော ခတ်ခဲသုံး အိတ်ဆောင် ကွန်ပျူတာငယ်မှာ အလေးချိန် လေးပေါင်သာရှိပြီး ၇၉၉ ဒေါ်လာသာ ပေးရသည်။ ၁၉၄၆ ခုနှစ်က ပေါ်ဦးစ အီလက်ထရွန်နစ် ကွန်ပျူတာတလုံးကိုဒေါ်လာ ၄,၈၇,၀၀၀ မျှ ပေးရခြင်းနှင့် နှိုင်းယှဉ်လျှင် စျေးနှုန်း ချိသာလာကြောင်း သိသာထင်ရှားသည်။

ကွန်ပျူတာကို စီးပွားရေးလုပ်ငန်း အမျိုးမျိုး၊ ဆေးဝါးကုသမှု၊ ဆက်သွယ်ရေးနှင့် သယ်ယူ ပို့ဆောင်ရေး၊ အဆင့်မြင့် စက်ကိရိယာများနှင့် စစ်လက်နက် ပစ္စည်းများ ထုတ်လုပ်မှု၊ အာကာသ သုတေသနမှအစ ပညာသင်ကြားရေးနှင့် အားကစားအပါအဝင် လုပ်ငန်းကိစ္စ အဝဝတွင် တွင်ကျယ်စွာ အသုံးပြုလျက်ရှိသဖြင့် ကွန်ပျူတာသည် အလွန်အရေးပါသောကိရိယာ တန်ဆာပလာတခုအဖြစ်သို့ ရောက်ရှိလာသည်။ ကွန်ပျူတာနည်းပညာ တိုးတက်လာ




မြန်မာနိုင်ငံတွင် ပထမဆုံးအသုံးပြုသော အိုင်စီအယ်လ် (၁၉၀၂) ၌ ဗဟိုတွက်ချက်မှုယူနစ်နှင့်မှတ်ဉာဏ်ယူနစ်တို့၏စက်အစိတ်အပိုင်းများ

သကဲ့သို့ ကွန်ပျူတာစွေးကွက်သည်လည်း တစထက်တစ ကျယ်ပြန့်လျက်ရှိသည်။

## ကွန်ပျူတာဟူသည်


ကွန်ပျူတာဟူသော အင်္ဂလိပ်စကား၏ မူလအဓိပ္ပာယ်မှာ ဂဏန်းတွက်ခြင်း၊ ဂဏန်းတွက်သောစက် ဖြစ်သည်။ အပေါင်း အနုတ် အမြောက် အစားဆိုသည်မှာ သာမည တွက်ချက်နည်းများဖြစ်သည်။ သို့သော် သိပ္ပံပညာ တိုးတက်လာသောခေတ်၌ ယင်းသာမည်သည် မလုံလောက်တော့ချေ။ ခက်ခဲ နက်နဲသောပုစ္ဆာပြဿနာ အမျိုးမျိုးကို တမုဟုတ်ချင်း တိကျမှန်ကန်စွာ တွက်ချက်နိုင်ရန် လိုအပ်လာသည်။ ထို့ကြောင့် ကွန်ပျူတာဆိုသည်မှာ သတ်မှတ်ထားသော အစီအစဉ်များ သို့မဟုတ် ညွှန်ကြားချက်များနှင့်အညီ ပြဿနာတရပ်ကိုတွက်ချက်ဖြေရှင်းပေးသည့် အလိုအလျောက် စက်ကိရိယာတမျိုးဟု အဓိပ္ပာယ် ဖွင့်ဆိုရမည် ဖြစ်လေသည်။

ကွန်ပျူတာသည် ကိန်းဂဏန်းနှင့် အချက်အလက်များကို အမှားအယွင်းမရှိစေပဲ တွက်ချက် စီစစ်ပေးနိုင်သည်။ တစက္ကန့်အတွင်းဂဏန်းနှစ်ခုပေါင်းခြင်းနုတ်ခြင်း စသည်တို့ကို အကြိမ်ပေါင်း တသန်း ကျော် လုပ်ဆောင် ပေးနိုင်သည်။ အချက်အလက်အမြောက်အများကိုလည်း လက်ခံမှတ်သားထားနိုင်ပြီး လိုအပ်သောအချိန်တွင် တိတိကျကျနှင့် အလျင်အမြန်ထုတ်ယူပေးနိုင်သည်။ လုပ်ငန်းတခုကို အကြိမ်ပေါင်းများစွာ မည်သည်းမည်ပဲ စိတ်ချလက်ချ လုပ်ဆောင်ပေးနိုင်သည်။ လူက စေခိုင်းသည်ကိုလည်း တသေဝေမတိမ်း လိုက်နာဆောင်ရွက်ပေးသည်။ ကွန်ပျူတာသည် အီလက်ထရွန်နစ် စက်ပစ္စည်းဖြင့် တည်ဆောက်ထားသော စက်ပင်ဖြစ်သည်။

ပထမဦးဆုံး အီလက်ထရွန်နစ် ကွန်ပျူတာကို ပင်ဆီဗေးနီးယား တက္ကသိုလ်တွင် အက်ကတ်နှင့် မောက်ချလေတို့က ဦးဆောင်၍ တည်ဆောက်ခဲ့ကြသည်။ ၁၉၃၉ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ရာ ၁၉၄၆ ခုနှစ်တွင် ပြီးစီးခဲ့သည်။ စက်၏အမည်မှာ အီနီအက် ဖြစ်သည်။ အီနီအက်သည် တစက္ကန့်တွင် ဂဏန်းလုံးရေ သုံးရာကို မြောက်နိုင်သဖြင့် ထိုစဉ်က ရှိသမျှသော ဂဏန်းတွက်စက် တို့ထက် အဆပေါင်း သုံးရာ မြန်သည်ဟု ဆိုကြသည်။ သို့ရာတွင် အီနီအက်သည် ပုစ္ဆာတွက်ရန်အတွက် လိုအပ်သော တွက်နည်းကို မှတ်သားထားရန် မှတ်ဉာဏ်မရှိသေးချေ။ ၁၉၄၆ ခုနှစ်တွင် ပရင်စတင်မြို့မှ သခ်ၤာပါရဂူ ဂျွန် ဗွန် နွိုင်းမန်းက တွက်ချက်လိုသော ကိန်းဂဏန်းများနှင့် တွက်ချက်မှု အစီအစဉ်များအားလုံးကို ကွန်ပျူတာ၏ စက် အစိတ်အပိုင်းအတွင်း၌ သိုလှောင်ရန်နှင့် နှစ်လိကိန်းစနစ်ကို အခြေခံ၍

တည်ဆောက်ရန် ဦးစွာအဆိုပြုခဲ့ရာ ယနေ့ထက်တိုင် ယင်းနည်းစနစ်ကိုအခြေခံ၍ ကွန်ပျူတာစက်ကို ဖွဲ့စည်းထားဆဲဖြစ်သည်။

အက်ကတ်နှင့် မောက်ချလေတို့က ယူနီဗက် ဟူသော ကွန်ပျူတာ ကုမ္ပဏီတခု ဖွဲ့စည်းပြီး ယူနီဗက်–၁ ဟု ခေါ်သော အီလက်ထရွန်နစ် ကွန်ပျူတာကို ၁၉၅၁ ခုနှစ်တွင် စတင် ထုတ်လုပ် ရောင်းချခဲ့ကြသည်။ အမေရိကန်နိုင်ငံ သန်းခေါင်စာရင်းဌာနက ယင်းစက်ကို ပထမဆုံး စတင် အသုံးပြုခဲ့သည်။ လုပ်ငန်းခွင်၌ ကွန်ပျူတာကို အသုံးပြုခြင်းသည် ထိုအချိန်မှ စတင်ခဲ့သည်ဟု ဆိုနိုင်လေသည်။



ဗီဒီယူစက်ခလုတ်ခုံဖြင့် ကွန်ပျူတာ ပရိုဂရမ် ဖြည့်သွင်းနေစဉ်


## ကွန်ပျူတာ ဖွဲ့စည်းလည်ပတ်ပုံ

မည်မျှပင် စွမ်းအားရှိသည်ဟု ဆိုစေကာမူ ကွန်ပျူတာဆိုသည်မှာ စက်ကိရိယာမျှသာ ဖြစ်သည်။ ပုစ္ဆာတပုဒ်ကို ဖြေရှင်းလိုလျှင် ထိုပုစ္ဆာကို ဖြေရှင်းပေးနိုင်သည့် တွက်ချက်စိစစ်နည်းနှင့် ပတ်သက်သော တွက်နည်းအဆင့်ဆင့်ကို လူကပင် ဖန်တီးပေးရသည်။ ကွန်ပျူတာသည် လူက စေခိုင်းသော ညွှန်ကြားချက်များကို လျင်မြန်တိကျစွာ တခုပြီးတခု လုပ်ဆောင်ပေးသည်။ ကွန်ပျူတာတွင်ပင်ကိုဉာဏ် လုံးဝမရှိသဖြင့် ပုစ္ဆာဖြေရှင်းရန် အတွက် တွက်နည်းကို သတ်မှတ်ပေးရာတွင် လူကပင် အတအက္ခရာတဆင့်ပြီးတဆင့် စီစဉ်ပေးရပေလိမ့်မည်။ ထိုကဲ့သို့ စီစဉ်ပြုစုပေးထားသော ညွှန်ကြားချက် အပြည့်အစုံကို ကွန်ပျူတာ ပရိုဂရမ် ဟု ခေါ်သည်။ ကွန်ပျူတာသည် လူကပေးထားသော အချက်အလက်များကို အသုံးပြု၍ ပရိုဂရမ်တွင် ပါဝင်သော ညွှန်ကြားချက်များကို တသဝေမတိမ်း လိုက်နာဆောင်ရွက်ခြင်းဖြင့် ပုစ္ဆာ၏ အဖြေကို တွက်ချက်ပေးနိုင်သည်။

တနည်းအားဖြင့် ကွန်ပျူတာသည် အီလက်ထရွန်နစ်ပစ္စည်းဖြင့် တည်ဆောက်ထားခြင်းဖြစ်ပြီး လူကပြုစုပေးသော အချက်အလက်နှင့် ပရိုဂရမ်ကို လက်ခံသိုလှောင်ထားပြီးလျှင် ပရိုဂရမ်တွင် သတ်မှတ်ထားသည့် ညွှန်ကြားချက် အစီအစဉ်အတိုင်း မပြီးမချင်း အလိုအလျောက် ဆက်တိုက်တွက်ချက်သော စက်ပင်ဖြစ်သည်။

## ကွန်ပျူတာတွင် မှတ်သားထားပုံ နည်းစနစ်

အချက်အလက် အဖြစ် ပေးထားသော ကိန်းဂဏန်း အက္ခရာစာလုံးများနှင့် ပရိုဂရမ်များကို နှစ်လီကိန်းစနစ်ဖြင့် ကွန်ပျူတာ အတွင်း၌ ရေးသား သိုလှောင်ထားရသည်။ ခု၊ ဆယ်၊ ရာ၊ ထောင်၊ သောင်း၊ သိန်း၊ သန်း၊ ကုဋေ ဟူသော ဆယ်လီကိန်းစနစ်တွင် သုညမှ ကိုးအထိ စုစုပေါင်း ဂဏန်းဆယ်လုံး ရှိသည်။ နှစ်လီကိန်းစနစ်တွင်



ဒီဂျီတိုင်ဇာ ကိရိယာဖြင့် ဒီဇိုင်းပုံစံတခုကို ကွန်ပျူတာတွင် ဖြည့်သွင်းနေစဉ်

သုညနှင့် တစ်သာလျှင် ရှိတော့သည်။ နှစ်လိုကိန်း စနစ်ဖြင့် ကြိုက်နှစ်သက်ရာ ကိန်းဂဏန်းတခုကို ဖော်ပြနိုင်သည်။

ဥပမာအားဖြင့် ၁၃ ကို ဂ၊ ၄၊ ၀၊ ၁ စသည်တို့ဖြင့် ပေါင်းစပ်၍ ရနိုင်သည်။ ထို့ကြောင့် –

၈ + ၄ + ၀ + ၁

= ( ၁ × ၂$^{၃}$ ) + ( ၁ × ၂$^{၂}$ ) + ( ၀ × ၂$^{၁}$ )

+ ( ၁ × ၂$^{၀}$ ) ဖြစ်၍ နှစ်လိုကိန်း စနစ်တွင် ၁၁၀၁ ဟု ရေးခြင်းဖြင့် ဂဏန်းတန်ဖိုး ၁၃ ကို ရနိုင်သည်။

အက္ခရာများအတွက်လည်း ဤစနစ်ကို သုံးနိုင်သည်။ ဥပမာအားဖြင့် SEP 18, 1984 ကို ကုဒ်ဖြင့် ရေးသားမည်ဆိုလျှင် ဖော်ပြပါအတိုင်း ဖြစ်မည်။

| | | | | |
|---|---|---|---|---|
| S | 01 | 01 | 00 | 11 |
| E | 01 | 00 | 01 | 01 |
| P | 01 | 01 | 00 | 00 |
| ကွက်လပ် | 00 | 10 | 00 | 00 |
| 1 | 00 | 11 | 00 | 01 |
| 8 | 00 | 11 | 10 | 00 |
| , | 00 | 10 | 11 | 00 |
| 1 | 00 | 11 | 00 | 01 |
| 9 | 00 | 11 | 10 | 01 |
| 8 | 00 | 11 | 10 | 00 |
| 4 | 00 | 11 | 01 | 00 |

ကိန်းဂဏန်းများကိုဖြစ်စေ၊ စာပေဆောင်းပါး အချက်အလက်များကိုဖြစ်စေ စက်အတွင်း၌ ဤကဲ့သို့ကုဒ်ဖြင့် ရေးမှတ်နိုင်သည်။ အင်္ဂလိပ်စာအက္ခရာ အပြင် ဂျပန်၊ တရုတ်စသည့် အခြား ဘာသာ စာပေများမှ အက္ခရာများကိုလည်း ထိုသို့ ကုဒ် ပြု လုပ် နိုင် သည်။ ကွန်ပျူတာသည် အီလက်ထရွန်နစ် စက်ပစ္စည်းဖြစ်၍ နှစ်လိုကိန်း စနစ်သည် သဘာဝကျလှသည်။ အီလက်ထရွန်နစ် အစိတ်အပိုင်းတခုသည် ဖြစ်နိုင်သည့် အခြေအနေ နှစ်ရပ်အနက် တရပ်ရပ်တွင် အမြဲတမ်း ရှိနေရသည်။ ဥပမာအားဖြင့် လျှပ်စစ်ဓာတ်အား ရှိနေခြင်းနှင့် ရှိမနေခြင်း၊ သံလိုက်ဓာတ် ရှိနေခြင်းနှင့် ရှိမနေခြင်း၊ သံလိုက်ဓာတ်သည် လက်ဝဲရစ်ဘက်သို့ လှည့်နေခြင်းနှင့် လက်ယာရစ်ဘက်သို့ လှည့်နေခြင်း စသည်တို့ ဖြစ်သည်။ ဤသဘောဖြင့် အချက်အလက် ပေါင်းစုံကို ရေးမှတ် တွက်ချက်နိုင်ခြင်း ဖြစ်သည်။

### အချက်အလက်ဖွဲ့စည်းပုံ

ကွန်ပျူတာ၏ အသေးဆုံး အချက်အလက် အတိုင်းအတာကို ဗစ် ( bit ) ဟုခေါ်၍ သုည သို့မဟုတ် တစ်ဟူသော တန်ဖိုးတခုကို ဆောင်နိုင်သည်။ ဗစ်စုစုပေါင်း



အင်ဂျင်နီယာ တဦးက ဗီဒီယိုစကရင်တွင် အလင်းရောင်ကြည့်ဖြင့် ဒီဇိုင်းရေးဆွဲစဉ်

ရှစ်ခုစီတွဲလျှင် တတွဲကို ဗိုက် ( byte ) ဟု ခေါ်သည်။ ဗိုက်တခုလျှင် အက္ခရာ သို့မဟုတ် ဂဏန်းတလုံးကို ကိုယ်စားပြုစေသည်။ ကွန်ပျူတာ လည်ပတ်သည့် အခါတွင် တကြိမ်လျှင် ဗစ်တခုချင်း ကိုင်တွယ်ခြင်းထက် ဗိုက်တခု သို့မဟုတ် ဗိုက်နှစ်ခုတွဲ၊ တနည်းအားဖြင့် ဗစ်ရှစ်ခု သို့မဟုတ် ဗစ် ၁၆ ခု အတွဲလိုက် လုပ်ဆောင်ခြင်းက ပို၍ လျင်မြန်စေသည်။ ထိုအတွဲတတွဲကို ကွန်ပျူတာတွင် အသုံးပြုသော စကားတလုံး၏ အရွယ်အစားဟု ယူဆနိုင်သည်။ စကားတလုံး၏ ပမာဏသည် ဗိုက်တခုမှ ရှစ်ခု သို့မဟုတ် ဗစ်စုစုပေါင်း ရှစ်ခုမှ ၆၄ ခုအထိ ရှိနိုင်သည်။

### ကွန်ပျူတာစက်၏ ဖွဲ့စည်းပုံ

ကွန်ပျူတာစနစ်တခုတွင် စက်ပစ္စည်းငါးပိုင်းပါရှိသည်။ ၎င်းတို့မှာ အသွင်းယူနစ်၊ အထုတ်ယူနစ်၊ ဗဟိုတွက်ချက်မှုယူနစ်၊ မှတ်ဉာဏ်ယူနစ်၊ အရန်မှတ်ဉာဏ်ယူနစ်တို့ ဖြစ်ကြသည်။

အသွင်းယူနစ်၏တာဝန်သည် ပရိုဂရမ်များနှင့် အချက်အလက်များကို ပြင်ပမှ ကွန်ပျူတာမှတ်ဉာဏ်ယူနစ်ထဲသို့ ပို့ဆောင်ပေးရန်ဖြစ်ပြီး အထုတ်ယူနစ်၏ တာဝန်သည် မှတ်ဉာဏ်ယူနစ်အတွင်း၌ ရှိနေသော ပရိုဂရမ် အချက်အလက်နှင့် တွက်ချက်၍ ရသော ရလဒ်များကို ပြင်ပသို့ ပြန်လည် ပို့ဆောင်ပေးရန် ဖြစ်သည်။

မှတ်ဉာဏ်ယူနစ်တွင် ပရိုဂရမ်နှင့် အချက်အလက်များ အပြင် တွက်ချက်နေဆဲတွင် ရရှိလာသော ရလဒ်များနှင့် အဖြေများကိုလည်း သိုလှောင် သိမ်းဆည်း ထားသည်။ အချို့ကွန်ပျူတာစက်များသည် ပရိုဂရမ် တခုထက်မက

တပြိုင်နက် တွက်ချက်ပေးနိုင်သဖြင့် ထိုကွန်ပျူတာ၏ မှတ်ဉာဏ်တွင် တွက်ချက်နေဆဲ ပရိုဂရမ်များနှင့် အချက်အလက်များ အားလုံးကို သိုလှောင်ရသည်။ ပရိုဂရမ်တခု တွက်ချက်ပြီးစီးသွားသောအခါ ထိုပရိုဂရမ်နှင့်တကွ သက်ဆိုင်သော အချက်အလက်အားလုံးကို မှတ်ဉာဏ်ယူနစ်တွင် မထားရှိတော့ချေ။ စက်ပိတ်လျှင် ဖြစ်စေ၊ အခြားပရိုဂရမ်တခု စတင်လျှင် ဖြစ်စေ၊ အလိုအလျောက် ပျက်ပြယ်သွားမည်ဖြစ်သည်။ နောင်တွင် ထပ်မံအသုံးပြုလိုသော ပရိုဂရမ်များနှင့် အချက်အလက်များ၊ အဖြေများကို သိမ်းဆည်းထားလိုလျှင် အရန်မှတ်ဉာဏ်ယူနစ်သို့ ရွှေ့ပြောင်းသိုလှောင်နိုင်သည်။ နောင်တကြိမ် အသုံးပြုလိုလျှင် အရန်ယူနစ်မှတဆင့် အချိန်မရွေး ပြန်လည် ရွှေ့ပြောင်း ယူနိုင်သည်။ ထို့ပြင် အလွန်ကြီးမားသော ပရိုဂရမ်များကို တွက်ချက်ရာတွင် လည်းကောင်း၊ မြောက်မြားစွာသော အချက်အလက်များကို အသုံးပြုရာတွင် လည်းကောင်း၊ ပင်မမှတ်ဉာဏ်ယူနစ်တွင် နေရာ မလုံလောက်ခဲ့လျှင် အရန်မှတ်ဉာဏ်ယူနစ်တွင် ပူးတွဲသိုလှောင်၍ တွက်ချက်နိုင်သည်။

အသွင်းယူနစ်၊ အထုတ်ယူနစ်၊ မှတ်ဉာဏ်ယူနစ်နှင့် အရန်မှတ်ဉာဏ်ယူနစ်များ အားလုံးကို ထိန်းချုပ်သည့် တာဝန်ကိုမူ ဗဟိုတွက်ချက်မှုယူနစ်က ထမ်းဆောင်သည်။ ဗဟို တွက်ချက်မှုယူနစ်တွင် ထိန်းချုပ်မှုယူနစ်နှင့် တွက်ချက်ရေးယူနစ်ဟူ၍ နှစ်ပိုင်းခွဲခြား ဖော်ပြနိုင်သည်။ တွက်ချက်ရေးယူနစ်တွင် အပေါင်း၊ အနုတ်၊ အမြောက်၊ အစား ပြုလုပ်ခြင်းနှင့် ကိန်းဂဏန်းနှစ်ခု သို့မဟုတ် အကွာရာနှစ်ခုကို တူညီခြင်း ရှိ မရှိ နှိုင်းယှဉ်စစ်ဆေးခြင်းတို့ကို လုပ်ဆောင်သည်။ ကွန်ပျူတာဖြင့် ဖြေရှင်းသော တွက်နည်းအားလုံးသည် ထိုတွက်ချက်မှု လုပ်ငန်းငါးမျိုးကို အခြေခံ၍ လုပ်ဆောင်ခြင်းကြောင့် ဇွက်ချက်ရေးယူနစ်သည် ကွန်ပျူတာ၏ သခ်ျာနှင့် ယုတ္တိဗေဒလုပ်ငန်းများကို ပြုလုပ်သည့် အစိတ်အပိုင်းဟု ခေါ်ဆိုနိုင်သည်။

မှတ်ဉာဏ်အတွင်း၌ ရှိနေသည့် ပရိုဂရမ်တွင်ပါဝင်သော ညွှန်ကြားချက်များကို တခုပြီးတခု ဖတ်ယူပြီးလျှင် မည်သည့် လုပ်ဆောင်ချက်ကို အကောင်အထည် ဖော်ရမည်ဆိုသည်ကို ထိန်းချုပ်မှုယူနစ်က ဖော်ထုတ်ပေးသည်။ မည်သည့် ယူနစ်၌ မည်သည့် လုပ်ငန်း လုပ်ဆောင်ရမည်ကို တွက်ချက် ပိုင်းခြားပြီးနောက် ယူနစ်များကို တာဝန်ခွဲဝေပေးအပ်သည်။ ဤနည်းဖြင့် ညွှန်ကြားချက်များကို ပရိုဂရမ်တွင် ဖော်ပြထားသည့်အတိုင်း ဆက်တိုက်ဆောင်ရွက်သွားနိုင်စေရန် ထိန်းချုပ်မှုယူနစ်သည် ကျန်ယူနစ်များ အားလုံးကို ထိန်းချုပ်၍ လည်ပတ်စေသည်။


### အသွင်းအထုတ် အစိတ် အပိုင်းများ

ကွန်ပျူတာကို ခိုင်းစေရန် ညွှန်ကြားချက်များနှင့် အချက်အလက်များကို ကွန်ပျူတာ အသုံးပြုသူက စက်အတွင်းသို့ ထည့်သွင်းရန်အတွက် စက်အစိတ်အပိုင်း အမျိုးမျိုးကို အသုံးပြုနိုင်သည်။ ထိုစက်များကို အသွင်းယူနစ်များဟု ခေါ်ဝေါ်ကြသည်။ ပုဏ္ဍာတွက်ချက်နေစဉ်ကာလတွင် ဖြစ်စေ၊ တွက်ချက်ပြီးစီးသည့်အခါတွင် ဖြစ်စေ၊ ကွန်ပျူတာအတွင်း၌ရှိသော ရလဒ်များကို လူက ရှုမြင်နိုင်ရန်အတွက် ထုတ်ဖော် ပြသနိုင်မည့် စက်အစိတ်အပိုင်းများ လည်း ရှိကြသည်။ ထိုစက်အစိတ်အပိုင်းများကို အထုတ်ယူနစ်များဟု ခေါ်ဝေါ်ကြသည်။

ဗီဒီယို စက်ခလုတ် ခုံသည် အသုံးများသော အသွင်းအထုတ်ယူနစ်တမျိုးဖြစ်သည်။ ရုံးသုံး လက် နှိပ် စက် ၏ ခလုတ်ခုံနှင့် ဆင်တူသော စက်ခလုတ်ခုံတွင် ပါဝင်သည့် ခလုတ်များကို နှိပ်၍ လိုအပ်သည့်စာအက္ခရာများ၊ ဂဏန်း အက္ခရာများကို ကွန်ပျူတာအတွင်းသို့ တိုက်ရိုက် ထည့်သွင်းနိုင်သည်။ ဗီဒီယိုစက်ခလုတ်ခုံတွင်ပါဝင်သော ဗီဒီယို ဖန် စကရင်( V D U Screen ) ပေါ်တွင် စာတန်းများကို ရှုမြင်နိုင်သည်။ ဗီဒီယိုစကရင်သည် အများအားဖြင့် တကြောင်းလျှင် ဂဏန်းနှင့် အင်္ဂလိပ်စာအက္ခရာ ရှစ်ဆယ် ပါဝင်သော စာကြောင်း နှစ်ဆယ့်လေးကြောင်းကို တပြိုင်နက်တည်း ဖော်ပြနိုင်သည်။ လူက နှိပ်သွင်းနေဆဲ စာတန်းများနှင့်တကွ စက်မှတုန့်ပြန် အကြောင်းကြားလိုသော အချက်အလက်များကိုလည်း ကွန်ပျူတာ ဗီဒီယို စကရင်တွင် လူမြင်စေရန် ဖော်ပြပေးနိုင်သည်။ ထို့ကြောင့် ခလုတ်နှိပ်နေသူသည် မိမိနှိပ်နေဆဲ စာများကို စကရင်တွင် မြင်နိုင်မည်။ စာတန်းများကို ပြင်ဆင်ဖြည့်စွက်လိုလျှင် သက်ဆိုင်ရာခလုတ်များကို သုံး၍ စာလုံး တလုံးချင်း သို့မဟုတ် စာကြောင်း တကြောင်းချင်း တည်းဖြတ်နိုင်သည်။ အမှား




**ကုန်ပစ္စည်းတံဆိပ်တွင်ပါဝင်သော မျဉ်းကုဒ်ကို စက်ဖြင့်ဖတ်၍ ကုန်သွင်းကုန်ထုတ်လုပ်ငန်း တိကျစေသည်။**




စာလုံး ရိုက် စက်ဖြင့် ကွန်ပျူတာမှ အဖြေများထုတ်ယူသည်။

အယ့ွင်းတခု ပြင်လိုလျှင် စာမျက်နှာ တခုလုံးကို အစမှ ပြန်လည်၍ နှိပ်သွင်းရန် မလိုချေ။ ကွန်ပျူတာအတွင်း၌ သိုလှောင်ထားဆဲ ဖြစ်သော ပရိုဂရမ်နှင့် အချက်အလက်များကိုလည်း ဗီဒီယူစက်ခလုတ်ခုံမှတဆင့် ကောက်နုတ်၍ တည်းဖြတ် ပြင်ဆင်နိုင်သည်။

အချို့စက်ခလုတ်ခုံများတွင် ဖန်စကရင်အစား စက္ကူပေါ်တွင် စာရိုက်ပေးသော စာရိုက်စက်သာ ပါရှိသည်။ လူက ခလုတ်နှိပ်၍ သွင်းရသည်။ ကွန်ပျူတာက စာရိုက်၍ အကြောင်း ပြန်ကြားသည်။ တဲလက်စ် ခလုတ်ခုံနှင့် ဆင်တူသည်။

အထက်ပါစက်များသည် ဂဏန်းနှင့်စာများ ဖြည့်သွင်းရန် သင့်တော်သော်လည်း ပုံများ၊ ဂရပ်များ ဖြည့်သွင်း၍ မရချေ။ ဒီဂျီတိုင်ဇာဟု ခေါ်သော ကိရိယာဖြင့်သာ ပုံများနှင့် ဂရပ်များကို ဖြည့်သွင်းနိုင်သည်။ အောက်ခံပြားပေါ်တွင် ပုံစံကို နေရာချပြီးလျှင် ပုံစံ၏ အတိုင်းအတာများကို ကညစ်တန်ဖြင့် ထောက်ခြင်းအားဖြင့် ကညစ်၏ရွှေလျှားမှု အပေါ် မူတည်၍ ပုံစံ၏ အတိုင်းအတာများကို ကွန်ပျူတာက သိုလှောင်ထားနိုင်သည်။ ထိုနည်းဖြင့် မြေပုံများ၊ အဆောက်အအုံပုံစံများ၊ ပစ္စည်းကိရိယာများ၏ ပုံစံများ၊ ဒီဇိုင်းနှင့် ဂရပ်များကို ကွန်ပျူတာအတွင်း မှတ်သားနိုင်သည်။ အချို့သော စက်ခုံများတွင် ပုံစံများကို ကညစ်ဖြင့် စကရင်ပေါ်တွင် တိုက်ရိုက် ရေးဆွဲနိုင်သည်။

ပုံဆွဲသည့်စက်၏ကလောင်တံသည် ဝဲနှင့်ယာ ရွှေလျှားနိုင်သည်။ ထို့ပြင် ကလောင်တံက ရွှေတိုး နောက်ဆုတ်လည်း ပြုလုပ်နိုင်သည်။ အချို့စက်တွင် ကလောင်က ရွှေတိုး နောက်ဆုတ် မပြုပဲ ပုံဆွဲစက္ကူပတ်ထားသည့်ဒလိမ့်က ရွှေတိုး နောက်ဆုတ် ပြုလုပ်သည်။ ပရိုဂရမ်၏ ညွှန်ကြားချက်များကို ကွန်ပျူတာက လိုက်နာ၍ ပုံဆွဲစက်ကို ဂျိက်သို့ ထိန်းချုပ်ခြင်းဖြင့် တိကျမှုနှုန်းစာ ပုံဆွဲပေးသည်။ တိကျမှုအားဖြင့် ဝ.ဝဝဝ၅ လက်မအထိ ရနိုင်သည်။ တစက္ကန့်လျှင် လက်မ ၅၀ အထိ အမြန်နှုန်းရနိုင်သည်။

ပုံဆွဲစက်ကို တိကျစွာထိန်းချုပ်သည့်နည်းဖြင့်ပင် စက်ရုံများတွင် အသုံးပြုလေ့ရှိသော တွင်ခုံ၊ ဖောက်စက်၊ ဖိစက်၊ ဖြတ်စက်များ ကိုလည်း စက်ပစ္စည်း ထုတ်လုပ်မှု အတွက် ကွန်ပျူတာဖြင့် ထိန်းချုပ်နိုင်သည်။ ပစ္စည်းတခုချင်းကို ပုံစံအတိုင်း ပြုလုပ်နိုင်ရန် ကွန်ပျူတာ ပရိုဂရမ် အတွက် မှန်ကန်တိကျသော အတိုင်းအတာများကို ထုတ်လုပ်မှု အင်ဂျင်နီယာက ခလုတ်ခုံမှတဆင့် ကြိုတင်၍ဖြည့်သွင်းပေးထားရသည်။

အချို့ဓာတုစက်ရုံများနှင့် ဓာတ်ခွဲခန်းများတွင် စက်လည်ပတ်ခြင်းကို ကွန်ပျူတာဖြင့် ထိန်းချုပ်သောအခါတွင် လုပ်ငန်းတွင်ဖြစ်နေဆဲ အပူချိန်၊ သိပ်သည်းဆ၊ စက်လည်ပတ်နှုန်းနှင့် ဖိအားအစရှိသည့် အတိုင်းအတာများကို အဆက်မပြတ်တိုင်းကာနေသည့် ကိရိယာများက ကွန်ပျူတာသို့ အချက်အလက်များတိုက်ရိုက်ပို့ပေးနိုင်သည်။ ကွန်ပျူတာက ထိုအတိုင်းအတာများကို ညွှန်ကြားချက်အတိုင်း စိစစ်ပြီးလျှင် လိုအပ်ပါက လူကိုသတိပေးခြင်း သို့မဟုတ် စက်လည်ပတ်မှုကို တိုက်ရိုက်ပြုပြင်ပေးခြင်း စသည်တို့ကို ပြုလုပ်နိုင်သည်။

ထို့ပြင် ဆေးရုံတွင် လူနာ၏အပူချိန်၊ သွေးတိုးနှုန်းနှင့်

နှလုံးခုန်နှုန်းစသည်တို့ကို တိုင်းတာရေးကိရိယာက ကွန်ပျူတာသို့ အချိန်မှန်ပေးပို့ပြီး ကွန်ပျူတာက စိစစ်၍ လိုအပ်လျှင် သူနာပြုအား သတိပေးနှိုးဆော်သည်။ ဤနည်းဖြင့် စိုးရိမ်ရသောလူနာများကို အဆက်မပြတ် စောင့်ကြပ်ကုသပေးနိုင်သည်။

လက်နှိပ်စက်ဖြင့် ပြုစုထားသောစာမူအကွက်ပုံစံများကို ဖတ်ရှုနိုင်သောဖတ်စက်များလည်း ပေါ်ပေါက်နေပြီ ဖြစ်သည်။ တမိနစ်လျှင် လေးမျက်နှာ သို့မဟုတ် အကွက် ၁၀,၀၀၀ ခန့်ဖတ်နိုင်သည်။ အချို့စက်များသည် ချက်လက်မှတ်တွင် သံလိုက်မင်ဖြင့် ရိုက်နှိပ်ထားသော စာနှင့် ဂဏန်းကိုဖတ်နိုင်သည်။ ဘဏ်လုပ်ငန်းတွင် ကွန်ပျူတာက ချက်လက်မှတ် အမြောက်အမြားကို တိုက်ရိုက် ဖတ်ယူ၍ ငွေစာရင်းများစွာကို ချက်ချင်းစာရင်းရှင်းကြသည်။


အဖြူရောင်နောက်ခံပေါ်တွင် အနံ့မတူသော အနက်ရောင်မျဉ်းကလေးများကို အကွာအဝေးခွဲခြား၍ စီခြင်းဖြင့် ဂဏန်းများကို ကုဒ်ပြုလုပ်ထားနိုင်သည်။ ကုန်ပစ္စည်းတမျိုးချင်းကို နံပါတ်တခုစီ သီးခြားသတ်မှတ်ထားပါက ကုန်ပစ္စည်းတခုချင်းတွင် သက်ဆိုင်ရာမျဉ်းကုဒ်ကို ရေးမှတ်ထားနိုင်သည်။ ထိုကဲ့သို့ မျဉ်းကုဒ်များကို ဖတ်ရှုနိုင်သောစက်များကို စက်ရုံ၊ ကုန်ရုံနှင့် ဆိုင်ခန်းများတွင် တပ်ဆင်၍ ကွန်ပျူတာနှင့် တိုက်ရိုက်ဆက်သွယ်အသုံးပြုကြသည်။

အဖြေနှင့် အချက်အလက် များကို လူမြင် နိုင်စေရန် စာရိုက်စက်ဖြင့် ကွန်ပျူတာက ရိုက်ထုတ်ပေးရာတွင် စာလုံးရိုက်စက်၊ စာကြောင်းရိုက်စက်နှင့် စာမျက်နှာ ရိုက်စက်ဟူ၍ စက်သုံးမျိုးရှိသည်။


စာလုံးရိုက်စက်များသည် တစက္ကန့်လျှင် စာလုံး ၄၀ မှ ၁၈၀ ထိ ရိုက်နှိပ်နိုင်သည်။ စာကြောင်းရိုက်စက်များသည် တကြောင်းလျှင် စာလုံး ၈၀ မှ ၁၃၂ အထိပါဝင်သော စာကြောင်း ၁,၂၀၀ ကို တမိနစ်အတွင်း ရိုက်နှိပ်ပေးနိုင် သည်။ စာမျက်နှာ ရိုက်စက်များသည် ၈½ လက်မ×၁၁ လက်မရှိသော စာမျက်နှာ ၂၀ မျက်နှာကို တမိနစ်အတွင်း ရိုက်နှိပ်ပေးနိုင်သည်။ စာလုံးနှင့် စာကြောင်း ရိုက်စက်များသည် ရုံးသုံး လက်နှိပ်စက် ပုံစံအတိုင်း မင်ဆုတ်ထားသောအဝတ်ကြိုးနှင့် မောင်းတံတို့ဖြင့် စာလုံးများရိုက်နှိပ်သည့်နည်းလမ်းကို အသုံးပြုပြီး စာမျက်နှာရိုက်စက်များသည် ရုံးသုံးမိတ္တူကူးစက်များ၏ မိတ္တူပုံကူးသည့်နည်းလမ်းဖြင့် ရိုက်နှိပ်သည်။

### ပင်မမှတ်ဉာဏ် အစိတ်အပိုင်းများ

ပင်မမှတ်ဉာဏ်တွင် ကွန်ပျူတာက လတ်တလော လိုအပ်မည့် ပရိုဂရမ်နှင့် အချက်များကိုသာ သိုလှောင်ပြီးလျှင် နောင်တွင် လိုအပ်သည်များကို အရန်မှတ်ဉာဏ်တွင် သိုလှောင်ခြင်းဖြင့် ပင်မမှတ်ဉာဏ်၏ သိုလှောင်နိုင်စွမ်းကို ပံ့ပိုးပေးနိုင်သည်။ ပင်မမှတ်ဉာဏ်၏စွမ်းအင်ကို သိုလှောင်အား၊ ရေးနှုန်းဖတ်နှုန်းများဖြင့် ဖော်ပြလေ့ ရှိသည်။



သံလိုက်ဓာတ်ပြားစက်၏ အတွင်းပိုင်းတွင် ဓာတ်ပြား လည်ပတ်နေစဉ် သံလိုက်ခေါင်းဖြင့် ဖတ်ယူသည်။



အလွန်ကျစ်လျစ်သိပ်သည်းသော အီလက်ထရွန်နစ် ပစ္စည်းများကို အထူးစင်ကြယ်သော စက်ခန်းတွင် ပြုလုပ်ရသည်။

သို့လျှောင်အားကိုတိုင်းတာရာတွင် တယူနစ်ကို တဗိုက်ဟု သတ်မှတ်ကြသည်။ ဗိုက်ပေါင်း ၁,၀၂၄ ခုကို တကီလိုဗိုက်၊ အတိုကောက်အားဖြင့် ကေဗိုက် (K Byte = KB)ဟု ခေါ်လေ့ရှိသည်။ ဥပမာ ၆၅,၅၃၆ ဗိုက်ကို ၆၄ ကေဗိုက်ဟု အတိုကောက်ရေးသည်။ ၁၀,၂၄,၀၀၀ ဗိုက်ကို တမက်ဂါဗိုက် (Megabyte = MB)ဟု ခေါ်သည်။ ပင်မမှတ်ဉာဏ်သည် အရွယ်အစားအားဖြင့် ၄ ကေဗိုက်မှ ၃၂ မက်ဂါဗိုက်အထိ ရှိနိုင်သည်။ အမြန်ဆုံး ကွန်ပျူတာကြီးများသည် တစက္ကန့်လျှင် ဗိုက်ပေါင်း ၁၆ သန်း ရေးဖတ်နိုင်သည်။

ပင်မမှတ်ဉာဏ်ကို ထရန်စစ္စတာပစ္စည်းများဖြင့် တည်ဆောက်ကြသည်။ ယခင်ကွန်ပျူတာများတွင် သံလိုက်ကွင်းငယ်ကလေးများကို လျှပ်စစ်နန်းကြိုးများဖြင့် ရက်လုပ်၍ မှတ်ဉာဏ်ပြုလုပ်ခဲ့ကြသည်။ ထရန်စစ္စတာ အစိတ်အပိုင်းများ ဖွဲ့စည်းတည်ဆောက်ပုံ ကျစ်လျစ်သိပ်သည်းလာသဖြင့် ပင်မမှတ်ဉာဏ်ကို ထရန်စစ္စတာများ အလွန်သိပ်သည်းစွာ ပါဝင်သည့် အီလက်ထရွန်နစ် အစိတ်အပိုင်းဖြစ်သည့် စီလီကွန်ချစ် (Silicon Chip) များဖြင့် ပြုလုပ်ကြသည်။ ပင်မမှတ်ဉာဏ်သည် ဗဟိုတွက်ချက်မှုယူနစ်နှင့် တိုက်ရိုက် ဆက်သွယ်ထားသောကြောင့် ရေးနှုန်းနှင့် ဖတ်နှုန်းကို အမြန်ဆုံး ရနိုင်သည်။ အရန်မှတ်ဉာဏ်ကိုမူ တိုက်ရိုက် ဆက်သွယ်ထားခြင်း မရှိသဖြင့် ပို၍ နှေးကွေးသည်။

## အရန်မှတ်ဉာဏ်၏ စက်အစိတ်အပိုင်းများ

ကွန်ပျူတာတခုတွင် အရန်မှတ်ဉာဏ် တမျိုးထက်မက တပ်ဆင်နိုင်သည်။ အရန်မှတ်ဉာဏ် အမျိုးအစားမတူခြင်းကြောင့် သို့လှောင်နိုင်စွမ်းနှင့် ရေးနှုန်း၊ ဖတ်နှုန်း ကွာခြားမှုများရှိနိုင်သည်။ အရန်မှတ်ဉာဏ်တွင် သံလိုက်ခေတ်ပြားနှင့် သံလိုက်တိပ်ခွေကို အများဆုံး အသုံးပြုကြသည်။ ခေတ်ပြားနှင့်တိပ်ကြိုးခွေတို့၏ မျက်နှာပြင်တွင် သံလိုက်ခေတ်အား လက်ခံနိုင်မည့် အလွှာတခုဖြင့် ဖုံးလွှမ်းထားသည်။ ထိုအလွှာတွင် သုည်နှင့်တစ်ကို သရုပ်ဆောင်သော တောင်နှင့်မြောက် သံလိုက်ခေတ်အားဖြင့် အချက်အလက်များကို ရေးမှတ်ထားနိုင်သည်။

သံလိုက်ခေတ်ပြားသည် အသံသွင်းခေတ်ပြားကဲ့သို့ စက်ဝိုင်းပုံသဏ္ဌာန်ရှိသည်။ အချင်း သုံးလက်မမှ ၁၄ လက်မ အထိ အရွယ်အစား အမျိုးမျိုး ရှိကြသည်။ ပါးလွှာသော ပလတ်စတစ်အပြားမှ ထူထဲသောသတ္တုပြားအထိ ပစ္စည်းမျိုးစုံဖြင့် ပြုလုပ်ကြသည်။ သံလိုက်ခေတ်ပြား ရေးဖတ်စက်ပေါ်တွင် ခေတ်ပြားက လျင်မြန်စွာလည်ပတ်နေစဉ်တွင် သံလိုက်ခေါင်းများက ရွှေတိုး နောက် ဆုတ် ပြုလျက် ခေတ်ပြား၏မျက်နှာပြင်တွင် စက်ဝိုင်း လမ်းကြောင်းအလိုက် အချက်အလက်များ ရေးနိုင် ဖတ်နိုင် ဖျက်နိုင်သည်။ အချို့စက်များတွင် ခေတ်ပြား ချပ်ကို စက်၏ အတွင်း၌ အခိုင်အမာတပ်ဆင်၍ စက်ကို လုံအောင်ပိတ်ထားသဖြင့် ခေတ်ပြားကိုထုတ်ယူ၍ မရချေ။ အချို့စက်များတွင်မူ ခေတ်ပြားချပ်ကို တပ်နိုင်ဖြုတ်နိုင်သည်။ ခေတ်ပြားကို တချပ်တည်းမဟုတ်ပဲ နှစ်ချပ်ထက်မနည်း ထပ်ဆင့်ပူးတွဲ၍ အုံလိုက် ရေး ဖတ် ဖြုတ်နိုင်သည့် စက်များလည်း ရှိကြသည်။ လိုသောအခါတွင် သက်ဆိုင်ရာ ခေတ်ပြားချပ်ကို တပ်ဆင်၍ ရေးနိုင် ဖတ်နိုင်သည်။ သံလိုက်ခေတ်ပြားစက်၏ သိုလှောင်အားကို ဤနည်းဖြင့် တွင်ကျယ်စွာသုံးစွဲနိုင်သည်။ အသေးဆုံး သံလိုက်ခေတ်ပြား တချပ်တွင် အက္ခရာတသိန်းနှင့် အကြီးဆုံး တွင် အက္ခရာသန်းပေါင်း ၄၀၀ ခန့် သိုလှောင်နိုင်သည်။

သံလိုက်တိပ်ခွေ ဆိုသည်မှာ ပလတ်စတစ်ကြိုးပြားဖြစ်ပြီး ယင်း၏တဘက်တွင် သံလိုက်ခေတ် လက်ခံသည့် အလွှာတခုဖြင့် ဖုံးအုပ်ထားသည်။ စက်ပေါ်တွင် တိပ်ခွေကို ရစ်၍ သံလိုက်ခေါင်းများဖြင့် အလျားလိုက် ရေးနိုင် ဖတ်နိုင် ဖျက်နိုင်သည်။ အရွယ်အစားအားဖြင့် အသံသွင်းကက်ဆက်တိပ်ခွေအရွယ် ဖြစ်သော ဗျက် $\frac{3}{4}$ လက်မမှ $\frac{1}{2}$ လက်မနှင့် ပေရှည် ၂,၄၀၀ အထိ ရှိနိုင်သည်။ ဖတ်သည့်နှုန်းမှာ တစက္ကန့်လျှင် ၄၅ ပေအထိနှင့် အချက်အလက် သိပ်သည်းဆ တလက်မလျှင် အက္ခရာ ၆,၂၅၀ ထိ ရှိနိုင်သည်။

ကွန်ပျူတာကြီးများတွင် ဗျက် ၃၂ လက်မရှိသော တိပ်ခွေကို အသုံးပြုလေ့ရှိ၏။ အိမ်သုံးကွန်ပျူတာကလေးများတွင် စျေးနှုန်းချိုသာသည့် အသံသွင်းကက်ဆက်များကိုပင် အရန်မှတ်ဉာဏ်အဖြစ် သုံးစွဲနေကြသည်။ ရက် ရှည် သိုလှောင်မှုအတွက် သံလိုက်တိပ်ခွေသည် ခိုင်လုံမှု အကောင်းဆုံးနှင့် စရိတ်အနည်းဆုံးဖြစ်သည်။

## အချိန်ညှိနာရီ

ကွန်ပျူတာ၏ လုပ်ငန်းအားလုံးကို စက်ပစ္စည်း အစိတ်အပိုင်းတခုစီမှ တာဝန်ခွဲဝေလျက် ပူးပေါင်း လုပ်ဆောင်ကြရာတွင် အလွန် လျင်မြန်စွာ ပြုလုပ်ကြရမည့် အပြင် တပိုင်းနှင့် တပိုင်း ချိန်ကိုက်၍ လည်ပတ်ကြရန် လိုအပ်သည်။ ထို့ကြောင့် ကွန်ပျူတာအတွင်း၌ အချိန်ညှိပေးသည့် နာရီ ပါဝင်ရသည်။ ထိုနာရီသည် တစက္ကန့်တွင် အကြိမ်သန်းပေါင်းများစွာ အချက်ပေးရသည်။ နာရီ၏ အချက်ပေးချက်ကို မှီငြမ်း၍ အချက်အလက်များ၊ ညွှန်ကြားချက်များနှင့် ထိန်းချုပ်မှု ဆက်သွယ်ချက်များကို အချိန်ညှိ၍ လုပ်ဆောင်ခြင်းနှင့် ကွန်ပျူတာ၏ အတွင်း၌ တနေရာမှ တနေရာသို့ ဆက်သွယ်ခြင်းတို့ဖြင့် လုပ်ငန်းပြီးဆုံးသည်အထိ လည်ပတ်ရသည်။ ယခုခေတ် ကွန်ပျူတာ၏ လုပ်ငန်း လည်ပတ်သည့်နှုန်းမှာ တစက္ကန့်လျင် နှစ်သန်းထက် မနည်းချေ။ ထို့ကြောင့် အလွန် လျင်မြန်လှသော ကွန်ပျူတာကြီးများသည် တမိနစ်လျင် ဂဏန်းပေါင်းခြင်းနှင့် နုတ်ခြင်း အကြိမ်ပေါင်း သန်းတထောင်ကျော် လုပ်ဆောင်ပေးနိုင်ကြသည်။

## ကွန်ပျူတာနှင့် အီလက်ထရွန်နစ် နည်းပညာ


ကွန်ပျူတာနှင့် တိုက်ရိုက် သက်ဆိုင်သော သိပ္ပံပညာသည် အီလက်ထရွန်နစ် စက်မှုနည်းပညာ ဖြစ်သည့် အလျောက် အီလက်ထရွန်နစ် စက်မှုဆိုင်ရာ တီထွင်ကြံဆမှုများ ထွန်းကားလာခြင်းကြောင့် ကွန်ပျူတာစက်များ၏ စွမ်းအားသည်လည်း တိုးပွားလာသည့်အပြင် အရွယ်အစားလည်း ကျစ်လျစ်လာသည်။ လျှပ်စစ် အစိတ်အပိုင်းများကို ပိုမို သိပ်သည်းစွာ ဖွဲ့စည်းနိုင်ခြင်းကြောင့် ယခင်ကထက် အဆပေါင်း တထောင်ကျော် ပိုငယ်သော အစိတ်အပိုင်းများဖြင့် တည်ဆောက်လာနိုင်သည်။ တလက်မ၏ လေးပိုင်း တပိုင်းသာလျှင် ကျယ်သော ဆီလီကွန်ချစ် အီလက်ထရွန်နစ် အပြား တပြားတွင် အီလက်ထရွန်နစ် အစိတ်အပိုင်း တသိန်း ထည့်သွင်း ပြုလုပ်နိုင်ကြပြီ ဖြစ်သည်။ကွန်ပျူတာစက်၏ အဓိက လုပ်ငန်း ဖြစ်သော တွက်ချက်မှုများကို ဆောင်ရွက်ပေးနိုင်သည့် ချစ်ကလေးများကို မိုက်ကရိုပရိုဆက်ဆာချစ်ဟု ခေါ်သည်။ ယခုခေတ် ကွန်ပျူတာ အမြောက်အမြားကို မိုက်ကရိုပရိုဆက်ဆာချစ်များဖြင့် တည်ဆောက်သည်။ ယင်းတို့ကို ကွန်ပျူတာစက်များအပြင် အခြား စက်ကိရိယာများတွင်လည်း ထည့်သွင်း အသုံးပြုနေကြသည်။ တယ်လီဖုန်း၊ ရေဒီယို၊ ရုပ်မြင်သံကြားစက်၊ လျှပ်စစ်မီးဖို၊ မော်တော်ယာဉ် စသည့် လူသုံး စက်ကိရိယာများ၊ စစ်လက်နက် ပစ္စည်းများ၊ စက်ယန္တရားကြီးများ၏ ထိန်းချုပ်မှု အစိတ် အပိုင်းများနှင့် ယန္တရားလုပ်သား စက်ရုပ်များ တွင်လည်း ထည့်သွင်း အသုံးပြုလျက် ရှိသည်။

ကွန်ပျူတာတွင် အချက် အလက် သိုလှောင်သော မှတ်ဉာဏ် အစိတ်အပိုင်းများကိုလည်း ဆီလီကွန်ချစ်များဖြင့် တည်ဆောက်လျက်ရှိရာ အချက်အလက် ယူနစ်ဗစ်ပေါင်း ခြောက်သောင်း၊ နှစ်သိန်းခွဲ၊ ငါးသိန်း စသည်ဖြင့် ပါဝင်သော ချစ်ကလေးများကို ထုတ်လုပ် သုံးစွဲနေကြသည်။ ယခုအခါ ဗစ်ပေါင်း တသန်းဆံ့သော ချစ်များကိုလည်း စမ်းသပ် ထုတ်လုပ်လျက်ရှိသည်။

## ဆက်လက် တီထွင်မှုများ

ကွန်ပျူတာကို လုပ်ငန်းခွင်ပေါင်းစုံတွင် အသုံးပြုလျက်ရှိနေသဖြင့် ကွန်ပျူတာ တည်ဆောက်မှု နည်းပညာများ တိုးတက်လာသည်။ ထို့ပြင် ထုတ်လုပ်မှုနှင့် သုံးစွဲမှု အရေအတွက် တိုးမြင့်လာသဖြင့် သိုလှောင်သည့် စက်များနှင့် သိုလှောင် ကိရိယာများ စျေးနှုန်း ကျ ဆင်း လာ သည်။

**ဆီလီကွန်ချစ်ကို ကွန်ပျူတာစက် အစိတ်အပိုင်းတွင် တပ်ဆင်အသုံးပြုပုံ**





**လော့စ်အိန်းဂျလီး အိုလင်းပစ် အားကစားပွဲတော်တွင် ကွန်ပျူတာကို အသုံးပြု၍ သတင်းထုတ်ပြန်ပုံ**

အကွာရာတလုံးချင်း သိုလှောင်စရိတ်များလည်း တဟုန်ထိုး ကျဆင်းနေသည်။ သံလိုက်ခေတ်ဖြင့် သိုလှောင်သည့် နည်းအပြင် သတ္တုခေတ်ပြား အဝိုင်းပေါ်တွင် လေဆာရောင်ခြည်ဖြင့် အပူခတ်ပေး၍ ရေးမှတ်ထားပြီးလျှင် လေဆာရောင်ခြည်ဖြင့်ပင် အလင်းပြန်ဟပ်၍ တဖန် ပြန်လည် ဖတ်ရှုသောနည်းဖြင့် သိုလှောင်ထားပေးသည့် နည်းစနစ်ကိုလည်း စမ်းသပ် အသုံးပြုနေပြီ ဖြစ်သည်။

လေဆာရောင်ခြည်ဖြင့် အပူခတ်ပေး၍ ရေးသားထားသည့် အမှတ်တမှတ်ကို တစ်ဟူ၍ လည်းကောင်း၊ ဗလာဖြစ်လျှင် သုညဟူ၍ လည်းကောင်း အချက်များကို ရေးမှတ်နိုင်သည်။ လေဆာရောင်ခြည်ကို အလွန် တိကျစွာ ချိန်ရွယ်နိုင်သဖြင့် ယခင်ကထက် ပိုမို သိပ်သည်းစွာ ရေးသားနိုင်ပြီး သိုလှောင်အား တိုးတက်လာသည်။ ထို့ပြင် လေဆာဖြင့် ခေးထားလျှင် ပိုမို ခိုင်မြဲသဖြင့် အချိန်ကြာမြင့်စွာ သိုလှောင်ထားနိုင်မည် ဖြစ်သည်။

တီထွင်ပြီးစဖြစ်သော ကုဒ်မှတ်ဉာဏ် ကိရိယာတမျိုးမှာ အချက်အလက်များ၏ ကုဒ်ဖြစ်သော တစ်နှင့် သုညတို့ကို ပုတီးလုံးကလေးများစီသကဲ့သို့ ရှေ့မှ နောက်သို့ တလုံးချင်း တန်းစီ၍ ထရန်စစ္စတာချစ်ကလေးများတွင် ဖြည့်သွင်းရေးမှတ်သည်။ ဖတ်ရှုလျှင် ထိုအစီအစဉ်အတိုင်း တစ်နှင့်သုညတို့ကို တလုံးပြီးတလုံး တန်းစီ၍ဖတ်ယူရသည်။ ထရန်စစ္စတာချစ်အတွင်း၌ ထည့်သွင်းထားသော လျှပ်စစ်စီးကြောင်း အခွေများက လျှပ်စစ်စွမ်းအားဖြင့် သံလိုက်ခေတ်အားကို လည်ပတ်ပေးခြင်းဖြင့် တစ်နှင့်သုညတို့ကို ချစ်အတွင်း ရွှေလျှားစေသည်။ ပူစည်ဖောင်းကလေးများသဖွယ် ရွှေလျှားသဖြင့် ပူစည်ဖောင်းမှတ်ဉာဏ်ဟူ၍ ခေါ်ဝေါ်သည်။ ပူစည်ဖောင်းမှတ်ဉာဏ်စက်တွင် လှုပ်ရှားရသည့် စက်ကိရိယာ မလိုသဖြင့် လည်းကောင်း၊ ရေးပြီးသမျှကို အင်အားကောင်းသော သံလိုက်အားဖြင့် ထိန်းချုပ်ထားနိုင်သဖြင့် လည်းကောင်း ကြာရှည် ခိုင်မြဲစွာ သိုလှောင်နိုင်သည်။ ရာသီဥတုဒဏ်ကိုလည်း ကြံ့ကြံ့ခံနိုင်သည်။ လှုပ်ရှားမှုဒဏ်ကိုလည်း မမှုသည့်အပြင် ရွှေပြောင်း သယ်ဆောင်ရန်လည်း မခဲယဉ်းချေ။ အကွာရငါးသိန်း (၅၁၂ ကေဗိုက်) အထိပင် ဆံ့နိုင်သည်။ စွေးနှုန်းအား ဖြင့် ခေတ်ပြားကို မပြိုင်နိုင်သေးသော်လည်း လုပ်ငန်းခွင်ပေါင်းစုံတွင် စိတ်ချရသဖြင့် အလားအလာကောင်းသော အရန်မှတ်ဉာဏ်တမျိုးပင် ဖြစ်သည်။

စိတ်ဝင်စားဖွယ်ကောင်းသော နည်းလမ်းတခုမှာ ကွန်ပျူတာကို လူက နှုတ်မိန့်ဖြင့် တိုက်ရိုက် ညွှန်ကြားခြင်း ဖြစ်သည်။ အမိန့်သံကို ဖမ်းယူ၍ မူလ မှတ်သားထားသော အမိန့်သံများနှင့် နှိုင်းယှဉ် စိစစ်၍ အမိန့်ကို အဓိပ္ပာယ်ဖော်ယူပြီးလျှင် သက်ဆိုင်ရာ လုပ်ဆောင်ချက်များကို ကွန်ပျူတာက လိုက်နာ ဆောင်ရွက်ရသည်။ သို့သော် လူတဦးချင်း အသံနေ အသံထား ကွဲပြားမှုများလည်း ရှိသည်။ အသံတူသော်လည်း အဓိပ္ပာယ်လွဲနိုင်သည်။ အဓိပ္ပာယ်တူသော်လည်း စကားပြောပုံ လွဲနိုင်သည်။ ယင်းအချက်များကြောင့် လူကပြောသော စကားကို အဓိပ္ပာယ်ပေါ်လွင်စေရန် မှတ်ဉာဏ်နှင့် တွက်အား အများအပြား လိုအပ်သဖြင့် စိတ်တိုင်းကျ အသုံးပြု၍ မရသေးချေ။

### စျေးကွက်ဝင် ကွန်ပျူတာ အမျိုးမျိုး

လုပ်ငန်းသဘာဝနှင့် လိုအပ်ချက်ပေါ်တွင် မူတည်၍ ကွန်ပျူတာ အမျိုးမျိုး တီထွင် ထုတ်လုပ်ခဲ့ကြရာ မျက်မှောက်ခေတ်တွင် ကွန်ပျူတာ အမျိုးအစား သုံးမျိုးကို ထုတ်လုပ်ရောင်းချလျက် ရှိကြသည်။

ပထမ အမျိုးအစားမှာ အရွယ်ပမာဏ ကြီးမားသော ကွန်ပျူတာ အကြီးစားများ ဖြစ်ကြသည်။ လုပ်ငန်း အမြောက်အများကို တွက်ချက်ပေးနိုင်သည်။ ကုန်ကျစရိတ်လည်း ကြီးမားသည်။ ယင်း ကွန် ပျူ တာ မျိုး ကို အစိုးရ အဖွဲ့အစည်းများ၊ ကော်ပိုရေးရှင်းကြီးများ၊ သန်း ခေါင်စာရင်း ဌာနများ၊ တက္ကသိုလ်နှင့် ဘဏ်တိုက်များက ဝယ်ယူကြသည်။

ဒုတိယ အမျိုးအစားမှာ မိနီကွန်ပျူတာခေါ် ကွန်ပျူတာ အငယ်စားများ ဖြစ်သည်။ ယင်း ထက် ငယ် သော တတိယ အမျိုးအစား ကွန်ပျူတာ အသေးစားများကို မိုက်ကရိုကွန်ပျူတာဟု ခေါ်သည်။ တယောက်သုံး ကွန် ပျူတာ၊ အိမ်သုံး ကွန်ပျူတာနှင့် မိသားစုသုံး ကွန်ပျူတာ များသည် မိုက်ကရို ကွန်ပျူတာ အမျိုးအစားတွင် ပါဝင် သည်။ အရွယ်အားဖြင့် ရုံးသုံး လက်နှိပ်စက်ခန့်ရှိပြီး ရုပ် မြင်သံကြားစက်ကဲ့သို့ ဖန်စကရင် တပ်ဆင်ထားသည်။

### မြန်မာနိုင်ငံ၏ ကွန်ပျူတာကဏ္ဍ

မြန်မာနိုင်ငံတွင် ပထမဦးဆုံး ကွန်ပျူတာအဖြစ် အင်တာနေရှင်နယ် ကွန်ပျူတာလီမိတက် (အင်္ဂလန်) မှ ထုတ်လုပ်သည့် အိုင်စီအယ်လ် ၁၉၀၂ (အက်စ်) ကွန်ပျူ တာစနစ်ကို တက္ကသိုလ်များ ကွန်ပျူတာဌာနတွင် ၁၉၇၃ ခုနှစ် မတ်လမှ စတင်လည်ပတ်ခဲ့သည်။

ရန်ကုန်တက္ကသိုလ်မှ အပ်နှင်းသော မဟာသိပ္ပံ (သခ်ၤာ တွက်စက်သိပ္ပံ) ဘွဲ့နှင့် တွက်ချက်ရေးဒီပလိုမာ (ဒီအေစီ) ဘွဲ့အတွက် သင်တန်းများ၊ ကွန်ပျူတာပရိုဂရမ် ရေးခြင်း သင်တန်း၊ ကွန်ပျူတာ အော်ပရေတာသင်တန်း၊ ထိန်း သိမ်းရေး အင်ဂျင်နီယာသင်တန်းများကို တက္ကသိုလ် များ ကွန်ပျူတာဌာနက ကြီးကြပ် ပို့ချပေးလျက်ရှိသည်။ ထို့ပြင် တက္ကသိုလ်အသီးသီးနှင့် အစိုးရဌာနအသီးသီးတို့မှ အခါအားလျော်စွာ တောင်းခံလာသော ကွန် ပျူ တာ ဘာသာရပ်နှင့် ကွန်ပျူတာသုံးစွဲမှုဆိုင်ရာ သင်တန်းများ၊ ဟောပြောပွဲများနှင့် လက်တွေ့လေ့လာမှု အစီအစဉ်များကို လည်း ပြုလုပ်ပေးလျက်ရှိသည်။

၁၉၇၃ ခုနှစ် သန်းခေါင်စာရင်းစီမံချက်ဖြင့် ကောက်ယူ ရရှိခဲ့သော အချက်အလက်များကို စိစစ်တွက်ချက်၍ လူဦး ရေစာရင်းဇယား ထုတ်လုပ်မှု လုပ်ငန်းအားလုံးကို ကွန်ပျူ တာဖြင့် အစအဆုံး တွက်ချက်ခဲ့သည်။ ထို့အတူ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဌာနချုပ်အတွက် ပါ၊ါ ၁၀၄ များ၏ ကိုယ်ရေးမှတ်တမ်းများ၊ တပ်မတော် မှတ်တမ်းရုံးမှ စစ်မှုထမ်းများ၏ ကိုယ်ရေးမှတ်တမ်းများ၊ တက္ကသိုလ်မှ ဆရာ၊ ဆရာမများ၏ ကိုယ်ရေးမှတ်တမ်းများကို ကွန်ပျူ တာဖြင့် ထိန်းသိမ်း၍ စာရင်းဇယား ထုတ်လုပ်ခြင်းများ ကိုလည်း ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ကျန်းမာရေးလုပ် ငန်းနှင့် ရေရရှိရေး လုပ်ငန်းစာရင်းများ၊ ဆန်စပါးကြိတ်ခွဲ ဖြန့်ဖြူးရေး လုပ်ငန်းစီစစ်ချက်များ၊ ပြည် တွင်း ပြည် ပ သွင်းကုန်နှင့် ထုတ်ကုန်စာရင်းများ၊ မီးရထားခရီးသည်နှင့် ကုန်စည်သယ်ဆောင်မှု စာရင်းများ၊ သမဝါယမအသင်း များ၏ နှစ်ချုပ် ဘဏ္ဍာရေးစာရင်းများ၊ မိုးလေဝသနှင့် ချောင်းရေ မြစ်ရေ အချက်အလက်များ၊ သစ်တောကြိုး ဝိုင်းအတွင်းရှိ ဝါးနှင့် သစ်မျိုးစုံစာရင်းများ၊ ဆောက်လုပ် ရေးနှင့် ရေအားလျှပ်စစ် အင်ဂျင်နီယာပုစ္ဆာများ၊ ရေနံ တွင်းအင်ဂျင်နီယာပုစ္ဆာများ စသည်ဖြင့် ကွန် ပျူ တာ အသုံးချမှုလုပ်ငန်းများစွာကို တက္ကသိုလ်များ ကွန်ပျူတာ ဌာနက လုပ်ဆောင်ပေးခဲ့သည်။ ယခုအခါတွင် တက္ကသိုလ် များ ကွန်ပျူတာဌာနတွင် အရွယ်အမျိုး စုံ ရှိ သည့် ကွန် ပျူတာ စက်ငါးလုံးဖြင့် လည်ပတ်လျက်ရှိသည်။

နိုင်ငံတော်အတွင်း၌ ကွန်ပျူတာနည်းပညာများကို အောင်မြင်စွာ ပျိုးထောင်ပေးနိုင်သဖြင့် မိုက်ကရိုကွန်ပျူ တာစက် ၄၀ ကျော်နှင့် မီနီကွန်ပျူတာ ၂၀ ခန့်ကို လုပ် ငန်းခွင်အနှံ့တွင် အသုံးပြုလျက် နိုင်ငံတော်တိုးတက်မှု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ တွင် ကွန်ပျူတာပညာရပ်ဆိုင်ရာ ဘွဲ့ရရှိပြီးသူ နိုင်ငံသား ၁၅၀ ကျော် ရှိနေပြီဖြစ်သည်။

### ကွန်ပျူတာ၏အနာဂတ်

နှစ်ဆယ်ရာစု သိပ္ပံနှင့် နည်းပညာ တိုးတက်မှုများတွင် ကွန်ပျူတာသိပ္ပံပညာရပ်၏ တိုးတက်မှုများမှာ အံ့မခန်း ဖြစ်သည်။ အကယ်၍သာ မော်တော်ကား တီထွင်ထုတ် လုပ်မှု နည်းပညာသည် ကွန်ပျူတာ၏ တိုးတက်မှုနှုန်း မျိုးဖြင့် တိုး တက် ခဲ့ မည် ဆို ပါ လျှင် ကမ္ဘာပေါ်တွင် အကောင်းဆုံးမော်တော်ကား ရိုးလ်ရွိုက်စ်တစ်စီးကို အမေ ရိကန်ဒေါ်လာ နှစ်ဒသမခုနစ်ဒေါ်လာမျှဖြင့် ရောင်းချနိုင် မည်ဖြစ်ပြီး ဓာတ်ဆီတဂါလံလျှင် မိုင် ပေါင်း သုံး သန်း မောင်းနှင် နိုင်သည့် အ ဆင့် သို့ ပင် ရောက် နိုင် မည် ဟု သုတေသီများက တွက်ပြကြသည်။ ကွန်ပျူတာသိပ္ပံနည်း ပညာ ဆက်လက်ထွန်းကားနေသည်နှင့်အမျှ ကွန်ပျူတာ များသည်လည်း ပိုမိုအစွမ်းထက်၍ ပိုမိုခေတ်မီ ဆန်းပြား လာဦးမည် ဖြစ်လေသည်။

**ဦးကိုကိုလေး**



# ရောဂါဖြိုးမြဲ

## ဆေးပညာ

ရောဂါပြီးခြင်းဆိုသည်မှာ ရောဂါပိုးတမျိုးမျိုး သို့မဟုတ် ပြင်ပပစ္စည်းတခုခုသည် အမှီခံ ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်လာပါက အမှီခံသတ္တဝါသည် မိမိခန္ဓာကိုယ်အတွင်းမှ ပစ္စည်းမဟုတ်သည်ကို သိရှိဖယ်ရှား၍ ခန္ဓာကိုယ်၏ အတွင်းပတ်ဝန်းကျင်ကို နဂိုမူလအတိုင်း အပြောင်းအလဲမရှိအောင် ထိန်းသိမ်းနိုင်သော ဖြစ်စဉ်ကို ဆိုလိုသည်။

ရောဂါပြီးခြင်း၏ ယေဘုယျသဘောကို ရှေးယခင်ကပင် သိရှိလက်ခံခဲ့ကြသည်။ ရောဂါပိုးများကြောင့် ရောဂါဖြစ်ရကြောင်းမသိရှိမီ ရှေးရာစု နှစ်ပေါင်းများစွာကပင် ရောဂါတခုဖြစ်ပြီး၍ ပြန်လည်နေကောင်းလာသောသူများသည် နောင်တွင် ထိုရောဂါကို ခုခံနိုင်စွမ်း ရှိလာသည်ကို တွေ့ရှိခဲ့ကြသည်။ ၁၁ ရာစုနှစ်တွင် တရုတ်သမားတော်ကြီးများသည် ကျောက်ပေါက်သူများ၏ကိုယ်မှ ကျောက်ဖေးများကို ရှူခြင်းဖြင့် ကျောက်ရောဂါကို ကာကွယ်နိုင်ကြောင်း သိရှိခဲ့ကြသည်။ ၁၈ ရာစုနှစ်တွင် အင်္ဂလန်နိုင်ငံ၌ ကနဉီးရောဂါပြီးခြင်း၏ သဘောသဘာဝကို ပိုင်လာရီနိန့်ှင့် တီမိုနီတို့က စတင်တွေ့ရှိခဲ့ပြီး လေဒီမွန်တဂူက ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့သည်။


အက်ဒွပ် ဂျင်နာ၏ လေ့လာတွေ့ရှိချက်ဖြစ်သော နွားဖျား

တံပိုးကို တွေ့ရှိခဲ့သည်။ တီဘီရောဂါအတွက် ဗက်စင်း ထုတ်လုပ်ရန် ကြိုးစားနေစဉ် ကော့သည် ယနေ့တစတစနှင့် ပိုမိုသိရှိလာပြီ ဖြစ်သော ဆဲလ် ကြား ခံ ရော ဂါ ပြီး ခြင်း သဘောကို စတင်တွေ့ရှိခဲ့သည်။ ရူးနှင့် ရာဇင်တို့သည် အစွမ်းထက်သော အပြင်ငန်းမန်းဆိပ်ကို ဆုံဆို့နာ တုတ်တံ ပိုးမှ ခွဲထုတ်၍ရကြောင်း ပြသခဲ့သည်။ ဗွန်ဘာရင်းနှင့် ကစ်တာဆာတို့ တို့သည် ယင်း အပြင်ငန်းမန်းဆိပ် ကို တိရစ္ဆာန်များအား ထိုးခြင်းအားဖြင့် ၎င်းတိရစ္ဆာန်တို့၏ ဒဏ်ခံရကြည်မှ ပဋိငန်းမန်းဆိပ်ဓာတ်ခဲ့သည်။ပဋိငန်းမန်း ဆိပ်ကို ဆေးမထိုးရသေးသော တိရစ္ဆာန်များ၏ ခန္ဓာကိုယ် ထဲသို့ ထိုးပေးခြင်းအားဖြင့် ယင်းတိရစ္ဆာန်များ အပြင် ငန်းမန်းဆိပ်ကို ခြေဖျက်နိုင်ကြောင်း တွေ့ရှိခဲ့သည်။ ထို သဘောကို အားမထုတ် ရောဂါပြီးခြင်းဟု ခေါ်တွင်သည်။

ဖိုက်ဖာနှင့် ဘော်ဒက်တို့သည် သွေးခဲ ရည်ကြည်မှ ဝတ္ထုပစ္စည်းတခုကို ခွဲထုတ်ခဲ့ရာ ယင်းဝတ္ထု ပစ္စည်းသည် ပိုးမွှားများကို သုတ်သင်ရာ၌ ကူညီသည်။ ၂၀ ရာစုနှစ်စ တွင်မှ ကိုယ်ရေရောဂါ ပြီးခြင်းနှင့် ဆဲလ်ရောဂါပြီးခြင်း အကြောင်းကိုကို ပေါ အားလစ်နှင့် မက်ချင်နီကော့တို့က အသီးသီး တွေ့ရှိခဲ့ကြသည်။

## ရောဂါပြီးခြင်း ဖြစ်စဉ်သဘော

ရောဂါပြီးတုံ့ပြန်မှုများသည် ကာကွယ်ခြင်း၊ ကိုယ်တွင်း ဓာတ်မျှတစေခြင်းနှင့် လွှမ်းခြုံလေ့လာ၍ ဗီဇပြောင်းဆဲလ် များကို ဖယ်ရှားပစ်ခြင်းစသော အဓိကကျသည့် လုပ်ငန်း ကြီး သုံးရပ်ကို ဆောင်ရွက်သည်။



ရောဂါပြီး ဗေဒပညာရှင် ပေါ အာလစ်

သိုင်းမတ်၊ ပသိ၊ အူအတက်နှင့် ပေးရားအကွက်ငယ် ကလေးများ၊ ပြန်ရည်ဖု၊ သရက်ရွက်စသည်တို့သည် ရောဂါ ကို တိုက်ဖျက်ရာ၌ အဓိကတာဝန်ယူရသော အင်္ဂါများ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဘီ–ပြန်ရည်ဆဲလ်နှင့် တီ–ပြန်ရည်ဆဲလ်များကို ပြန်ရည်ဖုများ၊ ပသိကျိတ်များ၊ ပေးရား အကွက်ငယ်ကလေးများနှင့် သရက်ရွက်တို့မှ ရရှိ သောကြောင့်ဖြစ်သည်။

ရောဂါပြီးစနစ်ကို နှစ်မျိုးနှစ်စားခွဲခြားနိုင်သည်။ ယင်း တို့မှာ သီးခြားရောဂါပြီး တုံ့ပြန်ခြင်းနှင့် သီးခြားမဟုတ် ရောဂါပြီး တုံ့ပြန်ခြင်းဟူ၍ ဖြစ်သည်။

**သီးခြားရောဂါပြီးတုံ့ပြန်ခြင်း**–သီးခြားရောဂါပြီးတုံ့ပြန်ခြင်း ဆိုသည်မှာ အမှီခံ ခန္ဓာကိုယ်အတွင်းသို့ ပိုးမွှား သို့မဟုတ် ပြင်ပပစ္စည်းတခုခု ဝင်ရောက်လာပါက ဆဲလ်အချင်းချင်း ကြားခိုက်မှု၊ ဆဲလ်အချင်းချင်း တုံ့ပြန်မှုများ ဆက်တိုက် ဖြစ်ပေါ်ပြီး ဆဲလ်များ၏ သီးခြားဓာတ်ပစ္စည်းများ ထုတ် လုပ်ခြင်းကို ဆိုလိုသည်။

သီးခြားရောဂါပြီး တုံ့ပြန်ခြင်းကို အားထုတ်ရောဂါ ပြီး စေခြင်းနည်းနှင့် အားမထုတ်ရောဂါ ပြီးစေခြင်းနည်းဟူ၍ နှစ်နည်းဖြင့် ရရှိနိုင်သည်။

အားထုတ်ရောဂါ ပြီးစေခြင်းကို –

(က) ရောဂါပိုးနှင့် သဘာဝ အလျောက် ထိတွေ့၍ ရောဂါဖြစ်စေပြီး ရောဂါပြီးခြင်းနှင့်


(ခ) သက်ရှင် ဗက်စင်း၊ စွမ်းအား လျော့ဗက်စင်း၊ ငန်းမန်းဆိပ်ပြယ်များ ထိုး၍ ရောဂါပြီးခြင်းတို့ ဖြင့် ရနိုင်သည်။

အားမထုတ် ရောဂါပြီးစေခြင်း၌လည်း –

(က) သဘာဝ အလျောက် မိခင်မှ ကာကွယ်မှုရ ရှိခြင်း၊ ဥပမာ – ဝက်သက်ကာကွယ်ပဋိပစ္စည်း သည် ကိုယ်ဝန်ဆောင် မိခင်မှတဆင့် အချင်း ကိုဖြတ်၍ သန္ဓေ သား ငယ် သို့ ရောက် ခြင်း အားဖြင့် မွေးခါစ သို့မဟုတ် ခြောက်လသား ကလေး ငယ် များ ဝက် သက် ရောဂါမှ ကာ ကွယ်ခြင်း၊

(ခ) အသင့်ပြုလုပ်ထားသော မျိုးကွဲ ပဋိပစ္စည်းကို ထိုးခြင်း၊ ဥပမာ – မေးခိုင်ရောဂါသည်ကို မြင်း မှရရှိသော ငန်းမန်းဆိပ်ဖြေ သွေးခဲရည်ကြည် ထိုး၍ ရောဂါကုသခြင်း ဟူ၍ နှစ်မျိုးရှိသည်။

ပြန်ရည် တစ်ရှူးများ၏ ဓာတ်ပစ္စည်းများဖြင့် ကိုယ် ရည်ရောဂါ ပြီးစေခြင်းနှင့် အာရုံလွှဲဆော်ပြီး ပြန်ရည်ဆဲလ် များကို အသုံးချ၍ ဖြစ်ပေါ်လာသော ဆဲလ်ရောဂါ ပြီး ခြင်းတို့သည် သီးခြားရောဂါပြီး တုံ့ပြန်ခြင်းကို ဖြစ်စေသော အာရုံလွှဲဆော် ယန္တရားနည်းများ ဖြစ်သည်။



လူ၏ မျိုးဗီဇကို ကြွက်၏ သန္ဓေသားလောင်းတွင် ထည့်သွင်းပြီး သုတေသန ပြုလုပ်စဉ်

**သီးခြား မဟုတ်သော ရောဂါပြီးတုံ့ပြန်ခြင်း** – ခန္ဓာကိုယ် အတွင်းသို့ ပိုးမွှား သို့မဟုတ် ပြင်ပပစ္စည်း တခုခု မဝင် ရောက်နိုင်အောင် အရေပြား၊ အသက်ရှူလမ်းနှင့် အစာ လမ်းကြောင်းရှိ ခွဲ၊ ခွဲမြှေး၊ မျှင်ပွားပါသော ဆဲလ်များ၊ ချွေး၊ ဆီကြည်မှ စိမ့်ထွက်ရည်နှင့် မွေးလမ်းကြောင်းရှိ အက်စစ်တို့ဖြင့် ကာကွယ်ထားသည်။ ခန္ဓာကိုယ် အနှံ့တွင် ရှိသော ဒေသရင်းစွဲ ပိုးမွှားများကလည်း ရောဂါပိုးမွှား များ ဝင်ရောက်စွက်ဖက်ခြင်းကို ဆန့်ကျင်သည်။ အကယ် ၍ ပိုးမွှားများ ကိုယ်တွင်းသို့ ဝင်ရောက်ပြီးပါကလည်း သွေးအတွင်းရှိ သွေးဆဲလ်အဖြူများ၊ ဖမ်းစားဆဲလ်များ၊ အင်ဒိုသီလျမ်ဆဲလ်များက သတ်ပစ်ကြသည်။

ပိုးမွှားများကြောင့် တစ်ရှူးများ ဒဏ်ရာရသောအခါ ဆောင်ရမ်းလာသည်။ ရောင်ရမ်းခြင်း၏ အစမှာ ဒေသရင်း သွေးလွှတ်ကြောငယ်လေးများနှင့် ဆံခြည်ပြွန် သွေးကြော များ ကျယ်လာပြီး ၎င်းတို့မှ သွေးရည်ကြည်များ ထွက် လာခြင်း ဖြစ်သည်။ ၎င်းသွေးရည်ကြည်သည် ဒဏ်ရာ

တဝိုက်၌ စုစည်း၍ ပေါရောင်ခြင်း ကို ဖြစ်စေသည်။ ၎င်းအရည်မှ ဖိုင်ဗရင် အမျှင်များသည် ကွန်ယက်ဖွဲ့၍ ပြန်ရည်ကြောများကို ပိတ်ဆို့စေခြင်းအားဖြင့် ရောဂါပိုး များ မပြန့်ပွားအောင် ကာကွယ်ပေးသည်။

ထို့နောက် သွေးဆဲလ် အဖြူများ၊ ဖမ်းစားဆဲလ်များ သည် ဆန်ခြည်ပြွန် သွေးကြောမှတဆင့် ဒဏ်ရာရရှိသည့် နေရာသို့ လာရောက်ကာ သေးငယ်သော ပိုးမွှားကို ချေ ဖျက် သုတ်သင်လိုက်သည်။

## ကိုယ်ရည်ရောဂါ ပြီးစေခြင်း

ကိုယ်ရည်ရောဂါ ပြီးစေခြင်းဆိုသည်မှာ ပဋိပစ္စည်းလွှဲ နှင့် ၎င်းတို့၏ ဓာတ်ပစ္စည်းများကို တိုက်ဖျက်သော ပဋိ ပစ္စည်းများ စွမ်းစွမ်းတမံ ပြုလုပ်ခြင်းကို ဆိုလိုသည်။ ပဋိပစ္စည်းများ ရောဂါကို ခုခံနိုင်ခြင်းမှာ ၎င်းတို့သည် ငန်း မန်းဆိပ်နှင့် ဆဲလ်အင်ဇိုင်းများကို ဓာတ်ပြယ်စေခြင်း၊ ချေဖျက်ခြင်း၊ ရောဂါပိုးများကို တိုက်ရိုက် (သို့မဟုတ်) ဖြည့်စာအကူအညီဖြင့် သတ်ပစ်နိုင်သည့် သဘောရှိခြင်း၊ သေးငယ်သော ပိုးမွှား၊ ဗိုင်းရပ်များ၏ ကူးစက်နိုင်သော စွမ်းရည်ကို ပိတ်ဆို့စေနိုင်ခြင်း၊ပိုးမွှားများကို စုကပ်အောင် ပြုလုပ်၍ ၎င်းတို့ကို ဖမ်းစားဆဲလ်များ အလွယ်တကူ ဖမ်း စားနိုင်ရန် ပြုလုပ်ခြင်း၊ ပိုးမွှားများကို ဖမ်းစားကူခြင်း စသောသတ္တိများရှိခြင်းကြောင့် ဖြစ်သည်။

ပဋိပစ္စည်း အခြေခံကျသော ရောဂါပြီး ဂလိုဗျူလင်ကို ပေါ် လီ ပက် ပ တိုက် ဆက်တန်းလေးခုဖြင့် ဖွဲ့စည်းထား သည်။

ဆက် တန်း လေး ခု သည် မျဉ်းပြိုင်အနေအထား ရှိ၍ အတွင်း၌ အလေးဆက်တန်း နှစ်ခုကို အပေါ်ဆက်တန်း နှစ်ခုက အပြင်မှ ရံထား သည်။ ၎င်းတို့ကို ဒိုင်ဆာလဖိုဒ် ဖြင့် ဆက်ထားသည်။ ပက်ပိန်းကို အသုံးပြုခြင်းအားဖြင့် ပဋိပစ္စည်းလွှဲကို ပေါင်းသော အပိုင်းအစနှင့် ကျောက် သလင်း ပုံသေးကို ဖြစ်စေသော အပိုင်းအစဟူ၍ ခွဲခြား နိုင်သည်။

ဆက်တန်းလေးခုရှိ အခြေခံကျသော ရောဂါပြီး ဂလို ဗျူလင်ကို ပေါင်းခြင်းအားဖြင့် မော်လီကျူးအလေးဆ ပို၍လေးသော ရောဂါပြီး ဂလိုဗျူလင်များ ရရှိသည်။ ပဋိပစ္စည်း အေ၊ ပဋိပစ္စည်း ဘီ၊ ပဋိပစ္စည်း အိုး၊ ပဋိပစ္စည်း ဂျီနှင့် ပဋိပစ္စည်း အမ်တို့သည် ရောဂါပြီး ဂလိုဗျူလင် ငါးမျိုး ဖြစ်သည်။

ပဋိပစ္စည်းဂျီသည် သေးငယ်၍ အချင်းကို ဖြတ်နိုင် သည်။ ပဋိပစ္စည်း၏ ဂဝ ရာခိုင်နှုန်းသည် ပဋိပစ္စည်း ဂျီဖြစ် သည်။ ပဋိပစ္စည်းအမ်သည် ရောဂါဖြစ်ဖြစ်ချင်း ထွက်လာ သော ပဋိပစ္စည်း ဖြစ်သည်။

ပဋိပစ္စည်း အောသည် ခန္ဓာကိုယ်၏ စိမ့်ထွက်ရည်၌နေ၍ ခန္ဓာကိုယ်၏ ပြင်ပမျက်နှာပြင်ကို ကာကွယ်သည်။

ပဋိပစ္စည်း အီးသည် အတုပ်ပစ် အလာဂျီတို့တွင် ပါဝင်သည်။ ပဋိပစ္စည်းလွှဲအသစ်တခု ဝင်ရောက်လာပါက ခန္ဓာကိုယ်သည် ပဏာမရောဂါပြီး တုံ့ပြန်ချက်ကို ဖြစ်စေ၍ ပဋိပစ္စည်းများ ထုတ်လုပ်ပေးသည်။ ပဋိပစ္စည်းလွှဲသည် အသစ်မဟုတ်ပဲ တကြိမ်တခါက ခန္ဓာကိုယ်တွင်းသို့ ဝင်ရောက်ပြီးသော ပဋိပစ္စည်းလွှဲ ဖြစ်ပါက ခန္ဓာကိုယ်သည် သတိရတုံ့ပြန်မှုကို ဖြစ်စေသည်။ ၎င်းကို ထပ်ဆင့်ရောဂါပြီး တုံ့ပြန်ချက်ဟု ခေါ်သည်။

ထပ်ဆင့်ရောဂါပြီး တုံ့ပြန်ချက်ကြောင့် ပဋိပစ္စည်း အများအပြားသည် အချိန်စောစွာ ထွက်လာ၍ ၎င်းတို့သည် ခန္ဓာကိုယ်တွင်း၌ အချိန်ကြာမြင့်စွာ နေနိုင်သည်။ ဆင့်ကဲရောဂါပြီး တုံ့ပြန်ချက်တွင် ထီးတည်းထွက်လာသော ပဋိပစ္စည်းများမှာ ပဋိပစ္စည်း ဂျီဖြစ်သည်။ ဤသဘောသည် ကာကွယ်ဆေးထိုးခြင်း၏ အခြေခံဖြစ်သည်။

## ဆဲလ်ရောဂါပြီးခြင်း

ဆဲလ်ရောဂါပြီးခြင်းကို ပဋိပစ္စည်းလွှဲဖြင့် အာရုံလွှဲဆော်ပြီးသော ပြန်ရည်ဆဲလ်များက ပြုလုပ်ပေးသည်။ ၎င်းပြန်ရည်ဆဲလ်များသည် သိုင်းမတ်ပေါ်တွင် အမှီပြုနေရသည်။ ပဋိပစ္စည်းလွှဲနှင့် ဓာတ်ပြုသော ပြန်ရည်ဆဲလ်သည် ပျော်ဝင် ဝတ္ထုများစွာကို ထုတ်ပေးသည်။

လွှဲပြောင်းဝတ္ထု၊ ရွှေရှားခြင်းကို ဟန့်တားသည့်ဝတ္ထု၊ သွားလာဓာတ်ဆင်ဝတ္ထုများ၊ အရေပြား တုံ့ပြန်ဝတ္ထု၊ ပြန်ရည်ငန်းမန်းဆိပ်၊ အင်တာဖာရွန် စသည်တို့သည် ယင်း ပြန်ရည်ဆဲလ်က ထုတ်ပေးသည့် ပျော်ဝင်ဝတ္ထုများ ဖြစ်ကြသည်။

ပျော်ဝင်ဝတ္ထု များစွာတို့သည် ပြင်ပပိုးမွှား သို့မဟုတ် မျိုးခြားဆဲလ်များအား ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်ပြန့်ပွားမှုတို့ကို တားဆီးသည့်အပြင် ဖမ်းစားဆဲလ် စွမ်းရည်ကောင်းရန်လည်း ကူညီသည်။

ဆဲလ်ရောဂါပြီးခြင်း၏ သဘောကို ပြူရ/ဝိကတိ ပိုးမွှားခုခံခြင်း၊ အခြားသူ/သတ္တဝါတဦး၏ ကိုယ်အင်္ဂါကို ပြောင်းလဲတပ်ဆင်ရာ၌ တွေ့ရသော ရောဂါပြီးခြင်း နှင့် အသားပိုသစ်ကို လွှမ်းခြုံလေ့လာခြင်းတို့၌ တွေ့ရှိရသည်။

တုံ့ပြန်ရန်ခက်ခဲသော နေရာများ၌ရှိသော ပဋိပစ္စည်းလွှဲများကို ဖယ်ရှားနိုင်စွမ်း သတ္တိသည် ဆဲလ်ရောဂါ ပြီးခြင်း၌ ပို၍ရှိသည်။

## ရောဂါပြီးစနစ် ဖောက်ပြန်မှု

အလိုက်သင့်ရောဂါ ပြီးခြင်း၏ အကျိုးသည် ဝင်ရောက်လာသော ပဋိပစ္စည်းလွှဲတွင်သာမက ခန္ဓာကိုယ်၏ တုံ့ပြန်ချက်ပေါ်တွင်လည်း တည်သည်။ ဒုတိယအကြိမ် ဝင်ရောက်လာသော ပဋိပစ္စည်းလွှဲကို ခန္ဓာကိုယ်က တုံ့ပြန်ချက်သည် အလွန်အမင်း ပြင်းထန်ပါက ခန္ဓာကိုယ်အတွင်းရှိ



ရောဂါ ပြီးမှုဆိုင်ရာ ကိုယ်ခံအား နည်းသော ရောဂါရှင် ဒေးဗစ်အား ပလတ်စတစ်တိမ် အတွင်းထည့်၍ ပိုးမွေးသကဲ့သို့ မွေးခဲ့ရသည်။

တစ်ရှူးမျဉ်းကိုပင် ပျက်စီးစေနိုင်သည်။ ၎င်းကို ရောဂါပြီး တုံ့ပြန်ချက် လွန်ကဲခြင်းဟု ခေါ်သည်။

ရောဂါပြီး တုံ့ပြန်ချက်လွန်ကဲခြင်း ခြောက်မျိုးရှိသည်။ ၎င်းတို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

– လွန်ကဲကာကွယ် တုံ့ပြန်ခြင်း၊
ဥပမာ–ပင်နီဆီလင်ကြောင့် သွေးလန့်ခြင်း၊
– ဆဲလ်အဆိပ်တောက် ပဋိပစ္စည်း လွန်ကဲတုံ့ပြန်ခြင်း၊
ဥပမာ–မွေးကင်းစကလေးဘဝဖြစ်သော မိခင်နှင့်ကလေး သွေးအုပ်စုမတူ၍ အသားဝါခြင်း၊
– ပဋိပစ္စည်းလွှဲ–ပဋိပစ္စည်း၏ လွန်ကဲတုံ့ပြန်ခြင်း၊
ဥပမာ–သွေးခဲရည်ကြည်တောက်နာ၊
နှောင်းစထရက်တိုကော့ကတ်ရောဂါပိုးကြောင့် ဖြစ်သော ကျောက်ကပ်ရောဂါ
– အာရုံဆော်ပြီး ဆဲလ်ရောဂါပြီး တုံ့ပြန်မှု
ဥပမာ–ကျူဗာကူလင်တုံ့ပြန်မှု
– လွှဲဆော်မှု လွန်ကဲတုံ့ပြန်ခြင်း၊
အချို့သော ပဋိပစ္စည်း ဂျီသည် ပစ်မှတ်ဆဲလ်များအား ခြေဖျက်ခြင်းပြုမည့်အစား လွှဲဆော်မှုပြုသည်။
ဥပမာ–သိုင်းရွိုက်အဆိပ်တက်ခြင်း။ လူမမာ၏ ခန္ဓာကိုယ်မှ သိုင်းရွိုက်လွှဲဆော်မှု ပဋိပစ္စည်းသည် အချင်းကို ဖြတ်၍ သန္ဓေသားသို့ ရောက်ရှိခြင်းအားဖြင့် ၎င်းစကလေးအား သိုင်းရွိုက်လွန်ကဲခြင်းကို ဖြစ်စေခြင်း။
– ပဋိပစ္စည်းပေါ် အမှီပြု ဆဲလ်ရောဂါပြီး ဆဲလ်ဆိပ်တောက်ခြင်း၊

ပြန်ရည် ဆဲလ်အမျိုးတွင် ပါဝင်သော ကေဆဲလ်သည် ပဋိပစ္စည်းဖြင့်ဝုံထားသော် ပစ်မှတ်ဆဲလ်များအား ခြေဖျက်နိုင်သည်။ ၎င်းဆဲလ် အဆိပ်တောက်ခြင်းသည် ဖြည့်စာမလိုချေ။

## ကိုယ်ပြန်ရောဂါပြီးခြင်း

တခါတရံ တစုံတခုသော အခြေအနေ၌ ခန္ဓာကိုယ်သည် မိမိ၏တစ်ရှူးများကို တိုက်ဖျက်သည့် ပဋိပစ္စည်းများကို ထုတ်လုပ်တတ်သည်။ ပုံမှန်အားဖြင့်ဆိုလျှင် မည်သည့် ပစ္စည်းလှုံ့မဆို ခန္ဓာကိုယ်ဖွဖြိုးမှု ဦးပိုင်းအစ၌ ပဋိပစ္စည်း ပြုလုပ်သော ယန္တရားနှင့် တွေ့ရှိပြီးဖြစ်ပါက ၎င်းပဋိပစ္စည်းလှုံ့ နောက်တကြိမ် ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်လာလျှင် ခန္ဓာကိုယ်သည် ထိုပစ္စည်းလှုံ့အတွက် ပဋိပစ္စည်းများ ထုတ်လုပ်ခြင်း မပြုတော့ချေ။ ၎င်းကို ရောဂါပြီးသည်းခံစိမ်းဟု ဆိုသည်။ ပုံမှန်အားဖြင့်ဆိုလျှင် ခန္ဓာကိုယ်သည် မိမိ၏တစ်ရှူးများကို မိမိပစ္စည်းဟု သိရှိကာ ၎င်းတစ်ရှူးများကို တိုက်ခိုက်သည့် ပြန်ရည်ဆဲလ် ကလုံးများကို ပဋိသန္ဓေနေစဉ်ကပင် ပယ်ထုတ်ထားသည်။ ရောဂါပြီးသည်းခံနိုင်စွမ်း ပျက်စီးသောအခါ ခန္ဓာကိုယ်သည် မိမိ၏တစ်ရှူးကို မိမိပစ္စည်းဟု မသိတော့သည့် အခါတွင်မှ ကိုယ်ပြန် ရောဂါပြီးခြင်းဖြစ်နိုင်သည်။

## ရောဂါပြီး ပစ္စည်းများ ချုတ်ယှင်း၍ ဖြစ်သော ဖောက်ပြန်ချက်များ

ရောဂါပြီးအောင် ပြုလုပ်သော ယန္တရားများ ချုတ်ယှင်းပျက်စီးလျှင် လူတို့သည် ရောဂါကို တိုက်ဖျက်နိုင်စွမ်းမရှိချေ။ ဥပမာ အားဖြင့် ဖမ်စားဆဲလ်များ ချုတ်ယှင်းလျှင်သော် လည်းကောင်း၊ ရောင်ရမ်းမှု တုံ့ပြန်ချက် ချုတ်ယှင်းလျှင် သော်လည်းကောင်း၊ ပဋိပစ္စည်း တုံ့ပြန်မှုနှင့် ဆဲလ်ရောဂါပြီး တုံ့ပြန်မှုတို့ ချုတ်ယှင်းလျှင်သော် လည်းကောင်း သတ္တဝါတို့သည် ရောဂါကိုခုခံနိုင်စွမ်းမရှိချေ။

ရောဂါပြီး တုံ့ပြန်မှုယန္တရား ချုတ်ယှင်းရခြင်းမှာ မွေးရာပါ ချုတ်ယှင်းချက်ကြောင့် လည်းကောင်း၊ ပြင်းထန်စွာ အာဟာရချို့တဲ့ သောကြောင့်သော် လည်းကောင်း၊ ခေတ်သစ် ဆေးဝါးကုသမှုများကြောင့်သော် လည်းကောင်း ဖြစ်နိုင်သည်။

၁၉၇၁ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့တွင် မွေးဖွားခဲ့သော ဒေးဗစ်အမည်ရှိ အမေရိကန်လူမျိုး ကလေးငယ်တဦးသည် ရောဂါပြီးမှုဆိုင်ရာ ကိုယ်ခံအား နည်းသော ရောဂါတမျိုး မွေးစကပင်ပါလာသဖြင့် မွေဖွားပြီးပြီးချင်း ပိုးမွှားသန့်စင်ထားသော ပလတ်စတစ်အိမ်အတွင်း၌ ထားခဲ့ရသည်။ ရိုးရိုးလေကို ရှူလျှင်လည်းကောင်း၊ အမိ၏ အနမ်းအရှဲ့ ခံရလျှင် လည်းကောင်း၊ ရိုးရိုးအစာစားလျှင် လည်းကောင်း၊ သာမန် အအေးမိလျှင် လည်း ကောင်း ရောဂါရ သေဆုံးမည်ဖြစ်သည်။ ဒေးဗစ်၏အစ်ကိုတယောက် သည်လည်း ဤရောဂါဖြင့် သေဆုံးခဲ့ဖူးသည်။

ထို့ကြောင့် တက္ကဆပ်ပြည်နယ် ဟူစတန်မြို့ ဘေလာကောလိပ် ကလေးဆေးရုံတွင် ပလတ်စတစ်အိမ်အတွင်း ထည့်၍ ပိုးမွေးသကဲ့သို့ မွေးခဲ့ရာ ၁၂ နှစ်သားအရွယ်အထိ အသက်ရှင်ခဲ့သည်။ သူအတွက် ကစားစရာ အရုပ်များ၊ စာအုပ်များ၊ အစားအစာနှင့် အဝတ်အစားများကို သူထံမပို့မီ ပိုးမွှားသန့်စင်အောင် ပြုလုပ်ကြရသည်။ ဒေးဗစ်သည် ရုပ်မြင်သံကြားအကူအညီဖြင့် ပညာသင်ကြားနိုင်ခဲ့သည်။ သို့သော် ၁၂ နှစ်တာ ကာလအတွင်း၌ ရိုးတွင်းခြင်ဆီတို့မှ ကိုယ်ခံဆဲလ်များ ထုတ်လုပ်ပေးနိုင်ခြင်း မရှိခဲ့ချေ။ ထို့ကြောင့် ကျန်းမာသော အသက် ၁၅ နှစ်ရှိ သူအစ်မ ကက်သရင်း၏ ပေါင်ရိုးမှ နှစ်အောင်စ နီးပါးမျှ ရှိသော ရိုးတွင်းခြင်ဆီဖြင့် အစားထိုးထည့်သွင်းပေးရန်

ကြံစည်ခဲ့သည်။ ဤသို့ဖြင့် ၁၉၇၃ ခုနှစ် အောက်တိုဘာလ၌ ရိုးတွင်းခြင်ဆီ အစားထိုးသွင်းပေးခဲ့သည်။ ၁၉၇၄ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် အဖျားသွေးဝင်၍ ဝမ်းလျှောမှုကို ကုသရန် ပလတ်စတစ်အိမ်အတွင်းမှ ထုတ်လိုက်ရသည်။ ဤတွင် မိဘတို့၏ ချစ်ခင်ယုယစွာ နမ်းရှုံ့မှုကို ခံယူရသည်။ ထို့နောက် ပိုးမွှားကင်းစင်သော အခန်း၌ ကုသခဲ့သည်။သို့သော် ဒေးဗစ်သည် ၁၉၇၄ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် သေဆုံးသွားခဲ့သည်။

## ရောဂါပြီး ကာကွယ်ခြင်း

ရောဂါပြီးစေခြင်း၏ ရည်မှန်းချက်မှာ ကာကွယ်ဆေးထိုးပြီးသူများသည် ထိုရောဂါကို သဘာဝအလျောက် ရောဂါရခြင်းမျှလောက် သို့မဟုတ် ထို့ထက်ပို၍ ကာကွယ်နိုင်စွမ်းရှိရန် ရည်ရွယ်သည်။ ရောဂါပြီးစေခြင်းအားဖြင့် ခန္ဓာကိုယ်သည် ဝင်ရောက်လာသော ရောဂါပိုး သို့မဟုတ် ၎င်း၏အဆိပ်ကို ချေဖျက်နိုင်စွမ်းရှိမည့် ပဋိပစ္စည်းများကို ထုတ်လုပ်ပေးသည်။ ပြန်ရည်ဆဲလ်နှင့် ဖမ်းစားဆဲလ်များ တို့ပြန်နိုင်အောင်လည်း အစပျိုးပေးသည်။

ရောဂါပြီးစေခြင်း အခြေကို ရောက်ရန် ရောဂါပြီးသွေးခဲရည်ကြည်ထိုးစေခြင်း သို့မဟုတ် အားထုတ်ရောဂါပြီးခြင်းဖြစ်ရန် သင့်တော်သော ပဋိပစ္စည်းလွှဲကို လက်ခံခန္ဓာကိုယ်ထဲသို့ ရောက်ရှိအောင် ဖန်တီးပေးခြင်းဖြင့် ရရှိနိုင်သည်။ အားထုတ်ရောဂါပြီးစေခြင်းဖြစ်ရန် သက်ရှင်သို့မဟုတ် သေဆုံးပြီး ပိုးမွှား၏ ဝတ္ထုပစ္စည်းများကို သုံးစွဲ၍ ဖန်တီးနိုင်သည်။

သက်ရှင်ဗက်စင်းသည် ရောဂါပြီး တို့ပြန်မှုကို ကြာရှည်စွာ ထိန်းသိမ်းထားနိုင်စွမ်း ရှိသောကြောင့် သေဆုံးပြီး ပိုးမွှားမှထုတ်လုပ်သော ဗက်စင်းထက် ပို၍ အစွမ်းထက်သည်။

### ကာကွယ်ဆေး ထိုးသင့်သည့် အသက်နှင့် ဆေးထိုးရမည့် ကာလ အပိုင်းအခြား

ရောဂါတခု၏ သဘာဝဇာစ်မြစ်ကို သိမှသာလျှင် ထို ရောဂါအတွက် ကာကွယ်ဆေးကို မည်သည့်အချိန်၌ ထိုးသင့်ကြောင်း သိရှိနိုင်သည်။


ကြက်ညှာချောင်းဆိုး၊ အကြောသေ၊ ဆုံဆို့နာတို့သည် တနှစ်အောက် ကလေးငယ်များ၌ ဖြစ်ပွားလေ့ရှိသဖြင့် မွေးပြီး မကြာမြင့်မီ ကာကွယ်ဆေးထိုးသင့်သည်။ ပထမအကြိမ်နှင့် ဒုတိယအကြိမ် ကာကွယ်ဆေးထိုးရာ၌ အနည်းဆုံး နှစ်လ သို့မဟုတ် သုံးလ ခြားသင့်သည်။

### ပြည်သူကျန်းမာရေးစီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသော တိုးခဲ့ကာကွယ်ဆေးထိုးလုပ်ငန်း

ဘီစီဂျီ – အဆုတ်ရောဂါကာကွယ်ဆေး
ဆကမ – ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်ကာကွယ်ဆေး
ပိုလီယို – ပိုလီယိုအကြောသေ ကာကွယ်ဆေး
ဆမ – ဆုံဆို့၊ မေးခိုင်ကာကွယ်ဆေး

မွေးစမှ တလအတွင်း အဆုတ်ရောဂါကာကွယ်ဆေးကို ထိုး၍ သုံးလ အရွယ်မှစ၍ ဆကမ ကို တနှစ်အတွင်း သုံးလတကြိမ်ထိုးပေးသည်။ ရန်ကုန်တွင် ဆကမ နှင့်အတူ ပိုလီယိုကာကွယ်ဆေးကိုတွဲ၍ တိုက်ပါသည်။

တကမ္ဘာလုံး၌ ကျောက်ရောဂါ ပပျောက်ပြီဖြစ်၍ ယခု ကျောက်ဆေးမထိုးတော့ချေ။ မူလတန်းကျောင်းဝင်စတွင် ဆုံဆို့နှင့်မေးခိုင်ကာကွယ်ဆေးနှင့် အဆုတ်ရောဂါကာကွယ်ဆေးကို ထပ်ထိုးရသည်။




## ရောဂါပြီးကုသခြင်း

အားမထုတ် ရောဂါပြီးစေခြင်းသည် ရောဂါကုသခြင်းတမျိုးပင် ဖြစ်သည်။ ရောဂါပြီးနှိမ်ခြင်း သဘောကို အသုံးချ၍ ပြန်ရည်ဆဲလ် ပဋိပက္ခဓာတ်ရှိသော သွေးခဲရည်ကြည်ကို အင်္ဂါလဲလှယ်သောအခါ အသုံးပြုကြသည်။

ဗိုင်းရပ်ပိုးများကြောင့်ဖြစ်သော ရောဂါအချို့ (ဥပမာ– ကူးစက် အသည်းရောင်ရမ်းနာ) တွင် လွန်ကဲရောဂါပြီးသွေးခဲရည်ကြည်ကို အသုံးပြု၍ ကုသနိုင်သည်။ သိုင်းမတ် သို့မဟုတ် ရိုးတွင်းခြင်ဆီကို ရောဂါပြီး စေနိုင်စွမ်းမရှိသော သူများအား အစားထိုးပေးခြင်းအားဖြင့် ရောဂါပြီးစေနိုင်စွမ်းမရှိသူ အချို့ကို အောင်မြင်စွာ ကုသပေးနိုင်သည်ဟု ဆိုကြသည်။

ဒေါက်တာ သန်းနုရွှေ

# ဘုရားဖူးမြေတော်ဝန်းကျင်

အဝိုင်းလေး

## ၁၉၀၄ ခုနှစ်အင်ကြောင်းရပ်များ

ဤအပိုင်းတွင် ဖော်ပြထားသော အကြောင်းရပ်များသည် ၁၉၀၄ ခုနှစ်အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာဖြစ်ရပ်များကို အဓိကထား၍ ရေးသားထားပါသည်။ အကြောင်းရပ်များကို က မှ အ အထိ အက္ခရာစဉ်၍ ဖော်ပြထားပါသည်။

**ကနေဒါနိုင်ငံ။** ။ကနေဒါနိုင်ငံ ဝန်ကြီးချုပ်နှင့် လစ်ဗရယ် ပါတီ ခေါင်းဆောင်ထရူးဒိုးသည် ရာထူးနှစ်ခုစလုံးမှ နုတ်ထွက်တော့မည် ဖြစ်ကြောင်း ၁၉၇၄ ခုနှစ် ဖေဖော်ဝါရီ လ ၂၉ ရက်နေ့ကကြေငြာသည်။ ထရူးဒိုးသည် တရားရေးဝန်ကြီးနှင့် ရွေးနေချုပ်အဖြစ် ၁၉၆၇ ခုနှစ် ဧပြီလ ၄ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ပြီး နောက်ပိုင်းတွင် ကနေဒါနိုင်ငံရေးလောကကို ဩဇာညောင်းခဲ့သူ ဖြစ်သည်။ လစ်ဗရယ် ပါတီခေါင်းဆောင်နေရာကို ဆက်ခံရန် ဂျွန်နာပီယာတန်းနားကို ၁၉၇၄ ခုနှစ် ဇွန်လ ၁၆ ရက်နေ့က ရွေးချယ်တင်မြှောက်သည်။ ထို့ကြောင့် ဂျွန်တန်းနားသည် ထရူးဒိုး၏ ဝန်ကြီးချုပ်ရာထူးကိုပါ ဆက်ခံခွင့်ရသည်။ တန်းနားသည် ၁၉၆၈ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ တရားရေးဝန်ကြီးနှင့် ရွေးနေချုပ်အဖြစ်လည်းကောင်း၊ ၁၉၇၂ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ ဘဏ္ဍာရေးဝန်ကြီးအဖြစ် လည်းကောင်း ဆောင်ရွက်ဖူးသူ ဖြစ်သည်။

ဂျွန်တန်းနားသည် ၁၉၇၄ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာ ကျိန်ဆိုခဲ့ပြီးနောက် စက်တင်ဘာလ ၄ ရက်နေ့တွင် အထွေထွေ ရွေးကောက်ပွဲကို ကျင်းပသည်။ ယင်း ရွေးကောက်ပွဲတွင် တိုးတက်သော ကွန်ဆာဗေးတစ်ပါတီ(ပီစီပီ)က ၂၁၁ နေရာ အနိုင်ရရှိပြီး လစ်ဗရယ်ပါတီက နေရာ ၄၀၊ နယူး ဒီမိုကရက်တစ်ပါတီက နေရာ ၃၀၊ တသီးပုဂ္ဂလက တနေရာသာ အနိုင်ရသည်။ ထို့ကြောင့် ကနေဒါနိုင်ငံ၏ ၁၈ ယောက်မြောက် ဝန်ကြီးချုပ်အဖြစ် ပီစီပီခေါင်းဆောင် ဂျွန်ဘရိုင်ယန်မာရွန်နီက ၁၉၇၄ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့တွင် ကျမ်းသစ္စာကျိန်ဆိုသည်။ မာရွန်နီ၏ အစိုးရအဖွဲ့တွင် အမျိုးသမီးခြောက်ဦး ပါဝင်၍ ကနေဒါနိုင်ငံသမိုင်းတွင် အမျိုးသမီးအများဆုံး ပါဝင်လာခြင်းဖြစ်သည်။ ၁၉၇၉ ခုနှစ် မေလမှ ၁၉၈၀ ပြည့်နှစ် ဖေဖော်ဝါရီလအထိ အာဏာရရှိခဲ့သော ပီစီပီ ပါတီခေါင်းဆောင် ဂျိုးကလပ်၏ အစိုးရ အဖွဲ့မှ ဝန်ကြီးဟောင်း ၁၆ ဦးလည်း မာရွန်နီ၏ အစိုးရအဖွဲ့တွင် ပြန်လည် ပါဝင်လာသည်။


မာရွန်နီ အစိုးရသည် ဘတ်ဂျက်လိုငွေ ဒေါ်လာသန်း ၃၀,၀၀၀ ပြနေပြီး အလုပ်လက်မဲ့ ၁၁ ဒသမ ၂ ရာခိုင်နှုန်း ရှိနေသော ကနေဒါနိုင်ငံ၏ စီးပွားရေးပြဿနာကို ဖြေရှင်းနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

မိန်းပြည်နယ် ကမ်းလွန်ဒေသ ရေပြင် ပိုင်ဆိုင်မှုနှင့် စပ်လျဉ်း၍ အမေရိကန် ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့



ကနေဒါဝန်ကြီးချုပ်သစ် ဂျွန် ဘရိုင်ယန် မာရွန်နီနှင့် ဇနီး

အငြင်းပွားနေခြင်းကို အ ပြည် ပြည် ဆိုင် ရာ တ ရား ရုံး (အိုင်စီဂျေ)က ၁၉၇၄ ခုနှစ် ပေ၁၁ဟ်ဟိုဘာ ၁၂ ရက်နေ့ တွင် နယ်ခြားမျဉ်း သတ်မှတ် ဖြေရှင်းပေး လိုက်သည်။ အမေရိကန်ပြည်ထောင်စု၏ မိန်းပြည်နယ်၊ မက်ဆာချူး ဆက် ပြည် နယ် နှင့် ကနေဒါနိုင်ငံ၏ နိုဗာစကော့ရှား ပြည်နယ်တို့ ဝန်းရံနေပြီး အတ္တလန္တိတ်သမုဒ္ဒရာတွင် ရှိသည့် ယင်း ရေပြင်ပိုင်နက်သည် စတုရန်းမိုင်ပေါင်း ၃၀,၀၀၀ ကျယ်ဝန်းပြီး ရေနံစည် သန်းပေါင်း ၇,၅၀၀ နှင့် သဘာဝ ခတ်ငွေ့ ကုဗပေသန်းပေါင်း ၁၂ ဒသမ ၂ သန်းရှိသည်ဟု ခန့်မှန်းရသည်။ အိုင်စီဂျေ၏ ဆုံးဖြတ်ချက်အရ အမေရိကန် ပြည်ထောင်စုက ယင်းဒေသ၏ ငါးပုံလေးပုံကို ရရှိသည်။ ယင်းအငြင်းပွားမှုသည် ၁၉၆၄ ခုနှစ်က စတင်ပေါ် ပေါက် ခဲ့ပြီး ၁၉၇၂ ခုနှစ်မှစ၍ အိုင်စီဂျေတွင် တင်သွင်းကြားနာ ခဲ့ခြင်း ဖြစ်သည်။



အဲလဖရက် ကနော

**ကနော့, အဲလဖရက်** (ခရစ် ၁၈၉၂ – ၁၉၀၄)။ ။ ခေတ်ပြိုင် ဥရောပ၊ လက်တင်အမေရိက စာပေများမှ အကောင်းဆုံး လက်ရာများကိုလည်းကောင်း၊ အမေရိကန် စာပေမှ လက်ရွေးစင် လက်ရာများကိုလည်းကောင်း စာဖတ်ဝါသနာအိုးမျာအတွက် ၆၉ နှစ်တာမျှ တွင်တွင်ကျယ်ကျယ် ပုံနှိပ်ထုတ်ဝေပေးခဲ့သူ အဲလဖရက် ကနော့ကို ၁၈၉၂ ခုနှစ် စက်တင်ဘာလ ၁၂ ရက်နေ့တွင် နယူးယောက်မြို့၌ မွေးဖွားသည်။ ကနော့သည် ငယ်စဉ်က မက္ကင်ဇီကျောင်း နှင့် ကိုလံဗီယာကောလိပ်တို့၌ ပညာဆည်းပူးခဲ့ရာ ၁၉၁၂ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရသည်။

ကနော့သည် ဘွဲ့ရပြီး သုံးနှစ်အကြာတွင် စာအုပ်ထုတ် ဝေရေးလုပ်ငန်းကို အစပျိုးသည်။ ကနဦးထုတ် စာအုပ် များ၏ အဖွင့်စာမျက်နှာတွင် ရုရှားဝံပုလွေလိုက် ခွေးကြီး၏ပုံကို အလှဆင် အထိမ်းအမှတ် တံဆိပ်အဖြစ် ရိုက်နှိပ်၍ ထုတ်ဝေခဲ့ခြင်း ဖြစ်သည်။ ကနော့သည် စာရေးဆရာသစ် များ စာပေလောကတွင် ခြေကုပ် ရစေရန်လည်းကောင်း၊ စာပေဆုများ ဆွတ်ခူးသည်အထိ လက်ရည် ပြန့်ပြိုးစေရန် လည်းကောင်း မြေတောင်မြှောက်၍ လမ်းဖွင့်ပေးရာတွင် အမြော်အမြင် ကြီးမားသည့်အပြင် စာအုပ်ဒီဇိုင်းနှင့် စီစဉ် ပုံနည်းစနစ်များ အဆင့်အတန်း မြင့်မားစေရန် စိမ်ရာတွင် လည်း အရည်အချင်း ထက်မြက်သူ ဖြစ်သည်။ ကနော့ သည် အစပိုင်းတွင် ရုရှလူမျိုး စာရေးဆရာများကို ဦးစား ပေး စင်တင်ပေးခဲ့သော်လည်း နောက်ပိုင်းတွင်မူ ဂျာမန် စာရေးဆရာ သောမတ် မန်း (၁၈၇၅ – ၁၉၅၅)၊ အမေ ရိကန်ပွား အင်္ဂလိပ် ကဗျာဆရာနှင့် ဝေဖန်ရေးဆရာ တီ အက်စ် အဲလီယော့ (၁၈၈၈ – ၁၉၆၅)၊ ပြင်သစ်ဝတ္ထု ရေးဆရာ အန်ဒရေ ဂီဒီ (၁၈၆၉ – ၁၉၅၁)၊ အင်္ဂလိပ် ကဗျာဆရာနှင့် ဝတ္ထုရေးဆရာ ဒေးဗစ် ဟားဗက် လောရင့် (၁၈၈၅ – ၁၉၃၀)၊ ဩစတြီးယန်းဝတ္ထုရေးဆရာ ဖရန့် ကတ်ဖကား (၁၈၈၃ – ၁၉၂၄) စသည့် အခြားဥရောပ စာဆိုများ၏ လက်ရာများကိုပါ အလေးထား ထုတ်ဝေခဲ့ သည်။ အမေရိကန် စာဆိုများဖြစ်ကြသော ဝတ္ထုရေး ဆရာ ဝီလာ ကက်သား (၁၈၇၃–၁၉၄၇)၊ သရော်စာနှင့် အက်ဆေးရေးသူ ဟင်နရီ လူဝီမင့်ကင်း (၁၈၈၀–၁၉၅၆)၊ စာနယ်ဇင်းသမား ဂျွန် ဟာဆေး (၁၉၁၄– ) နှင့် သမိုင်း ပညာရှင် ဆင်မြူယယ် အဲလီယော့ မောရစ်ဆင် (၁၈၈၇ – ၁၉၇၆) တို့၏ လက်ရာများကိုလည်း စင်တင် ပေးခဲ့သည်။

ကနော့သည် ကိုလံဗီယာ တက္ကသိုလ်၏ အယ်လက် ဇန္ဒား ဟာမီလတန် ဂုဏ်ထူးဆောင် တံဆိပ် (၁၉၆၆)၊ အမေရိကန် သမိုင်းပညာရှင်များ အသင်း၏ ဖရန်စစ်ပတ် ကမင်ဇွေတံဆိပ်ဆု (၁၉၇၄)၊ ဒရက်ဆဲကက္ကသိုလ်၏ ပြောင် မြောက်သော စွမ်းဆောင်ရည်ဆု (၁၉၇၅) စသည့် ဂုဏ်ထူးဆောင် ဆုများ အမြောက် အမြား ရရှိသည့်ပြင် ယေးတက္ကသိုလ်၊ ကိုလံဗီယာတက္ကသိုလ် စသည့် တက္ကသိုလ် များမှ ဂုဏ်ထူးဆောင် ပါရဂူဘွဲ့များကိုလည်း ရရှိသည်။

ကနော့သည် ဗလန်ချီ ဝု နှင့် ၁၉၁၆ ခုနှစ်တွင် အိမ် ထောင်ပြုခဲ့ပြီး သားတယောက် ထွန်းကားသည်။ ၁၉၆၆ ခုနှစ်တွင် ဝုကွယ်လွန်သောအခါ ဟယ်လင် ဟက်ဒရစ်နှင့် အိမ်ထောင်သစ်ထူသည်။

နှစ်ဆယ်ရာစု ခေတ်ဦးတွင် ထင်ရှားသော သောမတ် မန်းမှ မျက်မှောက်ခေတ်တွင် ကျော်ကြားနေသော ဂျွန် အပ်ဒိုက် (၁၉၁၂–) အထိ စာရေးဆရာ အမြောက်အမြား ကို စာပေ စင်မြင့်တွင် တင်ထား ပေးနိုင်ခဲ့သော စာပေ

ထုတ်ဝေသူ အဲလဖရက်ကနော့သည် ၁၉၀၄ ခုနှစ် ဩဂုတ်လ ၁၁ ရက်နေ့တွင် နယူးယောက်မြို့၌ ကွယ်လွန်သည်။

**ကပီဇာ, ဒေါက်တာ ပို့ဝ်တာ လီယွန် နစ် ဒို့ ဗစ်** (ခရစ် ၁၈၉၄ – ၁၉၀၄) ။ ။ပြင်းအားမြင့် သံလိုက်စက်ကွင်း၊ အအေးလွန်နှင့် ပလာစမာ ရူပဗေဒပညာရပ် နယ်ပယ်အသီးသီးတွင် အရေးပါသော ရှာဖွေတွေ့ရှိချက်များနှင့် တီထွင်မှုများပြုလုပ်ခဲ့သည့် နိုဗဲဆုရှင် ဆိုဗီယက်သိပ္ပံပညာရှင် ကပီဇာကို ဆိုဗီယက် ပြည်ထောင်စု ကရွန်စတဒ်မြို့၌ ၁၈၉၄ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် မွေးဖွားသည်။ ဖခင်သည် ဆိုဗီယက်တပ်မတော်မှ အင်ဂျင်နီယာတဦးဖြစ်သည်။ ကပီဇာသည် ပက်ထရိဂရက် ပေါ်လီတက္ကနိသိပ္ပံမှ လျှပ်စစ်အင်ဂျင်နီယာဘွဲ့ကို ၁၉၁၀ ခုနှစ်တွင် ရရှိသည်။

ကပီဇာသည်ပုံဆောင်ခဲကို အသုံးပြု၍ ဗရက်လိုင်းထပ်စေရန် စုဆုံစေသည့်နည်းကိုလည်းကောင်း၊ အက်တမ်များ၏သံလိုက်လည်ကိန်းကို စက်ကွင်းပြင်းအား မသမသော သံလိုက်စက်ကွင်းအတွင်း၌ ရှာဖွေနည်းကို လည်းကောင်း ပေ့ဆော်ဦး သုတေသနစာတမ်းများတွင် တင်ပြခဲ့သူဖြစ်သည်။ ၁၉၂၁ ခုနှစ်တွင် ကိန်းဗရစ်တက္ကသိုလ်သို့ ပညာဆည်းပူးရန် ရောက်ရှိလာပြီး လေ့ အားနက်စိ



ဒေါက်တာ ပို့ဝ်တာ လီယွန်နစ်ဒို့ဗစ် ကပီဇာ

ရပ်သာဖို့နှင့် အတူ ကဗင်ဒစ်ရှ စမ်းသပ်ခန်း၌ ပါရဂူဘွဲ့ အတွက် လက်တွဲ၍ အလုပ်လုပ်ခဲ့သည်။ ၁၉၂၄ ခုနှစ်တွင် ပါရဂူဘွဲ့ရသည်။ ၁၉၂၅ ခုနှစ်တွင် အောက်စဖို့တက္ကသိုလ် တရီနီတီကောလိပ် ဂုဏ်ထူးဆောင်အဖွဲ့ဝင် ဖြစ်လာပြီး ၁၉၂၆ ခုနှစ်တွင် တော်ဝင်အသင်းသို့ ရွေးချယ်ခံရ၍ အက်ဖ်အာအက်စ်နှင့် အက်ဖ်အင့်စ်ပီဘွဲ့များကို ရသည်။ အနှစ် ၂၀၀ အတွင်း ယင်းဘွဲ့များကို ပထမဆုံးရရှိသည့် နိုင်ငံခြားသားဖြစ်သည်။ ၁၉၃၀ ပြည့်နှစ်တွင် သူအတွက် အထူးစီစဉ်ဖွင့်လှစ်သော မွန်းစမ်းသပ်ခန်းကို ဦးစီးညွှန်



ကြားခဲ့ရသည်။ ထိုအချိန်တွင် ကပီဇာ၏ ထင်ရှားသော ဆောင်ရွက်ချက်မှာ ဟီလီယံကို အရည်အဖြစ်သို့ ပြောင်းပေးသော ဓာတ်ငွေ့တမျိုး တီထွင်ခဲ့ခြင်းဖြစ်သည်။

ကပီဇာသည် ၁၉၃၄ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စုသို့ ပြန်လည် ရောက်ရှိသွားသည်။ ၁၉၃၅ ခုနှစ်တွင် ဆိုဗီယက်သိပ္ပံပညာ တံခွန်အဖွဲ့၊ ရူပဗေဒ သုတေသန ဗိမာန်ညွှန်ကြားရေးမှူးအဖြစ် ခန့်အပ်ခံရသည်။ မွန်းစမ်းသပ်ခန်းကို ဆိုဗီယက် ပြည်ထောင်စုသို့ ရွှေ့ပြောင်းတပ်ဆင်ရန် မိတ်ဆွေဟောင်း ရပ်သာဖို့၏ ကြားဝင် ကူညီပေးမှုဖြင့် စီမံဆောင်ရွက်နိုင်ခဲ့သည်။ ၁၉၃၇ ခုနှစ်မှ စ၍ အအေးလွန် ရူပဗေဒ သုတေသနကို ဆက်လက် လုပ်ကိုင်ပြန်ရာ အစီးလွန်အရည် **Super fluid** ကို တွေ့ရှိသည်။ အပူချိန် ၂ ဒသမ ၁၇ ကေ (– ၂၇၀ ဒသမ ၉၇၆ ဒီဂရီ စင်တီဂရိတ်) တွင် ဟီလီယံ (နှစ်) သည် စေးပြစ်ခြင်း ကင်းသလောက်ရှိကြောင်း ထုတ်ဖော်ခဲ့သည်။ အပူစီးခြင်းနှင့် ဟီလီယံ (နှစ်) ၏ အစီးလွန်သတ္တိ (၁၉၄၁) နှင့် ဟီလီယံ(နှစ်)အတွင်း အပူစီးခြင်း အာနိသင်ကို သုတေသနပြုချက်(၁၉၄၂)စာအုပ်များတွင် သူ၏တွေ့ရှိချက်များကို ဖော်ပြခဲ့သည်။ ဤသို့ဖြင့် ကပီဇာသည် လွန်ကဲလျှပ်ကူးမှု၊မိုက်ခရိုလှိုင်းဆိုင်ရာ အီလက်ထရွန်နစ်၊ ပလာစမာ ရူပဗေဒစသည့် ပညာရပ်နယ်ပယ် အများအပြားမှ လေ့လာတွေ့ရှိခဲ့သမျှကို စာတမ်းပေါင်း ၁၀ ကျော် ပြုစုခဲ့သည်။

ကပီဇာသည် ၁၉၄၆ ခုနှစ်တွင် အဏုမြူလက်နက် သုတေသနပြုပေးရန် ဆိုဗီယက်ခေါင်းဆောင် စတာလင်၏ ခိုင်းစေချက်ကို ငြင်းဆန်ခဲ့သည်။ ထို့ကြောင့် ရာထူးမှ ဖယ်ရှားခံရသည်။ ၁၉၅၃ ခုနှစ်တွင် စတာလင်ကွယ်လွန်ခဲ့ပြီးမှ ရူပဗေဒ သုတေသန ညွှန်ကြားရေးမှူးရာထူးကို ပြန်ရခဲ့၍ ဆိုဗီယက် ကမ္ဘာပတ်ဂြိုဟ်တု စပွတ်နစ်လွှတ်တင်ရေး စီမံကိန်းကို ကွပ်ကဲရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် ဆိုဗီယက်ဂြိုဟ်တုနှစ်လုံးကို အာကာသထဲသို့ လွှတ်တင်နိုင်ခဲ့သောအခါ ဂုဏ်ပြုခံရသည်။

ဒေါက်တာကပီဇာသည် ၁၉၃၃ ခုနှစ် နိုဗဲဆုရှင် ဇြိတိသျှ ရူပဗေဒပညာရှင် ဒေါက်တာဒိရက်နှင့် ရင်းနှီးကျွမ်းဝင်သည်။ ဒိရက်အား ဖန်သွေး မှန်သွေးပညာကို လက်ထပ်သင်ပေးဖူးသည်။ အလင်းလိုင်းမတ် သုံးပြီး အီလက်ထရွန် လိုင်းကွေ့ခြင်း ဖြစ်ပေါ်စေရန် ဒိရက်နှင့် လက်တွေ့စမ်းသပ်ခဲ့ကြသည်။ ကပီဇာသည် ၁၉၆၉ ခုနှစ်တွင် အမေရိကန် ပြည်ထောင်စုသို့ သွားရောက် လည်ပတ်ခဲ့ရာ ကိုလံဗီယာတက္ကသိုလ်က ကပီဇာအား ဂုဏ်ထူးဆောင်ဘွဲ့ အပ်နှင်းသည်။

ကပီဇာသည် လျှပ်စစ်အင်ဂျင်နီယာ ပညာရှင်အဖွဲ့၏ ဖာရာဒေး ဂုဏ်ထူးဆောင်တံဆိပ်(၁၉၄၂)၊ လီနင်ဂုဏ်ထူး

ဆောင်ဘွဲ့(၁၉၄၃၊ ၁၉၄၄၊ ၁၉၄၅၊ ၁၉၆၆၊ ၁၉၇၁၊ ၁၉၇၄)၊ ဆိုရှယ်လစ်လုပ်သား သူရဲကောင်းဘွဲ့ (၁၉၄၅၊ ၁၉၇၄)၊ လုပ်အား အောင်လံနီ ဂုဏ်ထူးဆောင်ဘွဲ့ (၁၉၅၄)စသည့် ဂုဏ်ထူးဆောင်ဘွဲ့ အမြောက်အမြားကို အပ်နှင်းခံရသည့် ပြင် ၁၉၇၈ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုမှ အာနိုး ပင်ဇီယာစ်နှင့် ရောဗတ် ဝီလဆင်တို့နှင့်အတူ ရူပဗေဒဆိုင်ရာ နိုဗဲဆုကို ဆွတ်ခူးရရှိသည်။

ကပိုဇာသည် ၁၉၀၄ ခုနှစ် ဧပြီလ ဂ ရက်နေ့တွင် မော်စကိုမြို့၌ ကွယ်လွန်သည်။

**ကာပို့တီ, ထရူးမင်း** (ခရစ် ၁၉၂၄–၁၉၀၄)။ ။အမေရိကန် စာရေးဆရာ ထရူးမင်း ကာပို့တီကို ၁၉၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု နယူးအော်လင်းမြို့၌ မွေးဖွားသည်။ အရွယ် မရောက်မီ ကပင် မိဘနှစ်ပါးကွာရှင်းခဲ့ကြ၍ လူဝီဇီယန္နားနှင့် အယ်လ ဗားမားပြည်နယ်များရှိ ဆွေမျိုးများထံတွင် မှီခိုကြီးပြင်း လာရသည်။ ခရစ်စမတ် အမှတ်တရ (၁၉၆၅)၊ ကျေးငှဲး ဆိုသော ဇော့်သည် (၁၉၆၈)တို့သည် ကာပို့တီငယ်စဉ်က တကောင်ကြက်ဘဝ ကျင်လည်ကြီးပြင်းလာရပုံကိုရေးထားသည့် ကိုယ်ရေးအတ္ထုပ္ပတ္တိလက်ရာများဖြစ်သည်။ စိန့်ဂျွန်း အကယ်ဒမီနှင့် ဂ ရင်း နစ် အထက်တန်းကျောင်းတို့တွင် ပညာဆည်းပူးခဲ့သည်။

ကာပို့တီသည် အသက် ၁၇ နှစ် အရွယ်တွင် နယူးယောက်ကားဂျာနယ်တိုက်တွင် ကာတွန်းစာမူများ အမျိုးအစား ရွေးချယ် ခဲ့ဝေပေးသူအဖြစ် ခန့်ထားခံရသည်။ ကာပို့တီ၏ အားသား ဗို့ဂ်ိုက်ဆက်စ် အားသား ရွှမ်းစ်(၁၉၄၈) ဝတ္ထုသည် အလားအလာကောင်းသော လူငယ်စာရေးဆရာ တယောက်၏ လက်ရာအဖြစ် ထောပနာပြုခံရသည်။ ယင်း ဝတ္ထုတွင် ဖခင်ပျောက်ရှာပုံတော်ဖွင့်သည့် ၁၃ နှစ်သား တကောင်ကြက် လုလင်ငယ်တယောက်၏ဘဝကို သရုပ်ဖော် ရေးဖွဲ့ထားသည်။ ထ ရီး အော့ဖ် နိုက် (၁၉၄၉) သည် မေတ္တာဖွဲ့ ဝတ္ထုတိုပေါင်းချုပ် ဖြစ်သည်။ ဒေသခံအရောင် (၁၉၅၀)သည် ခရီးသွားဆောင်းပါးပေါင်းချုပ် ဖြစ်သည်။ သဂရတ်စ်ဟပ်(၁၉၅၁) ဝတ္ထုတွင် ကာပို့တီသည် အင်္ဂလန် ရေဖျန်းခရစ်ယာန်အသင်း ဥပဒေကို မ လိုက် နာ မိ သော လူရိုး လူဖြောင့်တစုံ၏အဖြစ်ကို ရေးဖွဲ့ထားသည်။ ယင်း ဝတ္ထုကို ပြဇာတ်အဖြစ်လည်း ရေးသား၍ စင်တင်ပေးခဲ့ သည်။ ၁၉၅၄ ခုနှစ်တွင် ကာပို့တီသည် တေးစာဆို ဟဲရိုး အာလန်နှင့်တွဲ၍ ပန်းဂေဟာဝတ္ထုကို ရေးသားသည်။ အနောက်အိန္ဒိယကျွန်းစုတွင် ကျင်လည်သော ဂီတအဖွဲ့ တဖွဲ့အကြောင်းကို ခြယ်မှုန်းထားသည်။ ၁၉၅၄ ခုနှစ်တွင် မိစ္ဆာဆိုးကို ရိုက်ထိုးလေ ရုပ်ရှင်ဇာတ်ညွှန်းကို ရေးသည်။



နယူးယောက်ကားမဂ္ဂဇင်း၏ တာဝန်ပေးချက်အရ ကာပို့တီသည် နီဂရိုးဇာတ်အဖွဲ့ တဖွဲ့ကို ဦးဆောင်၍ ဆိုဗီယက် ပြည်ထောင်စုကို သွားခဲ့ပြီးနောက် ထိုခရီးအကြောင်းကို သ မျှူးဇက်စ် အာ ဟတ်(၁၉၅၅)တွင် ထည့်ရေးသည်။ ၁၉၅၈ ခုနှစ်တွင် ရေး၍ ၁၉၆၁ ခုနှစ်တွင် ရုပ်ရှင်အဖြစ် တင်ဆက်ခဲ့သော တစ်ဖန်တို့ဆီမှာ နံနက်စာ ဝတ္ထုသည် ထင်ရှားသည်။

ကာပို့တီသည် စာနယ်ဇင်းအတွေ့အကြုံကို အခြေခံ၍ ပြုစုသော မှတ်သားမိသမျှ(၁၉၅၉)စာအုပ်တွင် ရုပ်ရှင်



စာရေးဆရာ ထရူးမင်း ကာပို့တီ

မင်းသား မာလွန်ဘရန်ဒိုအပါအဝင် ကျော်စော ထင်ရှား သူတို့၏အကြောင်းကို တစေ့တစောင်း မှတ်တမ်းတင်ထား သည်။ ၁၉၆၄ ခုနှစ်တွင် ထုတ်ဝေပြီး ၁၉၆၈ ခုနှစ်တွင် ရုပ်ရှင်ရိုက်ကူးခဲ့သော သွေးအေးအေးနှင့် ဝတ္ထုဇာတ်လမ်း မှာမူ စာနယ်ဇင်းသမား ရေးဟန်မဟုတ်ဟု ကာပို့တီက ငြင်းဆိုသည်။ အခြေအနေမဲ့ လေလွင့်လူငယ် နှစ်ဦးက မိသားစု တစုလုံးကို သတ်ဖြတ်ပုံ တကယ့် ဖြစ်ရပ်ကို တင်ပြထားသည့် ယင်းစာအုပ်သည် အရောင်းရတွင်ကျယ် ဆုံးစာရင်းဝင် စာအုပ်ဖြစ်သည်။ စိတ်ကူးယဉ်ဇာတ်လမ်း မဟုတ်သောဝတ္ထု(ဖြစ်ရပ်မှန်ဝတ္ထု)ဟူသော စာပေရေးဟန် အသစ်ကို ဖန်တီးခဲ့သည်ဟု ကာပို့တီ ဂုဏ်ယူသော စာအုပ် ဖြစ်သည်။ ပြဇာတ်၊ ရုပ်ရှင်ဇာတ်ညွှန်း၊ ဝတ္ထုတိုနှင့် ဆောင်းပါး အမျာအပြားကိုလည်း ရေးသားခဲ့သည်။

ကာပို့တီသည် အ ထက် တန်း လ ွှာ နှင့် အ ခွင့် ထူး ခံ လူတန်းစားကို ထိုးနှက်သော အန်ဆာ့ထ်ပရေယာစ်ဝတ္ထု ကို မဂ္ဂဇင်း အခန်းဆက်ဝတ္ထုအဖြစ် ရေး သား နေ ဆဲ ကွယ်လွန်သွားရာ ယနေ့ထိ ပေါ်ထွန်းသမျှ တပိုင်းတစ ဝတ္ထုရှည်များအနက် အထူးခြားဆုံးလက်ရာအဖြစ် စာပေ ဝေဖန်ရေးသမားများက အကဲဖြတ်သည်။

ကာပို့တီသည် ၁၉၀၄ ခုနှစ် ဩဂုတ်လတွင် ကယ်လီဖိုး နီးယားပြည်နယ် ဘဲအဲယားမြို့၌ ကွယ်လွန်သည်။

**ကုလသမဂ္ဂအဖွဲ့ချုပ်။** ။၃၉ ကြိမ်မြောက်ကုလသမဂ္ဂအထွေထွေညီလာခံကို ၁၉၈၄ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့မှ ဒီဇင်ဘာလ ၁၈ ရက်နေ့အထိ ကျင်းပခဲ့သည်။ ယင်းညီလာခံကြီး၌ ဇမ္ဗူဒီးယားနိုင်ငံမှ မစ္စတာပေါလုဆာကာအား သဘာပတိအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

ဘရူနိုင်းဒါရပ်စလာမ်နိုင်ငံကို စက်တင်ဘာလ ၂၁ ရက်နေ့တွင် ကုလသမဂ္ဂအဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံအဖြစ် လက်ခံလိုက်ရာ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံပေါင်း ၁၅၉ နိုင်ငံရှိပြီဖြစ်သည်။

ယင်းညီလာခံသို့ ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးချစ်လှိုင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး ၁၉၈၄ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့ ညီလာခံအစည်းအဝေးတွင် ဝန်ကြီးဦးချစ်လှိုင်က မိန့်ခွန်းပြောကြားကာ ကမ္ဘာ့ရေးရာပြဿနာများနှင့် စပ်လျဉ်း၍မြန်မာနိုင်ငံ၏ အမြင်နှင့် သဘောထားများကို တင်ပြခဲ့သည်။

## ညီလာခံဆုံးဖြတ်ချက်များ

၁၉၈၄ ခုနှစ် ကုလသမဂ္ဂညီလာခံကြီး၏ အစည်းအဝေးအစီအစဉ်၌ ဆွေးနွေးရန် အကြောင်းကိစ္စပေါင်း ၁၄၃ ခု ပါဝင်ရာ ညီလာခံကြီးသည် အကြောင်းကိစ္စ ၁၂ ခုမှတပါး အခြားအကြောင်းအရာများအားလုံးကို ဆွေးနွေးဆုံးဖြတ်ပြီးစီးခဲ့သည်။

လက်နက်ဖျက်သိမ်းရေးနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက် ၇၂ ခု ချမှတ်ခဲ့ရာ ကုလသမဂ္ဂညီလာခံသမိုင်း၌ အများဆုံးချမှတ်သည့် စံချိန်ပင်ဖြစ်သည်။

အစိုးရဦးဆောင် အကြမ်းဖက်မှုမူဝါဒကို ကန့်ကွက်သည့် ဆုံးဖြတ်ချက်၌ နိုင်ငံတချို့က အခြားနိုင်ငံနှင့် လူမျိုးများကို ဆက်ဆံရာ၌ အကြမ်းဖက်မူဝါဒနှင့် ပြုမူလုပ်ဆောင်နေခြင်းကို ကုလသမဂ္ဂညီလာခံမှ ပြင်းထန်စွာ ရှုတ်ချခဲ့သည်။ ယင်းဆုံးဖြတ်ချက်ကို ထောက်ခံမဲ ၁၁၇ မဲ၊ ကန့်ကွက်သူမရှိ၊ ကြားနေ ၃၀ မဲဖြင့် အတည်ပြုခဲ့သည်။

ဖွံ့ဖြိုးပြီးနိုင်ငံများက ဖွံ့ဖြိုးဆဲနိုင်ငံများကို အကျပ်ကိုင်ရေးအတွက် ကုန်သွယ်မှုကန့်သတ်ချက်များ၊ ပိတ်ဆို့မှုများ၊ တာဝံမြစ်မှုများနှင့် အခြားစီးပွားရေး ပြဿနာန်းချက်များ ချမှတ် လုပ်ဆောင်နေခြင်းအပေါ် ညီလာခံက ရှုတ်ချကြောင်း ဆုံးဖြတ်ချက်ကို ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ထောက်ခံမဲ ၁၁၆ မဲ၊ ကန့်ကွက် ၁၉ မဲ၊ ကြားနေ ၆ မဲဖြင့် ချမှတ်ခဲ့သည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က လေ့လာတင်ပြသည့် ၁၉၈၄ ခု အောက်တိုဘာလ ၂၃ ရက်နေ့စွဲပါ အစီရင်ခံစာအရ အာဖရိကတိုက်တွင် စီးပွားရေးအခြေအနေအထူး ဆိုးရွားလျက်ရှိကြောင်း တညီတညွတ်တည်း သဘောတူဆုံးဖြတ်ကာ ကြေငြာချက်တရပ်ကို ထုတ်ပြန်ခဲ့သည်။

"အပြည်ပြည်ဆိုင်ရာ လူငယ်မျှားနှစ်" ကျင်းပရေးအစီအစဉ်၏ အစိတ်အပိုင်းတရပ်အဖြစ် ၁၉၈၅ ခုနှစ်တွင် လူငယ်ရေးရာမျှားနှင့် စပ်လျဉ်း၍ ကမ္ဘာ့မျက်နှာစုံညီ အစည်းအဝေးတရပ်ကျင်းပရန် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ဆုံးဖြတ်ခဲ့သည်။ ထိုအစီအစဉ်အရ ၁၉၈၅ ခုနှစ် ကုလသမဂ္ဂညီလာခံ၏ အစည်းအဝေးအချို့တွင် လူငယ်ရေးရာမျှားကို ဆွေးနွေးပြီး ၎င်းအစည်းအဝေးမျှားကို အပြည်ပြည်ဆိုင်ရာ လူငယ်မျှားနှစ်၏ ကမ္ဘာ့မျက်နှာစုံညီ အစည်းအဝေးဟူ၍ သတ်မှတ်ရန် ပြဋ္ဌာန်းခဲ့သည်။

ကုလသမဂ္ဂအဖွဲ့ကြီး၏ ၁၉၈၄–၈၅ နှစ်နှစ်တာအတွက် အသုံးစရိတ်ဒေါ်လာ ၁,၆၁,၁၅,၅၁,၂၀၀ ရှိသည့် အသုံးစရိတ် ခန့်မှန်းခြေဘတ်ဂျက်ကို ထောက်ခံမဲ ၁၂၄ မဲ၊ ကန့်ကွက် ၁၇ မဲ၊ ကြားနေ ၆ မဲဖြင့် အတည်ပြုခဲ့သည်။

အာဖဂန်နိစတန်နိုင်ငံမှ ပြည်ပတပ်ဖွဲ့များ ချက်ချင်းရုပ်သိမ်းရန် တောင်းဆိုကြောင်း၊ ပြဿနာကို ငြိမ်းချမ်းစွာ ဖြေရှင်းရေးအတွက် ယင်းနိုင်ငံ၏ အချုပ်အခြာ အာဏာပိုင်စိုးမှု၊ နယ်မြေတည်တံ့မှု၊ နိုင်ငံရေးလွတ်လပ်မှုနှင့် ဘက်မလိုက်မှုတို့ကို မပျက်မယွင်းထားရှိရမည် ဖြစ်ကြောင်း စသည့် အချက်အလက်များ ပါဝင်သည့် ဆုံးဖြတ်ချက်ကို ထောက်ခံမဲ ၁၁၉ မဲ၊ ကန့်ကွက်မဲ ၂၀၊ ကြားနေမဲ ၁၄ မဲဖြင့် အတည်ပြုခဲ့သည်။

ကမ်ပူးချားနိုင်ငံမှ ပြည်ပတပ်ဖွဲ့များအားလုံး ရုပ်သိမ်းရန် ထပ်လောင်းတောင်းဆိုကြောင်း၊ ကမ်ပူးချားနိုင်ငံ၏ အချုပ်အခြာ အာဏာပိုင်စိုးမှု၊ နယ်မြေတည်တံ့မှု၊ ကမ်ပူးချား ပြည်သူများ၏ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်တို့ကို ပြန်လည်ပေးအပ်၍ မပျက်မယွင်းထားရှိရန် လိုအပ်ကြောင်း၊ ကမ်ပူးချားနိုင်ငံ၏ ပြည်တွင်းရေးများ၌ မည်သည့်နိုင်ငံမျှ ပါဝင်ဆောင်ရွက်ခြင်းမပြုကြရန် ထပ်မံတောင်းဆိုကြောင်း စသည့်အချက်များပါဝင်သောဆုံးဖြတ်ချက်ကို ထောက်ခံမဲ ၁၁၀၊ ကန့်ကွက် ၂၂ မဲ၊ ကြားနေ ၁၈ မဲဖြင့် အတည်ပြုသည်။

ညီလာခံကြီးက ကမ္ဘာ့ငြိမ်းချမ်းရေးဆိုင်ရာ ကြေငြာချက်တရပ်ကို ၁၉၈၄ ခု နိုဝင်ဘာလ ၁၂ ရက်နေ့တွင် လေးနက်စွာ အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ဤကြေငြာချက်တွင် "ကျွန်ုပ်တို့၏ ကမ္ဘာဂြိုဟ်တွင် နေထိုင်ကြသူများ၌ ငြိမ်းချမ်းစွာ နေထိုင်ပိုင်ခွင့်ရှိကြောင်း၊ ထိုမှန်မြတ်သော ပိုင်ခွင့်ကို မပျက်မယွင်းထားရှိရေးသည် နိုင်ငံတိုင်း၏ မူလတာဝန်ဖြစ်ကြောင်း" ဟူ၍ ဖော်ပြပါရှိသည်။ ယင်းကြေငြာချက်ကို ထောက်ခံမဲ ၉၂ မဲ၊ ကန့်ကွက်မဲ မရှိ၊ ကြားနေ ၃၄ မဲဖြင့် အတည်ပြုခဲ့သည်။



ကုလသမဂ္ဂစုံစမ်းစစ်ဆေးရေးအဖွဲ့တဖွဲ့က အီရန်တောင်ပိုင်း စစ်မြေပြင်တွင် ဓာတုလက်နက်သုံးစွဲမှု အထောက်အထား များကို စစ်ဆေးနေပုံ

### လုံခြုံရေးကောင်စီ၏ အရေးယူဆောင်ရွက်မှုများ

၁၉၇၄ ခုနှစ်အတွင်း ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့ တင်ပြချက်အရ ယင်းအဖွဲ့အစည်းက ကိုင်တွယ်ဆောင်ရွက်ခဲ့ရသည့် အရေးကြီးသော ကမ္ဘာ့ရေးရာပြဿနာ အချို့လည်း ရှိခဲ့သည်။

**နီကရာဂွာနိုင်ငံ အရေးအခင်း** — နီကရာဂွာနိုင်ငံ၏ ဆိပ်ကမ်းသုံးခုကို ၁၉၈၄ ခုနှစ် ဇန်နဝါရီလမှစ၍ ရေမြေပြင်ဗုံးများထောင်ကာ ပိတ်ဆို့ခဲ့နေရသည့် အရေးအခင်းကို လုံခြုံရေးကောင်စီက ၁၉၈၄ ခု မတ်လ ၃၀ ရက်နေ့နှင့် ဧပြီလ ၂ ရက်နေ့မှ ၄ ရက်နေ့အထိ ဆွေးနွေးပြီး အဆိုမူကြမ်းတရပ်ကို မဲခွဲခဲ့ရာ အမေရိကန်နိုင်ငံက ဆန့်ကျင်မဲပေးခဲ့သဖြင့် အဆိုမှာအတည် မဖြစ်ခဲ့ချေ။ နီကရာဂွာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်စိုးမှု၊ လွတ်လပ်ရေးနှင့် နယ်မြေတည်တံ့မှုကို ဆန့်ကျင်၍ အထူးသဖြင့် ၎င်း၏ အဓိကဆိပ်ကမ်းမြို့များကို ရေမြေပြင်ဗုံးများ ချထားပိတ်ဆို့ခြင်း စသော ခြိမ်းခြောက်မှုများ၊ တိုက်ခိုက်မှုများ ဖြင့် ပြောင်ပြောင်တင်းတင်း တမျိုး၊ ပုန်းလျှိုးကွယ်လျှိုး တဖုံ ရန်မူလုပ်ဆောင်မှုများကို ယင်းအဆိုမူကြမ်းတွင် ပြင်းထန်စွာ ရှုတ်ချထားသည့်အပြင် ချက်ချင်း ရပ်တန့်ရန် ပြဋ္ဌာန်းချက် တရပ်ကိုလည်း ချမှတ်သည်။

တဖန် နီကရာဂွာနိုင်ငံက ယင်းအရေးအခင်းကို ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရာ တရားရုံးတော်သို့ တင်ပြလျှောက်ထားခဲ့ရာ ယင်းတရားရုံးတော်က ယာယီစီမံဆောင်ရွက်မှုများကို ၁၉၈၄ ခု မေလ ၁၀ ရက် နေ့စဲပါအမိန့်တရပ်ဖြင့် သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။ ယင်းအမိန့်တွင် နီကရာဂွာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နိုင်ငံရေးလွတ်လပ်မှုကို စစ်ရေးအပြုအမူ သို့မဟုတ် စစ်ရေးဆန်သော အပြုအမူများဖြင့် အန္တရာယ်မဖြစ်စေသင့်ကြောင်း၊ အမေရိကန်နိုင်ငံသည် နီကရာဂွာနိုင်ငံ၏ ဆိပ်ကမ်းမြို့များသို့ ဝင်ထွက်ရာလမ်းများကို တားဆီး ပိတ်ပင်ခြင်း၊ အထူးသဖြင့် ရေမြေပြင်ဗုံးများချထား၍ ပြုလုပ်ခြင်းကို ရပ်တန့်သင့်ကြောင်း စီရင်ဆုံးဖြတ်ခဲ့သည်။

**စိုက်ပရပ်ပြဿနာ**– တူရကီ နွယ်ဝင် စိုက်ပရပ် အမျိုးသား ခေါင်းဆောင်များက တူရကီနိုင်ငံနှင့် သံတမန်ဆက်သွယ်မည့်အရေးကို စိုက်ပရပ်နိုင်ငံက တိုင်ကြားခဲ့ရာ လုံခြုံရေးကောင်စီသည် ၁၉၈၄ ခု မေလ ၃ ရက်နေ့မှ ၁၁ ရက်နေ့အထိ အစည်းအဝေးကိုးကြိမ်ကျင်းပ ဆွေးနွေးပြီး ဆုံးဖြတ်ချက်အမှတ် ၅၅၀ (၁၉၈၄) ကို ချမှတ်ခဲ့သည်။ ထိုဆုံးဖြတ်ချက်အရ လုံခြုံရေးကောင်စီက တူရကီနိုင်ငံနှင့် တူရကီနွယ်ဝင် စိုက်ပရပ်အမျိုးသား ခေါင်းဆောင်များ အကြားတွင် သံအမတ်ကြီးများ ခန့်ထားပြလှယ်ရန်

ကြံ့ရွယ်ချက်အပါအဝင် ခွဲထွက်ရန်အပြုအမူများ အားလုံးကို ရှုတ်ချခဲ့သည်။ ဤအပြုအမူများသည် တရားဥပဒေနှင့် မညီညွတ်၍ တရားမဝင်ကြောင်း ကြေငြာပြီး ယင်းအပြုအမူများကို ချက်ချင်းရပ်သိမ်းရန် တောင်းဆိုခဲ့သည်။ ထိုဆုံးဖြတ်ချက်တွင်ပါဝင်သည့် အခြားပြဋ္ဌာန်းချက်တရပ်၌ စိုက်ပရပ်ကျွန်းရှိဗိုရိုးရှားဒေသတွင် ထိုနေရာ၌ မူလနေထိုင်ခဲ့သူများ (အများအားဖြင့် ဂရိနွယ်ဝင်စိုက်ပရပ် အမျိုးသားများ) မှတပါး အခြားအမျိုးသားများအား နေရာချထားပေးရန် ကြိုးစားအားထုတ်မှုများသည် တရားမဝင်ဟု ယူဆကြောင်း လုံခြုံရေးကောင်စီက ဖော်ပြပြီး ထိုဒေသကို ကုလသမဂ္ဂ၏ စီမံအုပ်ချုပ်မှုသို့ လွှဲပြောင်း ပေးရန် တောင်းဆိုခဲ့သည်။

**အီရန် – အီရတ် စစ်ပွဲ**– အီရတ်နိုင်ငံက အီရန်နိုင်ငံကို ဓာတုဗေဒလက်နက်များ သုံးစွဲတိုက်ခိုက် နေခြင်းကြောင့် စုံစမ်းစစ်ဆေးပေးရန် ၁၉၈၄ ခု မတ်လ ဂ ရက်နေ့တွင် အီရန်နိုင်ငံက တင်ပြလာရာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ကျွမ်းကျင်သူပညာရှင်လေးဦးပါဝင်သည့် စုံစမ်းစစ်ဆေးရေး အဖွဲ့တဖွဲ့ကို အီရန်နိုင်ငံသို့ စေလွှတ်ခဲ့ရာ ထိုအဖွဲ့က မတ်လ ၁၃ ရက်မှ မတ်လ ၁၉ ရက်နေ့အထိ ပြုလုပ်ခဲ့သော စုံစမ်းစစ်ဆေးမှုများအရ ဓာတ်ငွေ့များအသုံးပြုသဖြင့် အီရန်အမျိုးသားအများအပြား ထိခိုက်အနာတရ ဖြစ်ခဲ့ကြောင်း အတည်ပြုခဲ့သည်။ ဤသို့အတည်ပြုသော ကြေငြာချက်တွင် ဓာတုဗေဒလက်နက်များအသုံးပြုခြင်းကို ပြင်းထန်စွာ ရှုတ်ချကြောင်းကိုလည်း ဖော်ပြထားသည်။

ထို့နောက်လုံခြုံရေး ကောင်စီသည် ၁၉၈၄ ခု မေလ ၂၅ ရက်နေ့မှစ၍ ငါးကြိမ်ကျင်းပခဲ့သော အစည်းအဝေးများတွင် ပါရှင်းပင်လယ်ကွေ့အတွင်း၌ ကူဝိတ်နှင့်ဆအူးဒီအာရေဗျနိုင်ငံတို့၏ ရေနံတင်သင်္ဘောများ လေကြောင်းမှ ပစ်ခတ်တိုက်ခိုက်ခြင်းခံရသည့်အရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။ အဆိုပါသင်္ဘောများကို အီရန်လေ တပ်မတော်၏ စစ်လေယာဉ်များက တိုက်ခိုက်ခဲ့ကြောင်း ကူဝိတ်နိုင်ငံက တင်ပြခဲ့သည်။ လုံခြုံရေးကောင်စီသည် ၁၉၈၄ ခု ဇွန်လ ၁ ရက်နေ့တွင် ဆုံးဖြတ်ချက်အမှတ် ၅၅၂ (၁၉၈၄) ကို ချမှတ်ကာ ကူဝိတ်နှင့် ဆအူးဒီအာရေဗျ နိုင်ငံများသို့ သွားသော သို့မဟုတ် ထိုနိုင်ငံများမှလာသော ကူးသန်းရောင်းဝယ်ရေးသင်္ဘောများကို မကြာမီကတိုက်ခိုက်ခဲ့ခြင်းများကို ရှုတ်ချ၍ ယင်းသို့သော တိုက်ခိုက်မှုများကို ချက်ချင်းရပ်ဆိုင်းရန် တောင်းခံခဲ့သည်။

တဖန် ၁၉၈၄ ခုနှစ် ဇွန်လ ၅ ရက်နေ့မှစ၍ အီရတ်နှင့် အီရန်လေယာဉ်များ အပြန်အလှန်တိုက်ခိုက်ကြရာ အရပ်သူအရပ်သားအမြောက်အမြား သေကြေ ဒဏ်ရာရကုန်ကြသောကြောင့် အရပ်သူအရပ်သားများချည်းသာ နေထိုင်သော နေရာဌာနများကို စစ်ဆင်တိုက်ခိုက်နည်း ဟူသမျှ မပြုလုပ်ကြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဟာဗီးယား ပဲရက် ဒေကွေးလျားက ဇွန်လ ၉ ရက်နေ့တွင် မေတ္တာရပ်ခံခဲ့သည်။ ယင်းပန်ကြားချက်ကို ဇွန်လ ၁၀ ရက်နေ့တွင် အီရတ်နှင့်အီရန်နိုင်ငံတို့က သဘောတူ လက်ခံခဲ့ကြသည်။ ထိုကတိပြုချက်သည် ၁၉၈၄ ခု ဇွန်လ ၁၂ ရက်နေ့မှစ၍ အတည် ဖြစ်ခဲ့သည်။

**တောင်အာဖရိက – အန်ဂိုလာ အရေးအခင်း**– တောင်အာဖရိကနိုင်ငံတပ်ဖွဲ့များက အန်ဂိုလာနိုင်ငံအတွင်း ချင်းနင်း ဝင်ရောက်ကာ နယ်မြေသိမ်းပိုက်မှုများနှင့် စပ်လျဉ်း၍ လုံခြုံရေးကောင်စီက ၁၉၈၃ ခု ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ဆုံးဖြတ်ချက်အမှတ် ၅၄၅ ကို ချမှတ်သည်။ ယင်းဆုံးဖြတ်ချက်အရ အန်ဂိုလာနိုင်ငံကို ကျူးကျော် တိုက်ခိုက်နေမှု အားလုံးကို ရပ်ဆိုင်းရန် တောင်အာဖရိကအား တောင်းဆိုပြီး အန်ဂိုလာနိုင်ငံတောင်ပိုင်းကို စစ်ရေးအရ သိမ်းပိုက်ထားမှုအပေါ် ပြင်းထန်စွာ ရှုတ်ချခဲ့သည်။ တဖန် ၁၉၈၄ ခု ဇန်နဝါရီလ ၆ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် ၅၆၆ ကို ချမှတ်သည်။ ယင်းဆုံးဖြတ်ချက် အရ တောင်အာဖရိကနိုင်ငံက အန်ဂိုလာ နိုင်ငံကို လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုများ တိုးမြှင့်ပြုလုပ်နေခြင်းကို ပြင်းထန်စွာရှုတ်ချခဲ့သည်။ ထို့အပြင် နမီးဗီးယား နိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ နယ်မြေကို ခြေကုပ်ယူကာ အန်ဂိုလာနိုင်ငံကို တိုက်ခိုက်ခြင်းနှင့် အန်ဂိုလာနယ်မြေဒေသများ သိမ်းပိုက်ထားခြင်းတို့ကိုလည်း ပြင်းထန်စွာ ရှုတ်ချခဲ့သည်။ တောင်အာဖရိကနိုင်ငံက ၎င်း၏တပ်များကို အန်ဂိုလာနယ်မြေမှ ချက်ချင်းရပ်သိမ်းပေးမည် ဖြစ်ကြောင်း ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ကြေငြာခဲ့သည်။

**ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့များ**– ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ၁၉၈၄ ခု မေလ ၃၀ ရက်နေ့တွင် ဆုံးဖြတ်ချက်အမှတ် ၅၅၁ (၁၉၈၄) ကို ချမှတ်၍ အရှေ့အလယ်ပိုင်းဒေသ၊ ဂိုလန်ကုန်းမြင့်များပေါ်တွင် အပစ်အခတ်ရပ်စဲရေးမျဉ်းကြောင်းကို တပ်ဖွဲ့ဝင် ၁,၂၅၆ ဦးဖြင့် ထိန်းသိမ်းကွပ်ကဲပေးလျက်ရှိသည့် ကုလသမဂ္ဂတပ်ဖွဲ့ (ယူအင်အိုအက်ဖ်) ၏ သက်တမ်းကို ၁၉၈၄ ခု မေလ ၃၁ ရက်နေ့မှ ၁၉၈၄ ခု နိုဝင်ဘာလ ၃၀ ရက်နေ့အထိ နောက်ထပ် ခြောက်လ တိုးမြှင့်ခဲ့သည်။ ယင်းတပ်ဖွဲ့ကို ၁၉၇၄ ခုနှစ် မေလ ၃၁ ရက်နေ့မှ စတင်ဖွဲ့စည်းထားရှိခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် လုံခြုံရေးကောင်စီသည် ၁၉၈၄ ခု ဇွန်လ ၁၅

ရက်နေ့တွင် ဆုံးဖြတ်ချက် အမှတ် ၅၅၃ (၁၉၇၄) ကို ချမှတ်ကာ စိုက်ပရပ်နိုင်ငံတွင် အပစ်အခတ်ရပ်စဲရေး မျဉ်းကြောင်းကို ထိန်းသိမ်းကွပ်ကဲပေးရန် တပ်ဖွဲ့ဝင် ၂,၃၄၇ ဦးဖြင့် လူမှုစေတနာ့ဝန်ထမ်းတာဝန်များ ဆောင်ရွက်လျက်ရှိသည့် ကုလသမဂ္ဂတပ်ဖွဲ့ (ယူအင်အက်ဖ်အိုင်စီဝိုင်ပီ) ၏ သက်တမ်းကို ၁၉၇၄ ခု ဒီဇင်ဘာလ ၁၅ ရက်နေ့အထိ နောက်ထပ်ခြောက်လ တိုးမြှင့်ခဲ့သည်။ ယင်းတပ်ဖွဲ့ကို ၁၉၆၄ ခုနှစ်မှစ၍ ဖွဲ့စည်းထားရှိခဲ့ခြင်းဖြစ်သည်။

### ကုလသမဂ္ဂကြီးမှူးသော အပြည်ပြည်ဆိုင်ရာ အစည်းအဝေးများ

၁၉၇၄ ခုနှစ်အတွင်းက အရေးကြီးသော ကမ္ဘာ့ရေးရာ ကိစ္စများနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ မျက်နှာစုံညီ အစည်းအဝေးများကို ကုလသမဂ္ဂအဖွဲ့ကြီးက စီစဉ်ကျင်းပခဲ့သည်။

**လက်နက်ဖျက်သိမ်းရေး–** ကုလသမဂ္ဂ၏ လက်နက်ဖျက်သိမ်းရေးကော်မတီသည် ၁၉၇၄ ခုနှစ် အစည်းအဝေးကို စတင်ကျင်းပသည့်အချိန်တွင် ၎င်း၏အမည်ကို လက်နက်ဖျက်သိမ်းရေးကွန်ဖရင့်ဟူ၍ ပြောင်းလဲ ခေါ်ဝေါ်ခဲ့သည်။ ဤကွန်ဖရင့်တွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၄၀ ပါဝင်သည်။

လက်နက်ဖျက်သိမ်းရေးကွန်ဖရင့်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော အစည်းအဝေး၏ ပထမပိုင်းကို ဂျီနီဗာမြို့တွင် ၁၉၇၄ ခု ဖေဖော်ဝါရီလ ၄ ရက်နေ့မှ ဧပြီလ ၂၆ ရက်နေ့အထိ ကျင်းပခဲ့သည်။ အစည်းအဝေးတွင် ဓာတု လက်နက်များကိစ္စကို အများဆုံး ဆွေးနွေးပြောဆိုခဲ့ကြ သော်လည်း အစည်းအဝေး ရွေ့ဆိုင်း သည့် အချိန်တွင် သဘောတူညီချက်တစုံတရာ မရရှိခဲ့ကြချေ။ ယင်းအစည်းအဝေး ကျင်းပနေစဉ် ၁၉၇၄ ခု မတ်လ ၂၂ ရက်နေ့တွင် အာဂျင်တီးနား၊ ဂရီ၊ အိန္ဒိယ၊ မက္ကဆီကို၊ ဆွီဒင်နှင့် တန်ဇားနီးယားနိုင်ငံတို့၏ အကြီးအကဲများက လက်နက်ဖျက်သိမ်းရေးအတွက် ပူးတွဲ ကြေငြာချက် တစောင် ထုတ်ပြန်ကာ "ယနေ့ မျက်မှောက်ခေတ်အချိန်တွင် ကမ္ဘာကြီးသည် စစ်ရေးနှင့် ငြိမ်းချမ်းရေး ချိန်ခွင်လျှာ ပေါ်တွင် ရပ်တည်လျက်ရှိကြောင်း" သတိပေးခဲ့ကြသည်။

**အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ အစည်းအဝေး–** အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ကြီး (အိုစီအေအို) ၏ ကောင်စီသည် မွန်ထရီယယ်မြို့၌ ၅ ကြိမ်မြောက် အထူးအစည်းအဝေးကို ကျင်းပခဲ့သည်။ ယင်းအစည်းအဝေး၌ ကိုရီးယားလေယာဉ် ပစ်ချခံရခြင်း ကိစ္စ (စွယ်စုံနှစ်ချုပ်– ၁၉၇၄ စာ၊ ၁၂၁–ရှ။)ကို ဆွေးနွေးပြီးနောက် ယင်းသို့ လက်နက်အင်အား အသုံးပြုခြင်းသည် အပြည်ပြည်ဆိုင်ရာ လေကြောင်းဃ်ျသန်းမှု ဘေးရန် ကင်းရှင်းရေးအတွက် ကြီးမားသော ဘေးအန္တရာယ်ဖြစ်ကြောင်း ကြေငြာခဲ့သည်။ အရပ်ဘက်ဆိုင်ရာ လေယာဉ်များအား လက်နက်များ အသုံးပြု တိုက်ခိုက်ခြင်းကို တားမြစ်ပိတ်ပင်ကြရန် ဆုံးဖြတ်ချက်တရပ် ချမှတ်တောင်းဆိုခဲ့လေသည်။ ရက်သတ္တသုံးပတ်အကြာ ကျင်းပခဲ့သော အဆိုပါ အစည်းအဝေးကြီးသည် ၁၉၇၄ ခု မေလ ၁၀ ရက်နေ့တွင် ပြီးဆုံးခဲ့သည်။


လက်နက်များ အသုံးပြုခြင်းကို တားမြစ်ပိတ်ပင်သော ပြဋ္ဌာန်းချက်သည် ၁၉၇၄-ခုနှစ်တွင် ရှိကာဂိုမြို့၌ ချုပ်ဆို ခဲ့ကြသော အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းစာချုပ်အတွက် ပထမဆုံးပြဋ္ဌာန်းချက်ပင် ဖြစ်သည်။ ဤပြဋ္ဌာန်းချက်ကို အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ကြီး၏ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၀၂ နိုင်ငံ သို့မဟုတ် အဖွဲ့ဝင် သုံးပုံနှစ်ပုံက အတည်ပြုသည့်အခါ အတည်ဖြစ်မည်ဖြစ်သည်။ ၎နိုင်ငံအားလုံးသည် အရပ်ဘက်လေယာဉ်တစီး ပျံသန်းနေစဉ် ယင်းလေယာဉ်ကို လက်နက်များအသုံးပြု တိုက်ခိုက်ခြင်းမှ ရှောင်ကြဉ်ရမည်" ဟူ၍ ပြဋ္ဌာန်းလိုက်ခြင်း ဖြစ်သည်။ "စာချုပ်ဝင်နိုင်ငံတန်ိုင်ငံသည် မည်သည့်အရပ်ဘက်လေယာဉ်တစီးကိုမဆို စာချုပ်၏ ရည်ရွယ် ချက် များ နှင့် မညီညွတ်သောကိစ္စရပ်များအတွက် တမင်တကာအသုံးပြုခြင်းကို တားမြစ်ပိတ်ပင်ရန် သင့်လျော်သောစီမံဆောင်ရွက်မှုများကို ပြုလုပ်ရမည်" ဟူ၍လည်း ပြဋ္ဌာန်းသည်။

**အပြည်ပြည်ဆိုင်ရာ လူဦးရေညီလာခံ–** ကုလသမဂ္ဂ၏ ဒုတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာလူဦးရေ ညီလာခံကို မက္ကဆီကိုမြို့တော်တွင် ၁၉၇၄ ခု ဩဂုတ်လ ၆ ရက်နေ့မှ ၁၄ ရက်နေ့အထိ ကျင်းပခဲ့သည်။ (အပြည်ပြည်ဆိုင်ရာ လူဦးရေညီလာခံ—ရှ။)



**ကုသလသာမိ၊ ဆရာတော်ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ မိတ္ထီလာမြို့၊ သာသန ဟိတကာရီ ပါဠိတက္ကသိုလ် ဥယျာဉ်ကျောင်းတိုက် (မြန်မာ ၁၂၆၃–)။** ။ဆရာတော်ဘဒ္ဒန္တ ကုသလသာမိကို မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ်၊ ဆားတောင်ရွာတွင် ခမည်းတော် ဦးရန်အောင်၊ မယ်တော် ဒေါ်ငြိမ်းရံတို့က ၁၂၆၃ ခုနှစ် ဝါဆိုလဆန်း ၃ ရက်နေ့ရက် တနလ်ာနေ့တွင် ဖွားမြင်သည်။

၁၂ နှစ်သားအရွယ်တွင် ခမည်းတော်၊ မယ်တော်တို့၏ ဟစ္စယာနုဂ္ဂဟ ကို ခံယူ၍ စံဆရာတော်ကုန်းသိမ် တောရ



အဂ္ဂမဟာပဏ္ဍိတဘွဲတံဆိပ်တော်ရှင်
ဆရာတော် ဘဒ္ဒန္တ ကုသလသာမိ

မင်း ကျောင်းဆရာတော် ဦးအာစိဏ္ဏကိုဥပဇ္ဈာယ် ပြုလျက် သာမဏေအဖြစ်သို့ ရောက်သည်။

ထို့နောက် ကမ်းနားကျောင်းဆရာတော် ဦးတေဇဝန္တ ထံတွင် သဒ္ဒါကျမ်း၊ ပုဒ်စစ်ကျမ်း၊ သင်္ဂဟကျမ်းများကို ပြီးဆုံးအောင် သင်ကြားသည်။ ၁၇ နှစ်သားအရွယ်တွင် မန္တလေးမြို့ မစိုးရိမ်တိုက် တိုက်အုပ် နာယက အဂ္ဂမဟာပဏ္ဍိတဘွဲရ ဆရာတော် အရှင် သောမာဘိသိရိထံတွင် သဒ္ဒါကျမ်း၊ ရူပသိဒ္ဓိကျမ်း၊ မာတိကာ ဓာတုကထာကျမ်း၊ ယမိုက်အရကောက်ကျမ်းများကို ဆုံးခန်းတိုင် သင်ကြားခဲ့သည်။

မိတ္ထီလာမြို့နယ် ညောင်မြင့်ရွာနေ ဦးဆက်နှင့် ဒေါ်ဦးမေတို့၏ ပစ္စယာနုဂ္ဂဟဖြင့် တောမလေးထပ်ကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ၁၂၀၃ ခုနှစ်တွင် ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ရဟန်း တဝါရပြီးနောက် ဒက္ခိဏာရာမဘုရားကြီးတိုက် ဆရာတော် ဦးနန္ဒိယထံတွင် ကစ္စည်းသဒ္ဒါကျမ်း၊ ဝိနည်းဆိုင်ရာ ကခ်ံကျမ်း၊ ပါရာဇိကဏ် အဋ္ဌကထာကျမ်း၊ ပါစိတျာဒိအဋ္ဌကထာကျမ်း စသောကျမ်းများကို ပေါက်ရောက်ပြီးဆုံးအောင် သင်ကြားခဲ့သည်။ ဆရာတော်သည် ပင်းသာကျောင်း ဆရာတော်ကြီး ဦးခန္တီ၊ ဆရာတော် ဦးနာရဒ၊ ဆရာတော်ကြယ်၊ တောင်မြို့ မင်္ဂလာရာမတိုက်သစ် ဆရာတော် ဦးဓမ္မသာမိ၊ ဆရာတော် ဦးပခန်းတို့ထံတွင် လောကုတ္တရာစာပေများကို နှစ်ပေါင်းများစွာ သင်ကြားခဲ့သည်။



ဆရာတော်သည် အစိုးရက ကျင်းပသော ပထမပြန်စာမေးပွဲ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းတို့ကိုလည်းကောင်း၊ ဝံသာနု အမျိုးသားစာမေးပွဲ ပထမကြီးတန်းကိုလည်းကောင်း၊ ရန်အောင်မြို့ သာသနာ နုဂ္ဂဟ အသင်းစာမေးပွဲ ပထမကြီးတန်းကိုလည်းကောင်း အောင်မြင်တော်မူခဲ့သည်။

၁၂၉၉ ခုနှစ်တွင် မိတ္ထီလာမြို့ ဘူတာဟောင်း ဥယျာဉ်တိုက်ကို စာသင်တိုက်ဖွင့်လှစ်ပြီး စာသင်သားများစွာတို့ကို ပရိယတ္တိစာပေများ ပို့ချပေးခဲ့သည်။ ၁၃၂၃ ခုနှစ်တွင် ဥယျာဉ် စာသင်တိုက်ကြီးကို ပါဠိတက္ကသိုလ် စာသင်တိုက်ကြီးအဖြစ် တိုးချဲ့ပြီး ကျောင်းအုပ် ဆရာတော်အဖြစ် ပရိယတ္တိတာဝန်ကို ထမ်းဆောင်ခဲ့သည်။ ဆရာတော်သည် ဆဋ္ဌသံဂါယနာ တင်စဉ်အခါ၌လည်း ပထမသန္နိပါတ ပါဠိဝိသောဓကအဖွဲ့ ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ပါဠိဘာဏက အဖွဲ့ ဥက္ကဋ္ဌ အဖြစ်လည်းကောင်း ဆောင်ရွက် ခဲ့ သည်။ ဝိနိစ္ဆယဌာနတွင် ခရိုင် ဝိနည်းဓိုရ်ဆရာတော်၊ နိုင်ငံတော် ပါဠိတက္ကသိုလ် ဓမ္မာစရိယ စာမေးပွဲများနှင့် ပါဠိ ပထမပြန်စာမေးပွဲများကြီးကြပ်ရေး ဥက္ကဋ္ဌအဖြစ်လည်း ဆောင်ရွက်တော်မူခဲ့သည်။ မိတ္ထီလာမြို့ ရွှေမြင်တင်မဟာစေတီတော်ကြီး၊ ဘိုးဘွားရိပ်သာ၊ ပဋိပတ္တိပြန့်ပွားရေးအဖွဲ့ စသည်တို့၏ သြဝါဒါစရိယအဖြစ် ဆောင်ရွက်တော် မူလျက်ရှိသည်။ ထို့ပြင် နိုင်ငံတော် ဗဟို သံဃဝန်ဆောင်အဖြစ်လည်း ဆောင်ရွက်တော်မူလျက်ရှိသည်။

ဆရာတော်သည် နမောတဿဒီပနီ၊ သြကာသဒီပနီ၊ မင်္ဂလတ္ထဒီပနီ၊ ရတနတ္တယ ပကာသနီကျမ်းတို့ကို ပြုစုရေးသားတော်မူခဲ့သည်။

ဤသို့ သာသနာတော်၏အကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူသောကြောင့် ဆရာတော်ဘဒ္ဒန္တကုသလသာမိသည် ၁၉၇၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတဘွဲတံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

**ကုသလသာမိဘိဝံသ၊ ဆရာတော် ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ သုံးခွမြို့၊ မဟာ ဗောဓိ ကျောင်းတိုက်**

(မြန်မာ ၁၂၆၁–၁၃၄၅)။ ။ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းများနှင့် အစိုးရဓမ္မာစရိယ စာချတန်းများကို အောင်မြင်တော်မူခဲ့သော ဆရာတော်ဘဒ္ဒန္တ ကုသလသာမိဘိဝံသသည် သုံးခွမြို့၊ မဟာ ဗောဓိ ကျောင်းတိုက်၏ မဟာနာယကအဖြစ်ဖြင့် တပည့်သံဃာများအား ပရိယတ္တိစာပေများကို သင်ကြားပို့ချပေးခြင်း၊ ရန်ကုန်မြို့ ဝိနယာ

နုဂ္ဂဟအသင်းကြီး၏ နာယက၊ ပုစ္ဆကဝိသောဓက၊ မြို့နယ်ဝိနည်းဓိရ်၊ သုံးခွမြို့နယ် ဘုရားကြီးရှာ ထမ်းငြိမ်းစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ သရောဘုတ် ပဝါရဏာကိုဏ်းကြီး၏ သံဃမဟာနာယက၊ သုံးခွမြို့ မြို့မ ပဝါရဏာကိုဏ်းကြီး၏ ဒုတိယနာယက၊ ပါဠိပထမပြန်စာမေးပွဲ၊ ခရိုင်ဝိနည်းစာမေးပွဲတို့၌ ဩဝါဒါစရိယ၊ ကိုဏ်းပေါင်းစုံသံဃာ့ အစည်းအဝေးကြီး၌ သံဃာ့သမ္မုတိရ စသည့် သာသနာ့ တာဝန် များကို ထမ်းဆောင် တော်မူ ခဲ့သော ကြောင့် ၁၃၄၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်နေ့တွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၄–စာ၊ ၁၁၉—ရှု။)

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကုသလသာမိ ဘိဝံသသည် ၁၃၄၅ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

**ကိုလက်စထရောခေတ်။** ။ကိုလက်စထရောသည် ဆပ်ပြာရည်နှင့် တူသော အဆီခေတ်တမျိုး ဖြစ်သည်။ ယင်းသည်လူခန္ဓာကိုယ်တွင်း၌ သွေးစီးကြောင်းတလျှောက် မျောပါသွားပြီး ခန္ဓာကိုယ်အန္ဒုံအပြားသို့ ပျံ့နှံ့ရောက်ရှိသွားနိုင်သည်။ ကိုလက်စထရော အဆီခေတ်ကို ကျွန်ုပ်တို့နေ့စဉ် စားသုံးနေသည့် အစားအစာများမှ အများဆုံး ရရှိသည်။ လူ့အသည်းသည် တနေ့လျှင် ကိုလက်စထရော ၁၀၀၀ မီလီဂရမ်နှုန်းခန့် သွေးစီးကြောင်းထဲသို့ ထုတ်လုပ် ပေး ပို့ နိုင်သည်။ ယင်းအဆီခေတ်မရှိလျှင် ဟော်မုန်း ခေတ် များ၊ ဗီတာမင်ဒီ၊ သည်းခြေအက်ဆစ်ခေတ်များ၊ အာရုံကြောမျှင်ကို ရစ်ပတ်ဖုံးပေးထားသည့် အမြှေးပါး စသည်တို့ ဖြစ်ပေါ်မလာနိုင်သောကြောင့် မရှိမဖြစ် အရေးပါသည့် ခေတ်တမျိုးဟု ဆိုနိုင်လေသည်။

ကိုလက်စထရော အဆီခေတ်သည် ခေတုသဘာဝအားဖြင့် စတီးရှိုက်၊ အယ်လကိုဟော အမျိုးအစား ဖြစ်သည်။ လူဘဝအသက်ရှင် ရပ်တည်ရေးအတွက် မရှိမဖြစ် သည့် ခေတ်တမျိုးဟု ဆိုနိုင်သော်လည်း ရှိနေခြင်းကြောင့်ပင် အသက်အန္တရာယ် ဖြစ်စေနိုင်ပြန်သည်။ ထို့ကြောင့်လည်း အမေရိကန်ပြည်ထောင်စုက ကိုလက်စထရော ခေတ် ကို နံပါတ်တစ် ပြည်သူ့ကျန်းမာရေး ရန်သူဟု သတ်မှတ်ပေးခဲ့သည်။

သံရေပိုက်လိုင်းများတွင် နှစ်ပရိစ္ဆေဒကြာမြင့်လာသည့် အခါ သံချေးအထပ်ထပ် တက်လာသကဲ့သို့ ကိုလက်စထရော ခေတ်သည် သွေးကြောများ၏ အတွင်းနံရံတွင် အထပ်ထပ် လာကပ်နိုင်ကြသည်။ သွေးကြောကြီးများ၌ ဖြစ်လျှင် နှေ့ချင်းညချင်း ဒုက္ခမပေးနိုင်သော်လည်း ပြွန်ကျဉ်းသည့် သွေးကြောငယ်လေးများအတွင်း အဆီချေးတက်လာသည့်အခါ ပြွန်နံရံမှာ ထူထဲလာပြီး သွေးအသွားအလာ သိသိသာသာ လျော့သွားနိုင်လေသည်။ ဤကဲ့သို့ သွေးကြောငယ်လေးများ၏နံရံထူလာပြီး သွေး ပြွန် ကျဉ်း သွား ရ ခြင်း ကို အသရိုစကယ်ရိုးဆစ်ဟု ခေါ်သည်။ အသရိုစကယ်ရိုးဆစ်ဟူသော ဝေါဟာရသည် အသရာနှင့် ရှကရိုးဆစ် စကားတို့မှ ပူးပေါင်းဆင်းသက်လာခြင်း ဖြစ်သည်။ ရင်းမြစ်စကား နှစ်ခုသည်ဂရိဘာသာဖြင့် အရည်စာ နှင့် မာကျစ်ခြင်းဟု တိုက်ရိုက် အဓိပ္ပာယ်ရသည်။

နှလုံးကြွက်သားများကို သွေးဖြန့်ဖြူးပေးပို့သည့် နှလုံးပတ် သွေးကြောလေးများ၌ ကိုလက်စထရော အဆီခေတ်များ ပိတ်ဆို့သွားခဲ့မည် ဆိုပါလျှင် နှလုံးကြွက်သားများအတွက် သွေးလုံလောက်စွာ မရနိုင်တော့ချေ။ ထိုအခါ ရင်ဘတ်အောင့်ခြင်း ဝေဒနာကို ပထမဆုံးခံစားရမည် ဖြစ်သည်။ အကယ်၍ ပြွန်ကျဉ်းနေသည့် နှလုံးပတ်သွေးကြောအတွင်း သွေးခဲပိတ်သွား၍ နှလုံးကြွက်သားများကို သွေးလုံးဝ ပို့မပေးနိုင်တော့သည့် အခြေအနေသို့ရောက်လာလျှင် နှလုံးရောဂါထခြင်း ဖြစ်လာပြီး ရုတ်တရက် ကောက်ကာငင်ကာ သေဆုံးနိုင်သည်။ ပြွန်ကျဉ်းနေသော နှလုံးပတ်သွေးကြောအတွင်း သွေးခဲ ပိတ်ဆို့ခြင်းကို နှလုံးပတ်သွေးလွှတ်ကြော သွေးခဲဆို့ခြင်း (ကိုရိုနရီသရွန် ဘိုးဆစ်) ဟုခေါ်သည်။ ဤသို့ဖြစ်ခြင်းသည် နှလုံးရောဂါထခြင်း၏ အဖြစ်အများဆုံး အကြောင်းရင်းတရပ်ဖြစ်သည်။

ကိုလက်စထရော အဆီခေျးများ ဦးခေါင်းနှင့် လည်ပင်း အတွင်းရှိ သွေးလွှတ်ကြောများကို ပိတ်ဆို့သွားပါက လေသင်ခုန်းဖြတ်ခြင်း (လေဖြတ်ခြင်း) ဖြစ်နိုင်သည်။ နှလုံးရောဂါ ထခြင်းမှာ နှလုံးသို့ သွေးပို့သော နှလုံးပတ် သွေးကြော ပိတ်သွားခြင်းဖြစ်ပြီး လေဖြတ်ခြင်းမှာမူ ဦးနှောက်သို့ သွေးပို့သော သွေးကြောငယ် ပိတ်သွားခြင်း ဖြစ်သည်။ ခြေသလုံးရှိ သွေးလွှတ်ကြောတခုခုအတွင်း အဆီခေျး ပိတ်သွားလျှင် ခြေထောက်ကြွက်သား ပုပ်နာ ဖြစ်လေ့ရှိသည်။

အမေရိကန် နှလုံးရောဂါအသင်းအဖွဲကြီးက ကိုလက်စထရော အဆီခေတ်ကို တနေ့လျှင် ၃၀၀ မီလီဂရမ်ထက် ပိုမို၍ မသုံးစွဲသင့်ကြောင်း သတိပေးခဲ့သည်မှာ နှစ်အတော်ကြာခဲ့ပြီဖြစ်သည်။ ပျမ်းမျအားဖြင့် အမေရိကန် အမျိုးသားများသည် ကိုလက်စထရော အဆီခေတ် ၄၀၀ မီလီဂရမ်မှ ၇၅၀ မီလီဂရမ် အထိ နေ့စဉ်စားသုံးနေကြသည်။ နေ့စဉ် စားသုံးလျက်ရှိသော အစားအစာများတွင် ကိုလက်စထရော ပါဝင်သည့် အချိုးအစားကို တဘက်ပါဇယားတွင် ဖော်ပြထားသည်။

ကိုလက်စထရောများသော အစားအစာများ

| အစားအစာအမျိုးအစား | ကိုလက်စထရော (မီလီဂရမ်) | ပြည့်ဝအဆီ (ဂရမ်) |
|---|---|---|
| ဝက်ဥနှောက် (သုံးအောင်စ) | ၂၁၆၉ | ၁.ဂ |
| အမဲကျောက်ကပ် (သုံးအောင်စ) | ၆၈၃ | ၃.ဂ |
| အမဲအသည်း(သုံးအောင်စ) | ၃၇၂ | ၂.၅ |
| ကြက်ဥတလုံး | ၂၇၅ | ၁.၇ |
| ဒိန်ခဲ(သုံးအောင်စ) | ၇ဂ | ၁၆.၅ |
| ရေခဲမုန့်(တခွက်) | ၅၉ | ဂ.၉ |
| နွားနို့(တခွက်) | ၃၃ | ၅.၁ |
| ထောပတ် (လက်ဖက်ရည်ဇွန်းတဇွန်း) | ၃၁ | ၇.၁ |
| နွားချေကလက် (သုံးအောင်စ) | ၁ဂ | ၁၆.၃ |

ကိုလက်စထရောနည်းသော အစားအစာများ

| အစားအစာအမျိုးအစား | ကိုလက်စထရော (မီလီဂရမ်) | ပြည့်ဝအဆီ (ဂရမ်) |
|---|---|---|
| အစိမ်းရောင်၊ အဝါရောင်ရှိသည့် ဟင်းသီး ဟင်းရွက် သို့မဟုတ် သစ်သီးဝလံ | ဝ | အနည်းငယ် |
| ဟင်းသီး ဟင်းရွက်ဆီ(လက်ဖက်ရည်ဇွန်းတဇွန်း | ဝ | ၂.၁ |
| နွားမုန့်(တခွက်) | ၄ | ဝ.၃ |
| နွားအေး(တခွက်) | ၁၃ | ၂.၉ |
| ဒိန်ချဉ်(တခွက်) | ၁၄ | ၂.၃ |
| အဆီနည်းသော ငါး (သုံးအောင်စ) | ၄၃ | ဝ.ဝဂ |
| ကြက်သား (သုံးအောင်စ) | ၇၂ | ၁.၁ |
| အဆီနည်းသော အမဲသား (သုံးအောင်စ) | ၇၃ | ၃.၇ |

ဖော်ပြပါ ဇယားကိုကြည့်၍ တနေ့တာ ကိုလက်စထရောဓာတ် လိုအပ်ချက်နှင့် အံဝင်ခွင်ကျ ဖြစ်ရလေအောင် ဆင်ခြင်သုံးစွဲ နိုင်သည်။ တဖန် ဒု တိ ယ ဇ ယား တွင် ကိုလက်စထရောဓာတ် နည်းသော အစားအစာများကိုဖော်ပြထားသည် ဖြစ်ရာ ယင်းတို့ကို အဓိကထား၍ ရွေးချယ်စားသုံးနိုင်သည်။

၁၉၇၄ ခုနှစ် ဇန္နဝါရီလအတွင်းက ထုတ်ပြန်ခဲ့သည့် အမေရိကန်ပြည်ထောင်စု ကျန်းမာရေး အစီရင်ခံစာတွင် ကိုလက်စထရောနည်းသည့် အစားအစာများကို စားသုံးခြင်းဖြင့် နှလုံးရောဂါထခြင်းနှင့် နှလုံးရောဂါကြောင့် သေဆုံးရသည့် ဦးရေ သိသိသာသာ လျော့နည်းသွားသည်ဟု ဖော်ပြထားသည်။ ထို့ကြောင့် ကိုလက်စထရောဓာတ်နှင့် နှလုံးရောဂါထခြင်းတို့ဒကြား ဆက်စပ်မှုမှာထင်ရှား ပေါ်လွင်နေပေသည်။ လေ့လာတွေ့ရှိချက်များအရ သွေးထဲရှိ ကိုလက်စထရောဓာတ် တိုင်း မှတ် သည် တစ် ရာ ခိုင် နှုန်း လျော့သွားလေတိုင်း နှလုံးရောဂါဖြစ်နိုင်ခြင်းမှ နှစ် ရာခိုင် နှုန်း သက်သာသွားသည်ဟူသော အချက်ကို သိရှိရပြီ ဖြစ်သည်။

နေ့စဉ် အစားအစာကို ဆင်ခြင်စားသုံးခြင်း၊ အဆီကျဆေးများသုံးစွဲခြင်း၊နေ့စဉ်မှန်မှန် ကိုယ်လက်လှုပ်ရှားကစားလေ့ကျင့်ခြင်း၊ စီးကရက်ရှောင်ကြဉ်ခြင်း စသည်တို့ဖြင့် သွေးထဲရှိ ကိုလက်စထရောကို လျော့ကျသွားစေနိုင်သည်။ လေ့ကျင့်ခန်းမှန်မှန်လုပ်ခြင်းနှင့် ဆေးလိပ်ရှောင်ကြဉ်ခြင်း တို့ကြောင့်လူခန္ဓာကိုယ်ကို အကျိုးဖြစ်စေသည့် သိပ်သည်းခြင်းများသော လိုင်ပိုပရိုတင်း အဆီဓာတ် (အိပ်ချ်ဒီအယ်) ပိုများလာစေသည် ဟူသော အချက်ကိုလည်း ဆေးသိပ္ပံပညာရှင်များတွေ့ရှိ လက်ခံထားကြပြီ ဖြစ်သည်။

သိပ်သည်းခြင်း များသော လိုင်ပိုပရိုတင်းအဆီဓာတ်သည်အဆီဓာတ်တမျိုးဖြစ်သော်လည်း ယင်းတွင် ကိုလက်စထရောဓာတ်အနည်းငယ်သာပါရှိသည်။ ထို့ပြင်သွေးလွှတ်ကြောနံရံ ထူထဲမာကျစ်ခြင်းမဖြစ်ရလေအောင် အကာအကွယ် ပေးနိုင်စွမ်းလည်းရှိသည်။ ထို့ကြောင့် ယင်း အဆီဓာတ်သည် ကိုလက်စထရောဓာတ်ကဲ့သို့ မဟုတ်ပဲ လူသားတို့၏ ကျန်းမာရေးကို အထောက်အကူပြုသည့် အဆီဓာတ်တမျိုးဟု ဆိုနိုင်သည်။

ကိုလက်စထရောဓာတ်အကြောင်းကို နက်နက်ရှိုင်းရှိုင်း သိနိုင်ရန်အတွက် ကမ္ဘာအရပ်ရပ်ရှိ သိပ္ပံပညာရှင်များက အထူးလုံ့လစိုက်ထုတ်လျက် ရှိနေကြသည်။ အမေရိကန်ပြည်ထောင်စု အမျိုးသားကျန်းမာရေး ဌာနကြီးမှ ဒေါက်တာ ဘဆေးရစ်ဖ်ကိုင်း ဦးဆောင် သည့် အဖွဲ့တခုသည် ၁၉၇၃ ခုနှစ်မှစ၍ အသက် ၃၅ နှစ်မှ ၅၉ နှစ် အတွင်းရှိ အမျိုးသားဦးရေ ၄,၀၀,၀၀၀ တို့ကို ကိုလက်စထရောနှင့်

စပ်လျဉ်းသော သုတေသနကိုပြုခဲ့ကြသည်။ ၁၀ နှစ် တာမျှ အချိန်ယူ လေ့လာခဲ့ကြရာတွင် နေ့စဉ် စားသုံးစာနှင့် အဆီကျစေသည့် ကိုလက်စတိုင်ရာမင်း ဆေးတို့ကို သုံးစွဲကြသူများသည် နေ့စဉ်စားသုံးစာတခုတည်းကို ဆင်ခြင်သုံးစွဲကြသူများထက် နှလုံးရောဂါဖြစ်ခြင်းမှ ၂၄ ရာခိုင်နှုန်း သက်သာသည်ဟူသောအချက်ကို ဖော်ထုတ်နိုင်ခဲ့သည်။

သုတေသနပြုချက်များမှခြုံငုံ၍သိရှိရသည်မှာတိရစ္ဆာန် အဆီပါသော အစားအစာများ၊ ပြည့်ဝအဆီ များသော အစားအစာများနှင့် ကိုလက်စထရော များသော အစားအစာများကို ရှောင်ကြဉ်ပြီး ငါး၊ ကြက်သား၊ နို့မှုန့်တို့ကို အစားထိုး သုံးစွဲခြင်း၊ ကြက်ဥ၊ ဘဲဥ စသည်တို့ကို ရက်သတ္တပတ်တွင် နှစ်လုံး၊ သုံးလုံးထက် မပိုစေပဲ စားသုံးခြင်း၊ အသည်း၊ ကျောက်ကပ် စသည့် ကိုယ်တွင်းအင်္ဂါများကို ချင့်ချိန်စားသုံးခြင်း၊ ဟင်းချက်ပြုတ်ရာတွင် ဟင်းသီးဟင်းရွက်ဆီနှင့် မာဂျရင်းအဆီတို့ကို သုံးစွဲခြင်း၊ အုန်းဆီ ကဲ့သို့သော ပြည့်ဝအဆီပါသည့် အစားအစာများကိုရှောင်ကြဉ်ခြင်း စသည့်အချက်များကို လိုက်နာခြင်းအားဖြင့် သွေးထဲရှိ ကိုလက်စထရောခေတ်ကို လျော့ကျစေနိုင်ကြောင်း တွေ့ရသည်။

သွေးထဲရှိ ကိုလက် စထရောခေတ်ကို လျော့ချ ရန် အတွက် အဆီကျဆေးအဖြစ် အသုံးပြုနေသည့် ကိုလက် စတိုင်ရာမင်းဆေးသည် စမ်းသပ်ဆဲ အခြေအနေတွင်သာ ရှိနေသေးသည်။ ထို့ပြင်ဆေးဝါးတန်ဖိုးလည်း ကြီးမြင့်သည့် အတွက်လူတိုင်းသုံးစွဲရန် မဖြစ်နိုင်သေးချေ။ ထို့ကြောင့် နေ့စဉ်စားသုံးစာကို ဆင်ခြင်ခြင်း သည်သာလျှင် ကိုလက် စထရောခေတ် လျော့ချရေးအတွက် လက်တွေ့ အသုံးကျသည့်နည်းလမ်း ဖြစ်ပေမည်။

**ကက်စတလာ, ဒေါက်တာအဲလဖရက်** (ခရစ် ၁၉၀၂–၁၉၇၄)။ ။အလင်းပညာကို နှိုက်နှိုက်နဲ့နဲ့ လေ့လာစူးစမ်းခဲ့သော ပြင်သစ် ရူပဗေဒပညာရှင် ဒေါက်တာ အဲလဖရက် ကက်စတလာကို ၁၉၀၂ ခုနှစ် မေလ ၃ ရက် နေ့တွင် (ထိုစဉ်က ဂျာမနီနိုင်ငံ၌ ပါဝင်သော) အဲ့လစက်စ်နယ် ဂုဗီလာမြို့၌ အဖ ဖရဲဒရစ် ကက်စတလာနှင့် အမိ အန်နီဖရေးတို့မှ မွေးဖွားသည်။ ၁၉၂၄ ခုနှစ်မှ ၁၉၃၁ ခုနှစ် အထိ မာလဟောက်စ်မြို့၊ ကိုးလမားမြို့၊ ဗော်ဒူမြို့များတွင် ပညာဆည်းပူးယင်း ကျောင်းဆရာအဖြစ်လည်း အမှုထမ်းခဲ့သည်။

နျူးကလီယ သံလိုက်တိကျအတိုင်းအတာဆိုင်ရာ နည်းစနစ်သစ်များ တိုးတက်လာရေးအတွက် ဆောင်ရွက်ခဲ့သူလည်းဖြစ်၍ ၁၉၅၂ ခုနှစ် ရူပဗေဒ နိုဗယ်ဆုကို ဆွတ်ခူးခဲ့သူလည်း ဖြစ်သော ဆွစ်နိုင်ငံဖွား ဒေါက်တာဖီးလစ် ဗလော့



ဒေါက်တာ အဲလဖရက် ကက်စတလာ

၏ လမ်းညွှန်မှုအောက်တွင် ဒေါက်တာ ကက်စတလာသည် ပထမဘွဲ့ကိုရသည်။ ၁၉၃၁ ခုနှစ်မှ ၁၉၃၆ ခုနှစ်အထိ ဘွဲ့လွန် ရူပဗေဒသင်တန်း တက်ရောက်၍ ပါရဂူဘွဲ့ ရသည်။ ပြင်သစ်တက္ကသိုလ်များတွင် သင်ကြားပို့ချခဲ့ရာ ၁၉၅၂ ခုနှစ်တွင် ပါမောက္ခရာထူးသို့ တိုးမြှင့်ခံရသည်။ ၁၉၅၄ ခုနှစ် အတွက် ဟောလဝက်ဆုကို ရရှိပြီး ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ ဆယ်ခုကိုလည်း အပ်နှင်းခံရသည်။

ဒေါက်တာ ကက်စတလာသည် အလင်းနှင့် ရေဒီယို လှိုင်းများကို နှစ်စင်းတွဲ ခွင်ကျမှု နည်းဗျူဟာတို့ဖြင့် လေ့လာခဲ့သည်။ အလင်းဖိုတွန်အမှုန်များကိုသုံး၍ စုပ်ယူနိုင်စွမ်းအင်ဆင့်များမှ အက်တမ်များကို စုပ်မယူနိုင်စွမ်းအင်ဆင့်များသို့ တွန်းပို့ပေးနိုင်ခဲ့သည်။ ဒေါက်တာ ကက်စတလာ၏ သုတေသနမှ ရရှိသော လက်တွေ့ အကျိုးရလဒ်များမှာ မေဆာနှင့် လေဆာရောင်ခြည်ပညာ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့် အားနည်းသော သံလိုက်စက်ကွင်းကို တိုင်းတာသည့် နည်းစနစ်သစ် ပေါ်ပေါက် လာခြင်းတို့ဖြစ်သည်။ အက်တမ်များအတွင်း ဟတ် ခွင်ကျမှုများကို လေ့လာနိုင်သည့်အလင်းပညာနည်းစနစ်အသစ်များ စူးစမ်းရှာဖွေနိုင်ခဲ့ခြင်း အတွက် ဒေါက်တာ ကက်စတလာသည် ၁၉၆၆ ခုနှစ်တွင် ရူပဗေဒ နိုဗယ်ဆု ချီးမြှင့်ခံရသည်။

မာန်မာနကင်းပြီး လုပ်ဖော်ကိုင်ဖက်များကို အမှန်းတင်လေ့ရှိသည့် ဒေါက်တာ ကက်စတလာသည် အလင်းပညာနှင့် ရောင်စဉ်ပညာပိုင်း သုတေသနကို လုပ်ဖော်ကိုင်ဖက် ၂၀ ကျော်မျှနှင့်အတူ တသက်တာလုံး လုပ်ဆောင်ခဲ့ပြီးနောက် ၁၉၈၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြင်သစ်နိုင်ငံ ဗင်ဒိုးမြို့၌ ကွယ်လွန်သည်။

**ကင်ဆာရောဂါ။** ။ကင်ဆာ ရောဂါနှင့် စပ် လျဉ်း၍ ဝီလစ်စ်အမည်ရှိ သိပ္ပံပညာရှင်တဦးက ၁၉၅၂ ခုနှစ်တွင် ဤသို့ အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။

"ကင်ဆာ ကလာပ်စည်းစုသည် မူမှန် မဟုတ် သော ကလာပ်စည်းစု ဖြစ်သည်။ မူမှန် ကလာပ်စည်းတို့ထက် ပို၍ ကြီးထွား မြန်ကြသည်။ ယင်းသို့ ကြီးထွားရာတွင် လည်း မူမှန် ကလာပ်စည်းစုများကဲ့သို့ အချိုးကျကျ ကြီး ထွားလာခြင်းမဟုတ်။ ထို့ပြင် ယင်းသို့ ကြီးထွားခြင်းကို ဖြစ်စေသည့်လှုံဆော်မှု ပစ္စည်းတစုံတခုကို ဖယ်ရှားပစ်လိုက် သည့်တိုင် ဆက်လက်ကြီးထွားနေမြဲ ဖြစ်လေသည်။"

ကင်ဆာကလာပ်စည်းများတွင် ပုံသဏ္ဌာန်၊ ဟန်ချက် ညီမျှခြင်း၊ အချိုးအစားကျခြင်း သုံးမျိုးစလုံး မရှိကြသည် ကို တွေ့ရသည်။ ကင်ဆာအကျိတ်အလုံးမှ ကလာပ်စည်း များသည် မရပ်မနား ပွားများနေကြသည်။ သို့ရာတွင် အလုံးအကျိတ်တွေ့ရတိုင်း ကင်ဆာရောဂါဟူ၍ တထစ်ချ ပြောရမရချေ။ အကျိတ်အလုံး၏ အရိုင်းစား အကြမ်းစား အဆင့်ကို ကင်ဆာဟုခေါ်ခြင်း ဖြစ်လေသည်။ ယင်းကို ပွားကျူးမာဟု ခေါ်နိုင်သည်။

ကင်ဆာနှင့် စပ်လျဉ်း၍ ဆေးသိပ္ပံပညာရပ်က တိကျ ပြည့်စုံစွာ ရှင်းမပြနိုင်သေး သော်လည်း ကျူးမာအကျိတ် အလုံး၏ သဘာဝနှစ်မျိုးကိုမူ အကြမ်းသဘော တင်ပြ နိုင်သည်။ တမျိုးမှာ အနုစား အယဉ်စားဖြစ်ပြီး ကျန် တမျိုးမှာ အရိုင်းစား အကြမ်းစား ဖြစ်လေသည်။

အနုစား အကျိတ်အလုံးသည် အသက်အန္တရာယ် ပေး လေ့မရှိ။ ကြီးထွားနှုန်းမမြန်ဆန်လှပဲ ဖြည်းဖြည်းချင်းသာ ကြီးထွားလေ့ရှိသည်။ ခန္ဓာကိုယ်၏ အခြားနေရာများသို့ ပျံနှံ့ရောက်ရှိသွားလေ့မရှိ။ ယင်းအကျိတ်အလုံးကို ခွဲစိတ် ဖယ်ရှားပစ်ရာတွင်လည်း လွယ်ကူလေ့ရှိသည်။ ယင်းကို မပွားကျူးမာဟု ခေါ်နိုင်သည်။ ပွားကျူးမာသည် မပွား ကျူးမာနှင့်မတူပဲ အသက်အန္တရာယ် ပေးလေ့ရှိသည်။ ကြီး ထွားနှုန်းသည်လည်း အလွန်မြန်ဆန်သည်။ မူလဖြစ်ပေါ်ရာ နေရာမှ အခြားနေရာများသို့လည်း ပျံနှံ့ရောက်သွားလေ့ ရှိခြင်းကြောင့် ရောဂါအခြေအနေကို ဆိုးရွားစေနိုင်သည်။ ယင်းအမျိုးအစားမှာ ခန္ဓာကိုယ်အတွင်းရှိ တစ်ရှူးများ ကို ဖောက်ဖျက်နိုင်စွမ်းရှိပြီး ကုသရာတွင်လည်း ခက်ခဲမှု ရှိသည်။

အကြမ်းစားကင်ဆာသည် မူလ ဖြစ်ပေါ်ရာ နေရာမှ အခြားနေရာများသို့ ပျံနှံ့ရောက်သွားလေ့ရှိသည်။ ကင်ဆာ ကလာပ်စည်းများသည် မိမိဖြစ်ပေါ်ရာ နေရာမှ ပြုတ်ထွက် ကာ ခန္ဓာကိုယ်၏ အခြားတနေရာသို့ ကူးပြောင်း ရောက်ရှိ ပျံနှံ့သွားခြင်းကို မက်တာစတေစစ်လုပ်ခြင်းဟု ခေါ်သည်။ ဤနေရာတွင် နည်းလမ်းလေးမျိုးဖြင့် ပျံနှံ့လေ့ရှိသည်။

လူခန္ဓာကိုယ်ထဲတွင် သဘာဝအလျောက် ပွင့်လျက် သားဖြစ်သော လမ်းကြောင်းများ ရှိကြ၏။ ယင်းတို့ကို တည်ရှိသည့်နေရာအလိုက် ဝမ်းတွင်းမြွေးအခေါင်း၊ အဆုတ် အမြွေးခေါင်း၊ နှလုံးအမြွေးခေါင်း စသည်ဖြင့် ခေါ်ဝေါ် သည်။ ယင်းကိုယ်တွင်းခေါင်းများထဲသို့ ကင်ဆာကလာပ် စည်းများ ပျံနှံ့ရောက်ရှိ သွားနိုင်သည်။ ဒုတိယ ပျံနှံ့နည်း မှာ လူနာ၏ ကင်ဆာ ကလာပ်စည်းစုကို နမူနာ ဖောက် ထုတ် လေ့လာခြင်း၊ သို့မဟုတ် ခွဲစိတ်ရာတွင် အသုံးပြု သော ပစ္စည်းကိရိယာများ၊ သို့မဟုတ် လက်အိတ်စုပ်ထား သည့်လက် စသည်တို့မှတဆင့် ကင်ဆာ ကလာပ်စည်းများ ပျံနှံ့သွားနိုင်သည်။ ပြန်ရည်လမ်းကြောင်းမှ တဆင့် ပျံနှံ့ ခြင်းသည် တတိယပျံနှံ့နည်း ဖြစ်သည်။ သားမြွတ်ကင်ဆာ ဖြစ်သည့်အခါ ချိုင်းအကျိတ်များ ကြီးလာခြင်း၊ ညှပ်ရိုး အပေါ်ဘက်နှင့်အောက်ဘက်ရှိ အကျိတ်များကြီးလာခြင်း တို့မှာ ပြန်ရည်လမ်းကြောင်းမှ ကင်ဆာကလာပ်စည်းများ ပျံနှံ့သွားခြင်းကြောင့် ဖြစ်လေသည်။ သွေးကြောမှတဆင့် ပျံနှံ့ခြင်းသည် စတုတ္ထပျံနှံ့နည်း ဖြစ်သည်။ သွေးကြောဟု ဆိုရာ၌ သွေးလွှတ်ကြောနှင့် သွေးပြန်ကြောဟူ၍ နှစ်မျိုး ရှိသည်။ သွေးလွှတ်ကြောများသည် သွေးပြန်ကြောများ ထက် ကြွက်သားနံရံ ထူသောကြောင့် ကင်ဆာ ကလာပ် စည်းများ ဖောက်ထွက်ပျံနှံ့မှု ပိုမိုသက်သာသည်။ အသည်း နှင့်အဆုတ်တို့သည် သွေးပြန်ကြောမှတဆင့် ပျံနှံ့ရောက်ရှိ လွယ်သော ကိုယ်တွင်းအင်္ဂါနှစ်ခု ဖြစ်သည်။ ဦးနှောက် နှင့် ကျောက်ကပ်တို့သည် သွေးလွှတ်ကြောမှတဆင့် ပျံနှံ့ ရောက်ရှိနိုင်သော ကိုယ်တွင်းအင်္ဂါနှစ်ခု ဖြစ်သည်။ ယင်း အင်္ဂါတို့သည် နှလုံးမှပို့သော သွေးအများစုကို လက်ခံရာ ဖြစ်သောကြောင့် ဖြစ်သည်။

ကင်ဆာရောဂါနှင့် ယင်း၏ဇာစ်မြစ်အမည်ရှိ သီအိုရီ တရပ်ကို ဖော်ထုတ်ခဲ့သည့် ဆိုဗီယက် သိပ္ပံပညာရှင်တဦး ဖြစ်သော လာဇာမက်လာက ကင်ဆာရောဂါ၏ လျှို့ဝှက် ဆန်းကြယ်မှုကို ဖော်ထုတ်ရာတွင် ကင်ဆာဗီဇကို မရေမရာ ရှာဖွေနေခြင်းဖြင့် ပြေလည်လိမ့်မည်မဟုတ်ကြောင်း၊ မျိုး ရိုးကြောင့်ဖြစ်ရသော ကင်ဆာရောဂါဆိုသည်မှာ မရှိ ကြောင်း၊ ကင်ဆာဖြစ်ရခြင်း အကြောင်းရင်းခံနှင့် နှိမ်နင်း ရမည့်နည်းလမ်းများကို လူခန္ဓာကိုယ်မှာပင် ရှာဖွေစူးစမ်းဖို့ လိုအပ်ကြောင်း ကြံဆခဲ့ဖူးသည်။

စင်စစ်အားဖြင့် လူဆိုသည်မှာ သန်းပေါင်း ထောင် ပေါင်းများစွာသော ကလာပ်စည်းများဖြင့် ဖွဲ့စည်းထား သည့် ရုပ်ခန္ဓာကြီးတခုပင် ဖြစ်သည်။ ယင်းကလာပ်စည်း များစွာတို့သည် ကိုယ့်အစီအစဉ်နှင့် ကိုယ်၊ ကိုယ့်တာဝန် နှင့်ကိုယ် အသက်ရှင်နေကြရိုး မှန်သော်လည်း များတူသည့် ကလာပ်စည်း အချင်းချင်း လက်တွဲ ထားနိုင် ကြသည်။

ဥပမာအားဖြင့် အရေပြားကလာပ်စည်း တခုသည် အခြား မျိုးတူ အရေပြားကလာပ်စည်းနှင့်ပင် တွဲဆက် နေသည်။ ပျက် စီး သွား သည့် ကလာပ်စည်းများ နေ ရာ ကို လည်း အခြားမျိုးတူ ကလာပ်စည်းများကပင် ကလာပ်စည်း ကွဲ ပွားခြင်း နည်းဖြင့် အစားပြန်ဖြည့် ပေးနိုင်ကြသည်။ ယင်းသို့ ကွဲပွားရာတွင် ကလာပ်စည်းတို့ အချင်းချင်း မှတ် မိနေအောင်၊ ထိတွေ့ခြင်း ဖြစ် မဖြစ် သိ ရ လေ အောင် ကလာပ်စည်းတို့၏ မျက်နှာပြင်အမြွေးက တာဝန်ယူကြရ လေသည်။ ဗိုင်းရပ်ပိုးများ၊ ဓာတုပစ္စည်းများ၊ ဓာတ် ရောင်ခြည်များ အ စ ရှိ သည် တို့ သည် ကလာပ်စည်း၏ မျက်နှာပြင် အမြွေးဖွဲ့စည်း တည်ဆောက်မှုကို ပြောင်းလဲ ပေးနိုင်စွမ်း ရှိကြသည်။ ထိုအခါ ယင်းကလာပ်စည်းတို့ သည် မူမှန်ကလာပ်စည်းကွဲပွားမှုနှင့် ထိတွေ့ခြင်းကိုမသိနိုင် တော့ပဲ ထိန်းမနိုင် သိမ်းမရ ပွားများ လာတော့သည်။ တနည်းဆိုရသော် ကင်ဆာကလာပ်စည်းများသည် ထိတွေ့ ခြင်းဖြစ်ပေါ် သော်လည်း ကွဲပွားခြင်းမှာမူ ရပ်ဆိုင်းမသွား တော့ချေ။ ထိုအခါ အနုစား အကျိတ်အလုံး ဖြစ်လာသည် ဟု ယူဆထားကြသည်။ ယင်းမှ ကင်ဆာ ကလာပ်စည်း များအဖြစ်သို့ ပြောင်းလဲသွားနိုင်သည်။ ထိုသို့ ပြောင်းလဲ ရန်အတွက် လိုအပ်ချက် နှစ်ရပ်ရှိသည်။ ပထမဆုံးလိုအပ် ချက်မှာ အဆိုပါ ကလာပ်စည်းများသည် ပတ်ဝန်းကျင် တစ်ရှူးများထဲသို့ ထိုးဖောက်ဝင်ရောက်ကာ ကြီးထွားနိုင် စွမ်း ရှိရမည် ဖြစ်သည်။ ဒုတိယ လိုအပ်ချက်မှာ မူလ ဖြစ်ပေါ် ရာနေရာမှ အခြားနေရာများသို့ ပျံနှံ့ရောက်ရှိကာ အမြစ်တွယ်နိုင်ဖို့ ဖြစ်လေသည်။

သိပ္ပံ ပညာရှင် များ သည် ဗိုင်းရပ်ပိုး အမျိုးမျိုးကို တိရစ္ဆာန်များ၏ ကိုယ်တွင်းသို့ ထည့်ပြီး စမ်းသပ်ကြည့်ခဲ့ ကြရာ ဗိုင်းရပ်ပိုး ၁၅၀ ခန့်သည် ကင်ဆာရောဂါ ဖြစ်စေ နိုင်သည်ဟု သိရပြီဖြစ်သည်။ ယင်းတို့အနက် ဒီအင်အေ အမျိုးအစား ဗိုင်းရပ်များသည် အရေအတွက် အားဖြင့် ၅၀ ခန့်ရှိပြီး ကျန် ၁၀၀ ခန့်သည် အာအင်အေအမျိုး အစား ဖြစ်ကြသည်။ တိရစ္ဆာန်များနှင့် စမ်းသပ်ကြည့် ရာတွင် သွေးကင်ဆာ၊ သားအိမ် ကင်ဆာ၊ သားမြတ် ကင်ဆာစသည်တို့ ဖြစ်စေနိုင်ကြောင်း သိရပြီ ဖြစ်သည်။

လူသားတို့အား ကင်ဆာရောဂါ ဖြစ်စေသည့် ဓာတု ပစ္စည်းများကို အတိအကျ စာရင်းတင်ထားပြီး ဖြစ်သည်။ အရေအတွက်အားဖြင့် ၃၀ ထက်မနည်းရှိသည်။ ဓာတု ပစ္စည်းများဟု ယေဘုယျ ပြော ရ သော် လည်း စင်စစ် အားဖြင့် ဓာတုပစ္စည်းတခုနှင့်တခု ဖွဲ့စည်းပုံချင်း မတူကြ။ မကြာသေးမီက ဝစ်ကွန်ဆင်တက္ကသိုလ်မှ ကင်ဆာသုတေ သီ နှစ်ဦး ဖြစ် ကြ သည့် ဒေါက်တာဂျိမ်းစ် အေမီလာနှင့် ဒေါက်တာအယ်လစ်ဇပက် စီမီလာတို့ နှစ်ဦး၏ လက်တွေ့ စူးစမ်းချက်များအရ ကင်ဆာဖြစ်စေသည့် ဓာတုပစ္စည်း များသည် ဓာတုဖွဲ့စည်းမှုအားဖြင့် မည်ကဲ့သို့ပင်ခြားနားစေ ကာမူ လူ့ခန္ဓာကိုယ်တွင်းသို့ ရောက်သည့်အခါတွင် များ စွာ ခြားနားခြင်း မရှိတော့သည့် ဓာတု ပစ္စည်းသစ်များ အဖြစ် ပြောင်းလဲ သွားကြကြောင်း သိရသည်။ ယင်း ပစ္စည်းသစ်များကို အီလက်ထရိုဖိုင်းလ်စ်ဟု ခေါ်သည်။ အီလက်ထရိုဖိုင်းလ်စ်များသည် ကလာပ်စည်း အတွင်းရှိ ဓာတုပစ္စည်းများ ဒီအင်အေများနှင့် လွယ်လင့်တကူ ဓာတ် ပြုနိုင်ကြသည်။ ထိုအခါ မူမှန် ကလာပ်စည်း များ သည် ကင်ဆာ ကလာပ်စည်းများ အဖြစ်သို့ ပြောင်းလဲ လာရ သည်။ မကြာသေးမီက လေ့လာစမ်းသပ်မှု တခုအရ ဒိုင် အီသိုင်းစတီဘီစထရောအမည်ရှိ အီစတြိုဂျင် ဟော်မုန်းပါ သည့် ဆေးကိုသုံးစွဲသည့် မိခင်များမှ မွေးဖွားလာသည့် ကလေးများသည် ကင်ဆာ ရောဂါ တမျိုး ဖြစ် ပွား ရန် အခွင့်အလမ်းသာနေကြောင်း သိရသည်။ အခု၌ ကလေး များတွင်မူ ငယ်ရွယ်စဉ်အချိန်၌ ကင်ဆာမဖြစ်ပဲ ကြီးမှ ဖြစ်လာကြကြောင်း တွေ့ရသည်။ ထို့ကြောင့် ဒီအီးအက်စ် ဟု အတိုကောက် ခေါ်သော ဒိုင်အီသိုင်းစတီဘီစထရော ဆေးသည် လူသားတို့အား ကင်ဆာရောဂါ ဖြစ်စေသည့် ဓာတုပစ္စည်းတခုအဖြစ် အသိအမှတ် ပြုထားသည်။

ကျပ်ခိုးနှင့် ကင်ဆာရောဂါ ဆက်စပ် ဖြစ်ပွားမှုကိုမူ ၁၇၇၅ ခုနှစ်အတွင်းက ဗြိတိသျှလူမျိုး ခဲ့စိတ် ဆရာဝန် တဦးဖြစ်သည့် ဆာ ပါဆီဗယ် ပေါ့ ဆိုသူက ဖော်ထုတ်ခဲ့ သည်။ လွန်ခဲ့သည့် နှစ်ပေါင်း တရာခန့်ကလည်း ဂျပန် လူမျိုးဆရာဝန်နှစ်ဦးဖြစ်သည့် ရာမာဂျိဝါနှင့် အီချိကာဝါ တို့ နှစ်ဦးသည် ကျောက်မီးသွေး ကတ္တရာနှင့် အရေပြား ကင်ဆာတို့ ဆက်စပ်မှုကို စမ်းသပ်ခဲ့ တိရစ္ဆာန်များဖြင့် သာဓက ပြ ခဲ့ သည်။ ဒေါက်တာ ကီနို ဆီတာကလည်း ထောပတ်ကို အရောင်ဆိုးသည့် အဝါရောင် ဆေးတမျိုးနှင့် အသည်းရောဂါတို့ ဆက်စပ်မှုကို လေ့လာ ဖော်ထုတ်ခဲ့ပြန် သည်။ ထို့ပြင် အခြား သိပ္ပံပညာရှင်များကလည်း ချည် ထည် ဆိုးဆေးများနှင့် ဆီးအိမ် ကင်ဆာ ဆက်စပ်မှုကို အစီရင်ခံခဲ့သည်။

အခု၌ အစားအစာများတွင် ပါရှိသော ပစ္စည်းတမျိုး သည်လည်း ကင်ဆာရောဂါကို ဖြစ်စေနိုင်၏။ မှိုတက်သည့် အစားအစာများ (မှိုတက် ပေါင်မုန့်၊ မှိုတက် လက်ဖက်၊ မှိုတက်မြေပဲ၊ မှိုတက်ငရုတ်စေ့) နှင့် မုန်တိုင်ပင်၊ ပိုက်ဆံ ပင်၊ ဆင်နှာမောင်းပင်တို့တွင် အက်ဖလာတော့ ဆင်ဘီ -၁ အမည်ရှိ အဆိပ်အတောက်တမျိုး ပါရှိနေ၏။ ယင်း အ ဆိပ် အ တောက် မှာ အယ်ကာလွိုက် တမျိုး ဖြစ်ပြီး၊ အသည်းကင်ဆာကို ဖြစ်စေနိုင်သည်။ အစာအိမ်ကင်ဆာ ဖြစ်ရခြင်းမှာ ချည်ထည်ဆိုးဆေးကြောင့်ဟု ယူဆချက်ရှိ

သကဲ့သို့ ကျပ်တင်မီးမြိုက်၊ ဆားနယ်အစရှိသည့် အသားငါးတို့ကို စားသုံးခြင်းကြောင့် ဟုလည်း ထင်မြင်ချက်ရှိသည်။ နွားနို့၊ ထောပတ်၊ ဒိန်ခဲ၊ စသည့် နို့ထွက်ပစ္စည်းများ၊ လတ်ဆတ်သည့် သစ်သီးဝလံဟင်းသီးဟင်းရွက်များကို အဓိကထား၍ စားသုံးကြသူများတွင် အစာအိမ်ကင်ဆာ အဖြစ်နည်းသည်ဟု ဆေးသိပ္ပံပညာရှင်တို့က ဆိုကြသည်။

စီးကရက်နှင့် အဆုတ်ကင်ဆာ ဆက်စပ်မှု ရှိကြောင်း အခိုင်အမာ သိရှိရပြီ ဖြစ်သည်။ စီးကရက် အငွေ့ထဲတွင် ကင်ဆာရောဂါကိုဖြစ်စေသည့် ဟိုက်ဒရိုကာဗွန်ဟုခေါ်သော အဆိပ်အတောက် များစွာ ပါရှိနေခြင်းကြောင့် ဖြစ်လေသည်။ ၁၉၅၅ ခုနှစ်က အမေရိကန် အမျိုးသမီး ၄,၁၀၀ တို့ အဆုတ်ကင်ဆာ ဖြစ်ခဲ့ကြသည်။ ၁၉၇၆ ခုနှစ်တွင် ၂၀,၄၅၅ ထိ ရောဂါဖြစ်ပွားနှုန်း ငါးဆမျှ တိုးလာခဲ့သည်။ ဆေးလိပ် သောက် သူ အမျိုးသမီးများသည် ဆေးလိပ် သောက်သူ အမျိုးသားများကဲ့သို့ပင် အဆုတ်ကင်ဆာဖြင့် သေဆုံးကြလေ့ရှိသည်။ ဆေးလိပ် သောက်ခြင်းအားဖြင့် အဆုတ်ကင်ဆာသာမက နှုတ်ခမ်း၊ လည်မျိုး၊ အစာအိမ်၊ ဆီးအိမ်နှင့် ပန်ကရိယ အစရှိသည့် အင်္ဂါအစိတ်အပိုင်းများတွင်လည်း ကင်ဆာရောဂါ ပိုမို ဖြစ်ပွားစေနိုင်သည်။

ဓာတ်ရောင်ခြည်သည် တိရစ္ဆာန်များရော၊ လူသားများကိုပါ ကင်ဆာရောဂါ ဖြစ်စေနိုင်သည့် ဝတ္ထုပစ္စည်းတမျိုး ဖြစ်လေသည်။ အိပ်စရေးကို စတင်တွေ့ရှိတီထွင်ခဲ့သူ ရွန်ဂျင်ကိုယ်တိုင် အရေပြားကင်ဆာ ဖြစ်လာခဲ့သည်။ အမေရိကန် အမျိုးသားကင်ဆာဌာန၏ ညွှန်ကြားရေးမှူး ဖရန်ရုရှားက အသက် ၃၅ နှစ်နှင့် ၅၀ ကြားရှိ အမျိုးသမီးတဦးသည် သားမြတ်ကင်ဆာရှိ မရှိ စစ်ဆေးရန် အတွက် ဓာတ်မှန်တကြိမ်ရိုက်လိုက်တိုင်း သားမြတ်ကင်ဆာဖြစ်ရန် တစ်ရာခိုင်နှုန်း အလားအလာပိုလာသည်ဟု ဆိုသည်။

နေ ရောင် ခြည် သည် လည်း စင်စစ် ဓာတ်ရောင်ခြည် အန္တယ်ဝင်တမျိုး ဖြစ်လေသည်။ နေရောင်ခြည်တွင်ပါဝင်သော ခရမ်းလွန်ရောင်ခြည် သို့မဟုတ် ယူဗီ ရောင် ခြည် ကြောင့် နေပူစပ်ခါးတွင် အလုပ်လုပ်ရသူများအဖို့ လပေါင်းနှစ်ပေါင်းကြာလာလျှင်အရေပြားကင်ဆာဖြစ်လာနိုင်သည်။

၁၉၇၅ နှစ်ဦးပိုင်းက ဗီတာမင်ဘီ ၁၅ ဟု ခေါ်တွင်သော ကယ်လ်ဆီယမ်ပင်ဂါမိတ်နှင့် ဗီတာမင်ဘီ ၁၇ ဟု ခေါ်တွင်သော လေထရိုင်းတို့သည် ကင်ဆာရောဂါ ဖြစ်စေနိုင်ပြီး အဆိပ်သင့်သည့် အဖြစ်ကိုပါ ကြုံတွေ့နိုင်သဖြင့် ယင်းဗီတာမင်နှစ်မျိုး တင်သွင်းခြင်းနှင့် ရောင်းချခြင်းတို့ကို ပိတ်ပင်တားမြစ်ကြောင်း စင်ကာပူ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေငြာခဲ့သည်။ ဗီတာမင်ဘီ ၁၇ ကို အမြောက်အမြား စားသုံးခြင်းနှင့် သစ်သီး သို့မဟုတ် ချက်ပြုတ်ထားခြင်း မရှိသော ဟင်းသီး ဟင်းရွက်တို့နှင့် အတူ စားသုံးပါက ဆိုင်ယာနိုက်ခေါ်သော အဆိပ်တမျိုး ဖြစ်ပေါ်စေပြီး အဆိပ်သင့်စေနိုင်ကြောင်းလည်း ကြေငြာချက်တွင် ဖော်ပြထားသည်။

ယခုအခါ အမျိုးသားကင်ဆာ တက္ကသိုလ်နှင့် အမေရိကန် ကင်ဆာအသင်းတို့သည် ကင်ဆာမဖြစ်အောင် ကြိုတင်ကာကွယ်ရေးအတွက် ကင်ဆာတားနိုင်မည့် ဓာတုဆေးများထက် သဘာဝ အာဟာရဓာတ်များဖြစ်သော ဗီတာမင်အေနှင့် ယင်း၏ ဓာတုနွယ်ဝင်များ၊ ဗီတာမင်စီ၊ ဗီတာမင်အီးနှင့် ဆီလီနီယမ် သတ္တုဓာတ်တို့ကို အသားပေး လေ့လာနေကြောင်း သိရသည်။

၁၉၈၀ ပြည့်နှစ်မှစ၍ အမျိုးသားသုတေသနတက္ကသိုလ်မှ ဖွဲ့စည်းပေးခဲ့သော အမျိုးသား သုတေသန ကော်မတီသည် လူသားတို့ နေ့စဉ် စားသုံးသည့် အစားအစာများနှင့် ကင်ဆာရောဂါ ဆက်နွယ်ဖြစ်ပွားမှုတို့ကို လေ့လာသုံးသပ်ကြည့်ကြရာ ၁၉၈၂ ခုနှစ် ဇွန်လရောက်သည့်အခါ အလွန် ထူးခြားသည့် အစီရင်ခံစာများကို လူသိရှင်ကြား ဖော်ထုတ်တင်ပြနိုင်ခဲ့လေသည်။ အဓိကအချက်မှာ အာဟာရဓာတ် စားသုံးမှု အလေ့အထ ကောင်းမွန်ခြင်းသည် ကင်ဆာဖြစ်ပွားမှုနှုန်းထားကို လျော့နည်းစေသည်ဟူ၍ ဖြစ်သည်။

ကမ္ဘာနှင့်အဝန်း စမ်းသပ် လေ့လာမှု အမျိုးမျိုးအရ သားမြတ်ကင်ဆာ၊ အူမကြီးကင်ဆာနှင့် ဆီးကျိတ်ကင်ဆာတို့သည် ဟင်းသီးဟင်းရွက် အစားများသူတို့တွင် အဖြစ်နည်းကြောင်း သိရ၏။ ဤအချက်ကို ထောက်ချင့်ပြီး နယူးယောက်တက္ကသိုလ်ရှိ ပတ်ဝန်းကျင်ဆိုင်ရာ ဆေးပညာပါမောက္ခ ဝေါတာမာရိုးက ဟင်းသီးဟင်းရွက်များ၌ အမျိုးသားတို့တွင် ဖြစ်ပွားသော ကင်ဆာရောဂါများကို ဟန့်တားနိုင်သည့် ဝတ္ထုပစ္စည်းများစွာ ပါရှိသည်ဟု ဆိုခဲ့သည်။

နေ့စဉ် စားသုံးစာနှင့် ကင်ဆာရောဂါတို့ ဆက်စပ်မှု ရှိသည်ကား ထင်ရှားလှ၏။ ကယ်လီဖိုးနီးယားတွင် နေထိုင်ကြသော ခုနစ်ရက်မြောက် ခရစ်ယာန်ဝတ် အသင်းသားအများစုသည် သက်သတ်လွတ်စားသမျှ ဖြစ်ကြသည်။ သူတို့သည် အခြား အမေရိကန် အမျိုးသားများထက် အူကင်ဆာ၊ စအိုကင်ဆာရောဂါ ဖြစ်ပွားနှုန်း အလွန်နည်းကြသည်။ ဂျပန်ပြည်တွင် အစာအိမ်ကင်ဆာ ဖြစ်ပွားမှုနှုန်း အလွန်များပြီး စအိုကင်ဆာဖြစ်ပွားနှုန်း နည်း၏။ ဟာဝိုင်ယီသို့ ပြောင်းရွှေ့နေထိုင်ကြသည့် ဂျပန်အမျိုးသားများတွင် စအိုကင်ဆာ အဖြစ်များပြီး အစာအိမ်ကင်ဆာ အဖြစ်နည်းနေသည်ကို တွေ့ရှိရသည်။ —ဤသို့ ဖြစ်ရခြင်းမှာ နေ့စဉ် စားသုံးစာ ပြောင်းလဲသွားသောကြောင့် ဖြစ်သည်ဟု ယူဆထားကြသည်။ အမေရိကန်ပြည်ထောင်စု

ရှိ အမျိုးသမီးများသည် အာရှတိုက်သူတို့ထက် အဆီအစားများကြသောကြောင့် သားမြတ်ကင်ဆာ အဖြစ်များကြသည်ဟု မှတ်ချက်ချထားသည်။

ပဲအမျိုးမျိုး၊ အစေ့ထွက် အနှံအမျိုးမျိုး (လူး၊ ဆတ်၊ ပြောင်း စသည်ဖြင့်) နှင့် အာလူး အစရှိသည် တို့တွင် ကျူးမာကြီးထွားအောင် လုပ်ပေးသည့် အရာတို့အား ဟန့်တားနိုင်စွမ်းရှိသည်ဟု ဆိုသည်။ လေ့လာ စူးစမ်းမှုတခု အရ နို့ကင်ဆာအဖြစ်များသော ကြွက်တမျိုးအား ပဲပိစပ် ကျွေးပေးခြင်းဖြင့် ထူးထူးခြားခြား သိသာ ကောင်းမွန်လာသည်ဟု ဆိုသည်။ အခြား စမ်းသပ်မှုတခုအရလည်း ပဲပိစပ်ကျွေးထားသည့် ကြွက်များ၏ အရေပြားပေါ်ကို ကင်ဆာရောဂါ ဖြစ်နိုင်သည့် ဝတ္ထုပစ္စည်းများ သုတ်လိမ်းပေးသည့်အခါ ကင်ဆာရောဂါ အဖြစ် နှေး ကြောင်း နှင့် ကျူးမာအကျိတ်ဖုများ အရေအတွက် လျော့နည်းသွားကြောင်း တွေ့ရှိရပြန်သည်။ ထို့ကြောင့် အမျိုး သား သုတေသန ကော်မတီက ပဲအမျိုးမျိုး၊ အစေ့ထွက် အနှံအမျိုးမျိုး၊ အာလူး၊ ဟင်းသီးဟင်းရွက် အမျိုးမျိုးနှင့် သစ်သီး သစ်ဥ အမျိုးမျိုးတို့ကို နေ့စဉ် စားသုံးပေးရန် တိုက်တွန်းထားသည်။

ကင်ဆာရောဂါ ကာကွယ်ရေးအတွက် အဓိက အလေးပေးပြီး လေ့လာလျက်ရှိသည်မှာ ဗီတာမင်အနှင့် ယင်း၏ မျိုးနွယ်ဝင်တို့ ဖြစ်လေသည်။ သဘာဝ အစားအစာများတွင် ပါရှိသည့် ဗီတာမင်အသည် အကြိုဗီတာမင်တမျိုး ဖြစ်သော ဘီတာကယ်ရိုတင်း အဖြစ်မှ ပြောင်းလဲလာရသည်။ ဘီတာကယ်ရိုတင်း ဓာတ်ကို အဝါရင့်ရောင်ရှိ သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များ (ခရမ်းချဉ်၊ မုန်လာဥဝါ၊ သရက်သီးမှည့်၊ သဘော်သီးမှည့်၊ ရွှေဖရုံသီး၊ ကန်စွန်းဥအဝါ) နှင့် စိမ်းညိုရောင် ဟင်းသီးဟင်းရွက်များ (ရဲယိုရွက်၊ ငရုတ်ပဒုရွက်၊ ချဉ်ပေါင်ရွက်၊ ကန်စွန်းရွက်၊ ဒန့်ဒလွန်ရွက်၊ ပေါက်ပန်းဖြူရွက်၊ ငရုတ်သီး၊ ဗူးရွက်၊ ကြက်ဟင်းခါးရွက်) စသည်တို့တွင် ပါရှိကြောင်း တွေ့ရသည်။ တိရစ္ဆာန်ထွက်ပစ္စည်းများ (ကြက်ဥအစိမ်းအနှစ်၊ ဘဲဥအစိမ်းအနှစ်၊ ထောပတ်) စသည်တို့မှ ဗီတာမင်အေကို သဘာဝအတိုင်း တိုက်ရိုက် ရနိုင်သည်။ လူအစာလမ်းကြောင်းတလျှောက်တွင် ဖြစ်ပွားသည့် ကင်ဆာနှင့်ဆီးအိမ် ကင်ဆာတို့သည် ဗီတာမင်အေပါသော အစားအစာများကို နိုင်နိုင် စားသူတို့တွင် အဖြစ်နည်းပြီး အစားနည်းသော သူတို့တွင် အဖြစ်များကြောင်း အချို့သော လေ့လာ စမ်းသပ်မှုများက သက်သေခံလျက် ရှိသည်။ ထို့ပြင် အရေပြား ကင်ဆာ မဖြစ်နိုင်အောင် ဗီတာမင်အေက ကာကွယ်ပေးထားသည်ဟု သိပ္ပံပညာရှင်အချို့က အခိုင်အမာ ယုံကြည်လျက် ရှိကြသည်။

အစာလမ်းကြောင်း တလျှောက် တွင် ဖြစ်ပွားသော ကင်ဆာရောဂါရှင်များသည် အခြား ကျန်းမာသူများလောက် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများ မစားသုံးကြကြောင်း ကနဦး သုတေသနပြုချက်များက အဆိုပြုထားသည်။ အဆိုပါရောဂါရှင်များသည် ပန်းဂေါ်ဖီထုပ်နှင့် ဂေါ်ဖီထုပ်တို့ကို မစားသလောက်ဖြစ်ကြောင်း တွေ့ရှိထားခဲ့ကြသည်။ ပန်းဂေါ်ဖီနှင့် ဂေါ်ဖီထုပ်များတွင် အူကင်ဆာ၊ စအိုကင်ဆာတို့ကို ကာကွယ်နိုင်စွမ်းရှိသည့် ဝတ္ထုပစ္စည်းတမျိုး ပါရှိကြောင်း စူစမ်းသိရှိကြရပြီး ဖြစ်လေသည်။

ဂေါ်ဖီထုပ်တို့တွင် ပါရှိသည့် ဒြပ်ပေါင်းအုပ်စုတမျိုးမှာ အင်ဒေါလ်စ်ဖြစ်သည်။ ဘင်ဇိုအေပိုင်ရင်းအမည်ရှိ ကင်ဆာရောဂါဖြစ်စေသည့် ဓာတုပစ္စည်းတမျိုးကို ကြွက်၏အစာရေမျိုအပေါ်ပိုင်းသို့ ရောက်အောင် ထည့်ပေးလိုက်သည့်အခါ ထိုကြွက်၌ အစာအိမ်ကင်ဆာ ဖြစ်လာကြောင်း တွေ့ရ၏။ သို့ရာတွင် ဘင်ဇိုအေပိုင်ရင်းထည့်မပေးမီနှင့် ထည့်ပေးနေစဉ်အတွင်း ဂေါ်ဖီထဲတွင်ပါရှိသည့် ဒြပ်ပေါင်း အင်ဒေါလ်စ်ကို အဆိုပါကြွက်များအား ကျွေးပေးခဲ့သည်။ အဲ့အားသင့်စရာတခုမှာအင်ဒေါလ်စ် ဒြပ်ပေါင်းသုံးစွဲသည့် ကြွက်များ၌အစာအိမ်ကင်ဆာ ဖြစ်မလာခြင်းပင်တည်း။ အလားတူစွာပင် နို့ကင်ဆာဖြစ်စေသည့် ဒီအမ်ဘီအေအမည်ရှိ ဓာတုပစ္စည်းတမျိုးကို ကြွက်များအား မပေးမီကြိုတင်၍ အင်ဒေါလ်စ် ကျွေးထားရာ ထိုကြွက်များတွင် နို့ကင်ဆာ ဖြစ်မလာကြောင်း သိပ္ပံသုတေသီများ ထပ်မံ တွေ့ရှိခဲ့ကြလေသည်။ ထို့ကြောင့်လည်း အမျိုးသား သုတေသန ကော်မတီက ပန်းဂေါ်ဖီနှင့် ဂေါ်ဖီတို့ကို စားသုံးမှီဝဲပေးရန်လိုကြောင်း အကြံပြုခဲ့သည်။

၁၉၇၆ ခုနှစ် အောက်တိုဘာလအတွင်းက တရုတ်ပရဆေးများဖြင့် ကင်ဆာရောဂါကို အောင်မြင်စွာ ကုသနိုင်ပြီဟူသည့် သတင်းတရပ် ထွက်ပေါ်လာခဲ့သည်။ ယင်း ကင်ဆာဆေးသည် ရှေး တရုတ်ဆေးကျမ်းများ၌ ပါသော ဆေးနည်းများအတိုင်း တရုတ်ဆေးမြစ်များဖြင့် ဖော်စပ်ထားခြင်း ဖြစ်သည်။ ဂျပန်နိုင်ငံ အိုဆာကာတက္ကသိုလ်နှင့် ဘင်တိတက္ကသိုလ်များ၏ ကမ္ဘာ့အရှေ့ပိုင်း ဆေးသုတေသန ဌာနမှ သိပ္ပံပညာရှင်များက တရုတ်ပရဆေး အမျိုး ၃၀ ဖြင့် ကင်ဆာဆေးကို ဖော်စပ်ခဲ့သည်။ ယင်းဆေးဖြင့် သားမြတ်ကင်ဆာ၊ အစာအိမ်ကင်ဆာ၊ စအိုကင်ဆာနှင့် သားအိမ်ကင်ဆာ ရောဂါရှင်များကို စမ်းသပ် ကုသပေးခဲ့ရာ ရောဂါသက်သာကြောင်း တွေ့ရသည်ဟု ဆိုသည်။

ကင်ဆာရောဂါရှင်များကို ကုသပေးနေသည့် ဆရာဝန်များသည် ခန္ဓာကိုယ်တွင်းရှိ ရောဂါပြီးစနစ်၏ အရေးပါမှုများကို ကင်ဆာတိုက်ဖျက်ရာတွင် အသုံးချနိုင်သည်ဟု လက်ခံ ယုံကြည်ထားကြသည်။ ဂျင်းနား (ကျောက်ဆေး

စတင် တီထွင်ခဲ့သူ)၊ ပတ်စချာ (ပိုးမွှားရောဂါ ဗေဒ ပညာရှင်)၊ ဆော့ (ပိုလီယိုဆေး စတင် တီထွင်ခဲ့သူ) အစရှိသူတို့သည် ခန္ဓာကိုယ်၏ ရောဂါပြီးစနစ်အား အသုံးချ ပြီး ကူးစက်ရောဂါများကို တိုက်ဖျက်ခဲ့ကြသည်။ ကိုယ်ခံ အား ပိုမိုကောင်းစေပြီး ရောဂါပိုးဒဏ်ကို ခံနိုင်အောင် (ရောဂါပြီးအောင်) လုပ်ဆောင်ခဲ့ကြသည်။ ဤသည်ကို အတုယူပြီးနောက် မျက်မှောက်ခေတ် ဆရာဝန် များကလည်း ကင်ဆာရောဂါပြီးအောင် ကြိုးစားနေကြလေသည်။

၁၉၆၀ ပြည့်နှစ် တဝိုက်မှာပင် သုတေသီများသည် စမ်းသပ်ခံ တိရစ္ဆာန်၏ ကိုယ်တွင်း၌ ရောဂါပြီး တုံ့ပြန်မှု မြင့် မားလာစေရေးအတွက် ဆေးဝါးများကို တမျိုးပြီး တမျိုး စမ်းသပ် ထိုးနှံ့ပေးခဲ့ကြသည်။ အသုံးပြုသော ဆေးတမျိုး မှာ ဘီစီဂျီ (အဆုတ်နာရောဂါ ကာကွယ်ဆေး) ဖြစ်သည်။ ဆေးပညာ မှတ်တမ်းများအရလည်း ဘီစီဂျီ ကာကွယ် ဆေးကို ဆေးပတ်ပြည့်အောင် ထိုးနှံ့ပြီးသား ကလေးငယ် သည် မထိုးရသေးသော ကလေးထက် သွေးကင်ဆာရောဂါ (လူကီးမီးယား) အဖြစ် သက်သာကြောင်း သိရသည်။ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သိပ္ပံပညာရှင်များကလည်း ဘီစီဂျီ ကာကွယ်ဆေးကို အသုံးပြုပြီး အရေပြားကင်ဆာ ဖြစ်နေသော လူနာများကို ကုသဖို့ ကြိုးစားလျက် ရှိကြ သည်။ အချို့လူနာများကို ဘီစီဂျီကာကွယ်ဆေး ထိုးနှံ့ ခြင်းဖြင့် ကုသနိုင်ပြီး ကင်ဆာရောဂါသည် နှစ်နှစ် သုံးနှစ် အတွင်း ပျောက်ကင်းသွားသည်ဟု သိရသည်။

ဓာတုဗေဒဆေးဝါးများဖြင့် ကင်ဆာရောဂါကို ကုစား နိုင်ပြီ ဖြစ်သော်လည်း ဆေးဝါး၏ ဆိုးကျိုးဆိုးပြစ်ဒဏ်ကို လူနာများ အလူးအလဲ ခံစားရလေ့ ရှိသည်။ ဓာတုဗေဒ ဆေးဝါးမဟုတ်သော ဆေးဝါးတမျိုးမှာ ချေးပင်မှရသော ချေးသီး ဖြစ်သည်။ ချေးပင်ကို သစ်စေးဖိုပင်ဟူ၍လည်း ခေါ်သည်။ မြန်မာနိုင်ငံ တနင်္သာရီတောင်ပိုင်း ဒေသနှင့် ကချင်ပြည်နယ်ဒေသတို့တွင် ပေါက်ရောက်လေ့ ရှိသည်။ ချေးသီးကို ဓာတ်ခဲ့ကြည့်ရာတွင် ချေးသီးမှရသော အစေ့ထဲ၌ ရေဒီယိုသတ္တိကြွသော ပိုတက်ဆီယမ်အောက်ဆိုက် ပါဝင်သည်ဟု သိရသည်။ သုတေသနပြုချက်များအရ ချေးသီးတွင် ကင်ဆာကို တိုက်ဖျက်နိုင်သည့် အစွမ်းသတ္တိ ရှိနေကြောင်း သိရှိရသည်။ ဆေးရုံတက်ခဲ့စိတ်ခြင်းကို ကြောက်သော လူနာများ၊ ဓာတ်ရောင်ခြည်၏ ဒဏ်ကို မခံနိုင်သော လူနာများအား ချေးဆီအပြင်းစားကျွေး၍ ကုသပေးလေ့ ရှိသည်။ လျှာကင်ဆာ၊ နှုတ်ခမ်းကင်ဆာ၊ ပါးစပ်ကင်ဆာ၊ လည်မျိုကင်ဆာ စသည့် ရောဂါရှင်များကို ကုသပေးသည့်အခါ အောင်မြင်မှု ရရှိနေသည်။ ထို့ကြောင့် လည်း အမေရိကန် ပြည်ထောင်စုနှင့် အနောက်ဂျာမနီ နိုင်ငံတို့တွင် ချေးဆီဖြင့် ဖော်စပ်ထားသော ကင်ဆာ ပျောက်ဆေးကို လက်တွေ့ သုတေသနပြုလျက် ရှိသည်။

နောက်ဆုံးပေါ် ကင်ဆာဆေး တလက်မှာ အင်တာ ဖာရွန် ဖြစ်လေသည်။ အင်တာဖာရွန်သည် ကင်ဆာ အတွက် ဆေးစွမ်းကောင်းအသစ် ဖြစ်သော်ငြား လည်း ဈေးကြီးပြီး ရှားပါးနေပေသေးသည်။ သွေး ၄၅,၀၀၀ လီတာ (၉၀,၀၀၀ ပိုင့်) မှ ၄၀၀ မီလီဂရမ် (၀ ဒသမ ၀၁၄ အောင်စ) မျှသာ ဆေးဖော်စပ် ရ ယူနိုင်ခြင်း ဖြစ် လေရာ ထုတ်လုပ်မှု ကုန်ကျစရိတ် ကြီးမြင့် လှ သ ဖြင့် ဆေးဝါးဈေးနှုန်းလည်း ကြောက်ခမန်းလိလိမျှးလှသည်။ ဆေးတပေါင်လျှင် ဒေါ်လာ သန်းတသောင်းမှ သန်း နှစ်သောင်းထိ ရှိသည်။

အင်တာဖာရွန်ကို တိရစ္ဆာန်များထံမှ ထုတ်ယူ ရရှိ သော်လည်း ကြွက်၏ အင်တာဖာရွန်သည် ကြွက်အတွက် သာလျှင် အသုံးတည့်၏။ မျောက်၏ အင်တာဖာရွန်သည် လည်း မျောက်အတွက်သာလျှင် အသုံးတည့်၏။ ထိုနည်းတူ စွာပင် လူ၏ အင်တာဖာရွန်သည်လည်း လူအတွက်သာ လျှင် သုံးနိုင်လေသည်။ ကြားခံတိရစ္ဆာန်များဖြင့် ထုတ်ယူ ဖော်စပ်၍ မရသည်က တကြောင်း၊ အင်တာဖာရွန် ကို ပမာဏ အနည်းငယ်သာ ထုတ်ယူနိုင်သည်က တကြောင်း အစရှိသည့် အကြောင်း အမျိုးမျိုးကြောင့် အင်တာဖာရွန် ဆေးသည် ဈေးနှုန်း အလွန်ကြီးမြင့်သည့် ရှားပါးဆေး ဖြစ်နေလေသည်။

ကျော်သက်ခိုင် (ဆေးတက္ကသိုလ်)

**ကန် ၁၀၀ စီမံကိန်းများ။** ။နိုင်ငံတော်၏ စီးပွား ရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များနှင့် သမဝါယမဆိုင်ရာ ရည်မှန်းချက်များ ပြည့်မီတိုးတက်ရေးကို တတပ်တအား ဖြည့်ဆည်းပေးနိုင်ရန် ကန် ၁၀၀ ငါးမွေးမြူရေး စီမံကိန်း များကို ပဲခူးတိုင်းအတွင်း၌ အောင်မြင်စွာ အကောင် အထည်ဖော်လျက်ရှိသည်။

ကန် ၁၀၀ ငါးမွေးမြူရေး စီမံကိန်းများကို အကောင် အထည်ဖော်ရာတွင် (၁) အင်းအိုင်ချောင်းမြောင်းများ မှ သဘာဝငါး ထုတ်လုပ်သည်ထက် ပိုမို စိတ်ချရသော မွေးမြူရေးငါးများကို စနစ်တကျထုတ်လုပ်ရန်၊ (၂) ခေတ် မီ တိုးတက်သောနည်းများဖြင့် ငါးများကို ပွားများစေ ပြီး ငါးမျိုးပြုန်းတီးခြင်းကို ကာကွယ်ရန်၊ (၃) ငါးများ မွေးမြူထုတ်လုပ်ခြင်းကို မှန်မှန်တိုးခဲ့ပြီး ပြည်တွင်းရိက္ခာ ဖူလုံစေရန်ဟူသည့် အချက်သုံးရပ်ကို ထုတ်လုပ်ရေး ဆိုင် ရာ ရည်မှန်းချက်များအဖြစ် ထားရှိသည်။

ပဲခူးတိုင်းအတွင်း မြို့နယ် ရှစ်မြို့နယ်ဖြစ်သည့် လက်ပံ တန်း၊ တောင်ငူ၊ ကျောက်တံခါး၊ ညောင်လေးပင်၊ ပဲခူး၊

သဲကုန်း၊ ပေါင်းတည်နှင့် ပြည်မြို့နယ်များတွင် ကန် ၁၀၀ ငါးမွေးမြူရေး စီမံကိန်းများကို အကောင်အထည်ဖော်ခဲ့ရာ မြို့နယ်တမြို့နယ်လျှင် ကန် ၁၀၀ စီဖြင့် မြို့နယ်ရှစ်မြို့နယ် အတွက် ကန် ဂ၀၀ တူးဖော်လျက်ရှိပြီး ငါးများကို မွေးမြူထုတ်လုပ် ရောင်းချနိုင်ခဲ့ပြီ ဖြစ်သည်။

**လက်ပံတန်း** – လက်ပံတန်း ကန် ၁၀၀ ငါး မွေးမြူရေး ကုန်ထုတ် သမဝါယမအသင်းကို လက်ပံတန်းမြို့နယ်အတွင်း ၌ ၁၉၇၀ ပြည့်နှစ် မတ်လ ၂၁ ရက်နေ့တွင် တည်ထောင်ခဲ့သည်။ ထိုအသင်းသည် ပဲခူးတိုင်း၏ ပထမဦးဆုံး အသင်း ဖြစ်သည်။ အင်းကောမြေလွတ်မြေရိုင်း ကေ. ၄၀၀ ခန့်ကို တူးဖော်ခြင်းဖြင့် လုပ်ငန်းပထမဆင့်ကို စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ကန် တူးဖော် ရာတွင် လက်ပံတန်းမြို့ပေါ်ရှိ ရပ်ကွက်လေးခုနှင့် ကျေးရွာ ၃၂ အုပ်စုမှ လုပ်သားပြည်သူများ ပါဝင်ခဲ့ကြသည်။

ဒုတိယအဆင့် ကန်တူးဖော်ခြင်းကို ၁၉၈၁ ခုနှစ်တွင် လည်းကောင်း၊ တတိယ အဆင့် ကန် တူး ဖော် ခြင်း ကို ၁၉၈၂ ခုနှစ်တွင်လည်းကောင်း၊ စတုတ္ထအဆင့်ကို ၁၉၈၃ ခုနှစ်တွင်လည်းကောင်း တူးဖော်ခဲ့ရာ ကန်ရေပြင် ဧရိယာ သက်သက်မျှပင် စုစုပေါင်း ၂၁၃ ဒသမ ၄၀ ကေ အကျယ် အဝန်း ရှိလေသည်။ ကန်အားလုံး၏ တူးဖော်စရိတ်မှာ ၇,၀၉,၆၁၄ ကျပ်ခန့် ရှိသည်။ လိုအပ်သော ငါးသား ပေါက်များအတွက် အချို့ကို ရောဝတီမြစ် ထဲမှ လည်းကောင်း၊ အချို့ကို ဆေးထိုး သားပေါက် နည်းဖြင့်လည်းကောင်း ရယူမွေးမြူခဲ့သည်။

လက်ပံတန်း ကန် ၁၀၀ မွေးမြူရေးမှ ၁၉၈၁ – ၈၂ ခုနှစ်တွင် ငါးပိသာချိန် ၁၂,၈၉၄ ပိသာ ထုတ်လုပ်နိုင်ခဲ့ပြီး အမြတ်ငွေ ၇,၂၈၅ ကျပ်ကိုလည်းကောင်း၊ ၁၉၈၂–၈၃ ခုနှစ်တွင် ငါးပိသာချိန် ၄၄,၂၁၆ ပိသာ ထုတ်လုပ်နိုင်ခဲ့ပြီး အမြတ်ငွေ ၁၀,၆၄၉ကျပ်ကိုလည်းကောင်း၊၁၉၈၃–၈၄ ခုနှစ်တွင် ငါးပိသာချိန် ၁,၈၃,၆၄၂ ပိသာ ထုတ်လုပ်နိုင်ခဲ့ပြီး အမြတ်ငွေ ၁၂,၂၃,၈၆၄ ကျပ်ကိုလည်းကောင်း ရရှိခဲ့သည်။

**တောင်ငူ** – ကေတုမတီ ကန် ၁၀၀ ငါးမွေးမြူရေး ကုန်ထုတ်သမဝါယမအသင်းကို တောင်ငူမြို့နယ်မှ မြောက်ဘက် နှစ်မိုင်ခန့်အကွာ ရန်ကုန်–မန္တလေး ကားလမ်းမကြီးဘေးရှိ တောင်တွင်းကန်ရိုးကျေးရွာ အုပ်စုအတွင်း၌ ၁၉၈၁ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့တွင် စတင်တည်ထောင်ခဲ့သည်။

၁၉၈၀ – ၈၁ ခုနှစ်တွင် ကန်ခုနစ်ကန်ကိုလည်းကောင်း၊ ၁၉၈၁ – ၈၂ ခုနှစ်တွင် ကန် ၁၉ ကန်ကိုလည်းကောင်း၊ ၁၉၈၂ – ၈၃ ခုနှစ်တွင် ကန်လေးကန်ကိုလည်းကောင်း တူးဖော်ခဲ့ရာ စုစုပေါင်း ကန် ၃၀ တူးဖော်ခဲ့ပြီး ဖြစ်သည်။ ရေပြင်ဧရိယာမှာ ၁၀၀ ဒသမ ၈ ဧကရှိပြီး၊ တူးဖော်ရေး အတွက် ကုန်ကျစရိတ် ၅,၈၃,၈၅၀ ကျပ်ဖြစ်သည်။

တူးဖော်ပြီးသော ကန်များအတွင်း၌ ငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးခေါင်းပွတို့သာမက ငါးခူများကိုပါ ထည့်သွင်း မွေးမြူခဲ့သည်။ ၁၉၈၁ – ၈၂ ခုနှစ်တွင် အမြတ်ငွေ ၅,၂၂၈ ကျပ်နှင့် ၁၉၈၃ – ၈၄ ခုနှစ်တွင် ၃,၅၀၀ ကျပ် ရရှိခဲ့သည်။

ငါးမွေးမြူရေး လုပ်ငန်းနှင့် တွဲဖက်၍ အင်းလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် အသားစားကြက်၊ ဥစားကြက် မွေးမြူရေး လုပ်ငန်းများကိုလည်း လုပ်ကိုင်ခဲ့သည်။

**ကျောက်တံခါး** – ကန်သာယာ ငါးမွေးမြူရေး ကုန်ထုတ် သမဝါယမ အသင်းသည် ကျောက်တံခါးမြို့ နယ် မှ အရှေ့မြောက် တမိုင်ခွဲခန့် အကွာ၊ ရန်ကုန် – မန္တလေး ကားလမ်းမကြီး အနီးရှိ ဗောဓိကွင်းကျေးရွာ အုပ်စု အတွင်း၌ တည်ရှိပြီး မြေရိယာ ၅၅ ဒသမ ၆၆ ဧကမျှ ကျယ်ဝန်းသည်။ ၁၉၈၁ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့တွင် အသင်းသား ၁၀ ဦးဖြင့် အသင်းကို စတင် တည်ထောင်ခဲ့သည်။

ပထမအဆင့် ကန်တူးဖော်မှု လုပ်ငန်းများကို ၁၉၈၁ ခုနှစ် မေလ ၅ ရက်နေ့မှ ၁၁ ရက်နေ့အထိ ကျောက်တံခါး မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုပေါင်း ၂၇ မှ လုပ်သားပြည်သူများ၏ အင်အားဖြင့် ဆောင်ရွက်ခဲ့ရာ ရေပြင်ဧရိယာ ၁ ဒသမ ၅၄ ဧကရှိသော ငါးမွေးမြူရေးကန် ၁၀ ကန်ကို တူးဖော်နိုင်ခဲ့သည်။ ဒုတိယအဆင့် ကန်တူးဖော်မှု လုပ်ငန်းများကို ၁၉၈၂ ခု မတ်လ ၅ ရက်နေ့မှ ဧပြီလ ၁၂ ရက်နေ့အထိ မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာအုပ်စုပေါင်း ၅၉ ခုမှ လုပ်သားပြည်သူများ၏ အင်အားဖြင့် ဆောင်ရွက်ခဲ့ရာ ရေပြင်ဧရိယာ ၁ ဒသမ ၁၄ ကေစီရှိသော ကန် အလုံး ၂၀ နှင့် ရေပြင်ဧရိယာ ၃ ဒသမ ၀၃ ဧကေစီရှိသော ကန်ခုနစ်လုံး၊ စုစုပေါင်း ၂၇ လုံးကို တူးဖော်နိုင်ခဲ့သည်။ တတိယအဆင့် ကန်တူးဖော်မှု လုပ်ငန်းများကို ၁၉၈၃ နှင့် ၁၉၈၄ ခုနှစ်များတွင် ရပ်ကွက် ကျေးရွာအုပ်စု ၅၉ ခုမှ လုပ်သားပြည်သူများ၏ လုပ်အားဖြင့် ဆောင်ရွက်ခဲ့ရာ ကန် ၄၈ လုံးကို တူးဖော်နိုင်ခဲ့သည်။

ကျောက်တံခါး ကန်သာယာ ငါးမွေးမြူရေး ကုန်ထုတ် သမဝါယမ အသင်းသည် ၁၉၈၂ – ၈၃ ခုနှစ်တွင် အမြတ်ငွေ ၂၁,၈၄၄ ကျပ် ရရှိခဲ့ပြီး ၁၉၈၃ – ၈၄ ခုနှစ်တွင် ၁,၇၂,၅၄၇ ကျပ်အထိ တိုးတက်ရရှိခဲ့သည်။

**ညောင်လေးပင်** – ကုန်ထုတ်သမဝါယမ အသင်းအဖြစ် မဖွဲ့စည်းရသေးသော ညောင်လေးပင် ကန် ၁၀၀ ငါးမွေးမြူရေး လုပ်ငန်းသည် ညောင်လေးပင်မြို့မှ ရှစ်မိုင်ခန့်အကွာ ညောင်လေးပင် – မဒေါက် ကားလမ်းမဘေးတွင် တည်ရှိသည်။

လုပ်ငန်းကို ၁၉၈၁ – ၈၂ ခုနှစ်တွင် စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ၁၉၈၄ ခုနှစ်အထိ ငါးမွေးကန်ပေါင်း ၃၅ ကန်ကို တူးဖော်ပြီးစီးခဲ့သည်။

၁၉၇၂ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလတွင် ငါးသားပေါက်များကို စတင်ထည့်သွင်းရာ ကန်ရေပြင်တကေလျှင် ငါးခေါင်းပွ ၁၀ ရာခိုင်နှုန်း၊ ငါးကြင်း ၃၀ ရာခိုင်နှုန်းနှင့် ငါးမြစ်ချင်း ၆၀ ရာခိုင်နှုန်းဖြင့် တကေလျှင် စုစုပေါင်း ကောင်ရေ ၃,၃၀၀ နှုန်း ဖောစပ်မွေးမြူခဲ့သည်။ ကန်များကို နှစ်ချင်းအသားတိုးကန်၊ နှစ်ခွါငါးကျပ်ကန်၊ ငါးမျိုးကြီးကန်နှင့် ငါးသားပေါက်ကန်ဟူ၍ အမျိုးအစား ခွဲပြီး မွေးမြူခဲ့သည်။ ၁၉၇၂–၇၃ ခုနှစ်တွင် ငါးများကို ပထမဦးဆုံး ထုတ်လုပ်နိုင်ခဲ့ပြီး ထိုနှစ်က ငါးပိသာချိန် ၂,၀၀၀ ကျော်ကိုလည်းကောင်း၊ ၁၉၇၃–၇၄ ခုနှစ်တွင် ပိသာချိန် ၃,၆၀၀ ကျော်ကိုလည်းကောင်း ရောင်းချနိုင်ခဲ့သည်။

ထို့ပြင် အင်းလုပ်ငန်းကိုလည်း မကူး–မဒေါက်အင်းအမည်ဖြင့် တွဲဖက်လုပ်ကိုင်ခဲ့ရာ ၁၉၇၂–၇၃ ခုနှစ်တွင် ထိုအင်းလုပ်ငန်းမှ အကျိုးအမြတ်ငွေ ကျပ် ၅၀,၀၀၀ ခန့် ရရှိခဲ့သည်။

ကန်အလုံး ၁၀၀ ပြည့်သည်အထိ တူးဖော်ပြီးချိန်တွင် တန္နစ်လျှင် ငါးပိသာချိန် ၂,၀၀,၀၀၀ ကျော် ထုတ်လုပ်သွားရန် ရည်မှန်းထားသည်။

**ပဲခူး** – ဥဿာ အားသစ်ကန် ၁၀၀ ငါးမွေးမြူရေး ကုန်ထုတ် သမဝါယမ အသင်းသည် ပဲခူးမြို့အလွန် ဒိုက်ဦးမြို့ မရောက်မီ ရန်ကုန်–မန္တလေး ကားလမ်းမ၏ အနောက်ဘက်ရှိ မယင်းအနောက်တောင်ကွင်း စားကျက်မြေကောတွင် တည်ရှိသည်။

လုပ်ငန်းကို ၁၉၇၂ ခုနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ၁၉၇၄ ခုနှစ်အထိ ငါးပြုစုကန် ၁၀ ကန်၊ မျိုးငါးကန် ခြောက်ကန်နှင့် ငါးထုတ်လုပ်မှုကန် ၇၉ ကန်၊ စုစုပေါင်း ၉၅ ကန် တူးဖော်နိုင်ခဲ့ပြီး ကန်အားလုံး၏ ရေပြင်ဧရိယာ စုစုပေါင်း ၁၀၅ ဒသမ ၀၄ ဧကေ ရှိသည်။

မွေးမြူရန်အတွက် အခွါ ငါးသားပေါက်များကို ဆေးထိုးသားပေါက်နည်းဖြင့် ရယူခဲ့ပြီး ၁၉၇၂ ခုနှစ်တွင် တူးဖော်ပြီးခဲ့သော ငါးကန်များအတွင်းသို့ ငါးကောင်ရေ စုစုပေါင်း ၂,၄၀,၅၉၂ ကို လည်းကောင်း၊ ၁၉၇၃ ခုနှစ်တွင် ငါးကောင်ရေ ၁,၄၆,၉၀၀ ကိုလည်းကောင်း၊ ၁၉၇၄ ခုနှစ်တွင် ငါးကောင်ရေ ၁,၅၀,၂၅၀ ကိုလည်းကောင်း ထည့်သွင်းမွေးမြူခဲ့သည်။

၁၉၇၃–၇၄ ခုနှစ်အတွင်း ငါးများဖော်ယူ ရောင်းချခဲ့ရာတွင် ဝင်ငွေ ၈၅,၄၆၄ ကျပ်၊ ၁၉၇၄–၇၅ ခုနှစ်တွင် ၂၆,၁၅၈ ကျပ် ရရှိခဲ့သည်။ ထို့ပြင် ရေချို ငါးဖမ်း အင်းလုပ်ငန်း၊ ကြက်၊ ဘဲနှင့် ဝက်မွေးမြူရေးလုပ်ငန်း၊ စိုက်ပျိုးရေး လုပ်ငန်းများကိုလည်း တွဲဖက် လုပ်ကိုင်ခဲ့သည်။

**သဲကုန်း** – သဲကုန်းမြို့နယ် ကန် ၁၀၀ ငါးမွေးမြူရေး လုပ်ငန်းကို မြို့နယ်သမဝါယမအသင်း၏ လုပ်ငန်းခွဲတခုအဖြစ် အကောင်အထည်ဖော် လုပ်ကိုင်လျက် ရှိသည်။ ၎င်းလုပ်ငန်းသည် အင်းမမြို့မြောက်ဘက် ဘုရားကြီးကုန်းကျေးရွာအနီး အင်းမ မြစ်မခချောင်း၏ အရှေ့ဘက် ကမ်းပေါ်၌ တည်ရှိသည်။ ထိုချောင်းရေကို အသုံးပြု၍ လုပ်ငန်းကို ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

လုပ်ငန်းကို ၁၉၇၂ ခုနှစ်မှစ၍ အကောင်အထည်ဖော်ခဲ့ပြီး ရင်းနှီးမတည့်ငွေကို မြို့နယ် သမဝါယမအသင်းနှင့် အခြေခံ စားသုံးသူ သမဝါယမအသင်းတို့က အချိုးကျ ထည့်ဝင်ခဲ့သည်။

၁၉၇၂–၇၃ ခုနှစ်တွင် စုစုပေါင်း ရေပြင်ဧရိယာ ၂၄ ဒသမ ၀၆ ဧကရှိသော ကန် ၁၂ လုံးကိုလည်းကောင်း၊ ၁၉၇၃ ခုနှစ် ဧပြီလတွင် ရေပြင်ဧရိယာ စုစုပေါင်း ၃၂ ဒသမ ၀၇ ဧကရှိသော ကန် ၁၅ လုံးကိုလည်းကောင်း၊ ၁၉၇၄ ခုနှစ် မေလတွင် ရေပြင်ဧရိယာ စုစုပေါင်း ၆၅ ဒသမ ၅၉ ဧကရှိသော ကန် ၁၆ လုံးကိုလည်းကောင်း တူးဖော်ခဲ့သည်။

၁၉၇၂ ခုနှစ် စက်တင်ဘာလတွင် ငါးများကို စတင်မွေးမြူခဲ့ပြီး ငါးပိသာ ၄,၉၅၅ ဒသမ ၅၅ ပိသာ ထုတ်ရှိခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် ငါးပိသာချိန် ၄၁,၉၁၁ ပိသာ ထုတ်ရှိရန် ခန့်မှန်းထားသည်။

**ပေါင်းတည်** – ပေါင်းတည်မြို့နယ် ကန် ၁၀၀ ငါးမွေးမြူရေး လုပ်ငန်းသည် ကုက္ကိုပင်ကျေးရွာအုပ်စု သင်တောအင်းကောမြေနေရာလွတ်တွင် တည်ရှိသည်။ ပေါင်းတည် မြို့နယ် သမဝါယမအသင်း၏ လုပ်ငန်းခွဲတခုဖြစ်သည်။

လုပ်ငန်းကို ၁၉၇၁–၇၂ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး မြို့နယ် သမဝါယမ အသင်းမှ ကျပ်ငွေ ၁,၀၀,၀၀၀ မတည်၍ လည်းကောင်း၊ အခြေခံ စားသုံးသူ သမဝါယမအသင်း ရှစ်သင်းမှ ကျပ်ငွေ ၁၀၀၀ စီထည့်ဝင်၍လည်းကောင်း လုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ၁၉၇၄ ခုနှစ်အတွင်း ကန်ပေါင်း ၁၄၀ အထိ တူးဖော် လုပ်ကိုင်နိုင်ခဲ့သည်။ မွေးမြူခဲ့သော ငါးများကိုလည်း အလျင်မပြတ် ဖြန့်ဖြူးရောင်းချနိုင်ခဲ့သည်။ ထို့ပြင် ရေချိုပုစွန်တုပ်များကိုပါ တွဲဖက်မွေးမြူ ထုတ်လုပ်သွားရန် စီစဉ်ထားသည်။


**ပြည်** – ပြည်မြို့နယ် ကန် ၁၀၀ ငါးမွေးမြူရေး လုပ်ငန်းသည် သဲကုန်းကျေးရွာ အုပ်စု သဘွတ်ထောင်ကျေးရွာအနီးရှိ နဝင်းချောင်းကောမြေ၌ တည်ရှိသည်။ မြို့နယ် သမဝါယမအသင်း၏ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းခွဲတခုဖြစ်ပြီး ၁၉၇၂ ခုနှစ်တွင် စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

၁၉၇၂ ခုနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလ

တွင် ငါးမြစ်ချင်းကောင်ရေ ၁၇,၀၀၀ နှင့် ငါးခူပိသာ ၁၀၄ ပိသာကိုလည်းကောင်း၊ ၁၉၇၃ ခုနှစ်တွင် ငါးမြစ်ချင်း၊ ငါးကြင်း၊ ငါးခေါင်းပွ ကောင်ရေ ၇၇,၅၀၀ ကိုလည်း ကောင်း မွေးမြူခဲ့ပြီး ၁၉၇၃ နှင့် ၁၉၇၄ ခုနှစ်များတွင် ငါးများပြန်လည် ဖော်ယူရောင်းချခဲ့ရာ ဝင်ငွေ ဂ၇,၁၈၆ ကျပ် ရရှိခဲ့သည်။ ငါးခူများကို ၁၉၇၄ ခုနှစ်တွင် ဖော်ယူ ရောင်းချခဲ့ရာ ဝင်ငွေ ၃,၀၇၆ ကျပ် ရရှိခဲ့သည်။ လုပ်ငန်းစတင်ချိန်မှ ၁၉၇၄ ခုနှစ်အထိ အမြတ်ငွေ ဂ၉,၃၈၄ ကျပ် ရရှိခဲ့သည်။

**ကမ္ဘာ့ စားနပ်ရိက္ခာ အခြေအနေ။** ။လူဦးရေ သန်းပေါင်း ၅၃၇ သန်းခန့် ရှိသည့် အာဖရိကတိုက်တွင် ကြုံတွေ့နေရသော ငတ်မွတ်ခေါင်းပါးမှုနှင့် အာဟာရဓာတ် ချို့တဲ့မှုပြဿနာသည် ၁၉၇၄ ခုနှစ်တွင် ပိုမိုဆိုးရွားလာသည်။ အာဖရိကတိုက်တွင် သီးနှံပင်များ ပေါက်ရောက်ရာ နယ်နိမိတ်ကို ပြသော မျဉ်းစိမ်း သည် အာဖရိက အနောက်ပိုင်း ဆာဟဲဒေသ တခွင်လုံး၌ တောင်ဘက်သို့ ကီလိုမီတာ ၁၅၀ မှ ၂၀၀ အထိ ရွှေလျား ကျဆင်းသွားသည်ကို ဂြိုဟ်တုမှ ရိုက်ကူးပေးပို့သော ဓာတ်ပုံများက ဖော်ပြခဲ့ကြသည်။ ထို့အပြင် ကာဆာဗာ သီးနှံစိုက်ပျိုးရာ ဒေသတွင် ဖျက်ပိုးများ အကြီးအကျယ် ကျရောက်ခြင်း၊ ကျွဲနွားများ ခွာနာ လျာနာ ကပ်ရောဂါ ဆိုက်ရောက်ခြင်းနှင့် အာဖရိကအနောက်ပိုင်းရှိ ကြီးမား ကျယ်ပြောသော နေရာများတွင် ချုံမီးများလောင်ခြင်း စသော စိုးရိမ်ဖွယ် အဖြစ်အပျက်များ ပေါ်ပေါက်သည်။ ထိုအချိန်မှစ၍ ငတ်မွတ်ခေါင်းပါးမှု ဘေးနှင့် အများဆုံး ရင်ဆိုင်ကြုံတွေ့နေရသော နိုင်ငံပေါင်းမှာ ၂၄ နိုင်ငံရှိလာပြီး လူဦးရေ အားဖြင့် အနည်းဆုံး သန်းပေါင်း ၁၅၀ ရှိခဲ့သည်။ ထို့နောက် ၁၉၇၄ ခုနှစ်တွင် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီးနှင့် ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်အဖွဲ့တို့၏ တင်ပြချက်အရ စားနပ်ရိက္ခာ အထူးခူိုတဲ့နေသော နိုင်ငံများ၏ အရေအတွက်သည် ၂၇ နိုင်ငံအထိ တိုးပွားလာခဲ့သည်။

တဖန် ၁၉၇၄ ခုနှစ် မေလ ၂၄ ရက်နေ့မှ ၂၇ ရက်နေ့ အထိ ကျင်းပခဲ့သော အာဖရိက ဝန်ကြီးများဆိုင်ရာ စီးပွားရေး ကော်မရှင်အဖွဲ့၏ ၁၀ ကြိမ်မြောက် အစည်းအဝေးက နောက်ထပ် ကိုးနိုင်ငံတို့မှာလည်း မိုးခေါင်ရေရှားဒဏ် ခံစားနေကြရကြောင်း ဖြည့်စွက် တင်ပြခဲ့ကြသည်။ ဤသို့ဖြင့် ၁၉၇၄ ခုနှစ် သြဂုတ်လ ၃၁ ရက်နေ့တွင် လတ်တလော ငတ်မွတ်ခေါင်းပါးမှုအခြေအနေ ဖြစ်ပေါ်နေသော အာဖရိကနိုင်ငံပေါင်းမှာ ၃၆ နိုင်ငံရှိလာခဲ့သည်။ ယင်း ၃၆ နိုင်ငံတို့မှာ အန်ဂိုလာ၊ ဗယ်နင်၊ ဗော့ဆွာနာ၊ ဘော်ဂီနာဖတ်ဆို( အထက် ဗော်လတာနိုင်ငံ )၊ ဗူရွန်ဒီ၊




၁ မော်ရော်ကို
၂ အယ်ဂျီးရီးယား
၃ တျူနီးရှိယား
၄ လစ်ဗျ
၅ အီဂျစ်
၆ စပင်းနစ်ဆာဟာရ
၇ မော်ရီတေးနီးယား
၈ မာလီ
၉ ဘော်ကီနာဖတ်ဆို
၁၀ နိုင်ဂျာ
၁၁ ချဒ်
၁၂ ဆူဒန်
၁၃ အီသီအိုးပီးယား
၁၄ ဆိုမာလီယာ
၁၅ ဆိုနီဂေါ
၁၆ ဂမ်ဘီယာ
၁၇ ဂင်းနီဗစ်ဆော
၁၈ ဂင်းနီ
၁၉ ဆီယာရာလီအွန်း
၂၀ လိုက်ဗီးရီးယား
၂၁ အိုင်ဗရီကို
၂၂ ဂါနာ
၂၃ တိုဂို
၂၄ ဗယ်နင်
၂၅ နိုင်ဂျီးရီးယား
၂၆ ကမ္ဘရွန်း
၂၇ အလယ်ပိုင်းအာဖရိက
၂၈ အီကွေတိုရီယယ်ဂင်းနီ
၂၉ ဂါဗွန်
၃၀ ကွန်ဂို
၃၁ ဇိုင်ယာ
၃၂ ယူဂန်းဒါး
၃၃ ကင်ညာ
၃၄ အာဝမ်းဒါး
၃၅ ဗူရွန်ဒီ
၃၆ တန်ဇားနီးယား
၃၇ အန်ဂိုလာ
၃၈ ဇမ်ဘီးယား
၃၉ မာလာဝီ
၄၀ မိုဇမ်ဗစ်
၄၁ နမီးဗီးယား
၄၂ ဗော့ဆွာနာ
၄၃ ဇင်ဗာဗွေ
၄၄ တောင်အာဖရိက
၄၅ လီဆိုသို
၄၆ ဆွာဇီလန်
၄၇ ဂျီဗူတီ
၄၈ မက်ဒါဂါးစကား
၄၉ မာလာဂါစီ



ငတ်မွတ်ခေါင်းပါးမှုဒဏ် ဖိစီးနေသော မိုဇမ်းဗစ်နိုင်ငံတွင် ကုလသမဂ္ဂအကူအညီရိက္ခာတင် ကားများပေါ်မှ ဖိတ်ကျသော သီးနှံများကို မြေပေါ်မှ ခြစ်ယူစုကောက်နေသူများ

ကိပ်ဗာဒီ၊ အလယ်ပိုင်း အာဖရိကပြည်ထောင်စု၊ ချဒ်၊ အီသီအိုးပီးယား၊ ဂမ်ဘီယာ၊ ဂါနာ၊ ဂင်းနီ၊ ဂင်းနီဗစ်ဆော၊ ကင်ညာ၊လီဆိုသို၊ မာလီ၊ မော်ရီတေးနီးယား၊ မော်ရော့ကို၊ မိုဇမ်းဗစ်၊ အာဝမ်းဒါး၊ ဆော်တိုမီနှင့် ပရင်စီပီ၊ ဆီနီဂေါ၊ ဆိုမာလီယာ၊ တန်ဇားနီးယား၊ တိုဂို၊ ဇမ်ဘီးယား၊ ဇင်ဗာဗွေ၊ ကမ္ဘရွန်း၊ ကိုမိုးရိုး၊ ဂျီဗူတီ၊ အိုင်ဗရီကို့၊ နိုင်ဂျာ၊ နိုင်ဂျီးရီးယား၊ အီကွေတိုရီယယ်ဂင်းနီ၊ ဆူဒန်နှင့် ဇိုင်ယာနိုင်ငံတို့ ဖြစ်ကြသည်။

အာဖရိကမြောက်ပိုင်းတွင် မော်ရော့ကိုနိုင်ငံ၌ သီးနှံစိုက်ပျိုး ထုတ်လုပ်မှုမှာ နှစ်နှစ်ဆက်တိုက် ထိုးကျခဲ့ပြီး ဆူဒန်နိုင်ငံတွင် ဒါဖားမြောက်ပိုင်းကို ကပ်ဆိုက်ဒေသအဖြစ် အစိုးရကကြေငြာခဲ့သည်။

အာဖရိကအနောက်ပိုင်းတွင် ဘော်ကီနာဖတ်ဆိုနိုင်ငံ၌ ကျဲနွေးကောင်ရေ ၂,၅၀,၀၀၀ ခန့် ဒုက္ခရောက်နေကြပြီး မာလီနိုင်ငံတွင်မူဂါအိုဒေသ၌ လူပေါင်း ၃,၀၀,၀၀၀ အတွက် ရိက္ခာအခြေအနေမှာ အထူး ဆိုးရွားကြောင်း ဖော်ပြခဲ့ကြသည်။ အချို့ဒေသများ၌ ကျဲနွေးများ သေကြပျက်စီးဆုံးရှုံးမှု ၅၀ ရာခိုင်နှုန်းခန့် ရှိခဲ့သည်။ မော်ရီတေးနီးယားနိုင်ငံတွင် ကျဲနွေးများ သေဆုံးပျက်စီးမှုမှာ ၄၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအထိ ရှိခဲ့သည်။ ဆီနီဂေါနိုင်ငံ မြောက်ပိုင်းတွင် စားကျက်နှင့် သီးနှံများ ပြင်းထန်စွာ ထိခိုက်ခဲ့သည်။

အာဖရိက အလယ်ပိုင်းတွင် ဗူရွန်ဒီနှင့် အာဝမ်းဒါးနိုင်ငံများအတွက် ၁၉၈၅ ခုနှစ် အလယ်ပိုင်းအထိ ရိက္ခာတန်ခြိန် ၁,၆၅,၀၀၀ လိုအပ်ကြောင်း ခန့်မှန်းခဲ့ကြသည်။ ချဒ်နိုင်ငံ၌ လူများ မြောက်ပိုင်းမှတောင်ပိုင်းသို့ ရွှေ့ပြောင်းသွားခဲ့ကြရာ တောင်ပိုင်းမှာလည်း စားနပ်ရိက္ခာအကျပ်ဆိုက်လျက်ရှိသည်။ ဇိုင်ယာနိုင်ငံ၌ ၁၉၈၄ ခု ဩဂုတ်လ အကုန်တွင် အစိုးရက လူပေါင်း ၁,၀၅,၀၀၀ အတွက် လတ်တလော ရိက္ခာအကူအညီပေးကြပါရန် ပန်ကြားခဲ့သည်။

အာဖရိကအရှေ့ပိုင်းတွင် ကင်ညာနိုင်ငံ၏ အခြေအနေမှာ အထူးဆိုးရွား၍ ၁၉၈၅ ခုနှစ် ငတ်မွတ်ခေါင်းပါးသူ လူပေါင်း နှစ်သန်းအတွက် ကယ်ဆယ်ရေးအကူ အညီများ လိုအပ်ဖွယ်ရှိသည်ဟု တင်ပြခဲ့ကြသည်။ အီသီအိုးပီးယား နိုင်ငံတွင် မိုးခေါင်မှုဒဏ် ခံရသူဦးရေမှာ ၃နှစ်သန်းကျော်ရှိ၍ ရိက္ခာတန်ခြိန် ၄,၀၀,၀၀၀ ကျော် လိုအပ်လျက်ရှိသည်။ ဤနိုင်ငံတွင် နေရာပြောင်းရွှေ့နေထိုင်သူ လူပေါင်း ၂ ဒသမ ၂ သန်းရှိ၍ ထိုအထဲတွင် အိမ်နီးချင်းနိုင်ငံများမှ ဒုက္ခသည် ၃,၀၀,၀၀၀ ပါဝင်နေခြင်းသည် အခြေအနေ ပိုမိုရှုပ်ထွေးစေသည်။ ဆိုမာလီယာနိုင်ငံ၌လည်း အနောက်တောင်ဘက်နှင့် အနောက်မြောက်ဘက်ပိုင်းများ၌ လူနှင့် ကျဲနွေးများအတွက် အခြေအနေဆိုးများ ပေါ်ပေါက်လာသဖြင့် ရိက္ခာတန်ခြိန် ၃,၃၀,၀၀၀ တင်သွင်းရန် လိုအပ်လာခဲ့သည်။ ဤနိုင်ငံ၌လည်း ဒုက္ခသည်ဦးရေ ၁ ဒသမ ၄ သန်းအထိ ရှိနေခဲ့သည်။

အာဖရိက တောင်ပိုင်းတွင် အန်ဂိုလာ၊ ဗော့ဆွာနာ၊ လီဆိုသို၊ မိုဇမ်ဗစ်၊ ဇမ်ဘီးယားနှင့် ဇင်ဗာဗွေနိုင်ငံများအတွက် ၁၉၈၃ – ၈၄ ခုနှစ်တွင် ရိက္ခာ တန်ခြိန် ၁၁,၁၇,၀၀၀ တင်သွင်းရန်လိုအပ်၍ ၁၉၈၄ – ၈၅ အတွက် တန်ခြိန်

၂၂,၁၅,၀၀၀ ခန့်လိုအပ်မည်ဟုခန့်မှန်းခဲ့ကြသည်။ ဇင်ဗာဗွေနိုင်ငံ၌ ကျဲနွားကောင်ရေ ၄,၅၀,၀၀၀ ခန့် ပျက်စီးဆုံးရှုံးဖွယ်ရှိ၍ မိုဇမ်းဗစ်နိုင်ငံ မြောက်ပိုင်းဒေသများတွင် မိုးခေါင်မှုဒဏ်ခံရသူပေါင်း တသန်းခန့်တွင် ၁၉၈၄ ခုဩဂုတ်လအထိ အစာငတ် သေဆုံးသူများ ရှိနေခဲ့သည်။ လူပေါင်း ၆၀,၀၁၀ မှ ၁,၀၀,၀၀၀ အထိ နယ်ခြားကို ဖြတ်ကျော်၍ ဇင်ဗာဗွေနိုင်ငံတွင်းသို့ အစာရေစာရှာဖွေရန် ဝင်ရောက်သွားခဲ့ကြသည်။

အီသီအိုးပီးယားနိုင်ငံ၌ လူပေါင်း ၇ ဒသမ ၂ သန်းမျှ ငတ်မွတ် ခေါင်းပါးခြင်း ဘေးကို ရင်ဆိုင် နေကြရကြောင်း ကုလသမဂ္ဂ အဖွဲ့ကြီးမှ ခန့်မှန်းခဲ့ပြီး ၎င်းနိုင်ငံ မြောက်ပိုင်းရှိ အီရီးထရီးယား၊ တိုင်ဂရေနှင့် ဝေါလိုပြည် နယ်များ၌ ရိက္ခာပြတ်လပ်မှုကြောင့် တနေ့လျှင် လူပေါင်း ၂၅၀ ကျသေဆုံးလျက် ရှိသည်ဟု ခရစ်ယာန်ကက်သလစ် ဂိုဏ်း ကယ်ဆယ်ရေးအဖွဲ့မှ ကယ်ဆယ်ရေး အရာရှိများက ထုတ်ဖော်ပြောကြားခဲ့ကြသည်။ အီသီအိုးပီးယားအစိုးရ၏ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ကော်မရှင်အဖွဲ့ ဥက္ကဋ္ဌ မစ္စတာ ဒီဒဗလျူကျော်ဂျိစ်က အီသီအိုးပီးယားနိုင်ငံတွင် လူပေါင်း ၂,၅၀,၀၀၀ ကို မြောက်ပိုင်းနှင့် တောင်ပိုင်းဒေသများမှ အနောက်ပိုင်းဒေသသို့ ပြောင်းရွှေ့ပေးမည်ဖြစ်ကြောင်း လူပေါင်း ၆ ဒသမ ၄ သန်းအတွက် ကယ်ဆယ်ရေး အထောက်အပံ့များကို လေယာဉ်များဖြင့် ချက်ချင်းသယ်ဆောင်ပေးပို့ရန် လိုအပ်နေကြောင်း ၁၉၈၄ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် တင်ပြခဲ့သည်။

ထိုစဉ် ချဒ်နိုင်ငံတွင် ဖြစ်ပွားသော မိုးခေါင်ရေရှားမှုမှာ နှစ်ဆယ်ရာစုနှစ်တွင် အဆိုးရွားဆုံးဖြစ်၍ ထိုနိုင်ငံ၏ တောင်ပိုင်းတွင် လူပေါင်း ၂၀၀၀ ကျော် သေဆုံးခဲ့ပြီးဖြစ်ကြောင်း ကုလသမဂ္ဂ၏ပြောရေးဆိုခွင့်ရှိသူ မစ္စတာ ဖရန့်ကို ဂူလီယာနီက ဖော်ပြခဲ့သည်။ ဆူဒန်နိုင်ငံတွင်မူ လူပေါင်း တသန်းခန့်မှာ မိုးခေါင်မှုဒဏ် ခံနေကြရပြီး ၎င်းနိုင်ငံ၏ အရှေ့ပိုင်းနှင့် အနောက်ပိုင်း ဒေသများမှ ဒုက္ခသည် ထောင်ပေါင်းများစွာတို့သည် အလယ်ပိုင်း ဒေသများသို့ ပြောင်းရွှေ့ဝင်ရောက်လျက် ရှိကြသည်။ အီသီအိုးပီးယား လူမျိုး နှစ်သိန်းခန့်မျှသည်လည်း အစာရေစာ ရှာဖွေရန် ဆူဒန်နိုင်ငံ အရှေ့ပိုင်းသို့ ပြောင်းရွှေ့ ရောက်ရှိ လာခဲ့ကြသည်။ ၁၉၈၄ ခုနှစ် ဒီဇင်ဘာလ အတွင်း၌ အီသီအိုးပီးယားမှ ဆူဒန်သို့ လူပေါင်း ၃၀၀၀ ခန့် ဝင်ရောက်လာခဲ့ကြပြီး ၎င်းတို့၏ သေဆုံးမှုနှုန်းမှာ ကြောက်ခမန်းလိလိ တိုးပွားနေ၍ အာဟာရဓာတ် ချို့တဲ့သူများမှာလည်း များပြားလှကြောင်း ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂ မဟာမင်းကြီးရုံးက ထုတ်ပြန်ကြေငြာသည်။

ထို့ကြောင့် ၁၉၈၄ ခုနှစ် ဇန်နဝါရီလအတွင်း၌ ကုလသမဂ္ဂမှ အထူးအစည်းအဝေး နှစ်ရပ်ကို ဖိတ်ခေါ်ကျင်းပခဲ့သည်။ ၁၉၈၄ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများအတွင်း၌ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်သည် အာဖရိက အနောက်ပိုင်းရှိ နိုင်ငံပေါင်း ရှစ်နိုင်ငံသို့ သွားရောက်ကာ အခြေအနေကို ကွင်းဆင်း လေ့လာခဲ့သည်။ ထိုခရီးစဉ်၌ အတွင်း ရေး မှူး ချုပ် က အာဖရိက တိုက် ၏ ငတ်မွတ် ခေါင်းပါးမှု ပြဿနာကို ပိုမို ကြီးထွားစေသော အချက်မှာ " နိုင်ငံတကာမှ အကူအညီများ ခေါင်းပါး လာခြင်း " ဖြစ်ကြောင်း ထုတ်ဖော် ပြောကြားခဲ့သည်။ သာဓက အားဖြင့်ဆိုလျှင် ယူအင်ဒီပီအဖွဲ့က အာဖရိကဒေသအတွက် ၁၉၈၂ – ၈၄ အစီအစဉ်ကို ဒေါ်လာ သန်းပေါင်း ၂၀၃ ဒသမ ၄ သန်း အကုန်အကျခံရန် စီစဉ်လုပ်ဆောင်ခဲ့သော်လည်း ယခုအချိန်တွင် ဒေါ်လာသန်းပေါင်း ၁၃၇ ဒသမ ၂ သန်းသို့ ကျဆင်းသွားခဲ့ပေသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်သည် အာဖရိက ရှစ်နိုင်ငံခရီးမှအပြန်တွင် တတိယအကြိမ် အထူးအစည်းအဝေးကို ၁၉၈၄ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ဖိတ်ခေါ်ကျင်းပပြီး အာဖရိက အခြေအနေကို တင်ပြခဲ့သည်။ အာဖရိကတိုက်တွင် သဘာဝ ဘေးအန္တရာယ်များနှင့် မိုးခေါင်ရေရှားမှုကို ဖြစ်စေသည့် ဆိုးရွားသော ရာသီဥတု ဖောက်ပြန်မှုသည် စားနပ်ရိက္ခာ ပြဿနာ၏ လက်ငင်း အကြောင်းတရား ဖြစ်သော်လည်း အာဖရိကနိုင်ငံများမှ ထွက်ကုန်များအတွက် ဈေးကောင်း မရခြင်း၊ လျှပ်စစ်ဓာတ်အားနှင့် အခြားပံ့ပိုး ပစ္စည်းများအတွက် ကုန်ကျစရိတ် ကြီးမားခြင်း၊ ကြွေးမြီများ ထူပြောလာခြင်း၊ ငွေကြေးတန်ဖိုးများ ကြိုတင် မခန့်မှန်းနိုင် လောက်အောင် ပြောင်းလဲခြင်း၊ ဆက်သွယ်ရေး စနစ်များ ညံ့ဖျင်းခြင်း၊ လူဦးရေတိုးပွားမှု လျင်မြန်ခြင်း၊ မိုးခေါင်၍ သဲကန္တာရ နယ်မြေ တိုးတက်ကျယ်ပြန့်လာခြင်း၊ ရိက္ခာသိုလှောင်ရန် ကျိုများ မလုံလောက်ခြင်း၊ ဆည်မြောင်းများ အလွန်နည်းပါး၍ သီးနှံဖျက်ပိုးများ ထိန်းချုပ် ကာကွယ်မှုအားနည်းခြင်း၊ ကူးစက်တတ်သော ကပ်ရောဂါများ ထူပြောခြင်းနှင့် ဒုက္ခသည်ပေါင်း များပြားစွာတို့ တနေရာမှ တနေရာသို့ ရွှေ့ပြောင်း နေထိုင်ကြခြင်းစသော အကြောင်းတရားများလည်း ပါဝင်ပေသည်။

ကမ္ဘာပေါ်ရှိ ကုန်းပိတ်နိုင်ငံများအနက် ၅၀ ရာခိုင်နှုန်းသည် အာဖရိကတိုက်တွင် ရှိသည်။ အာဖရိကတိုက်၏ လူဦးရေသည် ၁၉၆၀ ပြည့်နှစ်တွင် ၂၅၇ သန်း ရှိခဲ့ရာမှ လွန်ခဲ့သော ၂၄ နှစ်အတွင်း၌ နှစ်ဆကျော်မျှ တိုးပွားလာခဲ့သည်။ အာဖရိကနိုင်ငံများ၏ ထုတ်လုပ်မှုသည် တနှစ်လျှင် ၁ ဒသမ ဂ ရာခိုင်နှုန်းသာ တိုးတက်ခဲ့သော်လည်း လူဦးရေတိုးပွားမှုမှာ ၂ ဒသမ ၉ ရာခိုင်နှုန်းရှိရာ ၁၉၈၀

ပြည့် နှစ် တွင် လူ တ ဦး ချင်း ရိက္ခာ ထုတ် လုပ် မှု သည် ၁၉၆၉ – ၇၁ ထက် ၁၁ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ စားနပ်ရိက္ခာများပိုမိုလိုအပ်လာရသည့် အဓိကအကြောင်းရင်းမှာ လူဦးရေ တိုးပွားလာခြင်းပင် ဖြစ်သည်ဟူ၍ ကမ္ဘာ့စားနပ်ရိက္ခာ အဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ် မစ္စတာ အီး၊ ဆူမားက ထောက်ပြခဲ့သည်။ တဘက်တွင် ၁၉၇၃ ခုနှစ် ကုန်ဆုံးချိန်၌ အာဖရိကနိုင်ငံများက ပြည်ပနိုင်ငံနှင့် ငွေချေးအဖွဲ့များမှ ချေးယူခဲ့သော ကြွေးမြီ စုစုပေါင်း ဒေါ်လာ သန်းပေါင်း တသိန်းနှစ်သောင်းခန့် ရှိပေသည်။

လူဦးရေတိုးပွားမှုသည် အာဖရိကတိုက်တွင်သာ ဖြစ်ပွားနေသော အခြင်းအရာမဟုတ်ချေ။ ကမ္ဘာတဝန်းလုံး၌ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၌လည်း ကြုံတွေ့နေရသည်။ ယနေ့ကမ္ဘာတွင် မိသားစုစီမံကိန်း အစီအစဉ်များကြောင့် နိုင်ငံအများအပြားတွင် လူဦးရေ တိုးပွားနှုန်းသည် လွန်ခဲ့သည့် သုံးနှစ်အတွင်း၌ နှစ်ရာခိုင်နှုန်းမှ ၁ ဒသမ ၇ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့စေကာမူ ကမ္ဘာ့လူဦးရေ တနှစ်လျှင် သန်းပေါင်း ၈၀ မျှ တိုးလျက်ပင် ရှိသေးသည်။ တနည်းဆိုသော် တမိနစ်လျှင် ၁၅၂ ဦး တိုးပွားနေခြင်း ဖြစ်သည်။ ၁၉၈၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေ သန်းပေါင်း ၄,၄၃၂ သန်းရှိခဲ့ရာမှ သက္ကရာဇ် ၂၀၀၀ တွင် သန်းပေါင်း ၆,၁၁၉ သန်းဖြစ်လာပြီး နှစ်ပေါင်း ၂၀ အတွင်း သန်းပေါင်း ၁,၆၈၇ သန်း (ဖွံ့ဖြိုးပြီးနိုင်ငံများဘက်တွင် ၁၆၅ သန်းနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများဘက်တွင် ၁,၅၂၂ သန်း) တိုးမည်ဟု ခန့်မှန်းထားကြရာ ကမ္ဘာ့သီးနှံ အထွက်တိုးနှုန်းသည် ကမ္ဘာ့လူဦးရေ တိုးပွားမှုနှုန်းကို မမီလျှင် စားနပ်ရိက္ခာပြဿနာသည် ကမ္ဘာနှင့်အဝန်း ကြီးမား ပြင်းထန်လာဖွယ် ရှိပေသည်။ ကမ္ဘာ့ကောက်ပဲသီးနှံ ထုတ်လုပ်မှု ပမာဏသည် ၁၉၇၃ ခုနှစ်တွင် မက်ထရစ်တန်ချိန် ၁,၆၄၁ သန်း ရှိခဲ့ရာမှ ၁၉၇၄ ခုနှစ်တွင် မက်ထရစ်တန်ချိန် သန်း ပေါင်း ၁,၇၀၀ အထိ စံချိန်တင်အောင် များပြားလာပြီး ဂ ဒသမ ၅ ရာခိုင်နှုန်း တိုးလာခဲ့သည်ဟု ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို) က ကြေငြာသည်။ ကမ္ဘာ့ဂျုံထွက်ပမာဏသည် ၁၉၇၃ ခုနှစ်တွင် တန်ချိန် ၄၉၅ သန်းရှိခဲ့ရာမှ ၁၉၇၄ ခုနှစ်တွင် တန်ချိန် ၅၁၆ သန်းအထိ များပြားလာကာ ၄ ဒသမ ၂ ရာခိုင်နှုန်းတိုးလာ၍ ကမ္ဘာ့ဆန်ထွက် ပမာဏသည် ၁၉၇၃ ခုနှစ်တွင် တန်ချိန် သန်း ၄၅၀ ရှိခဲ့ရာမှ ၁၉၇၄ ခုနှစ်တွင် တန်ချိန် ၄၆၂ သန်းအထိ များပြားလာကာ ၂ ဒသမ ၇ ရာခိုင်နှုန်း တိုးလာခဲ့သည်။

**ကျောက်မျက်ရတနာပြပွဲ (၁၉၇၄)**။ ။မြန်မာ့ကျောက်မျက် ရတနာပြပွဲကို ၁၉၆၄ ခုနှစ် ဒီဇင်ဘာလမှစတင်၍ ရန်ကုန်မြို့ အင်းလျားကန်ဟိုတယ်တွင် နှစ်စဉ် ကျင်းပခဲ့ရာ ၁၉၇၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကျင်းပ



မြန်မာ့ကျောက်မျက်ရတနာပြပွဲများသို့ ၂၁ ကြိမ်မြောက်အထိ အင်တိုက်အားတိုက် တက်ရောက်ခဲ့သော ရတနာကုန်သည်တဦးအား သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးသန်းတင်က ငွေပန်းအိုး လက်ဆောင်ပေးအပ်စဉ်

သည့် ကျောက်မျက်ရတနာပြပွဲအထိ ၂၁ ကြိမ် ခင်းကျင်းပြသခဲ့ပြီး ဖြစ်သည်။

၂၁ ကြိမ်မြောက် မြန်မာ့ ကျောက်မျက် ရတနာပြပွဲကို ရန်ကုန်မြို့၊ အင်းလျားကန်ဟိုတယ်တွင် ဖေဖော်ဝါရီလ ၂၁ ရက်နေ့မှ ၂၉ ရက်နေ့အထိ ခင်းကျင်းပြသ ရောင်းချခဲ့သည်။

ပြပွဲမကျင်းပမီ ဖေဖော်ဝါရီလ ဂ ရက်နေ့တွင် ၂၁ ကြိမ်မြောက် မြန်မာ့ ကျောက်မျက်ရတနာပြပွဲ၏ ပဏာမ ခင်းကျင်း ပြသမှုများကို မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီးဦးနေဝင်းနှင့် နိုင်ငံတော်သမ္မတကြီး ဦးစန်းယုတို့သည် လှည့်လည် ကြည့်ရှု စစ်ဆေးခဲ့ကြသည်။

မြန်မာ့ ကျောက်မျက် ရတနာများကို ရောင်းချရာတွင် လေးကြိမ်မြောက် မြန်မာ့ ကျောက်မျက် ရတနာပြပွဲအထိ ကျောက်မျက်၊ ကျောက်စိမ်းနှင့် ပုလဲ ရတနာသုံးမျိုးကို သာ အဓိကထား၍ ရောင်းချခဲ့သော်လည်း ငါးကြိမ်မြောက် ကျောက်မျက်ရတနာ ပြပွဲမှစ၍ ကျောက်စိမ်းရုပ်တု၊ ရုပ်ထွင်းများနှင့် လက်ဝတ်ရတနာများကိုပါ ထည့်သွင်း ရောင်းချခဲ့သည်။

ကမ္ဘာ့နိုင်ငံအသီးသီးမှ ရတနာကုန် သည် များ သည် ပြပွဲ၌ ခင်းကျင်းပြသထားသော မြန်မာ့ကျောက်မျက်၊ ကျောက်စိမ်းနှင့် ပုလဲရတနာများကို ၁၉၇၄ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့နှင့် ၂၂ ရက်နေ့များတွင် ကြည့်ရှု စစ်ဆေး လေ့လာခဲ့ကြသည်။

၂၁ ကြိမ်မြောက်၊ မြန်မာ့ ကျောက်မျက် ရတနာပြပွဲ ကာလအတွင်း ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲရတနာ အတွဲ၊ လက်ဝတ်ရတနာများနှင့် ကျောက်စိမ်းရုပ်တုများ စုစုပေါင်း မြန်မာငွေ လေးကုဋေ နှစ်သိန်း၊ လေးသောင်း၊ ငါးထောင်၊ ၅၅၀ ကျပ် (အမေရိကန်ဒေါ်လာ ၄၀,၉၉,၃၄၀ ဒေါ်လာ) ဖိုး ရောင်းချခဲ့ရသည်။

ကျောက်မျက် ရတနာများကို စတင်ခင်းကျင်း ရောင်းချခဲ့သော ၁၉၆၄ ခုနှစ်မှ ၁၉၀၄ ခုနှစ် ၂၁ ကြိမ်မြောက် မြန်မာ့ ကျောက်မျက် ရတနာပြပွဲအထိ ကျောက်မျက်၊ ကျောက်စိမ်း၊ ပုလဲရတနာအတွဲများ၊ အသင့်ပြုလုပ်ပြီး လက်ဝတ် လည်ဆွဲ ရတနာများနှင့် ကျောက်စိမ်းရုပ်တုများ ရောင်းချခဲ့သော တန်ဖိုးငွေ ကျပ် စုစုပေါင်းမှာ ၅၅၁ သန်း၊ ငါးသိန်း၊ ခုနစ်သောင်း၊ နှစ်ထောင်၊ ၄၀၆ ကျပ်၊ (အမေရိကန်ဒေါ်လာ ၈၈ သန်း၊ နှစ်သိန်း၊ သုံးသောင်း၊ ငါးထောင်၊ ၅၇၄ ဒေါ်လာ) ဖြစ်သည်။

၁၉၈၄ ခုနှစ်၊ ၂၁ ကြိမ်မြောက် မြန်မာ့ကျောက်မျက် ရတနာပြပွဲသို့ နိုင်ငံပေါင်း ၁၅ နိုင်ငံမှ ရတနာကုန်သည် ၃၇၀ တက်ရောက်ခဲ့ကြသည်။ မြန်မာ့ ကျောက်မျက် ရတနာပြပွဲသို့ ၂၁ နှစ် ဆက်တိုက် တက်ရောက်ခဲ့သူများ၊ ၁၅ နှစ် ဆက်တိုက် တက်ရောက်ခဲ့သူများ၊ ၁၀ နှစ် ဆက်တိုက် တက်ရောက်ခဲ့သူများကို ဂုဏ်ပြု လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။


**ခမာဝုဓ၊ ဆရာတော် ဘဒ္ဒန္တ၊ အဂ္ဂမဟာ ပဏ္ဍိတ၊ ဟသ်ာတမြို့၊ လယ်တီ ကျောင်းတိုက်** (မြန်မာ ၁၂၇၃–)။ ။ဆရာတော် ဘဒ္ဒန္တ ခမာဝုဓကို ရောဝတီတိုင်း၊ ဟသ်ာတမြို့၊ ကနောင်စု အုပ်စု၊ သပြေကုန်းရပ်တွင်၊ ခမည်းတော် ဦးဖိုးကြယ်၊ မယ်တော်ဒေါ်လှ တို့က ၁၂၇၃ ခုနှစ် ဝါခေါင်လဆုတ် ၅ ရက် တနလ်ာနေ့၌ ဖွားမြင်သည်။

၁၂ နှစ်သား အရွယ်တွင် မိဘနှစ်ပါးနှင့် ဦးကျော်ထွန်း၊ ဒေါ်ရွှေအိ တို့၏ ပစ္စယာနုဂ္ဂဟ ကို ခံယူ၍ ဆရာတော် ဦးအာဒိစ္စကို ဥပဇ္ဈာယ်ပြုလျက် သာမဏေ အဖြစ်သို့ရောက်သည်။ ရှင်သာမဏေဘဝမှာ ရှင်ခမာဝုဓဖြစ်သည်။

ထို့နောက် ဆရာဘုန်းတော်ကြီး ပျံလွန်တော်မူသော အခါ ရဟန်းခံတော့မည်ဟု ဆုံးဖြတ်ပြီး ဝိနည်းငယ် လေးစောင်၊သဒ္ဒါ၊ သင်္ဂြိဟ်၊ စတုဘာဏဝါရ၊ ကမ္မာ ကမ္မဝိနိစ္ဆယ

## ရောင်းချရသည့် ကျောက်မျက်ရတနာများ (၁၉၇၄)

| နေ့စွဲ | ရတနာအမည် | အတွဲပေါင်း | မြန်မာကျပ်ငွေ | အမေရိကန်ဒေါ်လာ |
|---|---|---|---|---|
| ၂၃-၂-၇၄ မှ ၂၄-၂-၇၄ | ကျောက်စိမ်း | ၅၉ | ၁,၁၉,၆၁,၉၃၀ | ၁၄,၅၆,၃၂၂ |
| ၂၆-၂-၇၄ | ကျောက်မျက် | ၄၀ | ၁၉,၃၁,၄၁၀ | ၂,၄၀,၀၁၂ |
| ၂၃-၂-၇၄ မှ ၂၀-၂-၇၄ | ပုလဲ | ၁၄၁ | ၂,၄၄,၁၅,၉၁၅ | ၂၉,၃၂,၅၄၀ |
| ၂၃-၂-၇၄ မှ ၂၉-၂-၇၄ | လက်ဝတ်ရတနာ | | ၁၃,၁၂,၁၅၉ | ၂,၀၀,၄၄၉ |
| ၂၃-၂-၇၄ မှ ၂၉-၂-၇၄ | ကျောက်စိမ်းရုပ်တု ရုပ်ထွင်းများ | | ၁,၀၄,၁၂၀ | ၂၂,၄၁၃ |
| | စုစုပေါင်း | | ၄,၀၂,၄၅,၅၅၀ | ၄၀,၉၉,၃၄၀ |



အဂ္ဂမဟာပဏ္ဍိတ ဘဲ့တံဆိပ်တော်ရှင်
ဆရာတော် ဘဒ္ဒန္တ ခမာဝုဝ

စသည်တို့ကို သင်ကြား၍ မဟာဒ္ဒါရဂိုဏ်းကြီးက ကျင်းပသော ဗဟုဿုတဝိနယ စာမေးပွဲကြီး၌ နိဿယမုစ္စနက အကြီးတန်းကိုအောင်မြင်ခဲ့သည်။

၁၂၉၃ ခုနှစ်တွင် ဟင်္သာတမြို့ ကျောင်းကို ရွာနေဦးဖိုးကြွယ်၊ ဒေါ်လှ မိသားစုနှင့်ဦးဘိုမင်း၊ ဒေါ်ဖွားသက် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ဓမ္မာရုံကျောင်း ဆရာတော် ဘဒ္ဒန္တဉာနဒဿိ ဘဲ့တံဆိပ်ပြ၍ ရဟန်း အဖြစ်သို့ ရောက်တော်မူသည်။ရဟန်းအဖြစ်သို့ ရောက်ပြီးနောက် ဟင်္သာတမြို့ လယ်တီကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တရာဇိန္ဒထံတွင် လောကုတ္တရာစာပေများကို ဆက်လက် သင်ကြားသည်။ ၁၂၉၇ ခုနှစ် တွင် သာယာဝတီခရိုင်၊ လက်ပံတန်းမြို့၊ သဒ္ဓမ္မောဒယ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိသဒ ဉာဏထံတွင် ကြွင်းကျန်နေသော နေ့ဝါညဝါများကို လေးနှစ် သင်ယူတော်မူသည်။

ဆရာတော်သည် ရဟန်းဘဝ၌ ပထမငယ်တန်း၊ ပထမလတ်တန်းတို့ကို အောင်မြင်တော်မူသည်။

ဆရာတော်သည် လက်ပံတန်းမြို့ သဒ္ဓမ္မောဒယတိုက်၌ နေစဉ် ပရိယတ္တိပညာရေးဌာန၌ တာဝန်ခံအဖြစ် နေ့ဝါညဝါများပို့ချတော်မူခဲ့သည်။ ၁၃၄၁ ခုနှစ် သာသနာတော်သန့်ရှင်း တည်တံ့ ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ဖြစ်မြောက်ရေးအတွက် ဂိုဏ်းအသီးသီးမှ သံဃာ့ဝန်ဆောင် ၆၆ ပါးရွေးချယ်တင် ဆရာတော်သည် မဟာဒ္ဒါရဂိုဏ်း ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရတော်မူသည်။ ထို့နောက် အစည်းအဝေး ဖြစ်မြောက်ရေး ၆၆ ပါး သံဃာ့ဝန်ဆောင်အဖွဲ့ကြီး၏ တွဲဖက်အကျိုးတော်ဆောင်၊ ဂုဏ်းပေါင်းစုံ သံဃာ့အဖွဲ့ကြီး၏ တွဲဖက်



အကျိုးတော်ဆောင်၊ နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့ကြီး၏ တွဲဖက်အကျိုးတော်ဆောင်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ တွဲဖက်အကျိုးတော်ဆောင် (၁) အဖြစ်ဖြင့်သာသနာတော်၏ အကျိုးကို ဆောင်ရွက်တော်မူခဲ့သည်။

ဆရာတော်သည် ဂုဏဟသတ္ထအစ္စိတကထာ၊ ဂုဏ်ရောင်ဝေဖြာ ဒေသနာ၊ လယ်တီ ဆရာတော်ဘုရားကြီး၏ မဟာထေရုပတ္တိကျမ်း၊ ဝိနယဝိဿဇ္ဇနာကျမ်း၊ ဓုတင်္ဂဝိနိစ္ဆယကျမ်း၊ ကထိနတ္ထဝိလာသိနီကျမ်း၊ ဝိဝါဒါဓိကရဏ ဝိနိစ္ဆယများ စသည်ဖြင့် လောကုတ္တရာ စာပေ ကျမ်းဂန်များကို ပြုစုရေးသားတော်မူခဲ့သည်။

ဤသို့ သာသနာတော်၏ အကျိုးကို ကြိုးပမ်းအားထုတ် ဆောင်ရွက်တော်မူသောကြောင့် ဆရာတော် ဘဒ္ဒန္တ ခမာဝုဝသည် ၁၉၇၄ ခုနှစ် ဇန္နဝါရီလ ၄ ရက်နေ့တွင် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းသောအဂ္ဂမဟာပဏ္ဍိတ ဘဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်။

**ခင်မောင်ဖြူ၊ ဦး** (ခရစ် ၁၉၀၅ – ၁၉၇၄)။ ။
ဦးခင်မောင်ဖြူကို ၁၉၀၅ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ အဖဦးဖြူနှင့် အမိ ဒေါ်ပေါ်တို့က မွေးဖွားခဲ့သည်။ တောင်ကြီးမြို့ အေဘီအမ်ကျောင်းမှ ၁၀ တန်းအောင်မြင်ခဲ့ပြီး ၁၉၂၇ ခုနှစ်တွင် ရန်ကုန် တက္ကသိုလ်မှ ဘီအက်စီဘွဲ့ရခဲ့သည်။ ၁၉၂၉ ခုနှစ်တွင် အိုင်စီအက်စ်ရာထူး ခန့်အပ်ခံရသည်။

၁၉၃၉ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ လက်ထောက်ကော်မရှင်နာ မင်းကြီးအဖြစ် ကျောက်ဖြူနှင့် သာယာဝတီမြို့များတွင် ဆောင်ရွက်ခဲ့သည်။ ထို့နောက် ၁၉၄၈ ခုနှစ်တွင် ရှမ်းပြည်နယ်၏ လက်ထောက်တောင်တန်းမင်းကြီးအဖြစ်နှင့် အငြိမ်းစားယူခဲ့သည်။

၁၉၅၀ ပြည့်နှစ်၌ ပြည်ထောင်စု မြန်မာနိုင်ငံ သမ္မတကြီး၏ အတွင်းဝန်အဖြစ် ခန့်အပ်ခံခဲ့ရသည်။

၁၉၅၁ ခုနှစ် အောက်တိုဘာလ ၁၂ ရက်တွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ အတွင်းဝန်ချုပ်အဖြစ် ခန့်အပ်ခံရသည်။

ဗိုလ်ချုပ်ကြီး နေဝင်း၏ အိမ်စောင့်အစိုးရ လက်ထက်တွင်ပြည်ထဲရေးဌာန၊ ပြန်ကြားရေးဌာန၊ လူဝင်မှုကြီးကြပ်ရေးဌာန၊ ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေးဌာန စသော ဌာနအသီးသီးတို့တွင် ဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့ရာ ၁၉၅၈ ခုနှစ်ထိ ဖြစ်သည်။ ထို့နောက် အမျိုးသားစည်းလုံးညီညွတ်မှု ဗဟိုကောင်စီ၏ ဥက္ကဋ္ဌအဖြစ် ၁၉၆၀ ပြည့်နှစ်အထိ ဆောင်ရွက်ခဲ့သည်။

၁၉၄၉ ခုနှစ်တွင် သရေစည်သူဘွဲ့ကို လည်း ကောင်း၊ ၁၉၅၃ ခုနှစ်တွင် မဟာသရေစည်သူဘွဲ့ကို လည်းကောင်း၊ ၁၉၅၅ ခုနှစ်တွင် ယူကိုစလပ်ဗီးယားနိုင်ငံ သမ္မတကြီးမာရှယ် တီးတိုးက အပ်နှင်းသော ယူဂိုဆလားဗီးယား နိုင် ငံ ၏ ဒုတိယတန်းကြယ်တံဆိပ်နှင့် ထိုင်းနိုင်ငံဘုရင်၏ ဆင်ဖြူတော် (ဒုတိယတန်းစား) ဘွဲ့တံ ဆိပ် ကို လည်း ကောင်း ရရှိခဲ့သည်။



ဦးခင်မောင်ဖြူ

၁၉၇၀ ပြည့်နှစ်တွင် ရာထူးဝန်အဖွဲ့ (ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့) အဖွဲဝင်လူကြီးအဖြစ် လည်းကောင်း၊ ၁၉၇၃ ခုနှစ်တွင် ဝန်ထမ်းရွေး ချယ် လေ့ ကျင့် ရေး အ ဖွဲ့ ဥက္ကဋ္ဌအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ပြီး ၁၉၇၇ ခုနှစ်တွင် အနားယူသည်။

၁၉၈၀ ပြည့်နှစ်တွင် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီက နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်ကို) ချီးမြှင့်အပ်နှင်းသည်။ ဦးခင်မောင်ဖြူသည် ၁၉၈၄ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ခင်ခင်တင်နှင့် သားသမီးသုံးယောက် ကျန်ရစ်ခဲ့သည်။

**ချယ်ရနီယင်းကိုး, ကွန်စတန်တင်** (ခရစ် ၁၉၁၁–) ။ ။ ဆိုဗီယက် ကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူး ချယ်ရနီယင်းကိုးကို ဆိုက်ဗီးရီးယားရှိ ကရပ်စနိုးယတ်ဒေသ နိုဗိုဆီလိုဗို ခရိုင် ဗိုရှာယာတက် ကျေးရွာ၌ ၁၉၁၁ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် မွေးဖွားသည်။ ငယ်စဉ်က မွေးရပ်မြေတွင် လယ်ယာအလုပ်လုပ်ယင်း ကွန်ဆိုးမိုး လူငယ် အဖွဲ့အစည်းတွင်ဝင်ရောက် လှုပ်ရှားသည်။ ၁၉၂၉ ခုနှစ်မှ ၁၉၃၀ ပြည့်နှစ်အထိ နိုဗိုဆီလိုဗိုခရိုင် လူငယ် ကော်မတီ စည်းရုံးရေးနှင့် ဝါဒဖြန့်ချိရေး တာဝန်ခံ ဖြစ်ခဲ့ပြီး ၁၉၃၁ ခုနှစ်တွင် ဆိုဗီယက် ကွန်မြူနစ်ပါတီဝင် ဖြစ် လာသည်။ ၁၉၃၀ ပြည့်နှစ်မှ ၁၉၃၃ ခုနှစ်အထိ တပ်နီတော်၏ ရွေတန်းတပ်ဖွဲ့ဝင်များကို ကူညီ လုပ်အားပေးခဲ့ရာ နယ်ခြားဒေသရှိ ပါတီအဖွဲ့တဖွဲ့၏ အတွင်းရေးမှူး ဖြစ်လာသည်။

ထို့နောက် ချယ်ရနီယင်းကိုးသည် ကရပ်စနိုးယတ်ဒေသ ပါတီ ပညာရေးဌာန ညွှန်ကြားရေးမှူး အဖြစ် ဆောင်ရွက်သည်။ ၁၉၄၃ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ပါတီစည်းရုံးရေးမှူး အဆင့်မြင့်သင်တန်းကျောင်းတွင် ပညာဆည်းပူးသည်။ သင်တန်းဆင်းသောအခါ ရုရှအလယ်ပိုင်း ပင်ဇာဒေသပါတီ ကော်မတီ အတွင်းရေးမှူး တာဝန်ပေးခြင်းခံရသည်။ ၁၉၄၈ ခုနှစ်တွင် မိုလဒါဗီးယန်း ဆိုဗီယက် ဆိုရှယ်လစ်သမ္မတနိုင်ငံ ပါတီစည်းရုံးရေးနှင့် ဝါဒဖြန့်ချိရေးဌာန အကြီးအကဲအဖြစ် အမှုထမ်းသည်။ ထိုအချိန်တွင် ကိုရှိညက် ဆရာအတတ်သင် ကောလိပ် စာပေးစာယူသင်တန်းနှင့် ဆက်သွယ်၍ အဆင့်မြင့်ပညာ ဆည်းပူးသည်။ ၁၉၅၀ ပြည့်နှစ်မှ ၁၉၅၂ ခုနှစ်အထိ မိုလဒါဗီးယန်းသမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ပထမအတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့ဖူးသော ဗရက်ဇ်ညက်သည် ၁၉၅၆ ခုနှစ်တွင် ဆိုဗီယက်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၌ အတွင်းရေးမှူး ဖြစ်လာသောအခါ ချယ်ရနီယင်းကိုးကို ပါတီဗဟိုကော်မတီ ဝါဒဖြန့်ချိရေး ဌာနကြီးမှူး အဖြစ် တာဝန်ပေးသည်။ ၁၉၆၀ ပြည့်နှစ်တွင် ဗရက်ဇ်ညက်သည်



ကွန်စတန်တင် ချယ်ရနီယင်းကိုး

ဆိုဗီယက်ဦးစီးလှတ်တော်ချုပ် သဘာပတိအဖွဲ့ဥက္ကဋ္ဌ ဖြစ်လာသောအခါ ချယ်ရနီယင်းကိုးသည် သဘာပတိအဖွဲ့၏ အတွင်းရေးမှူးများအဖွဲ့ အကြီးအကဲ အဖြစ် ဆောင်ရွက်သည်။ ၁၉၆၄ ခုနှစ်တွင် ဗရက်ဇည်က် သည် ပါတီ ပထမအတွင်းရေးမှူးဖြစ်လာသောအခါ ချယ်ရနီယင်းကိုးကို ပါတီမူဝါဒချမှတ်ရေးတွင်အရေးပါသည့် ပါတီဗဟိုကော်မတီ ရေးရာ ဌာန၏ အကြီးအကဲတာဝန်ကို ပေးသည်။

ချယ်ရနီယင်းကိုးသည် ၁၉၆၆ ခုနှစ်တွင် အရန် ဗဟိုကော်မတီဝင် ဖြစ်လာပြီး ၁၉၇၁ ခုနှစ်တွင် အချိန်ပြည့် ဗဟိုကော်မတီဝင်အဖြစ် ရွေးချယ်တင်မြှောက်ခံ ခဲ့ရသည်။ ၁၉၇၆ ခုနှစ် မတ်လက ကျင်းပသော ဗဟိုကော်မတီ အစည်းအဝေးတွင် စီမံခန့်ခွဲရေးနှင့် လုံခြုံရေးရာကို တာဝန်ယူသော ပါတီ ဗဟိုကော်မတီ အတွင်းရေးမှူး အဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။ ဥရောပ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နိုင်ငံတကာညီလာခံ (ဟယ်ဆင်ကီး၊ ၁၉၇၅) နှင့် လက်နက်ဖျက်သိမ်းရေးဆိုင်ရာ ဗီယင်နာ ဆွေးနွေးပွဲများ (၁၉၇၉) တို့ကိုတက်ရောက်ခဲ့သည်။ ၁၉၇၇ ခုနှစ်မှစ၍ နိုင်ငံရေး ဦးဆောင် အဖွဲ့တွင် အရန်အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၇၈ ခုနှစ်မှစ၍ အချိန်ပြည့်အဖွဲ့ဝင်ဖြစ်လာသည်။ ၁၉၈၂ ခုနှစ် ဇန်နဝါရီလတွင် မိခေး ဆုစလော့ ကွယ်လွန်သောအခါ ချယ်ရနီယင်းကိုးသည် ပါတီတွေးခေါ် မြော်မြင်ရေးသဘောတရားရေးရာကို တာဝန်ယူသော ပါတီဗဟိုကော်မတီ အတွင်းရေးမှူး ဖြစ်လာသည်။

ချယ်ရနီယင်းကိုး သည် ဆိုရှယ်လစ် လုပ်သား သူရဲကောင်းဘွဲ့ကို နှစ်ကြိမ်၊ လီနင် ဂုဏ်ထူးဆောင် ဘွဲ့ကို သုံးကြိမ်၊ လုပ်အားအောင်လံနီ ဂုဏ်ထူးဆောင်ဘွဲ့ကို သုံးကြိမ် အသီးသီး ချီးမြှင့်ခံရသူ ဖြစ်သည်။

ချယ်ရနီယင်းကိုးကို ၁၉၈၄ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ကျင်းပသော ဆိုဗီယက်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထူးအစည်းအဝေး က ပါတီ အထွေထွေအတွင်းရေးမှူးအဖြစ် ရွေးချယ်တင်မြှောက်ပြီး ၎င်းလို ၁၁ ရက်နေ့တွင် ဆိုဗီယက် လှတ်တော် အစည်းအဝေးက ဦးစီးလှတ်တော်ချုပ် သဘာပတိအဖွဲ့ ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်သည်။ ထို့ပြင် ချယ်ရနီယင်းကိုးသည် ၁၉၈၄ ခုနှစ်မှစ၍ ဆိုဗီယက်ပြည်ထောင်စု လုံခြုံရေးကောင်စီ သဘာပတိ ဖြစ်လာသည်။

**ဂဲလပ်, ဂျော့ ဟိုးရေ့.** (ခရစ် ၁၉၀၁ – ၁၉၈၄)။ ။ ဂဲလပ် ဆန္ဒမဲကောက်ယူနည်းကို တီထွင်ခဲ့သော အမေရိကန် စိတ်ပညာနှင့် စာရင်းအင်းပညာရှင် ဂျော့ ဂဲလပ်ကို ၁၉၀၁ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့တွင် အိုင်ယိုးဝါးပြည်နယ် ဂျက်ဖာဆင်မြို့၌ မွေးဖွားသည်။ အိုင်ယိုးဝါးတက္ကသိုလ်တွင် ပညာဆည်းပူးပြီး ၁၉၂၃ ခုနှစ်မှ ၁၉၂၉ ခုနှစ်အထိ အိုင်ယိုးဝါး တက္ကသိုလ်မှာပင် ကထိကအဖြစ် စာပေပို့ချသည်။ ၁၉၂၅ ခုနှစ်တွင် အိုဖီလီယာ စမစ် မီလာနှင့် အိမ်ထောင်ပြုသည်။ အိုင်ယိုးဝါးပြည်နယ် ဒရိတ်တက္ကသိုလ်တွင် ၁၉၂၉ ခုနှစ်မှ ၁၉၃၁ ခုနှစ်ထိ စာနယ်ဇင်းပညာဌာန ဌာနမှူးအဖြစ် ဆောင်ရွက်သည်။ ၁၉၃၁ ခုနှစ်မှ ၁၉၃၂ ခုနှစ်အထိ အီလီနွိုင်ပြည်နယ် နော့ဝက်စတန် တက္ကသိုလ်၌ စာနယ်ဇင်းပညာပါမောက္ခ ဖြစ်ခဲ့သည်။



ဂျော့ ဂဲလပ်

ဂျော့ ဂဲလပ်သည် ၁၉၃၂ ခုနှစ်တွင် နယူးယောက်မြို့ရှိ ယန်းနှင့်ရူဗီကမ် ကြော်ငြာ အေဂျင်စီ သုတေသနညွှန်ကြားရေးမှူး ရာထူးကို ရသည်။ ထိုစဉ်က ဈေးကွက်သုတေသနမှ တစတစဖွံ့ဖြိုး တိုးတက်လာသော လူထု ဆန္ဒ သဘောထား သုတေသန လုပ်ငန်းတွင် မဂ္ဂဇင်း တစောင်ကို မှန်မှန် ဖတ်မဖတ်၊ ရေဒီယိုအစီအစဉ်တခုကို မှန်မှန် နားသောတဆင် မဆင်၊ လူသုံးကုန် ပစ္စည်းတခုကို ကြိုက် မကြိုက် စသည့် မေးခွန်းမျိုးကိုသာ နမူနာ ဆန္ဒအနည်းအကျဉ်းမျှ ကောက်ယူပြီး သုတေသနပြုလုပ်နေသော ကာလဖြစ်သည်။ ၁၉၃၅ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၌ ပစ္စက္ခနိုင်ငံရေး၊ စီးပွားရေးအခြေအနေများအပေါ် လူထုဆန္ဒသဘောထားကို နိုင်ငံတဝန်းလုံး ခြုံငုံ၍ ကောက်ခံတွက်ချက်ခန့်မှန်းသည့် နည်းစနစ်တရပ်ကို ဂဲလပ်က တီထွင်နိုင်ခဲ့သည်။ ၁၉၃၅ ခုနှစ်တွင် ဂဲလပ် တည်ထောင်သော အမေရိကန် လူထုဆန္ဒ ကောက်ခံ လေ့လာရေးအဖွဲ့က စတင် အသုံးပြုသောနည်းစနစ်ဖြစ်၍ ယင်းစနစ်သည် အမေရိကန် နိုင်ငံရေးကို ဆယ်စု နှစ်ပေါင်းများစွာ ဩဇာညောင်းခဲ့လေသည်။

အမေရိကန်နိုင်ငံတွင် ကမ္ဘာ့စီးပွားရေးကပ်ဆိုးမှ နာလန်ထူနိုင်ရန် သမ္မတဖရန်ကလင်ဒီ ရူးစဗဲ့က "နယူးဒီး"အမည်တွင်သည့် စီမံကိန်းကို ချမှတ်ဆောင်ရွက်ရာ အောင်မြင်မှုအတော်အတန် ရရှိခဲ့သည်။ ထိုစဉ် ၁၉၃၅ ခုနှစ်တွင် ဂဲလပ်က နယူးဒီးစီမံကိန်းတွင် ပြန်လည်ထူထောင်ရေးဆိုင်ရာ အစိုးရ အသုံးစရိတ်သည် များလှသလော၊ နည်းလွန်းသလော၊ သင့်မြတ်သလော ဟူသောမေးခွန်းကိုမေး၍ ဂဲလပ် နည်းစနစ်ဖြင့် လူထုဆန္ဒသဘောထားကို ပဉ္စဲးထုတ် ကောက်ခံခဲ့ရာ ၆၀ ရာခိုင်နှုန်းက များလွန်းသည်။ ကိုးရာခိုင်နှုန်းမျှက နည်းလွန်းသည်။ ကျန် ၃၁ ရာခိုင်နှုန်းက သင့်မြတ်သည်ဟု လေ့လာတွေ့ရှိသည်။ သမ္မတရူးစဗဲ့သည် အစွန်းရောက်သော စီမံချက်များ ဆောင်ရွက်နေသည်ဟု အတိုက်အခံများက အပြင်းအထန် ဆန့်ကျင် တိုက်ခိုက်နေစဉ် ၁၉၃၆ ခုနှစ်တွင် သမ္မတရွေးကောက်ပွဲကျင်းပရာ ထိုစဉ်က လူထုဆန္ဒသဘောထား ကောက်ခံမှုဌာန ဩဇာညောင်းသည့် လစ်ထရေရီဒိုင်ဂျက်အဖွဲ့က အတိုက်အခံ အဲလဖရက်အမ်လန်ဒန်နိုင်မည်ဟု ဟောကိန်းထုတ်ခဲ့သော်လည်း ဂဲလပ်တို့ကမူ ရူးစဗဲ့ပင် နိုင်မည်ဟု ခန့်မှန်းပြသည်။ ရူးစဗဲ့က လန်ဒန်ကို အပြတ်အသတ် အနိုင်ရရှိသွားသောကြောင့် ဂဲလပ်၏ လူထုဆန္ဒသဘောထား ကောက်ခံလေ့လာနည်းသည် လူထု၏ ယုံကြည်ကိုးစားမှုခံယူလာနိုင်သည်။

ဂဲလပ်သည် ၁၉၃၆ ခုနှစ်တွင် ဗြိတိသျှ လူထုဆန္ဒသဘောထား လေ့လာရေးအဖွဲ့ကို တည်ထောင်သည်။ ၁၉၃၉ ခုနှစ်တွင် ပရိသတ်သဘောထား သုတေသနပြုရေးအဖွဲ့ကို ထူထောင်ပြန်သည်။ ဂဲလပ်သည် ခရစ်ယာန်ဘာသာဝင်ဖြစ်ရာ အမေရိကန်လူမျိုးတို့၏ ဘာသာရေးအမြင်သဘောထားနှင့်စပ်လျဉ်း၍ ခရစ်ယာန်ဘာသာရေးအသင်းအဖွဲ့များအတွက် အကြိမ်ကြိမ် လေ့လာပေးခဲ့ဖူးသည်။ အမေရိကန်လူမျိုး ၆၀ ရာခိုင်နှုန်းကျော်သည် ခရစ်ယာန်ဘာသာကို ယုံကြည်ကိုင်းရှိုင်းကြ၍ ဘာသာရေးဝေယျာဝစ္စများ တက်ကြွစွာဆောင်ရွက်သည်ဟု ဂဲလပ်က ဆန်းစစ်လေ့လာခဲ့သည်။

ဂဲလပ်သည် ဒီမိုကရေစီရင်ခုန်သံ၊ စာဖတ်သူအကြိုက်တိုင်းတာဆန်းစစ်သည့် နည်းစနစ်သစ်၊ ဒီမိုကရေစီအတွင်းက လူထုဆန္ဒသဘောထား(၁၉၃၉)၊ လူထုဆန္ဒသဘောထား ကောက်ခံလေ့လာမှုလမ်းညွှန်(၁၉၄၄)၊ သမီရကယ် အဟက်(၁၉၆၄)၊ လူထုဆန္ဒလေ့လာသူအတွက် အဆင့်မြင့်လမ်းညွှန် (၁၉၇၂) စသည့် စာအုပ်အများအပြား ကို ရေးသားပြုစုခဲ့သည်။ ဂဲလပ်သည် တက္ကသိုလ်ကောလိပ်အများအပြားမှ ဂုဏ်ထူးဆောင် ပါရဂူဘွဲ့များ အကြိမ်ကြိမ် ချီးမြှင့်ခံရသူဖြစ်သည်။

ဂဲလပ်သည် ၁၉၈၄ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် ဆွစ်ဇာလန်နိုင်ငံ တွန်းရေအိုင် အနီးရှိ ရှင်ဂဲ ရွာလေးဌာန အနားယူနေစဉ် နှလုံးရောဂါဖြင့် ကွယ်လွန်သည်။

**ဂဒ္ဒီ, ရှရီ ဈာဂျစ်** ( ခရစ် ၁၉၄၄ – )။ ။အိန္ဒိယသမ္မတ နိုင်ငံ၏ ခြောက် ယောက် မြောက် ဝန် ကြီး ချုပ် ဈာဂျစ်ဂန္ဒီကို ၁၉၄၄ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့တွင် ဘုံဘေမြို့၌ မွေးဖွားသည်။ မစ္စတာ ဖီရို့ဇ်ဂန္ဒီနှင့် မစ္စက်အင်ဒီရာ ဂန္ဒီတို့၏ သား ကြီး ဖြစ် သည်။ အိန္ဒိယနိုင်ငံ၏ ပထမဆုံး ဝန်ကြီးချုပ် ဂျဝါဟာလာ နေရူး၏ မြေးလည်း ဖြစ်သော ရာဂျစ်သည် ငယ်စဉ်က အိန္ဒိယနိုင်ငံ ဒေရာဒွန်းမြို့ရှိ ဒွန်းကျောင်းနှင့် အင်္ဂလန်နိုင်ငံ ကိမ်းဗရစ်တက္ကသိုလ် ထရီနီတီကောလိပ်တို့တွင် ပညာဆည်းပူးခဲ့သည်။ ထရီနီတီကောလိပ်တွင် ပညာဆည်းပူးစဉ် အိန္ဒိယနိုင်ငံ နိုင်ငံခြားဌေကြေးသုံးစွဲမှု ဥပဒေအရ တနှစ်လျှင် ဒေါ်လာ ၂၀၀၀ သာရသဖြင့် ပညာသင်စရိတ်ဖူလုံရန် မုန့်ဆိုင်တဆိုင်တွင် ရေခဲမုန့်ရောင်းသောအလုပ်ကို လုပ်ခဲ့သည်။ ၁၉၆၈ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ဆိုနီယာ ဂန္ဒီနှင့် လက်ထပ်ခဲ့ပြီး သားတယောက်၊ သမီးတယောက် ထွန်းကားသည်။

မစ္စတာရာဂျစ်ဂန္ဒီသည် ၁၉၈၁ ခုနှစ် မေလအထိ အိန္ဒိယလေကြောင်းဌာနတွင် ဖော်ကာ အက် ဇ ရိ လေယာဉ်မှူးအဖြစ်လည်းကောင်း၊ ဘိုးအင်း ၇၃၇ လေယာဉ်တွဲဖက်



ရှရီ ဈာဂျစ်ဂန္ဒီ

လေယာဉ်မှူးအဖြစ်လည်းကောင်း တာဝန် ထမ်းဆောင်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ် ဇွန်လတွင် ညီငယ် ဆန်ဂျေးဂန္ဒီ လေယာဉ်ပျက်ကျ၍ ကွယ်လွန်သွားခဲ့ပြီးနောက် မစ္စတာ ရာဂျစ်သည် ၁၉၈၁ ခုနှစ် မေလ ၁၀ ရက်နေ့မှစ၍ နိုင်ငံရေးလောကသို့ ဝင်ရောက်သည်။

ညီငယ်ဆန်ဂျေး၏ အမိသိမ်းဆန္ဒနယ်တွင် ၁၉၈၁ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့က ကျင်းပသော ကြားဖြတ် ရွေးချယ် တင်မြှောက်ပွဲ၌ မစ္စတာ ရာဂျစ်သည် ပါလီမန် အမတ်အဖြစ် ရွေးချယ်ခံရသည်။ ထို့နောက် ၁၉၈၁ ခုနှစ် ဇွန်လမှာပင် ကွန်ဂရက် လူငယ် အလုပ်အမှုဆောင်အဖွဲ့ဝင် ဖြစ်လာသည်။ ၁၉၈၃ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ကွန်ဂရက် (အိုင်) ပါတီ အထွေထွေ အတွင်းရေးမှူး ရာထူးသို့ တိုးမြှင့်ခံရသည်။ မကြာမီ ပါတီဒုဥက္ကဋ္ဌဖြစ်လာသည်။

မိခင်ဖြစ်သူ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစွက် အင်ဒီရာဂန္ဒီသည် ၁၉၈၄ ခုနှစ် အောက်တိုဘာ ၃၁ ရက်နေ့တွင် လုပ်ကြံခံရ၍ ကွယ်လွန်သွားသောအခါ မစ္စတာ ရာဂျစ်သည် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်သစ်အဖြစ် ရွေးချယ်တင်မြှောက် ခံရသည်။ ထို့နောက် ၁၉၈၄ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့တွင် ကွန်ဂရက် (အိုင်) ပါတီ၏ ဥက္ကဋ္ဌအဖြစ် ရွေးချယ် တင်မြှောက်ခံရသည်။

တဖန် ၁၉၈၄ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် စတင် ကျင်းပသော အိန္ဒိယနိုင်ငံ အထွေထွေ ရွေးကောက်ပွဲ၌ မစ္စတာရာဂျစ်ဂန္ဒီ၏ ကွန်ဂရက် (အိုင်) ပါတီသည် ပါလီမန်အမတ်နေရာ ၅၁၈ နေရာအနက် ၄၁၈ နေရာကို အနိုင် ရရှိခဲ့သည်။ ထို့ကြောင့် မစ္စတာရာဂျစ်ဂန္ဒီသည် ၁၉၈၄ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ဝန်ကြီးချုပ်အဖြစ် ကျမ်း သစ္စာကျိန်ဆိုသည်။

**ဂန္ဒီ, အင်ဒီရာ ပရိယာဒါရှိနီ** (ခရစ် ၁၉၁၇–၁၉၈၄)။ ။ အိန္ဒိယအမျိုးသမီး ဝန်ကြီးချုပ် အင်ဒီရာဂန္ဒီကို အလာဟာဘတ်မြို့၌ ၁၉၁၇ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် မေးဖွားသည်။ အိန္ဒိယနိုင်ငံ လွတ်လပ်ရေး ရရှိသော ၁၉၄၇ ခုနှစ်မှစ၍ ၁၉၆၄ ခုနှစ်အထိ ဝန်ကြီးချုပ် အဖြစ် တာဝန် ယူခဲ့သူ ရှရီ ဂျဝါဟာလာ နေရူး၏ သမီးဖြစ်သည်။ အင်ဒီရာ ဂန္ဒီသည် အိန္ဒိယနိုင်ငံ၊ ဆုစ်ဇာလန်နှင့် အောက်စဖို့ ဟက္ကသိုလ် ဆွန်မာဇီးကောလိပ် တို့တွင် ပညာဆည်းပူးခဲ့၍ အင်္ဂလိပ် ဘာသာစကားနှင့် ပြင်သစ်ဘာသာ နှစ်မျိုးလုံးကို ကျွမ်းကျင်စွာ တတ်မြောက်သည်။ ငယ်စဉ်ကပင် နိုင်ငံရေး အသိအမြင်ရှိလေရာ ၁၅ ရာစုအတွင်းက ပြင်သစ်ပြည် လွတ် မြောက်ရေးအတွက် အင်္ဂလိပ်ကို ဆန့်ကျင်တိုက်ခိုက်ခဲ့သူ



အမျိုးသမီး သူရဲကောင်း ဂုဏ်အောင့်အတ်ခ်အဖြစ် ခံယူကာ ယင်တိုင်၌ မီးရှို့ခံခြင်း ကစားနည်းမျိုးကို ကစားခဲ့သည်။

နိုင်ငံခြားတွင် ပညာသင်ရာမှ ပြန်လည် ရောက်ရှိလာတိုင်း ကွန်ဂရက်ပါတီကို ကူညီ၍ နယ်ခွဲဆန့်ကျင်ရေးလှုပ် ရှားခဲ့သည်။ ၁၉၃၈ ခုနှစ်တွင် ကွန်ဂရက်ပါတီသို့ ဝင်ရောက် သည်။ နယ်ခွဲ အင်္ဂလိပ်က အင်ဒီရာကို ၁၉၄၂ ခုနှစ် တွင် ၁၃ လကြာ ထောင်ဒဏ် ချမှတ်ခဲ့သည်။

အင်ဒီရာသည် မျိုးရိုးဇာတိ ဓလေ့အလိုက် ကက်ရှမီးရီး ပြဟ္မဏချင်း လက်မထပ်ပဲ ကျောင်းနေဘက် ဖာရစီ လူမျိုး ဖရိုဇ်ဂန္ဒီနှင့် ၁၉၄၂ ခုနှစ်တွင် အိမ်ထောင်ပြုသည်။ ခင်ပွန်းဖြစ်သူ ၁၉၆၀ ပြည့်နှစ်တွင် ကွယ်လွန်၍ သားကြီး ရာဂျစ်နှင့် သားငယ် ဆန်ဂျေးတို့နှင့်အတူ ဘဝ ခရီး ဆက်ခဲ့ရသည်။

ဖခင် ဂျဝါဟာလာ နေရူး၏ လမ်းညွှန် ပျိုးထောင်မှု ကြောင့် ၁၉၄၆ ခုနှစ်မှစ၍ အိန္ဒိယနိုင်ငံရေးလောကနှင့် အကျမ်းတဝင်ရှိသည်။ ၁၉၄၇ ခုနှစ်က မဟတ္တမဂန္ဒီဦးဆောင် သော နယ်ခွဲဆန့်ကျင်ရေး လှုပ်ရှားမှုများတွင်လည်း ပါဝင် ဆောင်ရွက်သည်။ ၁၉၅၀ ပြည့်လွန်နှစ်များမှစ၍ နိုင်ငံရေး နယ်ပယ်သို့ ခြေစုံပစ် ဝင်ခဲ့ရာ ၁၉၅၉ ခုနှစ်မှ ၁၉၆၀ ပြည့် နှစ်အထိ အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ကွန်ဂရက် ပါတီ ဥက္ကဋ္ဌ ဖြစ်လာသည်။



အင်ဒီရာ ပရိယာဒါရှိနီ ဂန္ဒီ

မစ္စက် အင်ဒီရာဂန္ဒီသည် ၁၉၆၄ ခုနှစ်တွင် ဖခင် ကွယ်လွန်သောအခါ ဝန်ကြီးချုပ် ဗဟာဒူး ရှပ်စထရီလက်ထက်၌ ပြန်ကြားရေးနှင့် အသံလွှင့်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် တာဝန်ယူခဲ့သည်။ ဝန်ကြီးချုပ် ရှပ်စထရီသည် ဆိုဗီယက်ပြည်ထောင်စု တပ်ရှကင့်၌ နှလုံးရောဂါဖြင့် ကွယ်လွန်သောကြောင့် မစ္စက်ဂန္ဒီသည် ၁၉၆၆ ခုနှစ် ဇန္နဝါရီလ ၁၉ ရက် နေ့မှစ၍ ဝန်ကြီးချုပ်ဖြစ်လာသည်။

မစ္စက်ဂန္ဒီက ၁၉၇၅ ခုနှစ် ဇွန်လမှစ၍ အရေးပေါ်အုပ်ချုပ်ရေးကာလ သတ်မှတ်ခဲ့ခြင်း၊ ၁၉၇၆ ခုနှစ် တွင် လက်ထပ်ထိမ်းမြားနိုင်သည့်အသက်ကို အမျိုးသားအတွက် ၂၁ နှစ်၊ အမျိုးသမီးအတွက် ၁၈ နှစ် သတ်မှတ်၍ မိသားစုစီမံကိန်းနှင့် ပဋိသန္ဓေတားဆီးမှု အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊ မစ္စက်ဂန္ဒီအား အတိုက်အခံများက ဘုံရန်သူအဖြစ် ဝိုင်းတိုက်ခိုက်တွင် ကွန်ဂရက်ပါတီ အတွင်းသဘောထားကွဲလာခြင်းတို့ကြောင့် မစ္စက်ဂန္ဒီသည် ၁၉၇၇ ခုနှစ် မတ်လ ရွေးကောက်ပွဲတွင် အာဏာ လက်လွှတ် ခဲ့ရသည်။ မစ္စက်ဂန္ဒီသည် ရွေးချယ်တင်မြှောက်ပွဲ ဥပဒေကို ချိုးဖောက်သည်ဟု စွပ်စွဲခံရ၍ ထိန်းသိမ်းခံရ ပြီးနောက် ၁၉၇၇ ခုနှစ် အောက်တိုဘာလတွင်လွှတ်မြောက်လာသည်။

၃၃ လကြာမျ အာဏာလက်လွှတ်ခဲ့ရပြီးနောက် ၁၉၈၀ ပြည့်နှစ် ဇန္နဝါရီလ ရွေးကောက်ပွဲတွင် အပြတ်အသတ် အနိုင်ရရှိရာ ဝန်ကြီးချုပ်အဖြစ် ပြန်လည် ရွေးချယ် တင်မြှောက်ခံရသည်။ မစ္စက်ဂန္ဒီသည် အဖွဲဝင် ၁၀၁ နိုင်ငံ ရှိသော ဘက်မလိုက်နိုင်ငံများအဖွဲကို ၁၉၇၃ ခုနှစ်မှ စ၍ တည်ငြိမ်စွာ ဦးဆောင်မှု ပေးခဲ့သည်။

မစ္စက် အင်ဒီရာဂန္ဒီသည် မိမိအရိုက်အရာကို ဆက်ခံနိုင်ရန် သားငယ် ဆန်ဂျေးဂန္ဒီကို မြေတောင်မြှောက်ခဲ့ရာ ဆန်ဂျေးသည် ကွန်ဂရက် (အိုင်) ပါတီ၏ အထွေထွေအတွင်းရေးမှူးအဖြစ် ရွေးချယ်တင်မြှောက်ခံရပြီး မကြာမီ ၁၉၈၀ ပြည့်နှစ်တွင် လေယာဉ်ပျက်ကျ၍ ကွယ်လွန်သည်။ ထို့ကြောင့် မစ္စက်ဂန္ဒီသည် သားကြီး ရာဂျစ် ဂန္ဒီကို နိုင်ငံရေးလောကသို့ လက်တွဲခေါ်ယူလာရာ ၁၉၈၁ ခုနှစ်တွင် ရာဂျစ်သည် ကွန်ဂရက်(အိုင်) ပါတီ အထွေထွေအတွင်းရေးမှူးဖြစ်လာသည်။

မစ္စက်ဂန္ဒီသည် အောက်စဖို့တက္ကသိုလ်မှ ဂုဏ်ထူးဆောင် ဥပဒေပါရဂူဘွဲ့နှင့် ဆိုဗီယက် သိပ္ပံပညာတံခွန် အသင်းမှ ဂုဏ်ထူးဆောင်သိပ္ပံပါရဂူဘွဲ့တို့ကို ချီးမြှင့်ခံရသည်။ အင်ဒီရာဂန္ဒီ၏ အမှတ်တရဖြစ်ရပ်များနှင့် မိန့်ခွန်းများစာအုပ်ကို ၁၉၇၅ ခုနှစ်က ပြုစုထုတ်ဝေခဲ့သည်။

မစ္စက်အင်ဒီရာဂန္ဒီသည် ၁၉၈၄ ခုနှစ် ဇွန်လ ၃၁ ရက်နေ့တွင် ကိုယ်ရံတော်အစောင့်တပ်မှ ဆစ် လူမျိုးနှစ်ဦးက လုပ်ကြံသဖြင့် ကွယ်လွန်သည်။

## ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များ (၁၉၇၄)

။ နိုင်ငံတော်သည် ပိဋကတ် ကျမ်း ဂန်၊ စာပေပရိယတ်အရာတို့၌ ထူးချွန်ပြောင်မြောက်၍ အကျင့်သီလသိက္ခာနှင့်ပြည့်စုံသည့် ရဟန်းပုဂ္ဂိုလ်များ၊ ဆိုရှယ်လစ်ဒီမိုကရေစီနိုင်ငံတော် တည် ဆောက် ရေး၊ ဆို ရှယ် လစ် စီး ပွား ရေး စ နစ် တိုးတက်ဖြစ်ပေါ်ရေးနှင့် နိုင်ငံတော်ကာကွယ်စောင့်ရှောက်ရေးတို့တွင် ကိုယ်ကျိုးစွန့် အနစ်နာခံဆောင်ရွက်သူများနှင့် အသက်ကိုပဓာနမထားပဲ သက်စွန့်ကြိုး ပမ်း ဆောင် ရွက် သည့် ပု ဂ္ဂိုလ် များ၊ နိုင် ငံ တော် လွတ်လပ်ရေး ကြိုးပမ်းမှုတွင် စစ် မှန် သော စေတနာဖြင့် ကိုယ်ကျိုးမဖက် အနစ်နာခံ၍ ထူးခြားပြောင်မြောက်စွာ ကြိုးပမ်းလုပ်ဆောင်ခဲ့သည့် ပုဂ္ဂိုလ်များနှင့် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိလျက် ပေးအပ်သော လုပ်ငန်း တာ ဝန် များ ကို ကျေ ပွန် စွာ နှင့် အ ပြစ် ကင်း စင် စွာ ထမ်း ဆောင် လျက် ရှိ သော ပြည်သူ ဝန် ထမ်း များအား ထိုက်သင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင် တံဆိပ်များကို နှစ်စဉ်ချီးမြှင့်အပ်နှင်းသည်။


နိုင်ငံတော်ကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၃၊ ပုဒ်မခွဲ (ခ)တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များအရ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရသော ဆရာတော်ကြီးများ၏ ဘွဲ့အမည်များနှင့် ဂုဏ်ထူးဆောင် ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များ ချီး မြှင့် ခံ ရ သော ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို အမိန့်ကြော်ငြာစာများဖြင့် ၁၉၇၄ ခုနှစ် ဇန္နဝါရီလ ၄ ရက် ၃၆ နှစ် မြောက် လွတ်လပ်ရေး အောင်ပွဲနေ့တွင် ထုတ်ပြန်ကြေငြာသည်။

နိုင်ငံတော် ကောင်စီ၏ အမိန့် ကြော်ငြာစာများအရ ၁၉၇၄ ခုနှစ်တွင် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များ ဆက်ကပ်ခြင်းခံရသည့် ဆရာတော်ကြီးများနှင့် အပ်နှင်းခြင်းခံရသည့် လူပုဂ္ဂိုလ်များကို ဖော်ပြပါအတိုင်း အမျိုးအစားအလိုက် ခွဲခြား၍ တွေ့ရှိရသည်။

| အပ်နှင်းသည့် ဘွဲ့တံဆိပ်အမျိုးအစား | ဦးရေ |
|---|---|
| အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် | ၁ |
| အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် | ၇ |
| နိုင်ငံ့ဂုဏ်ရည်ဘွဲ့(ပထမဆင့်) | ၁၂၇ |
| နိုင်ငံ့ဂုဏ်ရည်ဘွဲ့(ဒုတိယဆင့်) | ၁၃၀ |
| သူရဘွဲ့ | ၁၀ |
| သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် | ၆၀ |
| လယ်ယာစီးပွား ထူးချွန်တံဆိပ်(တတိယဆင့်) | ၂ |
| စက်မှုစီးပွား ထူးချွန်တံဆိပ်(တတိယဆင့်) | ၂ |



ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသအား အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပူဇော်စဉ်



ကုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနား (၁၉၇၄ ခုနှစ်)သို့ ကိုယ်တိုင် တက်ရောက်၍ သူရဘွဲ့လက်ခံယူကြသူ ၁၀ ဦးကို တွေ့မြင်ရပုံ



နိုင်ငံတော်သမ္မတကြီး ဦးစန်းယုက ဂုဏ်ထူးဆောင်ဘွဲ့ရသူတဦးအား ဆုချီးမြှင့်နေပုံ

လူမှုထူးချွန်တံဆိပ် (ပထမဆင့်) ၁
လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်) ၁
လူမှုထူးချွန်တံဆိပ် (တတိယဆင့်) ၁၅
ရဲသူရဲန်တံဆိပ် ၁
ရဲကျော်သူတံဆိပ် ၇
စစ်မှုထမ်းကောင်းတံဆိပ် ၃၂၃၈
ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ၅၂
ပြည်သူ့ဝန်ထမ်းတံဆိပ် ၃၁၇၄
ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေ
စိုးမိုးရေး တံဆိပ် ၃၉၁၉
နိုင်ငံတော် ရဲမှုထမ်းတံဆိပ် ၂၀၄၄

**အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်**

ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၊ ဓမ္မနာဒကျော်းတိုက်၊ မင်းကွန်း၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

**အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်**

ဘဒ္ဒန္တ ကုသလသာမိ၊ သာသနဟိတကာရီဥယျာဉ်တိုက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်း။

ဘဒ္ဒန္တ ပညာဇောဘ၊ ခြောက်ထပ်ကြီး ဘုရားကြီးတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ဘဒ္ဒန္တ ဇောတိက၊ ဒေးဝန်းအုတ်ကျောင်း၊ မိုးကောင်းတိုက်၊ မန္တလေးအနောက်တောင်မြို့နယ်၊ မန္တလေးတိုင်း။

ဘဒ္ဒန္တ ဝါသေဋ္ဌဘိဝံသ၊ ရွှေကျင်တိုက်သစ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်း။

ဘဒ္ဒန္တ ခမာဝုဓ၊ လယ်တီကျောင်းတိုက်၊ ဟသ်ဘမြို့၊ ရောဝတီတိုင်း။

ဘဒ္ဒန္တ နာရဒါဘိဝံသ၊ မာဂဓနယုပဒေသကျောင်း၊ မစိုးရိမ်တိုက်၊ မန္တလေးမြို့၊ မန္တလေးတိုင်း။

ဘဒ္ဒန္တ ပဏ္ဍိတ၊ မဟာဝိသုတာရာမတိုက်၊ ပခုက္ကူမြို့၊ မကွေးတိုင်း။

နိုင်ငံတော်ကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၁/၇၄) အရ အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးတပါးနှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရသော ဆရာတော်ကြီးခုနစ်ပါးမှာ ဖော်ပြပါအတိုင်းဖြစ်သည်။

## နိုင်ငံ့ဂုဏ်ရည်ဘွဲ့

နိုင်ငံတော်ကောင်စီ အမိန့်ကြော်ငြာစာ အမှတ် (၂/၀၄) အရ နိုင်ငံ့ ဂုဏ်ရည်ဘွဲ့ (ပထမဆင့်)အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၁၂၇ ဦးနှင့် (ဒုတိယဆင့်) အပ်နှင်းခြင်း ခံရသော ပုဂ္ဂိုလ် ၁၃၁ ဦးတို့မှာ ဖော်ပြပါ အတိုင်းဖြစ်သည်။

### နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်)

ဦးမောင်ကျော်
ဦးထွန်းလင်း
ဦးမောင်ကြည်
ဦးကြာညွန့်
ဦးကျော်ညွန့်
ဦးစိုးလှိုင်
ဦးကျော်
ဦးဗအောင်
ဦးညွန့်လှိုင်
ဦးသန်းမောင်
ဦးအောင်စိုး
ဦကျော်မြင့်
ဦးခင်မောင်ဦး (ခေါ်) ဦးမောင်မောင်
ဦးကိုကိုကြီး
ဦးဘိုးကူ
ဦးဝင်းရှိန်
ဦးသန်းမောင်
ဦးခင်ညို
ဦးသန်းညွန့်
ဦးသိန်းထွန်း
ဦးကျော်ဇော
ဦးမြင့်ဆွေ
ဦးမြင့်ဆွေ
ဦးဘိုးကျင်
ဦးမြဒင်
ဦးစိုးလှိုင်
ဦးလှတင်
ဦးစိုးလှိုင်
ဦးကျော်
ဦးဘသန်း
ဦးမောင်တင်
ဦးဗသိုက်
ဦးသိန်းဝင်း
သူရ ဦးတင်မြတ်
ဦးလှရှိန်
ဦးကွန်း
ဦးထွန်းမြိုင်
ဦးခင်စိန်
ဦးတိုင်းလုံးကျော်မြ
ဦးရဲဒင်
ဦးတိုးလွင်
ဦးပန်းအောင်
ဦးမျိုးကျော်
ဦးစံညွန့်
ဦးကိုကို (ခေါ်) ဦးမင်းစန်း
ဦးအေးလှိုင် (ခေါ်) ဦးအေးသိန်း
ဦးထွန်းမြ
ဦးသောင်း
ဦးဖေမောင် (ခေါ်) ဦးမြင့်ဆွေ
သူရ ဦးတင်ရွှေ
ဦးဘိုနီ
ဦးအုန်းဖေ
ဦးချစ်ဆွေ
ဦးခင်ဦး
ဦးထွန်းစိန်
ဦးမြကျော်
ဦးဝင်းဖေ
ဦးမောင်မောင်ခ
ဦးဝင်းမောင်
ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းရီ
ဦးကြည်အေး (ခေါ်) ဦးအေးကို
ဦးမြင့်ဦး
ဦးမောင်မြင့်
ဦးကြည်သိန်း
ဦးတင်ညွှန့်
ဦးအုန်းမောင်
ဦးကြည်ဟန်
ဦးလှရွှေ
ဦးမောင်ညို
ဦးမင်းဒင်
သူရ ဦးထွန်းတင်
ဦးမင်းဆွေ
ဦးထွန်းအောင်
ဦးတင်အောင်
ဦးဘဌေး
ဦးမြင့်အောင်
ဦးစိန်ဘန်း
ဦးရဲထွန်း
ဦးဖေအောင်
ဦးထွန်းရှိန်
ဦးတင်ဦး
ဦးအောင်ဘွင့်
ဦးဘရွှေ
ဦးစံဝင်း
ဦးသိန်းညွှန့်
ဦးထွန်းတင်
ဒေါက်တာ မောင်မောင်
ဦးလှဗူး
ဦးအေးဖေ
ဦးလှမိုး
ဗိုလ်ချုပ်ကြီး သူရ ကျော်ထင်
ဦးမြအေး (ခေါ်) ဦးညိုအေး
ဦးဟန်သိန်း
ဦးဆန်းအောင်
ဦးရဲမြင့်
ဦးစိုးတင့်
ဦးမောင်အေး
ဦးကြည်မြင့်
ဦးလွင်
ဗိုလ်မှူးချုပ် ဘသိန်း
ဦးခင်အေး
ဦးတင်အုန်း
ဦးစောဝင်း
ဦးအောင်ခင်
ဦးမောင်သိန်း (ခေါ်) ဦးမင်းကြည်
ဦးမျိုးအောင်
ဦးနေထွန်း (ခေါ်) ဦးမင်းမောင်
ဦးသောင်းထိုက်
ဦးအောင်ဇင်
ဦးကျော်ဝင်း
ဦးဗဟိန်း (ခေါ်) မိုးနက်
ဦးမျိုးအောင်
ဦးရီအေး
ဦးအုန်းမောင်
ဦးသိန်းမောင်
ဦးမျိုးမြင့်
ဦးတင်စိုး
ဦးထွန်းလွင်
ဦးဝင်းမြင့်
ဦးမန်းစံမြတ်ရွှေ
ဦးအုန်းကြည်
ဦးမောင်မောင်ကြီး (ခေါ်) ဦးဥတ္တရ
ဦးလှမြင့်
ဦးတင်စန်း
ဦးသိန်းဟံ
ဦးရဲဒင် (ဒိုက်ဦး ရဲဒင်)
ဦးလှမြင့်

### နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ဒုတိယဆင့်)

ဦးမောင်ကြီး
ဦးထွန်းညို
ဦးတင်ဦး
ဦးထွန်းသိန်း
ဦးဖြတ်စိန်
ဦးမောင်တက် (ခေါ်) ဦးစိုးနိုင်
ဦးထွန်းရှိန်
ဦးခင်မောင်ကြီး (ဇီးကုန်း)
ဦးညွှန့်သိန်း (ခေါ်) ဦးညွှန့်မောင်
ဦးသာဒွန်း
ဦးမျိုးချစ် (ရွှေဓားဗိုလ်)
ဦးသောင်းညွှန့်
ဦးမောင်မောင်ကြီး
ဦးစိုးနွယ်
ဦးဝင်းဖေ
ဦးလွန်းဖေ
ဦးစိန်ဝင်း
ဦးသန်းမြင့်
ဦးမျိုးမြင့်
ဦးကျော်ဝင်း
ဦးတင်မြင့်
ဦးလှဖေ
ဦးတင်ဦး
ဦးစိန်းမောင်
ဦးဘသန်း
ဦးမင်းနိုင်
ဦးသိန်းမောင် (ခေါ်) ဦးသိန်းနိုင်
ဦးသိန်းလှိုင်
ဦးသန်းညွှန့်
ဦးသန့်ဇင်
ဦးကျော်တင့်
ဦးမောင်ရီ
ဦးရဲမြင့်
ဦးထွန်းကြည်
ဦးသောင်းတင်
ဦးတင်ထွန်း
ဦးဘတင်
ဦးအေးမောင်
ဦးစိုးသိန်း (ခေါ်) ဦးကျော်ရင်
ဦးတင်အေး
ဦးတင်အေး (ခေါ်) ဦးစန်းငွေ
ဦးကျော်စိန် (ခေါ်)ဦးကျော်စိန်အောင်
ဦးမြင့်
ဦးလှညွှန့်
ဦးတင်မောင်
ဦးဘရီ
ဦးကျင်လှိုင်
ဦးကျော်သင်း
ဦးအေးမောင် (ခေါ်) ဦးညွှန့်ဆွေ
ဦးလှိုင်ဝင်း
ဦးအုန်းကြည်
ဦးသောင်းညွှန့်
ဦးစိုးသန်း
ဦးစန်းအောင်
ဦးနေအောင်
ဦးအောင်ဖေ
ဦးကျား
ဦးရဲကျော် (ခေါ်) ဦးလေးသောင်
ဦးမင်းညို(ခေါ်)ဦးခင်ထွန်း
ဦးညွှန့်မောင်
ဦးအောင်ဒင်
ဦးသောင်းတင် (ခေါ်) ဦးတင်မြင့်
ဦးတင်ထွန်းအောင်
ဦးစိုးဖေ
ဦးဇော်ဝင်း
ဦးခင်မောင် (ဦးကောသလ္လ)
ဦးအုန်းကြီး
ဦးတင်အေး
ဦးမျိုးဆွေ
ဦးချစ်ဆွေ (ခေါ်) ဦးဥဒက်
ဦးဘခင်
ဦးကျော်ဦး
ဦးလှမောင်
ဦးစိုးသန်း (ခေါ်) ဦးထွန်းရီ
ဦးဘလှိုင်
ဦးသင်းမောင်
ဦးတင်အေး
ဦးကြိုင် (ခေါ်) ဦးမြင့်ကြိုင်
ဦးရန်ရှင်း (ခေါ်) ဦးလှဟန်
ဦးကိုးသိန်း
ဦးခင်သိန်း (ခေါ်) ဦးထွန်းလင်း
ဦးကျော်ဒင်
ဦးတင်အောင်
ဦးဘမင်း
ဦးထွား
ဦးကံဝင်း
ဦးရန်အောင်
ဦးကိုကိုကြီး
ဦးညီမောင်
ဦးထွန်း
ဦးစိန်အောင်လင်း
ဦးတင်အေး
ဦးထွန်းကြည်
ဦးမောင်ညွှန့်
ဦးအောင်ဖေ
ဦးကျော်ညွှန့် (ခေါ်) ဦးကုလိက
ဦးကျော်မြင့်
ဦးဝင်းဖေ
ဦးဘသန်း
ဦးမောင်တင်
ဦးမောင်ဦး (ခေါ်) ဦးမောင်မောင်
ဦးတင်မောင်
ဦးသောင်းညွှန့်
ဦးသိန်းအောင်
ဦးဖေမြင့်
ဦးမောင်လှ
ဦးခင်မောင်
ဦးကျော်ဆန်း
ဦးလှကြည်
ဦးလှရွှေ
ဦးသင်းရွှေ
ဦးညွှန့်မောင်
ဦးစောရွှေလှ
ဦးစောလူးကပ် (စ)
ဦးစောအောင်မင်း
ဦးဆင့်
ဦးလှတင်
ဦးအောင်သိန်း
ဦးအောင်မြ (ခေါ်) ဦးအောင်မြတ်
ဦးမောင်မြင့်
ဦးညွှန့်စိန်
ဦးထွန်းကြည်
ဦးချစ်ရင်
ဦးအောင်ကြီး
ဦးတင်အုန်း
ဦးသိန်းဟန်
ဦးမြစိန်
ဦးအောင်ငြိမ်း
ဦးညွှန့်မောင်
ဦးစိန်မောင်
ဦးမျိုးအောင်

## လူရာဘွဲ့နှင့်သူရဲကောင်းမှတ်တမ်းဝင် တံဆိပ်များ

နိုင်ငံတော်ကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၃/၀၄) အရ ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များ အပ်နှင်းခြင်းခံရသူ ပုဂ္ဂိုလ်များမှာ ဖော်ပြပါအတိုင်း ဖြစ်သည်။

### သူရဘွဲ့

ကြည်း ၉၇၅၅ ဗိုလ်မှူးစိုးအောင်၊ အမှတ် (၄၇) ခြေလျင်တပ်ရင်း
ကြည်း ၁၁၃၅၂ ဗိုလ်မှူးသန်းရွှေ၊ အမှတ် (၀၃) ခြေလျင်တပ်ရင်း
ကြည်း ၁၅၉၆၁ ဗိုလ်မြင့်ဦး၊ အမှတ် (၀၃) ခြေလျင်တပ်ရင်း
ကြည်း ၁၆၅၅၅ ဗိုလ်စန်းလွင်၊ အမှတ် (၁၀) ခြေလျင်တပ်ရင်း
ကြည်း ၁၆၉၉၃ ဒုတိယဗိုလ်ဘင်ဇော်ဝင်း၊ အမှတ် (၀၃) ခြေလျင်တပ်ရင်း
အမှတ် ၂၁၉၉၃၇ တပ်ကြပ်ကြီးလှသန်း (ကျဆုံး)၊ အမှတ် (၀၃) ခြေလျင်တပ်ရင်း
အမှတ် ၃၀၄၃၂၄ တပ်ကြပ်ကြီးမြဦး (ကျဆုံး)၊ အမှတ် (၀၃) ခြေလျင်တပ်ရင်း
အမှတ် ၄၆၇၀၅ တပ်သား ညွန့်ဟန် (ကျဆုံး)၊ အမှတ် (၉၀) ခြေလျင်တပ်ရင်း
အမှတ် ၅၇၁၅၆ တပ်သား သိန်းနိုင် (ကျဆုံး)၊အမှတ် (၉၀) ခြေလျင်တပ်ရင်း

### သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်

ကြည်း ၀၆၆၄ ဒုတိယဗိုလ်မှူးကြီးသန်းညွန့် အမှတ်(၀၃) ခြေလျင်တပ်ရင်း
ကြည်း ၁၀၁၄၆ ဗိုလ်မှူးတင်ငွေ၊ အမှတ် (၁) ကယားသေနတ်ကိုင်တပ်ရင်း
ကြည်း ၁၀၂၁၅ ဗိုလ်မှူးစောဘိုးသာ၊ အမှတ် (၉) ခြေမြန်တပ်ရင်း
ကြည်း ၁၀၇၂၃ ဗိုလ်မှူးစိုးလင်း၊ အမှတ် (၂၁) ခြေလျင်တပ်ရင်း
ကြည်း ၁၀၉၄၄ ဗိုလ်မှူးတင်လှ၊ အမှတ် (၁၉) ခြေလျင်တပ်ရင်း
ကြည်း ၁၁၀၆၀ ဗိုလ်မှူးဘိုကြည်၊ အမှတ် (၁) ကယားသေနတ်ကိုင်တပ်ရင်း
ကြည်း ၁၂၀၇၂ ဗိုလ်ကြီးမြတ်စိုး၊ အမှတ် (၄) ခြေလျင်တပ်ရင်း
ကြည်း ၁၃၂၉၃ ဗိုလ်ကြီးတင်ဦး၊ အမှတ် (၆၂) ခြေလျင်တပ်ရင်း
ကြည်း ၁၄၂၀၆ ဗိုလ်ကြီးဝင်းမြင့်လေး (ကျဆုံး)၊ အမှတ် (၁၀၁) ခြေလျင်တပ်ရင်း
ကြည်း ၁၄၂၆၉ ဗိုလ်ကြီး ထိန် လင်း၊ အမှတ် (၅၄) ခြေလျင်တပ်ရင်း
ကြည်း ၁၄၉၁၇ ဗိုလ်ကြီးမြင့်မောင်၊ အမှတ် (၆၂) ခြေလျင်တပ်ရင်း
ကြည်း ၁၄၉၁၁ ဗိုလ်သောင်းရွှေ၊ အမှတ် (၁၉) ခြေလျင်တပ်ရင်း
ကြည်း ၁၅၀၈၉ ဗိုလ်ကျော်ရွှေ၊ အမှတ် (၈၃) ခြေလျင်တပ်ရင်း
ကြည်း ၁၅၁၅၂ ဗိုလ်နန်းလွင်၊ အမှတ် (၁) ကယားသေနတ်ကိုင်တပ်ရင်း
ကြည်း ၁၅၉၉၃ ဗိုလ်ခင်မောင်ကြီး၊ အမှတ် (၄၇) ခြေလျင်တပ်ရင်း
ကြည်း ၁၆၀၅၉ ဗိုလ်ကံလှ၊ အမှတ် (၈၃) ခြေလျင်တပ်ရင်း
ကြည်း ၁၇၃၃၃ ဗိုလ်မောင်မောင်အောင်၊ အမှတ် (၉၀) ခြေလျင်တပ်ရင်း
ကြည်း ၁၇၆၆၅ ဒုတိယဗိုလ်သိန်းညွန့်၊ အမှတ် (၈၃) ခြေလျင်တပ်ရင်း
ကြည်း ၁၈၀၃၅ ဒုတိယဗိုလ်မောင်တိုး၊ အမှတ် (၁၁) ခြေလျင်တပ်ရင်း
အမှတ် ဘီ/၄၄၂၄၉ ဒုတိယအရာခံဗိုလ် တင်မြင့်၊ အမှတ် (၈၃) ခြေလျင်တပ်ရင်း
အမှတ် ၂၂၉၀၆၆ ဒုတိယအရာခံဗိုလ် အောင်ချစ်၊ အမှတ် (၈၃) ခြေလျင်တပ်ရင်း
အမှတ် ၂၃၃၉၁၆ တပ်ခွဲတပ်ကြပ်ကြီး မောင်ဝင်း၊ အမှတ် (၄၇) ခြေလျင်တပ်ရင်း
အမှတ် ၂၀၆၄၀၈ တပ်ကြပ်ကြီးစိုးလွင်၊ အမှတ် (၄၇) ခြေလျင်တပ်ရင်း
အမှတ် ၂၀၆၇၅၅ တပ်ကြပ်ကြီးမောင်သောင်း၊ အမှတ် (၅) ထောက်လှမ်းရေးတပ်
အမှတ် ၂၆၅၅၉၃ တပ်ကြပ်ကြီးခင်မောင်ရီ (ကျဆုံး)၊အမှတ် (၁၃) ခြေလျင်တပ်ရင်း
အမှတ် ၂၇၁၄၂၇ တပ်ကြပ်ကြီးတင်စိန် (ကျဆုံး) အမှတ် (၁၉) ခြေလျင်တပ်ရင်း
အမှတ် ၃၄၅၆၀၅ တပ်ကြပ်ကြီးစောငြိမ်း (ကျဆုံး)၊ အမှတ် (၁၀) ခြေမြန်တပ်ရင်း
အမှတ် ၃၉၀၂၃၀ တပ်ကြပ်ကြီးဌေးအောင် အမှတ် (၆၇) ခြေလျင်တပ်ရင်း
အမှတ် ၃၂၂၂၅၉ တပ်ကြပ်ဘွယ်ထန်း၊ အမှတ် (၉၉) ခြေလျင်တပ်ရင်း
အမှတ် ၃၃၇၆၁၀ တပ်ကြပ်မြဒေါင်း (ကျဆုံး)၊ အမှတ် (၈၃) ခြေလျင်တပ်ရင်း
အမှတ် ၃၇၀၀၉၀ တပ်ကြပ်အေးနိုင် (ကျဆုံး)၊ အမှတ် (၁) ကယားသေနတ်ကိုင်တပ်ရင်း
အမှတ် ၃၇၀၉၅၂ တပ်ကြပ် လင်္ဂနွံထန်၊ အမှတ် (၁၀) ခြေလျင်တပ်ရင်း
အမှတ် ၃၉၄၄၇၂ တပ်ကြပ်မြအောင်၊ အမှတ် (၁၁) ခြေလျင်တပ်ရင်း
အမှတ် ၄၀၆၄၆၄ တပ်ကြပ်အုန်းမြင့် အမှတ် (၅) ထောက်လှမ်းရေးတပ်
အမှတ် ၃၄၁၀၃၃ ဒုတိယ တပ်ကြပ် သောင်းဌေး၊ အမှတ် (၈၃) ခြေလျင်တပ်ရင်း
အမှတ် ၃၅၁၀၃၃ ဒုတိယတပ်ကြပ်အေးကြူ (ကျဆုံး)၊ အမှတ် (၁၀၁) ခြေလျင်တပ်ရင်း
အမှတ် ၃၅၃၉၉၀ ဒုတိယတပ်ကြပ်ဘဦး၊ (ကျဆုံး)၊ အမှတ် (၁) ကယားသေနတ်ကိုင်တပ်ရင်း
အမှတ် ၄၀၇၆၉၁ ဒုတိယတပ်ကြပ်ဆိုင်းဖရိုင်း (ကျဆုံး)၊ အမှတ် (၂) ခြေလျင်တပ်ရင်း
အမှတ် ၄၁၀၆၃၀ ဒုတိယတပ်ကြပ်စန်းဝင်း (ကျဆုံး)၊ အမှတ် (၁၃) ခြေလျင်တပ်ရင်း
အမှတ် ၄၁၄၄၇၀ ဒုတိယတပ်ကြပ်လှမြင့် (ကျဆုံး)၊ အမှတ် (၆) ခြေလျင်တပ်ရင်း
အမှတ် ၄၄၇၀၂၅ ဒုတိယတပ်ကြပ်လှဝင်း (ကျဆုံး)၊အမှတ် (၈၃) ခြေလျင်တပ်ရင်း
အမှတ် ၄၄၇၂၂၅ တပ်သား အောင်ကြည် သောင်း (ကျဆုံး)၊ အမှတ် (၈၃) ခြေလျင်တပ်ရင်း
အမှတ် ၄၅၂၄၆၅ တပ်သား ထင်းထိန် (ကျဆုံး)၊ အမှတ် (၁၀) ခြေလျင်တပ်ရင်း
အမှတ် ၄၇၃၄၁၃ တပ်သား ဦးသာစိန် (ကျဆုံး)၊ အမှတ် (၈၃) ခြေလျင်တပ်ရင်း
အမှတ် ၅၁၂၆၂၉ တပ်သား အေးသန့် (ကျဆုံး)၊ အမှတ် (၈၃) ခြေလျင်တပ်ရင်း
အမှတ် ၅၁၆၉၆၀ တပ်သား ဖိုးထောင် (ကျဆုံး)၊ အမှတ် (၁၈) ခြေလျင်တပ်ရင်း
အမှတ် ၅၁၈၂၁၃ တပ်သား အောင်မြင့်၊ အမှတ် (၈၃) ခြေလျင်တပ်ရင်း
အမှတ် ၅၁၉၀၀၁ တပ်သား မြဝင်း (ကျဆုံး)၊ အမှတ် (၁၉) ခြေလျင်တပ်ရင်း
အမှတ် ၅၁၄၂၅၄ တပ်သား ဇော်လတ်၊ အမှတ် (၈၃) ခြေလျင်တပ်ရင်း
အမှတ် ၅၁၄၅၅၀ တပ်သားဆန်းဦး၊ အမှတ် (၈၃) ခြေလျင်တပ်ရင်း
အမှတ် ၅၁၄၈၂၁ တပ်သားကိုကို၊ အမှတ် (၈၃) ခြေလျင်တပ်ရင်း
အမှတ် ၅၁၈၀၆၀ တပ်သား ခင်ဝင်း (ကျဆုံး)၊ အမှတ် (၁၈) ခြေလျင်တပ်ရင်း
နမ့်ဟမ္ဘ ပြည်သူစစ် ခေါင်းဆောင် ဦးကျန (ကျဆုံး)၊ အမှတ် (၃၃) ခြေလျင်တပ်ရင်း
ပါဖန်ပြည်သူစစ်ခေါင်းဆောင် ဦးအိုက်လျှ၊ အမှတ် (၃၃) ခြေလျင်တပ်ရင်း
လုံဘွေ့ ပြည်သူ့စစ် ခေါင်းဆောင် ဦးအိုက်ညောင့် (ကျဆုံး)၊ အမှတ် (၃၃) ခြေလျင်တပ်ရင်း
တာမိုးညဲ့ ပြည်သူစစ် အဖွဲ့ဝင် ဦးလိစန့် (ကျဆုံး)၊ အမှတ် (၁၀) ခြေလျင်တပ်ရင်း

### လယ်ယာစီးပွားထူးချွန်တံဆိပ်၊ စက်မှုစီးပွား ထူးချွန်တံဆိပ်

#### လယ်ယာစီးပွား ထူးချွန်တံဆိပ် (တတိယဆင့်)

ဦးတင်မြင့်၊ ဒုတိယအထွေထွေ မန်နေဂျာ၊ စိုက်ပျိုးရေး သုတေသနဌာန၊ လယ်ယာစိုက် ပျိုးရေး ကော်ပိုရေးရှင်း၊ ရေဆင်း၊ ပျဉ်းမနားမြို့၊ မန္တလေးတိုင်း
ဦးထွန်းဆိုင်၊ ဒုတိယအထွေထွေမန်နေဂျာ၊ စိုက်ပျိုးရေး သုတေသနဌာန၊ လယ်ယာစိုက်ပျိုးရေး ကော်ပိုရေးရှင်း၊ ရေဆင်း၊ ပျဉ်းမနားမြို့၊ မန္တလေးတိုင်း

#### စက်မှုစီးပွားထူးချွန်တံဆိပ် (တတိယဆင့်)

ဦးစိုးသိမ်း၊ ဌာနခွဲအင်ဂျင်နီယာ၊ အင်ဂျင်နီယာဌာန၊ သဘော်ဘကျင်းကော်ပိုရေးရှင်း၊ ရန်ကုန်မြို့၊ ရန်ကုန်တိုင်း
ဦးချင်းစိန်၊ ဌာနခွဲအင်ဂျင်နီယာ၊ အင်ဂျင်နီယာဌာန၊ သဘော်ဘကျင်းကော်ပိုရေးရှင်း၊ ရန်ကုန်မြို့၊ ရန်ကုန်တိုင်း

#### လူမှုထူးချွန်တံဆိပ်

#### လူမှုထူးချွန်တံဆိပ် (ပထမဆင့်)

ဦးကျင်အေး၊ ရေယာဉ်၊ ကုန်းယာဉ်များ လုပ်ငန်း၊ ခြံအမှတ် ၂၄၅၊ ရဲဖြတ်လမ်း၊ ရုံးကြီးရပ်၊ ဟသံဘတ်မြို့၊ ဒေါပတီတိုင်း

#### လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်)

ဦးစိုင်းမောင်မောင်ကြီး၊ ကုန်သည်၊ အမှတ် မ/၉၃၊ စယ်လမ်း၊ ဧရာပိုင်းရပ်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်

#### လူမှုထူးချွန်တံဆိပ် (တတိယဆင့်)

ဒေါ်မေမေခင်၊ မူလဘက်ဆိုင်ရာအတွင်းဝန် (အငြိမ်းစား)၊ အမှတ် (၁၀)၊ ဝက်ဘာရိပ်သာလမ်း၊ ငါးထပ်ကြီး အနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း
ဒေါ်မြနွယ်၊ အမှတ် ၁၀၈၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း
ဦးစံလင်း၊ ဂိတ်ဝန်ထမ်း၊ အခြေခံ (၂၀) ရုံးနောက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်
ဦးသာထွား၊ လက်သမား (၃)၊ ဆောက်လုပ်ရေး၊ တိုင်းဆောက် (၁၂) မြန်မာ့အသံ ရုပ်မြင်သံကြား ဆောက်လုပ်ရေး၊ ရန်ကုန်မြို့၊ ရန်ကုန်တိုင်း
ဦးညွန့်လွင်၊ ဘုရားကိုးဆူနှင့် ဘိသိက်စာဟောဆရာ၊ အမှတ် ၃၂၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်း
လ/၅၆၀၉၈ ဒုတိယရဲအုပ် (စခန်းမှူး) ဦးမြတ်ခိုင်၊ ထောဝတီတိုင်း ပြည်သူရဲတပ်ဖွဲ့ ဦးခင်ကြည်၊ စက်လတ်ကိုင်၊ အထွေထွေစာအုပ်ချုပ်ဌာန၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ရန်ကုန်တိုင်း
ဦးဥတ္တမ၊ ကြိန်း ကျန်း ကျေး ရွာ အုပ် စု သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ် သံဃဝန်ဆောင်အဖွဲ့ အဖွဲ့ဝင်၊ ကျဲကုန်းကျေးရွာ၊ ဝါးခယ်မမြို့နယ်၊ ထောဝတီတိုင်း
ဦးနန္ဒမဏ္ဍ၊ ဘုန်းတော်ကြီး၊ သဲကုန်းကျောင်း၊ ကော့မှူးမြို့၊ ရန်ကုန်တိုင်း
ဦးသန်းလွင် (ခ) ဦးကျော့စိန်၊ စက်ချုပ်၊ အမှတ် ၉၃၊ ကန်စု (၁) လမ်း၊ အမှတ် (၂) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း
ဦးခင်မောင်သန်း၊ စာရေးဝန်ထမ်း အဆင့် (၁)၊ အမှတ် (၆) ရပ်ကွက် ပြည်သူ့ကောင် စီ ရုံး၊ ကျောက်တံတား မြို့ နယ်၊ ရန်ကုန်တိုင်း
ဦးစိန်ဝင်း၊ ဗဟို တရားရုံး ဒွေန၊ အမှတ် (၁၁)၊ ၁၀၁ လမ်း၊ မဂ်လာတောင်ညွန့် မြို့နယ်၊ ရန်ကုန်တိုင်း
ဦးမြတ်ကျော်၊ တပ်မတော် အငြိမ်းစား၊ အမှတ် (၁၆၄)၊ လမ်းသစ်ပိုင်း၊ ကျိုက်ထော်ကျေးရွာ၊ ကော့မှူးမြို့နယ်၊ ရန်ကုန်တိုင်း
ဦးမြင့်သိန်း (၄)၊ စက်ကြိုးရိုက်၊ စက်ရိုက်ဌာန၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ရန်ကုန်တိုင်း
ဦးတင်ငွေ၊ လက်နှိပ်စက် စာရေး၊ မြို့နယ် စာရင်းရုံး၊ မဂ် လာ တောင် ညွန့် မြို့ နယ်၊ ရန်ကုန်တိုင်း

### ရဲသူရဲကောင်းတံဆိပ်၊ ရဲကျော်သူတံဆိပ်

#### ရဲသူရဲကောင်းတံဆိပ်

လ/၂၁၇၁ ရဲတပ်ကြပ်ကျော်လွင်၊ ကချင်ပြည်နယ် ပြည်သူရဲတပ်ဖွဲ့

#### ရဲကျော်သူတံဆိပ်

လ/၅၆၇၀၃ ရဲအုပ် ဦးသိန်းထွန်း၊မန္တလေးတိုင်းပြည်သူရဲတပ်ဖွဲ့
လ/၅၆၈၁၈ ဒုတိယရဲအုပ် (စခန်းမှူး) ဦးကျော်မောင်၊ မွန်ပြည်နယ် ပြည်သူရဲတပ်ဖွဲ့
လ/၂၂၀၁၀ ရဲအရာခံဘက်ဝင်း၊ သတင်းတပ်ဖွဲ့
လ/၂၃၁၂ ရဲအရာခံမြသန်း၊ တနင်္သာရီတိုင်း ပြည်သူရဲတပ်ဖွဲ့
လ/၅၅၇၇ ရဲတပ်ကြပ်ကြီး အောင်သန်း၊ တနင်္သာရီတိုင်း ပြည်သူရဲတပ်ဖွဲ့
လ/၇၉၇၉၈ ရဲတပ်ကြပ် တင်လှအောင်၊ တနင်္သာရီတိုင်း ပြည်သူရဲတပ်ဖွဲ့
လ/၈၂၄၃၁ ရဲ ဒုတိယ တပ်ကြပ်အောင်မြင့်၊ တနင်္သာရီတိုင်း ပြည်သူရဲတပ်ဖွဲ့

### အခြား ဆုတံဆိပ်များနှင့် ချီးမြှင့်ငွေများ

စစ်မှုထမ်းကောင်းတံဆိပ် အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို အာမိန့် ကြော်ငြာစာ အမှတ် ၄/၈၄ တွင် လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် အပ်နှင်းခြင်းခံရသည့် ပုဂ္ဂိုလ်များ၏ အမည် စာရင်းကို အာမိန့်ကြော်ငြာစာအမှတ် ၅/၈၄ တွင် လည်းကောင်း၊ ပြည်သူ ဝန်ထမ်းတံဆိပ်၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေ စိုးမိုးရေးတံဆိပ်များ အပ်နှင်းခြင်းခံရသည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို အာမိန့်ကြော်ငြာစာ အမှတ် ၆/၈၄ တွင် လည်းကောင်း၊ နိုင်ငံတော် ရဲမှုထမ်းတံဆိပ် အပ်နှင်းခြင်းခံရသည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို အာမိန့်ကြော်ငြာစာ အမှတ် ၇/၈၄ တွင် လည်းကောင်း ဖော်ပြထားသည်။

ထို့ပြင် မြန်မာနိုင်ငံ လုတ်လပ်ရေးအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံ ဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များအနက်မှ ဆရာစံခေါင်းဆောင်သော တောင်သူလယ်သမား တော်လှန်ရေးတွင် ပါဝင် ဆောင်ရွက်ခဲ့ကြပြီး ထောင်ဒဏ် အပြစ်ကျခံခဲ့ကြရသူများ၊ တို့ဗမာ အစည်းအရုံးမြို့နယ်နှင့် အထက်အဆင့်များတွင် အမှုဆောင်အဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့ကြပြီး ထောင်ဒဏ်ကျခံခဲ့ကြရသူများနှင့် အလားတူ လုတ်လပ်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် ကိုယ်ကျိုးစွန့် အနစ်နာခံခဲ့သူများ ဖြစ်ကြသည့် ပုဂ္ဂိုလ် ၁၂ ဦးတို့အား ထိုက်သင့်သည့် ဆုငွေ ချီးမြှင့်ထိုက်သည့် အားလျော်စာ တဦးလျှင် တလုံးတခဲတည်း ချီးမြှင့်ငွေ ကျပ်တသောင်းတိတိနှင့် လစဉ် ချီးမြှင့်ငွေ ကျပ်နှစ်ရာတိတိကို ခံစားခွင့်ပြုခဲ့သည်။ ထိုပုဂ္ဂိုလ်များ၏ အမည်များကို ဝန်ကြီးအဖွဲ့၏ အာမိန့်ကြော်ငြာစာ အမှတ် ၁/၈၄ တွင် ဖော်ပြထားသည်။

### ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့် အပ်နှင်းခြင်း အခမ်းအနား

ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံ ဆိပ် များ ချီးမြှင့် အပ်နှင်းခြင်း အခမ်းအနားကို ၁၉၈၄ ခုနှစ်၊ ဧပြီလ ၇ ရက် (စနေနေ့) နံနက်တွင် ရန်ကုန်မြို့၊ အလုံလမ်း၊ နိုင်ငံတော် သမ္မတ အိမ်တော်ဝင်းအတွင်းရှိ ဗဟို အစည်းအဝေး ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟို အလုပ်အမှုဆောင် ကော်မတီဝင်များ၊ နိုင်ငံတော် ကောင်စီဝင်များ၊ ဗဟို အာဏာပိုင် အဖွဲ့ အစည်းများမှ ပုဂ္ဂိုလ်များနှင့် အခြား တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ဝင်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး ချီးမြှင့် အပ် နှင်း မည့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြသည်။ ထို့နောက် နိုင်ငံတော် သမ္မတကြီး ဦးစန်းယုက သီဟသူရဘွဲ့နှင့် သူရဘွဲ့တို့၏ အဆောင် အယောင် တံဆိပ်များကို သက်ဆိုင်ရာ ပုဂ္ဂိုလ်များအား ကိုယ်တိုင် အပ်နှင်းသည်။

သီဟသူရဘွဲ့ရရှိသူ ပုဂ္ဂိုလ်နှစ်ဦးရှိရာ နှစ် ဦး စ လုံး ပင် နိုင်ငံတော်အတွက် အသက်ပေးလှူသွားပြီး သူ များ ဖြစ်သဖြင့် ၎င်းတို့၏ကိုယ်စား သားဖြစ်သူနှင့် ဇနီးဖြစ်သူတို့က အသီးသီး လက်ခံယူကြသည်။

၁၉၅၂ ခုနှစ်တွင် သီဟသူရဘွဲ့ ချီးမြှင့်ခြင်းခံရသော ဦးထွန်းမှင် (ကျဆုံး) ကိုယ်စား သားဖြစ်သူက လည်းကောင်း၊ ၁၉၈၃ ခုနှစ်တွင် သီဟသူရဘွဲ့ ချီးမြှင့်ခြင်းခံရသော အမှတ် (၇၆) ခြေလျင်တပ်ရင်းမှ ကြည်း ဗိုလ်မှူး အုန်းမောင် (ကျဆုံး) ကိုယ်စား ဇနီးဖြစ်သူက လည်းကောင်း ဘွဲ့၊ တံဆိပ်များ လက်ခံယူကြသည်။


သူရဘွဲ့ရရှိသူ ၁၇ ဦးတွင် ခုနစ်ဦးမှာ ကျဆုံးခဲ့ပြီးဖြစ်၍ ၎င်းတို့ကိုယ်စား ၎င်းတို့၏ မိဘဖြစ်သူများနှင့် ဇနီးဖြစ်သူများက လက်ခံယူကြပြီး အသက်ထင်ရှားရှိသူ ၁၀ ဦးတို့က ကိုယ်တိုင် လက်ခံယူကြသည်။

၁၉၇၃ ခုနှစ်တွင် သူရဘွဲ့ရရှိသော ဗိုလ်မှူးလေးမောင်၊ ဗိုလ်ကြီး ကြီးစိန်၊ ဗိုလ်ကြီး တင်မောင်ထူး၊ တပ်ကြပ်ကြီး တင်ငွေနှင့် တပ်ကြပ် တက်ထွန်း တို့ သည် လည်းကောင်း၊ ၁၉၇၄ ခုနှစ်တွင် သူရဘွဲ့ရရှိသော ဗိုလ်မှူးစိုးအောင်၊ ဗိုလ်မှူး သန်းရွှေ၊ ဗိုလ်မြင့်ဦး၊ ဗိုလ်စန်းလွင်နှင့် ဗိုလ်တင်ဇော် ဝင်းတို့သည် လည်းကောင်း အခမ်းအနားသို့ တက်ရောက်၍ ဘွဲ့၊ တံဆိပ် ချီးမြှင့်ခြင်းကို ကိုယ်တိုင် လက်ခံယူခဲ့သည်။

၁၉၇၃ ခုနှစ်တွင် သူရဘွဲ့ရရှိခဲ့သော တပ်ကြပ် အုန်းငွေနှင့် တပ်ကြပ် မြင့်နောင်တို့သည် လည်းကောင်း၊ ၁၉၇၄ ခုနှစ်တွင် သူရဘွဲ့ရရှိခဲ့သော တပ်ကြပ်ကြီး လှသန်း၊ တပ်ကြပ်ကြီး မြဦး၊ တပ်သား သန်းထွေး၊ တပ်သား ညွှန့်ဟန်နှင့် တပ်သား သိန်းနိုင်တို့သည် လည်းကောင်း ကျဆုံးပြီးဖြစ်၍ ၎င်းတို့၏ ကိုယ်စား ၎င်းတို့၏ မိဘဖြစ်သူများနှင့် ဇနီးဖြစ်သူများက ဘွဲ့၊ တံဆိပ်များကို လက်ခံယူကြသည်။

နိုင်ငံတော် သမ္မတကြီးသည် သီဟသူရဘွဲ့နှင့် သူရဘွဲ့တို့၏ အဆောင်အယောင် တံဆိပ်များကို သက်ဆိုင်သူ ပုဂ္ဂိုလ်များအား အပ်နှင်းပြီးနောက် ဆက်လက်၍ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်ခြင်းခံရသည့် ပုဂ္ဂိုလ်များအား မိမိကိုယ်စား ချီးမြှင့် အပ် နှင်း နိုင်ရန် ကချင်ပြည်နယ်၊ ပဲခူးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ရှမ်းပြည်နယ်နှင့် ရောဝတီတိုင်းတို့မှ ပြည်နယ်နှင့် တိုင်း ပြည်သူကောင်စီ ဥက္ကဋ္ဌ ခြောက်ဦးတို့ကို တာဝန်အပ်နှင်း ခဲ့သည်။

# ဂျပန်နိုင်ငံ




**ဂျပန်နိုင်ငံ ကုန်သွယ်မှုရှင်းတမ်းပို့ငွေ မြင့်တက်စေသည့် အဓိကပို့ကုန်သည် အဆင့်မြင့် အီလက်ထရွန်းနစ်ကုန်စည်ဖြစ်ရာ ၁၇၅၇ လက်မအရွယ်(အလျားပေ ၁၃၀ × အမြင့် ၈၃ ပေခန့်)ရှိ၍ ၃/၄ မိုင်အကွာအဝေးမှ မြင်နိုင်ကြားနိုင်သော တယ်လီဗစ်ရှင်းတလုံးကို ကုန်စည်ပြပွဲတခုဌ ပြသရန် တီထွင်ထားပုံ**

**ဂျပန်နိုင်ငံ။** ။ဂျပန်နိုင်ငံ၌ ၁၉၈၂ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် အာဏာရ လစ်ဗရယ် ဒီမိုကရက်တစ်ပါတီ (အယ်ဒီပီ) ဥက္ကဋ္ဌအဖြစ် ရွေးချယ် တင်မြှောက်ခြင်းခံရသော ယာဆုဟီရို နာကာဆိုနေသည် ဒုတိယ နှစ်နှစ်သက် တမ်းအတွက် ၁၉၈၄ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့တွင် ပြန်လည် ရွေးချယ်တင်မြှောက်ခံရသည်။ အစိုးရသစ်ဖွဲ့စည်းရာတွင် ဝန်ကြီး ၂၀ ရှိသည့်အနက် ဝန်ကြီးဟောင်း ၁၄ ဦးကို ဖယ်ရှားလိုက်ပြီး အသစ်အစားထိုးခန့်ထားသည်။ အာဏာရ အယ်ဒီပီပါတီတွင် လွှတ်တော်အမတ်အင်အား ၁၁၈ ဦးရှိသော ကာကူအီ တာနာကာ၏ အုပ်စုက ဝန်ကြီးနေရာ ခြောက်နေရာ၊ အမတ်အင်အား ၇၉ ဦးရှိသော ဇင်ကို ဆူဇူကီး၏ အုပ်စုက လေးနေရာ၊ အမတ်အင်အား ၆၇ ဦးရှိသော တာကီအို ဖူကူဒါ၏အုပ်စုက လေးနေရာ၊ အမတ်အင်အား ၆၅ ဦးရှိသော နာကာဆိုနေ၏အုပ်စုက သုံးနေရာ၊ အမတ်အင်အား ၃၅ ဦးရှိသော တိုရှိယို ကိုမိုတို၏ အုပ်စုက နှစ်နေရာနှင့် နယူးလစ်ဗရယ်ကလပ် (အင်အယ်စီ) က တနေရာ အသီးသီး ယူထားကြသော အစိုးရအဖွဲ့ကို ဖွဲ့စည်းလိုက်ခြင်း ဖြစ်သည်။ အင်အယ်စီပါတီသည် ၁၉၈၂ ခုနှစ်က အယ်ဒီပီ အစိုးရအဖွဲ့ ဖွဲ့နိုင်ရန် အမတ်အင်အား ပေါင်းစည်းပေးသော ပါတီဖြစ်သည်။ အစိုးရ အဖွဲ့သစ်တွင် ၂၂ နှစ်အတွင်း ပထမဆုံး အမျိုးသမီးဝန်ကြီးတဦး ပါလာသည်။ သူနာပြုလုပ်ငန်းနှင့် ကျေးကြားသော ရှိဂျိရူအိုက်ရှီမိုတို ဖြစ်သည်။ အသက် ၄၅ နှစ်သာ ရှိသေးသော သံတမန်အရာရှိ ကိုအိချိ ကာတိုအား ကာကွယ်ရေး အေဂျင်စီကို ဦးဆောင်ရန် တာဝန်ပေးသဖြင့် အသက် ၅၀ အောက် ဝန်ကြီးတဦး ပထမဆုံး အကြိမ် ခန့်ထားခြင်းပင် ဖြစ်သည်။ အစိုးရအဖွဲ့သစ်တွင် နိုင်ငံရေးသမားများသာမက ကျွမ်းကျင်သူ ပညာရှင် (တက်ကနိုကရက်) များကိုပါ ထည့်သွင်းဖွဲ့စည်းသည်။


ဂျပန်လူမျိုးများသည် အခြား အနောက်အုပ်စုနိုင်ငံများမှ ပြည်သူများထက် ပိုမို အလုပ်လုပ်သည်ဟု ဆုံစီးပွားရေး ဖွံ့ဖြိုးမှုဌာနက ပုံနှိပ်ထုတ်ဝေသည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။ ဂျပန်စက်မှုလုပ်ငန်း၌ ၁၉၈၃ ခု

နှစ်တွင် ၂၀၆၁ နာရီ အလုပ်လုပ်ကိုင်ရာ ရက်သတ္တတပတ်လျှင် ၃၉ ဒသမ ၆ နာရီ အလုပ်လုပ်ကြသည်ဟု ဆိုသည်။ ရက်သတ္တတပတ်လျှင် ၃၅ ဒသမ ဂ နာရီ အလုပ်လုပ်သော အမေရိကန်ပြည်ထောင်စုက ဒုတိယ၊ ၃၅ ဒသမ ၃ နာရီ အလုပ်လုပ်သော ဆွစ်ဇာလန်နိုင်ငံက တတိယ ဖြစ်သည်ဟု တင်ပြထားသည်။

ဂျပန်နိုင်ငံ ကုန်သွယ်မှု ရှင်းတမ်း ပို့ဆောင်သည် ၁၉၇၄ ဘဏ္ဍာရေးနှစ်၏ ပထမနှစ်ဝက် အတွင်းမှာပင် ဒေါ်လာ သန်းပေါင်း ၁၇,၇၀၀ ထိ စံချိန်တင် မြင့်တက်လာရာ လွန်ခဲ့သော တနှစ်ကထက် ၁၇ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်လာခြင်း ဖြစ်သည်။ ရုံးသုံးကိရိယာများ၊ အီလက်ထရွန်းနစ် အသုံးအဆောင် ပစ္စည်းများ၊ စက်ပစ္စည်းများကို တိုးခဲ့၍ တင်ပို့နိုင်ခဲ့သဖြင့် ပို့ကုန်တန်ဖိုး ဒေါ်လာသန်းပေါင်း ဂဖ,၂၆၀ ဖိုးရှိလာသည်။ ၁၉၇၃ ဘဏ္ဍာရေးနှစ် ဒုတိယ နှစ်ဝက်က ပို့ကုန်တန်ဖိုး ဒေါ်လာ သန်းပေါင်း ၃၉,၅၀၀ သာ ရှိသည်။ အမေရိကန်ပြည်ထောင်စုသို့ ပို့ကုန်တန်ဖိုးသည် ၄၅ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်လာ၍ ဒေါ်လာသန်းပေါင်း ၃၁,၂၁၀ ရှိလာသည်။ လွန်ခဲ့သော ခြောက်လပိုင်းက အမေရိကန်နှင့် ကုန်သွယ်ရေးရှင်းတမ်း ပို့ဆောင်သည် ဒေါ်လာ သန်းပေါင်း ၁၁,၉၄၀ ရှိခဲ့သည်။ ဥရောပဘုံစျေးအဖွဲ့သို့ ဂျပန်နိုင်ငံ၏ ပို့ကုန်တန်ဖိုးသည် ၇ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ကာ ဒေါ်လာသန်းပေါင်း ၉,၅၀၀ ရှိလာသည်။ ထို့ကြောင့် ကုန်သွယ်မှု ရှင်းတမ်း ပို့ဆောင် ဒေါ်လာသန်းပေါင်း ၄,၃၉၀ ရှိသည်။ အာရှနိုင်ငံများဖြစ်သော တောင်ကိုရီးယား၊ တိုင်ဝမ်၊ ဟောင်ကောင်နှင့် အိန္ဒိယနိုင်ငံတို့သို့ ဂျပန်နိုင်ငံ၏ ပို့ကုန်သည် ၇ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ကာ ဒေါ်လာသန်းပေါင်း ၁၀,၆၂၀ ရှိလာသည်။ သို့သော် အရှေ့တောင်အာရှ နိုင်ငံများနှင့် ကုန်သွယ်မှု ရှင်းတမ်းတွင်မူ ၁၉၇၄ ခုနှစ် ပထမ ရှစ်လ အတွင်း ဒေါ်လာ ဒုနစ်သန်း လိုငွေပြသည်။ လိုငွေပြခြင်း၏ အဓိက အကြောင်းရင်းမှာ အင်ဒိုနီးရှားနိုင်ငံမှ ရေနံသွင်းကုန်ကို ပိုမိုတိုးမြှင့် တင်သွင်းလိုက်ခြင်းကြောင့် ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံ သမ္မတ ချန်ဒူးဝှမ်သည် ၁၉၇၄ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့မှ ဂ ရက်နေ့အထိ ဂျပန်နိုင်ငံသို့ အလည်အပတ် သွားရောက်သည်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသော ၁၉၄၅ ခုနှစ်အထိ ၃၆ နှစ်တိုင်တိုင် တောင်ကိုရီးယားကို လက်အောက်ခံ နိုင်ငံအဖြစ် အုပ်စိုးဖူးသော ဂျပန်နိုင်ငံသို့ နှစ်ပေါင်း ၁၀၀၀ ကျော်အတွင်း အစိုးရဥည့်သည်တော်အဖြစ် ပထမဆုံး တရားဝင် သွားရောက် လည်ပတ်သည့် ကိုရီးယားနိုင်ငံ အကြီးအကဲ၏ ခရီးပင် ဖြစ်သည်။





ပဲ့ဂျ ဂျမားယယ်

**ဂျမားယယ်, ပဲ့ဂျ** (ခရစ် ၁၉၀၅ – ၁၉၇၄)။ ။လက်ဗန္ဓနိုင်ငံ၌ မာရွန်နိုက်ခရစ်ယာန်များ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် ဦးတည်ချက်ဖြင့် ဒေမိုကရတ်ဆိုရှယ်လက်ဗန္ဓနိုလက်စ်ဖလန်ဂေးပါတီ (ကာတိပါတီ) ကို ၁၉၃၆ ခုနှစ်တွင် ထူထောင်ရာ၌ ပါဝင်ခဲ့ပြီး ၁၉၃၇ ခုနှစ်တွင် ယင်းပါတီ၏ခေါင်းဆောင်ဖြစ်လာသူ ပဲ့ဂျမားယယ်ကို ၁၉၀၅ ခုနှစ်တွင် မွေးဖွားသည်။ ငယ်စဉ်က ဘေရွတ်မြို့စိန့်ဂျိုးဇက်တက္ကသိုလ်တွင် ပညာဆည်းပူးခဲ့သည်။ ပါရီမြို့ကိုချင်ဆေးရုံ၌ ဆေးဝါးဗေဒပညာရှင်သင်တန်းတက်ရောက်ခဲ့သည်။ ပြင်သစ်နယ်ခြံကို ဆန့်ကျင်တော်လှန်ခဲ့၍ ၁၉၃၇ ခုနှစ်တွင် ထောင်ဒဏ်ကျခံခဲ့ရသည်။ ၁၉၄၃ ခုနှစ် အထွေထွေသပိတ်ကြီးဖြစ်မြောက်စေရန် စည်းရုံးဦးဆောင်ခဲ့သည်။

ပဲ့ဂျမားယယ်သည် ၁၉၄၅ ခုနှစ် မေလ ၁၀ ရက်နေ့တွင် အာရပ်နိုင်ငံများအဖွဲ့ချုပ်ကို ထူထောင်ခဲ့ရာ၌ စတင် ဦးဆောင်လှုံ့ဆော်သူတဦးလည်း ဖြစ်သည်။ လက်ဗန္ဓနိုင်ငံ၏ ပထမဦးဆုံးအလုပ်သမားဥပဒေ (၁၉၄၅ ခုနှစ်) ကို ပြုစုရာတွင်လည်း ပါဝင်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်မှစ၍ လွတ်တော် အမတ် ဖြစ်လာသည်။ ၁၉၆၀ ပြည့်နှစ်တွင် ပြည်သူလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးအဖြစ် လက်ဗန္ဓနအစိုးရအဖွဲ့၌ စတင်ပါဝင်ဆောင်ရွက်သည်။ ဘဏ္ဍာရေးဝန်ကြီး၊ ဆက်သွယ်ရေးဝန်ကြီး၊ ပြည်သူ့ကျန်းမာရေးဝန်ကြီးအဖြစ်လည်း တာဝန်ယူခဲ့သည်။ ၁၉၆၆ ခုနှစ်မှ ၁၉၆၇ ခုနှစ်အထိ ပြည်ထဲရေးဝန်ကြီးတာဝန် ထမ်းဆောင်သည်။ ၁၉၇၅-၇၆ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော လက်ဗန္ဓနပြည်တွင်းစစ်တွင် ဖလန်ဂေးပြည်သူစစ်ကို ဦးဆောင်ခဲ့သည်။

ဆောင်၊ ဆင်းရဲသူမကြီး၊ အလှမ်းမင်းသမီးကြီး စသည့် နေရာမျိုးများ၌ စရိုက်အမျိုးမျိုးဖြင့် ပါဝင်သရုပ်ဆောင် ရိုက်ကူးခဲ့သည်။

ပင်တိုင်ဇာတ်ပို့နေရာမှ အများဆုံးသရုပ်ဆောင်ခဲ့သည့် အနုပညာရှင်ကြီး ဒေါ်ကျမ်းစိန်သည် မျက်မှောက်ခေတ်တွင် နှစ်မှာအသဲ၊ ဒေါင်းမလေး၊ မြေမှာပင့်သောမေတ္တာပန်း၊ တံလျှပ်ရောထင်၊ မွဲတပေါက်၊ အဖေတခု သားတခု၊ ပယင်းရောင်အပါအဝင် စုစုပေါင်းဇာတ်ကား ၃၀၀ ကျော်၌ ပါဝင်သရုပ်ဆောင်ခဲ့သည်။ နောက်ဆုံး ပါဝင်သရုပ်ဆောင်ခဲ့သော ဇာတ်ကားမှာ ပန်းမမလှကေရီ ဖြစ်သည်။



ရုပ်ရှင်သရုပ်ဆောင် ဒေါ်ကျမ်းစိန်

ဒေါ်ကျမ်းစိန်သည် ၁၉၃၂ ခုနှစ်တွင် မြန်မာအဆွေရုပ်ရှင် ဓာတ်ပုံဆရာ ဦးလှဖေနှင့် အိမ်ထောင်ပြုခဲ့သည်။ ခင်ပွန်းသည် ကွယ်လွန်ပြီးနောက် သားထောက်သမီးခံမရှိ၍ ညီမဖြစ်သူနှင့် အတူ နေထိုင်ခဲ့သည်။ ဒေါ်ကျမ်းစိန်သည် ၁၉၈၄ ခုနှစ် ဇွန်လ ၄ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

**စာဆိုတော်နေ့ (၁၉၈၄)။** ။စာဆိုတော်နေ့ ဖြစ်သော နတ်တော်လဆန်း တရက်နေ့တွင် အမျိုးသား စာပေဆုနှင်းသဘင်နှင့် စာပေဟောပြောပွဲများ၊ သက်ကြီး စာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲများ စသည့် စာပေလှုပ်ရှားမှုများကို ပြုလုပ်ကျင်းပလေ့ရှိသည်။

နတ်တော်လဟူသည် နတ်တို့ကို ပူဇော်ပသရသောလ၊ နတ်လဟု အဓိပ္ပာယ်ရသည်။ ရှေးအခါက နတ်တော်လတွင် မဟာပိန္နဲနတ်ကို ပူဇော်ပသသော ပွဲသဘင်များ ဆင်ယင်ကျင်းပခဲ့ကြသည်။

သို့သော် ကုန်းဘောင်ခေတ်၊ ၁၁၄၃ ခုနှစ်၊ ဘိုးတော်မင်းတရားလက်ထက်မှစ၍ မဟာပိန္နဲနတ်ကို ပူဇော်ပသခြင်းအစား မြင့်မြတ်ထူးချွန်ကြသူ စာဆိုတော်ပညာရှင်ကြီး

ပဲ့ ကျမားယယ်သည် မူဆလင်ရန်ဘက်များ၊ ခရစ်ယာန်အုပ်စုအတွင်းရှိ အာဏာပြိုင်ဘက်များ၊ ဆီးရီးယားခေါင်းဆောင်များ၊ ပါလက်စတိုင်း ခေါင်းဆောင်များနှင့် ဘဝတလျောက်လုံး အားပြိုင်နေရသည့်အလျောက် လုပ်ကြံရန် ကြံစည်မှုများကို အကြိမ်ကြိမ် ရင်ဆိုင်ကျော်လွှားခဲ့ရသည်။ ပဲ့ ကျမားယယ်သည် လက်ဗန္ဓနိုင်ငံ၏ လက်ရှိသမ္မတ အာမင် ကျမားယယ်နှင့် ၁၉၈၂ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့က ဖလန်ဂေးပါတီဌာနချုပ် ဗုံးပေါက် ကွဲမှု ကြောင့် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခြင်းမပြုရသေးမီ ကိုးရက် အလိုတွင် ကွယ်လွန်သွားသူ ဘရှိုး ကျမားယယ်တို့၏ ဖခင် လည်း ဖြစ်သည်။ ပဲ့ ကျမားယယ်သည် ၁၉၇၄ ခုနှစ် ဧပြီလ ၃၀ ရက်နေ့က ဆွန်နီ မူဆလင်ခေါင်းဆောင် ရာရှစ် ကရာမီ ဦးဆောင်၍ ဖွဲ့စည်းခဲ့သော အမျိုးသားစည်းလုံးညီညွတ်ရေး အစိုးရအဖွဲ့တွင် စာတိုက်နှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုရေးရာဝန်ကြီးဌာနတို့ကို တာဝန်ခံရသော ဝန်ကြီးအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။

ပိုလန်နှင့် အီဂျစ်နိုင်ငံများမှ ချီးမြှင့်သော ဂုဏ်ထူးဆောင် ဘွဲ့များကိုလည်း ဆွတ်ခူးရရှိဖူးသူ လက်ဗန္ဓနိုင်ငံသား ခရစ်ယာန်များ၏ ခေါင်းဆောင် ပဲ့ ကျမားယယ် သည် ၁၉၈၄ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့တွင် ဘေရွတ်မြို့ အရှေ့မြောက်ရှိ ဘစ်ဖာယာမြို့၌ နှလုံးရောဂါဖြင့် ကွယ်လွန်သည်။

**ကျမ်းစိန်၊ ဒေါ်** (ခရစ် ၁၉၀၅ – ၁၉၈၄)။ ။မြန်မာရုပ်ရှင်လောကတွင် လူသိများထင်ရှားခဲ့သော ဒေါ်ကျမ်းစိန်ကို မွန်ပြည်နယ်၊ ဘီလူးကျွန်း ချောင်းဆုံမြို့နယ် ခရိုက်သစ်ရွာ၌ အဖသူကြီး ဦးရွှေအုပ်၊ အမိ ဒေါ်ငြိမ်းမယ် တို့က ၁၉၀၆ ခုနှစ်တွင် မွေးဖွားသည်။ အမည်ရင်းမှာ ဒေါ်စောရင် ဖြစ်သည်။ မွေးချင်းမောင်နှမ ခြောက်ယောက် အနက် ဒေါ်ကျမ်းစိန်သည် အကြီးဆုံးဖြစ်သည်။

ဒေါ်ကျမ်းစိန်သည် ၁၉၂၄ ခုနှစ်တွင် မြန်မာအဆွေရုပ်ရှင် မှဒါရိုက်တာ ဦးညီပု ရိုက်ကူးသော မိုင်းဝေဝေ ဇာတ်ကားမှ စတင်၍ ဇာတ်ရံအဖြစ် ပဲ့ဦးထွက်ပါဝင်ကာ ရုပ်ရှင်နယ်ထဲ ရောက်ခဲ့သည်။

ထို့နောက် ၁၉၂၆၊ ၁၉၂၇ ခုနှစ်အတွင်း မြန်မာအဆွေရုပ်ရှင်မှ တခိုင်လုံးစိန်၊ တခိုင်လုံးရွှေ ဇာတ်ကားများ၌ ပါဝင်ခဲ့ရာမှ မကျမ်းစိန်အမည်ရခဲ့သည်။ ဒေါ်ကျမ်းစိန်သည် ထိုခေတ်ကာလက ဆုထူးပန်၊ သီတဂူ၊ ကျောင်းတော်ပြန်၊ မင်းကတော်၊ ရွှေနှင်းဆီ၊ ရွှေစကား စသော ဇာတ်ကားများ၊ စစ်ပြီးခေတ်တွင် မြဂနိုင်၊ စက္ကောမ၊ စောင်းတော်ရှင် စသည့် ဇာတ်ကားများတွင် မိန်းမကြမ်း၊ ဟာသ သရုပ်

များကို ဘွဲထူးဂုဏ်ထူးဖြင့် ပူဇော်ချီးမြှင့်သော ဘွဲနှင်း သဘင်များ ကျင်းပခဲ့သည်။

ထိုသို့ပူဇော်ချီးမြှင့်သော ရှေးအစဉ်အလာကို ဆက်လက် ထိန်းသိမ်းသောအားဖြင့် ၁၉၄၄ ခုနှစ် ဒုတိယကမ္ဘာစစ် ကာလအတွင်း နတ်တော်လအခါကို စာပေတိုးတက်ဖွံ့ဖြိုး ရေးအတွက် ရည်ရွယ်၍ စာဆိုတော်လအဖြစ် သတ်မှတ် ခဲ့ကြပြီး ထိုနှစ် နတ်တော်လဆန်း တရက်နေ့မှ စ၍ ပထမအကြိမ် စာဆိုတော်နေ့ အခမ်းအနားကို ရန်ကုန်မြို့ ကန်တော်ကြီးစောင်းရှိ မြို့ငြာတ်ရုံတွင် ကျင်းပခဲ့သည်။

၁၉၇၄ ခုနှစ် စာဆိုတော်နေ့တွင် ပြည် ထောင် စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် စာ ပေ လုပ်သား အဖွဲက ကြီးမှူး၍ ရန်ကုန်တိုင်းရှိမြို့နယ်များ စုပေါင်းလျက် ပဉ္စမအကြိမ်မြောက် ရန်ကုန်တိုင်း စာဆိုတော်နေ့ အခမ်း အနားနှင့် သက်ကြီး စာပေပညာရှင်များအား ပူဇော် ကန်တော့ပွဲကို မြို့တော်ခန်းမတွင်ကျင်းပခဲ့သည်။ ထိုအခမ်း အနားတွင် အသက် ၇၉ နှစ်နှင့် အထက်စာရေးဆရာနှင့် သတင်းစာဆရာ စာပေပညာရှင်ကြီးများဖြစ်သော ဦးဘိုး သွယ်(၈၉ နှစ်)၊ ဦးတိုးမြိုင်(၈၇ နှစ်)၊ ဦးမောင်မောင်ကြီး (ဒဂုန်နတ်ရှင်)(၈၆ နှစ်)၊ ယူပီအိုင် ဦးဘသန်း (၈၅နှစ်)၊ ဦးဝင်းဖေ (မာကြူရီ) (၈၅ နှစ်)၊ ဒဂုန် ဦးလှဘေ (၈၅ နှစ်)၊ ဦးမြင့်သိန်း (၈၄ နှစ်)၊ ဦးအောင်လှ (ရွှေ ဟင်္သာ)(၈၃ နှစ်)၊ ဦးမေဒါ(၈၃ နှစ်)၊ ဦးလှထွန်းဖြူ (၈၂ နှစ်)ဦးဘသန်း (သျှင်သန်းမေ) (၈၂ နှစ်)၊ ဦးသိန်းမောင် (ရတနာပုံ သိန်းသိန်း) (၈၂ နှစ်)၊ ဦးဟိန်စွန်း (၈၂နှစ်) ဦးစံထွား (၈၁ နှစ်)၊ ဦးသိန်း (ကြီးပွားရေး ဦးသိန်း) (၈၁ နှစ်)၊ ဦးအုန်းခင် (မိုးကြိုး) (၈၁ နှစ်)၊ ဦးလူတင် (သလွန်တင့်ဆွေ) (၈၁ နှစ်)၊ ဦးရန်အောင် (ရန်အောင်) (၈၀ နှစ်)၊ ဒေါ်ခင်မလေး (ဒဂုန်ခင်လေးဆွေ) (၈၀ နှစ်) ဦးဘအုန်း (ရွှေသစ္စာ) (၇၉ နှစ်)၊ ဦးခင်ဇော် (K) (၇၉ နှစ်) တို့အား စာပေလုပ်သားများက လှူဖွယ် ပစ္စည်းများနှင့် ပူဇော်ကန်တော့ကြသည်။ အကန်တော့ခံ စာပေပညာရှင်ကြီးများ ကိုယ်စား ဆရာကြီးဦးစံထွားက သြဝါဒစကား ပြောကြားသည်။

မန္တလေးမြို့တွင်လည်း စာဆိုတော်နေ့အခမ်းအနားနှင့် စာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကို မန္တလေး လေးမြို့နယ် ပူးပေါင်း၍ အနောက်မြောက်မြို့နယ်၊အနောက် ကျုံးလမ်း ဓမ္မဗိမာန် ခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ သက်ကြီး စာပေပညာရှင် ၁၅ ဦးအား စာပေလုပ်သား များက ပူဇော်ကန်တော့ကြပြီး အကန်တော့ခံ စာပေ ပညာရှင်ကြီးများကိုယ်စား ဦးချမ်းမြ (မြကေတု) က သြဝါဒစကား ပြော ကြား သည်။ ထို နောက် စာပေ လုပ်သားအဖွဲ့ ဥက္ကဋ္ဌထံမှ ပေးပို့သော စာဆိုတော်နေ့ သဝဏ်လွှာနှင့် စာဆိုတော်နေ့ ဦးတည်ချက်စာတမ်းများ ဖြစ်သည့် စာပေကျေးဇူးစာတမ်း၊ မြန် မာ့ ဆို ရှယ် လစ် လမ်းစဉ်ပါတီ၏ စာပေနှင့် စာနယ်ဇင်းဆိုင်ရာ မူဝါဒနှင့် အညီ ကြိုးပမ်းဆောင်ရွက်ရေးစာတမ်း၊ ပြည်သူ့အကျိုးပြု စာပေထွန်းကားရေး စာတမ်း၊ လုပ် သား ပြည် သူ များ အထွေထွေ အသိဉာဏ် တိုးပွားရေးနှင့် အ မျိုး သား ယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေး စာတမ်းများကို ဖတ်ကြားကြသည်။



၁၃၄၆ ခုနှစ် ရန်ကုန်တိုင်း စာဆိုတော်နေ့ အခမ်းအနားတွင် မြန်မာနိုင်ငံ စာပေလုပ်သားအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းတင် (မန်းတင်) ကအမှာစကား ပြောကြားနေစဉ်



မြန်မာရည်ညွှန်းစာအုပ် စာတမ်းဖတ်ပွဲတွင် ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်ကျော်မြင့်က အမှာစကား ပြောကြားနေစဉ်

၁၉၇၄ ခုနှစ် စာဆိုတော်နေ့ ညနေ ၆ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး ကော်ပိုရေးရှင်း၊ စာပေဗိမာန်အဖွဲ့က ကြီးမှူး၍ ၁၉၇၃ ခုနှစ် အတွက် အမျိုးသားစာပေ ဆုနှင်းသဘင်ကို ရန်ကုန်မြို့တွင် ကျင်းပသည်။

ဆုနှင်းသဘင် အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကျော်မြင့်က အမှာစကား ပြောကြားပြီး ဘာသာပြန် (ရသ) ဆုရ မောင်ထွန်းသူ၊ သုတပဒေသာ (ဝိဇ္ဇာ)ဆုရ ဒဂုန်နတ်ရှင်နှင့် စာပဒေသာဆုရ ချစ်ကိုကိုတို့အား ကျပ်ခြောက်ထောင်စီနှင့် ဆုလက်မှတ်များကို ချီးမြှင့်ပေးအပ်ခဲ့သည်။ (မြန်မာနိုင်ငံစာပေဆုများ —၌။)

ပြည်သူ့အကျိုးပြု စာပေထွန်းကားရေး၊ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်း စောင့်ရှောက်ရေး၊ လူငယ်နှင့် ကလေးများ အထွေထွေအသိဉာဏ် ဗဟုသုတတိုးပွားရေး စသည့် စာပေလုပ်သားအဖွဲ့ကြီးက ချ မှတ် ပေး သော ဦးတည်ချက်များနှင့်အညီ စာဆိုတော်နေ့ အခမ်းအနားများ၊ စာပေဟောပြောပွဲများကို ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင်သာမက အခြားမြို့များတွင်လည်း ကျင်းပခဲ့သည်။

**စာပေဗိမာန် စာတမ်းဖတ်ပွဲ (၁၉၇၄)။** ။စာပေနှင့် စာနယ်ဇင်းလုပ်ငန်းများ အရေအတွက်ရော အရည်အချင်းပါ မြင့်မားတိုးတက်ရေးအတွက် နိုင်ငံ၏ စီးပွားရေး အခြေအနေပေါ် မူတည်၍ စာပေနှိုးနှောဖလှယ်ပွဲ၊ စာပေ ဟောပြောပွဲ၊ စာပေပြပွဲ ပြိုင်ပွဲများ ကျင်းပရန် ဟူသည့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ လမ်းညွှန်ချက်နှင့်အညီ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ် ထုတ်ဝေရေး ကော်ပိုရေးရှင်း စာပေဗိမာန်အဖွဲ့သည် စာပေနှိုးနှောဖလှယ်ပွဲများ၊ စာတမ်းဖတ်ပွဲများကို ၁၉၆၃ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ ၂၂ နှစ်အတွင်း ၁၈ ကြိမ် ကျင်းပခဲ့သည်။

မြန်မာ ရည်ညွှန်းစာအုပ် စာတမ်းဖတ်ပွဲကို ၁၉၇၄ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်မှ ၁၃ ရက် အထိ ကုန်သည်လမ်း၊ စာပေဗိမာန် ပြည်သူ့စာကြည့်တိုက် ခန်းမ၌ ကျင်းပခဲ့သည်။ အဆိုပါ စာတမ်းဖတ်ပွဲတွင် ဦးသော်ကောင်းက ရည်ညွှန်းစာအုပ် ဟူသည် စာတမ်း၊ ဦးမောင်မောင်ညွှန့် (မင်းလှညွှန့်ကြူး)က ဘာသာစကား ရည်ညွှန်းစာအုပ်များ စာတမ်း၊ ဦးကျော်အောင် (ကျော်အောင်)က စာပေရည်ညွှန်းစာအုပ်များ စာတမ်း၊ ဒေါ်ကြန်က မှတ်တမ်းမှတ်ရာ ရည်ညွှန်းစာအုပ်များ စာတမ်းတို့ကို အသီးသီး တင်သွင်း ဖတ်ကြားခဲ့သည်။

ရည်ညွှန်းစာအုပ်ဟူသည် စာတမ်းတွင် ရည်ညွှန်းစာအုပ်၏ သဘောသဘာဝနှင့် ကြန်အင်လက္ခဏာများ အကြောင်းကို ရှင်းလင်း တင်ပြသည်။ ရည်ညွှန်းစာအုပ် ဆိုသည်မှာ သိလိုသော အချက်ကို အလွယ်တကူ တမုဟုတ်ချင်း အမြန်ရှာဖွေရ လွယ်အောင် စီစဉ်ထားသော စာအုပ်မျိုး ဖြစ်ကြောင်း၊ ရည်ညွှန်းစာအုပ်များကို နှစ်မျိုး ခွဲခြားနိုင်ကြောင်း၊ ပထမ တမျိုးမှာ ပညာပေး စာအုပ်အမျိုးအစား ဖြစ်ပြီး အချက်အလက်များကို စနစ်တကျ စီစဉ်ထားကြောင်း၊ ဒုတိယတမျိုးမှာ မိမိသိလိုသည့် အချက်အလက်

မည်သည့် နေရာတွင် ရှိသည်ကို ညွှန်ပြထားသော အညွှန်းစာအုပ်မျိုး ဖြစ်ကြောင်း စသည်ဖြင့် ရှင်းလင်း တင်ပြထားသည်။

ဘာသာစကား ရည်ညွှန်းစာအုပ်များ စာတမ်းတွင် ဘာသာစကား ရည်ညွှန်းစာအုပ်ဆိုသည်မှာ ဘာသာစကားကို သုံးစွဲရာတွင်သိလိုသည့် အချက်အလက်များကို လွယ်ကူစွာ ရှာဖွေနိုင်ရန် အထူးတလည် စီစဉ်ထားသည့် စာအုပ်မျိုး ဖြစ်ကြောင်း ရှင်းလင်းပြသည်။ ဘာသာစကားအထွေထွေ အဘိဓာန်၊ ဘာသာစကား အထူးပြု အဘိဓာန်နှင့် ဘာသာရပ်ဆိုင်ရာ အဘိဓာန်၊ ဘာသာစကား အညွှန်းစာအုပ်များ အကြောင်းကို တင်ပြသည်။

စာပေရည်ညွှန်းစာအုပ်များ စာတမ်းတွင် စာပေနှင့် သက်ဆိုင်သော ရည်ညွှန်းစာအုပ်များ ဖြစ်ကြသည့် စာစုစာရင်း၊ စာပေလမ်းညွှန်၊ စာပေအဘိဓာန်၊ စွယ်စုံကျမ်း၊ စာပေသမိုင်း၊ စာညွှန့်ပေါင်း၊ စာကိုးစကားကိုး၊ စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ ဝေဖန်စာ စသော စာပေဆိုင်ရာ ရည်ညွှန်းကျမ်းများ အကြောင်းကို ခွဲခြမ်း စိတ်ဖြာ၍ တင်ပြသည်။

မှတ်တမ်းမှတ်ရာ ရည်ညွှန်းစာအုပ်များ စာတမ်းတွင် မှတ်တမ်းမှတ်ရာ ရည်ညွှန်းစာအုပ်များဖြစ်သည့် အဘိဓာန်၊ စွယ်စုံကျမ်း၊ လမ်းညွှန်၊ နှစ်စဉ်ထုတ်စာအုပ်၊ လက်စွဲစာအုပ်၊ မြေပုံစာအုပ်၊ ဂေဇက်တီးယား စသည့် စာအုပ်များ အကြောင်းကို ရှင်းလင်း တင်ပြသည်။

စာတမ်းနှင့် စပ်လျဉ်း၍ မရှင်းမလင်းသော အချက်များ၊ သိလိုသော အချက်များကို မေးမြန်းနိုင်ကြရန် မေးခွန်းပုံစံများကို ကြိုတင်ပေးပို့ထားသည်။ ရည်ညွှန်းစာအုပ်ဟူသည် စာတမ်းတွင် မေးမြန်းဆွေးနွေးသူ ၁၀ ဦး၊ ဘာသာစကား ရည်ညွှန်းစာအုပ်များ စာတမ်းတွင် မေးမြန်း ဆွေးနွေးသူ ကိုးဦး၊ စာပေရည်ညွှန်းစာအုပ်များ စာတမ်းတွင် မေးမြန်း ဆွေးနွေးသူ ၁၅ ဦး၊ မှတ်တမ်းမှတ်ရာ ရည်ညွှန်းစာအုပ်များ စာတမ်းတွင် မေးမြန်းဆွေးနွေးသူ ၁၈ ဦး တို့က မေးခွန်းပုံစံများဖြင့် အသီးသီး မေးမြန်း ဆွေးနွေးခဲ့ကြသည်။

ဖတ်ကြားတင်သွင်းသောစာတမ်းများ

| နေ့စွဲ | စာတမ်းအမည် | ဖတ်ကြားသူ |
|---|---|---|
| ၁၁-၁-၀၄ | ရည်ညွှန်းစာအုပ်ဟူသည် | ဦးသော်ကောင်း |
| ၁၂-၁-၀၄ | ဘာသာစကားရည်ညွှန်းစာအုပ်များ | ဦးမောင်မောင်ညွန့် |
| ၁၂-၁-၀၄ | စာပေရည်ညွှန်းစာအုပ်များ | ဦးကျော်အောင် |
| ၁၃-၁-၀၄ | မှတ်တမ်းမှတ်ရာရည်ညွှန်းစာအုပ်များ | ဒေါ်ကြန် |

**စာပေလုပ်သားညီလာခံ (ဒုတိယအကြိမ်)။** ။ ပထမအကြိမ် စာပေလုပ်သား ညီလာခံ သက်တမ်းသည် ၁၉၀၄ ခုနှစ် ဧပြီလတွင် လေးနှစ် ပြည့်မြောက်ခဲ့သဖြင့် စာပေလုပ်သားအဖွဲ့က ဒုတိယအကြိမ် စာပေလုပ်သား ညီလာခံ ကျင်းပရေးကော်မရှင်ကို ၁၉၀၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးခဲ့သည်။ ထိုကော်မရှင်တွင် စာပေလုပ်သားအဖွဲ့ဝင် စာရေးဆရာ၊ သတင်းစာဆရာ ၄၃ ဦး ပါဝင်သည်။

ဒုတိယအကြိမ် စာပေလုပ်သားညီလာခံ ကျင်းပရေး ကော်မရှင်သည် စာပေလုပ်သားညီလာခံ ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ် စာပေလုပ်သား ပုံမှန်မျက်နှာစုံညီ အစည်းအဝေး ကျင်းပရေး ကော်မရှင်များကိုလည်းကောင်း၊ မြို့နယ် စာပေလုပ်သား အဖွဲ့များကိုလည်းကောင်း၊ မြို့နယ် စာပေလုပ်သား စည်းရုံးရေးကော်မတီများကိုလည်းကောင်း မြို့နယ် အလိုက် အဖွဲ့ဝင်အင်အား အခြေအနေပေါ် မူတည်၍ တိုးချဲ့ဖွဲ့စည်းပေးခဲ့သည်။

တနိုင်ငံလုံးရှိ မြို့နယ်စာပေလုပ်သား အဖွဲ့များ၏ အင်အားစာရင်းကို စိစစ်ပြီး စာရေးဆရာအဖွဲ့ခွဲနှင့် သတင်းစာဆရာ အဖွဲ့ခွဲအလိုက် ဒုတိယအကြိမ် ပုံမှန်မျက်နှာစုံညီ အစည်းအဝေးများ ကျင်းပရန်အတွက် အဖွဲ့ဝင် ၂၃ ဦး ပါဝင်သော စာရေးဆရာအဖွဲ့ခွဲ ပုံမှန်မျက်နှာစုံညီ အစည်းအဝေး ကျင်းပရေး ကော်မရှင်ကိုလည်းကောင်း၊ အဖွဲ့ဝင် ၁၉ ဦး ပါဝင်သော သတင်းစာဆရာအဖွဲ့ခွဲ ပုံမှန်မျက်နှာစုံညီ အစည်းအဝေးကျင်းပရေး ကော်မရှင်ကိုလည်းကောင်း ဇန်နဝါရီလ ၁ ရက်နေ့တွင် ဆက်လက် ဖွဲ့စည်းပေးခဲ့သည်။ အဖွဲ့ခွဲကော်မရှင်နှစ်ရပ်နှင့် ပူးတွဲ၍ လုပ်ကိုင်နိုင်ရန်အတွက် လုပ်ငန်း ကော်မတီလေးခုစီကိုလည်း တပါတည်း ဖွဲ့စည်းတာဝန်ပေးခဲ့သည်။ ဒုတိယအကြိမ် စာရေးဆရာအဖွဲ့ခွဲ ပုံမှန်မျက်နှာစုံညီ အစည်းအဝေးကို ၁၉၀၄ ခုနှစ် ဧပြီလ ၄ ရက်နေ့တွင် ကျိုက္ကဆံကွင်း ဆရာစံခန်းမ၌လည်းကောင်း၊ ဒုတိယအကြိမ် သတင်းစာဆရာအဖွဲ့ခွဲ ပုံမှန်မျက်နှာစုံညီ အစည်းအဝေးကို ထိုနေ၌ပင် ကျိုက္ကဆံကွင်း စားရိပ်သာ ဆောင်၌လည်းကောင်းတပြိုင်တည်းကျင်းပ၍ သက်ဆိုင်ရာ အဖွဲ့ခွဲ အမှုဆောင်များကိုရွေးချယ်တင်မြှောက်ခဲ့ကြသည်။

စာရေးဆရာအဖွဲ့ခွဲတွင် ဥက္ကဋ္ဌဦးထွန်းတင် (မန်းတင်) နှင့် အတွင်းရေးမှူး ဦးမျိုးသန့် (မောင်ဆုရှင်) တို့ပါဝင်သော အဖွဲ့ခွဲအမှုဆောင် ၁၅ ဦးကို ရွေးချယ်သည်။

သတင်းစာဆရာအဖွဲ့ခွဲတွင် ဥက္ကဋ္ဌဦး ခင် မောင် အေး (ခင်မောင်အေး – မန္တလေး) နှင့် အတွင်းရေးမှူးဦးလှထွန်း (လှထွန်း – တံတေး) တို့ပါဝင်သော အဖွဲ့ခွဲအမှုဆောင် ၁၅ ဦးကို ရွေးချယ်သည်။

ထို့နောက် ဒုတိယအကြိမ် စာပေလုပ်သား ညီလာခံကို ၁၉၇၄ ခုနှစ် ဧပြီလ ၅ ရက်နှင့် ၆ ရက်နေ့တို့တွင် ကျို့ကွက်ဆံကွင်း ဆရာစံခန်းမ၌ ကျင်းပသည်။

ညီလာခံပထမနေ့ ဧပြီလ ၅ ရက်နေ့တွင် သဘာပတိအဖွဲ့ဝင် ၁၄ ဦးရွေးချယ်ခြင်း၊ အလှည့်ကျသဘာပတိနှင့် စာပေလုပ်သားအဖွဲ့ ဥက္ကဋ္ဌတို့က အမှာစကား ပြောကြားခြင်း၊ တောင်သူလယ်သမားအစည်းအရုံး ဗဟိုဦးစီးအဖွဲ့ ဌာနချုပ်၊ ရုပ်ရှင်ကောင်စီ စည်းရုံးရေးကော်မတီ၊ သဘင်ကောင်စီ စည်းရုံးရေးကော်မတီ၊ ရိုးရာပန်းပညာရှင်များကောင်စီစည်းရုံးရေးကော်မတီတို့က ပေးပို့သော သဝဏ်လွှာများကို အခမ်းအနားမှူးက ဖတ်ကြားခြင်း၊ စာပေလုပ်သားအဖွဲ့ အမှုဆောင်ကော်မတီ၏ အစီရင်ခံစာအကျဉ်းချုပ်ကို အကွင်းရေးမှူးက ဖတ်ကြားခြင်း၊ စာပေလုပ်သားအဖွဲ့ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများ ပြင်ဆင်ရန် တင်ပြခြင်း၊ ဘဏ္ဍာရေးစည်းမျဉ်းသစ် (မူကြမ်း) ကို တင်ပြခြင်း၊ ရသုံးငွေစာရင်းရှင်းတမ်းကို တင်ပြခြင်း တို့ကိုဆောင်ရွက်သည်။

ညီလာခံဒုတိယနေ့ ဧပြီလ ၆ ရက်နေ့ တွင် အခမ်းအနားမှူးက အလုပ်သမားအစည်းအရုံး ဗဟိုဦးစီးအဖွဲ့ ဌာနချုပ်၊ စစ်မှုထမ်းဟောင်းများအဖွဲ့၊ ဂီတ ကောင်စီ စည်းရုံးရေးကော်မတီတို့က ပေးပို့သည့် သဝဏ်လွှာများကို ဖတ်ကြား ခြင်း၊ စာပေလုပ်သားအဖွဲ့ အမှုဆောင် ကော်မတီ၏ အစီရင်ခံစာအပေါ် ညီလာခံကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို ပြန်လည် ဆွေးနွေးခြင်း၊ ဘဏ္ဍာရေး စည်းမျဉ်းသစ်အပေါ် ဆွေးနွေးချက်များကို ပြန်လည်ဆွေးနွေးခြင်းနှင့် ရသုံးငွေစာရင်း ရှင်းတမ်းကို ပြန်လည် ဆွေးနွေးခြင်းများ ပြုလုပ်သည်။ ထို့နောက် ရွေးချယ်တင်မြှောက်ခြင်း ခံရသော စာပေလုပ်သားအဖွဲ့ အမှုဆောင် ကော်မတီဝင် များ၏ အမည် စာရင်းကို ကြေငြာ၍ စာပေလုပ်သားအဖွဲ့ အမှုဆောင် ကော်မတီကို ဖွဲ့စည်းသည်။

**စာပေလုပ်သားအဖွဲ့ အမှုဆောင်ကော်မတီ**

| | |
|---|---|
| ဦးထွန်းတင် (မန်းတင်) | ဥက္ကဋ္ဌ |
| ဦးခင်မောင်အေး (ခင်မောင်အေး – မန္တလေး) | ဒုတိယဥက္ကဋ္ဌ |
| ဦးမျိုးသန့် (မောင်ဆုရှင်) | အတွင်းရေးမှူး |
| ဦးလှထွန်း (လှထွန်း – တံတေး) | တွဲဖက်အတွင်းရေးမှူး |
| ဦးလှမြိုင် (ကိုဆောင်း) | စည်းရုံးရေးမှူး |
| ဦးမြသိန်း (မြသိန်း) | တွဲဖက်စည်းရုံးရေးမှူး |
| ဦးထင်ကြီး (တက္ကသိုလ်ထင်ကြီး) | ဘဏ္ဍာရေးမှူး |
| ဦးထွန်းအောင်ကြီး(ရဲဘော်အောင်) | တွဲဖက်ဘဏ္ဍာရေးမှူး |
| ဦးကျော်ဆွေ (မင်းကျော်) | ထုတ်လုပ်ရေးမှူး |
| ဦးသိန်း (ဇာတိပျိုလ်မောင်သိန်း) | တွဲဖက်ထုတ်လုပ်ရေးမှူး |
| ဦးစိုးညွှန့် (ထီလာစစ်သူ) | သက်သာချောင်ချိရေးမှူး |
| ဒေါ်ရင်ရင် (စောမုံညင်း) | တွဲဖက် သက်သာချောင်ချိရေးမှူး |
| ဦးထင်ဖတ် (မောင်ထင်) | နိုင်ငံခြားဆက်သွယ်ရေးမှူး |
| ဦးစိုးမြင့် (စိုးမြင့်) | တွဲဖက် နိုင်ငံခြားဆက်သွယ်ရေးမှူး |
| ဒေါ်ရီကြိန် (ဒေါ်ရီကြိန်) | အမှုဆောင် |
| ဦးရဲတင့် (ရဲတင့်) | အမှုဆောင် |
| ဦးတင်စိုး (သဂဒိုး) | အရန်အမှုဆောင် |
| ဦးကြည်ညွှန့် (စစ်ကိုင်းကြည်ညွှန့်) | အရန်အမှုဆောင် |



ဒုတိယအကြိမ် စာပေလုပ်သား ညီလာခံ ကျင်းပနေစဉ်

စာပေနှင့် စာနယ်ဇင်းဆိုင်ရာ ရည်မှန်းချက် များ ကို ဆက်လက် အကောင်အထည်ဖော်ရန်၊ ပြည်သူ့အကျိုးပြု စာပေထွန်းကားရေးအတွက် စည်းရုံးဆောင်ရွက်ရန်၊ နိုင်ငံတော်တည်ဆောက်ရေးတွင် စာပေလုပ်သား အဖွဲ့ဝင်များ တတပ်တအား ပါဝင်ဆောင်ရွက်ရန်၊ စာပေလုပ်သား အဖွဲ့ဝင်များ တိုးပွားရေးအတွက် တိုးခဲ့စည်းရုံးရန်နှင့် စာဖတ်ပရိသတ် တိုးပွားရေးဆောင်ရွက်ရန် စသည့် ရွေလုပ်ငန်းစဉ်များကို ညီလာခံက တညီတညွတ်တည်း ချမှတ်ခဲ့သည်။

**စောစံဖိုးသင်** (ခရစ် ၁၉၀၃ – ၁၉၇၃)။ ။ စောစံဖိုးသင်ကို ပုသိမ်ခရိုင် ချောင်းစောက်ရွာ၌ အဖ ဦးထွန်းလှ အမိဒေါ်ဘုမတို့က ၁၉၀၃ ခုနှစ် မေလ ၄ ရက် နေ့တွင် မွေးဖွားသည်။ မွေးချင်းကိုးဦးအနက် အငယ်မမြောက် ဖြစ်သည်။

ငယ်စဉ်က ချောင်းစောက်ရွာနှင့် ပုသိမ်မြို့တွင် ပညာသင်ကြားခဲ့သည်။ ၁၉၂၃ ခုနှစ်တွင် ပုသိမ်မြို့ တိုင်တရာကျောင်း၌ ပညာသင်ကြားနေစဉ် ဂီတပညာသင်ရန် ရည်ရွယ်ချက်ဖြင့် ခရစ်ယာန်သာသနာပြုဆရာကြီး ဒေါက်တာစီအေနီကောလ်နှင့် အမေရိကန် ပြည်ထောင်စုသို့ လိုက်ပါသွားခဲ့သည်။ ဂီတပညာသင်ကျောင်းပိတ်ချိန်၌ အမေရိကန် ကွာရီကျောက်မိုင်း၌ အလုပ်လုပ်ခဲ့သည်။ ထို့နောက် မက် ဆာ ချူး ဆက် နယ် မောင့် ဟာ မွန် အာ ထက် တန်းကျောင်း၌ပညာသင်ကြားခဲ့သည်။


၁၉၂၅ ခုနှစ်တွင် ကျောင်းထွက်လက်မှတ် စာမေးပွဲကို မောင့်ဟာမွန်ကျောင်းမှ အောင်မြင်ခဲ့သည်။ ဘော့စတန် ဂေါ်ဒွန်ကောလိပ်၌ ပညာဆက်လက်ဆည်းပူးခွင့်ရရှိသည်။ ထိုမှ ချီကာကိုမြို့ရှိ ဝိတန်ကောလိပ်သို့ ပြောင်းရွှေ့ပညာသင်ကြားခဲ့သည်။ တဖန် ကာလိဖိုးနီးယားပြည်နယ် ရက်ဒ်လင်း တက္ကသိုလ်၌ ဆက်လက်ပညာသင်ကြားခဲ့ပြီး ဝိဇ္ဇာဘွဲ့ (ဂီတ) ကို ရရှိခဲ့သည်။

၁၉၂၉ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြန်လာခဲ့ပြီး စကောကရင်ကျောင်းတွင် အထက်တန်းပြဆရာအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၃၁ ခုနှစ်တွင် ပုသိမ်မြို့ တလိုင်းချောင်း၌ ဆန်စက်နှင့် လှေစက်မန်နေဂျာအဖြစ် လုပ်ကိုင်ခဲ့သည်။ ၁၉၃၂ ခုနှစ်တွင် ရန်ကုန်မြို့ ကြိုကုန်းခရစ်ယာန် ကျမ်းစာသင် ကျောင်း၌ ကျောင်းဆရာအဖြစ် လုပ်ကိုင်ခဲ့သည်။ ၁၉၃၃ ခုနှစ်တွင် မိတ္ထီလာမြို့ အောဘီအမ် အထက်တန်းကျောင်း၌ ကျောင်းအုပ်အဖြစ် ဆောင်ရွက်သည်။

၁၉၃၆ ခုနှစ်တွင် ဒေါက်တာဘာမော်က အင်္ဂလန်နိုင်ငံသို့ ပို့ပေးခဲ့သည်။ လန်ဒန်မြို့ရှိ ဗဟိုအနုပညာနှင့် လက်မှုပညာ သိပ္ပံတွင် သုံးနှစ် တိတိ ပညာ ဆည်းပူးခဲ့သည်။





စောစံဖိုးသင်

၁၉၃၉ ခုနှစ်တွင် ဂျာမနီနိုင်ငံသို့ အလည်အပတ်သွားရောက်သည်။

၁၉၄၀ ပြည့်နှစ်တွင် ဗမာ့ကာကွယ်ရေး တပ်မတော် ဗိုလ်သင်တန်းသို့ တက်ရောက်ခွင့် ရသည်။ ဗိုလ်သင်တန်းဆင်းပြီးနောက် ထောက်ပံ့ရေးတပ်တွင် တာဝန်ယူခဲ့သည်။

၁၉၄၂ ခုနှစ်တွင် ကရင်ရေးရာဝန်ကြီးအဖြစ် မြန်မာနိုင်ငံ အစိုးရအဖွဲ့တွင် တာဝန်ထမ်းဆောင်သည်။ ၁၉၄၈ ခုနှစ်တွင် ဝန်ကြီးရာထူးမှ နုတ်ထွက်ခဲ့ပြီး မြန်မာနိုင်ငံအစိုးရ၏ တာဝန်ပေး စေလွှတ်ချက်ဖြင့် ပုသိမ်မြို့တွင် အထူးတိုင်းမင်းကြီးအဖြစ် ဆောင်ရွက်သည်။ ၁၉၄၉ ခုနှစ်တွင် မြန်မာနိုင်ငံအစိုးရက စောစံဖိုးသင်အား သရေစည်သူဘွဲ့ကို ချီးမြှင့်သည်။

၁၉၅၀ ပြည့်နှစ်တွင် ထိန်းသိမ်းခံရသည်။ ထိန်းသိမ်းခံရာမှ လွတ်မြောက်လာပြီးနောက် တောခိုခဲ့ပြီး ယိုးဒယားနိုင်ငံသို့ ဝင်ရောက်ခဲ့သည်။ ယိုးဒယားနိုင်ငံ၌ အင်္ဂလိပ်စာပြဆရာအဖြစ် လုပ်ကိုင်ခဲ့သည်။ ၁၉၅၈ ခုနှစ် စက်တင်ဘာလတွင် လက်နက်ချအလင်းဝင်သည်။ ၁၉၆၀ ပြည့်နှစ်မှစ၍အိုးဝေျာနယ်၌ ဆောင်းပါးများကို ရေးသားခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော် ကောင်စီက ချီးမြှင့်သော နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) ကို ရရှိသည်။

စောစံဖိုးသင်သည် ၁၉၆၃ ခုနှစ် သြဂုတ်လ ၁၁ ရက်နေ့တွင် ကွယ်လွန်သည်။ ဇနီး ဒေါ်သိန်းခင်နှင့် သားသမီး ငါးယောက် ကျန်ရစ်သည်။

**စံပြကြက်ခြေနီ (၁၉၆၄)**။ ။မြန် မာ နိုင် ငံ သည် အိန္ဒိယကြက်ခြေနီအသင်း၊ မြန်မာပြည် အသင်းခွဲအဖြစ် ကြက်ခြေနီ ကရုဏာလုပ်ငန်းကို ၁၉၂၀ ပြည့်နှစ်တွင် စတင် ဆောင်ရွက်ခဲ့သည်။ ၁၉၃၇ ခုနှစ်တွင်အမျိုးသားကြက်ခြေနီ

အသင်းအဆင့်သို့ သီးခြားလွှတ်လပ်စွာ မြှင့်တင်နိုင်ခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကို အက်ဥပဒေများ ပြဋ္ဌာန်း၍ ကြက်ခြေနီ ဗဟိုကောင်စီကို ဖွဲ့စည်းခဲ့သည်။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း လုပ်ငန်းများကို ၁၉၆၀ ပြည့်နှစ်တွင် ကြက်ခြေနီ ဗဟိုကောင်စီက စတင်ဆောင်ရွက်သည်။ စံပြကြက်ခြေနီ စီမံကိန်းကို ၁၉၇၁ ခုနှစ်တွင် စတင်ခဲ့သည်။

၁၉၇၄ ခုနှစ်တွင် ၁၃ ကြိမ်မြောက် စံပြကြက်ခြေနီ များကို ရွေးချယ်သည်။ ပြည်နယ်၊ တိုင်းအလိုက် ရွေးချယ်ရမည့် စံပြကြက်ခြေနီအရေအတွက်မှာ ကချင်ပြည်နယ် (မြစ်ကြီးနားကောလိပ် အပါအဝင်) ကိုးဦး၊ ကယားပြည်နယ် လေးဦး၊ ကရင်ပြည်နယ် ငါးဦး၊ ချင်းပြည်နယ် ခြောက်ဦး၊ စစ်ကိုင်းတိုင်း (မုံရွာကောလိပ်အပါအဝင်) ၂၇ ဦး၊ တနင်္သာရီတိုင်း ကိုးဦး၊ ပဲခူးတိုင်း (ပဲခူးကောလိပ်အပါအဝင်) ၂၆ ဦး၊ မကွေးတိုင်း (မကွေးဒီဂရီကောလိပ်၊ ရေနံချောင်းကောလိပ် အပါအဝင်) ၂၁ ဦး၊ (မန္တလေးတိုင်း (မိတ္ထီလာ ကောလိပ် အပါအဝင်) ၂၇ ဦး၊ မွန်ပြည်နယ် ကိုးဦး၊ ရခိုင်ပြည်နယ် ၁၂ ဦး၊ ရန်ကုန်တိုင်း (ဗိုလ်တထောင်၊ လှိုင်၊ ကြည့်မြင်တိုင်နယ်မြေ ကောလိပ် များနှင့် အင်းစိန်စက်မှုကျောင်းအပါအဝင်) ၃၆ ဦး၊ ရှမ်းပြည်နယ်တောင်ပိုင်း ကိုးဦး၊ ရှမ်းပြည်နယ်မြောက်ပိုင်း ၁၂ ဦး၊ ဧရာဝတီတိုင်း (ပုသိမ်ကောလိပ်၊ ဟသ်ာတကောလိပ် အပါအဝင်) ၂၀ ဦး၊ စုစုပေါင်း စံပြကြက်ခြေနီ ၂၄၀ ဦး ရွေးချယ်ရန် ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ကျင်းပသော စံပြကြက်ခြေနီစခန်း ကျင်းပရေး ဗဟိုကော်မတီ ဒုတိယအကြိမ် အစည်းအဝေးက အတည်ပြု ဆုံးဖြတ်သည်။

၁၉၇၄ ခုနှစ်၊ ၁၃ ကြိမ်မြောက် စံပြကြက်ခြေနီ စခန်း ဖွင့်ပွဲ အခမ်းအနားကို ခြောက်မိုင်ခွဲရှိ လူငယ်အင်းလျား လေးစခန်းတွင် ဧပြီလ ၂၂ ရက်နေ့၌ ကျင်းပရာ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဦးကြည်က အဖွင့်မိန့်ခွန်း မိန့်ကြားသည်။ စခန်းဖွင့်လှစ်ရေး ဦးတည်ချက်များမှာ –

- ထူးချွန်သော ကြက်ခြေနီတပ်ဖွဲ့ဝင် လူငယ်မောင်မယ်တို့အား ဂုဏ်ပြုချီးမြှင့်ရေး၊
- နောင်အနာဂတ်တွင် ခေါင်းဆောင်ကြမည့် လူငယ်များအား ကြက်ခြေနီတပ်ဖွဲ့တွင် ပိုမိုစိတ်ဝင်စားမှုရှိလာစေရေး၊
- စံပြ ကြက်ခြေနီမောင်မယ်များ စုစည်းပေါင်းဆုံစေခြင်းဖြင့် ကြက်ခြေနီလုပ်ငန်းများတွင် တပြေးညီစာ ရှိလာနိုင်ရေးကို ဖြည့်တင်းပေးစေရေး၊
- ပြည်ထောင်စုဖွား တိုင်းရင်းသားများ၏ စည်းလုံးမှုနှင့် သွေးစည်းညီညွတ်မှု အစဉ်အလာကောင်းများကို ပိုမိုခိုင်မာလာစေရေးတို့ ဖြစ်သည်။

စံပြ ကြက်ခြေနီစခန်း ဖွင့်လှစ်သည့်နေ့ နံနက်တွင် စံပြကြက်ခြေနီ တံဆိပ်နှင့်ဂုဏ်ပြုလွှာ ပေးအပ်ပွဲအခမ်းအနားကို ကျင်းပသည်။ ဆုတံဆိပ်များကို မြန်မာနိုင်ငံကြက်ခြေနီအသင်း အမှုဆောင်အတွင်းရေးမှူးက ချီးမြှင့်ပေးသည်။ ထို့နောက် ကြက်ခြေနီဘာဘာရပ်ကို မြန်မာနိုင်ငံကြက်ခြေနီအသင်း လက်ထောက် အတွင်းရေးမှူးက ဟောပြောပို့ချသည်။ ညနေပိုင်းတွင် မြန်မာ့ဂုဏ်ဆောင် အားကစားသမားများက သိုင်းပညာ၊ ခြင်းလုံး၊ ကျွမ်းဘား စသည်တို့ကို သရုပ်ပြပြီး စံပြ ကြက်ခြေနီမောင်မယ်တို့နှင့် မိတ်ဆက် တွေ့ဆုံကြသည်။

စခန်းချကာလအတွင်း ကိုယ်လက်ကြံခိုင်ရေး၊ အခြေခံစစ်ရေးပြန့်၊ စစ်မိန့်သံ၊ ထမ်းစင်ဖြင့် လူနာသယ်ဆောင်နည်း၊ စစ်မြေပြင်တွင် လူနာကောက်နည်းတို့ကို လည်းကောင်း၊ အခြေခံ ရှေးဦးသူနာပြုစုနည်း၊ ပြည်သူ့ကျန်းမာရေး စီမံချက်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်တို့ ပါဝင်ရမည့် အခန်းကဏ္ဍတို့ကိုလည်းကောင်း မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ သဘောတရားရေးရာ ဘာသာရပ်တို့ကို လည်းကောင်း သင်ကြားပို့ချသည်။

**စံပြကြက်ခြေနီများ ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြစဉ်**



ထို့ပြင် မူးယစ်ဆေးဝါး၏ အန္တရာယ် ကြီးမားပုံ၊ မိုးလေဝသသည် တိုင်းပြည်အတွက် အရေးကြီးပုံ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ပညာရပ်နှင့် အခြေခံမီးသတ်နည်းပညာရပ်တို့ကိုလည်း သက်ဆိုင်ရာကျွမ်းကျင်သူများက အသီးသီး ဟောပြောပို့ချပေးသည်။

ထို့ပြင် စာပေယဉ်ကျေးမှုအနုပညာဗဟုသုတ ရရှိစေရန် အတွက် ဝတ္ထုအကြောင်းကိုလည်းကောင်း၊ ရှေးခေတ်ဂီတနှင့် ကာလပေါ်ဂီတအကြောင်းကိုလည်းကောင်း သဘင်ပညာအကြောင်းကိုလည်းကောင်း သက်ဆိုင်ရာပညာရှင်များက ဟောပြောကြသည်။

နိုင်ငံတော်သည် ကြက်ခြေနီ ကရုဏာလုပ်ငန်းများတွင် ထူးချွန်စွာ စွမ်းဆောင်ခဲ့သော ကြက်ခြေနီတပ်ဖွဲ့ဝင် လူငယ်များကို စံပြကြက်ခြေနီအဖြစ် ရွေးချယ်ဂုဏ်ပြုခဲ့ရာ စံပြကြက်ခြေနီစီမံကိန်းကို စတင်အကောင်အထည်ဖော်ခဲ့သည့် ၁၉၇၁ ခုနှစ်မှ ၁၉၈၄ ခုနှစ်အထိ စံပြကြက်ခြေနီအဖြစ် ရွေးချယ် ဂုဏ်ပြုခြင်းခံရသည့် ကြက်ခြေနီမောင်မယ်ပေါင်း ၂,၂၃၄ ဦး ရှိပြီဖြစ်သည်။

**စံပြလုပ်သား စီမံကိန်း (၁၉၈၄)။** ။ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် အလုပ်သမား ဝန်ကြီး



ဌာနသည် စံပြလုပ်သား စီမံကိန်းကို ၁၉၆၄ – ၆၅ ခုနှစ်မှ စတင်အကောင်အထည် ဖော်ခဲ့သည်။ စံပြလုပ်သားစီမံကိန်း ဗဟိုကော်မတီသည် သတ်မှတ်ထားသော အရည်အချင်းစံထားချက် ကိုးချက်နှင့်အညီ စံပြလုပ်သားများကို နှစ်စဉ် ရွေးချယ်ခဲ့သည်။

၁၉၇၃ – ၇၄ ခုနှစ်တွင် စံပြလုပ်သားစီမံကိန်းအရ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနပေါင်း ၅၁၉ ခုမှ ကာယ၊ ဥာဏအလုပ်သမားပေါင်း ၂,၄၄,၄၁၇ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ပထမဆင့် စံပြလုပ်သား (ဆိုရှယ်လစ်လုပ်သားကောင်း) အမျိုးသား ၆၅ ဦးနှင့် အမျိုးသမီး ၎ါးဦး၊ ဒုတိယဆင့် စံပြလုပ်သား အမျိုးသား ၂၀၇ ဦး နှင့် အမျိုးသမီး ၁၇ ဦး၊ တတိယဆင့် စံပြလုပ်သား အမျိုးသား ၄၀၁ ဦးနှင့် အမျိုးသမီး ၃၄ ဦး စုစုပေါင်း ၇၂၉ ဦး ရွေးချယ်ခံရသည်။

ဝန်ကြီးဌာနအလိုက် ရွေးချယ်ခံရသည့် စံပြလုပ်သားများသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ၁၁ ဦး၊ ကုန်သွယ်ရေးဝန်ကြီးဌာနမှ ၃၄ ဦး၊ အမှတ် (၁) စက်မှုဝန်ကြီးဌာနမှ ၁၆၉ ဦး၊ အမှတ် (၂) စက်မှုဝန်ကြီးဌာနမှ ၁၀၀ ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ၅၀ ဦး၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ၁၆ ဦး၊ ဝိဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ၁၃၇ ဦး၊ ပဋိဘာရေးဝန်ကြီးဌာနမှ ၇ ဦး၊ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနမှ ၎ါးဦး၊ လယ်ယာနှင့်သစ်တော



စံပြလုပ်သားများ ပေလီအပန်းဖြေစခန်းတွင် အနားယူအပန်းဖြေရန် မင်္ဂလာဆိပ်သို့ ရောက်ရှိလာကြစဉ် လုပ်သားပြည်သူများက ကြိုဆိုနေပုံ

ဝန်ကြီးဌာနမှ ၁၀၅ ဦး၊ သတ္တုတွင်းဝန်ကြီးဌာနမှ ၃၉ ဦး၊ သမဝါယမဝန်ကြီးဌာနမှ လေးဦး၊ အလုပ်သမား ဝန်ကြီးဌာနမှ ၄၉ ဦး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ နှစ်ဦး၊ ပုဂ္ဂလိကအဖွဲ့အစည်းများမှ နှစ်ဦး အသီးသီးဖြစ်သည်။

၁၉၇၃ – ၇၄ ခုနှစ်တွင် ရန်ကုန်တိုင်းမှ ၃၀၇ ဦး ရွေးချယ်ခြင်းခံရ၍ ကျန် ပြည်နယ်နှင့် တိုင်းများမှ ၄၂၂ ဦး အထိ တိုးတက်ရွေးချယ်ခံရသည်။ ရွေးချယ်ခံရသော စံပြလုပ်သားများသည် ငပလီ စံပြလုပ်သား အပန်းဖြေစခန်း၊ ရန်ကုန် စိမ်းမြကန်သာစခန်းနှင့်မွန်ပြည်နယ် ရာမညစက်စဲ့စခန်းတို့တွင် အသီးသီး အနားယူ အပန်းဖြေခဲ့ကြသည်။

စံပြလုပ်သားစီမံကိန်းကို စတင် အကောင်အထည်ဖော်သည့် ၁၉၆၄ – ၆၅ ခုနှစ်မှ ၁၉၇၃ – ၇၄ ခုနှစ် အထိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနပေါင်း ၅,၄၀၃ ခုမှ အလုပ်သမားပေါင်း ၃,၆၄,၀၀,၂၀၀ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ရာတွင် ပထမဆင့် စံပြလုပ်သား ၈၉၁ ဦး၊ ဒုတိယဆင့် စံပြလုပ်သား ၂,၃၂၃ ဦး နှင့် တတိယဆင့် စံပြလုပ်သား ၉,၂၆၃ ဦး ဗုဒ္ဓပေါင်း စံပြလုပ်သား ၁၂,၇၇ ဦးကို ရွေးချယ်နိုင်ခဲ့ပြီဖြစ်သည်။

**စက်မှုဘေးဒဏ်။** ။မျက်မှောက်ခေတ် ယဉ်ကျေးမှုသည် စက်မှုနည်းပညာမှ ဖွံ့ဖြိုးလာသော အသီးအပွင့်များပင်ဖြစ်၏။ ယနေ့လူသားတို့၏ စားဝတ်နေရေး၊ ပညာသင်ကြားရေးနှင့်တကွ ကျန်းမာ ပျော်ရွှင် ရေး ပါ မ ကျန် စက်မှုနည်းပညာပေါ်တွင် အခြေခံလျက်ရှိသည်။ စက်မှုလုပ်ငန်းအမျိုးမျိုးမှ ဖန်တီးပေးလိုက်သော ချမ်းသာသုခအဖုံဖုံကို လူသားတို့ခံစားရသော်လည်း စက်မှုလုပ်ငန်းကြောင့် ဝန်းကျင်ညစ်ညမ်းမှု၊ လူမျာ်းအစုလိုက်အပြုံလိုက် ဘေးသင့်မှု စသည့်ကြောက်မက်ဖွယ် အဖြစ်ဆိုးများနှင့် မကြာခဏ ကြုံတွေ့နေကြရသည်။ ၁၉၇၄ ခုနှစ်တွင် ဓာတု စက်မှုလုပ်ငန်းမှ ဘေးသင့်မှု နှစ်ကြိမ်တိုင်တိုင် ဖြစ်ပွားခဲ့သည်။ ယင်းတို့မှာ အိန္ဒိယနိုင်ငံ ဘိုပါးမြို့ ပိုးသတ်ဆေးစက်ရုံမှ အဆိပ်ငွေ့ယိုစိမ့်မှုနှင့် မက္ကဆီကိုနိုင်ငံ မက္ကဆီကိုမြို့တော်မှ လောင်စာဓာတ်ငွေ့ရည် သိုလှောင်စခန်း ပေါက်ကွဲ မီးလောင်မှုတို့ပင် ဖြစ်သည်။

### ဘိုပါးမြို့ အဆိပ်ငွေ့ယိုစိမ့်မှု

အိန္ဒိယနိုင်ငံသည် စားနပ်ရိက္ခာ တိုးတက်ထုတ်လုပ်နိုင်ရန် ၁၉၆၀ ပြည့် လွန် နှစ် များ အ တွင်း မြ စိမ်း ရောင် တော်လှန်ရေး ကို အားသွန်လုပ်ဆောင်ခဲ့သည်။ မြစိမ်းရောင် တော်လှန်ရေးတွင် ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာတို့သည် မရှိမဖြစ်သော ပစ္စည်းများပင်ဖြစ်၏။ ထို့ကြောင့် အိန္ဒိယအစိုးရသည် အမေရိကန်နိုင်ငံမှ ယူနီယံကာဗိုက်ကုမ္ပဏီအား အလွန်အစွမ်းထက်သော ကာဗာရိုင်း ပိုးသတ်ဆေးကို တိုင်းရင်းသားကုမ္ပဏီများနှင့် ဖက်စပ်ထုတ်လုပ်ရန် ၁၉၇၅ ခုနှစ်တွင် ခွင့်ပြုခဲ့သည်။ ထိုအချိန်က ယနေ့စက်ရုံတည်ရှိရာ မြို့စွန်သည် လူနေကျဲသေးသည်။ သို့သော် တည်ဆောက်ပြီးစ စက်ရုံနှင့် ရထားလမ်းတို့ကြောင့် စက်ရုံအနီးတဝိုက်တွင် လူများပြတ်သိပ်နေထိုင်မည့် ရပ်ကွက်များ မကြာမီပေါ်လာမည်ကို ကြိုတင်တွက်ဆကာ စိုးရိမ်မကင်းဖြစ်သူအချို့က စက်ရုံကို ဥပဒေနှင့်အညီ မြို့နှင့် အနည်းဆုံး ၁၅ မိုင်အကွာသို့ ပြောင်းရွှေ့ပေးရန် ကြိုးပမ်းခဲ့သည်။ သို့သော် ရှုပ်ဒွေ့ သန်း ၂၅၀ အကုန်ခံ တည်ဆောက်ထားသော စက်ရုံကို ရွှေ့ပြောင်းရန်မှာ မဖြစ်နိုင်တော့ချေ။

ကာဗာရိုင်းသည် အင်းဆက်ပိုးများနှင့် အခြားသတ္တဝါတို့၏ အာရုံကြောအဖွဲ့ကို အဆိပ်သင့်စေသည့် ကာဗာမိတ် အုပ်စုဝင် ပိုးသတ်ဆေးဖြစ်သည်။ ကာဗာမိတ် ပိုးသတ်ဆေးများထုတ်လုပ်ရာတွင် အိုင်ဆိုဆိုင်ယာနိတ် ဒြပ်ပေါင်းများကို ကုန်ကြမ်းအဖြစ် သုံးစွဲထုတ်လုပ်ရသည်။ ကာဗာရိုင်းအတွက် မီသိုင်းအိုင်အိုဆိုင်ယာနိတ် (အမ်အိုင်စီ) ကို သုံးရသည်။ အမ်အိုင်စီသည် အဆိပ်အလွန် ပြင်းသည်။ ဒုတိယကမ္ဘာစစ်အတွင်းက ဂျာမန်တို့ ထုတ်လုပ်ခဲ့သော တာဗန်၊ ဇိုးမန်၊ ဇာရင်စသည့် စစ်ပွဲသုံး အာရုံကြောအဆိပ်ငွေ့များ၏ အာနိသင်နှင့် ဆင်တူသည်။ အမ်အိုင်စီအတွက် အဆိပ်ဖြေဆေး အတိအကျမရှိသေးချေ။ ဆရာဝန်များအနေဖြင့် လူနာအား အောက်ဆီဂျင် ရှူစေခြင်း၊ စိတ်ငြိမ်ဆေးများ၊ အနာသက်သာဆေးများ တိုက်ကျွေးခြင်း စသည်တို့ကိုသာ ပြုလုပ်ပေးနိုင်သည်။ အမ်အိုင်စီအဆိပ်ငွေ့သည် ခန္ဓာကိုယ်အရေပြားမှ ကိုယ်တွင်းသို့ စိမ့်ဝင်ကာ အဆိပ်သင့်စေနိုင်သည်။ အဆိပ်ဓာတ်ငွေ့နှင့် ထိမိပါက မခံမရပ်နိုင်အောင် မျက်စိကျိန်းစပ်ကာ မျက်ကြည်လွှာတဖြည်းဖြည်းမှုန်လာပြီး နောက်ဆုံး မျက်စိလုံးဝကွယ်သွားတတ် သည်။ ရှူ ရှိုက် မိ လျှင် လေ ရှူ လမ်း ကြောင်း တလျှောက်မှကြွက်သားများကျုံ့ ဝင်သွားသဖြင့် အသက်ရှူ ကျပ်ကာ ပန်းနာထသကဲ့သို့ ခံစားရသည်။ အမ်အိုင်စီသည် အဆုတ်ကိုလည်း ထိခိုက်စေသောကြောင့် အဆုတ်ရေအောင်းခြင်း၊ အဆုတ်ရောင်ခြင်း စသည့် ရောဂါများ ဖြစ်ပွားလာတတ်သည်။ များများရှူမိပါက အဆုတ်တွင် ချက်ချင်း ရေအမြောက်အမြား ခိုအောင်းလာကာ ရေနစ်သူကဲ့သို့ အသက်မရှူနိုင်တော့ပဲ မွန်းကျပ်သေဆုံးရ၏။ ယင်းတို့မှာ လတ်တလော အကျိုးများပင် ဖြစ်သည်။ ရေရှည်တွင် မည်သည့်အကျိုးဆက်များ ပေါ်လာမည်ကို မည်သူမျှ အတိအကျ မသိသေးချေ။

အမ်အိုင်စီသာလျှင် အန္တရာယ်ကြီးမားသည် မဟုတ်ယင်းကိုထုတ်လုပ်ရာတွင်လည်း အဆိပ်အလွန် ပြင်း သော ဓာတ်ငွေ့များပါဝင်နေ၍ အန္တရာယ်ကြီးမားသည်။ အဆိပ်အတောက်ပြင်းထန်သော ကာဗွန်မိုနော့ဆိုက်နှင့် ကလိုရင်း ဓာတ်ငွေ့တို့ကို ဦးစွာပေါင်းစပ်ပေးရသည်။ ထိုအခါ အလားတူ အဆိပ်ဓာတ်ငွေ့ တခုဖြစ်သည့် ဖော့စဂျင်းကို ရသည်။ ဖော့စဂျင်းနှင့် မီသိုင်းအေမင်း ဓာတ်ငွေ့တို့ကို ဓာတ်ပြုစေသောအခါ အလွန်အငွေ့ပျံလွယ်သော အမ်အိုင်စီအဆိပ်ရည် ထွက်ပေါ်လာသည်။ ယင်းကို အာလဖာနက်ဟုခေါ်သော ဓာတုပစ္စည်းနှင့် ပေါင်းစပ်ပေးလိုက်သောအခါ ကာဗာရိုင်းပိုးသတ်ဆေးကို ရရှိသည်။ ကာဗာရိုင်းသည်လည်း အလွန်ပြင်းထန်သော အဆိပ်ပင်ဖြစ်၏။ ထို့ကြောင့် ကာဗာရိုင်းထုတ်လုပ်သော နည်းစဉ်တခုလုံးသည် အလွန်အန္တရာယ်ကြီးမားလှသည်။ နည်းစဉ်အဆင့်ဆင့်တွင် အဆိပ်ပြင်းထန်သော ဓာတ်ငွေ့များ ပါဝင်နေသဖြင့် ပိုက်လိုင်းများ၊ သိုလှောင်စည်များ၊ ဓာတ်ငွေ့လုံရန် အထူးဂရုစိုက်ရသည်။ အကယ်၍ ဓာတ်ငွေ့ယိုစိမ့်မှု ဖြစ်လာပါက ဘေးမသင့်ရအောင် ဘေးကင်းအစီအစဉ် အမျိုးမျိုးကို ကြိုတင်ပြုလုပ်ထားရသည်။

ဘိုပါးမြို့စက်ရုံမှ အမ်အိုင်စီအဆိပ်ရည် သိုလှောင်စည်သုံးလုံးကို မြေကြီးထဲတွင် အတန်ငယ် မြှုပ်ထားသည်။ အပူသက်သာပြီး အဆိပ်ရည်အငွေ့ပျံမှု နည်းပါးစေရန်ပင် ဖြစ်သည်။ ထို့ပြင် စည်များအတွင်း၌ အအေးဓာတ်ပေးစနစ်ကိုလည်း တပ်ဆင်ထားသေးသည်။ အကယ်၍ အကြောင်းတခုခုကြောင့် အဆိပ်ရည်များ အလွန်အကျွံအငွေ့ပျံကာ စည်ထဲတွင် အဆိပ်ငွေ့ဖိအား တက်လာပြီး ယိုစိမ့်ထွက်ခဲ့သော် ထိုအဆိပ်ငွေ့ကို စုပ်ယူခြေဖျက်ပစ်မည့် ဓာတ်ငွေ့စုပ်ခွက်များကို စည်ထိပ်တွင် တပ်ထားပြန်သည်။ စုပ်ခွက်ထဲတွင် ကော့စတစ်ဆိုဒါရည် လှတ်ပေးထားရာ ယင်းက အမ်အိုင်စီကို စုပ်ယူကာ အဆိပ်အတောက်ကင်းသည့် မီသိုင်းအေမင်းနှင့် ဆိုဒီယမ်ဗိုင်ကာဗွန်နိတ် အဖြစ် ခြေဖျက်ပစ်မည် ဖြစ်သည်။ အဆိပ်ငွေ့များ မတန်တဆ ယိုစိမ့်ထွက်ပြီး စုပ်ခွက်မနိုင်မနင်းဖြစ်ခဲ့သော် အဆိပ်ငွေတိကို ပေ ၈၀ မြင့်သည့် မီးရှို့တိုင်အတွင်း စုယူကာ တိုင်ထိပ်ဖျားတွင် မီးရှို့ပစ်နိုင်ရန် ထပ်ဆင့်စီစဉ်ထားသေးသည်။ သို့သော် အမေရိကန်နိုင်ငံမှ စက်ရုံများကဲ့သို့ ဓာတ်ငွေ့ဖိအားကို မျက်ခြည်မပြတ် ထောက်လှမ်းရန် အီလက်ထရောနစ် အလိုအလျောက် ထောက်လှမ်းရေးကိရိယာများနှင့် ဓာတ်ငွေ့ယိုစိမ့်ထွက်လာပါက အလိုအလျောက် အရေးပေါ် အချက်ပေးမည့် ကိရိယာများ အရေးကြီးသောနေရာများသို့ အလိုအလျောက် ဖုန်းဆက်အကြောင်းကြားပေးမည့် ကွန်ပျူတာစက်များ တပ်ဆင်သုံးစွဲနိုင်ခြင်းမရှိခဲ့ချေ။ ထို့ကြောင့် အဆိပ်ရည်များ အလွန်အကျွံအငွေ့ပျံပြီး ယိုစိမ့်မှုအန္တရာယ် ရှိမရှိ သိနိုင်ရန် စည်တွင်တပ်ဆင်ထားသော ဓာတ်ငွေ့ဖိအားပြဒိုင်ခွက်ကိုသာ အားကိုး၍ လူကိုယ်တိုင်ကြည့်ရှုစစ်ဆေးရသည်။

ဘိုပါးစက်ရုံတွင် ယခင်ကလည်း ဓာတ်ငွေ့ယိုစိမ့်မှုမကြာခဏ ဖြစ်ပွားခဲ့သည်။ ၁၉၈၁ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ဖော့စဂျင်းဓာတ်ငွေ့ ယိုစိမ့်မှုကြောင့် လုပ်သားတဦးသေဆုံးခဲ့ရပြီး ၁၅ ရက်အကြာတွင် နောက်တကြိမ် ယိုစိမ့်မှုဖြစ်ပြန်ရာ စက်ရုံလုပ်သားများနှင့် စက်ရုံအနီးတွင် နေထိုင်သူများအပါအဝင် လူပေါင်း ၂၄ ဦးပြင်းထန်စွာအဆိပ်သင့်ခဲ့ရသည်။ ၁၉၈၂ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့ည တွင် ဓာတ်ငွေ့ ယိုစိမ့်မှုဖြစ်ပြီး စက်ရုံအနီးမှ လူနေရပ်ကွက်ထဲသို့ ဓာတ်ငွေ့များပျံ့ထွက်လာရာ လူများရုန်းရင်းဆန်ခတ် ဖြစ်သွားကြသည်။ ၁၉၈၃ ခုနှစ်တွင် ဓာတ်ငွေ့ယိုစိမ့်မှု နှစ်ကြိမ်တိုင်တိုင် ဖြစ်ပွားခဲ့ပြီး ၁၉၈၄ ခုနှစ်တွင် စက်ရုံလုပ်သားတဦး ဓာတုဗေဒအဆိပ်ကြောင့် သေဆုံးခဲ့ပြန်သည်။ သို့ဖြစ်ရာ ဘိုပါးစက်ရုံတွင် ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားနေသည်မှာ ကာလအတန်ကြာကပင် ဖြစ်သည်။ ကံကောင်း ထောက်မသဖြင့်သာ လူအမြောက်အမြား ဘေးသင့်သည့်အဆင့်သို့ မရောက်ခဲ့ရချေ။ ပိုးသတ်ဆေးစက်ရုံ၏ အန္တရာယ် ကြီးမားပုံကို တဖြည်းဖြည်းသိရှိလာသော လူအချို့က လူများအစုလိုက်အပြုံလိုက် ဘေးသင့်နိုင်ကြောင်း သက်ဆိုင်ရာအာဏာပိုင်များထံ တင်ပြခဲ့ကြဖူးသည်။ ထို့ပြင် ၁၉၈၂ ခုနှစ် စက်ရုံစစ်ဆေးမှုအစီရင်ခံစာတွင် ဘိုပါးစက်ရုံ၌ ဘေးကင်းအစီအစဉ် ချိုးဖောက်မှု ၁၀ မျိုးကို စစ်ဆေးတွေ့ရှိရကြောင်း ဖော်ပြထားသည်။

၁၉၈၄ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့နံနက်စောစောတွင် အမ်အိုင်စီ တန်ချိန် ၄၀ စီ ထည့်ထားသော စည်သုံးလုံးအနက် တလုံးတွင် ဓာတ်ပြုမှုဖြစ်ပေါ်ပြီး အပူချိန်တိုးလာသဖြင့် အဆိပ်ရည်များ အလွန်အကျွံ အငွေ့ပျံကာ ဖြူဖွေးသောအဆိပ်ငွေ့များသည် လူများပြတ်သိပ်နေထိုင်သည့် ရပ်ကွက်များဆီသို့ အနောက်မြောက်လေနှင့်အတူ ပျံ့လွင့်လာခဲ့သည်။ အိပ်ပျော်နေကြသော မြို့သူမြို့သားတို့သည် အဆိပ်ငွေ့များလွှင့်လာသည်ကို မသိနိုင်ကြပေ။ ထိုအချိန်တွင် စက်ရုံမှ ညပိုင်းတာဝန်ကျထိန်းသိမ်းရေးလုပ်သားတဦးသည် အမ်အိုင်စီ သိုလှောင်စည် တလုံးတွင် အဆိပ်ဓာတ်ငွေ့ဖိအား အဆမတန် တက်နေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် သူ့အထက်မှ အလုပ်ကြပ်အား အကြောင်းကြားခဲ့သည်။ အလုပ်ကြပ်သည် ဥဩဆဲကာ အန္တရာယ် ဆိုက်ရောက်လာကြောင်း အချက်ပေးခဲ့သည်။ အချိန်မှာ နံနက် ၅နာရီခန့်ဖြစ်သည်။ သို့သော်ဥဩသံ၏

အဓိပ္ပာယ်ကို နားမလည်သော မြို့သူ မြို့သား အတော်များများသည် စက်ရုံ မီးလောင်သည်ဟု ယူဆပြီး စက်ရုံဆီသို့ ပြေးလွှား ထုတ်လာကြရာ မြို့ဘက်သို့ လွှင့်လာသော အဆိပ်ငွေ့လုံးကြီးနှင့် ရင်ဆိုင်တိုးမိပြီး အသက်ဆုံးရှုံးကြရသည်။


မကြာမီ အဖြူရောင် အဆိပ်ငွေ့လုံးကြီးသည် လူနေရက်ကွက်များအတွင်း ရောက်ရှိလာရာ လူပေါင်း ၂,၀၀,၀၀၀ ခန့်သည် မြို့ထဲမှလမ်းများပေါ်တွင် ဆောက်တည်ရာမရ ပြေးလွှားအော်ဟစ်ကာ တဦးနှင့်တဦး အကူအညီတောင်းကြယင်း အလွန်မွန်သော အဆိပ်ငွေ့၏ ဒဏ်ကြောင့် မခံမရပ်နိုင်အောင် မျက်စိကျိန်းစပ်ကာ ချောင်းဆိုးပြီး မူးဝေအော့အန်ကြတော့သည်။ အချို့သည် လမ်းပေါ်မှာပင် ထိန်းမနိုင်သိမ်းမရ ဝမ်းလျှောကုန်ကြသည်။ လူအတော်များများသည် ချက်ချင်းမူးမေ့လဲကျပြီး သေဆုံးသွားကြသည်။ လူများသာမက ကျွဲနွားတိရစ္ဆာန်များနှင့် ခွေးများပါမကျန် မြေပေါ်တုံးလုံးလဲကာ မချိမဆန့် အသက်ထွက်ကြရသည်။ စက်ရုံအနီးတွင် တည်ရှိသော ဘူတာရုံတွင်လည်း မီးရထားလုပ်သားများနှင့် ရထားစောင့်နေသူများ အတုံးအရုံး သေဆုံးကာ နာရီပေါင်း ၂၀ ခန့် ရထားသွားလာမှု ရပ်ဆိုင်းသွားခဲ့သည်။ ထို့ကြောင့် အသက်ရှင် ကျန်ရစ်သူများအဖို့ အဆိပ်သင့်နေသောမြို့မှ ရထားဖြင့်ထွက်ပြေးရန် ရုတ်တရက် မတတ်နိုင်တော့ပေ။ ကိုယ်ပိုင်ကားရှိသော မိသားစုများသည် အဆိပ်ငွေ့နှင့် လွတ်ကင်းရာသို့ ကားမောင်းပြေးကြသည်။ သို့သော် ကားမောင်းသူများသည် အဆိပ်ငွေ့ကြောင့် မျက်စိမမြင်မကန်းဖြစ်နေရာ ယာဉ်တိုက်မှုများဖြစ်ပွားပြီး လူအများအပြား ထိခိုက်သေဆုံးကြပြန်သည်။

ဆေးရုံသို့ အတောမသတ်ရောက်ရှိလာသော လူအုပ်ကြီးများကိုလည်း ဆရာဝန်များက လက်လှမ်းမီရာဆေးဝါးများဖြင့် တတ်စွမ်းသမျှ ပြုစုကုသပေးကြသည်။ သို့သော် အမ်အိုင်စီ အဆိပ်သင့်သည့် အန္တရာယ်နှင့် ကြုံလာပါက အရေးပေါ် လုပ်ဆောင်ပေးရမည့် အစီအစဉ်များ ကို ကြိုတင်တွက်ဆ ထားခြင်းမရှိသဖြင့် လူနာများအတွက် အကျိုးရှိသင့်သလောက်မရှိခဲ့ပေ။ ဆရာဝန်အချို့မှာလည်း အဆိပ်ငွေ့မိထားသဖြင့် အလုပ်မလုပ်နိုင် ကြတော့ချေ။ နံနက်လင်းသော အခါ ဘိုပါးမြို့ လမ်းများပေါ်တွင် အလောင်းများ ပြန့်ကျဲနေတော့သည်။

အဆိပ်ငွေ့ ယိုစိမ့်မှုစတင်ဖြစ်ပွားပြီး မိနစ် ၃၀ ကြာမှသာ ယိုစိမ့်နေသောစည်ကို ပိတ်ဆို့နိုင်ခဲ့သည်။ ထိုအချိန်အတွင်း စည်ထဲမှ အဆိပ်ရည် အနည်းဆုံး ငါးတန်ခန့် အငွေ့ပျံထွက်ခဲ့သည်ဟု ဆိုသည်။ အဆိပ်ဒဏ်ကြောင့် မြို့နေလူထု ၂,၅၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရပြီး ၄၀၀၀ ခန့် ဒဏ်ရာရရှိကာ ၁,၀၀,၀၀၀ ခန့် သေလုမျောပါး ဖြစ်ခဲ့ကြရသည်။ ဒဏ်ရာရသူများအနက် ၃၃ ရက်အတွင်း လူ ၄၄ ဦး သေဆုံးပြီး လူ ၅၀၀ ကျော် မျက်စိဝေဒနာ ခံစားနေရကာ အချို့မှာ မျက်စိ လုံးဝ ကွယ်သွားလိမ့်မည်ဟု ဆိုသည်။ နောက်ထပ် မည်မျှသေဆုံးကြဦးမည်ကို လည်းကောင်း၊ ရေရှည်တွင် မည်သည့် အကျိုးဆက်များ ဖိစီးလာမည်ကို လည်းကောင်း၊ မစွမ်းမသန် ဒုက္ခိတများ မည်မျှ ပေါ်ထွက်လာမည်ကို လည်းကောင်း မည်သူမျှ မပြောနိုင်ပေ။ သို့သော် ဆေးပညာရှင်အချို့ကမူ ထိုသူများတွင် ကျောက်ကပ်နှင့်အသည်း ချွတ်ယွင်းမှု၊ ဦးနှောက် ထိခိုက်မှုများ ဖြစ်ပွားလာနိုင်ရုံသာမက သားသမီး မရနိုင်အောင် မြုံသွားနိုင်သည်ဟုလည်း ဆိုကြသည်။ အဆိပ်ငွေ့များများ ရှူမိသူများအဖို့ ရာသက်ပန် အဆုတ်ထိခိုက်သွားမည်ဟုဆိုသည်။

ဘိုပါးမြို့ အဆိပ်ငွေ့ ယိုစိမ့်မှုသည် သမိုင်းတွင် အကြီးမားဆုံး စက်မှုဘေးဒဏ်သင့်ခြင်းပင် ဖြစ်သည်။ အမ်အိုင်စီသို့လှောင် စည်ထဲမှ အဆိပ်ရည်များ အဘယ်ကြောင့် ခတ်ပြုကာ အပူချိန်တိုးလာပြီး အလွန်အကျွံ အငွေ့ပျံထွက်ရသည်ကိုမူ ယခုတိုင် မသိရသေးချေ။ သို့သော် ယိုစိမ့်ထွက်လာသော အဆိပ်ငွေ့များကို စုပ်ယူချေဖျက်ပစ်နိုင်ရန် စည်တွင်တပ်ဆင်ထားသည့် ခတ်ငွေ့စုပ်ခွက်မှာမူ အချင်းဖြစ်ပွားစဉ်က ပျက်နေသဖြင့် ပြင်ဆင်နေရချိန် ဖြစ်သည်။ ထို့ပြင် ခတ်ငွေ့စုပ်ခွက် မနိုင်မနင်း ဖြစ်လာပါက အဆိပ်ငွေ့များကို စုယူမီးရှို့ပစ်မည့် မီးရှို့တိုင်ကိုလည်း ပိတ်ထားခဲ့ရသည်မှာ ရက်သတ္တ နှစ်ပတ် ကြာနေပြီဖြစ်သည်။ အမ်အိုင်စီ အဆိပ်ရည် စည်သုံးလုံးမှ အအေးခတ်ပေး စနစ်လည်း လပေါင်းအတန်ကြာကပင် ချွတ်ယွင်းနေခဲ့သည်ဟု ဆိုသည်။ ထို့ကြောင့် စည်ထဲမှ အငွေ့ပျံထွက်လာသော အဆိပ်ငွေ့ ငါးတန် ခန့်သည် အဆီးအတား မရှိပဲ လူနေ ရပ်ကွက်အတွင်း ပျံလွှင့်လာခဲ့ခြင်း ဖြစ်သည်။

ဘိုပါး စက်ရုံတွင် အကယ်၍ အဆိပ် ခတ်ငွေ့များ ယိုစိမ့်ထွက်ခဲ့သော် စက်ရုံအနီးတဝိုက်မှ လူများ အားမည်သို့မည်ပုံ အချက်ပေး သိရှိစေမည်၊ ထိုအခါ မည်သို့ အကာအကွယ်ယူရမည်၊ တိမ်းရှောင်ရန် လိုအပ်ပါက မည်သည့်အရပ်သို့ တိမ်းရှောင်ရမည်၊ လူများ အဆိပ်ငွေ့သင့်ခဲ့သော် ဆေးရုံဆေးခန်းများမှ မည်သည့်နည်းဖြင့် အရေးပေါ် ကုသပေးသင့်သည်၊ မည်သည့် ဆေးဝါးနှင့် ပစ္စည်းကိရိယာများကို စက်ရုံနှင့်ပတ်သက်သော အရေးပေါ် ကိစ္စများအတွက် အသင့် ဆောင်ထားဖို့ လိုသည်စသည့် အသေးစိတ် အစီအစဉ်တို့ကိုလည်း စက်ရုံတာဝန်ခံများက မြို့နေလူထုနှင့် သက်ဆိုင်ရာ တာဝန်ရှိသူတို့အား



မက္ကဆီကိုမြို့အစွန် ဆန်ဟွာနိုကိုအရပ်တွင် လောင်စာဓာတ်ငွေ့ရည် သိုလှောင်ဖြန့်ဖြူးရေးစခန်း ပေါက်ကွဲလောင်ကျွမ်းနေစဉ်

ကြိုတင် အသိပေးထားခြင်း မရှိခဲ့ချေ။ အမေရိကန်နိုင်ငံမှ ဘေးမကင်းသော ဓာတုပစ္စည်းများ ထုတ်လုပ်သည့်စက်ရုံများကမူ အရေးပေါ်ဆောင်ရွက်ရမည့် အသေးစိတ် အစီအစဉ်တို့ကို စာဖြင့် ရေးသားကာ စက်ရုံအနီးတဝိုက်မှ လူများထံ အခါအားလျော်စွာ ပေးပို့လေ့ရှိသည်။ စက်ရုံအချို့သည် အနီးတဝိုက်မှ လူများအတွက် အရေးပေါ်ဘေးကင်း အစီအစဉ်များကို ရုံဖန်ရုံခါ လက်တွေ့ပင် လေ့ကျင့်ပေးကြသေးသည်။ ဘိုပါးမြို့မှ ကြေကွဲဖွယ်ရာ အဖြစ်ဆိုးသည် စက်မှုနည်းပညာလုပ်ငန်းများကို အင်အား ရှိသမျှနှင့် ထူထောင်ကာ နိုင်ငံဖွံ့ဖြိုးရေးကို အားသွန်ကြိုးပမ်းပါသော်လည်း ယင်းလုပ်ငန်းများမှ ပေါ်ထွက်လာမည့် စက်မှုဘေးအန္တရာယ်များအတွက် လိုအပ်သော ဘေးကင်းအစီအစဉ်များ ပြည့်စုံအောင် မစွမ်းဆောင်နိုင်သေးသည့် ဖွံ့ဖြိုးဆဲ နိုင်ငံအချို့အဖို့ လူအသက်ပေါင်း များစွာနှင့် ရင်းနှီးယူခဲ့ရသော အဖိုးတန် သင်ခန်းစာပင် ဖြစ်လေသည်။

## မက္ကဆီကိုမြို့ ဓာတ်ငွေ့ရည်သိုလှောင်စခန်း ပေါက်ကွဲမီးလောင်မှု

အိန္ဒိယနိုင်ငံ ဘိုပါးမြို့တွင် စိုက်ပျိုးရေး ဓာတုစက်မှုလုပ်ငန်းမှ ဘေးသင့်ခဲ့ရသည့်နည်းတူ မက္ကဆီကိုနိုင်ငံ မက္ကဆီကို မြို့တော်တွင်လည်း ရေနံ ဓာတု စက်မှုလုပ်ငန်းကြောင့် လူ ၄၅၂ ဦး အရှင်လတ်လတ် မီးလောင်ကျွမ်း သေဆုံးခဲ့ရသည်။

မက္ကဆီကို ရေနံကုမ္ပဏီသည် လူဦးရေ ၁၇ သန်းရှိသော မက္ကဆီကိုမြို့အစွန် ဆန်ဟွာနီကို အရပ်တွင် လောင်စာဓာတ်ငွေ့ရည် သိုလှောင်ဖြန့်ဖြူးရေးစခန်းတည်ဆောက်ထားခဲ့သည်။ စခန်းစတင်တည်ထောင်သည့် လွန်ခဲ့သော နှစ်ပေါင်း ၂၀ ခန့်ကမူ ထိုနေရာတွင်လူနေအိမ်များမရှိသေးပဲ စခန်းကို မြက်ခင်းပြင်များကသာ ဝန်းရံထားသည်။ သို့သော် နှစ်ပေါင်း ၂၀ အတွင်း ဆန်ဟွာနီကိုတွင် လူများတဖြည်းဖြည်း အခြေကျနေထိုင်လာရာ ယခုအခါ ဓာတ်ငွေ့ရည် သိုလှောင်စခန်းသည် လူများပြတ်သိပ်နေသည့် မြို့စွန်ရပ်ကွက်ထဲတွင် ရောက်နေတော့သည်။

၁၉၇၄ ခုနှစ် နိုဝင်ဘာလ၏ တခုသော အရုဏ်ဦးတွင် ဓာတ်ငွေ့ရည်သိုလှောင်စခန်းမှ မိုးကြိုးပစ်သကဲ့သို့ ပြင်းထန်သော ပေါက်ကွဲသံကြီး ထွက်ပေါ်လာကာ ကောင်းကင်တခုလုံး နီရဲသွားပြီး ဆန်ဟွာနီကို ရပ်ကွက်လည်း သိမ့်သိမ့်တုန်သွားသည်။ မိနစ်ပိုင်းအတွင်း ဧရာမမီးလုံးကြီး ရပ်ကွက်အတွင်းသို့ ရောက်ရှိလာပြီး လူနေအိမ်အမြောက်အမြားကို တမုဟုတ်ချင်း ဖုံးလွှမ်းဝါးမျိုပစ်လိုက်သည်။ လူအတော်များများသည် ရှောင်တိမ်းရန်ပင် အချိန်မရလိုက်ပဲ အိပ်ရာထဲတွင် မီးလောင်ကျွမ်းခံကြရသည်။ တကိုယ်လုံး မီးတောက်လောင်နေသော်လည်း အသက် မသေသေးသူတို့သည် မီးတောက်မီးလျှံများ ပတ်လည်ဝိုင်းနေသော လမ်းများပေါ်တွင် သွေးရူးသွေးတန်းဖြင့် ဟစ်အော်ပြေးလွှားကာ လွတ်မြောက်ရာလမ်းစရှာယင်း အသက်ဆုံးရှုံးကြရသည်။ ဓာတ်ငွေ့ရည် သိုလှောင်စခန်းမှ ပေါက်ကွဲ လွင့်စဉ်

လာသော ပူလောင်သည့် သတ္တုအကျိုးအပဲ့များကလည်း အဆက်မပြတ် ကျဆင်းလာရာ လူအများအပြားမှာ မီးလောင် ခံရရှာသာမက သတ္တုအပိုင်းအစများ ထိမှန်သည့် ဒဏ်ရာပါ ရကုန်ကြတော့သည်။ မီးတောက် မီးလှျံများ ငြိမ်းသွားသည့်တိုင် လူသားမီးလောင်သော အနံ့သည် လေထဲတွင် ပျံ့လွင့်နေသေးသည်။

မီးလောင်မှုကြောင့် လူပေါင်း ၄၅၂ ဦး သေဆုံးပြီး ၄,၂၄၈ ဦး ဒဏ်ရာရခဲ့ကြသည်။ ကလေးသူငယ် ၆၀၀ ခန့် မှာလည်း မိဘမဲ့ ဖြစ်ကုန်ကြတော့သည်။ အိမ်ပေါင်း ၁,၄၀၀ မီးလောင်ပျက်စီးသွားပြီး မိသားစုပေါင်း ၁,၆၀၀ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ကြရသည်။ ယင်းသည် မက္ကဆီကိုမြို့ သမိုင်းတွင် အကြီးမားဆုံး ဘေးဒဏ်သင့်မှုပင် ဖြစ်သည်။ ဓာတ်ငွေ့ရည် သိုလှောင်စခန်း အဘယ်ကြောင့် ပေါက်ကွဲ မီးလောင်ရသည်ကိုမူ ယခုတိုင် တိကျစွာ မသိရသေးချေ။ နောင်လည်း အတိအကျသိနိုင်မည်မဟုတ်။ အဘယ်ကြောင့် ဆိုသော် ပေါက်ကွဲမှုအကြောင်း သိနိုင်မည့်သူအားလုံး မီးလောင် သေဆုံးသွားခဲ့ကြပြီ ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ဆန်ဟွာနိကို ရပ်ကွက်သားများကမူ ဓာတ်ငွေ့ရည် သိုလှောင်စခန်းအနီးတဝိုက်တွင် လောင်စာဓာတ်ငွေ့နံ့ အမြဲနံ့စော်နေပြီး မီးမလောင်မီ ရက်ပိုင်းအလိုတွင် ဓာတ်ငွေ့နံ့သည် ပိုမိုဆိုးရွားလာခဲ့သည်ဟု ဆိုသည်။

လောင်စာ ဓာတ်ငွေ့ရည် လုပ်ငန်း သည် မီးဘေး အန္တရာယ် ကြီးမားလွန်းလှသည်။ ထို့ကြောင့် အနီးတဝိုက်တွင် လူနေအိမ်များမရှိစေပဲ သီးသန့်မြေကွက်လပ်ချန်ကာ ဘေးကင်း ဇုံအဖြစ် သတ်မှတ်ထားသင့်သည်။ အကယ်၍ ဆန်ဟွာနိကို လောင်စာဓာတ်ငွေ့ရည် သိုလှောင်စခန်းတွင် လုံလုံ လောက်လောက် ကျယ်ပြန့်သော ဘေးကင်းဇုံသာ ထားရှိခဲ့ပါမူ မီးလောင်ပေါက်ကွဲမှုဖြစ်သည့်တိုင် ယခုကဲ့သို့ လူအမြောက်အမြား ဘေးဒဏ်သင့်ကြမည် မဟုတ်ချေ။

ဓာတုစက်မှုလုပ်ငန်း အများစုသည် ဘေးမကင်းသော ပစ္စည်းများကို နေ့စဉ်နှင့်အမျှ သုံးစွဲလုပ်ကိုင်ကြရသည်။ လူနှင့်တကွ လှုပ်ရှားကြင်အတွက်ပါ ဘေးအန္တရာယ်ကြီးမားသော ဓာတုပစ္စည်းများသည် စက်ရုံအလုပ်ရုံနှင့် သိုလှောင်စခန်းများတွင်သာ ရှိနေသည်မဟုတ်။ ယင်းပစ္စည်းတို့ကို ယာဉ် အမျိုးမျိုးဖြင့် ကုန်းလမ်း၊ ရေလမ်းအသုံးပြုကာ ဝေးလံရပ်ခြား နေရာများသို့ တင်ပို့ပေးရသည့် အခါများလည်းရှိသည်။ ထိုအခါ လမ်းခရီး၌ မတော်တဆ ဖြစ်ပွားမှု ပေါ်ပေါက်ပြီး လူအများ ဘေးဒဏ်သင့်နိုင်ကြောင်း အစဉ်သတိပြုသင့်သည်။ သို့ဖြစ်ရာ ဓာတုစက်မှုလုပ်ငန်း တခု ထူထောင်မည်ကြံတိုင်း ထိုလုပ်ငန်းမှ ထုတ်ပေါ်လာမည့် ဓာတုပစ္စည်းများ၏ ဝန်းကျင်ဘေးသင့်နိုင်မှု အတိုင်းအတာကို သေချာစွာ ဆန်းစစ်ကြည့်ရန်လိုသည်။ အထူး သဖြင့် ထိခိုက်ဒဏ်ရာရသူများအတွက် အရေးပေါ်ဆေးဝါး ကုသပေးရန် လိုအပ်ချက်များ အချိန်မီ မရနိုင်သည့်နေရာများတွင် ဓာတုပစ္စည်းများကြောင့် မတော်တဆဖြစ်ပွားမှု ပေါ်ပေါက်ခဲ့သော် မည်သို့ လုပ်ဆောင်ရမည်ကို ကြိုတင် စီစဉ်ထားရန် မမေ့အပ်ချေ။

ဒေါက်တာ အာလော

ဆုမြို့ငှ (တက္ကသိုလ်) (ခရစ် ၁၉၃၄–၁၉၈၄)။ ။

တက္ကသိုလ်ဆုမြို့ငှဟု ထင်ရှားသော သတင်းစာဆရာ၊ စာရေးဆရာ၊ ကျောင်းဆရာ ဦးဆုမြို့ငှကို ၁၉၃၄ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့တွင် မကွေးတိုင်း နတ်မောက်မြို့၌ အဖ အထက်တန်းရွေနေကြီး ဦးမင်းဇင်၊ အမိ ဒေါ်ဒေါ် ချစ်တို့က မွေးဖွားသည်။ မွေးချင်း ၁၃ ယောက်တွင် ဘတ္တမမြောက် သားဖြစ်သည်။

နတ်မောက်မြို့၊ ဒီပက်ထရကျောင်း ဆရာတော် ဦးသောဘိတထံ၌ စတင်ပညာသင်သည်။ ထို့နောက် ၁၉၂၈ ခုနှစ်တွင် ပျော်ဘွယ်မြို့ အမျိုးသား အထက်တန်းကျောင်းသို့ ပြောင်းရွှေ့ ပညာ သင်ကြားခဲ့ရာ ၁၉၃၂ ခုနှစ်တွင် ဆယ်တန်း အောင်သည်။ ရန်ကုန် တက္ကသိုလ်တွင် ဆက်လက် ပညာသင်ခဲ့ပြီး ၁၉၃၈ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ ရသည်။

တက္ကသိုလ်တွင် ပညာသင်ကြားနေစဉ် ၁၉၃၆ ခုနှစ်မှ စ၍ စာပေနှင့် စာနယ်ဇင်းလောကသို့ ဝင်ထွေက်ခဲ့သည်။ သူရိယသတင်းစာ သတင်းထောက်၊ ရန်ကုန် တက္ကသိုလ် စစ်ကိုင်းကျောင်းဆောင် သဟာယအဖွဲ့က ထုတ်ဝေသော စစ်ကိုင်းဂုဏ်ရည်မဂ္ဂဇင်း အယ်ဒီတာ စသည်ဖြင့် ဆောင်ရွက်ခဲ့သည်။



စာရေးဆရာ တက္ကသိုလ် ဆုမြို့ငှ

ထို့နောက် တိုးတက်ရေး၊ နဂါးနီ၊ အိုးဝေ၊ ဘားမား ဂျာနယ်တို့တွင် ဆောင်းပါးများကို ရေးသားယင်း ဆယ်သန်းသတင်းစာ၌ အယ်ဒီတာအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ၁၉၃၈ ခုနှစ်တွင် တက္ကသိုလ် ဆုမြို့ငြိ၏ ပထမဆုံးစာအုပ်ဖြစ်သော လွတ်လပ်ရေးတိုက်ပွဲအမည်ရှိ စာအုပ်ကို နဂါးနီစာအုပ်အသင်းက ထုတ်ဝေခဲ့သည်။

၁၉၃၉ ခုနှစ်တွင် မိတ္ထီလာမြို့၊ အမျိုးသား အထက်တန်းကျောင်း၌ အမျိုးသား ကျောင်းဆရာအဖြစ် ဝင်ရောက်လုပ်ကိုင်လျက် ၁၉၄၀ ပြည့်ကာလအတွင်း ရောင်နီ၊ တောင်ထွက်ကြီး စသည့် ဝတ္ထုများကို ရေးသားထုတ်ဝေခဲ့သည်။

ဦးဆုမြို့ငြိသည် တော်စတို့ငြိး၏ ဝတ္ထု များ ကို လည်း ဘာသာပြန်သည်။ ထူးတဲ့ကိုး၊ နည်း ၁၀၈၊ နည်း ၉၉ စသည့် ကျမ်းများကိုလည်း ရေးသားပြုစုခဲ့သည်။ ဦးအာကာ ကလောင်အမည်နှင့် သင့်ဘဝခရီးစဉ်အမည်ရှိ စာအုပ်ကိုလည်း ရေးသားထုတ်ဝေခဲ့သည်။

ဦးဆုမြို့ငြိသည် ဒုတိယကမ္ဘာစစ် ကာလအတွင်း နတ်မောက်မြို့တွင် အင်္ဂလိပ် – မြန်မာ ဆယ်တန်းကျောင်း ဖွင့်ခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် နတ်မောက်မြို့၌ပင် ဗိုလ်ချုပ်အောင်ဆန်း အထိမ်းအမှတ် နိုင်ငံတော်တန်းမြင့်ကျောင်းကို တည်ထောင်သည်။ ၁၉၄၈ ခုနှစ်မှ ၁၉၅၅ ခုနှစ်အထိ ထိုကျောင်းတွင် ကျောင်းအုပ်ဆရာကြီးအဖြစ် အမှုထမ်းသည်။

၁၉၅၈ ခုနှစ်တွင် နတ်မောက်မြို့ အရှေ့ပိုင်း ပါလီမန် အမတ်အဖြစ် အရွေးခံရသည်။ ဦးဆုမြို့ငြိသည် နတ်မောက်မြို့ ဒီပက်ရာကျောင်းတိုက် ဆရာတော် ဦးဥတ္တရ၏ ခမည်းတော်လည်း ဖြစ်သည်။

ဦးဆုမြို့ငြိသည် ၁၉၆၄ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် မကွေးမြို့၌ ကွယ်လွန်သည်။ ဇနီးဒေါ်သန်းတင်နှင့် သားတယောက် ကျန်ရစ်သည်။

## ဆိုဗီယက် ဆိုရှယ်လစ် ပြည်ထောင်စု သမ္မတနိုင်ငံ။

။ဆိုဗီယက်ကွန်မြူနစ်ပါတီ (စီပီအက်စ်ယူ) ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးအဖြစ် ၁၉၅၂ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့တွင်လည်းကောင်း၊ ဆိုဗီယက် ဦးစီးလွှတ်တော်ချုပ် သဘာပတိအဖွဲ့ဥက္ကဋ္ဌအဖြစ် နိုဝင်ဘာလ ၂၃ ရက်နေ့တွင်လည်းကောင်း ရွေးချယ်တင်မြှောက်ခံခဲ့ရသော ယူရီ ဗလာဒီမီရိုဗစ်ချ အင်ဒရိုပေါ့သည် ၁၉၆၄ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ကွယ်လွန်သည်။ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ကျင်းပသော ဆိုဗီယက် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အစည်းအဝေးက ကွန်စတန်တင် ချယ်ရနီယင်းကိုးကို အထွေထွေ အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဧပြီလ ၁၁ ရက်နေ့တွင် ကျင်းပသော ဆိုဗီယက်ဦးစီးလွှတ်တော်ချုပ် အစည်းအဝေးက သဘာပတိ အဖွဲ့ ဥက္ကဋ္ဌ အဖြစ် လည်း ကောင်း ရွေးချယ်တင်မြှောက်သည်။

ဆိုဗီယက်သမ္မတ အင်ဒရိုပေါ့၏ စျာပနအခမ်းအနားသို့ တရုတ်ပြည်သူ သမ္မတနိုင်ငံကိုယ်စား ဒုတိယဝန်ကြီးချုပ် ဝမ်လီ တက်ရောက်သည်။ ၁၉၇၂ ခုနှစ် နိုဝင်ဘာလက သမ္မတ ဗရက်ဇနက်၏ စျာပနအခမ်းအနားသို့ ထိုစဉ်က တရုတ်နိုင်ငံခြားရေးဝန်ကြီးဖြစ်သူ ဟွမ်ဟွာတက်ရောက်ခဲ့သည်။ ထို့ကြောင့် ဝမ်လီသည် အနှစ် ၂၀ အတွင်း မော်စကိုသို့ ရာထူးအမြင့်ဆုံး အစိုးရအဖွဲ့ဝင်အဖြစ် သွားရောက် ခဲ့ ခြင်း ဖြစ် သည်။ (စွယ်စုံနှစ်ချုပ် ၁၉၇၄ စာ၊ ၁၇၀ — ရှု။)

ဆိုဗီယက် ဦးစီး လွှတ်တော်ချုပ်၏ ငါးနှစ်သက်တမ်းအတွက် ရွေးချယ်တင်မြှောက်ပွဲကို ၁၉၇၄ ခုနှစ် မတ်လ ၄ ရက်နေ့တွင်ကျင်းပသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်း ၁,၅၀၀ ဝင်ရောက်အရွေးခံရာ လူမျိုးစုလွှတ်တော် ကိုယ်စားလှယ်တဦး ကွယ်လွန်ခဲ့ပြီး ၁,၄၉၉ ဦးသည် အောင်မြင်စွာ ရွေးချယ်တင်မြှောက်ခံရသည်။ ကိုယ်စားလှယ် ၅၁ ဒသမ ၃ ရာခိုင်နှုန်းသည် အလုပ်သမားနှင့် စုပေါင်းလယ်ယာလုပ်သားများဖြစ်ကြပြီး ၂၇ ဒသမ ၆ ရာခိုင်နှုန်းသည် ကွန်မြူနစ်ပါတီဝင် မဟုတ်သူများ ဖြစ်ကြသည်။အမျိုးသမီးကိုယ်စားလှယ် ၃၂ ဒသမ ဂ ရာခိုင်နှုန်းပါဝင်သည်။ ၁၉၄၄ ခုနှစ် ဧပြီလ ၁၁ ရက်နေ့နှင့် ၁၂ ရက်နေ့များတွင်ကျင်းပသော ဆိုဗီယက်ဦးစီးလွှတ်တော်ချုပ် အစည်းအဝေးသည် အသက် ၅၂ နှစ်အရွယ်ရှိ မစ္စတာ မိခါယီး ကိုဘာချော့ကို နိုင်ငံခြားရေးရာ အမြဲတမ်းကော်မရှင်ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်သည်။ ကိုဘာချော့သည် ၁၉၇၄ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့ကကျင်းပသော ပါတီဗဟိုကော်မတီ အစည်းအဝေး၌ နိုဂုံးချုပ်မိန့်ခွန်းပြောကြားခဲ့ခြင်း၊ အင်ဒရိုပေါ့၏စျာပနကို လိုက်ပါပို့ဆောင်ရာတွင် ချယ်ရနီယင်းကိုးက လက်ဝဲဘက်မှ ဦးဆောင်သည့်နည်းတူ လက်ယာဘက်မှ ကိုဘာချော့က ဦးဆောင် ခဲ့ခြင်း၊ ဦးစီး လွှတ်တော်ချုပ် ရွေး ကောက် ပွဲ မိန့်ခွန်းကို ဝန်ကြီးချုပ်တီခိုနော့နှင့် သမ္မတ ချယ်ရနီယင်းကိုးတို့မပြောမီ ဦးစွာပြောကြားခွင့်ရခဲ့ခြင်းတို့ကြောင့် ကိုဘာချော့သည် ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုတွင် ဒုတိယအဆင့် အမြင့်ဆုံးပုဂ္ဂိုလ်ဖြစ်သည်ဟု အနောက်အုပ်စု အကဲဖြတ် သမားများက ကောက်ချက် ချသည်။

ကိုဘာချော့ သည် ဆို ဗီ ယက် ကိုယ်စားလှယ် အဖွဲ့ကို ဦးဆောင်၍ ၁၉၇၄ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့မှ ၂၁ ရက်နေ့ထိ ဗြိတိန်နိုင်ငံသို့သွားရောက်ခဲ့သည်။ ဗြိတိန်

# ဆိုဗီယက် ဆိုရှယ်လစ် ပြည်ထောင်စု သမ္မတနိုင်ငံ




ချစ်ကြည်ရေး ဂၜ အားကစားပွဲတော်တွင် အမျိုးသမီး သံပြားဝိုင်း ပစ်ပြိုင်ပွဲ၌ ၂၄၀ ပေ ဂ လက်မဖြင့် ကမ္ဘာ့စံချိန်သစ် တင်ခဲ့သူ အရှေ့ဂျာမနီမှ အီရိနာ မက်ဇင်စကီး

အမေရိကန်ပြည်ထောင်စု လော့စ်အိန်းဂျလိစ်မြို့တွင် ၁၉၈၄ ခုနှစ် ဇူလိုင်လ ၂၈ ရက်နေ့မှ သြဂုတ်လ ၁၂ ရက်နေ့ အထိကျင်းပမည့် ၂၃ ကြိမ်မြောက် အိုလင်းပစ်အားကစား ပွဲတော်တွင် ဆိုဗီယက်နိုင်ငံက ပါဝင်ယှဉ်ပြိုင်မည်မဟုတ် ကြောင်း ဆိုဗီယက် အမျိုသား အိုလင်းပစ် ကော်မတီက မေလ ဂ ရက်နေ့တွင် ကြေငြာ သည်။ ကိုရီးယား လေကြောင်းပို့ဆောင်ရေးမှ ဘိုးအင်း ၇၄၇ လေယာဉ် ပစ်ချခံရမှု (စွယ်စုံနှစ်ချုပ် ၁၉၈၄ စာ၊ ၁၂၁—ရှု။) နှင့် စပ်လျဉ်း၍ ဆိုဗီယက်တားမြစ်ရေးညွှန်ပေါင်းအဖွဲ့တဖွဲ့သည် အိုလင်းပစ်ရွာတည်ရှိရာ ဒေသတဝိုက်တွင် လှုပ်ရှားနေ ကြောင်း၊ဒေးဗစ်ဘယ်စီဂျာ ဆိုသူဦးဆောင်သော ယင်းအဖွဲ့ သည်ပြိုင်ပွဲကျင်းပမည့်နေရာ ၁၀၀ ခန့်တွင် ဆန့်ကျင်ဆန္ဒ ပြပွဲများပြုလုပ်ရန်နှင့် ဆိုဗီယက် ဆန့်ကျင်ရေး လက်ကမ်း ကြော်ငြာစာတမ်း ၅,၀၀,၀၀၀ ကို လေယာဉ်ဖြင့်ကြဲချရန် စီစဉ်ထားကြောင်း၊ ယင်းအခြေအနေများကို အမေရိကန် အစိုးရက လျစ်လျူရှုနေခြင်းဖြင့် အိုလင်းပစ်ပဋိညာဉ် စာချုပ်ကိုချိုးဖောက်နေကြောင်း ဆိုဗီယက်အိုလင်းပစ် ကော်မတီက စွပ်စွဲခဲ့သည်။ ၁၉၆၀ ခုနှစ် မက္ကဆီကို အိုလင်းပစ်ပဲတော်တွင် အမေရိကန်လူမည်း အားကစား သမားနှစ်ဦးဆန္ဒပြမှုနှင့်အတူ အဓိကရုဏ်း ဖြစ်ပွားခဲ့ခြင်း၊ ၁၉၇၂ ခုနှစ် မြူးနစ်အိုလင်းပစ်ပဲတော်တွင် ပါလက်စတိုင်း အကြမ်းဖက်သမားများက အစ္စရေး အားကစားသမား များကိုသတ်ဖြတ်ခဲ့ခြင်း၊ အသားရောင်ခွဲခြားမှုဝါဒကျင့်သုံး သည့် တောင်အာဖရိကနိုင်ငံသို့ သွားရောက် လည်ပတ် ခဲ့သော နယူးဇီလန်ရပ်ဘီဘောလုံးအသင်းကို ၁၉၇၆ ခုနှစ် မွန်ထရီရယ် အိုလင်းပစ်ပွဲတော်မှထုတ်ပယ်ရန် လူမည်း နိုင်ငံများကတောင်းဆို၍ သပိတ်မှောက်ခဲ့ခြင်း၊ အာဖဂ နိစတန်နိုင်ငံသို့ ဆိုဗီယက်တပ်များ ကျူးကျော်ဝင်ရောက် မှုကိုဆန့်ကျင်၍ ၁၉၈၀ ပြည့်နှစ် မော်စကိုအိုလင်းပစ် ပဲတော်ကို အမေရိကန်ဦးဆောင်သော အနောက်အုပ်စုဝင် နိုင်ငံအချို့က သပိတ်မှောက်ခဲ့ခြင်းဟူသော ဖြစ်ရပ်များ ပြီးလျှင် ၁၉၈၄ ခုနှစ် အိုလင်းပစ်အားကစားပွဲတော်ကို ဆိုဗီယက်နှင့် ဆိုဗီယက် မဟာမိတ် နိုင်ငံ ၁၃ နိုင်ငံတို့ သပိတ်မှောက်ခြင်းသည် အိုလင်းပစ်သမိုင်းတွင် နိုင်ငံရေး အရ အဆင်မပြေသော ပဥ္စမအကြိမ်မြောက် ဖြစ်ရပ်ဟု ဆိုနိုင်သည်။ (ကမ္ဘာ့အိုလင်းပစ် အားကစားပွဲတော်— ရှု)

ဆိုဗီယက်နှင့် ဆိုဗီယက်မဟာမိတ်နိုင်ငံတို့သည် ချစ် ကြည်ရေး ဂၜ အားကစားပွဲတော်ကို သြဂုတ်လတွင် မော်စကိုမြို့၌ကျင်းပရာ အိုလင်းပစ်ပွဲတော်မှ စံချိန်အချို့ကို ချိုးနိုင်သည်ဟုဆိုသည်။

အနောက် အုပ်စု နိုင်ငံ များ ရှိ စက်မှု လုပ်ငန်း များ လောက် ကုန်ထုတ်ကိရိယာပိုင်း အဆင့်မမြင့်မားသော် ဝန်ကြီးချုပ် မာဂရက် သက်ချာနှင့်တွေ့ဆုံ၍ လက်နက် ထိန်းချုပ်ရေးကိစ္စကိုဆွေးနွေးရာ အထူးသဖြင့် ၁၉၇၅ ခုနှစ်တွင် ဂျီနီဗာ၌ကျင်းပမည့် အမေရိကန်–ဆိုဗီယက် လက်နက်အရေး ဆွေးနွေးပွဲများနှင့် စပ်လျဉ်း၍ ညှိ နှိုင်း ခဲ့သည်။

အမေရိကန်ပြည်ထောင်စုသမ္မတ ရော်နယ် ရေဂင်သည် ၁၉၈၄ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့က ဆိုဗီယက် နိုင်ငံ ခြားရေး ဝန်ကြီး အန်ဒရေ ဂရိုမီကိုနှင့် တွေ့ဆုံ ဆွေးနွေးသည်။ ၁၉၅၇ ခုနှစ်မှစ၍ နိုင်ငံခြားရေးဝန်ကြီး တာဝန် ထမ်းဆောင်လျက်ရှိသော ဂရိုမီကိုသည် ကုလ သမဂ္ဂအထွေထွေညီလာခံ ဖွင့်ပွဲအခမ်းအနား တက်ရောက် ရန်လာစဉ် သမ္မတရေဂင်၏ ဖိတ်ကြားချက်အရ တွေ့ဆုံ ဆွေးနွေးခြင်း ဖြစ်သည်။ သမ္မတရေဂင်သည် သမ္မတ တာဝန် စတင်ထမ်းဆောင်ချိန်မှစ၍ ဆိုဗီယက်အဆင့်မြင့် ခေါင်းဆောင်တဦးနှင့် ပထမဆုံး အကြိမ် တွေ့ဆုံခြင်း ဖြစ်သည်။ အမေရိကန်နှင့်ဆိုဗီယက် နှစ်နိုင်ငံတင်းမာမှု လျော့ပါးရေးအတွက် ကြိုးပမ်းသောဆွေးနွေးပွဲဖြစ်သည်။ ဂရိုမီကိုသည် စက်တင်ဘာလ ၂၇ ရက်နေ့တွင် အမေရိကန် သမ္မတလောင်း ဝေါလတာမွန်ဒေး နှင့်လည်း တွေ့ဆုံ ဆွေးနွေးသည်။ သမ္မတရေဂင်နှင့် ဂရိုမီကိုတို့ ဆွေးနွေး ပွဲကြောင့် လက်နက်လျော့ချ ထိန်းချုပ် ကန့်သတ်ရေး ဆွေးနွေးပွဲများကို ၁၉၇၅ ခုနှစ်တွင် ဆက်လက်ကျင်းပရန် လမ်းပွင့်ခဲ့သည်။

လည်း လုပ်သားလုပ်အားပမာဏသည် အနောက်အုပ်စုထက် နှစ်ဆကျော်ကျော်များပြားသော ဆိုဗီယက် ပြည်ထောင်စု၏ အမျိုးသား စီးပွားရေး ကြွယ်ဝမှုသည် လွန်ခဲ့သော ၁၃ နှစ်ကာလအပိုင်းအတွင်းမှာပင် ၂ ဒသမ ၃ ဆ တိုးတက်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်က အမျိုးသား စီးပွားရေးကြွယ်ဝမှု ရှုဘယ် ကုဋေပေါင်း ၁,၄၀,၀၀၀ ရှိခဲ့ရာမှ ၁၉၈၃ ခုနှစ်ကုန်ဆုံးချိန်တွင် ရှုဘယ် ကုဋေပေါင်း ၃,၂၀,၀၀၀ရှိလာသည်။ အမျိုးသားဝင်ငွေသည် ၁၉၈၃ ခုနှစ် ကုန်ဆုံး ချိန်တွင် ရှုဘယ် သန်းပေါင်း ၅၃,၆၀၀ ရှိလာသည်။ဝင်ငွေ၏ငါးပုံလေးပုံကို ပြည်သူတို့၏ နေထိုင်မှုဘဝ တိုးတက်ရေးအတွက် အသုံးပြုခဲ့သည်ဟုဆိုသည်။

ဆိုဗီယက် ပြည်ထောင် စုမှ ဆိုက်ဗီး ရီးယား ဒေသ အနောက်ဘက်ရှိ အူရင်ဂို့င်သဘာဝဓာတ်ငွေ့ နယ်မြေမှ ချက်ကို စလို ဗက်ကီးယားနိုင်ငံသို့ ပေးပို့ကာ အနောက် ဂျာမနီ၊ ပြင်သစ်၊ အီတလီ၊ စပိန်၊ ဩစတြီးယား၊ ဗဲလဂျီယမ်နှင့် ဆွစ်ဇာလန်နိုင်ငံများသို့ ဆက်လက်ဖြန့်ဖြူးနိုင်မည့် သဘာဝဓာတ်ငွေပိုက်လိုင်းကြီးကို ၁၉၈၄ ခုနှစ် ဒီဇင်ဘာလတွင် တည်ဆောက်ပြီးစီးသည်။ ပိုလန် အရေးအခင်းကြောင့် အမေရိကန်ပြည်ထောင်စုသည် ထိုဓာတ်ငွေပိုက်လိုင်းတည်ဆောက်ရေးတွင် စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်ခဲ့သည်။ ၁,၇၆၆ မိုင်ရှည်လျားပြီး ဒေါ်လာငွေ သန်း ၁၈,၀၀၀ ကျော်ကုန်ကျသည့် ယင်း သဘာဝ ပိုက်လိုင်းကို တည်ဆောက်ရာတွင် ရာသီဥတုဒဏ် ဆိုးရွားနေသည့် ကြားမှ ရေခဲလွှမ်းမြေများ၊စိမ့်မြေများ၊ ယူရယ်နှင့် ကာပေသီယန်ဒေသရှိ မြစ်ချောင်းပေါင်း ၅၆၁ ခုနှင့် မြင့်မားသော တောင်တန်းကြီးနှစ်ခုကို ဖြတ်သန်း တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

တဖန် မိုင် ၅,၁၁၀ ရှည်၍ ကမ္ဘာပေါ်တွင် အရှည်ဆုံး ဖြစ်သည့် ဆိုက်ဗီးရီးယားဖြတ် မီးရထား လမ်းကြီး၏ အစိတ်အပိုင်းဖြစ်သော ဘိုင်ကာ–အမူမီးရထား လမ်းသစ်ကိုလည်း ၁၉၇၄ ခုနှစ် ဒီဇင်ဘာလတွင် ဖွင့်လှစ်သည်။ ဘိုင်ကာအိုင်နှင့် အမူမြစ်ကမ်းခြေကိုမြောင်၍ ဖောက်လုပ်ထားသော ဤလမ်းသစ်သည် မိုင် ၁,၉၀၀ ရှည်သည်။ လူငယ် ၂၀၀၀ ကျော်၏ လုပ်အားဖြင့် ဆက်သွယ်အောင် မြင်ခဲ့ခြင်းဖြစ်သည်။

**ဇောတိက၊ ဆရာတော် ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ မန္တလေးမြို့ အနောက်တောင်မြို့နယ်၊ မိုးကောင်းကျောင်းတိုက် ဒေးဝန်း အုတ်ကျောင်း** (မြန်မာ ၁၂၇၁–)။ ။ ဆရာတော် ဘဒ္ဒန္တ ဇောတိကကို




ဆိုက်ဗီးရီးယားဒေသ အနောက်ပိုင်းမှစ၍ ၁,၇၆၆ မိုင် ရှည်လျားသော သဘာဝဓာတ်ငွေပိုက်လိုင်းကြီးကို ဆိုဗီယက်လုပ်သားကြီးများ၏ စွမ်းပကားဖြင့် သွယ်တန်းပြီးစီးပြီ ဖြစ်သည်။

စစ်ကိုင်းမြို့၊ မင်းစံရပ်တွင် ခမည်းတော် ဦးခင်၊ မယ်တော် ဒေါ်တိုးတို့က ၁၂၇၁ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက် အင်္ဂါနေ့တွင် ဖွားမြင်သည်။

၁၂ နှစ်အရွယ်တွင်စစ်ကိုင်းမြို့ရွာတောင်ဘီလူးကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မယ်တော် ဒေါ်တိုး၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်သည်။ ဘွဲ့မှာ ရှင်ဇောတိကဖြစ်သည်။ သာမဏေဘဝတွင် ဘီလူးကျောင်း ဆရာတော်ထံ၌ လည်းကောင်း၊ စစ်ကိုင်းတောင်ရိုး ရေဦးတိုက် သစ် ဆ ရာ တော် ဦးသြဘာသထံ၌ လည်းကောင်း၊ စစ်ကိုင်း မင်္ဂလာသုခကျောင်း ဆရာတော် ဦးကောသလ္လ ထံ၌ လည်းကောင်း လောကုတ္တရာစာပေမျာ်းကို သင်ကြားခဲ့သည်။

၁၂၉၀ ပြည့်နှစ်တွင် ရန်ကုန်တိုင်း၊ ဥက္ကံမြို့၊ ဘုရားကြီးတိုက် ခဏ္ဍသိမ်တွင် ဥက္ကံမြို့နေ ဒေါ်အုန်းခင်၊ ဒေါ်ရွှေကျင် တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ စစ် ကိုင်း မြို့ မင်္ဂလာသုခ ဆ ရာ တော် ကို ဥ ပ ဇ္ဈာယ် ပြု လျက် ရ ဟန်း အဖြစ်သို့ ရောက်တော်မူသည်။

ထို့နောက် မင်္ဂလာသုခဆရာတော်ထံတွင် အဘိဓာန်ကျမ်း၊အလင်္ကာကျမ်း၊ဆန်းကျမ်း၊ အထက်ယမိုက်ကျမ်းနှင့် ပဋ္ဌာန်းကျမ်းတို့ကို သင်ကြားခဲ့ပြီး ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်း တို့ကို အောင်မြင်တော်မူသည်။ ၁၂၉၅ ခုနှစ်တွင် မန္တလေးမြို့ မိုးကောင်းတိုက် ညောင်ရမ်းဆရာတော် ဘုရားကြီးထံတွင်လည်းကောင်း၊ခင်မကန်တိုက် သင္မဲးဆရာတော်၊ စံကျောင်းဆရာတော်၊ချမ်းသာကြီးတိုက်ဆရာတော် ဦးလက္ခဏ၊ တောင် သ မန် တိုက် ဆ ရာ တော် ဦးဝိမလ၊ ထီးလင်းတိုက်ဆရာတော် ဦးပညာ တို့ထံတွင်လည်းကောင်း ပိဋကတ် ကျမ်း ဂန် မျာ း ကို ဆည်း ပူး သင်ကြားခဲ့သည်။ ၁၃၀၂ ခုနှစ်တွင် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်သို့ ပြောင်းရွှေနေထိုင်ကာ ဆရာတော် ဦးပညာ၊ ဆရာတော် ဦးသုန္ဒရ၊ ဆ ရာ တော် ဦးဂန္ဓမာ၊ ဆ ရာ တော် ဦးနန္ဒိယ၊ ဆရာတော် ဦးမာဃိန္ဒတို့ထံတွင် ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ ကျမ်းဂန်မျာ းကို သင်ကြားတော်မူခဲ့သည်။

ဆရာတော်သည် စာပေ ကျမ်းဂန်မျာ းကို ပို့ချလျက် ပရိယတ္တိ သာ သ နာ့ တာဝန်ကို ဆောင်ရွက်ခြင်းကြောင့် မန္တလေးမြို့ သကျသီဟ ပရိယတ္တိ သာသနာ့ဟိတအသင်းက ဆက်ကပ် လှူ ဒါန်းသော ပရိယတ္တိသာသနာ့ဟိတ မူလဓမ္မာ စရိယဘဏ္ဍာကို ခံယူရရှိတော်မူသည်။ ၁၃၄၂ ခုနှစ်တွင် သာသနာ သန့်ရှင်းတည်တံ့ပြန့်ပွားရေး သံဃာ့အဖွဲ့အစည်းကြီး၌ မန္တလေးမြို့ အနောက်တောင်မြို့နယ် သမ္မုတိရ သံဃာ့ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ နိုင်ငံတော် ဗဟိုသံဃ ဝန်ဆောင်အဖြစ်လည်းကောင်း ရွေးချယ်တင်မြှောက်ခြင်း ခံရတော်မူသည်။ ၁၃၄၃ ခုနှစ်တွင် နိုင်ငံတော် သံဃာ့



အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ
ဆရာတော် ဘဒ္ဒန္တ ဇောတိက

မ ဟာ နာ ယ က အဖွဲ့က တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့၏ သြဝါဒါစရိယ ဆရာတော်အဖြစ် ရွေးချယ်တင်မြောက်ခဲ့ပြီး သြဝါဒါစရိယအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကိစ္စမျာ းကို ဆောင်ရွက်တော်မူလျက်ရှိသည်။


ဤသို့ သာသနာတော်၏ အကျိုးကို အ စဉ် တ စိုက် ကြိုးပမ်း ဆောင်ရွက်တော်မူခဲ့သဖြင့် ဆ ရာ တော် ဘဒ္ဒန္တ ဇောတိကသည် ၁၉၇၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီက ဆက်ကပ် လှူ ဒါန်းသော အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ။** ။တရုတ်ကွန်မြူနစ်ပါတီ (စီစီပီ) ၁၂ ကြိမ်မြောက် ပါတီညီလာခံ ဒုတိယအကြိမ် မျက်နှာစုံညီအစည်းအဝေးကို ကျင်းပပြီးနောက် ပါတီဝင် အင်အား သန်း ၄၀ ရှိသည့် ပါတီကို သိပ်သည်းကျစ်လျစ် ခိုင်မာရေးအတွက် သုံးနှစ်ကြာ လှုပ်ရှားမှုတရပ်လုပ်ဆောင် ရမည်ဟု ၁၉၇၃ ခုနှစ် အောက်တိုဘာလ ၁၁ ရက်နေ့တွင် ကြေငြာသည်။ ပါတီ သိပ် သည်း ကျစ် လျစ် ခိုင် မာ ရေး လမ်းညွှန်ကော်မတီကို ပါ တီ အ ထွေ ထွေ အတွင်းရေးမှူး ဟုယိုပန်က ဦးဆောင်သည်။ လင်ပြောင်နှင့် ချန်ချင်းတို့ ခေါင်းဆောင်သော တန် ပြန် တော် လှန် ရေး ကိုဏ်း၏ နောက်လိုက် လက်ဝဲစွန်းဝါဒီမျာ း၊ ယဉ်ကျေးမှု တော်လှန် ရေးကာလ (၁၉၆၆–၇၀) အတွင်း ရိုက်ပုတ်လုယက်မှု မျာ းနှင့် ပါဝင်ပတ်သက်ဖူးသော ကေဒါမျာ းနှင့် လက်ရှိ မူဝါဒမျာ းကို ဆန့်ကျင်နေသော ကိုဏ်းဂဏစွဲ ဝါဒီမျာ းကို

ပါတီမှ ထုတ်ပယ်သွားမည်ဟု ရှင်းလင်း ကြေငြာသည်။ ၁၉၇၃ ခုနှစ် နှောင်းပိုင်းတွင် လမ်းမှန်ရောက်ရေး လှုပ်ရှားမှု၏ ပေ့ဆောင်ဦးအဆင့်ကို အရေးပါသော ပါတီစာအုပ်စာတမ်းများလေ့လာမှုဖြင့် အစပျိုးသည်။ အထူးသဖြင့် တိန့်ရှောင်ဖိန် လက်ရွေးစင်စာစုကို လေ့လာ ကြသည်။ (စွယ်စုံနှစ်ချုပ် ၁၉၇၄–စာ၊ ၁၇၆—ရှု။) ကွယ်လွန်သူပါတီ ဥက္ကဋ္ဌ မော်စီတုန်း၏ မွေးနေ့နှစ် ၉၀ မြောက် အထိမ်းအမှတ် အဖြစ် မော်စီတုန်းစာစုကိုလည်း ၁၉၇၃ ခု ဒီဇင်ဘာလက ထုတ်ဝေသည်။ ကွယ်လွန်သူ ဝန်ကြီးချုပ် ချူအင်လိုင်း ၁၉၂၄ ခုနှစ်မှ ၁၉၅၅ ခုနှစ်အထိ ရေး သား ခဲ့သော ဆောင်းပါး ၆၇ ပုဒ်ပါရှိသည့် သွေးစည်းညီညွတ်ရေးတပ်ဦး လုပ်ငန်းစာအုပ်နှင့် ၁၉၄၉ ခုနှစ်မှ ၁၉၇၃ ခုနှစ်အထိ ပြုစု ခဲ့သော ဆောင်းပါး ၃၃ ပုဒ်ပါရှိသည့် ပညာရေးလုပ်ငန်း စာအုပ်တို့ကို ထုတ်ဝေရန်လည်း ၁၉၇၄ ခုနှစ် ဒီဇင်ဘာလ တွင် စီစဉ်လျက်ရှိသည်။ ပုဂ္ဂိုလ်ရေး ကိုးကွယ်ဆည်းကပ် မှုကို ရှောင်ကြဉ်နိုင်ရန် ပါတီခေါင်းဆောင်များကို အသက် ထင်ရှားရှိစဉ်ဖြစ်စေ၊ ကွယ်လွန်ပြီးဖြစ်စေ အမှတ်တင်မှုများ လျှော့ချကြရမည်ဟု ၁၉၇၄ ခုနှစ် မေလ ၂၅ ရက်နေ့တွင် တိန့်ရှောင်ဖိန်က လူထုဆက်သွယ်ရေးဌာနများသို့ လမ်းညွှန် ချက်ထုတ်ပြန်ခဲ့သည်။

ပီကင်းမြို့၌ ၁၉၇၃ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပသည့် ကျေးလက်လုပ်ငန်းဆိုင်ရာ အမျိုးသားညီလာခံမှ ထောက်ခံ တင်ပြချက်များကို ၁၉၇၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့ တွင် စီစီပီက ထုတ်ပြန်သောလမ်းညွှန်စာတမ်း(၁/၇၄) တွင် ဖော်ပြထားသည်။ လယ်သမားတဦးအား လယ်လုပ်ပိုင်ခွင့် အပ်နှင်းထားသောမြေကို ထိုလယ်သမားသည် ၁၅ နှစ်နှင့် အထက်ကာလတာအထိ လက်ဝယ်ထားနိုင်ခွင့် ရစေမည့် အပြင် ဒေသဆိုင်ရာခေါင်းဆောင်ပိုင်းက သဘောတူလျှင် ယင်းမြေကို အိမ်ထောင်စုတစုမှ တစုသို့ လက်လွှဲပိုင်ခွင့် လည်း ရှိစေရမည်ဟု ယင်းစာတမ်းတွင် ဖော်ပြထားသည်။ လယ်သမားများ ငွေကြေး အရင်းအနှီးနှင့် လုပ်အား ပိုမို စိုက်ထုတ်လာစေရန် ဆွဲဆောင်သော မက်လုံးများကိုလည်း ဖော်ပြထားသည်။ ထို့ပြင် တရုတ်နိုင်ငံသည် အဓိကစိုက်ပျိုး ထုတ်ကုန်များ ဝယ်ယူရောင်းချရာတွင် နိုင်ငံတော်ကသာ ချုပ်ကိုင်၍ လုပ်ကိုင်ခဲ့သော အနှစ် ၃၀ ကြာမျှ ကျင့်သုံး ခဲ့သည့်စနစ်ကို ၁၉၇၅ ခုနှစ်မှစ၍ ဖျက်သိမ်းရန် စီစဉ် ဆောင်ရွက်လျက်ရှိသည်။ ၁၉၈၂ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်အရ ပြည်သူဘုံအဖွဲ့ (ကွန်မြူန်း) ငါးသောင်း၏ နိုင်ငံရေးနှင့် စီမံခန့်ခွဲရေးတာဝန်များကို ရုပ်သိမ်းပြီး မြို့နယ် စီရင်စုများ တဖြည်းဖြည်းဖွဲ့စည်းကာ ကုန်ထုတ်လုပ်ရေး အဆင့်ဆင့်တာဝန်ခံမှုစနစ် အရှိန်ရလာပြီး နောက်ပိုင်းတွင် ယင်းစီစဉ်ဆောင်ရွက်မှုသည် ကျေးလက် စီးပွား ရေး ပုံစံ ပြန်လည်ပြုပြင်ပြောင်းလဲမှုတွင် အဓိကကျသော ဒုတိယ မြောက် ခြေလှမ်းဖြစ်သည်။

တရုတ်ကျေးလက်စီးပွားရေး ပြု ပြင် ပြောင်း လဲ မှုများ ကြောင့် စိုက်ပျိုးရေးထုတ်ကုန်သည် ၁၉၇၃ ခုနှစ်တွင် ကမ္ဘာ့ အဆင့်မီ ၉ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ကာ တန်ချိန် ပေါင်း ၃၀၇ ဒသမ ၂ သန်းသို့ ရောက်သည်။ ဝါဂွမ်းကို ၂၀ ဒသမ ၉ ရာခိုင်နှုန်း တိုးမြှင့်ထုတ်လုပ်နိုင်သည်။ ချည် ထည်ကို ကူပွန်စနစ်ဖြင့် ရောင်းချဖြန့်ဖြူးနေရသည့် စနစ်ကို ၁၉၇၃ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဖျက်သိမ်းနိုင်သည်အထိ ပြည်တွင်းသုံးစွဲမှု ဖူလုံလာသည်။ ယခင်က ပြည်ပမှဝယ်ယူ တင်သွင်းနေခဲ့ရသော စားသုံးဆီကို တင်ပို့ရောင်းချနိုင်သည့် အဆင့်သို့ရောက်အောင် ထုတ်နိုင်ခဲ့သည်ဟု ၁၉၇၄ ခုနှစ် ဖေဖော်ဝါရီလတွင် နိုင်ငံတော်စာရင်းအင်းဗျူရို အစီရင်ခံစာ၌ ဖော်ပြထားသည်။ လွန်ခဲ့သော ငါးနှစ်တာအတွင်း ကျေးလက်စက်မှုလုပ်ငန်းက ထုတ်ကုန်တန်ဖိုး နှစ်ဆနီးပါး တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့သည်။ ၁၉၇၄ ခုနှစ် စက်တင်ဘာလ စာရင်းဇယားအရ ယုမ်းသန်းပေါင်း ၂၅,၇၀၀ ဖိုးထုတ်လုပ် နိုင်ခဲ့ရာ ၁၉၇၂ ခုနှစ်က မြို့ရောတောပါ ထုတ်လုပ်သော




ထုတ်ကုန်တန်ဖိုး စုစုပေါင်းနှင့် ညီမျှသည်။ လယ်သမား များမှ အလုပ်သမားအဖြစ်သို့ ပြောင်းလာသူပေါင်း ၃၁ သန်းကျော် ရှိပြီဟုဆိုသည်။ ဒေသအသီးသီးရှိ လယ်သမား ၃၀,၀၀၀ ကျော်ကို နိုင်ငံတော်စာရင်းအင်းဗျူရိုက နမူနာ စစ်တမ်းကောက်ယူလေ့လာကြည့်ရာ တဦးချင်းဝင်ငွေသည် ၁၉၇၈ ခုနှစ်ကထက် ၂ ဒသမ ၃ ဆတိုးကာ ယွမ်း ၃၁၀ ရှိကြောင်း တွေ့ရသည်။

(၁၉၇၄ မေလတွင် အမေရိကန် တဒေါ်လာ = ၂ ဒသမ ၀၁ ယွမ်း)

ကျေးလက် အိုးအိမ်တည်ဆောက်မှုမှာ ၁၉၇၉ ခုနှစ်မှ ၁၉၈၃ ခုနှစ်အတွင်း အိုးအိမ်သစ် အလုံးပေါင်း ၃၅ သန်း ကျော် တည်ဆောက်ခဲ့၍ စုစုပေါင်းအကျယ်အဝန်း ပမာဏ စတုရန်းမီတာ သန်းပေါင်း ၂,၀၀၀ ရှိသည်။ ၁၉၇၉ ခုနှစ် မတိုင်မီ နှစ်ပေါင်း ၃၀ အတွင်း တည်ဆောက်ခဲ့သော အိုး အိမ် အရေအတွက်နှင့် ညီသည်။ အစိုးရ မူဝါဒနှင့် အညီ တောင်သူ လယ်သမားများသည် နေအိမ်သစ်များကို ပိုင် ဆိုင်ခွင့် ရရှိကြ၍ တဦးလျှင် ပျမ်းမျှ အကျယ်အဝန်း ၃ ဒသမ ၅ စတုရန်းမီတာ ပိုင်ဆိုင်နေပြီ ဖြစ်သည်။

အကြီးစား စက်မှုထုတ်ကုန် ၁၂ ဒသမ ၄ ရာခိုင်နှုန်း တိုး တက်၍ အသေးစားစက်မှုထုတ်ကုန် ၈ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်လာခြင်း၊ ကျောက်မီးသွေး ထုတ်လုပ်မှု ၇ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်လာခြင်း စသည့် ကုန်ထုတ်စွမ်းအား တိုးတက်မှုများနှင့်အညီ အလုပ်သမား တဦးချင်း ဝင်ငွေ သည် ၆ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာသည်။ ဘဏ္ဍာ ငွေစုဆောင်းမှုသည် ၁၉၈၄ ခုနှစ်တွင် တဦးလျှင် ပျမ်းမျှ ၁၁၇ ယွမ်း (၄၂ ဒေါ်လာ) စုဆောင်းခဲ့ရာ စုစုပေါင်း ယွမ်း သန်း ၁,၂၁,၄၇၀ (ဒေါ်လာသန်း ၄,၃၀၀) ထိ စံချိန်တင် စုဆောင်းခဲ့ကြသည်။ နေ့စဉ် ရေနံ စည် ၂ ဒသမ ၂ သန်း ခန့် ထုတ်လုပ်လျက်ရှိသည့် အနက် ၄,၀၀,၀၀၀ ခန့်ကို ပြည်ပသို့ တင်ပို့လျက်ရှိသော တရုတ်ပြည်သူ သမ္မတနိုင်ငံ သည် ၁၉၇၄ ခုနှစ် ပထမ ကိုးလပိုင်းအတွင်း သွင်းကုန် ပို့ကုန် ပမာဏမှာ အမေရိကန် ဒေါ်လာ သန်းပေါင်း ၃၇,၃၇၀ အထိ ရှိခဲ့ရာ ၁၉၇၃ ခုနှစ် ပထမ ကိုးလပိုင်းထက် ၂၀ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ ထို့ပြင် ပို့ကုန် ပမာဏက သွင်းကုန်ပမာဏထက် အမေရိကန် ဒေါ်လာ သန်း ၃၅၀ ဖိုး ပိုမိုများပြားသည်။ ဂျပန်၊ ဟောင်ကောင် နှင့် မကာအို၊ အမေရိကန်ပြည်ထောင်စု၊ ဩစတြေးလျ၊ အေဆီယင် နိုင်ငံများနှင့် ဆိုဗီယက် ပြည်ထောင်စုတို့နှင့် ကုန်သွယ်မှု ခွဲထွင်ခဲ့သည်။

တရုတ်ပြည်သူသမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီသည် ဆောက်လုပ်ရေးစီမံကိန်းများ အကောင်အထည် ဖော်မှု နှုန်း မြင့်တင်ရန်နှင့် ပိုမို စည်းကမ်းတင်းကျပ်သော ထိန်း



ရှင်ကျင့်အထူးစီးပွားရေးဇုံ တည်ထောင်ဆောင်ရွက်မှု အခြေအနေ ကို တရုတ်ခေါင်းဆောင် တိန့်ရှောင်ဖိန် စစ်ဆေးကြည့်ရှုနေပုံ

ချုပ်မှုမျိုးရှိရန်လိုကြောင်း အမိန့်တရပ်ကို ၁၉၇၄ ခုနှစ် ဧပြို လတွင် ထုတ်ပြန်ခဲ့သည်။ ထိုစဉ်က အရှိန်ရနေသောစီမံကိန်း ၁၂၃ ခု ရှိပြီး ၁၉၇၄ ခုနှစ် ဒုတိယနှစ်ဝက်တွင် နောက်ထပ် စီမံကိန်း ၂၀၁ ခုကို ခွင့်ပြုထားသည်။ ယဉ်ကျေးမှု တော်လှန်ရေးကာလက ဖျက်သိမ်းခဲ့သော အရန်ဓာတ် သတ္တုဆိုင်ရာ တရုတ်အမျိုးသား ကော်မတီကို ၁၉၇၄ ခုနှစ် မေလ ၄ ရက်နေ့မှ ၈ ရက်အထိ ပြန်လည် ခေါ်ယူ၍ အစည်းအဝေးကျင်းပသည်။ စီးပွားရေး အောက်ခြေသိမ်း ပြုပြင် ပြောင်းလဲရေး အစီအစဉ်များ စမ်းသပ် အကောင် အထည်ဖော်ရန် ဟူပေပြည်နယ်၊ ဝူဟန်မြို့ကို နိုင်ငံတော် ကောင်စီက ဇွန်လ ၅ ရက်နေ့တွင် ရွေးချယ်ခဲ့သည်။ စီချမ်ပြည်နယ် ချုံကင်းမြို့တွင် စမ်းသပ် သက့ဲသို့ လူသုံး ကုန်ပစ္စည်းထုတ်လုပ်မှုနှင့် ဖြန့်ဝေမှု နည်းစနစ်သစ်များ ဖော်ထုတ်ရန် သီးသန့် စီးပွားရေးဖွံ့ဖြိုးမှု စီမံကိန်းများဖြင့် စမ်းသပ်သည်။ ၁၉၇၄ ခုနှစ် အောက်တိုဘာလတွင် တရုတ် ကွန်မြူနစ် ဗဟိုကော်မတီ အစည်းအဝေးကို ရက်သတ္တပတ် ကြာမျှ ကျင်းပပြီးနောက် စီးပွားရေး အောက်ခြေသိမ်း ပြုပြင် ပြောင်းလဲရေး အစီအစဉ်များကို ထုတ်ပြန် ကြေငြာသည်။ ထိုကြေငြာချက်တွင် ကုန်စျေးနှုန်းများ၊ လုပ်ခများ၊ လုပ်ငန်း စီမံခန့်ခွဲမှုများနှင့် လက်ရှိ ကျင့်သုံး နေသော တင်းကျပ်သည့် နိုင်ငံတော် ထိန်းချုပ်မှုများကို

ချက်ချင်း ပြုပြင် ပြောင်းလဲသွားရန် ဖော်ပြထားသည်။ မော်စီတုန်း၏ တန်းတူညီမျှမှု အယူအဆဟောင်းကို လက်မခံပဲ ငြင်းပယ်ကာ စက်မှုလုပ်ငန်းဆိုင်ရာ လုပ်ခ ပုံစံကို အကြီးအကျယ် ပြောင်းလဲသွားရန်လည်း ထိုအစီအစဉ်တွင် ဖော်ပြထားသည်။ ပြင်ပကမ္ဘာအတွက် တံခါးဖွင့်ပေးထားသော မူဝါဒအရ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုသည် တရုတ်ပြည်သူ သမ္မတနိုင်ငံ၏ ဆိုရှယ်လစ် ကုန်ထုတ်စွမ်းအား ဖွံ့ဖြိုးရေးအတွက် အားဖြည့်ရာရောက်ကြောင်း တိန့်ရှောင်ဖိန်က ပြောကြားသည်ဟု ပါတီ သဘောတရားရေးရာ စာစောင် အလံနီ တွင် ၁၉၇၄ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့က ကိုးကား ဖော်ပြသည်။ မီးခိုးရောင်နှင့် အပြာရောင် တသွေးတရောင်တည်းကိုသာ ဆယ်စုနှစ်ပေါင်းများစွာ ဝတ်ဆင်ခဲ့ကြရသော တရုတ်ပြည်သူများသည် ယခုအခါ အသွေးအရောင်စုံ အဝတ်အထည်များကို ပိုမို ဝတ်ဆင်လျက်ရှိသည်။ ရုပ်မြင်သံကြားနှင့် ကင်မရာရောင်းချရမှုလည်း သိသိသာသာ တိုးတက်လာသည်။ ၁၉၇၈ ခုနှစ်တွင် ပြန်လည်ပြုပြင်ရေးလုပ်ငန်းများကို ချမှတ်ခဲ့ပြီးနောက်ပိုင်းတွင် ထိုသို့ တရုတ်ပြည်သူသန်းတထောင်ကျော်၏ စားသုံးမှုအခြေအနေ တိုးတက်လာခြင်းကို ၁၉၇၄ ခုနှစ် အတွင်းတွင် တရုတ်စာနယ်ဇင်းများက ကြိုဆိုရေးသားသည်။

တိုင်ဝမ်သို့ လက်နက်ရောင်းချမှုကို တဖြည်းဖြည်း လျှော့ချသွားရန် အမေရိကန်ပြည်ထောင်စုက တာဝန်ယူကြောင်းဖြင့် ၁၉၇၂ ခုနှစ် ဩဂုတ်လ ၁၇ ရက်နေ့တွင် ထုတ်ပြန်သော တရုတ်၊ အမေရိကန် ပူးတွဲကြေငြာချက်တွင် ဖော်ပြထားခဲ့သော်လည်း ယင်းပြဿနာနှင့်စပ်လျဉ်း၍ လပေါင်းများစွာ ဆက်လက် အငြင်းပွားနေခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၇၄-စာ၊ ၂၉၄--ရှု။)မည်သို့ပင်ဖြစ်စေ အမေရိကန် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး မာလကွမ်း ဘားဒရစ် ၁၉၇၃ ခုနှစ် မေလတွင် ပီကင်းသို့ အလည်အပတ်လာရောက်ပြီး နောက်ပိုင်းတွင် တရုတ်၊ အမေရိကန် နှစ်နိုင်ငံ ဆက်ဆံရေး တိုးတက် ကောင်း မွန် လာ သည်။ တရုတ်နိုင်ငံသို့ အဆင့်မြင့် စက်မှုနည်းပညာ တင်ပို့ရောင်းချမှုနှင့် စပ်လျဉ်း၍ ကန့်သတ်ချုပ်ချယ်မှုများကို လျှော့ချပေးမည်ဟု ဘားဒရစ်က တရုတ်အစိုးရအား သတင်းပါးခဲ့သည်။ တရုတ်ဝန်ကြီးချုပ် ကျောက်ကျိယန်သည် ၁၉၇၄ ခုနှစ် ဇန္နဝါရီလ ၇ ရက်နေ့မှ ၁၆ ရက်နေ့ထိ အမေရိကန်ပြည်ထောင်စုသို့ အလည်အပတ် သွား ရောက် ခဲ့ သည်။ ၁၉၇၉ ခုနှစ်က ချုပ်ဆိုခဲ့သော သိပ္ပံနှင့်စက်မှုနည်းပညာပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို ငါးနှစ်တာ တိုးချဲ့ရန် ဇန္နဝါရီလ ၁၂ ရက်နေ့တွင် အမေရိကန်သမ္မတ ရေဂင်နှင့် တရုတ်ဝန်ကြီးချုပ် ကျောက်ကျိယန်တို့ လက်မှတ်ရေးထိုးခဲ့ကြသည်။

သမ္မတရေဂင်သည် ၁၉၇၄ ခုနှစ် ဧပြီလ ၂၆ ရက်နေ့မှ မေလ ၁ ရက်နေ့ထိ တရုတ်ပြည်သူသမ္မတနိုင်ငံသို့ သွားရောက်လည်ပတ်သည်။ ကွန်မြူနစ်နိုင်ငံတနိုင်ငံသို့ ပထမဆုံး သွားရောက်သောခရီးဖြစ်သည်။ ၁၉၇၉ ခုနှစ်တွင် နှစ်နိုင်ငံသံတမန်ဆက်သွယ်ရေးကို ပုံမှန်ထူထောင်ပြီး နောက်ပိုင်းတွင် တရုတ်ပြည်သို့ ပထမဆုံး သွားရောက်လည်ပတ်ခဲ့သော အမေရိကန်သမ္မတဟုလည်း ဆိုနိုင်သည်။ တရုတ်နိုင်ငံ စီးပွားရေး ခေတ်မီတိုးတက်ရေး လမ်းစဉ်အတွက် သုံးစွဲရန် ပြည်ပအရင်းအနှီးကို ဆွဲဆောင်သည့် တံခါးဖွင့်မူဝါဒသစ်ကို သမ္မတရေဂင်က ကြိုဆိုခဲ့သည်။ သိပ္ပံနှင့်နည်းပညာ သတင်းအချက်အလက် ဖလှယ်ရေးစာချုပ်၊ စက်မှုလုပ်ငန်းဆိုင်ရာ သိပ္ပံနှင့်နည်းပညာ စီမံခန့်ခွဲမှုတွင်ပူးပေါင်းဆောင်ရွက်ရေးစာချုပ်၊ အခွန်နှစ်ထပ် ကောက်ခံမှုကို လွှဲရှောင်ရေးဆိုင်ရာ သဘောတူညီချက်တို့အပြင် ၁၉၇၄ ခုနှစ်နှင့် ၁၉၇၅ ခုနှစ်တို့အတွက် ယဉ်ကျေးမှုဖလှယ်ရေးစာချုပ်ကိုလည်း ချုပ်ဆိုခဲ့သည်။ တရုတ်တင်းနစ် ချန်ပီယံဟူနာကို ၁၉၇၁ ခုနှစ် ဧပြီလတွင် အမေရိကန်က နိုင်ငံရေးခိုလှုံခွင့် ပေးခဲ့ခြင်းကြောင့် တရုတ်က ပယ်ဖျက်ခဲ့သည့် ယဉ်ကျေးမှုစာချုပ်ကို ပြန်လည်ချုပ်ဆိုခြင်း ဖြစ်သည်။ နျူးကလီးယား ဓာတ်ပေါင်းဖိုများ၊ ဒြပ်ပေါင်း များ၊ ပစ္စည်းကိရိယာများနှင့် နည်းပညာများကို အမေရိကန်ပြည်ထောင်စု ကုမ္ပဏီများက တရုတ်နိုင်ငံအား ရောင်းချရေးအတွက် စာချုပ်တရပ်ကိုလည်း ဧပြီလ ၂၆ ရက်နေ့တွင် ချုပ်ဆိုခဲ့သည်။ ၁၉၇၄ ခုနှစ် ဇန္နဝါရီလ ၁ ရက်နေ့မှစ၍ အပြည်ပြည်ဆိုင်ရာစွမ်းအင် အေဂျင်စီသို့ တရားဝင်ဝင်ရောက်ခဲ့သော တရုတ်နိုင်ငံသည် နျူးကလီးယားလက်နက် မပြန့်ပွားရေးစာချုပ် (၁၉၆၈) ကို လက်မှတ်ထိုးရန် ငြင်းဆိုနေဆဲဖြစ်သည်။ ထို့ပြင် ပါကစ္စတန်နိုင်ငံ နျူးကလီးယားလက်နက် စီမံကိန်းကို တရုတ်က ထောက်ပံ့နေကြောင်း သတင်းများ ထွက်ပေါ်လာသဖြင့် အမေရိကန် ဥပဒေအရ ယင်းတရုတ်၊ အမေရိကန် နျူးကလီးယား ပူးပေါင်းဆောင်ရွက်ရေး စာချုပ်ကို အမေရိကန်ကွန်ဂရက်က အတည်ပြုရန် နှောင့်နှေးလျက်ရှိသည်။

နယ်သာလန်နိုင်ငံက တိုင်ဝမ်အား ရေငုပ်သင်္ဘောနှစ်စင်းရောင်းချရန် စာချုပ်ချုပ်ဆိုခဲ့သဖြင့် ၁၉၈၁ ခုနှစ်တွင် နှစ်နိုင်ငံ သံတမန်အဆင့်ကို လျှော့ချဆက်ဆံခဲ့ရာမှ သံအမတ်ကြီးအဆင့် ဆက်ဆံရေးသို့ ပြန်လည် တိုးမြှင့်ဆက်ဆံမည်ဖြစ်ကြောင်း ၁၉၈၄ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ထုတ်ပြန်သော ပူးတွဲကြေငြာချက်၌ ဖော်ပြလိုက်သည်။

တရုတ် ဒုတိယဝန်ကြီးချုပ် ဝမ်လီသည် ၁၉၈၄ ခုနှစ် ဖေဖော်ဝါရီလက ဆိုဗီယက်သမ္မတ အင်ဒရိုပေါ့၏ ဈာပန

ကို တက်ရောက်ခဲ့သည်။ အနှစ် ၂၀ အတွင်း မော်စကိုသို့ သွားရောက်ခဲ့သည့် ရာထူးအမြင့်ဆုံး တရုတ်အစိုးရအဖွဲ့ဝင် ဖြစ်သည်။ မေလတွင် ဆိုဗီယက်ပထမ ဒုတိယဝန်ကြီးချုပ် အီဗန် အာခီပေါ့ တရုတ်နိုင်ငံသို့ သွားရောက်လည်ပတ်မည်ဟု ဧပြီလ ၂၅ ရက်နေ့တွင် အစီအစဉ်များကြေငြာခဲ့သည်။ သို့ရာတွင် ဧပြီလ ၂၆ ရက်နေ့တွင် အာမေရိကန် သမ္မတ ရေဂင် တရုတ်နိုင်ငံသို့ သွားရောက်ခဲ့ခြင်းကို ဆိုဗီယက် သတင်းစဉ်က ပြင်းထန်စွာ ဝေဖန်ခဲ့ပြီးနောက် အာခီပေါ့၏ တရုတ်နိုင်ငံ အလည်အပတ်ခရီးစဉ်ကို ဖျက်သိမ်းလိုက်ကြောင်း မေလ ၉ ရက်နေ့တွင် ကြေငြာသည်။ ၁၉၈၄ ခုနှစ် ဒီဇင်ဘာလတွင်မူ ဆိုဗီယက်ပထမ ဒုတိယဝန်ကြီးချုပ် အာခီပေါ့သည် ကိုးရက်တာခရီးစဉ် သွားရောက်ခဲ့သည်။ ခရီးစဉ်ပြီးဆုံးချိန် ၁၉၈၄ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် တရုတ်ဆိုဗီယက် စီးပွားရေး၊ နည်းပညာနှင့် သိပ္ပံပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်သုံးခုကို လက်မှတ်ရေးထိုးခဲ့သည်။ ၁၉၈၆–၉၀ ပြည့်နှစ် ကာလအတွက် ကုန်သွယ်ရေးစာချုပ်ကို နောင်နှစ်တွင် လက်မှတ်ရေးထိုးရန် သဘောတူညီခဲ့ကြသည်။ နှစ်နိုင်ငံ အပြန်အလှန် ကုန်သွယ်ရေးမှာ ၁၉၈၄ ခုနှစ်တွင် ဒေါ်လာသန်း ၁,၀၅၀ ဖိုးရှိရာမှ ၁၉၈၅ ခုနှစ်တွင် ဒေါ်လာသန်း ၁,၄၀၀ ဖိုးအထိ တိုးခဲ့အကောင်အထည်ဖော်ရန် လျာထားသည်။

တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် ၁၉၈၄ ခုနှစ်တွင် တနိုင်ငံက တနိုင်ငံကို လက်နက်ဖြင့် ရန်စကြောင်း၊ စစ်မက်ပြိုင်ရန်ပြင်ဆင်နေကြောင်း အပြန်အလှန်စွပ်စွဲသော ကြေငြာချက်များကို ဆက်လက် ထုတ်ပြန်လျက်ရှိသည်။ ၁၉၇၉ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံအတွင်းသို့ တရုတ်နိုင်ငံက ဗေဒဆော်ဦး ဝင်ရောက်ခဲ့သည့် ဖြစ်ရပ် နောက် ပိုင်း တွင် ၁၉၈၄ ခုနှစ် ဧပြီလတွင် ဖြစ်ပွားသော နှစ်နိုင်ငံ နယ်ခြားတိုက်ပွဲသည် အကြာဆုံးနှင့် အပြင်းထန်ဆုံး ဖြစ်သည်ဟု ဆိုသည်။ ကမ်ပူးချားနိုင်ငံတွင်းသို့ ၁၉၇၈ ခုနှစ် ဒီဇင်ဘာလက ဝင်ရောက်တပ်စွဲခဲ့သည့် ဗီယက်နမ်တပ်ဖွဲ့များကို ပြန်လည် ရုပ်သိမ်းပေးလျှင် တရုတ် – ဗီယက်နမ် ပုံမှန် ဆက်ဆံရေး ဖြစ်လာနိုင်ဖွယ်ရှိသည်ဟု စီစီပီ ပါတီ အထေထေ အတွင်းရေးမှူး ဟုယိုပန်က ၁၉၈၄ ခုနှစ် ဖေဖော်ဝါရီလတွင် နယ်ခြားတပ်ဖွဲ့များသို့ သွားရောက် ခဲ့စဉ် ပြောကြားခဲ့သည်။ ထို့နောက် နှစ်နိုင်ငံ နယ်ခြားတပ်ဖွဲ့ အချင်းချင်း အပြန်အလှန် ပစ်ခတ်မှုများ ဖြစ်ပွားခဲ့သည်။ ထိုင်း–ကမ်ပူးချားနယ်စပ်တလျှောက်တွင် တရုတ် ထောက်ခံသည့် ပြောက်ကျားများ တပ်စွဲရာစခန်းများကို ကမ်ပူးချားရှိ ဗီယက်နမ် တပ်ဖွဲ့များက ဧပြီလတွင် နွေရာသီ ထိုးစစ်ဆင်နှဲနေစဉ် တရုတ် – ဗီယက်နမ် တို့၏ နယ်ခြားတိုက်ပွဲသည် တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ပွားခဲ့သည်။ စစ်ရေး ပူးပေါင်း ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် ဇွန်လ ၁၁ ရက်နေ့မှ ၁၇ ရက်နေ့ထိ အမျိုးသား ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ကျန်းအီပင်း အမေရိကန်သို့ သွားရောက် လည်ပတ်စဉ်မှာလည်း ဇွန်လလယ် တိုက်ပွဲများသည် တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ပွားသည်။ နိုဝင်ဘာလ ၂၀ ရက်နေ့ စောစောပိုင်းတွင်လည်း ဗီယက်နမ်တို့သည် ယူနန်ပြည်နယ်တောင်ပိုင်း လောရှန်းဒေသကို တိုက်ခိုက်လာရာ တရုတ်နယ်ခြား အစောင့်တပ်များက ပြန်လည် တွန်းလှန်လိုက်ရသည်။

တရုတ်နိုင်ငံ စီးပွားရေး တံခါးဖွင့်မူဝါဒကို စတင် ကျင့်သုံးခဲ့သော ၁၉၇၇ ခုနှစ်မှစ၍ ၁၉၈၂ ခုနှစ်ကာလအတွင်း၌ တရုတ်ပြည်သို့ ဟောင်ကောင်မှ တင်ပို့သော ကုန်ပစ္စည်းများမှာ ၉၃ ဆ တိုးတက်လာခဲ့သည်။ ဟောင်ကောင်ကို ၁၉၉၇ ခုနှစ်တွင် တရုတ်နိုင်ငံအား လွှဲပြောင်းပေးမည့် သမိုင်းဝင်စာချုပ်ကို ၁၉၈၄ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ဗြိတိန်ဝန်ကြီးချုပ် မာဂရက် သက်ချာနှင့် တရုတ်ဝန်ကြီးချုပ် ကျောက်ကျိယန်တို့ လက်မှတ်ရေးထိုးသည်။ (ဗြိတိန်နိုင်ငံ --- ရှု။)

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ဟောင်ကောင်၏ နယ်စပ် ကုမ်တုံးပြည်နယ်ရှိ ရှင်ကျင့်ရှာငယ်ကိုဒေသခြေပြု၍ အထူးစီးပွားရေးဇုံကို တည်ထောင်ဆောင်ရွက်နေသည်။ ၁၂၇ စတုရန်းမိုင်ကျယ်ဝန်း၍ အကြီးမားဆုံးသော အထူးစီးပွားရေးဇုံဖြစ်သည်။ ရှင်ကျင့် အထူးစီးပွားရေးဇုံ၌ ဒေါ်လာသန်း ၅၀၀ ရင်းနှီးမြှုပ်နှံထားသည်။ အဓိကအားဖြင့် ရေဒီယို၊ ရုပ်မြင်သံကြားစက်နှင့် ပလတ်စတစ် ကုန်ပစ္စည်းစသော အိမ်သုံးပစ္စည်းများ ထုတ်လုပ်သည်။ ယင်းဇုံရှိ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု အားလုံး၏ ၈၅ ရာခိုင်နှုန်း မှာ ဟောင်ကောင်မှ တရုတ်လူမျိုး လုပ်ငန်းရှင်များက လာရောက် ရင်းနှီးမြှုပ်နှံထားခြင်းဖြစ်သည်။ ယင်းဇုံရှိ တရုတ်ပြည်သူများသည် ငါးယောက်လျှင် ရုပ်မြင်သံကြား နှစ်ခုနှုန်း ပိုင်ဆိုင်ကြ၍ တရုတ်နိုင်ငံတွင် လူနေမှုအဆင့်အတန်း အမြင့်ဆုံး ရရှိထားကြသည်။

**တူရေ, အာမက် ဆေကူ** (ခရစ် ၁၉၂၂ – ၁၉၈၄)။ ။ ဂင်းနီနိုင်ငံ လွတ်လပ်ရေးရသည့် ၁၉၅၈ ခုနှစ်မှစ၍ အစိုးရအဖွဲ့ကို ဦးဆောင်ခဲ့သူ အာမက် ဆေကူ တူရေကို ၁၉၂၂ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့တွင် နိုင်ဂျာမြစ်ကမ်းပေါ်ရှိ ဖာရာနာမြို့၌ မွေးဖွားသည်။ မိဘနှစ်ပါးသည် မွတ်စလင် ဆင်းရဲသား လယ်သမားများဖြစ်သည်။

ဂင်းနီနိုင်ငံ ပြင်သစ်လက်အောက် ကျရောက်နေစဉ် ကျောင်းသားဆန္ဒပြပွဲတပွဲကို စည်းရုံးဦးဆောင် ခဲ့သဖြင့် တူရေသည် အသက် ၁၅ နှစ်အရွယ်တွင် ကျောင်းထုတ်



အာမက် ဆေကူ တူရေ

ခံရသည်။ ၁၉၄၁ ခုနှစ်မှစ၍ စာတိုက်နှင့် ကြေးနန်းရုံးတွင် အမှုထမ်းယင်း အလုပ်သမားသမဂ္ဂအဖွဲ့အစည်း လှုပ်ရှားမှုများတွင် တက်ကြွစွာပါဝင်သည်။ ၁၉၄၆ ခုနှစ်တွင် ဂင်းနီနိုင်ငံ စာတိုက်နှင့် ကြေးနန်းလုပ်သားများ အစည်းအရုံး၏ အထွေထွေအတွင်းရေးမှူး ဖြစ်လာသည်။ ထိုနှစ်တွင်ပင် ရက်ဆင်းဘဲမင့် ဒီမိုကရက်တစ် အာဖရိကန် (အာရ်ဒီအေ) အဖွဲ့ကို စည်းရုံးတည်ထောင်ရာတွင် ဦးဆောင်ပါဝင်သည်။ ယင်းအဖွဲ့သည် အာဖရိက ၁၂ နိုင်ငံတွင် လွတ်လပ်ရေးအတွက် တက်ကြွစွာ လှုပ်ရှားသော လူထုရွေဆောင် တပ်ဦးအဖွဲ့ဖြစ်သည်။

ဆေကူ တူရေသည် ၁၉၄၇ ခုနှစ်တွင် ဂင်းနီဒီမိုကရက်တစ်ပါတီ (ပီဒီဂျီ)ကို တည်ထောင်ခဲ့ရာ ၁၉၅၂ ခုနှစ်တွင် ပါတီအထွေထွေအတွင်းရေးမှူးအဖြစ် တင်မြှောက် ခံ ရ သည်။ ၁၉၅၁ ခု နှစ် တွင် ပြင် သစ် အ မျိုး သား လွတ် တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက် ခံရသော်လည်း ပြင်သစ်အာဏာပိုင်တို့၏ ပိတ်ပင်တားဆီးမှုကြောင့် ၁၉၅၆ ခုနှစ် ရောက်မှသာ လွတ် တော် ကိုယ် စား လှယ် တာ ဝန် ထမ်းဆောင်ခွင့်ရသည်။ ၁၉၅၇ ခုနှစ်တွင်မူ ပြင်သစ်လက်အောက်မှပင် ဂင်းနီဝန်ကြီးချုပ် ဖြစ်လာသည်။ ထိုနှစ် အောက်တိုဘာလဟုတ် အာရ်ဒီအေ အဖွဲ့၏ ဒုတိယညကွင်္ဘ အဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။

၁၉၅၈ ခုနှစ်တွင် ပြင်သစ်ပိုင် အနောက်အာဖရိကနိုင်ငံများအတွင်း ဂင်းနီနိုင်ငံကို ထည့်သွင်း၍ လွတ်လပ်ရေးပေးရန် ပြင်သစ်တို့က စီစဉ်သော ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဆန့်ကျင်လှုပ်ရှားကြရန် ဆေကူ တူရေသည် ဂင်းနီပြည်သူတို့ကို လှုံ့ဆော်ဦးဆောင်ခဲ့ရာ အောင်မြင်မှုရသည်။ ထိုနှစ် အောက်တိုဘာလ ၂ ရက်နေ့တွင် ဂင်းနီနိုင်ငံ လုံးဝ လွတ်လပ်ရေးရခဲ့သည်။ သို့ဖြင့် ဂင်းနီနိုင်ငံ၏ ပထမဆုံး



နိုင်ငံအကြီးအကဲ ဖြစ်လာခဲ့သော ဆေကူ တူရေသည် အခြေခံဥပဒေအရ ဂင်းနီနိုင်ငံ၏ တခုတည်းသော ပါတီ ပီဒီဂျီ၏ ခေါင်းဆောင်လည်း ဖြစ်လာသည်။


ဆေကူ တူရေ အုပ်စိုးသည့်ကာလတလျှောက်လုံး ဆိုရှယ်လစ်ရေး မူဝါဒကို ကိုင်စွဲသည်။ လွတ်လပ်ရေးရစတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဆိုဗီယက်ပြည်ထောင်စု တို့ထံမှ ဘဏ္ဍာရေးနှင့် နည်းပညာအကူအညီများကို ရယူခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် လီနင်ငြိမ်းချမ်းရေး ဆုကို အပ် နှင်း ခံ ရ သည်။ ၁၉၆၁ ခုနှစ်တွင်မူ ကွန်နက်ကီမြို့တော်ရှိ ဆိုဗီယက်သံတမန်ကို ပြည်တွင်းရေး ဝင်ရောက်စွက်ဖက် သည် ဟူ သော စွဲ ချက် ဖြင့် နှင် ထုတ် သည်။ ထို့နောက် တူရေသည် အာဖရိကအမျိုးသားရေး ဝါဒီအဖြစ် ပြည်ပဆက်ဆံရေးတွင် ကြားနေဝါဒ ကျင့်သုံးတော့မည်ဟု ကြေငြာသည်။

တူရေသည် ၁၉၆၀ ပြည့်လွန်နှစ်များအတွင်း အာဏာသိမ်းရန် ကြံစည်မှုများကို ရင်ဆိုင်နှိမ်နင်းခဲ့ရသည်။ ၁၉၇၀ ပြည့်လွန်နှစ်များတွင် အာဖရိက အိမ်နီးချင်းနိုင်ငံများနှင့် လည်းကောင်း၊ အနောက်အုပ်စုနိုင်ငံများနှင့်လည်းကောင်း ဆက်ဆံရေး တိုးတက် ကောင်းမွန်ရန် ကြိုးပမ်းခဲ့သည်။ တူရေသည် ၁၉၇၂ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုနှင့် ပြင်သစ်နိုင်ငံများသို့ သွားရောက်လည်ပတ်ခဲ့သည်။

အာဖရိက ညီညွတ်ရေးကို နှစ်ပေါင်းများစွာ ဦးဆောင်ခဲ့သူ ဖြစ်သော ဆေကူ တူရေကို ၁၉၈၄ ခုနှစ် မေလတွင် အာဖရိကညီညွတ်ရေးအဖွဲ့ချုပ် (အိုအေယူ) ဥက္ကဋ္ဌအဖြစ် တင်မြှောက်ရန် အဖွဲ့ဝင်နိုင်ငံများက စီစဉ်ထားကြသည်။ ထိုစဉ် မတ်လ ၂၆ ရက်နေ့၌ ဆေကူ တူရေသည် အမေရိကန်ပြည်ထောင်စု၌ နှလုံးရောဂါခံစိတ်ကုသမှု ခံယူယင်း ရုတ်တရက် ကွယ်လွန်သည်။

**ထွန်း၊ ဦး (စာတိုက်)** (ခရစ် ၁၉၀၆ – ၁၉၈၄)။ ။ ကို လို နီ ခေတ် ကျောင်းသားသပိတ်၊ လွတ် လပ် ရေး စာတိုက်သပိတ်နှင့် အမှုထမ်းပေါင်းစုံ သပိတ်ခေါင်းဆောင်၊ နိုင် ငံ ဂုဏ် ရည် ပထမဆင့်ရ ဦးထွန်းကို ၁၉၀၆ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ရန်ကုန်အရှေ့ပိုင်း ဗိုလ်တထောင်နယ်မြေ ၆၁ လမ်း၌ အဖ ဦးဘနှင့် အမိ ဒေါ်မြသစ်တို့က မွေးဖွားသည်။

ဦးထွန်းသည် ကြည့်မြင်တိုင်ရှိ စိန့်မိုက်ကယ်ကျောင်းနှင့် မြို့မကျောင်းတို့တွင် ပညာသင်ကြားခဲ့သည်။ ၁၉၂၀ ပြည့်နှစ်တွင် တက္ကသိုလ်ကျောင်းသားသပိတ်ကြီးမှောက်ရာတွင် မိမိ၏ကျောင်းမှ သပိတ်မှောက် ခေါင်းဆောင်အဖြစ် တက်ကြွစွာပါဝင်ခဲ့သည်။ သပိတ်ကြီးအပြီးတွင် အမျိုးသားခေါင်းဆောင်ကြီး သခင်မြအုပ်ချုပ်သော ကြည့်မြင်တိုင်



စာတိုက် ဦးထွန်း

အမျိုးသားကျောင်းတွင် ဆက်လက် ပညာသင်ကြားရာ ၁၀ တန်း အောင်သည်။

၁၉၂၆ – ၂၇ ခုနှစ်တွင် ရန်ကုန်စာတိုက်နှင့် ကြေးနန်း ဌာနတွင် ဝင်ရောက်အမှုထမ်းသည်။ ထိုစဉ်ဝတ်လုံတော်ရ ဦးကျော်မြင့် ခေါင်းဆောင်၍ လျှို့ဝှက်ဖွဲ့စည်းထားသော စာတိုက်နှင့် ကြေးနန်းဌာန အသင်းသို့ စတင်ဝင်ရောက်ခဲ့သည်။ ထိုအချိန်က စာတိုက်နှင့် ကြေးနန်းဌာနတွင် အိန္ဒိယသားများကြီးစိုးနေရာ အိန္ဒိယသားများကြီးစိုးမှုကို ဦးထွန်းက ခေါင်းဆောင် လှုံဆော်တိုက်ခိုက်ခဲ့၍ အင်္ဂလိပ် အစိုးရက ပထမဆုံး မြန်မာစာတိုက်ဗိုလ်ကြီးအဖြစ် ဦးသိမ်း (KSM, KTM) အား ခန့်အပ်ပေးခဲ့သည်။ လှုံဆော်သူ ဦးထွန်းသည် အလုပ်မှ ရပ်စဲခံလိုက်ရသည်။ နောင်တွင်မှ စာတိုက်တွင် ပြန်လည်အမှုထမ်းရသည်။

စစ်ကြီးအပြီးတွင် ပုဇွန်တောင် စာတိုက်ဗိုလ်အဖြစ် ဆောင်ရွက်သည်။ မြန်မာပြည်စာတိုက် အစည်းအရုံးကို ပြန်လည်ဖွဲ့စည်းရာတွင် အမျိုးသား ခေါင်းဆောင်ကြီး သခင်မြက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီး ဦးထွန်းသည် ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၄၆ ခုနှစ်တွင် ဗိုလ်ချုပ် အောင်ဆန်း ကိုယ်တိုင် တက်ရောက်မိန့်ခွန်းပြောကြားသော မြန်မာပြည် စာတိုက် အစည်းအရုံးညီလာခံ၌ ဦးထွန်းသည် စာတိုက်အလုပ် သမားများ၏ တောင်းဆိုချက် ၁၄ ချက်ကို ခေါင်းဆောင်၍ တင်ပြခဲ့သည်။ ထို့နောက် ပုလိပ်သပိတ်ကြီးကို ထောက် ခံသော အားဖြင့် စာတိုက်သပိတ်ကြီးကို မှောက်၍ လှုတ်လပ်ရေးကို တောင်းဆိုခဲ့သည်။ နောင်တွင် အမှုထမ်း ပေါင်းစုံ သပိတ်ခေါင်းဆောင်တဦး ဖြစ်လာသည်။

ဦးထွန်းသည် တိယူစိဘီ အလုပ်သမား အဖွဲ့ချုပ် အလုပ်အမှုဆောင်၊ စီးပွားကုန်သွယ်ရေးအဖွဲ့၏ ဒုတိယ ဥက္ကဋ္ဌ၊ မြို့နိုစီပယ် အလုပ်သမားပေါင်းစုံ ဥက္ကဋ္ဌ စသည်ဖြင့် ဆောင်ရွက်ခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် မြို့နိုစီပယ် လူကြီး အဖြစ် အရွေးခံရသည်။ စွေးနှင့် ကျန်းမာရေးချယ်ယာမင်း လူကြီး၊ ရန်ကုန်ဆေးရုံကြီး၏ အကြံပေးကော်မတီဥက္ကဋ္ဌ၊ မီးရထား အုပ်ချုပ်ရေးအဖွဲ့ဝင်လူကြီး၊ မြန်မာနိုင်ငံ ကုန် သည်များနှင့် ကုန်ထုတ်လုပ်သူများ ဥက္ကဋ္ဌအဖြစ်လည်း ဆောင်ရွက်ခဲ့သည်။

ဂျီနီဗာတွင် ကျင်းပသော ကမ္ဘာ့အလုပ်သမားညီလာခံ၊ ဖီလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကျင်းပသော ကမ္ဘာ့စီးပွား ရေး ညီလာခံများသို့ မြန်မာနိုင်ငံ ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။ ဗြိတိန်နိုင်ငံတွင် အလုပ်သမားရေးရာ၊ ပါလီမန်ရေးရာ၊ မြို့နိုစီပယ် ရေးရာများကို တလခန့် လေ့ လာခဲ့သည်။

၁၉၅၃ – ၅၄ ခုနှစ်တွင် ရန်ကုန်မြို့နိုစီပယ်မြို့တော်ဝန် ဖြစ်ခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ဗဟိုကုန်သွယ်ရေး ကော်ပို ရေးရှင်း ၁၂ တွင် အဖွဲ့ဝင်အဖြစ် ထမ်းဆောင်ပြီး ၁၉၇၀ ပြည့်နှစ်တွင်မှ အနားယူခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် ပြည် ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် ကောင်စီက အပ်နှင်းသော နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမဆင့်ကို ရရှိခဲ့သည်။

ဦးထွန်းသည် ၁၉၈၄ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့ တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် သမီးတယောက် ကျန်ရစ်သည်။


**ဒိရက်, ဒေါက်တာ ပေါ အေဒြီယံ မောရစ်** (ခရစ် ၁၉၀၂–၁၉၈၄)။ ။ဆာ အိုင်ဇပ် ခ္ဝါတန် (၁၆၄၂–၁၇၂၇)၊ ဘဲလဇတ် အိုင်စတိုင်း (၁၈၇၉–၁၉၅၅) တို့နှင့် နှိုင်းယှဉ်ဂုဏ်ပြုခံရသည့် နှစ်ဆယ်ရာစု ထိပ်တန်း သိပ္ပံပညာ ရှင် ပေါ အေဒြီယံ မောရစ် ဒိရက်ကို ၁၉၀၂ ခုနှစ် ဩဂုတ် လ ၈ ရက်နေ့တွင် အင်္ဂလန်နိုင်ငံ ဗရစ္စတယ်မြို့၌ အဖ ချာ ဒိရက်နှင့် အမိ ဖလောရင့် ဟန်နာဟိုလတန်တို့မှ မွေး ဖွားသည်။ ဖခင်သည် ဆွစ်ဇာလန်နိုင်ငံဖွားဖြစ်၍ ဗရစ္စ တယ် အထက်တန်းကျောင်း၌ ပြင်သစ် ဘာသာပြု ဆရာ တဦးဖြစ်သည်။ ဖခင်သည် သား ဒိရက်အား ပြင်သစ် ဘာသာ ကျွမ်းကျင်စေလိုသဖြင့် အိမ်တွင် ပြင်သစ် စကားကို သာ သုံးနှုန်းပြောဆိုစေသည်။ ဒိရက်သည် သခ္ခဝေဒဂ် ထက်မြက်ရကား အတန်းနှင့် မလိုက်အောင် အဆင့်မြင့် သော သိပ္ပံစာအုပ်များကို သီးသန့် လေ့လာ နိုင်ရန်လည်း

ဖခင်က လမ်းညွှန်ပံ့ပိုးခဲ့သည်။ ဒီရက်သည် အပေါင်း အသင်း နည်း၍ တကိုယ်တည်း လမ်းလျှောက်ခြင်းကို နှစ်ခြိုက်သည်။ စကားနည်းသူဖြစ်၍ ပြောသည့်အခါတွင် လည်း လေးနက်သော စကားမျှားကိုသာ ပြောဆိုတတ် သည်။

ဒီရက်သည် ဗရစ္စတယ်တက္ကသိုလ်တွင် လျှပ်စစ် အင် ဂျင်နီယာနှင့် သခ်ျာပညာရပ်တို့ကို ဆည်းပူးခဲ့ရာ ၁၉၂၁ ခု နှစ်တွင် ဂုဏ်ထူးတန်း အောင်မြင်သည်။ အသက် ၁၇ နှစ် သား အရွယ်မှာပင် ယေဘုယျရီလေတစ်ဗီတီကိုလေ့လာခွင့် ကြုံခဲ့ရာမှ သီအိုရီ ရူပဗေဒပညာရှင် ဖြစ်လိုစိတ်ပိုက်လာ သည်။ အင်ဂျင်နီယာအတတ်ကလည်း ဒီရက်၏ ရူပဗေဒ လေ့လာမှုအပေါ် သြဇာညောင်းခဲ့သည်။ ဤသို့ဖြင့် ၁၉၂၃ ခုနှစ်တွင် ကိန်းဗရစ်တက္ကသိုလ် စိန်ဂျန်းကောလိပ်၌ ရူပ ဗေဒပါရဂူဘွဲ့အတွက် သိပ္ပံပညာရည်ချွန် ဆုရကျောင်းသား အဖြစ် တက်ရောက်သည်။ ၁၉၂၂ ခုနှစ် ရူပဗေဒနိဗ္ဗာန်ရှင် နီးလ ဗိုး(၁၈၇၅–၁၉၆၂)နှင့် လက်တွဲ၍ ချူးကလီးယား ရူပဗေဒ ရှေ့ဆောင် သုတေသန လုပ်ငန်းများ လေ့လာခဲ့သူ ဆာ အာ အိပ်ချ် ဖောင်လာသည် ဒီရက် ဘွဲ့လွန်ပညာ ကျမ်းပြုမှုကို ကွပ်ကဲပေးခဲ့သည်။ ဖောင်လာ၏ ယောက္ခမ ဖြစ်သူ ကဗင်ဒစ်ရှ စမ်းသပ်ခန်း ညွှန်ကြားရေးမှူး လော့ ရပ်သာဖို့ (၁၈၇၁–၁၉၃၇) ကလည်း ဒီရက်၏ သုတေသန စာတမ်းများကို သိပ္ပံသုတေသန ဂျာနယ်များတွင် ထည့် သွင်းသင့်ကြောင်း ထောက်ခံပေးခဲ့သည်။

ဒီရက်သည် ၁၉၂၅ ခုနှစ် နိုဝင်ဘာလတွင် ကွမ်တမ် မက္ကင်းနစ်ပညာ၏ အခြေခံ နိယာမ အားလုံးလောက်ကို သိုးခြားတွေ့ရှိခဲ့ပြီး ၁၉၂၆ ခုနှစ် မေလတွင် ပါရဂူဘွဲ့ကျမ်း ကို တင်သွင်းနိုင်ခဲ့သည်။ ကျမ်းပြီးမြောက်ချိန်တွင် ရီလေး တစ် ဗီတီ စတက်တစ္စတစ်ကယ် မက္ကင်းနစ်နှင့် ကွမ်တမ် မက္ကင်းနစ်ဆိုင်ရာ သုတေသန စာတမ်းပေါင်း ဆယ်ခုကို ပြုစုပြီး ဖြစ်သည်။ ကွမ်တမ် မက္ကင်းနစ်ပညာသည် သေး ငယ် ပေါ့ပါးပြီး ရှေ့လျှားနေသော အမှုန်များအကြောင်း လေ့လာရာတွင် အရေးပါသည်။ အဲလဗတ် အိုင်စတိုင်း (၁၈၇၉–၁၉၅၅) ၁၉၀၅ ခုနှစ်က တင်ပြခဲ့သော သီးသန့် ရီလေတစ် ဗီတီ သီအိုရီနှင့် မက်စ် ပလန့်ခ်(၁၈၅၈–၁၉၄၇) ၁၉၀၁ ခုနှစ်က တင်ပြခဲ့သော စွမ်းအင်ဆိုင်ရာ ကွမ်တမ် သီအိုရီတို့ကို ဒီရက်က ၁၉၂၈ ခုနှစ်တွင် ပေါင်းစပ်၍ ရီ လေတစ် ဗီတီ ကွမ်တမ် မက္ကင်းနစ်ပညာကို ဖော်ထုတ်ပေး ခဲ့သည်။

သဘာဝတွင် တွေ့ရှိပြီး အမှုန်တခုချင်း (ဥပမာ အမ လျှပ်စစ်ဆောင် အီလက်ထရွန်)တွင် ဆန့်ကျင်ဘက်အမှုန် (ဥပမာ အဖို လျှပ်စစ်ဆောင်ပြီး အီလက်ထရွန်၏ ဒြပ်ထု နှင့် ညီမျှသော ဒြပ်ထုဆောင်အမှုန်) ရှိရမည်။ တဖန်



ဒေါက်တာ ပေါ အေဒြိယ် မောရစ် ဒီရက်

ဆန့်ကျင်ဘက်အမှုန် (ပေါ်စီထရွန်)သည် အီလက်ထရွန် နှင့် တိုက်မိလျှင် အမှုန်နှစ်ခုစလုံး ဇီဝိန်ချုပ်သွားပြီး ဖြာ ထွက်မှု စွမ်းအင် (ဂမ္မာရောင်ခြည်)သာ ရရှိမည် ဟူ၍ ဒီရက်က ညီမျှခြင်းများဖြင့် တွက်ချက် ရှင်းပြခဲ့သည်။ ဒီရက်၏ ရှင်းလင်းချက်များသည် နောင်တွင် ပရိုတွန် (ဟိုက်ဒရိုဂျင် အက်တမ်၏ ဝတ်ဆံ)ချူထရွန်(ပရိုတွန်နှင့် ဒြပ်ထုတူ လျှပ်စစ်မဲ့အမှုန်)စသော အမှုန်တို့ကို ဖွဲ့စည်းပေး ထားသော ကွပ်(ခ)ခေါ် အဖွဲ့အစည်းမဲ့ အခြေခံ အမှုန် များအကြောင်း လေ့လာရာတွင် အထောက်အကူပြုသည်။ သံလိုက်အမှုန်ခေါ် မိုနိုပိုးလ်ကို ကွမ်တမ် မက္ကင်းနစ်အရ လက်ခံရမည်ဟူသော အဆိုပြုချက်ကို ဒီရက်သည် လွှန်ခဲ့ သော ၅၄ နှစ်ကပင် တင်ပြခဲ့ရာ ၁၉၈၀ ပြည့်လွန်နှစ်များ အတွင်းတွင် သီအိုရီ ရူပဗေဒ ပညာရှင်တိုင်းလောက်ပင် မိုနိုပိုးလ်ကို လက်ခံလာကြပြီ ဖြစ်သည်။

ဒီရက်သည် ၁၉၃၀ ပြည့်နှစ်တွင် ကွမ်တမ် မက္ကင်းနစ် ပညာ နိယာမများစာအုပ်ကို ရေးသားခဲ့ပြီး အက်ဖ် အာ အက်စ်ဘွဲ့ကို ထိုနှစ်တွင်ပင် ရရှိသည်။ ၁၉၃၃ ခုနှစ်တွင် အာဝင် ရှရိုဒင်ဂါးနှင့်အတူ ရူပဗေဒ နိုဗဲဆုချီးမြှင့်ခံရသည်။

ဒီရက်သည် ပြန့်ကားသော စကြဝဠာပုံစံတွင် ဒြပ်ဆွဲ ကိန်းသေနှင့် အက်တမ်ကိန်းသေများ စကြဝဠာသက်တမ်း အလိုက် ပြောင်းနိုင်မည့်ပုံစံကိုလေ့လာခဲ့ပြီး ကိန်းကြီး သီအို ရီ သို့မဟုတ် LNH (Large Numbers Hypothesis) ကို ဖော်ထုတ်ခဲ့သည်။ ယင်းသီအိုရီအရ ဒြပ်ဆွဲအားသည် စကြဝဠာသက်တမ်း ကြီးလာသည်နှင့်အမျှ ပျော့သွားမည် ဟု ဒီရက်က ဟောကိန်းထုတ်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် ဟယ်မီလတန် ကန့်သတ်မှု သီအိုရီကို ဖော်ထုတ်ခဲ့ပြန် သည်။ ဟယ်မီလတန် ကန့်သတ်မှု နှစ်ခုမှ ထောင့်မတ်ပိုင်း

ကို ဝိုးလား ဒီဝစ် ပုံသေနည်းအဖြစ် ယခုအခါ အသုံးပြုနေကြပြီ ဖြစ်သည်။ ဒီရက်၏ ဟယ်မီလတန် ကန့်သတ်မှုစနစ်ကို မဟာဒြပ်ဆွဲမှု သီအိုရီတွင် အသုံးပြုလျက်ရှိသည်။ ဖာမီဒီရက် စာရင်းစုကို ပြုစုခဲ့သူ ဒီရက်သည် ဖာမီ စာရင်းစုမှ ဗို့စာရင်းစုရနိုင်ကြောင်း ၁၉၆၉ ခုနှစ်တွင် ကျမ်းတစောင် ပြုစုတင်ပြသည်။ ယင်းစာရင်းစု ပြောင်းနည်းမျှားကို ( Super Symmetry Theory) SUSY မဟာဘက်ညီမှု သီအိုရီတွင် ယခုအခါ အသုံးပြုနေကြသည်။ ၁၉၇၄ ခုနှစ်တွင် ယေဘုယျ ရီလေတစ် ဗီတီ ပို့ချချက် စာအုပ်ကို ပုံနှိပ်ထုတ်ဝေသည်။ ၁၉၇၉ ခုနှစ်တွင် ကိန်းကြိုးမျှား သီအိုရီနှင့် ယေဘုယျ ရီလေတစ် ဗီတီကို ပေါင်းစပ်သည်။

ဒီရက်သည် ကိန်းဗရစ်တက္ကသိုလ်မှ ပါရဂူဘွဲ့ရပြီးနောက် ယင်းတက္ကသိုလ်မှာပင် စာပေပို့ချနေခဲ့ရာ ၁၉၇၂ ခုနှစ်တွင် လူကာစီရန်း ပါမောက္ခအဖြစ် ခန့်အပ်ခံရသည်။ယင်းရာထူးမှာ ဆာအိုင်ဇပ် ဋ္ဌူတန်ကို ခန့်အပ်သော ရာထူးဖြစ်သည်။ ဆိုဗီယက် ပြည်ထောင်စု မော်စကိုတက္ကသိုလ်က ဒီရက်အား ဂုဏ်ထူးဆောင် သုတေသီ ပါရဂူဘွဲ့ကို ၁၉၆၁ ခုနှစ်တွင် အပ်နှင်းသည်။ ဒီရက်သည် ဗြိတိန်နိုင်ငံ၏ဂုဏ်ထူးဆောင်ဘွဲ့ အိုအမ်ဘွဲ့ကိုလည်း ၁၉၇၁ ခုနှစ်တွင် ချီးမြှင့်ခံရသည်။ ဗြိတိသျှ ရူပဗေဒပညာရှင်အဖွဲ့၏ ဂုဏ်ထူးဆောင် အက်ဖ်အင့်စ်ပီဘွဲ့ကိုလည်း ထိုနှစ်တွင်ပင် ဆွတ်ခူးသည်။ ရူပဗေဒသုတေသနကို သေတပန်သက်တဆုံးပြုလုပ်ခဲ့သူ ဒီရက်သည် သုတေသီသုံး သီအိုရီ ရူပဗေဒကျမ်းခြောက်စောင်၊ သုတေသန စာတမ်းပေါင်း ၁၀၀ ကျော် ပြုစုခဲ့သည်။ ဒီရက်၏ လုပ်ငန်းနှင့် လမ်းစကို ရယူလေ့လာ၍ နိုဗယ်ဆုရသူ ရူပဗေဒပညာရှင် ကိုးဦးထက်မနည်း ပေါ်ထွန်းခဲ့သည်။

ဒီရက်သည် အမေရိကန် ပြည်ထောင်စု ဖလော်ရီဒါ ပြည်နယ် တယ်လဟတ်ဆီးမြို့၌ ၁၉၀၄ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင် နှလုံးရောဂါဖြင့် ကွယ်လွန်သည်။

**နယူးဇီလန်နိုင်ငံ။** ။နယူးဇီလန်နိုင်ငံ၌ ၁၉၀၄ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့တွင် အထွေထွေ ရွေးကောက်ပွဲကျင်းပခဲ့ရာ အောက်လွတ်တော်၌ ၉၅ နေရာရှိသည့်အနက် လေဘာပါတီက ၅၆ နေရာ အနိုင်ရရှိသဖြင့် လေဘာပါတီခေါင်းဆောင် ဒေးဗစ် လန်ဂီသည် အစိုးရအဖွဲ့သစ်ဖွဲ့၍ ဇူလိုင်လ ၂၆ ရက်နေ့တွင် စတင်တာဝန် ထမ်းဆောင်သည်။ ၁၉၇၅ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့က ကျင်းပသော ရွေးကောက်ပွဲတွင် အနိုင်ရပြီး ဝန်ကြီးချုပ်ဖြစ်လာခဲ့သော ကွန်ဆာဗေးတစ် အမျိုးသား ပါတီခေါင်းဆောင် ရောဗတ် မူဒွန်းသည် လွတ်တော်သက်တမ်း သုံးနှစ်မပြည့်မီ ရွေးကောက်ပွဲကို စောချိကျင်းပရန် တောင်းဆိုခဲ့ရာ ၁၉၀၁ ခုနှစ် ရွေးကောက်ပွဲတွင် ၄၇ နေရာစိုးမိုးခဲ့သော အမျိုးသားပါတီသည် ယခုရွေးကောက်ပွဲတွင် ၃၇ နေရာသာ ရသဖြင့် ရှုံးနိမ့်သွားရခြင်းဖြစ်သည်။ ဝန်ကြီး ချုပ် သစ်လန်ဂီသည် ၁၉၇၇ ခုနှစ်မှစ၍ လွတ်တော်ကိုယ်စားလှယ်ဖြစ်လာပြီး ၁၉၇၉ ခုနှစ်မှ ၁၉၀၃ ခုနှစ်အထိ လေဘာပါတီ ဒုတိယခေါင်းဆောင်အဖြစ် ဆောင်ရွက်၍ ၁၉၀၃ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် လေဘာပါတီ ခေါင်းဆောင် ဖြစ်လာခဲ့သည်။ လေဘာပါတီ ဒုတိယ ခေါင်း



နယူးဇီလန်ဝန်ကြီးချုပ်သစ် ဒေးဗစ် လန်ဂီ

ဆောင် ဂျော့ဖရေး ပါးလမားသည် လန်ဂီ၏အစိုးရအဖွဲ့ သစ်တွင် ဒုတိယဝန်ကြီးချုပ်တာဝန်ကို ယူသည်။

နယူးဇီလန်တွင် ၁၉၇၂ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ အာဏာရခဲ့သော နော်မန် အီရစ် ကတ်နှင့် ဝေါလေ့ ရိုးလင်းတို့၏ လေဘာအစိုးရအဖွဲ့များနည်းတူ လန်ဂီ၏ အစိုးရအဖွဲ့၌လည်း မာအိုရီလူမျိုး ကိုယ်စားလှယ် ဝန်ကြီးနှစ်ဦး ပါဝင်လာသည်။ ၁၀၄၀ ပြည့်နှစ်တွင် ဗြိတိသျှ အချုပ်အခြာ အာဏာပိုင် နယ်မြေအဖြစ် မိမိတို့နယ်မြေများကို ပေးအပ်ခဲ့ရသော မာအိုရီလူမျိုးတို့သည် လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း ဆူပူလှုပ်ရှားလာခဲ့သည်။ ၁၉၆၂ ခုနှစ်နှင့် ၁၉၆၃ ခုနှစ်တို့တွင် ဝေတန်ဂီနေ့ အခမ်းအနားများ၌ ဆူပူမှုများ ပေါ်ပေါက်ခဲ့ပြီးနောက် မြို့နေမာအိုရီများနှင့် ရှေးရိုးမာအိုရီလူမျိုးစုတို့ ပေါင်းစည်း၍ မစ္စက်အီဗာ ရစ်ကတ်ခေါင်းဆောင်သော မာအိုရီညီညွတ်ရေး လှုပ်ရှားမှုအဖွဲ့ကို ဖွဲ့စည်းသည်။ ထို့ကြောင့် လန်ဂီ၏ အစိုးရအဖွဲ့သည် မာအိုရီလူမျိုးဝန်ကြီး ကိုရို ဝေတာရီကို မာအိုရီရေးရာဝန်ကြီးအဖြစ် တာဝန်ပေး၍ ယင်းပြဿနာကို ညှိနှိုင်းဖြေရှင်းလျက် ရှိသည်။ (စွယ်စုံနှစ်ချုပ် ၁၉၇၃– စာ၊ ၂၀၃ — ရှု။)

နယူးဇီလန်နိုင်ငံသို့ အမေရိကန် အကျူမှူရေငုပ်သင်္ဘော တစင်း အလည်အပတ်ရောက်ရှိမလာမီ ၁၉၆၂ ခုနှစ် ဧပြီလ ၂၉ ရက်နေ့တွင် အတိုက်အခံလေဘာပါတီက နယူးဇီလန် ဝန်းကျင်၌ အကျူမှူလက်နက်များ တားဆီးပိတ်ပင်ရေး အဆိုတရပ်ကို လွှတ်တော်သို့ တင်သွင်းဖူးသော်လည်း ထောက်ခံမဲတမဲ ကပ်၍ရှုံးနိမ့်ခဲ့ရသည်။ ဩစတြေးလျနိုင်ငံ၊ နယူးဇီလန်နှင့် အမေရိကန်ပြည်ထောင်စုတို့ ၁၉၅၁ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့က ချုပ်ဆိုခဲ့သော ပစိဖိတ် လုံခြုံရေးစာချုပ် (အန်းဇပ် စာချုပ်) နှင့် စပ်လျဉ်း၍ နယူးဇီလန်နိုင်ငံ၏ ပဋိညာဉ်ကို ဝန်ကြီးချုပ် လန်ဂီက ၁၉၆၄ ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့တွင် ထပ်မံအတည်ပြုသည်။ သို့ရာတွင် အကျူမှူစွမ်းအင်သုံးသော သို့မဟုတ် အကျူမှူလက်နက် တပ်ဆင်ထားသော အမေရိကန်သင်္ဘောများ နယူးဇီလန်သို့ ဝင်ရောက်ခြင်းမှ ပိတ်ပင်တားဆီးရန် ရွေးကောက်ပွဲ ကတိပေးထားခဲ့သည့်အတိုင်း အကောင်အထည် ဖော်သွားမည်ဟု ဇူလိုင်လ ၂၉ ရက်နေ့တွင် ဝန်ကြီးချုပ်လန်ဂီက အတည်ပြုပြောကြားသည်။

မစ္စတာ လန်ဂီက ဝယ်လင်တန်မြို့တော်ရှိ တောင်အာဖရိကနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးကိုပိတ်ပင်ရန် မကြာမီ တောင်းဆိုတော့မည်ဟု ဇူလိုင်လ ၂၉ ရက်နေ့တွင် ပြောကြားခဲ့ရာ ဩဂုတ်လ ၂ ရက်နေ့တွင် တောင်အာဖရိကအစိုးရက သံတမန်များ ပြန်လည်ခေါ်ယူရန် ဆုံးဖြတ်သည်။ တောင်အာဖရိကတွင် နယူးဇီလန်နိုင်ငံ၏ သံကိုယ်စားလှယ်လည်း မရှိသဖြင့် နှစ်နိုင်ငံ သံအဆက်အသွယ် လုံးဝပြတ်စဲသွားပြီ ဖြစ်သည်။

နယူးဇီလန်နိုင်ငံရှိ ဆိုရှယ်လစ် ညီညွတ်ရေးပါတီကို ဆိုဗီယက်က ငွေကြေးထောက်ပံ့သည်ဟု စွပ်စွဲမှုကြောင့် ၁၉၇၀ ပြည့်နှစ် ဇန်နဝါရီလက နှစ်နိုင်ငံသံအဆက်အသွယ် ဖြတ်တောက်ခဲ့ပြီးနောက် ၁၉၇၄ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် နယူးဇီလန်နှင့် ဆိုဗီယက်ပြည်ထောင်စုတို့သည် သံအမတ်ကြီးအဆင့်ဖြင့် သံအဆက်အသွယ် ပြန်လည် ပြုလုပ်သည်။

## နရိန္ဒ၊ ဆရာတော် ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ တောင်ကြီးမြို့၊ ပထမ တောင်ကျောင်းကြီးတိုက် (မြန်မာ ၁၂၇၃ – ၁၃၄၆)။

။အစိုးရပထမငယ်၊ ပထမလတ်နှင့် သုဝဏ္ဏဘူမိ ပရိယတ္တိ စာမေးပွဲ ဒုတိယစာချ သာသနာ ဇောတိပါလအဆင့် စာမေးပွဲများကို အောင်မြင်တော်မူခဲ့၍ တောင်ကြီးမြို့၊ ပထမ တောင်ကျောင်းကြီးတိုက် မဟာနာယက ဖြစ်တော်မူသော ဆရာတော်ဘဒ္ဒန္တ နရိန္ဒသည် တပည့်သံဃာများအား စာပေ ကျမ်းဂန်များကို ပို့ချတော်မူခြင်း၊ လောကုတ္တရာစာပေ များ ကို ပအို ဝ် ဘာသာသို့ ပြန်ဆိုခြင်း၊ နိုင်ငံခြားတိုင်းပြည်များသို့ သွားရောက်တော်မူ၍ သာသနာတော် ပြန့်ပွားရေးကို ဆောင်ရွက်ခြင်း၊ တောင်ကြီး၊ ပင်လုံ၊ ဆီဆိုင်၊ ပင်လောင်းဒေသများအတွင်းရှိ သံဃာတော်ပေါင်း ၆,၃၆၃ ပါး တို့အား ဆုံးမသြဝါဒပေး၍ သာသနာပြုခြင်း စသော သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့သောကြောင့် ၁၃၄၀ ပြည့်နှစ် ပြာသိုလဆန်း ၇ ရက်နေ့တွင် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော် ကောင်စီက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်။ (စွယ်စုံနှစ်ချုပ် ၁၉၆၀ – စာ၊ ၁၇၇ — ရှု။)

အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တ နရိန္ဒမဟာထေရ်သည် ၁၃၄၆ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁ ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

## နာရဒါဘိဝံသ၊ ဆရာတော် ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ မန္တလေးမြို့၊ မစိုးရိမ်ကျောင်းတိုက် (မြန်မာ ၁၂၇၅–)။

။ဆရာတော် ဘဒ္ဒန္တ နာရဒါဘိဝံသကို မန္တလေးတိုင်း၊ ပျဉ်းမနားမြို့တောင်ဘက် ရှမ်းစုကြီးရွာ၌ ၁၂၇၅ ခုနှစ် ပြာသိုလပြည့်ကျော် ခုနစ်ရက်နေ့တွင် ခမည်းတော် ဦးဖိုး၊ မယ်တော် ဒေါ်ပိန်တို့ကဖွားမြင်သည်။



**အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တ နာရဒါဘိဝံသ**

၁၂ နှစ်အရွယ်တွင် ပျဉ်းမနားမြို့ အနောက်ဘက်၊ မောင်းရန်းရွာ မောင်းရန်းကျောင်း၌ ဆရာတော် ဦးသုဇာတကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေပြုခဲ့သည်။ ဘွဲ့တော်သည် ရှင်နာရဒ ဖြစ်သည်။ ရှင်သာမဏေဘဝတွင် ပျဉ်းမနားမြို့ ရှမ်းစုကြီးကျောင်း၊ မာရ်အောင်ကျောင်း၊ ရေတာရှည်မြို့ မင်းကျောင်းတို့၌ ပထမကြီးတန်း အဆင့်ရှိ ကျမ်းစာများ၊ စူဠဝဂ်၊ ပရိဝါရပါဠို အဋ္ဌကထာ စသည့် လောကုတ္တရာစာပေများကို သင်ကြားခဲ့သည်။

၁၂၉၅ ခုနှစ်တွင် ရမည်းသင်းမြို့ အုတ်ဖိုဆရာတော် ဦးဇနိယကို ဥပဇ္ဈာယ်ပြု၍ ပျဉ်းမနားမြို့ မာရ်အောင်ကျောင်းတိုက် ခဏ္ဍသိမ်၌ ရဟန်းဖြစ်တော်မူသည်။

ဆရာတော်သည် ရဟန်းဖြစ်သောနှစ်မှာပင် အစိုးရပထမကြီးတန်းကို အောင်မြင်တော်မူခဲ့သည်။ ထို့နောက် မစိုးရိမ်ဝိနည်း စာမေးပွဲ၊ အိမ်တော်ရာ အမျိုးသား စာမေးပွဲ၊ မိုးကုတ်စာမေးပွဲ၊ ရန်ကုန် စေတိယင်္ဂဏ စာသင်တန်း စာမေးပွဲများကိုလည်း အောင်မြင်တော်မူခဲ့သည်။ ၁၃၀၂ ခုနှစ်တွင် မန္တလေးမြို့ ပရိယတ္တိ သာသနဟိတ (သကျသီဟ) အသင်း စာချတန်း စာမေးပွဲကို အောင်မြင်တော်မူခဲ့ပြီး ၁၃၀၃ ခုနှစ်တွင် နိုင်ငံတော်အစိုးရ ဓမ္မာစရိယစာချတန်း၌ ကျမ်းရင်းသုံးကျမ်းကို ဂုဏ်ထူးဆောင် ငါးကျမ်းနှင့်တကွ ပထမစွဲ၍ အောင်မြင်သောကြောင့် သာသနဓဇ သိရီပဝရ ဓမ္မာစရိယဘွဲ့ကို ရရှိတော်မူသည်။

ဆရာတော်သည် သာမဏေဘဝကပင် ကဝိမျက်မှန်မဂ္ဂင်း၊ သူရိယမဂ္ဂင်းတို့၌ ဆောင်းပါးများကို ရေးသား



တော်မူခဲ့သည်။ ရှင်တော် ဗုဒ္ဓ လက်ထက် လူမှုစီးပွားရေး စာမူ၊ အဘိဓမ္မာဝတာရဋ္ဌကုရု မစိုးရိမ် ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိအကျဉ်း၊ အနုသယစာမူ၊ သာရိရိက ဓာတုဝိနိစ္ဆယစာမူ၊ ဝဿာဝါသိကဝိနိစ္ဆယစာမူ၊ စေတနာနှင့်ကံ ဝိနိစ္ဆယစာမူစသည့် စာပေကျမ်းဂန်များကို ရေးသားတော်မူခဲ့သည်။

ဆရာတော်သည် မစိုးရိမ်ကျောင်းတိုက် ကျောင်းထိုင် နာယက စာချအဖွဲဝင်အဖြစ် သက်တော် ၂၇ နှစ်တွင် တင်မြှောက်ခြင်းခံရတော်မူသည်။ မစိုးရိမ် ပါဠိတက္ကသိုလ် ကထိက၊ မန္တလေးမြို့ အနောက်ပြင်မြို့နယ် ဝိနည်းခိုရ်၊ ဆဋ္ဌသံဂါယနာ ပဋိဝိသောဓက၊ တိပိဋကပါဠိမြန်မာ အဘိဓာန်ကျမ်းကြီး၏ ကျမ်းပြုအဖွဲဝင်၊ နိုင်ငံတော် သီးခြား ဝိနည်းခိုရ်အဖွဲ့ အမှတ် (၃) အဖွဲဝင် စသည်ဖြင့် ဆောင်ရွက်တော်မူခဲ့ပြီး နိုင်ငံတော် ဗဟို သံဃာဝန်ဆောင် ဆရာတော်အဖြစ် သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူလျက်ရှိသည်။

ဤသို့ သာသနာအကျိုးကို ဆောင်ရွက်တော်မူသော ကြောင့် သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံတော်မူသည့် ဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသသည် ၁၉၇၄ ခုနှစ် ဇန္နဝါရီလ ၄ ရက်နေ့တွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော် ကောင်စီက ဆက်ကပ် လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်။

**နိုဗဲဆု။** ။၁၈၉၆ ခုနှစ်တွင် ကွယ်လွန်ခဲ့သော ဆို့ဒင် ပြည်သား စက်မှုဓာတုပညာရှင်နှင့် ဒိုင်းနမိုက် တီထွင်သူ ဒေါက်တာ အဲလဖရက် နိုဗဲ၏ သေတမ်းစာအရ စာပေ၊ ဆေးပညာ၊ ရူပဗေဒနှင့် ဓာတုဗေဒဆိုင်ရာ နိုဗဲဆုများကို ၁၉၀၁ ခုနှစ်မှစ၍ ချီးမြှင့်လာခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် ဆို့ဒင်ဘဏ်က စီးပွားရေးဆိုင်ရာ နိုဗဲဆုကို ထပ်မံတီထွင်ပေးခဲ့သည်။ ၁၉၀၄ ခုနှစ်တွင်လည်း နိုဗဲဆုတံဆိပ်များနှင့်အတူ ငွေသားဒေါ်လာ ၁,၉၀,၀၀၀ စီ ချီးမြှင့်သည်။

### ၁၉၀၄ ခုနှစ် နိုဗဲဆုရှင်များ

**ရူပဗေဒနိုဗဲဆု** – ဟားဗတ်တက္ကသိုလ် မဟာဌာနမှ အီတလီလူမျိုး ရူပဗေဒပညာရှင် ကာလို ရပ်ဘီးယားနှင့် နယ်သာလန်နိုင်ငံမှ ဆိုင်မန် ဗန်ဒေယာမီယာတို့သည် ရူပဗေဒ နိုဗဲဆုကို ရရှိကြသည်။

အခြေခံအမှုန်နှင့် စွမ်းအင်မြင့် ရူပဗေဒဆိုင်ရာ သုတေသနအတွက် ချီးမြှင့်ခံရခြင်း ဖြစ်သည်။ ရပ်ဘီးယားနှင့် ဗန်ဒေယာမီယာတို့အတွက် ချီးမြှင့်သည်ဟု ဆိုသော်လည်း ထိုပညာရှင်နှစ်ဦး သုတေသနပြုလုပ်ရာ ဥရောပ



၁၉၇၄ ခုနှစ် နိုဗဲဆုရှင်များ—(ဝဲမှယာ၊ ထိုင်လျက်) ဆာရစ်ချတ်စတုန်း (ဘောဂဗေဒ)၊ ပါမောက္ခ ကာလို ရပ်ဘီးယား (ရူပဗေဒ)၊ (ဝဲမှယာ၊ ရပ်လျက်) ဒေါက်တာ ကိုးလား (ဆေးပညာ)၊ ပါမောက္ခ ဘရု မယ်ရိဖီး (ဓာတုဗေဒ)၊ ဒေါက်တာ နီး ဂျန်း (ဆေးပညာ)၊ ဒေါက်တာ ဆိုင်မွန် ဗန်ဒေမီယာ (ရူပဗေဒ)၊ ဒေါက်တာ ဆီဇာ မီးစတိုင်း (ဆေးပညာ)၊

တိုက် နျူးကလီးယား အခြေခံအမှုန် သုတေသနဗိမာန် (ဆန်း) ကိုလည်း ဂုဏ်ပြုရာရောက်သည်။

၁၉၆၇–၆၈ ခုနှစ်တွင် ဗြိတိန်နိုင်ငံ လန်ဒန်တက္ကသိုလ် အင်ပီရီယဲကောလိပ်မှ ရူပဗေဒပါမောက္ခဖြစ်သူ ပါကစ္စတန်ပြည် ဖွား အဗ္ဗဒုလ်လမ်းနှင့် အမေရိကန် ပြည်ထောင်စု ဟား ဗတ် တက္ကသိုလ်မှ ရူပဗေဒ ပါမောက္ခ ဒေါက်တာ စတီဗင်ဝိုင်းဗတ်တို့က နျူးကလီးယား အားပျော့သိအိုရီ တွင် အလေးစား ဖိုတွန်သုံးမျိုး လိုအပ်ကြောင်း သက်သေ ပြခဲ့သည်။ ၎င်းတို့ကို W (အပေါင်းနှင့် အနုတ် လက္ခဏာ ဆောင် ဗိုစွန်) Z(သူည၊ လျှပ်စစ်ဆောင် ဗိုစွန်) ဟု ခေါ် ကြသည်။ ယင်းသီအိုရီအပိုင်းတွင် အမေရိကန် ရူပဗေဒ ပညာရှင် ဒေါက်တာ ရှယ်လတန် ဂလက်ရှော၏ လေ့လာ ချက်များကလည်း ကြီးမားစွာ အထောက်အကူပြုသည်။ ထို့ကြောင့် ထိုပညာရှင်သုံးဦးသည် ၁၉၇၉ ခုနှစ် ရူပဗေဒ နိုဗဲဆုကို ဆွတ်ခူးခဲ့ကြသည်။

သိပ္ပံပညာရှင် ရာပေါင်းများစွာ နှစ်ပေါင်းနှစ်ဆယ်ကြာ လေ့လာရှာဖွေနေခဲ့ကြသော အလေးစားဖိုတွန် သုံးမျိုးကို ၁၉၇၃ ခုနှစ်တွင် ဗန်ဒေယာမီယာနှင့် ရပ်ဘီးယားတို့ ဦးဆောင်သော ရူပဗေဒပညာရှင်အဖွဲ့က တွေ့ရှိခဲ့ကြသည်။ ဆလမ်း၊ဝိုင်းဗတ်နှင့် ဂလက်ရှောတို့၏ ဟောကိန်း သီအိုရီ မှန်ကန်ကြောင်း ထောက်ပြခဲ့ကြသည်။ အမှန်အားဖြင့် Z အမှုန်၏ အ ထောက် အ ထား ကို ၁၉၇၃ ခုနှစ်တွင် "သမလျှပ်စီး" အဖြစ် ဆန်းသုတေသနဗိမာန်တွင် တွေ့ရှိ ထားပြီးပြီဖြစ်သည်။

ဗန်ဒေယာမီယာသည် ၁၉၂၅ ခုနှစ်၌ ဟိဂ်မြို့တွင် မွေး ဖွားခဲ့ပြီး ဒဲ့ဖ် စက်မှုတက္ကသိုလ်မှ ရူပဗေဒပါရဂူဘွဲ့ကို ၁၉၅၅ ခုနှစ်တွင် ရရှိခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် ဆန်း ရူပဗေဒ သုတေသနဗိမာန်ကို ရောက်ရှိခဲ့သည်။ ဆန်း တွင် အရှိန် ပေးစက် ရူပဗေဒပညာရှင်အဖြစ် စတင် အမှုထမ်းခဲ့ပြီး ၁၉၆၈ ခုနှစ်တွင် စတိုကားစတစ် အအေးပေးနည်း ကို

တွက်ချက် တင်ပြခဲ့သည်။ အမှုန်တန်းစုများ တိုက်ခိုက်သောအခါ ရှုမှတ်ရသော တောက်ပမှုတိုင်းတာရန် စနစ်တခုကို တီထွင်ခဲ့သည်။ စတိုကားစတစ် နည်းတွင် အမှုန်တိုင်းကို ပလာနယ်ဖြင့် ဝိုင်းရံထားစဉ် အမှုန်များ ဗဟိုသို့ ရွှေရှားစေပြီး ဟင်းလင်းပြင်ကို အပြင်ဘက်သို့ ရွှေရှားစေခြင်းဖြင့် ဆန့်ကျင်ဘက် ပရိတ္တန်များကို သိမ်းယူထားနိုင်သည်။ အခိုက်အတန့်သိမ်းဆည်းထားပြီး အရှိန်မြင့်စွာ လှည့်ပတ်နေသော ပရိတ္တန်များဖြင့် ထိပ်တိုက် ဝင်တိုက် ခိုက်စေပြီး ပရိတ္တန်ထက် ရာပေါင်းများစွာ ဒြပ်ထုကြီးသော W နှင့် Z အမှုန်များကို ဖြစ်ပေါ်စေသည်။ ဗန်ဒေယာမီယာအား ၁၉၇၂ ခုနှစ်တွင် ဗြိတိသျှ ရူပဗေဒပညာရှင် အဖွဲ့အစည်းမှ ဒပ်ဒဲဆုကို ချီးမြှင့်ခဲ့သည်။ ပါမောက္ခ ကာလို ရပ်ဘီးယားသည် ၁၉၃၄ ခုနှစ်တွင် အီတလီနိုင်ငံ ဂိုရီဇီယာမြို့၌ ဖွားမြင်ခဲ့ပြီး ပိစာတက္ကသိုလ်၊ ကိုလံဗီယာတက္ကသိုလ်နှင့် ရောမတက္ကသိုလ်တို့တွင် ရူပဗေဒ သုတေသန ပြုခဲ့သည်။ အီလက်ထရွန်နစ်ပိုင်းဆိုင်ရာ တိုင်းတာမှုပစ္စည်းများကို တီထွင်၍ အခြေခံအမှုန် ရူပဗေဒတွင် အသုံးချသည့် နည်းပညာနယ်ပယ်တွင် ထင်ရှားသူဖြစ်သည်။ ရပ်ဘီးယားအား ဗြိတိန်နိုင်ငံက အက်ဖ် အာ အက်စ် ဘွဲ့ကို ၁၉၇၄ ခုနှစ် ဇူလိုင်လတွင် ချီးမြှင့်ခဲ့သည်။

**ဓာတုဗေဒနိုဗဲဆု** – ၁၉၇၄ ခုနှစ်အတွက် ဓာတုဗေဒနိုဗဲဆုကို အမေရိကန် ဓာတုဗေဒပညာရှင် ဒေါက်တာ ဘရူ မယ်ရီဖီးလ်က ရရှိလေသည်။ အသက်ဇီဝအတွက် အရေးပါလှသော ပရိတင်း မော်လီကျူးများကို ဖန်တီးနိုင်ခဲ့သူ မယ်ရီဖီးလ်သည် ၁၉၂၁ ခုနှစ်တွင် ဖွားမြင်ခဲ့ပြီး အမေရိကန် ပြည်သား နိုဗဲဆုရှင်များတွင် ၁၈၀ မြောက် နိုဗဲဆုရှင် ဖြစ်သည်။ ကယ်လီဖိုးနီးယား တက္ကသိုလ် (လော့စ်အိန်းဂျလီး နယ်မြေ) မှ ဒေါက်တာဘွဲ့ရရှိခဲ့သူ မယ်ရီဖီးလ်သည် ရော့ကာဖဲလားတက္ကသိုလ်၏ ၁၉ ယောက်မြောက် နိုဗဲဆုရှင် ဖြစ်လာသည်။ ၁၉၅၉ ခုနှစ်တွင် ပေါ်လီစထရင်းမျှင် (ပုတီးကုံးပုံစံ) အခြေခံထားပြီး အေမိနိုအက်စစ်ယူနစ်များကို ချိန်းကြိုးဘဖွယ် စနစ်တကျ ဆက်စေနိုင်ခဲ့သည်။

မယ်ရီဖီးလ်သည် ပုတီးကုံး သဖွယ် ရှိသော ပရိတင်း မော်လီကျူးများကို ဖွဲ့တည်ဖန်တီးပေးနိုင်ခဲ့မှုကြောင့် ထင်ရှားလာသူ ဖြစ်သည်။ တဖန် ပရိတင်းတွင် မပါမပြီးသော အေမိနိုအက်စစ် အုပ်စုများဖြစ်သော ပက်ပတိုက် ချိန်းကြိုးများကို ကွန်ပျူတာ အကူအညီဖြင့် ဖွဲ့တည်ပေးသည့်စနစ်ကို အသုံးပြုလာသည်။ ဆီးချိုနှင့် နှလုံးရောဂါများအတွက် ဆေးဝါးများကို ဖော်ထုတ်နိုင်ရန် အထောက်အကူ ပြုနိုင်သည့် စနစ်ကောင်း အဖြစ် ပညာရှင်များက လက်ခံခဲ့ကြပြီ ဖြစ်သည်။ မျိုးရိုး သင်္ကေတဝှက် အချက်အလက်များကို ဒီအင်အေ၌ မျိုးဗီဇ မော်လီကျူးမှ ဖော်ထုတ်ပေးရန် အတွက် လိုအပ်သော အင်ဇိုင်းတမျိုး ဖြစ်သော ရိုင်ဗိုနယူကလီယေ့ကိုလည်း ဖန်တီးပေးနိုင်သော နည်း ဖြစ် ၍ မျိုးရိုးဗီဇ အင်ဂျင်နီယာ ပညာရပ်ပိုင်းကိုလည်း အထောက်အကူ ပြုနိုင်သော နည်းစနစ်တခု ဖြစ်သည်။

**ဆေးပညာနှင့် ဇီဝကမ္မနိုဗဲဆု** – ကိန်းဗရစ် ဆေးသုတေသနကောင်စီ ဓာတ် ခဲ့ ခန်း မှ ပညာ ရှင် များ ဖြစ် ကြ သော အာ ဂျင် တီး နား ပြည် ဖွား ဆီဇာ မီးစတိုင်း၊ အနောက် ဂျာမနီပြည်ဖွား ကိုးလားတို့သည် ဆေးပညာနှင့် ဇီဝကမ္မ ဗေဒ နိုဗဲဆုကို ရောဂါပြီးပညာဆိုင်ရာ ထိပ်တန်း ပညာရှင် လန်ဒန်မြို့ဖွား နီးဂျန်းနှင့်အတူ ဆွတ်ခူးရရှိကြသည်။ အထူး သန့်စင်၍ အာ နိ သင် ထက် သော ပ ဋ္ဌိ ဇီ ဝ ပစ္စည်း များ အမြောက်အမြား ထုတ်လုပ်နည်းကို ၁၉၇၅ ခုနှစ် ဩဂုတ် လ ၇ ရက်နေ့ထုတ် နေးချားဂျာနယ်တွင် စတင်ရေးသား ခဲ့ကြသူ မီးစတိုင်းနှင့် ကိုးလားတို့၏ ရှာဖွေတွေ့ရှိချက်များသည် ရောဂါပြီးပညာနယ်တွင် အထူး ထင်ရှားသည်။

အာဂျင်တီးနားနိုင်ငံ မိုက်ကရို ဇီဝဗေဒဆိုင်ရာ ကာလို မာလဗရန် အမျိုးသားတက္ကသိုလ် အကြီးအကဲ ဖြစ်ခဲ့ဖူးသူ မီးစတိုင်းသည် ၁၉၆၂ ခုနှစ်တွင် အမိနိုင်ငံမှ ထွက်ခွာခဲ့ပြီးနောက် ကိန်းဗရစ်တက္ကသိုလ်တွင် သုတေသန ပြုလုပ်နေခဲ့သူ ဖြစ်သည်။ အသက် ၅၇ နှစ်ရှိပြီဖြစ်သော မီးစတိုင်းသည် အသက် ၃၀ နှစ်အရွယ်ရှိ ကိုးလားနှင့်အတူ ကင်ဆာရောဂါကုထုံးအတွက် ထိရောက်သော ပဋိဇီဝပစ္စည်းများ ထုတ်လုပ်ဖန်တီးနိုင်ခဲ့သည်။

ဒိန်းလူမျိုး မိဘများမှ မွေးဖွား သည့် ဂျန်းသည် ဆေးပညာနှင့် ခဲ့စိတ်မှ ပညာဘွဲ့ (အမ်ဘီဘီအက်စ်) ကို အောင်မြင်ပြီးနောက် အသက် ၄၀ အရွယ်ရောက်မှ ဆေးပညာပါရဂူဘွဲ့ (အမ်ဒီ) ကို ဆွတ်ခူးသည်။ အမေရိကန်နှင့် ဥရောပတိုက်တို့တွင် ပေးအပ်သော အမ်ဒီဘွဲ့မှာ အမ်၊ ဘီ၊ ဘီ၊ အက် စ် နှင့် ရည်တူဖြစ်ပြီး အင်္ဂလန်နှင့် ဩစတြေးလျနိုင်ငံများတွင် ပေးသော အမ်ဒီမှာ ဘွဲ့လွန်ဆေးပညာ (ပါရဂူ) ဘွဲ့ ဖြစ်သည်။ အသက် ၇၂ နှစ်ရှိ ဂျန်းကို နိုဗဲဆုကော်မတီက ရောဂါပြီးပညာဆိုင်ရာ အထူးခွန်ဆုံး သဘောတရား ပညာရှင် အဖြစ် အကဲဖြတ် သည်။ ရောဂါပြီးစနစ်များ ဖြစ်ထွန်းဖွံ့ဖြိုးဖွဲ့တည်ပုံကို ဂျန်း၏ သီအိုရီများက ရှင်းပြနိုင်ခဲ့သည်။

**ဘောဂဗေဒနိုဗဲဆု** – ဘောဂဗေဒ နိုဗဲဆုကို ကိန်းဗရစ် တက္ကသိုလ်ပါမောက္ခ ဆာရစ်ချတ် စတုန်းက ဆွတ်ခူးသည်။ အသက် ၇၁ နှစ်အရွယ်ရှိ ပါမောက္ခစတုန်းသည် ဗြိတိသျှ ဘောဂဗေဒပညာရှင်များထဲတွင် လေးယောက်မြောက် နိုဗဲဆုရှင် ဖြစ်သည်။ ဗြိတိသျှ စီးပွားရေးတွင် ကိန်းဂဏန်း

စာရင်းဇယားများ အသုံးချလေ့လာမှုကို ၁၉၇၇ ခုနှစ် နိုဗဲဆုရှင် ဂျိမ်း မိဒဲနှင့် အတူ ဂျန်မေနတ် ကိန်း၏ လက်ထောက်အဖြစ် ကူညီဆောင်ရွက်ပေးဖူးသော စတုန်းသည် စာရင်းအင်းနည်းပညာကို အထူးကျွမ်းကျင်သည်။ စတုန်းသည် ကုလသမဂ္ဂအဖွဲ့အစည်းအတွက် ဘောဂဗေဒ စာရင်းအင်းပြုစုရာတွင် လမ်းညွှန်ပေးခဲ့ရာ ယင်းလက်စွဲစာတမ်းများကို ယခုအခါ နိုင်ငံပေါင်း ၁၀၀ ကျော်တွင် အသုံးချနေကြပြီ ဖြစ်သည်။

စတုန်းသည် ၁၉၇၃ ခုနှစ် နိုဗဲဆုရှင် ဒေါက်တာဒီဗရူကဲ့သို့ စီးပွားရေး မူဝါဒပိုင်းဆိုင်ရာ ဘောဂဗေဒ ကျွမ်းကျင်မှုဖြင့် ထင်ပေါ်ကျော်ကြားလာမည့် အရေးကို မလိုလားသောကြောင့် စာကြည့်တိုက်တွင်သာ တွက်ချက်လေ့လာ၍ သုတေသနပြုခြင်းကို မွေလျော်သည်။


**စာပေနိုဗဲဆု** – ၁၉၇၄ ခုနှစ်အတွက် စာပေ နိုဗဲဆုကို ချက်ကိုစလိုဗက်ကီးယားနိုင်ငံမှ ကဗျာဆရာ ရာရှိ စလပ် ဆိုင်းဖတ်အား အပ်နှင်းလိုက်သည်။ ချက်အမျိုးသားများထဲမှ ပထမဆုံးနိုဗဲဆုရှင် ဖြစ်သည်။ အသက် ၇၃ နှစ်အရွယ်ရှိ ဆိုင်းဖတ်သည် နှလုံးရောဂါနှင့် ဆီးချိုရောဂါကုသရန် ဆေးရုံတက်ရောက်နေစဉ် နိုဗဲဆုရရှိကြောင်း သတင်းကို ကြားသိခြင်းဖြစ်သည်။

ဆိုင်းဖတ်၏ ကဗျာများသည် "လန်းဆန်းသည်၊ အာရုံထက်မြက်သည်၊ တီထွင်ဆန်းသစ်မှုရှိသည်။ ထို့ပြင် လူသားတို့ အနိုင်မခံအရှုံးမပေးသော စိတ်ဓာတ်ဖြင့် လွတ်လပ်မှုကို တန်ဖိုးထားကာ သဘာဝနှင့် အခက်အခဲပေါင်းစုံကို ရင်ဆိုင်ကျော်လွှားနိုင်သည့် သဘာဝကို ဖော်ကျူးတတ်သည်" ဟု နိုဗဲဆု ကော်မတီက မှတ်ချက်ပေးသည်။ ဆိုင်းဖတ်သည် ကဗျာအုပ်တွဲပေါင်း ၃၀ ရေးသားခဲ့သည့်အနက် အမေရိကန်ပြည်ထောင်စု၌ အင်္ဂလိပ် ဘာသာပြန်ဆို ထုတ်ဝေပြီးသော အုပ်တွဲမှာ နှစ်တွဲသာ ရှိသေးသည်။ ဆိုင်းဖတ်သည် အစိုးရ အာဘော် ရူပီပရာဗို သတင်းစာ၏ စာတည်းတဦး ဖြစ်ခဲ့၍ ၁၉၆၉ ခုနှစ်တွင် ချက်စာရေးဆရာသမဂ္ဂ၏ ဥက္ကဋ္ဌ ဖြစ်ခဲ့သည်။



စာပေနိုဗဲဆုရှင် ရာရှိ စလပ် ဆိုင်းဖတ်

**ငြိမ်းချမ်းရေးနိုဗဲဆု** – ၁၉၇၄ ခုနှစ်အတွက် ငြိမ်းချမ်းရေးနိုဗဲဆုကို တောင်အာဖရိကနိုင်ငံ အင်္ဂလီကန် ဘုန်းတော်ကြီး ဒက်စမွန် တူတူးအား ချီးမြှင့်သည်။ ဒက်စမွန် တူတူးသည် အာဖရိကလူမည်းများအနက် ငြိမ်းချမ်းရေးနိုဗဲဆုကို ရရှိသူများတွင် ဒုတိယမြောက် ပုဂ္ဂိုလ်ဖြစ်သည်။ ပထမဦးဆုံး ရရှိသူမှာ ၁၉၆၀ ပြည့်နှစ်က ရရှိသော အာဖရိကအမျိုးသား ညီညွတ်ရေးကွန်ဂရက်မှ အဲလဗက် ဂျန် လူတူလီ ဖြစ်သည်။ ငယ်စဉ်က ဒက်စမွန် တူတူးသည် ဆရာဝန်ဖြစ်ရန် ရည်ရွယ်ချက်ရှိခဲ့ပြီး ဆေးပညာကို စတင်ဆည်းပူးခဲ့သည်။ သို့ရာတွင် ဆင်းရဲနွမ်းပါးလွန်း၍ ဆုံးခန်းတိုင် မဆည်းပူးခဲ့ရချေ။ ခရစ်ယာန်ဘာသာရေး ဘုန်းတော်ကြီးအဖြစ် ၁၉၆၀ ပြည့်နှစ်တွင် ခံယူခဲ့ပြီး ဘာသာရေးဆိုင်ရာ ဘွဲ့လွန်ပညာရပ်များကို ဗြိတိန်နိုင်ငံတွင် သွားရောက် သင်ကြားခဲ့သည်။ ၁၉၇၆ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ လီဆိုသိုနိုင်ငံတွင် ဂိုဏ်းချုပ်ဘုန်းတော်ကြီး ဖြစ်လာသည်။ အသက် ၅၃ နှစ်ရှိ ဒက်စမွန် တူတူးသည် အမေရိကန်ပြည်ထောင်စု ကိုလံဗီယာတက္ကသိုလ်မှ ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ကို မကြာမီက ချီးမြှင့်ခံခဲ့ရသည်။ ဒေါက်တာ တူတူးသည် အမေရိကန်



ငြိမ်းချမ်းရေး နိုဗဲဆုရှင် ဒက်စမွန် တူတူး

ဒေါ်လာ တသိန်းရှစ်သောင်းကျော်ကို အာဖရိကကျောင်းသားများအတွက် ပညာသင်ဆု မတည်ငွေအဖြစ် လှူဒါန်းမည်ဟုဆိုသည်။ တောင်အာဖရိက လူဖြူလူမည်းပြဿနာကို ဖြေရှင်းရန် ခုခံတိုက်ဖျက် အားထုတ်ရာတွင် ဒေါက်တာတူတူးသည် စည်းရုံးနိုင်စွမ်းရှိသော ခေါင်းဆောင်ဖြစ်သည်ဟုနိဗ္ဗဲဆုကော်မတီက မှတ်ချက်ပေးသည်။

**နန္ဒာဓရိယာဘိဝံသ၊ ဆရာတော် ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ မန္တလေးအနောက်တောင်မြို့နယ် စကု အလယ်တိုက်** (မြန်မာ ၁၂၆၇ – ၁၃၄၅)။ ။

ဆရာတော် ဘဒ္ဒန္တ နန္ဒာဓရိယာဘိဝံသကို ရောဝတီတိုင်း၊ မြန်အောင်မြို့နယ် သပြေကုန်းရွာတွင် ခမည်းတော်ဦးစံဖေ၊ မယ်တော် ဒေါ်အုံးမယ်တို့က ၁၂၆၇ ခုနှစ် ဝါခေါင် လဆန်း ၁၃ ရက် စနေနေ့တွင် ဖွားမြင်သည်။ တဦးတည်းသော သားရတနာဖြစ်သည်။


၁၂ နှစ်အရွယ်တွင် မယ်တော်ခမည်းတော်တို့က ရှင်ဒါယကာအဖြစ် ခံယူ၍ ရွာဦးကျောင်း ဆရာတော်ထံ၌ ရှင်သာမဏေပြုခဲ့သည်။ ရှင်သာမဏေဘဝ၌ သဒ္ဒါသင်္ဂြိဟ်ပါတိမောက်အစရှိသော ပိဋကအခြေပြု ကျမ်းစာများကို သင်ယူခဲ့သည်။ အသက် ၂၀ အရွယ်တွင် ဘိုကလေးမြို့ မြေပိုင်ရှင် ဦးဘိုးသာ၊ ဒေါ်မင်းသုဝဏ်တို့၏ ပစ္စယာ နုဂ္ဂဟကို ခံယူ၍ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ဝဋ္ဋဥဝန်ကျောင်းတိုက်ခန့်သိမ်တော်ကြီးတွင် ပထမဝဋ္ဋဥဝန်ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြုလျက် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော် မူသည်။

ထို့နောက် ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ဝဋ္ဋဥဝန်ကျောင်းတိုက်၊ မန္တလေးမြို့ အရှေပြင်တိုက်နှင့် အနောက်ပြင်စကုတိုက်၊ချမ်းသာကြီးတိုက်၊ တောင်ပြင်ရွှေရေးဆောင်တိုက်၊ ညောင်ကန်တိုက်၊ အမရပူရမြို့ မဂ်လာတိုက်ဟောင်းစသော စာသင်တိုက်ကြီးများတွင် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊အနုမဂ္ဂ၊ ယောဇနာ၊ ဂဏ္ဌိ၊ စသော ပိဋကတ်ကျမ်းဂန်များကို ဆရာနည်းကျ သင်ကြားတော်မူခဲ့သည်။

ဆရာတော်သည် အစိုးရပါဠိပထမပြန် စာမေးပွဲတွင် ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းတို့ကို အောင်မြင်တော်မူခဲ့သည်။ ထို့ပြင် ဆရာတော်သည် မြန်အောင်၊ ဟသ်ာတ၊ ညောင်တုန်း၊ သထုံစသော မြို့များတွင် ကျင်းပသည့် ပရိယတ္တိစာမေးပွဲများကို အောင်မြင်တော်မူသည့်အပြင် မန္တလေးမြို့ ပရိယတ္တိသာသနာ့ဟိတအသင်းမှကျင်းပသည့် ဗဟိုပရိယတ္တိစာမေးပွဲ ပထမကြီးတန်းကိုလည်း အောင်မြင်တော်မူခဲ့သည်။

ဆရာတော်သည် မန္တလေးမြို့ အနောက်ပြင်စကုတိုက်၊

**နန္ဒာဓရိယာဘိဝံသ၊ ဆရာတော် ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ**



**ဆရာတော် ဘဒ္ဒန္တ နန္ဒာဓရိယာဘိဝံသ**

အလယ်တိုက်ကြီးတွင် စာပေပို့ချလျက်ရှိစဉ် မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတအသင်းကြီး၏ ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ (မူလစာချ) ဆရာတော်အဖြစ် ခံယူရရှိတော် မူခဲ့သည်။ဓမ္မာစရိယ စာမေးပွဲ ပုစ္ဆာထုတ် စည်းမျဉ်း ရေးဆွဲရေးအဖွဲဝင်အဖြစ် ဆောင်ရွက်တော်မူခဲ့၍ ပါဠိတက္ကသိုလ် ဗဟိုအဖွဲ၏ ဒုတိယဥက္ကဋ္ဌနှင့် အထက်မြန်မာပြည် ပါဠိတက္ကသိုလ်များ စစ်ဆေးရေးတာဝန်များကို ဆောင်ရွက်တော်မူခဲ့သည်။ ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် မူလပါဠိဝိသောဓကနှင့် ပဋိဝိသောဓက အဖြစ် လည်းကောင်း၊ မန္တလေးမြို့ အနောက်ပြင်မြို့နယ် ဝိနည်းဓိရ်ဆရာတော်နှင့် ခုံဝိနည်းဓိရ် ဆရာတော်အဖြစ်လည်းကောင်း ဆောင်ရွက်တော် မူခဲ့သည်။ မန္တလေးမြို့၊ချမ်းသာကြီးဆန်လှူအသင်း၏ ဩဝါဒိစရိယဆရာတော်၊ မန္တလေးမြို့ မဟာမုနိဘုရားကြီးဂေါပကအဖွဲ၏ ဩဝါဒိစရိယဆရာတော်၊ နိုင်ငံတော် ဗဟို သံဃဉ်ဝန်ဆောင်အဖွဲ့မှ ရွေးချယ်တင်မြှောက်သည့် နိုင်ငံတော် ဩဝါဒိစရိယ ဆရာတော်အဖြစ်လည်း သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့သည်။

ဆရာတော်သည် ဝစ္စဝါစကဋ္ဌီကာနိဿယ၊ သောတာပန္နဝိနိစ္ဆယ၊ ယမကတ္ထမဉ္ဇူသာကျမ်း၊ မာတိကာ ဓာတုကထာဂဏ္ဌိသစ်၊ ဓာတုကထာ သံခိပ်အဓိပ္ပာယ်ကျမ်း၊ ပဋ္ဌာန်း ပဓာန နယူပဒေသ စာစပ်ကျမ်းစသော စာပေကျမ်းဂန်များကို ရေးသားပြုစုတော်မူခဲ့သည်။ ဆရာတော်သည် သာသနာတော်၏ အကျိုးစီးပွားကို ဆောင်ရွက်တော်မူခဲ့၍ လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ပရိယတ္တိဝိသာရဒ၊ ဂန္ထဓုရပါရဂူဂုဏ်တို့နှင့် ပြည့်စုံတော်မူသဖြင့် ၁၉၆၁ ခုနှစ် တွင်နိုင်ငံတော်အစိုးရကဆက်ကပ်လှူဒါန်းသောအဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ခံယူရရှိတော်မူခဲ့သည်။

သာသနာ့တာဝန်ကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်

ရွက်တော်မူသောစကုတိုက်ကြီး၏ပဓာနနာယကဆရာတော် ဘဒ္ဒန္တနန္ဒာစရိယာဘိဝံသသည် ၁၃၄၅ ခုနှစ်၊ နတ်တော် လဆန်း လေးရက် သောကြာနေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

**ချူးကလီးယား အန္တရာယ်။** ။လွန်ခဲ့သော လေးနှစ်ခန့်က ရစ်ချတ် ပီတာကို၊ အိုဝင် ဘီထွန်း၊ သောမတ် ပီဒက်ကာမင်၊ ဂျိမ်း ဘီ ပိုလက်နှင့် ကော်နဲလ် တက္ကသိုလ်မှ ကားလ်ဆေဂန်တို့ ပါဝင်သော သုတေသီတစုသည် ချူးကလီးယားစစ်ပွဲဖြစ်နိုင်သော ပုံစံပေါင်း များစွာကို ကွန်ပျူတာ အကူအညီဖြင့် လေ့လာ တွက်ချက် ကြည့်ခဲ့ကြသည်။ အနိမ့်ဆုံးအဆင့်အနေဖြင့် မီဂါတန် ငါးထောင်အား ရှိသော ချူးကလီးယားစစ်ပွဲဖြစ်ခဲ့သော်–

- ချူးကလီးယား လက် နက် များ ကြောင့် ဖုန်မှုန့်နှင့် မိုင်းမီးခိုး မည်မျှ ဖြစ်ပေါ် မည်နည်း၊
- ဖုန်မှုန့်နှင့် မီးခိုးတို့သည် နေရောင်ခြည် မည်မျှကို စုပ်ယူမည်နည်း၊
- အပူချိန် မည်မျ ပြောင်းလဲသွားမည်နည်း၊



ချူးကလီးယား နှစ်ခြမ်းပြိုကွဲခြင်း (ဖစ်ရှင်း) ကို စတင်တွေ့ရှိသူ အော်တို ဟန်း (ယာ) နှင့် ဖရစ်စထရပ်မန်း

- ဖုန်မှုန့်နှင့် မိုင်းမီးခိုးတို့သည် ကမ္ဘာ့ မျက်နှာပြင်သို့ မကျဆင်းမီ မည်သို့ မည်ပုံ ပျံနှံ့၍ လေထုတွင်းဝယ် မည်မျ ကြာရှည်စွာ တည်ရှိကြမည်နည်း၊
- အချိန်ကြာသည်နှင့်အမျှ ချူးကလီးယားဓာတ်ပြာများ၏ အန္တရာယ်သည် မည်သို့ ရှိလေမည်နည်း၊
- ဖုန်မှုန့်နှင့်မိုင်းတို့သည် ကမ္ဘာ့မျက်နှာပြင်သို့ကျဆင်း ပြီးနောက် ခရမ်းလွန်ရောင်ခြည်သည် ကမ္ဘာ့ မျက်နှာပြင်သို့ မည်မျှ ထိရောက်လာ၍ အန္တရာယ်ပြုမည်နည်း စသည်တို့၏ အဖြေကို ရရန် လေ့လာစူးစမ်းခဲ့ကြသည်။

၁၉၇၃ ခုနှစ် အောက်တိုဘာလ ၃၁ ရက်မှ နိုဝင်ဘာလ ၁ ရက်နေ့ထိ ဝါရှင်တန်ဒီစီ၌ ကျင်းပသော ချူးကလီးယား စစ်ကြောင့် ကမ္ဘာတဝန်း ရေရှည်ဇီဝ ဆိုး ကျိုး ဆိုင် ရာ ညီလာခံတွင် သုတေသီတို့၏ တွေ့ရှိချက်များကို တင်ပြ ဆွေးနွေးကြသည်။ ယင်း စာ တမ်း များ မှ အကျဉ်းချုပ် ကောက်နုတ်ချက်များမှာ ဖော်ပြပါအတိုင်း ဖြစ်သည်။

**အမှောင်ထုဖုံးလွှမ်းမည့် ကမ္ဘာ့မြောက်ခြမ်း** – ချူးကလီးယား စစ် စတင်ဖြစ်ပြီး တပတ်အတွင်းမှာပင် ကမ္ဘာ့ မြောက်ခြမ်းတခုလုံးသည် အမှောင်ထုဖြင့် ဖုံးလွှမ်းနေမည် ဖြစ်သဖြင့် ကမ္ဘာ့မျက်နှာပြင်သို့ ကျရောက်မည့် နေရောင်ခြည်သည် ပုံမှန်ထက် များစွာလျော့နည်းသွားမည် ဖြစ်သည်။ မြေပြင်နှင့် လေထုတွင်း၌ ချူးကလီးယား စစ်လက်နက်များ ပေါက်ကွဲခြင်းကြောင့် ဖြစ်ပေါ်လာသော ဖုန်မှုန့်တို့သည် နေရောင်ခြည်မှအလင်းကို အနည်းငယ်သာ စုပ်ယူနိုင်သဖြင့် ရာသီဥတုအပေါ် ထူးခြားစွာသက်ရောက်မှု မရှိသော်လည်း မိုင်းမီးခိုးတို့ကမူ နေရောင်ခြည်မှအလင်းကို ရက်သတ္တပေါင်းများစွာ စုပ်ယူနေမည်ဖြစ်ရာ ကမ္ဘာ့မြောက်ခြမ်းတခုလုံးသည် မိုးမှောင်ကျနေမည်ဖြစ်သည်။ လေထုအတွင်းသို့ရောက်ရှိနေမည့် မိုင်းမီးခိုးပမာဏမှာ အလေးချိန်တန် သန်းပေါင်းနှစ်ရာနှစ်ဆယ့်ငါးမျှ ရှိလိမ့်မည်ဟု ခန့်မှန်းကြသည်။ ယင်း မိုင်းမီးခိုးတို့သည် သေးငယ်သောအမှုန်လေးများဖြစ်သဖြင့် လေထုတွင်းဝယ် အချိန်ကြာရှည်စွာ ပျံနှံ့နေကြမည်ဖြစ်သည်။

ကမ္ဘာ့ မျက်နှာပြင်သို့ ကျရောက်သည့် အလင်းရောင် နည်းပါးမှုကြောင့် အပင်တို့၏ အလင်းမှီ စုဖွဲ့ခြင်းမှာလည်း ဆက်လက် ဆောင်ရွက်နိုင်မည်မဟုတ်ချေ။ ဤတွင် အစာရေစာ ခေါင်းပါးမည့် အခြေသို့ ဆိုက်ပေတော့မည်။ ချူးကလီးယားစစ်ဒဏ်ကြောင့် အပင်တို့သည်လည်း ဆက်လက်ရှင်နိုင်မည် မဟုတ်ချေ။

**ကမ္ဘာ့တောင်ခြမ်းအပေါ် သက်ရောက်မှု** – ကမ္ဘာ့မြောက်ခြမ်း လေထုတွင်းရှိနေမည့် ဖုန်မှုန့်များနှင့် မိုင်းမီးခိုးတို့သည် သန့်ရှင်းသော လေထုတွင်းသို့ ပျံနှံ့မည်သာ ဖြစ်သည်။


ချုံးကလီးယား စစ်လက်နက်များ၏ ပြင်းထန်လှသော ပေါက်ကွဲမှုကြောင့် ကမ္ဘာ့လေထုနှင့် ရေထုတို့၏ စီးကြောင်းများသည် ကသောင်းကနင်းဖြစ်ကာ ကမ္ဘာ့တောင်ခြမ်းလေထုတွင်းသို့လည်း ကမ္ဘာ့ မြောက်ခြမ်းမှ မိုင်းမီးခိုးတို့ ရောက်လာကြမည် ဖြစ်သည်။ ချုံးကလီးယားဗောတ်ပြာတို့သည်လည်း မိုင်းမီးခိုးတို့နှင့်အတူ ပါလာကြမည်သာ ဖြစ်သည်။ ထို့ကြောင့် ချုံးကလီးယားစစ်ပွဲသာ ဖြစ်ခဲ့သော် ကမ္ဘာတဝန်းလုံးသည် ဆိုးမွေကို မျှ၍ ခံရမည် ဖြစ်သည်။

**ချုံးကလီးယားဆောင်း** – ဆောင်းရာသီ၏ အအေးလွန်ကဲမှုကြောင့် ၁၉၀၄ ခုနှစ်အတွင်းတွင် ကမ္ဘာအရပ်ရပ်၌ ဒုက္ခကြီးစွာရောက်ခဲ့ကြသည်။ အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်၊ ဂျပန်နိုင်ငံမြောက်ပိုင်း နီဂါတာဒေသ၊ ဥရောပတိုက် နေရာအနှံ့အပြားနှင့် အာတိတ်ဒေသတို့၌ အအေးဓာတ် လွန်ကဲခြင်း၊ နှင်းမုန်တိုင်းကျရောက်ခြင်း၊ ရေခဲတောင်များ ပြိုကျခြင်းတို့ကြောင့် အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ကြရသည်။ ဗြိတိန်နိုင်ငံတွင်လည်း အနှစ် ၂၀ ကျော် ကာလအတွင်း အအေးဆုံးရာသီဆိုးနှင့် ကြုံတွေ့ခဲ့ရသည်။

ဤမျှ ဆိုးရွားသော ၁၉၀၄ ခုနှစ် ဆောင်းသည် ချုံးကလီးယား စစ်ပွဲကြောင့် ဖြစ်ပေါ်နိုင်သည့် ချုံးကလီးယားဆောင်းနှင့် နှိုင်းယှဉ်ကြည့်လျှင် အသေးအဖွဲမျှသာဖြစ်သည်။ ကျွန်ုပ်တို့ ကမ္ဘာတွင် ချုံးကလီးယားဆောင်းသာ ကျရောက်ခဲ့သည်ရှိသော် လူသမိုင်း၌မကြုံဖူးသော အအေးဒဏ်မျိုးနှင့် ကမ္ဘာတဝန်းလုံး ကြုံကြိုက်ကြမည်ဖြစ်ပြီး ဒုက္ခအပေါင်းနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း ၂၀ ရာစုနောက်ပိုင်း သုတေသီတို့က ဟောကိန်းထုတ်ထားသည်။

ယနေ့ ကမ္ဘာ့လက်ဝယ်၌ မီဂါတန် တသောင်းနှစ်ထောင်ထက်မနည်းသော ချုံးကလီးယားစစ်လက်နက်များကို ပိုင်ဆိုင်ထားကြသည်။ ဤမျှရှိသော ချုံးကလီးယားစစ်လက်နက်များသည် ဟီရိုရှီးမားကဲ့သို့သော မြို့ပေါင်းတသန်းကို ကောင်းစွာဖျက်ဆီးနိုင်သည်ဆို၏။ မီဂါတန်ငါးထောင်မှ တသောင်းရှိသော ချုံးကလီးယားစစ်ပွဲဖြစ်လျှင်ပင် လူသန်းပေါင်းသုံးရာမှ တထောင်ကြားသည် တမူဟုတ်ချင်း သေဆုံးကြမည် ဖြစ်သည်။ ဤအရေအတွက်မျှရှိသော ကျန်ရစ်သူတို့သည်လည်း ဒုက္ခဝေဒနာတို့ကို ခံစားရမည်ဖြစ်သည်။

ချုံးကလီးယားလက်နက်များ ပေါက်ကွဲမှုကြောင့် ဖြစ်ပေါ်လာသော မိုင်းမီးခိုး ပမာဏမှာ အလေးချိန်တန်သန်းပေါင်း နှစ်ရာနှစ်ဆယ့်ငါးမျှပင် ရှိနိုင်သည်။ ယင်းမိုင်းမီးခိုးတို့သည် လေထုတွင်း၌ အချိန်ကြာရှည်စွာ ပျံနှံ့နေကြမည်ဖြစ်ရာ နေရောင်ခြည်ရရှိမှုမှာ လွန်စွာလျော့နည်းသွားမည်ဖြစ်သည်။ နေရောင်ခြည်မှ အလင်းကို



ဘိကီနီသန္တာကျန်းတွင် ၁၉၄၆ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့က ချုံးကလီးယား လက်နက် ရေအောက် စမ်းသပ် ဖောက်ခဲ့မှု ပြုလုပ်လိုက်စဉ်

မိုင်းမီးခိုးများက စုပ်ယူထားခြင်းသည် ချုံးကလီးယားဆောင်း ဖြစ်ပေါ်လာနိုင်ခြင်း၏ အဓိကအချက် ဖြစ်ပေသည်။

ချုံးကလီးယားစစ်ပွဲသည် ကမ္ဘာ၏ ရှိမြဲရာသီစက်ဝန်းကို အကြီးအကျယ် ပြောင်းလဲစေနိုင်သည်။ ကမ္ဘာ့ မြေမျက်နှာပြင်၏ အပူချိန်သည် လပေါင်းများစွာ ကြာသည့်တိုင် ရေခဲမှတ်အောက်သို့ပင် ထိုးကျသွားပေမည်။ ပတ်ဝန်းကျင်၏ ရာသီဥတုမှာလည်း တမူဟုတ်ချင်းပြောင်းသွားလိမ့်မည်ဖြစ်သည်။ နွေဥတု၌ ချုံးကလီးယားစစ်ပွဲဖြစ်ခဲ့သော်မှ နေရာအနှံ့အပြား၌ လပေါင်းများစွာ ဆီးနှင်းများ အဆက်မပြတ်ကျနေမည်ဖြစ်သည်။

ကမ်းရိုးတန်းတဝိုက်ဒေသများမှလွဲ၍ ကျန်ဒေသများ၏အပူချိန်မှာ ရေခဲမှတ်အောက် ၁၅ ဒီဂရီစင်တီဂရိတ်မှ ၂၅ ဒီဂရီစင်တီဂရိတ်အထိပင် ကျသွားနိုင်သည်။ ဤအခြေအနေမျိုး၌ ကမ္ဘာ့မြောက်ခြမ်းရှိ ကောက်ပဲသီးနှံတို့သည် မည်သို့မျှ ရှင်သန်နိုင်စွမ်းရှိတော့မည်မဟုတ်ချေ။ လယ်ယာ တိရစ္ဆာန်တို့လည်း သေကြေပျက်စီးကုန်ကြပေမည်။ သောက်သုံးရေတို့မှာလည်း ခဲနေပြီဖြစ်၍ သဘေးမှ ရုန်းကန်နေသည့် သတ္တဝါအပေါင်းတို့သည် ရေငတ်သည့် ဒုက္ခဖြင့်ပင် အသက်ဆုံးရှုံးရပေတော့မည်။ ကံကောင်းထောက်မ၍ ကျန်ရစ်သူတို့သည်လည်း ငတ်မွတ်ခေါင်းပါးခြင်းကပ်နှင့် ကြုံရမည်ဖြစ်သည်။

ကမ္ဘာတဝန်း၌ အပူချိန်သည် ရေခဲမှတ်အောက်သို့ ကျရောက်သဖြင့် ရေမျက်နှာပြင်အောက် လွန်စွာနက်ရှိုင်းသည်အထိ ရေချိုတို့မှာခဲနေကြမည်ဖြစ်သည်။ ကမ္ဘာ့ပင်လယ်သမုဒ္ဒရာရှိရေတို့မှာမူ အပူကို များစွာသိုးလှောင်

ထားသဖြင့် ရေခဲသည့်အဆင့်သို့ရောက်မည်မဟုတ်ဟု ခန့်မှန်းကြသည်။ကမ္ဘာ့ပင်လယ်ကမ်းရိုးတန်းတလျှောက်သည် ချူးကလီးယားစစ်မှုကျန်ရစ်သူတို့အတွက် စားကျက်ဖြစ်မည်ဟု ယူဆကြသည်။ သို့ရာတွင် တခြိန်လုံးမိုးမှောင်ကျနေခြင်း၊ မြေပြင်၊ ပင်လယ်ပြင်တို့၏ အပူခြိန် လွန်စွာကွာဟမှုကြောင့် လေပြင်းမုန်တိုင်းများ ကျရောက်နိုင်ခြင်းတို့ကြောင့် ကျန်ရစ်သူတို့သည်လည်း ဆက်လက်အသက်ရှင်ရပ်တည်နိုင်စွမ်းရှိမည်မဟုတ်ချေ။

**မီးမုန်တိုင်းဘေး** – စတုရန်း ကီလိုမီတာ နှစ်သိန်း လေးသောင်းမျှ ရှိသော မြို့ကြီး ပြကြီး များ သည် မီဂါတန် တထောင်အား ရှိသော ချူးကလီးယား စစ်လက်နက်များကြောင့် မီးကျမ်းခံရမည် ဖြစ်သည်။ ကျန်မီဂါတန်လေးထောင် ပေါက်ကွဲအားသည် တောမီးနှင့် မီးမုန်တိုင်းများကို အတောမသတ် ဆက်လက် ဖြစ်စေမည်။

မြို့ကြီး ပြကြီး များ တွင် မီး လောင် လျှင် လွန်စွာကြောက်မက်ဖွယ် ကောင်းလေသည်။ အဘယ်ကြောင့်ဆိုသော် မြို့ကြီးများ၌ လောင် စာ များ နှင့် လူလုပ်ပစ္စည်းမျိုးစုံကို သိုလှောင်ထားလေ့ရှိရာ ယင်းပစ္စည်းများ မီးလောင်သော် အဆိပ်ခတ်ငွေ့များ ထွက်လာသောကြောင့် ဖြစ်သည်။ ယင်း အဆိပ်ခတ်ငွေ့များတွင် ပိုင်ရိုတော့ဆင်း၊ ကာဗွန်မိုနောက်ဆိုဒ်၊ ဆိုင်ယနိုဒ်၊ ဒိုင်အောက်ဆင်များနှင့် ဖျူရန်များ ပါဝင်သည်။ ဤသို့သော အဆိပ်ခတ်ရှိသည့် ပစ္စည်းများသည် ကောက်ပဲသီးနှံများ ပြန်လည် ရှင်သန်ရေးအတွက် အဟန့်အတား ဖြစ်သည်။

**ဖာဖိဦးစီးသော သိပ္ပံပညာရှင်များက ပထမဆုံး ချူးကလီးယားခတ်ပေါင်းဖိုကို ၁၉၄၂ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့က စတင် ဖွင့်လှစ်စဉ်**





**အိုဇုန်းအလွှာ ပျက်စီးခြင်း** – ပြင်းထန်သော ချူးကလီးယား လက်နက်များ ပေါက်ကွဲ၍ ဓာတ်ပြောင်းလဲခြင်းမှ ထွက်ပေါ်သည့် နိုက်ထရိုဂျင်အောက်ဆိုဒ်တို့သည် စထရာတိုစဖီးယားအလွှာအထိ တက်သွားကာ အိုဇုန်းဓာတ်ကို ဖျက်ဆီးသည်။ ထို့ကြောင့် အိုဇုန်းဓာတ်မှာ တဖြည်းဖြည်း လျော့နည်းသွားသည်။ အိုဇုန်းအလွှာသည် ကမ္ဘာ့လူသားအပေါင်းနှင့် သတ္တဝါအပေါင်းတို့အား အန္တရာယ်ပြုနိုင်သော ခရမ်းလွန်ရောင်ခြည်မှ ကာကွယ်ထားသည်။ ချူးကလီးယားစစ်ပွဲကြောင့် ဖြစ်ပေါ်လာသည့် ဖုန်မှုန့်တို့နှင့် မှိုင်းတို့သည် ပထမတွင် ခရမ်း လွန်ရောင်ခြည်ကို စုပ်ယူနိုင်သော်လည်း လပိုင်းအတွင်း ယင်းတို့သည် ကောင်းကင်၌ကင်းစင်သွားရာ ခရမ်းလွန်ရောင်ခြည်၏ ပြင်းအားသည် ပုံမှန်အခြေအနေထက် တစ်ဒသမခြောက်ဆ ပြင်းထန်ကာ လူသတ္တဝါတို့ကို အန္တရာယ်ပြုနိုင်သည်။

ဤမျှ ပြင်းထန်သော ခရမ်းလွန်ရောင်ခြည်နှင့် အချိန်တာရှည်စွာထိသော် လူသတ္တဝါအပေါင်းတို့သည် မျက်မမြင်ဒုက္ခိတဘဝသို့ ရောက်ကြမည်ဟု ခန့်မှန်းကြသည်။ နို့တိုက်သတ္တဝါမှန်သမျှ၏ ခံနိုင်ရည်စနစ်တို့သည်လည်း ချုတ်ယုင်းလာကြမည်ဖြစ်သဖြင့် အခြားရောဂါများပါ ရကြမည်ဖြစ်သည်။

**အပူပိုင်းဇုံမှ သစ်တောများ** – အပူပိုင်းဇုံ၌ ပေါက်သော သစ်တောတို့သည် အအေးပိုင်းဇုံတွင် ပေါက်သောသစ်တောကဲ့သို့ အအေးဒဏ်နှင့် အမှောင်ထုဒဏ်ကို မခံနိုင်ကြချေ။ ထို့ကြောင့် အအေးဓာတ်လွန်ကဲခြင်းနှင့် အမှောင်ထုသည် အပူပိုင်းဇုံ အတွင်း အထိ ကျယ်ပြန့်ခဲ့သော် အပူပိုင်းဇုံမှ သစ်တောတို့သည် ပျောက်ကွယ်သွားကြမည် ဖြစ်သည်။ တဆက်တည်းမှာပင် မြောက်မြားစွာသော အပင်များနှင့် တိရစ္ဆာန်အပေါင်းတို့သည်လည်း ဤကမ္ဘာမှ ပျောက်ကွယ်သွားကြမည်သာ ဖြစ်သည်။

ထို့ကြောင့် ချူးကလီးယားစစ်သာဖြစ်ခဲ့လျှင် ကမ္ဘာသူကမ္ဘာသားများသည် တယောက်မကျန် အနှေးနှင့်အမြန် ဒုက္ခရောက်မည်ဖြစ်သည်။ မီဂါတန် ၁၀၀ အားရှိသော ချူးကလီးယားဗုံးတလုံးကို မြို့ကြီးများ၏ လေထုတွင် ဖောက်ခဲ့လျှင်ပင် နှစ်လတာအချိန်ကြာ ရေခဲမှတ်အောက် ၂၃ ဒီဂရီစင်တီဂရိတ်ထိ ကျဆင်းမည်ဖြစ်သည်။

**ချူးကလီးယား ဓာတ်ပြာ အန္တရာယ်** – ချူးကလီးယားစစ်ကြောင့် လေထုတွင်းသို့ ပျံ့လွင့်နေမည့် မြောက်မြားလှသော ချူးကလီးယားဓာတ်ပြာတို့သည် ရက်ရှည်လများလေထုတွင်းမှာပင် ဆက်လက်ပျံ့နှံ့နေသဖြင့် ချူးကလီးယားစစ်ပွဲဖြစ်သည့်နေရာ မဟုတ်သည့်တိုင် ချူးကလီးယားဓာတ်ပြာများရောက်လာလျှင် ၎င်းတို့မှထွက်သည့် ဖြာထွက်ရောင်ခြည်၏ အန္တရာယ်မှာ ကြီးမားလှသည်။ မြောက်လတ္တီတွတ်



ချူးကလီးယား ခေတ်ပြောမျှားကို မြှုပ်နှံနေပုံ

၃၀ ဒီဂရီမှ ၆၀ ဒီဂရီအတွင်းရှိ ခန့်မှန်းခြေအားဖြင့် ၃၀ ရာခိုင်နှုန်းမျှသော မြေပြင်သည် ချူးကလီးယားခေတ်ပြာ၏ အန္တရာယ်ကို လပေါင်းမျှားစွာ ကြာသည့်တိုင် ခံနေရမည် ဖြစ်သည်။ ချူးကလီးယားခေတ်ပြာမှထွက်သည့် ဖြာထွက်ရောင်ခြည်၏ ပြင်းအားမှာ ၂၅၀ ရက်ဒ်ထက်မနည်းရှိသည်။ မြောက်လတ္တီတွတ် အလယ်ပိုင်း၏ ၅၀ ရာခိုင်နှုန်း သည် ရက်ဒ် ၁၀၀ ရှိသော ဖြာထွက်ရောင်ခြည်၏ ဒဏ်ကိုခံရမည် ဆိုသည်။ အကြမ်းအားဖြင့် ရက်ဒ် ၁၀၀ ရှိသောဖြာထွက်ရောင်ခြည်သည် ဆေးစစ်ခြင်း၌ သုံးသည့် အိပ်စရောင်ခြည် အကြိမ် တထောင်ရိုက်သည်နှင့် ညီမျှသည်။ လူကိုယ်ခန္ဓာ တခုလုံးသည် ရက်ဒ် ၄၀၀ ရှိသော ဖြာထွက်ရောင်ခြည်နှင့် ထိလျှင် ရောဂါပြီးစနစ်တို့ ချွတ်ယွင်းပြီး ကူးစက်တတ်သည့် ရောဂါများ ရရှိလာမည် ဖြစ်သည်။ ကင်ဆာနှင့် မျိုးရိုး ဗီဇဆိုင်ရာ ရောဂါဆန်း များကိုလည်း ရရှိမည်ဟု ခန့်မှန်းကြသည်။

ချူးကလီးယား ခေတ်ပြာများသည် ချူးကလီးယား စစ်ပဲ့ဖြစ်မှသာ မဟုတ်ပဲ ချူးကလီးယား ခေတ်ပေါင်းဖို များမှလည်း ထွက်လျက် ရှိသည်။

အခြားသော စွမ်းအင်သစ်များကို တွင်ကျယ်စွာ အသုံးမပြုနိုင်မီ ကာလစပ်ကြားတွင် ချူးကလီးယားစွမ်းအင်သည် အားကျစရာ ကောင်းပေသည်။ ထို့ကြောင့် စက်မှုနိုင်ငံကြီးများ၌ ချူးကလီးယားခေတ်ပေါင်းဖိုများကို သူထက်ငါတည်ဆောက်ကြခြင်းဖြစ်သည်။ ၁၉၆၂ ခုနှစ်မှာပင် ကမ္ဘာပေါ်၌ ချူးကလီးယားခေတ်ပေါင်းဖိုပေါင်း လေးရာကျော် တည်ဆောက်ပြီး ဖြစ်သည်။


ချူးကလီးယား ခေတ်ပေါင်းဖိုများသည် တဘက်က ပလူတိုနီယမ် ၂၃၉ လောင်စာများထုတ်ယင်း တဘက်က ထွက်လာသည့် ချူးကလီးယားစွမ်းအင်ကို လျှပ်စစ်စွမ်းအင်အဖြစ်သို့ ပြောင်းလဲ ထုတ်ယူနိုင်သဖြင့် များစွာ နှစ်လိုဖွယ် ဖြစ်သည်။ ရည်မှန်းချက်မှာ သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်၌ ကမ္ဘာ့လျှပ်စစ်စွမ်းအင်၏ ၄၀ ရာခိုင်နှုန်းကို ချူးကလီးယားစွမ်းအင်မှ ထုတ်ပေးမည် ဆို၏။ ဤမျှ အားကျစရာကောင်းသော ချူးကလီးယားစွမ်းအင်နှင့်အတူ ကပ်လိုက်လာသည်မှာ ချူးကလီးယား ခေတ်ပြာများ ဖြစ်သည်။ ဤခေတ်ပြာများသည် ချူးကလီးယား ခေတ်ပေါင်းဖိုများမှ ထွက်လာခြင်း ဖြစ်သည်။ ချူးကလီးယား ခေတ်ပြာများ၏ အန္တရာယ်သည် ကြီးမားလှသဖြင့် နီးရာအရပ်တွင် စွန့်ပစ်၍ မရချေ။ ချူးကလီးယားခေတ်ပြာများကို မြှုပ်ရန် သင့်တော်သည့် နေရာမျိုးကို မတွေ့သေးချေ။ ကမ္ဘာ့စက်မှုနိုင်ငံကြီးများ၌ ချူးကလီးယား ခေတ်ပေါင်းဖိုများသည် ဆက်လက် လည်ပတ်လျက်ရှိရာ သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်တွင် ချူးကလီးယားခေတ်ပြာ၏ ပမာဏမှာ တန္နစ်တန္နစ်လျှင် ဂါလန် သန်းငါးဆယ် စုပုံ၍ ရှိနေမည်ဖြစ်သည်။

ကမ္ဘာ့လက်ဝယ်သို့ ချူးကလီးယားစွမ်းအင် ရောက်ရှိလာသည်ကား မှန်၏။ သို့ရာတွင် ချူးကလီးယားခေတ်ပြာများ၏ အန္တရာယ်ကိုလွယ်ထားနေရပေသည်။ ထိုခေတ်ပြာတို့ကို ရေတွင် မျောမည်လော။ သဲကန္တာရထဲတွင် မြှုပ်ပစ်မည်လော၊အာကာသဆဲသို့ စွန့်ပစ်မည်လောဟူသည့် အမေးများကို ယနေ့ မဖြေနိုင်သေးချေ။

ထို့ကြောင့် လူတို့သည် ချူးကလီးယား ဆောင်းနှင့် မကြုံသေးသည့်တိုင် တနည်းမဟုတ် တနည်း ချူးကလီးယား ခေတ်ပြာများ၏ အန္တရာယ်နှင့် ကြုံကြိုက်နိုင်သည်ကို သတိချပ်သင့်လေသည်။

ဒေါက်တာ မောင်ကျော်

**နှလုံးအစားထိုးကုသခြင်း။** ။ လွန်ခဲ့သောနှစ်ပေါင်း ၃၀ အတွင်း အာနိသင် ထက်မြက်သည့် နှလုံးရောဂါကု ဆေးဝါးများ ပေါ်ထွက်လာသကဲ့သို့ နှလုံးခွဲစိတ်ကုသခြင်း သည်လည်း ထူးထူးခြားခြား အောင်မြင် တိုးတက်လာခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် ဂျော့တောင်းတက္ကသိုလ်မှ ဒေါက်



ဒေါက်တာ ဒီဗရီးနှင့်အဖွဲ့ ဝိလ်ျဂျရှရိုးဒါးအား နှလုံးတုအစားထိုး ခွဲစိတ် ကုသပေးနေပုံ

တာ ချား ဟတ်ဖနာဂျဲလ်အမည်ရှိ ဆေးသိပ္ပံပညာရှင်တဦးသည် နှလုံးတွင်းသို့ အစားထိုးထည့်သွင်းနိုင်သော ပလတ်စတစ် အဆို့ရှင်ကို ပထမဆုံး တီထွင်နိုင်ခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် နှလုံးခွဲစိတ်ကုသနေစဉ်အတွင်း နှလုံးနှင့် အဆုတ်တို့၏ တာဝန်ကို ထမ်းဆောင်နိုင်သည့် နှလုံး အဆုတ်စက်ကို တီထွင်ခဲ့ကြသည်။ ဤစက် ပေါ်ပေါက် လာခြင်းဖြင့် နှလုံးကို လုံးဝအလုပ်မလုပ်စေပဲ ရပ်ထားကာ လူသွေးကို နှလုံး အဆုတ်စက်မှတဆင့် လူခန္ဓာကိုယ်တွင်းသို့ ဖြန့်ဖြူးပေးပို့နိုင်သည်။

၁၉၅၃ ခုနှစ်ရောက်သည့်အခါ ဟူစတန်မြို့မှ ခွဲစိတ်ဆရာဝန်ကြီး ဒေါက်တာ မိုက်ကယ် ဒီဘေကေဆိုသူသည် ပလတ်စတစ် သွေးကြောတုကို တီထွင်နိုင်ခဲ့ပြီး သွေးကြောအစားထိုးခြင်းကို အထမြောက်စေခဲ့သည်။ ဒီဘေကေသည် ပလတ်စတစ် နှလုံးတုတခုကို တီထွင်ပြီး ခွဲစိတ်ထားသည့်နှလုံးနဂိုအတိုင်း ပြန်အလုပ် မလုပ်နိုင်မီ အကူနှလုံးအဖြစ် ကိုယ်တွင်းသို့ ထည့်သွင်းစမ်းသပ်ခဲ့ဖူးသည်။

၁၉၆၇ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် တောင်အာဖရိကနိုင်ငံမှ ဒေါက်တာ ခရစ်ရှန် ဘားနတ်က လူနှလုံးအစားထိုးကုသမှုကို လက်တွေ့ ဆောင်ရွက်ပေးခဲ့သည်။ ၁၉၆၀ ပြည့်နှစ် ဝန်းကျင်ကတည်းက အမေရိကန် ပြည်ထောင်စုရှိ စတင်းဖို့တက္ကသိုလ်မှ ဒေါက်တာ နော်မန် ရှန်းဝေးနှင့် ဒေါက်တာ ရစ်ချတ် လိုးဝါးတို့ နှစ်ဦးသည် ရာပေါင်းများစွာသော ခွေးများကို နှလုံးအစားထိုးပေးပြီး စမ်းသပ်ခဲ့ကြပြီး ဖြစ် လေ သည်။ တခါန်တည်းမှာပင် မစ္စစ်စပီ တက္ကသိုလ်မှ ဒေါက်တာ ဂျိမ်းဟာဒီသည် ချင်ပန်ဇီ မျောက်နှလုံးကို လူတဦး၏ ကိုယ်တွင်းသို့ အစားထိုးပေးခဲ့သည်။ လူနာသည် နာရီပိုင်းမျှသာ အသက်ရှင်ခဲ့သဖြင့် နှလုံးအစားထိုးကုသမှု အရာမထင် ဖြစ်ခဲ့ရသည်။ ခရစ်ရှန် ဘားနတ်၏ လူနှလုံးအစားထိုးကုသမှုသတင်းသည် ကမ္ဘာအနှံ့ပျံ့နှံ့သွားခဲ့ရာ အခြားသိပ္ပံသုတေသီများကလည်း လူနှလုံး အစားထိုးခြင်းကို သူထက်ငါ လုံ့လစိုက်ထုတ် ကြိုးပမ်းခဲ့ကြသည်။ ၁၉၆၇ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့တွင် ဒေါက်တာ အေဒရီယန် ကင်ထရိုဝစ် ဆိုသူက အမေရိကန် ပြည်ထောင်စု၌ ပထမဆုံးအကြိမ် လူနှလုံး အစားထိုး ကုသခြင်းကို ဆောင်ရွက်ခဲ့သည်။ သို့သော် အောင်မြင်မှုမရခဲ့ချေ။တလမျှကြာသည့်အခါ ဒေါက်တာ



ရှရိုးဒါး၏ကိုယ်ခန္ဓာအတွင်းသို့ ခွဲစိတ်အစားထိုးလိုက်သော ယာဗစ် – ၇ နှလုံးတု

နော်မန် ရှန်းဝေးက လူနှလုံး အစားထိုး ကုသခြင်းကို ကြိုးစား ကြည့်ပြန်သည်။ နှလုံးလက်ခံရရှိသည့် လူနာသည် ၁၅ ရက်သာ အသက်ရှင်ခဲ့သည်။

၁၉၆၈ ခုနှစ် မေလ ၁ ရက်နေ့ရောက်သည့်အခါ ကမ္ဘာပေါ်တွင် နှလုံးအစားထိုးလူနာပေါင်း ရှစ်ဦးရှိလာခဲ့သည်။ ထိုအချိန်မှစ၍ တလတာ အချိန်အတောအတွင်း စိန့်လူမြို့ရှိ အက်ပီစကိုပယ်တက္ကသိုလ်မှ ဒေါက်တာ ဒင်တွန်ကူးလေး အမည်ရှိ ဆေးသိပ္ပံပညာရှင်သည် နှလုံးအစားထိုးခြင်းကို ၂၂ ကြိမ် ခဲ့စိတ်ဆောင်ရွက်ပေးခဲ့သည်။

မည်သို့ပင် ဆိုစေကာမူ နှလုံးအစားထိုးခဲ့စိတ်ကုသခြင်းမှာ ရလဒ်ကောင်း ထွက်မလာခဲ့ချေ။ လူနာအားလုံး၏ ၈၀ ရာခိုင်နှုန်းသည် တနှစ်အတွင်း သေဆုံးသွားခဲ့သဖြင့် ရုတ်ခြည်း ရေပန်းစား လူကြိုက်များလာသော နှလုံးအစားထိုး ကုသမှုကို လုံးဝ ရပ်တန့်ရတော့မည့် အခြေအနေသို့ ရောက်လာခဲ့သည်။

၁၉၈၀ ပြည့်နှစ်သို့ ရောက်သည့်အခါ ဆိုက်ကလိုစပိုရင်း အမည်ရှိ ပဋိဇီဝ ဆေးတမျိုး ပေါ်ထွက်လာခဲ့သည်။ ဆိုက်ကလို စပိုရင်းသည် ဆေးစွမ်းအာနိုင်သင့် မပြင်းလှပဲ အစားထိုး နှလုံးကို လက်ခံမည့် လူနာ၏ ခန္ဓာကိုယ်မှ ပယ်ခြင်း မဖြစ်ရလေအောင် စွမ်းဆောင်ပေးနိုင်သည်။ ထို့ကြောင့် လည်း အစားထိုးပေးလိုက်သည့် လူနှလုံးသည် လက်ခံ လူနာ၏ ခန္ဓာကိုယ်တွင်း၌ ဆက်လက်အသက်ရှင် အလုပ်လုပ်နိုင်လာသည်။

၁၉၈၂ ခုနှစ်သည် ဆေးသိပ္ပံသမိုင်းတွင် မှတ်တိုင်သစ်စိုက်ထူရသည့်နှစ်ဟု ဆိုရပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ဒေါက်တာ ဝီလျံ ဒီဗရီး ဦးဆောင်သည့် ဆေးပညာရှင်အဖွဲ့က အမေရိကန်ပြည်ထောင်စု ဆီးယက်တဲလ်မြို့မှ နှလုံးရောဂါရှင်သွားဆရာဝန် ဘာနေး ကလပ်ဆိုသူ၏ နှလုံးကို ခဲ့စိတ်ဖယ်ထုတ်လိုက်ပြီး နှလုံးတုတခု ထည့်သွင်းပေးခဲ့ခြင်း ကြောင့် ဖြစ်လေသည်။ ယင်းနှလုံးတုကို ဒေါက်တာ ရောဗတ် ကေ ယာဗစ်က တီထွင်ခဲ့ခြင်း ဖြစ်သည်။တီထွင်သူ၏အမည်ကို အစွဲပြု၍ နှလုံးတုကို ယာဗစ်ဟု အမည် ပေးထားသည်။ ဒေါက်တာ ယာဗစ်သည် ၁၉၇၁ ခုနှစ်မှစ၍ အစားထိုး လူနှလုံးရှားပါးမှုပြဿနာကို ပြေလည်စေခြင်းငှာ နှလုံးတုကို စမ်းသပ်တီထွင်ခဲ့ခြင်း ဖြစ်သည်။

လွန်ခဲ့သည့် နှစ်ပေါင်းများစွာကပင် ကမ္ဘာအရပ်ရပ်မှ သိပ္ပံပညာရှင် များသည် လူခန္ဓာကိုယ်တွင်းသို့ နှလုံးတု အစားထိုးရန် တီထွင်ကြံဆခဲ့ကြသည်။ ယင်းတို့အနက် ယူတာတက္ကသိုလ်မှ ဒေါက်တာ ဝီလင် ကျေကော့ဖ်၊ ဒေါက်တာ ဝီလျံ ဒီဗရီးနှင့် ဒေါက်တာ ရောဗတ် ယာဗစ်တို့ သုံးဦးလည်း အပါအဝင်ဖြစ်သည်။ ဒေါက်တာ ဝီလင် ကျေကော့ဖ်သည် ဒတ်ချ်အမျိုးသားတဦးဖြစ်ပြီး ဒုတိယကမ္ဘာစစ်ကြီး အတွင်းမှာပင် ကျောက်ကပ်တုကို အောင်မြင်စွာ တီထွင်နိုင်ခဲ့သူ ဖြစ်သည်။ ၁၉၅၀ ပြည့်နှစ်တွင် အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိခဲ့ပြီး ယူတာဆေးတက္ကသိုလ်တွင် ၁၉၆၇ ခုနှစ်မှ စတင်အမှုထမ်းခဲ့သည်။

ဒေါက်တာ ဝီလင် ကျေ ကော့ဖ်၏ ကျောက်ကပ်တု အကြောင်းကို ဒေါက်တာ ဝီလျံ ဒီဗရီးက စိတ်ပါဝင်စားလာပြီး သူတို့နှစ်ဦး ပူးပေါင်း၍ လူခန္ဓာကိုယ်တွင်းသို့ နှလုံးတုသွင်းမည့် အစီအစဉ်များ ရေးဆွဲခဲ့ကြသည်။ ဒေါက်တာ ရောဗတ် ယာဗစ်မှာ ဇီဝအင်ဂျင်နီယာဖြစ်ခဲ့ပြီး အင်္ဂါတု တည်ဆောက်ခြင်းကို ဝါသနာထုံသောကြောင့် ဒေါက်တာ ဝီလင် ကျေ ကော့ဖ်၏ ဌာနတွင် ရက်သတ္တ တပတ်လျှင် ဒေါ်လာ တရာနှင့် လက်ထောက်အဖြစ် အမှုထမ်းခဲ့သူ ဖြစ်သည်။ ထို့နောက် ယူတာဆေးတက္ကသိုလ်တွင် ဆေးပညာ ဆက်လက်သင်ကြားခဲ့ပြီး ၁၉၇၆ ခုနှစ် ရောက်သည့် အခါမှ ဆရာဝန်ဘွဲ့ကို ဆွတ်ခူးရရှိခဲ့သည်။

အဆိုပါ ပုဂ္ဂိုလ်သုံးဦးသည် ဒေါက်တာယာဗစ်ကိုယ်တိုင် တီထွင်ခဲ့သည့် နှလုံးတုများကို စမ်းသပ်ခံ သတ္တဝါများ၏ ကိုယ်တွင်းသို့ထည့်သွင်းကာ လေ့လာ စမ်းသပ်ခဲ့ကြသည်။ ယင်းနှလုံးတုများကို ပေါ်လီယူရီသိန်း ပလတ်စတစ်နှင့် အလျှူမီနီယမ်သတ္တုတို့ဖြင့် ပေါင်းစပ် ပြုလုပ်ထားသည်။ ယာဗစ်နှလုံးတု အမှတ် ၅ ကို နွားငယ်တကောင်၏ နှလုံးနေရာတွင် အစားထိုးပေးခဲ့ရာ နွားငယ်သည် ၂၆၈ ရက်မျှ အသက်ရှင်ခဲ့လေသည်။

ယာဗစ်နှလုံးတုကို လူသားများနှင့်စမ်းသပ်ရန်အတွက် တရားဝင်ဖြစ် စေရန် ဒေါက်တာ ဒီဗရီးသည် တက္ကသိုလ်သုတေသနအဖွဲ့ကြီးသို့ ၁၉၈၀ ပြည့်နှစ် ဇွန်လတွင် ခွင့်ပန်ခဲ့သည်။ နှလုံးတု လက်ခံရမည့်လူနာသည် နှလုံး အဆုတ်စက်ကို ဖြုတ်လိုက်သည်နှင့် ချက်ချင်း ကွယ်လွန်သွားမည့် လူနာမျိုး ဖြစ်ရမည့်အကြောင်း သုတေသန အဖွဲ့ကြီးက ၁၉၈၁ ခုနှစ်တွင် ဆုံးဖြတ်ချက် ချခဲ့သည်။ သို့ရာတွင် ယင်းသို့သောလူနာမျိုးကို ကိုးလအတွင်း တဦးတလေမျှ မတွေ့ခဲ့ရချေ။ ထို့ကြောင့်လည်း နှလုံးပျက်စီးယိုယွင်းပြီး သေနိုင်လောက်သူ၊ ပြင်းထန်ဆိုးရွားနေသော နှလုံးရောဂါရှင် များကိုနှလုံးတု တပ်ဆင်ပေးနိုင်သည်ဟု ဆုံးဖြတ်ချက် ကို ပြင်ဆင် သတ်မှတ်ပေးခဲ့သည်။

၁၉၈၂ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ဒေါက်တာ ဒီဗရီး ဦးဆောင်သည့် ဆေးပညာရှင် ၁၄ ဦး အဖွဲ့သည် နှလုံးရောဂါရှင် ဘားနေး ကလပ်အား ပထမဆုံးအကြိမ် နှလုံးတု အစားထိုးခြင်းကို အောင်မြင်စွာ ပြုလုပ်ပေးနိုင်ခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၃–စာ၊ ၂၁၁—ရှု။) သို့ရာတွင် ဘားနေး ကလပ်သည် အဆုတ်အအေးမိရောဂါ၊အူမကြီးရောင် ရောဂါ၊ ကျောက်ကပ်ရောဂါတို့ အဆင့်ဆင့်ဖြစ်

ပြီး အခြေအနေမှာ တဖြည်းဖြည်း ဆိုးရွားလာခဲ့ရာ ၁၉၇၃ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

ဒေါက်တာ ဝီလျံ ဒီဗရီးနှင့် အဖွဲ့သည် ၁၉၇၄ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့တွင် အမေရိကန် ပြည်ထောင်စု ကင်တပ်ကီပြည်နယ် လူဝစ္စဗီးမြို့ရှိ ဟူမာနာဆေးရုံကြီးတွင် ဒုတိယအကြိမ်မြောက် နှလုံးတု အစားထိုးခြင်းကို အောင်မြင်စွာ ခွဲစိတ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။ လူနာမှာ အသက် ၅၂ နှစ်အရွယ်ရှိ ဝီလျံ ဂျေ ရှရိုးဒါး ဖြစ်လေသည်။



အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရှင်
ဆရာတော် ဘဒ္ဒန္တ ပညာဇောတ

**ပညာဇောတ၊ ဆရာတော်ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ ရန်ကုန်မြို့၊ ခြောက်ထပ်ကြီး ဘုရားကြီးကျောင်းတိုက်** (မြန်မာ ၁၂၆၆–)။ ။ဆရာတော် ဘဒ္ဒန္တပညာဇောတကို ပဲခူးတိုင်း၊ ပေါင်းတည်မြို့နယ် ပေါက်ကုန်းရွာတွင် ခမည်းတော် ဦးကျော်၊ မယ်တော်ဒေါ်ငွေအိမ်တို့က ၁၂၆၆ ခုနှစ် ဝါခေါင်လပြည့်နေ့တွင် ဖွားမြင်တော်မူသည်။

ကျောင်းသားအရွယ် ရောက်သော် ပေါက်ကုန်းရွာ ဆရာတော်ထံတွင် ပညာသင်ကြားသည်။ အသက် ၁၅ နှစ်အရွယ်တွင် ပေါက်ကုန်း ဆရာတော် ဦးသုဇာတကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်သည်။ ဘွဲ့မှာ ရှင်ပညာဇောတ ဖြစ်သည်။

၁၂၀၇ ခုနှစ်တွင် ပြည်မြို့ သေဋ္ဌာရုံမတောရကျောင်း ဆရာတော် ဦးဇဝနကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ထို့နောက် ဆရာတော် ဦးဇဝနထံ၌ လည်းကောင်း၊ သံမိုဘုရ ဆရာတော် ဦးဉာဏထံ၌ လည်းကောင်း ပိဋကတ်တော်၏ အခြေခံ ကျမ်းစာများကို သင်ယူသည်။ ၁၂၉၁ ခုနှစ်တွင် ရန်ကုန်မြို့ ခေမာသီဝံ ကျောင်း သို့ ပြောင်းရွှေ့၍ လောကုတ္တရာ စာပေများကို ဆက်လက် သင်ကြားတော်မူသည်။ ၁၂၉၂ ခုနှစ်တွင် ခြောက်ထပ်ကြီး ဘုရားကျောင်းတိုက် ဆရာတော် ဦးကောဏ္ဍညထံတွင် နိကာယ်ငါးရပ် ပါဠိတော် အဋ္ဌကထာကျမ်းကြီးများကို သင်ယူတော်မူခဲ့သည်။

ထို့နောက် မန္တလေးမြို့သို့ ပြောင်းရွှေ့၍ ရွှေရေးဆောင်တိုက်ဆရာတော် ဦးကြည်ထံ၌ လည်းကောင်း၊ ခင်မကန်တိုက် မြန်အောင်ကျောင်း ဆရာတော် ဦးရေဝတထံ၌ လည်းကောင်း၊ အမရပူရမြို့ ဟူမောင်းတိုက် ဆရာတော် ဦးနန္ဒိယထံ၌လည်းကောင်း ဆန်းအလင်္ကာနှင့် သဒ္ဒါကျမ်း၊ အဘိဓမ္မာညဝါအရ ကောက်ကျမ်းကြီးများကို ဆည်းပူး သင်ယူခဲ့သည်။ ၁၃၀၄ ခုနှစ်တွင် ရန်ကုန်မြို့သို့ ပြန်လာပြီး ခြောက်ထပ်ကြီး ဘုရားကြီးတိုက် ဆရာတော်ထံတွင် နိကာယ်ငါးရပ်၊ပါဠိတော်အဋ္ဌကထာဋီကာကျမ်းကြီး များကိုထပ်မံ သင်ကြားယင်းတဘက်မှလည်း တပည့်များအား တဆင့် ပြန်လည် ပို့ချပေးတော်မူခဲ့သည်။ ဆရာတော်သည် ၁၃၄၃ ခုနှစ်တွင် ခြောက်ထပ်ကြီး ဘုရားကြီးကျောင်းတိုက်၏ ပဓာန ဦးစီးနာယကဆရာတော် ဖြစ်လာသည်။

၁၃၄၅ ခုနှစ်တွင် ကျင်းပသော ပထမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထ အစည်းအဝေးကြီးက ဆရာတော်အား နိုင်ငံတော် သြဝါဒါစရိယ ဆရာတော်အဖြစ် တင်မြှောက်ခဲ့သည်။ ထိုနှစ်တွင်ပင် ပခုက္ကူမြို့၌ ကျင်းပသော မဟာဝိသုတာရုံမိက ဂဏဝါစက နိကာယကြီး၏ အဋ္ဌသန္နိပါတ အစည်းအဝေးက မဟာဝိနာယက ဆရာတော်အဖြစ် တင်မြှောက်ခဲ့သည်။

ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာတင်စဉ်က ပါဠိဝိသောဓကအဖြစ် ဆောင်ရွက်တော်မူခဲ့သည်။ ထို့ပြင် ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်း၊ စေတိယင်္ဂဏ ပရိယတ္တိ ဓမ္မာနုဂ္ဂဟအသင်း၊ ပရိယတ္တိ သာသနာနုဂ္ဂဟ အသင်း၊ ခြောက်ထပ်ကြီး ရွှေသာလျောင်း ဘုရားကြီး ဂေါပကအဖွဲ့ စသည်တို့၏ သြဝါဒါစရိယ ဆရာတော်အဖြစ် လည်း ဆောင်ရွက်တော်မူလျက် ရှိသည်။

ဆရာတော်သည် ဆန်းဋီကာနိဿယနှင့် ဋီကာဘာသာ၊ အလင်္ကာဋီကာသစ်နိဿယနှင့် ဋီကာဘာသာ (ပ)၊ (ဒု)၊ (တ)၊ ကခ်ဂါဋီကာသစ်နိဿယနှင့် သခ်ေပကထာ၊ ပရိတ်ကြီး ဋီကာနိဿယ၊ ပရိတ်မှတ်ကျမ်းတို့ကို ရေးသား ပြုစုတော်မူခဲ့သည်။

ဤသို့ ကြီးလေးသော သာသနာ့ တာဝန်များကို ထမ်းဆောင်တော်မူခြင်းကြောင့် ဆရာတော် ဘဒ္ဒန္တပညာ

ဇောတသည် ၁၉၇၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင်ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော် ကောင်စီက ဆက်ကပ် လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

**ပူထရာဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ (၁၉၇၄)။** ။ ပူထရာ ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ၁၉၆၁ ခုနှစ်တွင် စတင်ကျင်းပခဲ့သည်။ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် တုန်ကူ အမ္ဘဒူရာမန် ပူထရာက ကမကထပြု၍ စတင်ကျင်းပခဲ့သော ကြောင့် ပူထရာဂေါက်သီးရိုက်ပြိုင်ပွဲဟု အမည်တွင်ခဲ့သည်။ ထိုစဉ်က ပြိုင်ပွဲကွင် အမေရိကန်ဒေါ်လာ ၁၀,၀၀၀ တန် ဆုဖလားကို ချီးမြှင့်ခဲ့သည်။

၂၄ ကြိမ်မြောက် ပူထရာဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံ၍ ၁၉၇၄ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့မှ ၂၅ ရက်နေ့အထိ ရန်ကုန် ဂေါက်ကွင်း၌ လေးရက်တိုင် ကျင်းပခဲ့သည်။ ပြိုင်ပွဲတွင် စင်ကာပူ၊ ထိုင်း၊ ပါပူဝါ နယူးဂင်းနီ၊ ဖိလစ်ပိုင်၊ မလေးရှား၊ မြန်မာ၊ ဟောင်ကောင်နှင့် အင်ဒိုနီးရှားနိုင်ငံ ရှစ်နိုင်ငံမှ ဂေါတ်သီးရိုက် အားကစားသမားများ ပါဝင် ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာလ ၂၂ ရက်နေ့ နံနက်ပိုင်းတွင် ကျင်းပရာ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ နာယက၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဦးထွန်းဝေ တက်ရောက် ဖွင့်လှစ်ပေးသည်။

ပြိုင်ပွဲပထမနေ့ပွဲစဉ်မှ စတုတ္ထနေ့ နောက်ဆုံး ပွဲစဉ်အထိ မလေးရှားအသင်းသည် ရိုက်ချက် ၉၁၁ ချက်ဖြင့် ပထမရ၍ ဗိုလ်စွဲသည်။ ထိုင်းအသင်းသည် ရိုက်ချက် ၉၂၃ ချက်ဖြင့် ဒုတိယ၊ ဖိလစ်ပိုင်အသင်းသည် ရိုက်ချက် ၉၂၅ ချက်ဖြင့် တတိယ၊ အင်ဒိုနီးရှားအသင်းသည် ရိုက်ချက် ၉၂၀ ချက်ဖြင့် စတုတ္ထ၊ မြန်မာအသင်းသည် ရိုက်ချက် ၉၂၉ ချက်ဖြင့် ပဉ္စမ၊ ဟောင်ကောင် အသင်းသည် ရိုက်ချက် ၉၆၀ ချက်ဖြင့် ဆဋ္ဌမ၊ စင်ကာပူ အသင်းသည် ရိုက်ချက် ၉၇၆ ချက်ဖြင့် သတ္တမ၊ ပါပူဝါနယူးဂင်းနီ အသင်းသည် ရိုက်ချက် ၉၀၂ ချက်ဖြင့် အဋ္ဌမ အသီးသီး ရရှိကြသည်။

မြန်မာအသင်းသည် ပထမနေ့ပွဲစဉ်အပြီးတွင် ဒုတိယနေရာမှလိုက်နေခဲ့ပြီး ဒုတိယနေ့ပွဲစဉ်မှ တတိယနေ့ပွဲစဉ်အထိ ပထမနေရာမှ လိုက်နေခဲ့ရာ စတုတ္ထနေ့ နောက်ဆုံးပွဲစဉ်အပြီးတွင်မှ ပဉ္စမနေရာသို့ လျှောကျသွားခြင်း ဖြစ်သည်။ မြန်မာအသင်းတွင် နေဝင်းမြင့်၊ မောင်ပြုံး၊ ရွှေသိန်းနှင့် ဇော်မိုးတို့ ပါဝင်ကစားကြသည်။

၂၄ ကြိမ်မြောက် ပူထရာဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ရန်ကုန်မြို့ ဂေါ်ဒွင်လမ်းရှိ ယဉ်ကျေးမှု လဟာပြင်ဇာတ်ရုံ မြက်ခင်းပြင်၌ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ကျင်းပသည်။ အသင်းလိုက် ပြိုင်ပွဲ၌ အနိုင်ရရှိသည့် မလေးရှားအသင်းနှင့်ဒုတိယရရှိသည့် ထိုင်းအသင်းတို့အား လည်းကောင်း၊ ရိုက်ချက်အကောင်းဆုံးဆုရရှိသူမလေးရှားအသင်းမှ ဆပ်ဖီယန်တန်နှင့် ဒုတိယရရှိသူ အင်ဒိုနီးရှားအသင်းမှ ဘူအာရီတို့အား လည်းကောင်း ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဦးထွန်းဝေက ဆုမျာ ချီးမြှင့်သည်။

ဂေါက်သီးရိုက်ပြိုင်ပွဲ စတင်ကျင်းပခဲ့သည့် ၁၉၆၁ ခုနှစ်မှ ၁၉၇၄ ခုနှစ် ၂၄ ကြိမ်မြောက် ပူထရာဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကာလအထိ ဖိလစ်ပိုင် နိုင်ငံသည် ၁၃ ကြိမ်၊ မလေးရှားနိုင်ငံသည် ခြောက်ကြိမ်၊ အင်ဒိုနီးရှားနိုင်ငံ နှစ်ကြိမ်၊ မြန်မာ၊ ဟောင်ကောင်နှင့် စင်ကာပူ နိုင်ငံများသည် တကြိမ်စီ အသီးသီး ပထမရ ဗိုလ်စွဲခဲ့ကြသည်။

**ပဲရက်, ရှိမုန်** ( ခရစ် ၁၉၂၃ – )။ ။ အစ္စရေး နိုင်ငံဝန်ကြီးချုပ် ရှိမုန် ပဲရက်ကို အဖအိုင်းဇက်နှင့် အမိဆာရာ ပါစကီးတို့က ၁၉၂၃ ခုနှစ်တွင် ပိုလန်နိုင်ငံ၌ မွေးဖွားခဲ့သည်။ ပဲရက်သည် ဆိုနီယာ ဂဲလမန်နှင့် အိမ်ထောင်ကျပြီးနောက် သားနှစ်ယောက် သမီးတယောက်ထွန်းကားခဲ့သည်။

ပဲရက်သည် ဟားဗက်တက္ကသိုလ်နှင့် နယူးယောက် တက္ကသိုလ်များတွင် ပညာသင်ကြားခဲ့ပြီး ၁၉၅၄ ခုနှစ်တွင် ပါလက်စတိုင်းသို့ ပြောင်းရွှေကာ အခြေချနေထိုင်ခဲ့သည်။ ဟာနိုအာ ဟာအိုဗက် လှုပ်ရှားမှုတွင် အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ ၁၉၄၇ ခုနှစ် ဟာဂါးနားလှုပ်ရှားမှုတွင် အဖွဲ့ဝင်အဖြစ် လည်းကောင်း ပါဝင်ဆောင်ရွက် ခဲ့ သည်။ ၁၉၄၈ ခုနှစ်တွင် အစ္စရေးကာကွယ်ရေးဝန်ကြီးဌာန ရေတပ်မတော်၌ အကြီးအကဲအဖြစ် အမှုထမ်းခဲ့သည်။ ၁၉၅၂-၅၃ ခုနှစ်တွင် အမေရိကန်သို့စေလွှတ်သော ကာကွယ်ရေးဆိုင်ရာ သံတမန်အဖွဲ့၏ ခေါင်းဆောင်အဖြစ်တာဝန်ယူခဲ့သည်။

မစ္စတာ ပဲရက်သည် ၁၉၅၂ ခုနှစ်မှ ၁၉၅၃ ခုနှစ်အထိ ကာကွယ်ရေးဝန်ကြီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း၊ ၁၉၅၃ ခုနှစ်မှ ၁၉၅၉ ခုနှစ်အထိ ညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ပြီးနောက် ၁၉၅၉ ခုနှစ်မှ ၁၉၆၆ ခုနှစ်အထိ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၅၉ ခုနှစ်မှ ၁၉၆၅ ခုနှစ်အထိ မာပိုင်းပါတီတွင် ဝင်ရောက်လှုပ်ရှားခဲ့ရာ ၁၉၅၉ ခုနှစ်တွင် နက်ဆက်ခေါ် အစ္စရေးပါလီမန်လွှတ်တော်တွင် အမတ်ဖြစ်လာသည်။

ရာဖီးပါတီကို ၁၉၆၅ ခုနှစ်၌ တည်ထောင်ရာတွင်ပဲရက်သည် အဖွဲ့ဝင်တဦးအဖြစ် ပါဝင်ခဲ့ပြီး ပါတီအထွေထွေအတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်ခဲ့သည်။ ထို့နောက်


၁၉၆၈ ခုနှစ်တွင် ရာဖီးပါတီကို လေဘာပါတီနှင့် ပူးပေါင်းကာ လေဘာပါတီအဖြစ် ဖွဲ့စည်းခဲ့ပြီး ၁၉၇၇ ခုနှစ် ဧပြီလတွင် လေဘာပါတီ ဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။

မစွတာပဲရက်သည် ၁၉၆၉ ခုနှစ်မှ ၁၉၇၀ ပြည့် နှစ်အထိ အစွဓရေးအုပ်ချုပ်ခံ ဒေသမျာ်း၏ စီးပွားရေးဖွံ့ဖြိုးမှု ဝန်ကြီးဌာန ဝန်ကြီးအဖြစ်လည်းကောင်း၊ ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၄ ခုနှစ်အထိ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးအဖြစ်လည်းကောင်း၊ ၁၉၇၄ ခုနှစ်မတ်လမှ ဇွန်လအထိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ်လည်းကောင်း၊ ၁၉၇၄ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် လည်းကောင်း၊ ၁၉၇၇ ခုနှစ် ဧပြီလမှ မေလအထိ ယာယီဝန် ကြီး ချုပ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

မစွတာပဲရက်သည် ၁၉၇၇ ခုနှစ် ဇွန်လမှစ၍ အတိုက် အခံပါတီ ခေါင်းဆောင်တဦးဖြစ်လာခဲ့သည်။ မစွတာပဲရက်သည် လီကွတ်ပါတီခေါင်းဆောင်နှင့် ဝန်ကြီးချုပ်ဟောင်း မစွတာဗယ်ဂင်နှင့် ၁၉၇၇ ခုနှစ်တွင်တကြိမ်၊၁၉၈၁ ခုနှစ်တွင် တကြိမ် ယှဉ်ပြိုင်အရွေးခံခဲ့ရာ ရှုံးနိမ့်ခဲ့သည်။

အစွဓရေးပါလီမန်ရွေးကောက်ပွဲကို ၁၉၈၄ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် ကျင်းပခဲ့ရာ၌ အမတ်နေရာ ၁၂၀ ရှိသည့်အနက် ပဲရက်ဦးဆောင်သော လေဘာပါတီက ၄၄ နေရာ ရရှိခဲ့သည်။ ရှမီးယားဦးဆောင်သော လီကွတ်ပါတီက ၄၁ နေရာ ရရှိခဲ့သည်။ လေဘာနှင့်လီကွတ် နှစ်ပါတီ ပူးပေါင်းပြီး ညွှန့်ပေါင်းအစိုးရဖွဲ့နိုင်ရန်အတွက် ဝန်ကြီးချုပ် ရာထူးကို ပဲရက်နှင့် ရှမီးယားတို့သည် ပါလီမန်သက်တမ်း ကာလ လပေါင်း ၅၀ အတွင်း တဦးလျှင် ၂၅ လစီ တာဝန် ယူရန် သဘောတူခဲ့ကြသည်။ ပါလီမန်က အစွဓရေးအမျိုး သား ညီညွတ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းကို အတည်ပြုပေးပြီး နောက် ရှိမွန် ပဲရက်သည် ဝန်ကြီးချုပ်ရာထူးကို ပထမ ၂၅ လအတွက် ၁၉၈၄ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့ မှ စတင်၍ ထမ်းဆောင်ခဲ့သည်။

**ပဏ္ဍိတ၊ ဆရာတော် ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ**



**အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရှင်**
**ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတ**

သည်။ ၁၆ နှစ်သားအရွယ်တွင် ပခုက္ကူမြို့ မဟာဝိသုတာရုမကိုက်၊ တိပိဋကာ လက်ဝဲရ ကျော်ဌေးသို့ ရောက်ရှိပြီး ဆရာတော် ဦးအဂ္ဂ၊ ဆရာတော်သုံ၊ ဆယ်ရွာ ဆရာတော်တို့ ထံတွင် လောကုတ္တရာစာပေများ သင်ကြားသည်။

၁၂၉၅ ခုနှစ်တွင် ကုန်းပုထိုးဂိုဏ်းချုပ် ဆရာတော် ဘုရားကြီး ဦးရေဝတကို ဥပဇ္ဈာယ်ပြုလျက် ဇာတ်မ်းသဘော ရွာနေ ဦးရွှေဒေါင်း၊ ဒေါ်မှတ်သာတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

တဖန် မန္တလေးမြို့ ချမ်းသာကြီးတိုက်သို့ ၁၃၀၈ ခုနှစ်တွင် ရွှေပြောင်းတော်မူပြီး အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးနန္ဒမဉ္ဇု၊ ဆရာတော် ဦးကေသဝ၊ ဆရာတော် ဦးနာရဒ စသော ဆရာတော်များထံတွင် စာပေ ဆက်လက်သင်ကြားခဲ့သည်။

ဆရာတော်သည် ရှင်သာမဏေဘဝကပင် အစိုးရ ပထမငယ်၊ ပထမလတ်တန်း တို့ကို အောင်မြင်ခဲ့သည်။ ရဟန်းဘဝတွင် ပထမကြီးတန်းကို နှစ်ကြိမ်ဝင်ရောက် ဖြေဆိုတော်မူခဲ့ပြီး ဒုတိယ ကမ္ဘာစစ်ကြီး ကြောင့် စာမေးပွဲကြီး ရပ်တန့်သွားခဲ့သည်။ ၁၃၁၂ ခုနှစ်တွင် ဓမ္မာစရိယ စာချုတန်းကို ဝင်ရောက်ဖြေဆိုရာ အဋ္ဌကထာ သုံးကျမ်းကို ဂုဏ်ထူးနှင့် အောင်တော်မူသဖြင့် သာသနဓဇ သိရိပဝရ ဓမ္မာစရိယဘွဲ့ကို ရရှိတော်မူသည်။ ထို့ပြင် သက္ကသီဟ အသင်းကြီး၏ အသိအမှတ်ပြု ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ– ပရိယတ္တိသာသန ဟိတ မူလဓမ္မာစရိယ ဘွဲ့တံဆိပ်တော်ကိုလည်း ဆက်ကပ်ခြင်းခံရတော်မူသည်။

တဖန် မင်္ဂလာအေးကျောင်း သံဃာအစည်းအဝေးကြီးက ဆရာတော်ကို ၁၃၄၂ ခုနှစ်တွင် မဟာဝိသုတာရုမကျောင်းတိုက်ကြီး၏ အကြီးအကဲ နာယက ဆရာတော်အဖြစ် တင်မြှောက်ခဲ့သည်။ ဆရာတော်သည် မဟာဝိသုတာရုမတိုက်ကြီးတွင် သံဃာတော် ၅၀၀ ခန့်အား အုပ်ချုပ်၍ သာသနာပြုလျက် ရှိသည်။ မန္တလေးမြို့၌ နေစဉ်

**ပဏ္ဍိတ၊ ဆရာတော် ဘဒ္ဒန္တ၊ အဂ္ဂမဟာ ပဏ္ဍိတ၊ ပခုက္ကူမြို့၊ မဟာဝိသုတာရုမတိုက်** (မြန်မာ ၁၂၇၅–)။ ။ဆရာတော် ဘဒ္ဒန္တပဏ္ဍိဘကို မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ချောင်းဆုံရွာ၌ ခမည်းတော် ဦးစံဝ၊ မယ်တော် ဒေါ်ရွှေသွယ်တို့က ၁၂၇၅ ခု နှစ်၊ ဦး တန် ခူး လ ပြည့်ကျော် ၁၁ ရက်နေ့တွင် ဖွားမြင်သည်။

၁၀ နှစ်သား အ ရွယ် တွင် မိ ဘ နှစ် ပါး၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ဆရာတော်ဦးဝါသဝကို ဥပဇ္ဈာယ်ပြု၍ ရှင်ပဏ္ဍိတဟူသောဘွဲ့ဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့

ပါဠိ ပထမပြန် စာမေးပွဲ အကျိုးတော်ဆောင် အဖြစ်လည်းကောင်း၊ ဆဋ္ဌသံဂါယနာ ပါဠိ ဝိသော ဓက အဖြစ်လည်းကောင်း ဆောင်ရွက်တော်မူခဲ့သည်။ ပခုက္ကူမြို့ ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲဥက္ကဋ္ဌ၊ပခုက္ကူမြို့နယ် သံဃာ့နာယက အဖွဲ့ဥက္ကဋ္ဌ၊ သီဟိုဠ်ရှင်ဘုရားကြီး ဂေါပကအဖွဲ့ သြဝါဒါစရိယ စသည်ဖြင့် ဆောင်ရွက်တော်မူလျက်ရှိသည်။

ထိုသို့ သာသနာ့အကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူသောကြောင့် ရဟန်းရှင်လူတို့၏ ကြည်ညိုလေးစားခြင်းခံရသည့် ဆရာတော် ဘဒ္ဒန္တပဏ္ဍိတသည် ၁၉၇၄ ခုနှစ် ဇန္နဝါရီလ ၄ ရက်နေ့တွင် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော် ကောင်စီက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ် တော်ကို အလှူခံ ရရှိတော်မူသည်။

## ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဆောင်ရွက်ချက်များ (၁၉၇၄)။

။ ၁၉၇၄ ခုနှစ် အတွင်း သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်က ဆောင်ရွက်ခဲ့သည့် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်သည်။

### ဓမ္မ အဓမ္မစိစစ်ခြင်း

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် ရခိုင်ပြည်နယ် ဓမ္မစကြာ သာသနာပြုအဖွဲ့ချုပ်မှ ထုတ်ဝေသော ဓမ္မစကြာ ပဋိပတ္တိသင်တန်း ကျမ်းစာများကို အဓမ္မဝါဒ အဖြစ် သတ်မှတ်၍ ထုတ်ဝေဖြန့်ချိခွင့် မပြုရန်နှင့် ယင်းအဖွဲ့ဝင် ရဟန်းရှင်လူများအား ကျမ်းစာများ၌ ပါသည့် အဓမ္မဝါဒများကို စွန့်လွှတ်ကြောင်း ဝန်ခံကတိ လက်မှတ်ရေးထိုးစေရန် ဆုံးဖြတ်ခဲ့သည်။ ဆုံးဖြတ်ချက်နှင့် အညီ ဓမ္မစကြာ သာသနာပြု အဖွဲ့ဝင်များသည် ယင်းအဓမ္မဝါဒကို စွန့်လွှတ်ကြောင်း လက်မှတ်ရေးထိုးခဲ့ကြသည်။ ထို့ပြင် စစ်ကိုင်းတိုင်း၊ မြောင်မြို့နယ်မှ ထွန်တုံးလက်ကျန် ဆရာကြီး ဦးထင် ဟောပြောခဲ့သော အယူဝါဒများကို ဓမ္မ အဓမ္မ စိစစ်ဆုံးဖြတ်ရန်အတွက် နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်အဖွဲ့ အမှတ် – ၈ ကို ဖွဲ့စည်းပေးခဲ့ရာ ယင်းအဖွဲ့က ဓမ္မ အဓမ္မ စစ်ဆေးဆောင်ရွက်လျက် ရှိသည်။

### ဝိနိစ္ဆယဆိုင်ရာလုပ်ငန်းများ

ဝိနည်း ဓမ္မကံ ဥပဒေလုပ်ထုံးလုပ်နည်း များနှင့်အညီ ဝိနည်း ဓမ္မကံ အဓိကရဏ်းမှုခင်းများကို စစ်ဆေးမှုပြုရာ၌ ရှေးဦးစွာ သက်ဆိုင်ရာစာဒက၊ စုဒ်ဘကများကို ရပ်ကွက်ကျေးရွာအုပ်စု သံဃနာယကအဖွဲ့၊ မြို့နယ်သံဃနာယက အဖွဲ့၊ ပြည်နယ်နှင့်တိုင်း သံဃနာယကအဖွဲ့များ ရွေးမှောက်၌ စေ့စပ်ညှိနှိုင်း၍ ပြေလည်အေးငြိမ်းမှုရရှိအောင် ဆောင်ရွက်ပေးခဲ့သည်။ ယင်းကဲ့သို့ ပြေလည်အေးငြိမ်းအောင် ဆောင်ရွက်၍ မရသော မှုခင်းများကို မိမိတို့ဂိုဏ်းအလိုက် မြို့နယ် သံဃဝိနိစ္ဆယအဖွဲ့၊ ပြည်နယ်နှင့်တိုင်း သံဃဝိနိစ္ဆယအဖွဲ့များ ဖွဲ့စည်း၍ စစ်ဆေးဆုံးဖြတ်မှုများ ပြုခဲ့ကြသည်။ သာမန်အားဖြင့် ကျောင်းမြေ၊ ကျောင်းအဆောက်အအုံ စသော ပစ္စည်းပိုင်ဆိုင်ခွင့် အငြင်းပွားရာ၌ ပြည်နယ်နှင့်တိုင်း သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်သည် နောက်ဆုံးအတည်ဖြစ်သည်။ သို့ရာတွင် စေတီပိုင် ဗုဒ္ဓသန္တကပစ္စည်းပိုင်ဆိုင်ခွင့် အငြင်းပွားမှု၊ ဂိုဏ်းတပါးနှင့် ဂိုဏ်းတပါး၊ ပြည်နယ်တိုင်းတပါးနှင့် ပြည်နယ်တိုင်းတပါး ဖြစ်ပွားသည့် ပိုင်ဆိုင်ခွင့် အငြင်းပွားမှု၊ ရဟန်းတော်နှင့် လူဒါယိကာတို့ ဖြစ်ပွားသော ပစ္စည်းပိုင်ဆိုင်ခွင့် အငြင်းပွားမှု၊ ပါရာဇိကအာပတ်ဖြင့် စုပ်စဲ့မှုများကိုမူ ပြည်နယ်နှင့်တိုင်း သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်ပါက နိုင်ငံတော် သံဃ မဟာနာယက အဖွဲ့သို့ အယူခံတက်ခွင့် ရှိပေသည်။ ထိုအခါ နိုင်ငံတော် သံဃ မဟာနာယက အဖွဲ့က အမှုဖြစ်ပွားသည့် ပြည်နယ်နှင့်တိုင်း ဝိနည်းဓိုရ်များမပါသော အခြား ပြည်နယ်နှင့်တိုင်းများမှ ဝိနည်းဓိုရ်များဖြင့် အယူခံစောဒနာဝင် နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့များ ဖွဲ့စည်းပေး၍ စစ်ဆေးဆုံးဖြတ်စေခဲ့သည်။ ယင်းနိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်သည် နောက်ဆုံးအတည်ဖြစ်သည်။ တဖန် သာမန်အားဖြင့် ပစ္စည်းပိုင်ဆိုင်ခွင့် အငြင်းပွားသော မှုခင်းများတွင် ပြည်နယ်/တိုင်း သံဃ ဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်သည် ဝိနည်းတော်နှင့် မညီသော အချက်များ ပါရှိပါက ပါကြောင်းထောက်ပြ၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ အသနားခံစာ တင်သွင်းခွင့် ပြုခဲ့ရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် လိုအပ်ပါက ဂိုဏ်းပေါင်းစုံ ဝိနည်းဓိုရ် ဆရာတော်များပါဝင်သည့် ပြည်နယ်တိုင်း သံဃ ဝိနိစ္ဆယ အဖွဲ့သစ်ကို ဖွဲ့စည်းပေး၍ ပြန်လည် စစ်ဆေးဆုံးဖြတ်စေခဲ့သည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ အယူခံ စောဒနာလွှာ တင်သွင်းသည့် အမှုများကို စစ်ဆေးဆုံးဖြတ်ရန် နိုင်ငံတော် သံဃ ဝိနိစ္ဆယအဖွဲ့ပေါင်း ဂဝ ဖွဲ့စည်းပေးခဲ့ရာ ၆၅ ဖွဲ့က ဆုံးဖြတ်ချက် ချမှတ်ပြီးဖြစ်၍ ၁၅ ဖွဲ့က ဆက်လက် စစ်ဆေးနေဆဲ ဖြစ်သည်။

ကျောင်းပိုင်ဆိုင်ခွင့် အငြင်းပွားမှုများနှင့် စပ်လျဉ်း၍ ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်၍ နိုင်ငံတော် သံဃ မဟာနာယက အဖွဲ့သို့ အသနားခံလွှာ တင်သွင်းသော အမှုပေါင်း ၂၉ မှုရှိရာ ၇၇ မှုတွင် အသနားခံလွှာကို ပလပ်ပယ်ချ၍ ပြည်နယ်/တိုင်း



ပထမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဋ္ဌမ အစည်းအဝေးသို့ တက်ရောက်လာသော ဩဝါဒါစရိယဆရာတော်ကြီးများ

သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြု ပေး ခဲ့သည်။ ၎င်း မှကို ဂိုဏ်းပေါင်းစုံ ဝိနည်းဓိုရ် ဆရာတော်များ ပါဝင်သည့် ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယ အဖွဲ့သစ်ဖြင့် ပြန်လည် စစ်ဆေးဆုံးဖြတ်စေခဲ့သည်။

### သံဃာ့အဖွဲ့အစည်း အစားထိုးရွေးချယ်မှုများ

ပံ့လွန်တော်မူခြင်း၊ မြို့ နယ် နှင့် ပြည် နယ် / တိုင်း ပြောင်းရွှေ့သီတင်းသုံးခြင်းများကြောင့်လစ်လပ်သွားသော နေရာများတွင် အစားထိုးရွေးခဲ့ရာ နိုင်ငံတော် ဩဝါဒါစရိယဆရာတော် ကိုးပါး၊ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ဆရာတော် ၂၇ ပါး၊ ပြည်နယ်/တိုင်း သံဃနာယက ဆရာတော် ၁၂ ပါး၊ မြို့နယ် သံဃနာယကဆရာတော် ၁၀၃ ပါး၊ ရပ်ကွက်ကျေးရွာအုပ်စု သံဃနာယက ဆရာတော် ၁၅၄ ပါး၊ ဝိနည်းဓိုရ်ဆရာတော် ဂ၄ ပါးတို့ကို အစားထိုးရွေးချယ် ဖွဲ့စည်းခဲ့သည်။

### သံဃာစာရင်းနှင့် သီလရှင်စာရင်း ပြုစုခြင်း

မြန်မာနိုင်ငံတွင် ဘုန်းကြီးကျောင်းပေါင်း ၄၇,၅၀၀ ကျော်ရှိ၍ ၎င်းတို့တွင် ၂,၅၂၄ ကျောင်းမှာ စာသင်တိုက်များ ဖြစ်ကြသည်။ ရဟန်းပေါင်း ၁,၂၂,၉၀၀ ကျော်နှင့် ရှင်သာမဏေပေါင်း ၁,၀၈,၅၀၀ ကျော်ရှိရာ၊ သာသနာဝင် မှတ်တမ်း ဆက်ကပ်ပြီးသော ရဟန်း၊ သာမဏေ စုစုပေါင်း မှာ ၃,၁၁,၀၀၀ ကျော် ဖြစ်သည်။ ဓမ္မာစရိယစာချုတန်း အောင်မြင်ပြီးသော ရဟန်းတော်ပေါင်း ၄,၂၅၈ ပါးရှိသည်။ မြန်မာနိုင်ငံ တဝန်းလုံးတွင် သီလရှင်ပေါင်း ၂၀,၆၀၀ ကျော်ရှိ၍ ၁၇,၉၀၀ ကျော်ကို သာသနာနှယ်ဝင် မှတ်တမ်း ပေးပြီးဖြစ်သည်။

### ဗုဒ္ဓဘာသာဆိုင်ရာ စာမူများ စိစစ်ခြင်း

ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ ဗဟိုမှတ်ပုံတင်အဖွဲ့က တင်ပြလာသည့် ဗုဒ္ဓဘာသာဆိုင်ရာစာမူပေါင်း ၁၄၆ မူ အနက် စာမူ ၁၁၄ ခုကို ထုတ်ဝေခွင့်ပြုခဲ့၍ စာမူ ၁၈ ခုကို ထုတ်ဝေခွင့် မပြုခဲ့ချေ။ စာမူ ၁၄ ခုကို ပြန်လည်ပြင်ဆင် တင်ပြရန် ညွှန်ကြားခဲ့သည်။

### နိုင်ငံခြားကြွရောက်မှု စိစစ်ခြင်း

နိုင်ငံခြားတိုင်းပြည်များ သို့ ကြွ ရောက် လို ကြောင်း လျှောက်ထားကြသည့် ရဟန်းတော်များတွင် နိုင်ငံခြားရှိ ဆွေမျိုးသားချင်းများနှင့် ရင်းနှီးသော ဒါယကာ၊ ဒါယိကာမများက ပင့်ဖိတ်၍ အလည်အပတ် ကြွရောက်လိုသည့် ရဟန်းတော် ၁၁ ပါး၊ သာသနာပြု ကြွရောက် လို သည့် ရဟန်းတော် ခုနစ်ပါး၊ ပညာတော်သင် ကြွရောက်လိုသည့် ရဟန်းတော် တပါး၊ စုစုပေါင်း ၁၉ ပါးကို စိစစ် ခွင့်ပြု ခဲ့သည်။

### စာမေးပွဲများ ကျင်းပခြင်း

၁၉၇၃–၇၄ ခုနှစ် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲတွင် အာဂုံပြန်ဆိုပွဲ၌ ၆၇ ပါး ရှိသည့်အနက် ဝိနည်းပထမပိုင်း နှစ်ကျမ်းပြန် ၃၉ ပါး၊ ဝိနည်းဒုတိယပိုင်း သုံးကျမ်းပြန် လေးပါး၊ ဒီဃနိကာယ သုံးကျမ်းပြန် တပါး၊ စုစုပေါင်း ၄၄ ပါး အောင်မြင်ခဲ့သည်။ သဘောရေးဖြေပွဲတွင် ၉၇ ပါး ဝင်ရောက်ဖြေဆိုခဲ့သည့်အနက် ဝိနည်းနှစ်ကျမ်း ရေးဖြေတွင် နှစ်ပါးအောင်၍ မဇ္ဈိမနိကာယ် သုံးကျမ်း ရေးဖြေတွင် တပါး အောင်မြင်ခဲ့သည်။ ဓမ္မာစရိယ စာမေးပွဲတွင် စာဖြေဌာန ၁၈ ဌာနတို့၌ ဝင်ရောက်ဖြေဆိုသူ ၂,၆၅၆ ဦး ရှိ၍ အောင်မြင်သူပေါင်း ၂၉၁ ဦးရှိသည်။ ပထမပြန် စာမေးပွဲတွင် စာဖြေဌာန ၁၃၉ ဌာနတို့၌ မူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းတို့တွင် ဝင်ရောက်ဖြေဆိုသူ ၂၉,၃၃၂ ဦး ရှိ၍ အောင်မြင်သူပေါင်း ၈,၇၆၉ ဦး ရှိသည်။ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲတွင် စာဖြေဌာန ၁၁၇ ဌာန၌ ဝင်ရောက် ဖြေဆိုသူပေါင်း ၁၁,၂၀၃ ဦးရှိ၍ အောင်မြင်သူပေါင်း ၇,၀၃၁ ဦး ရှိသည်။ ဗုဒ္ဓဘာသာ ယဉ်ကျေးမှု စာမေးပွဲကို ၁၉၈၄ ခုနှစ်တွင် စတင်ကျင်းပခဲ့ရာ မြို့နယ်ပေါင်း ၁၀၉ မြို့နယ်၌ ဝင်ရောက်ဖြေဆိုသူပေါင်း ၅၀,၀၀၀ ရှိသည်။

### နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ရေးဆွဲအတည်ပြုခဲ့သည့် ပရိယတ္တိ ပညာရေးစီမံချက်အရ မန္တလေးမြို့နှင့် ရန်ကုန်မြို့များတွင် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ကျောင်းတိုက် တတိုက်စီ တည်ဆောက်လျက်ရှိသည်။ မန္တလေးမြို့တွင် တည်ဆောက်မည့် ပရိယတ္တိ သာသနာ့တက္ကသိုလ် ကျောင်းဧတာ်ကြီးအတွက် အလျှူငွေ သိန်းပေါင်း ၁၀၀ ကျော်နှင့် ရန်ကုန်မြို့တွင် တည်ဆောက်မည့် ပရိယတ္တိ သာသနာ့တက္ကသိုလ် ကျောင်းတော်ကြီးအတွက် အလျှူငွေ သိန်းပေါင်း ၅၀ ကျော် ရရှိပြီးဖြစ်၍ အဆောက်အအုံများ စတင်ဆောက်လုပ်နေပြီ ဖြစ်သည်။ ပရိယတ္တိ သာသနာ့တက္ကသိုလ် ကျောင်းတော်ကြီးများတွင် ပညာရပ်များကို သင်ကြားပို့ချပေးမည့် ကထိက ဆရာတော်၊ ပါမောက္ခဆရာတော်များ ရရှိရေးအတွက် ဓမ္မာစရိယနှင့် ဝိဇ္ဇာဘွဲ့ခံ ဆရာတော် ၃၁ ပါး တို့အား ခြောက်လ မှန်းမံသင်တန်း ဖွင့်လှစ်၍ သင်ကြား ပို့ချပေးခဲ့သည်။

**ဖြိုတိန်နိုင်ငံ။** ။၁၉၈၁ ခုနှစ်မှစ၍ သံရုံးများကို ပြည်သူ့ ဗျူရိုဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သော လစ်ဗျနိုင်ငံသည် ၁၉၈၄ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ဖြိုတိန်နိုင်ငံလန်ဒန်မြို့ရှိ ပြည်သူ့ဗျူရိုကို ကျောင်းသား တော်လှန်ရေး အင်အားစုက ထိန်းချုပ်လိုက်ကြောင်း ကြေငြာသည်။ အီတလီနိုင်ငံ ရောမမြို့၌ လစ်ဗျသံအမတ်ကြီး (ပြည်သူ့ဗျူရို ပြည်သူ့ကော်မတီ အတွင်းရေးမှူး) အမွာအက် တက္ကဇီ ဇန်ဝါရီလ ၂၁ ရက်နေ့က လုပ်ကြံခံခဲ့ရပြီးနောက် ယင်းကဲ့သို့ ထိန်းချုပ်မှု ပေါ်ပေါက်လာခြင်း ဖြစ်သည်။ ဖြိုတိန်နိုင်ငံရှိ လစ်ဗျ ပြည်သူ့ဗျူရို၏ ပြည်သူ့ကော်မတီ အထွေထွေ အတွင်းရေးမှူး အဒမ်ဆာလေ ကူဝိရီကို ရာထူးမှ ဖယ်ရှား၍ ပညာတော်သင်အဖြစ် မှတ်ပုံတင်ထားသူ လစ်ဗျ သုံးဦးဖြင့်ဖွဲ့စည်းထားသော ကော်မတီက ထိန်းချုပ်လိုက်ခြင်းဖြစ်သည်။ အကြောင်းအမျိုးမျိုးဖြင့် ဥရောပသို့ ရောက်ရှိနေသော လစ်ဗျလူမျိုးများကို တိုက်ခိုက်လုပ်ကြံသည့် ဖြစ်ရပ်များသည် ၁၉၈၀ ပြည့်နှစ်မှစ၍ တိုးတက်ဖြစ်ပွားလာလျက် ရှိသည်။ ၁၉၈၄ ခုနှစ် မတ်လ အတွင်းကလည်း ဖြိုတိန်နိုင်ငံတွင် လစ်ဗျလူမျိုးများ နေထိုင် ကျက်စားရာ အဆောက်အအုံများကို ဗုံးခွဲမှုများ ဖြစ်ပွားသည်။ ယင်းဗုံးခွဲမှုများနှင့် စပ်လျဉ်း၍မသက်ဝသူ လစ်ဗျ ၁၁ ဦးကို ဖြိုတိန်အစိုးရ ဖမ်းဆီးခဲ့ရာ လစ်ဗျနိုင်ငံယာနာသတင်းစဉ်က ရှုတ်ချ ဝေဖန်ခဲ့သည်။

ဆူဒန်နိုင်ငံတွင် အခြေစိုက်၍ ၁၉၈၁ ခုနှစ်တွင် ဖွဲ့စည်းခဲ့သော လစ်ဗျအမျိုးသားကယ်တင်ရေးတပ်ဦး(အယ် အင် အက်စ် အက်ဖ်)၊ လစ်ဗျနိုင်ငံ၏ ၁၉၅၁ ခုနှစ် ပဒေသရာဇ်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြန်လည် အသက်သွင်းလိုသော လစ်ဗျအခြေခံဥပဒေသမဂ္ဂနှင့် လစ်ဗျအမျိုးသား ဒီမိုကရက်တစ် လှုပ်ရှားမှုအဖွဲ့များမှ အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည့် လစ်ဗျကျောင်းသားအဖွဲ့ချုပ်က ကြီးမှူး၍ ၁၉၈၄ ခုနှစ် ဧပြီလ ၁၇ ရက်နေ့တွင် လန်ဒန်မြို့ စိန့်ဂျိမ်း ရင်ပြင်ရှိ လစ်ဗျသံရုံးရှေ့၌ ဆန္ဒပြပွဲတရပ် ကျင်းပသည်။ ၁၉၇၇ ခုနှစ်က လစ်ဗျနိုင်ငံတွင်ကျောင်းသားခေါင်းဆောင် သုံးဦးကို သေဒဏ်စီရင်ခဲ့သည့်ဖြစ်ရပ် အထိမ်းအမှတ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး အင်အား ၇၀ တက်ရောက်သည်။ ယင်းဆန္ဒပြပွဲနှင့် မလှမ်းမကမ်းတွင် လစ်ဗျအင်အား ၂၀ ခန့်က လစ်ဗျခေါင်းဆောင် ဗိုလ်မှူးကြီး ကဒတ်ဖီကို ထောက်ခံသည့် ဆန္ဒပြပွဲကို တန်ပြန်ကျင်းပသည်။ ထိုစဉ် လစ်ဗျသံရုံး ပြတင်းပေါက်မှ စက်သေနတ်ဖြင့် ပစ်ခတ်ရာ ဖြိုတိသျှရဲမေဖလက်ချာ သေဆုံးပြီး လစ်ဗျအစိုးရ ဆန့်ကျင်ဆန္ဒပြသူ ၁၁ ဦး ဒဏ်ရာရသည်။

ဖြိုတိန်အစိုးရသည် လစ်ဗျနိုင်ငံရှိ ဖြိုတိသျှသံတမန်များနှင့် ဖြိုတိသျှလူမျိုးများ၏လုံခြုံမှုကို ရှေးရှု၍လည်းကောင်း၊ သံတမန်ဆက်ဆံမှုဆိုင်ရာ ၁၉၆၁ ခုနှစ် ဗီယင်နာ ကွန်ဗင်းရှင်း စာချုပ်ကို လိုက်နာ၍ လည်းကောင်း ယင်းပြဿနာ



ဗြိတိန်ဝန်ကြီးချုပ် မာဂရက်သက်ချာ အသက်ဘေးမှ သီသီကလေးလွတ်သွားရသော ဗုံးကွဲမှု ဖြစ်ပွားအပြီး မြင်တွေ့ရသော ဂရင်းဟိုတယ်

ကို ဖြေရှင်း ဆောင်ရွက်သည်။ ၁၉၆၄ ခုနှစ်တွင် စတင် အာဏာသက်ရောက်သည့် ယင်း ကွန် ဗင်း ရှင်း ပါ အခန်း အများအပြားကို ဗြိတိန်နိုင်ငံ၏ သံတမန်အထူးအခွင့်အရေး ဆိုင်ရာဥပဒေ (၁၉၆၄) တွင် ထည့်သွင်းပြဋ္ဌာန်းထားသည်။ ယင်းဥပဒေတွင် သံအဖွဲ့ အကြီးအကဲ၏ ခွင့်ပြုချက် မရပဲ သံအဖွဲ့ပိုင် ဥပစာပိုင်နက်အတွင်း ကျူးကျော် ဝင်ရောက် ခြင်း မပြုရန်၊ သံအမှုထမ်းများအား ဗြိတိသျှ တရားရုံးများ တွင် စီရင်မှုမှ ကင်းလွတ်ခွင့်ပေးရန် စသည့် အချက်များ ပြဋ္ဌာန်းထားသည်။ မည်သို့ပင် ဖြစ်စေ ဗြိတိန်နှင့် လစ်ဗျ နှစ်နိုင်ငံ အကြားတွင် တင်းမာမှု ကြီးထွားလာကာ ဧပြီလ ၂၇ ရက်နေ့မှစ၍ သံအဆက်အသွယ် ဖြတ်တောက်လိုက်ကြ သည်။ ဗြိတိသျှရဲမေ ဖလက်ချာ သေဆုံးမှုနှင့် စပ်လျဉ်း၍ လစ်ဗျ ပြည်သူဗျူရို ပြတင်းပေါက်မှ တရားမဲ့ ပစ်ခတ်မှု ကြောင့် သေဆုံးသည်ဟူ၍ မေလ ၁၀ ရက်နေ့တွင် တရားရေး ဂျူရီခုံအဖွဲ့က စီရင်ချက် ချမှတ်ကာ အမှုပိတ်လိုက်သည်။

ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ် မာဂရက် သက်ချာ ၁၉၈၂ ခု နှစ် စက်တင်ဘာလက တရုတ်ပြည်သူသမ္မတနိုင်ငံသို့ အလည် အပတ် သွားရောက်ပြီး တရုတ်ခေါင်းဆောင် တိန့်ရှောင် ဖိန်နှင့် တွေ့ဆုံ၍ ဟောင်ကောင်၏ အနာဂတ်ရေးကို စတင် ဆွေးနွေးခဲ့ရာ ၁၉၈၄ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင်မူ ဟောင်ကောင်ဆိုင်ရာ သဘောတူ ကြေငြာချက်တရပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီဖြစ်သည်။ ယင်းပူးတွဲကြေငြာချက်

အရ ၁၉၉၇ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် ဗြိတိန်နိုင်ငံက တရုတ်ပြည်သူ့ သမ္မတနိုင်ငံအား ဟောင်ကောင်ကို ပြန်လည် ပေးအပ်ရမည် ဖြစ်သည်။ ဟောင်ကောင်ကုန်းမြေ အကျယ် အဝန်း၏ ၉၂ ရာခိုင်နှုန်းရှိသော နယ်မြေသစ်များကို ၁၈၉၈ ခုနှစ်မှစ၍ ပီကင်း ဒုတိယစာချုပ်အရ ဗြိတိန်နိုင်ငံက ၉၉ နှစ်တာ ငှားရမ်းခဲ့မှုသည် ၁၉၉၇ ခုနှစ်တွင် သက်တမ်းကုန် ဆုံးမည် ဖြစ်သည်။ တရုတ်ပြည်တွင် ပထမဘိန်းစစ် ဖြစ်ပွား ပြီးနောက် ၁၈၄၂ ခုနှစ် သြဂုတ်လ ၂၉ ရက်နေ့တွင် ချုပ် ဆိုသော နန်ကင်းစာချုပ်အရ ဗြိတိသျှတို့ သိမ်းပိုက် ရရှိခဲ့ သည့် ဟောင်ကောင်ကျွန်း သည်လည်းကောင်း၊ ဒုတိယ ဘိန်းစစ်ပွဲအပြီး ၁၈၆၀ ပြည့်နှစ် ပီကင်း ပထမစာချုပ်အရ ဗြိတိသျှ ကိုလိုနီ ဖြစ်ခဲ့သည့် ကောင်းလွန်းကျွန်းဆွယ်သည် လည်းကောင်း ၁၉၉၇ ခုနှစ်တွင် တရုတ်ပြည်သူသမ္မတနိုင်ငံ၏ အချုပ်အခြာ အာဏာပိုင်နယ်မြေများ ဖြစ်လာမည်။

တရုတ်ပြည်သူ သမ္မတနိုင်ငံသည် ဟောင်ကောင်ဆိုင်ရာ သဘောတူကြေငြာချက်တွင် စာပိုဒ်ရှစ်ပိုဒ်ပါဝင်သည့်အနက် တတိယပိုဒ်တွင် ဟောင်ကောင်အနာဂတ်ရေးအတွက် တရုတ် နိုင်ငံ၏ မူဝါဒ ၁၂ ချက်ကို ဖော်ပြထားသည်။

– တရုတ်ပြည်သူ သမ္မတနိုင်ငံ ၁၉၇၂ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၁ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဟောင်ကောင်ကို အထူးအုပ်ချုပ်ခံဒေသ (အက်စ်အေ အာရ်)အဖြစ် ထူထောင်ပေးမည်ဖြစ်ကြောင်း။
– ဟောင်ကောင် အထူးအုပ်ချုပ်ခံဒေသကို တရုတ်ပြည်သူ သမ္မတနိုင်ငံ ဗဟို ပြည်သူအစိုးရ၏ အာဏာစိုးမိုးမှု လက် အောက်တွင် တိုက်ရိုက်ထားရှိ၍ ဟောင်ကောင်သည် ကာကွယ်ရေး၊ ပြည်ပဆက်ဆံရေး ကိစ္စများမှ အပ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရမည်ဖြစ်ကြောင်း။
– ဟောင်ကောင် အထူးအုပ်ချုပ်ခံ ဒေသတွင် လက်ရှိ တည်ဆဲဥပဒေများသည် အခြေခံအားဖြင့် မပြောင်းမလဲ ဆက်လက်တည်ရှိပြီး စီမံခန့်ခွဲမှု အာဏာ၊ ဥပဒေပြုမှု အာဏာနှင့် တရားစီရင်မှုအာဏာကို အပြီးအပိုင် အပ် နှင်းထားမည်ဖြစ်ကြောင်း။
– ဟောင်ကောင် အထူးအုပ်ချုပ်ခံ ဒေသအစိုးရကို ဒေသခံ ပြည်သူများနှင့်သာ ဖွဲ့စည်းမည်ဖြစ်၍ ရွေးကောက်ပွဲ ရလဒ်များကို အခြေခံ၍ ဖြစ်စေ၊ အကျေအလည် ညှိနှိုင်း မှုဖြင့် ဖြစ်စေ ဒေသခံများက ရွေးချယ်ပေးပြီး တရုတ် ဗဟို ပြည်သူအစိုးရက ခန့်ထားပေးမည် ဖြစ်ကြောင်း၊ အကြီးအကဲက ရွေးချယ်လျာထားပေးသော အထက် တန်း အရာရှိများကို ဗဟိုအစိုးရက ခန့်အပ်ပေးမည် ဖြစ် ကြောင်း၊ လက်ရှိအစိုးရဌာနများနှင့် ရဲတပ်ဖွဲ့များတွင် တာဝန်ထမ်းဆောင်နေသော တရုတ် အမျိုးသားများ၊ နိုင်ငံခြားသားများကို လက်ရှိ လုပ်ငန်း တာဝန်များ

အတိုင်း ဆက်လက်ထမ်းဆောင်ခွင့် ပြုမည်ဖြစ်ကြောင်း၊ ဟောင်ကောင် အထူးအုပ်ချုပ်ခံ ဒေသအစိုးရဌာနများတွင် ဗြိတိသျှနှင့် အခြားနိုင်ငံခြားသားများကို တာဝန်ထမ်းဆောင်ခွင့် ပြုမည်ဖြစ်ကြောင်း။

– ဟောင်ကောင်၏ လက်ရှိလူမှုရေး၊ စီးပွားရေး စနစ်များနှင့် လူနေမှုပုံစံတို့ကို မပြောင်းမလဲပဲ ဆက်လက်ထားရှိခွင့်ပြုမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိက လွတ်လပ်ခွင့်၊ပြောဆိုခွင့်၊ ပုံနှိပ်ထုတ်ဝေခွင့်၊ စုရုံးစည်းဝေးခွင့်၊ အသင်းအဖွဲ့ ထူထောင်ခွင့်၊ ခရီးသွားခွင့်၊ ပြောင်းရွှေ့နေထိုင်ခွင့်၊ စာရေးသား ဆက်သွယ်ခွင့်၊ သပိတ်မှောက်ခွင့်၊ အလုပ်အကိုင် ရွေးချယ်ပိုင်ခွင့်၊ ပညာရေးသုတေသန ပြုလုပ်ခွင့်နှင့် ဘာသာရေး ယုံကြည်ကိုးကွယ်ခွင့်တို့ကို ဥပဒေဖြင့် အာမခံချက်ပေးမည် ဖြစ်ကြောင်း၊ ပုဂ္ဂလိကပိုင်ပစ္စည်း လုပ်ငန်းများ လုပ်ပိုင်ခွင့်ဥပဒေအရ အမွေဆက်ခံခွင့်နှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဥပဒေအရ အကာအကွယ်ပေးမည် ဖြစ်ကြောင်း။

– ဟောင်ကောင် အထူး အုပ်ချုပ်ခံဒေသသည် အကောက်ခွန်မဲ့ဆိပ်ကမ်းအဖြစ် ဆက်လက် တည်ရှိနေပြီး သီးခြားအကောက်ခွန် စည်းကြပ်မှုနယ်မြေအဖြစ် သတ်မှတ်ထားမည်ဖြစ်ကြောင်း။

– ဟောင်ကောင်သည် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာငွေကြေး အချက်အချာဌာနအဖြစ် ဆက်လက်တည်ရှိနေပြီး နိုင်ငံခြားသုံးငွေများ၊ ရွှေများ၊ အာမခံစာချုပ်စာတမ်းများ လဲလှယ်ရောင်းဝယ်ရာ စျေးကွက်များ ထားရှိမည်ဖြစ်ကြောင်း၊ ငွေလုံးငွေရင်းများ လွတ်လပ်စွာဝင်ရောထွက်ရာ ဒေသဖြစ်၍ ဟောင်ကောင်သုံးငွေကြေးကို လွတ်လပ်စွာ လဲလှယ်သုံးစွဲခွင့်ရှိကြောင်း။

– ဟောင်ကောင်သည် ကိုယ်ပိုင် ဘဏ္ဍာငွေနှင့် လွတ်လပ်စွာ သုံးစွဲရပ်တည်ခွင့်ရှိပြီး တရုတ် ပြည်သူသမ္မတ နိုင်ငံအစိုးရက ယင်းဒေသကို အခွန်စည်းကြပ်ခွင့်ရှိကြောင်း။

– ဟောင်ကောင်ရှိ စီးပွားရေးအကျိုး ရလဒ်များအတွက် အလေးထားဂရုပြုရမည့် ဗြိတိန်နိုင်ငံအပါအဝင် အခြားနိုင်ငံများနှင့် နှစ်ဘက်အကျိုးတူဆက်ဆံမှုများထူထောင်ထားရှိနိုင်ကြောင်း။

– ဟောင်ကောင် အထူးအုပ်ချုပ်ခံ ဒေသသည် "ဟောင်ကောင်ဒေသ တရုတ် ပြည်သူ သမ္မတနိုင်ငံ" ဟူသော အမည်ကို သုံးစွဲလျက် ပင်လယ်ရပ်ခြား နိုင်ငံများနှင့် စီးပွားရေး၊ ယဉ်ကျေးမှု ဆက်ဆံမှုများ ထိန်းသိမ်းခြင်း တိုးချဲ့ခြင်းတို့ကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံများနှင့် လက်ရှိ သဘောတူညီချက်များကို စောင့်ရှောက် လိုက်နာခြင်းကို လည်းကောင်း ပြီးမြောက်အောင် ဆောင်ရွက်ခွင့်ရှိကြောင်း၊ ဟောင်ကောင် အဝင်အထွက်နှင့် စပ်လျဉ်းသည့် ခရီးသွားစာရွက် စာတမ်း များကို ကိုယ်ပိုင် ထုတ်လုပ်ခွင့် ရှိကြောင်း။

– ဟောင်ကောင် အထူးအုပ်ချုပ်ခံ ဒေသအတွင်း ဥပဒေစိုးမိုးရေးအတွက် ဟောင်ကောင်အစိုးရက မိမိဘာသာ တာဝန်ယူ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

– အထက်ဖော်ပြပါ မူဝါဒ များနှင့် နောက်ဆက်တွဲပါ အကျယ် ဖွင့်ဆို ရှင်းလင်းချက်များကို တရုတ်ပြည်လုံးဆိုင်ရာ အမျိုးသား ပြည်သူကွန်ဂရက်က အတည်ပြုပေးမည့် ဟောင်ကောင် အထူးအုပ်ချုပ်ခံဒေသဆိုင်ရာ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားမည် ဖြစ်ကြောင်း၊ ယင်းအချက်များသည် ၁၉၉၇ နှစ်နောက်ပိုင်း နှစ်ငါးဆယ်ကြာ မပြောင်းမလဲ တည်ရှိသွားစေရမည် ဖြစ်ကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

၁၉၈၄ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ပီကင်းမြို့၌ ဟောင်ကောင်ဆိုင်ရာ သဘော တူညီချက်ကို ဗြိတိသျှဝန်ကြီးချုပ် မာဂရက် သက်ချာနှင့် တရုတ်ပြည်သူသမ္မတနိုင်ငံ ဝန်ကြီးချုပ် ကျောက်ကျိယန်တို့ လက်မှတ်ရေးထိုးခဲ့သည်။ ဟောင်ကောင်ဆိုင်ရာသဘောတူညီချက်ကို ဗြိတိန်နိုင်ငံ ပါလီမန်က ၁၉၈၄ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့က အတည်ပြုဆုံးဖြတ်ပေးခဲ့ခြင်းဖြစ်သည်။

၁၉၈၄ ခုနှစ် အောက်တိုဘာလ ၁၉ ရက်နေ့မှစ၍ ကွန်ဆာဗေးတစ် ပါတီညီလာခံကို ဘရိုက်တန်မြို့၌ လေးရက်ကြာ ကျင်းပခဲ့သည်။ အောက်တိုဘာလ ၁၂ ရက်နေ့တွင် ဝန်ကြီးချုပ်မာဂရက် သက်ချာ တည်းခိုနေသော ဂရင်းဟိုတယ်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ မာဂရက် သက်ချာမှာ အသက်ဘေးအန္တရာယ်မှ သီသီကလေး လွတ်မြောက်ခဲ့သော်လည်း ပါလီမန်အမတ်တဦးအပါအဝင် လူလေးဦးသေဆုံးခဲ့ပြီး ၂၇ ဦးဒဏ်ရာရရှိခဲ့ကြသည်။ ဗုံးပေါက်ကွဲပြီး ကိုးနာရီအကြာ၌ အိုင်အာအေပြောက်ကျားများက ၎င်းတို့၏ လုပ်ရပ်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

**ဘရုပ်၊ ဦး** (ခရစ် ၁၈၉၅–၁၉၈၄)။ ။ပ ညာဝန်ဦးဘရုပ်ကို ၁၈၉၅ ခုနှစ် သြဂုတ်လ ၁၀ ရက်နေ့တွင် မော်လမြိုင်မြို့၊သဘော်လဲရပ်၌ အဖကုန်သည်ကြီးဦးကင်းစိန်အမိ ဒေါ်ကျင်မွေးတို့က မွေးဖွားသည်။ တဦးတည်းသော သားဖြစ်သည်။

၁၀ နှစ်သား အရွယ်မှစ၍ မော်လမြိုင်မြို့ စိန့်ပက်ထရစ် အထက်တန်းတွင် ပညာသင်ကြားရာ ၁၀ တန်း အောင်မြင်သည်။ သတ္တမတန်းတွင် စကောလားရှစ် ရခဲ့သည်။

တက္ကသိုလ်တွင် ဆက်လက် ပညာသင်ကြားခဲ့ရာ၌ စီနီယာအိုင်အေ စာမေးပွဲတွင် ပထမတန်းမှ အောင်မြင်ခဲ့ပြီး



ပညာဝန် ဦးဘရုပ်

ပါဠိဂုဏ်ထူးတန်းတွင် ကာလကတ္တား တက္ကသိုလ်မှ ဂုဏ်ထူးနှင့် ပထမအဆင့်မှ အောင်မြင်ခဲ့သည်။ ၁၉၁၇ ခုနှစ်၌ ရန်ကုန် ဆရာအတတ်သင်သိပ္ပံကျောင်းတွင် တနှစ်သင်တန်း တက်ရောက်ခဲ့ရာ ပထမအဆင့်မှ အောင်မြင်ပြီး ရွှေတံဆိပ်ဆုကို ဆွတ်ခူးခဲ့သည်။

၁၉၁၈ ခုနှစ်မှ စ၍ ပြည်မြို အစိုးရအထက် တန်းကျောင်း၌ အထက်တန်းပြဆရာအဖြစ် နှစ်နှစ်၊ မြစ်ကြီးနား မြို့တွင် ပညာအုပ်အဖြစ် နှစ်နှစ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ရောဝတီတိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် လက်ထောက်ပညာဝန်အဖြစ် ၁၀ နှစ် အမှုထမ်းခဲ့သည်။

၁၉၃၂ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ ပညာဝန်အဖြစ်ဖြင့် ပဲခူးတိုင်း၊ ရန်ကုန်တိုင်းတို့တွင် တာဝန် ထမ်းဆောင်ခဲ့သည်။ ပဲခူးတိုင်းတွင် တာဝန် ထမ်းဆောင်နေစဉ် (ဘီအီးအက်စ်) အဆင့်တစ်ကို ရရှိခဲ့သည်။

၁၉၄၈ ခုနှစ်တွင် အငြိမ်းစားယူပြီးနောက် မြို့မ အထက်တန်းကျောင်းတွင် သခ်ၤာပြဆရာအဖြစ် နှစ်နှစ်၊ လုပ်သားကောလိပ်တွင် သခ်ၤာဆရာအဖြစ် တနှစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၅၂ ခုနှစ်မှ စ၍ စာပေဗိမာန် ကျောင်းသုံးစာအုပ်များပြုစုရေး ဌာနတွင် အယ်ဒီတာအဖြစ် လေးနှစ် တာဝန်ထမ်းဆောင်ခဲ့ပြီး အထက်တန်းကျောင်းသုံး ဂဏန်း သခ်ၤာ၊ အက္ခရာသခ်ၤာ၊ ပထဝီစာအုပ်များကို ရေးသားပြုစုခဲ့သည်။ ပညာတန်ဆောင် စာစောင်တွင်လည်း ဆရာ၊ ဆရာမများ၊ကျောင်းသား ကျောင်းသူများအတွက် သခ်ၤာနှင့် ပတ်သက်သော ဆောင်းပါးများကို လစဉ် ရေးသားခဲ့သည်။

လက်ထောက် ပညာဝန်အဖြစ် လည်းကောင်း၊ တိုင်း ပညာဝန်အဖြစ် လည်းကောင်း တာဝန် ထမ်းဆောင်ခဲ့စဉ် သံဃာတော်များအတွက် ပါဠိပထမပြန် စာမေးပွဲများကို နှစ်စဉ် စီမံ စစ်ဆေးပေးခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် စာပေဗိမာန်မှ အငြိမ်းစားယူသည်။




ဦးဘရုပ်သည် ၁၉၂၀ ပြည့်နှစ်တွင် ဒေါ်သန်းနှင့် အိမ်ထောင်ပြုခဲ့ပြီး သမီးနှစ်ယောက် ထွန်းကားသည်။ ၁၉၄၂ ခုနှစ်တွင် ဒေါ်သန်း ကွယ်လွန်ခဲ့ပြီး၊ ၁၉၄၄ ခုနှစ်တွင် ဒေါ်ရင်ရီနှင့် အိမ်ထောင်ပြုခဲ့ရာ သားသမီး နှစ်ယောက် ထွန်းကားခဲ့သည်။

ဦးဘရုပ်သည် ၁၉၈၄ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် ရန်ကုန်မြို၌ ကွယ်လွန်သည်။

**ဘသန်း၊ ဦး (ရှင်မဟာဗုဒ္ဓဃောသ)** (ခရစ် ၁၈၉၇–၁၉၈၄)။ ။ ရှင်မဟာဗုဒ္ဓဃောသ ဦးဘသန်းဟု လူသိများသော သတင်းစာဆရာ၊ စာရေးဆရာဦးဘသန်းကို စစ်ကိုင်းတိုင်း၊ စာရေးကလေးရွာအပိုင် ကန်ကြီးကုန်းရွာ၌ ၁၈၉၇ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် အဖဦးရွှေအင်းနှင့် အမိဒေါ်ညိုတို့က ဖွားမြင်သည်။

ဦးဘသန်းသည် ဓနုဖြူမြို့ဂန္ဓာရုံတိုက်၌ ပိဋကတ်စာပေများကို သင်ကြားခဲ့သည်။ ရဟန်းဘဝနှင့် မန္တလေး မဟာဝိသုဒ္ဓါရုံတိုက် ပခုက္ကူတိုက်ဟောင်းတို့တွင် ပါဠိ၊အဋ္ဌကထာ၊ ဋီကာတို့ကို သင်ကြားခဲ့သည်။

အသက် ၃၀ အရွယ်တွင် လူဝတ်လဲပြီး ဓမ္မစကြာတရားသတင်းစာကို ရန်ကုန်မြို၌ ထုတ်ဝေခဲ့သည်။ ၁၉၂၈ ခုနှစ်တွင် မော်လမြိုင် ရှင်မဟာဗုဒ္ဓဃော သ အထက်တန်းကျောင်း၌ ပါဠိနှင့် မြန်မာစာဆရာအဖြစ် ၂၄ နှစ်တိုင်တိုင် အမှုထမ်းခဲ့သည်။ ရှင်မဟာဗုဒ္ဓဃောသကျောင်းကို ဂုဏ်ပြုလိုသောကြောင့် ရှင်မဟာဗုဒ္ဓဃောသ ဦးဘသန်းဟူသော ကလောင်အမည်ယူကာ စာပေများကို ရေးသားခဲ့သည်။



ရှင်မဟာ ဗုဒ္ဓဃောသ ဦးဘသန်း

ဦးဘသန်းသည် ရန်ကုန်မြို့ နိုင်ငံတော်ဗုဒ္ဓသာသနာ့အဖွဲ့တွင်လည်း ဒုတိယစာပြင်မှူးချုပ်အဖြစ် ၁၂ နှစ် အမှုထမ်းခဲ့သည်။ ထိုဌာနမှ အငြိမ်းစားယူပြီးနောက် မြို့မအထက်တန်း ကျောင်းတွင် အထက်တန်းမြန်မာစာပြဆရာ အဖြစ် နှစ်နှစ် အမှုထမ်းခဲ့ပြန်သည်။ ဦးဘသန်းသည် နိုင်ငံတော် အစိုးရက အပ်နှင်းသော ဝဏ္ဏကျော်ထင်ဘွဲ့ကို ရရှိခဲ့သည်။

ဦးဘသန်းသည် တိုးတက်ရေး၊ ကြီးပွားရေး၊ ရှုမဝ၊ မြဝတီမဂ္ဂဇင်းတို့တွင် သုတရသစာပေများကို ရေးသား့ခဲ့သည်။ ရေးသားပြုစုခဲ့သော စာအုပ်များအနက် ထင်ရှားသော စာအုပ်များမှာ မင်္ဂလာသင်ခန်းစာ၊ မော်လမြိုင်ရာဇဝင် (၁၉၅၀)၊ ၁၉၅၇-၅၈ ခုနှစ်တွင် စာပေဗိမာန်ဆုရ နွယ်မြက်သစ်ပင် ကျေးဇူးရှင်၊ ရွှေကျင်သာသနာ နှစ်တရာ (သမိုင်း) (၁၉၆၂)၊ မဟာစည်ထေရ်မြတ်အတ္ထုပ္ပတ် (သမိုင်း) (၁၉၆၇) တို့ဖြစ်သည်။

ဦးဘသန်းသည် စာပေလုပ်သားအဖွဲ့ဝင်တဦး ဖြစ်ပြီး ရန်ကုန်တိုင်းစာဆိုတော်နှေ့ သက်ကြီး စာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ အခမ်းအနားများတွင် အကန်တော့ခံ သက်ကြီးစာပေပညာရှင်အဖြစ် ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၃ ခုနှစ်အထိ လေးကြိမ်ပါဝင် အကန်တော့ခံခဲ့ရသည်။

ဦးဘသန်းသည် ၁၉၈၄ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ယဉ်ကျေနှင့် သားသမီးလေးယောက် ကျန်ရစ်သည်။

**ဘာတန်,ရစ်ချတ်** (ခရစ် ၁၉၂၅–၁၉၈၄)။ ။ပြိတိသျှ ပြဇာတ်နှင့် ရုပ်ရှင် သရုပ်ဆောင် ရစ်ချတ် ဘာတန်ကို ၁၉၂၅ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့တွင် အင်္ဂလန်နိုင်ငံ ဂါလာမော်ရဂင်ရှိုင်းယားနယ် ပွန်ထရိုင်ဒိုင်ဖင်းမြို့၌ မွေးဖွားသည်။ ဖခင်သည် ကျောက်မီးသွေးတွင်းလုပ်သား ရစ်ချတ် ဂျင်ကင်း ဖြစ်သောကြောင့် ဘာတန်၏ ငယ်မည်သည် ရစ်ချတ် ဂေါ်လတာ ဂျင်ကင်းဂျူနီယာဟု တွင်သည်။ မွေးချင်း ၁၃ ယောက်အနက် ၁၂ ယောက်မြောက် ဖြစ်သည်။ နှစ်နှစ်သားအရွယ်ကပင် မိခင် ကွယ်လွန်သည်။ ဆယ်ကျော်သက်အရွယ် တွင် ကျောင်း၌ အနုစာပေနှင့် ပြဇာတ်သင်ကြားပေးသူဆရာ ဖီးလစ် ဘာတန်က ခေါ်ယူ မွေးစားထားလိုက်ရာမှ ဂျင်ကင်းဂျူနီယာမှ ရစ်ချတ် ဘာတန်ဟု အမည်ပြောင်းလာခြင်း ဖြစ်သည်။

ရစ်ချတ် ဘာတန်သည် တောဘက်မြို့ စက္ကင်ဒရီကျောင်းနှင့် အောက်စဖို့ အက်ခစီတာကောလိပ်တို့တွင်ပညာဆည်းပူးခဲ့သည်။ ၁၉၄၃ ခုနှစ်တွင် လီဗာပူးမြို့ ရှိုင်ယဲကော့ဇာတ်ရုံ၌ တင်ဆက်သော ထရူးအစ်ရက်ခ်ထ်ပြဇာတ်သည် ဘာတန် ပဲ့ဦးထွက် သရုပ်ဆောင်သည့် ပြဇာတ် ဖြစ်သည်။ ၁၉၄၄ ခုနှစ်မှ ၁၉၄၇ ခုနှစ်အထိ ဘုရင့်လေတပ်မတော်



ရစ်ချတ် ဘာတန်

တွင် တာဝန်ထမ်းဆောင်သည်။ ၁၉၄၉ ခုနှစ်တွင် အောင်မြင် ကျော်ကြားနေပြီးဖြစ်သည့် ဆာဂျွန်ဂီးဂွတ်ဦးဆောင် ပါဝင်သော သလေဒီစ် နော့ဖော် ဘန်း နင်း ပြ ဇာတ် ၌ ဘာတန်သည် မထင်မရှား သရုပ်ဆောင်ခွင့်ရသည်။ ၁၉၅၀ ပြည့်နှစ်တွင်မူ လှည်းနှင့်လုလင်၊ ၁၉၅၃–၅၄ ခုနှစ်တွင် ဟင်းမလင်း၊ ၁၉၅၇ ခုနှစ်တွင် အမှတ်တရချိန်ကာလပြဇာတ်တို့၌ သရုပ်ဆောင်ရာ အောင်မြင်မှု ရလာသည်။ သို့ဖြင့် စာရေးဆရာကြီး ရှိတ်စပီးယား (၁၅၆၄–၁၆၁၆)၏ ပြဇာတ်များ၌ အနုပညာ အမြောက်ဆုံးသရုပ်ဆောင်အဖြစ် အသိအမှတ်ပြုခံလာရသည်။ ပဉ္စမဟင်နရီပြဇာတ်တွင် အင်္ဂလန်ပြည့်ရှင် ပဉ္စမဟင်နရီ၊ တင်းပက်ဇာတ်မြူးတွင် ကလီဘန်၊ အောသယ်လိပြဇာတ်တင် အောသယ်လိုနှင့် အီအားဂိုး စသည့် ဇာတ်ကောင်များ၏ စရိုက်ကို ပေါ်လွင်အောင် သရုပ်ဆောင်နိုင်ခဲ့သည်။

ဘာတန်သည် ၁၉၅၂ ခုနှစ်တွင် ပြဇာတ်လောကမှ ဟော လီ ဝု ရုပ် ရှင် လော က သို့ ကူး၍ ရုပ် ရှင် ဇာတ်ကား အမြောက်အမြားပါဝင် ရိုက်ကူးခဲ့သေးသည်။ သို့သော် ကမ္ဘာကျော် အဆင့်ထိ ထင်ရှားမလာသဖြင့် ၁၉၆၀ ပြည့်နှစ်တွင် ပြဇာတ်လောကသို့ ပြန်ဝင်ကာ ကင်မီလော့ ပြဇာတ်၌ ဘုရင်အာသာအဖြစ် ပါဝင် သရုပ်ဆောင်သည်။ ၁၉၆၁ ခုနှစ်ဘင် နှစ်ဆယ်ရာစု မြေခွေးရုပ်ရှင်နှင့် စာချုပ်ထားလက်စ ကားများကို သရုပ်ဆောင်ရန် ရုပ်ရှင်လောကသို့ ပြန်ဝင်သည်။ ကလီယိုပါးထရား ဇာတ်ကား၌ မတ်အန်တိုနီအဖြစ် သရုပ်ဆောင်ရာ အထူးအောင်မြင်သည့်အပြင် ပထမဇနီး ဆီဘီဝီလ်နှင့် ကွာရှင်းပြီး ကာလီယိုပါးထရား သရုပ်ဆောင်မင်းသမီး အဲလစ်ဇာဘက် တေလာနှင့် အိမ်ထောင်သစ်ထူသည်။

ဘာတန်နှင့် အဲလစ်ဇာဘက်တို့သည် ဗာဂျီနီယာဝု၊ တိမ်းမင်း အော့သရှရူး၊ ဗီအိုင်ပီစသည့် ဇာတ်ကားအများအပြားတွင် အတူပါဝင်သရုပ်ဆောင်ရာ အောင်မြင်ကျော်ကြားလာသည်။ ၁၅၅၄ ခုနှစ်တွင် စပိန်ဘုရင် ဒုတိယမြောက် ဖိလစ်

ကမေရိကျူဒေါ်အား ဆင်ပေးသည့် ပရိဂရိနာပုလဲကြိုးနှင့် ကမ္ဘာကျော် ဖြူ ကာရက်ရှိ ကာတီယာစိန်တို့ကို ပိုင်သည် အထိချမ်းသာလာကြရာမှ ၁၉၂၄ ခုနှစ်တွင် နှစ်ဦးသဘော တူကွာရှင်းသည်။ တဖန် ၁၉၂၅ ခုနှစ်တွင် ဗော့ဆွာနာနိုင်ငံ၌ ပြန်လည်ပေါင်းသင်းပြီး မကြာမီ ကွာရှင်းပြန်သည်။ ဘာတန်သည် စူစန်ဟန့်နှင့် အိမ်ထောင်သစ် ထူသည်။


ဘာတန်သရုပ်ဆောင်ခဲ့သော ဇာတ်ကားအမျှားအပြား အနက် အလက်ဇန္ဒြား သဂရိတ်၊ ကန္တာရကြွက်များ၊ ရေခဲ နန်းတော်၊ လူယုတ်မာ၊ ဟင်းမလင်း၊ ထရော့စကီး လုပ်ကြံမှု၊ ရောမလူသတ်ပွဲ၊ ငန်းရိုင်းဇာတ်ကားတို့သည် အထူးထင်ရှားသည်။

ဘာတန်သည် ၁၉၂၆ ခုနှစ်တွင် အကွက်ပြဇာတ်၌ ပါဝင်သရုပ်ဆောင်ပြန်ရာ လူကြိုက်များသည်။ ၁၉၁၀ ပြည့်နှစ်တွင် အမေရိကန်ပြည်ထောင်စု၌အစဉ်အလာရှိသော ဂန္ဓဝင်ပြဇာတ်များ ရေပန်းစားလာပြန်ရာ ကင်မီလော့ ပြဇာတ်သည် ဝင်ငွေအများဆုံးရသည်။ ရစ်ချတ်ဘာတန်၏ ထက်မြက် ပြောင်မြောက်သော သရုပ်ဆောင်မှုကြောင့်သာ ယင်းပြဇာတ်ကို ပရိသတ် ကြိုက်ခြင်းဖြစ်သည်ဟု ဇာတ်သဘင် ဝေဖန်ရေးသမားများက ထောမနာပြုသည်။

ရုပ်ရှင်နှင့် ပြဇာတ် စုယှစ်သရုပ်ဆောင် ရစ်ချတ် ဘာတန်သည် ဆွစ်ဇာလန်နိုင်ငံ စီလစ်ဂနိုရှာကလေး၌ ၁၉၀၄ ခုနှစ် ဩဂုတ်လ ၅ ရက်နေ့တွင် ကွယ်လွန်သည်။

**ဘက်စီ, ဝီလျံ (ကောင့်)** (ခရစ် ၁၉၀၄–၁၉၀၄)။ ။ စန္ဒရားပညာရှင်၊ ဂီတစာဆိုနှင့် ဂျက်ဇ် ဂီတသမိုင်းဝင် တီးဝိုင်းကြီးများ တည်ထောင်သူ ဝီလျံ ဘက်စီကို ၁၉၀၄ ခုနှစ် ဩဂုတ်လ ၂၁ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု နယူးဂျာစီပြည်နယ် ရက်ဒဘင့်မြို့၌ မွေးဖွားသည်။ ငယ်စဉ်ကပင် ဘက်စီသည် မိခင်နှင့်အတူ စန္ဒရားပညာလေ့လာသည်။ နောက်ပိုင်းတွင် ဟာလင် စန္ဒရားပညာရှင်များဖြစ်ကြသော ဂျိန်း ပီ ဂျန်ဆင်နှင့် ဖက် ဝေါလာတို့ထံတွင် စန္ဒရားပညာဆည်းပူးသည်။ ထို့နောက် နယူးယောက်မြို့နှင့် ကင်းဆက်မြို့တို့တွင် စန္ဒရားတီးမှုတ်ဖျော်ဖြေ၍ အသက်မွေးဝနရာမှ ဘင်နီ မော့တင်တီးဝိုင်းတွင် လက်ထောက် စန္ဒရားပညာရှင် ဖြစ်လာသည်။ ၁၉၃၅ ခုနှစ်တွင် မော့တင် ကွယ်လွန်သောအခါ ယင်းတီးဝိုင်း၏ ဂီတမှူးတာဝန်ကို ဆက်ခံသည်။

ဝီလျံ ဘက်စီသည် ၁၉၃၆ ခုနှစ်တွင် ကောင့် ဘက်စီဟူသော အမည်ကိုရသည်။ ထိုစဉ်က ထင်ရှားသော ဂီတပညာရှင်များ ဖြစ်သည့် ဒျူ အယ်လင်တန်နှင့် အားလ်ဟိုင်းစ်တို့ မှူးမတ်ဘွဲ့ခံကြသည့်နည်းတူ ဝီလျံဘက်စီလည်း ကောင့်မှူးမတ်ဘွဲ့ခံထိုက်သည်ဟု ကင်းဆက်မြို့ အသံလွှင့်



ကောင့် ဝီလျံ ဘက်စီ

ဌာနမှ အစီအစဉ် တင်ဆက်ကြေငြာသူတဦးက ဂုဏ်ပြုပြောဆိုခဲ့ရာမှ ယင်းအမည်ကိုရခြင်းဖြစ်သည်။ ၁၉၃၆ ခုနှစ်တွင် ကောင့်ဘက်စီဂီတသံစုံတီးဝိုင်းကို ဖွဲ့စည်းတည်ထောင်သည်။ ၁၉၃၈ ခုနှစ်တွင် ယင်းတီးဝိုင်းသည် နယူးယောက်မြို့တော်၌ ပထမဦးဆုံးဖျော်ဖြေသောအခါ နိုင်ငံတဝန်းလုံးလူသိများလာသည်။

ဓာတ်ပြားထုတ်လုပ်သူ ဂျွန် ဟမ် မွန် က ဘက်စီ၏ တေးဂီတ စီစဉ်မှုကို နှစ်ခြိုက်၍ ဓာတ်ပြားသွင်းသည်။ 'ဝမ်းအိုကလော့ခ်ဂျမ့်'၊ 'ဂျမ့်ပင်းအက်သဝုဒ်ဆိုက်'၊ 'သမက် ဘူးဂီး' နှင့် 'တစ်ကဲတိုး' တေးသံစဉ် ဓာတ်ပြားများသည် ဘက်စီ၏ အထင်ရှားဆုံးလက်ရာများဖြစ်သည်။ ထရမ်းပက် ဂီတပညာရှင် ဘတ် ကလေတန်နှင့် အဆိုကျော် ဘီလီ ဟောလီဒေးတို့ကဲ့သို့ လက်တန်းတီးမှုတ် သီဆို ဖျော်ဖြေနိုင်သော ဂီတပညာရှင်များကြောင့် ကောင့် ဘက်စီ၏ ဂီတဝိုင်းသည် ပိုမိုကျော်ကြားလာသည်။ ထင်ရှားသော ဆက္ကစဖုန်း ဂီတပညာရှင်များဖြစ်သည့် ဟာရှယ် အီဗန်၊ ဘတ်ဒီ တိတ်၊ လက်စတာ ယန်းတို့သည်လည်း ကောင့် ဘက်စီနှင့် လက်တွဲဖျော်ဖြေဖူးကြသည်။

ဘက်စီသည် ၁၉၅၄ ခုနှစ်တွင် ဥရောပတခွင်သို့ လည်းကောင်း၊ ၁၉၆၉ ခုနှစ်တွင် တောင်အမေရိကဘခွင်သို့ လည်းကောင်း ဂီတဖျော်ဖြေမှုခရီးစဉ် ပထမဆုံး စတင်ခဲ့သည်။ အဆိုကျော် ရုပ်ရှင်မင်းသား ဖရန့် စိနာထရာနှင့် တွဲ၍ ဖျော်ဖြေသော ဂီတခရီးစဉ်သည် အထူးအောင်မြင်သည်။ ဂျပန်နိုင်ငံ၊ မြန်မာနိုင်ငံအပါအဝင် အာရှတခွင်နှင့် ကနေဒါနိုင်ငံများသို့လည်း ဘက်စီ၏တီးဝိုင်း ရောက်ရှိဖြေဖျော်ဖူးသည်။

ဘက်စီသည် ၁၉၆၁ ခုနှစ်တွင် သမ္မတကနေဒီ၏ သမ္မတရာထူး လက်ခံရယူသည့် အထိမ်းအမှတ်ကပွဲသဘင်၌လည်း

ဖျော်ဖြေခွင့် ရခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် ဗြိတိန်နိုင်ငံ နန်းတွင်းဂီတသဘင်၌လည်း ဘက်စီ၏တီးဝိုင်း လက်စွမ်းပြခွင့်ရသည်။ ၁၉၅၅ ခုနှစ် နောက်ပိုင်းတွင် တီးဝိုင်း ဂုဏ်ထူးဆောင်ဆုအမျာ်းအပြားကို ရရှိသည်။ ၁၉၇၂ ခုနှစ်က နယူးယောက်မြို့တော် ရိုစလင်း ကပ္ပခန်းမဆောင်၌ ဖျော်ဖြေခဲ့သည်။ ယင်းခန်းမဆောင်သည် လွန်ခဲ့သော ၄၄ နှစ်က နယူးယောက်မြို့တော်၌ ကောင့်ဘက်စီ သံစုံတီးဝိုင်း ပထမဆုံး ဖျော်ဖြေခဲ့သည့်နေရာဖြစ်သည်။

ကောင့်ဘက်စီသည် ၁၉၇၄ ခုနှစ် ဧပြီလ ၂၆ ရက် နေ့တွင် ဖလော်ရီဒါပြည်နယ် ဟောလိဝုဒ်၌ ကင်ဆာရောဂါဖြင့် ကွယ်လွန်သည်။

**မဟာဝိဇယစေတီ။** ။သာသနာတော် သန့်ရှင်းတည်တဲ့ ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကို ၁၃၄၂ ခု နယုန်လဆန်း ၁၀ ရက်နေ့မှ ၁၄ ရက်နေ့အထိ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ လေးရက်တိုင်တိုင် ကျင်းပခဲ့သည်။ ထိုသံဃာ့အစည်းအဝေးပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ခဲ့သော အထိမ်းအမှတ်အဖြစ် ရွှေတိဂုံစေတီတော်ကြီး၏အရှေ့တောင်ဘက်ရှိ တပ်မတော်မှတ်တမ်းရုံးဟောင်း တည်ရှိခဲ့သော ကုန်းမြေကို ဓမ္မရက္ခိတကုန်းမြေဟု အမည်နာမပညတ်၍ ယင်းကုန်းမြေပေါ်တွင် မဟာဝိဇယ စေတီတော်ကြီးကို တည်ဆောက်လျက် ရှိသည်။

မဟာဝိဇယစေတီတော်၏ ပုံစံမှာ ရှေးမူမပျက် မြန်မာ့ရိုးရာ ဗိသုကာပုံစံနှင့် ခေတ်မီသိပ္ပံနည်းကျ အယူအဆမျာ်းကို ပေါင်းစပ်ထားသော ပုံစံဖြစ်သည်။ ပုဂံ၊ ညောင်ဦးမြို့ရှိ ရှေစည်းခုံစေတီတော်နှင့် အနီး ၎င်း ဆုံး တူညီသည်ကို တွေ့ရှိရသည်။ ထုထည်ပြည့် တည် ဆောက် ထား သည့် စေတီမျိုးမဟုတ်ပဲ အတွင်း၌ အာရုံခံလိုဏ်ဂူထား၍ တည်ဆောက်သည့် ဂူဘုရားမျိုး ဖြစ်သည်။ အာရုံခံလိုဏ်ဂူမှာ အချင်းပေ ၆၀၊ အမြင့် ၄၄ ပေ ရှိသည်။ အာရုံခံလိုဏ်ဂူ၏ အလယ်ဗဟိုတွင် နီပေါဘုရင်မင်းမြတ်နှင့် မိဖုရားကြီးတို့၏ ဓမ္မပဏ္ဏာလက်ဆောင်မျာ်းဖြစ်သည့် ရုပ်ပွားဆင်းတုတော်နှင့် စေတီတော် ဓာတ်တော်ကြွတ်တို့ကို ရှစ်မြွောင့်ရှိ စကျင်ကျောက်ဖြူ အပရာဇိတ ပလ္လင်တော်ပေါ်၌ အပူဇော်ခံ ထားရှိမည် ဖြစ်သည်။ အပရာဇိတ ပလ္လင် ဘေးပတ်လည်တွင် အရပ်ရှစ်မျက်နှာအလိုက် ပလ္လင်ရှစ်ခန်းကို ထုလုပ်ထားရှိပြီး ထိုပလ္လင်တော် အသီးသီးပေါ်တွင် မုဒြာရှစ်မျိုးဖြင့် ရုပ်ပွားတော်တဆူစီကို ပူဇော်ထားရှိမည် ဖြစ်သည်။ အာရုံခံ လိုဏ်ဂူတော်၏ ပတ်လည်တွင် အကျယ် ၁၃ ပေ၊ လေးလက်မရှိ လူသွားစင်္ကြံပတ်လမ်း ရှိသည်။ စင်္ကြံပတ်လမ်းတလျှောက် တဘက်တချက်စီရှိ နံရံမျာ်း၌ လိုဏ်ဂူငယ်ပေါင်း ၅၆ ဂူ ပြုလုပ်ထား၍ ရုပ်ပွားဆင်းတုတော် ၅၆ ဆူကို ပူဇော်ထားရှိမည် ဖြစ်သည်။ အာရုံခံလိုဏ်ဂူသို့ ဝင်ရောက်ရာ မုခ်ပေါက် ရှစ်ပေါက်ရှိ၍ ယင်းမုခ်ပေါက်မျာ်းနှင့် အာရုံခံလိုဏ်ဂူတို့ကို ၁၃ ပေ၊ လေးလက်မကျယ်သော လူသွားစင်္ကြံလမ်း ရှစ်ခုဖြင့် ဆက်သွယ်ထားသည်။


မဟာဝိဇယ စေတီတော်၏ ဖိနပ်တော် အလျား နှင့် အနံမှာ ၁၆၅ ပေ၊ ရှစ်လက်မ ရှိသည်။ ဥာဏ်တော်အမြင့်မှာ စိန်ဖူးတော်အထိ ၂၂ ပေမြင့်သဖြင့် အောက်ရင်ပြင်တော်မှ စိန်ဖူးတော်အထိ အမြင့် ၁၅၆ ပေ ရှိမည်ဖြစ်သည်။ မဟာဝိဇယ စေတီတော်ကြီးတွင် ပဋ္ဌာန်းဒေသနာတော်လာ ၂၄ ပစ္စည်းကို အထိမ်းအမှတ် ပြုသောအားဖြင့် စေတီရံ ၂၄ ဆူ တည်ထားမည် ဖြစ်သည်။

မဟာဝိဇယ စေတီတော်၏ အစိတ် အပိုင်း မျာ်း မှာ ရင်ပြင်တော်၊ ပန်းတင်ခုံ၊ ပစ္စယံမျာ်း၊ ခေါင်းလောင်း၊ ရင်ဖွဲ့တော်၊ သပိတ်မှောက်၊ ဖောင်းရစ်၊ ကြာမှောက်၊ ကြာလန်း၊ ရွဲ၊ ချရာသီး၊ ဆည်းလည်း၊ ညောင်ရွက်၊ ထီး၊ ဆပ်သွားဖူး၊ ငှက်မြီတ်နား၊ စိန်ဖူးတော်မျာ်း ဖြစ်သည်။

စေတီတော်ကြီး တည်ဆောက်ရာ၌ ကုန်းဘောင်ခေတ် ဗိသုကာကျမ်း၊ ဌာပနာပုံကျမ်း၊ စေတီဘုရား တည်ထားနည်းကျမ်း စသော ကျမ်းမျာ်းနှင့် အညီ မင်္ဂလာအခမ်းအနားသဘင်ကို အဆင့်ဆင့် ကျင်းပပြုလုပ်၍ တည်ဆောက်ခြင်း ဖြစ်သည်။ မင်္ဂလာ အခမ်းအနား ကိုးခု ရှိသည့်အနက် စေတီတော် ပန္နက်တင်မင်္ဂလာ ပရိကမ္မအကြို အခမ်းအနား၊ စေတီတော်ပန္နက်တင် မင်္ဂလာသဘင် အခမ်းအနား၊ စေတီတော် အုတ်မြစ်ချ မင်္ဂလာ အခမ်းအနား၊ အောက် ဌာပနာတိုက် ဖွင့်လှစ် ထည့်သွင်းခြင်း အခမ်းအနား၊ သတ္တဌာန ဖွင့်လှစ်ထည့်သွင်းခြင်း အခမ်းအနား၊ အထက် ဌာပနာတိုက် ဖွင့်လှစ် ထည့်သွင်းခြင်း အခမ်းအနား၊ ပန်းလည်တိုင် (ပိန္နဲတိုင်) စိုက်ထူခြင်း မင်္ဂလာအခမ်းအနားများကို ကျင်းပပြုလုပ်ခဲ့ပြီး ဖြစ်သည်။ ထီးတော်ပဲ့နှင့်အနေကဇာတင်ဗုဒ္ဓဘိသေကမင်္ဂလာအခမ်းအနားများကို ဆက်လက် ကျင်းပသွားမည် ဖြစ်သည်။

မဟာဝိဇယစေတီတော်ကြီးအတွက် သိန်းပေါင်း ၅၀၀ ခန့် ကုန်ကျမည်ဟု ခန့်မှန်းထားသည်။ စေတီတော်ကြီး တည်ထားပြီးမြောက်စေရန် စေတနာရှင် လုပ်သားပြည်သူများသည် အလှူတော်ငွေများ ထည့်ဝင် လှူဒါန်းလျက် ရှိကြသည်။

**မာရွှန်နီ, ဘရိုင်ယန်** (ခရစ် ၁၉၃၉–)။ ။ကနေဒါဝန်ကြီးချုပ် ဘရိုင်ယန် မာရွှန်နီကို ကိုဗက်ပြည်နယ် ဘိုင်



ဝန်ကြီးချုပ် ဘရိုင်ယန် မာရွန်နီ

ကွန်မီးမြို့၌ အိုင်းရစ်အနွယ် မိဘနှစ်ပါးမှ မွေးဖွားသည်။ ဖခင်သည် ကျွမ်းကျင်လုပ်သားတဦး ဖြစ်သည်။

ဘရိုင်ယန် မာရွန်နီသည် နိုဗာစကော့ရှားပြည်နယ် စိန့်ဖရန်စစ်ဇေးဗီးယား တက္ကသိုလ်မှ ဘွဲ့ရပြီး ဟာလီဖက်ပြည်နယ် ဒဲလဟောက်ဆီး တက္ကသိုလ်နှင့် ကွဲဗက်ပြည်နယ် လာဗယ်တက္ကသိုလ်တို့တွင် ဥပဒေပညာ ဆည်းပူးခဲ့သည်။ မွန်ထရီယယ်မြို့ရှိ ထင်ရှားသော ဥပဒေ အကျိုးဆောင် လုပ်ငန်းတခုတွင် အလုပ်လုပ်ယင်း အလုပ်သမား ရေး ရာ အငြင်းပွားမှုပြဿနာများကို ဥပဒေအရ ကိုင်တွယ် ဖြေ ရှင်း အကျိုးဆောင်ပေးခဲ့ရာမှ အလုပ်သမား ဥပဒေရေးရာ နယ်ပယ်တွင် ထိပ်တန်းဥပဒေပညာရှင်တဦးအဖြစ် ထင်ရှား လာသည်။ ၁၉၇၄ ခုနှစ်တွင် ကွဲဗက်ဆောက်လုပ်ရေး စက်မှုလုပ်ငန်းဌာန၏ခြစားမှုကို ဖော်ထုတ်သော ကော်မရှင် ၌ အဖွဲ့ဝင်အဖြစ် တာဝန်ပေး ခံရစဉ် ခြိမ်းခြောက်မှုနှင့် လာဘ်ထိုးမှုများကို ရဲဝံ့စွာရင်ဆိုင်ကျော်လွှားလျက်စာမျက် နှာ ၆၀၀ ရှိ အစီရင်ခံစာကို ထုတ်ပြန်ကာ အမှုပေါင်း ၂၄ မှုကို စွဲချက်တင်နိုင်ရန် စီမံဆောင်ရွက်နိုင်ခဲ့ခြင်းအတွက် တဟုန်တိုး ထင်ရှားလာခဲ့သည်။

ဘရိုင်ယန် မာရွန်နီသည် ၁၉၇၆ ခုနှစ်တွင် ကနေဒါ နိုင်ငံ သံရိုင်းကုမ္ပဏီ၌ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌရာထူး ကိုရသည်။ ၁၉၇၇ ခုနှစ်တွင် ဥက္ကဋ္ဌဖြစ်လာသည်။

မာရွန်နီသည် ၁၉၈၃ ခုနှစ် ဇွန်လတွင် တိုးတက်သော ကွန်ဆာဗေးတစ်ပါတီ (ပီစီပီ) ခေါင်းဆောင်အဖြစ် ရွေး ချယ်တင်မြှောက်ခံရသည်။ ၁၉၈၄ ခုနှစ် စက်တင်ဘာလ ၄ ရက်နေ့တွင် ကျင်းပသော အထွေထွေ ရွေးကောက်ပွဲ၌ ပီစီပီပါတီ အနိုင်ရရှိသဖြင့် မာရွန်နီသည် ကနေဒါနိုင်ငံ၏ ဝန်ကြီးချုပ် ဖြစ်လာသည်။



**မာလစ်, အဒမ်** (ခရစ် ၁၉၁၇–၁၉၇၄) ။ ။အင်ဒိုနီးရှားနိုင်ငံတွင်သာကမ အရွှေတောင် အာရှနိုင်ငံများ အဖွဲ့ (အေဆီယင်) အဖွဲ့ဝင် နိုင်ငံများတွင်လည်း ထင်ရှား၍ လေးစားချစ်ခင်မှုခံယူရသည့် နိုင်ငံရေးသုခမိန်နှင့် သံတမန် တဦးဖြစ်သူ အဒမ် မာလစ်ကို ဆူမတြာမြောက်ပိုင်း ပမာ တန်စီယင်တာမြို့၌ ၁၉၁၇ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့တွင် မွေးဖွားသည်။ မာလစ်သည် ငယ်စဉ်က ဒတ်ချ် မူလတန်း ကျောင်းနှင့် သာသနာပြုကျောင်းတို့တွင် ပညာဆည်းပူးခဲ့ သည်။ ကျွန်သက် နှစ် ၁၀၀ ကျော်ပြီဖြစ်သော နိုင်ငံ လွတ် မြောက်ရန် နယ်ခွဲဆန့်ကျင်ရေးအတွက် စည်းရုံး လှုပ်ရှား သဖြင့် အသက် ၁၇ နှစ် အရွယ်တွင် ထောင်ဒဏ် ကျခံရ သည်။ ထောင်မှလွတ်ပြီးနောက် ၁၉၃၇ ခုနှစ်တွင် နယ်ခွဲ တော်လှန်ရေး အထောက်အကူပြုလုပ်ငန်းအဖြစ် အင်တာရာ သတင်းဗျူရိုကို ဂျာဗားဌ စတင် ဦးဆောင် တည်ထောင် သည်။

မာလစ်သည် ၁၉၄၀ ပြည့်နှစ်မှ ၁၉၄၂ ခုနှစ်အထိ ဂရင် ဒိုပါတီ အလုပ်အမှုဆောင် အဖွဲ့ဝင်အဖြစ် ဒတ်ချ် နယ်ခွဲ တို့ကို ဆန့်ကျင် တိုက်ပွဲဝင်သည်။ တဖန် အင်ဒိုနီးရှားကို ဂျပန်တို့ သိမ်းပိုက်သောအခါ တိုက်ပွဲတပ်ဦးပါတီသို့ ဝင် ရောက်၍ ဖက်ဆစ်ဆန့်ကျင်ရေးအတွက် လှုပ်ရှားပြန်သည်။ ၁၉၄၅ ခုနှစ် ဩဂုတ်လတွင် ဒေါက်တာ ဆူကာနို နှင့် ဒေါက်တာ ဟက်တာတို့က အင်ဒိုနီးရှားနိုင်ငံကို လွတ်လပ် သော သမ္မတနိုင်ငံအဖြစ် ကြေငြာသောအခါ အဒမ်မာလစ် သည် ပြည်သူ့ပါတီကို တည်ထောင်သည်။

ပြည်တွင်းစစ်ဖြစ်ပွားသော ၁၉၄၈ ခုနှစ်မှ စ၍ အဒမ် မာလစ်သည် မူဘာပါတီအလုပ်အမှုဆောင်အဖြစ် နိုင်ငံရေး လှုပ်ရှားမှုများကို ဆက်လုပ်သည်။ ၁၉၅၆ ခုနှစ်တွင် အောက်လွတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ် တင်



အဒမ် မာလစ်

မြောက်ခံရသည်။ ၁၉၅၉ ခုနှစ်တွင် ယာယီ ဗဟို အတိုင်ပင်ခံကောင်စီဝင် ဖြစ်လာသည်။ ၁၉၅၉ ခုနှစ် ဇူလိုင်လတွင် သမ္မတ ဆူကာနိုက ဝန်ကြီးချုပ်ရာထူးကိုပါယူ၍ အစိုးရသစ် ဖွဲ့စည်းလိုက်သောအခါ မာလစ်သည် ဆူကာနို တင်သွင်းသော ဘတ်ဂျက်ကို ဝေဖန်ခဲ့သည်။ ဆူကာနိုက အောက်လွှတ်တော်ကို ဖျက်သိမ်းလိုက်သည့် နောက်ပိုင်းတွင် မာလစ်သည် ဆူကာနို၏ သက်ဦးဆံပိုင်ဆန်သော အုပ်ချုပ်မှုကို ဆန့်ကျင်ခဲ့ပြန်သည်။ ၁၉၅၉ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ဆိုဗီယက်နှင့် ပိုလန်နိုင်ငံသို့ သံအမတ်ကြီးအဖြစ် ခန့်အပ် စေလွှတ်ခြင်းခံရသည်။

အဒမ် မာလစ်သည် ၁၉၆၂ ခုနှစ်တွင် အင်တာရာသတင်းစဉ် အလုပ်အမှုဆောင် ဘုတ်အဖွဲ့ဝင်လူကြီး အဖြစ် ဆောင်ရွက်သည်။ ၁၉၆၃ ခုနှစ်မှ ၁၉၆၅ ခုနှစ်အထိ အစိုးရအဖွဲ့တွင် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးအဖြစ် တာဝန်ယူသည်။ ၁၉၆၅ ခုနှစ်တွင် မာလစ်၏ မူဘာပါတီ ပိတ်ပင်ခံရသည်။ ထိုအခါ မာလစ်သည် ဗိုလ်ချုပ်ကြီး ဆူဟာတို နှင့် လက်တွဲခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် သမ္မတဆူဟာတိုက နိုင်ငံတော် အာဏာကို အရေးပေါ် ထိန်းသိမ်းလိုက်သော အခါ သေဒဏ်အမိန့်ပေးခံခဲ့ရသူ ဒေါက်တာ ဆူဗန်ဒရီယို၏ နိုင်ငံခြားရေးဝန်ကြီးရာထူးတွင် မာလစ်ကို ခန့်အပ်သည်။

မာလစ်သည် နိုင်ငံခြားရေးဝန်ကြီးအဖြစ် ၁၉၆၆ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၆၅ ခုနှစ်က မလေးရှားနိုင်ငံကို လုံခြုံရေး ကောင်စီဝင် အဖြစ် တင်မြောက်ခဲ့သည်ကို ဆန့်ကျင်၍ ကုလသမဂ္ဂမှ နုတ်ထွက်ခဲ့သော အင်ဒိုနီးရှားနိုင်ငံသည် ၁၉၆၆ ခုနှစ် ဩဂုတ်လတွင် မလေးရှားနိုင်ငံနှင့် ပဋိပက္ခအငြင်းပွားမှု ပြေငြိမ်းသော စာချုပ်ကို ချုပ်ဆိုလာနိုင်ခြင်း၊ ကုလ သမဂ္ဂသို့ ပြန်လည် ဝင်ရောက်ခြင်း၊ ၁၉၆၇ ခုနှစ်တွင် အရှေ့တောင် အာရှနိုင်ငံများ အဖွဲ့ (အေဆီယင်)ကို တည်ထောင်နိုင်ခဲ့ခြင်း စသည့် အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေး ဖြစ်ရပ်များတွင် မာလစ်သည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ မာလစ်သည် ၁၉၇၁ ခုနှစ်တွင် ကုလသမဂ္ဂ အထွေထွေ ညီလာခံ သဘာပတိ အဖြစ် ရွေးချယ် တင်မြောက်ခံရသည်။

မာလစ်သည် ၁၉၇၈ ခုနှစ်တွင် သံတမန်ရေးရာ တာဝန်များမှ အနားယူသည်။ ၁၉၇၈ ခုနှစ် မတ်လမှ ၁၉၈၃ ခုနှစ် အထိ အင်ဒိုနီးရှားနိုင်ငံ ဒုတိယ သမ္မတအဖြစ် တာဝန် ထမ်းဆောင်သည်။ အစိုးရအဖွဲ့ တာဝန်များမှ အငြိမ်းစား ယူပြီးနောက် အင်ဒိုနီးရှားနိုင်ငံ လူမှု အ ခွင့် အ ရေး များ တိုးတက်ရေးအတွက် စည်းရုံး လှုံ့ဆော်သော တာဝန်ကို ဆက်လက် ထမ်းဆောင်လျက်ရှိစဉ် ၁၉၈၄ ခုနှစ် စက်တင်ဘာလ ၁၀ ရက်နေ့တွင် ဗန်ဒွန်းမြို့၌ ကင်ဆာရောဂါဖြင့် ကွယ်လွန်သည်။



**မူလကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းရောဂါ။** ။ အော့ဒ်စ်ခေါ် မူလကိုယ်ခံစွမ်းအား လျော့နည်းကျဆင်း ရောဂါကို ၁၉၈၁ ခုနှစ်ကမှ လူတို့သတိမူမိကြသည်။ ယင်းသည် ၁၉၈၅ ခုနှစ်တွင် အမေရိကန် အမျိုးသားပေါင်း ၁,၃၀၀ ကျော်ကို တောမီးအလား ပုံ့နှံ့ကူးစက်ခဲ့သည်။ အော့ဒ်စ်ဟူသော ဝေါဟာရ၏ အမည် အပြည့်အစုံမှာ Acquired Immunodeficiency Syndrome ဖြစ်ပြီး ရောဂါပိုးဒဏ်ကို ကြံ့ကြံ့ခံနိုင်စွမ်းရှိသည့် ရောဂါပြီးစနစ် လုံးဝပျက်စီး ချုတ်ယွင်းသွားတတ်သည့် ရောဂါစုဟူ၍ အဓိပ္ပာယ်ရသည်။ ယင်းရောဂါကို လိင်တူ ဆက်ဆံသူများတွင်သာ ဖြစ်တတ်သည့်ရောဂါဟု အစကနဦးက မှတ်တမ်းတင်ခဲ့ဖူးသည်။ အဘယ်ကြောင့်ဆိုသော် စတင်တွေ့ရှိစဉ် ကာလက ရောဂါရှင်များ၏ ၇၂ ရာခိုင်နှုန်းသည် လိင်တူ ဆက်ဆံသူများ ဖြစ်နေသောကြောင့်တည်း။ ယခုနောက်ပိုင်းတွင် ယင်းရောဂါသည် လူအများစုအတွင်းသို့ စိမ့်ဝင် ပုံ့နှံ့လာခဲ့သည်။ မူးယစ်ဆေးဝါးကို အကြောဆေးသွင်းသူများ၊ ဟီတိုကျန်းမှ ပြောင်းရွှေ့လာကြသူများအပြင် ကလေး၊ လူကြီး ကျားမ မရွေးဖြစ်နိုင်သည့် ရောဂါဆိုးကြီး ဖြစ်၍ နေလေပြီ။ ထို့ပြင် မျိုးရိုးရောဂါတမျိုးဖြစ်သော ဟေမိဖေးလီးယား သွေးမတိတ်ရောဂါရှင်များနှင့် မကြာခဏ သွေးသွင်းနေရသည့် အခြားရောဂါရှင်များသည်လည်း ဤရောဂါဆိုးကြီး၏ ညှဉ်းပန်းမှုဒဏ်ကို အလူးအလဲ ခံစားနေကြရလေသည်။


ယင်းရောဂါဆန်းကို ၁၉၈၁ ခုနှစ် ဇန္နဝါရီလအတွင်းက ပထမဆုံးတွေ့ရှိ အမည်ပေးခဲ့ခြင်း ဖြစ်သည်။ လူနာမှာ အသက် ၃၁ နှစ်အရွယ်ရှိ လိင်တူဆက်ဆံသူ အမျိုးသားတဦးဖြစ်သည်။ သူ၏ အစာ ရေ မျိုလမ်း ကြောင်း တလျှောက်တွင် မို့ရောဂါတမျိုး ပြင်းထန်ဆိုးရွားစွာ စွဲကပ်သဖြင့် အစာရေမျိုလမ်း ပိတ်သွားသောကြောင့် ဆေးရုံသို့ ရောက်လာခြင်းဖြစ်သည်။ လူနာဆေးရုံသို့ တက်ရောက်ပြီးနောက် နှစ်ပတ်အကြာ အဆုတ်အအေးမိ ရောဂါဖြင့် အသက်ရှူရပ်ကာ သေဆုံးသွားခဲ့သည်။ ရောဂါပြီး ပေဒပညာရှင် ဒေါက်တာ မိုက်ကယ် အက်စ်ဂေါ်လစ်က သာမန် ရောဂါတမျိုးဟုသာ မှတ်ချက်ချနိုင်ခဲ့သည်။

တချိန်တည်းမှာပင် နယူးယောက်တက္ကသိုလ်မှ အရေပြားရောဂါ အထူးကု ဆရာဝန် ဒေါက်တာ အယ်ဗင် ဖရန့်မင်း ကီရင်ကလည်း လိင်တူ ဆက်ဆံသူ အမျိုးသားတဦး၌ ဟော့ခ်ျကင်းရောဂါ ဆန်ဆန်ဖြစ်နေကြောင်း သတိမူမိခဲ့သည်။ ဒေါက်တာကီရင်က အနာဖုများနှင့် ပြန်ရည် အကျိတ်များမှ တစ်ရှူးစများကို ဖဲ့ယူကာ အနည်းနည်း အဖုံဖုံ စမ်းသပ်စစ်ဆေးကြည့်ခဲ့သည်။ ထိုအခါ မြေထဲပင်လယ်ဒေသမှ သက်ကြီး ရွယ်အိုများတွင်သာ ဖြစ်လေ့



ယခုအခါ အော့ဒ်စ်ရောဂါဖိစီးနေသော ရုပ်ရှင်မင်းသား ရောဂ်ဟတ်ဆန်၏ ရုပ်ဆင်းသွင်ပြင်(ယာ)သည် ၁၉၅၈ ခုနှစ်က ရုပ်ဆင်းသွင်ပြင်(ဝဲ)နှင့် ကွာခြားနေပြီဖြစ်သည်။





အော့ဒ်စ် ရောဂါကို ဖြစ်စေ သည် ဟု ယူဆရသော ဗိုင်းရပ်ပိုးကို ရှာဖွေတွေ့ရှိသူ ဒေါက်တာ ရောဗတ် ဂယ်လို

ရှိသည့် ကပိုဆီဆာကိုမားဟု ခေါ်သော အရေပြား ကင်ဆာ တမျိုးဖြစ်ကြောင်း အံ့အားသင့်စွာ တွေ့ရှိခဲ့ရသည်။

၁၉၇၁ ခုနှစ် နွေဦးရာသီတွင် ဂေါ့လစ်နှင့် ကီရင်တို့ နှစ်ဦးသည် သူတို့၏ စူးစမ်းတွေ့ရှိချက်များ၊ ရောဂါဖြစ်ပွားနှုန်း၊ သေပျောက်နှုန်းတို့ကို လူသိရှင်ကြား အစီရင်ခံခဲ့ကြရာ တကမ္ဘာလုံး အထိတ်တလန့် ဖြစ်သွားခဲ့သည်။ လအနည်းငယ်အတွင်းမှာပင် ရောဂါရှင် ၁၀၀ ထက်မနည်း ဖော်ထုတ်တွေ့ရှိခဲ့ပြီး ဖြစ်သည်။ သူတို့အနက်အများစုမှာ လိင်တူဆက်ဆံကြသူများ ဖြစ်သည်။ ထို့ပြင် အော့ဒ်စ်ရောဂါရှင်မိန်းမလျာ အများစုသည် အေမိုင်နိုက်ထရိုက်ဆေး သုံးစွဲကြသူများဖြစ်ကြောင်း တွေ့ရှိရသည်။ အေမိုင်နိုက်ထရိုက်သည် လိင်လှုံဆွဆေးတမျိုး ဖြစ်သော်လည်း ကိုယ်ခံ ပဋိပစ္စည်း ရောဂါပြီးစနစ်များကို ခေါင်းချိုး နှိမ်နိုင်သည့် ဆေးဝါးတမျိုး ဖြစ်နေပြန်သည်။ ရောဂါပြီးစနစ် ဖိနှိမ်ခံထားရသည့်အခါ ကိုယ်ခံအား လျော့ပါးသွားသဖြင့် မူလကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းရောဂါ လွယ်လင့်တကူ ရနိုင်သည်ဟုလည်း ယူဆထားကြသည်။

အော့ဒ်စ်ရောဂါ၏ ရောဂါလက္ခဏာများမှာ ထူးထူးဆန်းဆန်း မဟုတ်သည့်အပြင် သိသိသာသာကြီး ပေါ်လာခြင်းမျိုးလည်း မဟုတ်ချေ။ ရောဂါနှစ်ဦးအဖျားသွေးရှိခြင်း၊ ဝမ်းလျှောခြင်း၊ အမြဲမပြတ်ပင်ပန်းနွမ်းနယ်ခြင်း၊ လည်ပင်း၊ ချိုင်းကြား၊ ပေါင်ခြံတို့ရှိ အကျိတ်ဖုများ အရွယ်ကြီးလာခြင်း အစရှိသည့် လက္ခဏာများကိုသာ တွေ့နိုင်သည်။ တခါတရံတွင် ဗိုင်းရပ်ပိုးဝင်၍ ဖြစ်ရသည့် နှာစေး အအေးမိခြင်း၊ တုပ်ကွေးဖျားခြင်း၊ ရေယုန် ပေါက်ခြင်း တို့ကဲ့သို့လည်း ခံစားရတတ်သည်။ ထို့ကြောင့် ယင်းရောဂါ၏ ပေါ်ဦးပေါ်ဖျား လက္ခဏာများမှာ ရေရေရာရာ မရှိဟု ဆိုနိုင်ပေသည်။

ထိုရောဂါဆိုးကြီးသည် မိန်းမလျာများတွင်သာ ဖြစ်ပွားသည် မဟုတ်ပါ၊ မူးယစ်ဆေးစွဲနေသူများ၊ အကြောဆေးသွင်းသူများတွင်လည်း ဖြစ်ပွားကြောင်း တွေ့ရလေသည်။ အထူးသဖြင့် လူသူမျက်ကွယ်ရာနေရာကို ရွေး၍ ဘိန်းဖြူအကြောဆေးသွင်းကြရာတွင် ရရာရေနှင့် ဖျော်စပ်ပြီး ပိုးမွှားမကင်း ညစ်ပတ်သည့် ဆေးထိုးအပ်များ သုံးစွဲသူများ၌ ပို၍ တွေ့ရသည်။

အခြို့သော ရောဂါရှင်များသည် သွေးမတိတ်ရောဂါ



အော့ဒ်စ်ရောဂါ၏ ဇာစ်မြစ်ဟု ယူဆထားသော အာဖရိကမြောက်စိမ်း

ရှင်များဖြစ်ကြ၏။ သွေးမတိတ်ရောဂါရှင်များသည် မျိုးရိုးဗီဇအရပင်လျှင် သွေးခဲစေသည့် သွေးတွင်းဝတ္ထုပစ္စည်းများ ချို့တဲ့နေကြသူများ ဖြစ်ကြလေသည်။ သူတို့သည် အချိန်ခြား၍ အမြဲတစေသွေးသွင်းနေကြရသဖြင့် လှူဒါန်းသည့် သွေးထဲတွင် ပါရှိသော ရောဂါပိုး မှန်သမျှကို မလွဲသာမရှောင်သာ လက်ခံရပြီးသား ဖြစ်နေသည်။ ထို့ကြောင့်လည်း အေ့ဒ်စ်ရောဂါ ဖြစ်ရသည်ဟု ယူဆထားကြသည်။

ယင်းရောဂါကို နိုင်နင်းစွာ ကုသပေးနိုင်သည့် ဆေးဝါးဟူ၍ ယနေ့ထက်တိုင် မပေါ်သေးချေ။ လူနာဦးရေ ၁၀၀ ရှိလျှင် ၇၅ ယောက်သည် နှစ်နှစ်တာမျှ တိုတောင်းသည့် အချိန်အတွင်း အသက်သေဆုံးသွားရသည်။

၁၉၇၃ ခုနှစ် မေလကုန်တွင် အမေရိကန် ပြည်သူ့ကျန်းမာရေးအဖွဲ့ကြီးက ယင်းရောဂါဆိုးကြီးကို နံပါတ်တစ် ဦးစားပေး ကာကွယ်ကုသရမည့် ရောဂါကြီးအဖြစ် သတ်မှတ်ခဲ့သည်။ ထိုအချိန်တွင် ရောဂါထိန်းချုပ်ရေးဗဟိုဌာန၏ စာရင်းဇယားများအရ ရောဂါဖြစ်ပွားမှုဦးရေ ၁,၄၅၀ ရှိသည့်အနက် ၅၅၈ ဦး သေဆုံးခဲ့သည်ဟု သိရသည်။ စာရင်းချုပ်ကြည့်လိုက်လျှင် ရောဂါရှင်ဦးရေသည် ခြောက်လလျှင် နှစ်ဆတိုးလာခဲ့ပြီး အမေရိကန်ပြည်ထောင်စုတွင် သာမက အခြားနိုင်ငံပေါင်း ၁၆ နိုင်ငံသို့ပါ ပျံ့နှံ့ဖြစ်ပွားနေပြီဟု ဆိုသည်။

အမေရိကန်မြို့ကြီး ၁၃ မြို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များသည် အေ့ဒ်စ်ရောဂါ တားဆီးတိုက်ဖျက်ရေး နည်းလမ်းများကို ရှာဖွေမည့် အစည်းအဝေးတရပ်ကို ၁၉၇၄ ခုနှစ် ဒီဇင်ဘာလအတွင်းက ဝါရှင်တန်မြို့တွင် ကျင်းပခဲ့ကြသည်။ လိင်တူချင်း ဆက်ဆံသူဦးရေ များပြားသည့် ဆန်ဖရန်စစ္စကိုမြို့တွင် အေ့ဒ်စ်ရောဂါဖြစ်ပွားမှုမှာ နှစ်စဉ်ပျမ်းမျှ နှစ်ဦးနှုန်းရှိပြီး တဦးမှာ ထိုရောဂါကြောင့် သေဆုံးလျက်ရှိသည်။ အမေရိကန် ပြည်ထောင်စုတွင် အေ့ဒ်စ်ရောဂါ ပေါ်ပေါက်နေကြောင်း သိခဲ့ရသည့် အချိန်မှ နောက်ဆုံးသိရသည့် စာရင်းဇယားများ ထုတ်ပြန်သည့် အချိန်အထိ အေ့ဒ်စ်ရောဂါဖြစ်ပွားခဲ့သူ စုစုပေါင်း ၇,၁၈၁ ဦး ရှိခဲ့သည့်အနက် ၃,၃၈၈ ဦး သေဆုံးခဲ့ပြီးဖြစ်သည်။

အေ့ဒ်စ်ရောဂါ တိုက်ဖျက်နိုင်ရန် အချိန်တိုတိုအတွင်း မှာပင် အထူးဝါယမစိုက်ခဲ့ကြသည့် ပုဂ္ဂိုလ်များတွင် အမေရိကန် ပြည်ထောင်စု ဘီသက်ဇဒါမြို့ရှိ အမျိုးသား ကျန်းမာရေးဌာနကြီးမှ ဒေါက်တာရောဗတ် ဂယ်လိုသည်လည်း တဦးအပါအဝင် ဖြစ်သည်။ ဒေါက် တာ ဂယ် လို သည် လူကီးမီးယား သွေးကင်ဆာနှင့် လင်ဖိုးမားရောဂါတို့ဖြစ်စေသည့် အိပ်ချ်တီအယ်ဗီအမည်ရှိ ဗိုင်းရပ်ပိုးတမျိုးကို ရှာဖွေတွေ့ရှိခဲ့ခြင်းကြောင့် ၁၉၈၂ ခုနှစ်တွင် အယ်လဘတ် လတ်စကား ဒဆေးပညာဆုကြီးကို ချီးမြှင့်ခြင်း ခံခဲ့ရသူဖြစ်လေသည်။ ၁၉၇၄ ခုနှစ်ရောက်သည့်အခါ အေ့ဒ်စ်ရောဂါကိုဖြစ်စေသည်ဟု ယူဆရသော ဗိုင်းရပ်ပိုးတမျိုးကို ဒေါက်တာဂယ်လို ရှာဖွေတွေ့ရှိခဲ့သည်။ ယင်းကို အေ့ဒ်စ်ဗိုင်းရပ်အိပ်ချ်တီအယ်ဗီ ၃ ဟု ဂယ်လိုက အမည်ပေးခဲ့လေသည်။ ယင်းဗိုင်းရပ်ပိုးသည် အာဖရိကတိုက်မှ စတင်ပေါ်ပေါက်ခဲ့ပြီး ပေါ်တူဂယ်ကုန်သည်တို့ လူကုန်ကူးရာမှ ဟီတီကျွန်းဘက်သို့ ရောက်လာ၍အမေရိကန်၊ ဂျပန်သို့ ကူးသည်ဟု ဂယ်လိုက ယူဆထားသည်။ကာပိုဆီဆာကိုမား အမည်ရှိ အရေပြား ကင်ဆာမှာ လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းကပင် အာဖရိကအလယ်ပိုင်းတွင် ဖြစ်ခဲ့ဖူးကြောင်း သာဓကများ ရှိနေသဖြင့် ဂယ်လို၏ အယူအဆကို အခြားသိပ္ပံပညာရှင်များက ထောက်ခံခဲ့ကြသည်။

အေ့ဒ်စ်ရောဂါသည် လူကိုယ်တွင်းရှိ ရောဂါပြီးစနစ် ဆုတ်ယုတ်အားနည်းနေခြင်းကြောင့် ဖြစ်ရသဖြင့် အင်တာဖာရွန်ဆေးဝါးဖြင့် ကုသပေးလျှင် အောင်မြင်နိုင်သည်ဟု ဆေးပညာရှင်များက ယူဆထားကြသည်။ အင်တာဖာရွန် ဆေးထဲတွင် ဝတ္ထုပစ္စည်းအမျိုးအမည်ပေါင်း နှစ်ဆယ်ခန့် ပါရှိသည်။ အချို့သော ဝတ္ထုပစ္စည်းများကို ဓာတ်ခွဲခန်းအတွင်းမှာပင် ဇီဝနည်းပညာသစ်များဖြင့် ဗက်တီးရီးယားပိုးများမှတဆင့် ထုတ်လုပ်နိုင်ပြီဖြစ်သည်။ ယင်းဆေးဝါးသည် ရောဂါရှင်၏ လျော့နည်းနေသည့် ကိုယ်ခံအားကို မြှင့်တင် ပေးလိုက်ပြီး ရောဂါပြီး စနစ်ကို မူမှန်အတိုင်း ဖြစ်အောင် ပြန်အလုပ်လုပ် စေနိုင်စွမ်း ရှိလိမ့်မည် ဟု ယုံကြည် ထားကြသည်။

အေ့ဒ်စ်ရောဂါရှင်များအား အင်တာဖာရွန်ဆေးနှင့် လက်တွေ့ကုသပေးလိုက်သည့် အခါတွင်မူ ရလဒ်အမျိုးမျိုး ထွက်ပေါ်လာခဲ့သည်။ အယ်လဖာ အမျိုးအစား အင်တာဖာရွန် ဆေးသည် ဆိုက်တိုမီဂါလိုဗိုင်းရပ်ပိုးနှင့် အေ့ဒ်စ်ရောဂါကြောင့်ဖြစ်ရသော ကိုယ်ခံ အားလျော့နည်းခြင်းတို့အတွက် အနည်းအကျဉ်းသာ အစွမ်းထက်ကြောင်း တွေ့ခဲ့ရသည်။ သို့ရာတွင် အင်တာဖာရွန်ဆေးသည် အေ့ဒ်စ်ရောဂါရှင်တို့တွင် ဖြစ်ပေါ်လာသော ကာပိုဆီဆာကိုမား အမည်ရှိ အရေပြား ကင်ဆာရောဂါ တမျိုးကိုမူ အောင်အောင်မြင်မြင် ကုစားပေးနိုင်စွမ်း ရှိသည်ဟု ဆိုပေသည်။ သို့ရာတွင် အေ့ဒ်စ်ရောဂါရှင် ဦးရေနှင့် အင်တာဖာရွန်ဆေးသုံးစွဲနိုင်မှုမှာ မညီမျှသဖြင့်အရာမရောက် ခရီးမတွင်ပဲ ဖြစ်နေပေသေးသည်။

အကယ်၍ အေ့ဒ်စ်ရောဂါဖြစ်ပွားနှုန်းသည် ယခုအတိုင်းတည်ရှိ နေဦးမည်ဆိုလျှင် ၁၉၈၅ ခုနှစ် ရောက်သည့်အခါ ရောဂါရှင် နှစ်သောင်းထက်မနည်း ရှိလာလိမ့်မည် ဟု ကျမ်းကျင်သူများက ခန့်မှန်းထားကြသည်။

**မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး။ ။**
ကမ္ဘာပေါ်တွင် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများပြန့်ပွားလျက်ရှိရာ ယင်းတို့ကိုအချိန်မီတားဆီးပိတ်ပင်ခြင်း မပြုနိုင်ပါက လူသားအားလုံးတို့၏ ဘဝကို ပျက်ပြုန်းစေနိုင်လောက်အောင်ပင် ထိပါးလာနိုင် သည်။ ဤဘေးအန္တရာယ်ကို တကမ္ဘာလုံးက ကာကွယ်တိုက်ဖျက်လျက်ရှိသည့်နည်းတူ မြန်မာနိုင်ငံကလည်း ထိရောက်စွာ ကာကွယ်တိုက်ဖျက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများအန္တရာယ်ကို တားဆီးကာကွယ်ရန် အတွက် ၁၉၇၄ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ မူးယစ်ဆေးဝါးအန္တရာယ်ကို နှိမ်နင်းရာ၌ ပိုမိုထိရောက်ရန်အတွက် ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေကို ပြင်ဆင်သည့်ဥပဒေ ၁၉၈၁ ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေအမှတ် (၁)ကို ဖြည့်စွက်ပြဋ္ဌာန်းခဲ့သည်။

မူးယစ်ဆေးဝါး အန္တရာယ်ကို တားဆီးကာကွယ်ရန် အတွက် တမျိုးသားလုံးက အမျိုးသားရေး အမြင်ဖြင့် ဆောင်ရွက်နိုင်ရန် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထ အစည်းအဝေးက ဆုံးဖြတ်ချက် ချမှတ်ခဲ့သည်။ ယင်း ဆုံးဖြတ်ချက်နှင့်အညီ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၊ လုပ်ငန်းဆိုင်ရာ အဖွဲ့အသီးသီးနှင့် ပြည်နယ်/တိုင်း၊ မြို့နယ်တားဆီးကာကွယ်ရေးအဖွဲ့များသည် မူးယစ်ဆေးဝါးအန္တရာယ်ကို တားဆီးကာကွယ် တိုက်ဖျက်လျက် ရှိကြသည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂ-မြန်မာ မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေးအစီအစဉ်အရ ၁၉၈၁ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ ဒုတိယအဆင့် ကုလသမဂ္ဂ-မြန်မာ သဘောတူစာချုပ်ကို ၁၉၈၁ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းစာချုပ်အရ ကုလသမဂ္ဂ မူးယစ်ဆေးဝါးအလွဲသုံးမှုကာကွယ်ရေး ရန်ပုံငွေမှ ဒေါ်လာ ၅ ဒသမ ၃၈၇ သန်း ထည့်ဝင်ပြီး နိုင်ငံတော်က ကျပ်ငွေ ခြောက်ကုဋေကျော် ထည့်ဝင်ခဲ့သည်။

ပြည်သူ့တပ်မတော်နှင့် ပြည်သူရဲတပ်ဖွဲ့တို့သည် လုပ်သားပြည်သူများနှင့် လက်တွဲ၍ မူးယစ်ဆေးဝါးပင်များ၊ ဘိန်းချက်လုပ်သည့် ကိရိယာများကို ရှာဖွေတိုက်ဖျက် ခဲ့သည်။ ငရဲပန်းစစ်ဆင်ရေးအဆင့်ဆင့်နှင့် မိုးဟိန်းစစ်ဆင်ရေး အဆင့်ဆင့်တို့သည် မြန်မာနိုင်ငံ၏ ကမ္ဘာသိထင်ရှားသော လုပ်ဆောင်ချက်များဖြစ်ကြသည်။

မိုးဟိန်းအဆင့် (၁) စစ်ဆင်ရေးကို ၁၉၇၆ ခုနှစ် ဧပြီလ ၄ ရက်မှ ၃၀ ရက်အထိလည်းကောင်း၊ အဆင့် (၂) စစ်ဆင်ရေးကို ၁၉၇၇ ခုနှစ် မေလ ၁၇ ရက်မှ ၂၅ ရက်အထိ လည်းကောင်း၊ အဆင့် (၃) စစ်ဆင်ရေးကို ၁၉၇၈ ခုနှစ် ဧပြီလ ၁၂ ရက်မှ ၁၇ ရက်အထိလည်းကောင်း၊ အဆင့် (၄) စစ်ဆင်ရေးကို ၁၉၇၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၃ ရက်မှ ၂၉ ရက်အထိ လည်းကောင်း၊ အဆင့် (၆) စစ်ဆင်ရေးကို ၁၉၈၁ ခုနှစ် မတ်လ ၁၆ ရက်မှ ၂၁ ရက်အထိလည်းကောင်း၊ အဆင့် (၇) စစ်ဆင်ရေးကို ၁၉၈၃ ခုနှစ် ဧပြီလ ၄ ရက်မှ ဂ ရက် အထိလည်းကောင်း ဆင်နွှဲခဲ့ကြသည်။



**မိုးဟိန်းအဆင့် (၈) စစ်ဆင်ရေးဖြင့် သိမ်းဆည်းရရှိခဲ့သော ဘိန်းချက်ကိရိယာများကို နိုင်ငံခြား စစ်သံမှူးများနှင့် ပြည်တွင်း ပြည်ပ စာနယ်ဇင်း အဖွဲ့ဝင်များ ကြည့်ရှုလေ့လာစဉ်**

မိုးဟိန်းအဆင့် (၈) စစ်ဆင်ရေးကိုမူ အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်ခဲ့သည်။ ပထမပိုင်းကို ၁၉၈၉ ခုနှစ် ဧပြီလ ၆ ရက်မှ ၂၃ ရက်အထိ ဆောင်ရွက်ခဲ့ပြီး ဒုတိယပိုင်းကို ၁၉၈၉ ခုနှစ် မေလ ၄ ရက်မှ ၁၄ ရက်အထိ ဆောင်ရွက်ခဲ့သည်။ အဆင့် (၈) စစ်ဆင်ရေးတွင် ဘိန်းချက်စခန်း ၈၆ ခု၊ ဘိန်းချက်အဆောက်အအုံတဲပေါင်း ၄၃ လုံး၊ လက်နက်မျိုးစုံ ၃၂ လက်နှင့် ဆိုနီအမျိုးအစား လမ်းလျှောက်စကားပြောစက်တလုံးတို့ကို သိမ်းဆည်းရရှိခဲ့သည်။ ထို့ပြင် ဘိန်း ၆၀၆ ဒသမ ၉၅ ပိဿာ၊ ဘိန်းရည်ဂါလံ ၅၀၊ ဘိန်းဆီ ၂၃ ဂါလံ၊ ဘိန်းချေး ၂၅၇ ပေါင်အပါအဝင် ဘိန်းချက်ပစ္စည်း များစွာကိုပါ သိမ်းဆည်းရရှိခဲ့သည်။

ငရဲပန်းအဆင့် (၄) စစ်ဆင်ရေးကို ၁၉၈၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ဧပြီလ ၂၃ ရက်နေ့အထိ ဆင်နွှဲခဲ့ရာ ထိုစစ်ဆင်ရေး ကာလအတွင်း ရှမ်းပြည်နယ်တွင် ဘိန်းခင်း ၁၁,၀၇၈ ကေ၊ ကချင်ပြည်နယ်တွင် ဘိန်းခင်း ၈၂ ကေ နှင့် ချင်းပြည်နယ်တွင် လေးကေ၊ စုစုပေါင်း ဘိန်းခင်း ၁၁,၁၆၄ ကေကို ဖျက်ဆီးနိုင်ခဲ့သည်။

၁၉၇၄ ခုနှစ် ဇန္နဝါရီလမှ ဇွန်လအထိ မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ သယ်ဆောင်မှု၊ လက်ဝယ်ထားရှိမှုနှင့် သုံးစွဲမှုတို့ကို ဖမ်းဆီးအရေးယူခဲ့ရာ ဘိန်းမှု ၃၉၀၊ အလေးချိန် ၂,၆၈၇ ဒသမ ၅၃ ကီလို၊ ဘိန်းညှိမှုန့် တမှု၊ အလေးချိန် ၉ ဒသမ ၅၇ ကီလို၊ ဆေးခြောက် ၂၀၆ မှု၊ အလေးချိန် ကီလို ၂၂၄ ဒသမ ၆ တို့ကို အရေးယူ ဆောင်ရွက်နိုင်ခဲ့သည်။

ကျောင်းသားလူငယ်များ မူးယစ်ဆေးဝါးအန္တရာယ်မှ ကင်းဝေးစေရန် ကြိုတင်ကာကွယ်ရေးအတွက် ၁၉၇၄ ခုနှစ် အတွင်း ပြည်နယ်နှင့်တိုင်း ၁၄ ခုမှ မြို့နယ်ပေါင်း ၂၀ တွင် အခြေခံကျောင်းပေါင်းစုံ မူးယစ်ဆေးဝါးအန္တရာယ် အသိဉာဏ်ပေး ပြပွဲပြိုင်ပွဲများ ကျင်းပပြုလုပ်ခဲ့သည်။

မူးယစ်ဆေးစွဲရောဂါသည်များကိုလည်း ရန်ကုန်မြို့ စိတ်ရောဂါကုဆေးရုံ၊ မန္တလေးမြို့ တိုင်းပြည်သူဆေးရုံ၊ တောင်ကြီးမြို့ စပ်စံထွန်းဆေးရုံ၊ မြစ်ကြီးနားမြို့ ပြည်နယ်ဆေးရုံနှင့် အခြားမြို့နယ် ၂၀ ရှိ မြို့နယ်ဆေးရုံများတွင် ဆေးဝါးကုသပေးလျက်ရှိသည်။

လူမှုဝန်ထမ်း ဦးစီးဌာနသည် မူးယစ်ဆေးစွဲ ရောဂါကုသပြီးလူငယ်များအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိရာ မန္တလေး လူငယ်လေ့ကျင့်ရေးစခန်းတွင် သင်တန်းသား ရှစ်ဦး၊ ကျိုင်းတုံ အသက်မွေးဝမ်းကျောင်း ပညာသင်စခန်းတွင် သင်တန်းသား ခုနစ်ဦး၊ ကသဲကွင်း (ဖယ်ခုံ) ဘက်စုံစံပြစိုက်ပျိုးမွေးမြူရေးစခန်းတွင် သင်တန်းသား ၇၄ ဦး၊ စိုက်ပျိုးမွေးမြူရေးစခန်း (ဝက်ထီးကန်) တွင် သင်တန်းသား ၇၉၃ ဦးတို့ကို လေ့ကျင့်ပညာပေးလျက် ရှိသည်။





**မြစိမ်းရောင်စစ်ဆင်ရေးနှင့်ရွှေဝါမြေစစ်ဆင်ရေး။** ။ ပြည်သူတပ်မတော်သားများသည် လယ်ယာမြေစစ်ဆင်ရေး အမည်အမျိုးမျိုးဖြင့် လယ်ယာလုပ်ငန်းခွင် ပြည်သူအကျိုးပြု လုပ်ငန်းများတွင် နှစ်စဉ် လုပ်အားပေးခဲ့ကြသည်။

ရန်ကုန်တိုင်းတွင် လယ်ယာမြေ ပြည်သူအကျိုးပြု မြစိမ်းရောင် စစ်ဆင်ရေးနှင့် ရွှေဝါမြေ စစ်ဆင်ရေးများကို ၁၉၇၃ ခုနှစ်တွင် စတင်ခဲ့သည်။ ၁၉၇၄ ခုနှစ် မြစိမ်းရောင် စစ်ဆင်ရေးကို ဇူလိုင်လ ၂ ရက်နေ့မှ သြဂုတ်လ ၃၁ ရက်နေ့အထိ စစ်ကြောင်းကြီးငါးကြောင်းဖြင့် ဆင်နွှဲခဲ့ရာတွင် ပြည်သူ တပ်မတော်သားများသည် မင်္ဂလာဒုံ၊ တံတားသံလျင်၊ ထန်းတပင်နှင့်မော်ဘီမြို့နယ်များရှိ ကျေးရွာအုပ်စုပေါင်း ၁၁၇ ရွာတို့၌ မိုးရာသီ လယ်ယာမြေ ပြည်သူအကျိုးပြု လုပ်ငန်းများကို လုပ်အားပေး ဆောင်ရွက်ခဲ့သည်။

ပြည်သူတပ်မတော်သားများသည် အဆင့်လေးဆင့်ခွဲ၍ လယ်ယာလုပ်ငန်းများတွင် လုပ်အားပေး ဆောင်ရွက်ကြသည်။ စတုတ္ထဆင့် လုပ်အားပေးကာလအထိ လယ်မြေ ၁၀,၁၁၇ ဒသမ ၇၈ ကေတွင် ကောက်စိုက်ခြင်း၊ ပျိုးစည်းပေါင်း ၄၈,၃၈,၂၈၄ စည်းကို ပျိုးနုတ်၊ ပျိုးသယ်ခြင်း၊ လယ်မြေကေ ၁,၂၅၄ ဒသမ ၈၉ ကေတွင် ပေါင်းရှင်းခြင်း၊ လယ်မြေကေ ၂,၈၇၇ ဒသမ ၁၀ ကေတွင် လယ်ထွန်ခြင်း၊ ကုဗပေ ၃,၈၀,၄၁၁ ပေအထိ ကန်သင်းပြုပြင်ခြင်း၊ ကုဗပေ ၁၈,၅၄,၁၈၇ ပေအထိ ရေနုတ်မြောင်းတူးဖော်ခြင်း၊ လယ်မြေကေ ၁,၈၇၀ ဒသမ ၁၅ ကေတွင် ခတ်မြေသြဇာချခြင်း၊ ၁,၈၇၃ ဒသမ ၅၀ ကေတွင် တမန်းနှိုးခြင်း၊ ကုဗပေ ၆,၀၆,၀၇၉ ပေအထိ တာဖို့ခြင်း၊ သစ်ပင် ၁,၄၀၀ စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြသည်။ ထို့အပြင် ဒေသခံ တောင်သူဦးကြီးများနှင့် ဒူးတိုက် ဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ တပ်မတော် စစ်ဆေးရုံကြီးမှ အထူးကု ပါရဂူအဖွဲ့နှင့် ကျန်းမာရေးဆေးတပ်ဖွဲ့ဝင်များက တောင်သူဦးကြီးများအား ဆေးဝါးကုသပေးခြင်းများလည်း ပြုလုပ်ပေးခဲ့ကြသည်။

ထို့နောက် စပါးဝင်းမည့်ခရိုန်တွင် ရွှေဝါမြေစစ်ဆင်ရေးကို ဒီဇင်ဘာလ ၃ ရက်နေ့မှ ၁၉၇၅ ခု ဇန္နဝါရီလ ၂၅ ရက်နေ့အထိ စစ်ကြောင်းကြီး ငါးကြောင်းဖြင့် ဆင်နွှဲခဲ့ပြန်သည်။ ရွှေဝါမြေ စစ်ဆင်ရေး ကာလတွင် လယ်မြေ ၆,၉၂၄ ဒသမ ၀၀ ကေ၌ ကောက်ရိတ်သိမ်းခြင်း၊ စပါး

**မြစိမ်းရောင်စစ်ဆင်ရေး ဆင်နွှဲလာသော တပ်မတော်သားများ ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် ဝါးတရာကျေးရွာ၌ လုပ်သား ပြည်သူတို့နှင့်အတူ လယ်ယာလုပ်ငန်းခွင်ဝင်နေစဉ်**

## မြစိမ်းရောင်စစ်ဆင်ရေးနှင့် ရွှေဝါမြေ စစ်ဆင်ရေး

၃,၇၆,၃၀၇ တင်းကို နယ်လှေပေးခြင်း၊ ကောက်လိုင်း ၁၄,၆၁,၄၆၇ စည်းကို တလင်းသို့ သယ်ယူပေးခြင်း၊ ကုဗပေ ၃,၁၂,၉၃၉ ပေအရှည်အထိ လမ်းပြုပြင် ဖောက်လုပ်ပေးခြင်း၊ ကုဗပေ ၃,၂၉,၁၀၈ ပေအထိ တာတမံပြုလုပ်ပေးခြင်း စသည်တို့ကို လုပ်အားပေးဆောင်ရွက်ခဲ့ကြသည်။

ပြည်သူ့တပ်မတော်သားများ၏ လယ်ယာမြေ ပြည်သူ့အကျိုးပြု စစ်ဆင်ရေးများကို အနှောက်မြောက်တိုင်း စစ်ဌာနချုပ် စည်းရုံးရေးကော်မတီ၊ စစ်ကိုင်းတိုင်း ဒေသပါတီကော်မတီ၊ မန္တလေးတိုင်း ဒေသပါတီ ကော်မတီနှင့် အမှတ် ၅၅ ခြေမြန်တပ်မ ဌာနချုပ် စည်းရုံးရေး ကော်မတီတို့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် စစ်ကိုင်းတိုင်းနှင့် မန္တလေး တိုင်း တို့တွင်လည်း အကောင်အထည်ဖော် ဆင်နွှဲခဲ့သည်။

ရွှေမင်းဝံ စစ်ဆင်ရေးဖြင့် စစ်ကိုင်းတိုင်းအတွင်းရှိ စပါး အထူးအထွက်တိုး နယ်မြေများဖြစ်သော ဒီပဲယင်း၊ ရွှေဘို၊ ဝက်လက်၊ ကောလင်း၊ ဝန်းသို့၊ အင်းတော်မြို့နယ်များ၌ တောင်သူဦးကြီးတို့၏ လယ်ယာ လုပ် ငန်း ခွင် များ တွင် တပ်မတော်သားများသည် လုပ်အားပေးခဲ့ကြသည်။

မန်းရွှေဝါစစ်ဆင်ရေးဖြင့် မန္တလေးတိုင်းအတွင်းရှိ သီးနှံ အထွက်တိုး နယ်မြေများ ဖြစ်သော ပုသိမ်ကြီး၊ မတ္တရာ၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ အမရပူရ၊ မိတ္ထီလာ၊ ရမည်းသင်း မြို့နယ်များ၌ လယ်ယာမြေ ပြည်သူ့အကျိုးပြု လုပ်ငန်းများတွင် တပ်မတော်သားများသည် လုပ်အားပေး ဆောင်ရွက်ခဲ့ကြသည်။

ထို့အပြင် ပြည်သူ့ တပ်မတော် သား များသည် မေမြို့ မြို့နယ်တွင် နှင်းရွှေဝါ စစ်ဆင်ရေး၊ မိတ္ထီလာ မြို့နယ်တွင် ထီလာရွှေဝါစစ်ဆင်ရေး၊ တောင်ငူမြို့နယ်တွင် ရွှေဝါလေး စစ်ဆင်ရေး စသည့်စစ်ဆင်ရေး စစ်ကြောင်းများဖြင့်လည်း ၁၉၈၄ ခုနှစ် စိုက်ပျိုးရေးရာသီတွင် စပါးအထူးအထွက်တိုး မြို့နယ်များ၌ လယ်ယာမြေ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

ယင်းကဲ့သို့ လယ်ယာမြေ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပြည်သူ့တပ်မတော်သားများသည် ပြည်သူ့ရဲတပ်ဖွဲဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲဝင်များ၊ ကြက်ခြေနီတပ်ဖွဲဝင်များ၊ ကျေးလက်လူငယ်များနှင့် လက်ရည်တပြင်တည်း လက်တွဲ ဆောင်ရွက်ခဲ့ကြသည်။

**မြန်မာနိုင်ငံစာပေဆုများ။** ။မြန် မာ့ ဆို ရှယ် လစ် လမ်းစဉ်ပါတီသည် ပြည်သူ့အကျိုးပြုစာပေများ ထွန်းကား ရေးအတွက် စာပေနှင့် စာနယ်ဇင်းဆိုင်ရာ ပူဇော်ဒများကို ချီးမြှင့် ပေး ထား ပြီး ဖြစ်သည်။ ထို့မူဝါဒများနှင့်အညီ ပြန်ကြားရေးဝန်ကြီးဌာနသည် အရည်အသွေး ပြည့်မီသော ပြည်သူ့အကျိုးပြု စာပေများကို စာပေဗိမာန်စာမူဆုအဖြစ်



အမျိုးသားစာပေဆု (၁၉၇၃) ချီးမြှင့်ခံကြရသူများ (ဝဲမှယာ) ဒဂုဏ်နတ်ရှင်၊ မောင်ထွန်းသူ၊ ချစ်ကိုကို

လည်းကောင်း၊ အမျိုးသားစာပေဆု အဖြစ်လည်းကောင်း ချီးမြှင့်ခဲ့သည်။

စာပေဗိမာန်စာမူဆုအတွက် ပုံနှိပ်ခြင်းမပြုရသေးသော ပြိုင်ပွဲဝင် စာမူသစ်များအနက်မှ ရွေးချယ်ခဲ့သည်။ အမျိုးသား စာပေဆုအတွက်မူ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ ဗဟိုမှတ်ပုံတင်အဖွဲ့တွင် တနှစ်အတွင်း မှတ်ပုံတင်ပြီး ထုတ်ဝေခဲ့သည့် စာအုပ်များအနက်မှ ရွေးချယ်ခဲ့သည်။

စာပေဗိမာန်စာမူဆုကို ၁၉၆၉ ခုနှစ်မှစ၍ နှစ်စဉ် ဘာသာရပ် ၁၁ မျိုးအတွက် ရွေးချယ်ချီးမြှင့်ခဲ့ရာ ၁၉၇၄ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့က စာပေဗိမာန် ပြည်သူ့ စာကြည့်တိုက်တွင် ကျင်းပခဲ့သော ၁၉၇၃ ခုနှစ် စာပေဗိမာန် စာမူဆုအထိ ၁၅ နှစ်တိတိရှိခဲ့ပြီ ဖြစ်သည်။ ၁၉၇၃ ခုနှစ် စာပေဗိမာန် စာမူဆုတွင် ဘာသာရပ် ၁၁ မျိုးအတွက် စာမူ စုစုပေါင်း ၁၆၇ ခု ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ဝတ္ထုရှည်ဆု တဆု၊ ဝတ္ထုတိုပေါင်းချုပ်ဆု တဆု၊ ဘာသာပြန် စာပေဆု တဆု၊ ကလေး စာပေဆု နှစ်ဆု၊ လူငယ် စာပေဆု တဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆုတဆု၊ စုစုပေါင်း ခုနစ်ဆုသာ ချီးမြှင့်နိုင်ခဲ့သည်။

၁၉၇၃ ခုနှစ်အတွက် အမျိုးသားစာပေဆုကို ၁၉၇၄ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့ (နတ်တော်လဆန်း ၁ ရက်နေ့)က ရန်ကုန်မြို့ ဂေါဒင်လမ်းရှိ လဟာပြင်ဇာတ်ရုံတွင် ကျင်းပခဲ့သည်။ စာပေဆုများကို ၁၉၆၂ ခုနှစ်မှ ၁၉၆၄ ခုနှစ် အထိ အနုပညာစာပေဆုများအဖြစ် ချီးမြှင့်ခဲ့ပြီး ၁၉၆၅ ခုနှစ်မှ စ၍ အမျိုးသားစာပေဆုအမည်သို့ ပြောင်းကာ ချီးမြှင့်ခဲ့သည်။

၁၉၇၃ ခုနှစ်အတွင်း ရေးသားထုတ်ဝေခဲ့သမျှသော စာအုပ်များကို ဘာသာရပ် ၁၃ မျိုးခွဲ၍ ဆုချီးမြှင့်ရန် ရွေးချယ်ခဲ့ရာ ယင်းတို့အနက် ဘာသာပြန် (ရသ) ဆု၊ စာပဒေသာဆု၊ သုတပဒေသာ (ဝိဇ္ဇာ) ဆု စုစုပေါင်း အမျိုးသားစာပေဆု သုံးဆုသာ ချီးမြှင့်နိုင်ခဲ့သည်။




စာပေဗိမာန်စာမူဆု (၁၉၇၃) ချီးမြှင့်ခံကြရသူများ (ဝဲမှယာ)တင်ဇော် (ညောင်လေးပင်)၊ကျော်ကုန်းညွှန့်မူး၊ ချိုးဖြူခင်၊ စန္ဒာမြင့်၊ ဒေါက်တာ အာလော၊ မင်းနွယ်သိမ်း၊ မန်းညွှန့်တင်

## ၁၉၇၃ ခုနှစ်အတွက် အမျိုးသား စာပေဆု

| ဆုအမည် | စာအုပ်အမည် | ဆုရသူ |
|---|---|---|
| ဘာသာပြန်ရသဆု | ရဲတိုက် | မောင်ထွန်းသူ |
| စာပဒေသာဆု | စာရာမေတိခရီးသည် | ချစ်ကိုကို |
| သုတပဒေသာ(ဝိဇ္ဇာ) | မြန်မာ့ရိုးရာ ကိန်းဂဏန်းသင်္ချာ | ဒဂုန်နတ်ရှင် |

## ၁၉၇၃ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု

### ဝတ္ထုရှည်ဆု

ဒုတိယဆု အနှင်းခဲနိုင်သောစပါးသန်သည် ကျော်ကုန်းညွှန့်မူး

### ဝတ္ထုတိုပေါင်းချုပ်ဆု

ဒုတိယဆု စိန်ဖြင့်ပြုလုပ်သော နှလုံးသားပိုင်ရှင်များ ချိုးဖြူခင်

### ဘာသာပြန် စာပေဆု

ပထမဆု ဇီဝရိပ်ရောင် ဒေါက်တာ အာလော

### ကလေး စာပေဆု

ဒုတိယဆု မေတ္တာလက်ဆောင် ဝတ္ထုတိုများ မင်းနွယ်သိမ်း
တတိယဆု သီတာရေစင်ပုံဝတ္ထုတိုများ စန္ဒာမြင့်

### လူငယ် စာပေဆု

တတိယဆု ပုရစ်ဖူးဝေဝေစီ လူငယ်ဝတ္ထုတိုများ တင်ဇော် (ညောင်လေးပင်)

### မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆု

တတိယဆု မြန်မာ့သားရေတူရိယာ မန်းညွှန့်တင်

## မြန်မာနိုင်ငံတော်၊ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ

။ ။မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မတီ ၁၁ ကြိမ်မြောက်အစည်းအဝေးကို အလုံလမ်း သမ္မတအိမ်တော်ဝင်းအတွင်းရှိ ဗဟို အစည်း အဝေး ခန်းမ၌ ၁၉၇၄ ခုနှစ် မတ်လ ဂ ရက်နေ့မှ ၉ ရက်နေ့ အထိ ကျင်းပရာ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ အထွေထွေ အတွင်းရေးမှူး ဦးအေးကိုက သဘာပတိအဖြစ် ဆောင်ရွက်သည်။ အစည်း အဝေး၌ ပါတီ ဗဟို အလုပ် အမှ ဆောင် ကော်မတီ၊ ပါတီ လုပ်ငန်းစီစစ်ရေးကော်မတီ၊ ပါတီစည်းကမ်းထိန်းသိမ်းရေး ကော်မတီတို့၏ အစီရင်ခံစာများကို ဗဟို ကော် မတီ ဝင် များက ဆွေးနွေးအတည်ပြုသည်။

မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မတီ ၁၂ ကြိမ်မြောက်အစည်းအဝေးကို အလုံလမ်း သမ္မတအိမ်တော်ဝင်း အတွင်းရှိ ဗဟို အစည်းအဝေး ခန်းမ၌ ၁၉၇၄ ခုနှစ် အောက်တိုဘာလ ၁၁ ရက်နေ့မှ ၁၂ ရက်နေ့အထိ ကျင်းပရာ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းက သဘာပတိအဖြစ် ဆောင်ရွက်သည်။ အစည်းအဝေး၌ ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊ ပါတီလုပ်ငန်း စီစစ်ရေး ကော်မတီ၊ ပါတီစည်းကမ်းထိန်းသိမ်းရေး ကော်မတီတို့၏ အစီရင်ခံစာများကို ဗဟိုကော်မတီဝင်များက ဆွေးနွေး အတည်ပြုသည်။ ထို့နောက် တဲ့ဖက်အထွေထွေ အတွင်းရေး မှူး ဦးစိန်လွင်က မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ ပဉ္စမ အကြိမ် ပါတီညီလာခံကျင်းပရေးကိစ္စနှင့် ပဉ္စမအကြိမ် ပါတီညီလာခံကျင်းပရေး ကော်မရှင် ဖွဲ့စည်းရန်ကိစ္စကို တင် ပြသည်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ပဉ္စမအကြိမ် ပါတီ ညီလာခံ ကျင်းပရေး ကော်မရှင်၏ ပထမအကြိမ် အစည်း အဝေးကို အလုံလမ်း သမ္မတအိမ်တော်ဝင်းအတွင်းရှိ ဗဟို အစည်းအဝေးခန်းမ၌ ၁၉၇၄ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့တွင် ကျင်းပရာ သဘာပတိအဖြစ် မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ အထွေထွေအတွင်းရေးမှူး ဦးအေးကိုက ဆောင်ရွက်သည်။

ထိုအစည်းအဝေးတွင် ၁၉၇၅ ခုနှစ် ဩဂုတ်လတွင် ကျင်းပမည့် ပဉ္စမ အကြိမ် ပါတီညီလာခံ အတွက် ပဉ္စမ အကြိမ် ပါတီညီလာခံကျင်းပရေးကော်မရှင် အလုပ်အမှု ဆောင် ကော်မတီကို ဥက္ကဋ္ဌ အဖြစ် မြန် မာ့ ဆို ရှယ် လစ် လမ်းစဉ် ပါတီ အထွေထွေ အတွင်းရေးမှူး ဦးအေးကိုနှင့် အတွင်းရေးမှူးအဖြစ် ပါတီဗဟိုကော်မတီဌာနခွဲပြု အတွင်း ရေးမှူး ဦးသိန်းငွေတို့ ပါဝင်သော အဖွဲ့ဝင် ၂၀ ဦး ဖြင့် လည်းကောင်း၊ ပါတီညီလာခံကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီကို ဥက္ကဋ္ဌအဖြစ် ဗဟို အလုပ်အမှုဆောင် ကော် မတီဝင် ဗိုလ်ချုပ်ကြီး သူရကျော်ထင်နှင့် အတွင်းရေးမှူး အဖြစ် ဗဟိုရေးရာကော်မတီ အတွင်းရေးမှူး ဦးကျော်မင်း တို့ ပါဝင်သော အဖွဲ့ဝင် ရှစ်ဦးဖြင့်လည်းကောင်း၊ ပါတီညီ လာခံ ဆုံးဖြတ်ချက်နှင့် မှတ်တမ်းများ ပြင်ဆင်ရေး ကော် မတီကို ဥက္ကဋ္ဌ အဖြစ် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ဦးဇော်ဝင်းနှင့် အတွင်းရေးမှူးအဖြစ် ဗဟိုရေးရာကော်မတီ အတွင်းရေးမှူး ဦးကျော်သန့်တို့ ပါဝင်သော အဖွဲ့ဝင် ၁၁ ဦး ဖြင့် လည်းကောင်း၊ ရွေးချယ်တင်မြှောက်ပဲ့ ကြီးကြပ်ရေး ကော်မတီကို ဥက္ကဋ္ဌအဖြစ် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ တဲ့ဖက်အထွေထွေအတွင်းရေးမှူး ဦးစိန်လွင်နှင့် အတွင်းရေး မှူးအဖြစ် ဗဟိုရေးရာကော်မတီအတွင်းရေးမှူး ဦးမင်းကြည် တို့ပါဝင်သော အဖွဲ့ဝင် ၁၅ ဦး ဖြင့် လည်း ကောင်း၊ ဆက် သွယ်ရေးနှင့် သတင်းထုတ်ပြန်ရေးကော်မတီကို ဥက္ကဋ္ဌအဖြစ် ဗဟို အလုပ် အမှု ဆောင် ကော်မတီဝင် ဦးမောင်မောင်ခ နှင့် အတွင်းရေးမှူး အဖြစ် ပညာ ပေး ရေး ဌာန ကြီးမှူး ဦးတင်လတ် ပါဝင်သော အဖွဲ့ဝင်ကိုးဦး ဖြင့် လည်းကောင်း၊ စီမံခန့်ခွဲရေးကော်မတီကို ဥက္ကဋ္ဌ အဖြစ် ဗဟိုကော်မတီဝင် ဦးလှထွန်းနှင့် အတွင်းရေးမှူးအဖြစ် စီမံခန့်ခွဲရေး ဌာနကြီး မှူး ဦးကျော်စိန်ဝင်းတို့ ပါဝင်သော အဖွဲ့ဝင် ၁၁ ဦးဖြင့် လည်းကောင်း ဖွဲ့စည်းခဲ့သည်။

### ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်ခြင်း

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန် မာ နိုင် ငံ တော် နိုင်ငံတော်ကောင်စီသည် ဖွဲ့စည်းပုံ အခြေခံဥပဒေကပြဋ္ဌာန်း ပေးအပ်ထားသော လုပ်ပိုင်ခွင့်များအရ ၁၉၇၄ ခုနှစ် ဇန္နဝါရီလ ၄ ရက် လွတ်လပ်ရေး နှစ်ပတ်လည်အောင်ပွဲနေ့တွင် အမိန့်ကြော်ငြာစာများထုတ်ပြန်ကာ ဘွဲ့တံဆိပ်တော်များ၊ ဘွဲ့ထူး၊ ဂုဏ်ထူးနှင့် ဆုတံဆိပ်များကို ဆက်ကပ်လှူဒါန်း ခြင်းနှင့် ချီးမြှင့်အပ်နှင်းခြင်းများ ပြုလုပ်ခဲ့သည်။ (ဂုဏ် ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ — ရှု။)

### တတိယအကြိမ် ပြည်သူ့လွှတ်တော်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် တတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမအစည်းအဝေးကို ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ၁၉၇၄ ခုနှစ် မတ်လ ၁၂ ရက်နေ့မှ ၁၆ ရက်နေ့အထိ ကျင်းပခဲ့ရာ နိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌကြီး ဦးစန်းယုအမှူးပြုသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၅၀ ကျော် တက်ရောက်ခဲ့သည်။ ယင်းအစည်းအဝေး ကြီးက ပြဋ္ဌာန်းခြင်းလေးရပ်၊ ရွေးချယ်တင်မြှောက်ခြင်း တ၂ပ်၊ ဆုံးဖြတ်ခြင်းတရပ်နှင့် မှတ်တမ်းတင်ခြင်း ၁၀ ရပ် တို့ကို ဆောင်ရွက်ပြီးစီးခဲ့သည်။

တတိယအကြိမ် ပြည်သူလွှတ်တော် ဆဋ္ဌမ အစည်းအဝေးက အတည်ပြုပြဋ္ဌာန်းခဲ့သော ၁၉၇၄ ခုနှစ် စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုရည်မှန်းချက်များဆိုင်ရာ ဥပဒေ (၁၉၇၄ ခုနှစ် ပြည်သူလွှတ်တော်ဥပဒေအမှတ် ၁)၊ ပြည်သူကောင်စီအဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့် ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၁၉၇၄ ခုနှစ်၊ ပြည်သူလွှတ်တော် ဥပဒေအမှတ် ၂)၊ ဘဏ္ဍာငွေဥပဒေ (၁၉၇၄ ခုနှစ်၊ ပြည်သူလွှတ်တော်ဥပဒေ အမှတ် ၃) နှင့် ၁၉၇၄ ခုနှစ် နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ (၁၉၇၄ ခုနှစ် ပြည်သူလွှတ်တော်ဥပဒေ အမှတ် ၄)တို့ကို နိုင်ငံတော်ကောင်စီဥက္ကဋ္ဌက ၁၉၇၄ ခုနှစ် မတ်လ ၂၇ ရက်တွင် လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့သည်။

တတိယအကြိမ် ပြည်သူလွှတ်တော် သတ္တမ အစည်းအဝေးကို ရန်ကုန်မြို့ ပြည်သူလွှတ်တော် အစည်းအဝေးခန်းမ၌ ၁၉၇၄ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့မှ ၁၉ ရက်နေ့အထိ ကျင်းပရာ နိုင်ငံတော်သမ္မတကြီးဦးစန်းယု အမှူးပြုသော ပြည်သူလွှတ်တော် ကိုယ်စားလှယ် ၄၅၀ ကျော် တက်ရောက်ခဲ့သည်။ ယင်းအစည်းအဝေးကြီးက ပြဋ္ဌာန်းခြင်းသုံးရပ်၊ ရွေးချယ်တင်မြောက်ခြင်း လေးရပ်၊ ဖဲ့စည်းခြင်းတရပ်နှင့် မှတ်တမ်းတင်ခြင်း ၁၁ ရပ်တို့ကို ဆောင်ရွက်ပြီးစီးခဲ့သည်။

တတိယအကြိမ် ပြည်သူလွှတ်တော် သတ္တမ အစည်းအဝေးက အတည်ပြုပြဋ္ဌာန်းခဲ့သော ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် စည်ပင်သာယာရေးဥပဒေ (၁၉၇၄ ခုနှစ် ပြည်သူလွှတ်တော်ဥပဒေအမှတ် ၅) ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းဥပဒေ (၁၉၇၄ ခုနှစ် ပြည်သူလွှတ်တော်ဥပဒေ အမှတ် ၆) နှင့် လျှပ်စစ်ဥပဒေ (၁၉၇၄ ခုနှစ် ပြည်သူလွှတ်တော်ဥပဒေအမှတ် ၇) တို့ကို နိုင်ငံတော်ကောင်စီဥက္ကဋ္ဌက ၁၉၇၄ ခုနှစ် အောက်တိုဘာလ ၂၂ ရက်နေ့တွင် လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့သည်။

## ပါတီဥက္ကဋ္ဌကြီး၏ ပြည်ပခရီး

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီးဦးနေဝင်းနှင့် ဇနီးတို့သည် ၁၉၇၄ ခုနှစ် ဇွန်လ ၁၄ ရက်နေ့တွင် ပြည်ပသို့ ခရီးထွက်ခွာသွားခဲ့ပြီး မြန်မာနိုင်ငံသို့ ဩဂုတ်လ ၉ ရက်နေ့တွင် ပြန်လည် ရောက်ရှိ ခဲ့သည်။ ပါတီဥက္ကဋ္ဌကြီးနှင့်အတူ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး သူရ ကျော်ထင် အမှူးပြုသော တပ်မတော်အရာရှိကြီးများ၊ အမှတ် (၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးမောင်ချိုနှင့် ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ အဖွဲ့ဝင် ဦး လေး မောင် တို့ လည်း လိုက်ပါသွားခဲ့ကြသည်။



နိုင်ငံတော်ဝန်ကြီးချုပ် ဦးမောင်မောင်ခ သြစတြေးလျနိုင်ငံ ကင်ဘာရာမြို့ရှိ စစ်အတွင်း ကျဆုံးသူများအတွက် အထိမ်းအမှတ် ဗိမာန်၌ လွှမ်းသူ့ပန်းခွေချခဲ့စဉ်

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းသည် အိန္ဒိယသမ္မတနိုင်ငံသို့ ၁၉၇၄ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ထွက်ခွာပြီး မြန်မာနိုင်ငံသို့ ၂၁ ရက်နေ့တွင် ပြန်လည်ရောက်ရှိခဲ့သည်။ ပါတီဥက္ကဋ္ဌကြီးနှင့် အဖွဲ့သည် ကွယ်လွန်သူ အိန္ဒိယဝန်ကြီးချုပ် ရှရီမာတီအင်ဒီရာဂန္ဒီအား မီးသင်္ဂြိုဟ်သည့် ယမုန်နာမြစ်ကမ်းရှိ ရှန်တီဝနာသို့ သွားရောက်၍ လွှမ်းသူ့ပန်းခွေချအလေးပြု ခဲ့သည်။ သမ္မတကြီး ရှရီဇိုင်းလ်ဆင်းအား တွေ့ဆုံနှုတ်ဆက်ခဲ့သည်။ ဝန်ကြီးချုပ် ရှရီ ရာဂျစ် ဂန္ဒီနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။ ပါတီဥက္ကဋ္ဌကြီးဦးနေဝင်းနှင့်အတူ ပါတီဗဟို အလုပ်အမှုဆောင်ကော်မတီဝင် ဒေါက်တာမောင်မောင်၊ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးသူရကျော်ထင်နှင့် အခြားအဖွဲဝင်များလည်း လိုက်ပါသွားခဲ့ကြသည်။

## နိုင်ငံခြားဆက်ဆံရေး

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတကြီးနှင့် နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌကြီး ဦးစန်းယုနှင့် ဇနီးတို့သည် ဂျပန်နိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံသို့ ဧည့်သည်တော်အဖြစ် ၁၉၇၄ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှ ၁၁ ရက်နေ့အထိ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။ နိုင်ငံတော်သမ္မတကြီး ဦးစန်းယု နှင့်

အတူ နိုင်ငံတော်ကောင်စီဝင် ဦးဇော်ဝင်းနှင့် ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးချစ်လှိုင်၊ လယ်ယာနှင့် သစ်တောဝန်ကြီးဌာန ဝန်ကြီးဦးရဲခေါင်နှင့် ဇနီး၊ အမှတ် (၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးတင့်ဆွေနှင့် ဇနီး နှင့် အခြားတာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါသွားခဲ့ကြသည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန် မာ နိုင် ငံ တော် နိုင်ငံတော် သမ္မတကြီးနှင့် နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌကြီး ဦးစန်းယုနှင့်ဇနီးတို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး လီရှန်နင်း၏ ဖိတ်ကြားချက်အရ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့မှ နိုဝင်ဘာလ ၇ ရက်နေ့အထိ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။ နိုင်ငံတော်သမ္မတကြီးနှင့်အတူ နိုင်ငံတော်ကောင်စီဝင် ဦးသာကျော်နှင့်ဇနီး၊ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်မောင်နှင့်ဇနီး၊ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး သူရ ဦးထွန်းတင်နှင့် ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးချစ်လှိုင်၊ အမှတ် (၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးတင့်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းနှင့် အခြား တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါသွားခဲ့ကြသည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန် မာ နိုင် ငံ တော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးမောင်မောင်ခ၏ ဖိတ်ကြားချက်အရ ချက်ကိုစလိုဗက် ဆိုရှယ်လစ် သမ္မတနိုင်ငံ နိုင်ငံတော်ဝန်ကြီးချုပ်မစ္စတာ လူဘိုမီယာစထရောဂါးလ်နှင့် အဖွဲ့သည် မြန်မာနိုင်ငံသို့ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့မှ ၂၅ ရက်နေ့ အထိ သုံးရက်ကြာ ချစ်ကြည်ရေးခရီး အလည်အပတ် လာရောက်ခဲ့သည်။ ဝန်ကြီးချုပ်နှင့်အတူ ဒုတိယဝန်ကြီးချုပ် မစ္စတာ အယ်လ် ဂဲရာလဲ၊ နိုင်ငံခြား ကုန်သွယ်ရေး ဝန်ကြီးဌာနဝန်ကြီး မစ္စတာ ဘူမီလ် အူရ်ဆန်တို့ အပါအဝင် အဖွဲဝင် ၂၄ ဦး ပါဝင်ပြီး သတင်းစာဆရာ ၁၀ ဦး လိုက်ပါခဲ့ကြသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန် မာ နိုင် ငံ တော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးမောင်မောင်ခသည် ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဇောဗတ်ဟောဒ်၏ ဖိတ်ကြားချက်အရ ၂၀၁၄ ခုနှစ် ဧပြီလ ၂ ရက်နေ့မှ ၇ ရက်နေ့အထိ ဩစတြေးလျ နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။ နယူးဇီလန်နိုင်ငံ ဝန်ကြီးချုပ် ဆာ ဇောဗတ် မူဒွန်း၏ ဖိတ်ကြားချက်အရ ၂၀၁၄ ခုနှစ် ဧပြီလ ၇ ရက်နေ့မှ ၁၁ ရက်နေ့အထိ နယူးဇီလန်နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။ ဝန်ကြီးချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးချစ်လှိုင်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးသန်းတင်နှင့် အခြားအဖွဲဝင်များ လိုက်ပါသွားခဲ့ကြသည်။

ချက်ကိုစလိုဗက် ဆိုရှယ်လစ် သမ္မတနိုင်ငံ၊ နိုင်ငံတော်ဝန်ကြီးချုပ်မစ္စတာ လူဘိုမီယာ စထရောဂါးလ်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးမောင်မောင်ခသည် ချက်ကိုစလိုဗက် ဆိုရှယ်လစ် သမ္မတနိုင်ငံသို့ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့မှ ၁၇ ရက်နေ့အထိ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင် ငံ တော် ဒုတိယ ဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး သူရ ဦးထွန်းတင်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးဌာနဝန်ကြီး ဒေါက်တာ ယူဂင်ဗန်ကာ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၄ ခုနှစ် မတ်လ ၂ ရက်နေ့တွင် မြန်မာနိုင်ငံသို့ရောက်ရှိပြီး မတ်လ ၇ ရက်နေ့တွင် ပြန်လည်ထွက်ခွာသွားခဲ့သည်။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် အစိုးရနှင့် ပြည်ထောင်စု သမ္မတ ဂျာမနီနိုင်ငံ အစိုးရတို့ ဘဏ္ဍာရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကို ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် အစိုးရ ကိုယ်စား ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး သူရ ဦးထွန်းတင်ကလည်းကောင်း၊ ပြည်ထောင်စု သမ္မတ ဂျာမနီအစိုးရကိုယ်စား ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ယူဂင်ဗန်ကာနှင့် မြန်မာနိုင်ငံ ဆိုင်ရာ ပြည်ထောင်စု သမ္မတ ဂျာမနီနိုင်ငံ သံအမတ်ကြီး ဒေါက်တာ ဟဲလ်မုတ်တုခ် တို့က ပူးတွဲ၍လည်းကောင်း ၂၀၁၄ ခုနှစ် မတ်လ ၇ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီး သူရဦးထွန်းတင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲသည် ၁၇ ကြိမ်မြောက် အာရှဖွံ့ဖြိုးရေးဘဏ် အစည်းအဝေးတက်ရောက်ရန်အတွက် နယ်သာလင်နိုင်ငံ၊ အမ်စတာဒမ်မြို့သို့ လည်းကောင်း၊ စီပွားရေးရာကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးရန်အတွက် ဗြိတိန်နိုင်ငံနှင့် ဗဲလ်ဂျီယမ်နိုင်ငံသို့လည်းကောင်း ၂၀၁၄ ခုနှစ် ဧပြီလ ၂၁ ရက်နေ့မှ မေလ ၅ ရက်နေ့အထိ သွားရောက်ခဲ့သည်။

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီး သူရ ဦးထွန်းတင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ စီးပွားရေးပူး ပေါင်း ဆောင်ရွက်ရေးနှင့် ချစ်ကြည်ရေးအတွက် ၂၀၁၄ ခုနှစ် ဇွန်လ ၁၆ ရက်နေ့မှ ၂၇ ရက်နေ့အထိ သွားရောက်ခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးချစ်လှိုင် ခေါင်း

ဂုဏ်ရှိဆုံး ပြည်ထောင်စုနှစ်ပြုလုပ်ရေး ဒုတိယကြိမ်မြောက် ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌအဖြစ် ကျော်ကျော်ဦး ဆောင်ရွက်ခဲ့စဉ်



ဆောင်သော အဖွဲ့ဝင် လေးဦးပါဝင်သည့်အဖွဲ့သည် ၁၉၇၄ ခုနှစ် မေလ ၂ ရက်နေ့မှ ၁၂ ရက်နေ့အထိ နီပေါနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ ချစ်ကြည်ရေး ခရီးသွားရောက်ခဲ့ပြီး ယင်းနိုင်ငံများမှနိုင်ငံခြားရေးဝန်ကြီးများနှင့်နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကိုဆွေးနွေးခဲ့သည်။

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တွင် ၁၉၇၄ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့မှ စတင်ကျင်းပသော ၃၉ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးချစ်လှိုင် ခေါင်းဆောင်သည့် မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

## ပြည်ပပို့ကုန်များ

၁၉၇၄-၇၅ ခုနှစ်အတွက် ပြည်ပပို့ကုန်ပစ္စည်းများ စုစုပေါင်း ကျပ် ၄၂၆ ဒသမ၉၈ ကုဋေတန်ဖိုး တင်ပို့ရောင်းချရန် လျာထား သတ်မှတ်ခဲ့ရာ ၁၉၇၄ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ စုစုပေါင်း စာချုပ်ပြီး တန်ဖိုးမှာ ကျပ် ၃၀၈ ဒသမ ၂၀ ကုဋေဖြစ်သည်။ စာချုပ်ချုပ်ဆိုပြီး တန်ဖိုးအနက်မှ ကျပ် ၂၁၁ ဒသမ ၃၄ ကုဋေဖိုး တင်ပို့ပြီးဖြစ်သည်။

## လယ်ယာနှင့်သစ်တောကဏ္ဍ

၁၉၇၄-၇၅ ခုနှစ်အတွင်း တနိုင်ငံလုံး၌ စုစုပေါင်းစိုက်ပျိုးရန် ရည်မှန်းထားသည့် သီးနှံဧရိယာမှာ ကေ ၂၆ ဒသမ ၁ သန်းဖြစ်သည်။ ထိုစိုက်ပျိုးမြေများမှ စပါးတင်းပေါင်း ၇,၁၈၄ ဒသမ ဂ သိန်း၊ ဂျုံတင်းပေါင်း ၅၄ ဒသမ ၇ သိန်း၊ ပြောင်းဖူးစေ့တင်းပေါင်း ၁၇၁ ဒသမ ၄ သိန်း၊ ပဲမျိုးစုံတင်းပေါင်း ၂၀၆ ဒသမ ၅ သိန်း၊ မြေပဲတင်းပေါင်း ၅၈၈ ဒသမ ၇သိန်း၊ နှမ်းတင်းပေါင်း ၁၂၃ ဒသမ ၄ သိန်း၊ နေကြာတင်းပေါင်း ၉၆ ဒသမ ၉ သိန်း၊ ဝါပိဿာ ၈၅၈ ဒသမ ၅ သိန်း၊ ဂုန်လျှော်ပိဿာ ၆၁၁ ဒသမ ၄ သိန်း၊ ကြက်ပေါင်စေး ပေါင် ၃၄၃ ဒသမ ၃သိန်း၊ ချက်ကြံရင့် တန်ရှည် ၃၀ ဒသမ ၄ သိန်း၊ မြန်မာဆေးပိဿာ ၃၄၄ သိန်း၊ ဗာဂျီးနီးယား ဆေးပိဿာ ၂၅၅ ဒသမ ၄ သိန်း၊ ပီလော ပီနံ ပိဿာ ၅၁၅ ဒသမ ၆ သိန်းထုတ်ရှိရန် ရည်မှန်းထားခဲ့သည်။

စပါးသီးနှံကို ၁၉၇၄-၇၅ ခုနှစ်အတွင်း ပထမတိုင်းတာချက်အရ စပါးအထွက်မှာ တင်းသိန်းပေါင်း ၆,၉၉၁ သိန်း ထွက်ရှိမည်ဟု လျာထားသည့်အနက် နိုင်ငံတော်က စပါးတင်းသိန်းပေါင်း ၂,၂၃၀ ဝယ်ယူရန် လျာထားသတ်မှတ်ခဲ့သည်။ ၁၉၇၄ ခုနှစ် ဒီဇင်ဘာလကုန်အထိ စပါးတင်းသိန်းပေါင်း ၆၂၁ သိန်း ဝယ်ယူရရှိခဲ့သည်။

နိုင်ငံတော်၏ အခြေခံစီးပွားရေးလုပ်ငန်းဖြစ်သော လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်ရေးအတွက် ၁၉၇၄ ခုနှစ် အတွင်း စိမံကိန်း လျာထားချက်နှင့်အညီ ဆည်မြောင်း တာတမံများ တိုးတက်တည်ဆောက်ခဲ့သည်။ ၁၉၇၄-၇၅ ခုနှစ် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်အရ ဆည်မြောင်းဦးစီးဌာနသည် ချောင်းဦးမြို့နယ် ချင်းတွင်းမြစ် ရေဘေးကာကွယ်ရေး၊ ပြင်ကြီးကျွန်းတာတမံ၊ ရွှေလေး ရေလှောင်တမံ၊ တောင်နဝင်းဆည်မြောင်း၊ ဆည်တော်ကြီး ရေလှောင်တမံ၊ ရခိုင်ပြည်နယ် ရေဘေးကာကွယ်ရေးအပိုင်း (၂)၊ အောက်မြန်မာနိုင်ငံ စပါးစိုက်ပျိုးမှု တိုးတက်ဖွံ့ဖြိုးရေး စိမံကိန်း (စိမံကိန်း၁ နှင့် ၂)၊ ရေစုပ်စက်များဖြင့် ရေပေးဝေရေး စိမံကိန်း၊ ကန်ငယ်များ ဆည်မြောင်းစိမံကိန်း၊ ကင်းတား ရေလှောင်တမံ ဘက်စုံစိမံကိန်း၊ ငလိုက်ချောင်း ရေလှောင်တမံလုပ်ငန်း စိမံကိန်း၊ မြေအောက် ရေဖြင့်စိုက်ပျိုးရေး စိမံကိန်းနှင့် ကိုးပင်ချောင်း ရေလှောင်တမံ စိမံကိန်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

သစ်တောမပြုန်းတီးစေပဲ ပြည်တွင်းသုံး ဖူလုံစေရန်နှင့် ပြည်ပသို့ တင်ပို့နိုင်ရန် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ထင်းရှူးစသည့်သစ်မျိုးများဖြင့် စီးပွားရေးစိုက်ခင်းများကို တိုးချဲ့စိုက်ပျိုးခဲ့သည်။ ၁၉၇၄-၇၅ ခုနှစ်အတွင်း ပြည်နယ်၊ တိုင်းနှင့် မြို့နယ်များအတွင်း ကျွန်းနှင့် အဖိုးတန်သစ်မာသစ်မျိုးများဖြင့် စီးပွားရေးစိုက်ခင်း ၄၅,၆၁၃ ကေ၊ စက်မှုကုန်ကြမ်းစိုက်ခင်း ကေ ၃,၇၁၀၊ ကျေးရွာသုံး စိုက်ခင်း (ကျေးရွာသုံး သစ်/ထင်းစိုက်ခင်း) ၁၇,၅၆၆ ကေ၊ ရေဝေရေလဲစိုက်ခင်း ၉,၅၇၅ ကေ၊ အရိပ်ပင် စိုက် ပျိုးခြင်း ၃,၅၀၅ ကေ၊ စုစုပေါင်း ၇၉,၉၇၉ ကေ စိုက်ပျိုးခဲ့သည်။

သစ် ထုတ် လုပ် ရေး ကို တိုး ချဲ့ အကောင်အထည်ဖော် လျက်ရှိရာ ၁၉၇၄ ခုနှစ် ပထမခြောက်လတွင် ကျွန်းသစ်လုံး ၁,၄၇,၇၇၇ တန် နှင့် သစ်မာသစ်လုံး ၂,၉၃,၇၉၅ တန် ထုတ်လုပ်နိုင်ခဲ့သည်။ ၁၉၇၄ ခုနှစ် ဒုတိယခြောက်လတွင် ကျွန်းသစ်လုံး ၂,၆၄,၆၄၄ တန် နှင့် သစ်မာသစ်လုံး ၂,၅၇,၄၁၉ တန် ထုတ်လုပ်နိုင်ခဲ့သည်။ ပြည်ပသို့ တင်ပို့မှုအခြေအနေမှာ ၁၉၇၄ ခုနှစ် ပထမခြောက်လတွင် ကျွန်းသစ် ၉၇,၉၉၁ တန်၊ တန်ဖိုး ကျပ်၄,၇၃၁ သိန်း၊ သစ်မာ ၂၃,၄၃၆ တန်၊ တန်ဖိုး ကျပ် ၂၃၅ သိန်းတင်ပို့နိုင်ခဲ့သည်။ ၁၉၇၄ ခုနှစ် ဒုတိယခြောက်လတွင် ကျွန်းသစ် ၁,၀၀,၇၇၇ တန်၊ တန်ဖိုး ကျပ် ၄,၉၆၆ သိန်း နှင့် သစ်မာတန် ၆,၃၂၀ တန်ဖိုးကျပ် ၁၁၉ သိန်း တင်ပို့နိုင်ခဲ့သည်။

## ရေနံ၊ သတ္တုကဏ္ဍ

ရေနံစိမ်းကို ၁၉၇၄ ခုနှစ် ပထမနှစ်ဝက်၌ အမေရိကန်စည် ၅၂,၄၃,၂၄၄၊ သဘာဝဓာတ်ငွေ့ကို ကုဗပေ သန်းပေါင်း ၉,၉၉၃ ထုတ်လုပ်ခဲ့သည်။ ၁၉၇၄ ခုနှစ် ဒုတိယနှစ်ဝက်၌ ရေနံစိမ်းကို အမေရိကန်စည် ၅၆,၆၇,၁၀၀၊

သဘာဝဓာတ်ငွေကို ကုဗပေသန်းပေါင်း ၁၁,၆၀၀ ထုတ်လုပ်ခဲ့သည်။

သတ္တုတူးဖော်ရေးလုပ်ငန်းတွင် နိုင်ငံတော်က မြေပေါ်မြေအောက်သယံဇာတ ပစ္စည်းများကို ထုတ်လုပ်နိုင်သမျှ ထုတ်လုပ်ရန် စီမံချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ခဲမဖြူ၊ အဖြိုက်နက်၊ ခဲ၊ သွပ်၊ သံရိုင်း၊ ကြေးနီ၊ ဖေ့စဖိတ်ကျောက်၊ ရွှေ၊ ကျောက်မျက် (စိန်) တို့ကို ဦးစားပေး ဆောင်ရွက်ခဲ့သည်။

သတ္တု တူးဖော်ထုတ်လုပ်နိုင်မှုအခြေအနေမှာ ၁၉၇၄ ခုနှစ် ပထမခြောက်လတွင် ငွေစင် အောင်စ ထောင်ပေါင်း ၃၅၉၊ ခဲစင် ၄,၃၅၉ တန်၊ ကြေးနီမက် ၇၇ တန်၊ ခဲမဖြူသန့်စင် ၃၉၆ တန်၊ အဖြိုက်နက်သန့်စင် ၂၅၇ တန် နှင့် ကျောက်စိမ်း ကီလိုထောင်ပေါင်း ၂၀,၅၃၅ ဖြစ်သည်။ ၁၉၇၄ ခုနှစ် ဒုတိယခြောက်လတွင် ငွေစင်အောင်စ ထောင်ပေါင်း ၂၁၆ ဒသမ ၂၊ ခဲစင် ၂,၅၂၆ တန်၊ ကြေးနီမက် ၂၂၆ တန်၊ ခဲမဖြူသန့်စင် ၆၅၁ ဒသမ ၃၆ တန်၊ အဖြိုက်နက် သန့်စင် တန် ထောင်ပေါင်း ၁၈၉ ဒသမ ၂ နှင့် ကျောက်စိမ်းကီလိုထောင်ပေါင်း ၁၈,၉၄၁ ဖြစ်သည်။

သတ္တု ထုတ်လုပ်မှုကို တွန်းအားပေး ဆောင်ရွက်သကဲ့သို့ သတ္တု တင်ပို့ ရောင်းချမှုကိုလည်း ဦးစားပေး ဆောင်ရွက်ခဲ့ရာ ၁၉၇၄ ခုနှစ် ပထမခြောက်လတွင် စုစုပေါင်း ကျပ် ထောင်ပေါင်း ၂,၃၇,၅၇၅ နှင့် ဒုတိယခြောက်လတွင် စုစုပေါင်း ကျပ်ထောင်ပေါင်း ၂,၃၇,၃၁၉ ရောင်းချနိုင်ခဲ့သည်။

စစ်ကိုင်းတိုင်းဆားလင်းကြီးမြို့နယ်တွင်ရှိသည့် အမှတ် (၁) ကြေးနီစီမံကိန်းကို အမှတ် (၁) သတ္တုတူးဖော်ထုတ်လုပ်ရေး ကော်ပိုရေးရှင်းမှ တာဝန်ယူ တည်ဆောက်ခဲ့သည်။ ၁၉၇၄ ခုနှစ် ပထမခြောက်လမှ စတင်၍ သန့်စင်ကြေးနီသတ္တုမှုန့် တန် ၂၀၀၀ ခန့် ထုတ်လုပ်ရရှိခဲ့သည်။ ဒုတိယခြောက်လပတ်တွင် သန့်စင်ကြေးနီမှုန့် တန် ၃၀,၀၀၀ ကို ပြည်ပသို့ ရောင်းချရန် စာချုပ်ထားပြီးဖြစ်သည်။

အမှတ် (၂) သတ္တုတူးဖော်ရေး ကော်ပိုရေးရှင်းသည် တနင်္သာရီတိုင်း ထားဝယ်မြို့နယ်အတွင်းရှိ ဟိန္ဒၢး သတ္တုတွင်း စီမံကိန်းမှ သတ္တုပိုမိုထုတ်လုပ်နိုင်ရန် ဟိန္ဒၢးမြောက်နှင့် ဟိန္ဒၢးအနောက်တို့တွင် သတ္တုတူးဖော်ရေး လုပ်ကွက်သစ်များကို တိုးချဲ့ဆောင်ရွက်ခဲ့သည်။

မန္တလေးတိုင်း မေမြို့ မြို့နယ် အနီးစခန်း ဒေသတွင် အမှတ် (၁) သံစီမံကိန်းနှင့် အမှတ်(၁) သံစီမံကိန်း တိုးချဲ့ အဆင့်(၁) စက်ရုံ တည်ဆောက်ရေး စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ အမှတ် (၁)သံနှင့် သံမဏိစက်ရုံ (မေမြို့)မှ ၁၉၇၄ ခုနှစ် ပထမခြောက်လတွင် သံနှင့် သံမဏိတုံးကြမ်း ၄,၀၇၂ တန် ထုတ်လုပ်ခဲ့သည်။ ၁၉၇၄ ခုနှစ် ဒုတိယ ခြောက်လတွင် သံမဏိတုံးကြမ်း ၉,၂၉၇ တန် ထုတ်လုပ်ခဲ့သည်။

မြန်မာ့ ကျောက်မျက်ရတနာ ကော်ပိုရေးရှင်း သည် ကျောက်မျက်နှင့် ကျောက်စိမ်းတို့သာမက အထူးကျောက်မျက် (စိန်)ကိုပါ တူးဖော်ထုတ်လုပ် ရောင်းချနိုင်ရန် ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုးမိတ်မြို့နယ်၊ မိုးဟောက်ဒေသ၌ စိန် စမ်းသပ်ရှာဖွေရေးလုပ်ငန်းကို ၁၉၇၁ ခုနှစ် ဒီဇင်ဘာလမှ စတင်ဆောင်ရွက်ခဲ့သည်။ ၁၉၇၄ ခုနှစ် ပထမ ခြောက်လတွင် ငွာနဆိုင်ရာလုပ်ကွက်မှ တန်ဖိုး ကျပ် ၁,၃၀,၆၀၀ ခန့်၊ အလေးချိန် ၃၇ ဒသမ ၇၃ ကရက်ရှိ စိန်ရိုင်း ၃၂ ပွင့်၊ လူထုနည်းဖြင့် စမ်းသပ်ရှာဖွေရာမှ တန်ဖိုး ကျပ် ၄၂,၅၇၀ ခန့်၊ အလေးချိန် ၁၉ ဒသမ ၀၈ ကရက်ရှိ စိန်ရိုင်း ၂၃ ပွင့်၊ ရရှိခဲ့သည်။ ၁၉၇၄ ခုနှစ် ဒုတိယ ခြောက်လတွင် ငွာနဆိုင်ရာလုပ်ကွက်မှ တန်ဖိုး ကျပ် ၁,၄၇,၉၀၀ ခန့်၊ အလေးချိန် ၄၃ ဒသမ ၈၃ ကရက်ရှိ စိန်ရိုင်း ၄၃ပွင့်၊ လူထုနည်းဖြင့် စမ်းသပ်ရှာဖွေရာမှ တန်ဖိုးကျပ် ၄၆,၁၈၀ ခန့်၊ အလေးချိန် ၂၁ ဒသမ ၄၈ ကရက်ရှိ စိန်ရိုင်း ၂၅ ပွင့် ရရှိသည်။

## ပြည်သူလွှတ်တော်အဆောက်အအုံသစ်

ရန်ကုန်မြို့ ပြည်လမ်း၌ ဆောက်လုပ်ပြီးစီးခဲ့သော ပြည်သူ့လွှတ်တော် အဆောက်အအုံသစ်ကြီးတွင် တတိယ အကြိမ်ပြည်သူ့လွှတ်တော် ဆဋ္ဌမအစည်းအဝေးကို ၁၉၇၄ ခုနှစ် မတ်လ ၁၂ ရက်နေ့မှ စတင်၍ ကျင်းပခဲ့သည်။ ၁၉၇၄ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမအစည်းအဝေးမှ တတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ အစည်းအဝေးအထိ ရန်ကုန်မြို့ အလုံလမ်း၊ သမ္မတအိမ်တော်ဝင်းအတွင်းရှိ ဗဟို အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

ပြည်သူ့လွှတ်တော်အဆောက်အအုံသစ်ကြီးကို ရန်ကုန်မြို့ ပြည်လမ်း၊ အလုံလမ်း၊ ရှမ်းလမ်း၊ ဝင်ဆာလမ်းအတွင်းတွင် နေရာရွေး၍ မြန်မာဗိသုကာပညာရှင်များက ဆောက်လုပ်ခဲ့ကြခြင်း ဖြစ်သည်။

## အထွေထွေရောဂါကု ဆေးရုံသစ်

ရန်ကုန်မြို့တွင် တည်ဆောက်ပြီးစီးခဲ့သည့် ကုတင် ၂၀၀ ဆံ့ ရောဂါကု ဆေးရုံသစ်ကြီးကို ၁၉၇၄ ခုနှစ် အောက်တိုဘာလအတွင်း ဖွင့်လှစ်ခဲ့သည်။ ယင်း ဆေးရုံသစ်ကြီးသည် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ပြည်လမ်းထောင့်တွင် တည်ရှိသည်။ ဂျပန်နိုင်ငံ၏ ထောက်ပံ့ကူညီမှုဖြင့် ဆောက်လုပ်ရေးကော်ပိုရေးရှင်းက တာဝန်ယူ ဆောင်ရွက်ခဲ့သည်။ ခေတ်မီ ကုသမှုဆိုင်ရာ စက်ပစ္စည်းများ အပါအဝင် စုစုပေါင်း ကုန်ကျစရိတ်မှာ ကျပ် ၁,၇၃၄ သိန်း ဖြစ်သည်။

### လမ်းတံတားလုပ်ငန်းများ

လမ်းတံတားလုပ်ငန်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ စီးပွားရေး စီမံကိန်းများနှင့်အညီ ရရှိသည့် ရန်ပုံငွေများကို လုပ်ငန်းအစီအစဉ်ချမှတ်၍ ခွဲဝေဆောင်ရွက်လျက်ရှိသည်။ ယာဉ်အလေးချိန်နှင့်ယာဉ်စီးရေတိုးတက်များပြားလာသည့်အတွက် ရှိရင်းစွဲတံတားများကို ဝန်လေးယာဉ်များ ဖြတ်ကျော်နိုင်စေရန် တိုးချဲ့မွမ်းမံခြင်းနှင့် တံတားသစ်များ တည်ဆောက်ခြင်းတို့ ဆောင်ရွက်ပေးခဲ့သည်။

၁၉၇၄-၇၅ ခုနှစ်အတွင်း လမ်းတံတား တည်ဆောက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ စီမံကိန်း လုပ်ငန်းများအတွက် ရန်ပုံငွေ ကျပ် ၂,၆၄၄ ဒသမ ၄၉ သိန်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများအတွက် ရန်ပုံငွေ ကျပ် ၂,၂၃၅ ဒသမ ၂၇ သိန်း၊ စုစုပေါင်း ရန်ပုံငွေ ကျပ် ၄,၈၇၉ ဒသမ ၇၆ သိန်း သတ်မှတ်ခဲ့သည်။

မန္တလေး-ရွှေဘို-မြစ်ကြီးနား လမ်းဖောက်ခြင်းလုပ်ငန်း စီမံကိန်း၊ ပုသိမ်-မုံရွာ လမ်းဖောက်လုပ်ခြင်း စီမံကိန်း၊ ငမိုးရိပ်ခြောင်းကူး သုဝဏ္ဏတံတား တည်ဆောက်ရေး လုပ်ငန်း စီမံကိန်းများကိုလည်း ဆက်လက်အကောင်အထည် ဖော်လျက်ရှိသည်။

### မြန်မာနိုင်ငံထုတ် စာအုပ်များ (၁၉၈၄)။ ။

မြန်မာနိုင်ငံတွင် ရှေးအထက်ကျော်ကာလကပင် ပြည်သူလူထုများ ဖတ်ရှုနိုင်ရန် စာအုပ်များကို ထုတ်ဝေခဲ့သည်။ စာအုပ်အမျိုးအစားလည်း များပြား သည်။ သို့သော် အမျိုးအစား တသီးတခြား ခွဲခြားသတ်မှတ်ခဲ့ခြင်းမရှိပဲ နိုင်ငံရေး၊ လူမှုရေး၊ ဘာသာရေးနှင့် ဗဟုသုတပေး စာအုပ်များအဖြစ် ရောထွေးထုတ်ဝေခဲ့သည်။

မိမိတို့သက်ဆိုင်ရာ မြို့နယ်နှင့်ခရိုင်တရားသူကြီးရုံးများ၏ သဘောတူညီမှု၊ ခွင့်ပြုမှုဖြင့် ထုတ်ဝေနိုင်ကြသည်။ ဥပမာ – ရန်ကုန်မြို့မှ ထုတ်ဝေလိုသော စာအုပ်စာတမ်းများကို ရန်ကုန်ခရိုင်တရားသူကြီးရုံးတွင် တင်ပြ၍ ထုတ်ဝေခွင့်ကို ရယူနိုင်ခဲ့ကြသည်။

ယခုအခါ ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်အစိုးရက စာအုပ်ထုတ်ဝေခွင့်နှင့် ပုံနှိပ်ခွင့်ကို သီးခြားသတ်မှတ်ပေးခဲ့သည်။ ထုတ်ဝေသော စာအုပ် အမျိုးအမည်များကိုလည်း ခွဲခြားသတ်မှတ်၍ စာရင်းအင်းများ စနစ်တကျပြုစုထားရှိသည်။ ယင်းကို ယခင်က ပြန်ကြားရေးဌာနက ဆောင်ရွက်ခဲ့ပြီး ယခုအခါ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန လက်အောက်တွင် ထားရှိသည်။ စာပေစိစစ်ရေးဌာနခွဲ၊ အထွေထွေဦးစီးဌာန ဟူ၍ သီးခြားဖွဲ့ထား၍ စာအုပ်များ၊ ပုံနှိပ်လုပ်ငန်းများကို စနစ်တကျ စစ်ဆေးလျက်ရှိသည်။

မြန်မာနိုင်ငံ တနိုင်ငံလုံးမှ ထုတ်ဝေသော စာအုပ်များကို ခေါင်းစီး ၁၀ မျိုးခွဲခြား၍ စီစစ်သည်။ လစဉ်စာရင်းပြုလုပ်၍ နှစ်ချုပ်စာရင်းဖြင့် ထုတ်ပြန်ကြေငြာပေးသည်။ ယင်းခေါင်းစီး ၁၀ မျိုးမှာ တွေးခေါ် မြော် မြင် ရေး နှင့် လောကီပညာ၊ ဘာသာရေး၊ နိုင်ငံရေးနှင့် လူမှုရေး၊ ဘာသာစကားနှင့် စာပေ၊ သိပ္ပံပညာဆိုင်ရာစာအုပ်များ၊ စက်မှုလက်မှုနှင့် စိုက်ပျိုးမွေးမြူရေး၊ အနုပညာနှင့် ယဉ်ကျေးမှု၊ ဝတ္ထု၊ ပုံပြင်နှင့် ကာတွန်း၊ သမိုင်းနှင့်အတ္ထုပ္ပတ္တိ၊ အထွေထွေဟူ၍ ဖြစ်သည်။

ဘာသာပြန် စာအုပ်များသည် သက်ဆိုင်ရာ ခေါင်းစီးအောက်တွင် ပါဝင်သွားပြီဖြစ်၍ တသီးတခြား မဖော်ပြတော့ချေ။

**၁၉၇၄ ခုနှစ်အတွင်း ထုတ်ဝေခဲ့သောစာအုပ်များ**

| | |
|---|---|
| တွေးခေါ် မြော်မြင်ရေးနှင့် လောကီပညာ | ၃၃ အုပ် |
| ဘာသာရေး | ၂၉၆ ။ |
| နိုင်ငံရေးနှင့်လူမှုရေး | ၂၂ ။ |
| ဘာသာစကားနှင့်စာပေ | ၁၆ ။ |
| သိပ္ပံပညာ | ၅၁ ။ |
| စက်မှုလက်မှုနှင့် စိုက်ပျိုးမွေးမြူရေး | ၂၂ ။ |
| အနုပညာနှင့် ယဉ်ကျေးမှု | ၂၇ ။ |
| ဝတ္ထု ပုံပြင်နှင့် ကာတွန်း | ၁,၂၆၄ ။ |
| သမိုင်းနှင့် အတ္ထုပ္ပတ္တိ | ၁ ။ |
| အထွေထွေ | ၇၆ ။ |
| စုစုပေါင်း | ၁,၈၀၈ အုပ် |

ဤစာရင်းအရ ဝတ္ထု ပုံပြင်နှင့် ကာတွန်းစာအုပ်များကို အများဆုံးထုတ်ဝေခဲ့ရပြီး ဒုတိယအများဆုံးမှာ ဘာသာရေးစာအုပ်များဖြစ်ကြောင်း တွေ့ရှိရသည်။

### မြန်မာနိုင်ငံ ပြည်နယ်နှင့်တိုင်းများ။ ။

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်း ၁၄ ခု၏ ၁၉၇၄ ခုနှစ်အတွင်း လူမှုရေး စီးပွားရေး အခြေအနေများနှင့် ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲ လုပ်ငန်းများကို အောက်ပါအတိုင်း တွေ့ရှိရသည်။

#### ကချင်ပြည်နယ်

ကချင်ပြည်နယ်သည် ဧရိယာစတုရန်းမိုင် ၃၄,၃၂၉ မိုင် ကျယ်ဝန်းပြီး မြို့နယ် ၁၈ မြို့နယ်ဖြင့် ဖွဲ့စည်းထားသည်။ ကချင်ပြည်နယ်အတွင်း ဂျိန်းဖော၊ လီဆူး၊ လရှီ၊ ရဝမ်၊ မာရူး၊ ကတူး၊ ကနန်း၊ ကချင်၊ အဇီ၊ ရှမ်း၊ ဗမာ စသော



မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်း၊ နိုင်ငံတော်သမ္မတကြီး ဦးစန်းယု၊ ပါတီဗဟိုဌေးအတွင်းရေးမှူး ဦးအေးကို တို့က တိုင်းရင်းသား လူမျိုးများ ဖွဲ့ဖြိုးရေးသိပ္ပံ သင်တန်းသားများအား ၁၉၈၄ ဝန်းခ် မတ်လ ၅ ရက်နေ့ ညစာစားပွဲ၌ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်

တိုင်းရင်းသား လူမျိုးများ နေထိုင်ကြပြီး လူဦးရေ စုစုပေါင်း ၉,၀၃,၉၀၂ ဦး ရှိသည်။

ကချင်ပြည်နယ်၏ အဓိကစီးပွားရေးလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး သစ်ထုတ်လုပ်ခြင်း၊ တွင်းထွက်ပစ္စည်းများ တူးဖော်ခြင်းနှင့် စက်မှုလက်မှုလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြသည်။

ကချင်ပြည်နယ်၏ လယ်ယာ စိုက်ပျိုးမှုတွင် အဓိက စိုက်ပျိုးသော သီးနှံများမှာ စပါး၊ ဂျုံ၊ နှံစားပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မုန်ညင်း၊ ကြံ၊ ငရုတ်နှင့် အာလူးတို့ ဖြစ်ကြသည်။ ၁၉၈၄ ခုနှစ် အတွင်း စပါးစိုက်ကေ ၂,၉၇,၂၀၉ ကေရှိပြီး တင်းပေါင်း ၁,၅၂,၀၀,၄၄၂ တင်း၊ မြေပဲစိုက်ကေ ၂၆,၀၈၂ ရှိပြီး တင်းပေါင်း ၁၀,၁၂,၃၀၀ တင်း၊ နှမ်းစိုက်ကေ ၆,၈၂၃ ရှိပြီး တင်းပေါင်း ၄၀,၆၅၉ တင်း၊ နေကြာ စိုက်ကေ ၁,၀၁၇ ရှိပြီး တင်းပေါင်း ၂၃,၈၆၂ တင်း၊မုန်ညင်းစိုက်ကေ ၁၃,၈၁၀ ရှိပြီး တင်းပေါင်း ၁,၄၇,၅၀၁ တင်း၊ ကြံစိုက်ကေ ၂၃,၃၆၂ ရှိပြီး တန်ပေါင်း ၂,၁၈,၆၉၇ တန်၊ အာလူး စိုက်ကေ ၁,၉၂၈ ကေရှိပြီး ပိဿာ ၃၈,၈၂,၇၆၄ ပိဿာ အသီးသီး စိုက်ပျိုး ထွက်ရှိခဲ့သည်။

လယ်ယာ စိုက်ပျိုးရေးလုပ်ငန်း၏ အဓိက ကုန်ထုတ်ကိရိယာဖြစ်သော ခိုင်းကျဲခိုင်းနွား ကောင်ရေမှာ ၁၉၈၄–၈၅ ခုနှစ်တွင် ၁ ဒသမ ၇၉ သိန်းကျော် ရှိသည်။ ခိုင်းကျဲခိုင်းနွားများအပြင် စက်မှုလယ်ယာ ဦးစီးဌာနက ထွန်စက် ၁၂၅ စီးဖြင့် လယ်ယာစိုက်ပျိုးရေးတွင် ပံ့ပိုး ဆောင်ရွက်ခဲ့သည်။

သားငါးကဏ္ဍ၏ အသားထုတ်လုပ်မှုတွင် ၁၉၈၄–၈၅ ခုနှစ်အတွင်း အသားထုတ်လုပ်မှု ပိဿာချိန် ၃၄ ဒသမ ၉ သိန်းကျော်နှင့် ငါးထုတ်လုပ်မှုပိဿာချိန် ၂၃ သိန်းကျော် ထုတ်လုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

သစ်တောကဏ္ဍတွင် သီးသန့် သစ်တောကြိုးဝိုင်း ၈က ၁၂ ဒသမ ၈၆ သိန်းနှင့် အခြားသစ်တောမြေ ၈က ၁၀၄ ဒသမ ၃၈ သိန်း ကျယ်ဝန်းသည်။ သစ်တောများအတွင်းမှ ကျွန်းနှင့် သစ်မာအပြင် ထင်း၊ မီးသွေး၊ ဝါး၊ ရှားစေး၊ အင်တုံ၊ ပွဲလျက်၊ ပျဉ်းရည်၊ ချိပ်စသော သစ်တောထွက်ပစ္စည်းများကို တိုးတက်ထုတ်လုပ်လျက် ရှိသည်။ ၁၉၈၄–၈၅ ခုနှစ်အတွင်း သစ်မာကုဗတန် ၁၉,၀၀၀ တန် ထုတ်လုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

သတ္တု ကဏ္ဍတွင် ကမ္ဘာ့ စျေးကွက်၌ လူကြိုက်များ

သော ကျောက်စိမ်းအပြင် ရွှေ၊ ငွေ၊ ကြေးနီ၊ သံ၊ ခဲ၊ ပယင်း စသော တွင်းထွက်သယံဇာတ ပစ္စည်းများကိုလည်း ထုတ်လုပ်လျက်ရှိသည်။

စက်မှုလက်မှုကဏ္ဍတွင် ဒေသထွက် ကုန်ကြမ်းများကို အခြေခံသော စက်မှုလက်မှုလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိပြီး ပြည်သူပိုင် အခန်းမှ အဓိကအားဖြင့် သကြားကို တိုးတက် ထုတ်လုပ်ခဲ့သည်။

ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်း စီမံကိန်းများမှာ ကျေးရွာတိရစ္ဆာန် မွေးမြူရေး ဖွံ့ဖြိုးမှုစီမံကိန်း၊ သစ်လုပ်ငန်းစီမံကိန်း ၂ ( မန္တလေး၊ ရှမ်း၊ ကချင် ) နှင့် အထူးသတ္တု ၂ ရွှေရှာဖွေရေး လုပ်ငန်း စသည့် စီမံကိန်းများ ဖြစ်ကြသည်။

## ကယားပြည်နယ်

ကယားပြည်နယ်သည် ဧရိယာစတုရန်းမိုင် ၄,၅၂၉ မိုင် ကျယ်ဝန်းပြီး မြို့နယ်ခြောက်မြို့နယ်ဖြင့် ဖွဲ့စည်းထားသည်။ ကယား၊ ဂေဘို၊ ဂေဘား၊ ပဒေါင်းခေါ် ကယန်း၊ ပကူး၊ မနုမနော၊ ပရူ၊ ဘွဲ့၊ ယင်းဘော်၊ ယင်းတလဲ၊ ရှမ်း၊ ပအို်ဝ် စသော တိုင်းရင်းသား လူမျိုးများ နေထိုင်ကြပြီး လူဦးရေ ၃,၆၈,၃၅၅ ဦးရှိသည်။

လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းသည် ကယားပြည်နယ်၏ အဓိက စီးပွားရေးလုပ်ငန်းဖြစ်ပြီး အဓိကစိုက်ပျိုးသော သီးနှံများမှာ စပါး၊ ဂျုံ၊ နှံစားပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မုန်ညင်း၊ ဝါ၊ ငရုတ်နှင့် အာလူးတို့ ဖြစ်သည်။ ၁၉၈၄ ခုနှစ်အတွင်း စပါးစိုက်ကော ၅၉,၄၁၀ ရှိ၍ တင်းပေါင်း ၂၄,၁၈,၃၇၈ တင်း၊ ဂျုံစိုက်ကော ၃၁၅ ကေရှိ၍ တင်းပေါင်း ဂ,၁၇၁ တင်း၊ နှံစားပြောင်းစိုက်ကော ၇၀၀၀ ရှိ၍ တင်းပေါင်း ၁,၁၃,၃၅၅ တင်း၊ မြေပဲစိုက်ကော ၆,၄၆၄ ရှိပြီး တင်းပေါင်း ၁,ဂ၆,၄၅၇ တင်း၊ နှမ်းစိုက်ကော ၃,၁ဂ၄ ရှိ၍ တင်းပေါင်း ၂၂,ဝ၇၉ တင်း၊ မုန်ညင်းစိုက်ကော ၉၄ ရှိ၍ တင်းပေါင်း ၆၉၂ တင်း အသီးသီး စိုက်ပျိုးထွက်ရှိခဲ့သည်။

သားငါးကဏ္ဍတွင် ၁၉၈၄ – ဂ၅ ခုနှစ်အတွင်း အသားပိဿာချိန် ၁ဝ ဒသမ ၂၃ သိန်း ကျော်နှင့် ငါးပိဿာ ၁ဝဝဝ ခန့် ထုတ်လုပ်ရန် လျာထားခဲ့သည်။

သစ်တောကဏ္ဍတွင် သစ်တောဧရိယာကော ၁၅ ဒသမ ၁၃ သိန်းကျော်မှ ၁၉၈၄ – ဂ၅ ခုနှစ်အတွင်း သစ်မာ ကုဗတန် ဂဝဝဝ ထုတ်လုပ်နိုင်ရန် ဆောင်ရွက်လျက် ရှိသည်။ ကယားပြည်နယ်၏ သစ်တောကဏ္ဍ ထုတ်ကုန်များ တွင် ကျွန်းနှင့်သစ်မာအပြင် ရှားစေး၊ အင်တွဲ၊ ပွဲလျက်၊ သနပ်ခါး၊ ပျဉ်းရည်၊ သစ်စေး၊ ချိပ် စသည့် သစ်တောထွက် ပစ္စည်းများလည်း ထွက်ရှိသည်။

သတ္တုကဏ္ဍတွင် ပြည်သူပိုင်အခန်းမှ ခဲမဖြူ၊ အဖြိုက်နက်၊ ရှိုးရိုက်ရောရာတို့ကို စီမံချက်နှင့် အညီ ထုတ်လုပ်လျက်ရှိပြီး ဘော်၊ သံ၊ ဝူးဖရန် စသော သတ္တုများကိုလည်း ထုတ်လုပ်လျက် ရှိသည်။ စက်မှုလက်မှုကဏ္ဍတွင် ပြည်သူပိုင် အခန်းမှ ပြည်ပ ပို့ကုန် ဖြစ် သော အဖိုးတန် ကျောက်ပြားများ ထုတ်လုပ်လျက်ရှိသည်။

ဒေသ ဖွံ့ဖြိုး တိုးတက်မှုကို ဦးတည်လျက် ကယား ပြည်နယ် အတွင်း တိရစ္ဆာန် မွေးမြူရေး ဖွံ့ဖြိုးမှု စီမံကိန်း၊ ဘီလူးချောင်း ရေအားလျှပ်စစ် အမှတ် (၁) စက်ရုံစီမံကိန်းများကို အကောင်အထည်ဖော်လျက် ရှိသည်။

## ကရင်ပြည်နယ်

မြို့နယ် ခုနစ် မြို့နယ်ဖြင့် ဖွဲ့စည်းထား ပြီး ဧရိယာ စတုရန်းမိုင် ၁၁,၇၃၁ မိုင် ကျယ်ဝန်း သည်။ ကရင်၊ စကော၊ ပိုး၊ ပကူး၊ ရှမ်း၊ ပအို်ဝ်၊ ဗမာ၊ မွန်စသော တိုင်းရင်းသား လူမျိုးများ နေထိုင်ကြပြီး လူဦးရေ စုစုပေါင်း ၁ဝ,၅၇,၅ဝ၅ ဦး ရှိသည်။

ကရင်ပြည်နယ်၏ အဓိက စီးပွားရေးလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တော လုပ်ငန်းတို့ ဖြစ်သည်။ အဓိက စိုက်ပျိုးသော သီးနှံများမှာ စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ကြံ၊ ကြက်ပေါင်စေး၊ ငှက်ပျော၊ အုန်း၊ ငရုတ်တို့ ဖြစ်သည်။ ၁၉၈၄ ခုနှစ်အတွင်း စပါးစိုက်ကော ၄,၅၂,၉၁၆ ကေ ရှိ၍ တင်းပေါင်း ၁,၅၆,ဝဝ,၁၆၅ တင်း၊ မြေပဲစိုက်ကော ၁၇,၃၂၆ ကေရှိပြီး တင်းပေါင်း ၆,၁၄,၇၇၇ တင်း၊ နှမ်းစိုက်ကော ၁၂,ဂ၃၉ ကေရှိ၍ တင်းပေါင်း ၅၅,ဂ၃၁ တင်း၊ ကြံစိုက်ကော ၃,၃ဂဝ ကေရှိ၍ တန်ပေါင်း ၂၅,ဂ၆၆ တန်၊ ကြက်ပေါင်စေးစိုက်ကော ၇,၇၆၉ ကေရှိ၍ ကြက်ပေါင်းစေး ၉,၆၉,ဂ၁၇ ပေါင်၊ ငှက်ပျောစိုက်ကော ၂,၅ဝဂ ကေရှိ၍ ငှက်ပျော ဂ,၂၅,၁၆ဂ ခိုင်၊ အုန်းစိုက်ကော ၉၆၆ ကေရှိ၍ အလုံးပေါင်း ၁၂,၇ဝ,၆၃၄ လုံး၊ ငရုတ်စိုက်ကော ၁,ဂ၃ဝ ကေရှိ၍ ပိဿာချိန် ၂,၆၄,၁ဂ၆ ပိဿာ အသီးသီး စိုက်ပျိုးထွက်ရှိသည်။

လယ်ယာ စိုက်ပျိုးရေး လုပ်ငန်း၏ အဓိက ကုန်ထုတ်ကိရိယာဖြစ်သော ခိုင်းကျဲခိုင်းနွှား ကောင်ရေ ၁ ဒသမ ၇၃ သိန်းကျော်နှင့် စက်မှုလယ်ယာဦးစီးဌာနပိုင် လယ်ထွန်စက် ၃ဝ စီးဖြင့် လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်ရန် ဆောင်ရွက်လျက်ရှိသည်။

သားငါးကဏ္ဍမှ ၁၉၈၄ – ဂ၅ ခုနှစ်အတွင်း အသားပိဿာချိန် ၃၁ ဒသမ ၃၁ သိန်းနှင့် ငါးပိဿာချိန် ၁၂ ဒသမ ၇၇ သိန်း ထုတ်လုပ်သွားရန် ဆောင်ရွက်လျက်ရှိသည်။

ကရင်ပြည်နယ်တွင် သီးသန့်သစ်တောကြိုးဝိုင်း ဧရိယာ ကော ၁ဝ ဒသမ ၃၇ သိန်းနှင့် အခြား သစ်တောမြေ

ကေ ၄၄ ဒသမ ၇၉ သိန်း ရှိသည်။ ကရင်ပြည်နယ်၏ သစ်တောကဏ္ဍမှ ကျွန်း၊ သစ်မာ၊ မျော၊ ထင်း၊ ဝါး၊ မီးသွေး စသည့် ပစ္စည်းများ ထွက်ရှိသည်။ ၁၉၈၄–၈၅ ခုနှစ် အတွင်း သစ်မာကုဗတန် ၃၀၀၀ ထုတ်လုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

သတ္တုကဏ္ဍတွင် သံ၊ ခဲ၊ ကြေးနီ၊ သံဖြူ၊ အဖြိုက်နက် စသော တွင်းထွက် ပစ္စည်းများကို ကျယ်ကျယ် ပြန့်ပြန့် တူးဖော်ထုတ်လုပ်နိုင်ရန် ဆောင်ရွက်ခဲ့သည်။ စက်မှုလက်မှုကဏ္ဍတွင် ဒေသထွက် ကုန်ကြမ်းပစ္စည်းများကို အခြေခံသော စက်မှုလက်မှု လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက် ရှိသည်။ ပြည်သူပိုင် အခန်းမှ အဓိကအားဖြင့် ဆန်၊ ဆန်ကဲ့၊ သစ်ခဲ့သားတို့ကို ထုတ်လုပ်လျက် ရှိသည်။

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်ကျေးရွာ တိရစ္ဆာန်မွေးမြူရေး ဖွံ့ဖြိုးမှုစီမံကိန်း၊ တနှစ်လျှင် ဘိလပ်မြေ တန် နှစ် ဒသမ လေးသိန်း ထုတ်လုပ်နိုင်မည့် ဘိလပ်မြေစက်ရုံ စီမံကိန်း ( ဘားအံ ) စသည့် စီမံကိန်းများကို အကောင်အထည်ဖော်လျက် ရှိသည်။

## ချင်းပြည်နယ်

ဧရိယာစတုရန်းမိုင် ၁၃,၉၀၇ မိုင်ကျယ်ဝန်းပြီး မြို့နယ်ကိုးမြို့နယ်ပါဝင်သည်။ ချင်းမျိုးနွယ်စုများ အများဆုံး နေထိုင်ပြီး နာဂ၊ ရခိုင်၊ ဗမာစသော တိုင်းရင်းသားလူမျိုးများလည်း နေထိုင်ကြသည်။ လူဦးရေ စုစုပေါင်း ၃,၆၈,၉၈၅ ဦး ရှိသည်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် ချင်းပြည်နယ်၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည်။ အဓိက စိုက်ပျိုးသော သီးနှံများမှာ စပါး၊ ဂျုံ၊ အစေ့ထုတ်ပြောင်း၊ နှံစားပြောင်း၊ နှမ်း၊ မုန်ညင်း၊ ကြံ၊ ကော်ဖီ၊ အာလူးနှင့် ပိုးစာပင်များ ဖြစ်သည်။ ၁၉၈၄ ခုနှစ်အတွင်း စပါးစိုက်ကေ ၉၂,၀၇၀ ကေရှိ၍ တင်းပေါင်း ၃၀,၇၀,၄၃၂ တင်း၊ အစေ့ထုတ်ပြောင်းစိုက်ကေ ဂ၃,၀ဂ၄ ကေရှိ၍ တင်းပေါင်း ၁ဂ,၂၂,ဂ၃၃ တင်း၊ နှမ်းစိုက်ကေ ဂ,၂၀ဂ ကေရှိ၍ တင်းပေါင်း ၄၀,၉၂၆ တင်း၊ ကော်ဖီစိုက်ကေ ၁,၁၇၉ ကေရှိ၍ ပိဿာချိန် ၅ဂ,၅၁၁ ပိဿာ၊ အာလူးစိုက်ကေ ၃,၁၆၉ ကေရှိ၍ ပိဿာချိန် ၇၇,ဂ၀,၀ဂ၇ ပိဿာ၊ ပိုးစာပင်စိုက်ကေ ၁,၁၃၁ ကေရှိ၍ ပိဿာချိန် ၄,၉၉,၃၂၀ ပိဿာ အသီးသီး စိုက်ပျိုးထွက်ရှိသည်။

သားငါးကဏ္ဍတွင် အသားပိဿာချိန် ၁၇၀ ဒသမ ၅၂ သိန်းကျော်နှင့် ငါးပိဿာ ၅၀၀၀ ထုတ်လုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

ချင်းပြည်နယ်တွင် သီးသန့် သစ်တောကြိုးဝိုင်းဧရိယာ ကေ ၃ ဒသမ ဂ၇ သိန်းနှင့် အခြား သစ်တောမြေဧရိယာ ကေ ၁၁ ဒသမ ၉၆ သိန်းရှိသည်။ ကျွန်း၊ သစ်မာအမျိုးထင်း၊ မီးသွေး၊ ဝါး၊ ပျဉ်းရည်၊ ထင်းရှူးဆီစသည့် သစ်တောထွက်ပစ္စည်းများ ထွက်ရှိသည်။ ၁၉၈၄–၈၅ ခုနှစ် အတွင်း ကျွန်းနှင့် သစ်မာလုံးရေ ၃၃၂ လုံး ထွက်ရှိမည် ဖြစ်သည်။

ထင်းရှူးဆီ ကုန်ကြမ်းများကို အခြေခံလျက် စက်မှုလက်မှုကဏ္ဍ ပြည်သူပိုင်အခန်းမှ ထင်းရှူးဆီကုန်ချောနှင့် တာပင်တိုင်ဆီတို့ကို တိုးချဲ့ထုတ်လုပ်လျက်ရှိသည်။

ချင်းပြည်နယ်အတွင်း အသေးစား ရေအားလျှပ်စစ် စီမံကိန်းများဖြစ်သော တလို့ ရေအားလျှပ်စစ်စီမံကိန်း (တီးတိန်) နှင့် ဒေါင်းဗားရေအားလျှပ်စစ်စီမံကိန်း (ဟားခါး) တို့ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ဖြစ်သည်။ ၁၉၈၄ ခုနှစ်အတွင်း ဒေါင်းဗားရေအားလျှပ်စစ် စီမံကိန်းကို အကောင်အထည်ဖော်ခဲ့သည်။

ဒေသ ဖွံ့ဖြိုး တိုးတက်မှုကို ဦးတည်လျက် ကျေးရွာ တိရစ္ဆာန်မွေးမြူရေးဖွံ့ဖြိုးမှုစီမံကိန်း၊ ချင်းတောင်နှင့် ရခိုင် ရိုးမအရှေ့ပိုင်းဒေသ ဓာတ်သတ္တုရှာဖွေရေး စီမံကိန်းတို့ကို အကောင်အထည်ဖော်လျက်ရှိသည်။

## စစ်ကိုင်းတိုင်း

ဧရိယာစတုရန်းမိုင် ၃၆,၅၃၅ မိုင် ကျယ်ဝန်းပြီး မြို့နယ်ပေါင်း ၃၈ မြို့နယ်ဖြင့် ဖွဲ့စည်းထားသည်။ ဗမာ၊ ကချင်၊ ချင်း၊ နာဂ၊ ရှမ်းစသော တိုင်းရင်းသားလူမျိုး စုစုပေါင်း ၃၈,၅၅,၉၉၁ ဦး နေထိုင်ကြသည်။

အဓိကစီးပွားရေးလုပ်ငန်းများမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ သစ်ထုတ်လုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်းများ ဖြစ်သည်။ အဓိကစိုက်ပျိုးသော သီးနှံများမှာ စပါး၊ ဂျုံ၊ နှံစားပြောင်း၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ စွန်တာပြာ၊ ကုလားပဲ၊ စားတော်ပဲ၊ မြေပဲများဖြစ်သည်။

၁၉၈၄ ခုနှစ်အတွင်း စပါးစိုက်ကေ ၁၀,၅၅,၃၀ ကေရှိ၍ တင်းပေါင်း ၅,၀၄,၁၂,၉၀၆ တင်း၊ ဂျုံစိုက်ကေ ၂,၃၄,၁၃၀ ကေရှိ၍ တင်းပေါင်း ၄၁,၄၄,၃၉၅ တင်း၊ နှံစားပြောင်း စိုက်ကေ ၁,၄၂,၂၆၅ ကေရှိ၍ တင်းပေါင်း ၁၃,၄၀,၀၈၉ တင်း၊ ပဲတီစိမ်းစိုက်ကေ ၆၀,၇၉၉ ကေရှိ၍ တင်းပေါင်း ၃,၀၀,၄၃၂ တင်း၊ ပဲစင်းငုံစိုက်ကေ ၅၅,၆၃၂ ကေရှိ၍ တင်းပေါင်း ၁,၀၇,၁၃၇ တင်း၊ ကုလားပဲစိုက်ကေ ၂,၃၀၀ ကေရှိ၍ တင်းပေါင်း ၂၅,၁၆,၃၅၄ တင်း၊ မြေပဲစိုက်ကေ ၃,၁၀,၇၀၁ ကေရှိ၍ တင်းပေါင်း ၁,၀၂,၅၂၁,၃၂၁ တင်း အသီးသီးစိုက်ပျိုးထွက်ရှိသည်။ သီးနှံများ အထူးအထွက်တိုးရေးကိုဦးတည်လျက် ၁၉၈၃–၈၄ ခုနှစ် အတွင်း စပါးတွင် ခုနှစ်မြို့နယ်၊ဂျုံတွင် နှစ်မြို့နယ်၊အစေ့ထုတ်ပြောင်း သုံးမြို့နယ်၊ ဆောင်းမြေပဲ ခုနှစ်မြို့နယ်၊ နေကြာ တမြို့နယ်၊

ဝါသုံးမြို့နယ်၊ ကုလားပဲ လေးမြို့နယ်၊ထောပတ်ပဲနှင့်ပဲတီစိမ်း တမြို့နယ်စီ စသည်ဖြင့် တမြို့နယ်လုံး အထူးအထွက်တိုး ရေယာများသတ်မှတ်ပြီး အကောင်အထည်ဖော်ခဲ့သည်။

ခိုင်းကျဲခိုင်းနှား ကောင်ရေအများဆုံးရှိသော တိုင်းဖြစ်သည်။ ခိုင်းကျဲခိုင်းနှားကောင်ရေ ၁၀ ဒသမ ၉၃ သိန်းခန့် ရှိသည်။ စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်စီးရေ ၅၂၀ စီးဖြင့် ထွန်ယက်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်လျက် ရှိသည်။

စစ်ကိုင်းတိုင်းအတွင်း အဖိုးတန်ကျွန်းနှင့် သစ်မာမျိုးအမျိုးအပြားထွက်ရှိသည်။ သီးသန့် သစ်တောကြိုးဝိုင်း ဧရိယာ ၈က ၅၁ ဒသမ ၂၄ သိန်းနှင့် အခြားသစ်တောမြေ ၈က ၆၁ ဒသမ ၅ သိန်းအထိရှိသည်။ စစ်ကိုင်းတိုင်းမှ ကျွန်းနှင့်သစ်မာအပြင် အခြားသစ်တောထွက် ပစ္စည်းများကို တိုးခဲ့ထုတ်လုပ်လျက်ရှိရာ ၁၉၈၄–၈၅ ခုနှစ်အတွင်း ကျွန်းကုဗတန် ၇၀၀၀၊ သစ်မာ ကုဗတန် ၁ ဒသမ ၂ သိန်း ကျော် ထွက်ရှိရန် ဆောင်ရွက်လျက်ရှိသည်။

သတ္တုကဏ္ဍတွင် ပြည်သူပိုင်အခန်းမှ ကြေးနီ၊ ကျောက်မီးသွေး၊ ကံ့ကူဆံစသည်တို့ကို ထုတ်လုပ်လျက်ရှိပြီး သမဝါယမပိုင်အခန်းမှ ရေနံစိမ်းကို ထုတ်လုပ်လျက်ရှိသည်။ ပြည်သူပိုင် စက်ရုံအလုပ်ရုံ ၃၀၀ ကျော်ရှိပြီး ဒေသထွက် ကုန်ကြမ်းများကို အခြေခံလျက် ဆန်၊ ဆန်ကဲ့၊ ဖဲနှု၊ အဝတ်အထည်၊ သစ်ခွဲသားနှင့် အခြားကုန်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိသည်။

ဒေသဖွံ့ဖြိုးရေးအဘက် လုပ်ငန်းစီမံကိန်းများကို တည်ဆောက်လျက်ရှိရာ ဆီထွက်နှင့် အစေ့ထုတ်ပြောင်းသီးနှံဖွံ့ဖြိုးရေးစီမံကိန်း၊ ရေစုပ်စက်ဖြင့် ရေပေးဝေရေးစီမံကိန်း၊ မြေအောက်ရေဖြင့်စိုက်ပျိုးရေးစီမံကိန်း၊ ချောင်းဦးမြို့နယ် ချင်းတွင်းမြစ် ရေဘေး ကာကွယ်ရေးစီမံကိန်း၊ ကိုးပင်ချောင်း ရေလှောင်တမံ စီမံကိန်း၊ ဒုတိယ ငါးလုပ်ငန်းစီမံကိန်း၊ သစ်လုပ်ငန်းစီမံကိန်း၊ အမှတ် (၁) ကြေးနီစီမံကိန်း၊ အထူး သတ္တု (၂) ရွှေရှာဖွေရေးလုပ်ငန်းစီမံကိန်း၊ ဂျုံ စက်ရုံစီမံကိန်း (စစ်ကိုင်း)များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

## တနင်္သာရီတိုင်း

ဧရိယာစတုရန်းမိုင် ၁၆,၇၃၆ မိုင် ကျယ်ဝန်း၍ မြို့နယ် ၁၀ မြို့နယ်ရှိသည်။ မွန်၊ ဆလုံ၊ ဗမာ၊ ကရင်၊ ပအို၀်၊ ထားဝယ်၊ ပသျှူးစသော တိုင်းရင်းသားလူမျိုး စုစုပေါင်း ၉,၁၇,၆၂၀ ဦး နေထိုင်ကြသည်။

လယ်ယာစိုက်ပျိုးရေး၊ ဓာတ်သတ္တု ထုတ်လုပ်ရေးနှင့် ရေလုပ်ငန်းတို့သည် အဓိက စီးပွားရေးလုပ်ငန်းများ ဖြစ်သည်။ အဓိကစိုက်ပျိုးသောသီးနှံများမှာ စပါး၊ နှမ်း၊ ဆီအုန်း၊ အုန်း၊ ကြက်ပေါင်စေး၊ ကွမ်းသီး၊ ပိလောပိနံများ ဖြစ်သည်။ ၁၉၈၄ ခုနှစ်အတွင်း စပါးစိုက်ကေ ၂,၀၀,၈၈၂ ကေရှိ၍ တင်းပေါင်း ၉၆,၂၂,၆၆၉ တင်း၊ အုန်းစိုက်ကေ ၉,၈၂၁ ကေရှိ၍ လုံးရေ ၂,၅၄,၃၄,၉၆၉ လုံး၊ ကြက်ပေါင်စေးစိုက်ကေ ၉၃,၀၉၆ ကေရှိ၍ ပေါင်ပေါင်း ၁,၅၉,၃၂,၄၈၃ ပေါင်၊ ကွမ်းသီးပင် စိုက်ကေ ၂၃,၃၂၂ ကေရှိ၍ ပိဿာချိန် ၆၀,၅၉,၉၈၉ ပိဿာ၊ ပိလောပိနံစိုက်ကေ ၅,၄၈၆ ကေရှိ၍ ပိဿာချိန် ၁,၆၉,၆၃,၆၀၃ ပိဿာ အသီးသီး စိုက်ပျိုးထွက်ရှိသည်။ စပါးသီးနှံ အထူးအထွက်တိုးရေးအတွက် ၁၉၈၃–၈၄ ခုနှစ်အတွင်း မြို့နယ်လေးမြို့နယ်တွင် တမြို့နယ်လုံး စပါးအထူးအထွက်တိုးရေးကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

သားငါးကဏ္ဍမှ အသားပိဿာချိန် ၁၉ ဒသမ ၆ သိန်း ခန့်နှင့် ငါးပိဿာချိန် ၁,၆၈၂ ဒသမ ၆၇ သိန်း ထွက်ရှိရန် ဆောင်ရွက်လျက်ရှိသည်။

တနင်္သာရီတိုင်းတွင် သီးသန့်သစ်တောကြိုးဝိုင်း ဧရိယာ ဧက ၂၈ ဒသမ ၈ သိန်း၊ အခြားသစ်တောမြေ ၃၆ ဒသမ ၆၄ သိန်းရှိသည်။ ၁၉၈၄–၈၅ ခုနှစ်အတွင်း သစ်တောကဏ္ဍမှ သစ်မာ ကုဗတန် ၁၆,၅၀၀၊ ကျွန်းနှင့် သစ်မာလုံးရေ ၂ ဒသမ ၁၆ သိန်းကျော်ထွက်ရှိရန် ဆောင်ရွက်လျက်ရှိသည်။ ကျွန်းနှင့် သစ်မာအပြင် ထင်း၊ မီးသွေး၊ ဝါး၊ ကရမက်၊ သစ်ခေါက်၊ ငှက်သိုက်၊ ဖာလာစေ့၊ လင်းနို့ချေး၊ ကညင်ဆီစသော သစ်တောထွက်ပစ္စည်းများကိုလည်း တိုးခဲ့ထုတ်လုပ်လျက်ရှိသည်။

သတ္တုကဏ္ဍမှ ခဲမဖြူ၊ အဖြိုက်နက် စသော သတ္တုများကို ထုတ်လုပ်လျက်ရှိသည်။ စက်မှုလက်မှုကဏ္ဍတွင် ပြည်သူပိုင် စက်ရုံ၊ အလုပ်ရုံ ၅၄စ်ဆယ်ကျော်ရှိပြီး ဆန်၊ ဖဲနှု၊ ရေခဲ၊ သစ်ခွဲသားနှင့် အခြားကုန်ပစ္စည်းများကို တိုးခဲ့ထုတ်လုပ်လျက်ရှိသည်။

တနင်္သာရီတိုင်းအတွင်း ရာဘာပြန်လည်ထူထောင်ရေးစီမံကိန်း၊ ဆီအုန်း တိုးခဲ့စိုက်ပျိုးရေး စီမံကိန်း၊ ရေဘေးကာကွယ်ရေး၊ တာတမံဘည်ဆောက်ရေးစီမံကိန်း၊ ဒုတိယငါးလုပ်ငန်းစီမံကိန်း၊ ဟိန္ဒူးသတ္တုတွင်း တိုးခဲ့ချစီမံကိန်း၊ အခြားသတ္တုတွင်း(တနင်္သာရီ) စီမံကိန်းနှင့် အခြားသတ္တုတွင်း (ဘုတ်ပြင်း) စီမံကိန်းတို့ကို အကောင်အထည်ဖော်လျက်ရှိသည်။

## ပဲခူးတိုင်း

မြို့နယ် ၂၀ မြို့နယ်ဖြင့် ဖွဲ့စည်းထားပြီး ဧရိယာစတုရန်းမိုင် ၁၅,၂၁၄ မိုင် ကျယ်ဝန်းသည်။ ကရင်၊ ဗမာ၊ မွန်စသော တိုင်းရင်းသားလူမျိုးများ နေထိုင်ကြ၍ လူဦးရေ ၃၀,၀၀,၂၄၀ ဦး ရှိသည်။

မြန်မာနိုင်ငံတွင် စပါးကို ဒုတိယအများဆုံး စိုက်ပျိုးသော ဒေသဖြစ်သည်။ အဓိကစိုက်ပျိုးသော သီးနှံများမှာ စပါး၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ဝါ၊ ဂုန်လျှော်၊ ကြံ၊ ကြက်ပေါင်စေးများဖြစ်သည်။ ၁၉၈၄ ခုနှစ်အတွင်း စပါးစိုက်ကေ ၂၁,၀၅,၁၇၉ ကေရှိ၍ တင်းပေါင်း ၁၂,၉၅,၅၁,၆၆၂ တင်း၊ အစေ့ထုတ်ပြောင်း စိုက်ကေ ၂၈,၀၀၀ ကေရှိ၍ တင်းပေါင်း ၆,၆၅,၀၄၈ တင်း၊ မြေပဲစိုက်ကေ ၂,၄၇,၉၀၉ ကေရှိ၍ တင်းပေါင်း ၁,၀၀,၂၉,၂၁၅ တင်း၊ နှမ်းစိုက်ကေ ၁,၅၉,၀၀၄ ကေရှိ၍ တင်းပေါင်း ၆,၂၄,၃၉၂ တင်း၊ နေကြာစိုက်ကေ ၄၆,၂၃၀ ကေရှိ၍ တင်းပေါင်း ၁၀,၀၂,၁၁၁ တင်း၊ ဝါစိုက်ကေ ၃၃,၉၂၉ ကေရှိ၍ ပိဿာချိန် ၄,၂၀,၅၁၆ ပိဿာ၊ ဂုန်လျှော်စိုက်ကေ ၆၂,၄၃၇ ကေရှိ၍ ပိဿာချိန် ၁,၂၁,၅၇,၄၂၀ ပိဿာ၊ ကြံစိုက်ကေ ၀၀,၀၃၀ ကေရှိ၍ တန်ချိန် ၁၁,၂၉,၂၄၇ တန်၊ ကြက်ပေါင်စေးစိုက် ၉ က ၁၀,၃၀၅ ကေရှိ၍ ပေါင်ချိန် ၂၀,၁၂,၆၃၁ ပေါင် အသီးသီး စိုက်ပျိုးထွက်ရှိသည်။

၁၉၈၃–၈၄ ခုနှစ်တွင် သီးနှံများ အထူးအထွက်တိုးရေးကို ဦးတည်လျက် စပါး ၁၄ မြို့နယ်၊ ဆောင်းမြေပဲ တမြို့နယ်၊ ကြံနှင့်ကုလားပဲ နှစ်မြို့နယ်စီတို့ကို အထူးအထွက်တိုး ရေယာသတ်မှတ်၍ အကောင်အထည်ဖော်ခဲ့သည်။

ခိုင်းကျဲခိုင်းနွား ကောင်ရေ ၇ ဒသမ ၀၂ သိန်းကျော်နှင့် စက်မှုလယ်ယာ ဦးစီးဌာနပိုင် ထွန်စက်အစီး ၉၂၀ စီးဖြင့် ထွန်ယက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

သားငါးကဏ္ဍတွင် အသားထုတ်လုပ်မှု ပိဿာ ၂၁၅ ဒသမ ၁၄ သိန်းကျော်နှင့် ငါးထုတ်လုပ်မှုပိဿာချိန် ၂၀၅ ဒသမ ၀၃ သိန်း ထွက်ရှိရန် ဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်းအတွင်း သီးသန့်သစ်တောကြိုးဝိုင်း ရေယာကေ ၃၃ ဒသမ ၁၀ သိန်းနှင့် ကြိုးဝိုင်းပြင်ပ အခြားသစ်တောမြေကေ ၁၀ ဒသမ ၇၇ သိန်းအထိ ရှိသည်။ ပဲခူးတိုင်းမှ ကျွန်းကုဗတန် ၁၉,၀၀၀၊ သစ်မာကုဗတန် ၂ ဒသမ ၀၃ သိန်းကျော်၊ ကျွန်းနှင့် သစ်မာမျော လုံးရေ ၁ ဒသမ ၁၄ သိန်းကျော်ကို ၁၉၈၄–၈၅ ခုနှစ်အတွင်း ထုတ်လုပ်သွားမည် ဖြစ်သည်။ မီးသွေး၊ ဝါး၊ ကြိမ်၊ သစ်ခေါက်၊ လျော်၊ တယ်၊ သစ်စေး စသည်တို့ကိုလည်း တိုးခဲ့ထုတ်လုပ်လျက် ရှိသည်။

သတ္တုကဏ္ဍမှ ရေနံစိမ်း၊ မီးခဲ့ရုံစေးနှင့် မီးခဲမြေစေးတို့ကို ထုတ်လုပ်လျက်ရှိသည်။ ပဲခူးတိုင်းတွင် ပြည်သူပိုင် စက်ရုံအလုပ်ရုံပေါင် ၇၀ ကျော်ရှိပြီး သကြား၊ ဖယောင်းတိုင်၊ စက္ကူနှင့် အခြားပစ္စည်းများကို ထုတ်လုပ်လျက်ရှိသည်။

ပဲခူးတိုင်းအတွင်း ဆီထွက်နှင့် အစေ့ထုတ်ပြောင်း သီးနှံဖွံ့ဖြိုးရေးစီမံကိန်း၊ ရေစုပ်စက်ဖြင့် ရေပေးဝေရေး စီမံကိန်း၊ တောင်နဝင်း ရေလှောင်တမံစီမံကိန်း၊ ရွှေလေးချောင်းဆည်မြောင်းစီမံကိန်း၊ သဲလုပ်ငန်းစီမံကိန်း အပိုင်း (၁) နှင့် အပိုင်း (၂)၊ အချိုမှုန့်စက်ရုံစီမံကိန်း၊ ပီလောပီနံကော်မှုန့်စက်ရုံစီမံကိန်း၊ စည်သွတ်စက်ရုံစီမံကိန်း၊ ရေတာရှည် သကြားစက်စီမံကိန်းနှင့် အမှတ် (၂) စက္ကူစက်စီမံကိန်း (တတိယဆင့်)၊ ပြည် သ ဘာ ဝ ဓာတ် ငွေ့ သုံးမာတ်အားပေးစက်ရုံ စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

### မကွေးတိုင်း

ဧရိယာစတုရန်းမိုင် ၁၇,၃၀၅ မိုင် ကျယ်ဝန်း၍ မြို့နယ် ၂၅ မြို့နယ် ပါဝင်သည်။ ဗမာ၊ အရှိုချင်း၊ ရခိုင်စသော တိုင်းရင်းသားလူမျိုးများ နေထိုင်ကြ၍၊ လူဦးရေစုစုပေါင်း ၃၂,၄၁,၁၀၃ ဦး ရှိသည်။

အဓိက စီးပွားရေးလုပ်ငန်းများမှာ လယ်ယာစိုက်ပျိုးရေး၊ တွင်းထွက်ပစ္စည်း ထုတ်လုပ်ရေးနှင့် စက်မှုလက်မှုလုပ်ငန်းများဖြစ်သည်။ အဓိက စိုက်ပျိုးသော သီးနှံများမှာ စပါး၊ ဂျုံ၊ နှံစားပြောင်း၊ မြေပဲ၊ နေကြာ၊ မုန်ညင်း၊ ဝါ၊ ဗာဂျီးနီးယားဆေး၊ ငရုတ်၊ ကြက်သွန်နီနှင့် အာလူးတို့ ဖြစ်ကြသည်။ ၁၉၈၄ ခုနှစ်အတွင်း စပါးစိုက်ကေ ၃,၀၅,၅၃၆ ကေရှိ၍ တင်းပေါင်း ၁,၃၂,၉၀,၃၆၆ တင်း၊ နှံစားပြောင်းစိုက်ကေ ၂,၀၅,၅၅၀ ရှိ၍ တင်းပေါင်း ၁၃,၉၁,၄၂ တင်း၊ မြေပဲစိုက်ကေ ၃,၁၈,၁၂၀ ရှိ၍ တင်းပေါင်း ၉၅,၉၈,၁၃၀ တင်း၊ နှမ်းစိုက်ကေ ၁၀,၄၅,၀၉၃ ရှိ၍ တင်းပေါင်း ၂၈,၇၂,၆၇၉ တင်း၊ နေကြာစိုက်ကေ ၂၀,၈၂၂ ရှိ၍ တင်းပေါင်း ၄,၈၁,၀၀၅ တင်း၊ ဝါစိုက်ကေ ၁,၂၅,၈၉၇ ရှိ၍ ပိဿာချိန်ပေါင်း ၁,၂၉,၉၈,၈၅၁ ပိဿာ၊ ဗာဂျီးနီးယားဆေးစိုက်ကေ ၁၀,၇၄၉ ရှိ၍ ပိဿာချိန် ၉၃,၆၇,၂၀၀ပိဿာ၊ ငရုတ်စိုက်ကေ ၁၅,၅၈၀ ရှိ၍ ပိဿာချိန် ၁၆,၈၇,၄၈၀ ပိဿာ၊ ကြက်သွန်နီစိုက်ကေ ၁၂,၉၀၄ ရှိ၍ ပိဿာချိန် ၂,၉၁,၆၂,၁၆၁ ပိဿာ၊ အာလူးစိုက်ကေ ၂,၁၁၈ ကေ ရှိ၍ ပိဿာချိန် ၆၈,၄၈,၂၈၀ ပိဿာ အသီးသီး စိုက်ပျိုးထွက်ရှိသည်။

ခိုင်းကျဲခိုင်းနွား ကောင်ရေ ၉ ဒသမ ၂၃ သိန်းနှင့် စက်မှုလယ်ယာပိုင် ထွန်စက်အစီး ၃၃၀ ဖြင့် ထွန်ယက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

သားငါးကဏ္ဍမှ အသားပိဿာချိန် ၁၄၇ ဒသမ ၉ သိန်းနှင့် ငါးပိဿာချိန် ၁၁ ဒသမ ၇၅ သိန်း ထုတ်လုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

မကွေးတိုင်းတွင် သီးသန့်သစ်တောကြိုးဝိုင်း ဧရိယာ

ကေ ၂၄ ဒသမ ဂ၃ သိန်းနှင့် အခြား သစ်တောမြေကေ ၃၀ ဒသမ ၅၅ သိန်း ရှိသည်။ မကွေးတိုင်းမှ အဖိုးတန် ကျွန်းနှင့် သစ်မာအများအပြား ထွက်ရှိသည့်ပြင် ရှားစေး၊ သစ်ခေါက်၊ လျှော်၊ အင်တိုင်း၊ ပွဲလျက်၊ သနပ်ခါး၊ ပျဉ်းရည် စသည်တို့ကို ထုတ်လုပ်လျက်ရှိသည်။ ၁၉၈၄ – ၈၅ ခုနှစ်အတွင်း မကွေးတိုင်းမှ ကျွန်းကုဗတန် ၁၂,၀၀၀၊ သစ်မာကုဗတန် ၅၅,၇၆၀ ထုတ်လုပ်သွားမည် ဖြစ်သည်။

မကွေးတိုင်းသည် ရေနံအများဆုံး ထွက်ရှိသည့်ဒေသ ဖြစ်ပြီး ရေနံစိမ်း၊ သဘာဝဓာတ်ငွေ့နှင့် ထုံးကျောက်တို့ကို တိုးတက်ထုတ်လုပ်လျက်ရှိသည်။ မကွေးတိုင်းအတွင်း ပြည်သူပိုင်စက်ရုံအလုပ်ရုံ ၂၀၀ ကျော်ရှိပြီး စိးကရက်၊ ဘိလပ်မြေ၊ ဓာတ်မြေဩဇာ၊ ဓာတ်ခဲ၊ ဓာတ်ဆီ စသော ရေနံထွက်ပစ္စည်းများနှင့် အခြားကုန်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိသည်။

မကွေးတိုင်းအတွင်း လုပ်ငန်းစိမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိရာ ရေစုပ်စက်များဖြင့် ရေပေးဝေရေးစိမံကိန်း၊ ကန်ငယ်များ ဆည်မြောင်းစိမံကိန်း၊ ဆီထွက်နှင့် အစေ့ထုတ်ပြောင်း သီးနှံဖွံ့ဖြိုးရေးစိမံကိန်း၊ ကျေးရွာတိရစ္ဆာန်မွေးမြူးရေး ဖွံ့ဖြိုးမှုစိမံကိန်း၊ ငါးလုပ်ငန်း အထောက်အကူပြု စိမံကိန်း၊ ဒီဇယ် အင်ဂျင်ရှင်းပန့်နှင့် နော်ဇယ်ထုတ်လုပ်မှုစိမံကိန်း၊ အမှတ် ၃ ဓာတ်မြေသြဇာ စက်ရုံ (ကျောင်စွာ) စိမံကိန်း၊ စလေဓာတ်မြေသြဇာစက်ရုံ (ကိုးခွဲ) စိမံကိန်း၊ မင်းဘူး ရေနံ ဓာတ်ငွေ့ရည်စက်ရုံ စိမံကိန်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည်။

## မန္တလေးတိုင်း

ဧရိယာစတုရန်းမိုင် ၁၄,၂၉၅ မိုင်ကျယ်ဝန်း၍ မြို့နယ် ၂၉ မြို့နယ်ပါဝင်သည်။ ဗမာ၊ ကရင်၊ ကယား၊ ချင်း၊ ပအို၀်၊ မွန်၊ ရှမ်း စသော တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်ကြသည်။ လူဦးရေ စုစုပေါင်း ၄၅,၈၀,၉၂၃ ဦး ရှိသည်။

အဓိကစိုက်ပျိုးသော သီးနှံများမှာစပါး၊ နှံစားပြောင်း၊ မြေပဲ၊ နှမ်း၊ ဝါ၊ ဗာဂျီးနီးယားဆေး၊ ငရုတ်၊ ကြက်သွန်နီတို့ ဖြစ်ကြသည်။ ၁၉၈၄ ခုနှစ်အတွင်း စပါးစိုက်ကေ ၄,၇၈,၄၃၀ ကေရှိ၍ တင်းပေါင်း ၂,၄၃,၈၃,၃၅၅ တင်း၊ နှံစားပြောင်း စိုက်ကေ ၂,၂၅,၅၉၉ ကေရှိ၍ တင်းပေါင်း ၂၁,၅၇,၂၁၆ တင်း၊ မြေပဲစိုက်ကေ ၃,၀၃,၉၃၅ ကေရှိ၍ တင်းပေါင်း ၁,၀၂,၈၅,၆၅၀ တင်း၊ နှမ်းစိုက်ကေ ၉,၆၂,၆၁၈ ကေရှိ၍ တင်းပေါင်း ၂၃,၀၄,၃၁၄ တင်း၊ ဝါစိုက်ကေ ၂,၈၄,၉၂၃ ကေရှိ၍ ပိဿာချိန်ပေါင်း ၃,၆၉,၅၉,၆၇၈ ပိဿာ၊ ဗာဂျီးနီးယားဆေး စိုက်ကေ ၉,၇၆၇ ကေရှိ၍ ပိဿာချိန် ၁,၀၈,၇၈,၁၈၈ ပိဿာ၊ ငရုတ်စိုက်ကေ ၇၉,၀၉၉ ကေရှိ၍ ပိဿာချိန် ၁,၁၁,၉၀,၁၄၅ ပိဿာ၊ ကြက်သွန်နီစိုက်ကေ ၂၈,၅၅၄ ကေရှိ၍ ပိဿာချိန် ၅,၂၇,၆၁,၉၇၈ ပိဿာ၊ အာလူးစိုက်ကေ ၁,၄၆၄ ကေရှိ၍ ပိဿာချိန် ၂၄,၀၇,၀၀၀ ပိဿာ အသီးသီး စိုက်ပျိုးထွက်ရှိသည်။

လယ်ယာလုပ်ငန်းခွင်တွင် ခိုင်းကျွဲခိုင်းနွား ကောင်ရေ ၈ ဒသမ ၉၆ သိန်းကျော်နှင့် စက်မှုလယ်ယာပိုင် ထွန်စက် ၁,၀၅၅ စီး ရှိသည်။

သားငါးကဏ္ဍမှ ၁၉၈၄ – ၈၅ ခုနှစ်အတွင်း အသားပိဿာချိန် ၁၂၃ ဒသမ ၃ သိန်းကျော်နှင့် ငါးပိဿာချိန် ၈၃ ဒသမ ၃၉ သိန်း ထုတ်လုပ်သွားမည်ဖြစ်သည်။

မန္တလေးတိုင်းအတွင်း သီးသန့် သစ်တောကြိုးဝိုင်း ဧရိယာကေ ၂၃ ဒသမ ၉၉ သိန်းနှင့် အခြားသစ်တောမြေ ဧရိယာကေ ၁၁ ဒသမ ၅၈ သိန်း ရှိသည်။ ၁၉၈၄ – ၈၅ ခုနှစ်အတွင်း မန္တလေးတိုင်းမှ ကျွန်းကုဗတန် ၁၈,၀၀၀၊ သစ်မာကုဗတန် ၂ ဒသမ ၄ သိန်းကျော် ထုတ်လုပ်လျက်ရှိသည်။ မန္တလေးတိုင်းမှ ပတ္တမြား၊ နီလာ စသည့်ကျောက်မျက်ရတနာများနှင့် ခဲမဖြူသန့်စင်၊ အဖြိုက်နက်သန့်စင်၊ သံစိမ်း၊ ဘရိုက်တီးကျောက်၊ ထုံးကျောက်၊ ဂရပ်ဖိုက် စသည်တို့ကို တိုးခဲ့၍ ထုတ်လုပ်လျက်ရှိသည်။

ပြည်သူပိုင် စက်ရုံအလုပ်ရုံ ၃၀၀ ကျော်ရှိပြီး သကြား၊ ချည်ခင်၊ မီးခြစ်၊ အထည်အလိပ်၊ ဆပ်ပြာ၊ ဖယောင်းတိုင်၊ အုတ်၊ အုတ်ကြွပ်၊ ရေခဲနှင့် အခြား ကုန်ပစ္စည်းများကို တိုးတက်ထုတ်လုပ်လျက်ရှိသည်။ ထို့ပြင် ရွှေပြားခတ်၊ ရွှေချည်ထိုး၊ ယွန်းထည်၊ ကြေးသွန်း စသည့် ရိုးရာလက်မှုလုပ်ငန်းများလည်း ထွန်းကားသည်။

မန္တလေးတိုင်းအတွင်း လုပ်ငန်းစိမံကိန်းများ တည်ဆောက်လျက်ရှိရာ ဆည်တော်ကြီး ရေလှောင်တမံစိမံကိန်း၊ ကင်းတား ရေလှောင်တမံ ဘက်စုံစိမံကိန်း၊ ငလိုက်ချောင်း ရေလှောင်တမံ စိမံကိန်း၊ စက်မှုသီးနှံဖွံ့ဖြိုးရေး စိမံကိန်း၊ ကျေးရွာတိရစ္ဆာန် မွေးမြူရေး ဖွံ့ဖြိုးမှုစိမံကိန်း၊ တိရစ္ဆာန် မွေးမြူထုတ်လုပ်ရေး ဖွံ့ဖြိုးမှုစိမံကိန်း၊ ပျဉ်းမနား ပင်မ အလုပ်ရုံ စိမံကိန်း၊ သစ်လုပ်ငန်းစိမံကိန်း အပိုင်း (၂)၊ ဘိယာစက်ရုံ တိုးခဲ့စိမံကိန်း၊ သာစည် စည်သွတ်စက်ရုံ စိမံကိန်း၊ သားရေစက်ရုံစိမံကိန်း စသည်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

## မွန်ပြည်နယ်

ဧရိယာစတုရန်းမိုင် ၄,၂၄၈ မိုင် ကျယ်ဝန်းပြီး မြို့နယ် ၁၀ မြို့နယ်ဖြင့် ဖွဲ့စည်းထားသည်။ မွန်၊ ဗမာ၊ ပအို၀်၊ ထားဝယ်၊ ရှမ်း စသော တိုင်းရင်းလူမျိုးများ နေထိုင်ကြပြီး လူဦးရေ ၁၆,၀၂,၀၄၁ ဦး ရှိသည်။

## ရခိုင်ပြည်နယ်

ရေယာ စတုရန်းမိုင် ၁၄,၂၀၀ မိုင် ကျယ်ဝန်း၍ မြို့နယ် ၁၇ မြို့နယ်ဖြင့် ဖွဲ့စည်းထားသည်။ ရခိုင်၊ မြို့၊ သက်၊ မရမာကြီး၊ ဒိုင်းနက်၊ ကမန်း၊ လင်းကဲ၊ မန္ဒူး၊ ရှမ်းဒူး၊ ခေါင်စို့၊ ချင်း၊ ဗမာစသော တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်ကြပြီး လူဦးရေစုစုပေါင်း ၂၀,၄၅,၈၉၁ ဦးရှိသည်။

အဓိက စီးပွားရေးလုပ်ငန်းများမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် ရေလုပ်ငန်းတို့ဖြစ်သည်။ အဓိက စိုက်ပျိုးသီးနှံများမှာ စပါး၊ မြေပဲ၊ နှမ်း၊ ဝါ၊ မြန်မာဆေး၊ ငရုတ်၊ အုန်းများဖြစ်သည်။ ၁၉၈၄ ခုနှစ်အတွင်း စပါးစိုက်ကေ ၈,၅၈,၄၆၃ ကေရှိ၍ တင်းပေါင်း ၄,၅၁,၃၉,၉၀၁ တင်း၊ မြေပဲစိုက်ကေ ၁၄,၀၀၈ ကေ ရှိ၍ တင်းပေါင်း ၁၄,၀၀၈ တင်း၊ နှမ်းစိုက်ကေ ၁၀,၅၀၀ ကေ ရှိ၍ တင်းပေါင်း ၁၀,၅၀၀ တင်း၊ ဝါစိုက်ကေ ၁၀,၀၀၀ ကေ ရှိ၍ တင်းပေါင်း ၁၀,၀၀၀ တင်း၊ မြန်မာဆေးစိုက်ကေ ၆,၀၀၀ ကေ ရှိ၍ တင်းပေါင်း ၆,၀၀၀ တင်း၊ ငရုတ်စိုက်ကေ ၁၀,၀၀၀ ကေ ရှိ၍ တင်းပေါင်း ၁၀,၀၀၀ တင်း၊ မြေပဲစိုက်ကေ ၁၄,၀၀၈ ကေ ရှိ၍ လုံးရေ ၁၄,၀၀၈,၀၀၀ လုံး အသီးသီး စိုက်ပျိုးထွက်ရှိသည်။

ရခိုင်ပြည်နယ်တွင် သီးနှံမျိုးစုံစိုက်ပျိုးသော်လည်း ဆန်ကို အဓိကထားစိုက်ပျိုးကြသည်။ ဆန်စပါးထွက်ရှိမှုမှာ ၁၉၈၄ ခုနှစ်အတွင်း စပါးစိုက်ကေ ၈,၅၈,၄၆၃ ကေရှိ၍ တင်းပေါင်း ၄,၅၁,၃၉,၉၀၁ တင်း၊ မြေပဲစိုက်ကေ ၁၄,၀၀၈ ကေ ရှိ၍ တင်းပေါင်း ၁၄,၀၀၈ တင်း၊ နှမ်းစိုက်ကေ ၁၀,၅၀၀ ကေ ရှိ၍ တင်းပေါင်း ၁၀,၅၀၀ တင်း၊ ဝါစိုက်ကေ ၁၀,၀၀၀ ကေ ရှိ၍ တင်းပေါင်း ၁၀,၀၀၀ တင်း၊ မြန်မာဆေးစိုက်ကေ ၆,၀၀၀ ကေ ရှိ၍ တင်းပေါင်း ၆,၀၀၀ တင်း၊ ငရုတ်စိုက်ကေ ၁၀,၀၀၀ ကေ ရှိ၍ တင်းပေါင်း ၁၀,၀၀၀ တင်း၊ မြေပဲစိုက်ကေ ၁၄,၀၀၈ ကေ ရှိ၍ လုံးရေ ၁၄,၀၀၈,၀၀၀ လုံး အသီးသီးစိုက်ပျိုး ထွက်ရှိသည်။

လယ်ယာလုပ်ငန်းသုံး ခိုင်းကျွဲ၊ ခိုင်းနွားကောင်ရေ ၄ ဒသမ ၁၈ သိန်းကျော်နှင့် စက်မှုလယ်ယာဦးစီးဌာနပိုင် လယ်ထွန်စက် အစီး ၆၀ ရှိသည်။

သားငါးကဏ္ဍမှ ၁၉၈၄–၁၉၈၅ ခုနှစ်အတွင်း အသားပိသာချိန် ၄၂ ဒသမ ၄၂ သိန်းကျော်ထုတ်လုပ်မည် ဖြစ်သည်။ ရခိုင်ပြည်နယ်သည် ငါးထုတ်လုပ်မှု ဒုတိယအများဆုံးဒေသဖြစ်သည်။ ၁၉၈၄–၈၅ ခုနှစ်အတွင်း ပိသာချိန် ၃၄၃ ဒသမ ၂ သိန်းထုတ်လုပ်နိုင်ရန် ဆောင်ရွက်လျက် ရှိသည်။ ရခိုင်ပြည်နယ်မှ ငါးအပြင် ပုစွန်နှင့် ရေထွက်ပစ္စည်းများလည်း ထွက်ရှိသည်။

ရခိုင်ပြည်နယ်တွင် သီးသန့်သစ်တောကြိုးဝိုင်း ၉ရိယာ ၈ က ၄ ဒသမ ၁၃ သိန်းနှင့် အခြားသစ်တော မြေကေ ၄၄ ဒသမ ၉၆ သိန်းကျော်ရှိသည်။ ရခိုင်ပြည်နယ်မှ ၁၉၈၄–၈၅ ခုနှစ်အတွင်း သစ်မာ ကုဗတန် ၁၅,၅၀၀ ထွက်ရှိမည် ဖြစ်သည်။

သတ္တုကဏ္ဍမှ ကျောက်မီးသွေး၊ မာဘယ်လ်ကျောက်၊ ထုံးကျောက်နှင့် ရေနံများ ထွက်ရှိပြီး ပြည်သူပိုင်အခန်းမှ ရေနံစိမ်းနှင့် သဘာဝ ဓာတ်ငွေများကို ထုတ်လုပ်လျက် ရှိသည်။ တည်ဆောက်ပြီး ပြည်သူပိုင် စက်ရုံ အလုပ်ရုံ ၂၀ ကျော်ရှိပြီး ဒေသထွက် ကုန်ကြမ်းများကို အခြေခံလျက် စက်မှုကုန်ပစ္စည်းများကိုတိုးခဲ့ ထုတ်လုပ်လျက် ရှိသည်။

ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်လျက် ရခိုင်ပြည်နယ် ရေဘေးကာကွယ်ရေး အပိုင်း ၂၊ ကျေးရွာ တိရစ္ဆာန် မွေး

စိုက်ပျိုးရေးလုပ်ငန်း၊ သတ္တုတူးဖော်ရေး လုပ်ငန်းနှင့် ပင်လယ်ငါးဖမ်းလုပ်ငန်းတို့သည် မွန်ပြည်နယ်၏ အဓိက စီးပွားရေးလုပ်ငန်းများဖြစ်သည်။

အဓိကစိုက်ပျိုးသော သီးနှံများမှာ စပါး၊ မြေပဲ၊ နှမ်း၊ ကြံ၊ ကြက်ပေါင်စေး၊ ကွမ်းသီး၊ အုန်းတို့ဖြစ်သည်။ ၁၉၈၄ ခုနှစ်အတွင်း စပါးစိုက်ကေ ၆,၅၄,၂၁၅ ကေရှိ၍ တင်းပေါင်း ၃,၆၄,၄၁,၆၄၁ တင်း၊ မြေပဲစိုက်ကေ ၂၆,၅၀၆ ကေရှိ၍ တင်းပေါင်း ၉,၉၇,၅၉၀ တင်း၊ နှမ်းစိုက်ကေ ၃,၀၆၃ ကေရှိ၍ တင်းပေါင်း ၁၆,၆၃၆ တင်း၊ ကြံစိုက်ကေ ၂၉,၄၆၃ ကေရှိ၍ တန်ခိုန်ပေါင်း ၃,၅၇,၀၈၅ တန်၊ ကြက်ပေါင်စေးစိုက်ကေ ၇၁,၆၀၉ ကေရှိ၍ ပေါင်ခိုန် ၁,၄၅,၁၀,၀၁၅ ပေါင်၊ ကွမ်းသီးစိုက်ကေ ၁၁,၄၇၉ ကေရှိ၍ပိသာချိန် ၃၆,၁၇,၅၂၂ ပိသာ၊ အုန်းစိုက်ကေ ၆,၀၁၇ ကေရှိ၍ လုံးရေ ၁,၈၁,၈၁,၀၇၇ လုံး အသီးသီး စိုက်ပျိုးထွက်ရှိသည်။

မွန်ပြည်နယ်အတွင်း ခိုင်းကျဲခိုင်းနွား ကောင်ရေ ၂ ဒသမ ၂၄ သိန်းကျော်ရှိ၍ စက်မှုလယ်ယာဦးစီးဌာနတွင် ထွန်စက်အစီး ၂၂၅ စီး ရှိသည်။

မွန်ပြည်နယ်တွင် သားငါးကဏ္ဍမှ ၁၉၈၄ – ၈၅ ခုနှစ် အတွင်း အသားပိသာချိန် ၃၅ ဒသမ ၁၄ သိန်းကျော်နှင့် ငါးပိသာချိန် ၁၅၁ ဒသမ ၉၇ သိန်း ထုတ်လုပ်သွားမည် ဖြစ်သည်။

မွန်ပြည်နယ်မှ ကျန်း၊ သစ်မာနှင့် အခြားသစ်တော ထွက် ပစ္စည်းများ ထွက်ရှိပြီး ၁၉၈၄ – ၈၅ ခုနှစ်အတွင်း ကျန်းကုဗတန် ၅,၅၀၀ နှင့် သစ်မာကုဗတန် ၁၁,၀၀၀ ထုတ်လုပ်သွားရန် ဆောင်ရွက်လျက်ရှိသည်။

မွန်ပြည်နယ်အတွင်း ခဲမဖြူသန့်စင်၊ အဖြိုက်နက်သန့်စင်၊ ခနောက်စိမ်းတို့ကို ပြည်သူပိုင်ကဏ္ဍမှလည်းကောင်း၊ ဂဝံကျောက်၊ ဂဝံကျောက်ပြားများကို သမဝါယမပိုင်ကဏ္ဍမှလည်းကောင်း ထုတ်လုပ်လျက်ရှိသည်။ ပြည်သူပိုင် စက်ရုံအလုပ်ရုံများမှ သကြား၊ ဖယောင်းတိုင်၊ စက္ကူ၊ သစ်ခဲသား၊ ဆားနှင့် အခြားကုန်ပစ္စည်းများကို ထုတ်လုပ်လျက် ရှိသည်။

ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်လျက် လုပ်ငန်းဆိုင်ရာ ဝန်ကြီးဌာနများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ၊ ရာဘာပြန်လည်ထူထောင်ရေး စီမံကိန်း၊ ကန်ငယ်များ၊ ဆည်မြောင်းစီမံကိန်း၊ ကျေးရွာ တိရစ္ဆာန်မွေးမြူရေး ဖွံ့ဖြိုးမှုလုပ်ငန်း စီမံကိန်း၊ ဘီးလင်းသကြားစက် မွမ်းမံတိုးချဲ့ရေး စီမံကိန်း၊ သထုံ တာယာနှင့် ရာဘာပစ္စည်းထုတ်လုပ်ရေး စီမံကိန်း၊ သထုံ ရေနွေးငွေ့ ဓာတ်အားပေးစက်ရုံ စီမံကိန်း၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မြို့ရေး ဖွံ့ဖြိုးမှုလုပ်ငန်း စီမံကိန်း၊ ငါးဖမ်းလုပ်ငန်း စီမံကိန်း (အမ်း)၊ ပုစွန်ဖမ်းဆီးရေး စီမံကိန်း၊ ငါးဖမ်း လုပ်ငန်း အထောက်အကူပြု စီမံကိန်း၊ ကျောက်တော် သကြားစက်နှင့် တိုးခဲ့အရက်ချက်စက်ရုံစီမံကိန်း၊ အမှတ် ၃ ပျော့ဖတ်နှင့် စက္ကူစက်ရုံ စီမံကိန်း စသည်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည်။

## ရန်ကုန်တိုင်း

ရေိယာ စတုရန်းမိုင် ၃,၉၂၇ မိုင်ကျယ်ဝန်းပြီး မြို့နယ်ပေါင်း ၃၉ မြို့နယ်ရှိသည်။ ပြည်နယ်နှင့် တိုင်းများတွင် ရေိယာ အကျဉ်းမြောင်းဆုံး ဖြစ်သော်လည်း လူဦးရေ အထူထပ်ဆုံးသော ဒေသဖြစ်ပြီး လူဦးရေ စုစုပေါင်း ၃၉,၃၃,၇၈၂ ဦးရှိသည်။

ရန်ကုန်တိုင်းသည် စီးပွားရေးလုပ်ငန်းများ ထွန်းကား ရာ စီးပွားရေးအချက်အခြာဒေသကြီးဖြစ်ပြီး လယ်ယာနှင့် စက်မှုလုပ်ငန်းများသည် အဓိက စီးပွားရေးလုပ်ငန်းများ ဖြစ်သည်။

စပါးကို တတိယအများဆုံး စိုက်ပျိုးသောဒေသ ဖြစ်သည်။ အဓိကစိုက်ပျိုးသီးနှံများမှာ စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ဂုန်လျော်၊ ကြက်ပေါင်စေးတို့ ဖြစ်သည်။ ၁၉၈၄ ခုနှစ်အတွင်း စပါးစိုက်ကေ ၁၂,၅၄,၃၃၁ ကေရှိ၍ တင်းပေါင်း ဂ,၄၆,၉၃,၄ဂ၅ တင်း၊ မြေပဲစိုက်ကေ ၄၁,၄၀၂ ကေရှိ၍ တင်းပေါင်း ၁၆,၆၃,ဂ၆၆ တင်း၊ နှမ်းစိုက်ကေ ၅၄,၂၂၂ ကေရှိ၍ တင်းပေါင်း ၂,၂ဂ,ဂဝ၃ တင်း၊ နေကြာစိုက်ကေ ၂၃,၃၆ဂ ကေရှိ၍ တင်းပေါင်း ၄,၆ဂ,၆၀၀ တင်း၊ ဂုန်လျော်စိုက်ကေ ၄,၄၆ဂ ကေရှိ၍ ပိဿာချိန် ဂ,၆၂,၃ဂဝ ပိဿာ အသီးသီးစိုက်ပျိုးထွက်ရှိသည်။

တိုင်းတတိုင်းလုံး စပါးအထူးအထွက်တိုး စီမံချက်ကို ၁၉ဂဝ–ဂ၁ ခုနှစ်မှ စတင် ဆောင်ရွက်လျက် ရှိသည်။ ရန်ကုန်တိုင်းအတွင်း ခိုင်းကျဲ ခိုင်းနွားကောင်ရေ ၃ ဒသမ ၃ဂ သိန်းခန့်နှင့် စက်မှုလယ်ယာပိုင် ထွန်စက်စီးရေ ၂၃၅ စီး ရှိသည်။

၁၉ဂ၄–ဂ၅ ခုနှစ်အတွင်း ရန်ကုန်တိုင်းမှ အသားပိဿာချိန် ၁၃ဂ ဒသမ ၃၂ သိန်းကျော်နှင့် ငါးပိဿာချိန် ၁၃၃ ဒသမ ဝ၉ သိန်း ထုတ်လုပ်မည် ဖြစ်သည်။

သီးသန့်သစ်တောကြိုးဝိုင်း ရေိယာ ကေ ၃ ဒသမ ဝ၁ သိန်းနှင့် အခြားသစ်တောမြေ ရေိယာ ကေ ၂၀,ဝဝဝ ကျော်ရှိသည်။ ၁၉ဂ၄–ဂ၅ ခုနှစ်အတွင်း ရန်ကုန်တိုင်းမှ ကျွန်း ကုဗတန် ၄,ဝဝ,ဝဝဝ ကျော်၊ သစ်မာ ကုဗတန် ၂၀,ဝဝဝ ကျော် ထုတ်လုပ်မည် ဖြစ်သည်။

သတ္တုကဏ္ဍတွင် ပြည်သူပိုင်အခန်းမှ သန့်စင်ပြီး ဂရုပ် ဖိုက်နှင့် မီးခဲရွှံဆေးမှုန့်တို့ကို ထုတ်လုပ်လျက် ရှိသည်။ တည်ဆောက်ပြီး ပြည်သူပိုင်စက်ရုံ အလုပ်ရုံ ၂၅၀ ကျော် ရှိပြီး ကုန်ပစ္စည်းမျိုးစုံကို နှစ်စဉ်တိုးခဲ့ ထုတ်လုပ်လျက်ရှိသည်။

ရန်ကုန်တိုင်းအတွင်း အောက်မြန်မာနိုင်ငံ စပါးစိုက် ပျိုးမှု တိုးတက်ဖွံ့ဖြိုးရေးစီမံကိန်း၊ ရေချိုပုစွန်ထုပ်ကြီး မွေးမြူရေး စီမံကိန်း၊ ရွာသာကြီး စိုက်ပျိုးမွေးမြူရေး စံပြကျေးရွာ စီမံကိန်း၊ မြန်မာနိုင်ငံ တိရစ္ဆာန်မွေးမြူရေး စီမံကိန်း၊ ဒုတိယ ငါးဖမ်းလုပ်ငန်း စီမံကိန်း၊ စွပ်ကျယ်စက်ရုံစီမံကိန်း၊ ခေါက်ဆွဲစက်ရုံ စီမံကိန်း၊ အိမ်သုံးဖန်ထည်ပစ္စည်း စက်ရုံ စီမံကိန်း၊ သားရေစက်ရုံစီမံကိန်း၊ ရေနံ မီးသွေးချက်စက်ရုံ စီမံကိန်း၊ ထုပ်ပိုးပစ္စည်းစက်ရုံ စီမံကိန်းစသည့် လုပ်ငန်း စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည်။

## ရှမ်းပြည်နယ်

ပြည်နယ်နှင့် တိုင်းများတွင် အကျယ်ပြန့်ဆုံး ဖြစ်ပြီး စတုရန်းမိုင်ပေါင်း ၆၀,၁၅၅ မိုင် ကျယ်ဝန်းသည်။ မြို့နယ် ၅၂ မြို့နယ်ရှိ၍ ရှမ်း၊ ပအိုဝ်၊ ပလောင်၊ ဓနု၊ ဝ၊ ကော်၊ လားဟူ၊ အင်းသား၊ မြောင်ဇီး၊ လီရှော၊ တောင်ရိုး၊ မိုင်းသာ၊ ယင်းကြား၊ ကချင်၊ ကယား၊ ဗမာ စသော တိုင်းရင်းသားပေါင်းစုံ နေထိုင်ကြသည်။ စုစုပေါင်း လူဦးရေ ၃၇,၁ဂ,၇ဝ၆ ဦးရှိသည်။

စိုက်ပျိုးရေးလုပ်ငန်း၊ သတ္တု တူးဖော်ရေးလုပ်ငန်းနှင့် သစ်တော လုပ်ငန်း များ သည် ရှမ်းပြည်နယ်၏ အဓိက ဆောင်ရွက်ရာ စီးပွားရေးလုပ်ငန်းများ ဖြစ်သည်။ အဓိကစိုက်ပျိုးသော သီးနှံများမှာ စပါး၊ ဂျုံ၊ မြေပဲ၊ နှမ်း၊ ကြံ၊ ကြက်သွန်ဖြူ၊ အာလူး၊ လက်ဖက်၊ သနပ်ဖက်တို့ ဖြစ်သည်။ ၁၉ဂ၄ ခုနှစ်အတွင်း စပါးစိုက်ကေ ဂ,၂၇,၃၅၅ ကေရှိ၍ တင်းပေါင်း ၃,၆၂,၂၀,၉ဝဂ တင်း၊ ဂျုံစိုက်ကေ ၇၅,ဝဝဝ ကေရှိ၍ တင်းပေါင်း ၁၂,ဝ၆,၁၂ဂ တင်း၊ မြေပဲစိုက်ကေ ၆ဝ,၄ဂ၂ ကေရှိ၍ တင်းပေါင်း ၁၅,၉၆,၃၂၀ တင်း၊ ကြံစိုက်ကေ ၃၂,၇၉၄ ကေရှိ၍ တန်ချိန်ပေါင်း ၃,၁၆,၃၃၂ တန်၊ ကြက်သွန်ဖြူစိုက်ကေ ၁၆,၆ဝ၂ ကေရှိ၍ ပိဿာချိန် ၁,၂၁,၁၁,၂ဂ၉ ပိဿာ၊ အာလူးစိုက်ကေ ၂ဂ,၂၁၂ ကေရှိ၍ ပိဿာချိန် ၆,၉၉,၉ဝ,၃၇၅ ပိဿာ၊ လက်ဖက်စိုက် ကေ ၁,၂၃,ဂ၄ဝ ကေ ရှိ၍ ပိဿာချိန် ၂,၉၁,၁၂,ဝ၁၃ ပိဿာ၊ သနပ်ဖက်စိုက်ကေ ၄ဂ,ဂ၆၁ ကေ ရှိ၍ ပိဿာချိန် ၆၅,၂ဂ,ဂ၆၄ ပိဿာ အသီးသီး စိုက်ပျိုး ထွက်ရှိသည်။

၁၉ဂ၃ – ဂ၄ ခုနှစ်အတွင်း စပါး ငါးမြို့နယ်၊ ဂျုံ သုံးမြို့နယ်၊ အစေ့ထုတ်ပြောင်း နှစ်မြို့နယ်၊ မိုးမြေပဲ တမြို့နယ်၊ နှံစားပြောင်းသုံးမြို့နယ်နှင့် အာလူးသုံးမြို့နယ် စသည်

ဖြင့် ကန့်သတ်နယ်လုံး အတူးအထွက်တိုးရေယာ သတ်မှတ်အကောင်အထည်ဖော်ခဲ့သည်။

၁၉၇၄ – ၇၅ ခုနှစ် အတွင်း ရှမ်းပြည်နယ်မှ အသားပိသာချိန် ၇၅ ဒသမ ၀၃ သိန်းကျော်နှင့် ငါးပိသာချိန် ၅,၀၀,၀၀၀ ထုတ်လုပ်မည် ဖြစ်သည်။

ရှမ်းပြည်နယ်တွင် သစ်တောမြေ ရေယာ ကေ ၁၀၅ ဒသမ ၁၇ သိန်း ရှိသည်။ ထိုသစ်တော ရေယာတွင် သီးသန့်သစ်တောကြိုးဝိုင်း ရေယာကေ ၂၀ ဒသမ ၀၀ သိန်း ပါဝင်သည်။ ၁၉၀၄ – ၀၅ ခုနှစ်အတွင်း ရှမ်းပြည်နယ်မှ သစ်မာကုဗတန် ၂၂,၅၀၀ ထုတ်လုပ်မည်ဖြစ်သည်။ ထို့ပြင် ရှားစေး၊ သစ်ခါး၊ ထင်းရှူးဆီ၊ ပျဉ်းရည်၊ လင်းနိုင်ခြေး စသည့် သစ်တောထွက် ပစ္စည်းများကိုလည်း တိုးတက် ထုတ်လုပ်လျက်ရှိသည်။

ရှမ်းပြည်နယ်သည် သတ္တု အမျိုးအစား အများဆုံး ထွက်ရှိရာဒေသဖြစ်ပြီး ပြည်သူပိုင်အခန်းမှ ငွေစင်၊ ခဲစင်၊ သန့်စင်သွပ်မှုန့်၊ ကြေးနီမက်၊ နီကယ်စဖို့က်စ်၊ ခနောက်စိမ်းခဲ၊ ခဲမပြူ သန့်စင်၊ အဖြိုက်နက် သန့်စင်၊ ကျောက်မီးသွေးစသော အဖိုးတန် သတ္တုများကို ထုတ်လုပ်လျက်ရှိသည်။ ပြည်သူပိုင် စက်ရုံအလုပ်ရုံ ၁၂၀ ကျော်ရှိပြီး၊ အဆိုပါစက်ရုံများမှ ဒေသထွက် ကုန်ကြမ်းများ အပေါ် အခြေခံသည့် ကုန်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိရာ သတ္တု၊ လက်ဖက်ခြောက်၊ သကြားနှင့် သကာရည်၊ ရေခဲ၊ ဗာဂျီးနီးယားဆေးပေါင်းတင်၊ သစ်ခွဲသား၊ ထင်းရှူးဆီ စသည်တို့ကို ထုတ်လုပ်လျက်ရှိသည်။

ရှမ်းပြည်နယ်တွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်လျက် ကျေးရွာတိရစ္ဆာန်မွေးမြူရေး ဖွံ့ဖြိုးမှုလုပ်ငန်း စီမံကိန်း၊ ဒုတိယ ငါးလုပ်ငန်း စီမံကိန်း၊ သစ်လုပ်ငန်း စီမံကိန်း ၂၊ သီပေါ ဂေါဒန်ကျောက် စီမံကိန်း၊ သတ္တုရိုင်း သန့်စင်ရေးစက်ရုံ တည်ဆောက်ရေးစီမံကိန်း၊ ဘော်တင်းရှိ ဆာလ်ဖိုက်ခဲ သတ္တုသန့်စင်စက်ရုံ တိုးချဲ့ရေး စီမံကိန်း၊ အထူးကျောက်မျက် ( စိန် ) ရှာဖွေရေး စီမံကိန်း၊ ရွှေညောင် သကြားစက်စီမံကိန်း စသည်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

## ရောဝတီတိုင်း

ရေယာစတုရန်းမိုင် ၁၃,၅၆၇ မိုင် ကျယ်ဝန်းပြီး မြို့နယ် ၂၆ မြို့နယ်ဖြင့် ဖွဲ့စည်းထားသည်။ ရောဝတီတိုင်းအတွင်း စကောကရင်၊ ပိုးကရင်၊ ချင်း၊ ရခိုင်၊ ရှမ်း၊ ဗမာ စသော တိုင်းရင်းသားလူမျိုးများ နေထိုင်ကြပြီး လူဦးရေ စုစုပေါင်း ၄၉,၉၁,၀၅၇ ဦး ရှိသည်။

လယ်ယာ၊ သားငါး၊ စက်မှုလက်မှု လုပ်ငန်းများသည် အဓိက စီးပွားရေး လုပ်ငန်းများ ဖြစ်သည်။ နိုင်ငံတော်အတွင်း စိုက်ပျိုးမြေ ရေယာ အကျယ်ပြန့်ဆုံးနှင့် စပါးအများဆုံး စိုက်ပျိုးထုတ်လုပ်ရာ ဒေသဖြစ်သည်။ အဓိက စိုက်ပျိုးသော သီးနှံများမှာ၊ စပါး၊ မြေပဲ၊ နှမ်း၊ ဂုန်လျှော်၊ မြန်မာ့ဆေး၊ ကွမ်းသီး၊ ငရုတ်၊ အုန်းတို့ ဖြစ်သည်။ ၁၉၀၄ ခုနှစ်အတွင်း စပါးစိုက်ကေ ၃၂,၃၀,၃၂၆ ကေရှိ၍ တင်းပေါင်း ၂၂,၃၆,၇၃,၁၀၇ တင်း၊ နှမ်းစိုက် ကေ ၂,၄၁,၃၇၇ ကေရှိ၍ တင်းပေါင်း ၁၂,၁၀,၂၁၂ တင်း၊ ဂုန်လျှော်စိုက် ကေ ၉၀,၇၂၄ ကေရှိ၍ ပိသာချိန် ၂,၀၃,၁၅,၀၁၂ ပိသာ၊ မြန်မာဆေးကေ ၁၄,၀၅၆ ကေရှိ၍ ပိသာချိန် ၄၀,၀၂,၀၀၀ ပိသာ၊ ကွမ်းသီးစိုက်ကေ ၁၂,၅၂၂ ကေရှိ၍ ပိသာချိန် ၃၆,၅၀,၄၆၀ ပိသာ၊ ငရုတ်စိုက်ကေ ၂၆,၀၀၂ ကေရှိ၍ ပိသာချိန် ၄၆,၆၄,၀၀၄ ပိသာ၊ အုန်းစိုက် ကေ ၃၃,၆၅၀ ကေ ရှိ၍ လုံးရေ ၇,၇၀,၉၆,၅၉၄ လုံး အသီးသီး စိုက်ပျိုးထွက်ရှိသည်။

သီးနှံများ အထူးအထွက်တိုးရေး စီမံချက်နှင့် အညီ ၁၉၀၃ – ၀၄ ခုနှစ်အတွင်း စပါးကို ၁၆ မြို့နယ်၊ နှမ်းလျင်နှင့် နေကြာတို့ကို နှစ်မြို့နယ်စီ၊ အစေ့ထုတ်ပြောင်း၊ ဂုန်လျှော်နှင့် မတ်ပဲတို့ကို တမြို့နယ်စီ၊ တမြို့နယ်လုံး အထူးအထွက်တိုး ရေယာ သတ်မှတ်လျက် အကောင်အထည် ဖော်ခဲ့သည်။

၁၉၀၄ – ၀၅ ခုနှစ်အတွင်း ရောဝတီတိုင်းမှ အသားပိသာချိန် ၁၉၉ ဒသမ ၅၇ သိန်းကျော်နှင့် ငါးပိသာချိန် ၁၃၃ ဒသမ ၁၄ သိန်း ထုတ်လုပ်မည် ဖြစ်သည်။

ရောဝတီတိုင်း အတွင်း သီးသန့် သစ်တော ကြိုးဝိုင်း ရေယာကေ ၁၇ ဒသမ ဂ သိန်းနှင့် အခြားသစ်တောမြေ ကေ ၄ ဒသမ ၇ သိန်းရှိသည်။ ၁၉၀၄ – ၀၅ ခုနှစ်အတွင်း သစ်မာကုဗတန် ဂ၄,၀၀၀၊ ကျန်းနှင့် သစ်မာမျိုးလုံးရေ ၅,၀၀,၀၀၀ ကျော် ထွက်ရှိရန် ဆောင်ရွက်လျက် ရှိသည်။

ရောဝတီတိုင်းတွင် ပြည်သူပိုင် အခန်းမှ ရေနံစိမ်းနှင့် သဘာဝ ဓာတ်ငွေတို့ကို တိုးချဲ့ ထုတ်လုပ်လျက် ရှိသည်။ ပြည်သူပိုင် စက်ရုံအလုပ်ရုံ ၅၀ ကျော်ရှိပြီး ဆန်၊ ဆန်ကွဲ၊ ဖဲနုဆီ၊ ဘိလပ်မြေ၊ မှုန်၊ ဆား၊ ဂုန်နီအိတ်နှင့် အခြားကုန်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိသည်။

ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်လျက် လုပ်ငန်းစီမံကိန်းများကို အကောင်အထည် ဖော်လျက်ရှိရာ အောက်မြန်မာပြည် စပါးစိုက်ပျိုးမှု တိုးတက်ဖွံ့ဖြိုးရေး စီမံကိန်း ၁ နှင့် ၂၊ ရေစုပ်စက်များဖြင့် ရေပေးဝေရေး စီမံကိန်း၊ ဒုတိယ ငါးလုပ်ငန်း စီမံကိန်း၊ သစ်တောလုပ်ငန်း နည်းစနစ်တိုးတက်ရေး စီမံကိန်း၊ ကြံခင်း ဘိလပ်မြေ စက်ရုံ အမှတ် ၂ တိုးချဲ့စီမံကိန်း၊ ဆိပ်သာမက်သနောလ် စက်ရုံ စီမံကိန်း၊ အမှတ် ၄ အထပ်သားစက်ရုံ စီမံကိန်း၊ လျှော်ရွေးလျှော်ထုတ်စက်ရုံ (မအူပင်) တိုးချဲ့စီမံကိန်း၊ ပုသိမ်



ရှန်ကာ အပြည်ပြည်ဆိုင်ရာ ကလေးပန်းချီပြိုင်ပွဲတွင် ရွေတံဆိပ်ဆုရ နှစ်သစ်ကူး အမည်ရှိ ပန်းချီကား



ရှန်ကာ အပြည်ပြည်ဆိုင်ရာ ကလေးပန်းချီပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရ ဆီမီးခွက်အက အမည်ရှိ ပန်းချီကား

သစ်ဆွေးကာကွယ်စက်ရုံ စီမံကိန်း စသည်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည်။

**မြန်မာ့ကလေးပန်းချီ (၁၉၇၄)။** ။ ၁၉၇၄ ခုနှစ် အတွင်း မြန်မာကလေးတို့သည် အ ပြည် ပြည် ဆိုင် ရာ က လေး ပန်း ချီ ပြိုင် ပွဲ ကြီး လေးရပ်တွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

မြန်မာ ကျောင်းသား ကျောင်းသူကလေးများသည် ထူးခြားပြောင်မြောက်သော ပန်းချီအနုပညာ အရည်အသွေးကို နိုင်ငံတကာမျက်နှာစာ၌ ဖော်ထုတ်ပြသကာ မိမိတို့၏ အောင်မြင်မှုအစဉ်အလာကို ဆက်လက်ထိန်းသိမ်းနိုင်ရုံမက ထူး ခြား သော မှတ်တိုင်များကိုလည်း စိုက်ထူနိုင်ခဲ့ကြသည်။

နိုင် ငံ တ ကာ က လေး ပန်း ချီ ပြိုင် ပွဲ များ အ နက် သက်တမ်းအရှည်ဆုံး သမ္ဘာအရင့်ဆုံး ပြိုင်ပွဲကြီးဖြစ်သည့် ရှန်ကာ အပြည်ပြည်ဆိုင်ရာ ကလေးပန်းချီ ပြိုင်ပွဲကြီး၌ မြန်မာ ကလေးများသည် ပြိုင်ပွဲ၏ အမြင့်ဆုံး ဆုတဆု ဖြစ်သော နေရူး ရွှေတံဆိပ်ဆုတဆု၊ ငွေတံဆိပ် ၁၂ ဆု၊ ကြေးတံဆိပ်ကိုးဆုနှင့် ဂုဏ်ထူးအောင်ဆု ၄၄ ဆု စုစုပေါင်း ၆၆ ဆုကို ဆွတ်ခူးရရှိခဲ့သည်။

ယခုအကြိမ်ရရှိသော နေရူးရွှေတံဆိပ်ဆုမှာ မြန်မာနိုင်ငံအနေဖြင့် စတုတ္ထအကြိမ်မြောက် ဆွတ်ခူးရရှိခဲ့ခြင်း ဖြစ်သည်။ ၁၉၇၃ ခုနှစ်ကလည်း တတိယမြောက် ရွှေတံဆိပ် ရရှိထားသဖြင့် နေ ရူး ရွှေ တံ ဆိပ် ကို နှစ်နှစ်ဆက်တိုက် ရရှိခြင်းဖြစ်သည်။

ယခုနှစ်ရရှိသော ဆုအရေအတွက် ၆၆ ဆုသည် ပြိုင်ပွဲ သက်တမ်းတလျှောက် ဆုအများဆုံးရရှိသည့် ဆုအရေ အတွက်ဖြစ်သည်။ နေရူးရွှေတံဆိပ်ကို ပန်းဘဲတန်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း အမှတ် (၁) မှ ဒဿမတန်းကျောင်းသူ မစန္ဒာဝင်းက ဆွတ်ခူးခဲ့သည်။ မစန္ဒာဝင်းသည် ၁၉၇၀-၇၁ ပညာသင်နှစ်ကလည်း ရှန်ကာ အပြည်ပြည်ဆိုင်ရာ ကလေးပန်းချီပြိုင်ပွဲမှပင် ဒိုင်းဆုတဆုကို ဆွတ်ခူးရရှိထားသူ ဖြစ်သည်။

၁၉၇၄ ခုနှစ် ဥၚ ကြိမ်မြောက် ရှန်ကာ အပြည်ပြည် ဆိုင်ရာ ကလေးပန်းချီပြိုင်ပွဲ အထိမ်းအမှတ် မှတ်တမ်း စာအုပ်ကြီးထဲတွင် နေရူး ရွှေတံဆိပ်ဆုရ ပန်း ချီ ကား အပါအဝင် မြန်မာကလေး ၁၀ ဦးတို့၏ ဆုရပန်းချီကား များကို ဂုဏ်ပြုဖော်ပြထားသည်။ယင်းတို့အနက် မစန္ဒာဝင်း ၏ မြန်မာ နှစ်သစ်ကူး အမည်ရှိ ပန်း ချီ ကား နှင့် မောင်အောင်လင်း၏ ဆီမီးခွက်အက အမည်ရှိ ငွေတံဆိပ် ဆုရ ပန်းချီကားတို့သည် ဆေးရောင်စုံဖြင့် မျက်နှာပြည့် ဖော်ပြထားခြင်း ခံရသည်။

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပသော ၁၉၇၄ ခုနှစ် ၁၄ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ကလေးများ ပန်းချီ ပြိုင်ပွဲ၌ မြန်မာ ကျောင်းသား ကျောင်းသူ ကလေးများ သည် ရွှေတံဆိပ် ၁၀ ဆု၊ ငွေတံဆိပ် ၁၀ ဆုနှင့် ကြေးတံ ဆိပ် ၇၃ ဆု စုစုပေါင်း ၁၀၁ ဆုကို ဆွတ်ခူးရရှိခဲ့သည်။

ရွှေတံဆိပ် ၁၀ ဆုအနက် အင်းစိန်မြို့ အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူကလေး မကေသီမြင့် ဆွတ်ခူးခဲ့သည့် ရွှေ တံ ဆိပ် ဆု မှာ အ ထူး ရွှေ တံ ဆိပ် (Supreme Gold Award) ဖြစ်သဖြင့် နိုင်ငံအတွက် ဂုဏ်ယူဖွယ်ပင် ဖြစ်သည်။

ထို့အပြင် နှစ်ပေါင်း ၃၀ အတွင်း ပါဝင်ယှဉ်ပြိုင်ခဲ့သည့် နိုင်ငံတကာ ကလေးပန်းချီ ပြိုင်ပွဲများအနက် ဤ ၁၄ ကြိမ် မြောက် အ ပြည် ပြည် ဆိုင် ရာ ကလေးပန်းချီပြိုင်ပွဲတွင် မြန်မာကလေးငယ်များ ဆုအများဆုံး ရရှိခဲ့ခြင်းလည်း ဖြစ်သည်။ ပြိုင်ပွဲတရပ်အတွင်း ရွှေတံဆိပ်ဆု ၁၀ ဆု ရရှိ ခဲ့ခြင်းမှာလည်း ထူးခြားသော အောင်မြင်မှု တရပ်ပင် ဖြစ်သည်။ ဤပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ပုံကား ၂၀၂ ကား ပေး ပို့ ယှဉ် ပြိုင် ခဲ့ သည့် အ နက် ပုံကား ၁၀၁ ကားသည် ဆုများ ရရှိခဲ့သည်။ ယင်းဆု ရရှိမှုအနေအထားအရ ဆုရ စံနှုန်းသည် ၅၀ ရာခိုင်နှုန်းဖြစ်သည်။

ချက်ကိုစလိုဗက်နိုင်ငံ လိုက်ဒစ်မြို့၌ ကျင်းပသည့် ၁၂ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ကလေးများ အနုပညာ လက်ရာ ပြပွဲ၌ မြန်မာနိုင်ငံမှ ဆု ၁၀ ဆု ရရှိခဲ့သည်။ မရမ်းကုန်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း အမှတ် ၂ သည် Rose Of Lidice ဟုခေါ်သော လိုက်ဒစ် မြို့၏ နှင်းဆီဆုတံဆိပ်ကို ဆွတ် ခူး ရ ရှိ ခဲ့ ပြီး အခြား ကျောင်းသား၊ ကျောင်းသူ ကိုးဦးသည် ဂုဏ်ထူးဆောင် ဆုလက်မှတ်များ ရရှိခဲ့သည်။

ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့၌ ၁၉၇၄ ခုနှစ် ဒီဇင်ဘာ လတွင် ကျင်းပခဲ့သည့် တတိယအကြိမ် ကနာဂဝါ ကမ္ဘာ့ ကလေး ပန်းချီပြိုင်ပွဲ၌ မြန်မာကျောင်းသား ကျောင်းသူ ခုနစ်ဦးတို့သည် ရွှေတံဆိပ်သုံးဆုနှင့် ငွေတံဆိပ်လေးဆု စုစုပေါင်းခုနစ်ဆု ဆွတ်ခူးရရှိခဲ့သည်။ ရွှေတံဆိပ်သုံးဆု အနက် မန္တလေးမြို့ အမှတ် ၂၉ မူလတန်းကျောင်းမှ မောင်ကြည်ချန့် ရရှိခဲ့သော ရွှေတံဆိပ်မှာ ဂျပန်နိုင်ငံ ဆိုင်ရာ ယူနက်စကိုအဖွဲ့ ဥက္ကဋ္ဌကြီး၏ အထူးရွှေတံဆိပ် ဆုဖြစ်သည်။ ဤဆုတံဆိပ်သည် မြန်မာနိုင်ငံအနေဖြင့် ဒုတိယအကြိမ် ရရှိခဲ့သော ဆုတံဆိပ်ဖြစ်သည်။

**မွန်ဖိုးချို (ခရစ် ၁၉၀၅–၁၉၇၄)။** ။နိုင် ငံ့ ဂုဏ် ရည် ဘွဲ့ (ပထမဆင့်)ရ မွန်ဖိုးချိုကို ပြည်ခရိုင် ရွှေတောင်မြို့၌ ၁၉၀၅ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့တွင် အဖ ခရိုင်ဆရာ



မွန်ဖိုးချို

ဝန်ကြီး ဝဏ္ဏကျော်ထင် ဦးဖိုးလှ၊ အမိ ဒေါ်ကြေးနုတို့က ဖွားမြင်သည်။

မော်လမြိုင်မြို အထက်တန်းကျောင်းမှ ၁၀ တန်းအောင် မြင်ခဲ့ပြီး ၁၉၂၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ကို အင်္ဂလိပ်စာဂုဏ်ထူးဖြင့် အောင်မြင်ရရှိသည်။ ၁၉၅၃ ခုနှစ်တွင် ဥပဒေဘွဲ့ကို ရရှိသည်။

မွန်ဖိုးချိုသည် ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာ ဌာနတွင် နည်းပြဆရာအဖြစ် လုပ်ကိုင်သည်။ ၁၉၄၂ ခုနှစ်တွင် ပညာရေးနှင့် ငြိမ်းချမ်းရေး ထိန်းသိမ်းမှုကော်မတီ( Education, Peace Preservation Committee ) ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

ဦးဖိုးချိုသည် ဗိုလ်ချုပ်အောင်ဆန်း၏ဆရာတဦး ဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်းအစရှိသော မျိုးချစ် ကျောင်းသား များ၏ မြန်မာ့လွတ်လပ်ရေးလှုပ်ရှားမှုများကိုအားပေးကူညီ ခဲ့သည်။ ဦးဖိုးချိုသည် အင်္ဂလိပ်အစိုးရက ခန့်အပ်သော အိုင် စိအက်စ်ရာထူးကို လက်မခံပဲ မြန်မာနိုင်ငံ လွတ်လပ်ရေး ကိုသာ လိုလားခဲ့သူတဦး ဖြစ်သည်။

၁၉၄၅ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်း ဦးစီးသော ဖ ဆ ပ ဂ အဖွဲ့ချုပ်ကွင် အလုပ်အမှုဆောင်ကော်မတီဝင် အဖြစ် ဆောင်ရွက်ခဲ့သည်။ ထိုနှစ်တွင်ပင် မွန်အမျိုးသား အဖွဲ့ကို တည်ထောင်၍ ယင်းအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် ဆောင် ရွက်ခဲ့သည်။

၁၉၅၁ ခုနှစ်တွင် ဗဟိုယင်နာမြို့၌ ကျင်းပသော ကမ္ဘာ့ ငြိမ်းချမ်းရေး ကွန်ဂရက်သို့ မြန်မာနိုင်ငံ ကိုယ်စားလှယ် အဖြစ် တက်ရောက်ခဲ့သည်။ တရုတ်ပြည်သူ သမ္မတနိုင်ငံ၊ ဆိုဗီယက် ပြည်ထောင်စုနှင့် ဟန်ဂေရီ နိုင်ငံများသို့လည်း လေ့လာရေးခရီး သွားရောက်ခဲ့သည်။

၁၉၅၅ ခုနှစ်တွင် မွန် အမျိုးသား ညီညွတ် ရေး တပ်ဦး (Mon National United Front)တွင် ဥက္ကဋ္ဌ အ ဖြစ် ဆောင်ရွက်ခဲ့သည်။



၁၉၆၀ ပြည့်နှစ်တွင် ဗိုလ်ချုပ်ကြီးနေဝင်း ဦးစီးသော အိမ်စောင့်အစိုးရက ကျင်းပခဲ့သည့် ရွေး ကောက် ပွဲ တွင် မော်လမြိုင်ခရိုင် ရေးမြို့နယ် ပါလီမန်အမတ်အဖြစ် ရွေးချယ် ခံရသည်။

ဗိုလ်ချုပ်ကြီးနေဝင်း၏ တော်လှန်ရေးအစိုးရက ဖွဲ့စည်း ပေးသော ၃၃ ဦး အကြံပေးအဖွဲ့တွင် အဖွဲဝင်တဦး ဖြစ်ခဲ့ သည်။ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် (မူကြမ်း) ရေးဆဲ့ရေးကော်မရှင်အဖွဲ့တွင်လည်း အဖွဲဝင် တဦးအဖြစ် ပါဝင်ခဲ့သည်။ ထို့ပြင် မွန်ပြည်နယ် ပြန်လည်ဖွဲ့စည်းရေး ကော်မတီ တွင်လည်း ပါဝင်ဆောင်ရွက်ခဲ့သည်။

မွန်ဖိုးချိုသည် မြန်မာနိုင်ငံ လုံးဝ လွတ်လပ်ရေးသို့ ဟူသော စာအုပ်ကို အင်္ဂလိပ်ဘာသာဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံ ပြန်လည် ထူထောင်ရေး ဟူသော စာအုပ်ကို အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့်လည်းကောင်း ရေးသား ထုတ်ဝေခဲ့သည်။

၁၉၀၄ ခုနှစ်တွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီက ချီးမြှင့် သော နိုင်ငံ့ ဂုဏ်ရည်(ပထမဆင့်)ကို ရရှိသည်။

မွန်ဖိုးချိုသည် ၁၉၀၄ ခုနှစ် မေလ ၁၁ ရက်နေ့တွင် ရန်ကုန်မြို့ အင်းစိန်နေအိမ်၌ ကွယ်လွန်သည်။ ဇနီး ဒေါက်တာ ဒေါ်မြသင်နှင့် သမီးတယောက် ကျန်ရစ်သည်။

**ယူနက်စကို။** ။၁၉၄၆ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့ တွင် စတင်ဖွဲ့စည်းခဲ့၍ အဖွဲဝင် ၁၆၁ နိုင်ငံ ရှိပြီဖြစ်သော ယူနက်စကို(ကုလသမဂ္ဂ ပညာဘိပွဲနှင့်ယဉ်ကျေးမှု အဖွဲ့)မှ အမေရိကန်ပြည်ထောင်စုသည် ၁၉၀၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ နှုတ်ထွက်တော့မည် ဖြစ်ကြောင်း ၁၉၀၃ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့က တရားဝင်ကြေငြာခဲ့သည်။

အစ္စရေးနိုင်ငံသည် ရှေးဟောင်းသုတေသန တူးဖော် ရေးလုပ်ငန်းများကိုလုပ်ဆောင်ရာတွင် ဂျရူဆလမ်းမြို့တော်၏ သမိုင်းအထောက်အထားများကို မမှန်မကန် ပြောင်း လဲပစ်နေသည်ဟုလည်းကောင်း၊ အစ္စရေး အသိမ်းပိုက်ခံ နယ်မြေများရှိ အာရပ်များကို အယူအဆ အတွေးအခေါ် အဓမ္မ ပြောင်းလဲပစ်နေသည်ဟု လည်းကောင်း စွပ်စွဲ၍ ဒေသဆိုင်ရာ လုပ်ငန်းအုပ်စုတစုမှ အစ္စရေးကို ထုတ်ပယ် ရန် ၁၉၇၄ ခုနှစ်တွင် ယူနက်စကိုအဖွဲ့အတွင်း မဲခဲ့ဆုံးဖြတ် ခဲ့သည်။ ယင်း အစ္စရေး ဆန့်ကျင်ရေး လှုပ်ရှားမှုများကို အမေရိကန် ပြည်ထောင်စုက ဆန့်ကျင်၍ ယူနက်စကို ဘတ်ဂျက်သို့ ထည့်ဝင်ရန် ရှိသည့်ငွေကို ဆိုင်းငံ့ထားခဲ့ သည်။ ဤသို့ဖြင့် ၁၉၇၆ ခုနှစ်တွင် အစ္စရေးသည် ပြန်လည် ဝင်ခွင့်ရ၍ ၁၉၇၇ ခုနှစ်တွင် အမေရိကန်က ပြန်လည်၍ ဘတ်ဂျက်ရန်ပုံငွေ ထည့်ဝင်ခဲ့သည်။ ၁၉၈၂ ခုနှစ်တွင်



ပါရီမြို့ရှိ ယူနက်စကိုရုံးချုပ်





ညွှန်ကြားရေးမှူးချုပ်အမ်ဘောင်း(ဝဲ)နှင့် အမေရိကန်ပြည်ထောင်စု အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများရေးရာ လက်ထောက်ဝန်ကြီး နီဝဲ

လက်ဗန္ဓနိုင်ငံအတွင်းသို့ အစွပ်ရေးတို့ ထိုးစစ်ဆင်ဝင်ရောက်ခဲ့ခြင်းကို ကန့်ကွက်သောအားဖြင့် အစွပ်ရေးကို ယူနက်စကိုမှ ထုတ်ပယ်ရန် အီရတ်နိုင်ငံက ဦးဆောင်လှုပ်ရှားခဲ့သည်။ ထိုအခါ ယူနက်စကိုအဖွဲ့ ရည်ရွယ်ချက်နှင့် မအပ်စပ်သော နိုင်ငံရေးလှုပ်ရှားမှုများ ရှိနေသည်ဟု အမေရိကန် ပြည်ထောင်စုက ဝေဖန်သည်။

ကမ္ဘာ့ပြန်ကြားရေးအစီအစဉ်သစ် ပြဋ္ဌာန်းရန် ဘက်မလိုက်နိုင်ငံများကတောင်းဆိုလာခြင်း၊ ယူနက်စကိုအဖွဲ့ဝင်အစိုးရအဆင့် ကိုယ်စားလှယ်များ၏ သတင်းပြန်ကြားရေးမူဝါဒဆိုင်ရာ ညီလာခံများကို ပထမဆုံး ကျင်းပနိုင်ခြင်း၊ ယူနက်စကို အထွေထွေညီလာခံသို့ သတင်းဖြန့်ချီရေး ဆိုင်ရာ ကြေငြာချက်တရပ် တင်သွင်းခြင်းတို့သည် ယူနက်စကို အဖွဲ့ သမိုင်းတွင် ၁၉၇၆ ခုနှစ်အတွင်း ပေါ်ပေါက်ခဲ့သော ထင်ရှားသည့်ဖြစ်ရပ်များပင် ဖြစ်သည်။ သတင်းဆက်သွယ်ပြန်ကြားရေးပြဿနာများ လေ့လာရေးဆိုင်ရာ နိုင်ငံတကာကော်မရှင်တခုပ် ဖွဲ့စည်းရန် ယူနက်စကို ညွှန်ကြားရေးမှူးချုပ် အမာဒိုမာတာ အမ်ဘောင်း (ဆီနီဂေါ) က စီစဉ်ခဲ့ခြင်းသည် ယင်းဖြစ်ရပ်များ၏ အကျိုးဆက်ပင် ဖြစ်သည်။ ယင်းကော်မရှင်တွင် ဘက်မလိုက်နိုင်ငံများ၏ပြန်ကြားရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် တျူးနစ်ဇီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီး မွတ်စတာဖာ မတ်စမွတ်ဒီ အပါအဝင် အဖွဲ့ဝင် ၁၆ ဦးပါဝင်ပြီး ၁၉၇၄ ခုနှစ် ငြိမ်းချမ်းရေးနိုဗယ်ဆုနှင့် ၁၉၇၇ ခုနှစ် လီနင်ငြိမ်းချမ်းရေးဆုတို့ကိုဆွတ်ခူးထားသူ အိုင်ရစ် နိုင်ငံရေးသုခမိန် ဆွန်းမဂ္ဂဘရိုက်က ဥက္ကဋ္ဌတာဝန်ယူသည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၀–စာ၊ ၂၁၅—ရှု)။ ကော်မရှင်အစည်းအဝေး ရှစ်ကြိမ်ကျင်းပပြီးနောက် မဂ္ဂဘရိုက် အစီရင်ခံစာကို တင်သွင်းခဲ့သည်။

ဗဲလဂရိတ်မြို့၌ ၁၉၈၁ ပြည့်နှစ်တွင် ကျင်းပသော ၂၁ ကြိမ်မြောက် ယူနက်စကိုညီလာခံတွင် ကမ္ဘာ့ပြန်ကြားရေးနှင့် ဆက်သွယ်ရေးအစီအစဉ်သစ် (အင်န် ၁၈လျှူ အိုင် စီ အို)ကို မူအားဖြင့် သဘောတူခဲ့ကြသည်။ မဂ္ဂဘရိုက် အစီရင်ခံစာတွင် အဆိုပြုထားသော ဆက်သွယ် ပြန်ကြားရေးဖွံ့ဖြိုးမှုဆိုင်ရာ နိုင်ငံတကာ အစီအစဉ်အဖွဲ့ (အိုင်ပီဒီစီ)ကို ယင်းညီလာခံက ဖွဲ့စည်းသည်။ အဖွဲ့ဝင် ၃၅ ဦးပါဝင်သော ယင်းအဖွဲ့ကပင် အာဖရိကန် သတင်းစဉ် တည်ထောင်ရေး၊ အာရှပစိဖိတ်သတင်းစာစောင် ထုတ်ဝေရေးစသည့် လုပ်ငန်းများအတွက် ရန်ပုံငွေသတ်မှတ်ပေးသည်။ အနောက်အုပ်စုနိုင်ငံအများစုသည် အိုင်ပီဒီစီကို ထောက်ခံရန်နှောင့်နှေးနေခဲ့ကြသည်။

ပါရီမြို့တွင် ၁၉၇၃ ခုနှစ် အောက်တိုဘာလ ၂၅ရက်နေ့မှ နိုဝင်ဘာလ ၂၇ ရက်နေ့အထိ ကျင်းပသော ၂၂ ကြိမ်မြောက် ယူနက်စကိုအထွေထွေညီလာခံသို့ ပြင့်ဒန်းချက် မူကြမ်းတရပ်ကို ဆိုဗီယက်ပြည်ထောင်စုက တင်သွင်းလာသောအခါတွင်မူ တင်းမာမှုပိုမိုမြင့်တက်လာသည်။ ကမ္ဘာပေါ်တွင် တင်းမာမှုနှင့် ရန်လိုမှုများကို ဖန်တီးသော ပဋိန္ဓံစေသော သတင်းပြန်ကြားရေးအဖွဲ့အစည်းများကို နိုင်ငံတကာ အတိုင်းအတာအရ ပိတ်ပင်ရန်နှင့် ယင်းသို့ ပိတ်ပင်ရမည့်သတင်းပြန်ကြားရေးအဖွဲ့အစည်းများကို ယူနက်စကိုက စာရင်းပြုစုပေးရန် ဆိုဗီယက်က အဆိုပြုထားသည်။

ယူနက်စကို အသုံးစရိတ်ကို ၁၉၈၂–၈၃ ခုနှစ် ဘတ်ဂျက် ပမာဏသို့ လျှော့ချရန် အမေရိကန် ပြည်ထောင်စုက တောင်းဆိုသောအခါ ၁၉၈၄–၈၅ ခုနှစ် ဘတ်ဂျက်အပေါ် အငြင်းပွားမှုများ ပေါ်ပေါက်လာပြန်သည်။ ယင်းနှစ်နှစ်တာအတွက် ဘတ်ဂျက်အထူးစရိတ်ကို ဒေါ်လာ သန်း ၃၆၀ သာထား၍ လုံးဝတိုးမြှင့်ခြင်းမပြုရန် အနောက်နိုင်ငံများက အဆိုတင်သွင်းသည်။ သို့သော် ၁၉၈၃ ခုနှစ်

နိုဝင်ဘာလ ၁၆ ရက်နေ့တွင် မဲခွဲရာ ကန့်ကွက်မဲ ၁၀၁ မဲ၊ ထောက်ခံမဲ ၁၁ မဲ၊ ကြားနေ ၁၉ မဲ (ပြင်သစ်အပါအဝင်) ဖြင့် ရှုံးနိမ့်သည်။ ယူနက်စကို ညွှန်ကြားရေးမှူးချုပ် အမ်ဘောင်းက ဒေါ်လာ ၃၀၆ သန်းကို အဆိုပြုသည်။ နောက်ဆုံးတွင် စကင်ဒီနေဗီးယန်း နိုင်ငံများက ညှိနှိုင်းတင်သွင်းသော ဒေါ်လာ ၃၇၄ သန်းကို ထောက်ခံမဲ ၁၂၆ မဲ၊ ကန့်ကွက်မဲ တမဲ (အမေရိကန်) ကြားနေ ၁၀ မဲ၊ (အနောက်ဂျာမနီ၊ အစ္စရေး၊ ဂျပန်နှင့် ဗြိတိန်အပါအဝင်) ဖြင့် အတည်ပြုခဲ့သည်။ ယင်း အသုံးစရိတ်သည် ယခင်ဘတ်ဂျက်ထက် ၂ ဒသမ ၅ ရာခိုင်နှုန်း တိုးမြှင့်ထားခြင်းဖြစ်သည်။အမေရိကန်သမ္မတရေဂင် အစိုးရက ၁၉၈၃ ခုနှစ်အတွင်း နိုင်ငံတကာ အဖွဲ့အစည်းပေါင်း ၉၆ ခုကို ဆန်းစစ်ကြည့်ရာ အဖွဲ့အစည်း ခြောက်ခုသည် အသုံးစရိတ် ကြီးမားလွန်းသည်ဟု မှတ်ချက်ချခဲ့သည်။ ယင်းတို့မှာ နိုင်ငံတကာ အကူမြူစွမ်းအင် အေဂျင်စီ၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်၊ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် အဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ ကြေးနန်း ဆက် သွယ် ရေး သမဂ္ဂနှင့် ယူနက်စကိုတို့ ဖြစ်သည်။ ယင်းအဖွဲ့အစည်း ခြောက်ခုအနက် ၁၉၈၃ ခုနှစ်တွင် ယူနက်စကိုသာလျှင် အသုံးစရိတ် ထပ်မံတိုးမြှင့်သောအဖွဲ့ဖြစ်သည်ဟု ဆိုသည်။ လွန်ခဲ့သော ၁၀ နှစ်တာ ကာလအတွင်း အသုံးစရိတ် ဒေါ်လာ ၁၆၅ ဒသမ ၁ သန်းမှ ၃၇၄ ဒသမ ၄ သန်းအထိ မြင့်တက်လာခြင်း ဖြစ်သည်။

ယူနက်စကိုသည် ညီလာခံ အသုံးစရိတ် ဒေါ်လာ ၆၀,၀၀,၀၀၀ မျှ အကုန်ကျခံသည့် အနက် ဖွံ့ဖြိုးဆဲနိုင်ငံ ၂၁ နိုင်ငံမှ ကိုယ်စားလှယ်များအား ညီလာခံတက်နိုင်ရန် ဒေါ်လာ ၁,၇၃,၀၀၀ ပေးခဲ့ကြောင်း၊ ယခင်က ယင်းသို့ သုံးစွဲလေ့မရှိကြောင်း အမေရိကန်ပြည်ထောင်စုက ထောက်ပြသည်။အလုပ်ဖူမှုဆောင်ဘုတ်အဖွဲ့ဝင်တဦးလျှင် ဒေါ်လာ ၁၇,၀၀၀ ပေးခြင်းသည် ဘုတ်အဖွဲ့ စည်းမျဉ်း စည်းကမ်းနှင့် မညီညွတ်ကြောင်း ဘတ်ဂျက် အသုံးစရိတ်၏ ၆၀ ရာခိုင်နှုန်း အထိ လစာပေးချေနေမှုကို ထိန်းချုပ်ရန်လိုကြောင်းဖြင့် အမေရိကန် ကွန်ဂရက်၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ အရှေ့ဥရောပ နိုင်ငံများ၏ ငြိမ်းချမ်းရေးနှင့် လက်နက်ဖျက်သိမ်းရေး ဆောင်ရွက်ချက်များအတွက် ယူနက်စကိုကဒေါ်လာ ၂,၅၀,၀၀၀ အကုန်ကျခံ၍ ဒုက္ခသည်များ၏ ပညာရေးအတွက်မူ ဒေါ်လာ ၃၂,၀၀၀ သာ သုံးစွဲသည်ဟုလည်း အမေရိကန်ပြည်ထောင်စုက ဝေဖန်သည်။ ယူနက်စကိုသည် ငွေကြေးသုံးစွဲမှုကို ကြီးကြပ် ကွပ်ကဲရာတွင်လည်း အားနည်းလျက် ရှိကြောင်း၊ စီမံခန့်ခွဲမှု ညံ့ဖျင်းလျက်ရှိကြောင်း၊ လုပ်ငန်း အစီအစဉ်များ သုံးသပ်ရေးအတွက် လုပ်ထုံး လုပ်နည်းများ မရှိကြောင်းဖြင့် အမေရိကန်က သုံးသပ်သည်။

ယူနက်စကို ညွှန်ကြားရေးမှူးချုပ် အမ်ဘောင်းနှင့်အဖွဲ့ဝင် ၅၁ ဦးပါဝင်သော အလုပ်အမှုဆောင် ဘုတ်အဖွဲ့သည် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန် ညှိနှိုင်း စီစဉ်ကြသည်။ ယူနက်စကိုမှ နုတ်ထွက်ရန် ဆုံးဖြတ်ချက်ကို ပြန်လည် စဉ်းစားရန် အမေရိကန် နိုင်ငံအား ပြင်သစ်၊ ဂျပန်နှင့် အနောက်ဂျာမနီနိုင်ငံများ အပါအဝင် အနောက်အုပ်စုများက မေတ္တာရပ်ခံသည်။ ယူနက်စကိုအဖွဲ့ဝင် ၁၂၆ နိုင်ငံကို ကိုယ်စားပြုသော ၇၇ နိုင်ငံအုပ်စုကလည်း ယင်း ဆုံးဖြတ်ချက်ကို ပြောင်းလဲရန် အမေရိကန်အား တိုက်တွန်းခဲ့သည်။ သို့ရာတွင် ၁၉၈၄ ခုနှစ် ကုန်ဆုံးချိန်တွင် နုတ်ထွက်တော့မည်ဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စုက ၁၉၈၄ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် အတည်ပြုကြေငြာသည်။ အလားတူ ဗြိတိန်နိုင်ငံကလည်း ၁၉၈၅ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် နုတ်ထွက်ရန် ရည်ရွယ်သည်ဟု တရားဝင် အကြောင်းကြားခဲ့သည်။ ၁၉၈၄ ခုနှစ် အတွင်း ဆောင်ရွက်ခဲ့သော ပြုပြင်ပြောင်းလဲမှုများသည် ကဏ္ဍအချို့တွင် တိုးတက်မှု ရှိသော်လည်း ထပ်မံဖြည့်ဆည်း ပြုပြင်ပြောင်းလဲမှုများ လိုအပ်နေသေးသည်ဟု ဗြိတိန်နိုင်ငံက သုံးသပ်ထားသည်။

မရွေးမနှောင်းမှာပင် စင်ကာပူ နိုင်ငံကလည်း ယူနက်စကိုအဖွဲ့မှ နုတ်ထွက်မည်ဖြစ်ကြောင်း ကြေငြာပြန်သည်။

**ရီရီ၊ ဒေါက်တာ** (ခရစ် ၁၉၂၉ – ၁၉၈၄)။ ။စာရေးဆရာနှင့် သမိုင်းပညာရှင်ဖြစ်သူ ဒေါက်တာ ရီရီ ကို ၁၉၂၉ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် သံတွဲမြို့၌ အဖဦးဘစိန်နှင့် အမိ ဒေါ်ဇိုင်တို့က မွေးဖွားသည်။

၁၉၃၅ ခုနှစ်တွင် စစ်တွေ ကွန်ဗင့်ကျောင်း၌ စတင် ပညာသင်သည်။ ၁၉၄၆ ခုနှစ်တွင် ဆယ်တန်းစာမေးပွဲ အောင်သည်။ ၁၉၅၂ ခုနှစ်တွင် ရာဇဝင်ဂုဏ်ထူးတန်းကို ဒုတိယတန်း(က) အဆင့်နှင့် အောင်သည်။ ထိုနှစ်၌ပင် ပညာတော်သင်အဖြစ်ဖြင့် လန်ဒန်တက္ကသိုလ် အရှေ့တိုင်းနှင့် အာဖရိက ပညာရပ်ဆိုင်ရာကျောင်း ( School of Oriental and African Studies ) တွင် တက်ရောက်ခဲ့၍ ၁၉၅၈ ခုနှစ်တွင် ပါရဂူ (ပီအိပ်ချ်ဒီ) ဘွဲ့ ရသည်။

မြန်မာနိုင်ငံ သမိုင်းကော်မရှင်၌ သုတေသနအရာရှိအဖြစ် ၁၉၅၉ ခုနှစ်တွင် ဝင်ရောက်အမှုထမ်းခဲ့ပြီး ၁၉၆၁ ခုနှစ်တွင် ကုန်းဘောင်ခေတ်ဆိုင်ရာ ကျမ်းပြုအရာရှိအဖြစ် တိုးမြှင့်ခန့်ထားခြင်းခံရသည်။ မြန်မာနိုင်ငံ သုတေသန အသင်းဂျာနယ်၊ ပညာပဒေသာစာစောင်၊ သမိုင်းတံခွန်၊ ပြည်ထောင်စုမြန်မာနိုင်ငံစာပေနှင့် လူမှုရေး သိပ္ပံဂျာနယ်



ဒေါက်တာ ရိုရိုး

နိုင်ငံသမိုင်းသုတေသန၊ သုတေသနစာစောင်၊ ရှုမဝ မဂ္ဂဇင်း စသည့်ဂျာနယ်၊ စာစောင်၊ မဂ္ဂဇင်းတို့တွင် သုတေသနစာတမ်းများ၊ ဆောင်းပါးများကို ရေးသား ခဲ့သည်။ စာအုပ်အဖြစ် အင်္ဂလိပ် – မြန်မာ ပြက္ခဒိန် (၁၇၀၁ – ၁၈၂၀) ကို ယဉ်ကျေးမှုဌာနမှ လည်းကောင်း၊ သုတေသန အဘိဓာန်များမှတ်စု (၁) ကို မြန်မာနိုင်ငံ သုတေသန အသင်းမှလည်းကောင်း ရေးသားပုံနှိပ်ထုတ်ဝေခဲ့သည်။

နိုင်ငံတော်မှ စေခိုင်းချက်အရ ပြည်ပကွန်ဖရင့် (မနီလာ) တွင် မြန်မာ့သမိုင်းဆိုင်ရာ အထောက်အထားများ စာတမ်းကို ရေးသားခဲ့သည်။ ထို့ပြင် (Burma Research Project, New York University ) ထုတ် မြန်မာနိုင်ငံ စစ်တမ်းများ (၁၇၆၄–၁၈၂၉) စာအုပ်ကို ကူညီတည်းဖြတ် ပြုစုပေးခဲ့သည်။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီသုတေသနဌာနထုတ် အခြေပြ မြန်မာနိုင်ငံ သမိုင်းကျမ်းများ ရေးသားရာတွင်လည်း အဖွဲဝင် ဖြစ်ခဲ့သည်။

ဒေါက်တာရိုရိုသည်ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်တွင် မဟာဝိဇ္ဇာ ဂုဏ်ထူးတန်းများ၌ အချိန်ပိုင်း ကထိက အဖြစ် လည်းကောင်း၊ စာပေဗိမာန် စွယ်စုံကျမ်း စိစစ်ရေး အဖွဲဝင် အဖြစ် လည်း ကောင်း ဆောင် ရွက်ခဲ့သည်။ ဒေါက်တာရိုရိုသည် နိုင်ငံသမိုင်း သုတေသန ဦးစီးဌာနထွင် အကြီးတန်းသုတေသနမှူးအဖြစ် ကွယ်လွန်ချိန် အထိ တာဝန် ထမ်းဆောင်ခဲ့သည်။

ဒေါက်တာရိုရိုသည် ၁၉၇၅ ခုနှစ်တွင် မြန်မာနိုင်ငံအခြေ အနေ (၁၇၁၄ – ၁၇၅၂) ကျမ်းဖြင့် သုတပဒေသာ ဝိဇ္ဇာ ပညာရပ်ဆိုင်ရာ အမျိုးသား စာပေဆုကို ဆွတ်ခူးရရှိခဲ့သည်။ ဒေါက်တာရိုရိုသည် ၁၉၈၄ ခု နိုဝင်ဘာလ ၁၅ ရက်နေ့ တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။



## ရေနံတင်ပို့ရောင်းချသော နိုင်ငံများအဖွဲ့(အိုပက်)။

။ရေနံစိမ်းထုတ်လုပ်မှုနှင့် စျေးနှုန်းသတ်မှတ်မှုကို ပဲ့ကိုင်ရန် အီရတ်၊ အီရန်၊ ကူဝိတ်၊ ဆော်ဒီအာရေဗျနှင့် ဗင်နီဇွဲလား နိုင်ငံတို့က ၁၉၆၀ ပြည့်နှစ် နိုဝင်ဘာလ ၁၄ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီးနောက် ကာတာ၊ အင်ဒိုနီးရှား၊ လစ်ဗျ၊ အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)၊ နိုင်ဂျီးရီးယား၊ ဂါဗွန်၊ အိုမန်နှင့် အက်ကွာဒေါတို့ ဝင်ရောက်လာကြ၍အဖွဲဝင်နိုင်ငံပေါင်း ၁၃ နိုင်ငံရှိနေပြီဖြစ်သော အိုပက် အဖွဲသည် ၁၉၇၄ ခုနှစ်တွင် ရေနံစျေးနှုန်း ဆက်လက်မကျဆင်းစေရန် ကြိုးပမ်းနေရသည်။ အိုပက်အဖွဲသည် ၁၉၆၀ ပြည့်လွန်နှစ်များအတွင်းက (ကွန်မြူနစ်နိုင်ငံများ မပါ) ကမ္ဘာ့ရေနံ ထုတ်လုပ်မှု၏ ၅၀ ရာခိုင်နှုန်းကျော် ထုတ်လုပ်ခဲ့ပြီး ၁၉၇၀ ပြည့်လွန်နှစ်များ အတွင်းတွင် ၆၆ ရာခိုင်နှုန်းထိ မြင့်တက်ခဲ့ရာမှ ၁၉၈၂ ခုနှစ်တွင် ၄၆ ဒသမ ၆ ရာခိုင်နှုန်း သို့ လျော့ကျခဲ့သည်။ ၁၉၇၀ ပြည့်လွန်နှစ်များ အတွင်းတွင် ကမ္ဘာတဝန်းလုံး ရေနံထုတ်လုပ်မှု၏ ၅၀ ရာခိုင်နှုန်း ကျော်ရှိခဲ့ရာမှ ၁၉၈၁ ခုနှစ်တွင် ၃၉ ဒသမ ၄ ရာခိုင်နှုန်း သို့လည်းကောင်း၊ တဖန် ၁၉၈၂ ခုနှစ်တွင် ၃၄ ဒသမ ၂ ရာခိုင်နှုန်းသို့လည်းကောင်း ထိုးကျခဲ့သည်။ ဆော်ဒီအာရေဗျ ၃၄ ဒီဂရီ ရေနံအကျဲစား ၁၅၉ လီတာဝင် စည်တစည်၏စျေးနှုန်းသည် ၁၉၈၁ ခုနှစ် အောက်တိုဘာလက အိုပက်၏ တရားဝင်သတ်မှတ်ချက်အရ ၃၄ ဒေါ်လာစျေး ရှိခဲ့သော်လည်း ၁၉၈၃ ခုနှစ် မတ်လတွင် ၂၉ ဒေါ်လာသို့ လျော့ချခဲ့ရသည်။ ယင်းစျေးနှုန်းကို ထိန်းထားရန် တနေ့လျှင် ရေနံစည် ၁၇ ဒသမ ၅ သန်းသာ အမြင့်ဆုံး ထုတ်လုပ်ရန် အိုပက်အဖွဲအတွင်း သဘောတူညီမှု ရခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၄ – စ၊ ၂၅၆ — ရှ။)

ရေနံလုပ်ငန်းများ မတည်မငြိမ်ဖြစ်ရခြင်း၏ အခြေခံအချက်များကို စီးပွားရေး ပညာရှင်များက ရေနံပို့လျှမ်းသံသရာဟု ခေါ်သည်။ ရေနံ ဝယ်လိုအား ကောင်းစဉ် ရေနံစျေးနှုန်းများ မြင့်တက်ကာ ကုမ္ပဏီများက လည်း ရေနံကို ပိုမိုထုတ်လုပ်လာကြသည်။ ထိုအချိန်တွင် ရေနံတွင်းသစ်များ တွေ့ခြင်း၊ အစားထိုးလောင်စာများ သုံးစွဲလာခြင်း စသည့် အခြေအနေတို့ကြောင့် ဝယ်လိုအား ကျဆင်းသည်။ ထိုအခါ ရေနံစျေးနှုန်းများ ကျဆင်းခြင်း၊ ရေနံကုမ္ပဏီများ ဖျက်သိမ်းခြင်း စသည့် အခြေအနေများ ပေါ်ပေါက်လာပြီးနောက် ရေနံဝယ်လိုအား တိုးလာမှုနှင့် စျေးနှုန်းမြင့်တက်လာမှုများ တဖန်ပြန်လည် ဖြစ်ပေါ်လာတတ်သည်ဟု ဆိုသည်။ ဝယ်လိုအား တက်လာရေးကို စောင့်စားနေသော အိုပက်အဖွဲတွင် အဖွဲဝင်နိုင်ငံ အချို့သည် ၁၉၇၃ ခုနှစ် မတ်လက ခဲ့တမ်း သဘော တူညီချက်ကို မကျေနပ်ခဲ့ကြချေ။ ထို့ကြောင့် ၁၉၇၄ ခုနှစ် ဇူလိုင်



အိုပက်အဖွဲ့ ၇၂ ကြိမ်မြောက် အစည်းအဝေးကျင်းပစဉ်

လတွင် အမြင့်ဆုံးထုတ်လုပ်မှု ကန့်သတ်ချက်ထက် ကျော်လွန်ကာ တနေ့လျှင် ရေနံစည်ပေါင်း ၁၀ ဒသမ ၅ သန်း ထိ ထုတ်လုပ်ခဲ့ကြသည်။ ထို့ကြောင့် လက်ငင်းစျေးကွက်တွင် ရေနံစျေးနှုန်း ကျဆင်းခဲ့ရပြန်သည်။

အထူးသဖြင့် နိုင်ဂျီးရီးယားနိုင်ငံသည် ထုတ်လုပ်မှုခဲ့တမ်းတိုးပေးရန် အစဉ်တစိုက်တောင်းဆိုခဲ့သည်။အကယ်၍ တိုးမပေးလျှင် အိုပက်အဖွဲ့မှ နုတ်ထွက်ရန်ပင် နိုင်ဂျီးရီးယားအထက်လွှတ်တော်က ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် တောင်းဆိုခဲ့သည်။ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် သမ္မတ ရှဂါရီကို ဖြုတ်ချ၍ ဗိုလ်ချုပ် မိုဟမ္မက် ဘူဟာရီက အာဏာသိမ်းသည်။ ဘူဟာရီသည် ဘိုနိုပြည်နယ် စစ်အုပ်ချုပ်ရေးမှူးနှင့် ပြည်ထောင်စု ရေနံ ဗလငွေး အမြစ်များဆိုင်ရာ မဟာမင်းကြီး ဖြစ်သည်။ ၁၉၇၇ ခုနှစ်မှ စ၍ နိုင်ဂျီးရီးယားအမျိုးသား ရေနံကော်ပိုရေးရှင်း ဥက္ကဋ္ဌ တာဝန်ကို ယူထားသူလည်း ဖြစ်သည်။ ဘူဟာရီ၏ လက်ထက်တွင် အကြိမ်ကြိမ် ညှိနှိုင်းခဲ့ပြီးနောက် တနေ့လျှင် ရေနံစည်ပေါင်း ၁ ဒသမ ၃ သန်း ထုတ်လုပ်ရာမှ ၁၉၇၄ ခုနှစ် ဩဂုတ်လတွင် ၁ ဒသမ ၄ သန်းနှင့် စက်တင်ဘာလတွင် ၁ ဒသမ ၄၅ သန်း ထုတ်လုပ်ရန် အိုပက်က သဘောတူညီခဲ့သည်။ သို့သော် ဩဂုတ်လတွင် တနေ့လျှင် စည် တသန်းအောက် ထုတ်လုပ်ခဲ့ရသော နိုင်ဂျီးရီးယားနိုင်ငံသည် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ရေနံတစည်လျှင် ၂၀ ဒေါ်လာနှုန်းသို့ လျှော့ချလိုက်ပြီး ၁ ဒသမ ၄ သန်းထိ တိုးမြှင့် ထုတ်လုပ်ရန် စီစဉ်သည်။ အိုပက် သတ်မှတ်ထားသည့် စျေးနှုန်းကို ဖောက်ဖျက်ခြင်း ဖြစ်သည်။ ဗြိတိန်နှင့် ရေနံအပြိုင် ရောင်းနေရသော နိုင်ဂျီးရီးယားနိုင်ငံသည် ဗြိတိန် လျှော့ချလိုက်၍ မကြာမီမှာပင် ပိုမို လျှော့ချလိုက်ခြင်း ဖြစ်သည်။ အိုပက်နှင့် အိုပက်အဖွဲ့ဝင်မဟုတ်သော ရေနံထွက် နိုင်ငံများအကြား ထိုသို့ ရေနံစျေးနှုန်းစစ်ပွဲ ဆင်နွှဲခြင်းသည် အနာဂတ် လောင်စာစွမ်းအင် အကျပ်အတည်း ဖြစ်လာစေမည်ဟု အဖွဲ့ဝင် ၁၀ နိုင်ငံပါဝင်သော ရေနံတင်ပို့ ရောင်းချသည့် အာရပ်နိုင်ငံများ (အိုအေပက်) က သုံးသပ်သည်။ ဗြိတိန်၊ နော်ဝေး၊ ဆိုဗီယက်၊ ဗရာဇီး၊ အီန္ဒိယစသည့် အိုပက်အဖွဲ့ဝင် မဟုတ်သော ရေနံထွက်နိုင်ငံများက ရေနံတိုးမြှင့် ထုတ်လုပ်ကြခြင်းကြောင့် ရေနံစျေးကွက် မတည်မငြိမ် ဖြစ်ရသည်ဟု အိုပက်အဖွဲ့ သတင်းလွှာတွင် ထောက်ပြထားသည်။ အိုပက်အဖွဲ့ဝင်မဟုတ်သော အီဂျစ်နိုင်ငံနှင့် အိုပက်အဖွဲ့တို့ စျေးနှုန်းထိန်းထားရေးအတွက် ညှိနှိုင်းရန် ဆအူးဒီအာရေဗျရေနံဝန်ကြီး ယာမာနီသည် အီဂျစ်သမ္မတ မူဘာရက်နှင့် ၁၉၇၄ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့က တွေ့ဆုံခဲ့သေးသည်။ ၁၉၇၉ ခုနှစ်တွင် အစ္စရေးနှင့် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုခဲ့သဖြင့် အီဂျစ်ကို အာရပ်နိုင်ငံအများစုက ဝိုင်းပယ်ခဲ့သည့်နောက်ပိုင်းတွင် အီဂျစ်ခေါင်းဆောင်နှင့် ဆအူးဒီအာရေဗျဝန်ကြီးတဦးတို့ ပထမဆုံး တရားဝင် တွေ့ဆုံခြင်း ဖြစ်သည်။

ကမ္ဘာ့ရေနံ လိုအပ်မှုထက် လက်ရှိထုတ်လုပ်မှုက တနေ့လျှင် ရေနံစည်နှစ်သန်း ပိုမိုနေသည်ဟုဆိုကာ အိုပက်သည် ရေနံ အမြင့်ဆုံး ထုတ်လုပ်မှုကို တနေ့လျှင် စည်ပေါင်း ၁၆ သန်း ထုတ်လုပ်သည့် အနေအထားသို့ ၁၉၇၄ ခုနှစ် အောက်တိုဘာလတွင် လျှော့ချခဲ့ပြန်သည်။ ရေနံစျေးနှုန်းကိုမူ ရေနံကဲ့တစည်လျှင် ၂၉ ဒေါ်လာ ဆက်လက် သတ်မှတ်ထားသည်။မည်သို့ပင်ဖြစ်စေ ကမ္ဘာ့ရေနံ သုံးစွဲမှု တိုးလာလျှင် ကမ္ဘာ့အရန် ရေနံပမာဏ၏ သုံးပုံနှစ်ပုံကို ပိုင်

ဆိုင်ထားသော အိုပက်အဖွဲ့သည် ပြန်လည်သြဇာတက်လာမည်ဟု မျှော်လင့်ထားကြသည်။ ကွန်မြူနစ် မဟုတ်သော နိုင်ငံများ၏ ၁၉၇၄ ခုနှစ် တတိယ သုံးလပတ်အတွင်း ရေနံသုံးစွဲသည့် ပမာဏသည် တနေ့လျှင် စည်ပေါင်း ၄၅ ဒသမ ၁ သန်းခန့် ရှိပုံရ၍ နောက်ဆုံး သုံးလပတ်တွင်မူ ၄၇ ဒသမ ၄ သန်းထိ တိုးတက်လာသည်ဟု နိုင်ငံတကာ လောင်စာ စွမ်းအင် အေဂျင်စီ (အိုင်အီးအေ) ၏ ရေနံ စျေးကွက် အစီရင်ခံစာတွင် ဖော်ပြထားသည်။ စက်မှုနိုင်ငံများတွင် ခန့်မှန်းသည်ထက် ရေနံသုံးစွဲမှု မြန်ဆန်စွာ တိုးတက်လာပြီး ရေနံထုတ်လုပ်မှုကို အိုပက်အဖွဲ့က သဘောတူထားသည့် အမြင့်ဆုံး ထုတ်လုပ်မှုအဆင့်ထက် လျှော့ချထုတ်လုပ်နေသည့်တိုင် ခြုံကြည့်လျှင် ကမ္ဘာတွင် ရေနံပိုလျှံလျက်ပင် ရှိသေးသည်ဟု အိုင်အီးအေက သုံးသပ်သည်။

ရေနံ အလျှံပယ် ဖြစ်နေသည့် ကမ္ဘာ့ စျေးကွက်တွင် ရေနံ ထုတ်လုပ်မှု အချိုးအစား မပျက်ပြားစေရန် အိုပက် အဖွဲ့ ၇၂ ကြိမ်မြောက် အစည်းအဝေးအပြီး ၁၉၇၄ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ကြားဖြတ် ရေနံစျေးနှုန်း အစီအစဉ်များကို သတ်မှတ်သည်။ အဖွဲ့ဝင်နိုင်ငံများသည် အဖွဲ့ဆုံးဖြတ်ချက်အတိုင်း ရေနံထုတ်လုပ်မှု၊ တင်ပို့ရောင်းချမှု၊ ရေနံစျေးနှုန်းများ သတ်မှတ်မှုကို လိုက်နာခြင်းရှိမရှိ စောင့်ကြည့်ရန် ဆအူးဒီအာရေဗျ ရေနံဝန်ကြီး ရှိတ် ယာမာနီ ခေါင်းဆောင်သော ဝန်ကြီးအဆင့် အမှုဆောင် ကော်မတီကိုလည်း ဖွဲ့စည်းသည်။ ကော်မတီဝင်များအဖြစ် နိုင်ဂျီးရီးယား၊ ဗင်နီဇွဲလား၊ အင်ဒိုနီးရှားနှင့် ယူအေအီး တို့မှ ဝန်ကြီးများ ပါဝင်သည်။ ရေနံအပျစ်စားနှင့် အထူး အကဲဖြစ်းအကြားတွင် တစည်လျှင် စျေးနှုန်း ကွာဟမှု လေးဒေါ်လာခန့် ရှိနေခြင်းကြောင့် နှစ်ဒေါ်လာသို့လျှော့ချရန် နိုင်ဂျီးရီးယား၏ အဆိုပြုချက်နှင့် ၂ ဒသမ ၅ ဒေါ်လာအထိသာ လျှော့ချရန် ဆအူးဒီအာရေဗျ၏ အဆိုပြုချက်တို့ကို ညှိနှိုင်းဆဲ ဖြစ်သည်။

**ရိုင်း, ဆာမာတင်** (ခရစ် ၁၉၁၈ – ၁၉၇၄) ။ ။

စကြဝဠာအတွင်းသို့ မိုင်သန်းပေါင်း ၆၀၀၀ အထိ လူသားတို့ မြေပြင်မှ စူးစမ်းနိုင်ပြီး ပါလဆာနှင့် ကွေဆာများကို တွေ့ရှိလာစေရန် အထောက်အကူပြုသည့် ရေဒီယို နက္ခတ္တဗေဒ နည်းစနစ်များကို ဖော်ထုတ် ပေး ခဲ့ သူ ဆာမာတင် ရိုင်းကို ၁၉၁၈ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့တွင် အင်္ဂလန်နိုင်ငံ၌ မွေးဖွားသည်။

ရိုင်းသည် ရူပဗေဒသိပ္ပံဘွဲ့ကို ၁၉၃၉ ခုနှစ်တွင် အောက်စဖို့တက္ကသိုလ်မှ ရရှိသည်။ ဒုတိယကမ္ဘာစစ် ကာလအတွင်း ရိုင်းသည် ကြေးနန်းဆက်သွယ်ရေး သုတေသနဌာနတွင် ရေဒါကိရိယာဒီဇိုင်း ထုတ်လုပ်ရေးအတွက် ဆောင်ရွက်ပေးခဲ့သည်။ ထိုစဉ်ကပင် ရိုင်းသည် နေနှင့် ဂလက်ဆီ (ကြယ်ပေါင်း ကုဋေတသောင်းမှ တသိန်းအထိ ပါဝင်သော ကြယ်စုကြီး) များမှ ထုတ်လွှတ်သော ရေဒီယိုလှိုင်းများကို စိတ်ဝင်စားခဲ့သည်။ စစ်ပြီးသောအခါ ကိန်းဗရစ် တက္ကသိုလ် ကဗင်ဒစ်ရှ စမ်းသပ်ခန်းသို့ သုတေသနကျောင်းသားအဖြစ် ရောက်ရှိလာသည်။ ထိုစမ်းသပ်ခန်းမှာပင် ရိုင်းသည် အာကာသထဲရှိ ရေဒီယိုလှိုင်းလွှတ် ပင်မမျှားကို စူးစမ်းလေ့လာသူဖြစ်လာကာ ရေဒါနိုယာမများကို သုံး၍ အဆင့်မြင့် ရေဒီယို တယ်လီစကုပ်ကို တည်ဆောက်သည်။ ဒုတိယကမ္ဘာစစ်အပြီး ဗြိတိသျှတပ်မတော်က စွန့်ပစ်သော အီလက်ထရွန်းနစ် ပစ္စည်းများကိုသုံး၍ အက်ပ်အာအက်စ် ဘွဲ့ရ ကထိက ဂျေ အေ ရက်ကလစ်နှင့်အတူ တည်ဆောက်ခြင်း ဖြစ်သည်။ ၁၉၁၅ ခုနှစ် ရူပဗေဒနိုဗယ်ဆုရှင် ဆာဝီလျံ လောရင့် ဗရက်နှင့် ရက်ကလစ်တို့၏ လမ်းညွှန်မှုဖြင့် ရိုင်းသည် သုတေသန ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

ရိုင်းသည် ၁၉၄၈ ခုနှစ်မှ ၁၉၅၉ ခုနှစ်အထိ ကိန်းဗရစ် တက္ကသိုလ်၌ ရူပဗေဒကထိကအဖြစ် အမှုထမ်းစဉ် မလဒ် ရေဒီယို နက္ခတ္တဗေဒ လေ့လာရေးစခန်း ညွှန်ကြားရေးမှူး ဖြစ်လာပြီး မကြာမီ ရေဒီယို နက္ခတ္တဗေဒ ပါမောက္ခရာထူးကို ရသည်။ ရိုင်းအတွက် အသစ်တီထွင်လိုက်သော ရာထူးပင် ဖြစ်သည်။ ယင်း ပါမောက္ခရာထူးကို မရမီ ၁၉၄၉ ခုနှစ်တွင် ထရီနိတီကောလိပ်၏သုတေသီ (Fellow) အဖြစ် တင်မြှောက်ခံရသည့် အပြင် ၁၉၅၂ ခုနှစ်တွင် အက်ဖ်အာအက်စ်ဘွဲ့ကို ရသည်။ ၁၉၆၄ ခုနှစ်တွင် လန်ဒန် မြို့ရှိ ရူပဗေဒပညာရှင်အဖွဲ့မှ ဂူဿရီဆုကို လည်းကောင်း၊ ၁၉၆၅ ခုနှစ်တွင် ဟောလဝက်ဆုကိုလည်းကောင်း၊ ၁၉၆၆



ဆာ မာတင် ရိုင်း

ခုနှစ်တွင် ဗြိတိန်အစိုးရ၏ ဆာဘွဲ့ကို လည်းကောင်း ဆုတ်ခွဲခဲ့ပြီးနောက် ၁၉၇၂ ခုနှစ်တွင် တော်ဝင် နက္ခတ္တဗေဒသိပ္ပံအဖြစ် ခန့်အပ်ခံရ၍ ၁၉၇၂ ခုနှစ်အထိ အမှုထမ်းသည်။ ၁၉၇၄ ခုနှစ်တွင် အန်တိုနီ ဟယူးဝစ်ရှ်နှင့်အတူ ရူပဗေဒနိုဗယ်ဆု အပ်နှင်းခံရသည်။ ၁၉၇၅ ခုနှစ်တွင် အက်ဖ်အင့်စပီဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်ခံရသည်။

ရိုင်း၏ ဦးဆောင်မှုဖြင့် ရေဒီယိုလှိုင်းပင်မမျှား ကက်တလောက်စာရင်းကို ကိန်းဗရစ်ရေဒီယို နက္ခတ္တဗေဒပညာရှင်အဖွဲ့က ပြုစုခဲ့သည်။ တတိယမြောက် ကိန်းဗရစ် ကက်တလောက် ပြုစုရာမှတဆင့် ပထမဦးဆုံး ကွေ့ဆာကို ရှာဖွေ တွေ့ရှိခဲ့ကြသည်။ မဟာပေါက်ကွဲမှု စကြဝဠာပုံစံကို ထောက်ခံသော ရိုင်း၏ တွေ့ရှိချက်သည် ထင်ရှားသည်။ ရေဒီယိုလှိုင်းလှုတ်ရာ ပင်မဖြစ်သော ဂလက်ဆီအမျှားစုသည် စကြဝဠာ (အကြီးဆုံးသော ရူပဗေဒ အဖွဲ့အစည်း)၏ အစွန်းဘက်တွင် ရှိပြီး ဗဟိုတွင် ဂလက်ဆီဦးရေ နည်းပါးကြောင်း တယ်လီစကုပ်ဖြင့် လေ့လာတွေ့ရှိသည်။ မဟာပေါက်ကွဲမှုပုံစံ (Big Bang model) အရ စကြဝဠာသည် အတိုင်းအဆမရှိ သိပ်သည်းသော ပေါက်ကွဲမှုဖြင့် ပေါက်ကွဲပြီး အခြေခံအမှုန်မျှား၊ အက်တမ်မျှား၊ ဒြပ်စင်မျှား ဖြစ်ပေါ်လာကာ ပိုမို ကြီးမားသော ဂလက်ဆီမျှား ပေါ်ထွန်းလာသည်ဟု ဆိုသည်။ ရိုင်းတီထွင်သော တယ်လီစကုပ်နှစ်ခုပြိုင်စနစ်ဖြင့် ကိန်းဗရစ်ပညာရှင်အဖွဲ့မှ အန်တိုနီ ဟယူးဝစ်ရှ်နှင့် ဂျိုစလင်း ဘဲတို့သည် ပထမဦးဆုံး ပါလဆာကို ၁၉၆၈ ခုနှစ်တွင် ရှာဖွေတွေ့ရှိသည်။

ကိန်းဗရစ်တက္ကသိုလ် နက္ခတ္တဗေဒနှင့် ရူပဗေဒဆိုင်ရာ ပလူမီယမ်ပါမောက္ခ ဆာ ဖရက် ဟွိုင်းနှင့် မကြာခဏ ငြင်းခုံရသူ ရိုင်းသည် ရေဒီယို နက္ခတ္တဗေဒပညာရပ် နယ်ပယ်တွင် ထူးချွန်လှပေသည်။ ရိုင်းသည် 'အဏုမြူကပ် အန္တရာယ်ဆီသို့' အမည်ရှိ စာအုပ်ကို ၁၉၇၁ ခုနှစ်တွင် ရေးသား ထုတ်ဝေခဲ့သည်။

ရိုင်းသည် ၁၉၇၄ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် ကိန်းဗရစ်၌ အဆုပ်ရောင်ရမ်းနာ ရောဂါဖြင့် ကွယ်လွန်သည်။

**ရုပ်ရှင်ထူးချွန်ဆု၊ မြန်မာ (၁၉၇၃)**။ ။၁၉၇၃ ခုနှစ် အတွက် အကောင်းဆုံး မြန်မာ့ရုပ်ရှင် ထူးချွန်ဆုမျှား ချီးမြှင့်ပွဲကို ၁၉၇၄ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ရန်ကုန်မြို့ ဂေါဒဝင်လမ်းရှိ ယဉ်ကျေးမှု လဟာပြင်ဇာတ်ရုံ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကျော်မြင့် တက်ရောက်အမှာစကား ပြောကြားပြီး ဆုရရှိသူများအား ရွှေစင်ရုပ်များကို ချီးမြှင့်သည်။ ၁၉၇၃ ခုနှစ်အတွင်း ရုံတင်ပြသသည့် မြန်မာဇာတ်ကားပေါင်း ၇၀ ရှိ၍ ဓာတ်ပုံဆု၊ အမျိုသား ဇာတ်ပို့ဆု၊ အမျိုးသမီးဇာတ်ပို့ဆု၊ ဒါရိုက်တာဆု၊ အမျိုးသားဇာတ်ဆောင်ဆု၊ အမျိုးသမီးဇာတ်ဆောင်ဆု စုစုပေါင်း ခြောက်ဆု ချီးမြှင့်ခံရသည်။ (ပူးတွဲပါဇယား—ရှု)

ဓာတ်ပုံဆုရှင် ဦးစံအေးသည် ၁၉၆၉ ခုနှစ်တွင် မေတ္တာကိုယ်စား နှင်းပါ့မယ် ဇာတ်ကားနှင့် ၁၉၇၀ ပြည့်နှစ်က လက္ခယ်မိုးနှောင်း ဇာတ်ကားတို့တွင်လည်း ဆုရရှိဖူးသည်။ ဦးထွန်းဝေသည် ၁၉၅၇ ခုနှစ်တွင် ဗိုလ်မြဒင်ဇာတ်ကား အတွက်လည်းကောင်း၊ ၁၉၅၉ ခုနှစ်တွင် ကကြီးရေက၊ ချစ်တော့ချစ်တယ်နှင့် ဗိုလ်အောင်နိုင်ဇာတ်ကား သုံးကားပေါင်းအတွက် လည်းကောင်း ရွှေစင်ရုပ်ဆု ချီးမြှင့်ခံရဖူးသည်။ ဒေါ်စံရှားတင်သည် ၁၉၆၆ ခုနှစ်တွင် ဆောင်းဇာတ်

၁၉၇၃ ခုနှစ် ရုပ်ရှင်ထူးချွန်ဆု

| စဉ် | ဆုအမည် | ဆုရရှိသူ | ဇာတ်ကားအမည် |
|---|---|---|---|
| ၁ | ဓာတ်ပုံဆု | ဦးစံအေး | ဗိုလ်သံခဲ |
| ၂ | အမျိုးသားဇာတ်ပို့ဆု | ထွန်းဝေ | တတိယအရွယ်၏ ဒုတိယဝေဒနာ |
| ၃ | အမျိုးသမီးဇာတ်ပို့ဆု | စံရှားတင် | စိမ်းနဲ့တေဇာ |
| ၄ | ဒါရိုက်တာဆု | ထွန်းမြင့်ထွန်း | ဣတ္ထိယခေါ် မိန်းမတို့သည် |
| ၅ | အမျိုးသား ဇာတ်ဆောင်ဆု | ညွန့်ဝင်း | တတိယအရွယ်၏ ဒုတိယဝေဒနာ |
| ၆ | အမျိုးသမီး ဇာတ်ဆောင်ဆု | ခင်သီတာထွန်း | ဣတ္ထိယခေါ် မိန်းမတို့သည် |

ဂုဏ်ပြုခြင်းခံရသော ဒေါက်တာမြသန်းတင့်အား ဖွံ့ဖြိုးတိုးတက်ရေးဆုကို ၂၀၁၄ ခုနှစ်





အမေရိကန်ရုပ်ရှင် ထူးချွန်ဆုများ ချီးမြှင့်ပွဲတွင် ဂျက် နီကိုလဆင်၊ ရှာလီ မက္ကလိန်းနှင့် ဂျိမ်း အယ်ဘရွတ်တို့ကိုတွေ့မြင်ရပုံ

ကားဖြင့် သရုပ်ဆောင် ထူးချွန်ဆု ဆွတ်ခူးခဲ့ဖူးသည်။ ညွန့်ဝင်းသည် ၁၉၆၈ခုနှစ်တွင် ဗန်ဒိုလူလေးနှင့်သူဇာ ဇာတ်ကားနှင့် ၁၉၇၁ ခုနှစ်တွင် ချစ်သူဝိုင်းဝိုင်းလည် ဇာတ်ကား များအတွက် အကယ်ဒမီ နှစ်ထပ်ကွမ်းရရှိပြီး ဖြစ်သည်။ ခင်သီတာထွန်းသည် ၁၉၇၈ ခုနှစ်တွင် တခါကတဘဝ ဇာတ်ကားဖြင့် သရုပ်ဆောင်ထူးချွန်ဆုကို ရရှိဖူးသည်။

## ရုပ်ရှင်ထူးချွန်ဆု (အမေရိကန်)

၁၉၇၃ ခုနှစ်အတွက် ရုပ်ရှင်အနုပညာနှင့် သိပ္ပံအဖွဲ့က ချီးမြှင့်သော အော်စကာ ထူးချွန်ဆုများ

| ရုပ်ရှင်ဇာတ်ကားအမည် | ထူးချွန်ဆုများ | ဆုရရှိသောအနုပညာရှင်များ |
|---|---|---|
| တင်ဒါမားစီးစ် | အမျိုးသားဇာတ်ဆောင်ဆု | ရောဗတ် ဒူဗော |
| တမ်းစ် အော့ဖ် အင်ဒီးယားမင့် | အမျိုးသမီးဇာတ်ဆောင်ဆု | ရှာလီ မက္ကလိန်း |
| ။ | အမျိုးသားဇာတ်ရံဆု | ဂျက် နီကိုလဆင် |
| အန္တရာယ်ကြားမှာတနှစ်တာ | အမျိုးသမီးဇာတ်ရံဆု | လင်ဒါ ဟန့် |
| တမ်းစ် အော့ဖ် အင်ဒီးယားမင့် | ဒါရိုက်တာဆု | ဂျိမ်း အယ်ဘရွတ် |
| တမ်းစ် အော့ဖ် အင်ဒီးယားမင့် | ရုပ်ရှင်ဇာတ်ကားဆု | |
| ဖန်နီနှင့်အလက်ဇန္ဒား (ဆို့ဒင်) | ပြည်ပရုပ်ရှင်ဇာတ်ကားဆု | |
| တင်ဒါ မားစီးစ် | ဇာတ်သွန်းဆု | ဟော်တန် ဖွတ် |
| သရိုက် စတပ်ဖ် | တည်းဖြတ်မှုဆု | |
| သရိုက် စတပ်ဖ် | အသံစီစဉ်မှုဆု | |
| | ဂုဏ်ထူးဆောင်ဆု | ဟောရို့ |

**ရှိလိုကော့,မိခေး အလက်ဇန်းဒရိဗစ်** (ခရစ် ၁၉၀၅–၁၉၇၄)။ ။နိုဗဲဆုရ ဆိုဗီယက် စာရေးဆရာ မိခေး ရှိလိုကော့ကို ၁၉၀၅ ခုနှစ် မေလ ၂၄ ရက်နေ့တွင် ရိုစတော့ ဒေသ ကူခရိဇီလင် မြို့၌ မွေးဖွားသည်။

ရှိလိုကော့သည် ၁၉၂၀ ပြည့်နှစ်တွင် တပ်နီတော်သို့ ဝင်ရောက်၍ စစ်မှုထမ်းယင်း မော်စကိုမြို့၌ နှစ်နှစ်တာ နေထိုင်ခဲ့သည်။ ၁၉၂၄ ခုနှစ်တွင် ရုရှပြည် တောင်ပိုင်း ဒွန်မြစ်ဝှမ်းရှိ ကော့ဆက်နယ်ဗက်ရှင်စကာယာ မြို့၌အခြေချ နေထိုင်သည်။

ရှိလိုကော့သည် အသက် ၁၇ နှစ်သား အရွယ်တွင် စာပေစတင် ရေးသားသည်။ လင်နှစ်ယောက်နှင့် မိန်းမ (၁၉၂၅)၊ အယ်ယော့စကာ၏ နှလုံးသား (၁၉၂၅)၊ ဒွန် မြစ်ကမ်းမှ ပုံပြင်များ (၁၉၂၆) ဝတ္ထုများကို စတင် ရေး သား ထုတ်ဝေခဲ့သည်။ သူ၏ ကျော်ကြားသော စာပေ လက်ရာဖြစ်သော သ ဆိုင်းလင့် ဒွန် ဝတ္ထုကို လေးတဲ့ ခွဲ၍ ၁၉၂၈ ခုနှစ်မှ ၁၉၄၀ ပြည့်နှစ်အတွင်း ရေးသား ထုတ်ဝေ သည်။ ၁၉၃၄ ခုနှစ်တွင် ယင်းဝတ္ထု ပထမနှစ်တဲ့ကို အင် ကိုက်ယက် ဖလိုး သဒ္ဒန်အမည်ဖြင့် လည်းကောင်း၊ ၁၉၄၀ ပြည့်နှစ်တွင် ဒုတိယနှစ်တဲ့ကို သဒ္ဒန်းဖလိုးဟုမ်းတူ သဆီး အမည်ဖြင့်လည်းကောင်း နှစ်ပိုင်းခွဲ၍အင်္ဂလိပ်ဘာသာပြန်ဆို ထုတ်ဝေသည်။ ၁၉၃၂ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အတွင်း ဗားဂျင်း ဆို့ငိုင်း အပ်ပတန်း (တောရိုင်းမြေ) ဝတ္ထုကို အင်္ဂလိပ်ဘာသာပြန်ဆိုရေးသားထုတ်ဝေသည်။ ပထမတဲ့ကို ဆိ အော့ တမောရိုး အမည်ဖြင့် ၁၉၃၅ ခုနှစ်တွင် လည်း ကောင်း၊ ဒုတိယတဲ့ကို ဟားဗက်အွန် သဒ္ဒန် အမည်ဖြင့် ၁၉၆၀ ပြည့်နှစ်တွင် လည်းကောင်း နှစ်ပိုင်းခွဲ၍ ထုတ်ဝေ ခဲ့ခြင်း ဖြစ်သည်။ တိုင်းပြည်အတွက် တိုက်ပဲ့ဝင်ခဲ့သည် (၁၉၆၆)၊ လူတို့ကြမ္မာ (၁၉၆၇)၊ အငြိုး ကြီးသူ၊ သစ်ဆွေး၊ ကိုအိမ်ခင်၊ မနူးမနပ် လုလင်ပျိုစသည့် ဝတ္ထု များသည်လည်း ရှိလိုကော့၏ လက်ရာ ဖြစ်သည်။

ရှိလိုကော့သည် ၁၉၅၉ ခုနှစ်မှ ၁၉၆၂ ခုနှစ်ထိ ရှိလို ကော့ လက်ရွေးစင်စာစုများ အတွဲရှစ်တွဲရေးသားထုတ်ဝေ သည်။ ကျွန်ုပ်မွေးရပ်ဌာနီ (၁၉၇၀)၊ နှလုံးသားစေရာ ဆောင်းပါးများ၊ လမ်း (၁၉၇၃)၊ အမတ ထရမ်းပက်ဂီတ ပညာရှင် (၁၉၇၃) စသည့် စာပဒေသာ များ ကို လည်း ရေးခဲ့သည်။

အောက်တိုဘာတော်လှန်ရေး မတိုင်မီနှင့် တော်လှန်ရေး အပြီး ဒွန်မြစ်ဝှမ်းရှိ ကော့ဆက်တို့၏ဘဝကို ဖော်ကျူး ခဲ့သည့် သ ဆိုင်းလင့်ဒွန် ဝတ္ထုနှင့် အောက်တိုဘာတော် လှန်ရေးကာလ ကွန်မြူနစ်ပါတီနှင့် ပြည်သူတို့၏ အ ခန်း ကဏ္ဍကို ကျော်ရိုးပြုရေးဖွဲ့ထားသည့် ဗာဂျင်း ဆို့ငိုင်း အပ် ပတန်း (တောရိုင်းမြေ) ဝတ္ထုတို့ကြောင့် ၁၉၆၅ ခုနှစ်တွင်



နိုဗဲဆုရ ဆိုဗီယက် စာရေးဆရာ ရှိလိုကော့။

စာပေဆိုင်ရာနိုဗဲဆုကို ဆွတ်ခူးရရှိသည်။ ရှိလိုကော့၏ အနု ပညာလက်ရာမြောက်သော စာပေခွန်အားဖြင့် ရုရှပြည်သူ တို့၏ သမိုင်းတင်လောက်သည့်ဘဝကို ရိုးသား ပီပြင်စွာ သရုပ်ဖော် စိကုံးနိုင်စွမ်းသည့်အတွက် နိုဗဲဆု ချီးမြှင့်လိုက် သည်ဟုနိုဗဲဆုကော်မတီက သုံးသပ်ခဲ့သည်။ အင်ကိုက်ယက် ဖလိုး သဒ္ဒန် ဝတ္ထုနှင့် စပ်လျဉ်း၍ သူတပါး၏ စာမူတပုဒ်ကို ကူးယူရေးသားခဲ့ခြင်း ဖြစ်သည်ဟု စွပ်စွဲမှုကိုလည်း ခံခဲ့ရ သည်။ မည်သို့ပင်ဖြစ်စေ သဆိုင်းလင့်ဒွန် ဝတ္ထုရှည်ကြီးသည် ဆိုဗီယက်စာပေလောကတွင် ဆိုရှယ်လစ်သရုပ်မှန်စာပေ၏ စံနမူနာပြလက်ရာအဖြစ် ဂုဏ်ပြုသတ်မှတ်ခြင်း ခံရသည်။

ဗားဂျင်း ဆို့ငိုင်း အပ်ပတန်းဝတ္ထု ပထမတဲ့ကို ၁၉၆၅ ခုနှစ်တွင်လည်းကောင်း၊ ဒုတိယတဲ့ကို ၁၉၆၇ ခုနှစ်တွင် လည်းကောင်း ကျော်အောင်က တောရိုင်းမြေ အမည်ဖြင့် မြန်မာပြန်ဆိုရေးသားခဲ့ရာ ၁၉၆၇ ခုနှစ် အမျိုးသားစာပေ ဆု ဘာသာပြန်ပထမဆုရရှိသည်။ လူတို့ကြမ္မာဝတ္ထုကိုလည်း မောင်နေဝင်းက ၁၉၅၇ ခုနှစ်တွင် မြန်မာပြန်ဆို ရေးသား ခဲ့သည်။ အင်ကိုက်ယက် ဖလိုးသဒ္ဒန်ကို တက္ကသိုလ်နန္ဒမိတ် က တသိမ့်သိမ့်ဒွန် ဟူသောအမည်ဖြင့် ၁၉၇၁ ခုနှစ်တွင် မြန်မာပြန်ဆို ထုတ်ဝေခဲ့သည်။

ရှိလိုကော့သည် ၁၉၃၉ ခုနှစ်မှစ၍ ဆိုဗီယက် သိပ္ပံပညာ တံခွန်အသင်းတွင် အဖွဲဝင်အဖြစ် ဆောင်ရွက်သည်။ ၁၉၃၂ ခုနှစ်စမှဝ၍ ဆိုဗီယက်ကွန်မြူနစ်ပါတီသို့ ဝင်ရောက် ခဲ့ရာ ၁၉၆၁ ခုနှစ်တွင် ပါတီဗဟိုကော်မတီဝင် ဖြစ်လာသည်။ အသံလွှင့်ကြေငြာသူအဖြစ် အမှုထမ်းယင်း ၁၉၄၆ ခုနှစ် တွင် ဆိုဗီယက်လွှတ်တော် ချုပ် ကိုယ်စား လှယ် အ ဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။ ၁၉၅၄ ခုနှစ်တွင် ဆိုဗီယက် လူမျိုးစုလွှတ်တော် နိုင်ငံခြားရေးရာ ကော်မတီအဖွဲဝင် အဖြစ် တာဝန်ပေးခံရသည်။ ၁၉၅၄ ခုနှစ်တွင် ဆိုဗီယက်

စာရေးဆရာသမဂ္ဂ အမြဲတမ်းဦးစီးအဖွဲ့ဝင် ဖြစ်လာပြီး နောင်တွင် စာရေးဆရာသမဂ္ဂ အတွင်းရေးမှူးအဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။ ဆိုရှယ်လစ်လုပ်သား သူရဲကောင်းဘွဲ့ နှစ်ကြိမ်နှင့် နိုင်ငံတော်ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်များ အကြိမ်ကြိမ် ချီးမြှင့်ခံရသည်။ ၁၉၇၅ ခုနှစ်တွင် ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ချီးမြှင့်ခံရသည်။

ဆိုဗီယက်ပြည်ထောင်စုတွင် နှစ်ဆယ်ရာစု၏ အထူးခွန်ဆုံး စာရေးဆရာအဖြစ် သတ်မှတ်ခံရသော ဆိုရှယ်လစ်သရုပ်မှန် စာရေးဆရာ မိခေး ရှိလိုကော့သည် ၁၉၀၄ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ကော့ဆက်နယ် ဗက်ရှင်စကာယာမြို့လေး၌ ကွယ်လွန်သည်။

**လူငယ်လုပ်အားပေး စီမံကိန်း (၁၉၀၄)။ ။**

နိုင်ငံတော်၏လူဦးရေ ၃၅ ဒသမ ၆၀ သန်းအနက် ထက်ဝက်ခန့်ရှိသော လူငယ်တို့၏ အင်အားသည် နိုင်ငံတည်ဆောက်ရေး၌ အရေးပါလှသည်။ ထို့ကြောင့် နိုင်ငံတော်သည် လူငယ်လုပ်အားပေးအစီအစဉ်ကို ၁၉၆၄ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီသည် လူငယ်လုပ်အားပေးစီမံကိန်း ဗဟို ကော်မတီကို ဖွဲ့စည်းလျက် လူငယ်လုပ်အားပေးစီမံကိန်းကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

လူငယ် လုပ်အားပေးစီမံကိန်း ဗဟိုကော်မတီ သည် လူငယ်လုပ်အားပေး လုပ်ငန်းများကို လူငယ်များ အားလပ်ရက်နှင့် အကိုက်ညီဆုံးအချိန်ကို ရွေးချယ်ကာ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ရက်ရှည် ကျောင်းပိတ်ရက်များတွင် လုပ်အားပေးစခန်းများ နှစ်စဉ် ဖွင့်လှစ်၍ လူငယ်များကို ပါဝင်လုပ်အားပေးစေခဲ့သည်။

နွေရာသီ လုပ်အားပေး လုပ်ငန်းများတွင် ကျေးလက်လူငယ်များအပါအဝင် အခြေခံပညာ အထက်တန်းအဆင့် လူငယ်များကို ဦးစားပေး ပါဝင်စေပြီး၊ အောက်တိုဘာ လုပ်အားပေး လုပ်ငန်းများတွင် ကျေးလက်လူငယ်များ အပါအဝင် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများမှ လူငယ်များကို ရွေးချယ် လုပ်အားပေးစေခဲ့သည်။

လူငယ်လုပ်အားပေးစီမံကိန်း ဗဟိုကော်မတီနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ညှိနှိုင်းချက်ဖြင့် လူငယ်များသည် စက်ရုံ၊ အလုပ်ရုံသစ်များ တည်ဆောက်ရေးလုပ်ငန်းတွင် ပါဝင်ခြင်း၊ ဆည်မြောင်း တာတမံများ ဆောက်လုပ်ခြင်း၊ နိုင်ငံပိုင်စိုက်ပျိုးရေး မွေးမြူရေးခြံများ တည်ဆောက်ခြင်းစသည့် နိုင်ငံ တည်ဆောက်ရေး လုပ်ငန်းများတွင် စခန်းချ နေထိုင်၍ လုပ်အားပေးခဲ့ကြသည်။

၁၉၀၄ ခုနှစ် နွေရာသီ ကျောင်းပိတ်ရက်တွင် လူငယ်ရပ်ဝေးအခြေစိုက် လုပ်အားပေးစခန်းပေါင်း ခြောက်ခု ဖွင့်လှစ်ခဲ့ရာ လူငယ်ပေါင်း ၇၅၀ လုပ်အားပေးခဲ့ကြသည်။ ထိုစခန်း ခြောက်ခုမှာ သက်နှံးကျွန်းမြို့နယ် သုဝဏ္ဏမြို့ အမျိုးသားအားကစားရုံ တည်ဆောက်ရေးလုပ်ငန်း လူငယ် အခြေစိုက် လုပ်အားပေးစခန်း၊ သန်လျင်မြို့နယ် သစ်စက် အခြေခံစီမံကိန်း လူငယ်အခြေစိုက် လုပ်အားပေးစခန်း၊ ဒိုက်ဦးမြို့နယ် စည်သွတ်စက်ရုံ တည်ဆောက်ရေးစီမံကိန်း လူငယ်အခြေစိုက် လုပ်အားပေးစခန်း၊ ဖြူးမြို့နယ် အမှတ် ၆ နိုင်ငံပိုင်စိုက်ကွင်း လူငယ်အခြေစိုက် လုပ်အားပေးစခန်း၊ စဉ့်ကူးမြို့နယ် အမှတ် ၇ နိုင်ငံပိုင်စိုက်ကွင်း လူငယ်အခြေစိုက် လုပ်အားပေးစခန်းနှင့် မတ္တရာမြို့နယ် ဆည်တော်ကြီး ရေလှောင်တမံစီမံကိန်း လူငယ်အခြေစိုက် လုပ်အားပေးစခန်းများ ဖြစ်ကြသည်။

သက်နှံးကျွန်းမြို့နယ်တွင် ပြည်နယ်နှင့်တိုင်းများမှ ကျေးလက်လူငယ် အမျိုးသားအမျိုးသမီး အင်အား ၁၅၀ တို့သည်လည်းကောင်း၊ သန်လျင်မြို့နယ်၌ ပြည်နယ်နှင့်တိုင်းအသီးသီးရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံတို့မှ ကျောင်းသားလူငယ် အမျိုးသားအမျိုးသမီး အင်အား ၁၀၀ တို့သည်လည်းကောင်း၊ ဒိုက်ဦးမြို့နယ်၌ ပြည်နယ်နှင့်တိုင်းများမှ အခြေခံပညာ အထက်တန်းအဆင့် ကျောင်းသားလူငယ် အမျိုးသား၊ အမျိုးသမီး အင်အား ၁၅၀ တို့သည် လည်း

**နွေရာသီ အခြေစိုက် လုပ်အားပေး စခန်းတခုတွင် လူငယ်များ လုပ်အားပေးနေကြစဉ်**



**လူရည်ချွန်စီမံကိန်း။** ။လူရည်ချွန် စီမံကိန်းကို ၁၉၆၃ – ၆၄ ခုနှစ်မှ စတင် အကောင်အထည် ဖော်ခဲ့ရာ ၁၉၈၃ – ၈၄ ခုနှစ်တွင် သက်တမ်းအားဖြင့် အနှစ် ၂၀ ရှိပြီ ဖြစ်၍ အကြိမ်အားဖြင့် ၂၁ ကြိမ်မြောက်ခဲ့ပြီး ဖြစ်သည်။ ထို ၂၁ ကြိမ်မြောက်အထိ နိုင်ငံတော်သည် လူရည်ချွန် ပေါင်း ၆,၄၉၄ ဦးကို လေ့ကျင့်ပျိုးထောင် ပေးနိုင်ခဲ့သည်။

လူရည်ချွန်များကို ရွေးချယ် ရာတွင် လူရည်ချွန်စီမံကိန်း ဗဟိုအလုပ်အမှုဆောင် ကော်မတီသည် လူရည်ချွန် ရွေးချယ်ရေး အဖွဲ့များကို ဖွဲ့စည်းပေးခဲ့ပြီး လူရည်ချွန်များကို စနစ်တကျ ရွေးချယ် ပေးခဲ့သည်။ တက္ကသိုလ်၊ ကောလိပ်၊ ဆရာ အတတ်သင် သိပ္ပံ၊ ဆရာ အ တတ် သင် ကျောင်းနှင့် တိုင်းရင်းသား ဖွံ့ဖြိုးရေး သိပ္ပံမှ လူရည်ချွန်များကို ကျောင်းအဆင့်၊ ဦးစီးဌာနအဆင့်၊ ဗဟိုအဆင့် ဟူ၍ အဆင့်သုံးဆင့်ဖြင့်လည်းကောင်း၊ စက်မှုစိုက်ပျိုးနှင့် သက်မွေးဝမ်းကျောင်း သိပ္ပံကျောင်း များမှ လူရည်ချွန်များကို ကျောင်းအဆင့်၊ ဦးစီးဌာနအဆင့်၊ ဗဟိုအဆင့် ဟူ၍ အဆင့် သုံးဆင့်ဖြင့် လည်း ကောင်း၊ သတ္တမတန်း၊ အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်း လူရည်ချွန်များကို ကျောင်းအဆင့်၊ မြို့နယ်အဆင့်၊ ပြည်နယ်တိုင်း အဆင့်နှင့် ဗဟိုအဆင့်ဟူ၍ အဆင့်လေးဆင့်ဖြင့် လည်းကောင်း ရွေးချယ်ခြင်းဖြစ်သည်။

ထိုသို့ ရွေးချယ်ရာတွင် ကျောင်းသားများ၏ ပညာထက်မြက်မှု၊ ပေါင်းသင်းဆက်ဆံရေးအခြေအနေ၊ စာရိတ္တ၊ အားကစားနှင့် ကာယပညာရပ်များတွင် ပါဝင်လှုပ်ရှားမှု၊ ပညာရေး လက်တွေ့ဖွံ့ဖြိုးမှု လုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်မှု စသည့် အချက်များကို ရေးဖြေစာမေးပွဲ ဖြေဆိုစေခြင်း၊ တကိုယ်ရေ ကြံ့ခိုင်မှု စွမ်းရည်ကို လက်တွေ့ စစ်ဆေးခြင်းနှင့် လူကိုယ်တိုင် တွေ့ဆုံ မေးမြန်းခြင်း စသည့် နည်းလမ်းများကို အသုံးပြု၍ စိစစ်ရွေးချယ်သည်။

၁၉၈၃ – ၈၄ ခုနှစ်တွင် လူရည်ချွန် စုစုပေါင်း ၃၃၂ ဦး ရွေးချယ်နိုင်ခဲ့သည်။ ယင်းတို့တွင် ပထမအကြိမ် ရွေးချယ်ခံရသူ ၂၂၀ ဦး၊ နှစ်ထပ်ကွမ်း လူရည်ချွန် ၆၃ ဦး၊ သုံးထပ်ကွမ်းလူရည်ချွန် ၃၂ ဦး၊ လေးထပ်ကွမ်း လူရည်ချွန် ၁၅ ဦးနှင့် ငါးထပ်ကွမ်းလူရည်ချွန် နှစ်ဦး အသီးသီး ပါဝင်သည်။

၁၉၈၄ ခုနှစ်တွင် ရွေးချယ်ခံရသော လူရည်ချွန်များ အနက် သုံးကြိမ်နှင့်အထက် ရွေးချယ်ခြင်းခံရသော လူရည်ချွန် ၄၉ ဦးသည် မွန်ပြည်နယ် စက်စဲတွင် အနားယူ အပန်းဖြေလျက် ဗဟုသုတများကို လေ့လာဆည်းပူးခဲ့ကြသည်။ ပထမအကြိမ် ရွေးချယ် ခံရသော လူရည်ချွန်နှင့် နှစ်ထပ်ကွမ်းလူရည်ချွန် စုစုပေါင်း လူရည်ချွန် မောင်မယ် ၂၈၃ ဦးသည် ရခိုင်ပြည်နယ် ငပလီ လူရည်ချွန် စခန်း၌




ကောင်း၊ ဖြူးမြို့နယ်၌ ပြည်နယ်နှင့် တိုင်းများမှ အခြေခံပညာ အထက်တန်းအဆင့် ကျောင်းသားလူငယ် အမျိုးသား၊ အမျိုးသမီး အင်အား ၁၅၀ တို့သည်လည်းကောင်း၊ စဉ့်ကူးမြို့နယ်၌ ပြည်နယ်နှင့် တိုင်းများမှ အခြေခံပညာ အထက်တန်းအဆင့် ကျောင်းသားလူငယ် အမျိုးသား၊ အမျိုးသမီး အင်အား ၁၅၀ တို့သည်လည်းကောင်း၊ မတ္တရာမြို့နယ်၌ ပြည်နယ်နှင့်တိုင်း အသီးသီးမှ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် ကျောင်းသားလူငယ် အမျိုးသား၊ အမျိုးသမီး အင်အား ၁၅၀ တို့သည်လည်းကောင်း အသီးသီး လုပ်အား ပေးခဲ့ကြသည်။

အောက်တိုဘာလ ကျောင်းပိတ်ရက်တွင်လည်း လူငယ် အခြေစိုက် ရပ်ဝေးလုပ်အားပေးစခန်းပေါင်း ငါးခု ဖွင့်လှစ်ခဲ့ရာတွင် လူငယ်ပေါင်း ၅၅၀ လုပ်အားပေးခဲ့ကြသည်။ အောက်တိုဘာ လုပ်အားပေးစခန်းများတွင် ပါဝင်လုပ်အား ပေးကြသည့် လူငယ်များသည် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများနှင့် ကျေးလက်လူငယ်များ ဖြစ်ကြသည်။ လူငယ် အခြေစိုက် လုပ်အားပေးစခန်း ငါးခုအနက် ဖြူးမြို့နယ် ဇေယျတီသကြားစက် တည်ဆောက်ရေး လူငယ်လုပ်အား ပေး စခန်းတွင် အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၁၀၀ လုပ်အားပေးခဲ့ကြသည်။ ပျဉ်းမနားမြို့နယ် ရေဆင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောသိပ္ပံ လူငယ်အခြေစိုက် လုပ်အားပေးစခန်းတွင် အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၁၀၀ နှင့် ပျော်ဘွယ်မြို့နယ် ရန်ကုန်-မန္တလေး ကားလမ်း ဖောက်လုပ်ရေး လူငယ်အခြေစိုက် လုပ်အားပေးစခန်းတွင် အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၁၅၀ လုပ်အားပေးခဲ့ကြသည်။ မော်ဘီမြို့ ဆေးဝါးကုန်ကြမ်းစိုက်ခင်း လူငယ် လုပ်အားပေးစခန်းတွင် အမျိုးသား ၁၀၀ နှင့် ပျော်ဘွယ်မြို့နယ် ချောင်းမကြီးခြံ လူငယ်လုပ်အားပေးစခန်းတွင် အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၁၀၀ အသီးသီး လုပ်အားပေးခဲ့ကြသည်။

လူငယ်လုပ်အားပေးစီမံကိန်း ဗဟိုကော်မတီသည် လုပ်အားပေး စမန်းများတွင် လူငယ်များအတွက် ဟောပြောဆွေးနွေးပွဲများ၊ ဂီတ၊ ရုပ်ရှင်ဖြေဖျော်မှုများ၊ အားကစားပြိုင်ပွဲများနှင့် ဒေသခံလူငယ်များနှင့် လုပ်အားပေးလူငယ်များ တွေ့ဆုံမိတ်ဆက်ပွဲများကို ပြုလုပ်ပေးခဲ့သည်။ ထို့အပြင် လုပ်အားပေးလူငယ်များ ဒေသန္တရဗဟုသုတရရှိရန် အားလပ်ရက်များတွင် လေ့လာရေးခရီးစဉ်များကိုလည်း စီစဉ်ပေးခဲ့သည်။

လူငယ်များသည် လုပ်အားပေးစခန်းများ၌ လုပ်အားပေးကြခြင်းဖြင့် လုပ်ငန်းခွင် အတွေ့အကြုံများ ရရှိကြသည်သာမက အတွေးအခေါ် အသိအမြင် မှုန်ကန်၍ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကိုပါ ရရှိခဲ့ကြလေသည်။



**လူရည်ချွန်စီမံကိန်း ရန်ကုန်စုပေါင်း လူရည်ချွန် စခန်းဖွင့်ပွဲ အခမ်းအနား ကျင်းပစဉ်**

လည်းကောင်း၊ ရှမ်းပြည်နယ် အင်းလေးခေါင်တိုင်စခန်း၌ လည်းကောင်း နှစ်စုခွဲ၍ အသီးသီး အနားယူ အပန်းဖြေခဲ့ကြသည်။

၁၉၇၄ ခုနှစ်တွင် ရွေးချယ်ခြင်းခံရသော လူရည်ချွန် မောင်မယ်များသည် အင်းလေး၊ ငပလီ၊ ရာမညစက်စဲ စသော နယ်စခန်းများတွင် အနားယူအပန်းဖြေပြီးနောက် ဧပြီလ ၂၇ ရက်နေ့တွင် ရန်ကုန် စုပေါင်း လူရည်ချွန် စခန်း၌ စခန်းဝင်ရောက်ခဲ့ကြသည်။ ဧပြီလ ၂၈ ရက်နေ့တွင် ၂၁ ကြိမ်မြောက် လူရည်ချွန် စီမံကိန်း ရန်ကုန် စုပေါင်း လူရည်ချွန်စခန်း ဖွင့်ပွဲ အခမ်းအနားကို ကျင်းပသည်။ အခမ်းအနားတွင် ပညာရေးဝန်ကြီးက မိန့်ခွန်းပြောကြားပြီး လူရည်ချွန် မောင်မယ်များအား စခန်းအလိုက် လူရည်ချွန်ဆုလက်မှတ်များ ပေးအပ်ခဲ့သည်။

ပညာရေးဝန်ကြီး ဌာနမှ ကြီးမှူး အကောင် အထည်ဖော် ဆောင်ရွက်သည့် လူရည်ချွန် စီမံကိန်းသည် ၂၁ ကြိမ်မြောက် စီမံကိန်းအထိ လူရည်ချွန် မောင်မယ်ပေါင်း ၆,၄၉၄ ဦးကို ရွေးချယ် ချီးမြှင့်ခဲ့ပြီးဖြစ်ရာ ယင်းလူရည်ချွန်မောင်မယ်များအနက် ခြောက်ထပ်ကွမ်း လူရည်ချွန် ၁၁ ဦး၊ ငါးထပ်ကွမ်းလူရည်ချွန် ၃၃ ဦး၊ လေးထပ်ကွမ်း လူရည်ချွန် ၁၇၂ ဦး၊ သုံးထပ်ကွမ်းလူရည်ချွန် ၄၇၉ ဦး၊ နှစ်ထပ်ကွမ်း လူရည်ချွန် ၁,၀၈၂ ဦး၊ ပထမအကြိမ် လူရည်ချွန် ၄,၂၁၃ ဦးအထိ ပေါ်ထွက်ခဲ့ပြီးဖြစ်သည်။

ပညာရည်ချွန် ကျောင်းသားကျောင်းသူများ ပိုမိုပေါ်ထွန်းလာရေး၊ ပညာရေး လက်တွေ့ဖွံ့ဖြိုးမှု လုပ်ငန်းများတွင် ကျောင်းသား ကျောင်းသူများ ပိုမိုတက်ကြွစွာ ပါဝင်လာရေး၊ အားကစားနှင့် ကိုယ်လက်ကြံခိုင်မှုတို့ကို ပိုမို ကျယ်ပြန့်စွာ လှုပ်ရှား လုပ်ဆောင်လာရေး၊ ဆိုရှယ်လစ် လူဘောင် တည်ဆောက်ရေးတွင် အမာခံများ စုစည်း ရရှိရေး စသော လူရည်ချွန်စီမံကိန်း၏ အဓိက ရည်မှန်း ချက်များ ပေါက်မြောက်အောင်မြင်စေရန် ၁၉၇၄ ခုနှစ် ၂၁ ကြိမ်မြောက် လူရည်ချွန် စီမံကိန်းကို ဦးတည်ချက် သုံးရပ် ချမှတ်၍ အကောင် အထည်ဖော် ဆောင်ရွက်ခဲ့သည်။ အဆိုပါ ဦးတည်ချက်များမှာ ကျောင်းသူ ကျောင်းသားများ ပညာရည် အစဉ်ထက်မြက် ထူးချွန်ရေး၊ စာရိတ္တမြင့်မားစေသည့် အလေ့အကျင့်ကောင်းများ အစဉ်ဖွံ့ဖြိုးရေး၊ ကျောင်းသူ ကျောင်းသားများ အစဉ် ကျန်းမာသန်စွမ်းရေးတို့ ဖြစ်လေသည်။

လူရည်ချွန်စီမံကိန်း၏ အကျိုးကျေးဇူးကြောင့် ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံထူးချွန်သော တိုင်းချစ် ပြည်ချစ် စိတ်ဓာတ်ရှိသော လုပ်အားကို တန်ဖိုးထား ဂုဏ်ယူမြတ်နိုး တတ်သောဗဟုသုတပြည့်ဝသော ဆိုရှယ်လစ်လူဘောင်တည် ဆောက်ရေးတွင် အမာခံများဖြစ်သော လူရည်ချွန်များသည် တနှစ်ထက်တနှစ် ပိုမို များပြားလာလျက် ရှိသည်။

**လောကိသရ၊ ဆရာတော်ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိက၊ ပန်းတနော်မြို့နယ်၊ ကပိုင်ကျေးရွာကျောင်း** (မြန်မာ ၁၂၅၀ –၁၃၄၅)။ ။ရောဝတီတိုင်း၊ ပန်းတနော်မြို့နယ်၊

ကပိုင်ကျေးရွာကျောင်း၏ ဦးစီးနာယက ဖြစ်တော်မူသော ဆရာတော်ဘဒ္ဒန္တ လောကိဿရသည် ပါဠို၊ အဋ္ဌကထာ၊ ဋီကာ၊ နေ့ဝါ၊ ညဝါ ကျမ်းစာများကို ပါရဂူရောက် တတ်မြောက်တော်မူ၍ တပည့်သံဃာများအား စာပေကျမ်းဂန်များ ပို့ချပေးခြင်း၊ ပန်းတနော်မြို့နယ် ဝိနိစ္ဆယဌာန ဝိနည်းဓိုရ်၊ သံဃနိကာယ ရှစ်ဖွဲ့၏ ပဓာနနာယက၊ ရွှေမြင်တင်စေတီတော် ဂေါပက ဩဝါဒါစရိယ မဟာနာယက၊ မြို့နယ်သံဃာ့ဆေးရုံ တည်ဆောက်ရေးအဖွဲ့ နာယကချုပ် စသည်ဖြင့် ဆောင်ရွက်ခြင်း၊ သိမ်၊ ကျောင်း၊ စရပ်ဘုရားစေတီများကို ပြုပြင်ခြင်း စသော သာသနာတော် တည်တံ့ထွန်းကားရေးကို အားပေး ဆောင်ရွက်တော်မူသောကြောင့် ၁၃၄၀ ပြည့်နှစ်တွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၀ – စာ၊ ၂၅၉ — ရှု။)

နိုင်ငံတော် ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တ လောကိဿရမဟာထေရ်သည် ၁၃၄၅ ခုနှစ် တန်ခူးလဆန်း ၁၂ ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

**လက်တင်အမေရိက။** ။လက်တင် အမေရိက ဒေသတွင် စီးပွားရေး၊ နိုင်ငံရေး၊ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေး တို့နှင့်စပ်လျဉ်း၍ ၁၉၈၄ ခုနှစ်အတွင်း ထူးခြားသောဖြစ်ရပ်များပေါ် ပေါက်ခဲ့သည်။

## ပြည်ပကြွေးမြီပြဿနာ

ပြည်ပကြွေးမြီပြဿနာသည် လက်တင်အမေရိကတွင် ၁၉၈၄ ခုနှစ်တိုင် ဖိစီးလျက်ပင်ရှိသေးသည်။ ၁၉၈၃ ခုနှစ် စက်တင်ဘာလက ဗင်နီဇွဲလားနိုင်ငံ ကာရကတ်မြို့၌ အမေရိကန်နိုင်ငံများအဖွဲ့ (အိုအေအက်စ်) စီစဉ်သော ညီလာခံတွင် လက်တင်အမေရိကနှင့် ကာရစ်ဘီယံနိုင်ငံများ၏ ကြွေးမြီပြဿနာကို ဆွေးနွေးခဲ့စဉ်က ယင်းဒေသ၏ ပြည်ပကြွေးမြီစုစုပေါင်း ဒေါ်လာသန်းပေါင်း ၃,၃၀,၀၀၀ ခန့်သာ ရှိခဲ့သော်လည်း ၁၉၈၄ ခုနှစ် ဩဂုတ်လကုန်ပိုင်းက အမေရိကဒေသတွင်း စီးပွားရေးနှင့် လူမှုရေးကောင်စီ (စီအိုင်အီးအက်စ်)၏ ဝန်ကြီးအဆင့် အစည်းအဝေးကို ချီလီနိုင်ငံ ဆန်တီယာဂိုမြို့၌ ကျင်းပချိန်တွင်မူ ယင်းဒေသ၏ ပြည်ပကြွေးမြီ စုစုပေါင်း ဒေါ်လာသန်းပေါင်း ၃,၅၀,၀၀၀ ထိ မြင့်တက်လာသည်။ အမေရိကန်ပြည်ထောင်စုသည် စီအိုင်အီးအက်စ်၏ ဦးဆောင်အဖွဲ့အစည်းဖြစ်သော အိုအေအက်စ်



အဖွဲ့ဝင်နိုင်ငံများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ရာ ကြွေးမြီပြဿနာများ သက်သာလျော့နည်းစေရန် လုပ်ဆောင်ရမည့် တိကျသော စီမံချက်ကို သဘောတူထားပြီးဖြစ်သည်ဟုဆိုသည်။

လက်တင်အမေရိက၏ ငွေကြေး အကျပ်အတည်းကို ပိုမိုဆိုးရွားစေသည့်အချက်မှာ အမေရိကန်နိုင်ငံမှ အတိုးနှုန်း မြင့်မားခြင်းပင်ဖြစ်သည်။ ဗဟိုဇီး၊ မက္ကဆီကို၊ အာဂျင်တီးနား၊ ဗင်နီဇွဲလားတို့အား ၁၉၇၄ ခုနှစ် နှစ်ဆန်းပိုင်းအထိ အမေရိကန်ပြည်ထောင်စုဘဏ်များက ဒေါ်လာသန်းပေါင်း ၆၇,၀၀၀ ထုတ်ချေးထားပြီးဖြစ်ရာ ယင်းနိုင်ငံများ၏ အကြွေးဆပ်ရေးအစီအစဉ်သည် အတိုးနှုန်းမြင့်မားလာခြင်းကြောင့် နစ်နာရသည်။ ၁၉၇၄ ခုနှစ် မတ်လ ၁၉ ရက်၊ ပြီလ ၅ ရက်၊ မေလ ၈ ရက်နှင့် ဇွန်လ ၂၅ ရက်နေ့တို့တွင် တကြိမ်ထက်တကြိမ် သုညဒသမ ၅ ရာခိုင်နှုန်းစီ မြင့်တက်လာပြီး အတိုးနှုန်း ၁၃ ရာခိုင်နှုန်းသို့ ရောက်ရှိလာသည်။ ထို့ကြောင့် ဗဟိုဇီးနိုင်ငံ တနိုင်ငံတည်းပင်လျှင် ၁၉၇၄ ခုနှစ် စာရင်းဇယားအရ ချေးငွေအပေါ် ပေးဆပ်ရမည့်အတိုးသည် တနှစ်လျှင် ဒေါ်လာသန်း ၇၀၀ ပိုမိုတင်ရှိလာရသည်။ နိုင်ငံရေးမတည်ငြိမ်မှုနှင့် ပြည်တွင်းရေးဆူပူမှုတို့ကြောင့် လက်တင်အမေရိကဒေသမှ ရင်းနှီးမြှုပ်နှံငွေများသည် စက်မှုနိုင်ငံများသို့ ရွှေ့ပြောင်းသွားခြင်း



သည်လည်း ကြွေးမြီပြဿနာကို ပိုမိုဆိုးရွားစေသည်။ ငါး နှစ်အတွင်း ဒေါ်လာသန်း ၅၀,၀၀၀ ကျော် ရွှေပြောင်း သွားသည်။

### ကြွေးပိနေသော လက်တင် အမေရိကနိုင်ငံ အချို့၏ ကြွေးမြီဇယား

| စဉ် | နိုင်ငံ | ဒေါ်လာသန်းပေါင်း |
|---|---|---|
| ၁ | ဗရာဇီး | ၉၃,၀၀၀ |
| ၂ | မက္ကဆီကို | ၉၀,၀၀၀ |
| ၃ | အာဂျင်တီးနား | ၄၅,၅၀၀ |
| ၄ | ဗင်နီဇွဲလား | ၃၅,၀၀၀ |
| ၅ | ချီလီ | ၁၈,၀၀၀ |
| ၆ | ပီရူး | ၁၃,၀၀၀ |
| ၇ | ကိုလုံးဗီးယား | ၁၀,၆၀၀ |
| ၈ | အက်ကွာဒေါ | ၆,၈၀၀ |
| ၉ | ဥရုဂွေး | ၄,၅၀၀ |
| ၁၀ | ကော့စတာရီကာ | ၄,၀၀၀ |
| ၁၁ | ဒိုမီနီကန် | ၂,၅၀၀ |

ကြွေးတင် လက်တင်အမေရိကနိုင်ငံ ၁၁ နိုင်ငံမှ နိုင်ငံခြားရေးနှင့် ဘဏ္ဍာရေး ဝန်ကြီးများသည် ၁၉၈၄ ခုနှစ် ဇွန်လ ၂၃ ရက်နေ့တွင် ကိုလုံးဗီးယားနိုင်ငံ ကာတာဂျီးနားမြို့၌ တွေ့ဆုံ၍ ကြွေးမြီပြဿနာကို ဆွေးနွေးသည်။ ကြွေးတင်နိုင်ငံများသည် ကြွေးမြီများကို ပြန်လည်ပေးဆပ်ရန် ရည်ရွယ်ထားကြောင်း၊ အတိုးနှုန်းများ လျော့ချပေးစေလိုကြောင်းဖြင့် ပူးတွဲကြေငြာချက် ထုတ်ပြန်ခဲ့ကြသည်။ စက်တင်ဘာလတွင်လည်း ကာတာဂျီးနားအုပ်စုဝင် နိုင်ငံများသည် အာဂျင်တီးနားနိုင်ငံ မာဒယ်ပလာတာမြို့၌ တွေ့ဆုံဆွေးနွေးသည်။ ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒကြီးထွားလာခြင်း၊ ရင်းနှီးမြှုပ်နှံငွေရှားပါးလာခြင်းတို့နှင့် စပ်လျဉ်း၍ စိုးရိမ်ကြောင်း၊ နိုင်ငံရေးအရဆွေးနွေး၍ ကူညီပံ့ပိုးခြင်းဖြင့် ကြွေးမြီပြဿနာကို ဖြေရှင်းသင့်ကြောင်းဖြင့် ပူးတွဲကြေငြာခဲ့ကြသည်။

### အစိုးရအပြောင်းအလဲများ

အင်တီဂွာနှင့် ဗာဗူဒါနိုင်ငံ၌ ၁၉၈၄ ခုနှစ် ဧပြီလ ၁၇ ရက်နေ့တွင် အထွေထွေရွေးကောက်ပွဲကျင်းပရာ အာဏာရ ပါတီဝင် လီယွန်ဖီဗာ ကော်ဒီယိုနှင့် ဒီမိုကရက်တစ် လက်ဝဲပါတီဝင် ရိုရီဂိုဘော်ယာ စီဗဲလော့စ်တို့ ယှဉ်ပြိုင်သော ဒုတိယအကြိမ်ရွေးကောက်ပွဲ၌ ဖီဗာက ထောက်ခံမဲ ၅၂ ဒသမ ၂ ရာခိုင်နှုန်းဖြင့် အနိုင်ရသည်။ ဒီမိုကရက်တစ် လက်ဝဲပါတီက နေရာအများစုရရှိထားသော လွှတ်တော်နှင့်အတူ သမ္မတသစ် ဖီဗာသည် ဩဂုတ်လ ၁၀ ရက်နေ့မှစ၍ တာဝန်ထမ်းဆောင်သည်။





ပနားမားနိုင်ငံ သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိသူ အာဒစ်တို ဘာလက်တာ (ဝဲ) နှင့် ရှုံးနိမ့်သူ ဒေါက်တာ အေရီယက်စ် မက်ဒရစ်

အင်တီဂွာ လေဘာပါတီ (အေအယ်ပီ) က အောက်လွှတ်တော်တွင် အင်တီဂွာကျန်းအမတ်နေရာ ၁၆ နေရာလုံးကို အနိုင်ရရှိ၍ ဗာဗူဒါကျန်းကို ကိုယ်စားပြုသော နေရာတနေတည်းကို တသီးပုဂ္ဂလ အီးရစ်ဘာတန်က ပြိုင်ဘက်မရှိပဲ ပြန်လည်ရရှိသည်။ လက်ရှိဝန်ကြီးချုပ် ဗရီစီဘတ်စိန်ယာက ဧပြီလ ၁၉ ရက်နေ့တွင် အစိုးရအဖွဲ့သစ် ဖွဲ့စည်းသည်။ အစိုးရအဖွဲ့အတွင်း လာဘ်စားမှုများနှင့် စီမံခန့်ခွဲရေး ညံ့ဖျင်းမှုများရှိနေသည်ဟု အတိုက်အခံတို့၏ စွပ်စွဲချက်များ ပေါ်ပေါက်ခဲ့ပြီးနောက် လွှတ်တော်သက်တမ်းမစေ့မီ တနှစ်စောချ၍ ရွေးကောက်ပွဲကျင်းပခဲ့ရခြင်းဖြစ်သည်။ ၁၉၇၁ ခုနှစ်မှ ၁၉၇၆ ခုနှစ်ထိ အင်တီဂွာ ဝန်ကြီးချုပ် ဖြစ်ခဲ့ဖူးသူ ဂျော့ ဝေါ်လတာသည် ရွေးကောက်ပွဲတွင် ရှုံးနိမ့်သည်။

အက်ကွာဒေါနိုင်ငံ၌ ၁၉၇၄ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်နေ့တွင် အထွေထွေရွေးကောက်ပွဲကျင်းပရာ သမ္မတလောင်းကိုးဦးရှိသည့်အနက် မည်သူမျှ ထောက်ခံမဲ ထက်ဝက်ကျော် မရရှိသဖြင့် မေလ ၆ ရက်နေ့တွင် ဒုတိယအကြိမ် သမ္မတလောင်း ရွေးကောက်ပွဲကျင်းပရသည်။ ၁၉၇၉ ခုနှစ် ဩဂုတ်လမှစ၍ အာဏာသက်ရောက်သော ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြဋ္ဌာန်းချက်အရ စာမတတ်သူ ငါးသိန်းကျော် မဲပေးခွင့်ရရှိသော ရွေးကောက်ပွဲဖြစ်သည်။ ပထမအကြိမ် ရွေးကောက်ပွဲတွင် မဲအများဆုံးရရှိသူ ဆိုရှယ်ခရစ်ယာန် ပါတီဝင် လီယွန်ဖီဗာ ကော်ဒီယိုနှင့် ဒီမိုကရက်တစ် လက်ဝဲပါတီဝင် ရိုရီဂိုဘော်ယာ စီဗဲလော့စ်တို့ ယှဉ်ပြိုင်သော ဒုတိယအကြိမ်ရွေးကောက်ပွဲ၌ ဖီဗာက ထောက်ခံမဲ ၅၂ ဒသမ ၂ ရာခိုင်နှုန်းဖြင့် အနိုင်ရသည်။ ဒီမိုကရက်တစ် လက်ဝဲပါတီက နေရာအများစုရရှိထားသော လွှတ်တော်နှင့်အတူ သမ္မတသစ် ဖီဗာသည် ဩဂုတ်လ ၁၀ ရက်နေ့မှစ၍ တာဝန်ထမ်းဆောင်သည်။

အယ်ဆာဗေဒိုနိုင်ငံတွင် ၁၉၈၂ ခုနှစ် မတ်လရွေးကောက်ပွဲနောက်ပိုင်းတွင် ရေးဆွဲလာသော ဖွဲ့စည်းပုံအခြေခံ



နီကရာဂွာဒှ သမ္မတလောင်းဆာဂိယို ရာမီရက်ဇ်နှင့် သမ္မတလောင်း ဒင်နီရယ် အော်တီဂါတို့ ရွေးကောက်ပွဲ မတိုင်မီ မဲဆန္ဒရှင် ပြည်သူများနှင့် တွေ့ဆုံစဉ်

ဥပဒေသစ်ကို တိုင်းပြုပြည်ပြုလွှတ်တော်က ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင်အပြီးသတ် အတည်ပြုပေးလိုက်သည်။ အခြေခံဥပဒေသစ်ပြဋ္ဌာန်းနိုင်မှုသည် ၁၉၈၀ ပြည့်နှစ်မှစ၍ ကြေငြာထားသော အရေးပေါ် အခြေအနေကို တရားဝင်အဆုံးသတ်လိုက်ခြင်းပင်ဖြစ်သည်။ ယင်းအခြေခံဥပဒေအရ ၁၉၇၄ ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် သမ္မတရွေးကောက်ပွဲကျင်းပသည်။ ထိုရွေးကောက်ပွဲတွင် နပို လီယွန် ဒွာတေက ထောက်ခံမဲ ၄၃ ဒသမ ၄၁ ရာခိုင်နှုန်း၊ ဗိုလ်မှူး ဒီအောဘစ်ဆန်က ၂၉ ဒသမ ၇၆ ရာခိုင်နှုန်း၊ ဖရန်စစ္စကို ဟိုစေး ဂွာရီယိုက ၁၉ ဒသမ ၃၁ ရာခိုင်နှုန်း ရရှိသည်။ အမေရိကန်က ထောက်ပံ့သော ဒေါ် လာ ၁၀ သန်းတန် ရွေးကောက်ပွဲသုံး ကွန်ပျူတာစနစ်ကို ရွေးကောက်ပွဲဝန်ထမ်းများကိုယ်တိုင်မသုံးတတ်ခြင်း၊ စီမံခန့်ခွဲမှုညံ့ဖျင်းခြင်းနှင့် ပြည်တွင်းဆူပူမှုများ ပေါ်ပေါက်ခြင်းတို့ကြောင့် ရွေးကောက်ပွဲတွင် ပြဿနာများ ပေါ်ပေါက်ရသည်။ မေလ ၆ ရက်တွင် ကျင်းပသော ဒုတိယအကြိမ်ရွေးကောက်ပွဲတွင် ဒွာတေနှင့် ဒီအောဘစ် ဆန်တို့ယှဉ်ပြိုင်ရာ ဒွာတေက ထောက်ခံမဲ ၅၃ ဒသမ ၆ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိသည်။ ယင်းမဲစာရင်းကို ပယ်ဖျက်ပေးရန် ဒီအောဘစ်ဆန်၏ အရိန်ာပါတီက တောင်းဆိုခဲ့သော်လည်း ပယ်ချခံရသည်။ ဒွာတေသည် ဇွန်လ ၁ ရက်နေ့တွင် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုသည်။

ပနားမားနိုင်ငံတွင် ၁၉၇၂ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့မှစ၍ သမ္မတတာဝန်ယူခဲ့သူ ရီကာဒို ဒီလာ အက်စပရီယဲလာသည် ၁၉၇၄ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် နုတ်ထွက်သွား၍ ဒုတိယ သမ္မတ ဒေါက်တာ ယော်ဂေး အီလွေးကားက ဆက်ခံသည်။ သမ္မတရွေးကောက်ပွဲကို မေလ ၆ ရက်နေ့တွင်ကျင်းပရာ ဒီမိုကရက်တစ် တော်လှန်ရေးပါတီ (ပီအာဒီ) ခေါင်းဆောင် နီကိုလတ် အာဒစ်တို့ ဘာလက်တာက အော်သင်းတစ် ပါနာမင်းနစ်ပါတီ (ပီပီအေ) ခေါင်းဆောင် ဒေါက်တာ အာနူးဖို အေရီယက်စ် မက်ဒရစ်ကိုအနိုင်ရသည်။ ၁၉၇၃ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ ဗိုလ်ချုပ်ကြီး အိုမာ တိုရီဟို့ဟာရရာ၏ အစိုးရအဖွဲ့တွင် စီးပွားရေးနှင့် စီမံကိန်းမူဝါဒဝန်ကြီးအဖြစ် ဆောင်ရွက်ဖူးပြီး ကမ္ဘာ့ဘဏ်တွင် လက်တင် အမေရိက ဒေသဆိုင်ရာ ဒုတိယ ဥက္ကဋ္ဌ ရာထူးမှ ုတ်ထွက် လာသူ ဘာလက်တာသည် အောက်တို ဘာလ ၁၁ ရက်နေ့တွင် သမ္မတသက်တမ်း ငါးနှစ်တာအတွက် စတင်တာဝန်ထမ်းဆောင်သည်။

ပီရူးနိုင်ငံတွင် ၁၉၇၃ ခုနှစ် ဇန်ဝါရီလမှစတင်၍ ဖွဲ့စည်းခဲ့သော အစိုးရအဖွဲ့ကို အကြိမ်ကြိမ် ပြင်ဆင်ဖွဲ့စည်းလာခဲ့ရာ ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့တွင်လည်း သမ္မတ ဘီလောင်းဒီ တယ်ရီသည် ဝန်ကြီးသစ် သုံးဦးခန့်ထား၍ နှစ်နေရာ လဲလှယ်တာဝန်ပေးကာ ပြင်ဆင်ဖွဲ့စည်းခဲ့ရသည်။ ၁၉၇၄ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင်မူ ဝန်ကြီးချုပ် ဖာနန်ဒို ရှဝက် လိုပက် အဲဒနာသည် နုတ်ထွက်သွားသဖြင့် အထက်လွှတ်တော်အမတ် ဆန်ဒရို မာရီယက်တီဂီအား ဝန်ကြီးချုပ်သစ်အဖြစ် ခန့်ထားခဲ့ရသည်။ အဲဒနာသည် ပထမ ဒုတိယသမ္မတ ရာထူးကိုမူ ယူထားဆဲ ဖြစ်သည်။ ဆန်ဒရိုသည် ၁၉၆၃ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ ဘီလောင်းဒီ၏ ပထမဆုံး သမ္မတသက်တမ်းကာလတွင် ဘဏ္ဍာရေးဝန်ကြီး ဖြစ်ခဲ့ဖူးသည်။

ဆူရီနမ်နိုင်ငံတွင် အာဏာရ အမျိုးသားစစ်ကောင်စီ (အင်အမ်စီ) ခေါင်းဆောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ဖြစ်သော ဒုတိယဗိုလ်မှူးကြီး ဒေဆိုင်း ဘောက်တာစီသည် ဝန်ကြီးချုပ် အာရိုး အလီဘတ်၏ အစိုးရအဖွဲ့ကို ၁၉၇၄ ခုနှစ် ဇန်ဝါရီလ ၇ နေ့တွင် ဖျက်သိမ်းသည်။ လက်နက်ကိုင်အဖွဲ့များ အလုပ်သမားသမဂ္ဂများနှင့် လည်းကောင်း၊ ၁၉၇၃ ခုနှစ် ဇွန်လက ဖွဲ့စည်းခဲ့ပြီး နိုဝင်ဘာလတွင် နိုင်ငံရေးပါတီဖြစ်လာသော ဖေဖော်ဝါရီ ၂၅ ညီညွတ်ရေး လှုပ်ရှားမှုပါတီနှင့် လည်းကောင်း ညှိနှိုင်းပြီး ဝန်ကြီးချုပ်ဝင်း ဥဒင်ဟောက် ဦးဆောင်သော အစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းပေးခဲ့သည်။ ဥဒင်ဟောက်သည် ကျောင်းဆရာဖြစ်၍ ဘောက်တာစီ၏ အကြံပေးပုဂ္ဂိုလ်လည်း ဖြစ်သည်။

စိန့်ကစ်နှင့် နီးဗစ်ဖက်ဒရေးရှင်း ပြည်ထောင်စုသည် ၁၉၇၃ ခုနှစ် စက်တင်ဘာလက ဗြိတိသျှလက်အောက်မှ

လွှတ်လပ်ခဲ့ပြီးသည့် နောက်ပိုင်းတွင် ပတမဆုံး အထွေထွေ ရွေးကောက်ပွဲကို ၁၉၀၄ ခုနှစ် ဇွန်လ ၂၁ ရက်နေ့က ကျင်းပရာ ကွန်ဆာဗေးတစ် ညွှန့်ပေါင်းအစိုးရသည် အာဏာပြန်လည်ရရှိသည်။ ၁၉၀၀ ပြည့်နှစ် ဖေဖော်ဝါရီလက နောက်ဆုံးရွေးကောက်ပွဲကို ကျင်းပခဲ့ခြင်းဖြစ်ရာ ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်ထက် တနှစ်စောချ၍ ကျင်းပသော ရွေးကောက်ပွဲ ဖြစ်သည်။ ဝန်ကြီးချုပ် ဒေါက်တာ ကနေဒီ အေဆိုင်မွန်၏ ပြည်သူ့လွှတ်ရှားမှုပါတီနှင့် နီးဗစ် ပြန်လည်ပြုပြင်ရေး ပါတီတို့က လွှတ်တော်တွင် လေဘာ ပါတီထက် တနေရာ အသာရှိနေရာမှ ခုနစ်နေရာ အသာ အထိ တိုးမြှင့်လွှမ်းမိုးနိုင်လာသည်။

စိန့်ဗင်းဆင့်နှင့် ဂရင်းနေဒင်းနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲကို ၁၉၀၄ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့တွင် ကျင်းပရာ အာ မီလတန် ကာတို၏ စိန့်ဗင်းဆင့် လေဘာပါတီ အစိုးရအဖွဲ့သည်ရှုံးနိမ့်သွားသည်။ ၁၉၂၉ ခုနှစ် ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်နေရာ ၁၃ နေရာအနက် နှစ်နေရာသာ နိုင်ခဲ့ရာမှ ၁၉၀၄ ခုနှစ် ရွေးကောက်ပွဲတွင် ကိုးနေရာအထိ အနိုင်ရလာသော နယူးဒီမိုကရက်တစ် ပါတီ၏ ခေါင်းဆောင် ဂျိမ်းစ် အက်ဖ် မစ်ချယ်သည် ဝန်ကြီးချုပ်အဖြစ် တာဝန်ယူ၍ အစိုးရသစ် ဖွဲ့စည်းသည်။ မစ်ချယ်သည် ၁၉၆၀ ပြည့်လွန်နှစ်များအတွင်း စိုက်ပျိုးရေးဝန်ကြီးအဖြစ် လည်းကောင်း၊ ၁၉၂၂ ခုနှစ်မှ ၁၉၂၄ ခုနှစ်အထိ ပြည်သူနိုင်ငံရေးပါတီ လွှမ်းမိုးသော အစိုးရအဖွဲ့တွင် ဝန်ကြီးချုပ်အဖြစ် လည်းကောင်း ဆောင်ရွက်ဖူးသည်။

နီကရာဂွာနိုင်ငံ၌ ၁၉၀၄ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့တွင် သမ္မတရွေးကောက်ပွဲကျင်းပရာ အာဏာရ ဆန်ဒီနစ္စတာ အမျိုးသား လွှတ်မြောက်ရေးတပ်ဦး (အက်ဖ်အက်စ်အယ်အင်) ၏ သမ္မတလောင်း ဖြစ်သော နိုင်ငံတော်ပြန်လည်တည်ဆောက်ရေး အစိုးရအဖွဲ့ခေါင်းဆောင် ဒင်နီယယ် အော်တီဂါ ဆာဗေဒရာနှင့် ဒုတိယသမ္မတလောင်း ဆာဂီယို ရာမီရက်ဇ် မာကာဒို့တို့သည် ထောက်ခံမဲ ၆၆ ဒသမ ၉ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိသည်။ ဒီမိုကရက်တစ် ကွန်ဆာဗေးတစ် (ပီစီဒီ)၊ လွှတ်လပ်သော လစ်ဗရယ်ပါတီ (ပီအယ်အိုင်)၊ ပြည်သူခရစ်ယာန် ဆိုရှယ်ပါတီ (ပီအက်စ်စီပီ) ကွန်မြူနစ်ပါတီ (ပီစီအင်)၊ မတ် လီနင်ဝါဒီ လှုပ်ရှားမှုပါတီ (အမ်အေပီအမ်အယ်)တို့၏ သမ္မတလောင်းများသည် ရှုံးနိမ့်သွားရသည်။ ထို့ပြင် လွှတ်တော် ရွေးကောက်ပွဲတွင်လည်း ၉၆ နေရာ ယှဉ်ပြိုင်သည့်အနက် ဆန်ဒီနစ္စတန် အမျိုးသားလွှတ်မြောက်ရေး တပ်ဦးက ၆၁ နေရာ၊ ပီစီဒီက ၁၄ နေရာ၊ ပီအယ်အိုင်က ကိုးနေရာ၊ ပီအက်စ်စီပီက ခြောက်နေရာ၊ နီကရာဂွာ ဆိုရှယ်လစ်ပါတီ ပီစီအင်နှင့် အမ်အေပီအမ်အယ်တို့က နှစ်နေရာစီ အနိုင်ရရှိသည်။ အနိုင်ရရှိသော သမ္မတနှင့် ဒုတိယသမ္မတတို့သည် အဖွဲ့ဝင်သုံးဦးပါဝင်သော လက်ရှိအစိုးရအဖွဲ့ကို ဖျက်သိမ်းကာ ၁၉၇၅ ခုနှစ် ဇန်နဝါရီလမှ စတင် တာဝန် ထမ်း ဆောင် မည် ဖြစ်သည်။

ဥရုဂွေးနိုင်ငံ၌ ပြည်တွင်း ဆူပူမှုကို အကြောင်းပြု၍ ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလတွင် သမ္မတ ယွန်မာရီယာ ဘော်ဒါဘယ်ရီက စစ်တပ်လွှမ်းမိုးသောအစိုးရအဖွဲ့ ဖွဲ့စည်းရန် သဘောတူခဲ့သည့် ဖြစ်ရပ်နောက်ပိုင်း ပထမဆုံးသော ရွေးကောက်ပွဲကို ၁၉၀၄ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ကျင်းပသည်။ ကော်လိုရာဒိုပါတီ၏ သမ္မတလောင်း ဒေါက်တာမာရီယာ ဆန်ဂိုနက်တီသည် သမ္မတအဖြစ် ရွေးချယ် တင်မြောက်ခံရသည်။ လွှတ်တော် ရွေးကောက်ပွဲတွင်လည်း ကော်လိုရာဒိုပါတီက အနိုင်ရသည်။ ဒေါက်တာ ဆန်ဂိုနက်တီသည် ဥပဒေပညာရှင်နှင့် သတင်းစာဆရာ ဖြစ်သည်သာမက ဝန်ကြီးဟောင်းလည်း ဖြစ်သည်။ အရပ်သားအစိုးရအဖွဲ့သစ်သည် ၁၉၇၅ ခုနှစ် မတ်လတွင် စစ်တပ်မှ အာဏာလွှဲပြောင်းယူမည်ဖြစ်ပြီး လွှတ်တော်သည် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်မှုအတွက် ၁၉၇၅ ခုနှစ် ဇူလိုင်လမှ အောက်တိုဘာလအတွင်း အကြိမ်ပြု တင်ပြရမည်ဖြစ်သည်။

ဟောတီနိုင်ငံ၌ ၁၉၅၀ ပြည့်နှစ်တွင် ပြဋ္ဌာန်း၍ ၁၉၆၄ ခုနှစ်နှင့် ၁၉၇၁ ခုနှစ်တို့တွင် ပြင်ဆင် ဖြည့်စွက် ခဲ့ရသော ဖွဲ့စည်းပုံ အခြေခံဥပဒေကို အစားထိုးရန် အစိုးရကရေးဆွဲထားသည့် အခြေခံဥပဒေသစ်ကို ၁၉၇၁ ခုနှစ် သြဂုတ်လ ၂၇ ရက်နေ့တွင် ကန့်ကွက်သူမရှိအတည်ပြုနိုင်ခဲ့ပြီး မရွေးမနှောင်းမှာပင် ဟောတီအမျိုးသား လွှတ်တော်ကို ဖျက်သိမ်းလိုက်သည်။ ယင်းဥပဒေအရ ရာသက်ပန်သမ္မတ ထားရှိရေးမူကို ထပ်မံအတည်ပြုသည့်ပြင် သမ္မတဒုဗလီယာအား ဆက်ခံမည့်သူ ရွေးချယ် ခန့်ထားပိုင်ခွင့်အာဏာ အပ်နှင်းလိုက်သည်။ ဝန်ကြီးဝါးဦးပါဝင်သည့် "မဟာအစိုးရအဖွဲ့"တရပ်ကို ၁၉၇၃ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့တွင် ဖွဲ့စည်းသည်။ ယင်းဝန်ကြီးဝါးဦးသည် ၁၉၇၂ ခုနှစ် ဇူလိုင်လက ခန့်အပ်သည့် အစိုးရအဖွဲ့ (ဝန်ကြီးများ ကောင်စီ)တွင်လည်း ဝန်ကြီးရာထူးများ ရယူထားဆဲ ဖြစ်သည်။ အခြေခံ ဥပဒေသစ်အရ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲကို ၁၉၇၄ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင်ကျင်းပရာ ရာသက်ပန်သမ္မတ ယွန် ကလောက်ဒီ ဒုဗလီယာကို ထောက်ခံသူများက ၅၉ နေရာစလုံး အနိုင်ရရှိသည်။

## ပြည်တွင်းရေးပြဿနာအချို့

အယ်ဆာဗေဒိုနိုင်ငံတွင် ၁၉၇၉ ခုနှစ်မှ ၁၉၀၄ ခုနှစ် အထိ လူပေါင်း ၅၀,၀၀၀ ကျော် သေဆုံးခဲ့ရပြီ ဖြစ်သော ပြည်တွင်းစစ်ကို အဆုံးသတ်နိုင်မည့် နည်းလမ်းများကို

ဖော်ထုတ်ရန် သမ္မတဟိုစေး နပိုလီယွန် ဒုဘာတေသည် သူပုန်ခေါင်းဆောင်များဖြစ်သော ဂွာဒါဒိုဆန်ချိန့် ရှာဘင်ဇမ်မိုးရားဟွိန့် လပါလမားမြို့၌ တွေ့ဆုံဆွေးနွေးသည်။ ယင်းသမိုင်းဝင် ငြိမ်းချမ်းရေးဆွေးနွေးပွဲသည် မပြီးပြတ်သေး၍ ဒီဇင်ဘာလဆန်းတွင် အယာဂွာလိုရွာ၌ ဒုတိယအသုတ် ဆွေးနွေးပွဲ ကျင်းပပြန်သည်။ ထိုဆွေးနွေးပွဲ၌ ဒုဘာတေကိုယ်စား အဒေါ့ဖိုရေး ပရင်းဒက်စ် တက်ရောက်သည်။ ပြည်တွင်းစစ်၌ အမေရိကန်တပ်ဖွဲ့များ ပါဝင်တိုက်ခိုက်မည်ကိုလည်း မလိုလား၊ လက်ဝဲသူပုန်တို့နှင့် အာဏာ ခွဲဝေယူရေးကိုလည်း လက်မခံသော ဒုဘာတေသည် သူပုန်တို့ကောင်းဆိုသော အခြေခံဥပဒေ ပြင်ဆင်ရေးနှင့် စစ်တပ်ပြင်ဆင် ဖွဲ့စည်းရေးစသည့် အချက်များကို ပယ်ချသည်။ ဤသို့ဖြင့် ပြည်တွင်းစစ်သည် ဆက်လက်ဖြစ်ပွားလျက် ရှိသည်။

ကိုလုံးဗီယားနိုင်ငံတွင် သမ္မတဘီတန် ကွာကူအားတက်သည် မူးယစ်ဆေးဝါး ရောင်းဝယ်သူများကို နှိပ်ကွပ်လျက် ရှိသည်။ ၁၉၈၄ ခုနှစ် မတ်လတွင် နိုင်ငံ အနောက်တောင်ပိုင်းရှိ မူးယစ်ဆေးဝါး စက်ရုံတရုံကို ရဲအဖွဲ့က စီးနင်းတိုက်ခိုက်ရာ ကိုကင်း ဂ်ီလိုဂရမ် ၂၃,၅၀၀ ကို ဖမ်းဆီး ရမိသည်။ မူးယစ်ဆေးဝါး ကုန်သည်များနှင့် မဟာမိတ်ဖွဲ့ထားသည့် သူပုန်များက အကာအကွယ် ပေးထားသော စက်ရုံဖြစ်သည်။ ထိုသို့ နှိပ်ကွပ်ခြင်းကို တုံ့ပြန်သော သဘော ဖြင့် ၁၉၈၄ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် **တရားရေးဝန်ကြီးရှိဒရီဂိုလာရာ** ဘိုနီကို လုပ်ကြံသတ်ဖြတ်ခဲ့သည်။ **ကော်ဖီ**ရောင်းချမှုမှ နှစ်စဉ်ဝင်ငွေ ဒေါ်လာ သန်း ၁,၅၀၀ သာ ရသော်လည်း မူးယစ်ဆေးဝါး တင်ပို့ရောင်းချမှုမှ ဒေါ်လာ သန်း ၅၀,၀၀၀ ကျော် ရရှိသော ကိုလုံးဗီယားနိုင်ငံတွင် ၁၉၈၄ ခုနှစ် ဇူလိုင်လအတွင်းက မူးယစ်ဆေးဝါးကုန်သည်များသည် ရွှေနေချုပ်နှင့် တွေ့ဆုံသည်။ သူတို့ကို မူးယစ်ဆေးဝါးပြစ်မှုဖြင့် အရေးယူခြင်းမပြုလျှင် မူးယစ်ဆေးဝါး လုပ်ငန်းမှ ရင်းနှီးမြှုပ်နှံငွေများကို နိုင်ငံဖွံ့ဖြိုးရေးစီမံကိန်းများသို့ပြောင်းပေးမည်ဟု ကမ်းလှမ်းသည်။ သမ္မတ ဘီတန်ကွာကူအားတက်က ယင်းကမ်းလှမ်းချက်ကို ပယ်ချပြီး နှိပ်ကွပ်ရေးကို ဆက်လက် ဆောင်ရွက်လျက် ရှိသည်။

ဗိုလ်စီဗီယားနိုင်ငံတွင်လည်း အလားတူ နှိပ်ကွပ်လျက် ရှိရာ ကိုကင်းကုန်သည်များနှင့် အကျင့်ပျက်ဝန်ထမ်းများ ပူးပေါင်း၍ ၁၉၈၄ ခုနှစ် ဇွန်လ ၃၀ ရက်နေ့က သမ္မတ





**ကိုလုံးဗီးယားနိုင်ငံ တောတွင်းတနေရာတွင် ဖမ်းဆီးမိသော မူးယစ်ဆေးဝါးစက်ရုံတရုံ၊ မူးယစ်ဆေးဝါး ထုတ်လုပ်မှုကို ကာကွယ်ပေးသော သူပုန်များ၏ လက်ချက်ဖြင့် ကျဆုံးသွားရသော တရားရေးဝန်ကြီး၏ ဈာပနသို့ တက်ရောက်လာသော သမ္မတ ဘီတန်ကွာ (အတွင်းပုံ)**




ဟာနန် စီလက် ဇွာဇိုကို ၁၀ နာရီကြာ ဖမ်းဆီးပြန်ပေးဆွဲခဲ့သည်။ တပ်မတော်က စီးနင်းတိုက်ခိုက်မှု သမ္မတသည် လွတ်မြောက်လာသည်။

အာဂျင်တီးနား နိုင်ငံတွင် စစ်အစိုးရ အဖွဲ့ဝင်ဟောင်းကိုးဦးဖြစ်ကြသော ဗိုလ်ချုပ်ကြီး ယော်ဂေး ရာဖယ် ဗီဒယ်လာ (၁၉၇၆–၇၈)၊ရေတပ်ဗိုလ်ချုပ်ကြီး အက်ဒွာဒို အီမီလိယို မက်စီရာ(၁၉၇၆–၇၈)၊ ဗိုလ်မှူးချုပ် အော်လန်ဒို ရာမွန် အဂေါ့စတီ(၁၉၇၆–၇၉)၊ဗိုလ်ချုပ်ကြီး ရိုဘာတို အက်ဒွာဒို ဝိုင်အိုလာ (၁၉၇၈–၇၉)၊ ရေတပ် ဒုတိယ ဗိုလ်ချုပ်ကြီး အာမန်ဒို လမ်တရူရှီနီ (၁၉၇၈–၈၀)၊ ဗိုလ်ချုပ်ကြီး အိုမာဒို မင်ဂိုရွာဘင် ဂရက်ဖစ်ဂနာ(၁၉၇၉–၈၁)၊ဗိုလ်ချုပ်ကြီး လီယိုပိုလဒို ဖော်ကျူနာတို ဂယ်တီယာရီ (၁၉၇၉–၈၂)၊ ဒုတိယ ဗိုလ်ချုပ်ကြီး ဘက်စီလီယို အာတူရို လာမီ ဒိုဇို (၁၉၈၁–၁၉၈၂)နှင့် ရေတပ်ဗိုလ်ချုပ်ကြီး ယော်ဂေး အိုင်းဆက် အနယာ(၁၉၈၁–၈၂)တို့ကို ပြစ်မှု အမျိုးမျိုးဖြင့် စွဲချက်တင်ရန် အမိန့်ကြော်ငြာစာတရပ်ကို သမ္မတ အယ်ဖွန်ဆင်က ၁၉၈၃ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ပြန်ပြီး ၁၉၈၄ ခုနှစ်တွင် ရုံးတင်စစ်ဆေးသည်။ ယင်းအစိုးရအဖွဲ့ဝင်များ လက်ထက် ပျောက်ဆုံးခဲ့သူ ၇,၆၆၀ နှင့် စပ်လျဉ်း၍ ပျောက်ဆုံးနေသော ပုဂ္ဂိုလ်များဆိုင်ရာ အမျိုးသားကော်မရှင်ကို ဖွဲ့စည်းပေးခဲ့သည်။ သို့ရာတွင် လူအခွင့်အရေး လှုပ်ရှားမှုအတွက် ဖွဲ့စည်းထားသော ပလာဇာဒီ မာရို၏ မိခင်များအဖွဲ့သည် ဆန္ဒပြပွဲများလှုံဆော်ကျင်းပနေဆဲပင် ဖြစ်သည်။

နီကရာဂွာနိုင်ငံ ပစိဖိတ် သမုဒ္ဒရာကမ်းခြေရှိ ကိုရင်တို အယ်ဘလတ်ဖ်နှင့် ပွာတို ဆန်ဒီနိုဆိပ်ကမ်းမြို့များကို ၁၉၈၄ ခုနှစ် မတ်လအတွင်းက ကွန်ထရာတို့က ရေမြှုပ်မိုင်းထောင်သဖြင့် ဆိုဗီယက် ရေနံသင်္ဘောတစင်းအပါအဝင် နိုင်ငံခြားသင်္ဘောငါးစီး ထိခိုက်ပျက်စီးသည့် ဖြစ်ရပ်တွင် အမေရိကန်တို့ ပါဝင်ပတ်သက်သည်ဟု နီကရာဂွာ အစိုးရက စွပ်စွဲခဲ့သည်။ ရေပြင်ပိုင်နက် ၁၂ မိုင်၏ ပြင်ပတွင် ကျောက်ချထားသော အမေရိကန်သင်္ဘောပေါ်မှ စီအိုင်အေ သူလျှိုများက ညွှန်ကြား၍ မိုင်းထောင်ခဲ့သည်ဟု အမေရိကန် အထက်လွှတ်တော် ထောက်လှမ်းရေးရာ ကော်မတီသို့ ဧပြီလကုန်တွင် တင်သွင်းသော အစီရင်ခံစာ၌ အတည်ပြုဖော်ပြခဲ့သည်။ ထိုသို့ မိုင်းထောင်ပိတ်ဆို့ခြင်းကို ရပ်ဆိုင်းရန် အပြည်ပြည်ဆိုင်ရာ တရားရုံး(အိုင်စီဂျေ)၏စီရင်ချက်ကို မေလ ၁၀ ရက်နေ့တွင် အမေရိကန် ပြည်ထောင်စုက လက်ခံခဲ့သည်။

နီကရာဂွာနိုင်ငံ၌ ၁၉၈၂ ခုနှစ်က စတင် ပြဋ္ဌာန်းခဲ့ပြီး ၁၉၈၄ ခုနှစ် မေလ ၃၀ ရက်နေ့တွင်တကြိမ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် တကြိမ် တိုးချဲ့ပြဋ္ဌာန်းခဲ့ရသော အရေးပေါ်အခြေအနေအမိန့်ကို အောက်တိုဘာလ ၂၀ ရက်နေ့တွင် မြောက်ပိုင်းနှင့် တောင်ပိုင်းနယ်စပ်ရှိ စစ်ရေးဇုန်နယ်မျှားမှ အပ ကျန်ဒေသများတွင်ရုပ်သိမ်းပေးခဲ့သည်။ကော့စတာရီကာနှင့် ဟွန်းဒူးရပ် နိုင်ငံတို့တွင် ခြေကုပ်ယူထားသော နီကရာဂွာ ဒီမိုကရက်တစ် တပ်ဖွဲ့(အက်ဖ်ဒီအင်)ကွန်ထရာ သူပုန်များသည် ယင်းစစ်ရေးဇုန်များတွင် လှုပ်ရှားလျက် ရှိသည်။ အက်ဖ်ဒီအင်သည် ဒီမိုကရက်တစ် တော်လှန်ရေး မဟာမိတ် အဖွဲ့ (အေအာစီအီး)နှင့် မစ်အိတို့၊ ဆူမိုနှင့် ရာမအင်ဒီယန်းလူမျိုး ပြောက်ကျားတို့၏ မစ်ဆုရာအဖွဲ့တို့သည် ၁၉၈၄ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့တွင် တပ်ပေါင်းစုဖွဲ့စည်းသည်။ ကွန်ထရာတို့အတွက် အမေရိကန်ပြည်ထောင်စု ဗဟို ထောက်လှမ်းရေး အေဂျင်စီ (စီ အိုင် အေ) က "ပြောက်ကျားစစ်တွင် စိတ်ဓာတ်စစ်ဆင်ရေး" စာအုပ်ကို ပြုစုပေးခဲ့ကြောင်း ၁၉၈၄ ခုနှစ် အောက် တို ဘာ လ က သတင်းထွက်လာရာ အမေရိကန်ကွန်ဂရက်လွှတ်တော်တွင် ပြစ်တင်မှုများ ပေါ်ပေါက်ခဲ့ရသည်။

### အပြည်ပြည်ဆိုင်ရာဆက်ဆံရေး

အင်တီဂွာနှင့် ဗာဗူဒါနိုင်ငံသည် ၁၉၈၁ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် လွတ်လပ်ရေးရခဲ့ပြီးနောက် နိုင်ငံအများအပြားနှင့် သံတမန် အဆက်အသွယ် ပြုလုပ်သည်။ တရုတ်ပြည်သူ သမ္မတနိုင်ငံနှင့် ၁၉၈၁ ခုနှစ် ဇန္နဝါရီလ ၁ ရက်နေ့မှစ၍ သံတမန်ဆက်သွယ်ခဲ့ခြင်းဖြစ်ရာ ကာရစ်ဘီယံ အရှေ့ပိုင်းနိုင်ငံများအနက် ပထမဆုံး ဆက်သွယ်

သော နိုင်ငံဖြစ်သည်။ ၁၉၀၄ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံထဲမှ အကူအညီများ ရရှိခဲ့သည်။

ဘီဂဲရေလက်ကြားနှင့် ကျွန်းသုံးကျွန်း ပိုင်ဆိုင်မှုအပေါ် အာဂျင်တီးနားနှင့် ချီလီနိုင်ငံတို့ နှစ်ရှည်ကြာမျှ အငြင်းပွားနေခြင်းကို ဖြေရှင်းနိုင်ရန် ငြိမ်းချမ်းရေးနှင့် ချစ်ကြည်ရေး စာချုပ်မူကြမ်းတရပ်ကို ၁၉၀၄ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့တွင် နှစ်နိုင်ငံ လက်မှတ်ရေးထိုးသည်။ ပစ်တန်ကျွန်း၊ လင်နွတ်ကျွန်းနှင့် ရှုပဘာကျွန်းတို့ကို ချီလီပိုင်နက်အဖြစ် အတည်ပြုရန် အတွက်လန္တိတ်သမုဒ္ဒရာတွင် ချီလီနိုင်ငံ၏ အချုပ်အခြာ အာဏာသည် ယင်းကျွန်း သုံးကျွန်းမှ ၁၂ မိုင်ထိသာ သက်ရောက်စေ၍ အာဂျင်တီးနားစီရင်ပိုင်ခွင့် အာဏာမှာ မိုင် ၂၀၀ အထိ လွှမ်းမိုးစေရန်၊ အာဂျင်တီးနား အချုပ်အခြာအာဏာကအတွက်လန္တိတ်သမုဒ္ဒရာကမ်းလွှန်တွင် မိုင် ၂၀၀ ထိ သက်ရောက်စေသည့်နည်းတူချီလီအချုပ်အခြာ အာဏာသည် ပစိဖိတ်သမုဒ္ဒရာကမ်းလွှန်တွင် မိုင် ၂၀၀ ထိ သက်ရောက်စေသည့် ဒို့သမုဒ္ဒရာမူကို ချမှတ်ရန် စသည့် ပြဋ္ဌာန်းချက်များ ပါဝင်သော စာချုပ်ဖြစ်သည်။ ဤစာချုပ်မူကြမ်းနှင့် စပ်လျဉ်း၍ အာဂျင်တီးနားနိုင်ငံ၌ ၁၉၀၄ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ပြည်သူဆန္ဒခံယူပွဲကျင်းပရာ ထောက်ခံမဲ အများအပြားဖြင့် အတည်ပြု၍ နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ဗာတီကင်မြို့၌ အပြီးသတ် စာချုပ်လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

သို့သော် ဂွာတီမာလာနှင့် ဗလိဇ်နိုင်ငံတို့ အငြင်းပွားနေသော နယ်နိမိတ်ပြဿနာမှာမူ ၁၉၀၄ ခုနှစ် ဇန်နဝါရီလ ၂၄ ရက်နေ့က စေ့စပ်ညှိနှိုင်းခဲ့သော်လည်း မပြေလည်သေးချေ။ ယခင်က ဗလိဇ်နိုင်ငံပိုင်နက်အားလုံးကို တောင်းဆိုခဲ့သော်လည်း ဂွာတီမာလာသမ္မတ ရီယို မွန်လက်ထက်မှစ၍ ဗလိဇ်နိုင်ငံတောင်ပိုင်း ပွန်တာ ဂိုရဒါမြို့အပါအဝင် တိုလဒိုဒေသကိုသာ တောင်းဆိုလာသည်။ ဗလိဇ်နိုင်ငံ၏ အကျယ်အဝန်းသည် ၂၂,၉၆၅ စတုရန်းကီလိုမီတာရှိ၍ တိုလဒိုဒေသက ၄,၈၅၂ စတုရန်းကီလိုမီတာ ကျယ်ဝန်းသည်။

အစ္စရေးနိုင်ငံရှိ သံရုံးများကို ဂျရူးဆလမ်းမြို့၌ ပြောင်းရွှေ့ထားရှိသည့် အယ်ဆာဗေဒိုနှင့် ကော့စတာရီကာနိုင်ငံတို့ကို အစ္စလာမ္မစ်ညီလာခံအဖွဲ့ (အိုင်စီအို) အဖွဲ့ဝင်နိုင်ငံများက သံတမန်အဆက်အသွယ် ဖြတ်တောက်ကြရန် မော်ရော့ကိုနိုင်ငံ ဖက်ဇ်မြို့၌ ၁၉၀၄ ခုနှစ် ဧပြီလ ၁၉ ရက်နေ့တွင် ကျင်းပသော အိုင်စီအို ဂျရူးဆလမ်းကော်မတီ အရေးပေါ်ညီလာခံတွင် ဆုံးဖြတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်အရ ၁၉၀၄ ခုနှစ် ဧပြီလ ၂၀ ရက်နေ့တွင် အီဂျစ်နိုင်ငံကလည်းကောင်း၊ ဧပြီလ ၂၄ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်၊ မလေးရှား၊ မော်ရော့ကိုနှင့် ဂျော်ဒန်တို့ကလည်းကောင်း၊ ဧမြ ၁၁ ရက်နေ့တွင် လက်ဗန္ဓန်နိုင်ငံက လည်းကောင်း၊ ယင်းနိုင်ငံ နှစ်နိုင်ငံနှင့် သံအဆက်အသွယ် ဖြတ်တောက်ခဲ့သည်။ အယ်ဆာဗေဒိုနှင့် ကော့စတာရီကာ နိုင်ငံတို့က အစ္စရေးနိုင်ငံမှ စစ်ရေးအကူအညီရယူနိုင်ရန် သံရုံးပြောင်းရွှေ့ထားရေးကို လက်ခံဆုံးဖြတ်ကြခြင်း ဖြစ်သည်။

ဟာဗနာမြို့တော်ရှိ အက်ကွာဒေါသံရုံးကို ကျူးဗား လုံခြုံရေးတပ်ဖွဲ့ဝင်များ စီးနင်းတိုက်ခိုက်ခဲ့သည့် ဖြစ်ရပ်ကြောင့် ၁၉၀၁ ခုနှစ် မတ်လမှစ၍ ယာယီတာဝန်ခံသံမှူးအဆင့်သို့ လျှော့ချခဲ့ရာမှ အက်ကွာဒေါနိုင်ငံသည် ကျူးဗားနိုင်ငံနှင့် ၁၉၀၄ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့မှစ၍ သံအမတ်ကြီးအဆင့်သို့ ပြန်လည်တိုးမြှင့် ဆက်သွယ်သည်။

ကာရစ်ဘီယံနိုင်ငံများအဖွဲ့ (ကာရီကွန်) ဝင် နိုင်ငံများ၏ နိုင်ငံအကြီးအကဲများ စတုတ္ထအကြိမ်မြောက် အစည်းအဝေးကို ၁၉၀၃ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့မှ ၈ ရက်နေ့အထိ ထရီနီဒက်နှင့် တိုဘာဂိုနိုင်ငံ ပို့အော့ဖ် စပိန်မြို့၌ ကျင်းပသည်။ ကာရီကွန်ကို ၁၉၇၃ ခုနှစ်တွင် ဖွဲ့စည်းနိုင်စေခဲ့သည့် ချာဂွာရာမတ်စ်စာချုပ်တွင် ဗဟားမားဝန်ကြီးချုပ် ဆာလင်ဒင် ပင်ဒလင်းက လက်မှတ်ရေးထိုးလိုက်သဖြင့် ထိုအစည်းအဝေးမှစ၍ ဗဟားမားကျွန်းသည် ကာရီကွန်၏ ၁၃ နိုင်ငံမြောက် အဖွဲ့ဝင်ဖြစ်လာသည်။ ဗဟားမားသည် အမေရိကန်နိုင်ငံများအဖွဲ့ (အိုအေအက်စ်) သို့လည်း နိုင်ငံ ၃၀ မြောက် အဖွဲ့ဝင်အဖြစ် ၁၉၈၂ ခုနှစ် မတ်လက ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

စိန့်ကစ်နှင့်နီးဗစ်နိုင်ငံသည် အထူးထုတ်ယူခွင့် (အက်စ်ဒီအာ) ခွဲတမ်း ဒေါ်လာ ၄၅,၀၀,၀၀၀ ထည့်ဝင်သော အဖွဲ့ဝင်နိုင်ငံအဖြစ် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) သို့ ၁၉၈၄ ခုနှစ် သြဂုတ်လ ၁၅ ရက်နေ့မှစ၍ ဝင်ရောက်သည်။ ထို့ကြောင့် အိုင်အမ်အက်ဖ်အဖွဲ့ဝင် ၁၄၇ နိုင်ငံ ရှိလာသည်။ အိုင်အမ်အက်ဖ်၏ သီးသန့်ငွေကြေး အက်စ်ဒီအာ သန်းပေါင်း ၈၉,၂၄၀ ကျော်ထိ တိုးတက်လာသည်။

**လိုင်ဟုတ်၊ ဦး** (ခရစ် ၁၈၉၂–၁၉၀၄)။ ။ဦးလိုင်ဟုတ်ကို ၁၈၉၂ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် မြိတ်မြို့၌ အဖ ဦးစစ်ချေနှင့် အမိ ဒေါ်အောင်တို့က မွေးဖွားသည်။

၁၉၁၄ ခုနှစ်တွင် မြိတ်မြို့ အစိုးရအထက်တန်းကျောင်းမှ ၁၀ တန်းအောင်မြင်ခဲ့ပြီး ၁၉၂၆ ခုနှစ်တွင် ကာလကတ္တားယူနီဗာစိတီမှ ဘီအေအောင်ခဲ့သည်။ ထို့နောက် ၁၉၃၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ပညာရေး ဒီပလိုမာဘွဲ့ (ဒီတီဘွဲ့) ကို ရရှိသည်။

၁၉၁၅ ခုနှစ်မှ ၁၉၃၂ ခုနှစ်အထိ မြိတ်မြို့၊ ရွှေတောင်မြို့၊ ပဲခူးမြို့၊ ပြည်မြို့၊ မော်လမြိုင်မြို့များရှိ အစိုးရအထက်တန်းကျောင်းများတွင် အထက်တန်းပြဆရာအဖြစ်လည်း

ကောင်း၊ ၁၉၃၂ ခုနှစ်မှ စ၍ ရေနံချောင်းမြို့၊ စလင်းမြို့၊ သထုံမြို့၊ မော်လမြိုင်မြို့ အစိုးရအထက်ကျောင်းများတွင် ကျောင်းအုပ်အဖြစ် လည်းကောင်း ဆောင်ရွက်သည်။ ၁၉၅၃–၅၄ ခုနှစ်တွင် ကျိုက္ခမိ မဲဆန္ဒနယ် လူမျိုးစုလွှတ်တော်အမတ် ဖြစ်ခဲ့သည်။

ထို့နောက် ဦးလှိုင်ဟုတ်သည် ၁၉၅၄ ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိ ရန်ကုန်မြို့ ပြည်ထောင်စုမြန်မာနိုင်ငံ ရာထူးပန်အဖွဲ့ (ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့) အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ တဖန် ၁၉၅၈ ခုနှစ်မှ ၁၉၆၁ ခုနှစ်အထိ မော်လမြိုင်မြို့၊ ရှင်မဟာဗုဒ္ဓဃောသ အထက်တန်းကျောင်း၌ ကျောင်းအုပ်အဖြစ် တာဝန်ထမ်းဆောင်သည်။ ၁၉၆၁ ခုနှစ်တွင် မင်္ဂလာဒုံမြို့နယ် အောင်ဆန်းသူရိယလှသောင်းကျောင်းတွင် ညွှန်ကြားရေးမှူးအဖြစ် တန့်ကြာဆောင်ရွက်ပြီး ၁၉၆၃ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ ရာထူးဝန်အဖွဲ့ဝင်အဖြစ် ပြန်လည် ဆောင်ရွက်သည်။ ထို့နောက် ၁၉၆၈ ခုနှစ်မှ စ၍ ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ခဲ့ရာ ၁၉၇၃ ခုနှစ်အထိ ဖြစ်သည်။

ဦးလှိုင်ဟုတ်သည် ကျောင်းသုံးစာအုပ် ထုတ်ဝေရေး ကော်မတီဝင်လူကြီး၊ရန်ကုန်တက္ကသိုလ် ကောင်စီဝင်လူကြီး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းဆရာများအသင်း ဥက္ကဋ္ဌ အဖြစ်လည်း ဆောင်ရွက်ခဲ့သည်။

ဦးလှိုင်ဟုတ်သည် ၁၉၅၇ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကြီး၏ ဂုဏ်ထူးဆောင် အဘိဓမ္မာ စာမေးပွဲကို ပ၊ ဒု၊ တ အဆင့် သုံးဆင့်စလုံး အောင်မြင်ခဲ့သည်။ ပစ္စယနိဒ္ဒေသ ပဋ္ဌာန်းသင်တန်းများကို ၁၉၇၆ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ ဖွင့်လှစ်၍ ရှင်လူ အများ



ဦးလှိုင်ဟုတ်



အား ပို့ချသင်ကြားပေးခဲ့သည်။ အဘိဓမ္မာ သင်္ဂြိုဟ် သင်တန်း၊ ဝိပဿနာ အလုပ်ပေးသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

ဦးလှိုင်ဟုတ်သည် ၁၉၈၄ ခုနှစ် သြဂုတ်လ ၂၅ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ဇနီး ဒေါ်ခင်ရိုးမြင့်နှင့် သားတယောက် ကျန်ရစ်သည်။



အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရှင်
ဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ

**ဝါသေဋ္ဌာဘိဝံသ၊ ဆရာတော်ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ ရန်ကုန်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ရွှေကျင်ကျောင်းတိုက်** (မြန်မာ ၁၂၇၂–) ။ ။ဆရာတော် ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသကို သန်လျင်မြို့နယ်၊ ချောင်းဝရွာ၌ ခမည်းတော် ဦးဘိုးစိန်၊ မယ်တော် ဒေါ်အိမ်တို့က ၁၂၇၂ ခုနှစ် နတ်တော်လဆန်း ၁၃ ရက်နေ့တွင် ဖွားမြင်သည်။

အသက် ကိုးနှစ်သား အရွယ်တွင် ရှင်သာမဏေဝတ်၍ မင်္ဂလာရှိန်းရွာ ဘုန်းတော်ကြီး ဦးရေဝတထံတွင် လောကုတ္တရာစာပေ သင်ကြားသည်။ ထို့နောက် မဟာခမ္မီကာရာမကျောင်းတိုက်တွင် လောကုတ္တရာ စာပေများ ဆက်လက်သင်ကြားခဲ့သည်။ မူလ ရှင်ဝိမလဟူသောဘွဲ့မှ ရှင်ဝါသေဋ္ဌဟူသောဘွဲ့သို့ ပြောင်းခဲ့သည်။

ဤသို့ဖြင့် အသက် ၁၅ နှစ်တွင် ပထမငယ်တန်း၊ ၁၆ နှစ်၌ ပထမလတ်တန်း၊ ၁၇ နှစ်၌ ပထမကြီးတန်းကို အောင်မြင်ခဲ့သည့်အပြင် ကျောင်းတော်ရာ ရွှေကျင်တိုက် ဝိနည်းစာပြန်ပဲ့ကြီး ၌ ဝိနည်းပါဠိတော် နှစ်ကျမ်းကို ပြန်ဆိုအောင်မြင်ခဲ့၍ ဥဘတောဝိဘင်္ဂခရဘွဲ့ ရခဲ့သည်။ ထိုအခါက တနိုင်ငံလုံး အောင်မြင်ခဲ့သော ပထမကြီးတို့တွင်

အသက် အငယ်ဆုံး ပထမကြိမ်ဖြစ်သည့်ပြင် မဟာဓမ္မိကာရာမတိုက်၏ အာဒိကမ္မိက ပထမဆုံး အကြိမ်အောင် သာမဏေအဖြစ် စံတင်ခံခဲ့ရသည်။ တဖန် သာမဏေဘဝဖြင့်ပင် အသက် ၁၀ နှစ်ကျော်ခန့်တွင် ဝိနည်းငါးကျမ်းလုံး အပြည့်အဝ ပြန်ဆိုအောင်မြင်၍ ဝိနယဓရတွဲကိုလည်း ခံယူရရှိခဲ့သည်။

၁၂၉၂ ခုနှစ်တွင် မဟာဓမ္မိကာရာမ ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြုလျက် ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။ ရဟန်းတဝါအရွတွင် စေတီယင်္ဂဏအသင်း အာဂုံပြန်တန်းဌဲ့သံယုတ် ငါးကျမ်း ပြန်ဆိုအောင်မြင်ခဲ့ရာ ဝါသေဋ္ဌာဘိ သိရီပဝရ သာသနဓဇ သံယုတ္တဘာဏကက ဘွဲ့တံဆိပ်တော်ကို ရခဲ့သည်။ နောက်တန့်ဌဲ့ကျင်းပသော ကျောင်းတော်ရာရွှေကျင်တိုက် ဝိနည်း စာပြန်ပွဲကြီးဌဲ့လည်း ယင်း သံယုတ် ငါးကျမ်းကို ထပ်မံပြန်ဆိုခဲ့၍ သံယုတ္တဘာဏကဘွဲ့ကို ရရှိခဲ့ပြန်သည်။

ရဟန်း နှစ်ဝါအရွတွင် ပခုက္ကူမြို့ မဟာဝိဇယာရာမတိုက် ဆရာတော်ထံ သွားရောက်၍ စာပေသင်ကြားသည်။ ထို့နောက် မန္တလေးမြို့ အဘယာရာမ ရွှေဂူတိုက် ဆရာတော်ထံ စာပေသင်ကြားခဲ့ပြန်သည်။ ထိုသို့ စာပေသင်ကြားယင်း သက္ကသီဟ စာသင်တန်း စာမေးပွဲကိုလည်း ကောင်း၊ သက္ကသီဟ စာချတန်း ဒေသမေးပွဲကိုလည်း ကောင်း အောင်မြင်တော်မူခဲ့ပြန်၍ ဝါသေဋ္ဌာဘိဝံသ ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ ဘွဲ့တံဆိပ်ရရှိတော်မူသည်။ ဆရာတော်သည် အစိုးရ စာချတန်း စာမေးပွဲကိုလည်း ဝင်ရောက်ဖြေဆိုခဲ့ရာ တနှစ်တည်း ကိုးဘာသာလုံး အောင်မြင်ပြီးဆုံးခဲ့၍ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ သိရောမဏိဘွဲ့ကို ပထမဆုံး ခံယူရရှိခဲ့သည်။ ဆရာတော်သည် သပြေကန်ဓမ္မိကာရာမကျောင်းတိုက်ကြီးသို့ ပြန်ကြွလာပြီး ယင်းကျောင်းတိုက်၏ တွဲဖက်နာယက စာချအဖြစ်ဆောင်ရွက်ယင်း အစိုးရစာချတန်းကို ဖြေဆို အောင်မြင်ခဲ့ခြင်းဖြစ်သည်။

ဆရာတော်သည် ရန်ကုန် တိုင်းလုံးဆိုင် ရာ ရွှေကျင်နိကာယ ဂိုဏ်းထောက်အဖြစ် တင်မြှောက်ခံရသည်။ ထို့ပြင် ရန်ကုန်မြို့ မဟာဗောဓိကျောင်းတိုက် ဝိဝါဒဓိကရဏအတွက် ဝိနည်းဓိုရ်အဖွဲ့တွင် ပါဝင် ဆောင်ရွက်တော်မူခဲ့သည်။ ကျောက်ပုံတောရဝါဒ စစ်ဆေးသော သီးခြားဝိနည်းဓိုရ်အဖွဲ့တွင် ဥက္ကဋ္ဌအဖြစ်လည်း တာဝန်ယူ ဆောင်ရွက်ခဲ့သည်။ ရွှေတိဂုံစေတီတော် ဂေါပက သြဝါဒါစရိယအဖြစ်လည်းကောင်း၊ တိပိဋကဓရ သြဝါဒါစရိယအဖြစ်လည်းကောင်း ဆောင်ရွက်တော်မူလျက် ရှိသည်။

ဆရာတော်သည် ပါဠိဂါထာ၊ မြန်မာစကားပြေ လက်ရာတို့ အရေးအသားဌဲ့လည်း ပညာရှင်များ၏ ဂုဏ်ပြုချီးကျူးမှုကို ခံခဲ့ရသည်။ ဆရာတော်၏ ပရိတ်ကြီး နိဿယသစ်သည် အလွန်ထင်ရှားခဲ့သည်။ ထို့ပြင် ဓမ္မနှင့် ဂုဏ်အမွှဲစုံ၊ ဗောဇ္ဈင်ခုနစ်ပါး တရားမြတ်ရတနာ၊ ဓမ္မပဒနိဿယကျမ်းစသည့် စာပေကျမ်းဂန်များကိုလည်း ရေးသားပြုစုတော်မူခဲ့သည်။


ဤသို့ သာသနာတော်၏ အကျိုးကို ကြိုးပမ်းဆောင်ရွက်တော်မူခဲ့၍ ရဟန်းရှင်လူတို့၏ ကြည်ညိုလေးစားခြင်းကို ခံရသော ဆရာတော် ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသသည် ၁၉၇၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်။

**ဝိစိတ္တာသာရာဘိဝံသ၊ ဆရာတော် ဘဒ္ဒန္တ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ စစ်ကိုင်းမြို့၊ မင်းကွန်းဓမ္မနာဒကျောင်းတိုက်** (မြန်မာ ၁၂၇၃) ။ ။ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တာသာရာ ဘိဝံသကို မြင်းခြံမြို့နယ်၊ ကျည်ပင်ရွာသူကြီး ဦးဆုံနှင့် ဒေါ်ဒေါ်ဆင်တို့က ၁၂၇၃ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့တွင် ဖွားမြင်သည်။ မွေးချင်းသုံးယောက်တွင် ဒုတိယမြောက် သားရတနာ ဖြစ်သည်။

ခုနစ်နှစ်သားအရွယ်တွင် မြင်းခြံမြို့ မင်းကျောင်းတိုက်ရာဟုထောင့်ကျောင်း ဆရာတော် ဦးသောဘိတအား ဥပဇ္ဈာယ်ပြု၍ သာမဏေအဖြစ်သို့ ရောက်သည်။ ဘွဲ့အမည်မှာ ရှင်ဝိစိတ္တာသာရ ဖြစ်သည်။

၁၆ နှစ်သားအရွယ်တွင် စစ်ကိုင်းတောင်ရိုး မင်းကွန်း ဓမ္မနာဒကျောင်းတိုက် ဆရာတော် အရှင်ပညာစက္ကထံ၌ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကိုသင်ယူသည်။ ၁၂၉၂ ခုနှစ်တွင် သဋ္ဌေးကြီးဆာဦးသွင်နှင့် ဒေါ်ဒေါ်သိန်းတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် မန္တလေးမြို့ ရွှေရေးဆောင် ဆရာတော် အရှင်အာဒိစ္စရံသီနှင့် မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် အဘိဓဇ မဟာရဋ္ဌဂုရုဆရာတော် ဦးသူရိယ အမှူးပြုသော သာသနာဦးသျှောင် ဆရာတော်ကြီးများ၏ ချီးမြှောက်မှုဖြင့် ရဟန်းဘဝသို့ ရောက်ရှိသည်။

၁၃ နှစ်သားအရွယ် သာမဏေဘဝကပင် မြင်းခြံမြို့နယ် လုံးဆိုင်ရာ သံဃသာမဂ္ဂိအသင်းမှ ကြိုးမှုးကျင်းပသော ဝိနည်းစာပြန်ပွဲတွင် သဒ္ဒါကြီးရှစ်စောင်ကို ပြန်ဆိုတော်မူခဲ့သည်။ ထို့နောက် ၁၅ နှစ်သားအရွယ် ၁၂၈၈ ခုနှစ်တွင် ပထမငယ်တန်းကိုလည်းကောင်း၊ ၁၆ နှစ်သားအရွယ်တွင် ပထမ လတ် တန်း ကို လည်းကောင်း အောင်မြင်တော် မူခဲ့သည်။ ၁၂၉၃ ခုနှစ်တွင်ထိုအချိန်က ပါဠိပထမပြန်စာမေးပွဲ



**အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ**
**ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ**

ကြီး၏ အမြင့်ဆုံးဖြစ်သော ပထမကြီးတန်းကို ထူးချွန်စွာ အောင်မြင်ခဲ့သည်။ ထို့နောက် တဆက်တည်းပင် ရဟန်းတဝါ အရတွင်အိမ်တော်ရာ အမျိုးသားစာမေးပွဲ ပထမကြီးတန်းကိုလည်း အောင်မြင်တော်မူသောကြောင့် ပရိယတ္တိသာသန အနုရက္ခိတဘွဲ့ကို ရရှိတော်မူသည်။ ၁၂၉၅ ခုနှစ်တွင် အစိုးရပထမကြီးတန်းကို ဝင်ရောက် ဖြေဆိုပြန်ရာ ပထမကျော်ဟူသောအမြင့်ဆုံးဘွဲ့ဖြင့် အောင်မြင်တော်မူခဲ့ပြန်သည်။ ထိုနှစ်တွင်ပင် မန္တလေးမြို့ ပရိယတ္တိ သာသနာ့ဟိတ (သက္ကသီဟ)စာသင်တန်းကိုလည်းအောင်မြင်တော်မူခဲ့သည်။ထို့နောက်၁၂၉၆ ခုနှစ်တွင်အင်္ဂကထာ ကျမ်းကြီးသုံးကျမ်းကို ဖြေဆိုတော်မူကာ သက္ကသီဟ စာချတန်းကို အောင်မြင်တော်မူခဲ့သည်။ ထိုသို့တဆက်တည်းအောင်မြင်ခြင်းသည် သက္ကသီဟ စာမေးပွဲသမိုင်းတွင် တကြိမ်တခါမျှ မပေါ်ပေါက် ခဲ့ဖူး၍ နာယက ဆရာတော်ကြီးများနှင့် အသင်းလူကြီးများက အရှင်ဝိစိတ္တသာရာ ဘိဝံသအား ဦးဆောက်ပန်းဟူသော အဓိပ္ပာယ်ရသည့် ဝဋ်သကာဘွဲ့ထူးဖြင့် ချီးကျူး ပူဇော်ခဲ့သည်။

ဝဋ်သကာဘွဲ့ထူး ရရှိတော်မူသော နှစ်မှာပင် အစိုးရပထမပြန်စာမေးပွဲ၌ ပထမကျော်ဟူသော အမြင့်ဆုံးဘွဲ့ကို ရရှိတော်မူခဲ့သည်။ အစိုးရဓမ္မာစရိယ စာချတန်းကြီး ပေါ်ပေါက်လာသောအခါတွင် ဝင်ရောက် ဖြေဆိုတော်မူရာ ကျမ်းရင်းသုံးကျမ်းနှင့် ဂုဏ်ထူးဝါးကျမ်းကို တကြိမ်တည်း အောင်မြင်တော်မူ၍ သာသနဓဇ သိရိပဝရ ဓမ္မာစရိယဘွဲ့ကို ရရှိတော်မူသည်။

ဆရာတော်သည် တိပိဋကဓရ ရွှေးချယ်ရေး စာမေးပွဲကြီး ပေါ်ပေါက်လာသောအခါ ၁၃၁၂ ခုနှစ် သုံးကြိမ်မြောက် စာမေးပွဲတွင် စတင်ဝင်ရောက် ပြန်ဆိုတော်မူခဲ့သည်။ ဆရာတော်သည် စာပြန်တော်မူယင်း ပုံနှိပ်တိုက်မူအမျိုးမျိုးကို ထောက်ပြ၍ ထိုမူများအနက် မည်သည့်မူကမည် သည့် အ တွက် ကြောင့် မှန်ကန်ကြောင်း၊ မည်သည့်အတွက်ကြောင့် မှားနေကြောင်း စသည်ဖြင့် အဆုံးအဖြတ်ပေးသွားနိုင်ခဲ့သဖြင့် သြဝါဒါစရိယ ဆရာတော်ကြီးများပင် လျှင် အံ့အားသင့်ခဲ့ကြရသည်။

ဓမ္မာသနပလ္လင်ပေါ် ရောက်သည့် အချိန်မှစ၍ စာပြန်တော်မူရာတွင် အထစ် အငေါ့မရှိခြင်း၊ မေ့နေသဖြင့် ထောက်ပေးရသည်ဟု မရှိခြင်း၊ စာပြန်ယင်း အမှားအမှန် အဆုံးအဖြတ်ပေးသွားနိုင်ခဲ့ခြင်းတို့ကို တွေ့မြင်တော်မူကြသော သြဝါဒါစရိယ ဆရာတော်ကြီးများသည် ဆရာတော်၏ ပညာဥာဏ်အစွမ်းကို စမ်း သပ် သော အား ဖြင့် မည်သည့် ပုဂ္ဂိုလ်ကိုမျှ ပြန်ဆို မခိုင်းဖူးသေးသည့် ခုနှစ်ကျော်ပြန်ဆိုနည်းဖြင့်ပြန်ဆိုခိုင်းတော်မူကြ၏။ ဤတွင်လည်း ဆရာတော်သည် အံ့မခန်း ပြန်ဆိုနိုင်ခဲ့သည်။

ဤသို့ဖြင့် ဆရာတော်သည် ပါဠိတော် အုပ်ရေ ၂၀၊ စာမျက်နှာ ၈၀၂၅ မျှရှိသော ဝိနည်းငါးကျမ်း၊ အဘိဓမ္မာ ခုနစ်ကျမ်း၊ သုတ်သုံးကျမ်းဟူသော ပိဋကတ်သုံးပုံကို လေးနှစ်ဆက်တိုက် တနှစ်မျှကျရုံးခြင်းမရှိပဲ အောင်မြင်တော်မူခဲ့သည်။ ထို့ပြင် အာဂုံပြန်ဆိုရာ၌ အထောက်အမကင်းစွာ အထစ်အငေါ့မရှိပဲ သန့်ရှင်းကြည်လင်ပြတ်သားစွာ ပြန်ဆိုနိုင်ခြင်းကြောင့် ဝိသိဋ္ဌဂုဏ်ထူးကို လည်းကောင်း၊ ရေးသားဖြေဆိုရာတွင်လည်း ၉၅ ရာခိုင်နှုန်း အောင်မှတ်ရကာ ဖြေဆိုနိုင်ခြင်းကြောင့် မဟာဂုဏ်ထူးကို လည်းကောင်း ဆွတ်ခူး၍ ဗုဒ္ဓသာသန ဝိသိဋ္ဌ တိပိဋကာ ကောဝိဒ ဘွဲ့ထူးကို ပထမဦးဆုံး ရရှိတော်မူသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ဆရာတော်အား တိပိဋကဓရ ဓမ္မာစရိယာဂါရိက ဘွဲ့ထူးဖြင့် ပူဇော်ခဲ့သည်။

ဆရာတော်သည် ၁၃၁၆ ခုနှစ် ဆဋ္ဌသံဂါယနာတင်ပွဲကြီးတွင် တိပိဋကဓရဓမ္မာစရိယာဂါရိက၊ ဆဋ္ဌသံဂါယန ဝိသဇ္ဇက၊ ဆဋ္ဌသံဂါယနာ သင်္ဂီတိကာရက၊ ဆဋ္ဌသံဂါယနာ ပါဋိဘာဏက၊ ဆဋ္ဌသံဂါယနာပါဋိဝိသောဓက၊ ဆဋ္ဌသံဂါယနာဩသာန သောဝေယျပတ္တပါဋ္ဌက စသော သံဂါယနာဆိုင်ရာ တာဝန်များကို ဆောင် ရွက် တော် မူခဲ့ သည်။ ဆရာ တော် သည် တိပိဋကဓရဓမ္မာစရိယာဂါရိကဆရာတော်များသာပါဝင်သော သံဃာ့ဝန်ဆောင် အကြံပေး အဖွဲ့တွင်လည်း ပါဝင် ဆောင်ရွက်တော်မူလျက်ရှိသည်။ ထို့ပြင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့တွင် အကျိုးဆောင် ဆရာတော်အဖြစ်လည်း ထမ်းရွက်တော်မူလျက် ရှိသည်။ စစ်ကိုင်းမြို့နှင့် ရန်ကုန်မြို့များကွင် နိကာယ ကျောင်းတိုက်များ တည် ထောင် ပြီး

တိပိဋကဓရ အရှင်မြတ်များ အဆက်မပြတ် ပေါ်ထွက်တော်မူရန် ဆောင်ရွက်တော်မူလျက် ရှိသည်။

ဤသို့ သီလ၊ သမာဓိ၊ ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူ၍ သာသနာတော်၏ အကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူခဲ့သည့် ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသအား ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်နိုင်ငံတော် ကောင်စီက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ၁၉၇၉ ခုနှစ်တွင် လည်းကောင်း၊ အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို ၁၉၈၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လည်းကောင်း ဆက်ကပ်ပူဇော်ခဲ့သည်။

**သဘာဝဘေးဒဏ်။** ။သဘာဝဘေးဒဏ် ကျရောက်မှုသည် နိုင်ငံတနိုင်ငံ၏ လူမှုရေး၊ စီးပွားရေးအခြေအနေကို တစိတ်တဒေသအားဖြင့် အကျိုးသက်ရောက်မှု ရှိသည်။ ထို့ကြောင့် သဘာဝဘေးဒဏ် ဖြစ်ရပ်များစွာထဲမှ အထင်ရှားဆုံး ဖြစ်ရပ်များကို မှတ်တမ်းတင်အပ်ပါသည်။

**ငလျင်** – ၁၉၀၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ဂျပန်နိုင်ငံ ဟွန်ရှူးကျွန်းအနီး၌ ရစ်ချတာစကေး ၆ ဒသမ ၅၊ ဇန်နဝါရီလ ဂ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ၌ ရစ်ချတာစကေး ၆ ဒသမ ၆၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ဆော်လမွန်ကျွန်းစု၌ ရစ်ချတာစကေး ၇ ဒသမ ၅၊ မတ်လ ၅ ရက်နေ့တွင် ဖိလစ်ပိုင်နိုင်ငံ မင်ဒါနာအိုကျွန်း၌ ရစ်ချတာစကေး ၆ ဒသမ ၇၊ မတ်လ ၂၄ ရက်နေ့တွင် ကူးရေးကျွန်းစု၌ ရစ်ချတာစကေး ၇၊ မတ်လ ၂၇ ရက်နေ့တွင် ပါပူအာနယူးဂင်းနီ၌ ရစ်ချတာစကေး ၆ ဒသမ ၅၊ ဧပြီလ ၂၄ ရက်နေ့တွင် အာမေရိကန် ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဟိုဆေးမြို့အနီး၌ ရစ်ချတာစကေး ၆ ဒသမ ၁၊ မေလ ၃၀ ရက်နေ့တွင် ပါပူအာနယူးဂင်းနီ၌ ရစ်ချတာစကေး ၆ ဒသမ ၇ အသီးသီးရှိသော ငလျင်များ လှုပ်ခဲ့သည်။ မတ်လ ၅ ရက်နေ့တွင် ဗိုလစ်ဗီးယားနိုင်ငံ အလယ်ပိုင်း၌ လှုပ်သောငလျင်ကြောင့် လူ ၁၀၀ သေဆုံးခဲ့သည်။

**မိုးခေါင်ရေရှားခြင်း** – အီသီအိုးပီးယား နိုင်ငံတွင် ၁၉၀၂ ခုနှစ် နှစ်လယ်ပိုင်းမှ ၁၉၀၄ ခုနှစ် နှစ်ဆုံးသည့်တိုင် ဆက်တိုက်မိုးခေါင်ဆဲပင် ဖြစ်သည်။ အထူးသဖြင့် တောင်ပိုင်းဆစ်ဒါမိုပြည်နယ်၊ မြောက်ပိုင်းနှင့် အရှေ့ပိုင်းရှိ အီရစ်ထရီးယားနှင့် တိုင်ဂရေး၊ ဂွန်ဒါနှင့် ဝေလိုနယ်များတွင် အဆိုးရွားဆုံးဖြစ်သည်။ နိုင်ငံတကာအကူအညီ တိုးမြှင့်မပေးပါက လူပေါင်း ၅ ဒသမ ၂ သန်းအနက် အများစုမှာ သေဆုံးဖွယ်ရှိသည်ဟု အီသီအိုးပီးယား ကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေးဆိုင်ရာ မဟာမင်းကြီးက ၁၉၀၄ ခုနှစ် မေလဆန်းတွင် ပြောကြားသည်။

ကိပ်ဗာဒီ၊ ချဒ်၊ ဂမ်ဘီယာ၊ ဂင်းနီဗစ်ဆော၊ မာလီ၊ မော်ရီတေးနီးယား၊ နိုင်ဂျာ၊ ဆီနီဂေါနှင့် အထက်ဗော်လတာ(ဘော်ကီနာဖတ်ဆို) တို့ ပါဝင်သော ဆာဟဲဒေသ မိုးခေါင်ရေရှားမှု ထိန်းချုပ်ရေးဆိုင်ရာ နိုင်ငံပေါင်းစုံ ကော်မတီ အစည်းအဝေးကို ၁၉၀၄ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့၌ နိုင်ဂျာနိုင်ငံ နီယာမေမြို့၌ ကျင်းပပြီး ဆာဟဲဒေသကူညီရေး ရန်ပုံငွေကို ဖွင့်လှစ်ခဲ့ရသည်။ ဆာဟဲဒေသတွင် သဲကန္တာရနယ်မြေများသည် တနှစ်လျှင် သုံးမိုင်နှုန်းဖြင့် ပြန့်ပွားလျက် ရှိသည်။ ဆဟာရ သဲကန္တာရမြောက်ပိုင်းသည် လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင်ကရောမအင်ပါယာကြီး၏ကျုံ့ထွက်ရာဒေသကြီးဖြစ်ပြီး အာဖရိက မြောက်ပိုင်း အတွင်လပ်စ်တောင် ကမ်းပါးယံများတွင် စပျစ်ခြံများ ရှိခဲ့သော်လည်း မိုးခေါင်ရေရှားဒဏ်ကြောင့် ဆဟာရ သဲကန္တာရသည် လွန်ခဲ့သော အနှစ် ၅၀ အတွင်း စတုရန်းမိုင်လေးသိန်းကျော်ထိ ကျယ်ပြန့်လာပြီဖြစ်သည်။ မိုးခေါင်မှုဒဏ်ကို အများဆုံးခံစားနေကြရသော ဖွံ့ဖြိုးဆဲ နိုင်ငံများသည် သဲကန္တာရ ဖြစ်ထွန်းမှုကြောင့် ကုန်ထုတ်လုပ်မှု ပျက်ပြားရသည့်အတွက် တနှစ်လျှင် ဒေါ်လာသန်းပေါင်း ၂၆,၀၀၀ ဖိုး နစ်နာဆုံးရှုံးနေရသည်ဟု ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ် (ယူနက်)အမှုဆောင် ညွှန်ကြားရေးမှူးက ၁၉၀၄ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် ပြောကြားသည်။

အန်ဂိုလာ၊ဗော့ဆွာနာ၊လီဆိုသို့၊ မိုဇမ်းဗစ်၊ ဆွာဇီလန်၊ တန်ဇားနီးယား၊ ဇမ္ဗီယာနှင့် ဇင်ဗာဗွေနိုင်ငံတို့ ပါဝင်သော

**အဆိုးရွားဆုံးငလျင်များ (၁၉၂၄ – ဂ၃)**

| နေ့ | နိုင်ငံ | သေဆုံး | ငလျင်အား |
|---|---|---|---|
| ၁၉၂၄ ဒီဇင်ဘာ | ၂၀ ပါကစ္စတန် | ၅,၂၀၀ | ၆.၃ |
| ၁၉၂၅ စက်တင်ဘာ | ၆ တူရကီ | ၂,၃၁၂ | ၆.ဂ |
| ၁၉၂၆ ဖေဖော်ဝါရီ | ၄ ဂွာတီမာလာ | ၂၂,၂၀၀ | ၇.၅ |
| ၁၉၂၆ မေ | ၆ အီတလီ | ၉၄၆ | ၆.၅ |
| ၁၉၂၆ ဇူလိုင် | ၂၀ တရုတ် | ဂ,၀၀,၀၀၀ | ဂ.၂ |
| ၁၉၂၆ ဩဂုတ် | ၁၇ ဖိလစ်ပိုင် | ဂ၀၀၀ | ၇.ဂ |
| ၁၉၂၆ နိုဝင်ဘာ | ၂၄ တူရကီ | ၄၀၀၀ | ၇.၉ |
| ၁၉၂၇ မတ် | ၄ ရိုမေးနီးယား | ၁,၅၄၁ | ၇.၅ |
| ၁၉၂၈ စက်တင်ဘာ | ၁၆ အီရန် | ၂၅,၀၀၀ | ၇.၇ |
| ၁၉၂၉ ဒီဇင်ဘာ | ၁၂ ကိုလုံးဗီးယား အက်ကွာဒေါ | ဂ၀၀ | ၇.၉ |
| ၁၉ဂ၁ အောက်တိုဘာ | ၁၀ အယ်ဂျီးရီးယား | ၄,၅၀၀ | ၇.၃ |
| ၁၉ဂ၂ နိုဝင်ဘာ | ၂၃ အီတလီ | ၄,ဂ၀၀ | ၇.၂ |
| ၁၉ဂ၂ ဒီဇင်ဘာ | ၁၃ မြောက်ယေမင် | ၂,ဂ၀၀ | ၆.၀ |
| ၁၉ဂ၃ အောက်တိုဘာ | ၃၀ တူရကီ | ၁,၃၀၀ | ၇.၁ |



ဖိလစ်ပိုင်နိုင်ငံတွင် တိုင်ဖွန်းမုန်တိုင်း အိုက် တိုက်ခိုက်၍ ပျက်စီးနေပုံ


အာဖရိကမတောင်ပိုင်း ဖွံ့ဖြိုးရေးအကျိုးတူညီနှိုင်းမှုညီလာခံ အဖွဲ့(အက်စ်အေဒီစီစီ)ဝန်ကြီးများကောင်စီ နှစ်ပတ်လည် အစည်းအဝေးကို ၁၉၇၄ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ဇမ္ဗီယာနိုင်ငံ လူဆာကာမြို့၌ကျင်းပရာ အဖွဲ့ဝင်နိုင်ငံများ၌ နှစ်ရှည်လများ မိုးခေါင်နေမှု ပြဿနာနှင့် မိုဇမ်းဗစ်နှင့် ဆွာဇီလန် နိုင်ငံတို့၌ ဇန္နဝါရီလအတွင်း ဆိုင်ကလုန်းမုန်တိုင်း ကျရောက်၍ ရေလွှမ်းမိုးမှု ပြဿနာတို့ကို ဆွေးနွေးခဲ့ကြသည်။ သဘာဝဘေးဒဏ်များကြောင့် အက်စ်အေဒီစီစီအဖွဲ့ဝင်နိုင်ငံများတွင် ၁၉၇၄ ခုနှစ်အတွက် ရိက္ခာတန်ချိန် ၁ ဒသမ ၇ သိန်း လိုအပ်ခဲ့ရသည်။ မိုဇမ်းဗစ်နိုင်ငံတွင် ၁၉၇၃ ခုနှစ် မိုးရာသီမှစ၍ မိုးခေါင်နေခဲ့ရာ သေဆုံးသူပေါင်း ၄၀,၀၀၀ မှ တသိန်းအထိရှိပြီဟု ၁၉၇၄ ခုနှစ် ဧပြီလ ၄ ရက်နေ့က ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ အစီရင်ခံစာတွင် ဖော်ပြထားသည်။

**မုန်တိုင်း** – အမေရိကန် ပြည်ထောင်စု ကာရိုလိုင်းနားပြည်နယ်၌ ၁၉၇၄ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် လေဆင်နှာမောင်း ၂၄ ခု ဆက်တိုက် တိုက်ခတ်ရာ လူ ၆၁ ဦး သေဆုံး၍ လူ ၁၀၀၀ ဒဏ်ရာရကာ ၃၀,၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ ဖြစ်သွားရသည်။ ဒေါ်လာသန်း ၁၀၀ ဖိုး ပျက်စီးဆုံးရှုံးသည်။ ၁၀ နှစ်တာအတွင်း အမေရိကန် ပြည်ထောင်စုတွင် လေဆင်နှာမောင်းဒဏ်ကြောင့် အများဆုံး သေဆုံးရသော ဦးရေဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒက္ကာမြို့ လေဆိပ်တွင် ဩဂုတ်လ ၅ ရက်နေ့က မိုးသက်မုန်တိုင်းကျစဉ်မြေပြင်သို့ ဆင်းသက်ရန် ကြိုးစားသော လေယာဉ်တစင်းသည် ပျက်ကျသဖြင့် လူ ၄၉ ဦးသေဆုံးသည်။ ဩဂုတ်လ ၁၃ ရက်နေ့တွင် မလေးရှားနိုင်ငံ ဆာဘားပြည်နယ်၌ မိုးသက်မုန်တိုင်းကျ၍ ကုတ္တိသဘော်နစ်မြုပ်ရာ လူ ၂၀၀ ခန့် သေဆုံးသည်။

ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းနှင့် တောင်ပိုင်းတို့၌ စက်တင်ဘာလ ၁ ရက်နေ့နှင့် ၂ ရက်နေ့တို့တွင် ၁၄ နှစ်အတွင်း အပြင်းထန်ဆုံးသော တိုင်ဖွန်းမုန်တိုင်း အိုက် တိုက်ခတ်၍ လူ ၁၀၀၀ ကျော် သေဆုံးပြီး ထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်ရသည်။ ဩဂုတ်လ ၃၀ ရက်နေ့က အပူပိုင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် လူ ၁၉ ဦးသေဆုံး၍ လူ ၃၀,၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ ဖြစ်ရပြီးနောက် သမ္မတမားကို့က ပြည်နယ် ၂၁ ခုကို ကပ်ဘေးသင့်ရာဒေသများအဖြစ် ကြေငြာခဲ့ရာမှ စက်တင်ဘာလ ၃ ရက်နေ့တွင် နောက်ထပ် သုံးပြည်နယ် တိုးခဲ့၍ ကြေငြာခဲ့ရသည်။ ၁၉၇၄ ခုနှစ် နိုဝင်ဘာ လဆန်းပိုင်းတွင် ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်း၌ တနာရီလျှင် ၁၈၅ မိုင်နှုန်းဖြင့် အက်ဂနက်စ်လေမုန်တိုင်းကြောင့် လူ ၅၀၀ ကျော်သေဆုံးပြီး လူ ၄၀၀ ကျော်ပျောက်ဆုံးခဲ့သည်။ လယ်မြေ ၁၃,၁၅၃ ဟက်တာပျက်စီးပြီးငါးမွေးမြူရေးကန် ၁၃,၁၁၂ ဟက်တာခန့် ပင်လယ်ရေလွှမ်းသည်။

နိုဝင်ဘာလ ၁၁ ရက်နေ့တွင် အိန္ဒိယနိုင်ငံ အရှေ့တောင်ပိုင်းနှင့် တောင်ပိုင်း၌ ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်သဖြင့် လူ ၃၇၀ ကျော် သေဆုံးခဲ့ပြီး ကျေးရွာ ၁၀၀၀ ခန့်မှ လူပေါင်း ၁ ဒသမ ၃ သန်းခန့် ရေလွှမ်းမိုးမှု ဒုက္ခ ကြုံတွေ့ကြရသည်။



ဗရာဇီးနိုင်ငံတွင် ရေလွှမ်းမိုးနေပုံ

ရေလွှမ်းမိုးခြင်း–ငါးနှစ်ကြာမျှမိုးခေါင်နေခဲ့သော မိုဇမ်းဗစ် နိုင်ငံ တောင်ပိုင်း၌ ၁၉၇၃ ခုနှစ် ဒီဇင်ဘာလနှင့် ၁၉၇၄ ခုနှစ် ဇန်နဝါရီလတို့တွင် မိုးရွာခဲ့ရာ ရေလွှမ်းမိုး၍ သီးနှံများ ပျက်စီးကုန်ပြီး လူ ၂၀၀ သေဆုံးကာ ၁၀,၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ ဖြစ်ရသည်။ နှစ်ပေါင်း ၄၀၀ အတွင်း မိုးခေါင်ရေရှားဒဏ်ကို ၇၄ ကြိမ်မျှ ခံစားခဲ့ရဖူးသော ဗရာဇီးနိုင်ငံတွင် ခြောက်နှစ်ကြာမျှ မိုးခေါင်နေရာမှ ၁၉၇၄ ခုနှစ် မတ်လနှောင်းပိုင်းတွင် မိုးစရွာသည်။ တနိုင်ငံလုံး လူဦးရေ သန်း ၁၃၀ ခန့် ရှိသည့်အနက် ၃၅ သန်း နေထိုင်ရာ ပြည်နယ်ကိုးပြည်နယ်တွင် ရေလွှမ်းမိုး၍ သီးနှံပျက်ရသည်။ သဘာဝဘေးဒဏ်ကြောင့် ရိက္ခာမလုံလောက်၍ ယင်းပြည်နယ်များရှိ ကလေးသူငယ်များ၏ ၆၇ ရာခိုင်နှုန်းသည် အစာအာဟာရ ချို့တဲ့နေသည်ဟု ၁၉၇၄ ခုနှစ် နှစ်ဆန်းပိုင်းက ကုလသမဂ္ဂ ကလေးများ အရေးပေါ် ရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်) ၏ ဆန်းစစ်ချက်တွင် ဖော်ပြထားသည်။

၁၉၇၄ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် သီရိလင်္ကာ အရှေ့ပိုင်းပြည်နယ်၌ ရေလွှမ်းမိုးသဖြင့် လူ ၆၀,၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ ဖြစ်သွားသည်။ မေလ ၁၈ ရက်နေ့တွင် အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း တြိပူရနယ်၌ ရေလွှမ်းမိုးမှုကြောင့် လူ ၂,၅၀,၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ ဖြစ်သွားသည်။ စားနပ်ရိက္ခာများ ပြတ်သွားသဖြင့် လူ ၄၀ ထက်မနည်း သေဆုံးခဲ့ရသည်။ မေလ ၂၄ ရက်နေ့တွင် ထပ်မံ ရရှိသော သတင်းအရ အိန္ဒိယအရှေ့မြောက်ပိုင်းနှင့် ဘင်္ဂလားဒေ့ရှ တို့တွင် ရေလွှမ်းမိုးမှုကြောင့် လူပေါင်း ၁၃၆ ဦး သေဆုံးခဲ့သည်။ စပါးကေ ၁၅,၀၀၀ နှင့် ဂုန်လျှော်က ၂၂,၀၀၀ ခန့် ရေနစ်မြုပ် ပျက်စီးသွားသည်။ အမေရိကန် ပြည်ထောင်စု ဥက္ကလာဟိုးမားနယ်၌လည်း မေလ ၂၇ ရက်နေ့တွင် ရေလွှမ်းမိုးမှုကြောင့် လူပေါင်း ၈၃ ဦးထက် မနည်း သေဆုံးပြီး လူ ၂၀၀ ခန့် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့သည်။

ဗရာဇီးနိုင်ငံတောင်ပိုင်းတွင်လည်း ဇွန်လ ၂၄ ရက်နေ့၌ ရေလွှမ်းမိုးခဲ့ရာ လူ နှစ်ဦး သေဆုံးသည်။ လူ ၁၀,၀၀၀ အိုးမဲ့အိမ်မဲ့ဖြစ်ပြီး ဒေါ်လာ သန်း ၂၅၀ ဖိုးခန့် ပျက်စီးဆုံးရှုံးခဲ့သည်။ ဇွန်လ ၂၈ ရက်နေ့တွင် အိန္ဒိယနိုင်ငံ အနောက် ဘင်္ဂလားပြည်နယ်၌ ရေလွှမ်းမိုးခဲ့သည်။ လူ ၁၉ ဦးထက်မနည်း သေဆုံးသည်။ ဇူလိုင်လ ၁ ရက်နေ့အထိ ယင်းပြည်နယ်တွင် လူပေါင်း ၃၂ ဦး သေဆုံးပြီး လယ်ယာမြေ စတုရန်းမိုင် ၅၀၀၀ ခန့် နစ်မြုပ်ကာ လူသုံးသန်းကျော် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့သည်။ ချီလီနိုင်ငံတွင် ဇူလိုင်လ ၄ ရက်နေ့က မိုးကြိုးပြိုး ရေလွှမ်းမိုးရာ လူ ၁၀ ဦးထက် မနည်း သေဆုံးခဲ့သည်။ လူ ၅၁ ဦး ပျောက်ဆုံးပြီး လူ ၅,၅၀၀ ကျော် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့သည်။ ဇူလိုင်လ ၁၅ ရက်နေ့တွင်လည်း အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရဒေသ ပြည်နယ်၌ ရေလွှမ်းမိုးသဖြင့် လူ ၅၀ သေဆုံးသည်။ လူ နှစ်သန်းခန့် ရေဘေးဒုက္ခနှင့် ကြုံတွေ့ခဲ့ရသည်။

၁၉၇၄ ခုနှစ် ဩဂုတ်လ ၅ ရက်နေ့တွင် ဆိုဗီယက် နိုင်ငံ အာက္ဇတ်ရှဒေသရှိ ဇီမာနှင့် တူလွန်၌ နှစ် ၂၀၀၀ အတွင်း မကြုံစဖူးအောင် ၁၀ ရက်ခန့် မိုးသည်းထန်စွာ ရွာပြီး ရေလွှမ်းမိုးသဖြင့် ရွာလုံးကျွတ် ရေထဲမျောပါသွားသည်။ ဩဂုတ်လ ၁၁ ရက်နေ့တွင် ပါကစ္စတန်နိုင်ငံ၌ ရေလွှမ်းမိုးမှုကြောင့် လူ ၅၇ ဦးထက် မနည်း သေဆုံးခဲ့သည်။ မေလမှ ဩဂုတ်လ ၂၃ ရက်အတွင်း ရေလွှမ်းမှုကြောင့် အိန္ဒိယနိုင်ငံရှိ ပြည်နယ် ၁၃ ခုတွင် လူ ၄၂၄ ဦးနှင့် ကျွဲနွား ၁၉,၀၃၃ ကောင် သေဆုံးခဲ့သည်။ လူ ၂၃ ဒသမ ၇ သန်း ရေဘေးကြုံရပြီး လယ်မြေကေ ၁၅ ဒသမ ဂ၆ သန်း ရေနစ်မြုပ်သွားသည်။ အိုးအိမ် ၄,၆၆,၀၀၀ ခန့် ပျက်စီးသွားသည်။

ဘင်္ဂလားဒေ့ရှနိုင်ငံတွင် မေလမှ စတင်၍ ရေလွှမ်းမိုးခဲ့ရာ အောက်တိုဘာလ ၁၅ ရက်နေ့အထိ လူ ၇၀၀ ခန့် သေဆုံးခဲ့သည်။ ဆန်တန်ချိန် ၁ ဒသမ ၅ သန်းနှင့် ဂုန်လျှော်ဘေထုပ် တသန်းခန့် ပျက်စီးခဲ့သည်။ လူ သန်းပေါင်း ၃၀ ခန့် ဒုက္ခရောက်ခဲ့သည်။ အောက်တိုဘာလ ၁၆ ရက်နေ့ကလည်း ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ငင်ထင်းပြည်နယ်တွင် ရေကြီးရာ တဲအိမ်ထောင်ပေါင်း များစွာ ပျက်စီးခဲ့သည်။ လယ်စိုက်ခင်း ၈က ၄၁,၀၀၀ နီးပါး ပျက်စီးသွားသည်။ ဗီယက်နမ်အလယ်ပိုင်းတွင်လည်း အောက်တိုဘာလ ၂၄ ရက်နေ့က ၎လွှမ်းခဲ့သည်။ လူ ၃၃ ဦးထက်

မနည်း သေဆုံးပြီး၊ လူထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့သည်။ ထိုနေ့တွင်ပင် နီပေါနိုင်ငံ၌ ရေလွှမ်းမိုးပြီး မြေပြိုခဲ့ရာ လူ ၁၉၈ ဦး သေဆုံးပြီး ၁,၅၀,၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့သည်။ ၁၉၈၄ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ထိုင်းနိုင်ငံတောင်ပိုင်း၌ ရေလွှမ်းမိုးခဲ့၍ လူ ၁၂ ဦး ထက် မနည်း သေဆုံးသည်။

**အအေးလွှန်ကဲခြင်း**–၁၉၈၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မက္ကဆီကို မြောက်ပိုင်းတလျောက်၌ အအေးလှိုင်းများ ဝင် ရောက် တိုက် ခတ် လာခြင်းကြောင့် လူ ၁၀၀ ကျော် သေဆုံးပြီး သီးနှံစိုက်ခင်းများ အကြီးအကျယ် ပျက်စီး ခဲ့သည်။ ၂၅ နှစ်အတွင်း အအေးဆုံး ဆောင်းရာသီနှင့် တွေ့ကြုံရခြင်း ဖြစ်သည်။ အပူချိန်မှာ ရေခဲမှတ်အောက် ၁၅ ဒီဂရီ စင်တီဂရိတ်အထိ ကျဆင်းခဲ့သည်။ နပိုလီယွန် ပြည်နယ်တွင် လိမ္မော်သီးတန်ချိန် နှစ်သိန်းခန့် ပျက်စီး ခဲ့သည်။ လိမ္မော်ပင်များ ပြန်လည် ရှင်သန်လာရန် သုံးနှစ်မှ ငါးနှစ်အထိ အချိန်ကြာမည်ဖြစ်သည်။ ဇန်နဝါရီလ ၂၃ ရက် နေ့ကလည်း ဘင်္ဂလားဒေ့ရှ နိုင်ငံတွင် အအေးလွှန်ကဲမှု ကြောင့် သက်ကြီးရွယ်အိုနှင့် ကလေးစုစုပေါင်း ၄၀ ခန့် သေဆုံးခဲ့သည်။ ထိုနေ့တွင်ပင် အမေရိကန် ပြည်ထောင်စု အရှေ့ပိုင်း၌ အအေးလွှန်ကဲမှုကြောင့် လူ ၃၅ ဦးခန့် သေ ဆုံးခဲ့သည်။

## သိရိပဏ္ဍိတ၊ ဆရာတော် ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ ပုသိမ်မြို့၊ မောင်းထောင်ကျောင်းတိုက် (မြန်မာ ၁၂၆၇–၁၃၄၆)။

။ရောဝတီတိုင်း၊ ပုသိမ်မြို့၊ မောင်းထောင်ကျောင်း ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီး ပဓာန နာယကဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တ သိရိပဏ္ဍိတသည် ရဟန်း၊ သာမဏေများအား စာပေကျမ်းဂန်များ ပို့ချပေးခြင်း၊ ဆင်္ဃသံဂါယနာပွဲ၌ ပါဠိဝိသောဓက၊ ပုသိမ် စာဖြေဌာန ဓမ္မာစရိယစာချတန်း၏ စာမေးပွဲကြီးကြပ်ရေး အဖွဲဝင်နှင့် ဥက္ကဋ္ဌ၊ ပုသိမ်မြို့ ရှေမုဋ္ဌော ဘုရား ကြီး၏ သြဝါဒါစရိယ၊ ရှေစည်းခုံစေတီတော်ကြီး၏ သြဝါဒါစရိယ၊ ရှေကျင်ဂိုဏ်း ဝိနည်းဓိုရ် စသည့်သာသနာ့တာဝန်များကို ထမ်းရွက်တော်မူခဲ့သောကြောင့် ၁၃၄၄ ခုနှစ်၊ နှတ်တော် လပြည့်ကျော် ငါးရက်နေ့တွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီက ဆက် ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၄–စာ၊ ၂၈၀—ရှု။)

နိုင်ငံတော် သြဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ ဆရာ တော် ဘဒ္ဒန္တ သိရိပဏ္ဍိတသည် ၁၃၄၆ ခုနှစ်၊ ဝါဆို

## သီးနှံထုတ်လုပ်မှုနှင့် ငါးပုစွန် ထုတ်လုပ်ဝယ်ယူမှု ထူးခြွန်ဆု

လပြည့်ကျော် ၆ ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော် မူသည်။

## သီးနှံထုတ်လုပ်မှုနှင့် ငါးပုစွန်ထုတ်လုပ်ဝယ်ယူမှု ထူးခြွန်ဆု (၁၉၈၄) ။

။နိုင်ငံတော်၏ စီးပွားရေး ကဏ္ဍများအနက် လယ်ယာကဏ္ဍသည် အဓိကစီးပွားရေး ကဏ္ဍကြီး ဖြစ်သည်။ ထို့ကြောင့် ၁၉၈၃–၈၄ စိုက်ပျိုးရေး ရာသီအတွင်း လယ်ယာကဏ္ဍ သီးနှံထုတ်လုပ်မှုတွင် ထူးခြွန် စွာ ဆောင်ရွက်နိုင်ခဲ့သော မြို့နယ်များအား လယ်ယာနှင့် သစ်တောဝန်ကြီးဌာနက ၁၉၈၄ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာ နေ့အခမ်းအနား၌ ထူးခြွန်ဆုများ ချီးမြှင့်ခဲ့သည်။

၁၉၈၄ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားတွင် စပါး၊ ဂျုံ၊ အစေ့ထုတ်ပြောင်း၊ နှံစားပြောင်း၊ အာလူး၊ မိုး မြေပဲနှင့်ဆောင်းမြေပဲ၊ နှမ်း၊ နေကြာ၊ ကုလားပဲ၊ ထောပတ် ပဲနှင့်ကြံသီးနှံ ၁၁ မျိုးကို ထူးခြွန်စွာ ထုတ်လုပ်နိုင်ခဲ့သော မြို့နယ်များအား ဆုများ ချီးမြှင့်ခဲ့သည်။

နိုင်ငံတော်၏ ရေထွက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းနှင့် ရေထွက်ပစ္စည်း ပြည်ပပို့ကုန် လုပ်ငန်းများတွင် အားကြိုး မာန်တက် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ရေလုပ်သားများ နှင့် ထူးခြွန်မြို့နယ်များကိုလည်း မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာနက ယခုနှစ်မှစတင်၍ ဆုများချီးမြှင့်ခဲ့သည်။

ကြီးကြပ် ငါးသလောက်ဝိုင်း ပိုက်ငါးဖမ်းလုပ်ငန်းတွင် ရန်ကုန်တိုင်း၊ အလုံမြို့နယ်မှ ဦးစစ်စွမ်နှင့် ခိုင်စိုးဝင်း စက် လှေအဖွဲက ထူးခြွန်ဆု ရရှိသည်။

ဦးစစ်စွမ်နှင့် အဖွဲသည် ၁၉၈၁–၈၂ ခုနှစ်က ငါးသ လောက် ၁,၆၄, ၁၈၂ ပိသာ၊ ၁၉၈၂–၈၃ ခုနှစ်တွင် ငါး ပိသာချိန် ၁,၇၆,၇၆၇ ပိသာ၊ ၁၉၈၃–၈၄ ခုနှစ်အတွင်း ငါးပိသာချိန် ၁,၃၅,၄၆၆ ပိသာ အသီးသီး ဖမ်းဆီးနိုင်ခဲ့ သည်။ သုံးနှစ်ပေါင်း ငါးပိသာချိန် ၄,၇၆,၄၁၅ ပိသာ ဖမ်းဆီးနိုင်ခဲ့သည်။

ထိုအဖွဲများသည် သတ်မှတ်ထားသော စည်းကမ်းဖြစ် သည့် ပြည်သူ့ပုလဲနှင့် ရေလုပ်ငန်းကော်ပို့ရေးရှင်း၏ ကြီး ကြပ်မှုကို ခံယူခြင်း၊ ၁၉၈၃–၈၄ ခုနှစ်တွင် သတ်မှတ်ထား သော လျာထားချက်ထက် ကျော်လွန်ဖမ်းဆီးနိုင်ခြင်း၊

**သီးနှံထုတ်လုပ်မှု ထူးချွန်ဆု**

**( ၁၉၈၃ - ၈၄ စိုက်ပျိုးရာသီအတွက် )**

| သီးနှံအမည် နှင့် ဆု | ဆုရမြို့နယ် | အထွက်နှုန်း |
|---|---|---|
| စပါး၊ ပထမဆု | ဟသ်ာတမြို့နယ် | ၉၅ . ၀၈ တင်း |
| စပါး၊ ဒုတိယဆု | သာယာဝတီ မြို့နယ် | ၈၂ . ၅၃ တင်း |
| စပါး၊ တတိယဆု | မင်းလှမြို့နယ် | ၈၀ . ၂၅ တင်း |
| ဂျုံ၊ ပထမဆု | မေမြို့ မြို့နယ် | ၂၃ တင်း |
| ဂျုံ၊ ဒုတိယဆု | မုံရွာမြို့နယ် | ၂၂ . ၀၁ တင်း |
| ဂျုံ၊ တတိယဆု | တောင်ကြီး မြို့နယ် | ၂၀ တင်း |
| အစေ့ထုတ်ပြောင်း | ပျဉ်းမနားမြို့နယ် | ၅၅ . ၀၃ တင်း |
| နှံစားပြောင်း | တောင်သာမြို့နယ် | ၁၃ . ၀၅ တင်း |
| မိုးမြေပဲ | တပ်ကုန်းမြို့နယ် | ၂၃ . ၄၁ တင်း |
| ဆောင်းမြေပဲ | စဉ့်ကူးမြို့နယ် | ၅၈ တင်း |
| နှမ်း | ကျောက်ဆည် မြို့နယ် | ၆ တင်း |
| နေကြာ | မအူပင်မြို့နယ် | ၂၈. ၀၅ တင်း |
| ထောပတ်ပဲ | ကလေးမြို့နယ် | ၃၀ . ၂၉ တင်း |
| ကုလားပဲ | ကြို့ပင်ကောက် မြို့နယ် | ၁၈ တင်း |
| ကြံ | လယ်ဝေးမြို့နယ် | ၃၁ . ၅၂ တန် |
| အာလူး | ပင်းတယမြို့နယ် | ၃၀၀၉.၉၄ ပိဿာ |

ဆုမချီးမြှင့်မီ ခုနှစ်အလိုက် ဖမ်းဆီးရမိသည့် ငါးပိဿာချိန်မှာလည်း လျာထားချက်ထက် ကျော်လွန်ခြင်း စသည့် စည်းကမ်းချက်နှင့်အညီ ဖမ်းဆီးပေးနိုင်ခဲ့သဖြင့် ဆုများချီးမြှင့်ခံရခြင်း ဖြစ်သည်။

ရေချို ရေငန် ပုစွန်အများဆုံး ဝယ်ယူရရှိမှု ထူးချွန်ဆုများကို ရောဝတီတိုင်း၊ လပွတ္တာမြို့နယ်က ပထမ၊ ရောဝတီတိုင်း မြောင်းမြမြို့နယ်က ဒုတိယနှင့် ရောဝတီတိုင်း ကျိုက်လတ်မြို့နယ်က တတိယ အသီးသီး ရရှိကြသည်။

ပုစွန်များကို ၁၉၈၁–၈၂ ခုနှစ်မှ ၁၉၈၃–၈၄ ခုနှစ် အထိ သုံးနှစ်ပေါင်း ဝယ်ယူရရှိမှု ထူးချွန်ဆု ချီးမြှင့်ရာတွင် လပွတ္တာမြို့နယ်သည် ပုစွန် ၁၀,၂၉,၁၂၉ ပိဿာ၊ မြောင်းမြမြို့နယ်သည် ပုစွန် ၁၀,၁၂,၆၁၀ ပိဿာ၊ ကျိုက်လတ်မြို့နယ်သည် ပုစွန် ၅,၁၅,၈၇၈ ပိဿာ ဝယ်ယူနိုင်ခဲ့သည်။

**သုဇာတာလက်ံာရ၊ ဆရာတော်ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ စမ်းချောင်းမြို့နယ်၊ ဥယျာဉ်တိုက် စံဝတီတိုက်ကျောင်း** ( မြန်မာ ၁၂၆၉ – ၁၃၄၆ )။ ။

စံဝတီတိုက်ကျောင်းတွင် သီတင်းသုံးတော်မူခဲ့၍ စံဝတီဆရာတော်ဘုရားကြီးဟု ထင်ရှားသော ဆရာတော် ဘဒ္ဒန္တ၊ သုဇာတာလက်ံာရကို ရောဝတီတိုင်း၊ ငပုတောမြို့နယ် ပြင်ခရိုင်ရွာ အနောက်ချောင်းရပ်တွင် ၁၂၆၉ ခုနှစ် ပြာသိုလပြည့်ကျော် ၁၄ ရက် သောကြာနေ့၌ ခမည်းတော် ဦးထွန်းရင်နှင့် မယ်တော် ဒေါ်လွန်းသာတို့က မွေးဖွားသည်။

ရှစ်နှစ်သားအရွယ်တွင် ရှင်သာမဏေအဖြစ်သို့ ရောက်သည်။ ရှင်သာမဏေဘဝမှာ ရှင်သုဇာတဖြစ်သည်။

၁၂၈၉ ခုနှစ် ကဆုန်လပြည့်ကျော် ၁၁ ရက်နေ့တွင် ရန်ကုန်မြို့ သရက်တောတိုက် ဝဲပြန်တိုက်ကျောင်း ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဆရာတော်သည် ရန်ကုန်မြို့ ဝဲပြန်တိုက်ကျောင်း ဆရာတော်ဘုရားကြီး၊ အနောက်ပြင် ခင်မကန်တိုက် သဒ္ဒေးဆရာတော် ဦးရေဝတ၊ ညောင်ရမ်း ဆရာတော် ဦးရေဝတ၊ တောင်ပြင် စံကျောင်း ဆရာတော်ဘုရားကြီး၊ မန္တလေးမြို့ မစိုးရိမ်တိုက်ဆရာတော် ဦးသူရိယနှင့် နာယကစာချဆရာတော်များထံတွင် လောကုတ္တရာ စာပေများကို သင်ကြားတော်မူခဲ့သည်။

မြန်မာပြည်အရပ်ရပ်တွင် ကျင်းပသော စာမေးပွဲပေါင်း ၃၀ ကျော် အောင်မြင်တော် မူခဲ့သည်။ ဓမ္မာစရိယဘွဲ့သုံးဘွဲ့၊ ပထမကျော်လေးကြိမ်၊ ပထမကြီး လေးကြိမ်နှင့် ငယ်လတ်ပေါင်း များစွာကို နံပါတ်တစ်ဂုဏ်ထူး ရှစ်ကြိမ်၊ နံပါတ်နှစ်ဂုဏ်ထူး ငါးကြိမ်ဖြင့် အောင်မြင်တော်မူခဲ့သည်။

ဆရာတော်သည် အမျိုးသားအကျော်ဘွဲ့၊ အစိုးရ ဂုဏ်ထူးဆောင် ဓမ္မာစရိယဘွဲ့၊ သကျသီဟ ဓမ္မာစရိယဘွဲ့များအပြင် ဆဋ္ဌသံဂါယနာသင်္ဂီတိကာရက၊ အဋ္ဌကထာသင်္ဂီတိ



**အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ**
**ဆရာတော် ဘဒ္ဒန္တသုဇာတာလင်္ကာရ**

ကာရက၊ ဋီကာသင်္ဂီတိကာရက စသောဘွဲ့တံဆိပ်များကို လည်း ရရှိတော်မူခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် နိုင်ငံတော်က ဆက်ကပ် လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူသည်။

ဆရာတော်သည် မစိုးရိမ်ရူပသိဒ္ဓိအဖြေကျမ်း၊ မစိုးရိမ် ဋီကာကျော်အဖြေကျမ်း၊ အဘိဓမ္မာနေရောင်ကျမ်း၊ စံဝတီ ရှင်ကျင့်ဝတ်၊ မစိုးရိမ်ကခ်ါအဖြေကျမ်း စသော ကျမ်း ပေါင်း ၂၄ ကျမ်းခန့် ပြုစုရေးသားတော်မူခဲ့သည်။

ဆရာတော်သည် မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်၊ နိရုတ္တိနယူပဒေသကျောင်း၌ ကျောင်းထိုင်စာချ နာယက အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ညောင်တုန်းမြို့ နိဂြောဓာရုံ ကျောင်းတိုက်၊ ဓနုဖြူမြို့ ခင်မကန် ကျောင်းတိုက်များ၌ ပဓာန မဟာနာယက အဖြစ်လည်းကောင်း စာပေပို့ချ ပေးတော်မူခဲ့သည်။

ရန်ကုန်မြို့မင်္ဂလာသုခ ပါဠိတက္ကသိုလ်နှင့် အလုံ ပရိယတ္တိ ပါဠိတက္ကသိုလ်များ ဖြစ်မြောက်ရေးအတွက် အားပေး ကူညီ၍ ကထိကအဖြစ် စာပေပို့ချခဲ့သည်။ ရန်ကုန်မြို့ စမ်းချောင်း ဥယျာဉ်တိုက်၌ ဓမ္မာစရိယတန်းဝင် သံဃာ များအား စာပေပို့ချခဲ့သည်။

ဆဋ္ဌသံဂါယနာတင်ရာတွင် ပါဠိဝိသောဓက အဖြစ်ဖြင့် လည်းကောင်း၊ ပိဋကတ်တော်မြန်မာပြန် ပဋိဝိသောဓက၊ မြန်မာပြန် သြသာနသောဓေယျ ပတ္တပဋ္ဌကအဖွဲ့ကြီး၏ တာဝန်ခံအဖြစ်ဖြင့်လည်းကောင်း ၁၃ နှစ်တိုင်တိုင် ဆောင် ရွက်တော်မူခဲ့သည်။

သံဂါယနာတင် သတ်ပုံသတ်ညွှန်း ကော်မတီအဖွဲ့ဝင်၊ ဗုဒ္ဓသာသနအဖွဲ့ သာသနာ့ရောင်ခြည်စာစောင် စာတည်း အဖွဲ့ဝင် အဖြစ်လည်း ဆောင်ရွက်တော်မူခဲ့သည်။ ပါဠိ ဆရာ၊ စာပြင်ဆရာ၊ စာပြင်မှူးအဖြစ် ကျမ်းပေါင်းများစွာ တို့ကိုလည်း ပြင်ဆင်တည်းဖြတ် ပေးတော်မူခဲ့သည်။

တိပိဋကစာမေးပွဲကြီး၌ ပုစ္ဆကအဖြစ်ဖြင့်လည်းကောင်း၊ ဩဝါဒါစရိယအဖြစ်ဖြင့် လည်းကောင်း ဆောင်ရွက်တော် မူခဲ့သည်။ မစိုးရိမ် ဆရာတော်ကြီး၏ နိကာယ်စာမေးပွဲ ကြီးနှင့် မြန်မာနိုင်ငံတဝန်းရှိ ထင်ရှားသော စာမေးပွဲကြီး များ၏ ပုစ္ဆကအဖြစ် ဆောင်ရွက်တော်မူခဲ့သည်။

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်၊ ဆူးလေစေတီတော်၊ ဗိုလ်တထောင်စေတီတော်၊ စမ်းချောင်း မြသိန်းတန်အောင် ဓမ္မာရုံ ဂေါပကအဖွဲ့များ၏ ဩဝါဒါစရိယ၊ မစိုးရိမ် နိကာယ် စာမေးပွဲ၏ မဟာနာယက၊ ညောင်တုန်းမြို့ နိဂြောဓာရုံ ကျောင်းတိုက်၊ ပြင်ခရိုင် ကွင်းကျောင်းတိုက်၊ ဓနုဖြူမြို့ ခင်မကန်ကျောင်းတိုက် ဓမ္မဝိနယ စာမေးပွဲကြီးများ၏ ဩဝါဒါစရိယ မဟာနာယက၊ ရန်ကုန်မြို့ ပိဋကတ သာကစ္ဆာ အဖွဲ့ကြီး၏ ဥက္ကဋ္ဌ စသည်ဖြင့် သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့သည်။

ထိုသို့ သီလ သမာဓိ ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူ သော နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သုဇာတာလင်္ကာရ ဆရာတော်ဘုရားကြီးသည် ၁၃၄၆ ခုနှစ် နယုန်လဆန်း ၉ ရက်နေ့တွင် ဇာတိဌာနဖြစ်သော ငပုတော မြို့နယ် ပြင်ခရိုင်ရွာ မဟာဓမ္မိကာရုံ ကွင်းကျောင်းတိုက် ကြီး၌ ဘဝနတ်ထံ ပို့လွှန်တော်မူသည်။

**သုဝဏ္ဏဖုမာ မင်းသား** (ခရစ် ၁၉၀၁–၁၉၇၄)။ ။ လောအမျိုးသား အင်ဂျင်နီယာနှင့် နိုင်ငံရေးသမား သုဝဏ္ဏ ဖုမာကို ၁၉၀၁ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့တွင် လူအန်–ဖရာဘန်မြို့၌ မွေးဖွားသည်။ မင်းသားကြီး ဘောင် ခေါင်နှင့် မင်းသမီးကြီး သွန်စီတို့၏သားတော်ဖြစ်၍ ပသက် လော ကွန်မြူနစ်ခေါင်းဆောင် သုဖန္နုဗောင်နှင့် ညီအစ်ကို ဝမ်းကွဲ တော်စပ်သည်။ လောနိုင်ငံ ပြင်သစ် လက်အောက် ကျရောက်စဉ်က နန်းစံခဲ့သော သစ္စာဗောင်မင်း (၁၈၇၅–၁၉၅၉)၏ တူတော်လည်း ဖြစ်သည်။ သုဝဏ္ဏ ဖုမာသည် ပေါဘတ်ကောလိပ်နှင့် ဟန်နိုင်းမြို့ လိုင်ဆေး အဲလဗတ် ဆာရော့ ကောလိပ်တို့တွင် လည်းကောင်း၊ ပြင်သစ်နိုင်ငံ ပါရီ တက္ကသိုလ်နှင့် ဂရီနိုဗဲ တက္ကသိုလ်တို့တွင် လည်းကောင်း ပညာဆည်းပူးခဲ့သည်။

ပြင်သစ်ပြည်တွင် ပညာသင်ပြီးနောက် ၁၉၃၁ ခုနှစ် တွင် သုဝဏ္ဏ ဖုမာသည် ပြင်သစ်လက်အောက်ခံ အမိနိုင်ငံ သို့ ပြန်၍ လောအစိုးရပိုင် အင်ဒိုချိုင်းနား ပြည်သူလုပ်ငန်း ဌာန၌ အလုပ်ဝင်လုပ်သည်။ ၁၉၄၀ ပြည့်နှစ်တွင် ဖူးခေါင် မြို့၌ အင်ဂျင်နီယာအဖြစ် စတင်လုပ်ကိုင်ရာ လောနိုင်ငံ စက်မှုနည်းပညာဗျူရို အင်ဂျင်နီယာချုပ်ရာထူးသို့ တိုးမြှင့် ခံရသည်။

ဒုတိယကမ္ဘာစစ်အတွင်းက လောနိုင်ငံကို သိမ်းပိုက်



သုဝဏ္ဏဖူမာ မင်းသား

ခဲ့သော ဂျပန်တို့ စစ်ရှုံးပြီးနောက် ပြင်သစ်တို့ ပြန်လာသောအခါ လောဘုရင် သစ္စာဗောင်က ပြင်သစ်တို့ကို ကြိုဆိုခဲ့သည်။ ထိုအခါ သုဝဏ္ဏဖူမာသည် သုဖန္နုဗောင်နှင့် အတူ လောပြည် လွတ်မြောက်ရေး အဖွဲ့သို့ ဝင်ရောက်၍ လွတ်လပ်ရေးကြိုးပမ်းရာ အရေးနိမ့်၍ ၁၉၄၆ ခုနှစ်တွင် ထိုင်းနိုင်ငံသို့ ထွက်ပြေးရသည်။ ၁၉၄၉ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် လောနိုင်ငံ လွတ်လပ်ရေး ရလာသောအခါ သုဝဏ္ဏဖူမာမင်းသားသည် အစိုးရအဖွဲ့ကို ဦးဆောင်သည်။ လောပြည် လွတ်မြောက်ရေးအဖွဲ့ ကွဲကာ သုဖန္နုဗောင်က ပသက်လော အဖွဲ့ကိုထူထောင်သည်။ ထိုအခါ သုဝဏ္ဏဖူမာသည် သုဖန္နုဗောင်နှင့် စေ့စပ် ညှိနှိုင်းခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်၍ အမျိုးသား ကာကွယ်ရေးနှင့် စစ်မှုထမ်းဟောင်းရေးရာ ဝန်ကြီးအဖြစ်သာ တာဝန်ယူခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် ဝန်ကြီးချုပ်ရာထူးကို ပြန်လည် ရရှိသည်။ ဗီယင်ကျန်း သဘောတူညီချက်အရ ဖွဲ့စည်းသော ညွှန့်ပေါင်း အစိုးရကို ဦးဆောင်ရခြင်း ဖြစ်သည်။ ယင်းညွှန့်ပေါင်းအစိုးရ ပြိုကွဲသော ၁၉၅၈ ခုနှစ်မှ ၁၉၅၉ ခုနှစ်အထိ ပြင်သစ် နိုင်ငံသို့ သံအမတ်ကြီးအဖြစ် စေလွှတ်ခြင်းခံရသည်။

မင်းသား ဗွန်အုမ်းနှင့် ဗိုလ်ချုပ် ဖူမီ နိုဆောဗန်တို့ ခေါင်းဆောင်ကာ လက်ယာဂိုဏ်း တပ်ဖွဲ့များနှင့် ပသက်လော ပြောက်ကျားတို့ တိုက်ခိုက်ကြရာမှ ပြည်တွင်းစစ်ဖြစ်ပွားပြီး လောနိုင်ငံရေးရှုပ်ထွေးလာစဉ် ၁၉၆၀ ပြည့်နှစ် ဩဂုတ်လမှ ဒီဇင်ဘာလအထိ သုဝဏ္ဏဖူမာသည် အာဏာပြန်ရသည်။ ၁၉၆၂ ခုနှစ် ဇွန်လ ၂၃ ရက်နေ့တွင် အမျိုးသား ညီညွတ်ရေး အစိုးရအဖွဲ့ကို ဦးဆောင်ဖွဲ့စည်းသည်။ ၁၉၆၄ ခုနှစ် ဖြူလတွင် လက်ယာဂိုဏ်းမှ အာဏာလုမှု ဖြစ်ပေါ်၍ သုဝဏ္ဏဖူမာသည် ခေတ္တမျှ အကျယ်ချုပ်ချထား ခံခဲ့ရသော်လည်း ဝန်ကြီးချုပ်အဖြစ် ၁၉၇၅ ခုနှစ် အထိ ဆက်လက် ဆောင်ရွက်ခဲ့သည်။

သုဝဏ္ဏဖူမာ မင်းသားသည် ၁၉၆၀ ပြည့်လွန်နှစ်များနှင့် ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း အမေရိကန် ထောက်ခံအားပေးသော လက်ယာဂိုဏ်း အင်အားဗဟိုနှင့် ကွန်မြူနစ်လိုလားသော ပသက်လောတို့ အကြား ကြားနေ ဂိုဏ်းခေါင်းဆောင်အဖြစ် ရပ်တည်နိုင်ရန်ကြိုးပမ်းခဲ့သူ ဖြစ်သည်။ သို့သော် နောက်ပိုင်းတွင် အမေရိကန် ပြည်ထောင်စု၏ စစ်ရေး၊ စီးပွားရေး အကူအညီများအပေါ် မှီခိုလာရပြီး အင်ဒိုချိုင်းနားဒေသ၌ အမေရိကန်တို့ ထိုးစစ် ဆင် လာသောအခါ လက်ယာမဟာမိတ်အဖြစ် ရပ်တည်ရာရောက်သော ဆက်ဆံမှုများ ပြုလုပ်ခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် ပသက်လောတို့ အာဏာရ၍ လောနိုင်ငံဘုရင် သီရိဆာဗန် ဝတ်သန္ဓ နန်းစွန့်ရသောအခါ သုဝဏ္ဏဖူမာလည်း ဝန်ကြီးချုပ် ရာထူးကို လက်လွှတ်ရသည်။ သို့သော် ၁၉၇၆ ခုနှစ်မှ ကွယ်လွန်သည်ထိ အစိုးရအကြံပေးပုဂ္ဂိုလ်အဖြစ် တာဝန်ယူခဲ့သည်။


သုဝဏ္ဏဖူမာမင်းသားသည် ၁၉၈၄ ခုနှစ် ဇန္နဝါရီလ ၉ ရက်နေ့က ဗီယင်ကျန်းမြို့၌ ကွယ်လွန်သည်။

**သက်လယ်၊ ဒါရိုက်တာ** (ခရစ် ၁၉၂၀–၁၉၈၄)။ ။ စာရေးဆရာနှင့် ရုပ်ရှင်ဒါရိုက်တာ ဦးသက်လယ်ကို ၁၉၂၀ ပြည့်နှစ်၊ ဇွန်လ ၉ ရက်နေ့တွင် ကျောက်ဆည်ခရိုင် ကူမဲမြို့၌ အဖ အမိန့်တော်ရ ရွှေနေကြီး ဦးသိန်းလှနှင့် အမိ ဒေါ်ချယ်တို့က မွေးဖွားသည်။

ကူမဲမြို့နှင့် မြစ်သားမြို့တို့တွင် ပညာသင်ကြားခဲ့ပြီးနောက် မန္တလေးမြို့ဗဟိုအမျိုးသားကျောင်း၌ ဆက်လက် ပညာသင်ကြားရာ ၁၀ တန်းအောင်မြင်သည်။ ၁၉၄၁–၄၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ ရောက်ခဲ့ပြီး ဥပစာ(ခ) တန်းအထိ တက်ရောက်ပညာသင်ကြားခဲ့သည်။ ထို့နောက် တွင် အင်္ဂလိပ်နယ်ခြဲဆန့်ကျင်ရေး မြေအောက်လှုပ်ရှားမှုများကို ပြုလုပ်ခဲ့သည်။

ဆရာကြီး ဦးရာဇတ်၊ ဦးသိန်းဖေမြင့် စသူတို့၏ တိုက်တွန်းချက်ဖြင့် ဗမာ့လွတ်လပ်ရေးတပ်မတော်သို့ ဝင်ရောက် တာဝန်ထမ်းဆောင်လျက် ကျောက်ဆည်ခရိုင် တော်မိုင်း၊ ကူမဲ၊ မြစ်သားနယ်များ၌ တော်လှန်ရေးတာဝန်များ ယူခဲ့သည်။ ၁၉၄၅ ခုနှစ်တွင် ဗြိတိသျှတပ်များ ဝင်ရောက်လာသောအခါ တံတားချိုးမှုနှင့် နယ်ခြဲတော်လှန်ရေး လုပ်မှုတို့ကြောင့် ထောင်ချခံခဲ့ရသည်။

၁၉၄၆ ခုနှစ် ဖ-ဆ-ပ-လ အစိုးရတက်ချိန်တွင် ဝန်ကြီး ဦးရာဇတ်က ခေါ်ယူသဖြင့် ပြန်ကြားရေးဌာနတွင် ခရိုင်ပြန်ကြားရေး အရာရှိအဖြစ် အမှုထမ်းခဲ့သည်။ ထို



စာရေးဆရာနှင့် ရုပ်ရှင်ဒါရိုက်တာ သက်လယ်

အချိန်မှာပင် သက်လယ် အမည်ဖြင့် စာပေလောကသို့ ဝင်ရောက်ခဲ့သည်။

၁၉၄၈ ခုနှစ်တွင် အစိုးရရုပ်ရှင်နှင့်ပြဇာတ်ဌာနဖွင့်သော အခါ ဝါသနာအရ ထိုဌာနသို့ ကူးပြောင်း အမှုထမ်းယင်း စာရေးဆရာဒါရိုက်တာ ဦးဉာဏထံ၌ ရုပ်ရှင်ဇာတ်ညွှန်းနှင့် ဒါရိုက်တာ ပညာရပ်များကို ဆည်းပူးခဲ့သည်။ ရုပ်ရှင် ဇာတ်ညွှန်းနှင့် ပြဇာတ် များ ကို လည်း စတင် ရေးသား လာခဲ့သည်။

၁၉၅၃ ခုနှစ်တွင် ဦးသက်လယ်အား ပြန်ကြားရေး ဌာနက ပြန်လည်ခေါ်ယူ၍ ခရိုင်ပြန်ကြားရေး ပြည်သူ့ ဆက်ဆံရေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်စေခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် ဒီမိုကရေစီ ဒေသန္တရ အုပ်ချုပ်ရေးနှင့် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး ဝန်ကြီးဌာနတွင် လက် ထောက်အမှုဆောင်အရာရှိအဖြစ် ပြောင်းရွှေ့ အမှုထမ်းခဲ့ သည်။ ဦးသက်လယ်သည် ထိုအချိန်တွင် စာပေရေးသား ခြင်း၊ ဇာတ်ညွှန်းရေးသားခြင်းများ၌ အောင်မြင်မှုရရှိ လာ၍ ရာထူးမှနုတ်ထွက်ပြီး စာပေနှင့် ရုပ်ရှင်လောကသို့ ခြေစုံပစ်ဝင်ခဲ့သည်။

၁၉၆၀ ခုနှစ် ရုပ်ရှင်နှိုးနှောဖလှယ်ပွဲကြိုး အောင်မြင်စွာ ကျင်း ပ နိုင် ရေး အ တွက် ဗ ဟို ကော် မ တီ ဝင် အ ဖြစ် လည်း ကောင်း၊ ကောင် စီ ဦး စီး အ မှု ဆောင် အ ဖြစ် လည်းကောင်း တာဝန်ယူဆောင်ရွက်ခဲ့သည်။ ၁၉၇၇ ခုနှစ် တွင် ရုပ်ရှင်ကောင်စီ စည်းရုံးရေးကော်မတီဖွဲ့စည်းပြီးသော အခါ ထုတ်လုပ်ပြသ ဆပ်ကော်မတီနှင့် သတင်းပြန်ကြား

## သန်းကြွယ်၊ ဦး(ကာတွန်း)

ဆပ်ကော်မတီများ၌ တာဝန်ယူခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် ရုပ်ရှင်ကောင်စီ စည်းရုံးရေးကော်မတီဝင်အဖြစ် အချိန်ပြည့် တာဝန်ယူခဲ့သည်။

၁၉၈၄ ခုနှစ်တွင် ဖွင့်လှစ်သော ရုပ်ရှင်သရုပ်ဆောင် သင်တန်းနှင့် အခြေခံ ဒါရိုက်တာ သင်တန်းများတွင် သင်တန်း ကော်မတီဝင်အဖြစ် လည်းကောင်း၊ သင်တန်း ပို့ချဆရာအဖြစ်လည်းကောင်း ကွယ်လွန်ချိန်အထိ တာဝန် ယူခဲ့သည်။

ဦးသက်လယ်သည် ဆုံးတသက်တိုင်၊ သက်လယ်၏ ဝတ္ထုတိုများစသည့် လုံးချင်းဝတ္ထုများကို လည်းကောင်း၊ တပါးကျွန်၊ ဝဏ္ဏကျော်ထင် ဦးမင်းဒင်စသော ရုပ်ရှင်ဝတ္ထု များကိုလည်းကောင်း၊ မဂ္ဂဇင်းများတွင် ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဘာသာပြန်များကိုလည်းကောင်း ရေးသားခဲ့သည်။ ရုပ်ရှင် ဇာတ်ကားပေါင်း ၁၅ ကားခန့် ဒါရိုက်တာအဖြစ် ရိုက်ကူး ခဲ့ပြီး ရိုက်ကူးခဲ့သော ဇာတ်ကားများအနက် သီတာပြုံး ဇာတ်ကားတွင် ဗိုလ်ဗကိုသည် ရုပ်ရှင်ထူးချွန်ဆု၊ အကယ် ဒမီ ရရှိခဲ့သည်။

ဒါရိုက်တာ သက်လယ်သည် ၁၉၈၄ ခုနှစ် စက်တင် ဘာလ ၂၇ ရက်နေ့တွင် ရန်ကုန်မြို့တွင် ကွယ်လွန်သည်။ ဇနီး ဒေါ်မြင့်မြင့်နှင့် သားသမီး ၁၀ ယောက်ကျန်ရစ်သည်။

## သန်းကြွယ်၊ ဦး(ကာတွန်း) (ခရစ် ၁၉၂၃ – ၁၉၈၄)

။ ။နာမည်ကျော် ကာတွန်းဆရာ ဦး သန်း ကြွယ် ကို ၁၉၂၃ ခုနှစ် ဇန္နဝါရီလ ၁၉ ရက်နေ့တွင် ရန်ကုန်တိုင်း လှည်း ကူးမြို့၌အဖဦးဖိုးကြားနှင့်အမိဒေါ်ရှင်တို့က မွေးဖွားသည်။

သံလျင်မြို့ မက်သဒစ် အထက်တန်းကျောင်းတွင် ခေတ် ပညာသင်သည်။ ဦးသန်းကြွယ်သည် ပန်းချီနှင့် ကာတွန်း ပညာကို သင်ဆရာမရှိပဲ မြင်ဆရာများဖြင့် တတ်မြောက် ခဲ့သည်။ ငယ်စဉ်က ပန်းချီဦးဘဉာဏ်နှင့် ပန်းချီဦးဘလုံတို့ ၏ ပန်းချီကားများကို အထူးနှစ်သက်၍ ကူးယူရေးဆွဲ လေ့ကျင့်ခဲ့သည်။ ထို့နောက် သံလျင် ဦးမြဦးရေးသော အနု ပညာ ဆောင်းပါးများအတွက် သရုပ်ဖော်ပုံများ ရေးဆွဲ ခဲ့သည်။ ကာတွန်းဦးဘကြမ်း၏ ကာတွန်းများကို ကူးယူ ရေးဆွဲလေ့ကျင့်ခြင်းဖြင့် ကာတွန်း ဆွဲတတ် လာသည်။ ဦးသန်းကြွယ်၏ အစောပိုင်းကာတွန်း လက်ရာ များသည် ဦးဘကြမ်း၏ ဩဇာ လွှမ်းမိုးခဲ့သော်လည်း နောင်တွင် ဦးသန်းကြွယ်၏ ကိုယ်ပိုင်ဟန်ထွက်ပေါ်လာသည်။

ဦးသန်းကြွယ်သည် ၁၉၅၃ ခုနှစ်တွင် ဟံသာဝတီ သတင်းစာ၌ နိုင်ငံရေးကာတွန်းကို စတင် ရေးဆွဲသည်။ ထို့နောက် မြန်မာ့အလင်း၊ ဗမာ့ခေတ်၊ ပြည်ထောင်စု၊ ပြည်တော်စိုး၊ မီးဒုတ်စသော သတင်းစာများတွင် နိုင်ငံ ရေးကာတွန်းများ ဆက်လက် ရေးဆွဲခဲ့သည်။ နိုင်ငံရေး



ကာတွန်း ဦးသန်းကြွယ်

ကာတွန်းများ ရေးဆွဲယင်း သွေးသောက်၊ ရှုမဝ၊ မြဝတီ၊ ဌေတာရီ စသော မဂ္ဂဇင်းများနှင့် ကလေးဂျာနယ်တို့တွင် ရယ်ရွှင်ဖွယ်နှင့် ပညာပေး ကာတွန်းများ ရေးဆွဲသည်။ သတင်းစာကာတွန်း၊ မဂ္ဂဇင်းကာတွန်းများအပြင် ရုပ်ပြစာစောင်၊ ရုပ်ပြလုံးချင်းဝတ္ထု များ တွင်လည်း ရုပ်ပြကာတွန်း အမြောက်အမြား ရေးဆွဲခဲ့သည်။

ဦးသန်းကြွယ်သည် ရုပ်ပြကာတွန်းလောကတွင်လည်း အောင်မြင်ထင်ရှားသူတဦးဖြစ်သည်။ ဦးတာတီး၊ဒေဝေါနှင့် ဖိုးဝအပါအဝင် ကာတွန်းဇာတ်ကောင် ၃၀ ခန့် ဖန်တီးခဲ့သည်။ စာပေဗိမာန်မှထုတ်ဝေသောရွှေသွေးစာစောင်တွင် မျက်နှာဖုံးဇာတ်လမ်းအပါအဝင်ကာတွန်းပုံများကို ပင်တိုင်ရေးဆွဲခဲ့သည်။ မြန်မာ့ရိုးရာ ပန်းပညာရှင်များ စည်းရုံးရေးကော်မတီက ထုတ်ဝေသော လှုပစာစောင်တွင်လည်း ကာတွန်းများကို ပင်တိုင်ရေးဆွဲသည်။

ဦးသန်းကြွယ်သည် ၎င်း၏ ကာတွန်းဇာတ်ကောင် ဖိုးဝပါဝင်သော ကာတွန်း ရုပ်ရှင်ကားကို ၁၉၆၆ ခုနှစ်တွင် အောင်မြင်စွာ ရေးဆွဲ ရိုက်ကူးနိုင်ခဲ့သည်။ ယင်းကာတွန်းရုပ်ရှင်ကားကို ရုံတင်ရန် ကုမ္ပဏီတခုနှင့်စီစဉ်ခဲ့သော်လည်း အကြောင်းမညီညွတ်သဖြင့် ရုံမတင်နိုင်ခဲ့ချေ။

ပင် ကို စိတ် ကူး ဉာဏ် ကောင်း ၍ ကာတွန်းလက်ရာပြောင်မြောက်သဖြင့် ဦးသန်းကြွယ်၏ ကာတွန်းများကို လူကြီး လူငယ်မရွေး နှစ်သက်ကြသည်။ ဦးသန်းကြွယ်သည် အထူးသဖြင့် ကလေးသူငယ်များ၏ အချစ်တော် ကာတွန်းဆရာကြီးဖြစ်သည်။

ဦးသန်းကြွယ်သည်တေးဂီတကိုလည်းဝါသနာ ပါသည်။ ရန်ကုန်ပန်တျာကျောင်းအုပ်ကြီးဟောင်း သံလျင်ဦးမြဦးနှင့် စောင်းဆရာကြီး ဦးထွန်းဖေတို့ ထံတွင် ဂီတပညာကို ဆည်းပူးခဲ့သည်။ မြန်မာ့စောင်းကောက်ကို ကောင်းစွာ



တီးနိုင်သည်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးနေ့ တေးဂီတပြိုင်ပွဲတွင် အဆိုပထမ ရွှေတံဆိပ်ဆု ရခဲ့ဖူးသည်။

ဦးသန်းကြွယ်သည် လူပျိုကြီးဘဝနှင့် ၁၉၇၄ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့တွင် သံလျင်မြို့နေအိမ်၌ ကွယ်လွန်သည်။

**သန်းလှိုင်၊ ကို (အဆိုကျော်)** (ခ ရစ် ၁၉၃၅–၁၉၇၃)။ ။အဆိုကျော် ကိုသန်းလှိုင်ကို ၁၉၃၅ ခုနှစ် မတ်လ ၅ ရက်နေ့တွင် ရောဝတီတိုင်း ဒေးဒရဲမြို့၌ အဖ ဦးရွှေလင်း၊ အမိ ဒေါ်စောဥတို့က မွေးဖွားသည်။

ရန်ကုန်မြို့ မက်သဒစ် အထက်တန်းကျောင်း (အထက ၁၊ ဒဂုံ)နှင့် စိန်ဂျန်းဒိုင်အို ယောကျ်ားကလေးကျောင်း (အထက ၂၊ လမ်းမတော်)တို့တွင် စတင်ပညာသင်ကြားခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် ရန်ကုန် တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။

ထို့နောက် ပြည်သူ့ဝန်ဆောင်ဌာနတွင် မန်နေဂျာ၊ ပြည်သူ့အိုးအိမ်အဖွဲ့တွင် ခရိုင်စာရင်းကိုင်၊ မီးရထား အုပ်ချုပ်ရေးအဖွဲ့တွင် အလုပ်ကြပ်(ဝန်ဆောင်ရင်း)စသည်ဖြင့် ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၇၁ ခုနှစ်မှစ၍ အနုပညာဦးစီးဌာန သုတေသနနှင့် လေ့ကျင့်ရေးဌာနခွဲတွင် သုတေသနမှူး(ဂီတ) အဖြစ် တာဝန် ထမ်းဆောင်ခဲ့ရာ ကွယ်လွန်ချိန်အထိ ဖြစ်သည်။ အနုပညာဦးစီးဌာနတွင် တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း ၁၉၇၂ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့မှ အောက်တိုဘာလ ၁၈ ရက်နေ့အထိ ဆိုဗီယက်ပြည်ထောင်စုနှင့် ဂျာမန်ဒီမိုကရက်တစ် သမ္မတနိုင်ငံများသို့ ယဉ်ကျေးမှု မစ်ရှင်အဖွဲ့နှင့် လည်းကောင်း၊ ၁၉၇၇ ခုနှစ် ဇန္နဝါရီလ၌ ဂျပန်နိုင်ငံ တိုက်ို



ကိုသန်းလှိုင် (အဆိုကျော်)

မြို့တွင် ပြုလုပ်သော အာရှတေးဂီတဆိုင်ရာ ပညာပေး အချက်အလက်များ ပူးပေါင်းထုတ်လုပ်မည့် ကျွမ်းကျင်သူများ တတိယအကြိမ် အစည်းအဝေးသို့ လည်းကောင်း သွားရောက်ခဲ့သည်။

ကိုသန်းလှိုင်သည် ဂီတအနုပညာတွင် ဝါသနာထုံသည့်နှင့်အညီ တေးရေးတေးဆိုခဲ့ရာ ၁၉၅၃ ခုနှစ်မှစ၍ အဆိုကျော် ကိုသန်းလှိုင်အဖြစ်ဂီတလောကတွင်တစတစ အောင်မြင်ကျော်ကြားလာခဲ့သည်။ မလွမ်းသော မျက်ရည်၊ဥဿာလှိုင် ထိပ်ထား၊ မေတ္တာကမ္ဘာမခြားလို၊ တဆောင်းသစ်ပြန်ပြီ၊ စကားပြောကောင်းတဲ့ မသည်းအူ၊ သည်နွေမိုးဆောင်းပြောင်းသော်လည်း၊ ကံ့ကော်မြိုင်တန်း၊ လှယမင်းနှင့် တွေ့ဆုံခြင်း၊ မေတ္တာဘုံက ပုံပြင်သက်ထား၊ တဝက်မေတ္တာစသော သီချင်းများသည် ကိုသန်းလှိုင် သီဆို ခဲ့သော သီချင်းများအနက်ကျော်ကြားသည့်သီချင်းများဖြစ်သည်။

ကိုသန်းလှိုင်သည် ဂီတနယ်တွင် တေးရေးတေးဆိုခြင်းသာမက စာပေနယ်တွင် လှိုင်မြင့်သန်း ကလောင်အမည်ဖြင့် ဂီတ ဆောင်းပါးများ၊ သုတရသဆောင်းပါးများနှင့် ဘာသာပြန်များကို ရေးသားခဲ့သည်။

အဆိုကျော် ကိုသန်းလှိုင်သည် ၁၉၈၃ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

## သိမ်း၊ ဦး (တိုးတက်ရေး၊–) (ခရစ် ၁၉၁၆ – ၁၉၈၄)

။ ။တိုးတက်ရေးဦးသိမ်းဟု ထင်ရှားသော သတင်းစာဆရာ၊ စာရေးဆရာနှင့် ကိုလိုနီခေတ် သခင်အဖွဲ့ဝင်တဦးဖြစ်သူ ဦးသိမ်းကို ၁၉၁၆ ခုနှစ် နိုဝင်ဘာလ ၅ ရက်နေ့တွင် ပဲခူးတိုင်း၊ ရွှေကျင်မြို့နယ်၊ ကွမ်းဆိပ်ရွာ၌ အဖ ဦးအုံးသင်နှင့် အမိ ဒေါ်ဖွားတင်တို့က မွေးဖွားသည်။

ဦးသိမ်းသည် ၁၉၃၂–၃၃ ခုနှစ်တွင် ၁၀ တန်းအောင်မြင်ပြီး နယူးဘားမား အင်္ဂလိပ် သတင်းစာတွင် အယ်ဒီတာအဖွဲ့ဝင်အဖြစ် စတင်လုပ်ကိုင်သည်။ ထို့နောက် သခင်အဖွဲ့သို့ဝင်၍ သခင်အမည် ခံယူခဲ့သည်။ ဦးသိမ်းသည် နယူးဘားမား အင်္ဂလိပ် သတင်းစာမှ ဦးထွန်းသန်း ဦးစီးသောတို့တက်ရေးမဂ္ဂဇင်းနှင့် တိုးတက်ရေးသတင်းစာတို့ကိုသို့ ရွှေပြောင်း၍ တာဝန်ခံ အယ်ဒီတာ အဖြစ်ဆောင်ရွက်ယင်း နယ်ခွဲဆန့်ကျင်ရေး၊ တိုင်းချစ် ပြည်ချစ်စိတ်ထက်သန်ရေးများကို လှုံ့ဆော်ရေးသားခဲ့ရာ တိုးတက်ရေးဦးသိမ်းဟူသော အမည် ရရှိခဲ့သည်။

တိုးတက်ရေး ဦးသိမ်းသည် ရေနံမြေ သပိတ်တပ်ကြီးရန်ကုန်မြို့သို့ ချီတက်ခဲ့သော ၁၃၀၀ ပြည့် အရေးတော်ပုံအောင်မြင်ရေးကို ဆယ်သန်း တက္ကသိုလ် ဆုမြှင့်၊ မြန်မာ့အလင်း ဦးချစ်မောင်၊ တက်ဘုန်းကြီး သိန်းဖေ (သိန်းဖေမြင့်) တို့နှစ်အတူ တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

၁၉၄၀ ပြည့်နှစ်တွင် အရှေ့တိုင်းပြဿနာ စာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။ ထိုစာအုပ်သည် ကမ္ဘာ့အခြေအနေ မြန်မာ့အခြေအနေများကို တင်ပြ၍ ပြည်သူလူထုအတွင်း နယ်ခွဲဆန့်ကျင်ရေး စိတ်ဓာတ်များ ပေါ်ပေါက်စေရန် သွေးထိုးလှုံဆော် ရေးသားထားသော စာအုပ်ဖြစ်သဖြင့် ဦးသိမ်းအား ဗြိတိသျှကိုလိုနီ အစိုးရက သတိပေးခြိမ်းခြောက်ခဲ့သည်။



တိုးတက်ရေး ဦးသိမ်း

တိုးတက်ရေး ဦးသိမ်းသည် ဖက်ဆစ် တော်လှန်ရေးတွင် တိုင်းလေးဌာ တာဝန်ယူခဲ့သည်။ ပြည်သူ့စစ်ဥက္ကဋ္ဌ၊ နိုင်ငံရေးမှူးနှင့် ဒေထွေထွေဌာနကြီးမှူးအဖြစ်လည်း ဆောင်ရွက်ခဲ့သည်။ ဖက်ဆစ်တော်လှန်ရေးအပြီးတွင် အင်္ဂလိပ်အစိုးရ၏ ဆင်းမလာစာရင်းဝင် နိုင်ငံရေးသမားအဖြစ် ဝရမ်းထုတ်ခြင်းကို ခံခဲ့ရသည်။

ထို့နောက် စစ်ကြီးအပြီးတွင် ဦးသိမ်းသည် အာရှလူငယ်အစည်းအရုံးကို နာမည်ပြောင်းထားသော ဗမာနိုင်ငံလုံးဆိုင်ရာ လူငယ်များ အစည်းအရုံး၏ အဖွဲ့ခဲ့ သိမ်ဖြူတိုက်နယ် ဥက္ကဋ္ဌနှင့် ရန်ကုန်ခရိုင် ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

တိုးဘက်ရေးဦးသိမ်းသည် ၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးအစိုးရက ချီးမြှင့်သော လွတ်လပ်ရေး မော်ကွန်းဝင် (ပထမဆင့်) ကို ရရှိသည်။ ၁၉၇၀ ပြည့်နှစ်တွင် နှစ် ၅၀ မြောက် အမျိုးသားနေ့ ရွှေရတုသဘင်ကျင်းပရာ ကျင်းပရေး ဗဟိုကော်မတီ အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ ဆော်သြရေးမှူးအဖြစ်လည်းကောင်း ဆောင်ရွက် သည်။ ၁၉၇၃ ခုနှစ်တွင် ကုန်သွယ်ရေး ဝန်ကြီးဌာန၊ ကော်မတီ အဖွဲ့ဝင်အဖြစ် ထမ်း ဆောင် သည်။ ၁၉၇၇ ခု နှစ် တွင် တာဝန်မှ အငြိမ်းစားယူခဲ့သည်။

တိုးတက်ရေးဦးသိမ်းသည် ၁၉၀၄ ခုနှစ် မေလ ၃ ရက် နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်မမလေး ( လွတ်လပ်ရေး မော်ကွန်းဝင် တတိယ ဆင့် ) နှင့် သားသမီးလေးယောက် ကျန်ရစ်သည်။

**ဟဲလမင်း, လီလီယန်** (ခရစ် ၁၉၀၅ – ၁၉၀၄) ။ ။ အမေရိကန်နိုင်ငံ၏ ထင်ရှားသော ပြဇာတ် စာရေးဆရာမ လီလီယန် ဟဲလမင်းကို ၁၉၀၅ ခုနှစ် ဇွန်လ ၂၀ ရက်နေ့တွင် လူဝီဇီယန္နားပြည်နယ် နယူးအောလင်းမြို့၌ မွေးဖွားသည်။ ငယ်စဉ်က နယူးယောက်မြို့ရှိ အစိုးရကျောင်းများတွင်လည်းကောင်း၊ နယူးယောက် တက္ကသိုလ်နှင့် ကိုလံဗီယာတက္ကသိုလ်တို့တွင် လည်းကောင်း ပညာ ဆည်း ပူး ခဲ့သည်။ အသက် ၂၀ အရွယ်တွင် ပြဇာတ် စာရေးဆရာ အာသာကိုဘာနှင့် အိမ်ထောင်ပြုပြီး ၁၉၃၂ တွင် ကွာရှင်း ပြတ်စဲခဲ့သည်။ ထို့နောက် လျှို့ဝှက်သဲဖို့ စာရေးဆရာ ဒက်ရှီး ဟမ္မက် (၁၈၉၄–၁၉၆၁) နှင့် အတူနေထိုင်ကာ စာပေများရေးသားနေခဲ့သည်။

ဟဲလမင်းသည် ၁၉၂၅ ခုနှစ်မှ ၁၉၂၈ ခုနှစ်အထိ နယူးယောက်မြို့ ဟရဲထရီပြန်း သတင်းစာတွင် စာပေဝေဖန်ရေး ဆောင်းပါးများရေးသားသည်။ ၁၉၂၇ ခုနှစ်မှ ၁၉၃၀ ပြည့်နှစ်အထိ ပုံနှိပ်ကိုယ်စားလှယ်နှင့် ပြဇာတ် စာပြင် အဖြစ် အသက်မွေးသည်။ ၁၉၃၄ ခုနှစ်တွင် ကလေးများတွက် အချိန်တာ ပြဇာတ်ကို ပထမဆုံးရေးသားသည်။ ဆိုးသွမ်းသော ကလေးတယောက် နှင့် ကျောင်းဆရာ နှစ်ယောက် အကြောင်းကို ကျောရိုးပြု ရေးဖွဲ့ထားသော ယင်း ပြဇာတ်ဖြင့်ပင် ဘရော့ဝေး ပြဇာတ်လောကတွင် အောင်မြင်မှု ရသည်။ ဟဲလမင်းသည် လူသား တို့ တွင် ဆင်ခြင်တုံတရား အားနည်းသောအခါ အဆိုးတရားများသည် အသွင် အမျိုးမျိုးဖြင့် ပေါ်ပေါက် လာ တတ် ပုံ ကို အများဆုံးရေးဖွဲ့သည်။ ၁၉၃၆ ခုနှစ်တွင် ရောက်လာတော့မည့် နွေရက်များ ပြဇာတ်ကို ရေးသား တင်ဆက်သည်။ အကြင် နာ တရား ခေါင်းပါးသော မိသားစု တစုသည် မိတ်ဆွေအပေါင်းအသင်း တမြို့တည်းသားချင်းတို့ အပေါ် ခေါင်းပုံဖြတ်ရာမှအချင်းချင်းပင် ကတုံးပေါ် ထိပ်ကွက်ကျင့် ကြံတတ်လာပုံကို မြေခွေးငယ်များပြဇာတ် (၁၉၃၉) တွင် သရုပ်ဖော် ရေးသားသည်။ ဗာဆေးစာချုပ်အပေါ် မကျေမချမ်း ဖြစ်နေသော ဖက်ဆစ်ဂျာမန်တို့သည် စိတ်ချမထား နိုင်လောက်အောင် အတွင်္ကလွန်ကဲကြောင်းကို ၁၉၄၁ ခုနှစ်တွင် ရိုင်းမြစ်ကမ်းမှာစောင့်ကြည့်ပါပြဇာတ်ဖြင့် သရုပ်ဖော် တင်ဆက်ရာ လူကြိုက်များလှသည်။ တောကြီးမျက်မည်းတနေရာ ( ၁၉၄၆ )၊ ဆောင်းကုန် နွေဝင် ပန်းဥယျာဉ် (၁၉၅၂)၊ ထပ်ခိုးဆောင်ထဲကအရုပ်များ(၁၉၆၀)ပြဇာတ် များလည်း ထင်ရှားသည်။ဆောင်းကုန်နွေဝင် ပန်းဥယျာဉ်သည် ရုရှ ပြဇာတ် စာရေး ဆရာ အင် တန် ချက် ကော့ ( ၁၈၆၀ – ၁၉၀၄ ) ၏ ဟန်မျိုးတွင်လည်း ကျမ်းကျင်လိမ္မာကြောင်း အစုမ်းပြသော ပြဇာတ် ဖြစ်သည်။

ဟဲလမင်းသည် ပြင်သစ်ပြဇာတ်စာရေးဆရာ လူဝီယန်း ပီရဲအန်နိုး ၁၉၅၃ ခုနှစ်တွင်ရေးသားသော မိုးစွေ့ဂက် ပြဇာတ်ကို ၁၉၅၅ ခုနှစ်တွင် အမေရိကန်မှုပြု၍ တင်ဆက်ရာ အောင်မြင်သည်။ ဗောလတဲယား (၁၆၉၄ – ၁၇၇၈)၏ ကင်ဒစ်ဒီ စာပြောင် ပြဇာတ်ကို ဟဲလမင်းသည် အမေရိကန် တီးဝိုင်းခေါင်းဆောင် ဘီချင်းရေး ဆရာနှင့် စန္ဒရား ပညာရှင် လီယိုနက်ဘန်းစတိုင်း၊ အမေရိကန်ကဗျာဆရာ နှင့် ပါမောက္ခ ရစ်ချတ်ဝီလဘာတို့နှင့်အတူ အော်ပရာဂီတ ဇာတ်မြူးအဖြစ် ဖန်တီးတင်ဆက်ခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ဘတ် ဘလက်ချမင်း၏ ဘယ်လောက်လဲ ဝတ္ထုကို ဆီလျော်အောင် ပြင်ဆင်၍ မေမေ၊ ဖေဖေ နှင့်ကျွန်မ ပြဇာတ်ကို ရေးသားသည်။ အင်တန်ချက်ကော့၏ လက်ရွေးစင် စာစုနှင့် ချစ်သူ ဒက်ရှီးဟမ္မက်၏ သဘစ်နော့ကိုဗာ ဝတ္ထုတို့ ပေါင်းချုပ် တို့ကို တည်းဖြတ်ခဲ့သည်။ ဘဝအတွေ့အကြုံ မှတ်တမ်းအဖြစ် ၁၉၆၉ ခုနှစ်တွင် အင် အန်ဖင်းနစ် ဝူးမင်း စာအုပ် သုံးတွဲကို ရေး သား ထုတ် ဝေ ခဲ့ သည်။ ခေတ်ဆိုး အမည်ရှိ သမိုင်းရေးရာ စာအုပ်တအုပ်ကို ၁၉၇၆ ခုနှစ်တွင် ရေးသားခဲ့သည်။

လီလီယန် ဟဲလမင်းသည် ဆိုဗီယက် ပြည်ထောင်စုသို့ နှစ်ကြိမ်သွားရောက်လည်ပတ်ခဲ့သည့်အပြင် ၁၉၃၈ ခုနှစ်တွင် စတာလင်၏ လုပ်ဆောင်မှုများကို ထောက်ခံသော ကြေငြာချက်စာတမ်းတစောင်၌ ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။ မကြာမီ ဟောလီဝုတွင် ဇာတ်ညွှန်းရေး ဆရာမ အဖြစ် အသက်မွေးနေစဉ် နာမည်ပျက် စာရင်းသွင်းခံရပြီး



စာရေးဆရာမ လီလီယန် ဟဲလမင်း

အမေရိကန်ပြည်သူမပီသသော လှုပ်ရှားမှုများရေးရာ လွှတ်တော်ကော်မတီက ဆင့်ခေါ်စစ်ဆေးခြင်းခံရသည်။ ယင်းကော်မတီသို့ လီလီယန်၏ပေးစာ (၁၉၅၃) သည် အထူးထင်ရှားသည်။

ဤသုံးယောက် (၁၉၃၅)၊ တဘက်ပိတ်လမ်းမြောင် (၁၉၃၇)၊ ဥတ္တရကြယ် (၁၉၃၃) တို့သည် လီလီယန် ဟဲလမင်း၏ ပဲ့ဦးထွက် ရုပ်ရှင်ဇာတ် ညွှန်း များ ဖြစ်သည်။ ၁၉၃၃ ခုနှစ် အတွင်း ရေးသားသော ပင်တီမင်တို့ကို ၁၉၃၃ ခုနှစ်တွင် ဂျူလီယာ အမည်ရှိ ရုပ်ရှင်ကား ဖန်တီးရာ အောင်မြင်သည်။

အမေရိကန်အမျိုးသား အနုပညာနှင့် စာပေဆိုင်ရာ ပညာတံခွန်အသင်းကြီးသည် ၁၉၆၄ ခုနှစ်တွင် လီလီယန် ဟဲလမင်းအား ပြဇာတ်ဂုဏ်ထူးဆောင် ရွှေတံဆိပ်ဆု ချီးမြှင့်ခဲ့သည်။

မတရားမှု၊ ခေါင်းပုံဖြတ်မှုနှင့် အတွစိတ်လွန်ကဲမှု တို့ကို အနုပညာဖြင့် ခါးခါးသီးသီး ပြင်းပြင်းထန်ထန် တိုက်ခိုက်ရှုတ်ချခဲ့သူ ပြဇာတ် စာရေးဆရာမကြီး လီလီယန် ဟဲလမင်းသည် ၁၉၇၄ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် မက်ဆချူးဆက် ပြည်နယ် အုတ်ခ်ဘလတ်ဖ်မြို့၌ နှလုံးရောဂါဖြင့် ကွယ်လွန်သည်။

**ဟုတ်စိန်၊ ဦး** (ခရစ် ၁၈၉၀ – ၁၉၇၄)။ ။အဘိဓာန် ကျမ်းပြုဆရာကြီး အယ်လ်ဟုတ်စိန်ခေါ် ဦးဟုတ် စိန် ကို ၁၈၉၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ပုသိမ်မြို့၌ အဖ ဦးဘွန်ဖောင်နှင့် အမိဒေါ်ကြင်မှုတို့က မွေးဖွားသည်။

ရန်ကုန်မြို့ ၂၁ လမ်းရှိ အစိုးရအထောက်အပံ့ခံ ဆရာဦးဘိုးအေး၏ မူလတန်း မြန်မာစာသင်ကျောင်း၊ ကျုံးကြီးလမ်းရှိ အင်္ဂလိပ် - မြန်မာ စာသင်ကျောင်းများတွင် စတင် ပညာသင်သည်။ ထို့နောက် စိန်ပေါကျောင်း၌ ဆက်လက် ပညာဆည်းပူးခဲ့ရာ အလယ်တန်း စကောလားရှစ်စာမေးပွဲကို မြန်မာတပြည်လုံးတွင် ပထမစွဲ၍ အောင်မြင်သည်။

၁၉၀၉ ခုနှစ်တွင် ထိုအချိန်က ဘင်္ဂလားတန်း စာမေးပွဲဟုခေါ်သော ၁၀ တန်းစာမေးပွဲကို မြန်မာတပြည်လုံး၌ ပထမစွဲ၍ အောင်မြင်ခဲ့ပြန်သည်။ ထို့နောက် ရန်ကုန် ကောလိပ်၊ ကာလကတ္တားတက္ကသိုလ်တို့တွင် ပညာသင်ဆု ရရှိလျက် ဆက်လက် ပညာသင်ခဲ့သည်။ ၁၉၁၃ ခုနှစ်တွင် ကာလကတ္တား တက္ကသိုလ်မှ ဘီအေကို အင်္ဂလိပ်ဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်သည်။

၁၉၁၃ ခုနှစ်မှ ၁၉၁၆ ခုနှစ်အထိ အလုံနှစ်ခြင်း ဟိုက်စကူးကျောင်းနှင့် နှစ်ခြင်းကောလိပ်တို့တွင် ပါဠိနှင့် မြန်မာဆရာအဖြစ် လုပ်ကိုင်ခဲ့သည်။ ၁၉၁၇ ခုနှစ်တွင် အောက်



အဘိဓာန် ကျမ်းပြုဆရာကြီး ဦးဟုတ်စိန်


မြန်မာပြည် တရားရုံး၌ စာရင်းကိုင်အဖြစ် ဆောင်ရွက်ခဲ့ပြီး ၁၉၁၈ ခုနှစ်တွင် လက်ထောက်အတွင်းဝန် ဖြစ်လာသည်။

၁၉၂၀ ပြည့်နှစ်တွင် အောက်မြန်မာပြည် တရားရုံးကြီးကို မြန်မာပြည် တရားလွှတ်တော်ချုပ်အဖြစ် ပြောင်းလဲချိန်တွင် ဘီအယ်လ်အောင်ခဲ့ပြီး ဒုတိယအတွင်းဝန် – ၂၊ ဒုတိယအတွင်းဝန် – ၁၊ ထို့နောက် မူလအတွင်းဝန်အထိ အဆင့်ဆင့် ရာထူးတိုးတက် လုပ်ကိုင်ခဲ့ရသည်။

၁၉၄၆ ခုနှစ်တွင် အငြိမ်းစားယူ၍ တရားလွှတ်တော် ရွှေနေကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။ ရွှေနေကြီးလုပ်ငန်း ၁၉၄၉ ခုနှစ်မှ ၁၉၅၁ ခုနှစ်အထိ မြန်မာနိုင်ငံတော် အမွေနှင့် ပစ္စည်းထိန်းဝန်အဖြစ် ဆောင်ရွက်သည်။

ဦးဟုတ်စိန်သည် ပဒတ္ထမဥ္ဇူသာ အမည်ရှိ ပါဠိ–မြန်မာ အဘိဓာန်ကို ပြုစုခဲ့သည်။ အဘိဓာန် ပထမပိုင်းကို ၁၉၅၄ ခုနှစ်တွင် လည်းကောင်း၊ ဒုတိယပိုင်းနှင့် တတိယပိုင်းကို ၁၉၅၆ ခုနှစ်တွင်လည်းကောင်း၊ စတုတ္ထပိုင်းကို ၁၉၅၉ ခုနှစ်တွင်လည်းကောင်း ပုံနှိပ်ထုတ်ဝေခဲ့သည်။

ထို့ပြင် ဦးဟုတ်စိန်သည် အများသုံး မြန်မာ–အင်္ဂလိပ် – ပါဠိ အဘိဓာန်ကြီး ပြုစုနိုင်ရန် အတွက် ၁၉၄၇ ခုနှစ်မှစ၍ လိုအပ်သောဝေါဟာရများကို စတင်စုဆောင်းခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် တရားလွှတ်တော် ရွှေနေကြီး အလုပ်ကို လုံးဝရပ်စဲပြီး အဘိဓာန်ကြီးကို အစဉ်တစိုက် ပြုစုခဲ့ရာ ၁၉၇၂ ခုနှစ်တွင် ပြုစုပြီးစီးခဲ့သည်။ ထိုအများသုံး မြန်မာ - အင်္ဂလိပ် - ပါဠိ အဘိဓာန်ကြီးမှာ စာပေလောကအတွက် များစွာ အထောက်အကူ ပြုနိုင်သော ပထမဆုံး ပေါ်ပေါက်ခဲ့သည့် မြန်မာ - အင်္ဂလိပ် - ပါဠိ အဘိဓာန်ကြီး ဖြစ်သည်။




ဒုတိယ အကြိမ်မြောက် ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ လူဦးရေညီလာခံ ကျင်းပနေပုံ

ဦးဟုတ်စိန်နှင့်ဇနီး ဒေါ်မြမေတွင် သားသမီး ခြောက် ယောက် ထွန်းကားခဲ့သည်။

တရားလွှတ်တော် ရှေနေကြီးနှင့် အဘိဓာန် ကျမ်း ပြု ဆရာကြီး ဦးဟုတ်စိန်သည် ၁၉၇၄ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

## အပြည်ပြည်ဆိုင်ရာ လူဦးရေ ညီလာခံ။

။ဒုတိယ အကြိမ်မြောက် ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ လူဦးရေ ညီလာခံကို ၁၉၇၄ ခုနှစ် သြဂုတ်လ ၆ ရက်နေ့မှ ၁၄ ရက် နေ့အထိ မက္ကဆီကိုနိုင်ငံ မက္ကဆီကိုမြို့တော်တွင် ကျင်းပ ခဲ့သည်။ ညီလာခံကို မက္ကဆီကိုနိုင်ငံသမ္မတ မီဂွယ် ဒီလာ မက်ဒရစ် ဟွာတာဒိုက ဖွင့်လှစ်ပေးသည်။ ညီလာခံသို့ နိုင်ငံပေါင်း ၁၄၈ နိုင်ငံမှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂ အထူး အေဂျင်စီများနှင့် အခြား အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ၃၀၀၀ ခန့် တက် ရောက်သည်။ မြန်မာနိုင်ငံမှ ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပေါ်သိမ်း ခေါင်းဆောင် သည့် ကိုယ်စားလှယ်အဖွဲ့လည်း တက်ရောက်ခဲ့သည်။

ရိုမေးနီးယားနိုင်ငံ ဗူခါရက်မြို့တွင် ၁၉၇၄ ခုနှစ် သြဂုတ်လက ကျင်းပခဲ့သော ပထမအကြိမ် ညီလာခံ နောက်ပိုင်းတွင် ပေါ်ပေါက်လာသည့် လူဦးရေဆိုင်ရာ သဘောထားနှင့် ပြဿနာများကို လူဦးရေ လုပ်ငန်းများ ဆိုင်ရာ ကုလသမဂ္ဂ ရန်ပုံငွေအဖွဲ့ (ယူအင်အက်ဖ်ပီအေ) အမှုဆောင်ညွှန်ကြားရေးမှူး ရာဖယ် အမ် ဆာလက်က သုံး သပ်ဆွေးနွေးသည်။ ထို့နောက် ပထမအကြိမ် ညီလာခံက ချမှတ်ခဲ့သော လူဦးရေလုပ်ငန်းဆိုင်ရာ မူဝါဒနှင့်စီမံကိန်းကို မျက်မှောက် ကာလ အခြေအနေနှင့်အညီ ညှိနှိုင်းဖြည့်စွက် ရန်၊ မှုမ်းမံရန်နှင့်တိုးချဲ့ရန် ကိုယ်စားလှယ်များက ဆွေးနွေး သုံးသပ်ကြပြီး ယေဘုယျ မူဝါဒဆိုင်ရာ ကြေငြာချက်ကို လည်းကောင်း၊ ရှေ့ဆက်ဆောင်ရွက်ရန် အသေးစိတ် ထောက်ခံသဘောတူညီချက် ၇၇ ချက် ပါဝင်သော ဆုံးဖြတ်ချက်ကို လည်းကောင်း ချမှတ်နိုင်ခဲ့သည်။

ပဋိသန္ဓေဖျက်ချမှုကို အားပေးသော သို့မဟုတ် ထောက်ခံသော အပြည်ပြည်ဆိုင်ရာ လူဦးရေလုပ်ငန်းစဉ် များနှင့် အေဂျင်စီများကို အမေရိကန်နိုင်ငံက ငွေကြေး ထောက်ပံ့နေရခြင်းမှ ရပ်စဲရန် ရည်ရွယ်ထားကြောင်းဖြင့် သမ္မတရေဂင်အစိုးရက ကြေငြာလိုက်သည့် စာတမ်း တစောင်ကို ယင်းညီလာခံသို့ တင်သွင်းသည်။ ၁၉၇၄ ခုနှစ် ညီလာခံကျင်းပစဉ်ကမူ တတိယကမ္ဘာနိုင်ငံ အများအပြား က လူဦးရေတိုးနှုန်း လျော့ချရေးထက် ဖွံ့ဖြိုးမှုအကူအညီ တိုးမြှင့်ပေးရေးကို ဦးစားပေးရန် ဆွေးနွေးခဲ့ကြ ရာ အမေရိကန်ပြည်ထောင်စုက လူဦးရေ ထိန်းချုပ်နိုင်မည့် နည်းဟူသမျှသုံးရေးကို ရှေ့တန်းတင်ရန် တိုက်တွန်းချေပခဲ့ သည်။ဒုတိယအကြိမ်ညီလာခံ၌ ရပ်တည်ချက်ပြောင်းလာ သည်ဟုဆိုနိုင်သည်။ ဒီမိုကရက်တစ်ပါတီကိုထောက်ခံလေ့ရှိ သည့် အမေရိကန်ကက်သလစ်တို့၏မဲကို ရယူနိုင်ရန်ကြိုးပမ်း သည့် အနေဖြင့် ၁၉၇၄ ခုနှစ် အမေရိကန် သမ္မတ ရွေးကောက်ပွဲ မဲဆွယ်ကာလတွင် တင်ပြလာသည့် ရီပတ်ဗလစ်ကင်သမ္မတ ရော်နယ်ရေဂင်၏ မူဝါဒနှင့်အညီ အထက်ပါစာတမ်းကို တင်သွင်းလာခြင်းဖြစ်သည်။ ဗာတီ

ကင်နိုင်ငံ၏ ဩဇာသက်ရောက်မှုကြောင့် လည်းကောင်း၊ လက်တင်အမေရိက နိုင်ငံများနှင့် အခြား ကိုယ်စားလှယ်အများ အပြား၏ ထောက်ခံမှုကြောင့် လည်း ကောင်း ညီလာခံအပြီး သဘောတူညီချက် စာတမ်းတွင် "ပဋိသန္ဓေဖျက်ချခြင်းကို မိသားစုစီမံကိန်း၏ နည်းလမ်းတရပ်အဖြစ် မည်သည့် အကြောင်းနှင့်မျှ အားမပေးသင့်" ဟူသော ဝါကျကို ထည့်သွင်းနိုင်ခဲ့သည်။ ထို့နောက် အမေရိကန်ပြည်ထောင်စုက ရုပ်သိမ်းတော့မည်ဟု ခြိမ်းခြောက်ထားသည့် ရန်ပုံငွေဒေါ်လာ ၁၉ သန်းကို ယူအင်အက်ဖ်ပီအေ အတွက် ခွင့်ပြုခဲ့သည်။

လူဦးရေပြဿနာများ ဖြေရှင်းရေးနည်းလမ်းအဖြစ် စေးကွက်များကို လွှတ်လပ်စွာ ခွင့်ပြုသည့် စီးပွားရေးကို အားပေးသင့်ကြောင်း အမေရိကပြည်ထောင်စုက တိုက်တွန်းခဲ့ခြင်း၊ အစွရေးနိုင်ငံက ဂျော်ဒန်နိုင်ငံမှ သိမ်းယူထားသော အနောက်ဘက်ကမ်း နယ်မြေတွင် အိုးအိမ်တည်ဆောက်နေခြင်းကို ပြင်းထန်စွာ ရှုတ်ချရန် အာရပ်နိုင်ငံများက ဦးဆောင်၍ အဆိုပြုခဲ့ခြင်း၊ တတိယနိုင်ငံများတွင် စစ်ရေး လက်နက် တပ်ဆင်မှုစရိတ်များကို အပြည်ပြည်ဆိုင်ရာ လူဦးရေဖွံ့ဖြိုးမှု လုပ်ငန်းစဉ်များအတွက်ပြောင်းလဲကျခံသုံးစွဲလျှင် လူဦးရေဆိုင်ရာပြဿနာများ ဆိုးရွားမှုအခြေအနေ လျော့ပါးလာနိုင်ကြောင်း ဆိုဗီယက်တို့က စာတမ်းပြုစု တင်ပြလာခြင်းတို့ကြောင့် ဒုတိယအကြိမ် အပြည်ပြည်ဆိုင်ရာ လူဦးရေညီလာခံတွင် နိုင်ငံရေးအရ အခြေအတင် ဆွေးနွေးမှုများ ပေါ်ပေါက်ခဲ့ရသည်။

ညီလာခံပြီးဆုံးချိန်တွင် မက္ကဆီကို ကြေငြာချက်ကို ထုတ်ပြန်ခဲ့သည်။ ကမ္ဘာပေါ် ၌ နှစ်ဆယ်ရာစုနှစ်အကုန်တွင် ကလေးမွေးဖွားနိုင်သည့် အရွယ်ရောက်သူ အမျိုးသမီးဦးရေ သန်းပေါင်း ၁,၆၀၀ ရှိလာမည်ဖြစ်ကြောင်း၊ ယင်း အရေအတွက်၏ ၈၀ ရာခိုင်နှုန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရှိမည်ဖြစ်ကြောင်း ယင်းကြေငြာချက်တွင် ခန့်မှန်းပြသည်။ ခရစ် ၂၀၀၀ ပြည့်နှစ်တွင် မြို့နေလူဦးရေ သန်းပေါင်း ၃၀၀၀ ရှိလာမည်ဖြစ်ကြောင်း၊ ကမ္ဘာ့လူဦးရေစုစုပေါင်း၏ ၄၉ ရာခိုင်နှုန်းထိ မြင့် တက် လာ မည် ဖြစ်ကြောင်းလည်း ဖော်ပြထားသည်။

**အမေရိကန်ပြည်ထောင်စု။** ။နိုင်ငံခြားရေး ဝန်ကြီးဟောင်း ဒေါက်တာ ဟင်နရီ ကစ်ဆင်ဂျာအား ဥက္ကဋ္ဌအဖြစ်တာဝန်ပေး၍ ၁၉၇၃ ခုနှစ် ဇူလိုင်လ ၁၈ ရက်နေ့တွင် ဖွဲ့စည်းခဲ့သော အလယ်ပိုင်း အမေရိက အတွက် အနာဂတ် မူဝါဒဆိုင်ရာ အမျိုးသားကော်မရှင်သည် ၁၉၇၄ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် သမ္မတရေဂင်ထံ အစီရင်ခံစာ တင်သွင်းသည်။ (စွယ်စုံနှစ်ချုပ်–၁၉၇၄ စာ၊ ၂၉၆—ရှု။) အမေရိကန်ပြည်ထောင်စုသည် စစ်ရေး အကူအညီ အပါ



အလယ်ပိုင်း အမေရိကအတွက် အနာဂတ်မူဝါဒဆိုင်ရာ အမျိုးသားကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ ဟင်နရီ ကစ်ဆင်ဂျာ နှင့် တိုင်ပင်ဆွေးနွေးနေသော သမ္မတ ရော်နယ် ရေဂင်

အဝင် ပြည်ပ ဘဏ္ဍာရေးအကူအညီများကို တိုးမြှင့်ပေးရန် အဓိကလိုအပ်ကြောင်း၊ အထူးသဖြင့် ၁၉၇၅ ခုနှစ်မှစ၍ ငါးနှစ်ကာလအတွက် ဒေါ်လာ သန်း ၈၀၀၀ အထိ အမေရိကန်အကူအညီကို တိုးမြှင့်ပေးခြင်းဖြင့် ၁၉၇၃ ခုနှစ်က အကူအညီပမာဏ၏ နှစ်ဆ ရှိလာစေသင့်ကြောင်းဖြင့် ယင်း အစီရင်ခံစာတွင် အကြံပြုထားသည်။

ယင်းကော်မရှင် အစီရင်ခံစာကိုအခြေခံလျက် အလယ်ပိုင်း အမေရိကဆိုင်ရာ ငါးနှစ်စီမံကိန်းတရပ်ကို သမ္မတ ရေဂင် အစိုးရက ရေးဆွဲ၍ ဇန္နဝါရီလ ၁၆ ရက်နေ့တွင် ထုတ်ပြန်ကြေငြာသည်။ ယင်း စီမံကိန်းတွင် တဦးချင်း ဝင်ငွေ နှစ်စဉ် ၃ ဒသမ ၅ ရာခိုင်နှုန်း တိုးမြှင့်လာစေမည်ဟု မက်လုံးပေးထားသည့် စီးပွားရေး စီမံကိန်းတရပ်လည်း ပါဝင်သည်။ ထိုအချိန်တွင် အလယ်ပိုင်း အမေရိက နိုင်ငံများသည် မက္ကဆီကို၊ ပနားမား၊ ကိုလုံဗီးယားနှင့် ဗင်နီဇွဲလားနိုင်ငံတို့ ပါဝင်သော ကွန်တာဒိုရာအုပ်စုက အကြံပြုထားသည့် အစီအစဉ်ကို လက်ခံ သဘောတူထားပြီး ဖြစ်သည်။ နိုင်ငံအသီးသီးရှိ လက်နက် စစ်သည်အင်အားနှင့် စစ်စခန်း ဦးရေစာရင်းများ ပြုစုတင်ပြရေး၊ ပြည်ပစစ်ရေး အကြံပေးပုဂ္ဂိုလ်များကို လျှော့ချရုပ်သိမ်းမည့် အချိန်ဇယား ရေးဆွဲရေး၊ လွတ်လပ်သော ရွေးကောက်ပွဲများ ကျင်းပရေး၊ လူမှုအခွင့်အရေး လေးစားရေး၊ အိမ်နီးချင်း တနိုင်ငံကို စစ်ဆင်နိုင်ရေးအတွက် မိမိနိုင်ငံကို ခြေကုပ်စခန်းအဖြစ် အသုံးပြုခွင့်ပေးနေခြင်းကို အဆုံးသတ်ရေး စသည့် အချက်အလက်များကို ကွန်တာဒိုရာ အုပ်စုက အကြံပြုခဲ့သည်။

အယ်ဆာဗေဒို နိုင်ငံအား စစ်ရေးနှင့် စီးပွားရေး အကူအညီများ ပေးနိုင်ရန် ၁၉၇၄ ခုနှစ် ဩဂုတ်လတွင် အမေရိကန် ကွန်ဂရက်လွှတ်တော်က အတည်ပြုပေးခဲ့သည်။ အောက်လွှတ်တော်တွင် ဩဂုတ်လ ၁ ရက်နေ့က အတည်ပြုခဲ့သော ဥပဒေကြမ်း၌ စစ်ရေးအကူအညီ သတ်မှတ်ချက် မပါခဲ့သော်လည်း ဩဂုတ်လ ၈ ရက်နေ့က အထက်လွှတ်တော်တွင် စစ်ရေးအကူအညီ ဒေါ်လာ ၁၁၇ သန်း ပေးရန် ထောက်ခံ ၆၉ မဲ၊ ကန့်ကွက် ၂၉ မဲဖြင့် ဆုံးဖြတ်နိုင်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်အတိုင်း ကွန်ဂရက်က အတည်ပြုပေးခြင်းဖြစ်သည်။ စီးပွားရေးအကူအညီမှာမူ ဒေါ်လာ သန်း ၁၂၀ ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ၁၉၇၄ ခုနှစ် ဧပြီလ အတွင်း နီကရာဂွာနိုင်ငံ သဘော်ဆိပ်ကမ်းများ မိုင်းထောင်ပိတ်ဆို့ခံရသည့် ကိစ္စတွင် ပါဝင်ပတ်သက်ခဲ့ကြောင်း အမေရိကန် ဗဟိုထောက်လှမ်းရေး အေဂျင်စီ (စီအိုင်အေ)က ဝန်ခံခဲ့ရခြင်းသည် လည်းကောင်း၊ နီကရာဂွာ ကွန်ထရာ သူပုန်များအတွက် အဖျက်လုပ်ငန်း လက်စွဲစာစဉ်များကို စီအိုင်အေက ပြုစုဖြန့်ဝေခဲ့ကြောင်း အောက်တိုဘာလ အတွင်း သတင်းထွက်ပေါ်ခဲ့ခြင်းသည် လည်းကောင်း အမေရိကန် ပြည်ထောင်စု၏ အလယ်ပိုင်း အမေရိကဆိုင်ရာ မူဝါဒကို ဝေဖန်မှုများ ပေါ်ပေါက်စေခဲ့သည်။ (လက်တင် အမေရိက—ရှု။)

လက်ဗန္ဓန် နိုင်ငံတွင် သမ္မတ အာမင် ဂျမားယယ်နှင့် ဝန်ကြီးချုပ် အယ်ဝက်ဇန်တို့၏ အစိုးရ အခြေအနေယိုယွင်းလာပြီးနောက် အမေရိကန် မရင်း တပ်သား ၁,၄၀၀ ကို လက်ဗန္ဓန်မှ ဆုတ်ခွာရန် ၁၉၇၄ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် သမ္မတ ရေဂင်က အမိန့်ပေးခဲ့သည်။ ဖေဖော်ဝါရီလ ၁၃ ရက်နေ့နှင့် ၁၄ ရက်နေ့များတွင် သမ္မတ ရေဂင်သည် ဂျော်ဒန်ဘုရင် ဟူစိန်နှင့် အီဂျစ်သမ္မတ မူဘာရက်တို့နှင့် ဝါရှင်တန်မြို့၌ တွေ့ဆုံ၍ အရှေ့အလယ်ပိုင်း ဒေသ အခြေအနေကို ဆွေးနွေးသည်။ အသိမ်းပိုက်ခံ အနောက်ဘဏ်ကမ်းနှင့် ဂါဇာကမ်းမြောင်တို့ကို ဂျော်ဒန် နိုင်ငံနှင့် ပေါင်းစည်း၍ ပါလက်စတိုင်း ကိုယ်ပိုင်အုပ်ချုပ်ရေး ဒေသ ထူထောင်ရန် ၁၉၇၂ ခုနှစ်က တင်ပြခဲ့သည့် မိမိအဆိုကို သမ္မတ ရေဂင်က ထပ်မံအာဘည်ပြုဆွေးနွေးခြင်းဖြစ်သည်။ မူဘာရက်က ယင်းအဆိုကို ဆန့်ကျင်ခဲ့သည်။ ပီအယ်အို နှင့် အမေရိကန်ပြည်ထောင်စု တိုက်ရိုက်ဆွေးနွေးရန် တိုက်တွန်းသည်။ ၁၉၇၁ ခုနှစ်နှင့် ၁၉၇၂ ခုနှစ်အတွင်း ကိုးလတာမျှကာလအတွင်း အမေရိကန်အစိုးရသည် ယာဆာအာရာဖတ်နှင့် တဆင့်ခံ ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်ဟု ဆိုသည်။ အရှေ့အလယ်ပိုင်း ဒေသဆိုင်ရာ ကျွမ်းကျင်သူ အမေရိကန်အမျိုးသား ဂျန်အက်ဒွင်မရောင်သည် အစ္စရေးကို ပီအယ်အိုက အသိအမှတ်ပြုရေးနှင့် ပီအယ်အိုကို အမေရိကန်က အသိအမှတ်ပြုရေးအတွက် အပြန်အလှန် သဘောတူညီမှု ဖလှယ်ယူရန် အာရာဖတ်နှင့် အကြိမ် ၅၀ ကျော် တွေ့ဆုံဆွေးနွေးခဲ့သော်လည်း အောင်မြင်မှု မရရှိသေးချေ။ ရေဂင်၊ မူဘာရက်နှင့် ဟူစိန်တို့၏ ဆွေးနွေးပဲ့ကို ဆန့်ကျင်ဆန္ဒပြသူများသည် လစ်ဗျနိုင်ငံ ထရီပိုလီမြို့ရှိ ဂျော်ဒန်သံရုံးကို မီးရှို့ဖျက်ဆီးသည်။

မတ်လ ၁ ရက်နေ့တွင် ဂျော်ဒန်ဘုရင် ဟူစိန် သည် ပီအယ်အို ဥက္ကဋ္ဌ ယာဆာအာရာဖတ်နှင့် ငါးရက်ကြာ တွေ့ဆုံ ဆွေးနွေးမှု ပြီးဆုံးသောအခါ အမေရိကန်နှင့် အစ္စရေးတို့၏ ရင်းနှီးသော ဆက်ဆံရေးကို ဝေဖန် ရှုတ်ချသည်။ ဟူစိန်နှင့် အာရာဖတ်တို့သည် ပါလက်စတိုင်း နိုင်ငံ ထူထောင်ရေးကို တောင်းဆိုထားသော ၁၉၆၇ ခုနှစ် အာရပ်ကြေငြာချက်ကို ထောက်ခံကြောင်း ထပ်မံ အတည်ပြုကြေငြာသည်။ အမေရိကန်သမ္မတ ရေဂင်သည် လွတ်တော် နှစ်ရပ်လုံး၏ တွန်းအားပေးမှုကြောင့် ဂျော်ဒန်နိုင်ငံသို့ လေယာဉ်ပစ် ဒုံးကျည် ၁,၆၀၀ နှင့် ဆအူးဒီ အာ



နိုင်ငံစုံတပ်ဖွဲ့ဝင် အဓမရိကန် မရင်းတပ်ဖွဲ့များ လက်မနှိမ့် ထွက်ခွာစဉ်

ရေဗျာသို့ လေယာဉ်ပစ်ဒုံးကျည် ၁,၂၀၀ အသီးသီးရောင်းချရန် အစီအစဉ်ကို မတ်လ ၂၁ ရက်နေ့တွင် ဖျက်သိမ်းလိုက်သည်။

ရီပတ်ဗလစ်ကင် ပါတီ သမ္မတလောင်း ရော်နယ်ရေဂင်သည် ၁၉၇၄ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့တွင် အမေရိကန် သမ္မတ ဒုတိယသက်တမ်း အတွက် ထပ်မံရွေးချယ် တင်မြှောက်ခံရသည်။ ဂျော့ဘုတ်ရက ဒုတိယ သမ္မတအဖြစ် ဆက်လက် ရွေးချယ်တင်မြှောက်ခံရသည်။ ၁၉၇၀ ပြည့်နှစ်က သမ္မတ ဖြစ်လာခဲ့သော မစ္စတာ ရေဂင်သည် ထောက်ခံမဲ ၅၀ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခြင်းဖြစ်သည်။ ဒီမိုကရက်တစ် သမ္မတလောင်း ဝေါ်လတာမွန်ဒေးနှင့် ဒုတိယသမ္မတလောင်း မစ္စက် ဂျယ်ရဒင်း ဖာရာရိုးတို့သည် ထောက်ခံမဲ ၄၁ ရာခိုင်နှုန်း ရသည်။ မစ္စတာ ရေဂင်သည် ပြည်နယ် ၅၀ နှင့် ကိုလံဗီယာ ခရိုင် ဒေသတခွင်ကို ကိုယ်စားပြုသော ကိုယ်စားလှယ်မဲစုစုပေါင်း ၅၃၈ မဲ အနက် ၅၄၅ မဲကို လွှမ်းမိုးခြင်းဖြစ်သည်။ ၁၉၃၆ ခုနှစ်က သမ္မတ ဖရန့်ကလင် ဒီရူစဗဲ့ လွှမ်းမိုးခဲ့ဖူးသော ၅၄၃ မဲ စံချိန်ကို ကျော်လွန်သွားခြင်းဖြစ်သည်။ ရေဂင်သည် ၄၉ ပြည်နယ်တွင် မဲအများစု ရရှိခြင်းဖြစ်ရာ ၁၉၇၂ ခုနှစ်က သမ္မတ ရစ်ချတ် နစ်ဆင် ရရှိဖူးသော စံချိန်နှင့် ညီသည်။ ၁၉၆၀ ပြည့်နှစ်က မစ္စတာ ရေဂင်သည် ၄၄ ပြည်နယ်တွင်သာ မဲအများစုရခဲ့သည်။ မွန်ဒေးသည် မိုမိုနေထိုင်ရာ မင်နီဆိုတာပြည်နယ်နှင့် ကိုလံဗီယာခရိုင်တွင်သာ မဲအများစု ရရှိသည်။

သမ္မတ ရွေးကောက်ပွဲနှင့် တချိန်တည်း ကျင်းပသော အောက်လွှတ်တော် ရွေးကောက်ပွဲ၌ဒီမိုကရက်တစ် ပါတီက ၂၅၃ နေရာနှင့် ရီပတ်ဗလစ်ကင်ပါတီက ၁၈၂ နေရာ ရရှိသည်။ ယခင် အောက်လွှတ်တော်တွင် ဒီမိုကရက်တစ် ပါတီက ၂၆၆ နေရာနှင့် ရီပတ်ဗလစ်ကင် ပါတီက ၁၆၇ နေရာ ရရှိထားခဲ့သည်။ အထက်လွှတ်တော် အမတ် ဦးရေ ၏ သုံးပုံတပုံဖြစ်သော ၃၃ နေရာအတွက် ရွေးကောက်ပွဲကျင်းပရာတွင် ရီပတ်ဗလစ်ကင်ပါတီက ၁၇ နေရာ၊ ဒီမိုကရက်တစ်ပါတီက ၁၆ နေရာ အသီးသီး အနိုင်ရရှိသဖြင့် ရီပတ်ဗလစ်ကင်ပါတီသည် အထက်လွှတ်တော် အမတ် ၁၀၀ အနက် ၅၄ နေရာ ကို လွှမ်းမိုးလာနိုင်သည်။

အမေရိကန်ပြည်ထောင်စုသည် ၁၉၇၃ ခုနှစ်တွင် အရပ်ဘက် အာကာသ စီမံကိန်းများ အတွက် ဒေါ်လာ သန်း ပေါင်း ၆,၈၀၀ သုံးစွဲပြီး စစ်ဘက်ဆိုင်ရာ အာကာသ စီမံကိန်းများအတွက် ဒေါ်လာသန်းပေါင်း ၇,၅၀၀ သုံးစွဲခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် ဒုံးခွင်းဒုံးစနစ်အတွက် ဒေါ်လာ သန်း ၂,၆၀၀ သုံးစွဲပြီး ၁၉၇၅ ခုနှစ်တွင် ဒေါ်လာ သန်း ၃,၁၀၀ အထိ သုံးစွဲမည်ဖြစ်သည်။ ၁၉၇၉ ခုနှစ်အထိ ငါးနှစ်တာ ကာလအတွင်း ကုန်ကျစရိတ်ပေါင်း ဒေါ်လာသန်း ၁၀,၀၀၀ မှ ၂၇,၀၀၀ အထိ ရှိမည်ဟုဆိုသည်။ အမေရိကန် လေတပ်မှ လေကြောင်းခရီ လေဆာ ဓာတ်ခွဲခန်းအတွက် ကုန်ကျခံမည် ဖြစ်ပြီး ဘိုးအင်း ၇၀၇ ကို မွှမ်းမံပြင်ဆင်ထားသော စစ်လေယာဉ်ပေါ်တွင် ဝပ်လေးသိန်း စွမ်းအားရှိသည့် လေဆာရောင်ခြည် လက်နက် တပ်ဆင်၍ စမ်းသပ်နေသည်ဟု ဆိုသည်။ ရောင်ခြည်လက်နက်ဖြင့် ရန်သူ၏ ဂြိုဟ်တုများ၊ တိုက်ချင်းပစ်ဒုံးပျံများကို ဝေဟင်တွင် ကြားဖြတ်ချေမှုန်းနိုင်ရန်ဖြစ်သည်။ တကီလိုမီတာ

အကွာအဝေးရှိ ပစ်မှတ်ကို တာစကွန်၏ အပုံတသန်းပုံ သုံးပုံ အချိန်အတွင်း ချေမှုန်းနိုင်စေမည် ဖြစ်သည်။ အာကာသ အခြေစိုက် ဒုံးပျံကာကွယ်ရေးစနစ် တည်ဆောက်ရေး အစီအစဉ်ကို ၁၉၇၃ ခုနှစ် မတ်လတွင် သမ္မတ ရေဂင်က ထုတ်ပြန် ကြေငြာခဲ့သည်။ သို့သော် အမေရိကန် ပြည်ထောင်စုမှ ထင်ရှားသော သိပ္ပံပညာရှင်တစုက ယင်းဒုံးပျံကာကွယ်ရေး ကြယ်တာရာစစ်ပွဲ ( Star Wars ) အဆိုပြုချက်များသည် လက်တွေ့မဖြစ်နိုင်ပဲ အန္တရာယ်များသော အိပ်မက်တခုသာဖြစ်ကြောင်း စာမျက်နှာ ၈၆ မျက်နှာရှိ သုတေသနစာတမ်းတစောင်ဖြင့် ၁၉၈၄ ခုနှစ် မတ်လတွင် ထုတ်ပြန်ကြေငြာခဲ့သည်။ မည်သို့ပင်ဖြစ်စေ ဒုံးပျံကာကွယ်ရေးစနစ် စမ်းသပ်မှုများအတွက် လာမည့် နှစ်နှစ်အတွင်း ဒေါ်လာသန်း ၅,၆၀၀ ကုန်ကျမည်ဖြစ်ပြီး ခရစ်နှစ် ၂၀၀၀ ပြည့်နှစ်တွင် လက်တွေ့အသုံးပြုနိုင်မည်ဟု အစိုးရအဖွဲ့မှ တာဝန်ရှိ ပုဂ္ဂိုလ်များက ယုံကြည်ထားကြသည်။

**အရှေ့တောင်အာရှနိုင်ငံများအဖွဲ့။** ။ (အေဆီယင် အဖွဲဝင်နိုင်ငံများ — ရှ။)

**အရှေ့အလယ်ပိုင်းဒေသ။** ။အရှေ့အလယ်ပိုင်း ဒေသတွင် လက်ဗန္ဓနအရေးအခင်း၊ ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ (ပီအယ်အို)ကိုဏ်းဂဏပြဿနာ၊ အီရန်-အီရတ် စစ်ပွဲတို့နှင့် အခြားနိုင်ငံရေး၊နိုင်ငံတကာ ဆက်ဆံရေးအခြေအနေတို့သည် ၁၉၈၄ ခုနှစ်အတွင်း ပြောင်းလဲမှု အများအပြား ရှိသည်။


### လက်ဗန္ဓနန်

လက်ဗန္ဓနန်နိုင်ငံရှိ ဆီးရီးယား အမြောက်စခန်း များကို ဗုံးကြဲစဉ် ၁၉၈၃ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့က ဆီးရီးယားတပ်များ၏ ပစ်ချမှုကို ခံလိုက်ရသော အမေရိကန် လေယာဉ်ပေါ်မှ လေယာဉ်မှူး ရောဗတ် ဂွတ်မင်းသည် ၁၉၈၄ ခုနှစ် ဇန္နဝါရီလ ၃ ရက်နေ့တွင် စစ်သုံ့ပန်းအဖြစ်မှ လွတ်မြောက်လာသည်။ အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီ သမ္မတလောင်းအဖြစ် လျာထားခံရရေးအတွက် ကြိုးပမ်းနေသူ လူမဲ့ လက်ယာဝါဒီ ဂျက်စီ ဂျက်ဆင်နှင့် ဆီးရီးယားခေါင်းဆောင်တို့ တွေ့ဆုံ ဆွေးနွေးပြီးနောက် လွတ်မြောက်လာခြင်း ဖြစ်သည်။

အစ္စရေးတို့ထောက်ခံအားပေးသည့် လွတ်မြောက်သော လက်ဗန္ဓနန် ပြည်သူ့စစ်တပ်ဖွဲ့ (ဟက်ဒက်ပြည်သူ့စစ်)၏ တပ်မှူး ဗိုလ်မှူး ဆဒ် ဟက်ဒက်သည် ၁၉၈၄ ခုနှစ် ဇန္နဝါရီလ ၁၄ ရက်နေ့တွင် ကင်ဆာရောဂါဖြင့် ကွယ်လွန်သည်။ ၁၉၅၀ ပြည့်လွန် နှစ်များမှစ၍ လက်ဗန္ဓနန်တပ်မတော်သို့ ဝင်ခဲ့ပြီး ပြင်သစ်နှင့် အမေရိကန်တွင် စစ်ပညာသင်ယူခဲ့သော ဟက်ဒက်သည် ၁၉၇၅–၇၆ ပြည်တွင်းစစ် ကာလက လက်ဗန္ဓနန်တောင်ပိုင်း တပ်မှူးဖြစ်ခဲ့၍ ၁၉၇၈ ခုနှစ်တွင် အစ္စရေးတို့ကျူးကျော် လာသောအခါ အစ္စရေးနယ်နိမိတ်တလျှောက် ကိုးမိုင်ရှည်လျားသည့် နယ်မြေကို ထိန်းချုပ်ထားခဲ့သူ ဖြစ်သည်။ ၁၉၇၉ ခုနှစ်က ယင်းနယ်မြေကို လွတ်မြောက်သော



လက်ဗန္ဓနန်နိုင်ငံအကျပ်အတည်းနက်ရှိုင်းလာ၍ ရာဇူးမှုန်တ်ထွက်လိုက်ရသော၁ဝန်ကြီးချုပ် အယ်ဝက်ဇန်



**လက်ဗန္ဓနှိုင်ငံတွင် အမေရိကန်သံရုံး မုံးခွဲ ဖျက်ဆီးခံရပုံ**

လက်ဗန္ဓန်သမ္မတနိုင်ငံအဖြစ် ကြေငြာခဲ့သည်။ ဟက်ဒက်သည် တပ်မတော်မှ ထုတ်ပယ်ခံရပြီးနောက် ပီအယ်အိုကိုလည်းကောင်း၊ ကုလသမဂ္ဂ ငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်(ယူနီဖီး)ကိုလည်းကောင်း တိုက်ခိုက်သည့် တိုက်ပွဲမျာ်းကို ကွပ်ကဲခဲ့သည်။ မာရိုနိုက် ခရစ်ယာန်လည်းဖြစ်၍ သမ္မတ ဟောင်း ကာမီး ရှာမွန်၏ အမျိုးသား လစ်ဗရယ်ပါတီဝင်လည်းဖြစ်သော ဗိုလ်ချုပ် အင်တိုင်း လာဟက်က ဟက်ဒက်၏ အရိုက်အရာကို ဆက်ခံလိုက်သည်။ ဗိုလ်ချုပ် လာဟက်သည် လက်ဗန္ဓန် တပ်မတော်မှ အငြိမ်းစားယူသည့် ၁၉၇၃ ခုနှစ်အထိ မာဂျယွန်း တောင်တန်းဒေသ၏ တပ်မှူးအဖြစ် တာဝန်ယူခဲ့ဖူးသည်။

လက်ဗန္ဓန် စစ်မျက်နှာ အသီးသီး၌ စစ်ပြိုင်နေကြသည့် တပ်အသီးသီးခဲ့ခြားရေး၊ ဘေရွတ်မြို မြောက်ဘက်မှ တောင်ဘက်သို့ ၂၇ မိုင်ရှည်လျားသော ကမ်းရိုးတန်းတလျှောက်ကို လက်ဗန္ဓန် တပ်မတော်က ပြန်လည် တပ်စွဲ ထိန်း ချုပ် ရေး၊ တောင်တန်းဒေသနှင့် ဘေရွတ်မြို့တောင်ပိုင်း ရှိယိုက်လူနေရပ်ကွက်များကို ရဲတပ်ဖွဲ့က ကင်းလှည့်ကာကွယ်ရေး စသည်တို့ကို ချမှတ်ထားသည့် တပ်ခွဲခြားရေး အစီအစဉ်တရပ်ကို အစွရေးနှင့်ဆီးရီးယားအစိုးရအဖွဲ့ကိုယ်စားလှယ်များ၊ ဒရုဇ်၊ အာမဲနှင့် လက်ဗန္ဓန် ပြည်သူစစ် ခေါင်း ဆောင် များ သည် သဘောတူ အတည်ပြုလိုက်ပြီ ဖြစ်ကြောင်း ၁၉၈၄ ခုနှစ် ဇန္နဝါရီလ ၅ ရက်နေ့တွင် လက်ဗန္ဓန် အစိုးရက ကြေငြာခဲ့သည်။ သို့ရာတွင် ဒရုဇ်ခေါင်းဆောင် ဝါလစ်ယွမ်ဘလတ်က ယင်း အစီ အစဉ် ကို ဆန့်ကျင်ကြောင်း ၁၉၈၄ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ကြေငြာလိုက်သော အခါတွင်မူ တိုးတက်သော ဆိုရှယ်လစ်ပါတီ(ပီအက်စ်ပီ)မှ ဒရုဇ် မူဆလင်များနှင့် အာမဲပြည်သူစစ်အဖွဲ့မှ ရှီယိုက် မူဆလင်များသည် လက်ဗန္ဓန်အစိုးရတပ်ဖွဲ့နှင့် စစ်ပြိုင်မှုကို ၁၉၈၄ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ အရှိန်မြှင့်သည်။ ၁၉၇၆ ခုနှစ် နောက်ပိုင်းတွင် အပြင်းထန်ဆုံးဟု ဆိုနိုင်သော တိုက်ပွဲကြီးဖြစ်ပွားပြီးနောက် လက်ဗန္ဓန် အစိုးရတပ်ကို ဘေရွတ်မြို့အနောက်ပိုင်းမှ တိုက်ထုတ်နိုင်ခဲ့သည်။အစိုးရတပ်ဖွဲ့သည် တပ်တွင်းရှိ ရှီယိုက် စစ်သားများက အမိန့်ဖီဆန်မှုကြောင့် အရေးနိမ့်ရခြင်း ဖြစ်သည်။ အာမဲပြည်သူစစ် ခေါင်းဆောင် နာဘီ ဘယ်ရီက ထို့သို့ အမိန့်ဖီဆန်ရန် ရှီယိုက် စစ်သားများကို တိုက်တွန်းသည့်ပြင် အစိုးရအဖွဲ့ဝင် မူဆလင်ဝန်ကြီးများအား ရာထူးမှ နုတ်ထွက်ရန် လှုံဆော်ခဲ့သည်။ ထိုအခါ အစိုးရအဖွဲ့သစ်ဖွဲ့စည်းနိုင်ရန် ဝန်ကြီးချုပ် ရှဖစ် အယ် ဝက်ဇန်သည် ရာထူးမှ နုတ်ထွက်လိုက်ရသည်။

ဤသို့ လက်ဗန္ဓန်အစိုးရအဖွဲ့ အကျပ်အတည်း ဆိုက်နေစဉ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှ ၂၆ ရက်နေ့အတွင်း နိုင်ငံစုံတပ်ဖွဲ့ဝင် အမေရိကန်မရင်းတပ်ဖွဲ့များသည် လက်ဗန္ဓန်နိုင်ငံမှ ရုပ်သိမ်းသွားခဲ့ကြသည်။ ဤသို့ဖြင့် နိုင်ငံစုံတပ်ဖွဲ့ အားလုံး ရုပ်သိမ်းပြီဖြစ်၍ ဘေရွတ်မြို့တွင် ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့တပ်စွဲထားရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ပြင်သစ်နိုင်ငံက ဖေဖော်ဝါရီလ ၂၉ ရက်နေ့တွင် အဆိုပြုရာ ဆိုဗီယက်ပြည်ထောင်စုက ဗီတိုအာဏာဖြင့် ပယ်ချခဲ့သည်။

သမ္မတ အာမင် ဂျမားယယ်သည် ရာရှစ် ကရာမီကို ဝန်ကြီးချုပ်သစ်အဖြစ် ၁၉၇၄ ခုနှစ် ဧပြီလ နှောင်းပိုင်းတွင် ခန့်အပ်သည်။ ရာရှစ် ကရာမီ၏ အစိုးရအဖွဲ့တွင် အဖွဲ့ဝင် ၁၀ ဦး ပါဝင်သည်။ ၁၉၇၂ ခုနှစ် အောက်တိုဘာလမှစတင် ဖွဲ့စည်းခဲ့သော ဝက်ဇန်၏ အစိုးရအဖွဲ့မှ အဖွဲ့ဝင်များ ပြန်လည် ပါဝင်လာခြင်းမရှိချေ။ ဆွန်နီမူဆလင် ကရာမီသည် ၁၉၇၅ ခုနှစ်မှစ၍ ဝန်ကြီးချုပ်သက်တမ်း ခုနစ်ကြိမ် ထမ်းဆောင်ခဲ့ဖူးပြီး ၁၉၇၅ ခုနှစ် ဇူလိုင်လမှ ၁၉၇၆ ခုနှစ် စက်တင်ဘာလအထိ ပြည်တွင်းစစ် ကာလအတွင်း နောက်ဆုံးအကြိမ်အဖြစ် ထမ်းဆောင်ခဲ့သည်။ ၁၉၈၃ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် ဖွဲ့စည်းခဲ့သော အမျိုးသား ကယ်တင်ရေး တပ်ဦးအဖွဲ့ဝင်ဖြစ်သည်။

ထို့ပြင် ၁၉၇၆ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အထိ ဝန်ကြီးချုပ် တာဝန်ယူဖူးသော ဆွန်နီ စီးပွားရေး ပညာရှင် ဒေါက်တာ ဆလပ်ဟို၊ ဖခင် ကမဲ ယွမ်းဘလတ် တည်ထောင် ခဲ့သည့် ဒရုဇ် ပီအက်စ်ပီ ပါတီ၏ ခေါင်းဆောင် ရာထူးကို ဖခင် လုပ်ကြံခံရချိန် ၁၉၇၇ ခုနှစ်မှစ၍ ဆက်ခံလာခဲ့သူ ဝါလစ်ယွမ်ဘလတ်၊ သမ္မတ အာမင်ဂျမားယယ်၏ ဖခင် မာရွန်နိုက် ခရစ်ယာန် ဖလန်းဂေးပါတီထူထောင်သူ ပျံဂျမားယယ်၊ ၁၉၃၄ ခုနှစ်မှစ၍ လွတ်တော်အမတ် ဖြစ်လာကာ ၁၉၅၂




**လက်ဗန္ဓနှစ်အစိုးရ တပ်ပွဲဝင်များ၏ စခန်းတခုကို တိုက်ခိုက် သိမ်းပိုက်ပြီး ဒရုဇ်အလံထူခနဲသော ဒရုဇ်နှင့် ရှီယိုက် ပြည်သူ့စစ်များ**

ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိ သမ္မတအဖြစ် ထမ်းဆောင်ဖူးပြီး ၁၉၅၈ ခုနှစ် နောက်ပိုင်းတွင် ဖလန်ဂေးမဟာမိတ် အမျိုးသား လစ်ဗရယ်ပါတီ၏ ခေါင်းဆောင်ဖြစ်နေသူ ကာမီးရာမန်၊ ၁၉၇၅ ခုနှစ်တွင် တည်ထောင်ခဲ့သော ပြည်သူ့စစ်၏ ခေါင်းဆောင် ရှီယိုက် မူဆလင်နာဘီဘယ်ရီ၊ ၁၉၆၉ ခုနှစ်မှ ၁၉၇၆ ခုနှစ်အတွင်း အစိုးရအဖွဲ့ဝင် အကြိမ်ကြိမ် ဖြစ်ခဲ့ဖူးသူ အဲဒအော့ဆေးရာနီ၊ ၁၉၈၂ ခုနှစ် အောက်တိုဘာလအထိ ကာကွယ်ရေးဝန်ကြီးရာထူးရခဲ့ဖူးသူ ဂရိကက်သလစ်ဘာသာဝင် ဂျိုးဇက် စကပ်ဗ်၊ မာရိုနိုက် ခရစ်ယာန် ဖြစ်သော်လည်း ဂျမားယယ် ဆွေမျိုးစုနှင့် ရန်ငြိုးရှိသူ သမ္မတဟောင်း စူလေမန် ဖရန်ဂျီး၏ သားမက် အဗ္ဗဒုလာ အယ်ရပ်ဆိုင်း၊ ကုန်သည်ကြီးများအသင်း အကြီးအကဲ ဂရိ ရှေးရိုးခရစ်ယာန် ဗစ်တာ ကက်ဆာတို့လည်း ပါဝင်သည်။ ယွမ်ဘလတ်၊ ဘယ်ရီနှင့် အော့ဆေးရာနီ တို့သည် အမျိုးသား ကယ်တင်ရေး တပ်ဦး အဖွဲ့ဝင်များ ဖြစ်ကြသည်။

အဝါလီမြစ် တောင်ပိုင်းရှိ အစွန်ရေး တပ်ဖွဲ့များသည် ၁၉၇၃ ခုနှစ် နှစ်ကုန်ပိုင်းမှ ၁၉၇၄ ခုနှစ် ဒီဇင်ဘာလအထိ တစတစ တိုးပွားလာသော ပြောက်ကျား ထိုးစစ်များကို ရင်ဆိုင်ခဲ့ကြရသည်။ အစွန်ရေးဇလတပ်သည် ၁၉၇၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ဘားဘက်မြို့ဝန်းကျင်ရှိ အာမဲနှင့် ဟက်စဗိုလား (ဘုရားသခင်ပါတီ) စစ်စခန်းများကို လည်းကောင်း၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ဘမ်ဒန်းမြို့၊ ဟမ္မနားမြို့၊ ဒမွားမြို့တို့အနီးရှိ ဒရုဇ်စစ်စခန်းများကို လည်းကောင်း၊ မေလ ၂၄ ရက်နေ့တွင် ဇာလေမြို့ တောင်ဘက်ရှိ ပါလက်စတိုင်း လွတ်မြောက်ရေး ပေါ်ပြူလာတပ်ဦး အထေ့ထေ့ဌာနချုပ် (ပီအက်ဖ်အင်ပီဂျီစီ) ၏ ဒေသခံ ဗဟိုစခန်းများကို လည်းကောင်း၊ ဇွန်လ ၂၇ ရက်နေ့တွင် ထရီပိုလီကမ်းလွန်အရာနစ်ကျွန်း၌ ပီအယ်အိုဥက္ကဋ္ဌ ယာဆာ အာရဖတ်ကို သစ္စာခံသော ပြောက်ကျားအချို့၏ အခြေစိုက် စခန်းများကို လည်းကောင်း၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် ဆီးရီးယားတို့ ထိန်းချုပ်ထားရာ ဘီကာချိုင့်ဝှမ်း၌ အာရာဖတ်၏ရန်ဘက်ကာနယ် အဘူမူဆာကို သစ္စာခံသော ဖတားပြောက်ကျားအချို့၏ အခြေစိုက်စခန်းကို လည်းကောင်း၊ စက်တင်ဘာလ ၁၀ ရက်နေ့ပွင့် ဘမ်ဒန်းမြို့အနီး၌ ပါလက်စတိုင်း လွတ်မြောက်ရေး ဒီမိုကရက်တစ်တပ်ဦး (ဒီအက်ဖ်အယ်ပီ) ပြောက်ကျားစခန်းကို လည်းကောင်း၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ဘီကာချိုင့်ဝှမ်းရှိ ပါလက်စတိုင်း ကွန်မြူနစ်ပါတီ အခြေစိုက်စခန်းတခုကို လည်းကောင်း ဗုံးကြဲတိုက်ခိုက်ဖျက်ဆီးသည်။

မည်သို့ပင်ဖြစ်စေ လက်ဗန္ဓနှစ်ရှိ အစွန်ရေးတပ်များ (အိုင်ဒီအက်ဖ်)ကိုချုံခိုတိုက်ခိုက်မှုများသည် ၁၉၇၄ ခုနှစ် အောက်တိုဘာလတွင် ဆက်လက်ဖြစ်ပွားလျက် ရှိသည်။အောက်တိုဘာလ ၂၁ ရက်နေ့တွင် ပြောက်ကျားတို့၏ တိုက်ခိုက်မှုကြောင့်အစွန်ရေးတပ်သားတဦးကျဆုံးခဲ့ခြင်းကြောင့် ၁၉၇၂ ခုနှစ်က အစွန်ရေးတို့ ကျူးကျော်ဝင်ရောက်ခဲ့ပြီး နောက်ပိုင်းတွင် ကျဆုံးသူပေါင်း ၆၀၀ ရှိသွားပြီ ဖြစ်သည်။

အစ္စရေးနိုင်ငံနှင့် ၁၉၇၃ ခုနှစ် မေလ ၁၇ ရက်နေ့က ချုပ်ဆိုထားသော တပ်ရုပ်သိမ်းရေး သဘောတူညီချက်ကို ပယ်ဖျက်ရန် ဆအူးဒီစေ့စပ်ညှိနှိုင်းရေးသမားများ၏ ငြိမ်းချမ်းရေးအဆိုပြုချက်ကို လက်ဗန္ဓနသမ္မတ ဂျမားယယ်က ၁၉၇၄ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် လက်ခံလိုက်သည်။ ဆအူးဒီအိမ်ရှေမင်းသား အဗ္ဗဒူလာ ဘင် အဗ္ဗဒူအဇစ်သည် ယင်းအဆိုပြုချက်နှင့် စပ်လျဉ်း၍ လက်ဗန္ဓနအစိုးရနှင့် အစိုးရထောက်ခံသူ ခရစ်ယာန်များနှင့်လည်းကောင်း၊ ဆီးရီးယားအစိုးရနှင့် အမျိုးသားကယ်တင်ရေးတပ်ဦးနှင့်လည်းကောင်း သံတမန်ရေးရာစေ့စပ်ညှိနှိုင်းမှုများဆောင်ရွက်ခဲ့သည်။ အတည်မပြုရသေးသော တပ်ရုပ်သိမ်းရေး သဘောတူညီချက်သည် မူလကပင် ပျက်ပြယ်ပြီး ဖြစ်သည်ဟု ယူဆနိုင်ကြောင်း လက်ဗန္ဓနအစိုးရအဖွဲ့ကဆုံးဖြတ်သည်ဟု မတ်လ ၅ ရက်နေ့တွင် ကြေငြာသည်။ ယင်းဆုံးဖြတ်ချက်ကို အစ္စရေးဝန်ကြီးချုပ် ရှမီးယားက ရှုတ်ချသည်။ တပ်ရုပ်သိမ်းရေးသဘောတူညီချက်ကို အစ္စရေးနှင့် လက်ဗန္ဓနတို့ လက်မှတ်ရေးထိုးခဲ့စဉ်က လစ်ဗျ - လက်ဗန္ဓန် နှစ်နိုင်ငံ သံအဆက်အသွယ်ဖြတ်တောက်ရန် ဆုံးဖြတ်ခဲ့သည့် လစ်ဗျ အစိုးရသည် ယင်းသဘောတူညီချက် ပျက်ပြယ်ကြောင်း ကြေငြာပြီးချိန်မှစ၍ နှစ်နိုင်ငံ သံအဆက်အသွယ် ပြန်လည် တည်ဆောက်မည်ဟု မတ်လ ၇ ရက်နေ့တွင် ကြေငြာသည်။

လက်ဗန္ဓနအမျိုးသား ပြန်လည်ပေါင်းစည်းရေးဆိုင်ရာ ဒုတိယအကြိမ်မြောက် ညီလာခံကို ဆွစ်ဇာလန်နိုင်ငံ လော့ဆန်နဲ့မြို့၌ ၁၉၇၄ ခုနှစ် မတ်လ ၁၂ ရက်နေ့မှ ၁၈ ရက်နေ့အထိကျင်းပရာ သမ္မတ အာမင်ဂျမားယယ်၊ ပါဂျမားယယ်၊ နာဘီ ဘယ်ရီ၊စူလေမန် ဖရန်ဂျီး၊ရှာမွန်၊ ဆာအစ်ဆာလမ်း၊ အဲဒဲအော့ဆေးရာနီ၊ခက်ဒမ်နှင့်ဟာရီရီတို့တက်ရောက်သည်။ ညီလာခံ တက်ရောက်လာသော ယင်းခေါင်းဆောင်များ၏ တပ်ဖွဲ့အသီးသီးသည် မတ်လ ၁၃ ရက်နေ့တွင် ချက်ချင်းအပစ်အခတ်ရပ်စဲရန်နှင့် တပ်ခွဲခြားရေးအစီအစဉ်ကို ကြီးကြပ် အကောင်အထည်ဖော်မည့် အဆင့်မြင့်လုံခြုံရေးကော်မတီဖွဲ့စည်းရန်ညီလာခံကဆုံးဖြတ်သည်။ ယင်းအဆင့်မြင့်လုံခြုံရေးကော်မတီ ပထမဆုံးအကြိမ်အစည်းအဝေးကို မတ်လ ၂၉ ရက်နေ့တွင် ကျင်းပပြီး အစိမ်းရောင်နယ်နိမိတ်မျဉ်းတလျှောက် ကိုက် ၃၀၀ မှ ၇၀၀ ထိ ကျယ်ဝန်းသော ကြားခံဇုံတည်ဆောက်ရန် ဆုံးဖြတ်သည်။ ယင်းဆုံးဖြတ်ချက်ကို နာဘီဘယ်ရီက လက်မခံခဲ့ချေ။ ညီလာခံတွင်ထင်ရှားသော ဆောင်ရွက်ချက်တရပ်မှာ အမျိုးသားပြန်လည်ပေါင်းစည်းရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆိုင်ရာ ကော်မရှင်ကို အဖွဲ့ဝင် ၃၂ ဦးနှင့် ဖွဲ့စည်းနိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းညီလာခံကျင်းပနေစဉ် သမ္မတဟောင်း စူလေမန် ဖရန်ဂျီးသည် အမျိုးသားကယ်တင်ရေးတပ်ဦးမှ နုတ်ထွက်လိုက်သည်။ အာမင်ဂျမားယယ်နှင့် ဖရန်ဂျီးတို့သည် မာရွန်နိုက်




ဘေရွတ်မြို့ရှိ လက်ဗန္ဓနအစိုးရ တပ်စခန်းကို အသေခံဝင်ရောက်တိုက်ခိုက်နေသော ရှီယိုက်ပြည်သူ့စစ်တဦး



အမေရိကန်စီမံကရက်တစ် အထက်လွှတ်တော်အမတ် ဂျက်စီ ဂျက်ဆင် (ယာ) ညှိနှိုင်းပေးမှုကြောင့် ဆီးရီးယားတို့၏ သုံးပန်း အဖြစ်မှ လွတ်မြောက်လာသူ အမေရိကန် လေယာဉ်မှူး ဂွတ်မင်း

ခရစ်ယာန်များဖြစ်ကြသော်လည်း ရှေးနှစ်ပေါင်းများစွာ ကပင် ဆွေမျိုးစုရန်ကြွေးများရှိသဖြင့် ဆက်ဆံရေး တင်းမာခဲ့ရာမှ ဖရန့်ဂျီးသည် အမျိုးသားကယ်တင်ရေးတပ်ဦးသို့ ဝင်ရောက်ခဲ့ခြင်း ဖြစ်သည်။

အမျိုးသား ပြန်လည်ပေါင်းစည်းရေး ဒုတိယအကြိမ် မြောက် ညီလာခံ အဖွင့်မိန့်ခွန်းတွင် ဆီးရီးယား သမ္မတ ဟာဖက် အာဆတ်ကို ချီးကျူးပြောကြားခဲ့သော သမ္မတ ဂျမားယယ်သည် ဧပြီလ ၁၉ ရက်နေ့တွင် ဆီးရီးယားနိုင်ငံသို့ အလည်အပတ်သွားရောက်ခဲ့ပြီး လက်ဗန္ဓနိုင်ငံ အခြေအနေနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးသည်။

လက်ဗန္ဓနိုင်ငံ အမျိုးသားညီညွတ်ရေး ကက်ဘိနက်က ပြဋ္ဌာန်းသော လုံခြုံရေးစီမံကိန်းကို အကောင်အထည်ဖော်နိုင်ရန် ကနဦးအဆင့် လုပ်ငန်းများကို ၁၉၈၄ ခုနှစ် ဇူလိုင်လမှစ၍ ဆောင်ရွက်သည်။ စက်တင်ဘာလ ၂၀ ရက်နေ့တွင် ဘေရွတ်မြို့၌ အမေရိကန်သံရုံးမျက်နှာစာကို အသေခံဗုံးခဲ့လုပ်ကြံသူ တဦးက ယမ်းအား တီအင်တီ ၄၀၀ ရှိကားဗုံးဖြင့် တိုက်ခိုက်ဗုံးခဲ့ရာ အမေရိကန် ဝန်ထမ်းနှစ်ဦး အပါအဝင် လူပေါင်း ၂၄ ဦးသေဆုံးသည်။ ဘေရွတ်မြို့ရှိ အမေရိကန် အခြေစိုက်စခန်းများအနက် ၁၇ လအတွင်း ဒုတိယအကြိမ်မြောက် ဗုံးခဲ့တိုက်ခိုက်ခံရသော အဆောက်အအုံဖြစ်သည်။ ၁၉၈၃ ခုနှစ် ဧပြီလ ၁၈ ရက်နေ့က လူ ၆၃ ဦး သေဆုံးစေခဲ့သော အမေရိကန်သံရုံး ဗုံးခဲ့မှုနှင့် အောက်တိုဘာလ ၂၃ ရက်နေ့က အမေရိကန်တပ်သား ၂၄၁ ဦး၊ ပြင်သစ်လေထီးတပ်သား ၅၈ ဦး သေဆုံးစေခဲ့သော အမေရိကန်နှင့်ပြင်သစ်စစ်စခန်းများဗုံးခဲ့မှုတို့ကို ကျူးလွန်ခဲ့သည့် အစ္စလာမ္မစ် ဂျီဟတ် အကြမ်းဖက်သမားအဖွဲ့က ယခုဗုံးခဲ့မှုကိုလည်း မိမိတို့ကျူးလွန်ကြောင်း ကြေငြာသည်။




လက်ဗန္ဓနိုဓာတ်ပိုင်းတွင် ကင်းလှည့်နေသော အစ္စရေး တင့်ကား ထစင်း

အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ရစ်ချတ် မာဖီသည် ၁၉၇၄ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့တွင် လက်ဗန္ဓန် သမ္မတ အာမင် ဂျမားယယ်နှင့် လည်းကောင်း၊ ၂၄ ရက်နေ့တွင် ဆီးရီးယားသမ္မတ အာဆတ်နှင့် လည်းကောင်း တွေ့ဆုံ၍ လက်ဗန္ဓန်မှ အစ္စရေးတပ်များရုပ်သိမ်းရေးကိစ္စကို ဆွေးနွေး ညှိနှိုင်းသည်။ မာဖီသည် အစ္စရေးနိုင်ငံက တင်ပြသော တပ်ရုပ်သိမ်းရေးအစီအစဉ်နှင့် စပ်လျဉ်း၍ သမ္မတဂျမားယယ်နှင့် ဝန်ကြီးချုပ်ကရာမီတို့နှင့် တွေ့ဆုံဆွေးနွေးသည်။ ယင်းအစီအစဉ်တွင် လက်ဗန္ဓန်တောင်ပိုင်းသို့ ပီအယ်အိုပြောက်ကျားများ အလွယ်တကူ ဝင်ရောက်လှုပ်ရှားမှုမပြုစေရန် ဆီးရီးယားက အာမခံချက်ပေးရေးနှင့် အစ္စရေးတပ်များဆုတ်ခွာသွားလျှင် ယင်းဒေသ၌ ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ် (ယူနီဖီး) နှင့် အစ္စရေးဩဇာခံ တောင်လက်ဗန္ဓန်တပ်မတော် (အက်စ်အယ်အေ) တို့က ပူးတွဲစောင့်ရှောက်ရေးတို့ကို တင်ပြထားသည့် ယင်းအစီအစဉ်နှင့်စပ်လျဉ်း၍ ၁၉၇၄ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း မာဖီသည် လက်ဗန္ဓန်နှင့် အစ္စရေးနိုင်ငံတို့ကို လွှန်းပုံခရီးသွားရောက်ကာ ညှိနှိုင်းပေးသည်။ အာမဲပြည်သူစစ် ဆိုင်ဒုံဒေသတပ်မှူး မိုဟမ္မက် ဖာကီးယားကို အစ္စရေးတို့က ၁၂ ရက်ကြာ ဖမ်းဆီးခြင်းနှင့် လက်ဗန္ဓန်က အစ္စရေးထံမှ စစ်လျော်ကြေး ဒေါ်လာသန်း ၁၀,၀၀၀ တောင်းခံခြင်းစသည့် ကိစ္စရပ်များကြောင့် အစ္စရေးတပ် ရုပ်သိမ်းရေး အစီအစဉ်သည် လိပ်ခဲတည်းလည်း ဖြစ်နေသည်။

### ပီအယ်အို ဂိုဏ်းဂဏပြဿနာ

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့ (ပီအယ်အို) ဥက္ကဋ္ဌ ယာဆာ အာရဖတ်နှင့် အီဂျစ်သမ္မတ မူဘာရက်တို့သည် သမိုင်းဝင်ဆွေးနွေးပွဲတရပ်အဖြစ် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ပီအယ်အို ဖတားအုပ်စုအတွင်း ပဋိပက္ခ ပေါ်ပေါက်လာစဉ်က ကြားနေသဘောထားဖြင့် စေ့စပ်ညှိနှိုင်းပေးခဲ့ကြသော ပါလက်စတိုင်းလွတ်မြောက်ရေး ဒီမိုကရက်တစ်တပ်ဦး (ဒီအက်ဖ်အယ်ပီ) နှင့် ပါလက်စတိုင်း လွတ်မြောက်ရေး ပေါ်ပြူလာတပ်ဦး (ပီအက်ဖ်အယ်ပီ) တို့သည် ယင်းဆွေးနွေးပွဲကို ဆန့်ကျင်ဝေဖန်ခဲ့ကြသည်။

ဆီးရီးယားနိုင်ငံတွင် လောလောဆယ် နေထိုင်လျက်ရှိသော ပါလက်စတိုင်း အမျိုးသားကောင်စီ (ပီအယ်အို အဝေးရောက် ပါလီမန်) အဖွဲဝင်များက ယင်းဆွေးနွေးပွဲကို ပြစ်တင်ရှုတ်ချကြောင်းနှင့် ယင်းဆွေးနွေးပွဲသည် ပီအယ်အို အမျိုးသား ပဋိညာဉ် စာချုပ်ကို ချိုးဖောက်ရာရောက်ကြောင်း ၁၉၇၄ ခုနှစ် ဇန္နဝါရီလ ၃ ရက်နေ့တွင် ကြေငြာသည်။ မည်သို့ပင်ဖြစ်စေ အာရဖတ်နှင့် မူဘာရက်တို့သည် ဂင်းနီသမ္မတ အာမက်ဆေကူ တူရေး၏ ဈာပနအခမ်းအနားသို့တက်ရောက်လာကြစဉ် မတ်လ ၃၁ ရက်နေ့တွင် ဂင်းနီနိုင်ငံ၌ ထပ်မံတွေ့ဆုံဆွေးနွေးခဲ့ကြသည်။




**ပင်လယ်နီဒေသတွင် အကြမ်းဖက်သမားများ ထောင်ထားသော မိုင်းများပေါက်ကွဲပုံနှင့် ရှင်းလင်းရပုံကိုပြသော မြေပုံ**

ဤသို့ပင်ဖြစ်စေ အာရဖတ်နှင့် မူဘာရက်တို့သည် ဂင်းနီသမ္မတ အာမက်ဆေကူ တူရေး၏ ဈာပနအခမ်းအနားသို့တက်ရောက်လာကြစဉ် မတ်လ ၃၁ ရက်နေ့တွင် ဂင်းနီနိုင်ငံ၌ ထပ်မံတွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အာရဖတ် သဘာပတိအဖြစ်ဆောင်ရွက်၍ ဇန္နဝါရီလ ၃ ရက်နေ့တွင်ကျင်းပသော ပီအယ်အိုအဆင့်မြင့် စစ်ရေးကောင်စီ အစည်းအဝေးတရပ်က ဆာအစ်မူဆာ (အဘူ


မူဆာ)နှင့် ခါလက်အယ်အမ်မလား (အဘူအမ်မလား)တို့ အပါအဝင် ပီအယ်အိုသူပုန်ခေါင်းဆောင် ဂါးဦးကို ပါလက်စတိုင်း အမျိုးသားကောင်စီ (ပီအင်စီ) နှင့် အဆင့်မြင့် စစ်ရေးကောင်စီတို့မှထုတ်ပယ်၍ နိုင်ငံတော် သစ္စာဖောက်မှုဖြင့် တရားစွဲဆိုရန် ဆုံးဖြတ်ခဲ့ကြသည်။

အာရဖတ်ကိုပုန်ကန်သော အဘူမူဆာနှင့်အဘူဆာလေးတို့သည် ပီအက်ဖ်အယ်ပီ ခေါင်းဆောင်ပိုင်းနှင့် လည်းကောင်း၊ အာမက် ဂျာဘရီး ဦးဆောင်သော ပါလက်စတိုင်းလွတ်မြောက်ရေး ပေါ်ပြူလာတပ်ဦး အထွေထွေဌာနချုပ် (ပီအက်ဖ်အယ်ပီ-ဂျီစီ) မှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် လစ်ဗျနိုင်ငံ၏ ဒုတိယအကြီးအကဲ ဗိုလ်မှူး အက်ဗဒယ် ဆာလမ် ဂျလောက်နှင့် ဇန္နဝါရီလ ၁၀ ရက်နေ့က ဆွေးနွေးခဲ့သည်။

ပီအက်ဖ်အယ်ပီ၊ ဒီအက်ဖ်အယ်ပီ၊ပါလက်စတိုင်း ကွန်မြူနစ်ပါတီတို့နှင့် အတူ ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့အဖြစ် ပူးပေါင်းဖွဲ့စည်းရာတွင် ပါဝင်သော ပါလက်စတိုင်း လွတ်မြောက်ရေးတပ်ဦး (ပီအယ်အက်ဖ်) မှ အာရဖတ်ဆန့်ကျင်ရေးသမားများသည် ဒမတ်စကတ်မြို့ရှိ ပီအယ်အက်ဖ်ရုံးကို စီးနင်းတိုက်ခိုက်ပြီး ပီအယ်အက်ဖ် စတင်တည်ထောင်သူနှင့် အထွေထွေအတွင်းရေးမှူးဖြစ်သူ တလတ်ယာကူတ်ကို သုံးရက်ကြာ ပြန်ပေးဆွဲခဲ့ကြောင်း ဇန္နဝါရီလ ၁၆ ရက်နေ့တွင် ပါလက်စတိုင်း အသံလွှင့်ဌာနက အသံလွှင့်သည်။ အီရတ်နိုင်ငံ ဘဂ္ဂဒတ်မြို့မှ အသံလွှင့်သော ပါလက်စတိုင်း အသံသည် အာရဖတ်သစ္စာခံတို့၏ အသံလွှင့်ဌာန ဖြစ်သည်။ ယင်းသတင်းကို ဆီးရီးယားနှင့်လစ်ဗျ သတင်းစဉ်များက မဟုတ်မှန်ကြောင်း ငြင်းဆိုသည်။ ၁၉၇၄ ခုနှစ် မတ်လလယ်တွင် အာရဖတ်ကို ဆန့်ကျင်သော အမျိုးသားညီညွတ်



**ဆီးရီးယား သမ္မတ အာဆတ်က ဒမတ်စကတ်လေဆိပ်တွင် လက်ဗန္ဓန် သမ္မတ အာမင် ဂျမာယယ်ကို ကြိုဆိုစဉ်**





အစွလာမွစ်ညီလာခံသို့ တက်ရောက်လာသော အဘူဆာလေနှင့် ယာဆာ အာရဖတ်

ရေးအသံ အသံလွှင့်ဌာနသည် ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့မှ စတင်အသံလွှင့်သည်။

အာရဖတ်သည် မေလဆန်းတွင် အီရတ်နိုင်ငံသို့သွား၍ သမ္မတဆက်ဒမ် ဟူစိန်နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် မေလ ၆ ရက်နေ့တွင် တရုတ်ပြည်သူသမ္မတနိုင်ငံသို့သွားရောက်ကာ သမ္မတလီရှန်နင့်၊ ဝန်ကြီးချုပ် ကျောက်ကျိယန် စသည့် နိုင်ငံ ခေါင်းဆောင်များနှင့် တွေ့ဆုံ ဆွေးနွေး သည်။ ကျောက်ကျိယန်က အာရဖတ်ကို ပီအယ်အိုခေါင်းဆောင် အဖြစ် အသိအမှတ်ပြုထောက်ခံကြောင်းပြောကြားသည်။

တောင်ယေမင်နိုင်ငံ အေဒင်မြို့၌ အာရဖတ် သစ္စာခံ ဖတားခေါင်းဆောင်များနှင့် ပီအက်ဖ်အယ်ပီ၊ဒီအက်ဖ်အယ်ပီ၊ ပီအယ်အက်ဖ်၊ ပါလက်စတိုင်း ကွန်မြူနစ်ပါတီတို့မှ ထိပ်တန်းအရာရှိများသည် ဇွန်လ ၉ ရက်နေ့မှ ၁၄ ရက်နေ့အထိ တွေ့ဆုံဆွေးနွေးသည်။ အာရဖတ် သစ္စာခံလက်ရုံးနှင့် အယ်ဖတားပြောက်ကျား တပ်မှူးချုပ် ခါလီအယ်ဝက်ဇာ(အဘူဂျီဟတ်)၏ အဆိုအရ အစည်းအဝေးတက်ရောက်သူများသည် လက်ဗန္ဓနမြောက်ပိုင်းရှိ ပါလက်စတိုင်း ပြောက်ကျားများ၏အခြေအနေ၊ အာရဖတ်နှင့် မူဘာရက်တို့၏ ကိုင်ရှိဆွေးနွေးပွဲနှင့်ပီအင်စီ အစည်းအဝေးရက် သတ်မှတ်ရေးကိစ္စများကို ဆွေးနွေးကြသည်ဟုဆိုသည်။ တောင်ယေမင် သမ္မတ အလီနတ်ဆာမိုဟာမက်သည် ပါလက်စတိုင်း ဂိုဏ်းဂဏပြဿနာစေ့စပ်ပြေငြိမ်းရေးအတွက် ကြားဝင်ဖျန်ဖြေပေးသည်။

ပီအက်ဖ်အယ်ပီ–ဂျီစီ၊ အယ်စိုင်းကာ ပြောက်ကျား အုပ်စု၊ ပါလက်စတိုင်း ပေါ်ပြူလာ လှုပ်ရှားမှုတပ်ဦး (ပီပီအက်စ်အက်ဖ်) နှင့် အာရဖတ်ဆန့်ကျင်သော ဖတားသူပုန်များ ပူးပေါင်းဖွဲ့စည်းထားသည့် အမျိုးသား မဟာမိတ်အဖွဲ့သည် ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့မှ စေ့စပ်ဖျန်ဖြေရေးသမားများနှင့် ဒမတ်စကတ်မြို့၌ ဇွန်လ ၂၀ ရက်နေ့တွင် တွေ့ဆုံဆွေးနွေးသည်။ ထိုအချိန်တွင် လက်ဗန္ဓနိုင်ငံ ထရီပိုလီမြို့အနီး ဘက်ဒဝီဒုက္ခသည်စခန်း၌ ပီအက်ဖ်အယ်ပီ-ဂျီစီတပ်ဖွဲ့များနှင့် အာရဖတ် သစ္စာခံ ပြောက်ကျားတို့ တိုက်ပွဲအသစ်များဖြစ်ပွားသည်။ ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့မှ စေ့စပ်ရေးသမားများသည် ဇွန်လ ၂၇ ရက်နေ့တွင် အယ်ဖတား ပြောက်ကျားအဖွဲ့နှင့် ပူးတွဲသတင်း ကြေငြာချက် ထုတ်ပြန်ရာ ပါလက်စတိုင်း အမျိုးသားညီညွတ်ရေး သဘောတူညီချက်တရပ်ကို အောင်မြင်စွာ ညှိနှိုင်းရရှိထားပြီဟု ဖော်ပြခဲ့သည်။ ယင်းသဘောတူညီချက်တွင် ပီအင်စီ၏ ဆုံးဖြတ်ချက်များကို လေးစားလိုက်နာရေး၊ အတိတ်ကာလက အမှားများကို စွန့်လွှတ်ရေးတို့ကို အလေးအနက်ထားသည်ဟု ဆိုသည်။ အမေရိကန်သမ္မတ ရေဂင်၏ အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးအစီအစဉ်ကို လုံးဝ ပယ်ချရေးကို ထပ်မံအတည်ပြု ဖော်ပြထားသည့်အပြင် စုပေါင်း ခေါင်းဆောင်မှုအရေးပါကြောင်းကို ဦးစားပေးတင်ပြထားသည်။

သို့ရာတွင် ယင်းသဘောတူညီချက်ကို မူဆာက ဇူလိုင်လ ၁၄ ရက်နေ့တွင် ရှုတ်ချဝေဖန်သည်။ ယင်း သဘောတူညီချက်တွင် အာရဖတ်ကို ဦးတည်ဝေဖန်ပြစ်တင်မှု မပါရှိသောကြောင့် လက်မခံနိုင်ကြောင်း ကြေငြာသည်။ ဂျာဘရီးကလည်း အလားတူ ကြေငြာသည်။

ဤသို့ သင်းကွဲဂိုဏ်းကွဲ ပြဿနာများနှင့် ရင်ဆိုင်နေရ



**လက်ဗန္ဓန်သမ္မတ အာမင် ဂျမားယယ်က ရာရှစ် ကရာမီ (ဝဲမှစတုတ္ထမြောက်) ဦးဆောင်သော အစိုးရအဖွဲ့သစ်နှင့် တွေ့ဆုံဆွေးနွေးစဉ်**

သော ပီအယ်လ်အိုသည် အာရပ်နိုင်ငံအားလုံးက အသိအမှတ်ပြုထားသော အဖွဲ့ဖြစ်သည်သာမက ကုလသမဂ္ဂအဖွဲဝင်နိုင်ငံအများစုက ပါလက်စတိုင်းလူမျိုးများကို ကိုယ်စားပြုသည့် တရားဝင် ကိုယ်စားလှယ်အဖြစ် အမြဲတမ်းလေ့လာသုံးသပ်ခဲ့ သတ်မှတ်ထားခံရသော အဖွဲ့လည်းဖြစ်သည်။ ပါလက်စတိုင်းအဝေးရောက် ပါလီမန်ဖြစ်သော ပါလက်စတိုင်း အမျိုးသားကောင်စီ(ပီအင်စီ) သည် ပါလက်စတိုင်း အဖွဲ့၏ ဆုံးဖြတ်ချက်များကို ပြဋ္ဌာန်းပေးသည့် အမြင့်ဆုံးအဖွဲ့ဖြစ်သည်။ ပီအင်စီ၏ ၁၇ ကြိမ်မြောက် အစည်းအဝေးကို ဂျော်ဒန်နိုင်ငံ အမမန်မြို့၌ ၁၉၈၄ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့မှ ၂၉ ရက်နေ့ အထိ ကျင်းပခဲ့သည်။ ကောင်စီဝင် ၃၇၉ ဦး ရှိသည့်အနက် ၂၅၇ ဦးတက်ရောက်မှ အစည်းအဝေး ထမြောက်မည် ဖြစ်၍ အာရဖတ်၏ အတိုက်အခံများက အစည်းအဝေးကို သပိတ်မှောက်ကြရန် တောင်းဆိုနေသည့်ကြားမှ ကြိုးပမ်းစုစည်းကျင်းပခဲ့ရခြင်း ဖြစ်သည်။ ယာဆာ အာရဖတ် သည် ပီအယ်အို ဥက္ကဋ္ဌ အဖြစ်မှ နုတ်ထွက်လွှာကို ၂၇ ရက်နေ့တွင် တင်သွင်းပြီး ၂၈ ရက်နေ့တွင် ပြန်လည် ရုပ်သိမ်းသည်။ ယင်းအစည်းအဝေးက အဖွဲဝင် ၁၁ ဦး ပါဝင်သော အမှုဆောင်ကော်မတီသစ်ကို ဦးဆောင်ရန် အာရဖတ်ကို တညီတညွတ်တည်း ရွေးချယ် တင်မြှောက်သည်။ အာရဖတ်သည် ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့တွင် ပြောက်ကျားအုပ်စု ကိုးစုခန့်ရှိသည့်အနက် အင်အား အကြီးဆုံးဖြစ်သည့် အယ်ဖတားအုပ်စု၏ ခေါင်းဆောင်ဖြစ်၍ ပီအယ်အို စတင် တည်ထောင်ချိန်မှ စ၍ ဥက္ကဋ္ဌ တာဝန်ယူလာသူ ဖြစ်သည်။

ပီအယ်အိုက ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် အမှတ် ၂၄၂ ကို ငြင်းဆိုထားခဲ့ခြင်းကို ပီအင်စီ အစည်းအဝေးတွင် ထပ်မံအတည်ပြုလိုက်သည်။ ထို့ကြောင့် ဂျော်ဒန်ဘုရင်ဟူစိန် တင်ပြထားသော ပူးတွဲအရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆိုင်ရာမူဝါဒကို တစိတ်တဒေသအားဖြင့် ငြင်းဆိုရာရောက်သည်။ ကုလသမဂ္ဂ ဆုံးဖြတ်ချက် ၂၄၂ ကို ၁၉၆၇ ခုနှစ် အာရပ်-အစ္စရေး စစ်ဖြစ်ပွားပြီးနောက်



**ပါလက်စတိုင်း ကောင်စီ အစည်းအဝေး သို့ တက်ရောက်လာသော ဂျော်ဒန်ဘုရင်ဟူစိန်နှင့် ပီအယ်အိုခေါင်းဆောင် အာရဖတ်**

ချမှတ်ခဲ့ခြင်းဖြစ်သည်။ သိမ်းပိုက်ထားသော နယ်မြေများမှ အစ္စရေးတပ်များ ပြန်လည် ရုပ်သိမ်းသွားပြီး ဒေသအတွင်းရှိ နိုင်ငံတို့သည် လုံခြုံမှုရှိစေရန် အသိအမှတ်ပြုထားသည့် နယ်နိမိတ်များအတွင်း တည်ရှိခွင့်ကို ထောက်ခံထားသော ဆုံးဖြတ်ချက်ဖြစ်သည်။ ယင်း ဆုံးဖြတ်ချက်သည် ပါလက်စတိုင်း ပြဿနာကို ဒုက္ခသည် ပြဿနာ တခုအဖြစ်သာ သတ်မှတ်ထားသောကြောင့် ပီအင်စီက ငြင်းဆိုထားခြင်း ဖြစ်သည်ဟု ဆိုသည်။

### အီရန် – အီရတ်စစ်ပွဲ

အီရန်နိုင်ငံနှင့် အီရတ်နိုင်ငံတို့သည် ရှက်တယ်အာရပ် ရေလက်ကြားပိုင်ဆိုင်မှုအပေါ် အငြင်းပွားရာမှ ၁၉၈၀ ပြည့်နှစ် စက်တင်ဘာလ ၂၂ ရက်နေ့မှစ၍ စစ်ဖြစ်ပွားလျက်ရှိရာ ၁၉၈၎ ခုနှစ် ကုန်သည့်တိုင် ပြီးဆုံးခြင်းမရှိသေးချေ။ (အီရန် – အီရတ်စစ်ပွဲ—ရှု။)



အရှေအလယ်ပိုင်း ပြဿနာဖြေရှင်းရေးအတွက် အမျှော်မြင်တွင် တွေ့ဆုံဆွေးနွေးကြသော အီဂျစ်သမ္မတ မူဘာရက်နှင့် ဂျော်ဒန်ဘုရင် ဟူစိန်

**အာဖရိက**။ ။ လူလေးဦးလျှင် တဦးအတွက်သာ သောက်ရေအလုံအလောက်ရှိသော၊ ကမ္ဘာပေါ်တွင် နှစ်စဉ် ကလေး ခုနှစ်သန်းသေဆုံးသည့်အနက် ငါးသန်းသေဆုံးရာ ဒေသဖြစ်သော၊ ၁၉၇၇ ခုနှစ်မှ ၁၉၈၂ ခုနှစ်အတွင်း စီးပွားရေး ၅၀ ရာခိုင်နှုန်းကျော်ကျဆင်းကာ ဆင်းရဲမွဲတေလျက်ရှိသော၊ ကမ္ဘာပေါ်တွင် စားကျက်၊ သီးနှံစိုက်ခင်းနှင့် ရေသွင်းစိုက်ပျိုးမြေ ကေသန်းပေါင်း ဂ,၆၀၀ မှာ သဲကန္တာရများအဖြစ်သို့မြောင်းလဲလျက်ရှိသည့်အနက် ပြောင်းလဲနှုန်းအမြန်ဆုံးဒေသဖြစ်သော အာဖရိကဒေသ၌ ၁၉၈၄ ခုနှစ်အတွင်း နိုင်ငံရေး၊ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေး၊ လူမှုရေးဆိုင်ရာ စိတ်ဝင်စားဖွယ် ဖြစ်ရပ်များ ဖြစ်ပွား ခဲ့သည်။

### ဒုက္ခသည်များပြဿနာ

အာဖရိကနိုင်ငံအများအပြားတွင် နိုင်ငံရေးမတည်ငြိမ်မှု၊ ရိက္ခာမလုံလောက်မှုတို့ကြောင့် မိမိနိုင်ငံကို စွန့်ပြေး၍ အခြားနိုင်ငံတွင် ခိုလှုံနေသော ဒုက္ခသည်များ တိုးပွားလာလျက်ရှိသည်။ (ကမ္ဘာ့စားနပ်ရိက္ခာ — ရှု။)

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးသည် ဒုက္ခသည်စခန်းများကို ဆူဒန်တွင် ၃၀၊ အီသီအိုးပီးယားနှင့် ဆိုမားလီယားတို့တွင် ၁၄ ခုစီ၊ ယူဂန်းဒါးတွင် ၁၂ ခု၊ ဇိုင်ယာတွင် ၁၁ ခု၊ အာဝမ်းဒါးတွင် ၁၀ ခု၊ တန်ဇားနီးယားတွင် ရှစ်ခု၊ ဗော့ဆွာနာ၊ ဗူရွန်ဒီ၊ လီဆိုသို့၊ ဇမ်ဘီယာတို့တွင် ငါးခုစီ၊ အန်ဂိုလာတွင် လေးခု၊ ကင်ညာတွင် သုံးခု၊ ဆွာဇီလန်တွင် နှစ်ခု စုစုပေါင်း ၁၂၈ ခု ဖွင့်လှစ်၍ ဒုက္ခသည် ငါးသန်းကျော်ကို ပြုစုစောင့်ရှောက်လျက်ရှိသည်။

ဆိုမာလီစခန်း၌ လူ ၇,၀၀,၀၀၀၊ ဆူဒန်စခန်းများ၌ အီရစ်ထရီးယား ၆,၃၇,၀၀၀ နှင့် ယူဂန်းဒါး ၂,၀၀,၀၀၀၊ ဇိုင်ယာစခန်း၌ အာဝမ်းဒါး၊ ဗူရွန်ဒီနှင့် အန်ဂိုလာ အမျိုးသား ၃,၃၅,၀၀၀ ခိုလှုံနေထိုင်ကြသည်ဟု ကြက်ခြေနီအဖွဲ့ အပြည်ပြည်ဆိုင်ရာကော်မတီ (အိုင်စီအာစီ) ၏ သတင်းထုတ်ပြန်ချက် တရပ်တွင် ဖော်ပြထားသည်။ ယူဂန်းဒါးအစိုးရသည် ယူဂန်းဒါးနိုင်ငံတွင်း၌ အိုင်စီအာစီ၏ လုပ်ငန်းများကို ရပ်ဆိုင်းရန် ၁၉၈၂ ခုနှစ်မတ်လက တောင်းဆိုခဲ့သော်လည်း ၁၉၈၃ ခုနှစ် ဩဂုတ်လတွင် အိုင်စီအာစီ၏ အကူအညီကို ပြန်လည်တောင်းခံလာခဲ့သည်။

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးသည် ဒုက္ခသည်များအခြေအနေ တိုးတက်ကောင်းမွန်လာအောင် လုပ်ဆောင်နိုင်ခဲ့ပြီဟု ၁၉၈၄ ခုနှစ် နှစ်ဆန်းပိုင်းက ကြေငြာခဲ့သည်။ ဒုက္ခသည်စခန်းအများစုတွင် ရေလုံလောက်စွာ ပေးဝေနိုင်ပြီး၊ ကျန်းမာရေးနှင့် အာဟာရပြည့်ဝမှုအဆင့်အတန်း တိုးတက်လာသည်ဟု ဆိုသည်။ သို့ရာတွင် ပြည့်ကျပ်နေသောဒုက္ခသည်စခန်း ၃၅ ခုမှ ဒုက္ခသည် ၇,၀၀,၀၀၀ ကို ကိုယ်တိုင် ရှာဖွေစားသောက်နေထိုင်နိုင်မည့် အမြဲတမ်းစခန်းများသို့ ရွှေ့ပြောင်းပေးရန် ဆိုမာလီအစိုးရက ၁၉၈၄ ခုနှစ် နှစ်ဆန်းပိုင်းမှာပင် အဆိုပြုခဲ့သည်။

အာဖရိကဒေသရှိ ဒုက္ခသည်များအား အထောက်အပံ့ပေးရေးအတွက် ဒုတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာညီလာခံ (အိုင်ကာရာ-၂) ကို ဂျီနီဗာမြို့၌ ၁၉၈၄ ခုနှစ် ဇူလိုင်လ ၉ ရက်နေ့မှ ၁၁ ရက်နေ့အထိ ကျင်းပခဲ့သည်။ ခိုလှုံသူများနှင့် နိုင်ငံရင်းသို့ ပြန်လာနေထိုင်သူများအား ၁၉၈၄ ခုနှစ်တွင် အထောက်အပံ့ဒေါ်လာ ၁၅၅ သန်းကျော် အထိ တိုးမြှင့်ပေးရန် ခန့်မှန်းသတ်မှတ်ခဲ့သည်။



**ဆူဒန်နယ်စပ်ဒေသသို့ ဦးတည်ခွေပြောင်းလာသော အိသိအိုးပီးယား ဒုက္ခသည်များ**

စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ (အိုအီးစီဒီ) သည် အာဖရိကဆဟာရ အောက်ပိုင်းဒေသသို့ ရေရှည်အကူအညီပေးရေးနှင့် ငတ်မွတ်ခေါင်းပါးမှု တိုက် ဖျက်ရေးအတွက် ၁၉၇၄ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် အဆင့်မြင့်ညီလာခံ ကျင်းပသည်။ အဖွဲ့ဝင် ၂၄ နိုင်ငံ ပါဝင် သော အိုအီးစီဒီသည် ၁၉၇၄ ခုနှစ်တွင် အကူအညီဒေါ်လာ သန်းပေါင်း ၂၇,၅၀၀ ပေးခဲ့ရာ ၁၉၇၂ ခုနှစ်က ပေးခဲ့သည့် ပမာဏအတိုင်း ဖြစ်သည်။ ကုလသမဂ္ဂက နိုင်ငံတဦးချင်း အလိုက် အမျိုးသား အသားတင်ထုတ်လုပ်မှုတန်ဖိုး (ဂျီ အင်ပီ) ၏ သုည၁သမ ၇၅ ရာခိုင်နှုန်းပေးရန် သတ်မှတ် ထားသော်လည်း အဆိုပါ အကူအညီပမာဏသည် သုည ၁သမ ၁၆ ရာခိုင်နှုန်းသာရှိသည်။ ထိုအစည်းအဝေးကျင်းပ နေစဉ်မှာပင် အီသီအိုးပီးယားနိုင်ငံ၌ အငတ်ဘေးအန္တရာယ် မှ လွတ်ကင်းရန် လူ ၅၀,၀၀၀ ခန့်သည် ဆူဒန်နိုင်ငံအရှေ့ ပိုင်း မိုးခေါင်နေသည့်ဒေသများသို့ ရောက်ရှိလာကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး ရုံး က ကြေငြာသည်။ နိုဝင်ဘာလ ဂ ရက်နေ့ကလည်း အီရစ်ထရီး ယားနှင့် တိုက်ဂရေးပြည်နယ်များမှ လူ ၄၇,၀၀၀ ခန့်သည် ဆူဒန်နိုင်ငံတွင်းသို့ ဖြတ်သန်းဝင်ရောက်ခဲ့ပြီး ဖြစ်သည်ဟု ဆိုသည်။

**အစိုးရအပြောင်းအလဲများ**

အာဝမ်းဒါးနိုင်ငံတွင် ၁၉၇၃ ခုနှစ် ဇူလိုင်လက အာဏာ သိမ်းပွဲခဲ့ပြီး ၁၉၇၀ ခုနှစ် ဒီဇင်ဘာလတွင် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံခဲ့ရသော ဗိုလ်ချုပ် ဂျုဇနဲဟာဗျရီ မာနာသည် ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် လည်း နောက်ထပ်ငါးနှစ်သက်တမ်းအတွက် ပြန် လည် ရွေးချယ် တင်မြှောက်ခံရသည်။ ၁၉၇၄ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့တွင် ဝန်ကြီးဟောင်းငါးဦးကို ဖယ်ရှား၍ အသစ် သုံးဦး ဖြည့်စွက်ခန့်ထားကာ အစိုးရအဖွဲ့ကို ပြောင်းလဲ ဖွဲ့စည်းသည်။

ကမ္ဘာ့ရှန်းနိုင်ငံတွင် ၁၉၇၂ ခုနှစ် နိုဝင်ဘာလက အမာဒူ အာဟီဂျို နုတ်ထွက်ခဲ့သည့်အချိန်မှစ၍ သမ္မတဖြစ်လာခဲ့ သော ပေါ ဘီယာသည် ၁၉၇၄ ခုနှစ် ဇန်နဝါရီလ ၁၄ ရက် နေ့တွင် ကျင်းပသည့် သမ္မတ ရွေး ကောက် ပဲ့ ၌ လည်း ထောက်ခံမဲ ၉၉ ဒသမ ၉၈ ရာခိုင်နှုန်းဖြင့် ပြန်လည်ရွေးချယ် တင်မြှောက်ခံရသည်။ ၁၉၇၃ ခုနှစ် နိုဝင်ဘာလက ပြဋ္ဌာန်း ခဲ့သော အခြေခံဥပဒေ ပြင်ဆင်ချက်အရ တသီးပုဂ္ဂလ သမ္မတလောင်းများ ယှဉ်ပြိုင်ခွင့်ပြုထားသော်လည်း ပေါ ဘီယာတဦးတည်းသာ ဝင်ရောက်ယှဉ်ပြိုင်သည်။ ပေါ ဘီယာ ကျမ်းသစ္စာကျိန်ဆိုသော လွှတ်တော်အရေးပေါ် အစည်း အဝေး၌ ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ချက်များ ပြဋ္ဌာန်း ခဲ့သည်။ ဝန်ကြီးချုပ်ရာထူးကို ဖျက်သိမ်းရေး၊ သမ္မတ ကွယ်လွန်လျှင် လွှတ်တော်ဥက္ကဋ္ဌက ယာယီတာဝန် လွှဲ ပြောင်းယူပြီး ရက် ၄၀ အတွင်း သမ္မတအသစ်တဦး ရွေးချယ်တင်မြှောက်စေရေး၊ ညီညွတ်သော ကမ္ဘာ့ရှန်းသမ္မတ နိုင်ငံဟု ခေါ်ဝေါ်နေရာမှ ၁၉၇၄ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်နေ့မှစ၍ ကမ္ဘာ့ရှန်းသမ္မတနိုင်ငံဟု ခေါ်တွင်စေရေး စသည့် အချက်များကို ပြဋ္ဌာန်းခဲ့သည်။

တန်ဇားနီးယားနိုင်ငံ ဒုတိယသမ္မတနှင့် ဇမ်ဇီဗာကျွန်း သမ္မတရာထူးများမှ အဘောက် ဂျမ်ဘီသည် ၁၉၇၄ ခုနှစ် ဇန္နဝါရီလ ၂၉ ရက်နေ့တွင် နုတ်ထွက်သွားခဲ့သည်။ ဂျမ်ဘီသည် ဇမ်ဇီဗာ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌရာထူးနှင့် တန်ဇားနီးယား၏ တခုတည်းသောတရားဝင်ပါတီ ချာမာချာ မာပင်ဒူဇီ(စိစိအမ်) ပါတီ ဒုတိယဥက္ကဋ္ဌရာထူးများကိုလည်း စွန့်လွှတ်သည်။ တန်ဂါနြီကားပြည်မနှင့် ဇမ်ဇီဗာကျွန်းတို့ ပေါင်းစည်း၍ ပြည်ထောင်စုဖွဲ့ခဲ့ခြင်း အနှစ် ၂၀ မြောက် အခမ်းအနားကို ၁၉၆၄ ခုနှစ် ဧပြီလတွင် ကျင်းပရန် စီစဉ်နေစဉ် ဇမ်ဇီဗာနှင့် ပင်ဗာကျွန်းတို့ကို ကိုယ်ပိုင်အုပ်ချုပ်ရေးတိုးမြှင့်ပေးရန် တောင်းဆိုမှုများ ပေါ်ပေါက်လာသည့်အတွက် စိစိအမ် ပါတီအမျိုးသား အလုပ်အမှုဆောင်ကော်မတီဝင် ဇမ်ဇီဗာလူမျိုးတို့က ဂျမ်ဘီအား ရာထူးမှ နုတ်ထွက်ရန် တောင်းဆိုခဲ့သည်ဟု ဆိုသည်။ ကျောင်းဆရာဟောင်း ဂျမ်ဘီသည် ၁၉၇၂ ခုနှစ် ဧပြီလတွင် ရှိတ် အဘိုက် ကာရူမီ လုပ်ကြံခံရပြီးနောက် တော်လှန်ရေးကောင်စီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လာရသူ ဖြစ်သည်။ ၁၉၆၀ ပြည့်နှစ် အောက်တိုဘာလမှစ၍ ဇမ်ဇီဗာကျွန်းသမ္မတဖြစ်လာခဲ့သည်။ အာလီ ဟက်ဆန် မိုညီသည် ၁၉၆၄ ခုနှစ် ဧပြီလတွင် ဂျမ်ဘီ၏ ဇမ်ဇီဗာကျွန်း သမ္မတရာထူးကို ဆက်ခံရန် ထောက်ခံမဲ ၈၇ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ရွေးချယ်တင်မြှောက်ခံရသည်။

တန်ဇားနီးယားဝန်ကြီးချုပ် အက်ဒွပ် ဆိုကိုင်နီသည် ၁၉၆၄ ခုနှစ် ဧပြီလ ၁၂ ရက်နေ့တွင် ယာဉ် ထိခိုက်မှုကြောင့် ကွယ်လွန်သည်။ ဆိုကိုင်နီသည် ကျန်းမာရေးချို့တဲ့ယင်းမှုကြောင့် ၁၉၆၀ ပြည့်နှစ် နိုဝင်ဘာလက နုတ်ထွက်ခဲ့ပြီးမှ ၁၉၆၃ ခုနှစ် ဖေဖော်ဝါရီလတွင် ဝန်ကြီးချုပ်အဖြစ် ပြန်လည်ခန့်ထားခံရသူ ဖြစ်သည်။ နိုင်ငံခြားရေးဝန်ကြီး ဆလင် အာမက် ဆလင်က ဆိုကိုင်နီ၏ ရာထူးကို ဆက်ခံသည်။ ဆလင်သည် ၁၉၇၉ ခုနှစ်နှင့် ၁၉၆၀ ပြည့်နှစ်များတွင် ကုလသမဂ္ဂ အထွေထွေညီလာခံ သဘာပတိအဖြစ် ဆောင်ရွက်ဖူးသည်။ ဆလင်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်လောင်းအဖြစ် ဘက်မလိုက်နိုင်ငံများအုပ်စုက ၁၉၆၁ ခုနှစ်တွင် အဆိုပြုခဲ့ဖူးသည်။

ဂင်းနီဗစ်ဆောနိုင်ငံတွင် ဝန်ကြီးချုပ်၊ တော်လှန်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် အမျိုးသားလုံခြုံရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗစ်တာ ဆော်ဒီမာရီယာကို ရာထူးမှထုတ်ပယ်လိုက်ကြောင်း ၁၉၇၄ ခုနှစ် မတ်လ ၁၀ ရက်နေ့က ကြေငြာသည်။ အာဏာသိမ်းရန် ကြံစည်ခဲ့၍ ထုတ်ပယ်လိုက်ခြင်း ဖြစ်သည်ဟု သမ္မတ ယောင်အို အာနာဒို ဗီအီရာက လူထုအစည်းအဝေးပွဲ၌ ရှင်းပြသည်။ ၁၉၆၀ ပြည့်နှစ် နိုဝင်ဘာလက သမ္မတ လူဝီ ဒီ အယ်မေဒါ ကာဗရိုကို ဖြုတ်ချသည့် အာဏာသိမ်းပွဲ၌ ဆော်ဒီ မာရီယာသည် ပါဝင်ခဲ့ပြီး ၁၉၇၂ ခုနှစ် မေလတွင် ဝန်ကြီးချုပ်ရာထူးကို ရခဲ့ခြင်း ဖြစ်သည်။ သမ္မတ ဗီအီရာသည် ၁၉၇၄ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ဝန်ကြီးချုပ်ရာထူးကိုပါ ပူးတွဲထမ်းဆောင်လိုက်ပြီး ဗိုလ်မှူးကြီး ပေါလို ကော်ရီးယားကို တော်လှန်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌရာထူးတွင် ခန့်ထားသည်။ မတ်လ ၃၁ ရက်နေ့တွင် ဒေသကောင်စီရှစ်ခုကို ရွေးချယ် တင်မြှောက်ခြင်းဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အုပ်ချုပ်သောစနစ်သို့ ပြန်လည်ရောက်ရှိသည်။ ဒေသကောင်စီရှစ်ခုက အမျိုးသားပြည်သူလွှတ်တော်ဖွဲ့ရန် ကိုယ်စားလှယ် ၁၅၀ ရွေးကောက်ပေးသည်။ မေလ ၁၆ ရက်နေ့တွင် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌအဖြစ် သမ္မတဗီအီရာအား လွှတ်တော်က တညီတညွတ်တည်း ရွေးချယ်တင်မြှောက်သည်။

ဂင်းနီနိုင်ငံ၌ ၁၉၆၄ ခုနှစ် မတ်လ ၂၆ ရက်နေ့တွင် သမ္မတအာမက် ဆေကူ တူရေး ကွယ်လွန်သည်။ ၁၉၇၂ ခုနှစ်မှစ၍ ဝန်ကြီးချုပ်ဖြစ်လာသူ လန်ဆာနာ ဘီဗော်ဂိုသည် ဂင်းနီနိုင်ငံ၏ ယာယီခေါင်းဆောင်ဖြစ်သည်။ ဂင်းနီဒီမိုကရက်တစ်ပါတီ (ပီဒီဂျီ) က ခေါင်းဆောင်သစ်ရွေးရန် စီစဉ်နေစဉ် ၁၉၆၄ ခုနှစ် ဧပြီလ ၃ ရက်နေ့တွင် စစ်တပ်က အာဏာသိမ်းယူသည်။ ပီဒီဂျီနှင့် အမျိုးသားလွှတ်တော်ကို ဖျက်သိမ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရပ်စဲသည်။ ဗိုလ်မှူးကြီး လန်ဆာနာကွန်တီက သမ္မတရာထူးကိုယူ၍ ဗိုလ်မှူးကြီး ဒိုင်ယာရာထရာအိုးက ဝန်ကြီးချုပ်အဖြစ်ဆောင်ရွက်သည်။ ၁၉၆၄ ခုနှစ် ဇန္နဝါရီလကလည်း သမ္မတဆေကူ တူရေးကို ဖြုတ်ချရန် ကြံစည်မှုကို ဖော်ထုတ်သိရှိခဲ့၍ လူထောင်ပေါင်းများစွာကို ဖမ်းဆီးအရေးယူရသည်။



**မော်ရော့ကိုတောင်ပိုင်းတွင် ပေါ်လစ်ဆာရီယို ပြောက်ကျားများကို နှိမ်နင်းရန် ကင်းလှည့်နေသော မော်ရော့ကို တပ်ဖွဲ့ဝင်များ**



မိုဇမ်းဗစ်ခေါင်းဆောင် မာချယ်နှင့် တောင်အာဖရိက အကြီးအကဲ ဘိုသာတို့ အင်ကိုမက်တီစာချုပ် လက်မှတ် ရေးထိုးသော အခမ်းအနားသို့ တက်ရောက်လာစဉ်

ဘော်ကီနာဖတ်ဆို (အထက်ဗော်လတာ) နိုင်ငံတွင်လည်း ၁၉၇၄ ခုနှစ် ဇွန်လ ၁၀ ရက်နေ့က ကက်ပတိန် သောမတ် ဆန်ကာရာအစိုးရအဖွဲ့ကို ဖြုတ်ချရန်ကြံစည်မှုတရပ် ဖြစ်ပွားခဲ့သည်။ မေလ ၂၇ ရက်က တည်း က သစ္စာဖောက်စစ်တပ်အရာရှိ အများအပြားကို ထိန်းသိမ်းထားနိုင်ခဲ့ခြင်းကြောင့် ယင်းကြံစည်မှုကို ဟန့်တားနိုင်ခဲ့သည်ဟု အစိုးရက ကြေငြာသည်။ ၁၉၇၄ ခုနှစ် ဧပြီလ ၆ ရက်နေ့ကလည်း ကမ္ဘရွန်းနိုင်ငံတွင် သမ္မတ ပေါ ဘီယာ ကို သစ္စာခံသော တပ်များသည် သမ္မတနိုင်ငံကာကွယ်ရေး တပ်ဖွဲ့ဝင်များ၏ အာဏာသိမ်းရန် ကြံစည်မှုကို နှိပ်ကွပ်ခဲ့ရာ လူ ၇၀ ကျော် သေဆုံးသည်။

မော်ရီတေးနီးယား စစ်တပ်အကြီးအကဲ ဒုတိယဗိုလ်မှူးကြီး မိုဟာမက် မာအူယာအွတ် တာယာက ၁၉၇၄ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် သွေးထွက်သံယိုမရှိပဲ အာဏာသိမ်းလိုက်သည်။ ဗဟုရွန်ဒီနိုင်ငံတွင် ပြင်သစ် - အာဖရိက ထိပ်သီးအစည်းအဝေး တက်ရောက်နေစဉ် ဖြုတ်ချခံရသည့် သမ္မတ ဒုတိယဗိုလ်မှူးကြီး ခေါင်နာ အွတ် ဟောဒယ်လာ သည် ၁၉၇၈ ခုနှစ်က သမ္မတ မော့တာအုဒါဒါကို ဖြုတ်ချခဲ့ပြီး ၁၉၈၀ ပြည့်နှစ်မှစ၍ အမျိုးသား ကယ်တင်ရေး ကောင်စီ အကြီးအကဲနှင့် သမ္မတတာဝန်ကို ထမ်းဆောင်ခဲ့သူ ဖြစ်သည်။ (စွယ်စုံနှစ်ချုပ်၊ ၁၉၈၂–စာ၊ ၂၆၂ — ရှ။)

အနောက်ဆဟာရ လွတ်လပ်ရေးအတွက် မော်ရော့ကိုနိုင်ငံကို ဆန့်ကျင် တိုက်ခိုက်နေသော ပေါ်လစ်ဆာရီယိုတို့၏ ဆဟာရ ဒီမိုကရက်တစ်သမ္မတနိုင်ငံ (အက်စ်အေဒီအာ) ကို မော်ရီတေးနီးယားနိုင်ငံက အသိအမှတ်ပြုခဲ့ရာမှ အစိုးရအဖွဲ့အတွင်း အငြင်းပွားမှု ပေါ်ပေါက်ကာ ၁၉၇၄ ခုနှစ် မတ်လ ၈ ရက်နေ့တွင် သမ္မတ ဟောဒယ်လာက ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး တာယာကို ထုတ်ပယ်ခဲ့ပြီးနောက် တာယာက စစ်တပ်ဖြင့် အာဏာသိမ်းယူလိုက်ခြင်းပင်ဖြစ်သည်။ ဟောဒယ်လာသည် ၁၉၇၁ ခုနှစ် မတ်လကတည်းက ဗိမ်၊ ၁၉၇၂ ခုနှစ် ဖေဖော်ဝါရီလကတည်းက အာဏာသိမ်းရန် ကြံစည်မှုများကို နှိမ်နင်းခဲ့ရဖူးသည်။

လွန်ခဲ့သော ၂၅ နှစ်အတွင်း အာဖရိကနိုင်ငံ ၃၀ ကျော်တွင် ခေါင်းဆောင်အကြီးအကဲ ၈၀ နီးပါးသည် ရာထူးဖြုတ်ချသတ်ဖြတ်ခြင်း ခံခဲ့ရသည်။

## နိုင်ငံအမည်သစ်

အထက် ဗော်လတာနိုင်ငံတွင် ဝန်ကြီးချုပ် ဟောင်း ကက်ပတိန် သောမတ် ဆန်ကာရာက ၁၉၇၃ ခုနှစ် ဩဂုတ် လ ၄ ရက်နေ့တွင် အာဏာသိမ်းယူခဲ့ပြီးနောက် တနှစ်ပြည့် မြောက် သော နေ့တွင် ဘော်ကီနာ ဖတ်ဆိုနိုင်ငံဟု ပြောင်းလဲခေါ်တွင်ရန် အမိန့် ထုတ်ပြန်ခဲ့သည်။ ဒေသခံ

ဘာသာစကား ၅၀ ကျော်ရှိသည့်အနက် နှစ်မျိုးမှစကား လုံးနှစ်လုံးကို ပေါင်းစပ်ခေါ်တွင်ခြင်း ဖြစ်သည်။ မော့ဆီ ဘာသာစကား "ဘော်ကီနာ" သည် ရိုးသားသူတို့၏ မြေဟု အနက်ရ၍ ဒိုင်အိုလာဘာသာစကား "ဖတ်ဆို" သည် ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဟု အနက်ရသည်။ နိုင်ငံတော် သီချင်းနှင့် အလံကိုလည်း ပြောင်းလဲသည်။

## တောင်အာဖရိက

တောင်အာဖရိက လူဖြူအစိုးရသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ကို ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့တွင် ဆန္ဒခံယူကျင်းပ၍ အတည်ပြုခဲ့သည်။ လူဦးရေ ၃၁ သန်း ကျော်ရှိသည့်အနက် လူဖြူ ၄ ဒသမ ၇ သန်းထဲမှ အရွယ် ရောက်၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂ ဒသမ ၇ သန်းနှင့် အိန္ဒိယနွယ်ဖွားများ၊ လူဖြူမဟုတ်သော အသွေးရောင်စုံ များ၏ ထောက်ခံမဲ ၆၅ ဒသမ ၉၅ ရာခိုင်နှုန်းဖြင့် အတည် ပြုခဲ့ခြင်းဖြစ်သည်။ လူမည်း ၂၃ သန်းက ဆန္ဒမဲပေးခွင့် မရခဲ့ချေ။ ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်သည် အာဏာ အပြည့်အဝ ယူထားသော သမ္မတနှင့် ပါလီမန်သုံးခုထားရှိ အုပ်ချုပ်သော စနစ်ဖြစ်သည်။ လူဖြူအမတ် ၁၇၈ ဦး၊ အသွေးရောင်စုံမျိုးနွယ်စု ၂ ဒသမ ၀ သန်းကို ကိုယ်စား ပြုမည့် အမတ် ၀၅ ဦး၊ အိန္ဒိယနွယ်ဖွား ရှစ်သိန်းခွဲကို ကိုယ်စားပြုမည့် အမတ် ၄၅ ဦးဖြင့် ပါလီမန်သစ်ကို ဖွဲ့ စည်းသည်။ ဥပဒေပြုမှု အာဏာကို လူဖြူ အမတ်များက ရရှိ၍ ကျန်အမတ်များမှာမူ မိမိလူမျိုးစုနှင့် သက်ဆိုင်သည့် ဥပဒေကြမ်းကို လေ့လာဆွေးနွေး ဆန္ဒပေးရန်သာ လုပ် ပိုင်ခွင့်ရှိသည်။ အိန္ဒိယနွယ်ဖွား လွတ်တော်နှင့် အရောင် အသွေးစုံမျိုးနွယ်စု လွတ်တော်တို့တွင် အမတ်နှစ်ဦးစီကို သမ္မတက ခန့်ထားရမည်ဟုလည်း ကန့်သတ်ထား သေး သည်။ ၁၉၇၈ ခုနှစ် စက်တင်ဘာလမှစ၍ ဝန်ကြီးချုပ် ဖြစ်ခဲ့သော ပီ ဒဗလျူ ဘိုသာသည် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်အရ ဖွဲ့စည်းသော အစိုးရအဖွဲ့တွင် ၁၉၇၄ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့မှစ၍ သမ္မတရာထူးကို ရယူ လိုက်သည်။

ဗုံးဖောက်ခွဲမှုများ၊ အကြမ်းဖက်မှုများ၊ အစိုးရဆန့် ကျင်ဆန္ဒပြပွဲများသည် တောင်အာဖရိကတွင် ၁၉၇၄ ခုနှစ်၌ ပိုမိုပြင်းထန်လာသည်။ တောင်အာဖရိက၌ လက်ရှိကျင့် သုံးနေသော အသားအရောင် ခွဲခြားရေးစနစ်နှင့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်အရ ဖွဲ့သော အစိုးရ အဖွဲ့သစ်တို့သည် တသားတည်းပင် ဖြစ်သောကြောင့် ကုလသမဂ္ဂက လက်ခံ အတည်ပြုခြင်းမရှိချေ။ (ကုလသမဂ္ဂ — ၌ ။)

အာဖရိကန် အမျိုးသား ကွန်ဂရက် (အေအင်စီ) ဦးဆောင်သော တောင်အာဖရိက ပြည်သူများသည် လူဖြူ လူနည်းစု အုပ်စိုးမှု အဆုံးသတ်ရေးအတွက် လက်နက်ကိုင် တိုက်ပွဲ ဆင်နွှဲနေသည့် နည်းတူ နမီးဗီးယားဒေသ လွတ် မြောက်ရေးအတွက် နမီးဗီးယားပြည်သူတို့သည် အနောက် တောင်အာဖရိက ပြည်သူအဖွဲ့ (ဆွာပို) ၏ ဦးဆောင် မှုဖြင့် လူဖြူအစိုးရကို ဆန့်ကျင်တိုက်ခိုက်လျက် ရှိသည်။

## အပြည်ပြည်ဆိုင်ရာဆက်ဆံရေး

လိုက်ဗီးရီးယားနိုင်ငံသည် အာရပ်–အစ္စရေး စစ်မက် ဖြစ်ပွားခဲ့သည့် ၁၉၇၃ ခုနှစ်က အစ္စရေးနှင့် သံအဆက် အသွယ်ဖြတ်တောက်ခဲ့ရာမှ ၁၉၈၃ ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့တွင် သံအဆက်အသွယ် ပြန်လည် ပြုလုပ်ခဲ့သည်။ ၁၉၈၂ ခုနှစ် မေလက ပြန်လည်ဆက်သွယ်ခဲ့သော ဇိုင်ယာ နိုင်ငံပြီးလျှင် ဒုတိယမြောက် ဆက်သွယ်သော နိုင်ငံဖြစ် သည်။ အစ္စရေးနှင့် သံအဆက်အသွယ် လုံးဝမဖြတ်ခဲ့သော နိုင်ငံများမှာ လီဆိုသို့၊ မာလာဝီနှင့် ဆွာဇီလန်တို့ ဖြစ် ကြသည်။ ၁၉၈၄ ခုနှစ် ဇန္နဝါရီလ ၂၃ ရက်နေ့တွင် အစ္စရေး သမ္မတ ချိမ်း ဟားဇော့ လိုက်ဗီးရီးယားသို့ လာ ရောက်လည်ပတ်ပြီးနောက် အစ္စရေးက ဆေးဝါး၊ စိုက်ပျိုး ရေးနှင့် စက်မှုအကြံပေးပုဂ္ဂိုလ်များ စေလွှတ်ကူညီသည်။

နိုင်ငံသမိုင်းတွင် ပထမဆုံး တရားဝင် နိုင်ငံရေးပါတီ အဖြစ် မတ်လိနင်ဝါဒီ အီသီအိုးပီးယန်း အလုပ်သမား ပါတီ (ဒဗလျူပီအီး) ကို ၁၉၈၄ ခုနှစ် စက်တင်ဘာ လ ၁၀ ရက်နေ့က တရားဝင်ထူထောင်ခဲ့သော အီသီအိုး ပီးယားနိုင်ငံသည် အမေရိကန်ပြည်ထောင်စုနှင့် ဆက်ဆံ ရေးယိုယွင်းလျက် ရှိသည်။ ၁၉၈၀ ပြည့်နှစ် ဇူလိုင်လက အီသီအိုးပီးယားဆိုင်ရာ အမေရိကန်သံအမတ်ကြီးကို အမေ ရိကန်အစိုးရက ပြန်လည် ခေါ်ယူခဲ့ပြီးနောက် ၁၉၈၄ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် အမေရိကန် သံအရာရှိ အားလုံးကို အီသီအိုးပီးယားအစိုးရက နှင်ထုတ်ခဲ့သည်။ ဖေဖော်ဝါရီလ ၂၉ ရက်နေ့တွင် ဆိုဗီယက်သံအရာရှိနှစ်ဦး ကိုလည်း သူလျှိုမှုစွပ်စွဲချက်ဖြင့် နှင်ထုတ်ခဲ့သည်ဟု သတင်း တရပ်က ဆိုသည်။ သို့သော် အီသီအိုးပီးယား–ဆိုဗီယက် ဆက်ဆံရေးမှာမူ တိုးတက်ကောင်းမွန်လျက် ရှိသည်။

တောင်အာဖရိကနှင့် အန်ဂိုလာနိုင်ငံတို့သည် ဇမ်ဘီးယား နိုင်ငံ လူဆာကာမြို့၌ ၁၉၈၄ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့က နှစ်နိုင်ငံ အပစ်အခတ် ရပ်စဲရေးနှင့် အန်ဂိုလာ နိုင်ငံမှ တောင်အာဖရိကတပ်များ ရုပ်သိမ်းရေး အတွက် သဘောတူညီခဲ့ကြသည်။ မတ်လ ၁၆ ရက်နေ့တွင် တောင် အာဖရိကနှင့် မိုဇမ်းဗစ်နိုင်ငံတို့သည် နှစ်နိုင်ငံမကျူးကျော် ရေးနှင့် အိမ်နီးချင်းကောင်း ပီသရေးစာချုပ် (အင်ကို မက်တီစာချုပ်) ကို ချုပ်ဆို ခဲ့သည်။ ၁၉၈၂ ခုနှစ် ဖေဖော်ဝါရီလက တောင်အာဖရိကနှင့် ဆွာဇီလန်နိုင်ငံတို့



**လစ်ဗျခေါင်းဆောင် ကဒက်ဖီကို လုပ်ကြံရန် ကြိုပမ်း သူမျှားကို လစ်ဗျအစိုးရတပ်ဖွဲ့ဝင်များက ချေမှုန်းပြီးနောက် တွေ့မြင်ရပုံ**

သည် အလားတူ စာချုပ်မျိုး လျှို့ဝှက်ချုပ်ဆိုထားသည်ဟု ၁၉၇၄ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် တရားဝင်သတင်းထုတ်ပေါ်လာသည်။

ပေါ်တူဂယ်ဘာသာစကားသုံးစွဲသော အာဖရိကနိုင်ငံငါးနိုင်ငံမှ နိုင်ငံအကြီးအကဲများသည် ဂင်းနီဗစ်ဆောနိုင်ငံဗစ်ဆောမြို့၌ ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် တွေ့ဆုံ၍ အာဖရိကညီညွတ်ရေး၊ တောင်အာဖရိကအခြေအနေ၊ ချဒ်အရေးအခင်းနှင့် အနောက်ဆဟာရ ပြဿနာတို့ကို ဆွေးနွေးသည်။ အန်ဂိုလာသမ္မတ ဒို့ ဆန်တို့စ်၊ ဂင်းနီဗစ်ဆောသမ္မတ ဗီအီရာ၊ ကိပ်ဗာဒီသမ္မတ အရစ္စတီဒက်စ် ပရဲရား၊ စောတိုမီနှင့် ပရင်စီပီးသမ္မတ ပင်တိုဒါ ကော့စတာနှင့် မိုဇမ်းဗစ် သမ္မတ ဆာမိုရာ မာချယ်တို့ တက်ရောက်သည်။ ၁၉၇၆ ခုနှစ်က အင်ဒိုနီးရှားနိုင်ငံ ပိုင်နက်အတွင်းသို့ ထည့်သွင်းခံခဲ့ရသော အရှေ့တီမောကျွန်း အရေးနှင့် စပ်လျဉ်း၍ ပေါ်တူဂယ်အစိုးရက တာဝန်ယူ ဆောင်ရွက်ရန်၊ အရှေ့တီမော လွတ်လပ်ရေးအတွက် တော်လှန်ရေးတပ်ဦးနှင့် ဆက်သွယ်ကူညီရန် ဆုံးဖြတ်ခဲ့ကြသည်။

ပြင်သစ်ဇုံဟု ခေါ်သော ဗယ်နင်၊ ကမ္ဘရွန်း၊ အလယ်ပိုင်း အာဖရိကသမ္မတနိုင်ငံ၊ ချဒ်၊ ကိုမိုရို့၊ ကွန်ဂို၊ ဂါဗွန်၊ အိုင်ဗရီကို့၊ မာလီ၊ နိုင်ဂျာ၊ ဆီနီဂေါ၊ တိုဂိုနှင့် ဘော်ကီနာဖတ်ဆိုနိုင်ငံတို့မှ ဘဏ္ဍာရေးဝန်ကြီးများသည် ပါရီမြို့၌ ၁၉၇၄ ခုနှစ် ဧပြီလ ၆ ရက်နေ့တွင် ပြင်သစ် ဘဏ္ဍာရေးဝန်ကြီးနှင့် တွေ့ဆုံ၍ ဖွံ့ဖြိုးရေးအကူအညီ ရရှိရေးအတွက် ဆွေးနွေးသည်။

တောင်ပိုင်း အာဖရိက ရွှေတန်း ခြောက်နိုင်ငံဖြစ်သည့် အန်ဂိုလာ၊ ဗော့ဆွာနာ၊ မိုဇမ်းဗစ်၊ တန်ဇားနီးယား၊ ဇမ်ဘီးယားနှင့် ဇင်ဗာဗွေနိုင်ငံတို့မှ အကြီးအကဲများသည် ၁၉၇၄ ခုနှစ် ဧပြီလ ၂၉ ရက်နေ့တွင် တန်ဇားနီးယားနိုင်ငံ၌ အေအင်စီနှင့် ဆွာပိုကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးပြီး အန်ဂိုလာ–တောင်အာဖရိက သဘောတူညီချက်နှင့် အင်ကိုမက်တီစာချုပ်တို့ကို ထောက်ခံကြောင်း၊ အသားအရောင် ခွဲခြားရေးဝါဒကို ငြိမ်းချမ်းသောနည်းဖြင့် အဆုံးမသတ်နိုင်လျှင် လက်နက်ကိုင်တော်လှန်ရေးကိုသာ ကိုင်စွဲဖြေရှင်းမည်ဖြစ်ကြောင်း ကြေငြာခဲ့ကြသည်။ အန်ဂိုလာမှ ကျူးဗားတပ်သား ၂၅,၀၀၀ ရုပ်သိမ်းပေးလျှင် နမီးဗီးယားဒေသမှ တောင်အာဖရိကတပ်များကို ရုပ်သိမ်းပေးမည်ဟု ကမ်းလှမ်းခဲ့သည့် တောင်အာဖရိက၏ အဆိုပြုချက်ကို ပယ်ချခဲ့ကြသည်။

မိုဇမ်းဗစ် ရေလက်ကြားရှိ ကိုမိုရို့နိုင်ငံသို့ မာယိုတီကျွန်းကို ပြန်လည်အပ်နှံရန် ရည်ရွယ်ပြီး ကိုမိုရို့အစိုးရနှင့် ဆွေးနွေးပွဲများ ပြုလုပ်သွားရေး အတွက် ပြင်သစ်နိုင်ငံအား တိုက်တွန်းထားသော ဆုံးဖြတ်ချက်တရပ်ကို ကုလသမဂ္ဂအထွေထွေညီလာခံက ၁၉၇၄ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ချမှတ် ပြဋ္ဌာန်းလိုက်သည်။ ပြင်သစ်အစိုးရသည် ၁၉၇၄ ခုနှစ်အထိ ဂရန်ဒေကိုမိုရို၊ အန်ယွန်၊ မိုဟီလီနှင့် မာယိုတီကျွန်းတို့ကို အနှစ် ၁၃၀ ကြာ အုပ်ချုပ်ခဲ့သည်။ ၁၉၇၄ ခုနှစ် ဆန္ဒခံယူပွဲတွင် မာယိုတီကျွန်းက ပြင်သစ်နှင့် ဆက်လက်ပူးတွဲ နေထိုင်ရန် ဆုံးဖြတ်ခဲ့သဖြင့်

ကျန် သုံးကျန်းကိုသာ ကိုမိုရို့ အစ္စလာမ် သမ္မတ နိုင်ငံနှင့် ပေါင်းစည်းခဲ့သည်။ ၁၉၇၆ ခုနှစ် ဆန္ဒခံယူပွဲတွင်လည်း မာယိုတီကျန်းက ပြင်သစ်နှင့် ဆက်လက်နေထိုင်ရန် ဆုံးဖြတ်ခဲ့သည်။

မော်ရော့ကိုနိုင်ငံသည် အဖွဲဝင် ၅၁ နိုင်ငံပါရှိသည့် အာဖရိကညီညွတ်ရေးအဖွဲ့ (အိုအေယူ) မှ ၁၉၆၄ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့တွင် နုတ်ထွက်သွားသည်။ ယင်းအဖွဲ့၏ ၂၁ နှစ်ကြာသမိုင်းတွင် ပထမဆုံး နုတ်ထွက်သည့် နိုင်ငံဖြစ်သည်။ အနောက် ဆဟာရဒေသ အုပ်စိုးနိုင်ရေးအတွက် မော်ရော့ကိုနှင့် စစ်ပြိုင်နေသော ပေါ်လစ်ဆာရီယိုပြောက်ကျားတပ်ဦး ကိုယ်စားလှယ်အား အိုအေယူအစည်းအဝေးသို့ တက်ရောက်ခွင့် ပေးခြင်းကို ဆန့်ကျင်သောအားဖြင့် နုတ်ထွက်ခြင်း ဖြစ်သည်။

**အာရှ၊ တောင်။** ။အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ၊ နီပေါ၊ သီရိလင်္ကာ၊ ဘူတန်နှင့် မော်လဒိုက်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများသည် နယူးဒေလီမြို့၌ နှစ်ရက်ကြာ အစည်းအဝေးကျင်းပပြီးနောက် ၁၉၇၃ ခုနှစ် ဩဂုတ်လ ၂ ရက်နေ့တွင် တောင်အာရှဒေသ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကော်မတီ (အက်စ် အေ အာ စီ) ဖွဲ့စည်းကြောင်း ကြေငြာချက်ကို လက်မှတ်ရေးထိုးလိုက်ကြသည်။ ဘင်္ဂလားဒေ့ရှနိုင်ငံ သမ္မတ ဗိုလ်ချုပ် ဇီယာရာမန် ၁၉၇၀ ပြည့်နှစ်က ပထမဆုံး တင်ပြခဲ့သော ယင်းဒေသ ပူးပေါင်း ဆောင်ရွက်ရေး အဆိုပြုချက်ကို ၁၉၇၁ ခုနှစ်နှင့် ၁၉၇၃ ခုနှစ်အတွင်း နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးငါးကြိမ် ကျင်းပညှိနှိုင်းကာ အကောင်အထည်ဖော်လိုက်ခြင်း ဖြစ်သည်။ ယင်း ကော်မတီ၏ ဥက္ကဋ္ဌအဖြစ် အိန္ဒိယနိုင်ငံ ပြည်ပရေးရာ ဝန်ကြီး ပီဗီ နာရာဆင်ဟာရောင်းကို ရွေးချယ် တင်မြှောက်သည်။ စိုက်ပျိုးရေးရာ၊ ကျေးလက်ဖွံ့ဖြိုးရေးရာ၊ ဆက်သွယ်ရေးရာ၊ ကျန်းမာရေးရာ၊ လူဦးရေရေးရာ၊ အားကစားရေးရာ၊ ပန်းချီနှင့် အနုပညာရေးရာ ကိစ္စများ၌ ဒေသဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှု အခြေအနေ တိုးတက်မှု ရှိ မရှိ သုံးသပ်ရေးအတွက် ကော်မတီ မျက်နှာစုံညီ အစည်းအဝေး တနှစ်တကြိမ် ကျင်းပရန် ဆုံးဖြတ်သည်။

ယင်းဒေသရှိ နိုင်ငံအချို့၌ ၁၉၇၄ ခုနှစ်အတွင်း နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာ အရေးကြီးသော ဖြစ်ရပ်များ ဖြစ်ပွားခဲ့သည်။ (အိန္ဒိယသမ္မတနိုင်ငံ —ရှု။)

## ပါကစ္စတန်

ပါကစ္စတန်နိုင်ငံ၌ ၁၉၇၉ ခုနှစ် ဧပြီလ ၄ ရက်နေ့တွင် သေဒဏ်ပေးခံခဲ့ရသော ဝန်ကြီးချုပ်ဟောင်း ဇူဖိကာ အလီ



ပါကစ္စတန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း အလီဘူတို၏ သမီး ဘီနဇာဘူတိုကို ထိန်းသိမ်းထားရာမှ လွှတ်ပေးလိုက်ပြီးနောက် တွေ့မြင်ရပုံ

ဘူတို၏ သမီး ဘီနဇာကို အကျယ်ချုပ်မှ လွှတ်ပေးလိုက်ပြီ ဖြစ်၍ ဘီနဇာသည် ဆေးဝါးကုသမှုခံယူရန် ဥရောပသို့ ထွက်ခွာသွားကြောင်း စစ်အုပ်ချုပ်ရေး အာဏာပိုင်အဖွဲ့က ၁၉၇၄ ခုနှစ် ဇန္နဝါရီလ ၁၀ ရက်နေ့တွင် ကြေငြာသည်။ ၁၉၇၅ ခုနှစ် မတ်လတွင် ကျင်းပပေးရန် ကတိပြုထား သော ပါလီမန် ရွေးကောက်ပွဲများမတိုင်မီ အကျဉ်းခံ နိုင်ငံရေး ခေါင်းဆောင်များကို လွှတ်ပေးမည်ဟု သမ္မတ ဇီယာ အူးလဟက်က ဇန္နဝါရီလ ၂၄ ရက်နေ့တွင် ပြောကြား သည်။ မည်သို့ပင် ဖြစ်စေ ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှ စ၍ ကျောင်းသားသမဂ္ဂ အဖွဲ့အစည်းများကို ဖျက်သိမ်း ရန် စစ်အုပ်ချုပ်ရေး ဥပဒေအမိန့်ကို ဆန့်ကျင်သည့် ဆန္ဒ ပြပွဲများ၊ အတိုက်အခံ ဒီမိုကရေစီ ပြန်လည် ထွန်းကား ရေး လှုပ်ရှားမှုအဖွဲ့ (အမ်အာဒီ) က လှုံ့ဆော် လှုပ်ရှား သော ဆန္ဒပြပွဲများကြောင့် နိုင်ငံတွင်း မငြိမ်မသက် ဖြစ် ရသည်။ ၁၉၇၄ ဒီဇင်ဘာလတွင် ဘီဟာရီများက ကရာချီ မြို့၌ သမ္မတ ဇီယာ အူးလဟက် အစိုးရကို သုံးရက်တိုင် တိုင် ဆန့်ကျင် ဆန္ဒပြသည်။ ဘီဟာရီတို့သည် အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်မှ ပါကစ္စတန်သို့ ဝင်ရောက် နေထိုင်ကြ သည့် အူရဒူစကားပြောသူ မူဆလင်များ ဖြစ်ကြသည်။ ထိုပြင် အောက်တိုဘာလအတွင်းကလည်း ဆွန်နီမူဆလင် များနှင့် ရှီယိုက်မူဆလင်များအကြား လူမျိုးရေး အဓိ ကရုဏ်း ဖြစ်ပွား၍ လူငါးဦးသေဆုံးသည်။ ပါကစ္စတန်နိုင်ငံ တွင် ဆွန်နီ ဂ၁ ရာခိုင်နှုန်းခန့်ရှိပြီး ရှီယိုက် ၁၅ ရာ ခိုင် နှုန်း မျှသာ ရှိသည်။

သမ္မတ ဇီယာအူးလဟက်က ပါကစ္စတန်နိုင်ငံ၏ ကောင်း ကျိုးအတွက် အစ္စလာမ်မူဝါဒနှင့်အညီ ဥပဒေ စည်းကမ်း များ ချမှတ်ရေး မူဝါဒကို အတည်ပြုချက်ရယူရန် ပြည်လုံး ကျွတ် ဆန္ဒခံယူပွဲ ကျင်းပမည်ဖြစ်ကြောင်း ၁၉၇၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ကြေငြာလိုက်သည်။ ပါကစ္စတန် သမ္မတသည် ဆန္ဒခံယူပွဲနှင့် စပ်လျဉ်း၍ နိုင်ငံအတွင်း ၁၀ ရက်ကြာမျှ လှည့်လည် ရှင်းလင်းခဲ့သည်။ ပါကစ္စတန်နိုင်ငံရှိ အတိုက်အခံပါတီ ၁၁ ခု ပါဝင်သော ဒီမိုကရေစီ ပြန်လည် ထွန်းကားရေး လှုပ်ရှားမှုအဖွဲ့နှင့် အမျိုးသမီးအဖွဲ့ ခြောက် ဖွဲ့က ပြည်သူ့ဆန္ဒခံယူပွဲကို သပိတ်မှောက်ရန် ဆုံးဖြတ်ပြီး ပြည်သူလူထုအားလည်း ကန့်ကွက် ဆန္ဒပြရန် တိုက်တွန်း ခဲ့သည်။ အစိုးရကလည်း ဆန္ဒခံယူပွဲကို ဆန့်ကျင် သပိတ် မှောက်သူများကို အရေးယူနိုင်မည့် ဥပဒေ စည်းကမ်းသတ် မှတ်ချက်များကို ထုတ်ပြန်ခဲ့သည်။ ဆန္ဒခံယူပွဲ ဆန့်ကျင် ရေး လှုပ်ရှားမှုတွင် ပါဝင်သူများ ကိုလည်း ထိန်းသိမ်း ခဲ့သည်။ သမ္မတ ဇီယာအူးလဟက်၏ အစိအစဉ်အတိုင်းပင် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ ခရိုင်ပေါင်း ၃၂ ခု၌



ပါကစ္စတန်နိုင်ငံ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် သမ္မတ ဇီယာ အူးလဟက် ဆန္ဒမဲထည့်နေပုံ

ထောက်ခံမဲ ၉၈ ရာခိုင်နှုန်း ရရှိကြောင်း ကြေငြာခဲ့သည်။ ယင်းအောင်မြင်မှုကြောင့် ဇီယာအူးလဟက်သည် သမ္မတ ရာထူးကို နောက်ထပ် သက်တမ်းငါးနှစ် ရရှိသည်။

### ဘင်္ဂလားဒေ့ရှ

ဘင်္ဂလားဒေ့ရှနိုင်ငံရေးပါတီ ၁၁ ခုပါဝင်သော အတိုက် အခံ မဟာမိတ်အဖွဲ့က ဒေသန္တရကောင်စီ ရွေးကောက်ပွဲ များ ကျင်းပမည့်အစား သမ္မတ ရွေးကောက်ပွဲနှင့် ပါလီမန် ရွေးကောက်ပွဲများ ပြောင်းလဲ ကျင်းပပေးရန် ၁၉၇၄ ခုနှစ် ဖေဖော်ဝါရီလတွင် တောင်းဆိုခဲ့သည်။ မေလတွင် ဘင်္ဂလား ဒေ့ရှ သမ္မတ အာရှတ်က နိုင်ငံအတွင်း ထုတ်ပြန်ထားသည့် စစ်အုပ်ချုပ်ရေးအမိန့်ကို အထွေထွေ ရွေးကောက်ပွဲအပြီး အစိုးရ ဖွဲ့စည်းပြီးမှသာ ရုပ်သိမ်းမည်ဟု ပြောကြားသည်။ မေလတွင် ဥပဒေအကျိုးဆောင်ရွေနေ ၁၅,၀၀၀ နီးပါးက တရားစီရင်ရေး လွတ်လပ်မှု ပြန်လည် ထွန်းကားရန်နှင့် စစ်မိန့်ရုပ်သိမ်းပေးရန် နိုင်ငံတဝန်းလုံးရှိ တရားရုံးများကို တပတ်ကြာမျှ သပိတ်မှောက်ခဲ့သည်။ သမ္မတ အာရှတ် သည် အတိုက်အခံ ၁၁ ပါတီညွှန့်ပေါင်းအဖွဲ့ ခေါင်းဆောင် ရာမန် ခန်းကို ဝန်ကြီးချုပ်ရာထူးပေးပြီး အတိုက်အခံများ နှင့် ညှိနှိုင်းခဲ့သော်လည်း တိုးတက်မှု မရရှိခဲ့ချေ။ အတိုက် အခံ ၅၂ ပါတီမှ ခေါင်းဆောင် ၃၀၀ တို့နှင့် တလကြာ


ညီနွှိုင်းရုတ္တင် နိုင်ငံရေး အကျဉ်းသားအားလုံး လွှတ်ပေးရေးနှင့် ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလက ဒါကာမြို့၌ ဖြစ်ပွားခဲ့သော အဓိကရုဏ်းများအတွင်း ကျောင်းသားများသေဆုံးမှုနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများကို ခုံရုံးတင်အပြစ်ပေးရေးတို့ကို အတိုက်အခံများက တောင်းဆိုသည်။

သတင်းစာလုပ်ငန်းတွင် အစိုးရက စွက်ဖက် ချုပ်ကိုင်မှုကို ဆန့်ကျင်သော ဆန္ဒပြပွဲများကို ၁၉၇၃ ခုနှစ် နိုဝင်ဘာလက ကျင်းပခဲ့သည့်နည်းတူ ၁၉၇၄ ခုနှစ် ဇူလိုင်လတွင် သတင်းစာဆရာနှင့် ပုံနှိပ်လုပ်သားများက ကျင်းပခဲ့ပြန်ရာ သတင်းစာများ နှစ်ပတ်ကြာမျှ မထုတ်နိုင်ပဲ ရှိခဲ့သည်။ ယင်း ၂၆ ရက်ကြာ ဆန္ဒပြပွဲကြောင့် သြဂုတ်လ ဂ ရက်နေ့မှ သတင်းစာများ ပြန်လည် ထုတ်ဝေရသည်။

သမ္မတအာရှတ်သည် ၁၉၇၄ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပရန် စီစဉ်ထားသော ပါလီမန် ရွေးကောက်ပွဲများကို ရက်အကန့်အသတ်မရှိ ရွှေဆိုင်းရန် အောက်တိုဘာလ ၂၇ ရက်နေ့တွင် အမိန့်ထုတ်ပြန်ခဲ့သော်လည်း ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ထုတ်ပြန်သော ကြေငြာချက်၌မူ ၁၉၇၅ ခုနှစ် ဧပြီလ ပထမပတ်အတွင်း ကျင်းပပေးမည်ဟု ပြောင်းလဲသတ်မှတ်ခဲ့သည်။

## သီရိလင်္ကာ

သီရိလင်္ကာနိုင်ငံအတွင်း လွှန်ခဲ့သော ရှစ်လက ထုတ်ပြန်ထားသည့် အရေးပေါ် အခြေအနေကို ၁၉၇၄ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် နောက်ထပ် တလတိတိ တိုးမြှင့်လိုက်ကြောင်း ကြေငြာလိုက်သည်။ ၁၉၇၃ ခုနှစ် ဇူလိုင်



ဘင်္ဂလားဒေ့ရှ နိုင်ငံတွင် ရေလွှမ်းမိုးဒေသများသို့ ကွင်းဆင်းစစ်ဆေးနေသော သမ္မတ အာရှတ်

လလောက်မှစ၍ တမီခဲ့ထွက်ရေးသမားများကြောင့် အရေးပေါ် အခြေအနေ ကြေငြာခဲ့ရသည်။ သီရိလင်္ကာနိုင်ငံတွင် ဗုဒ္ဓဘာသာဝင် သီဟိုဠ်လူမျိုး ၁၁ သန်းကျော်နှင့် အတူ ဟိန္ဒူဘာသာဝင် တမီလူမျိုး ၂ ဒသမ ၆ သန်း နေထိုင်သည်။ တမီလူမျိုးစုများသည် သီးခြားပြည်နယ် ရရှိရေးအတွက် နှစ်ပေါင်း များစွာကပင် ကြိုးပမ်းလာခဲ့သည်။ တမီတို့၏ ကြိုးပမ်းမှုကို ညီညွတ်သော တမီလွတ်မြောက်ရေးတပ်ဦး (တီယူအယ်လ်အက်ဖ်)နှင့် တမီကျားခေါ် ပြောက်ကျားအဖွဲတို့က ဦးဆောင်နေကြသည်။ တမီကျားပြောက်ကျားအဖွဲသည် လုံးဝ လွတ်လပ်သော တမီနိုင်ငံတော်ထူထောင်ရေး အတွက် လက် နက် ကိုင် ဆူပူ ခဲ့ကြသည်။




သီရိလင်္ကာနိုင်ငံ ကျက်ဖနာမြို့ ငြိမ်ဝပ်ပိပြားရေးအတွက် အစိုးရတပ်ဖွဲဝင်များ ထိန်းသိမ်းထားစဉ်



သီရိလင်္ကာနိုင်ငံတွင် လူမျိုးရေးအဓိကရုဏ်းများကြောင့် တမိဋ္ဌသည်စခန်းများ ပွင့်လှစ်စောင့်ရှောက်ထားရသည့်

၁၉၇၄ ခုနှစ် ဧပြီလတွင် ဂျက်ဖနာမြို့ မြောက်ပိုင်းသို့ တမိဋ္ဌခွဲထွက်ရေးသမားများက လာရောက် တိုက်ခိုက်သောကြောင့် စစ်သားခုနစ်ဦး ဒဏ်ရာရရှိသည်။ ၁၈ နာရီကြာမျှ နေဝင်မိုးငြိမ်း အမိန့်ထုတ်ရသည်။ ထိုသို့သောအကြမ်းဖက်လုပ်ကြံမှုများကြောင့် အရေးပေါ် အခြေအနေကို လစဉ် သက်တမ်းတလျှမ် တိုးမြှင့်နေရသည်။ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ဂျက်ဖနာရှိ ရဲစခန်းကို တမီကျားအဖွဲ့ စီးနင်းတိုက်ခိုက်ရာ ရဲ ၁၆ ဦး သေဆုံးသည်။

## နီပေါ

ဝန်ကြီးချုပ် လိုကင်ဒရာ ဗဟာဒူးချန်းသည် ၁၉၇၄ ခုနှစ် စက်တင်ဘာလတွင် အစိုးရအဖွဲ့အတွင်း အပြောင်းအလဲများ ပြုလုပ်ခဲ့ရသည်။ နေရာ ၁၄၀ နှင့် ဖွဲ့စည်းထားသည့် အမျိုးသား ပန်ချာယတ်လွှတ်တော်တွင် ချန်းကို ဖြုတ်ချလိုသောအုပ်စုသည် ၁၉၇၄ ခုနှစ် ဇန်နဝါရီပိုင်းကာလအတွင်း လွှတ်တော် အစည်းအဝေးတရပ် ကျင်းပပေးရေးအတွက် ဘုရင် ဘီရင်ဒရာဗာ် တောင်းဆိုရန် စီစဉ်နေစဉ် ဖြောင်းအလဲလုပ်ခဲ့ခြင်း ဖြစ်သည်။ ဝန်ကြီးချုပ်ဟောင်း ဆွာယာ ဗဟာဒူးသာပ ဦးဆောင်သောအုပ်စုသည် ချန်းကို အယုံအကြည်မရှိကြောင်း အဆိုတင်သွင်းနိုင်ခဲ့သော်လည်း ကြားနေအုပ်စုဝင် ၇၆ ဦး၏ ထောက်ခံမှုမရသဖြင့် ယင်း အဆိုသည် မဲခွဲခွင့်ပင် မရရှိချေ။ အယုံအကြည် မရှိ အဆို ထပ်ဖန်တလဲလဲ တင်သွင်းနေလျှင် လွှတ်တော်စနစ် ယိမ်းယိုင်လာဖွယ်ရှိသည်ဟု ကြားနေအုပ်စုက ယုံကြည်သဖြင့် မထောက်ခံခြင်း ဖြစ်သည်။

နီပေါနိုင်ငံကို ငြိမ်းချမ်းရေးဇုံအဖြစ် ကြေငြာရေး အတွက် နီပေါနိုင်ငံ၏ အဆိုပြုချက်ကို ဂျမေကာနိုင်ငံက ၁၉၇၄ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ထောက်ခံလိုက်သည်။ နီပေါဘုရင်က ၁၉၇၅ ခုနှစ်အတွင်း တင်ပြခဲ့သောယင်း အဆိုပြုချက်ကို ထောက်ခံကြောင်း ကြေငြာသည့် နိုင်ငံပေါင်း ၅၈ နိုင်ငံရှိပြီ ဖြစ်သည်။

ဗုဒ္ဓဖွားမြင်တော်မူရာ လုမ္ဗနီတွင် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာနှင့် ယဉ်ကျေးမှု ဗဟိုဌာနချုပ် တည်ထောင်ရန် စီမံကိန်းသည် တိုးတက်မှုများ ရရှိနေကြောင်း ၁၉၇၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း ခတ္တမန္ဒုမြို့တွင် ကျင်းပသော အပြည်ပြည်ဆိုင်ရာ လုမ္ဗနီ ကော်မတီ အစည်းအဝေး၌ နီပေါနိုင်ငံက ရှင်းလင်းတင်ပြသည်။ ယင်းကော်မတီတွင် နီပေါ၊ ဘင်္ဂလားဒေ့ရှ်၊ မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယား၊ သီရိလင်္ကာ၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့ ပါဝင်သည်။

**အီတိုင်ပူရေကာတာကြီး။** ။ ကမ္ဘာပေါ်တွင်အကြီးဆုံး ရေအားလျှပ်စစ်ထုတ်လုပ်မှုစီမံကိန်းဖြစ်သော အီတိုင်ပူရေကာတာကြီးကို တောင်အမေရိကတိုက်ရှိ ပါရာဂွေးနှင့် ဗရာဇီးနိုင်ငံ အကြားတွင် တည်ဆောက်လျက် ရှိသည်။ ပါရာဂွေးနိုင်ငံ သမ္မတ အာလ်ဖရက်ဒို စထရိုအက်ဆနာနှင့် ဗရာဇီးနိုင်ငံ သမ္မတ ဘက်တစ်စတာ ဖီဂိုရီဒိုတို့သည် ၁၉၇၂ ခုနှစ် နိုဝင်ဘာလ ၅ ရက်နေ့တွင် တရားဝင် ပွင့်လှစ်ပေးခဲ့သည်။

'အီတိုင်ပူ' ဟူသောဝေါဟာရသည် ထိုဒေသရှိ တိုင်းရင်းသား တူပီဂွာရာနီ အင်ဒီယန်းလူမျိုးတို့၏ ဘာသာ

စကားဖြစ်၍ 'တေးဆိုသော ကျောက်ခဲ၏ ပျာန' ဟု အဓိပ္ပာယ် ရသည်။

ဗရာဇီးနိုင်ငံနှင့် ပါရာဂွေးနိုင်ငံ နှစ်နိုင်ငံအကြား နယ်နိမိတ်ဖြစ်သော ပါရာနာမြစ်ပေါ်တွင် အီတိုင်ပူရေကာတာ တည်ရှိ၍ အလျား ငါးမိုင်၊ အမြင့်ပေ ၆၄၀ ရှိသည်။ အမြင့်ဆုံးနေရာ၌ ၆၇၅ ပေကျော် (၂၂၅ မီတာ) ရှိသည်။ ကွန်ကရိဖြင့် တည်ဆောက်ထားသော ပင်မဗဟို ရေကာတာသည် ၄,၀၆၉ ပေ (၁,၂၃၄ မီတာ) ရှည်လျားသည်။

အီတိုင်ပူရေကာတာ၏ လျှပ်စစ်စွမ်းအင် ထုတ်လုပ်နိုင်မှု ပမာဏသည် အီဂျစ် သမ္မတနိုင်ငံရှိ အာဆွမ်ရေကာတာမှ ရရှိသော စွမ်းအင်ပမာဏ၏ ခြောက်ဆမျှ ဖြစ်၍ ကမ္ဘာပေါ်တွင် အကြီးဆုံးရေကာတာ ဖြစ်သည်။


၁၉၇၃ ခုနှစ်တွင် ချုပ်ဆိုသော နှစ်နိုင်ငံ သဘောတူညီချက်အရ အီတိုင်ပူရေကာတာကို ၁၉၇၄ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ရာ ရှစ်နှစ်ခန့်ကြာသောအခါ တာဘိုင် စက်ကြီး ၁၀ ခု ပါရှိသော ရေအားမောင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် စက်ယန္တရားများကို အောင်မြင်စွာ တပ်ဆင်နိုင်ခဲ့သည်။


အီတိုင်ပူရေကာတာကို အလုပ်သမား ၄၀,၀၀၀ ဖြင့် တည်ဆောက်ခဲ့ရာ ၁၉၈၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ငွေသန်း ၁၈,၅၀၀ ကုန်ကျပြီးဖြစ်သည်။ ကျန်သေးသော အစိတ်အပိုင်းများကို ဆက်လက်တည်ဆောက်ရမည် ဖြစ်ရာ ၁၉၈၉ ခုနှစ်တွင် အပြီးသတ်မည်ဖြစ်သည်။

ထိုရေကာတာကြောင့် ပါရာဂွေးနိုင်ငံ၏ စတုရန်းကီလိုမီတာ ၆၀၀ ကျယ်ဝန်းသော နယ်မြေနှင့် ဗရာဇီးနိုင်ငံ၏ စတုရန်းကီလိုမီတာ ၈၀၀ ကျယ်ဝန်းသော မြေပြင်တို့ကို ရေဖုံးသွားမည် ဖြစ်သောကြောင့် ထိုဒေသရှိ လူဦးရေ ၄၂,၀၀၀ ခန့်ကို ရေလွှတ်ရာဒေသများသို့ ပြောင်းရွှေ့ပေးခဲ့ရသည်။

၁၉၈၈ ခုနှစ်တွင် မီဂါဝပ် ၁၂,၀၀၀ စွမ်းအင်ကို ရရှိမည် ဖြစ်သည်။ ကုန်ကျစရိတ်ကို နှစ်နိုင်ငံ ညီတူညီမျှ ခံရမည်ဖြစ်၍ အစုရှယ်ယာကို ၅၀ ရာခိုင်နှုန်းစီ ပိုင်ဆိုင်ကြသည်။ သို့ရာတွင် ပါရာဂွေးနိုင်ငံသည် မိမိတို့၏ အစုရှယ်ယာများကို ဗရာဇီးနိုင်ငံသို့ ရောင်းချထားကြရာ ၂၅ ရာခိုင်နှုန်းခန့်ကို လွှဲပြောင်းပြီး ဖြစ်လေသည်။

အီတိုင်ပူရေအားလျှပ်စစ်စက်ရုံမှ လျှပ်စစ်စွမ်းအားကို ရေကာတာနှင့် မိုင် ၆၆၀ ဝေးသော ဝေါပေါလို စက်မှုလုပ်ငန်းမြို့ကြီးသို့ ပေးပို့အသုံးပြုသကဲ့သို့ စထရိုအက်ဆနာမြို့နှင့် ဗီလာဟေးယက်မြို့ရှိ သံမဏိ စက်ရုံများသို့လည်း ပေးပို့အသုံးပြုမည် ဖြစ်သည်။






အီတိုင်ပူရေကာတာပြမြေပုံ

အီတိုင်ပူ ရေအားလျှပ်စစ်စက်ရုံကြီး၏ အထောက်အကူပြုမှုဖြင့် နှစ်နိုင်ငံ၏စီးပွားရေးကို ဖွံ့ဖြိုးစေမည်ဟု ရည်မှန်းချက် ပြုထားသည်။

**အီရန် – အီရတ်စစ်ပွဲ။** ။ပါရှင်းပယ်လယ်ကွေအတွင်း အီရန်ဆိပ်ကမ်းမြို့ဖြစ်သော ဘန်ဒါခိုမေနီမြို့၏တောင်ဘက်တွင် ဂုန်သူသဘော်ဘင်းစင်းကို လေကြောင်းမှ တိုက်ခိုက်ဖျက်ဆီးလိုက်ကြောင်း ၁၉၈၄ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့တွင် အီရတ်စစ်ဌာနချုပ်က ကြေငြာသည်။ ယင်းတိုက်ပွဲ၌ အီရန်က အီရတ်လေယာဉ်နှစ်စင်းကို ပစ်ချလိုက်ကြောင်း အီရန်တို့က ကြေငြာသည်ကို အီရတ်က အတည်ပြုသည်။ သို့ဖြင့် ရှက်တယ်အာရပ်ရေလက်ကြား ပိုင်ဆိုင်မှုအပေါ် အငြင်းပွားရာမှ ၁၉၈၀ ပြည့်နှစ် စက်တင်ဘာလ ၂၂ ရက်နေ့မှစ၍ ဖြစ်ပွားလျက်ရှိသော အီရန်-အီရတ်စစ်ပွဲသည် ၁၉၈၄ ခုနှစ်တွင်လည်း ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

ပြင်သစ်နိုင်ငံက ၁၉၇၃ ခုနှစ် နှောင်းပိုင်းတွင် ရောင်းချထားသော အီရတ် စူပါအီတင်းဒတ် ဗုံးကြဲလေယာဉ်များမှ ပစ်လွှတ်သည်ဟု ယုံကြည်ရသော အိပ်ဇိုးဆေးဒုံးကျည်များ ထိမှန်သဖြင့် စိုက်ပရပ်မှတ်ပုံတင်သဘော်ဘများ နှစ်မြုပ်ကုန်သည်ဟု ၁၉၈၄ ခုနှစ် ဖေဖော်ဝါရီလတွင် သတင်းများ ထွက်ပေါ်ခဲ့သည်။ မတ်လမှ ဇူလိုင်လအထိ ကာလအတွင်း ပယ်လယ်ကွေရေကြောင်းခရီး သွားလာနေသောသဘော်ဘများကို တိုက်ခိုက်မှုအရှိန် မြင့်တက်လာသည်။ ခတ်ကျန်းကို စူပါအီတင်းဒတ် လေယာဉ်များသုံး၍ တိုက်ခိုက်ခဲ့ကြောင်း အီရတ်နိုင်ငံက ပထမဆုံးဝန်ခံပြောကြားခဲ့ပြီးနောက် မတ်လ ၂၀ ရက်နေ့တွင် ခတ်ကျန်း၏ တောင်ဘက် မိုင် ၄၀ အကွာ အပြည်ပြည်ဆိုင်ရာ ရေပြင်ပိုင်နက်တွင် ဂရိမှတ်ပုံတင် ရေနံသဘော်ဘတစင်း ဒုံးကျည်ထိမှန်သည်။ ဧပြီလ ၂၆ ရက်နေ့တွင် ဆအူးဒီရေနံတင်သဘော်ဘတစင်းလည်း ဒုံးကျည်ထိမှန်ကြောင်း မေလ ၂ ရက်နေ့တွင် အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်က အတည်ပြုပြောကြားသည်။ မေလ ၇ ရက်နေ့တွင် နောက်ထပ်ဆအူးဒီရေနံတင်သဘော်ဘတစင်း ထိမှန်မီးလောင်ပျက်စီးသည်။ ပင်လယ်ကွေရေကြောင်းခရီး သွားလာသော သဘော်ဘများ၏ အာမခံပရီမီယံနှုန်းများ ၁ ဒသမ ၅ ရာခိုင်နှုန်းမှ ၂ ရာခိုင်နှုန်းသို့ မြင့်တက်ကုန်သည်။ မေလ ၂၄ ရက်နေ့တွင် ပင်လယ်ကွေအနောက်ပိုင်း၌ လိုက်ဗေးရီးယန်း မှတ်ပုံတင် ရေနံသဘော်ကို တိုက်ခိုက်နှစ်မြုပ်သည့် အီရန်လေယာဉ်ကို ဆအူးဒီလေတပ်က ခြေရာခံမိသည်။

ပခုံးထမ်း၍ပစ်ရသော စတင်ဂျာလေယာဉ်ပစ်ဒုံးကျည် ၄၀၀ နှင့် လေယာဉ်ပျံသန်းနေစဉ် ဆီဖြည့်နိုင်သော ကေစီ ၁၀ လေယာဉ်တို့ကို ဆအူးဒီနိုင်ငံအား ထောက်ပံ့မည်ဟု အမေရိကန်အစိုးရက မေလ ၂၉ ရက်နေ့တွင် ကြေငြာသည်။ ဇွန်လ ၅ ရက်နေ့တွင် အေဝက်စ်လေယာဉ်က ထောက်ကူထားသော ဆအူးဒီလေတပ် အက်ဖ် ၁၅ တိုက်လေယာဉ်သည် ပယ်လယ်ကွေကမ်းခြေအရှေ့ဘက် မိုင် ၄၀ အကွာရှိ ဆအူးဒီပိုင်ကျွန်းတကျွန်းအနီး၌ အီရန် အက်ဖ် ၄ တိုက်လေယာဉ်နှစ်စင်းကို ထောက်လှမ်းတွေ့ရှိ၍ ပစ်ချခဲ့သည်။ အီရန်-အီရတ်စစ်ပွဲတွင် စစ်ရေးအရ တတိယမြောက်နိုင်ငံ ပထမဆုံးပါဝင်လာခြင်းဖြစ်သည်။ ယင်းသို့ပစ်ချခြင်းကို ပင်လယ်ကွေ ပူးပေါင်း ဆောင်ရွက်ရေးကောင်စီ (ဂျီစီစီ) က ကြိုဆိုထောက်ခံသည်။

အီရန်နိုင်ငံမြို့များဖြစ်သော ဒဇ်ဖူး၊ အားဝက်ဇ်၊ ခါမန်ရှား၊ အီလန်၊ အဘာဒန်မြို့များကို လေကြောင်းတိုက်ပွဲ



အီရန်-အီရတ် စစ်ပွဲကြောင့် အိုးမဲ့အိမ်မဲ့ ဖြစ်ကြရသော အီရတ်စစ်ပြေး ဒုက္ခသည်များ



အီရတ်နိုင်ငံအတွင်း စစ်မြေပြင် မြင်ကွင်း


စတင်ဆင်နွှဲမည်ဖြစ်၍ အရပ်သားများ စွန့်ခွာရွှေ့ပြောင်းသွားကြရန် အီရတ်ရေဒီယိုက ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် သတိပေးချက်ထုတ်ပြန်သည်။ အီရတ်မြို့များဖြစ်သည့် ခါနာကင်း၊ မန်ဒါလီနှင့် ဘာဆရာမြို့များကို လက်စားချေတိုက်ခိုက်မည်ဟု အီရန်ဝန်ကြီးချုပ် ဟိုစိန်မွတ်ဆာဒီက တန်ပြန်သတိပေးသည်။ အီရတ်တို့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ၁၉၈၂ ခုနှစ်နောက်ပိုင်းတွင် အီရန်အရပ်သား ၄၆,၀၀၀ သေဆုံး၍ ၂၂,၀၀၀ ကျော် ဒဏ်ရာရသည်ဟု ၁၉၈၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့၌ အီရန် အစ္စလာမ်မစ်ပြည်ထောင်စု သတင်းစဉ်က သတင်းထုတ်ပြန်သည်။ ထိုနေ့တွင် ဒေဇဖူးမြို့ကို အီရတ်တို့က တိုက်သဖြင့် တန်ပြန်သတိပေးထားသည့်အတိုင်း အီရတ်သုံးမြို့ကို ၁၂ ရက်နေ့၌ တုံ့ပြန်တိုက်ခိုက်သည်။ ထိုနေ့၌ အီရန်တော်လှန်ရေးအစောင့်တပ်သည် အီရတ်နိုင်ငံအရှေ့မြောက်ပိုင်း ခါနာကင်းနှင့် စူလေမန်နီးယားမြို့တို့အကြား၌ ဒါဘန်ဒီခန် ရေကာတာနှင့် ခြောက်မိုင်အကွာအထိ ထိုးဖောက်ဝင်ရောက်သည်။ အီရတ်နိုင်ငံက တန်ပြန်ထိုးစစ်ဆင်သည်။ သို့သော် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် မာဂျန္ဒန်းကျွန်းလက်လွတ်ဆုံးရှုံးကြောင်း အီရတ်က ဝန်ခံသည်။ မတ်လ ၆ ရက်နေ့တွင် ဆင်နွှဲသောထိုးစစ်ဖြင့် အီရတ်တို့က ယင်းကျွန်းကို ပြန်သိမ်းသည်။ ထိုအချိန်တွင် မိုင် ၅၀၀ အကွာ အဝေးထိ ပစ်နိုင်သော ဆိုဗီယက်လုပ်မြေပြင်မှ မြေပြင်ပစ် အက်စ်အက်စ် ၁၂ ဒုံးကျည်များကို အီရတ်တို့ ရရှိထားပြီဖြစ်ကြောင်း သတင်းများထွက်ပေါ်လာခဲ့သည်။ အီရတ်သည် ချီလီနိုင်ငံမှလည်း ကလပ်စတာဗုံးပဒေသာ ၅၀၀၀ ကို ဒေါ်လာ ၃၅ သန်းဖြင့် ဝယ်ယူခဲ့သည်။

အီရန်နိုင်ငံ တီဟီရန်မြို့တွင် ဒဏ်ရာရအီရန်စစ်သားများကို ဆေးစစ်ကြည့်သည့် ကြက်ခြေနီအဖွဲ့ချုပ် အပြည်ပြည်ဆိုင်ရာကော်မတီ (အိုင်စီအာစီ) ဆေးဘက်ကျွမ်းကျင်သူ ကိုယ်စားလှယ်အဖွဲ့က ယင်းစစ်သားများသည် အပြည်ပြည်ဆိုင်ရာဥပဒေက တားမြစ်ထားသော ဓာတုပစ္စည်းများ ထိမှန်ထားကြောင်း မေလ ၇ ရက်နေ့တွင် ထုတ်ဖော်ကြေငြာသည်။ ဓာတုလက်နက်ဒဏ် ခံထားရသည်ဟု ယုံကြည်ရသော အခြားအီရန်စစ်သားများကို အနောက်ဂျာမနီ၊ ဆွီဒင်၊ ဗြိတိန်နှင့် ဩစတြေးလျနိုင်ငံများသို့ ဆေးဝါးကုသမှုခံယူရန် စေလွှတ်ခဲ့ရသည်။ ယင်းစစ်သားများသည် အဝါရောင်မိုးဟု လူသိများသော မိုင်ကိုတောက်စင်ဖြစ်စေ၊ မတ်စတပ် ဓာတ်ငွေ့တမျိုးဖြစ်စေ ထိမှန်ထားကြောင်း ဓာတ်ခွဲခန်းစမ်းသပ်ချက်များက သက်သေခံသည်ဟု ဗီယင်နာမြို့တွင် မတ်လ ၁၀ ရက်နေ့က သတင်းထုတ်ပြန်သည်။ အရေပြားဖောင်းကြွပြီး အနာဖြစ်စေသော ဓာတ်ငွေ့အုပ်စု၀င် မတ်စတပ်ဓာတ်ငွေ့သည် လေထဲတွင် နာရီပေါင်းများစွာ အန္တရာယ်ရှိနေစေပြီး သေစေသောဓာတ်ငွေ့ဖြစ်သည်။ တီဟီရန်မြို့သို့ရောက်ရှိလာသော ကုလသမဂ္ဂစုံစမ်းစစ်ဆေးရေးအဖွဲ့က မတ်လ ၂၆ ရက်နေ့တွင် အစီရင်ခံစာထုတ်ပြန်ရာ အီရန်နိုင်ငံတွင် လေယာဉ်မှကြဲချသောဗုံးများ၌ ဓာတုလက်နက်များ တပ်ဆင်အသုံးပြုခဲ့ကြသည်ဟု ဖော်ပြထားသည်။ အာရုံကြောကိုထိခိုက်စေသော တာဘန်း ဓာတ် ငွေ့ လက် နက် ကို သုံးကြောင်း သက်သေခံအထောက်အထား တွေ့ရှိရသည်ဟုဆိုသည်။

အီရန်နှင့်အီရတ် နှစ်နိုင်ငံသည် အပြိုင်အဆိုင်လက်နက်ဖြည့်တင်းလျက်ရှိရာ ၁၉၈၄ ခုနှစ် အောက်တိုဘာလတွင် အောက်ပါအတိုင်း အင်အားအခြေအနေ ရှိရသည်။



အီရတ်တို့၏ ဒုံးကျည်ဒဏ်ကြောင့် ပြိုကျပျက်စီးကုန်သော အီရန်နိုင်ငံ ဒေဇဖူးမြို့ လူနေရပ်ကွက် အဆောက်အအုံများ



ပါရှင်းပင်လယ်ကွေ့တွင် အီရတ်ဒုံးကျည်ထိမှန်၍ မီးလောင်နေသော ဆအူးဒီအာရေဗျ ရေနံတင်သင်္ဘောကြီး

| | အီရတ် | အီရန် |
|---|---|---|
| စစ်သည်အင်အား | ၄,၀၀,၀၀၀ | ၂,၅၀,၀၀၀ |
| တော်လှန်ရေးအစောင့်တပ် | | ၂,၅၀,၀၀၀ |
| အရန်တပ် | ၇၅,၀၀၀ | ၃,၅၀,၀၀၀ |
| အမြောက် | ၃,၅၀၀ | ၁၀၀၀ |
| တင့်ကား | ၄,၀၂၀ | ၁၀၀၀ |
| လေတပ် လူအင်အား | ၃၀,၀၀၀ | ၃၅,၀၀၀ |
| တိုက်လေယာဉ် | ၅၀၀ | ၆၅ |
| ရေတပ်လူအင်အား | ၄,၅၀၀ | ၂၀,၀၀၀ |
| စစ်သင်္ဘော | ၁ | ၆ |

ထို့ပြင် ကျဆုံးမှုအခြေအနေကို ကြည့်လျှင် ၁၉၈၄ ခုနှစ် မတ်လ ၁၂ ရက်နေ့တွင် ရရှိသောစာရင်းအရ အီရန်တပ်သား လေးသိန်းကျဆုံး၍ အီရတ်တပ်သား ခုနစ်သောင်းကျဆုံးသည်ဟု ဆိုသည်။

မြောက်ယေမင်နိုင်ငံ ဆာနာမြို့တွင် ၁၉၈၄ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့မှ ၂၃ ရက်နေ့ထိ ငါးရက်ကြာ ကျင်းပ၍ အဖွဲ့ဝင် ၄၅ နိုင်ငံ တက်ရောက်သော အစ္စလာမ်ညီလာခံအဖွဲ့ (အိုင်စီအို) နှစ်ပတ်လည်အစည်းအဝေးတွင် ပင်လယ်ကွေ့စစ်ပွဲပြီးဆုံးရေးအတွက် အိုင်စီအို ဖျန်ဖြေရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ရန် အီရန်နှင့်အီရတ် နှစ်နိုင်ငံစလုံးအား အိုင်စီအို နိုင်ငံခြားရေး ဝန်ကြီးများက ပန်ကြားခဲ့သည်။ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ယင်းပန်ကြားချက်ကို အီရန်ကလက်ခံကြောင်း ပြောကြားခဲ့သော်လည်း ၂၂ ရက်နေ့တွင် ပယ်ချသည်။

အေဆီယင် အဖွဲ့ဝင်နိုင်ငံများ။ ။ဘရူနိုင်း ဒါရပ်စလာမ်နိုင်ငံသည် ၁၉၈၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ဗြိတိသျှကိုလိုနီအဖြစ်မှ လွတ်လပ်ရေးရပြီးနောက် ဇန်နဝါရီလ ၇ ရက်နေ့တွင် အေဆီယင် အဖွဲ့၏ ဆဋ္ဌမမြောက် အဖွဲ့ဝင်ဖြစ်လာသည်။ အခြား အဖွဲ့ဝင်များမှာ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့ ဖြစ်ကြသည်။ ၁၉၆၃ ခုနှစ်တွင် ထိုစဉ်က ဘရူနိုင်းစူလတန် ဆာအိုမာအလီ ဆာအစ်ဖုအတ်ဒင် သည် မလေးရှား ပြည်ထောင်စုသို့ ဘရူနိုင်းနိုင်ငံမဝင်ရန် ဆုံးဖြတ်ခဲ့ရာ ဘရူနိုင်းနှင့် မလေးရှား နှစ်နိုင်ငံဆက်ဆံရေးသည် ၁၉၇၀ ပြည့် လွန်နှစ်များအထိ တက်ကြွမှုမရှိခဲ့ချေ။ ဘရူနိုင်းနိုင်ငံ၌ ၁၉၆၂ ခုနှစ်တွင် နှစ်ပတ်ကြာပုန်ကန်မှုဖြစ်စဉ်က ဘရူနိုင်း စူလတန်ကို အကူအညီ ပေးခဲ့သည့် ဂေါ်ရခါး တပ်များ အခြေစိုက်ရာ စင်ကာပူနိုင်ငံမှာမူ ဘရူနိုင်းနိုင်ငံ၏ အဓိက ကျသော ကုန်သွယ်ဖက်ဖြစ်သည်။ ဂျပန်နိုင်ငံ ပြီးလျှင် ဒုတိယ အများဆုံး သွင်းကုန် ပေးပို့သည့် နိုင်ငံ ဖြစ်သည်။ ယင်း ၁၉၆၂ ခုနှစ် ပုန်ကန်မှုကို လှုံ့ဆော်စည်းရုံးခဲ့သော ပါတီုင်းရာကျပ် ဘရူနိုင်း (ပြည်သူပါတီ) ၏ ခေါင်းဆောင် အချို့ကို အင်ဒိုနီရှားနိုင်ငံတွင် ခိုလှုံခွင့်ပေးခဲ့ခြင်းကြောင့် ဘရူနိုင်းနှင့် အင်ဒိုနီးရှားတို့ နှစ်နိုင်ငံ ဆက်ဆံရေးသည် တင်းမာခဲ့ရသည်။ ထိုင်းနိုင်ငံသည် ဘရူနိုင်းသို့ ကင်သင်းသော ဆန်အားလုံး၏ ၉၀ ရာခိုင်နှုန်းကို တင်သွင်းသည့် နိုင်ငံဖြစ်သည်။ ဘရူနိုင်းနိုင်ငံ ၁၆ ရာစုနှစ်အတွင်း တန်ခိုးထက်စဉ်က ဘရူနိုင်းနိုင်ငံ၏ အစိတ်အပိုင်းဖြစ်ခဲ့ဖူးသော ဖိလစ်ပိုင်နိုင်ငံနှင့် ရှေးမွန်မဆွကပင် ဆက်ဆံရေးပြေပြစ်လျက်ရှိသည်။ မလေးရှားနိုင်ငံ၏ ဆာဘားပြည်နယ်ကို ဖိလစ်ပိုင် နိုင်ငံက နှစ်ရှည် လများ တောင်းဆို နေ သည့်




**မလေးရှားနိုင်ငံ ဘုရင်သစ် စူလတန်မာမွတ်အစ္စကန်ဒါက မိမိ၏ လစာကို ပညာသင်ဆုအတွက် သုံးစွဲရန် လျှောဒါန်းစဉ်**

နယ်နိမိတ်အငြင်းပွားမှုရှိနေသော်လည်း ယင်းနှစ်နိုင်ငံသည် အေဆိယင်အဖွဲ့အစည်း၏ ရည်မှန်းချက်နှင့်အညီ လက်တွဲဆောင်ရွက်လျက် ရှိ သည့် နည်း တူ ဘရူနိုင်း နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် လက်တွဲနိုင်ရန် အေဆီယင်သို့ ဝင်ရောက်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

ကမ္ဘာပေါ်တွင် ၁၆၉ နိုင်ငံမြောက် လွတ်လပ်သော နိုင်ငံဖြစ်လာသည့် ဘရူနိုင်းနိုင်ငံတွင် ၁၉၅၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းခဲ့သော ပရီဗီကောင်စီနှင့် ဝန်ကြီးများကောင်စီတို့၏နေရာတွင် အစိုးရအဖွဲ့ဖြင့် အုပ်ခိုးသောစနစ်ကို အစားထိုးလိုက်သည်ဟု ၁၉၀၄ ခုနှစ် ဇန္နဝါရီလ ၁ ရက်နေ့တွင်ကြေငြာသည်။ ဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးနှင့် ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီးရာထူးများကို စူလဘန် ဆာ ဟက်ဆန်နဲ့ ဘိုကီးယား က ယူသည်။ ၁၉၆၇ ခုနှစ်က သားတော် ဆာဘိုကီးယား အား စူလဘန်အရိုက်အရာကို လွှဲအပ်ခဲ့သော ဆာအိုမာ အလီ ဆာအစ်ဖုအတ်ဒင်က ကာကွယ်ရေးဝန်ကြီးရာထူးကို လည်းကောင်း၊ ဘိုကီးယား၏ညီတော်များဖြစ်ကြသော မင်းသားမိုဟာမက်နှင့် မင်းသားဂျက်ဖရီတို့က နိုင်ငံခြားရေးဝန်ကြီးရာထူးနှင့် လူငယ်၊ အားကစား၊ ယဉ်ကျေးမှုဝန်ကြီး ရာထူး တို့ကို လည်းကောင်း အသီးသီး ယူခဲ့ကြသည်။

မလေးရှားနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် စပ်လျဉ်း၍ ငါးလကြာမျှ အကျပ်အတည်းကြုံနေရမှုသည် ၁၉၀၄ ခုနှစ် ဇန္နဝါရီလ ၁၀ ရက်နေ့တွင် အဆုံးသတ်သွားခဲ့သည်။ ၁၉၅၇ ခုနှစ်မှစ၍ စူလတန်ပြည်နယ် ဘုရင် များထဲမှ ငါးနှစ်တကြိမ်ရွေးကောက်တင်မြှောက်လာသော မလေးရှား ဘုရင်၏ လုပ်ပိုင်ခွင့် အာဏာနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၁ ချက်ကို ပြင်ဆင်သင့်သည်ဟူသော ၁၉၀၃ ခုနှစ် ဩဂုတ်လက လွှတ်တော်၏အဆိုပြုချက်ကို ပြည်နယ် ဘုရင်များက ဆန့်ကျင်ခဲ့ကြသဖြင့် အကျပ်အတည်းကြုံခဲ့ရသည်။ ယင်းပြင်ဆင်ချက်များတွင် အရေးပေါ် အခြေအနေကြေငြာခွင့်ကို ဝန်ကြီးချုပ်အား လွှဲပြောင်းပေးခြင်း၊ လွှတ်တော်တွင်တင်သွင်းပြီး ၁၅ ရက်ကြာလျှင် ပြည်ထောင်စုဥပဒေတရပ်သည် အတည်ဖြစ်စေရမည်ဟု ပြင်ဆင်ခြင်းတို့ပါဝင်သည်။ ဒုတိယပြင်ဆင်ချက်သည် ပြည်နယ်လွှတ်တော်များတွင် တင်သွင်းလာသော ဥပဒေတရပ် ပြဋ္ဌာန်း နိုင်ရေးကို ဆိုင်းငံ့ ထားနိုင်သည့် ပြည်နယ်ဘုရင်များ၏ အာဏာများအတွက်ပါ အကျိုးသက်ရောက်လာနိုင်သည့် ပြင်ဆင်ချက်ဖြစ်သည်။ ဘုရင်၏ သဘောတူညီချက်မပါပဲဘုရင့်လုပ်ပိုင်ခွင့်အာဏာကို လျှော့ချရန် လုပ်ဆောင်မှုသည် ၁၉၆၉ ခုနှစ်က လူမျိုးရေးအဓိကရုဏ်းများအပြီး ပြဋ္ဌာန်းခဲ့သော ဥပဒေအရ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်ဆန့်ကျင်နေကြောင်း ပြည်နယ်ဘုရင်များကကြေငြာခဲ့သည်။ ယင်းပြင်ဆင်ချက် မူကြမ်းများအပြင် အခြားငွေကြေးဆိုင်ရာ ဥပဒေမူကြမ်းများကိုပါ ဘုရင်က လက်မှတ် ရေးထိုးခြင်း မပြုသဖြင့် အစိုးရ အဖွဲ့အတွင်း အကျပ်အတည်းကြုံတွေ့ရသည်။ ၁၉၅၇ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်အထိ တာဝန် ထမ်းဆောင်ခဲ့သော ပထမဆုံး



**ဘရူးနိုင်းနိုင်ငံ လွတ်လပ်ရေးအောင်ပွဲ အခမ်းအနား**



ဖိလစ်ပိုင်နိုင်ငံ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲတွင် သမ္မတ မားကို ဆန္ဒမဲပေးနေစဉ်

ဝန်ကြီးချုပ် တွန်ကူ အဗ္ဗဒူ ရာမန်သည် ယင်းဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပြင်ဆင်ချက် မူကြမ်းကို ဝေဖန် ပြစ်တင် ခဲ့ သည်။ အာဏာရ အမျိုးသား တပ်ဦး ညွှန့်ပေါင်းတွင် အဓိက နိုင်ငံရေး ပါတီဖြစ်သည့် ညီညွတ်သော မလေး အမျိုးသားအဖွဲ့ (ယူအမ်အင်အို) က ယင်းပြင်ဆင်ချက် မူကြမ်းကို ထောက်ခံသော လူထုစည်းဝေးပွဲများ ကျင်းပ သည့်နည်းတူ ပြည်နယ်ဘုရင်များကိုထောက်ခံသူ ၂၅,၀၀၀ ကျော်ကလည်း ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ တွင် ကိုတာဘာရူးလေဆိပ်၌ အင်အား ပြခဲ့ကြသည်။ ထိုနေ့တွင် မလေးရှားဘုရင်နှင့် ပြည်နယ်ဘုရင်များကို ယူအမ်အင်အိုကိုယ်စားလှယ်အဖွဲ့က တွေ့ဆုံဆွေးနွေးသည်။ လွှတ်တော်မှအတည်ပြုသည့်ဥပဒေကို ဘုရင်က လက်ခံ ရမည်ဟူသော ပြင်ဆင် ချက်မှာ ပြည်နယ်များ အတွက် မသက်ဝင်စေရဟု ပြင်ဆင်ရန်လည်းကောင်း၊ အရေးပေါ် အခြေအနေကို ဝန်ကြီးချုပ်တဦးတည်းကသာ ကြေငြာခွင့် ရှိစေရမည်ဟူသော ဥပဒေအစား ဘုရင်သည် အရေးပေါ် အခြေအနေကြေငြာရာ၌ မိမိတဦးတည်း၏ ဆန္ဒအတိုင်း မဟုတ်စေရပဲ ဝန်ကြီးများအဖွဲ့ထံမှ အကြံဉာဏ်ရယူပြီး မှသာ ကြေငြာ ရမည်ဟု ပြင်ဆင်ရန် လည်းကောင်း၊ ပြည်ထောင်စုဥပဒေကို ဗီတိုအာဏာနှင့်ပယ်ချနိုင်ခွင့်ကို ဘုရင်အား ပြန် လည် မအပ်နှင်း သော်လည်း ဥပဒေ တင်သွင်းသည့် နေ့မှစ၍ ဘု ရင် က သဘော မ တူ လျှင် ရက် ၆၀ အတွင်း ခိုင်မာသော အကြောင်းပြချက်ဖြင့် လွှတ်တော်သို့ ပြန်လည် ပေးပို့ကာ စဉ်းစား စေရမည်ဟု ပြင်ဆင်ပေးရန်လည်းကောင်း အစိုးရဘက်က လိုက်လျော ခဲ့သည်။ နိုဝင်ဘာလ ၂၀ ရက်နေ့က ပြန်လည် ပြင်ဆင် ခဲ့သည့် အခြေခံဥပဒေပြင်ဆင်ချက်မူကြမ်းကို လက်မှတ် ထိုးရန် ပြည်နယ်ဘုရင်များက သဘောတူ လိုက်ကြောင်း ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့ကကြေငြာခဲ့သည်။ ယင်းဥပဒေကြမ်းကို ၁၉၇၄ ခုနှစ် ဇန်နဝါရီလ ၁၀ ရက် နေ့တွင် လွှတ်တော်မှအတည်ပြုခဲ့သည်။

မလေးရှားနိုင်ငံဘုရင် အရိုက်အရာကို ဆက်ခံ ရမည့် ပီရက်ပြည်နယ်ဘုရင် စူလတန်အစ်ဒရစ်ရှားသည် ၁၉၇၄ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ကွယ်လွန်သွားသဖြင့် ဂျဟိုးပြည်နယ်ဘုရင် စူလတန် မာမွတ် အစ္စကန်ဒါသည် ဧပြီလ ၂၅ ရက်နေ့တွင် သက်တမ်း ကုန်ဆုံးသွားသော သတ္တမမြောက် မလေးရှားဘုရင်၊ ပါဟန်းပြည်နယ်ဘုရင် အာမက်ရှား၏ထီးနန်းကိုဆက်ခံရန် ၁၉၇၄ ခုနှစ် ဖေဖော် ဝါရီလ ၉ ရက်နေ့တွင် ရွေးချယ် တင်မြှောက် ခံရသည်။ ပီရက်ပြည်နယ်ဘုရင်အသစ်ဖြစ်သော ရာဇျာ တွန် အက် ဇလန်ရှား (မလေးရှား တရားရုံးချုပ်ဥက္ကဋ္ဌ)သည် ဒုတိယ ဘုရင်အဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။

ပြည်ပြေးအဖြစ်မှ ပြန်လည်ရောက်ရှိလာသော အတိုက် အခံခေါင်းဆောင် ဘီနစ်နို အက္ခိနိုကို ၁၉၇၃ ခုနှစ် သြဂုတ်လ ၂၁ ရက်နေ့တွင် မနီလာလေဆိပ်၌ လုပ်ကြံ သတ်ဖြတ်မှုဖြစ်ပွားပြီးနောက် သမ္မတများကိုကို ဆန့်ကျင် သော ဆန္ဒပြပွဲများ ဖြစ်ပွားသည်။ အက္ခိနို၏မွေးနေ့ ဖြစ်သော နိုဝင်ဘာလ ၂၇ ရက်နေ့တွင် မနီလာမြို့၌ လူနှစ်သိန်းကျော် ဆန္ဒပြခဲ့ပြီးနောက် ဒီဇင်ဘာလမှ စ၍ ဆန္ဒပြသူအင်အားလျော့ကျလာသည်။ ၁၉၇၂ ခုနှစ်တွင် များကို စစ်အုပ်ချုပ်ရေးဥပဒေပြဋ္ဌာန်းခဲ့စဉ်က ဖျက်သိမ်း ခဲ့သည့် ဒုတိယသမ္မတရာထူးကို ပြန်လည်ထားရှိတော့မည် ဖြစ်ကြောင်း ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့က အတိုက်အခံများ၏ဆန္ဒနှင့် လိုက်လျောညီထွေစွာ ကြေ



**ဖိလစ်ပိုင်နိုင်ငံတွင် အကိုနို လုပ်ကြံခံရမှုကို စုံစမ်းစစ်ဆေးသော ကော်မရှင်၏ဥက္ကဋ္ဌ မစွက်အဂ္ဂရာဗာ**

အဓိက တာဝန် ရှိ သူ မှာ လေဆိပ် လုံခြုံရေး တပ်မှူးနှင့် တပ်ဖွဲ့ဝင်ငါးဦးတို့ဖြစ်ကြောင်း တင်ပြခဲ့၍ ကျန်အဖွဲ့ဝင် လေးဦး၏ စာမျက်နှာ ၄၅၇ မျက်နှာရှိသော အစီရင်ခံစာတွင်မူ လက်နက်ကိုင်တပ်ဖွဲ့မှူးဦးစီးချုပ် ဖာဗီယန် ဗားသည် အဓိကတာဝန်အရှိဆုံးဖြစ်ပြီး မနီလာမြို့တော်ရဲချုပ်အပါအဝင် စုစုပေါင်း ၂၆ ဦးကို စွဲချက်တင်ရမည်ဟု ဖော်ပြခဲ့သည်။ ဗိုလ်ချုပ်ကြီး ဖာဗီယန် ဗားတို့ကိုစစ်ဆေးမည့် အထူးတရားရုံး ဖွဲ့စည်းပေးရန်အဆိုကို အတိုက်အခံအမတ်များက နိုဝင်ဘာလ ၇ ရက်နေ့တွင် တင်ပြခဲ့ရာ သမ္မတများကိုက ပယ်ချသည်။

ငြာခဲ့သည်။ ၁၉၈၄ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆိုင်ရာ လူထုဆန္ဒခံယူပွဲကို ကျင်းပပေးခဲ့သည်။ ပိုမိုသေးငယ်သော မဲဆန္ဒ နယ်မြေများသတ်မှတ်ရေးကို ထောက်ခံမဲ ၈၅ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ဒုတိယသမ္မတရာထူး ပြန်လည်ထားရှိရေးနှင့် ၁၉၈၅ ခုနှစ်ရွေးကောက်ပွဲတွင် သမ္မတလောင်း၏ အနည်းဆုံးအသက်အရွယ်သတ်မှတ်ချက်ကို အသက် ၅၀ မှ ၄၀ သို့ လျှော့ချရေးကို ထောက်ခံမဲ ၈၀ ရာခိုင်နှုန်းဖြင့် လည်းကောင်း အတည်ပြုခဲ့သည်။ အကိုနိုလုပ်ကြံခံရမှု စုံစမ်းစစ်ဆေးရေးကော်မရှင်သည် အပြီးသတ်အစီရင်ခံစာ နှစ်စောင်ကို ၁၉၈၄ ခုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့နှင့် ၂၄ ရက်နေ့တို့တွင်သမ္မတမားကိုထိုတင်သွင်းခဲ့သည်။ လုပ်ကြံသူသည် လေဆိပ်လုံခြုံရေးတပ်ဖွဲ့ဝင် တဦး ဦး ဖြစ်ရမည်၊ အစိုးရက စွပ်စွဲထားသော ဂဲလမန်းသည် မားစာခံသက်သက်ဖြစ်ရမည်ဟူသောအချက်ကို ကော်မရှင်က တညီတညွတ်တည်းကောက်ချက်ချသည်။ ၁၀ လ ကြာမျှစစ်ဆေးခဲ့ပြီး သက်သေ ၁၉၂ ဦး၏ ထွက်ဆိုချက် စာမျက်နှာ ၂၀,၀၀၀ ခန့်စုဆောင်းခဲ့ပြီး ကောက်ချက်ချခဲ့ခြင်းဖြစ်သည်။ ကော်မရှင်ဥက္ကဋ္ဌ မစွက်ကော်ရာဇွန် အဂ္ဂရာဗာနှင့် ကျန်အဖွဲ့ဝင် လေးဦး တို့သည် အဓိကတာဝန်ရှိသူကို ထောက်ပြ ရာတွင် သဘောထား ကွဲလွဲ၍ အစီရင်ခံစာနှစ်စောင်ဖြစ်သွားရသည်။ မစွက်ကော်ရာဇွန်၏ စာမျက်နှာ ၁၂၁ မျက်နှာရှိသော အစီရင်ခံစာတွင်



**အကိုနို လုပ်ကြံခံရမှုနှင့်စပ်လျဉ်း၍ သမ္မတ မားကိုထံ သီးခြားအစီရင်ခံစာ တင်သွင်းသော ကော်မရှင် အဖွဲ့ဝင်လေးဦး**

ဖီလစ်ပိုင်နိုင်ငံတွင် ၁၉၇၆ ခုနှစ် အောက်တိုဘာလက ပြည်သူ့ဆန္ဒခံယူပွဲဖြင့် အာဏာပြုခဲ့သည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပြင်ဆင်ချက်များအရ ၁၉၇၈ ခုနှစ်တွင် အမျိုးသား လွှတ်တော် ရွေးကောက်ပွဲများ ကျင်းပခဲ့ပြီးနောက် ၁၉၈၄ ခုနှစ် မေလ ၁၄ ရက်နေ့တွင် ရွေးကောက်ပွဲ ထပ်မံ ကျင်းပ ပြန်သည်။ လွှတ်လပ်သော ရွေးကောက်ပွဲ ကျင်း ပ ရေး လှုပ်ရှားမှုအဖွဲ့ (နမ်းဖရယ်) သည် စေ တ နှ့ ဝန်ထမ်း ၂,၁၅,၀၀၀ ဦးဖြင့် တရားမျှတသော ရွေးကောက်ပွဲ ကျင်းပ နိုင်ရေးအတွက် ကြိုးပမ်းခဲ့ကြသည်။ ဖိလစ်ပိုင်အမျိုးသား လွှတ်တော် အမတ်နေရာ ၂၀၀ ရှိသည့်အနက် ၁၇ နေရာကို သမ္မတက ခန့်အပ်ရသဖြင့် ကျန် ၁၈၃ နေရာအတွက် ရွေးကောက်ပွဲကျင်းပရခြင်း ဖြစ်သည်။ ဇူလိုင်လ ၁၃ ရက် နေ့တွင် ကြေငြာသော အနိုင် အရှုံးစာရင်းအရ သမ္မတ မားကို့၏ လူဘောင်သစ် လှုပ်ရှားမှုပါတီခေါ် ကီလူဆန် ဘာဂေါင်း လီဗူနန် ပါတီ (ကောဘီအယ်) က ၁၀၈ နေရာ၊ အတိုက်အခံ ညီညွတ်သော ဒီမိုကရက်တစ် လှုပ်ရှားအဖွဲ့ (ယူနီဒို) က ၄၉ နေရာ၊ ဖိလစ်ပိုင် ဒီမိုကရက်တစ်ပါတီ (ပီဒီပီ) နှင့် လာဗန်ပါတီတို့၏ အတိုက်အခံ မဟာမိတ် အဖွဲ့က ၆ နေရာ အသီးသီး ရရှိသည်။ အတိုက်အခံအုပ်စု သည် ထိုရွေးကောက်ပွဲ မတိုင်မီက လွှတ်တော်တွင် ၁၃ နေရာသာ ရခဲ့ရာမှ အင်အားလေးဆကျော်ကျော် တိုးတက် ရရှိလာခြင်း ဖြစ်သည်။ အတိုက်အခံ အုပ်စုသည် မြို့ပြ ဒေသတွင် အများဆုံး အောင်မြင်မှုရသည်။ အထူးသဖြင့် မနီလာတွင် ၂၁ နေရာ ယှဉ်ပြိုင်သည့်အနက် ၁၅ နေရာကို လွှမ်းမိုးနိုင်ခဲ့သည်။ ယူနီဒိုခေါင်းဆောင် ဆာဗေဒို လော်ရဲ သည် ၁၉၈၇ ခုနှစ် သမ္မတ ရွေးကောက်ပွဲတွင် အတိုက်အခံ သမ္မတလောင်းအဖြစ် ယှဉ်ပြိုင်ရန် ရည်ရွယ်ထား၍ ယခု ရွေးကောက်ပွဲ၌ ပါဝင် ယှဉ်ပြိုင်ခြင်း မရှိခဲ့ချေ။ ရွေးကောက် ပွဲကို သပိတ်မှောက်သော အတိုက်အခံ ခေါင်းဆောင်များ မှာ ၁၉၆၁ ခုနှစ်မှ ၁၉၆၅ ခုနှစ်အထိ ဖိလစ်ပိုင်နိုင်ငံ သမ္မတဖြစ်ခဲ့ဖူးသော ဒိုင်အိုဒါဒို မာကာပါဂါး၊ ၁၉၇၃ ခုနှစ် ဩဂုတ်လ ၂၁ ရက်နေ့က လုပ်ကြံခံရသူ ဒီမိုကရက်တစ် အတိုက်အခံခေါင်းဆောင် ဘီနစ်နို အကွိနို့၏ ညီအငယ်ဆုံး အဂ္ဂပီတို အကွိနို့၊ပီဒီပီပါတီဥက္ကဋ္ဌဟောင်းလိုရင်ဇို တနာဒါ၊ ဖိလစ်ပိုင်အချုပ်အခြာအာဏာနှင့် ဒီမိုကရေစီလှုပ်ရှားမှုအဖွဲ့ ခေါင်းဆောင် ဟိုစေး ဒိုင်အိုကနိုတို့ ပါဝင်သည်။ ရွေး ကောက်ပွဲသပိတ်မှောက်ရေး မဟာမိတ်အဖွဲ့၏ လှုပ်ရှားမှု မှာ ဖိလစ်ပိုင် ကွန်မြူနစ် ပါတီ၏ လက်နက်ကိုင်တပ်ဖွဲ့ ဖြစ် သော ပြည်သူ့ တပ်မတော်သစ်(အင်ပီအေ)က ထောက်ခံ ကူညီသည့် ဒေသများတွင်သာ အောင်မြင်မှု ရခဲ့သည်။

၁၉၈၄ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်နေ့တွင် နုတ်ထွက် သွားသော နိုင်ငံခြားရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ကာလို့ ပီ



**ဖိလစ်ပိုင် ပြည်တွင်း အရေးအခင်းများကြောင့် ဆောက်လုပ်ရေး ဆိုင်းငံ့ထားရသော ပေ ၅၀ အမြင့်ရှိ သမ္မတမားကို ရုပ်တုကြီး**



**စင်ကာပူဝန်ကြီးချုပ် လီကွမ်းယူနှင့် အစိုးရအဖွဲ့ဝင်အသစ် လူငယ် ခေါင်းဆောင်များ**



ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ပရမ် တင်ဆူလာနွန်ဒါနှင့် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး အားသစ် ကမ်လန်အိုက်


ရိုမြှူလိုနှင့် ရွေးကောက်ပွဲတွင် ရှုံးနိမ့်သွားသော ဝန်ကြီးသုံးဦး တို့၏ နေရာတွင် ဝန်ကြီးသစ်လေးဦး အစားထိုးခန့်အပ်ခြင်းဖြင့် အစိုးရအဖွဲ့သစ် ဖွဲ့စည်းလိုက်ကြောင်း သမ္မတမားကို က ဇွန်လ ၃၀ ရက်နေ့တွင် ကြေငြာသည်။

ထိုင်းနိုင်ငံ၌ ၁၉၇၈ ခုနှစ် ဒီဇင်ဘာလမှ အစပြုသော အသွင်ကူးပြောင်းရေးကာလ ကုန်ဆုံးချိန် ၁၉၈၃ ခုနှစ် ဧပြီလ ၂၁ ရက်နေ့တွင် အာဏာအပြည့် သက်ရောက်လာသည့် ၁၉၇၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အထက်လွှတ်တော်၏ လုပ်ပိုင်ခွင့်ကို လျှော့ချရန်၊ စစ်မှုထမ်းများနှင့် အစိုးရ အရပ်သား ဝန်ထမ်းများအား ဝန်ကြီးရာထူးယူခွင့် မပြုရန်တို့ကို ပြဋ္ဌာန်းထားသည်။ ယင်း အခြေခံဥပဒေအရ အထက်လွှတ်တော်သည် ဝန်ကြီးချုပ် ရွေးချယ်ခန့်အပ်မည့် ပါလီမန် အစည်းအဝေးတွင် ပါဝင်ခွင့်၊ အစိုးရအယုံအကြည်မရှိ အဆိုကို တင်သွင်းလှုပ်ရှားခွင့်၊ ဘတ်ဂျက်ကို ဝေဖန်ဆွေးနွေးခွင့်များ မရရှိတော့ချေ။ အထက် လွှတ်တော်ကို ဘုရင်က တိုက်ရိုက်ခန့်ထားခြင်းဖြစ်ပြီး ၁၉၇၃ ခုနှစ် နှစ်ဦးပိုင်းတွင် အမတ်ဦးရေ ၂၂၅ ဦးရှိသည့်အနက် ၁၉၃ နေရာကို စစ်မှုထမ်းများက လွှမ်းမိုးထားခဲ့သည်။ ထို့ကြောင့် ထိုင်းစစ်တပ် အရာရှိကြီးများက ယင်းဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ပြင်ဆင်ရန် ၁၉၇၃ ခုနှစ် နှစ်ဦးပိုင်းတွင် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ပဲ ရှိနေခဲ့သည်။ ၁၉၇၄ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် စပ်လျဉ်း၍ အငြင်းပွားမှု ထပ်မံပေါ်ပေါက်ခဲ့ပြန်သည်။ ၁၉၇၁ ခုနှစ်က ဗိုလ်ချုပ်ကြီး ပရမ်၏ အစိုးရအဖွဲ့တွင် တာဝန်ထမ်းဆောင်ဖူးသူ ဗိုလ်မှူးကြီး ဖိုးရိယွန်ပရာဆတ်ဗစ်က ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်မှု အပေါ် ဆန္ဒမဲခွဲမှုကို အသစ်တကြိမ် ပြန်လည် ပြုလုပ်ရန် တောင်းဆိုခဲ့ရာမှ အငြင်းပွားမှု ထပ်မံ ပေါ်ပေါက်ရခြင်း ဖြစ်သည်။ ယင်းပြဿနာကို မဆွေးနွေးပဲ လုံးဝပယ်ချရန် တောင်းဆိုသော အဆိုကို ၁၉၇၄ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့တွင် လွှတ်တော် အစည်းအဝေး၌ တင်သွင်းရာ လွှတ်တော်ကယင်း ပြဿနာအပေါ် အချေအတင် ဆွေးနွေးခြင်း ကို ယာယီ ရှေ့ဆိုင်း ထားရန်ကိုသာ ထောက်ခံမဲ ၃၅၁ မဲ ကန့်ကွက်မဲ ၇၆ မဲ ဖြင့် ဆုံးဖြတ်ပေးခဲ့သည်။

ထိုင်းနိုင်ငံ ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး အားသစ် ကမ်လန်အိုက်ကို အသက် ၆၀ ပြည့်လွန်သည့်တိုင် ဆက်လက် ခန့်ထားပေးရန် စစ်တပ် အရာရှိကြီး အများအပြားက လက်မှတ်ရေးထိုး တောင်းဆိုထားသော ပန်ကြားချက်တစောင်ကို ၁၉၇၄ ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့တွင် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရမ်က လက်ခံ ရရှိသည်။ ဗိုလ်ချုပ်ကြီး ပရမ်၏ ကာကွယ်ရေး ဦးစီးချုပ်ရာထူးသက်တမ်းကို ဆက်လက် တိုးမြှင့်ပေးနိုင်ရေးအတွက် ၁၉၇၀ ပြည့်နှစ်တွင် ဗိုလ်ချုပ်ကြီးအား သစ်၏ ထောက်ခံမှုဖြင့် ပြောင်းလဲမှု ပြုလုပ်ခဲ့သော ပင်စင်အက်ဥပဒေအရ စစ်တပ်အရာရှိတဦးကို အသက် ၆၅ နှစ် ပြည့်သည်အထိ အစိုးရအဖွဲ့က နှစ်စဉ် သက်တမ်း တိုးမြှင့်ခန့်အပ်ပေးနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ ဗိုလ်ချုပ်ကြီး အားသစ်သည် စက်တင်ဘာလ ၃ ရက်နေ့တွင် ကာကွယ်ရေး ဦးစီးချုပ် အဖြစ် သက်တမ်းတိုးမြှင့် ခန့်အပ်ခံရသည်။

အင်ဒိုနီးရှားနိုင်ငံတွင် နိုင်ငံတော်၏ တရားဝင် တွေ့ခေါ် မြော်မြင်ရေး သဘောတရား ဖြစ်သော ပဉ္စသီလ အခြေခံမူငါးချက်ကို နိုင်ငံတွင်းရှိ အဖွဲ့အစည်းတိုင်း လိုက်နာရန် ပြဋ္ဌာန်းခြင်းသည် အင်ဒိုနီးရှားနိုင်ငံကို ဘာသာအယူဝါဒမဲ့သောနိုင်ငံ ဖြစ်လာစေလိမ့်မည်ဟု အင်ဒိုနီးရှား ဒီမိုကရက်တစ်ပါတီ (ပီဒီအိုင်) ၏ ဥက္ကဋ္ဌ ဆန္ဒဝါဆူကိုတီက ၁၉၇၃ ခုနှစ် ဩဂုတ်လတွင် ဝေဖန် တိုက်ခိုက်လာသည်။ ထိုမူငါးချက်မှာ ဘုရားကို ယုံကြည်ကိုးစားရေး၊ လူသားအချင်းချင်း စာနာ ထောက်ထားရေး၊ အင်ဒိုနီးရှား စည်းလုံးညီညွတ်ရေး၊ ဒီမိုကရေစီ ကျင့်သုံးရေးနှင့် လူမှုတရားမျှတရေးဟူ၍ ဖြစ်သည်။ ယင်းမူငါးချက်ကို သတ်မှတ်ရခြင်း၏ ရည်ရွယ်ချက်မှာ နိုင်ငံရေး၊ ဘာသာရေးနှင့် လူမှုရေး အဖွဲ့အစည်းဟူသမျှ၏ အခြေခံ လမ်းညွှန် စည်းမျဉ်းအဖြစ် ကျင့်သုံးလာစေရန်ဖြစ်ကြောင်း သမ္မတ ဆူဟာတို့က ၁၉၆၅ ခုနှစ် ဩဂုတ်လတွင် ပထမဦးဆုံး ထုတ်ဖော်

ပြောကြားခဲ့သည်။ နှစ်စဉ် အောက်တိုဘာလ ၁ ရက်နေ့တွင် ပဉ္စသီလ အထွတ်အမြတ်နေ့ အဖြစ် တရားဝင် ကျင်းပလေ့ရှိသည်။ နိုင်ငံခြားမှ ထင်မြင်ယူဆချက်များ၊ ဝေဟာရသက်သက် လေ့လာနည်းများကို အသုံးပြုလျက် အင်ဒိုနီးရှား နိုင်ငံကို စိစစ် ဝေဖန် ရှုမြင် သုံးသပ်ခြင်း မပြုရန် သမ္မတ ဆူဟာတိုက ပြောကြားပြီး ပဉ္စသီလ အခြေခံမူငါးချက်သည် လောကုတ္တရာ ရေးလည်း မဟုတ်သကဲ့သို့ ဘာသာရေးကို ပစ်ပယ်မည်လည်း မဟုတ်ကြောင်း ရှင်းပြသည်။



အင်ဒိုနီးရှားနိုင်ငံတွင် ပဉ္စသီလမူဝါဒကို ဆန့်ကျင်သော ဘာသာရေးတယူသန်တို့ကြောင့် အဓိကရုဏ်းများ ဖြစ်ပွားခဲ့ရသည်

အစိုးရ တင်သွင်းမည့် ဥပဒေကြမ်း ငါးရပ်ကို စိစစ်၍ ၁၉၇၅ ခုနှစ် မေလတွင် အစီရင်ခံစာ တင်သွင်းရန် တာဝန်ပေးထားသော အထူးကော်မတီကို ၁၉၇၄ ခုနှစ် အောက်တိုဘာလတွင် ဖွဲ့စည်းသည်။ ယင်း ဥပဒေ ကြမ်းများတွင် ပဉ္စသီလ မူငါးချက်ကို နိုင်ငံရေး အာဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့အစည်းများ၏ အခြေခံတွေးခေါ်မြော်မြင်ရေး သဘောတရားအဖြစ် ခံယူကျင့်သုံးစေရန် စီမံသည့် ဥပဒေ ကြမ်းနှစ်ရပ်ပါဝင်သည်။ ယင်း အထူးကော်မတီ ဖွဲ့စည်းပြီး နောက် မကြာမီ အဓိကရုဏ်းများ၊ ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားသည်။ ၁၉၇၄ ခုနှစ်က ဂျပန်ဝန်ကြီးချုပ် ကာကူအိတာနာကာ အလည်အပတ် ရောက်ရှိနေချိန် အတွင်း အဓိကရုဏ်းများ ဖြစ်ပွားခဲ့ပြီး နောက်ပိုင်းတွင် အပြင်းထန်ဆုံး ဖြစ်သည်။

စင်ကာပူနိုင်ငံ ဝန်ကြီးချုပ် လီကွမ်းယူ၏ သားကြီး ဗိုလ်မှူးချုပ် လီရှင်လွန်းသည် စင်ကာပူစစ်တပ် ဒုတိယ စစ်ဦးစီးချုပ်ရာထူးမှ ၁၉၇၄ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့တွင် နုတ်ထွက်ခဲ့ပြီး နောက်တနေ့တွင် ကာကွယ်ရေးဝန်ကြီး ဂိုးချွတ်တန်၏ နိုင်ငံရေး အတွင်းဝန်အဖြစ် ခန့်အပ်ခြင်းခံရ၍ နိုင်ငံရေး လောကသို့ စတင် ဝင်ရောက်သည်။ နှစ်နှစ် တကြိမ် ကျင်းပလေ့ရှိသော အာဏာရ ပြည်သူ့လွှတ်ရှားမှုပါတီ (ပီအေပီ) ညီလာခံက ၁၉၇၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် အဖွဲ့ဝင် ၁၆ ဦးပါဝင်သော ပါတီဦးဆောင် ကောင်စီကို အသစ်ဖွဲ့စည်းရာ လီကွမ်းယူသည် ပါတီ အထွေထွေ အတွင်းရေးမှူး တာဝန်ကို ပြန်လည်အပ်နှင်းခံရသည်။ သို့ရာတွင် အဖွဲ့ဝင် အသစ် အများစုမှာ လူငယ်ခေါင်းဆောင်များ ဖြစ်ကြပြီး ပညာရှင်များ (တက်နိုက်ရက်များ) အများစုပါဝင်သည်။ လီကွမ်းယူသည်

အထွေထွေအတွင်းရေးမှူး တာဝန်ကို လွှဲခဲ့သော ၂၅ နှစ်က ပါတီဖွဲ့စည်းခဲ့ချိန်မှစ၍ ထမ်းဆောင်လာခြင်း ဖြစ်သည်။ အလုပ်သမား အဖွဲ့ချုပ်၏ အကြီးအကဲလည်းဖြစ်၍ အစိုးရအဖွဲ့တွင် ဌာနလက်ကိုင်မရှိ ဝန်ကြီးလည်းဖြစ်သူ အွန်းတန်ချုံက ပါတီ ဥက္ကဋ္ဌ ရာထူး ကို ဆက် ယူ ထား သည်။ လီကွမ်းယူ၏သားကြီး လီရှင်လွှန်းကို ယင်း ပါတီဦးဆောင်ကောင်စီဝင်အဖြစ် လျာထားခဲ့ခြင်း မရှိချေ။ စင်ကာပူနိုင်ငံသမိုင်းတွင် နိုင်ငံရေးလောကသို့ဝင်ရန် ထိပ်တန်း စစ်ရာထူးမှ ပထမဆုံး နုတ်ထွက်ခဲ့သူဖြစ်သော လီရှင်လွှန်းသည်




**စင်ကာပူဝန်ကြီးချုပ် လီကွမ်းယူ၏သား ဗိုလ်မှူးချုပ် လီရှင်လွှန်း သည် နိုင်ငံရေးလောကသို့ ဝင်ရောက်လာပြီ ဖြစ်သည်**

၁၉၇၄ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ကျင်းပသော အထွေထွေ ရွေးကောက်ပွဲတွင်မူ ပါဝင် ယှဉ်ပြိုင်သည်။

စင်ကာပူနိုင်ငံ လွှတ်လပ်ရေးရသည့် ၁၉၆၅ ခုနှစ်မှစ၍ ဆက်တိုက် အာဏာရရှိခဲ့သော ပီအေပီပါတီသည် ၁၉၇၄ ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင်လည်း အနိုင်ရရှိသည်။ ၁၉၆၈ ခုနှစ်မှစ၍ ကျင်းပလာခဲ့သော ရွေးကောက်ပွဲ လေးကြိမ်စလုံးတွင် ပီအေပီပါတီသည် အမတ်နေရာ ၇၅ နေရာ စလုံးကို လွှမ်းမိုးနိုင်ခဲ့သော်လည်း ၁၉၇၄ ခုနှစ် ရွေးကောက်ပွဲတွင်မူ အမတ်နေရာ ၇၉ နေရာအနက် နှစ်နေရာတွင် အတိုက်အခံတို့ကို အရှုံးပေးလိုက်ရသည်။ ပီအေပီပါတီသည် ၁၉၈၀ ပြည့်နှစ်တွင်ကျင်းပခဲ့သောရွေးကောက်ပွဲ၌ ၇၅ ဒသမ ၅ ရာခိုင်နှုန်း ရရှိခဲ့သော်လည်း ၁၉၇၄ ခုနှစ် ရွေးကောက်ပွဲ၌ ၆၂ ဒသမ ၉ ရာခိုင်နှုန်းသာ ရရှိသည်။ ၁၉၈၁ ခုနှစ်တွင် ပေါ်ပေါက်ခဲ့သော စင်ကာပူ ဒီမိုကရက်တစ်ပါတီ၏ ခေါင်းဆောင် ချိုင် ဆီ တောင် နှင့် ၁၉၈၁ ခုနှစ် အောက်တိုဘာလတွင် သမ္မတ ရွေးကောက်ပွဲ အပြီး ကျင်းပသော ကြားဖြတ်ပါလီမန် ရွေးကောက်ပွဲမှ စ၍ စင်ကာပူသမိုင်းတွင် ပထမဆုံး အတိုက်အခံ အမတ် ဖြစ်လာခဲ့သူ အလုပ်သမားပါတီ အထွေထွေ အတွင်းရေးမှူး ချုပ် ဂျေ၊ ဘီ ဂျေယာရက်တနမ်တို့သည် ၁၉၇၄ ခုနှစ် ရွေးကောက်ပွဲတွင် အနိုင်ရရှိသော အတိုက်အခံ အမတ် နှစ်ဦး ဖြစ်ကြသည်။

ကမ်ပူချားပြဿနာတွင် ဗီယက်နမ် ပါဝင် ပတ်သက်နေမှုကို အေဆီယင်အဖွဲ့က ကန့်ကွက်၍ ယခင် ခမာနီ အစိုးရကိုပင် ဆက်လက် အသိ အမှတ် ပြုလျက် ရှိသည်။ ကမ်ပူချားပြဿနာကို နိုင်ငံရေး၊ သံတမန်ရေးနည်းနာအရ အဖြေရှာရာတွင် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်များနှင့်အညီ ကမ်ပူချားနိုင်ငံသို့ ကုသလမဂ္ဂ ငြိမ်းချမ်းရေးတပ်များ စေလွှတ်ရေး၊ နိုင်ငံခြားတပ်အားလုံး ရုပ်သိမ်းရေး၊ ကမ်ပူချား





**ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်း နယ်ခြားဒေသတွင် ဗီယက်နမ်တို့၏ တပ်ကျဲမှုကို ကာကွယ်ရန် ကင်းလှည့်နေသော ထိုင်းတပ်ဖွဲ့ဝင်များ**



ကမ်ပူ ချားသို့ဝင်ရောက်တပ်စွဲထားသော ဗီယက်နမ်တင့်ကားတပ်ဖွဲ့

ပြည်သူတို့ကို အမှန်တကယ် ကိုယ်စားပြုသည့် အစိုးရ ဖွဲ့စည်းရေးနှင့် အိမ်နီးချင်းနိုင်ငံများကို ခြိမ်းခြောက်မှုမပြုသည့် ကမ်ပူချားနိုင်ငံ တည်ထောင်ရေး စသည်တို့ကို တောင်းဆိုခဲ့သည်။ ထို့ပြင် တရုတ်ပြည်သူသမ္မတနိုင်ငံနှင့် အတူ အေဆီယင်အဖွဲ့သည် ၁၉၇၂ ခုနှစ် ဇွန်လ ၂၂ နေ့က ဒီမိုကရက်တစ် ကမ်ပူချားညွှန့်ပေါင်း အစိုးရဖွဲ့စည်းရာတွင် ကမကထပြုပေးခဲ့သည်။ ယင်းညွှန့်ပေါင်း အစိုးရ၏ ခမာပြောက်ကျားများကို လိုက်လံ တိုက်ခိုက်ယင်း ဗီယက်နမ် တပ်အချို့သည် ၁၉၇၃ ခုနှစ် ဧပြီလမှစ၍ နယ်စပ်ကို ဖြတ်ကျော်ကာ ထိုင်းနယ်စပ်တွင်းသို့ အကြိမ်ကြိမ် ဝင်ရောက်ခဲ့ကြသည်။ ယင်းပြဿနာနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီး ဒုယင်ကိုသက်သည် ၁၉၇၃ ခုနှစ် ဇွန်လအတွင်း ထိုင်း၊ ဖိလစ်ပိုင်၊ မလေးရှားနိုင်ငံများသို့ လှည့်လည်သွားလာ၍ ယင်းနိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးများနှင့် တဦးချင်း ညှိနှိုင်း ဆွေးနွေးခဲ့သည်။ ထိုင်း ကမ်ပူချားနယ်စပ်တလျှောက်ရှိ ကမ်ပူချားအနောက်ဘက်စွန်း ဒေသများမှ စ၍ ဗီယက်နမ်တပ်များ တဖြည်းဖြည်း ရုပ်သိမ်းရန် အေဆီယင် နိုင်ငံခြားရေးဝန်ကြီး များက ၁၉၇၃ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့တွင် တောင်းဆိုခဲ့ကြသည်။ ၁၉၇၄ ခုနှစ် မတ်လတွင် ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီး ဒုယင်ကိုသက်သည် အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်၍ သမ္မတ ဆူဟာတိုနှင့် နိုင်ငံခြားရေးဝန်ကြီး ပါမောက္ခ မောတာကူဆူမတ်မာဂျာတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ သမ္မတ ဆူဟာတိုက အေဆီယင် နိုင်ငံခြားရေးဝန်ကြီးများ၏ ၁၉၇၃ ခုနှစ် စက်တင်ဘာလက တောင်းဆိုချက်ကိုသာ ကိုင်စွဲဆွေးနွေးခဲ့သည်။ ၁၉၇၄ ခုနှစ် ဧပြီလ ၁၅ ရက်နေ့တွင် ထိုင်း ထောက်လှမ်းရေး လေယာဉ်ကို ဗီယက်နမ်တို့က ပစ်ချခဲ့ကြောင်း ကုလသမဂ္ဂသို့ တိုင်ကြားစာတစောင် ပေးပို့ခဲ့ပြီးနောက် ထိုင်း-ကမ်ပူချားနယ်စပ်ဘင် ထိုင်းနှင့် ဗီယက်နမ်တပ်ဖွဲ့တို့သည် အပြန်အလှန် ပစ်ခတ်မှုများ မကြာခဏ ဖြစ်ပွားခဲ့ကြသည်။

စီးပွားရေးရာ ပူးပေါင်း ဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် ၁၉၆၇ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် စတင် ဖွဲ့စည်းခဲ့သော အေဆီယင်အဖွဲ့သည် ဗီယက်နမ်တို့ ကမ်ပူချားသို့ ဝင်ရောက်ချိန်မှစ၍ ကာကွယ်ရေးရာ ပူးပေါင်းဆောင်ရွက်မှုများကိုပါ အလေးထား ဆောင်ရွက်ခဲ့ကြသည်။ အထူးသဖြင့် အဖွဲ့ဝင်နိုင်ငံ အသီးသီး၏ ရေတပ်အင်အားကို တိုးချဲ့တည်ဆောက်လာခဲ့ကြသည်။ မလေးရှားနိုင်ငံ ဘုရင့် ရေတပ်ဖွဲ့သည် ငါးနိုင်ငံ ကာကွယ်ရေးစာချုပ် အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဗြိတိန်၊ ဩစတြေးလျ၊ နယူးဇီလန်၊ စင်ကာပူ နိုင်ငံတို့နှင့်အတူ တောင်တရုတ်ပင်လယ်၌ စတားဖစ်ရှ်ဟု အမည်ပေးထားသော ပုံမှန် စစ်ရေးလေ့ကျင့်မှုကို ၁၉၇၃ ခုနှစ်တွင် ပြုလုပ်ခဲ့သည်။



ထိုင်းတပ်များက ဖမ်းဆီးမိသည့် ဗီယက်နမ်စစ်သားများ



ဦးအောင်ဇံဝေ

**အေ့ဒ်စ် ရောဂါ။** ။(မူလ ကိုယ်ခံစွမ်းအား လျှော့နည်း ကျဆင်းရောဂါ—ရှု ။)

**အောင်ဇံဝေ၊ ဦး** (ခရစ် ၁၈၉၃ – ၁၉၈၄)။ ။ မဟာသီရိသုဓမ္မနှင့် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ရ၊ အငြိမ်းစားဝန်ကြီး ဦးအောင်ဇံဝေကို ရခိုင်ပြည်နယ်၊ စစ်တွေခရိုင် ကျောက်တော်မြို့၌ အဖ ဦးစံဖေဘဦး၊ အမိ ဒေါ်ကြာပွင့်တို့က ၁၈၉၃ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် မွေးဖွားသည်။

ရန်ကုန်မြို့၊ စိန်ပေါအထက်တန်းကျောင်းတွင် ပညာသင်ကြားသည်။ ထို့နောက် သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့ရှိ မဟာဗောဓိကောလိပ်တွင် ဆက်လက်ပညာသင်ကြားရာ လန်ဒန်မက်ထရစ်အောင်သည်။ ပထမကမ္ဘာစစ် ဖြစ်ပွားချိန်တွင် ပညာသင်ရပ်၍ စစ်တွေမြို့သို့ပြန်ခဲ့ရာ ကာလကတ္တားမြို့တွင် သောင်တင်နေခိုက် ဘုံဘေပြည်နယ် ပူးနားမြို့ရှိ စိုက်ပျိုးရေးသိပ္ပံကျောင်းတွင် စိုက်ပျိုးရေးပညာရပ်များကို သင်ကြားဆည်းပူးခဲ့သည်။

ပထမကမ္ဘာစစ်ကြီးပြီး၍ မြန်မာနိုင်ငံသို့ ပြန်ရောက်သောအခါ မှော်ဘီ၊ ပျဉ်းမနား၊ တပ်ကုန်း၊ မန္တလေးစသော မြို့များရှိ စိုက်ပျိုးရေးဥယျာဉ်များတွင် စိုက်ပျိုးရေးပညာကို လက်တွေ့လုပ်ကိုင်ယင်း ဆက်လက် လေ့လာဆည်းပူးခဲ့သည်။ ၁၉၃၁ ခုနှစ်တွင် မြန်မာပြည်ဘုရင်ခံဆာချား အင်းနစ်၏ စိုက်ပျိုးရေးပညာနှင့် စပ်လျဉ်းသော ဂုဏ်ထူးဆောင် လက်မှတ်နှင့် ရွှေတံဆိပ်ဆုကို ချီးမြှင့်ခံခဲ့ရသည်။

ဦးအောင်ဇံဝေသည် ၁၉၁၈ ခုနှစ်မှစတင်၍ နိုင်ငံရေးလောကသို့ ဝင်ရောက်ခဲ့ပြီး ရက္ခပူရခေါ် ရခိုင်အသင်းကြီး၏ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ကျိုက်စီဘိုအေအသင်းကြီး၏ အသင်းဝင်လည်း ဖြစ်ခဲ့သည်။ ထို့နောက် ကျောက်တော်မြို့တွင် အင်္ဂလိပ်-မြန်မာ အလယ်တန်းကျောင်းကို တည်ထောင်၍ ကျောင်းအုပ်အဖြစ် ဆောင်ရွက်သည်။

၁၉၃၆ ခုနှစ်တွင် အောက်လွတ်တော် အမတ်အဖြစ် စစ်တွေမြို့မှ ဘရွေးခံရသည်။ ဂျပန်ခေတ်တွင် တရားရေးဝန်ကြီးဌာနဌ လက်ထောက်အတွင်းဝန်အဖြစ် ဆောင်ရွက်သည်။ ၁၉၄၅ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်း ဦးစီးသော ဖ တ ပ လ၊ နောင် ဖ ဆ ပ လ အဖွဲ့ချုပ်တွင် အလုပ်အမှုဆောင်အဖွဲ့ဝင် ဖြစ်ခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် ပင်လုံညီလာခံဖြစ်မြောက်ရေး အကြံပေးအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်း ဥက္ကဋ္ဌအဖြစ် ပါဝင်ဖွဲ့စည်းသော မြန်မာနိုင်ငံဘုရင်ခံ ဆာဟူးဘတ်ရန့် (စ်) ၏ အတိုင်ပင်ခံ ဝန်ကြီးအဖွဲ့တွင် ဦးအောင်ဇံဝေသည် လူမှုဝန်ထမ်း၊ ကျန်းမာရေးနှင့် ဒေသန္တရဝန်ကြီးဌာန ဝန်ကြီးအဖြစ် ပါဝင်ခဲ့သည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းနှင့်တကွဝန်ကြီးများအား လူမသမာများက လုပ်ကြံသတ်ဖြတ်ရာတွင် ဦးအောင်ဇံဝေသည် အသက်ဘေးမှ သီသီကလေး လွတ်မြောက်ခဲ့သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ပါလီမန်အမတ်အဖြစ် စစ်တွေမြို့မှ ရွေးချယ်ခံရပြီး လူမှုဝန်ထမ်းနှင့် ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။ ထို့နောက် ၁၉၄၉ ခုနှစ်တွင် လူမျိုးစုရေးရာ ဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၅၁ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် ရာထူးဝန်အဖွဲ့ (ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့) အဖွဲ့ဝင်အဖြစ် ခန့်အပ်ခြင်းခံရသည်။ ဦးအောင်ဇံဝေသည် ၁၉၅၀ ပြည့်နှစ်တွင် ကျင်းပသော အမျိုးသားအောင်ပွဲနေ့ ရွှေရတုသဘင်ဖြစ်မြောက်ရေး ကော်မတီတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။

ဦးအောင်ဇံဝေသည် ၁၉၅၁ ခုနှစ်တွင် မဟာသီရိသုဓမ္မဘွဲ့တံဆိပ်ကို ချီးမြှင့်ခြင်းခံရသည်။ ၁၉၈၀ ပြည့်နှစ်တွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီက ဦးအောင်ဇံဝေအား နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ကို ချီးမြှင့်အပ်နှင်းသည်။

ဦးအောင်ဇံဝေသည် ၁၉၈၄ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ဇနီး ဒေါ်စံသာနှင့် သမီးနှစ်ယောက်၊ သားတယောက်ကျန်ရစ်သည်။

**အောင်လင်း** ( ခရစ် ၁၉၂၈ – ၁၉၇၄ )။ ။ စာရေးဆရာ အောင်လင်းကို ၁၉၂၈ ခု မတ်လ ၃၀ ရက်နေ့တွင် မကွေးတိုင်း၊ ရေစကြိုမြို့၌ အဖ ခရိုင်ရဲဝန်ထောက် ဦးဘရှိန်နှင့် အမိ ဒေါ်ဒေါ်မြစ်တို့က မွေးဖွားသည်။ အမည်ရင်းမှာ ဦးတင်ဖေ ဖြစ်သည်။

ဒုတိယကမ္ဘာစစ်အတွင်းကာလတွင် အောင်လင်းသည် ရေစကြိုမြို့ အာရှလူငယ်အစည်းအရုံးတွင် ပါဝင်ခဲ့သည်။ ဖက်ဆစ်တော်လှန်ရေးကာလတွင် ပခုက္ကူခရိုင်မှ လူငယ်ခေါင်းဆောင် တဦး ဖြစ် ခဲ့ သည်။ အောင် လင်း သည် အသက်အငယ်ဆုံး သခင်တဦး အ ဖြစ် လည်း ကောင်း၊ ပခုက္ကူခရိုင်မှ ကိုယ်စားလှယ်အဖြစ်လည်းကောင်း နေသူရိန်အစည်းအဝေးပွဲကြီးသို့ စေလွှတ်ခြင်းခံခဲ့ရသည်။

၁၉၄၇ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်သည်။ ရန်ကုန်တက္ကသိုလ် ၌ ဆက် လက် ပ ညာ ဆည်း ပူး သည်။ အောင်လင်းသည် စာပေနှင့် ဂီတအနုပညာဘက်တွင် ဝါသနာ ပြင်းပြခဲ့သည်။ ၁၉၄၈-၄၉ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်က ကြီးမှူးကျင်းပသော ဂီတပြိုင်ပွဲ၌ ပတ္တလားပထမဆု၊ မယ်ဒလင် ပထမဆုနှင့် တယော ဒုတိယဆု ရခဲ့သည်။ ဂီတအနုပညာကို ဝါသနာပြင်းပြသဖြင့် ပညာကို ဆုံးခန်းတိုင်မသင်ပဲ တက္ကသိုလ်မှထွက်ခဲ့သည်။

ဆန်းသစ်စ၊ ဆန်းအဖွဲနှင့် တေးသစ်လှင် အပျော်ထမ်းတူရိယာအဖွဲများကို ဦးဆောင်ပြီး သီချင်းများရေးသား၍ အသံလွှင့်ခဲ့သည်။ သီချင်းပုဒ်ရေ ၆၀ ကျော်ခန့် ရေးသားခဲ့သည့်အနက် ကျော်ကြားသောသီချင်းများမှာ မေရှင်ဆိုသော မေတ္တာရေလှိုင်း၊ လီလီကြာညွှန့်ဆိုသော မေတ္တာရွှေစောင်း၊ နွယ်ညီအမသီဆိုသော တေးပန်းလှာတို့ ဖြစ်သည်။ ဂီတနက်သန်ကိုစောညိမ်း ရေးသားသော မိုးသက်လေနှင် သီချင်းကို ကိုယ်တိုင်သီဆိုခဲ့သည်။

အောင်လင်းသည် ၁၉၄၇ ခုနှစ်မှစ၍ ပခုက္ကူအပုလေး၊ ရွှေကူတင်၊ တက္ကသိုလ်ငတီ၊ ဆူးညှောင့် စသော ကလောင်အမည်များဖြင့် စာများရေးသားခဲ့သည်။ ၁၉၄၈ ခုနှစ်မှစ၍ အောင်လင်းကလောင်အမည်ခံ၍ ရေး သား သည်။ လုံးချင်းဝတ္ထုပေါင်း ၅၀ ကျော်ရေးသားခဲ့ပြီး ၁၉၆၀ ပြည့်နှစ် စာပေဗိမာန်ဝတ္ထုရှည်ဆုရ အရိုင်းစပယ်ဝတ္ထုမှာ ၁၄ ကြိမ်တိတိ ပြန်လည်ရိုက်နှိပ်ရသော အကျော်ကြားဆုံး ဝတ္ထုဖြစ်သည်။ ထို့ပြင် ပစ်တိုင်းထောင်ဝတ္ထုသည်လည်း ရုရှား၊ ဥဇ္ဇဘတ်ကစ္စတန်နှင့် ဂျာမန်ဘာသာများသို့ ပြန်ဆိုခြင်းခံရသည်။ တဖန် ဗေဒါဝတ္ထုကိုလည်း ရုရှားဘာသာဖြင့် ပြန်ဆိုထုတ်ဝေခဲ့သည်။ ဝတ္ထုတိုများအနက် အသေးအဖဲ့ကလေး၊ အိမ်တွင်းပုန်းမကလေးနှင့် တခုသာလိုချင်သည် ဝတ္ထုတိုများကို ပြင်သစ်ဘာသာသို့ ပြန်ဆိုခဲ့ကြသည်။ ရေးသားခဲ့သောဝတ္ထုများတွင် အရိုင်းစပယ်၊မောင့် မမငြိမ်း၊





စာရေးဆရာ အောင်လင်း

သဲတပုင့်၊ ပစ်တိုင်းထောင်ဝတ္ထုတို့သည် အထူးထင်ရှားသည်။ ဝတ္ထုများအပြင် စာပေ၊ ဂီတ၊ ရုပ်ရှင်ဆိုင်ရာ အယူအဆ ဆောင်းပါးများကိုလည်း ရေးသားခဲ့သည်။

အောင်လင်းသည် ရုပ်ရှင်နယ်သို့လည်း ဝင်ရောက်ခဲ့သည်။ ရန်ကုန်ဘဆွေနှင့် တွဲဖက်၍ မာန်ဇာတ်ကားကို ရှေးဦးစွာ ရိုက်ကူးခဲ့သည်။ ထို့နောက် ဗေဒါဇာတ်ကားတွင် ခေါင်းဆောင်မင်းသားအဖြစ် ပါဝင်ရိုက်ကူးခဲ့သည်။ ထို့အပြင် လူမော်ဇာတ်ကားကို ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူးခဲ့သည်။ အောင်လင်းသည် ၁၉၆၁-၆၂ ခုနှစ်က မြန်မာနိုင်ငံ စာရေးဆရာအသင်း၏ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။


ဦးတင်ဖေခေါ် စာရေးဆရာအောင်လင်းသည် ၁၉၇၄ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် သားနှစ်ယောက် သမီးတယောက် ကျန်ရစ်သည်။

**အိန္ဒိယသမ္မတနိုင်ငံ**။ ။မစ္စက်အင်ဒီရာဂန္ဒီ၏ အစိုးရအဖွဲသည် ဆစ်ကင်းပြည်နယ် ဝန်ကြီးချုပ် နာဗဟာဒူး ဘန္ဒရီကို ၁၉၇၄ ခုနှစ် မေလ ၂၅ ရက်နေ့တွင် ရာထူးမှ ဖယ်ရှား၍ အက်စ်ဘီ ဂူရန်းကို အစားထိုး ခန့်အပ်သည်။ ဘန္ဒရီသည် ကွန်ဂရက်ပါတီဝင်ဖြစ်သော်လည်း ဒေသစွဲဖြင့် သီးခြားပါတီ ငယ်တရပ် ခွဲခြားထူထောင်ရန် ကြံစည်နေသည်ဟု ဆိုကာ ဖယ်ရှားခဲ့ခြင်း ဖြစ်သည်။ ပြည်နယ် ဥပဒေပြုအမတ် ၃၂ ဦးအနက် ၁၇ ဦးက ဘန္ဒရီကို ထောက်ခံ အင်အားပြသည်။ ထို့ကြောင့် ပြည်နယ်ဥပဒေပြု လွှတ်တော်ကို ဖျက်သိမ်းပြီး ဆစ်ကင်းပြည်နယ်ကို ရွေးကောက်ပွဲကာလအထိ ဗဟိုအစိုးရက တိုက်ရိုက်အုပ်ချုပ်သွားရန် စီစဉ်သည်။ ဇူလိုင်လ ၂ ရက်နေ့တွင် ဂျမ္မူးနှင့် ကက်ရှမီးယားပြည်နယ်ဝန်ကြီးချုပ်

ဖာရွတ်အဗ္ဗဒူလာကို ရာထူးမှ ဖယ်ရှားပြန်သည်။ဝန်ကြီးချုပ် ဖာရွတ်အဗ္ဗဒူလာ၏ အမျိုးသား ကွန်ဖရင့်ပါတီ အစိုးရအဖွဲ့နှင့် ကွန်ဂရက်(အိုင်)ပါတီ ဗဟိုအစိုးရအဖွဲ့တို့သည် ၁၉၇၃ ခုနှစ် ပြည်နယ်ရွေးကောက်ပွဲ နောက်ပိုင်းတွင် ဆက်ဆံရေး တင်းမာနေခဲ့သည်။ ၁၉၇၄ ခုနှစ် ဇန္နဝါရီလတွင် ပြည်နယ် အစိုးရ၏ ရဲတပ်ဖွဲ့နှင့် အတိုက်အခံ ကွန်ဂရက်(အိုင်) ပါတီဝင် ဆန္ဒပြသူများ အဓိကရုဏ်း ဖြစ်ပွားသည်။ ထို့ကြောင့် အဗ္ဗဒူလာ၏ အစိုးရအဖွဲ့သည် ပြည်နယ်၏ ပြဿနာများကို ဖြေရှင်းနိုင်စွမ်းမရှိဟု ဆိုကာ အဗ္ဗဒူလာကို ရာထူးမှ ဖယ်ရှားခဲ့ခြင်း ဖြစ်သည်။ ဂူလန် မိုဟာမက်ရှားက ပြည်နယ်ဝန်ကြီးချုပ် ရာထူးကို ဆက်ခံသည်။

အန်ဒရာပရာဒေ့ရှ်ပြည်နယ်တွင် ၁၉၇၄ ခုနှစ် ဩဂုတ်လ ၁၆ ရက်နေ့၌ ဝန်ကြီးချုပ် အင်တီရာမာရောင်းကို ပြည်နယ် အုပ်ချုပ်ရေးမှူးက ရာထူးမှ ဖယ်ရှားခဲ့သည်။ရုပ်ရှင်မင်းသား ဟောင်း ရာမာရောင်းသည် တေလဂူ ဒေသပါတီဝင်ဖြစ်၍ ပါတီအကွဲအပြဲကြောင့် အစိုးရအဖွဲ့အတွင်း ထောက်ခံမှု အများစု မရနိုင်ဟုဆိုကာဖယ်ရှားခံရခြင်းဖြစ်သည်။အမတ် ဦးရေ ၂၉၅ ဦးရှိ ပြည်နယ်လွှတ်တော်တွင် အမတ် ၁၅၂ ဦး၏ ထောက်ခံမှုဖြင့် ဘတ်ရွကာရာရောင်းက ပြည်နယ် ဝန်ကြီးချုပ် ဖြစ်လာသည်။ ဩဂုတ်လ ၁၇ ရက်နေ့မှ စ၍ ရာမာရောင်းဘက်မှထောက်ခံသူများနှင့် ရဲများ အဓိကရုဏ်း ဖြစ်ပွားသည်။ ဩဂုတ်လ ၂၄ ရက်နေ့တွင် ပြည်နယ် အုပ် ချုပ်ရေးမှူးရာထူးမှ နုတ်ထွက်သည်။ ဩဂုတ်လ ၂၆ ရက်နေ့ တွင် ဗဟိုအစိုးရက အစားထိုးခန့်ထားလိုက်သော ပြည်နယ် အုပ်ချုပ်ရေးမှူးသစ်က ကာရာရောင်းကို ထုတ်ပယ်၍ ရာမာ ရောင်းအား ပြန်လည်တာဝန်ပေးသည်။ ဤသို့ ထုတ်ပယ်ပြီး သော ပြည်နယ်ဝန်ကြီးချုပ်ကို ပြန်လည်ခန့်အပ်သည့်ဖြစ်ရပ် သည် အိန္ဒိယပါလီမန်သမိုင်းတင် ပထမဆုံး ပေါ်ပေါက် ခြင်း ဖြစ်သည်။

ပန်ဂျပ်ပြည်နယ်တွင် ခါလစ်စတန်ခေါ် သီးခြား ဆစ်ခ် ပြည်နယ် ရရှိရေးအတွက် ဆူပူတောင်းဆိုနေကြသည့် တယူ သန် ဆစ်ခ်များ၏ လှုပ်ရှားမှုသည် ပိုမိုပြင်းထန်လာသည်။ ယင်းတယူသန်များသည် ပန်ဂျပ်ပြည်နယ်တွင်းသို့ အိမ်နီး ချင်း ပန်ချာဗီ စကားပြောဒေသများ ပူးပေါင်းခဲ့ထွင်ပေး ရန်၊ အိန္ဒိယ ဖဲ့စည်းပုံ အခြေခံဥပဒေတွင် ဆစ်ခ်တို့၏ လူမှု ရေးနှင့် ဘာသာရေးကို ထိပါးစေသည်ဟု ယူဆနိုင်သည့်





အိန္ဒိယနိုင်ငံ အန်မရစ်ဆာမြို့ ဆစ်ခ်ရှေကျောင်းတော်ကို အစိုးရစစ်တပ်က ဆစ်ခ်တယူသန် စစ်သွေးကြွ ဝါဒီများလက်မှ သိမ်းယူပြီးနောက် ဆစ်ခ်ဘုန်းတော်ကြီးများထံ ပြန်လည်အပ်နှံခဲ့စဉ်

ပုဒ်မများကို ပြင်ဆင်ပေးရန် စသည်တို့ကို တောင်းဆိုသည်။ ဗဟိုအစိုးရသည် ၁၉၈၄ ခုနှစ် ဇွန်လ ၂ ရက်နေ့တွင် ကြယ်ပြာ စစ်ဆင်ရေးဖြင့် စစ်ရေးအရ ယင်းပြဿနာကို ဖြေရှင်းသည်။ ဆစ်ခ် ခေါ် ဂွေဗားရားဟု ခေါ်တွင်သည့် ဆစ်ခ် တယူသန်ခေါင်းဆောင် ဂျာနေဆင်း ဘင်ဒရာဝါလေးသည် အန်မရစ်ဆာမြို့ရှိ ဆစ်ခ် ရှေကျောင်းတော်ကို ခံတပ်အဖြစ် ဖန်တီး၍ တပ်စွဲခဲ့ပြီးနောက် ဗဟိုအစိုးရက ကြယ်ပြာ စစ်ဆင်ရေး ဆင်နွှဲခြင်းပင် ဖြစ်သည်။ ဇွန်လ ၆ ရက်နေ့တွင် ဖြစ်ပွားသော ရှေကျောင်းတော်တိုက်ပွဲတွင် ဘင်ဒရာဝါလေး သေဆုံးသည်။ ယင်းစစ်ဆင်ရေးကြောင့် ဆစ်ခ် အကြမ်း ဖက်သမား ၅၅၄ ဦး သေဆုံးပြီး ၁၂၁ ဦး ဒဏ်ရာရသည်။ အစိုးရစစ်တပ်မှ ၉၂ ဦး သေဆုံးပြီး ၂၀၇ ဦး ဒဏ်ရာရသည်။ တင့်ကားဖျက် ဒုံးကျည်များအပါအဝင် လက်နက် အမြောက် အမြား ဖမ်းဆီးရမိသည်။ စက်တင်ဘာလ ၂၉ ရက်နေ့တွင် ဆစ်ခ် ရှေကျောင်းတော်ကို ဆစ်ခ် ဘာသာရေးခေါင်းဆောင် များထံ ပြန်လည်အပ်နှံသည်။ သို့သော် တနိုင်ငံလုံး ဆစ်ခ် လူမျိုး စုစုပေါင်း၏ ၈၅ ရာခိုင်နှုန်းနေထိုင်ရာ ပန်ဂျပ်ပြည် နယ်တွင် ပြည်နယ် ခွဲထွက်ရေးသမားများ၏ လှုပ်ရှားမှုကို နှိပ်ကွပ်နိုင်စွမ်း မရှိခဲ့ချေ။ ထိုစဉ် မဟာရတ်ရှပြည်နယ်တွင် ဟိန္ဒူ၊ မူဆလင်လူမျိုးရေး အဓိကရုဏ်းများလည်း ပေါ် ပေါက်သည်။ အိန္ဒိယနိုင်ငံ လွတ်လပ်လာသော ၁၉၄၇ ခုနှစ် နောက်ပိုင်းတွင် အဆိုးရွားဆုံး အဓိကရုဏ်းများဖြစ်သည်။

အာသံပြည်နယ်တွင် လူဦးရေ သန်း ၂၀ ခန့် ရှိသည့် အနက် ဒေသခံ အာသံလူမျိုး ကိုးသန်းခန့်သာရှိပြီး ကျန် လူဦးရေမှာ ပြည်ပမှ ဝင်ရောက်လာသူများဖြစ်သည်။ ဒေသ ခံ မဟုတ်သူများသည် ပြည်နယ်အစိုးရနှင့် စီးပွားရေး လုပ် ငန်းများတွင် နေရာကောင်းများ ရယူထားသည်။ ဒေသခံ များနှင့် ဒေသခံမဟုတ်သူများ၏ လူမျိုးရေး အဓိကရုဏ်း များသည် ၁၉၇၄ ခုနှစ်တွင်လည်း ဆက်လက်ဖြစ်ပွားသည်။

ဤသို့ဖြင့် အိန္ဒိယနိုင်ငံတွင် ပြည်နယ်ခွဲထွက်ရေး ပြဿနာ များနှင့် လူမျိုးရေးအဓိကရုဏ်းများ သွေးချောင်းစီး ဖြစ်



အိန္ဒိယ ပါလီမန်သမိုင်းတွင် ဖြုတ်ချခံရပြီးမှ ပြန်လည် ခန့် ထား ခံရသော ပထမဆုံးပြည်နယ်ဝန်ကြီးချုပ် ရာမာရောင်း




အိန္ဒိယ ဝန်ကြီးချုပ်မစ္စက် အင်ဒီရာ ဂန္ဒီ (ယာ)သည် ကိုယ်ရံတော်ဘင့်ဆင်း(နောက်တန်း)၏ လက်ချက်ဖြင့် ကွယ်လွန်ခဲ့ရသည်

ပွားနေစဉ် ဝန်ကြီးချုပ် အင်ဒီရာ ဂန္ဒီသည် ၁၉၇၄ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့နံနက်တွင် ဆစ်ခ်အမျိုးသား ကိုယ်ရံတော်နှစ်ဦးက သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံ၍ ကွယ်လွန်သည်။ အင်ဒီရာ ဂန္ဒီ လုပ်ကြံခံရပြီးနောက် ဖြစ်ပွားသည့် ဆစ်ခ်ဆန့်ကျင်ရေး အဓိကရုဏ်းများတွင် ပြည်နယ် ၁၅ ခုဌ အပျက်အစီး အမေရိကန်ဒေါ်လာ ၄၂ သန်းဖိုးရှိပြီး လူပေါင်း ၂,၇၁၇ ဦး သေဆုံးခဲ့သည်။

ကွန်ဂရက်(အိုင်)ပါတီသည် မစ္စက်အင်ဒီရာဂန္ဒီ လုပ်ကြံခံရပြီးနောက် ကိုးနာရီအကြာမှာပင် မစ္စက်ဂန္ဒီ၏သားဖြစ်သူ ရာဂျစ်ဂန္ဒီအား ဝန်ကြီးချုပ်အဖြစ် တင်မြှောက်သည်။ နိုဝင်ဘာလ ၁၂ နေ့တွင် အိန္ဒိယကွန်ဂရက်ပါတီအလုပ်အမှုဆောင်ကော်မတီဝင် ၂၁ ဦးက ရာဂျစ် ဂန္ဒီကို ပါတီဥက္ကဋ္ဌအဖြစ် တညီတညွတ်တည်း တင်မြှောက်သည်။ အောက်လွတ်တော် (လေ့ဒ်ဆာဘား) အတွက် ရွေးကောက်ပွဲကို ၁၉၇၉ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ကျင်းပနိုင်ရန် ဝန်ကြီးချုပ်သစ် ရာဂျစ် ဂန္ဒီသည် စီမံဆောင်ရွက်ခဲ့သည်။ အိန္ဒိယ ပါလီမန်တွင် အမတ်အင်အား ၅၄၄ နေရာ ရှိသည့်အနက် ငြိမ်ဝပ်ပိပြားရေးအခြေအနေကြောင့် ပန်ဂျပ်၊ ဘိုပါးနှင့် အာသံပြည်နယ်တို့မှ အမတ်နေရာများကိုချန်လှပ်ကာ ၅၀၈ နေရာကို တပြိုင်တည်း ရွေးချယ်တင်မြှောက်သည်။ ကွန်ဂရက်(အိုင်)ပါတီက ၄၀၁ နေရာ အနိုင်ရရှိသည်။ သုံးပုံ နှစ်ပုံကျော် မဲအများစုရရှိခြင်းဖြစ်ပြီး ကွန်ဂရက်(အိုင်)ပါတီ၏ သမိုင်းတွင် အအောင်မြင်ဆုံး စံချိန်ဖြစ်သည်။

ဝန်ကြီးချုပ် ရာဂျစ် ဂန္ဒီသည် ရွေးကောက်ပွဲ အနိုင်ရရှိခဲ့ပြီးနောက် အစိုးရအဖွဲ့သစ် အမည်စာရင်းကို ၁၉၇၄ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ကြေငြာသည်။ ရာဂျစ် ဂန္ဒီသည် ဝန်ကြီးချုပ်ရာထူးအပြင် နိုင်ငံခြားရေး၊ အီလက်ထရွန်နစ်၊ စက်မှု၊ ကူးသန်းရောင်းဝယ်ရေး၊ အဏုမြူ စွမ်းအင်၊ သိပ္ပံနှင့် နည်းပညာစသည့် ဝန်ကြီးဌာနများ အပါအဝင် ဝန်ကြီးဌာန ၁၄ ခုကို တာဝန်ယူသည်။ ဝန်ကြီးဟောင်းများထဲမှ ဝါရင့်ဘဏ္ဍာရေးဝန်ကြီး မူခါဂျီး၊ မီးရထားဝန်ကြီး၊ တရားဥပဒေရေးရာဝန်ကြီးနှင့် ရာဂျစ် ဂန္ဒီ၏အဒေါ်တော်စပ်သူ ပညာရေး ဝန်ကြီးတို့ကို ချန်လှပ်ထားခဲ့သည်။ မူခါဂျီးနှင့် မီးရထားဝန်ကြီး ဂါနီခန်ချောင်ဒူရီး တို့သည် ဘင်္ဂလားပြည်နယ်၏ ကွန်ဂရက်ပါတီတွင်း အငြင်းပွားရန်လိုမှုတွင် ပါဝင်ခဲ့ခြင်းကြောင့် ပါတီကျစ်လျစ်ခိုင်မာရေးကို ဦးစားပေးသော ရာဂျစ် ဂန္ဒီက ဝန်ကြီးရာထူးမပေးပဲ ထားခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။ တရားဥပဒေရေးရာဝန်ကြီးနှင့် ပညာရေးဝန်ကြီးတို့ကိုမူ အသက်ငယ်ရွယ်သူများနှင့် အစားထိုးခဲ့ခြင်း ဖြစ်သည်။



ပန်ဂျပ်ပြည်နယ်ခဲ့ထွက်ရေးအတွက် လှုပ်ရှားသော ဆစ်ခ် တယူသန် ခေါင်းဆောင် ဘင်ဒရာဝါလေ

**အယ်ဒီတာမားရောဂါ။** ။အယ်ဒီတာမားရောဂါ ဆိုသည်မှာ ဇရာအရွယ်တွင်ဖြစ်တတ်သည့် ရောဂါတမျိုးဖြစ်သည်။ နှစ်ဆယ်ရာစုတွင် အဖြစ်များလာသည့် အတွက်ကြောင့် နှစ်ဆယ်ရာစု ရောဂါဟုလည်း အမည် ပေးထားကြသည်။ အယ်ဒီတာမား ရောဂါရလျှင် ပထမဆုံး မှတ်ဉာဏ်ဆုံးရှုံး



အယ်ဇိုင်းမား ရောဂါရှင်သည် မှတ်ဉာဏ်ထောက်ကူပြု ပစ္စည်းကို ဖြုတ်ခြင်း၊ တပ်ဆင်ခြင်းဖြင့် ဝေဒနာ သက်သာစေနိုင်သည်

သွားလေ့ရှိသည်။ နာမည်၊ နေ့စွဲ၊ နေရာဌာနအားလုံးကို မေ့လေ့ရှိသည်။ များမကြာမီ လမ်းကောင်းစွာမလျှောက်နိုင်တော့ခြင်း၊ ခန္ဓာကိုယ်ကို မထိန်းနိုင်တော့ခြင်းဖြင့် ပက်လက်နာဖြစ်ရာမှ သတိလစ်မေ့မြောပြီး နောက်ဆုံး သေဆုံးလေတော့သည်။ ပက်လက်နာဖြစ်ခြိန်သည် ပျမ်းမျှခြောက်နှစ်မှ ရှစ်နှစ်အထိ ကြာနိုင်သည်။ ကံအကြောင်း မလှသူများမှာ အနှစ် ၂၀ မျှ အိပ်ရာထဲလဲနေပြီးမှ သေဆုံးရလေ့ ရှိသည်။

အယ်ဇိုင်းမားရောဂါကို နှစ်ဆယ်ရာစုနှစ်ရောဂါဟု သတ်မှတ်ကြခြင်းမှာ ရောဂါရှင်ဦးရေသည် ယခုရာစုနှစ်အတွင်း သိသိသာသာ ကြီးထွားလာသောကြောင့် ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုတွင် အသက် ၆၅ နှစ်အထက် လူကြီး ၂၇ သန်းရှိသည့်အနက် ခုနစ်ရာခိုင်နှုန်းခန့်သည် အယ်ဇိုင်းမားရောဂါများ ဖြစ်နေကြသည်။ ရောဂါဖြစ်ရသည့်အကြောင်းရင်းကိုလည်း မည်သူမျှတိတိကျကျဖြေနိုင်စွမ်းမရှိသေးချေ။ ဆေးသိပ္ပံပညာရှင်များက လူဦးနှောက်ချွတ်ယွင်းပျက်စီးမှု ဓာတုသဘောနှင့် ဇရာတို့၏ဆက်စပ်မှုကို သုတေသနပြုနေဆဲဖြစ်သော်လည်း အယ်ဇိုင်းမားသည် ရှင်းရခက်သော ပဟေဠိပုစ္ဆာသဖွယ် ရှိနေဆဲဖြစ်သည်။ မျက်မှောက်ခေတ်၌ နှလုံးရောဂါ၊ ကင်ဆာနှင့် လေဖြတ်ခြင်းတို့ပြီးလျှင် အယ်ဇိုင်းမား ရောဂါဆိုးသည် စတုတ္ထမြောက်အဖြစ် အများဆုံးနေရာ၌ရှိသည်။

ယနေ့ ဆေးသိပ္ပံရှင်တို့၏ကြိုးပမ်းမှုများအရ ဇရာရောဂါဆိုး၏ သဲလွန်စအချို့ကိုမူ ရှာဖွေတွေ့ရှိပြီ ဖြစ်သည်။ အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ ဦးနှောက်သို့ သွေးပို့စနစ် ချွတ်ယွင်းလာစမြဲဖြစ်သည်။ ဤအချက်ကြောင့်ပင် သတိမေ့ခြင်း၊ မှတ်ဉာဏ်ချွတ်ယွင်းခြင်းဖြစ်ရသည်ဟု ယေဘုယျနားလည်ထားခဲ့ကြပြီး ဖြစ်သည်။ ၁၉၆၀ ပြည့်နှစ်ဝန်းကျင်အတွင်းက သိပ္ပံသုတေသီများသည် သက်ကြီးရွယ်အိုများ၏ ဦးနှောက် တစ်ရှူးစများကို အီလက်ထရွန် အဏုကြည့်မှန်ဘီလူးများဖြင့် စူးစမ်းလေ့လာကြည့်ကြသည့်အခါ အာရုံကြော ကလာပ်စည်းမျှင်များ တွန့်လိမ်နေကြောင်း တွေ့ခဲ့ကြရသည်။

အယ်ဇိုင်းမားရောဂါသည် အသက် ၆၅ နှစ်ကျော်လျှင် ဖြစ်လေ့ဖြစ်ထရှိသည်။ သို့သော် အသက် ၄၀ ဝန်းကျင်မှာလည်း တခါတရံတွေ့ရတတ်သည်။ ရှေပြေးလက္ခဏာများအဖြစ် နေ့စဉ်လုပ်ငန်းဆောင်တာများ၊ လူမှုရေးကိစ္စများတွင် မေ့မေ့လျော့လျော့ဖြစ်လာတတ်သည်။ ကျောင်းဆရာဘဦးဖြစ်လျှင် တပည့်ဘပန်းတို့၏ နာမည်ကို မမှတ်မိပဲရှိနိုင်သလို ဆရာဝန်တဦးဖြစ်လျှင်လည်း ဆေးနာမည်၊ ဆေးကုထုံးနည်းတို့ကို မမှတ်မိပဲရှိလာနိုင်သည်။ မှတ်ဉာဏ်မကောင်းတော့ခြင်းသည် ဇရာရောဂါဆိုး၏ ပထမ ဆုံးလက္ခဏာဟုဆိုရသော်လည်း တခါတရံ ဘာသာစကား သို့မဟုတ် ကိုယ်ရည်ကိုယ်သွေး ချွတ်ယွင်းပြောင်းလဲမှုများကို ကနဦးလက္ခဏာများအဖြစ် တွေ့ရပြန်သည်။ အချို့လူနာများသည် စာလုံးများကို မှန်ကန်အောင်မဖတ်နိုင်တော့သဖြင့် မျက်လုံးဒုက္ခပေးနေပြီဟု အထင်ရှိလာကြသည်။ နို့တခွက်သောက်ရန် ဒည့်ခန်းထဲမှထသွားသည့်အခါ မီးဖို



အယ်ဇိုင်းမားဝေဒနာရှင်၏ လက်မြှောက်ပုံကို လေ့လာခြင်းဖြင့် ဦးနှောက်ပိုင်းချွတ်ယွင်းနေပုံကို သိနိုင်သည်



**အယ်ဇိုင်းမားရောဂါ ကုထုံးသစ်ရှာဖွေနိုင်ရန် ဒေါက်တာရိုက်စ်မဲ့နှင့် အဖွဲ့သည် ဝေဒနာရှင် ၁၀၀၀ ကျော်ကို စမ်းသပ်လေ့လာပြီး ဖြစ်သည်**

ဆောင်ထဲ ဝင်ရမည့်အစား အိပ်ခန်းထဲ မှားဝင်ရခြင်းမျိုးလည်း ဖြစ်တတ်သည်။ အခြား ရောဂါလက္ခဏာ တခုမှာ ခေါင်းဖြီးခြင်း၊ အင်္ကျီကြယ်သီးတပ်ခြင်း စသည်တို့လုပ်ရာတွင် အခက်အခဲတွေ့ရခြင်း ဖြစ်သည်။ ယင်းကို အပရေးဇီးယားဟု ခေါ်သည်။

နောင်သော် အမှန်တကယ်သတိချွတ်ယွင်းမှုများ ပေါ်လာသည်။ ဆုံးဖြတ်ချက်များ မမှန်မကန်ဖြစ်လာသည်။ ရောဂါတဖြည်းဖြည်း ဆိုးရွားလာသည့်အခါ လူနာသည် အပူ အအေးကို မခွဲခြားနိုင်တော့ချေ။ နောက် ဆုံး တွင် ဆီးဝမ်းမထိန်းနိုင်တော့ခြင်းဖြစ်လာပြီး မိမိမည်သည့်နေရာ၌ နေထိုင်ကြောင်း၊ မည်သည့်ရာသီဥတုရောက်နေကြောင်း၊ မည်သူမည်ဝါဖြစ်ကြောင်း မသိနိုင်တော့ချေ။

အယ်ဇိုင်းမားရောဂါ အရင့်ဆုံး အဆိုးဆုံးအခြေအနေသို့ ရောက်သည့်အခါ လူနာသည် စကားများများ မပြောနိုင်တော့ချေ။ ပြောလျှင်လည်း တခွန်းစ နှစ်ခွန်းစသာ ဖြစ်သည်။ တဖြည်းဖြည်းနှင့် လမ်းကောင်းစွာမလျှောက်နိုင်တော့ပဲ မျက်နှာ၊ လက်မောင်း၊ ခြေသလုံးများမှ အသားအရည်တို့တွင်လည်း ရှုံ့တွတွန့်လိမ်သော ဇရာအရေးကြောင်းများ ထင်ထင်ရှားရှား ပေါ်လာပေတော့သည်။ တခါတရံ အစာနှင်းသောကြောင့် အစာများအဆုတ်အတွင်းသို့ ရောက်သွားပြီး အဆုတ်အအေးမိရောဂါဖြစ်ကာ သေဆုံးကြရသည်လည်း ရှိသည်။

အယ်ဇိုင်းမားရောဂါဖြစ်နေသည်ဟု တထစ်ချပြောနိုင်သည့် တခုတည်းသောနည်းမှာ လူနာ၏ဦးနှောက်တစ်ရှူးကို နမူနာယူ၍ စစ်ဆေးကြည့်ခြင်းပင် ဖြစ်သည်။ အခြား စမ်းသပ်မှုများမှာ သွေးစစ်ဆေးခြင်း၊ ကက်စကင်ဟုခေါ်သည့် အထူးဓာတ်မှန်တမျိုးရိုက်ခြင်း စသည်တို့ဖြစ်ကြသည်။ သွေးစစ်ဆေးခြင်းအရ သွေးအားနည်းရောဂါ၊ ဗီတာမင်ဘီ-၁၂ ဓာတ်လျော့နည်းခြင်း၊ သိုင်းရွိုက်ဂလင်းမူမမှန်ခြင်း စသည်တို့ကို သိရှိနိုင်ပေသည်။ လူနာစမ်းသပ်သည့်အခါ မှတ်ဉာဏ်၊ ဘာသာစကား၊ စိတ်ပါဝင်စားမှု၊ အထူးစွမ်းဆောင်မှု၊ အကျိုးသင့်အကြောင်းသင့် ဆင်ခြင်မှုတို့အတွက် စမ်းသပ်မှုအမျိုးမျိုးလည်း ပြုလုပ်ပေးရသည်။

အယ်ဇိုင်းမားရောဂါ ဖြစ်ရသည့်အချက်ကို အတိအကျ မသိရသေးသော်လည်း ဖြစ်နိုင်ဖွယ်ရှိသော အကြောင်းအချက်များကို သုတေသီတို့ ဖော်ထုတ်နိုင်ပြီ ဖြစ်သည်။ ၁၉၇၆ ခုနှစ်တွင် ဗြိတိန်နိုင်ငံရှိ ဓာတ်ခွဲခန်းကြီးသုံးခုမှ သိပ္ပံပညာရှင်များသည် အယ်ဇိုင်းမားရောဂါရှင်များအား လေ့လာ ကြည့်ခဲ့ကြရာ အက်ဆီတိုင်းကိုလင်း အမည်ရှိ ဦးနှောက်ဓာတုပစ္စည်းတမျိုးကို ထုတ်လုပ်ပေးရာတွင် တာဝန်ယူရသည့် အင်ဇိုင်းဓာတ်တမျိုး သိသိသာသာ လျော့နည်းနေကြောင်း တွေ့ရှိရသည်။ အက်ဆီတိုင်းကိုလင်းသည် အာရုံကြော ကလာပ်စည်း တခုနှင့် တခုအကြား သတင်းပေးပို့ရာတွင် တာဝန်ယူရသည့် ဓာတုပစ္စည်းတမျိုးဖြစ်သည်။

ကယ်လီဖိုးနီးယား တက္ကသိုလ်မှ ဒေါက်တာ ရောဗတ် တာရီသည် အယ်ဇိုင်းမားရောဂါရှင်များ၏ ဦးနှောက်တွင် ခြောက်ထောင့်နှစ်ထပ်ပုံ ဖြစ်နေသည့် အာရုံကြောအမျှင်



**ဂျာမန် အာရုံကြော ရောဂါပါရဂူ အယ်ဇိုင်းမား ၁၉၀၆ ခုနှစ်တွင် ရွှေဆောင် လေ့လာခဲ့သည့် အချက်များအပေါ် မူတည်၍ ပို့ပို့ကောင်းမွန်သော ကုထုံးသစ်များကို စူးစမ်းရှာဖွေနေသော ဆေးပညာရှင်တဦး**

ဗိုက်အရေပြားအောက်တွင် ဆေးကိုလိုသလို ထုတ်ပေးနိုင်မည့် ပန်တခုမြုပ်သွင်းပေးခဲ့၏။ ပန်နှင့် ဆက်သွယ်လျက်ရှိသော ပြွန်ငယ်မှတဆင့် ဦးနှောက်အခေါင်းများအတွင်းသို့ အက်ဆီတိုင်းကိုလင်းနှင့် အာနိသင်ချင်းတူညီသော ဘီသာနီကောဆေးကို တိုက်ရိုက် သွင်းပေးနိုင်မည် ဖြစ်သည်။

**ဦးစံတိန့်, မာရှယ် ဒမိထရီ ပေဒရိုဗစ်** (ခရစ် ၁၉၀၈ – ၁၉၇၄)။ ။ဆိုဗီယက် ကွန်မြူနစ်ပါတီ ဗဟို ကော်မတီ နိုင်ငံရေး ဦးဆောင်အဖွဲဝင်နှင့် ကာကွယ်ရေး ဝန်ကြီး မာရှယ်ဦးစံတိန့်ကို ၁၉၀၈ ခုနှစ်၊ အောက်တို့ဘာလ ၃၀ ရက်နေ့တွင် ဗော်လကာ မြစ်ကမ်းပေါ်ရှိ ဆမာရာမြို့ ယခုအခါ (ကွစ်ဘိုင်ရှက်ဗ်မြို့)၌ အလုပ်သမား လူတန်းစား မိဘများက မွေးဖွားသည်။

ဦးစံတိန့်သည် ငယ်စဉ်က စက္ကူစက် တစက်တွင် စက်ပြင်အကူအဖြစ် လည်းကောင်း၊ ဒီဇယ်စက်ပြင် အဖြစ် လည်းကောင်း အသက်မွေးနေခဲ့ရာမှ လီနင်ဂရက်မြို့သို့ သွားရောက်၍ စက်မှု ဒီဇိုင်းအင်ဂျင်နီယာပညာ သင်ယူသည်။ တဖန် ဆိုဗီယက် စစ်ရေး စက်မှုသိပ္ပံတွင် ပညာဆည်းပူးပြီးနောက် ၁၉၃၄ ခုနှစ်မှ ၁၉၃၇ ခုနှစ်ထိ သုတေသန အဖွဲတွင် တာဝန် ထမ်းဆောင်သည်။ ၁၉၃၇ ခုနှစ်မှ ၁၉၄၀ ပြည့်နှစ်အထိ ဆောက်လုပ်ရေး အင်ဂျင်နီယာနှင့် ဗိုရိုဗစ် ဆောက်လုပ်ရေးစက်ရုံ ဒုတိယစက်ရုံမှူး ရာထူးများကို ယခဲ့သည်။ ၁၉၄၀ ပြည့်နှစ်တွင် ဆောက်လုပ်ရေး ညွှန်ကြားရေးမှူး ဖြစ်လာသည်။

ဆိုဗီယက် ပြည်ထောင်စုကို နာဇီတို့ ကျူးကျော်သော



မာရှယ် ဦးစံတိန့်



လိမ်များကို တွေ့ခဲ့ရသည်။ အိုင်အိုဝါ ဆေးတက္ကသိုလ်မှ သုတေသီများကမူ မှတ်ဉာဏ်စုဝေးရာနေရာဖြစ်သော ဦးနှောက်၏ ဟစ်ပိုကင်းပတ်နေရာတွင် အဝင်အထွက်လမ်းပိတ်နေသောကြောင့် အယ်ဇိုင်းမားရောဂါရှင်များတွင် မှတ်ဉာဏ်အသစ် ပေါ်မလာခြင်းဖြစ်ကြောင်း ဖော်ပြကြသည်။

မူမှန်ဦးနှောက်တွင် ပရိုတင်းကို အဆင့်ဆင့်ထုတ်လုပ်ပေးရသည်။ ပရိုတင်းဓာတ်ဖြစ်ပေါ်ရေးအတွက် သော့ချက်ဓာတုပစ္စည်းမှာ အာအင်အေ ဖြစ်သည်။ ဘဲလမ်နှစ်မြို့ရှိ မက္ကလင်းဆေးရုံကြီးမှ ဒေါက်တာချွဲစ် အေမာရော့တာက အယ်ဇိုင်းမားရောဂါရှင်များကို စမ်းသပ်ကြည့်ရာတွင် ဦးနှောက်အတွင်း အာအင်အေနှင့် ပရိုတင်းဓော်ထုတ်လုပ်မှုအလွန်လျော့နည်းနေကြောင်း တွေ့ခဲ့ရသည်။ ဤသို့ဖြစ်ရခြင်းမှာ အာအင်အေ၏ တာဝန် ချုတ် ယွင်း မှု ကြောင့် ဖြစ်ဟန်မတူပဲ ထုတ်လုပ်သမျှ ပရိုတင်းများကို အင်ဇိုင်းဓာတ်တမျိုးက ဦးနှောက် အ တွင်း မှ ဖယ်ထုတ်ပစ်သည့် အတွက်ကြောင့်ဟု အေမာရော့တာက ယူဆ ခဲ့ သည်။ မကြာသေးမီကပင် ယင်းအဖွဲသည် ဦးနှောက်အတွင်းရှိ ယင်းအင်ဇိုင်း၏ အစွမ်းသတ္တိကို မြှင့်တင် ပေး ခြင်း ဖြင့် ပရိုတင်းဓာတ် ပိုများလာစေကြောင်း တွေ့ရှိခဲ့သည်။

အယ်ဇိုင်းမားရောဂါရှင်များ၏ ၁၀ မှ ၁၂ ရာခိုင်နှုန်းခန့်သည် မျိုးရိုးကိုလိုက်၍ဖြစ်ကြကြောင်းကိုလည်း သုတေသီတို့က အသေအချာဖော်ထုတ်နိုင်ပြီ ဖြစ်သည်။ မျိုးရိုးအရ ရောဂါဖြစ်သူများတွင် ရောဂါလက္ခဏာများသည် အသက် ၆၅ နှစ်မတိုင်မီ စတင်ပေါ်လာလေ့ ရှိကြသည်။ ထို့ပြင် ရောဂါသည် လျင်မြန်စွာ ဆိုးရွားလာလေ့ရှိသည်။

အာရုံကြောဗေဒပညာရှင် များစွာကမူ ဤကဲ့သို့သော ရောဂါလက္ခဏာများကို နှေးကွေးသော ဗိုင်းရပ်ပိုးများကဖြစ်စေသည်ဟု လက်ခံယူဆထားကြသည်။ အဆိုပါဗိုင်းရပ်ပိုးများသည် လူခန္ဓာကိုယ် တွင်း တွင် နှစ် ရှည် လ များဝင်ရောက်သည့်တိုင် ရောဂါလက္ခဏာ တစုံတရာပြလေ့မရှိကြချေ။ အသက်အရွယ် ကြီးရင့်လာသည့် အချိန်မှသာ ဇရာ ရောဂါဆိုး၏ လက္ခဏာများကို တဖြည်းဖြည်းချင်း ပေါ်လာစေသည်ဟု ထင်မြင်ကြသည်။

မည်သို့ဆိုစေကာမူ ဆရာဝန်များသည် အယ်ဇိုင်းမား ရောဂါဆိုးဒဏ် အလူးအလဲခံနေရသော သက်ကြီးရွယ်အို များအား သက်သာစေမည့်နည်းလမ်းနှင့် ဆေးဝါးများကို ရှာဖွေကုစားပေးလျက်ရှိရာ အထိရောက်ဆုံးဆေးဝါးတမျိုးမှာ ဖီဆိုစတစ်မင်း ဖြစ်သည်။ ယင်းသည် စားဆေးဖြစ်ပြီး လူနာ၏အခြေအနေကို ပိုကောင်းလာစေနိုင်ကြောင်း တွေ့ရသည်။

ဒတ်မောက်-ဟစ်ချ်ကော့ဆေးရုံမှ ဒေါက်တာ ရောဗတ် အီဟာဘာချ်နှင့် အဖွဲက အယ်ဇိုင်းမား ရောဂါရှင်များ၏

တော် နှစ်ခြောက်ဆယ်ပြည့် ဂုဏ်ထူးဆောင် ဆုတံဆိပ် အပါအဝင် အခြားဂုဏ်ထူးဆောင် ဘွဲ့တံဆိပ် အမြောက်အများ ရရှိခဲ့သော မာရှယ်ဥစတီနေ့သည် ၁၉၀၄ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့ဖွင့် မော်စကိုမြို့၌ ကွယ်လွန်သည်။

**ဥပဒေများ (၁၉၀၄)၊** ။တတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမအစည်းအဝေးနှင့် သတ္တမအစည်းအဝေးတို့က အတည်ပြု ပြဋ္ဌာန်းခဲ့ပြီး နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌက လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့သော ၁၉၀၄ ခုနှစ်အတွင်း အာဏာ တည် သည့် ဥပဒေများမှာ ဘို့ငိုလာဥပဒေ၊ ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်း ဥပဒေ၊ စည်ပင်သာယာရေးဥပဒေနှင့် လျှပ်စစ်ဥပဒေတို့ ဖြစ်ကြသည်။

## ဘို့ငိုလာဥပဒေ

ဘို့ငိုလာ ဥပဒေကြမ်းကို တတိယ အကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမအစည်းအဝေးက ၁၉၀၄ ခုနှစ် မတ်လ ၁၆ ရက်နေ့တွင် အတည်ပြု ပြဋ္ဌာန်းခဲ့ပြီး ၁၉၀၄ ခုနှစ် မတ်လ ၂၀ ရက်နေ့တွင် နိုင်ငံတော် ကောင်စီ ဥက္ကဋ္ဌက လက်မှတ်ရေးထိုးကာ ဘို့ငိုလာ ဥပဒေအဖြစ် ထုတ်ပြန်ခဲ့သည်။

ဘို့ငိုလာဥပဒေတွင် အခန်းကိုးခန်းနှင့် ပုဒ်မပေါင်း ၄၂ ခု ပါရှိသည်။ အခန်း (၁) တွင် အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ အခန်း (၂) တွင် ပိုင်ရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ အခန်း (၃) တွင် စစ်ဆေးရေးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ အခန်း (၄) တွင် စစ်ဆေးရေးမှူးချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ အခန်း (၅) တွင် အသုံးပြုခွင့်လက်မှတ်၊ ယာယီအသုံးပြုခွင့်လက်မှတ် ပျက်ပြယ်ခြင်း၊ အခန်း (၆) တွင် အယူခံခြင်း၊ အခန်း (၇) တွင် ပြစ်မှုနှင့် ပြစ်ဒဏ်၊ အခန်း (၈) တွင် ကင်းလွတ်ခွင့်နှင့် အခန်း (၉) တွင် အထွေထွေဟူ၍ ပါရှိသည်။

အခန်း (၁) တွင် အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်များ ပါရှိသည်။ အခန်း (၁) ပုဒ်မ (၁) တွင် ဥပဒေ၏ အမည်ကို ဘို့ငိုလာဥပဒေဟု သတ်မှတ်ထားသည်။ ပုဒ်မ (၂)တွင် ပုဒ်မခွဲ (က) မှ ပုဒ်မခွဲ (ည) အထိ ပါရှိပြီး ဘို့ငိုလာ၊ ရေနွေးငွေပိုက်၊ ရေသွင်းပိုက်၊ မတော်တဆထိခိုက်မှု ဖြစ်ပွားခြင်း၊ စစ်ဆေးရေးမှူးချုပ်၊ စစ်ဆေးရေးမှူး၊ ခွင့်ပြုဖိအား၊ အသုံးပြုခွင့်လက်မှတ်၊ ယာယီအသုံးပြုခွင့်လက်မှတ်၊ ပိုင်ရှင်ဟူသော စကားရပ်များ၏ အဓိပ္ပာယ်များကို ဖော်ပြထားသည်။

အခန်း (၂) တွင် ပိုင်ရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဖော်ပြထားသည်။ အခန်း (၂) ပုဒ်မ (၃) မှ ပုဒ်မ (၁၁) အထိ ပိုင်ရှင်၏ တာဝန်များကို ပြဋ္ဌာန်း




၁၉၄၁ ခုနှစ်တွင် စတာလင်က အသက် ၃၃ နှစ်အရွယ်ရှိ ဥစတီနေ့ကို ပြည်သူ့ လက်နက်ခဲယမ်းမီးကျောက် ထုတ်လုပ်ရေးဌာန အကြီးအကဲအဖြစ် ရွေးချယ် တာဝန်ပေးသည်။ ဆိုဗီယက် ကာကွယ်ရေး စက်ရုံများကို ယူရယ် တောင်တန်းဒေသ အရှေ့ပိုင်းသို့ ပြောင်းရွှေ့တည်ဆောက်ရာတွင် အောင်မြင်စွာ ကွပ်ကဲနိုင်ခြင်းကြောင့် ဆိုဗီယက် ခေါင်းဆောင် ဂျိုးဇက် စတာလင်က ဥစတီနေ့အား ဆိုရှယ်လစ်လုပ်သား သူရဲကောင်းဘွဲ့ အပ်နှင်းသည့်ပြင် ၁၉၄၆ ခုနှစ်မှ ၁၉၅၃ ခုနှစ်အထိ လက်နက် ထုတ်လုပ်ရေး ဆိုင်ရာ ဝန်ကြီးအဖြစ် တာဝန်ပေးခဲ့သည်။ စတာလင် ကွယ်လွန်သော ၁၉၅၃ ခုနှစ်မှ ၁၉၅၇ ခုနှစ်အထိ ကာကွယ်ရေး စက်ရုံများ ဝန်ကြီးဌာနဝန်ကြီး အဖြစ် ဆောင်ရွက်သည်။ ၁၉၅၇ ခုနှစ်မှ ၁၉၆၃ ခုနှစ်အထိ ဆိုဗီယက်ဝန်ကြီးများ ကောင်စီ ဒုတိယ ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။

ဆိုဗီယက် အာကာသယာဉ်မှူး ယူရီ ဂါဂါရင်ကို ၁၉၆၁ ခုနှစ် ဧပြီလ ၁၂ ရက်နေ့တွင် ကမ္ဘာပတ် အာကာသခရီးနှင်သည့် ပထမဆုံးလူသားဖြစ်လာစေခဲ့သော အာကာသသုတေသနကို အောင်မြင်စွာ ကွပ်ကဲနိုင်ခဲ့သဖြင့် ဥစတီနေ့၏ စီမံခန့်ခွဲမှုစွမ်းရည်အတွက် ဆိုဗီယက်ခေါင်းဆောင် နီကီတာ ခရူးရှက်က ဆိုရှယ်လစ် လုပ်သားသူရဲကောင်းဘွဲ့ချီးမြှင့်ခဲ့သည်။ ထို့နောက် ၁၉၆၃ ခုနှစ်တွင် ဥစတီနေ့သည် ပထမ ဒုတိယဝန်ကြီးချုပ် ဖြစ်လာပြီး အမျိုးသားစီးပွားရေး ဗဟိုကောင်စီဥက္ကဋ္ဌ အဖြစ်လည်း တာဝန်ယူခဲ့သည်။

လီယိုနစ် ဗရက်ဇ်ညက် ၁၉၆၄ ခုနှစ်တွင် ဆိုဗီယက်ကွန်မြူနစ်ပါတီခေါင်းဆောင် ဖြစ်လာသောအခါ ဥစတီနေ့သည် ပါတီဗဟိုကော်မတီ အတွင်းရေးမှူး တာဝန်ကို ထမ်းဆောင်သည်။ ဆိုဗီယက် ပြည်ထောင်စု စစ်ဗျူဟာပိုင်းထက်မြက်ရန် ဗုံးကြဲ လေယာဉ်အင်အား တိုးမြှင့်ရေးနှင့် တိုက်ချင်းပစ် ဒုံးပျံခင်းကျင်းပုံစနစ် တိုးတက်ရေးတို့အတွက် ကွပ်ကဲခဲ့သည်။ ၁၉၂၇ ခုနှစ်က ကွန်မြူနစ်ပါတီသို့ဝင်ရောက်ခဲ့သော ဥစတီနေ့သည် ၁၉၇၆ ခုနှစ်တွင် ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဦးဆောင် အဖွဲ့ဝင် ဖြစ်လာသည်။

ကာကွယ်ရေးဝန်ကြီး မာရှယ် ရိုဒီယွန် မာလင်နော့စကီး ၁၉၆၇ ခုနှစ်တွင် ကွယ်လွန်ခဲ့စဉ်က ယင်းရာထူးကို ဥစတီနေ့ရမည်ဟု တစ်ပြေးခဲ့သော်လည်း မာရှယ် အန်ဒရေ ဂရက်ရှကိုက ရသွားခဲ့သည်။ ၁၉၇၆ ခုနှစ်တွင်မူ ဥစတီနေ့သည် မာရှယ် ဗိုလ်ချုပ်ကြီးအဆင့် အပ်နှင်းခံရပြီး ကာကွယ်ရေးဝန်ကြီး ဖြစ်လာသည်။

လီနင်ဘွဲ့တံဆိပ်နှင့် တူတံစဉ် ရွှေတံဆိပ်ဆု တို့ကို အကြိမ်ကြိမ် ချီးမြှင့်ခြင်းခံရသည့်အပြင် ဆိုဗီယက် တပ်မ



ပညာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာ မောင်ဒီက ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းဥပဒေနှင့် စပ်လျဉ်း၍
ပညာရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များအား ရှင်းလင်းနေပုံ

ထားပြီး ပုဒ်မ (၁၂) မှ ပုဒ်မ (၁၄) အထိ ပိုင်ရှင်၏ လုပ်ပိုင်ခွင့်များကို ပြဋ္ဌာန်းထားသည်။

အခန်း (၃) တွင် စစ်ဆေးရေးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုဖော်ပြထားသည်။ အခန်း (၃) ပုဒ်မ (၁၅) မှ ပုဒ်မ (၂၀) အထိ စစ်ဆေးရေးမှူး၏ တာဝန်များကို ပြဋ္ဌာန်းထားပြီး ပုဒ်မ (၂၁) မှ ပုဒ်မ (၂၂) အထိ စစ်ဆေးရေးမှူး၏ လုပ်ပိုင်ခွင့်များကို ပြဋ္ဌာန်းထားသည်။

အခန်း (၄) တွင် စစ်ဆေးရေးမှူးချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဖော်ပြထားသည်။ အခန်း (၄) ပုဒ်မ (၂၃) မှ ပုဒ်မ (၂၅) အထိ စစ်ဆေးရေးမှူးချုပ်၏ တာဝန်များကို ပြဋ္ဌာန်းထားပြီး ပုဒ်မ (၂၆) မှ ပုဒ်မ (၂၈) အထိ စစ်ဆေးရေးမှူးချုပ်၏ လုပ်ပိုင်ခွင့်များကို ပြဋ္ဌာန်းထားသည်။

အခန်း (၅) တွင် အသုံးပြုခွင့် လက်မှတ်၊ ယာယီ အသုံးပြုခွင့်လက်မှတ် ပျက်ပြယ်ခြင်းကို ဖော်ပြထားသည်။ အခန်း (၅) ပုဒ်မ (၂၉) တွင် ပုဒ်မခွဲ (က) မှ ပုဒ်မခွဲ (စ) အထိ ပြဋ္ဌာန်းထားသည်။

အခန်း (၆) တွင် အယူခံခြင်းကို ဖော်ပြထားသည်။ အခန်း (၆) တွင် အယူခံခြင်းနှင့် စပ်လျဉ်း၍ ပုဒ်မ (၃၀) မှ ပုဒ်မ (၃၃) အထိ ပြဋ္ဌာန်းထားသည်။

အခန်း (၇) တွင် ပြစ်မှုနှင့် ပြစ်ဒဏ်များကို ဖော်ပြထားသည်။ အခန်း (၇) တွင် ပုဒ်မ (၃၄) မှ ပုဒ်မ (၃၈) အထိ ပြဋ္ဌာန်းထားပြီး ပုဒ်မအလိုက် ဘိုင်လာဥပဒေအရ အနည်းဆုံး ထောင်ဒဏ်တန့်စ်မှ အများဆုံး ထောင်ဒဏ်နှစ်နှစ်အထိ လည်းကောင်း၊ အနည်းဆုံး ဒဏ်ငွေကျပ် သုံးရာမှ အများဆုံး ဒဏ်ငွေကျပ် နှစ်ထောင် အထိလည်းကောင်း ချမှတ်နိုင်ကြောင်းပြဋ္ဌာန်းထားသည်။

အခန်း (၈) တွင် ကင်းလွတ်ခွင့်ကို ဖော်ပြထားသည်။ ပုဒ်မ (၃၉) မှ ပုဒ်မ (၄၀) အထိ ပြဋ္ဌာန်းထားပြီး အခန်း (၉) တွင် အထွေထွေ ပြဋ္ဌာန်းချက်များကို ဖော်ပြထားသည်။

ဘိုင်လာ ဥပဒေသည် နိုင်ငံတော်၏ လက်ရှိဖြစ်ပေါ် တိုးတက်မှုများအရ လိုအပ်ချက်နှင့် အညီ ပြဋ္ဌာန်းထားခြင်းဖြစ်သဖြင့် လုပ်သားပြည်သူတို့အား ဘိုင်လာကြောင့် ဖြစ်ပေါ် လာမည့် ဘေးအန္တရာယ်မှ ကာကွယ်ပေးခြင်း၊ နိုင်ငံတော်အတွက် အခွန်အကောက်များ မှန်ကန်စွာ ရရှိခြင်း၊ နိုင်ငံတော် စက်မှုဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုခြင်း စသည့် အကျိုးကျေးဇူးများ ဖြစ်ပေါ် စေသည်။

## ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်း ဥပဒေ

ဘာသာရပ်သင် ကိုယ်ပိုင် သင်တန်း ဥပဒေကြမ်းကို ၁၉၇၄ ခုနှစ် အောက်တိုဘာလ ၁၅ ရက်မှ ၁၈ ရက်နေ့ အထိ ကျင်းပခဲ့သော တတိယအကြိမ် ပြည်သူလွှတ်တော် သတ္တမအစည်းအဝေးက အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ၁၉၇၄ ခုနှစ် အောက်တိုဘာလ ၂၂ ရက်နေ့တွင် ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်း ဥပဒေ (ပြည်သူလွှတ်တော် ဥပဒေ အမှတ် ၆) အဖြစ် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌက လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့သည်။

ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်း ဥပဒေသည် မျက်မှောက်ကာလတွင် ဖွင့်လှစ်လျက်ရှိသော ကျွေးရှင် သင်

တန်းကျောင်းများကို စနစ်တကျ ကြီးကြပ် ထိန်းကွပ်ရန် ပြဋ္ဌာန်းလိုက်သော ဥပဒေ ဖြစ်သည်။

ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်း ဥပဒေတွင် အခန်း ခြောက်ခန်းနှင့် ဥပဒေပုဒ်မ ၃၁ ခု ပါရှိသည်။ အခန်း (၁) တွင် အမည်နှင့် အဓိပ္ပာယ် ဖော်ပြချက်၊ အခန်း (၂) တွင် မှတ်ပုံတင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အခန်း (၃) တွင် ကိုယ်ပိုင်သင်တန်းအတွက် လိုအပ်ချက်များ၊ အခန်း (၄) တွင် တားမြစ်ချက်များ၊ အခန်း (၅) တွင် ပြစ်ဒဏ်များနှင့် အခန်း (၆) တွင် အထွေထွေ ဟူ၍ ပါရှိသည်။

အခန်း (၁) အမည်နှင့် အဓိပ္ပာယ် ဖော်ပြချက်တွင် ကိုယ်ပိုင် သင်တန်း၊ ဘော်ဒါဆောင်၊ သင်တန်းကြေး၊ ကြီးကြပ်ရေးမှူး၊ တည်ထောင် ဖွင့်လှစ်သူနှင့် သင်တန်း ဆရာဟူသောစကားရပ်များကိုအဓိပ္ပာယ်ဖွင့်ဆိုထားသည်။

အခန်း (၂) မှတ်ပုံတင်ခြင်းနှင့် ပယ်ဖျက်ခြင်းတွင် ကိုယ်ပိုင်သင်တန်း တည်ထောင် ဖွင့်လှစ်လိုသူက ဖြစ်စေ၊ သင်တန်းဆရာအဖြစ် ဆောင်ရွက်လိုသူက ဖြစ်စေ သတ်မှတ်ချက်နှင့်အညီ တင်သွင်းလာသော လျှောက်လွှာများကို စိစစ်ခွင့်ပြုရေးကိစ္စ၊ မှတ်ပုံတင်ခြင်း၊ ပယ်ဖျက်ခြင်း ကိစ္စများကို ပြဋ္ဌာန်းထားသည်။

အခန်း (၃) ကိုယ်ပိုင်သင်တန်းအတွက် လိုအပ်ချက်များတွင် သင်ကြားခွင့်ရှိသည့် ဘာသာရပ်အရေအတွက်၊ သင်တန်းသားဦးရေ၊ သင်ကြားခွင့်ရှိသည့် အကြိမ်၊ သင်တန်းကြေးနှင့် သင်တန်း၏ အဆောက်အအုံ၊ နေရာထိုင်ခင်းတို့အပြင် သင်တန်းဆရာ၏ အရည်အချင်း သတ်မှတ်ချက်၊သင်တန်းမှတ်ပုံတင်ရေးကိစ္စများပြဋ္ဌာန်းထားသည်။

အခန်း (၄) တားမြစ်ချက်များတွင် ကိုယ်ပိုင်သင်တန်းများ တည်ထောင် ဖွင့်လှစ်သူများ အနေဖြင့် ဥပဒေအရ ဘိကျစ္ဆာ ဖွင့်လှစ်ရန်နှင့် ရှောင်ကြဉ်ရမည့် အချက်များကို တားမြစ်ထားသည့် ပြဋ္ဌာန်းချက်များ ပါရှိသည်။

အခန်း (၅) ပြစ်ဒဏ်များတွင် ဥပဒေပြဋ္ဌာန်းချက် တရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ပါက ချမှတ်မည့် ပြစ်ဒဏ်များကို ဖော်ပြထားရာ အနည်းဆုံး ထောင်ဒဏ် နှစ်နှစ်မှ အများဆုံး ထောင်ဒဏ် သုံးနှစ် အထိ လည်းကောင်း၊ အနည်းဆုံးဒဏ်ငွေ ကျပ်ငါးထောင်မှ အများဆုံးဒဏ်ငွေ ကျပ်သုံးသောင်းအထိ လည်းကောင်း ပုဒ်မအလိုက် ပြဋ္ဌာန်းထားသည်။

အခန်း (၆) အထွေထွေ ပြဋ္ဌာန်းချက်များတွင် ဥပဒေပါ ပြဋ္ဌာန်းချက်မှ ကင်းလွတ်ခွင့်ပြုထားသည့် သင်တန်းများ ကိစ္စ၊ ပညာရေးဝန်ကြီးဌာနက သင်တန်းများကို စိစစ်ခြင်း ကိစ္စ၊ ဥပဒေပါ ပြဋ္ဌာန်းချက်များကို လက်တွေ့ အကောင်အထည်ဖော်ရာတွင် လက်စွဲပြုရမည့် လုပ်ထုံးလုပ်နည်းများ ကိစ္စနှင့် ယခင်က ရှိခဲ့သော ကိုယ်ပိုင်ကျောင်းနှင့် ပတ်သက်သည့် ဥပဒေများကို ရုပ်သိမ်းခြင်း ကိစ္စများ ပါရှိသည်။

၁၉၇၄ ခုနှစ် ဘာသာရပ်သင် ကိုယ်ပိုင် သင်တန်း ဥပဒေသည် အချိန်အခါနှင့် ကိုက်ညီခြင်း၊ နိုင်ငံတော်၏ ပညာရေးဆိုင်ရာ မူဝါဒများနှင့် အညီ ရေးဆွဲ ထားခြင်း၊ ပညာရေးကို ဘန်းပြု၍ စီးပွားရေး သောင်းကျန်းသူများကို ထိန်းချုပ်ပေးခြင်း၊ ကျောင်းသူ ကျောင်းသားများနှင့် မိဘများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ခြင်း စသည့် ဂုဏ်အင်္ဂါများနှင့် ပြည့်စုံ ညီညွတ်သည့် ဥပဒေ ဖြစ်သည်။

## စည်ပင်သာယာရေး ဥပဒေ

တတိယ အကြိမ် ပြည်သူလွှတ်တော် သတ္တမအစည်းအဝေးက အတည်ပြု ပြဋ္ဌာန်းခဲ့သော ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် စည်ပင်သာယာရေး ဥပဒေ (၁၉၇၄ ခုနှစ်၊ ပြည်သူလွှတ်တော် ဥပဒေအမှတ် -၅) ကို နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌက ၁၉၇၄ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့တွင် လက်မှတ် ရေးထိုး ထုတ်ပြန်သည်။

ရန်ကုန် မြို့တော် စည်ပင်သာယာရေး အဖွဲ့သည် ရန်ကုန်မြို့တော်ကို နိုင်ငံတော်၏ မြို့တော် အင်္ဂါရုပ်နှင့် ညီညွတ် လာစေရန် မြို့တော်နေ လုပ်သား ပြည်သူများ အတွက် အခြေခံလိုအပ်ချက်ဖြစ်သည့်သန့်ရှင်းရေး၊ ရေဖြန်းဝေရေး၊ လမ်းများ ပြုပြင် ထိန်းသိမ်းရေး၊ စျေးများ စနစ်တကျရှိရေး စသည့် ဝန်ဆောင်မှု လုပ်ငန်းများကို ပြည့်ပြည့်ဝဝ ဆောင်ရွက်နိုင်စေရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးအဖွဲ့၏ ဖွဲ့စည်းပုံကို ပြောင်းလဲလာသည့် ခေတ်နှင့်အညီ ပြန်လည်ဖွဲ့စည်းရန် လိုအပ်သည့်အတွက် စည်ပင်သာယာရေးဥပဒေကို ပြဋ္ဌာန်းရခြင်း ဖြစ်သည်။

ထိုဥပဒေသည် ရန်ကုန်မြို့တော် တခုတည်းသာမက နိုင်ငံတော်အတွင်းရှိ ပြည်နယ်၊ တိုင်းနှင့် မြို့နယ်များတွင် စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းတာဝန်ကို သီးခြား စည်ပင်သာယာရေးကောင်စီဖြင့် အစားထိုး ဖွဲ့စည်း ဆောင်ရွက် စေသင့် သည် ဟု တွေ့ရှိ လျှင် နိုင်ငံတော် ကောင်စီက သီးခြား ကော်မတီဖြင့် အစားထိုး ဖွဲ့စည်း သတ်မှတ်နိုင်မည် ဖြစ်သည်။

သို့သော် ပြည်သူ့ကောင်စီများ၏ စည်ပင်သာယာရေးဆိုင်ရာ လုပ်ပိုင်ခွင့်များနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များကို ပယ်ဖျက်ခြင်းမပြုပဲ ဆက်လက် ထားရှိမည် ဖြစ်သည်။

စည်ပင်သာယာရေး ဥပဒေတွင် အခန်းသုံးခန်း ပါရှိသည်။ အခန်း (၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်တွင် စည်ပင်သာယာရေး ဥပဒေဟု ခေါ်တွင် စေရန်နှင့် ကော်မတီ ဆိုသည့် စကားရပ်ကို ရှင်းလင်း ဖော်ပြထား သည်။

အခန်း (၂) ဖွဲ့စည်းခြင်းတွင် စည်ပင်သာယာရေး အဖွဲ့ စည်ပင်သာယာရေး ကော်မတီ ဖွဲ့စည်းခြင်း၊ ကော်မတီ၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက် အတွင်းရေးမှူး များ၊ မြို့တော်ဝန် သတ်မှတ်ခြင်း၊ စည်ပင်သာယာရေး အဖွဲ့ကို ကြီးကြပ်ခြင်း၊ စည်ပင်သာယာရေး နယ်နိမိတ်ကို သတ်မှတ်ခြင်းနှင့် ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့် စသည်ဖြင့် ဥပဒေများ ပြဋ္ဌာန်းထားသည်။

အခန်း (၃) အထွေထွေတွင်မူ ဥပဒေပါ ပြဋ္ဌာန်း ချက်များကို ဆောင်ရွက်နိုင်ရန် ဝန်ကြီးအဖွဲ့သည် အမိန့် များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်ဟူ၍ ပါရှိသည်။

### လျှပ်စစ် ဥပဒေ

တတိယ အကြိမ် ပြည်သူလွှတ်တော် သတ္တမအစည်း အဝေးက အတည်ပြုပြဋ္ဌာန်းခဲ့သော ပြည်ထောင်စုဆိုရှယ် လစ်သမ္မတ မြန်မာနိုင်ငံတော် လျှပ်စစ်ဥပဒေ (၁၉၇၄ ခုနှစ် ပြည်သူလွှတ်တော် ဥပဒေအမှတ် – ၇) ကို နိုင်ငံ တော်ကောင်စီဥက္ကဋ္ဌက ၁၉၇၄ ခုနှစ် အောက်တိုဘာလ ၂၂ ရက်နေ့တွင် လက်မှတ်ရေးထိုး ထုတ်ပြန်သည်။

၁၉၁၀ ပြည့်နှစ်က အင်္ဂလိပ် ဘာသာဖြင့် ရေးသား ပြဋ္ဌာန်းခဲ့သည့် လျှပ်စစ်ဥပဒေဟောင်းသည် လက်ရှိအခြေ အနေနှင့် ဆီလျော်မှု မရှိတော့သည့်အပြင် တိုးတက် ပြောင်းလဲနေသည့် စက်မှုပိုင်းဆိုင်ရာ နည်းစနစ်များ၊ လျှပ် စစ် ပစ္စည်းကိရိယာများအရ အချို့သောပုဒ်မများကို ဖြည့် စွက်ခြင်း၊ အစားထိုးခြင်းများ ပြုလုပ်ရန် လိုအပ်လျက်ရှိ သည်။ ထို့ပြင် လျှပ်စစ် ဥပဒေဟောင်းသည် အနှစ်သာရ အားဖြင့် ပဂ္ဂလိကပိုင် လျှပ်စစ်လုပ်ငန်းများကို ထိန်းချုပ် သည့် သဘောသာရှိပြီး နိုင်ငံတော်က ကျင့်သုံးလျက် ရှိ သည့် မူဝါဒများနှင့်လည်း ကိုက်ညီခြင်း မရှိတော့ချေ။ အထူးသဖြင့် ဥပဒေဟောင်းတွင် ပါရှိသည့် လုပ်ပိုင်ခွင့် များနှင့် ပြစ်ဒဏ် သတ်မှတ်ချက်များသည် လက်ရှိအခြေ အနေနှင့် ဆီလျော်မှုမရှိသည့်အတွက် ပြင်ဆင်ရန် လိုအပ် လျက် ရှိသည်။

ထို့ကြောင့် ခေတ်နှင့်လည်းကောင်း လက်ရှိ အသုံးပြု နေသည့် လျှပ်စစ်ပိုင်းဆိုင်ရာ နည်းစနစ်များ၊ လျှပ်စစ် ပစ္စည်း ကိရိယာများနှင့် ဆီလျော်မှုရှိစေရန်အတွက်လည်း ကောင်း မြန်မာနိုင်ငံ တဝန်းလုံးတွင် လျှပ်စစ်ဓာတ်အား ကို စူးစမ်းရှာဖွေခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့် ဖြူးခြင်းနှင့် အသုံးပြုခြင်းဆိုင်ရာ လုပ်ငန်းများကို လုပ် ကိုင်နိုင်ရန်နှင့် ယင်းလုပ်ငန်းများကို လျှပ်စစ်အန္တရာယ် ကင်းရှင်းစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် လျှပ်စစ်ဥပဒေ ကို ပြဋ္ဌာန်းရခြင်း ဖြစ်သည်။

လျှပ်စစ် ဥပဒေကြမ်းတွင် အခန်းပေါင်း ၁၀ ခန်း ပါ ဝင်သည်။ အခန်း (၁) သည် အမည်နှင့် အဓိပ္ပာယ်ဖော် ပြချက်ဖြစ်ပြီး အခန်း (၂) သည် လျှပ်စစ်ဆိုင်ရာ လုပ် ပိုင်ခွင့်များ ဖြစ်၏။ အခန်း (၃) မှာ လျှပ်စစ်ဆိုင်ရာ လုပ်ပိုင်ခွင့်ရရှိသူ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ အခန်း (၄) နှင့် (၅) တို့သည် စစ်ဆေးရေးမှူးနှင့် စစ်ဆေး ရေးမှူးချုပ်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဖော်ပြ ထားသည်။

အခန်း (၆) တွင် ပြစ်မှုနှင့် ပြစ်ဒဏ်များကို ဖော် ပြထားပြီး၊ အခန်း (၇) မှာ လျော်ကြေးသတ်မှတ်ခြင်း များကို ဖော်ပြထားသည်။ အခန်း (၈) တွင် အကြံ ပေးအဖွဲ့ ဖွဲ့စည်းခြင်း၊ အခန်း (၉) တွင် လျှပ်စစ် ဆိုင် ရာ စံချိန်စံညွှန်းများနှင့် လျှပ်စစ် စစ်ဆေးမှု နည်းစနစ် များကို သတ်မှတ်ထားပြီး၊ အခန်း (၁၀) တွင် အထွေ ထွေ စသည်ဖြင့် အသီးသီး ဖော်ပြထားသည်။

**သြစတြေးလျနိုင်ငံ။** ။ဝန်ကြီးချုပ် ဘော့ဟော့ သည် ၁၉၇၄ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်အတွင်းက တရုတ် ပြည်သူသမ္မတနိုင်ငံသို့ အလည်အပတ် သွားရောက်၍ တရုတ်ဝန်ကြီးချုပ် ကျောက်ကျိယန်နှင့် ခြောက်နာရီ ကျော်ကြာ တွေ့ဆုံဆွေးနွေးပြီး သမ္မတလီရှန်နင့်နှင့်လည်း ကောင်း၊ ကွန်မြူနစ်ပါတီ အကြီးအကဲ ဟုယိုပန်နှင့်လည်း ကောင်း တွေ့ဆုံဆွေးနွေးသည်။

သြစတြေးလျနိုင်ငံနှင့် တရုတ်ပြည်သူ သမ္မတနိုင်ငံတို့ သည် သံနှင့်သံမဏိလုပ်ငန်းနယ်ပယ်တွင် စီးပွားရေးနှင့် စက်မှုနည်းပညာ ပူးပေါင်းဆောင်ရွက်ရန် သဘောတူ စာချုပ်တရပ်ကို သြဂုတ်လအတွင်း၌ ချုပ်ဆိုခဲ့သည်။

သြစတြေးလျနိုင်ငံ၏ ပင်လယ်ရပ်ခြားအကူအညီပေးမှု မှာ ၁၉၇၄-၇၅ ခုနှစ်တွင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၇၄၄ သန်းခန့်ရှိပြီး ယခင်နှစ်ထက် ၆ ဒသမ ၅ ရာခိုင်နှုန်း တိုးလာသည်။

ကင်ဘာရာမြို့၌ ၁၉၂၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သြစတြေးလျ အမျိုးသား အင်းဆက်ပိုး စုဆောင်း ရေးဌာနသည် ယခုအခါနှစ်ထိ အင်းဆက်ပိုး နမူနာပေါင်း ငါးသန်းကျော်စုဆောင်းရရှိထားပြီဖြစ်ရာ ကမ္ဘာပေါ်တွင် အကြီးမားဆုံးနှင့် အင်းဆက်ပိုးအများဆုံး စုဆောင်းရာ ဌာနအဖြစ် ရပ်တည်လျက်ရှိသည်။



သြစတြေးလျနိုင်ငံ ဝန်ကြီးချုပ် ဘော့ ဟော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီကင်းမြို့သို့ အလည်အပတ်ရောက်ရှိစဉ်

သြစတြေးလျ သိပ္ပံရှင်အချို့နှင့် လုပ်ငန်းရှင်များ ပူးပေါင်းစမ်းသပ်ရာမှ သံမဏိကဲ့သို့ မာကြောခိုင်ခံ့သည့် ကြေထည်တမျိုးကို ၁၉၇၄ ခုနှစ်အတွင်း၌ တီထွင်နိုင်ခဲ့သည်။ အပူချိန်ဒီဂရီ စင်တီဂရိတ်. တသောင်းခန့်အထိ ခံနိုင်ရည်ရှိသော ယင်းကြေထည်သည် အင်ဂျင်စက်များတွင် အသုံးပြုသည့် သံမဏိနှင့် သတ္တုစပ်စက်ကိရိယာတို့ထက် အပူဒဏ်ကို ခံနိုင်စွမ်းရှိပြီး ပိုမိုမာကြောခိုင်ခံ့သည်။

ပစိဖိတ်သမုဒ္ဒရာတောင်ပိုင်းတွင် ပြင်သစ်နိုင်ငံက နျူးကလီးယား စမ်းသပ်ဖောက်ခဲ့ခြင်းကို သြစတြေးလျနိုင်ငံက အပြင်းအထန်ကန့်ကွက်ခဲ့သည်။ ထို့အတူ မည်သည့်နေရာတွင်ဖြစ်စေ၊မည်သည့်ပုံစံဖြင့်ဖြစ်စေ နျူးကလီးယားစမ်းသပ်ဖောက်ခဲ့သော နိုင်ငံများအား ကန့်ကွက်ကြောင်းနှင့် သြစတြေးလျနိုင်ငံ ရေပြင်နှင့် ဝေဟင်ပိုင်နက်များတွင် နျူးကလီးယား လက်နက်များနှင့် နျူးကလီးယား အင်အားသုံး သဘော်ဝများအား ပိတ်ပင်တားမြစ်ရေးကို ဥပဒေပြုပြဋ္ဌာန်းနိုင်ရန်အတွက် သြစတြေးလျ ဒီမိုကရက်တစ်ပါတီက စက်တင်ဘာလအတွင်း၌ အထက်လွှတ်တော်တွင် ဥပဒေကြမ်းတင်ပြခဲ့သည်။

သြစတြေးလျနိုင်ငံသည် ၎င်း၏ အမေရိကန်လုပ် အက်ဖ်အေ ၁၈ ဟောနက်တိုက်လေယာဉ်သစ် အုပ်စုတစု ထားရှိရေးအတွက် သြစတြေးလျနိုင်ငံ၏မြောက်ပိုင်း ပိုင်နက် နယ်မြေ၌ အမေရိကန်ဒေါ်လာ သန်း ၁၄၀ တန် လေကြောင်းကာကွယ်ရေး အခြေစိုက်စခန်းတခု ဆောက်လုပ်မည်ဖြစ်ရာ ဒါဝင်မြို့တောင်ဘက် မိုင် ၁၉၀ အကွာရှိ တင်ဒယ်တွင် ယင်းအခြေစိုက်စခန်း ဆောက်လုပ်ရေးလုပ်ငန်းကို ၁၉၇၄ ခုနှစ် ကုန်ပိုင်းတွင် စတင်ဆောင်ရွက်၍ ၁၉၇၉ ခုနှစ်တွင် ပြီးစီးရန် ရည်မှန်းထားသည်။

ကျွန်းငယ် ၂၇ ကျွန်းကိုသြစတြေးလျနှင့် ပူးပေါင်းစုစည်းရန် သြစတြေးလျအနောက်မြောက်ဘက် မိုင် ၁,၇၅၀ အကွာ အိန္ဒိယသမုဒ္ဒရာအတွင်းရှိ ကီးလင်းကျွန်းစုဟုလည်း လူသိများသော ကိုကော့စ်ကျွန်းသားများက ရွေးချယ်လိုက်ခြင်းကို ကုလသမဂ္ဂ အထွေထွေညီလာခံ၊ ကိုလိုနီဖျက်သိမ်းရေးကော်မတီက နှိုင်းဘာလအတွင်း၌ တညီတညွတ်တည်း ထောက်ခံအတည်ပြုသည်။

၁၉၇၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ကျင်းပသော သြစတြေးလျနိုင်ငံ အထွေထွေရွေးကောက်ပွဲတွင် လက်ရှိ အာဏာရ လေဘာပါတီက အနိုင်ရရှိသည်။ လေဘာပါတီ အစိုးရအဖွဲ့ကို ပြင်ဆင်တိုးချဲ့ဖွဲ့စည်းလိုက်ကြောင်း ဝန်ကြီးချုပ် ဘော့ဟော့က ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ကြေငြာသည်။

# အကျွမ်းစဉ်အညွှန်း


က

ကချင်ပြည်နယ် ၁၃၀၊ ၁၅၇၊ ၂၁၃၊ ၂၁၄။
ကဒတ်ဖီ, ကာနယ်မိုး အမွာအယ် ၁၉၃။
ကနေဒါနိုင်ငံ ၁၁၄၊ ၁၁၅၊ ၁၉၉။
ကနော့, အဲလဖရက် ၁၁၅။
ကပိဇာ, ဒေါက်တာပို့ဝင်တာ ၁၁၆။
ကဗင်ဒစ်ရှစမ်းသပ်ခန်း ၁၁၆၊ ၁၇၄၊ ၂၂၉။
ကယားပြည်နယ် ၁၅၇၊ ၂၁၅။
ကရာမီ, ရာရှစ် ၂၆၃၊ ၂၆၇။
ကရင်ပြည်နယ် ၁၅၇၊ ၂၁၅။
ကလေးသူငယ် ကျန်းမာရေး ၂၇-၃၃။
ကလယ်, ဂျိုး ၁၁၄။
ကာကွယ်ဆေးထိုးခြင်း ၃၃၊ ၁၁၂၊ ၁၃၀။
ကာတာနိုင်ငံ ၂၂၇။
ကာတို့, အာ မိလတန် ၂၃၉။
ကာပို့တီ, ထရူးမင်း ၁၁၇။
ကာဗရို, လူဝီ ဒီ အယ်မေဒါ ၂၇၃။
ကာရစ်ဘီယံနိုင်ငံများအဖွဲ့
(ကာရိဂွန်) ၂၄၂။
ကီးလင်းကျန်းစု ၃၀၆။
ကုလသမဂ္ဂ ၁၁၈–၁၂၁၊ ၁၃၅၊ ၁၈၀၊
၂၀၁၊ ၂၀၄၊ ၂၆၃၊ ၂၇၀၊ ၂၇၃၊
၂၇၅၊ ၂၇၆၊ ၂၉၂၊ ၂၉၃၊ ၃၀၆။
ကုလသမဂ္ဂ ကလေးများအရေးပေါ်
ရန်ပုံငွေအဖွဲ့(ယူနီဆက်ဖ်) ၂၄၈။
ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့်ဖွံ့ဖြိုးမှု
ဆိုင်ရာညီလာခံ(အန်းတက်) ၄၅။
ကုလသမဂ္ဂ ငြိမ်းချမ်းမှု
ထိန်းသိမ်းရေးတပ်(ယူနိဖိ). ၂၆၃။
ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေး
ကောင်စီ (အီကိုဆော့) ၄၇။
ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ
မဟာမင်းကြီးရုံး ၂၇၁၊ ၂၇၂။
ကုလသမဂ္ဂ ပညာ၊ သိပ္ပံနှင့်ယဉ်ကျေးမှု
အဖွဲ့(ယူနက်စကို) ၂၂၄၊ ၂၂၅၊ ၂၂၆။
ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ်
အဖွဲ့ (ယူနက်) ၂၂၆၊ ၂၄၆။
ကုလသမဂ္ဂ ဖွံ့ဖြိုးရေးစီမံကိန်း
(ယူအင်ဒီပီ) ၄၉၊ ၁၃၅။
ကုသလသာမိ၊ ဆရာတော်ဘဒ္ဒန္တ ၁၂၁။
ကုသလသာမိဘိဝံသ၊
ဆရာတော် ဘဒ္ဒန္တ ၁၂၂။
ကူဝိတ်နိုင်ငံ ၁၂၀၊ ၂၂၇။
ကူးလေ, ဒင်တွန် ၁၀၇။
ကောလင်း, မိုက်ကယ် ၈၈။
ကော့, ရောဗတ် ၁၀၇။
ကော့စတာ, ပင်တိုဒါ ၂၇၆။
ကော့စတာရီကာနိုင်ငံ ၂၃၇၊ ၂၄၁၊ ၂၄၂။
ကော်ရီးယား, ပေါလို ၂၇၃။
ကိုမိုရို့နိုင်ငံ ၁၃၄၊ ၂၇၆၊ ၂၇၇။
ကိုရီးယားသမ္မတနိုင်ငံ ၄၉၊ ၅၆၊
၅၇၊ ၆၀၊ ၁၅၀။
ကိုလံဗီယာအာကာသလွန်းပျံယာဉ် ၇၇။
ကိုလက်စထရောဓာတ် ၁၂၃–၁၂၅။
ကိုလုံးဗီးယားနိုင်ငံ ၆၀၊ ၂၃၇၊
၂၄၀၊ ၂၄၆၊ ၂၆၀။
ကိုဟန်, တစ်ဖနီ ၅၈။
ကို့, မိုက်ကယ် ၇၉။
ကိုး, ဆီဗက်ရှင်း ၅၅။
ကိုးလား ၁၇၉။
ကက်စတလာ, ဒေါက်တာ
အဲလဖရက် ၁၂၅။
ကင်ဆာရောဂါ ၉၃၊ ၁၂၆–၁၃၀၊
၁၈၅၊ ၂၀၂၊ ၂၀၃။
ကင်ညာနိုင်ငံ ၆၀၊ ၁၃၄၊ ၂၇၁။
ကင်ထရိုဝစ်, ဒေါက်တာအေဒရီယန် ၁၈၆။
ကင်းဒမ်း, ရော်ဂျာ ၅၅။
ကစ်ဆင်ဂျာ, ဟင်နရီ ၂၅၉။
ကစ်ဇင်, လီယိုနစ် ၈၀၊ ၈၁၊ ၈၃။
ကတ်, နော်မန်အီးရစ် ၁၇၆။
ကတ်ဖကား, ဖရန့် ၁၁၅။
ကန် ၁၀၀ စီမံကိန်းများ ၁၃၀–၁၃၃။
ကိန်း, ဂျွန်မေနတ် ၁၈၀။
ကိန်းကြီးသီအိုရီ ၁၇၄။
ကိပ်ဗာဒီနိုင်ငံ ၁၃၄၊ ၂၄၆၊ ၂၇၆။
ကမ်ပူ ချားနိုင်ငံ ၁၁၈၊ ၂၉၂။
ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ် ၂၇။
ကမ္ဘာ့ငြိမ်းချမ်းရေးဆိုင်ရာ
ကြေညာချက် ၁၁၈။
ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေး
အဖွဲ့ (အက်ဖ်အေအို) ၂၂၆။
ကမ္ဘာ့စားနပ်ရိက္ခာအခြေအနေ ၁၃၃–၁၃၆၊
၂၄၇၊ ၂၄၈။
ကမ္ဘာ့စီးပွားရေး ၄၃-၄၉။
ကမ္ဘာ့ပြန်ကြားရေးနှင့်ဆက်သွယ်ရေး
အစီအစဉ်သစ် (အင်ဒဗလျူ။
အိုင်စီအို) ၂၂၅။
ကမ္ဘာ့အိုလင်းပစ် အားကစား
ပွဲတော် ၅၁–၆၀၊ ၁၀၅၊ ၁၆၅။
ကမ္မရွန်းနိုင်ငံ ၆၀၊ ၁၃၄၊ ၂၇၂၊ ၂၇၆။
ကျူးဗားနိုင်ငံ ၅၂၊ ၂၄၂၊ ၂၇၆။
ကျောက်ကျီယန် ၁၇၀၊၁၇၁၊၁၉၅၊၂၆၉။
ကျောက်မျက်ရတနာပြပွဲ ၁၃၆။
ကြက်ခြေနီအဖွဲ့ချုပ် အပြည်ပြည်
ဆိုင်ရာကော်မတီ(အိုင်စီအာစီ) ၂၀၄။
ကြယ်တာရာစစ်ပွဲစီမံကိန်း ၈၄၊ ၂၆၂။
ကြယ်တံခွန် ၃၅–၄၀။
ကြယ်တံခွန်တု ၈၆။
ကွေဆာ ၂၂၉။
ကွန်ဂိုနိုင်ငံ ၂၇၆။
ကွန်တာဒိုရာအုပ်စု ၂၆၀။
ကွန်တီ, လန်ဆာနာ ၂၇၃။
ကွန်ပျူတာ ၉၆–၁၀၆၊ ၂၃၀။
ကွမ်တမ်မက္ကင်းနစ်ပညာ ၁၇၄။

ခ

ခမာဝုဓ၊ ဆရာတော်ဘဒ္ဒန္တ ၁၃၇။
ခင်မောင်ဖြူ၊ ဦး ၁၃၀။
ချီလီနိုင်ငံ ၂၃၇၊ ၂၄၂။
ချူအင်လိုင်း ၁၆၀။
ချေးပင် ၁၃၀။
ချက်ကိုစလိုဗက်ကီးယားနိုင်ငံ ၅၂၊ ၆၄၊
၂၁၀၊ ၂၂၃။

ကြိုးကိုင်ခြင်း ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇၊ ၃၈၊ ၃၉၊ ၄၀၊ ၄၁၊ ၄၂၊ ၄၃၊ ၄၄၊ ၄၅၊ ၄၆၊ ၄၇၊ ၄၈၊ ၄၉၊ ၅၀၊ ၅၁၊ ၅၂၊ ၅၃၊ ၅၄၊ ၅၅၊ ၅၆၊ ၅၇၊ ၅၈၊ ၅၉၊ ၆၀၊ ၆၁၊ ၆၂၊ ၆၃၊ ၆၄၊ ၆၅၊ ၆၆၊ ၆၇၊ ၆၈၊ ၆၉၊ ၇၀၊ ၇၁၊ ၇၂၊ ၇၃၊ ၇၄၊ ၇၅၊ ၇၆၊ ၇၇၊ ၇၈၊ ၇၉၊ ၈၀၊ ၈၁၊ ၈၂၊ ၈၃၊ ၈၄၊ ၈၅၊ ၈၆၊ ၈၇၊ ၈၈၊ ၈၉၊ ၉၀၊ ၉၁၊ ၉၂၊ ၉၃၊ ၉၄၊ ၉၅၊ ၉၆၊ ၉၇၊ ၉၈၊ ၉၉၊ ၁၀၀၊ ၁၀၁၊ ၁၀၂၊ ၁၀၃၊ ၁၀၄၊ ၁၀၅၊ ၁၀၆၊ ၁၀၇၊ ၁၀၈၊ ၁၀၉၊ ၁၁၀၊ ၁၁၁၊ ၁၁၂၊ ၁၁၃၊ ၁၁၄၊ ၁၁၅၊ ၁၁၆၊ ၁၁၇၊ ၁၁၈၊ ၁၁၉၊ ၁၂၀၊ ၁၂၁၊ ၁၂၂၊ ၁၂၃၊ ၁၂၄၊ ၁၂၅၊ ၁၂၆၊ ၁၂၇၊ ၁၂၈၊ ၁၂၉၊ ၁၃၀၊ ၁၃၁၊ ၁၃၂၊ ၁၃၃၊ ၁၃၄၊ ၁၃၅၊ ၁၃၆၊ ၁၃၇၊ ၁၃၈၊ ၁၃၉၊ ၁၄၀၊ ၁၄၁၊ ၁၄၂၊ ၁၄၃၊ ၁၄၄၊ ၁၄၅၊ ၁၄၆၊ ၁၄၇၊ ၁၄၈၊ ၁၄၉၊ ၁၅၀၊ ၁၅၁၊ ၁၅၂၊ ၁၅၃၊ ၁၅၄၊ ၁၅၅၊ ၁၅၆၊ ၁၅၇၊ ၁၅၈၊ ၁၅၉၊ ၁၆၀၊ ၁၆၁၊ ၁၆၂၊ ၁၆၃၊ ၁၆၄၊ ၁၆၅၊ ၁၆၆၊ ၁၆၇၊ ၁၆၈၊ ၁၆၉၊ ၁၇၀၊ ၁၇၁၊ ၁၇၂၊ ၁၇၃၊ ၁၇၄၊ ၁၇၅၊ ၁၇၆၊ ၁၇၇၊ ၁၇၈၊ ၁၇၉၊ ၁၈၀၊ ၁၈၁၊ ၁၈၂၊ ၁၈၃၊ ၁၈၄၊ ၁၈၅၊ ၁၈၆၊ ၁၈၇၊ ၁၈၈၊ ၁၈၉၊ ၁၉၀၊ ၁၉၁၊ ၁၉၂၊ ၁၉၃၊ ၁၉၄၊ ၁၉၅၊ ၁၉၆၊ ၁၉၇၊ ၁၉၈၊ ၁၉၉၊ ၂၀၀၊ ၂၀၁၊ ၂၀၂၊ ၂၀၃၊ ၂၀၄၊ ၂၀၅၊ ၂၀၆၊ ၂၀၇၊ ၂၀၈၊ ၂၀၉၊ ၂၁၀၊ ၂၁၁၊ ၂၁၂၊ ၂၁၃၊ ၂၁၄၊ ၂၁၅၊ ၂၁၆၊ ၂၁၇၊ ၂၁၈၊ ၂၁၉၊ ၂၂၀၊ ၂၂၁၊ ၂၂၂၊ ၂၂၃၊ ၂၂၄၊ ၂၂၅၊ ၂၂၆၊ ၂၂၇၊ ၂၂၈၊ ၂၂၉၊ ၂၃၀၊ ၂၃၁၊ ၂၃၂၊ ၂၃၃၊ ၂၃၄၊ ၂၃၅၊ ၂၃၆၊ ၂၃၇၊ ၂၃၈၊ ၂၃၉၊ ၂၄၀၊ ၂၄၁၊ ၂၄၂၊ ၂၄၃၊ ၂၄၄၊ ၂၄၅၊ ၂၄၆၊ ၂၄၇၊ ၂၄၈၊ ၂၄၉၊ ၂၅၀၊ ၂၅၁၊ ၂၅၂၊ ၂၅၃၊ ၂၅၄၊ ၂၅၅၊ ၂၅၆၊ ၂၅၇၊ ၂၅၈၊ ၂၅၉၊ ၂၆၀၊ ၂၆၁၊ ၂၆၂၊ ၂၆၃၊ ၂၆၄၊ ၂၆၅၊ ၂၆၆၊ ၂၆၇၊ ၂၆၈၊ ၂၆၉၊ ၂၇၀၊ ၂၇၁၊ ၂၇၂၊ ၂၇၃၊ ၂၇၄၊ ၂၇၅၊ ၂၇၆၊ ၂၇၇၊ ၂၇၈၊ ၂၇၉၊ ၂၈၀၊ ၂၈၁၊ ၂၈၂၊ ၂၈၃၊ ၂၈၄၊ ၂၈၅၊ ၂၈၆၊ ၂၈၇၊ ၂၈၈၊ ၂၈၉၊ ၂၉၀၊ ၂၉၁၊ ၂၉၂၊ ၂၉၃၊ ၂၉၄၊ ၂၉၅၊ ၂၉၆၊ ၂၉၇၊ ၂၉၈၊ ၂၉၉၊ ၃၀၀၊ ၃၀၁၊ ၃၀၂၊ ၃၀၃၊ ၃၀၄၊ ၃၀၅၊ ၃၀၆၊ ၃၀၇၊ ၃၀၈၊ ၃၀၉၊ ၃၁၀၊ ၃၁၁၊ ၃၁၂၊ ၃၁၃၊ ၃၁၄၊ ၃၁၅၊ ၃၁၆၊ ၃၁၇၊ ၃၁၈၊ ၃၁၉၊ ၃၂၀၊ ၃၂၁၊ ၃၂၂၊ ၃၂၃၊ ၃၂၄၊ ၃၂၅၊ ၃၂၆၊ ၃၂၇၊ ၃၂၈၊ ၃၂၉၊ ၃၃၀၊ ၃၃၁၊ ၃၃၂၊ ၃၃၃၊ ၃၃၄၊ ၃၃၅၊ ၃၃၆၊ ၃၃၇၊ ၃၃၈၊ ၃၃၉၊ ၃၄၀၊ ၃၄၁၊ ၃၄၂၊ ၃၄၃၊ ၃၄၄၊ ၃၄၅၊ ၃၄၆၊ ၃၄၇၊ ၃၄၈၊ ၃၄၉၊ ၃၅၀၊ ၃၅၁၊ ၃၅၂၊ ၃၅၃၊ ၃၅၄၊ ၃၅၅၊ ၃၅၆၊ ၃၅၇၊ ၃၅၈၊ ၃၅၉၊ ၃၆၀၊ ၃၆၁၊ ၃၆၂၊ ၃၆၃၊ ၃၆၄၊ ၃၆၅၊ ၃၆၆၊ ၃၆၇၊ ၃၆၈၊ ၃၆၉၊ ၃၇၀၊ ၃၇၁၊ ၃၇၂၊ ၃၇၃၊ ၃၇၄၊ ၃၇၅၊ ၃၇၆၊ ၃၇၇၊ ၃၇၈၊ ၃၇၉၊ ၃၈၀၊ ၃၈၁၊ ၃၈၂၊ ၃၈၃၊ ၃၈၄၊ ၃၈၅၊ ၃၈၆၊ ၃၈၇၊ ၃၈၈၊ ၃၈၉၊ ၃၉၀၊ ၃၉၁၊ ၃၉၂၊ ၃၉၃၊ ၃၉၄၊ ၃၉၅၊ ၃၉၆၊ ၃၉၇၊ ၃၉၈၊ ၃၉၉၊ ၄၀၀၊ ၄၀၁၊ ၄၀၂၊ ၄၀၃၊ ၄၀၄၊ ၄၀၅၊ ၄၀၆၊ ၄၀၇၊ ၄၀၈၊ ၄၀၉၊ ၄၁၀၊ ၄၁၁၊ ၄၁၂၊ ၄၁၃၊ ၄၁၄၊ ၄၁၅၊ ၄၁၆၊ ၄၁၇၊ ၄၁၈၊ ၄၁၉၊ ၄၂၀၊ ၄၂၁၊ ၄၂၂၊ ၄၂၃၊ ၄၂၄၊ ၄၂၅၊ ၄၂၆၊ ၄၂၇၊ ၄၂၈၊ ၄၂၉၊ ၄၃၀၊ ၄၃၁၊ ၄၃၂၊ ၄၃၃၊ ၄၃၄၊ ၄၃၅၊ ၄၃၆၊ ၄၃၇၊ ၄၃၈၊ ၄၃၉၊ ၄၄၀၊ ၄၄၁၊ ၄၄၂၊ ၄၄၃၊ ၄၄၄၊ ၄၄၅၊ ၄၄၆၊ ၄၄၇၊ ၄၄၈၊ ၄၄၉၊ ၄၅၀၊ ၄၅၁၊ ၄၅၂၊ ၄၅၃၊ ၄၅၄၊ ၄၅၅၊ ၄၅၆၊ ၄၅၇၊ ၄၅၈၊ ၄၅၉၊ ၄၆၀၊ ၄၆၁၊ ၄၆၂၊ ၄၆၃၊ ၄၆၄၊ ၄၆၅၊ ၄၆၆၊ ၄၆၇၊ ၄၆၈၊ ၄၆၉၊ ၄၇၀၊ ၄၇၁၊ ၄၇၂၊ ၄၇၃၊ ၄၇၄၊ ၄၇၅၊ ၄၇၆၊ ၄၇၇၊ ၄၇၈၊ ၄၇၉၊ ၄၈၀၊ ၄၈၁၊ ၄၈၂၊ ၄၈၃၊ ၄၈၄၊ ၄၈၅၊ ၄၈၆၊ ၄၈၇၊ ၄၈၈၊ ၄၈၉၊ ၄၉၀၊ ၄၉၁၊ ၄၉၂၊ ၄၉၃၊ ၄၉၄၊ ၄၉၅၊ ၄၉၆၊ ၄၉၇၊ ၄၉၈၊ ၄၉၉၊ ၅၀၀၊ ၅၀၁၊ ၅၀၂၊ ၅၀၃၊ ၅၀၄၊ ၅၀၅၊ ၅၀၆၊ ၅၀၇၊ ၅၀၈၊ ၅၀၉၊ ၅၁၀၊ ၅၁၁၊ ၅၁၂၊ ၅၁၃၊ ၅၁၄၊ ၅၁၅၊ ၅၁၆၊ ၅၁၇၊ ၅၁၈၊ ၅၁၉၊ ၅၂၀၊ ၅၂၁၊ ၅၂၂၊ ၅၂၃၊ ၅၂၄၊ ၅၂၅၊ ၅၂၆၊ ၅၂၇၊ ၅၂၈၊ ၅၂၉၊ ၅၃၀၊ ၅၃၁၊ ၅၃၂၊ ၅၃၃၊ ၅၃၄၊ ၅၃၅၊ ၅၃၆၊ ၅၃၇၊ ၅၃၈၊ ၅၃၉၊ ၅၄၀၊ ၅၄၁၊ ၅၄၂၊ ၅၄၃၊ ၅၄၄၊ ၅၄၅၊ ၅၄၆၊ ၅၄၇၊ ၅၄၈၊ ၅၄၉၊ ၅၅၀၊ ၅၅၁၊ ၅၅၂၊ ၅၅၃၊ ၅၅၄၊ ၅၅၅၊ ၅၅၆၊ ၅၅၇၊ ၅၅၈၊ ၅၅၉၊ ၅၆၀၊ ၅၆၁၊ ၅၆၂၊ ၅၆၃၊ ၅၆၄၊ ၅၆၅၊ ၅၆၆၊ ၅၆၇၊ ၅၆၈၊ ၅၆၉၊ ၅၇၀၊ ၅၇၁၊ ၅၇၂၊ ၅၇၃၊ ၅၇၄၊ ၅၇၅၊ ၅၇၆၊ ၅၇၇၊ ၅၇၈၊ ၅၇၉၊ ၅၈၀၊ ၅၈၁၊ ၅၈၂၊ ၅၈၃၊ ၅၈၄၊ ၅၈၅၊ ၅၈၆၊ ၅၈၇၊ ၅၈၈၊ ၅၈၉၊ ၅၉၀၊ ၅၉၁၊ ၅၉၂၊ ၅၉၃၊ ၅၉၄၊ ၅၉၅၊ ၅၉၆၊ ၅၉၇၊ ၅၉၈၊ ၅၉၉၊ ၆၀၀၊ ၆၀၁၊ ၆၀၂၊ ၆၀၃၊ ၆၀၄၊ ၆၀၅၊ ၆၀၆၊ ၆၀၇၊ ၆၀၈၊ ၆၀၉၊ ၆၁၀၊ ၆၁၁၊ ၆၁၂၊ ၆၁၃၊ ၆၁၄၊ ၆၁၅၊ ၆၁၆၊ ၆၁၇၊ ၆၁၈၊ ၆၁၉၊ ၆၂၀၊ ၆၂၁၊ ၆၂၂၊ ၆၂၃၊ ၆၂၄၊ ၆၂၅၊ ၆၂၆၊ ၆၂၇၊ ၆၂၈၊ ၆၂၉၊ ၆၃၀၊ ၆၃၁၊ ၆၃၂၊ ၆၃၃၊ ၆၃၄၊ ၆၃၅၊ ၆၃၆၊ ၆၃၇၊ ၆၃၈၊ ၆၃၉၊ ၆၄၀၊ ၆၄၁၊ ၆၄၂၊ ၆၄၃၊ ၆၄၄၊ ၆၄၅၊ ၆၄၆၊ ၆၄၇၊ ၆၄၈၊ ၆၄၉၊ ၆၅၀၊ ၆၅၁၊ ၆၅၂၊ ၆၅၃၊ ၆၅၄၊ ၆၅၅၊ ၆၅၆၊ ၆၅၇၊ ၆၅၈၊ ၆၅၉၊ ၆၆၀၊ ၆၆၁၊ ၆၆၂၊ ၆၆၃၊ ၆၆၄၊ ၆၆၅၊ ၆၆၆၊ ၆၆၇၊ ၆၆၈၊ ၆၆၉၊ ၆၇၀၊ ၆၇၁၊ ၆၇၂၊ ၆၇၃၊ ၆၇၄၊ ၆၇၅၊ ၆၇၆၊ ၆၇၇၊ ၆၇၈၊ ၆၇၉၊ ၆၈၀၊ ၆၈၁၊ ၆၈၂၊ ၆၈၃၊ ၆၈၄၊ ၆၈၅၊ ၆၈၆၊ ၆၈၇၊ ၆၈၈၊ ၆၈၉၊ ၆၉၀၊ ၆၉၁၊ ၆၉၂၊ ၆၉၃၊ ၆၉၄၊ ၆၉၅၊ ၆၉၆၊ ၆၉၇၊ ၆၉၈၊ ၆၉၉၊ ၇၀၀၊ ၇၀၁၊ ၇၀၂၊ ၇၀၃၊ ၇၀၄၊ ၇၀၅၊ ၇၀၆၊ ၇၀၇၊ ၇၀၈၊ ၇၀၉၊ ၇၁၀၊ ၇၁၁၊ ၇၁၂၊ ၇၁၃၊ ၇၁၄၊ ၇၁၅၊ ၇၁၆၊ ၇၁၇၊ ၇၁၈၊ ၇၁၉၊ ၇၂၀၊ ၇၂၁၊ ၇၂၂၊ ၇၂၃၊ ၇၂၄၊ ၇၂၅၊ ၇၂၆၊ ၇၂၇၊ ၇၂၈၊ ၇၂၉၊ ၇၃၀၊ ၇၃၁၊ ၇၃၂၊ ၇၃၃၊ ၇၃၄၊ ၇၃၅၊ ၇၃၆၊ ၇၃၇၊ ၇၃၈၊ ၇၃၉၊ ၇၄၀၊ ၇၄၁၊ ၇၄၂၊ ၇၄၃၊ ၇၄၄၊ ၇၄၅၊ ၇၄၆၊ ၇၄၇၊ ၇၄၈၊ ၇၄၉၊ ၇၅၀၊ ၇၅၁၊ ၇၅၂၊ ၇၅၃၊ ၇၅၄၊ ၇၅၅၊ ၇၅၆၊ ၇၅၇၊ ၇၅၈၊ ၇၅၉၊ ၇၆၀၊ ၇၆၁၊ ၇၆၂၊ ၇၆၃၊ ၇၆၄၊ ၇၆၅၊ ၇၆၆၊ ၇၆၇၊ ၇၆၈၊ ၇၆၉၊ ၇၇၀၊ ၇၇၁၊ ၇၇၂၊ ၇၇၃၊ ၇၇၄၊ ၇၇၅၊ ၇၇၆၊ ၇၇၇၊ ၇၇၈၊ ၇၇၉၊ ၇၈၀၊ ၇၈၁၊ ၇၈၂၊ ၇၈၃၊ ၇၈၄၊ ၇၈၅၊ ၇၈၆၊ ၇၈၇၊ ၇၈၈၊ ၇၈၉၊ ၇၉၀၊ ၇၉၁၊ ၇၉၂၊ ၇၉၃၊ ၇၉၄၊ ၇၉၅၊ ၇၉၆၊ ၇၉၇၊ ၇၉၈၊ ၇၉၉၊ ၈၀၀၊ ၈၀၁၊ ၈၀၂၊ ၈၀၃၊ ၈၀၄၊ ၈၀၅၊ ၈၀၆၊ ၈၀၇၊ ၈၀၈၊ ၈၀၉၊ ၈၁၀၊ ၈၁၁၊ ၈၁၂၊ ၈၁၃၊ ၈၁၄၊ ၈၁၅၊ ၈၁၆၊ ၈၁၇၊ ၈၁၈၊ ၈၁၉၊ ၈၂၀၊ ၈၂၁၊ ၈၂၂၊ ၈၂၃၊ ၈၂၄၊ ၈၂၅၊ ၈၂၆၊ ၈၂၇၊ ၈၂၈၊ ၈၂၉၊ ၈၃၀၊ ၈၃၁၊ ၈၃၂၊ ၈၃၃၊ ၈၃၄၊ ၈၃၅၊ ၈၃၆၊ ၈၃၇၊ ၈၃၈၊ ၈၃၉၊ ၈၄၀၊ ၈၄၁၊ ၈၄၂၊ ၈၄၃၊ ၈၄၄၊ ၈၄၅၊ ၈၄၆၊ ၈၄၇၊ ၈၄၈၊ ၈၄၉၊ ၈၅၀၊ ၈၅၁၊ ၈၅၂၊ ၈၅၃၊ ၈၅၄၊ ၈၅၅၊ ၈၅၆၊ ၈၅၇၊ ၈၅၈၊ ၈၅၉၊ ၈၆၀၊ ၈၆၁၊ ၈၆၂၊ ၈၆၃၊ ၈၆၄၊ ၈၆၅၊ ၈၆၆၊ ၈၆၇၊ ၈၆၈၊ ၈၆၉၊ ၈၇၀၊ ၈၇၁၊ ၈၇၂၊ ၈၇၃၊ ၈၇၄၊ ၈၇၅၊ ၈၇၆၊ ၈၇၇၊ ၈၇၈၊ ၈၇၉၊ ၈၈၀၊ ၈၈၁၊ ၈၈၂၊ ၈၈၃၊ ၈၈၄၊ ၈၈၅၊ ၈၈၆၊ ၈၈၇၊ ၈၈၈၊ ၈၈၉၊ ၈၉၀၊ ၈၉၁၊ ၈၉၂၊ ၈၉၃၊ ၈၉၄၊ ၈၉၅၊ ၈၉၆၊ ၈၉၇၊ ၈၉၈၊ ၈၉၉၊ ၉၀၀၊ ၉၀၁၊ ၉၀၂၊ ၉၀၃၊ ၉၀၄၊ ၉၀၅၊ ၉၀၆၊ ၉၀၇၊ ၉၀၈၊ ၉၀၉၊ ၉၁၀၊ ၉၁၁၊ ၉၁၂၊ ၉၁၃၊ ၉၁၄၊ ၉၁၅၊ ၉၁၆၊ ၉၁၇၊ ၉၁၈၊ ၉၁၉၊ ၉၂၀၊ ၉၂၁၊ ၉၂၂၊ ၉၂၃၊ ၉၂၄၊ ၉၂၅၊ ၉၂၆၊ ၉၂၇၊ ၉၂၈၊ ၉၂၉၊ ၉၃၀၊ ၉၃၁၊ ၉၃၂၊ ၉၃၃၊ ၉၃၄၊ ၉၃၅၊ ၉၃၆၊ ၉၃၇၊ ၉၃၈၊ ၉၃၉၊ ၉၄၀၊ ၉၄၁၊ ၉၄၂၊ ၉၄၃၊ ၉၄၄၊ ၉၄၅၊ ၉၄၆၊ ၉၄၇၊ ၉၄၈၊ ၉၄၉၊ ၉၅၀၊ ၉၅၁၊ ၉၅၂၊ ၉၅၃၊ ၉၅၄၊ ၉၅၅၊ ၉၅၆၊ ၉၅၇၊ ၉၅၈၊ ၉၅၉၊ ၉၆၀၊ ၉၆၁၊ ၉၆၂၊ ၉၆၃၊ ၉၆၄၊ ၉၆၅၊ ၉၆၆၊ ၉၆၇၊ ၉၆၈၊ ၉၆၉၊ ၉၇၀၊ ၉၇၁၊ ၉၇၂၊ ၉၇၃၊ ၉၇၄၊ ၉၇၅၊ ၉၇၆၊ ၉၇၇၊ ၉၇၈၊ ၉၇၉၊ ၉၈၀၊ ၉၈၁၊ ၉၈၂၊ ၉၈၃၊ ၉၈၄၊ ၉၈၅၊ ၉၈၆၊ ၉၈၇၊ ၉၈၈၊ ၉၈၉၊ ၉၉၀၊ ၉၉၁၊ ၉၉၂၊ ၉၉၃၊ ၉၉၄၊ ၉၉၅၊ ၉၉၆၊ ၉၉၇၊ ၉၉၈၊ ၉၉၉၊ ၁၀၀၀။

## ဗမာစာပေဝေါဟာရ

### ဂ

ဂဏန်းပေါင်းခြင်း ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇၊ ၃၈၊ ၃၉၊ ၄၀၊ ၄၁၊ ၄၂၊ ၄၃၊ ၄၄၊ ၄၅၊ ၄၆၊ ၄၇၊ ၄၈၊ ၄၉၊ ၅၀၊ ၅၁၊ ၅၂၊ ၅၃၊ ၅၄၊ ၅၅၊ ၅၆၊ ၅၇၊ ၅၈၊ ၅၉၊ ၆၀၊ ၆၁၊ ၆၂၊ ၆၃၊ ၆၄၊ ၆၅၊ ၆၆၊ ၆၇၊ ၆၈၊ ၆၉၊ ၇၀၊ ၇၁၊ ၇၂၊ ၇၃၊ ၇၄၊ ၇၅၊ ၇၆၊ ၇၇၊ ၇၈၊ ၇၉၊ ၈၀၊ ၈၁၊ ၈၂၊ ၈၃၊ ၈၄၊ ၈၅၊ ၈၆၊ ၈၇၊ ၈၈၊ ၈၉၊ ၉၀၊ ၉၁၊ ၉၂၊ ၉၃၊ ၉၄၊ ၉၅၊ ၉၆၊ ၉၇၊ ၉၈၊ ၉၉၊ ၁၀၀၊ ၁၀၁၊ ၁၀၂၊ ၁၀၃၊ ၁၀၄၊ ၁၀၅၊ ၁၀၆၊ ၁၀၇၊ ၁၀၈၊ ၁၀၉၊ ၁၁၀၊ ၁၁၁၊ ၁၁၂၊ ၁၁၃၊ ၁၁၄၊ ၁၁၅၊ ၁၁၆၊ ၁၁၇၊ ၁၁၈၊ ၁၁၉၊ ၁၂၀၊ ၁၂၁၊ ၁၂၂၊ ၁၂၃၊ ၁၂၄၊ ၁၂၅၊ ၁၂၆၊ ၁၂၇၊ ၁၂၈၊ ၁၂၉၊ ၁၃၀၊ ၁၃၁၊ ၁၃၂၊ ၁၃၃၊ ၁၃၄၊ ၁၃၅၊ ၁၃၆၊ ၁၃၇၊ ၁၃၈၊ ၁၃၉၊ ၁၄၀၊ ၁၄၁၊ ၁၄၂၊ ၁၄၃၊ ၁၄၄၊ ၁၄၅၊ ၁၄၆၊ ၁၄၇၊ ၁၄၈၊ ၁၄၉၊ ၁၅၀၊ ၁၅၁၊ ၁၅၂၊ ၁၅၃၊ ၁၅၄၊ ၁၅၅၊ ၁၅၆၊ ၁၅၇၊ ၁၅၈၊ ၁၅၉၊ ၁၆၀၊ ၁၆၁၊ ၁၆၂၊ ၁၆၃၊ ၁၆၄၊ ၁၆၅၊ ၁၆၆၊ ၁၆၇၊ ၁၆၈၊ ၁၆၉၊ ၁၇၀၊ ၁၇၁၊ ၁၇၂၊ ၁၇၃၊ ၁၇၄၊ ၁၇၅၊ ၁၇၆၊ ၁၇၇၊ ၁၇၈၊ ၁၇၉၊ ၁၈၀၊ ၁၈၁၊ ၁၈၂၊ ၁၈၃၊ ၁၈၄၊ ၁၈၅၊ ၁၈၆၊ ၁၈၇၊ ၁၈၈၊ ၁၈၉၊ ၁၉၀၊ ၁၉၁၊ ၁၉၂၊ ၁၉၃၊ ၁၉၄၊ ၁၉၅၊ ၁၉၆၊ ၁၉၇၊ ၁၉၈၊ ၁၉၉၊ ၂၀၀၊ ၂၀၁၊ ၂၀၂၊ ၂၀၃၊ ၂၀၄၊ ၂၀၅၊ ၂၀၆၊ ၂၀၇၊ ၂၀၈၊ ၂၀၉၊ ၂၁၀၊ ၂၁၁၊ ၂၁၂၊ ၂၁၃၊ ၂၁၄၊ ၂၁၅၊ ၂၁၆၊ ၂၁၇၊ ၂၁၈၊ ၂၁၉၊ ၂၂၀၊ ၂၂၁၊ ၂၂၂၊ ၂၂၃၊ ၂၂၄၊ ၂၂၅၊ ၂၂၆၊ ၂၂၇၊ ၂၂၈၊ ၂၂၉၊ ၂၃၀၊ ၂၃၁၊ ၂၃၂၊ ၂၃၃၊ ၂၃၄၊ ၂၃၅၊ ၂၃၆၊ ၂၃၇၊ ၂၃၈၊ ၂၃၉၊ ၂၄၀၊ ၂၄၁၊ ၂၄၂၊ ၂၄၃၊ ၂၄၄၊ ၂၄၅၊ ၂၄၆၊ ၂၄၇၊ ၂၄၈၊ ၂၄၉၊ ၂၅၀၊ ၂၅၁၊ ၂၅၂၊ ၂၅၃၊ ၂၅၄၊ ၂၅၅၊ ၂၅၆၊ ၂၅၇၊ ၂၅၈၊ ၂၅၉၊ ၂၆၀၊ ၂၆၁၊ ၂၆၂၊ ၂၆၃၊ ၂၆၄၊ ၂၆၅၊ ၂၆၆၊ ၂၆၇၊ ၂၆၈၊ ၂၆၉၊ ၂၇၀၊ ၂၇၁၊ ၂၇၂၊ ၂၇၃၊ ၂၇၄၊ ၂၇၅၊ ၂၇၆၊ ၂၇၇၊ ၂၇၈၊ ၂၇၉၊ ၂၈၀၊ ၂၈၁၊ ၂၈၂၊ ၂၈၃၊ ၂၈၄၊ ၂၈၅၊ ၂၈၆၊ ၂၈၇၊ ၂၈၈၊ ၂၈၉၊ ၂၉၀၊ ၂၉၁၊ ၂၉၂၊ ၂၉၃၊ ၂၉၄၊ ၂၉၅၊ ၂၉၆၊ ၂၉၇၊ ၂၉၈၊ ၂၉၉၊ ၃၀၀၊ ၃၀၁၊ ၃၀၂၊ ၃၀၃၊ ၃၀၄၊ ၃၀၅၊ ၃၀၆၊ ၃၀၇၊ ၃၀၈၊ ၃၀၉၊ ၃၁၀၊ ၃၁၁၊ ၃၁၂၊ ၃၁၃၊ ၃၁၄၊ ၃၁၅၊ ၃၁၆၊ ၃၁၇၊ ၃၁၈၊ ၃၁၉၊ ၃၂၀၊ ၃၂၁၊ ၃၂၂၊ ၃၂၃၊ ၃၂၄၊ ၃၂၅၊ ၃၂၆၊ ၃၂၇၊ ၃၂၈၊ ၃၂၉၊ ၃၃၀၊ ၃၃၁၊ ၃၃၂၊ ၃၃၃၊ ၃၃၄၊ ၃၃၅၊ ၃၃၆၊ ၃၃၇၊ ၃၃၈၊ ၃၃၉၊ ၃၄၀၊ ၃၄၁၊ ၃၄၂၊ ၃၄၃၊ ၃၄၄၊ ၃၄၅၊ ၃၄၆၊ ၃၄၇၊ ၃၄၈၊ ၃၄၉၊ ၃၅၀၊ ၃၅၁၊ ၃၅၂၊ ၃၅၃၊ ၃၅၄၊ ၃၅၅၊ ၃၅၆၊ ၃၅၇၊ ၃၅၈၊ ၃၅၉၊ ၃၆၀၊ ၃၆၁၊ ၃၆၂၊ ၃၆၃၊ ၃၆၄၊ ၃၆၅၊ ၃၆၆၊ ၃၆၇၊ ၃၆၈၊ ၃၆၉၊ ၃၇၀၊ ၃၇၁၊ ၃၇၂၊ ၃၇၃၊ ၃၇၄၊ ၃၇၅၊ ၃၇၆၊ ၃၇၇၊ ၃၇၈၊ ၃၇၉၊ ၃၈၀၊ ၃၈၁၊ ၃၈၂၊ ၃၈၃၊ ၃၈၄၊ ၃၈၅၊ ၃၈၆၊ ၃၈၇၊ ၃၈၈၊ ၃၈၉၊ ၃၉၀၊ ၃၉၁၊ ၃၉၂၊ ၃၉၃၊ ၃၉၄၊ ၃၉၅၊ ၃၉၆၊ ၃၉၇၊ ၃၉၈၊ ၃၉၉၊ ၄၀၀၊ ၄၀၁၊ ၄၀၂၊ ၄၀၃၊ ၄၀၄၊ ၄၀၅၊ ၄၀၆၊ ၄၀၇၊ ၄၀၈၊ ၄၀၉၊ ၄၁၀၊ ၄၁၁၊ ၄၁၂၊ ၄၁၃၊ ၄၁၄၊ ၄၁၅၊ ၄၁၆၊ ၄၁၇၊ ၄၁၈၊ ၄၁၉၊ ၄၂၀၊ ၄၂၁၊ ၄၂၂၊ ၄၂၃၊ ၄၂၄၊ ၄၂၅၊ ၄၂၆၊ ၄၂၇၊ ၄၂၈၊ ၄၂၉၊ ၄၃၀၊ ၄၃၁၊ ၄၃၂၊ ၄၃၃၊ ၄၃၄၊ ၄၃၅၊ ၄၃၆၊ ၄၃၇၊ ၄၃၈၊ ၄၃၉၊ ၄၄၀၊ ၄၄၁၊ ၄၄၂၊ ၄၄၃၊ ၄၄၄၊ ၄၄၅၊ ၄၄၆၊ ၄၄၇၊ ၄၄၈၊ ၄၄၉၊ ၄၅၀၊ ၄၅၁၊ ၄၅၂၊ ၄၅၃၊ ၄၅၄၊ ၄၅၅၊ ၄၅၆၊ ၄၅၇၊ ၄၅၈၊ ၄၅၉၊ ၄၆၀၊ ၄၆၁၊ ၄၆၂၊ ၄၆၃၊ ၄၆၄၊ ၄၆၅၊ ၄၆၆၊ ၄၆၇၊ ၄၆၈၊ ၄၆၉၊ ၄၇၀၊ ၄၇၁၊ ၄၇၂၊ ၄၇၃၊ ၄၇၄၊ ၄၇၅၊ ၄၇၆၊ ၄၇၇၊ ၄၇၈၊ ၄၇၉၊ ၄၈၀၊ ၄၈၁၊ ၄၈၂၊ ၄၈၃၊ ၄၈၄၊ ၄၈၅၊ ၄၈၆၊ ၄၈၇၊ ၄၈၈၊ ၄၈၉၊ ၄၉၀၊ ၄၉၁၊ ၄၉၂၊ ၄၉၃၊ ၄၉၄၊ ၄၉၅၊ ၄၉၆၊ ၄၉၇၊ ၄၉၈၊ ၄၉၉၊ ၅၀၀၊ ၅၀၁၊ ၅၀၂၊ ၅၀၃၊ ၅၀၄၊ ၅၀၅၊ ၅၀၆၊ ၅၀၇၊ ၅၀၈၊ ၅၀၉၊ ၅၁၀၊ ၅၁၁၊ ၅၁၂၊ ၅၁၃၊ ၅၁၄၊ ၅၁၅၊ ၅၁၆၊ ၅၁၇၊ ၅၁၈၊ ၅၁၉၊ ၅၂၀၊ ၅၂၁၊ ၅၂၂၊ ၅၂၃၊ ၅၂၄၊ ၅၂၅၊ ၅၂၆၊ ၅၂၇၊ ၅၂၈၊ ၅၂၉၊ ၅၃၀၊ ၅၃၁၊ ၅၃၂၊ ၅၃၃၊ ၅၃၄၊ ၅၃၅၊ ၅၃၆၊ ၅၃၇၊ ၅၃၈၊ ၅၃၉၊ ၅၄၀၊ ၅၄၁၊ ၅၄၂၊ ၅၄၃၊ ၅၄၄၊ ၅၄၅၊ ၅၄၆၊ ၅၄၇၊ ၅၄၈၊ ၅၄၉၊ ၅၅၀၊ ၅၅၁၊ ၅၅၂၊ ၅၅၃၊ ၅၅၄၊ ၅၅၅၊ ၅၅၆၊ ၅၅၇၊ ၅၅၈၊ ၅၅၉၊ ၅၆၀၊ ၅၆၁၊ ၅၆၂၊ ၅၆၃၊ ၅၆၄၊ ၅၆၅၊ ၅၆၆၊ ၅၆၇၊ ၅၆၈၊ ၅၆၉၊ ၅၇၀၊ ၅၇၁၊ ၅၇၂၊ ၅၇၃၊ ၅၇၄၊ ၅၇၅၊ ၅၇၆၊ ၅၇၇၊ ၅၇၈၊ ၅၇၉၊ ၅၈၀၊ ၅၈၁၊ ၅၈၂၊ ၅၈၃၊ ၅၈၄၊ ၅၈၅၊ ၅၈၆၊ ၅၈၇၊ ၅၈၈၊ ၅၈၉၊ ၅၉၀၊ ၅၉၁၊ ၅၉၂၊ ၅၉၃၊ ၅၉၄၊ ၅၉၅၊ ၅၉၆၊ ၅၉၇၊ ၅၉၈၊ ၅၉၉၊ ၆၀၀၊ ၆၀၁၊ ၆၀၂၊ ၆၀၃၊ ၆၀၄၊ ၆၀၅၊ ၆၀၆၊ ၆၀၇၊ ၆၀၈၊ ၆၀၉၊ ၆၁၀၊ ၆၁၁၊ ၆၁၂၊ ၆၁၃၊ ၆၁၄၊ ၆၁၅၊ ၆၁၆၊ ၆၁၇၊ ၆၁၈၊ ၆၁၉၊ ၆၂၀၊ ၆၂၁၊ ၆၂၂၊ ၆၂၃၊ ၆၂၄၊ ၆၂၅၊ ၆၂၆၊ ၆၂၇၊ ၆၂၈၊ ၆၂၉၊ ၆၃၀၊ ၆၃၁၊ ၆၃၂၊ ၆၃၃၊ ၆၃၄၊ ၆၃၅၊ ၆၃၆၊ ၆၃၇၊ ၆၃၈၊ ၆၃၉၊ ၆၄၀၊ ၆၄၁၊ ၆၄၂၊ ၆၄၃၊ ၆၄၄၊ ၆၄၅၊ ၆၄၆၊ ၆၄၇၊ ၆၄၈၊ ၆၄၉၊ ၆၅၀၊ ၆၅

နန္ဒာစရိယာဘိဝံသ၊
ဆရာတော်ဘဒ္ဒန္တ ၁၀၁။
နယ်သာလန်နိုင်ငံ ၅၆၊ ၅၇၊ ၆၀၊ ၁၇၀။
နျူတန်, ဆာအိုင်ဇပ် ၃၀၊ ၁၇၃၊ ၁၇၅။
နျူးကလီးယားဆောင်း ၁၀၃။
နျူးကလီးယားလက်နက် ၁၇၆၊ ၃၀၆။
နျူးကလီးယားလက်နက်
မပြန့်ပွားရေးစာချုပ် ၁၇၀။
နျူးကလီးယားအန္တရာယ် ၁၀၆–၁၀၅။
နှလုံးအစားထိုးကုသခြင်း ၁၀၅။

ပ

ပညာဇော်တ၊ ဆရာတော်ဘဒ္ဒန္တ ၁၀၀။
ပဋ္ဌဇ်ဝဏ္ဍဆေး ၉၃။
ပဋ္ဌိသန္ဓေဖျက်ချမှု ၂၅၀၊ ၂၅၆။
ပနားမားနိုင်ငံ ၂၃၀၊ ၂၆၀။
ပရဲရား, အရစ္စတိဒက်စ် ၂၇၆။
ပရိတင်း ၀၆၊ ၆၀။
ပရမ်တင်ဆူလာနွန်ဒါ ၂၆၀။
ပလတ်စမစ် ၆၂။
ပါကစ္စတန်နိုင်ငံ ၄၆၊ ၅၆၊ ၆၀၊ ၁၇၀၊
၂၄၆၊ ၂၄၀၊ ၂၇၇၊ ၂၇၀။
ပါစတာ, လူဝီ ၁၀၇။
ပါပူအာနယူးဂင်းနီနိုင်ငံ ၂၄၆။
ပါရာဂွေးနိုင်ငံ ၂၀၀၊ ၂၀၁။
ပါလဆာ ၂၂၆၊ ၂၃၀။
ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့
(ပီအယ်အို) ၂၆၀၊ ၂၆၇၊ ၂၆၀၊
၂၆၆၊ ၂၇၀၊ ၂၇၁။
ပီရူးနိုင်ငံ ၄၆၊ ၆၀၊ ၂၃၇၊ ၂၃၀။
ပီလောပီနံကော်မှုန့်စက် ၇၄။
ပူစည်ဖောင်းမှတ်ဉာဏ် ၁၀၅။
ပူထရဂေါက်သီးရိုက်ပြိုင်ပွဲ ၁၀၆။
ပဲခူးတိုင်း ၁၅၇၊ ၂၁၇။
ပဲရက်, ရှီမွန် ၁၀၆။
ပေါ်တူဂယ်နိုင်ငံ ၅၅၊ ၆၀။
ပေါ်လီစထရင်းမျှင် ၁၇၆။
ပေါ်လစ်ဆာရီယိုအဖွဲ့ ၂၇၄၊ ၂၇၇။
ပိုလန်နိုင်ငံ ၄၇၊ ၅၂၊ ၁၆၆။
ပိုးသတ်ဆေး ၁၅၆။
ပက်ပတိုက်ချိန်းကြိုး ၁၇၆။
ပင်ဇီယာ့စ်, အာနိုး ၁၁၇။
ပင်ဒလင်း, ဆာလင်ဒင် ၂၄၂။
ပင်နီဆီလင် ၆၃၊ ၁၁၁။
ပင်လယ်ကွေပူးပေါင်းဆောင်ရွက်
ရေးကောင်စီ(ဂျီစီစီ) ၂၀၂။
ပဏ္ဍိတ၊ ဆရာတော်ဘဒ္ဒန္တ ၁၆၀။

ဖောတိက၊ ဆရာတော်ဘဒ္ဒန္တ ၁၆၆။
ဗင်ဗာပွေနိုင်ငံ ၄၆၊ ၁၃၄၊ ၂၇၆။
ဗိုင်ယာနိုင်ငံ ၁၃၄၊ ၂၇၁။
ဗမ်းယားနိုင်ငံ ၆၀၊ ၁၁၀၊ ၁၃၄၊
၂၄၆၊ ၂၇၁၊ ၂၇၆။
ဗွာဇို, ဟာနန်စိလက် ၂၄၁။

တ

တနင်္သာရီတိုင်း ၁၃၀၊ ၁၅၇၊ ၂၁၂၊ ၂၁၇။
တယောက်စီးယာဉ်ပျံ(အမ်အမ်ယူ) ၇၀။
တရုတ်ပြည်သူ့သမ္မတနိုင်ငံ ၅၃၊ ၅၆၊ ၅၇၊
၆၀၊ ၀၆၊ ၁၆၄၊ ၁၆၇၊၁၆၀၊
၁၆၉၊၁၇၀၊ ၁၇၁၊၁၇၂၊ ၁၉၄၊
၂၁၀၊ ၂၄၁၊ ၂၄၂၊ ၂၄၆၊ ၂၉၃၊ ၃၀၅။
တာနာကာ, ကာကူအီ ၁၅၁။
တာယာ, မိုဟာမက်မာအူယာအွတ် ၂၇၄။
တီခိုနေ့ ၁၆၄။
တူတူး, ဒက်စမွန် ၁၀၀။
တူရကီ နိုင်ငံ ၆၀၊ ၁၁၉၊ ၂၄၆။
တူရေ, အာမက်ဆေကူ ၁၇၁၊ ၂၆၇၊ ၂၇၃။
တိုဂိုနိုင်ငံ ၁၃၄၊ ၂၇၆။
တောင်အာဖရိကနိုင်ငံ ၁၂၀၊ ၁၆၅၊ ၁၇၆၊
၁၈၁၊ ၁၈၆၊ ၂၇၅၊ ၂၇၆။
တောင်အာရှဒေသပူးပေါင်းဆောင်ရွက်
ရေးဆိုင်ရာကော်မတီ
(အက်စ်အေအာစီ) ၂၇၇။
တိုင်ဝမ် ၆၀၊ ၁၅၀၊ ၁၇၀။
တန်ဇားနီးယားနိုင်ငံ ၁၂၁၊ ၁၃၄၊ ၂၄၆၊
၂၇၁၊ ၂၇၃၊ ၂၇၆။
တန်းနား, ဂျွန် နာပီယာ ၁၁၄။
တိန့်ရှောင်ဖိန် ၁၆၈၊ ၁၉၄။
တယ်ရီ, ဘီလောင်းဒီ ၂၃၀။
တယ်လီဗစ်ရှင်း ၈၈၊ ၁၅၀။

ထ

ထရာအိုး, ဒိုင်ယာရာ ၂၇၃။
ထရီနီဒက်နှင့်တိုဘာဂိုနိုင်ငံ ၂၄၂။
ထရူးဒိုး ၁၁၄။
ထိုင်းနိုင်ငံ ၄၉၊ ၅၇၊ ၆၀၊
၂၀၅၊ ၂၉၀၊ ၂၉၃။
ထွန်း၊ ဦး(စာတိုက်) ၁၇၂။

ဒ

ဒယူတီရီယမ်ဒြပ်စင် ၇၈။
ဒိရက်, ဒေါက်တာပေါအော့ဒြိုယ်
မောရစ် ၁၁၆၊ ၁၇၃။
ဒီဂျီတိုင်ဇာကိရိယာ ၉၉။
ဒီဗရိုး, ဝိလ်ဖ် ၁၈၇။
ဒီဘေကေ, မိုက်ကယ် ၁၈၆။
ဒီအောဘစ်ဆန်,ရိုဘာတို ၂၃၈။
ဒီအောက်ဆီရိုင်ဗိုနယူကလီအစ်
အက်ဆစ်(ဒီအင်အေ) ၉၀၊ ၉၁၊ ၉၅။
ဒူဗလိယာ, ယွန်ကလောက်ဒီ ၂၃၉။
ဒူဗော, ရောဗတ် ၂၃၁။
ဒေကွေးလျား, ဟာဗီးယားပဲရက် ၁၂၀၊
၁၃၅။
ဒိုမီနီကန်နိုင်ငံ ၆၀၊ ၂၃၇။
ဒဲက်ကာ, မေရီ ၅၉။
ဒစ္စကာဗရီအာကာသလွန်းပျံယာဉ် ၇၉၊
၈၀။
ဒိန်းမတ်နိုင်ငံ ၆၀။
ဒုံးခွင်းဒုံး ၈၄။
ဒွာတေ, နပိုလီယွန် ၂၃၈၊ ၂၄၀။

ဓ

ဓာတုလက်နက် ၁၁၉၊ ၁၂၀၊ ၂၀၄။

န

နမီးဗီးယားဒေသ ၁၂၀၊ ၂၇၅။
နယူးဇီလန်နိုင်ငံ ၅၂၊ ၅၇၊ ၆၀၊ ၁၆၅၊
၁၇၅၊ ၁၇၆၊ ၂၉၃။
နရိန္ဒ၊ ဆရာတော်ဘဒ္ဒန္တ ၁၇၆။
နာကာဆိုနေ, ယာဆုဟီရို ၁၅၀။
နာရဒါဘိဝံသ၊ ဆရာတော်ဘဒ္ဒန္တ ၁၇၆။
နားအတွင်းပိုင်းဆိုင်ရာသိအိုရီ ၇၀။
နိကရာဂွာနိုင်ငံ ၁၁၉၊ ၂၃၉၊ ၂၄၁၊ ၂၆၀။
နိကိုလဆင်, ဂျက် ၂၃၀။
နိပေါနိုင်ငံ ၂၄၉၊ ၂၇၇၊ ၂၀၀။
နေရောင်ခြည်စွမ်းအင်ထုတ်ယူရေး
သတ္တုပြားရွက်လွှာ ၇၉။
နေဝင်း၊ ဦး(ပါတီဥက္ကဋ္ဌကြီး) ၁၃၇၊
၂၀၀၊ ၂၀၉။
နော်ဝေးနိုင်ငံ ၆၀၊ ၆၄၊ ၂၂၀။
နိုဗဲဆု ၇၀၊ ၁၇၇၊ ၂၃၀။
နက္ခတ်တာရာကြည့်မှန်ပြောင်း ၃၉။
နိုင်ဂျာနိုင်ငံ ၁၃၄၊ ၂၄၆၊ ၂၇၆။
နိုင်ဂျီးရီးယားနိုင်ငံ ၅၇၊ ၆၀၊ ၁၃၄၊
၂၂၇၊ ၂၂၀၊ ၂၂၉။
နိုင်ငံတကာလောင်စာစွမ်းအင်
အေဂျင်စီ(အိုင်အီးအေ) ၁၇၀၊ ၂၂၉။
နိုင်ငံတကာအဏုမြူစွမ်းအင်
အေဂျင်စီ(အိုင်အေအီးအေ) ၂၂၆။
နိုင်ငံတော်ပရိယတ္တိသာသနာ့
တက္ကသိုလ် ၁၉၃။

ဘုရားဖူးမှတ်တမ်းကဗျာ

ခဲ့ခဲ့ကြသည်မှာ ကြာလှပြီ ၁၃၂၅ ခုနှစ်ဝယ် ဖြစ်ပေသည်။ ထိုစဉ်က ကျွန်ုပ်သည် ဆယ်တန်းကျောင်းသားဘဝ ရောက်နေပြီ ဖြစ်သော်လည်း ကဗျာဆိုသည်မှာ ဘာမှန်းပင် မသိသေးသော ကလေးတစ်ယောက်သာ ဖြစ်ပေသည်။

ဝိလဆင်, ရောဗတ် ၁၁၇။
ဝေါ်လတာ, ဂျော့ ၂၃၇။
ဝက်ဇန်, ရှဖစ်အယ် ၂၆၀, ၂၆၂, ၂၆၃။
ဝိုင်အိုလာ, ရီဘာတိုအက်ဒွာဒို ၂၄၁။

သ

သကြားစက် ၆၉-၇၁။
သဘာဝဘေးဒဏ် ၂၄၆-၂၄၉။
သာပ, ဆွာယာ ဗဟာဒူး ၂၀၀။
သိရီပဏ္ဍိတ၊ ဆရာတော်ဘဒ္ဒန္တ ၂၄၉။
သိရီလင်္ကာနိုင်ငံ ၄၉၊ ၂၂၇၊ ၂၄၀၊ ၂၇၉။
သီးနှံထုတ်လုပ်မှုထူးချွန်ဆု ၂၄၉၊ ၂၅၀။
သုဇာတာလင်္ကာရ၊
ဆရာတော်ဘဒ္ဒန္တ ၂၅၀။
သုဝဏ္ဏဖူမာမင်းသား ၂၅၁။
သက်ချာ, မာဂရက် ၁၆၅၊ ၁၇၁၊ ၁၉၄။
သက်လယ်၊ (ဒါရိုက်တာ) ၂၅၂။
သန်းကြွယ်၊ ဦး(ကာတွန်း) ၂၅၃။
သန်းလှိုင်၊ ကို(အဆိုကျော်) ၂၅၄။
သိမ်း၊ ဦး(တိုးတက်ရေး) ၂၅၅။

ဟ

ဟယူးဝစ်ရှ်, အန်တိုနီ ၂၃၀။
ဟာဗျရီမာနာ, ဂျုဗနဲ ၂၇၂။
ဟာရရာ, အိုမာတိုရီဟို ၂၃၀။
ဟုယိုပန် ၁၆၇။
ဟူစိန်, ဆက်ဒမ် ၂၀၂။
ဟူစိန်၊ ဘုရင် ၂၆၀။
ဟေတီနိုင်ငံ ၂၃၉။
ဟေဒယ်လာ, ခေါင်နာအွတ် ၂၇၄။
ဟဲလမင်း, လီလီယန် ၂၅၆။
ဟော့, ဗောဗတ်(ဘော့) ၃၀၅၊ ၃၀၆။
ဟို့, ဒေါက်တာဆလယ် ၂၆၃။
ဟက်ဒက်, ဆဒ် ၂၆၂။
ဟောင်ကောင် ၁၅၀၊ ၁၆၉၊ ၁၉၄။
ဟုတ်စိန်၊ ဦး ၂၅၇။
ဟန်ဂေရီနိုင်ငံ ၅၂။
ဟယ်လီ, အက်ဒမန် ၃၀။
ဟယ်လီကြွယ်တံခွန် ၃၀၊ ၀၄။
ဟိုင်း, ဆာဖရက် ၂၃၀။
ဟန်ဒုးရပ်နိုင်ငံ ၂၄၁။

အ

အကြီနို, ဘီနစ်နို ၂၀၇၊ ၂၀၀။
အချိုမှုန့်စက် ၇၅၊ ၇၆။
အဂေါ့စတီ, အော်လန်ဒိုရာမွန် ၂၄၁။
အစီးလွန်အရည် ၁၁၆။
အကွာရာစဉ်အညွှန်း ၂၁၁၊ ၂၁၂၊ ၂၁၃၊ ၂၁၄၊ ၂၁၅၊ ၂၁၆၊ ၂၁၇၊ ၂၁၈၊ ၂၁၉၊ ၂၂၀၊ ၂၂၁၊ ၂၂၂၊ ၂၂၃၊ ၂၂၄၊ ၂၂၅၊ ၂၂၆၊ ၂၂၇၊ ၂၂၈၊ ၂၂၉၊ ၂၃၀၊ ၂၃၁၊ ၂၃၂၊ ၂၃၃၊ ၂၃၄၊ ၂၃၅၊ ၂၃၆၊ ၂၃၇၊ ၂၃၈၊ ၂၃၉၊ ၂၄၀၊ ၂၄၁၊ ၂၄၂၊ ၂၄၃၊ ၂၄၄၊ ၂၄၅၊ ၂၄၆၊ ၂၄၇၊ ၂၄၈၊ ၂၄၉၊ ၂၅၀၊ ၂၅၁၊ ၂၅၂၊ ၂၅၃၊ ၂၅၄၊ ၂၅၅၊ ၂၅၆၊ ၂၅၇၊ ၂၅၈၊ ၂၅၉၊ ၂၆၀၊ ၂၆၁၊ ၂၆၂၊ ၂၆၃၊ ၂၆၄၊ ၂၆၅၊ ၂၆၆၊ ၂၆၇၊ ၂၆၈၊ ၂၆၉၊ ၂၇၀၊ ၂၇၁၊ ၂၇၂၊ ၂၇၃၊ ၂၇၄၊ ၂၇၅၊ ၂၇၆၊ ၂၇၇၊ ၂၇၈၊ ၂၇၉၊ ၂၈၀၊ ၂၈၁၊ ၂၈၂၊ ၂၈၃၊ ၂၈၄၊ ၂၈၅၊ ၂၈၆၊ ၂၈၇၊ ၂၈၈၊ ၂၈၉၊ ၂၉၀၊ ၂၉၁၊ ၂၉၂၊ ၂၉၃၊ ၂၉၄၊ ၂၉၅၊ ၂၉၆၊ ၂၉၇၊ ၂၉၈၊ ၂၉၉၊ ၃၀၀၊ ၃၀၁၊ ၃၀၂၊ ၃၀၃၊ ၃၀၄၊ ၃၀၅၊ ၃၀၆။

ဘာသာရေးသင်တန်းကျောင်း ၁၉၀၀ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ ၁၉၃၅ ခုနှစ်တွင် ကျောင်းအုပ်ကြီး ဆရာတော် ဦးဇဋိလ (ဓမ္မာစရိယ) ကွယ်လွန်သောအခါ ကျောင်းသည် ဆက်လက်ဖွင့်လှစ်ခြင်း မရှိတော့ပေ။ ကျောင်းတိုက်ကြီးသည် ယခုတိုင် ရှိနေသေးသော်လည်း ကျောင်းအဆောက်အအုံများ ပျက်စီးပြိုလဲနေပြီဖြစ်၍ ပြန်လည်ပြုပြင်ရန် လိုအပ်နေပေသည်။

ကျောင်းတိုက်ကြီးသည် ရှေးဟောင်းသစ်သားလက်ရာ အနုပညာ ပြည့်စုံသော အဆောက်အအုံကြီး ဖြစ်သည်။ ကျောင်းတိုက်ကြီး၏ ခေါင်မိုးမှာ ဘုရားပုထိုးပုံစံ ထုလုပ်ထားသော သစ်သားအလှဆင်ပန်းထိမ်များ ဖြင့် ပြီးစီးနေသည်။ ကျောင်းတိုက်ကြီး၏ ပတ်ဝန်းကျင်တွင် ကျောက်ဆူးပင်ကြီးများ ရှိနေသည်။ ကျောက်ဆူးပင်ကြီးများ၏ အကြောင်းကို ဒေသခံများ ပြောပြသည်မှာ ကျောက်ဆူးပင်ကြီးများသည် ကျောင်းတိုက်ကြီးကို ကာကွယ်ပေးသော နတ်ကွန်းများ ဖြစ်ကြောင်း ဆိုသည်။ ကျောက်ဆူးပင်ကြီးများ ရှိနေသရွေ့ ကျောင်းတိုက်ကြီးသည် ပျက်စီးပြိုလဲခြင်း မရှိနိုင်ဟု ယုံကြည်ကြသည်။

ကျောင်းတိုက်ကြီးအတွင်း ဘုရားရှိခိုးခန်းမ၌ ဆင်းတုတော်ကြီး ၃ ဆူ ရှိသည်။ ဆင်းတုတော်ကြီးများသည် ကျောက်ဆူးပင်ကြီးများ ကဲ့သို့ပင် ကျောင်းတိုက်ကြီးကို ကာကွယ်ပေးသော နတ်ကွန်းများ ဖြစ်ကြောင်း ဆိုသည်။ ဆင်းတုတော်ကြီးများ၏ ရှေ့တွင် ဆင်းတုတော်ငယ်များ ရှိသည်။ ဆင်းတုတော်ငယ်များသည် ဆင်းတုတော်ကြီးများ၏ ကလေးများ ဖြစ်ကြောင်း ဆိုသည်။

ကျောင်းတိုက်ကြီး၏ ဘေးတွင် ကျောင်းသားများ နေထိုင်ခဲ့ကြသော အိမ်ခန်းများ ရှိသည်။ အိမ်ခန်းများသည် ကျောင်းတိုက်ကြီးနှင့် ဆက်စပ်နေသည်။ အိမ်ခန်းများ၏ ခေါင်မိုးမှာ သစ်သားပြားများ ဖြင့် မိုးထားသည်။ အိမ်ခန်းများ၏ နံရံများမှာ သစ်သားဘုတ်များ ဖြင့် ကာရံထားသည်။ အိမ်ခန်းများ၏ ကြမ်းပြင်မှာ သစ်သားဘုတ်များ ဖြင့် ခင်းထား